www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

30 SEP 2013

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမှာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နဘာဝေနှ၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

BURMESE CLASSIC .com

# သရဏ

မဂ္ဂဇင်း

အတွဲ (၁၃) အမှတ် (၁၁)
၂၀၁၃ ခုနှစ် နိုဝင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com




## ဘာသာရေးဆောင်းပါးများ


၅ စည်းရိုးတွင်း အပျင်းဖြေ (ကဗျာ)
**မဟာဗောဓိမြိုင်ဆရာတော်**
**(ဝနဝါသီဥဒေယျမွေ့သာမိထေရ်)**
၅ ပါရမီဘာဝကထာ-ပါရမီဖြစ်စကား(၉)
**မဟာဗောဓိမြိုင်ဆရာတော်**
**(ဝနဝါသီဥဒေယျမွေ့သာမိထေရ်)**
၁၃ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
အားပူဇော်ခြင်း
**မြဝင်း(ဒေသန)**
၁၅ ပဌာန်းပါဠိတော်ရွတ်ခြင်း
ကိုယ်တွေ့အကျိုးကျေးဇူး
**မဆွေ(တောင်ကြီး)**
၁၇ မဟာကျိန်ဘုရား သို့မဟုတ်
ဗုဒ္ဓဘိသေကမင်္ဂလာဘုရား
**စောထွီးသျှင်(မြောက်ဦး)**
၂၆ မဟာဗောဓိတစ်ထောင်ဆရာတော်
ဘုရားကြီး၏ခယောင်းလမ်းမှသည်
**သုဓောယျ**
၃၁ သက်ဘေးကင်းကွာ
သိဒ္ဓိမင်္ဂလာဂါထာ
**ရွှေစင်သား**
၃၃ မောက်မယ်မြို့နယ်မှ
ရွှေကျောင်းတော်ကြီး
**ဒေါက်တာဒေါ်နု(တောင်ကြီး)**
၄၂ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသီရိ**
၄၆ ပထမံပိဋကာရေ ထွက်ရပ်ပေါက်လောကီ
ပညာနှင့် ကျေးဇူးရှင် စစ်ကွင်းဆရာ
တော် ဦးစန္ဒောဘာသ (၁၁)
**ပထမံဆရာဦးအေးရွှေ**
၅၁ ချင်းတောင်ခြေရင်းက
ဓောင်ဖီလာတောရသို့
**ကလေး-ဝင်းသူ**
၅၈ ဘဝကိုအသေသတ်သောစိတ်
**မေတ္တာရှင်(ရွှေပြည်သာ)**

၆၄ တရားအားထုတ်သူ
တစ်ယောက်အကြောင်း(၂)
**ထုံးတောင်-အရှင်ဓမ္မပီယ(မြောင်)**
၆၉ ကျည်းပင်သစ်တံခါးအောင်မြေမှာ
**အောင်သာကျော်**
၇၇ သက်တန့်မန်းဂါထာ
**နေပြည်တော်ကျော်ကျော်စိုး**
၇၉ မဟာလှသားပွင့်ထွန်းတော်မူရာ
မြေမြတ်မဟာသို့(၇)
**မောင်ပွင့်ဉာဏ်(မော်ရ)**
၈၈ ညီတော်နောင်တော်ဘုရားပလ္လင်မှ
ရှေးခေတ်ရခိုင်ရိုးရာစိတ္တလက်ာရ
အနုလက်ရာဒီဇိုင်းများ(၆)
**ပန်းချီထူးလှ**
**(ရှေးဟောင်းသုတေသန)**
၉၃ အံ့ဖွယ်စမလေးလုံးပုတီးစိပ်
**နတ်မောက်မင်းသန့်နိုင်**
၁၀၇ ရွှေကံကူလေပျံသစ်တော်ရပ်ရှင်တော်
မြတ်၏ မဟာမြိုင် ကလေးမြို့
ဒေသစာရီခရီးစဉ်
**ဘိုဘို(ရွှေကံကူ)**
၁၂၃ လှူနတ်မြပဟ္မာဦးညွှတ်ရာ
ဗုဒ္ဓမြတ်စွာဘုရား
**မာမက(သုတေသီ)**
၁၂၆ ဩဇာညောင်းသော
မင်းကုန်းဆရာတော်
**ရွှေပြည်စိုး(မိုးကုတ်)**
၁၃၂ မျောလေးမျောသမိုင်းဝင်
ကျုံပျော်မြို့ မြတ်ချမ်းသာဘုရားကြီး
**ဘိုအေး(ပါရမီ)**
၁၃၄ မေတ္တာဝေဖြိုး မြိတ်ဘိုးဘိုးကြီး
**ဇေယျာစန်း(ရွှေမြိတ်)**
၁၄၁ ကျေးဇူးတော်ရှင်
သပြေကန်ဆရာတော်ကြီး၏
မှတ်သားဖွယ်ရာ ဩဝါဒတော်များ
**ပန်းမြိုင်လယ်-စိန်ဝင်း**
၂၁၃ အလှူဒါနပြုကြသူငါ . . . ဆိုရာဝယ်
**အောင်ချမ်းဆွေ**


## သုတရသဆောင်းပါး


၄၀ ကျွန်တော်သိသော ဘုရားအလောင်း
တော်ကြီး အဘဘိုးမင်းခေါင်
**ဒေဝ**
၉၅ အမည်သညာခေါ်စရာကား ဗေဒါကြီး
**အောင်သန်းချစ်**
၁၀၂ မေတ္တာရောင်စဉ်လွှမ်းစေချင်
**ညီလင်းထက်(အိပ်မက်ကျွန်း)**
၁၅၂ အလှူရေစက်ချအမျှဝေသော် သာဓုခေါ်
**ရန်နိုင်**
၁၆၅ ကိုလိုနီခေတ်မြို့အုပ်ကြီးတစ်ဦး
မှတ်တမ်း
**အနောက်တံခါးမှူးမောင်မှူး**
၁၆၉ အမိသတ်သားများနှင့်သားစားမိခင်
**ဦးစံသိန်း(သီလအမိက)**
၁၇၁ နိဗ္ဗာန်လိုချင်သောဒကာများ
ဒီတရားမှတ်ထား
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၂၁၉ သန့်ရှင်းစင်ကြယ်ခြင်း
**ချောင်းဆုံအုန်းသွင်**
၂၂၀ ပုဂံမှ ဦးကြည်ပွေ့အထိမ်းအမှတ်
ကျောက်ကျည်ပွေ့လော
**မောင်ကြည်ပန်း(မြင်းကပါ)**
၂၂၃ သစ္စာဆိုရာဝယ်
**သုခစုစံ(ကျိုက်လတ်)**
၂၃၈ သစ်တောအုပ်ကြီးဦးလှအောင်နှင့်
အဘအောင်မင်းခေါင်တွေ့ဆုံခြင်း
**အဏ္ဏဝါလှိုင်း**
၂၄၆ မေ့လျော့နေသောလီဒိုလမ်းမကြီး
**လှမိုး(ပညာရေး)**
၂၆၅ ထားဝယ်ဒေသ မုတ္တီးမြို့ဟောင်းမှ
စိတ်ဝင်စားဖွယ်ဟိန္ဒူနတ်ရုပ်ကြီး
**မောင်စိမ်းထွေး(ထားဝယ်)**
၂၉၉ အလောင်းဘုရားအကြောင်း
တစေ့တစောင်း
**ရွှေဘို-ဘာမထီခင်အောင်**
၃၀၁ လှူဝင်စားပြဿနာ
**တိုးထက်**
၃၅၀ မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့(၅)
**မောင်သန်းဆွေ(ထားဝယ်)**
၃၅၅ ရတနာသုံးပါး၏တန်ခိုးတော်နှင့်
ထူးခြားသောကိုယ်တွေ့ဖြစ်ရပ်
**မနှင်းဆီ(ရေဆင်း-နေပြည်တော်)**
၃၅၆ ကံဆိုးသူမောင်ရှင်
**တင်နိုင်တိုး**
၃၆၉ ပေလီကမ်းခြေမှ
တစ်ယောက်နှစ်ဘဝ လူဝင်စားမ...
**ရွှေချိုအောင်(ပေလီ)**
၃၈၇ ဗောဓိပင်ကိုသတ်သူများ
**နိုင်ခင်မောင်လေး**


www.burmeseclassic.com

www.burmeseclassic.com

## သုရဿဝတ္ထုတို


အကျဉ်းထောင်လောကမှ
ဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ
ဝီတာမြဦး

ဒီပါတ်ကြမ္မာမပြေးသာ
ဆန်းတာပင်-စန်းလွင်

တစ္ဆေရင်ကွဲ
ဦးဝေ

အေဒင်ပင်လယ်ကွေ့မှ
ဆိုမာလီဓားပြစစ်ဆင်ရေး
သန့်ဇင်

ဖြတ်ကျော်ခဲ့ရသော
ကြောက်ဖွယ်ညများ
နေပြည်တော်ကျော်ကျော်စိုး

ကျိန်ကြေသွားသည့် အသက်တစ်ချောင်း
နိမ့်ဖြိုး

သက်မရှိ္ဘာဝနှင့် ဂမ္ဘီရရှေ့စလွယ်ကြီး
မောင်မောင်တိုးမြင့်(မုံရွာ)

ရှေးဟောင်းပစ္စည်း
နှစ်ပိသဿာခွဲအလေးကြီး
မောင်သင်းထုံ(ကျောက်မဲ)

အတွင်းကလူနှင့်အပြင်ကလူ
ခင်(တောင်ကြီး)

ပရလောကသားမြင်နိုင်သူ
မျိုးသစ်

ကြုံခဲ့ဖူးသည့် ပဋ္ဌာန်းဆက်အဘတစ်ဦး
ရတနာဒေဝီ

ဂမ္ဘီရပုစ္ဆာတစ်ပုဒ်ရဲ့အဖြေ
နီရီဒွေး

တစ်ခုခုတော့မှားနေပြီ
သုရိန်အောင်

ကျွန်ုပ်ကြုံတွေ့ ကြားသိခဲ့ရ ဂမ္ဘီရ
မောင်လှယဉ်(မော်လမြိုင်)

မေတ္တာချေးကွက်
မေတ္တာရှင်(ရွှေပြည်သာ)

ကိုယ့်ကိုယ်ကိုယ်မီးရှို့သူ
ခေစည်(ရွှေဘို)

မိစ္ဆာမတို့အိမ်ကပြန်လာသူနှစ်ယောက်
ဝေယံလင်းခေါင်

ကျေးဇူး
ကောင်းဝေသော်

ဝင့်ကြွေးမျက်ရည်ပြေပါစေ
မြန်နန်းရှင်


## သုရဿအခန်းဆက်ဝတ္ထုရှည်


နှားချမ်းသာ
အောင်ကျော်

ဤလမ်းခရီးလွမ်းမပြီးနိုင်
ဗိုးကျော့




## သုရဿတိုင်းရင်းဆေး


၁၆ ဝမ်းကိုက်ရောဂါဖြစ်ခဲ့သော
ခွန်းရီ(မြန်မာစာ)

၆၃ နင်လားဟဲ့ငှက်ဖျား
နေပြည်တော်ကျော်ကျော်စိုး

၁၅၅ တစ်ပင်ရွှေထီးပင်နှင့်အသည်းနာ
မျိုးတင့်(ညောင်လေးပင်)

၁၅၇ ရှေးမှုမပျက်ဆေးနည်းတစ်လက်
ဇရာမြေ-ကျော်ဝေ

၁၈၁ မြန်မာ့ရိုးရာအဆိပ်ဖြေနည်းများ
အပိုင်း(၁)
ဦးမင်းဇင်(ရွှေနဝင်း)

၂၁၂ အဘဘိုးမင်းခေါင်နှင့်
ဘုန်းဘုန်းကြီးရှင်မထီးတို့ချီးမြှင့်ခဲ့တဲ့
ဒိဋ္ဌပျောက်ဆေးနှစ်လက်
အောင်သန်းချစ်

၂၃၆ ထုံးမန်းနှင့်အနာပဆုပ်
နေပြည်တော်ကျော်ကျော်စိုး

၂၅၅ အနာမှုပိုးလောက် အောက်သို့ကျစေရန်
စုစန္ဒာအောင်(ကျောက်ပုံ)

၂၆၄ မျက်စိမှုန်သူများအတွက်
မြသက်မောင်(သုံးဆယ်)


၃၇၃ ဆီးချိုအတွက် ပေရှက်
ကောင်းထက်(ချောင်းနက်)


၃၇၃ ဒူလာညောင်းညာပျောက်စေရာ
ကျော်ပဒိန်းထက်(ဥပဒေ)


၃၇၈ တင်းတိပ်
သဒ္ဒါ(ဥပဒေ)

၃၇၉ ကျောလုံးပုပ်တဲ့အနာပဲဆုပ်
ကြောက်ဖို့မလို
ချစ်မှုန်းခင်(ကြို့ပင်ကောက်-လယ်တီ)

၃၈၈ အနာဟောင်းအနာဆွေးအနံ့ဆိုးထွက်
သောအနာပုပ်များအတွက်
ဆေးနည်းတစ်လက်
နတ်မောက်မင်းသန့်နိုင်





www.burmeseclassic.com

www.burmeseclassic.com





## သုရဿ ပညာရပ်


၁၇၂ မြင်း၏သရုပ်သကန်များ
**ဝေမင်းဦး(စိတ်ပညာ)**

၁၉၇ ဂန္ဓာရီဝိဇ္ဇာမယပညာနှင့်
ရန်အောင်မြင်ဂါထာ
**တြိရတနာ-ဆရာဇေယျာလင်း**

၂၀၄ ဘက်စုံကုထုံးနှင့်သဘာဝသမားတော်
**မောင်ကျောက်တိုင်**

၂၃၁ အင်းကောင်းတစ်ကွက်နှင့် နှလုံးရောဂါ
**ဆရာစော(အင်းတစ်ထောင်)**

၂၆၇ ရာသီခွင်အလိုက်ဘဝဖြစ်စဉ်များ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၂၇၁ အမည်တူခြင်း-မတူခြင်းဖြင့်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၂၇၅ ကမ္ဘာကျော်စိတ်စွမ်းအင်
စုံထောက်ကြီးကရာဇက်၏
ကလေးပျောက်ရှာပုံတော်
**မနောသုတေသီ**

၂၇၇ သင့်စွမ်းအင်၊သင့်ကိုယ်ခံအားကောင်း
စေမည့် ဖုန်းရွှေဖျူဟာ(၁၆၈)နည်း
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၂၈၇ ချစ်ခြင်းတရားနှင့်လက္ခဏာ
**ဆရာသိန်းသန်းအောင်**

၃၂၂ အင်္ဂါရတ်ပညာ သို့မဟုတ်
ကြီးကျယ်မြင့်မြတ်သောလုပ်ငန်း(၃၈)
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**

၃၄၁ နမောတဿဥဏ္ဏာလုံမွေးရှင်တော်စမ
**တြိရတနာ-ဆရာဇေယျာလင်း**

၃၈၃ လက်တွေ့အသုံးဝင်
နည်းသစ်ဂဏန်းဗေဒင်
**ဆရာဓလမင်းခေါင်**


## သုရဿလက်တွေ့အသုံးချ


၅၀ လိုသူများသုံးစေဖို့
ကောင်းကျိုးမင်္ဂလာရတနာများ
**မုဒိတာ(ကျိုက်လတ်)**

၇၅ အနန္တစွမ်းအင်သိဒ္ဓိပြည့်စေနိုင်သော
ကျင့်စဉ်
**သုဓ္ဓ(နဝင်းမြို့တော်)**

၉၇ ဒီပါအေးမြ-ဒီရေကျင့်စဉ်
**ဖေမောင်(ညောင်လေးပင်)**

၁၇၉ လက်တွေ့ကျင့်ကြံအားထုတ်ရာမှ
ပုဂ္ဂိုလ်ထူးများပေးခဲ့သည့် အင်းစမများ
**နတ်မောက်လှမြင့်သစ်**

၁၈၅ ပြောတိုင်းဆိုတိုင်းအောင်မြင်စေသော
နှုတ်ငုံလက်ဖွဲ့လေး
**အေးရွှေ(ဗီးကုန်း)**

၂၂၅ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၂၄၅ ကောင်းကျိုးအထွေထွေရကြစေ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၂၆၀ လိုသူများသုံးစေဖို့
**မုဒိတာ(ကျိုက်လတ်)**

၃၄၇ ဗောဓိသုံးပါးဆွမ်းကပ်လှူရသော
သဗ္ဗသိဒ္ဓိကျင့်စဉ်
**ဘုန်းခေါင်**

၃၈၉ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ** (B.Sc)

၃၉၁ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၃၉၄ ဂြိုဟ်အမြင်များနှင့်သုရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၃၉၉ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(၁)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
ဝေလဲ့လဲ့ထွဏ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ

ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)
မျက်နှာဖုံးနှင့်
အတွင်းပန်းချီ
စိုးအောင်
သုရဿစာလုံးဖွဲ့စီ
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်

ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
ကွန်ပြူတာစာစီ
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊ အိမွန်
ရုံးအဖွဲ့
ခင်ထားဆင့်၊ အေးအေးစန်း

စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁-၂၄၀၆၉၀

**မန္တလေး**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ဖျန်းဖြူး**-
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကမဘား**-ဂဠုန်ဒီ၊ မိလ္လံ့ချာ
**ပဲခူး**- သဇင်စာပေ
**ဟင်္သာတ**-တာလေးမောင်၊ ရွှေမောင်
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀

လက်ကားဖြန့်ဈေး ( ၂၅၀၀ ) ကျ


www.burmeseclassic.com

www.burmeseclassic.com

## စည်းရုံး[illegible]

(၁) ငါနှင့်တကွာ တွဲမိရာ
ငါလိုချင်သည် အတွင်ပြော။
မာနနှင့်ငါ ပွဲဆက်ရာ
ငါလုပ်လိုက်ပြီ အတွင်ပြော။
ဒိဋ္ဌိနှင့်ငါ ပွဲသိမ်းရာ
ငါပိုင်ရပြီ အတွင်ပြော။

(၂) ဤလူ့ဘဝ လာခွင့်ရရန်
ပုညကံပင် မျိုးချစဉ်က
အမြင်ကလွဲ အစွဲကမို
အလိုကကြီး စည်းသုံးစည်းတို့
ဝိုက်ဘီးမြှုပ်သွင်း ထောင်ထားခြင်းကို
နှင်းခဲ့မိစိတ် ချိတ်ခဲ့မိကိုယ်
လိုမိကောင်းကျိုး ဖွတ်ဝင်တိုးကြောင့်
တစ်မျိုးတစ်မျိုး အမျိုးမျိုး
ရှိုးသည် ဘယ်မရှိ။
သူ့လို ငါ့လို လိုပြီးလို
ပိုသည်ဘယ်မရှိ။
ငါ့ကိုယ်ငါချစ် သူ့ငါချစ် အပြစ်မမြင်မိ။
အို့နာ့သေရေး အပျက်သော်း တွေးပင်မတွေးမိ။

*(၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ ပဋိပတ်တောကျောင်း)*

BURMESE CLASSIC .com



ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

မဟာဗောဓိမြိုင်ဆရာတော်

(ဝနဝါသီဥယျာဉ်မှ သာဝမိဧထံ)

# ပါရမီဘာဝ ကထာ ပါရမီဖြစ်စကား



(ယခင်လမှအဆက်)

(က) အထူးထူးအသွယ်သွယ် ဖွယ်ဖွယ်ရာရာ ခဲဖွယ်ဘောဇဉ် အရသာစွာများကို ခံတပ်လုပ်၍ ရသာကတုတ်ကျင်းထဲကနေ ခုခံနေကြသည့် ရသာတဏှာများကို ငါးမျိုးသော ဆွမ်းခုတင်စုဖြင့် ပိတ်ထုပေးနေရခြင်း -

ယင်းတို့မှာ -

၁။ **ပိဏ္ဍပါတ်ခုတင်** - ပင့်ဖိတ် ကျွေးသမျှ ဆွမ်းကောင်း လမ်းကြောင်း ပိတ်ဆို့ထားခြင်း။

၂။ **ပတ္တပိဏ္ဍိကခုတင်** - ခွက်ကြီး,ငယ်တို့ဖြင့် ဆွယ်ထားသော ဇိမ်ခြယ်ဟင်း၊ ထမင်းများကို ပိတ်ဆို့ထားခြင်း။

၃။ **သပဒါနခုတင်** - မကောင်း,မရအိမ်ချန်၊ ကောင်း,ရအိမ်ခံလိုစိတ်ကို ပိတ်ဆို့ထားခြင်း။

၄။ **ဧကာသနိကခုတင်** - နာရီနှင့်တုဖက်၍ စားကျက်ကျယ်ထားလိုစိတ်ကို ပိတ်ဆို့ထားခြင်း။

၅။ **ခလုပစ္ဆာဘတ္တိကခုတင်** - ပဝါရိတ်စောင်း အတိရိက်လမ်းကြောင်းက မောင်းဝင်လာစိတ် ပိတ်ဆို့ထားခြင်း။

သည်လိုဆို သင့်စိတ်နှင့် မှောင်အိပ်နေသော ရသတဏှာ အရေခွာပြီးသားဖြစ်တော့သည်။

**ဓမ္မေသက. . .**

(ခ) နောက်ခုတင်အုပ်စုတစ်ခုက နေရာထိုင်ခင်း ကျောင်းတဏှာရှင်းလင်းခြင်းပင်။

ယင်းတို့မှာ -

၁။ **အရညကင်ခုတင်** - ကျောင်းကြီးဗိမာန် ခမ်းနားခြင်းမှ ဖြစ်သော တဏှာရန်ကို ပယ်လှန်ခြင်း။

၂။ **ရုက္ခမူခုတင်** - ဂူကျောင်းများကို မှီ၍ဖြစ်သောသောကကို ဖယ်ချခြင်း။

၃။ **အဗ္ဘောကာသိကခုတင်** - စိတ်မိုက်ကို မှောင်မိုက်ဖြင့် အလိုက်ပေး၍ သွေးလေးစေသည်ကို ဘေးဖယ်ခြင်း။

၄။ **ယထာသန္ထတိကခုတင်** - နေရာကိုမှီ၍ဝင်လာသော အကောင်းကြိုက်၊ အသန့်ကြိုက်တဏှာကို ခါပစ်ခြင်း။

၅။ **သုသာနိကခုတင်** - ကိုယ့်ကိုယ်ကိုယ် ညာ သာယာသောနေရာ၌သာ ထားလိုသောတဏှာကိုခါပစ်ခြင်း။

**ဓမ္မေသက. . .**



www.burmeseclassic.com

www.burmeseclassic.com

(ဂ) နောက်ခုတင်နှစ်ခုက သက်န်း ကြား တွားဝင်လာသော တဏှာ ရှင်း လင်းပစ်ခြင်းပင်။

ယင်းတို့မှာ-

၁။ **တိစီဝရိက်ခုတင်** - ကိုယ်ကပ်နှင့် အားမရ၊ အပိုတပ်ထားလိုလှသည့် တဏှာကို ခါထုတ်ခြင်း။

၂။ **ပံ့သကူခုတင်**- သက်န်းမှာတဏှာ၊ ပူဂိုလ်မှာ ဒိဋ္ဌိ ထိုအငြိကို တိခနဲ ဖြတ်ထုတ်ခြင်း။

**ဓမ္မေသက. . .**

(ဃ) နောက်ဆုံးခုတင်က ကိုယ်ထားအမျိုးမျိုးမြင်လိုသော တဏှာကို ပိတ်ထုနေခြင်းပင်။

ယင်းမှာ ကိုယ်ခွေလျောင်းပေးသည့် ဣရိယာပုတ် ထိနမိဒ္ဓအလုပ် ပုတ်ထုတ်ပစ်လိုက်ခြင်း။

၁/ယင်းကိုကား **နေသဇ္ဇိကခုတင်** အမည်တွင်စေ၏။

**ဓမ္မေသက. . .**

- ဤနေသဇ္ဇိကခုတင်က ကိုယ်ညှာတဏှာကိုလည်း ခါချပေး၏။ အိပ်စက်ခြင်း ထိနမိဒ္ဓတဏှာကိုလည်း ခါချပေး၏။ မွေးညင်းတံခါးပိတ်သော ညကာလ၏ သွေး၊ လေအလုပ်မလုပ်။ အပူအပုပ်တို့ကသာ အလုပ်လုပ်နေကြသည်ကိုလည်း သွေးနှိုးပေးသေး၏။

**ဓမ္မေသက. . .**

- ဤခုတင်ပေါင်း တစ်ဆယ့်သုံးမျိုးတို့သည် တောခိုကိုးမှသာ ကိုင်တွယ်၍ လွယ်ကူပြီး လူ့အလိုလိုက် လူ့အရေးအခင်း တစ်ဖက်စိုက်နေကြရသော မြို့ရွာများ၌ကား မလွယ်ကူတတ်။

- ယင်းအတွင်းသဘောထားကို စဉ်းစားဝေဖန်၍ -

သင်၏ ဤတောကပ်၊ တောဝင်




BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အစီအရင်သည် ထိုဓူတင်လက်နက်ကြီးများ တပ်ဆင်ရန်အတွက် ဖြစ်သည်ဆိုသည်ကို တင်ကြို သဘောပေါက်လေ ဓမ္မေသက။

**ဓမ္မေသက. . .**

ဓူတင်သည် ကိလေသာ ခါထုတ်ပေးသောအကျင့် ဆိုသော်မှလည်း -

- ဓူတင်ကျင့်သဖြင့် ဓမ္မဉာဏ်ပွင့်စေသောဓူတင်၊

-ဓူတင်ကျင့်နေရသဖြင့် ဓမ္မဉာဏ်ပွင့်-ဖင့်စေသောဓူတင် -

- သည်သို့လျှင် -

- သင့်၌ တည်ဆောက်ပေးထားသော ဓာတ်သွေးဓာတ်သက်များ၏ လက်ခံခြင်း၊ လက်လှန်ခြင်းများကို အရင်းထား ကွဲပြားနေတတ်လှသေးသည်။

ဆိုပါစို့။

- သင့်မှာ မြေဓာတ်၊ ရေဓာတ် နှစ်ပါး တစ်ပါးပါးဦးဆောင်၊ ကျန်ဓာတ်များ နောက်လိုက်ဖြင့် ဖွဲ့စည်းပေးထားသော ခန္ဓာပိုင်ဖြစ်နေပါမူ -

- မြေဓာတ်၊ ရေဓာတ် လွှန်ကဲနေခြင်းကြောင့် မပြတ်လပ်တတ်။

- လေ၊ မီးတို့ အဝေးစွက် ဖြစ်နေခြင်းကြောင့် အေးစက်စက်။

- သွေးတောင်းစာများက အဆီအအိမ့်ဖြစ်နေခြင်းကြောင့် အဆီအမြေး ထွေး သွေးလေး။

- ထိုသည့်သင် မအိပ်ဘူးကွ ဓူတင်နှင့် အံမဝင်ချင်။

ပေတေဆောင်အောင်နိုင်၏။ သို့သော် ဓမ္မဉာဏ်ပွင့်ရေး အခွင့်ကျ ဖင့်နှေးတော့မည် စိတ်ချ။

ဆိုပါစို့။

- သင့်မှာ လေ၊ မီး ဓာတ်နှစ်ပါး တစ်ပါးပါးဦးဆောင်၊ ကျန်ဓာတ်များက နောက်ယောင်လိုက်ဖြင့် ဖွဲ့စည်းပေးထားသောခန္ဓာဖြစ်နေပါမူ -

- လေ၊ မီး ဓာတ်တွဲ လွန်ကဲနေခြင်းကြောင့်ကား ပြတ်လပ်နေ၏။

- ရေ မြေက အဝေးစွက် အအေးမဖက်ခြင်းကြောင့် ဓာတ်မငြိမ်သက်။

- သွေးတောင်းစာများကလည်း ငူ ချဉ်၊ စပ်၊ ဖန်၊ ခါး ဖြစ်နေကြခြင်းကြောင့် လေလွှန်၊ မီးပြင်း၊ သွေးရောစိတ်ပါ ကမြင်း။

- ထိုသည့်သင်က တစ်ထပ်ပဲစားချင့်မကွ - တစ်ထပ်သော်မှ ပဝါရိတ်သင့်က အတိရိက် ဝိနည်းကံဖြင့်ဖျက် - ဆက်မစားဘူးကွ-ဓူတင်များနှင့် အံမဝင်ချင်တတ်။

ပေတေဆောင် အောင်နိုင်၏။ သို့သော် ဓမ္မကျင့် အခွင့်မသာတတ်။

**ဓမ္မေသက. . .**

ဤသို့သောမသင့်ဓူတင်ကိုရည်၍ ဘုရားရှင်သည် အချို့ ဓူတင်ဆောင်ရဟန်းများကျ ပြစ်တင် ရှုတ်ချတော်မူခြင်းပင်။

-သင့်သောဓူတင်ကိုရည်၍လည်း ဘုရားရှင်သည် အချို့သော ဓူတင်ဆောင်ရဟန်းများကျ ချီးကျူးမြှင့်တင်တော်မူခြင်းပင်။

သင်သည်လည်း -

-ဤသင့်-မသင့်ဓူတင်-သင့်ဓာတ်သွေးပြော ခန္ဓာနှင့်တည်းဖြတ်သုတ်သင်၍-

- အသင့်ဆို အထူးအားပြု ပိတ်ဆီးနေသမျှ အတားစု ပိတ်ထုနေလေ။

- မသင့်ဆို ကျင့်ဖူးသည်ရှိရုံသာ အသုံးချ - တစ်လုံးပြီးတစ်လုံး ကိုယ့်ဆီ ပြန်မကျစေနှင့်။

BURMESE CLASSIC .com

**ဓမ္မေသက. . .**

- သင်၏အာရုံအဆိတ်ပြ နိကၡမဖြစ်သော တောအဝင်ပြရာ၌ -

- ရှေ့ပြေး အစီအမံ ပရိက်ံများလည်း ပြုကျင့်ပြီးပြီ။

- အပြင်ပိုး၊ တွင်းထွက်ပိုးများ ချိုးဖျက်ရာ ဓူတင်လက်နက်ကြီးများလည်း တပ်ဆင်ပြီးပြီ။

- စိတ်ထိုင် - ကိုယ်ထိုင်ချ - ဓမ္မအဝင်လမ်း ကမ္မဋ္ဌာန်းလည်း စီးဖြန်းနေပြီ။

- သည်အချိန် လမ်းသာလျှင် ကြိမ်တို့၊ လမ်းမသာ ကြိုးဆွဲ၊ စိတ်ဝယ် ဉာဏ်တွဲ၍ ပွဲဝင်ရုံသာ ရှိတော့သည်။ ထိုစဉ်တွင်လည်း-

- မထိုင်ခင် ဂုဏ်တော် မေတ္တာပွား၊ ခန္ဓာကို ဘုရားလှူထား။

- ထိုင်ပြီးလျှင် အမျှနှင့် မေတ္တာပွား။ ဓမ္မကို ဝေငှမျှစား။

ဤအစီအရင်ကို ထိုင်တိုင်းထား၊ နားတိုင်းကျင့်၊ ငါရ ငါစား မလုပ်လေနှင့်။

**ဓမ္မေသက. . .**

သင် သည်ပွဲမျိုး များများတိုးဖို့ မလိုပါ။

ဓမ္မလည်းစဉ်၊ ဓူတင်လည်းရုံ စိတ်လည်းပါ၊ ဉာဏ်လည်းခံဖြင့် တစ်ပတ်မျှ ကိုယ့်အလုပ်ကိုယ် (ကိုယ်ရောစိတ်ပါ နှစ်မြှုပ်၍) လုပ်နေပါသော် ဘုန်းနှင့် သမ္ဘာ အတူပါများအဖို့ တစ်ပတ်မျှ ကျော်သည်နှင့် သူ့အလုပ်သူလုပ်နေသူများ ပေါ်လာပေရော့မည်။

တစ်ပတ်မျှ ကိုယ့်စာရင်းကိုယ်ရှင်းလင်းနေသည်နှင့် -

တစ်ပတ်ကကျော်လျှင် သူ့စာရင်း သူလာသွင်းပေးပေရော့မည်။

ယင်းကား -

- အချို့က အိပ်မက်ရ၍ဆိုကာ လမ်းမှနေ ဆီးကြို လောင်းလှူလာကြခြင်းပင်။

- အချို့ကား ဘယ်သူပြော၍ ဘယ်ဝါပြော၍ဆိုကာ နေရာအထိ လာရောက် လှူကြခြင်းပင်။

**ဓမ္မေသက. . .**

ကိလေသာမည်သည် သီးခြားမရှိ၊ စရိုက်ညှောက်မှ ထပေါက်လာပြီး အညွန့်တက်၊ အခက်အလက်အသီးအပွင့်တို့ဆင့်လာခြင်းမျှသာ။ တစ်ဖန် -

စရိုက်ကလည်း သူ့ချည်းထီးထီး မပွင့်။ တစ်ဖက်အာရုံများ လာရောက်တိုက်ဖွင့်မှ တံခါးထဖွင့်ပေးခြင်းမျှသာ။ သို့ဖြစ်ရာ -

- လှူရှပ်၍ လာဘ်ပေါ်လာလျှင် သတိထား။ သက်စောင့်လက်နက် ချမထားလေနှင့်။

- ချီးမွမ်းခြင်းနှင့်ရမ်းဝင်လာလျှင် သတိထား။ ခံတပ်ကတုတ်ကျင်းကနေ ချည့်ခံ။သင့်စရိုက်လက်ငုတ် မလှုပ်မချင်း အာရုံလိုက်ဖြင့် တိုက်ဖွင့် ဖွင့်ကြလိမ့်မည်။

-သင်ကား လိပ်တစ်ကောင်ပမာ။

ခေါင်းသို့ ခြေဝှက် လက်များကပါ အပြင်မထွက်စေနှင့်။ ထိုအခါ -

- တစ်ဆင့်ပြီးတစ်ဆင့်တက်၍ မကြည့်နေသော အလေးမသမားများပမာ။

သည်နည်းနှင့်မရ ဟိုနည်းဖြင့် မြှောက်ကြည့်၊ မကြည့်ကြပေလိမ့်မည်။

သည်နည်းနှင့်မလှုပ်၊ ဟိုနည်းဖြင့် ကုတ်ကြည့်ခြစ်ကြည့်ကြပေလိမ့်မည်။

-မြှောက်-ခြစ်-မ-ကုတ် ဘာလုပ်လုပ် သင့်စရိုက်များ မလှုပ်စေနှင့်။

စရိုက်ကို အနိုင်ထိန်းပေးနိုင်သူမှာ သတိနှင့် အသိသာ။

အာရုံကို ဆီးကြိုခုခံပေးနိုင်သူမှာလည်း သတိနှင့် အသိသာ။ ထိုအခါ-

မလိုချင်တိုင်းပေါ်၊ မရောချင်တိုင်းတိုး။

လာဘ-ယသ-ပသန္န သုခ မိုယ်းကြီးများ စွေဖြိုးသဝေထိုးလာတော့သည်သာ။



www.burmeseclassic.com

www.burmeseclassic.com

**ဓမ္မသက. . .**

-သင်သည် သဒ္ဒါမှာ ပညာဆောင်းသော ပါရမီရှင်အလောင်းဖြစ်ခဲ့ပါမူ-

ဧည့်ဘော် - ငါ့မှာ -

တောဝင်စကာလများတုန်းက လာဘ်လည်းမဲ့၊ လူလည်းမဲ့ခဲ့သည့် အပြင် နယ်ခံများ၏ ကဲ့ရဲ့ရှုတ်ချခြင်းကိုလည်းခံခဲ့ရသေး၏။

-နယ်ခံများ၏ အပိတ်အတားများကြောင့် ဒုက္ခလည်းရောက်ခဲ့ရသေး၏။

ထိုစဉ်တုန်းက သည်းခံနိုင်ခဲ့သေးလျှင် -

ယခု အကောင်းမှောင့် ဘာကြောင့် သည်းမခံနိုင်ရမှာလဲ။

- ဤသုံးသပ်ဉာဏ်(နောက်တွန်းပါရမီအခံကြောင့်) ဇကန်ဝင်လာပါအံ့။

ထိုနှင့်တစ်ဆက်တည်း -

အင်း - ငါ့မှာ အဆိုးဒဏ်နဲ့ တွေ့တုန်းကတောင် အကျင့်မပျက်။

သည်အကောင်းဒဏ်များနဲ့တွေ့၊ အဆင့်တက်ဖို့သာ ရှိတော့သည်။

- ဤသဒ္ဒါမိုးယံကြီးကပါ သွန်းဖြိုးလာပါတော့အံ့။

**ဓမ္မသက. . .**

- ဤသဒ္ဒါမိုးယံကလည်း ရေရှ မြက်တင် မဟုတ်သော်မှ မိုးဥတုအစပျိုး ခေါ်မိုးယံကား ဖြစ်လာနေပြီ။ အညှို့စားမထင်လေနှင့်။

**ဓမ္မသက. . .**

- ထိုသည့်နောက်များတွင်ကား သင်သည် -

- ညဘက် ထိုးစစ်တက်၊ နေ့တွင် ခံစစ်ပြင်၊ တိုက်ပွဲဝင်ရပြီ။ ထိုစဉ် -

- အသိထက် ဖြစ်ပျက်မြင် - ရုပ်နာမ်ကွဲ - လက္ခဏာထင်လာစေခြင်းဖြင့် ထိုးစစ်ကြီးပမာ ခန္ဓာတွင်းရှင်းလင်းပွဲကျင်းနေခြင်းဖြင့် ညကို ဖြိုသည်။

- တံခါး၀ သတိ အစောင့်ချ - ဝင်လာသမျှ အာရုံကိုကား ဝင်ခွင့်ပြု။ မပတ်သက်သော ပညတ်နှင့် ကြိုက်၊ မကြိုက် လိုက်ခွင့်မပေးခြင်းဖြင့် နေ့ကိုဖြိုသည်။

**ဓမ္မသက. . .**

သင်၏ သည်သို့သော လိမ္မာပါးနပ်မှုဖြင့် ခန္ဓီအပေါ် အလေးတင်ထားသော် -

- အမှတ်နောက် အရှိန်လိုက် - ထိုအမှတ်ကား ဗိုလ်ဖြစ်လာချေပြီ။

- အသိနောက် အရှိန်လိုက်၊ ထိုအသိကလည်း ဗိုလ်ဖြစ်လာချေပြီ။

သူတို့နောက်က သမာဓိ - ဝီရိယ- သဒ္ဓါများကလည်း ဗိုလ်ဖြစ်လာတော့သည်။

- သင့်ထံရှိ ထိုဗိုလ်များက အားတက် - စစ်ပွဲရှေ့ဆက်ဖို့ မခဲယဉ်းတော့။

- လက္ခဏာပီပြင် ဖြစ်-ပျက်ကား မမြင်ချင်မှအဆုံး။

လက္ခဏာသာပီပြင် တွင်းထွက်အပျက်ကလည်း မမြင်ချင်မှအဆုံး။

လက္ခဏာသာပီပြင် နှလုံးသွေးပြုသဘာ၀ကလည်း မမြင်ချင်မှအဆုံး။

**ဓမ္မသက. . .**

သင့်ခန္ဓာကိုလှန်၊ သင့်ခန္ဓာဉာဏ်သည်အထိ အမြင်သန်လာသော် -

- သောမနဿ၊ ဒေါမနဿ မရောသော ပီတိ၊ မည်သည့်ကာမပီတိနှင့်မျှမလဲနိုင်။

- သုခ၊ ဒုက္ခ ဖြုတ်ချရာမှ ရသောပီတိ၊ မည်သည့်ကာမပီတိနှင့်မှ မလဲနိုင်။

- မပြုမပြင်ရဘဲ ကောင်းသောအကောင်း၊ မည်သည့်ကာမနှင့်မျှ မရောင်းနိုင်။

ထိုအခါ သင့်သဒ္ဒါမိုးယံ ငြိမ်ငြိမ်သက်သက်ဖြင့် သွန်းဖြိုးရော့မည်။

ကြည့်စမ်း။

- ကာမမှု ဥပေက္ခာပြုရုံလေးနှင့် သည်လောက် ငြိမ်းချမ်းနေသေးလျှင် ဘ၀ကိုပါ ဥပေက္ခာပြု ဘယ်လောက် အထိ ငြိမ်းချမ်းလေမလဲ မသိ။

ဤမှတ်ချက်ချ သဒ္ဒါဝင်လာပေတော့အံ့။

**ဓမ္မသက. . .**

သည်သဒ္ဒါက ရေရှ မြက်တင်ဖြစ်လာသဖြင့် အဆင့်မြင့်လာပြီ။ စိုက်ပြီးပျိုးပြီးလေ ရေအောင်၊ မိုးအောင်ဖြစ်လာပြီ။ ရိတ်သိမ်းရန်သာ ကျန်တော့၏။

ထိုသဒ္ဒါကြောင့်ပင် ထိုသင်သည်-

- အကယ်တိတိ -

- ငါသည် မဂ္ဂင်စိတ်ကိုလှည့်၍ သစ္စာမြင်အထိ ခရီးပေါက်ပါလျှင် -

- သစ္စာရှိဖြင့် သစ္စာဆို မည်သည့်ရန်မဆို ဖြိုနိုင်စွမ်းရှိလိမ့်မည်။

- သစ္စာရှိဖြင့် သစ္စာထား အယူသီးများ၏အတား ဖယ်ရှားနိုင်လိမ့်မည်။

- သို့ကြောင့် -

- ငါသည် လက်ရှဥပေက္ခာကိုပင် ကျော်လွှား၊ ထိုဥပေက္ခာနောက်ရှိ သစ္စာခြေသို့ အရောက်သွားအံ့။

**ဓမ္မသက. . .**

-သင့်၌ ဤသို့သောသမ္မာဝိတက် အညွန့်တက်လာပါအံ့။

ယင်းနှင့်အတူ ဗိုလ်သုံးမဂ္ဂင်စိတ်လည်း ထက်မြက်စွာလည်ပါအံ့။ ထိုစဉ်-

- အသိက ရှေ့ထွက်၊ သတိနောက်ကူဝင်လျက်က -

- သမာဓိနှင့် ဝီရိယ နှစ်ကောင်ကနွားပမာ ထမ်းပိုးညီလာစေသောအခါ -

သဒ္ဒါနှင့် ပညာ နှစ်ဖက်ခွက်တစ်ချိန်ခွင်လျှာပမာ အစွန်းထက်မပါစေသောအခါ -

- ရှေ့အရှိန် - နောက်ရှိန်တွန်း- သစ္စာမြင်-ဘင်စွန်းက ထွန်းပြလာတော့သည်။

**ဓမ္မသက. . .**

သည်အချိန် သင်သည် ဒိဋ္ဌိဘ၀မှ လူးထခွင့်ရလာခြင်းကြောင့် ဒိဋ္ဌိပွဲသိမ်း၊ ဒိဋ္ဌိအငြိမ်းစားဖြစ်သွားပြီ။ ထွန်းသစ္စာ၏ အစွမ်းပြ အငြိမ်းကြီး ငြိမ်းခွင့်ရသွားပြီ။

ထိုမှ နောက်တွင်ကား သင့်၌သဒ္ဒါအလုပ်က ဗိုလ်ချုပ်နေရာရသွားတော့ရာ ရတနာနှင့် သီလပန်း မည်သည့် ဘ၀မည်သည့်ကာလမျှ မညှိုးနွမ်းတော့ပါ။

ယင်းနှင့်အတူ -

ကိုယ့်လိုသိစေချင်၊ တတ်စေချင်သော စေတနာဆန္ဒ ပရိသတ်အားလုံးအပေါ် သို့ ထိုးကျသွားတော့ရာ -

ငါမရှိ၊ သူမ၀င် အားလုံး၌ တန်းတူအဖြစ် မြင်တော့သည်။

အရင်းမထား အဖျားအပေါ် အားလုံးပင် အဖော်တွေချည်း ဖြစ်သွားပြီ။

-ရန် မိတ် - ခွေး - လူ သညာတဘာပြောပြော အရေးမယူတော့ပြီ။

**ဓမ္မသက. . .**

သည်အခါ သင့်၌ ငါစွဲကြောင့်ဖြစ်ရသောဘေး၊ သူစွဲကြောင့်ဖြစ်ရသောဘေး၊ ရန်မိတ်စွဲကြောင့် ဖြစ်ရသောဘေး လူ့၊ နတ်၊ တိရစ္ဆာန်စွဲကြောင့်ဖြစ်ရသောဘေး အအေးကြီး အေးသွားတော့ရာ သဒ္ဒါမိုးယံ ရှေ့ဆက်တိုးတော့သည်။

- ကြည့်စမ်း -

- ဒိဋ္ဌိသွေး ဖြုတာလေးနဲ့တောင် သည်လောက် အေးချမ်းနေသေးလျှင် အကယ်တိတိ ကာမသွေး၊ ဗျာပါဒသွေးများခဲသွားအောင် ဖြည့်ကျင့်နိုင်ခဲ့လျှင် ဘယ်လောက်များ အေးခွင့်ရလေမလဲ မသိ။

**ဓမ္မသက. . .**

သင့်ထံရောက် သည်သဒ္ဒါမိုးယံ သူရာသီအဖြစ် သွန်းဖြိုးနေချေရာ သဒ္ဒါဖြိုး ဆန္ဒပွဲမတိုးမှာ မပူနှင့်တော့။



www.burmeseclassic.com

www.burmeseclassic.com

ဆန္ဒဖြိုး ဝီရိယလည်း ပွဲမတိုးမှာ မပူနှင့်တော့။ သို့တစေလည်း -

- အမြင့်လိုမ့်သော်လည်း-ကိုယ့်ချည်းတစ်ဘီးလိမ့် လိမ့်၍မရသောကြောင့် လည်းကောင်း၊ အမြတ်ပွဲပြင်သော်လည်း ကိုယ့်ချည်း တစ်ဖက်သတ် အမြင်ဖြင့် ပွဲဝင်မရသောကြောင့် လည်းကောင်း -

ကိုယ်က ဓမ္မဖြင့် ကြိုဆို-ပရိသတ်က ပုဂ္ဂိုလ်၌ မေးတင်- လမ်းမတည့်ချင်။

ကိုယ်က ဓမ္မဘက်ကိုဆွဲ-ပရိသတ်က ပုဂ္ဂိုလ်ဘက်လွှဲဝင်-လမ်းမတည့်ချင်။

**ဓမ္မေသက. . .**

သည်အခါ သင်သည် မေတ္တာအစား ဥပေက္ခာထားဖို့ စဉ်းစားရတော့မည်။

- ဩော် - ငါ၏ မေတ္တာကား ပရိသတ်ကာမအိုး တုတ်တိုးအလား ဖြစ်နေပြီကိုး။

- ငါ့မေတ္တာစျာန်က ပရိသတ်တို့ ကာမပီတိအခံကြား လမ်းသလားနေမှုကိုး။

ငါသည် -

- အကယ်တိတိ ပရိသတ်အတွင်း ဥပေက္ခာစျာန်ဖြင့် ချင်းနင်းရလျှင်ကားသူ့ကာမပီတိ အပိုးကျိုး ကိုယ့်ဓမ္မရတိ တိုးဝင်နိုင်တန်ကောင်း၏။

- သို့သုံးသပ်ကာ ထိုသည့်သင် အအေးအစိမ့်မျှ ငြိမ့်ဆင်းဆင်းစေသော ဥပေက္ခာစျာန်ဘက် သဒ္ဒါနားသက်သွားရော့မည်။

**ဓမ္မေသက. . .**

တဏှာ-မာန-ဒိဋ္ဌိအုပ်စုတွင် သင့်သန္တာန်၊ သင့်အာရုံသို့ နောက်ဆုံးဝင်၍ အရင်ဆုံးသေပေးရသော ဒိဋ္ဌိတစ်လုံးကျေဖြင့် ထိုစျာန်ရိုး ပွဲတိုး၍မရတတ်။

- အနည်းဆုံး ဒိဋ္ဌိနောက် တဏှာသေ ဒေါသပါကြွေသွားစေသည့် သစ္စာရှင် စခန်းတွင်း ချင်းနင်းမိမှသာ ဥပေက္ခာလည်းရ၊ ပရိသတ်စိတ်ကိုလည်း စိုးမိုးခွင့်ရ ဖြစ်စေလိမ့်မည်။ ထိုအကြောင်း ကောင်းကောင်းသိသော ထိုသည့်သင်-

- ဓမ္မဖြင့်လည်း ကြိုက်ကောင်ကို ပစ်ခွင်းနေသည်။

မူတဖြင့်လည်း တစ်ဖက်အင်အားစု ဖြိုထု ထုပေးနေပါသည်။

ထိုအခါ သီလနှင့်လည်း အရောဝင်၊ သမာဓိနှင့်လည်း တစ်ပြင်ထီးထီးရှိနေသော ဒုတိယမြောက် သစ္စာမြင်ခေန်း တန်းဝင်တော့သည်။ သည့်နောက်ဒုတိယနှင့် တစ်ပြင်ထီးထီးရှိ တတိယ သစ္စာခွင်ပါ မိလာနေပါပြီ။ သို့သော်-

ပညာ ဗိုလ်ချုပ်ဖြစ်မှ နောက်ဆုံး အောင်ပွဲခံခွင့်ရမည်။

- နောက်ဆုံး အောင်ပွဲခံခွင့်ရမှလည်း ဥပေက္ခာစျာန်နှင့် ဉာဏ်က ထပ်ကျလာမည်။

**ဓမ္မေသက. . .**

သင်သည် သစ္စာဆိုနိုင်စွမ်းပြည့်ရှိသော သစ္စာခွင် သုံးကြိမ်အထိ ဝင်ပြီးသော်လည်း အကြိုက်ကပြောသော အကောင်းလောကဓံလေးမျိုးကိုလည်း အပြီးမချိုးပစ်နိုင်သေး။ မကြိုက်က ပြောသော အဆိုးလောကဓံလေးမျိုးကိုလည်း အပြီးမချိုးပစ်နိုင်သေး။

- ယင်းကို ဥပေက္ခာမပြုနိုင်သေးခြင်းက သက်သေခံနေချေပြီ။

**ဓမ္မေသက. . .**

- သည်မှာတွင် -

- သင့်မှာ သဒ္ဒါတစ်ချိုးပြောင်း မိုးယံကောင်းကြီး ရွာချပေးပေရော့မည်။

ယင်းကား -

- ငါသည် ဤဥပေက္ခာကို ဥပေက္ခာပြန်ပြုထားလိုက်ပြီး အဓိဋ္ဌာန်နှင့် ဝီရိယ မြေစိုက်လုံ့ကဲ့သို့ သန်သန်ကြီး စိုက်ချထားနိုင်ခဲ့ပါလျှင် -

က/ ရှေ့ရှုပညာသည်လည်း တိမ်ထွက်လကဲ့သို့ အားလုံးအပေါ် အသာပြနိုင်ပေလိမ့်မည်။

ခ/ နောက်နေ ဥပေက္ခာသည်လည်း မြိုင်တွင်းစမ်းကဲ့သို့ အားလုံးအပေါ် အအေးဖျန်းနိုင်ပေလိမ့်မည်။

**ဓမ္မေသက. . .**

- သင့်ထံရောက် ဤသဒ္ဒါမိုးယံကား အောင်ရေလွှတ်ချိန်ရှိ နောက်မိုးယံ သိမ်းပမာ ပရိသတ်ရှိ ကာမပီတိပုဂ္ဂိုလ်ငြိကိုလည်း မိမိဓမ္မဓာတ်ဖြင့် ဖိပြီးသား၊ မိမိရှိ ဘဝ ရာဂ မာန အဝိဇ္ဇာကြောင့်ဖြစ်သော ကျင်းချိုင့်များကိုလည်း ဖို့ပြီးသား။

- သင့်ရှိ ဤအချိန်သည် -

- မလိုချင်နှင့်၊ လိုချင်နေသမျှ မလိုချင်တာတွေချည်း ရကြမည်။

- မလိုချင်ပါမှ လိုချင်ရာမှန်သမျှ အကုန်လုံးရကြမည်။

- ဘာမှ မလိုချင်သောနေ့ -

- လိုလေသေးမရှိ ပြီးပြည့်စုံသော နေ့ -

- ဤစကား၏ သရုပ်စုံ အကုန်ဖော်ပြီးသား ဖြစ်သွားချိန်ပင်။

**ဓမ္မေသက. . .**

- သင်၏ အဓိဋ္ဌာန် - ဝီရိယကို ကြားခံ၍ ဥပေက္ခာနှင့်ပညာ အဝင်အပါဖြစ်လာစေရန်ကြံသော ဤသမ္မာဝိတက် သဒ္ဒါလက်ရည်တက်သည် -

- အဓိဋ္ဌာန်ကလည်း ခရီးမဆုံး ငါမရပ်ဆိုသော အဓိဋ္ဌာန်။

- ဝီရိယကလည်း သမ္မပဓာန် လေးမျိုးတို့ဖြင့် စီမံထားသော ဝီရိယ။

- ဤတပ်မဟာစစ်ကြောင်းနှစ်ကြောင်း ပြိုင်ဆိုင်ပါပါနေခြင်းကြောင့် သင့်အား အထွတ်အထိပ်သို့ ထမ်းပို့နေသော နန်းတင် ဝန်ကြီးနှစ်ပါးပင် ဖြစ်တော့သည်။

**ဓမ္မေသက. . .**

- သင့်မဂ္ဂင်ယာဉ် တိုးဝင်လာနေသော ဤနေရာသည် -

အဝိဇ္ဇာကလည်း ကမ္ဘာ့ဖန်ဆင်းရှင် ဘုရင်တစ်ဆူဖြစ်နေခြင်းကြောင့် အလုံးနှင့်အရင်းနှင့်။

ဘဝမှိုတဏှာကလည်း ဘဝမရခင်ကပင် ရရန်စီစဉ်ပေးရသူဖြစ်နေခြင်းကြောင့် ထုနှင့်ထည်နှင့်။

ဘဝမှိုမာနကလည်း အာရုံနေ ကာမချင်း စေ့စပ်ကြောင်းလမ်းခြင်းဖြင့် လမ်းခင်းပြီးစကတည်းကပင် ဝင်ပေးရသူဖြစ်နေခြင်းကြောင့် အသိုင်းနှင့်အဝိုင်းနှင့်။

သို့ကြောင့် သည်နေရာသည် -

ဝီရိယကလည်း နေ့နှင့်ည၊ ညနှင့်နေ့ ပတ်လည်ဝေ့တို့ များစွာပင် ကုန်ဆုံးသွားစေ - အဓိဋ္ဌာန်ဝင် လက်ကမချ အရဲပြင်း တင်းနေမှသာ ထိုးဖောက်ပေးနိုင်မည်။

အသိကလည်း လှုပ်တိုင်းသိ၊ သိတိုင်းကွဲတို့ ပြပြစင် မြင်နေစေ။ သတိဝီရိယလက်မလွှတ်။ အသိထက် သွက်သွက်ဖြင့် တာလွှတ်ပေးနေမှသာ ထိုးဝင်နိုင်စွမ်းရှိမည်။

- မအိပ်နှင့် - အိပ် အနှိပ်ခံရမည် စိတ်ချ။

- မတွေနှင့် - တွေ အခွေခံရမည် စိတ်ချ။

- မဝေးနှင့် - ဝေး အဝေးနှင်ခံရမည် စိတ်ချ။

မိုက်ရူးရဲပွဲမျိုး မဟုတ်။ ဥပဒေပညာရှင်တို့ ဆင်နွှဲနေသော ပညာရည်တိုက်ပွဲမျိုး။

လက်နက်ကိုင်စစ်ပွဲမျိုး မဟုတ်။ နိုင်ငံရေးသုခမိန်တို့ အားပြိုင်နေသော စကားရည်စစ်ပွဲမျိုး။

- သင် စိတ်ပါမှ အသာရမည်။



www.burmeseclassic.com

www.burmeseclassic.com

- သင် ဉာဏ်ကြီးမှ ထီးရိပ်ခိုခွင့်ရမည်။

- သင် သတိ၊ ဝီရိယ ထက်သန်လွန်းမှ ဦးစွန်းဆံပိုင် ကိုင်ခွင့်ရမည်။

**ဓမ္မသက. . .**

ဤနေရာတွင် အတား (၅) မျိုးတွင် -

၁/ ထိန မိဒ္ဓ - အအိပ်ကြိုက် - အငိုက်သန် သင်အတားခံရပြီ။

၂/ ဥဒ္ဓစ္စ ကုက္ကုစ္စ - စိတ်ပူလှန့် စိတ်ပျံ့ထား သင်အတားခံရပြီ။

ဤနှစ်မျိုးသာ နန်းဝမှ စောင့် - မှောင့်နေကြမည်ဖြစ်ရာ -

- အအိပ်ကြောင့် စိတ်မျက်စိမှိတ်သွားခြင်းမျိုး လုံးဝမရှိစေအပ်။

အပူလှန့်၍ စိတ်ပြန့်ကျဲသွားခြင်းမျိုး လုံးဝ မရှိစေအပ်။

- ထိုသည့်သင် -

- သည်နေရာ - သည်အထား - သည်အတားကျော်နိုင်မှ ပညာလည်းပေါ်၊ ဥပေက္ခာအငြိမ်းဖြင့်လည်း ပရိသတ်တို့၏အပေါ် ကျော်နိုင်မည်ကို အထူးသတိပြုလေ။

**ဓမ္မသက. . .**

- နွားကောင်း၊ မကောင်း ချောင်းအတက်ကျမှ သိရမည် ဆိုစကား -

- မအိပ်မနေ အသက်ရှည် - တမတ်စောက်စောက် ခရီးရောက် ဆိုစကား။

သည်နေရာ သင့်နားထဲ အမြဲအစွဲ ဆွဲချိတ်ထားလေ။

-သမာဓိ-ဝီရိယကား နှစ်ကောင်ပင်း တစ်ရှဉ်းနွား -

- သဒ္ဓါ - ပညာတို့ကား မောင်းပေါက်ကျိုင်းထုံး နှလုံးထား -

ထိုသို့ သင် ကြိုးစားနေသော်မှလည်း -

ရာဂ - မာန - အဝိဇ္ဇာတို့ တိုက်စားခံရခြင်းကြောင့် နိမ့်ကျနေသောသင့်စိတ်၏ ကျင်း၊ ချိုင့်ခွက်ကား အနက်အကျယ် ဘယ်အရွယ် ဘယ်အရွယ်ရှိမှန်း သင်မသိနိုင်ရာ။

တစ်လကျော်၍မှ အရမပေါ်တော်ပြီ - သင်မလုပ်လေနှင့် -

တစ်နှစ်ကျော်၍မှ အရမပေါ်၊ တော်ပြီ - သင် မကြံလေနှင့် -

အသက်နှင့်အမျှ ကျော်သော်မှ အရမပေါ်လည်း တော်ပြီကား - သင် မစဉ်းစားလေနှင့် -

- ကျော်၊ မကျော်ကား သင်၏ ဆန္ဒဝီရိယနောက်ကြောင်း။ သို့ကြောင့် သည်နေရာ သင်ခံယူထားရမည့် သဒ္ဓါမှာ -

ရ၊ မရမှာ ငါ့အရာမဟုတ်။

ငါ့တာဝန်ကား ရဟန်းအလုပ်၊ ရဟန်းလုပ်နေဖို့သာ။

ရဟန်းအလုပ်ကား သတိ၊ ဝီရိယ၊ အသိ - ဤတာခြင်းတောင်းသုံးလုံးဖြင့် မြေသယ်ဖို့အလုပ်ပင် ဖြစ်တော့သည်။

သတိ၊ ဝီရိယဖြင့် တွင်တွင်တူး။ အသိက အတွင်ကူး၍ ကျင်းဖို့ပေးနေရုံသာ။

**ဓမ္မသက. . .**

သင်ကသာ သင့်အလုပ် တွင်တွင် လုပ်ပြနေပါသော် -

သူကလည်း သူ့အလုပ် တွင်တွင် လုပ်၍ ပြလာချေတော့မည်။

ထိုစဉ် -

သတိကသာတွင်တွင်ဆက်၊ ဉာဏ်ပညာကား အလိုလိုထက်ပြလာခြင်းပင်။

အသိကသာ အတည်မပျက်၊ ဉာဏ်ပညာကား အလိုလိုသန်ပြလာခြင်းပင်။

သဒ္ဓါကသာ အယုံတက်၊ ဉာဏ်ပညာကား အလိုလိုသွက်ပြလာခြင်းပင်။

ဝီရိယကသာ အရဲဖက် ဉာဏ်ပညာကား အလိုလိုက်တက်ပြလာခြင်းပင်။

ထိုအခါ-

- ကား၊ ရထား၊ သင်္ဘောများ၏ အပေါ်မှနေ လိုက်ပါနေသော ခရီးသည်သည် သူ့ဆိုင်ရာ ယာဉ်တာဝန်ခံများ၏ အစွမ်းပြမှုများကြောင့် ကိုယ်ရောက်လိုရာဒေသ (မသွားရဘဲနှင့်) အလိုလို ခြေချမိသည်ပမာ။

- ဘဝရာဂ ကျင်းပို့သလောက် အကြည့်နှင့် အသိလည်း အလိုလို မို့မောက်လာမည်သာ။

- ဘဝမာန ကျင်းပို့သလောက် အရှိန်နှင့်အတည့်လည်း အလိုလိုမို့မောက်လာမည်သာ။

- မောဟအဝိဇ္ဇာ ကျင်းပို့သလောက်လည်း အပြည့်နှင့် အသိလည်း ပြောခေါက်၍ဝင်လာကြမည်သာ။

**ဓမ္မသက. . .**

သင့်အား ပါရမီနှင့်ပတ်သက်၍-

က/ တဏှာကို ပလပ်၍ အမြတ်သို့ ဖို့တက် - တက်နည်းလည်း ငါတို့ ပြောကြားခဲ့ပြီးပြီ။

ခ/ သဒ္ဓါကို အထွတ်တပ်၍ အမြတ်သို့ ချဉ်းကပ်နည်းလည်း ငါတို့ ပြောကြားခဲ့ပြီးပြီ။

သင့်ဘက်ကသာ သင့်ရာနည်းရွေး၍ နိမ့်ကျနေသောစိတ် ဖို့သိပ်ပေးရန် လိုတော့သည်။ မှောင်တွဲလွဲ မည်းတူတူ သင့်စိတ်ဓာတ် အဖြူအဆွတ်အထိ ကြေးချွတ်ပေးရန်သာ လိုတော့သည်။

သင်ဘယ်နည်းဖြင့် ပါရမီစဉ်ခရီးဘက် ဖို့ဖြည့်ရင်းတက်တက် -

သစ္စာလေးချက်ဖြင့် လေးချီတက်တက်ပြီးမှ ရောက်ခွင့်ရသော ဤနေရာရောက်မှသာ ပါရမီပြည့်ပြီ။ စိတ်နိမ့်များလည်း ပကတိဖြစ်လာပြီ။ အမြင့်ကပ်အမြတ်ထွက်လာပြီ ဟူ၍ ယာယီမှတ်သားထားလေ။ ခရီးစဉ်၏ လမ်းဆုံးဘူတာဆိပ်ကား သည်နေရာ။ သို့သော် နေအိမ်မရောက်သေး။ သို့ကြောင့် ယာယီသာ မှတ်သားထားလေဦး။

တစ်ဖန် ဒုက္ခမျိုးစုံတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော သင့်ခန္ဓာကြီး။

ကံ - တာဝန်ခံများကလည်း သူ့သက်တမ်းစေ့သဖြင့် သက်ပြည့်ပင်စင်ယူသွားကြလေပြီ။

စိတ် - တာဝန်ခံများကလည်း သွေးရှိန်ပြတ်သဖြင့် အလုပ်က ရပ်နေကြလေပြီ။

ဥတု - တာဝန်ခံများတွင်လည်း အပူငွေ့က သက်စေ့သဖြင့် သက်ပြည့်ပင်စင်ယူသွားလေပြီ။

အာဟာရ-တာဝန်ခံများကလည်း အပူငွေ့ အလုပ်မဆင်းတော့သဖြင့် ရိက္ခာချင်းမပေးကြလေပြီ။

သည်အခါ သင့်ဖြစ်စဉ်ဘဝ သင့်တပ်ပေါင်းစုခန္ဓာ - ဒုက္ခစဲ - ပွဲသိမ်းအငြိမ်း၏။ နောက်အငြိမ်းဖြင့် စည်တီး၍ အငြိမ်းစံ ပွဲခံတော့ချေရာ. . .

- ဓမ္မသက၊ သင့်ပါရမီဖြည့်ကာလ သည်ကျမှ ပြည့်ဝပြီ ဟူ၍မှတ်။

- ဓမ္မသက၊ သင့်အတောင့်တဆုံးသောအဖြူ သည်ကျမှ ယူရပြီမှတ်။

- ဓမ္မသက၊ သင့်အမျှော်လင့်ဆုံးသောအမြင့် သည်ကျမှ ပွင့်ပြီမှတ်။

အောက်မည်းတူများ၏ အမျှော်လင့်ဆုံးသောပန်းတိုင်က တဏှာချင်းဆုံ ထိုမေထုန် -

ထိပ်ဖြူမြင့်များ၏အမျှော်လင့်ဆုံး ပန်းတိုင်က တဏှာပြတ်ကုန် နိဗ္ဗာန်ဘုံ-

မြေနှင့် မိုး ရေအောက်သဲနှင့် သောင်သဲမျိုး -

(ဆက်လက်ဖော်ပြပါမည်)

မဟာဗောဓိမြိုင်ဆရာတော်

(ဝနဝါသီဥဒေယျဓမ္မသာမိထေရ်)



www.burmeseclassic.com

www.burmeseclassic.com

ဝါဆိုဦးတစ်ညနေခင်း၌ ကျွန်တော်သည် အဂ္ဂမဟာပဏ္ဍိတအရှင်ဝေပုလ္လာဘိဓဇ စီရင်သော မြင်းခြံကိုးဆောင်မှု 'မဟာပရိတ်တော်ကြီးနိဿယသစ်' ကို ဖတ်နေပါသည်။ ထိုသို့ဖတ်နေစဉ် ကျွန်တော့်တပည့် ရောက်လာပါသည်။ သူ့လက်ထဲတွင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး ရေးဖွဲ့သော 'ကဗျာ့ဘဏ်တိုက်' စာအုပ် ပါလာပါသည်။ ကျွန်တော့်တပည့်သည် ထိုင်မိသည်နှင့် ဤသို့စကားစပါသည်။

"ဘာတွေဖတ်နေတာလဲ ဆရာ"

"မြင်းခြံကိုးဆောင်မှုမဟာပရိတ်တော်ကြီးနိဿယသစ်ပါ တပည့်ရယ်"

"ဆရာက အဲဒီမဟာပရိတ်တော်ကြီးနိဿယသစ်ကို မကြာမကြာဖတ်တယ်နော်"

"မဟာပရိတ်တော်ကြီး နိဿယသစ်ကို ဆရာက အင်မတန် သဘောကျတယ်။ မေတ္တာသုတ်နိဿယကို ဆရာနှုတ်ငုံဆောင်ထားတယ်။ မေတ္တာသုတ်ရွတ်တဲ့အခါတိုင်း နိဿယကိုပါ ဆရာရွတ်ပါတယ်။ ထားပါတော့လေ။ အခုတော့ ဆရာက မဟာပရိတ်တော်ကြီးနိဿယသစ်နိဂုံးမှာ ပါ,ပါတယ်ဘုရားလို့ လျှောက်လိုက်တယ်။ အခု အိမ်ကို ပြန်ရောက်တော့ ဆရာတော်ဘုရားကြီးရဲ့ ဆုတောင်းကို ပြန်ဖတ်ချင်တဲ့စိတ်ပေါ်လာတာနဲ့ မဟာပရိတ်တော်ကြီးနိဿယသစ်ကိုထုတ်ပြီးဖတ်နေတာ"

"ဆရာတော်ဘုရားကြီးရဲ့ ဆုတောင်းကို ကျွန်တော် နာချင်ပါတယ် ဆရာ"

"ဆုတောင်းက အရှည်ကြီးဆိုတော့ အကုန်ဖတ်မပြတော့ပါဘူး။ အစီအကုံးအနှုန်းအဖွဲ့နဲ့ဆိုင်တာကိုပဲ ဆရာဖတ်ပြပါတော့မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"*အရိုးအဆန်း၊ ဉာဏ်စမ်းတွေးရှုပ် အမေးထုတ်အပ်သော ပုစ္ဆာပြဿနာ ဆိုက်ရောက်လာမူ အခါနေ့ညဥ့် မသင့်တုံသေး ချိန်မရွေးရဘဲ မေးသည်နှင့်တစ်ပြိုင်နက် ဖြေဆိုနိုင်ခြင်း၊ ထိုထိုဤဤ၊ အစီအကုံး၊ အနှုန်းအဖွဲ့၊ အချဲ့အထွင်၊ အလင်္ကာ အဆင်တန်ဆာတို့၌လည်း ပညာရှိနှလုံးကို ယူကျုံးနိုင်အောင် အယောင်အသောင်း လူ့အပေါင်းတို့ ကြောင်းတစ်မျိုးစီ အညီအညာ တောင်းဆိုလာလည်း ဤမှာဤလို ထိုမှာထိုသို့ လိုသူတို့၏ နှစ်မြို့စဖွယ် အဓိပ္ပာယ်ကို အကျယ်တဝင့် ဖွင့်ချင်ပြချင် လိုခဲ့လျှင်မူ ကောင်းကင်မျက်နှာ စက္ကူဝါတိုင် အက္ခရာစီရေးကျဉ်းလိုသေးလည်း လေးလုံးငါးလုံးနှင့် ပြီးစီးအောင် နည်းထုံးကျကျ ကာလမဆိုင်း စိတ်မှန်းတိုင်းလျှင် ဆန်းဂိုဏ်းမကြွာ ညီညွတ်စွာနှင့် ဘာသာစရိုက် သူ့အကြိုက်ကိုလိုက်၍ ပိုင်ပိုင်စီကုံးနိုင်ခြင်း. . .*

အဲဒီလိုဆုတောင်းထားတာ"

"ဆရာတော်ဘုရားကြီးရဲ့ ဆုတောင်းက အတော့်ကိုဆန်းကြယ်တာပဲ ဆရာ။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဆရာရယ်၊ ကျွန်တော်လည်း မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ ကဗျာ့ဘဏ်တိုက်မှာပါတဲ့ 'တောင်းသင့်သောဆု' ကဗျာကို ဖတ်ခဲ့ပါတယ်။ အဲဒီကဗျာနဲ့ ပတ်သက်လို့ ဆရာ့ကိုမေးမယ်ဆိုပြီးလာခဲ့တာပါ"

"ကဗျာကိုဖတ်ပြပါဦးတပည့်ရယ်"

(မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအားပူဇော်ခြင်း)

# မြဝင်း(ဒဿန)

## တောင်းသင့်သောဆု



ဖတ်ရတဲ့အကြောင်းကတော့ အဲဒီပရိတ်ကြီးနိဿယသစ်နဲ့ပတ်သက်လို့ ဦးပဥ္ဇင်းတစ်ပါးနဲ့ ဘုရားမှာ ဆရာစကားလက်ဆုံကျခဲ့တယ်။ အဲဒီဦးပဥ္ဇင်းကလည်း ကိုးဆောင်မှုနိဿယကို အင်မတန်သဘောကျတယ်။ နိဿယပြန်ဆိုတဲ့ ဆရာတော်ဘုရားကြီးရဲ့ ကဗျာဉာဏ်ကို ချီးကျူးတယ်။

ဒါနဲ့ ဆရာက ဆရာတော်ဘုရားကြီး အဲဒီလိုရေးဖွဲ့နိုင်တာလည်း မပြောနဲ့။ သူဆုတောင်းထားတာကိုက အဲဒီလိုရေးဖွဲ့နိုင်ရပါစေလို့ ဆုတောင်းထားတာကိုးလို့ လျှောက်လိုက်တယ်။ အဲဒီတော့ အဲဒီဦးပဥ္ဇင်းက ဆရာတော်ဘုရားကြီးရဲ့ ဆုတောင်းကို ဖတ်ချင်တယ်လို့ ပြော



www.burmeseclassic.com

www.burmeseclassic.com

"ဖတ်ပြပါ့မယ်ဆရာ။

**တောင်းသင့်သောဆု**

*၁။ အပါယ်လေးတန် လားရန်အချက် ကံကျားကွက် ကံပျက်ကိုဆီးကံမီးကိုတား ကျင့်သောအားကြောင့် မလားဆင်းရဲ မစွဲရောဂါ ကင်းစင်ကွာလျက် ဝိဇ္ဇာသိပ္ပ ဌာနနှစ်စုံ မြတ်မွေဟုန်ကို မြင်ရုံ ကြားရုံ မှတ်သားရုံဖြင့် ကုံလုံပြည့်မောက် လျှမ်းလျှမ်းတောက်သည် အံ့လောက်တစ်ပါးဖြစ်စေသောဝ်။*

*၂။ အမျိုးကောင်းသား ယောကျာ်းကောင်းစစ် ဆက်တိုက်ဖြစ်၍ အပြစ်ကင်းစင် သန့်ပြန့်အင်ကြောင်း မဝင်ရန်မျိုး မတိုးကိလေ မတွေစိတ်ကောင်း သုံးစုံဆောင်း၍ တောင်းရန်မပျက် ဆုပန္နက်ကား သက်ရှည်ဆင်းလှ ချမ်းသာရန့်နှင့် ဗလအားပြင်း ထိုးထွင်းသောဉာဏ် လေးကန်သောစက် ထုံးမပျက်သည် ဘုန်းစက်အာဏာတည်စေသောဝ်။*

*၃။ ဘုန်းသမ္ဘာနှင့် ပညာလည်းရှိ မနပြည့်လျက် ဖြည့်စွက်ဒါန သီလမကွာ မျှသိက္ခာဖြင့် ပါရမီသုံးဆယ် ကျင့်သုံးဖွယ်ကို အရွယ်သုံးပါး ကွာခြားပြတ်လပ်မရှိအပ်ဘဲ ဖြောင့်မတ်ဝတ်ထုံး ငါကျင့်သုံးမည် အဆုံးနိဗ္ဗာန်တိုင်အောင်သောဝ်။*

*၄။ လူ၊ နတ်တန်ဆောင် ငါးမာရ်အောင်သား ဘုန်းခေါင်သကျ မြတ်ဇိနကို ထက်လှစေတနာ ကံသုံးဖြာဖြင့် မကွာရိုကျိုး လက်စုံမိုး၍ ရှိခိုးပါပြား အကျိုးအားကြောင့် ဘုရားကစ ပစ္စေကနှင့် များလှရဟန္တာ အရိယာတို့ စံရာကိန်းဝပ် အငြိမ်းဓာတ်သည် တပ်အပ်ငါလျှင်မြင်စေသောဝ်"*

"ကောင်းလိုက်တာ တပည့်ရယ်။ တပည့်တို့တစ်တွေ ဆုတောင်းတတ်အောင်လို့ ဆရာတော်ဘုရားကြီးက ဆုတောင်းနည်းပေးထားတာ။ ဆုတောင်းတွေကရှင်းနေတာပဲ တပည့်ရယ်"

"ရှင်းတော့ ရှင်းပါတယ် ဆရာရယ်။ ဒါပေမယ့် ဆရာရှင်းပြတော့ ပိုသဘောပေါက်လွယ်လို့ပါ ဆရာ"

"ကဲ - ဒီလိုဆိုရင် ဆုတောင်းကို တစ်ပိုဒ်ချင်းပြန်ဖတ်ပြပါ တပည့်ရယ်"

"ဟုတ်ကဲ့ပါ ဆရာ။

*၁။ အပါယ်လေးတန် လားရန်အချက် ကံကျားကွက် ကံပျက်ကိုဆီး ကံမီးကိုတား ကျင့်သောအားကြောင့် မလားဆင်းရဲ မစွဲရောဂါ ကင်းစင်ကွာလျက် ဝိဇ္ဇာသိပ္ပ ဌာနနှစ်စုံ မြတ်မွေဟုန်ကို မြင်ရုံ ကြားရုံ မှတ်သားရုံဖြင့် ကုံလုံပြည့်မောက် လျှမ်းလျှမ်းတောက်သည် အံ့လောက်တစ်ပါးဖြစ်စေသောဝ်"*

"ဆုတောင်းက ရှင်းပါတယ် တပည့်ရယ်။ 'မလားဆင်းရဲ မစွဲရောဂါ' တဲ့။ မဆင်းရဲရပါစေနဲ့၊ ရောဂါမကပ်ရောက်ပါစေနဲ့ဆုတောင်းရမယ်။ နောက် ဝိဇ္ဇာသိပ္ပပညာရပ်တွေကို မြင်ရုံ၊ ကြားရုံ၊ မှတ်သားရုံနဲ့ ကုံလုံပြည့်မောက် လျှမ်းလျှမ်းတောက် တတ်မြောက်ပါရစေလို့ ဆုတောင်းရမယ်တဲ့။ ကဲ - နောက်ဆုတောင်းကို ဖတ်ပြပါဦး"

"*၂။ အမျိုးကောင်းသားယောကျာ်းကောင်းစစ် ဆက်တိုက်ဖြစ်၍ အပြစ်ကင်းစင် သန့်ပြန့်အင်ကြောင်း မဝင်ရန်မျိုး မတိုးကိလေ မတွေစိတ်ကောင်း သုံးစုံဆောင်း၍ တောင်းရန်မပျက် ဆုပန္နက်ကား သက်ရှည်ဆင်းလှ ချမ်းသာရန့်နှင့် ဗလအားပြင်း ထိုးထွင်းသောဉာဏ် လေးကန်သောစက် ထုံးမပျက်သည် ဘုန်းစက်အာဏာတည်စေသောဝ်"*

"ဒီဆုတောင်းကလည်း ရှင်းပါတယ် တပည့်ရယ်။ ဘဝဆက်တိုင်း အမျိုးကောင်းသား ယောကျာ်းစင်စစ်ဖြစ်ရပါစေလို့ ဆုတောင်းရသတဲ့။ 'မဝင်ရန်မျိုး မတိုးကိလေ မတွေစိတ်ကောင်းတဲ့'။ ဆရာတော်ဘုရားကြီး ရေးဖွဲ့ထားတာက အင်မတန်လှတယ်။ ဘေးမျိုးရန်မျိုး မဝင်ပါစေနဲ့၊ ကိလေသာဆိုးမတိုးပါစေနဲ့။ စိတ်ကောင်းစိတ်မြတ် မတွေဝေပါစေနဲ့လို့ ဆုတောင်းရမယ်။ နောက်အသက်ရှည်စေဖို့၊ ရုပ်ဆင်းလှပဖို့၊ ချမ်းသာဖို့၊ ခွန်အားဗလကြီးဖို့ ဆုတောင်းရမတဲ့"

"ဒါဆိုတော့ ကျွန်တော်တို့တစ်တွေ မကြာမကြာပြောတတ်ကြတဲ့ အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းတို့နဲ့ ပြည့်စုံကြသူတွေ ဖြစ်ပါစေလို့ ဆုတောင်းမျိုးပေါ့နော်"

"ဟုတ်တာပေါ့ တပည့်ရယ်။ ကဲ- နောက်ဆုတောင်းတစ်ခုကိုဖတ်ပါဦး"

"ဟုတ်ကဲ့ပါ ဆရာ"

*၃။ ဘုန်းသမ္ဘာနှင့် ပညာလည်းရှိ မနပြည့်လျက် ဖြည့်စွက်ဒါန သီလမကွာ မျှသိက္ခာဖြင့် ပါရမီသုံးဆယ် ကျင့်သုံးဖွယ်ကို အရွယ်သုံးပါး ကွာခြားပြတ်လပ်မရှိအပ်ဘဲ ဖြောင့်မတ်ဝတ်ထုံး ငါကျင့်သုံးမည် အဆုံးနိဗ္ဗာန်တိုင်အောင်သောဝ်"*

"အဲဒီဆုတောင်းကတော့ ဖြစ်ရာဘဝမှာ ဘုန်းသမ္ဘာလည်းရှိပါရစေ၊ ပညာလည်းရှိပါရစေ၊ မနလည်းပြည့်ပါရစေ၊ ပါရမီသုံးဆယ်ကျင့်ဖွယ်ရာတို့ကိုကျင့်နိုင်သူ ဖြစ်ပါရစေ၊ ဒါန၊ သီလ၊ ဘာဝနာတို့ကို အမြဲကျင့်နိုင်တဲ့သူဖြစ်ပါရစေလို့ ဆုတောင်းရမယ်တဲ့။ ကျင့်တယ်ဆိုရာမှာလည်း တစ်ခဏတစ်ဘဝမျှသာ မဟုတ်ဘဲ နိဗ္ဗာန်ရသည့်တိုင်အောင် ကျင့်နိုင်တဲ့သူဖြစ်ပါရစေလို့ ဆုတောင်းရမယ်တဲ့။ ကဲ - နောက်ဆုတောင်းကိုဖတ်ပါဦး"

"ဒါ နောက်ဆုံး ဆုတောင်းပါ ဆရာ။

*၄။ လူ၊ နတ်တန်ဆောင် ငါးမာရ်အောင်သား ဘုန်းခေါင်သကျ မြတ်ဇိနကို ထက်လှစေတနာ ကံသုံးဖြာဖြင့် မကွာရိုကျိုး လက်စုံမိုး၍ ရှိခိုးပါပြား အကျိုးအားကြောင့် ဘုရားကစ ပစ္စေကနှင့် များလှရဟန္တာ အရိယာတို့ စံရာကိန်းဝပ် အငြိမ်းဓာတ်သည် တပ်အပ်ငါလျှင်မြင်စေသောဝ်"*

"ဆရာတော့ အဲဒီဆုတောင်းကို အင်မတန်သဘောကျတယ်။ ဆုတောင်းက ရှင်တော်မြတ်ဘုရားကို စေတနာထက်သန်စွာနဲ့ လက်ဆယ်ဖြာထိပ်မှာမိုး ရှိခိုးပါရစေတဲ့။ အဲဒီလိုရှိခိုးရတဲ့အကျိုးကြောင့် ဘုရား၊ ပစ္စေကဗုဒ္ဓါကို ဝင်စံတဲ့ အငြိမ်းဓာတ် တပ်အပ်ထင်ထင် မြင်ပါရစေလို့ ဆုတောင်းရမတဲ့။ သိပ်ကောင်းတဲ့ ဆုတောင်းပဲ တပည့်ရယ်"

"နိဗ္ဗာန်ကိုအဲထွတ်တပ်ပြီးတောင်းထားတဲ့ဆုတောင်းနော်"

"ဟုတ်တာပေါ့ တပည့်ရယ်။ ဗုဒ္ဓဘာသာဝင်တို့ရဲ့ နောက်ဆုံးပန်းတိုင်ဟာ နိဗ္ဗာန်မဟုတ်လား။ ဒါကြောင့်မို့ ဆရာတော်ဘုရားကြီးက နိဗ္ဗာန်ကိုအထွတ်တပ်ပြီး ဆုတောင်းတာပေါ့။ တပည့်တို့ ဆုတောင်းမယ်ဆိုရင်လည်း အဲဒီလို ဆုတောင်းရမယ်။ တကယ်တော့ 'တောင်းသင့်တဲ့ဆု' ဆိုတဲ့ ကဗျာဟာ တပည့်တို့ ဆုတောင်းတတ်ဖို့ ရေးပေးထားတဲ့ ကဗျာပါ။ ခုဆိုရင် ကောင်းမှုတစ်ခုခုပြု ပြီးတဲ့အခါတိုင်း ဘယ်လိုဆုတောင်းရမယ်ဆိုတာ တပည့်သဘောပေါက်သွားပြီပေါ့"

"သဘောပေါက်ပါပြီ ဆရာ"

"ဒါဆိုရင် 'ဖြောင့်မတ်ဝတ်ထုံး ငါကျင့်သုံးမည် အဆုံးနိဗ္ဗာန်တိုင်စေသာဝ်' လို့ ဆုတောင်းပေတော့"

"ဟုတ်ကဲ့ပါ ဆရာ"

ထို့နောက် ကျွန်တော့်တပည့်သည် ကျွန်တော့်ကို နှုတ်ဆက်၍ ပြန်သွားပါသတည်း။

မြဝင်း (ဒဿန)



www.burmeseclassic.com

www.burmeseclassic.com

မသွေ့ (တောင်ကြီး)

# ပဌာန်းပါဠိတော်ရွတ်ခြင်းကိုယ်တွေ့အကျိုးကျေးဇူး

စာရေးသူငယ်စဉ်က ဘာသာရေး အားနည်းခဲ့ပါသည်။ ဆွမ်းတော်တင်၊ ရေချမ်းကပ်၊ ဘုရားရှိခိုး၊ ပုတီးစိပ်၊ ဘုရားပန်းလဲ၊ ဆွမ်းလောင်း၊ လာသရွေ့အလှူခံကို တတ်စွမ်းသမျှ ထည့်လှူပြီးလျှင် ကိုယ့်ကိုယ်ကိုယ် ဗုဒ္ဓဘာသာ မြန်မာအဖြစ် ပြည့်စုံသည်ဟုထင်ခဲ့သည်။ သားသမီးအရေး၊ အိမ်ထောင်ရေးတွေနှင့် မအားလပ်၍ ဘာသာရေးကို ထို့ထက်ပိုမလုပ်နိုင်ခဲ့ပါ။

တစ်နေ့ (၈) လ၊ (၉) လအရွယ် သမီးငယ်သည် နို့စို့ပြီး၍ အိပ်ပျော်နေသော်လည်း အောက်ချ၍မရဘဲ စာရေးသူ၏ ရင်ဘတ်ကို ဆွဲထားပြီးလျှင် ကိုယ်ခန္ဓာနှင့် ခြေထောက်က ဆတ်ခနဲ ဆတ်ခနဲနှင့် တုန်နေပါသည်။ စာရေးသူလည်း ဘာလုပ်ရမှန်းမသိသဖြင့် (၁၀) နှစ်အရွယ် သမီးကြီးကို အိမ်နီးချင်း ဒေါ်မြင့်အား သွားခေါ်ခိုင်းလိုက်ပါသည်။

ဒေါ်မြင့်ရောက်လာလျှင် ကလေး အား ကြည့်ပြီး -

"ကလေးက လန့်နေတာ။ နေဝင် မိုးချုပ်ဘယ်သွားသေးသလဲ"

ဟု မေးလာသဖြင့် ဟိုဘက်ရပ်ကွက်က မိတ်ဆွေ နေမကောင်းသဖြင့် သတင်းသွားမေးတာ အပြန် မိုးချုပ်သွားကြောင်း ပြောပြလိုက်ပါသည်။

"အေး - အဲဒီလမ်းထိပ်က သပြေပင်ကြီးက နာမည်ကြီးတယ်။ နေဝင်မိုးချုပ် ကလေးငယ်နဲ့ အဲဒီနား မသွားရဘူး။ ကလေးလန့်တတ်တယ်။ အဲဒါ ၂၄-ပစ္စည်း ရွတ်။ ၂၄-ပစ္စည်းက အဲဒါတွေနိုင်တယ်"

စာရေးသူမှ ၂၄-ပစ္စည်း မရပါ။ သမ္ဗုဒ္ဓေဂါထာပဲ ရပါသည် ဆိုတော့ ဒေါ်မြင့်မှ ကလေး၏ နဖူးအား လက်ဝါးဖြင့်အုပ်ပြီး ၂၄-ပစ္စည်းရွတ်ပေးပါသည်။ စာရေးသူလည်း ကလေးပွေ့လျက် သမ္ဗုဒ္ဓေဂါထာကို စိတ်ထဲမှ ရွတ်ဆိုလိုက်ပါသည်။ ဘယ်နှခေါက်မှန်း မသိတော့ပါ။ အကြိမ်ကြိမ်ရွတ်ဆိုနေခြင်း ဖြစ်သည်။



နာရီဝက်ခန့်အကြာမှာတော့ ကလေး လန့်တာပျောက်ပြီး နှစ်ခြိုက်စွာအိပ်ပျော်သွားပါတော့သည်။

ဒေါ်မြင့်က ပြန်ခါနီး၌ -

"ကိုယ့်မှာ ကလေးငယ်နဲ့ ၂၄ - ပစ္စည်းကျက်ထား။ အန္တရာယ်လည်း ကင်းတယ်။ လိုအင်ဆန္ဒလည်း ပြည့်ဝတယ်။ အလွန်ကောင်းတယ်"

ဟု ပြောသော်လည်း မကျက်ဖြစ်ခဲ့ပါ။ စာရေးသူ၏ အသက် (၄၃) နှစ်ခင်ပွန်းသည် ကွယ်လွန်သည့်အချိန်တွင် သမီးအကြီး (၃) ယောက်မှာ လုပ်ငန်းခွင်ဝင်လျက်ရှိပြီး သမီးအငယ် (၂) ယောက်မှာ (၉) တန်းနှင့် (၄) တန်းဖြစ်သောကြောင့် စာရေးသူလည်း ဥပုသ်စောင့်ခြင်း၊ တရားနာခြင်း စသည်ဖြင့် ဘာသာရေးကို ပိုမို၍လုပ်ဖြစ်လာပါသည်။ သမီး(၃)ယောက်မှ ရှာဖွေကျွေးနေသော်လည်း စာရေးသူ၌ အိမ်ပိုင်မရှိသောကြောင့် အိမ်လခတိုးတောင်းမှာ၊



www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြောင်းခိုင်းမှာကို အမြဲစိတ်ပူနေရပါသည်။

တစ်နေ့ ဒုတိယသမီး အေးအေးက စာအုပ်လေးတစ်အုပ်ပေးလာသည်။

"သမီးရုံးက အန်တီသီရိပေးတာ။ ပဌာန်းရွတ်၊ အရမ်းကောင်းတယ်လို့ ပြောတယ်။ အမေရွတ်ကြည့်ပါလား"

ပဌာန်းပါဠိတော်စာအုပ်လေး ဖြစ်သည်။ ပဌာန်းဒေသနာ ရွတ်ဖတ်ခြင်း အကျိုးကို ဖတ်ပြီးသည့်အခါ စာရေးသူ ပဌာန်းရွတ်ချင်လာသည်။ အားကိုးချင်လာသည်။ ထို့ကြောင့် နောက်နေ့မှစ၍ ဘုရားရှိခိုးပြီးတိုင် ပဌာန်းပါဠိတော်တစ်ခေါက်ရွတ်သည်။ နေ့ခင်းတစ်ခေါက်ရွတ်သည်။ ညနေ ချက်ပြုတ်ပြီး၍ သမီးများ မပြန်လာသေးလျှင် တစ်ခေါက်ရွတ်သည်။ မှန်တော့ မမှန်ပါ။ မနက်တစ်ခေါက်တော့ မှန်မှန်ရွတ်ပါသည်၊ ဘုရား၊ တရား၊ သံဃာအား ယုံကြည်လေးစားစွာနှင့် အားကိုးတကြီး စိတ်ဓာတ်ဖြင့် ရွတ်ဆိုခြင်း ဖြစ်ပါသည်။ ဆုတောင်း မတောင်းပါ။ သီလပေးသော ဆရာတော်မှ ဆုတောင်းတိုင်း မရပါ။ အတိတ်ကံပါမှ ရမည်။ ဒါနသီလဘာဝနာတရားတို့ကို ပွားများလျှင် အကျိုးပေးပါလိမ့်မည်ဟု ဟောပြောသည်ကို မှတ်သားမိသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် စာရေးသူ ဘုရားရှိခိုး ပဌာန်းရွတ်ပြီးလျှင် အနန္တစကြဝဠာ၌ရှိကြကုန်သော နတ်၊ လူ၊ ဗြဟ္မာသတ္တဝါ အပေါင်းနှင့်တကွ မကျွတ်မလွတ်သေးသူတို့အား အမျှပေးဝေပါသည်။ ပြီးလျှင် မိခင်အား ကျွေးမွေး စောင့်ရှောက်ကြသောသမီးများ ကျန်းမာ၊ ချမ်းသာကြပါစေ၊ သွားလေရာ အန္တရာယ်ကင်းကြပါစေ၊ လုပ်တိုင်းကိုင်တိုင်း အဆင်ပြေကြပါစေ၊ သူတော်ကောင်းနှင့်တွေ့ဆုံပြီး သူယုတ်မာနှင့် လွဲပါစေဆိုပြီး မေတ္တာပို့ပါသည်။

အင်မတန်အံ့သြဖို့ကောင်းသည်။ တစ်နှစ်ကျော်အကြာမှာ စာရေးသူ (၈) လသမီးအရွယ်က ဆုံးသွားသော ဖခင်၏ညီမမှ ဆက်သွယ်လာသည်။ ဘိုးဘွားများ ကျန်ရစ်ခဲ့သောအိမ် ရောင်းမည်။ အမွေခွဲဝေပေးမည်။ ဝေစုလာယူပါရန် အကြောင်းကြားခြင်း ဖြစ်သည်။ လုံးဝ မမျှော်လင့်ခဲ့ပါ။ အမျိုးတွေနှင့်အဆက်အသွယ်ပြတ်နေသည်မှာ အနှစ်(၂၀)ခန့်ရှိပြီ ဖြစ်ပါသည်။ အမွေခွဲလျှင်တောင် စာရေးသူ ရလိမ့်မည် မထင်ခဲ့ပါ။ ဝင်ငွေမရှိသော မုဆိုးမဖြစ်သည့် စာရေးသူသည် ကိုယ်ပိုင်အိမ်လေး ဝယ်နိုင်ခဲ့ပါသည်။ ပဌာန်းရွတ်ရခြင်းအကျိုး၊ ပဌာန်း၏တန်ခိုးတော်ဟု ယုံကြည်မိပါသည်။

ပဌာန်းရွတ်၍ (၁၀) နှစ်အကြာ ယခုအချိန်မှာတော့ စာရေးသူ၏ သမီး (၃) ယောက်တို့သည် စင်ကာပူနိုင်ငံ၌ အလုပ်လုပ်ရင်း ကျောင်းတက်လျက်ရှိပါသည်။ ရန်ကုန်ရှိ သမီး (၂) ယောက်လည်း သူ့အိမ်ထောင်နှင့်သူ သင့်တင့်စွာ နေထိုင် ရပ်တည်နိုင်ကြပြီ ဖြစ်ပါသည်။

ပဌာန်းရွတ်လျှင် စံချိန်ကိုက် ရွတ်ရသည်ဆိုခြင်းကို ယခင်က မသိခဲ့ပါ။ ယခု ဗန်းမော်ဆရာတော်ကြီး၏ တရားခွေကိုနာရမှသိခြင်း ဖြစ်ပါသည်။ စောစောကသိ၍ ဆရာတော်ကြီးပြောသကဲ့သို့ စံချိန်ကိုက်ရွတ်ခဲ့လျှင် ပိုမို၍ အကျိုးကျေးဇူးများမှာ ဖြစ်ကြောင်းကို အထူး ယုံကြည်မိပါသည်။ ထို့ကြောင့် စံချိန်ကိုက်ရွတ်နည်းကို အများပြည်သူ သိရန်အတွက် ဖော်ပြအပ်ပါသည်။

**စံချိန်ကိုက်ရွတ်နည်း**

၁။ မျက်နှာသစ်၊ ခြေ,လက်ဆေးပြီး သန့်သန့်ရှင်းရှင်းရွတ်ရမည်။ နတ်၊ ဗြဟ္မာများက အသန့်ကြိုက်သောကြောင့် ဖြစ်သည်။

၂။ အချိန်မှန်ရမည်။ အချိန်မမှန်လျှင် နတ်၊ ဗြဟ္မာများ မကြိုက်ပါ။

၃။ ပီပီသသနှင့် ကျယ်ကျယ်ရွတ်ရမည်။ နတ်၊ ဗြဟ္မာများ ကြည်ညိုနိုင်ရန် ဖြစ်ပါသည်။

၄။ အမျှပေးဝေရပါမည်။

အနံ့များ မွှေးကြိုင်လာပြီ ဆိုလျှင် နတ်၊ ဗြဟ္မာများကြွရောက်၍ တရားနာခြင်း ဖြစ်သည်။ ထိုကဲ့သို့ စံချိန်ကိုက်ပြီဆိုလျှင် လိုအင်ဆန္ဒများ ပြည့်ဝပါလိမ့်မည်ဟု ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသမှ ဟောပြောညွှန်ပြထားပါသည်။

*ပဌာန်းရွတ်ခြင်းဖြင့်*
*လိုအင်ဆန္ဒပြည့်ဝကြပါစေ*

မခွေ (တောင်ကြီး)

## ခွန်းရီ(မြန်မာစာ)

# ဝမ်းကိုက်ရောဂါဖြစ်ခဲ့သော်

မြန်မာ့ တိုင်းရင်းဆေးနည်းတို့အကြောင်းနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ထူးခြားဆန်းပြားမြန်မာ ဆေးစွမ်းကောင်းများအကြောင်းကို အများသိစေလိုခြင်းအလို့ငှာ ရေးသား ဖော်ပြလိုက်ပါတယ်။

ယနေ့ နည်းပညာများ ခေတ်မီဖွံ့ဖြိုးတိုးတက်သောအချိန်တွင် ဆေးစွမ်းကောင်းများ ပေါ်ပေါက်လျက်ရှိပေရာ မြန်မာတိုင်းရင်းဆေးကို သုံးစွဲရန် မေ့လျော့ခဲ့ပါသည်။ လွန်ခဲ့သော ၂၀၀၃ ခုနှစ်က ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်မှာ ဝမ်းကိုက်ခြင်းပင် ဖြစ်သည်။ ဝမ်းကိုက်ရောဂါကို (၂) ပတ်တိတိ ခံစားခဲ့ရ၏။ အစိုးရဆေးရုံတစ်ရုံတွင် ပြသပါသော်လည်း ရောဂါမှာ မသက်သာဘဲရှိလေရာ ထိုဆေးရုံမှတစ်ဆင့် ကူးစက်ဆေးရုံသို့ ပို့ပေးမည် ဟူသော သတင်းကိုကြားရုံမျှနှင့် ကျွန်မဦးခေါင်းမှာ နဂိုထက်နှစ်ဆပို၍ကြီးသွားပါတော့သည်။ ကူးစက်ဆေးရုံကို နာမည်ကြားရုံမျှနှင့်ပင် ကြက်သီးတဖြန်းဖြန်းထမိသည်။ လူမှာလည်း အစားမဝင်တော့ဘဲ ထမင်းရည်ကိုသာ အဖော်ပြုနေခဲ့ရသည်။ ထိုအချိန်တွင် အကြံကုန် ဂဠုန်ဆားချက် ဆိုသကဲ့သို့ ကျွန်မ၏အိမ်နီးချင်း အဒေါ်တစ်ယောက်ပြောပြသော တိုင်းရင်းဆေးကိုသောက်ရန် ကြံရွယ်ပါသည်။ အမှန်တိုင်း ဝန်ခံရလျှင် ထိုဆေးနည်းကို ကျွန်မအား အစောကြီးကတည်းက ပြောပါသော်လည်း တိုင်းရင်းဆေးကို အထင်မကြီးတတ်သောစိတ်ကြောင့် မသောက်ခဲ့ခြင်း ဖြစ်သည်။ နောက်ဆုံး ကောက်ရိုးတစ်မျှင်ကို ဆွဲကိုင်ရန် အကြံဖြင့်သောက်ခဲ့ရာ ဆေးတစ်ခွက်တည်းနှင့်ပင် သိသိသာသာ သက်သာခဲ့ပါသည်။ ဆေးသုံးခွက်လောက် သောက်ပြီးသောအခါ အရှင်းပင်ပျောက်ကင်းခဲ့ပါတော့သည်။ ဆေးနည်းမှာ ဤသို့တည်း။

မြင်းခွာရွက်ကိုထောင်း၍ အရည်ညစ်ပြီး ပျားရည်နှင့်ဆတူရောသောက်ရန်ပင် ဖြစ်သည်။

ခွန်းရီ (မြန်မာစာ)



www.burmeseclassic.com

www.burmeseclassic.com

# မဟာကျိန်ဘုရား
သို့မဟုတ်
# ဗုဒ္ဓာဘိသေကမင်္ဂလာဘုရား

ဇော်ထွီးချင်(မြောက်ဦး)

ရှည်မြင့်ကာလ၊ ချိန်ကာလ၌၊
ဉပဝတီ၊ ဝေသာလီဝယ်၊ အညီတည်
ဖြစ်၊ သကြစ်ကောဇာ၊ နှစ်ရာ့လေးဆယ်၊
စိုးဝယ်ကိုးနှစ်၊ ထီးဖွင့်လှစ်သော်၊ ထွန်း
သစ်နေလ၊ နှိုင်းအပ်ပြသည့်၊ မြတ်လှ
ဘုန်းလျှင်၊ ရေမြေရှင်ထက်၊ ဘုန်းအင်
ရာဇာ၊ မဟာစန္ဒြား၊ တန်ခိုးထွားစ၊
လက်ထက်ကပင်၊ ပဉ္စလောဟာ၊ ခတ်နှိုပ်
ဆင့်ရာ၊ မဟာကျိန်ဘုရား၊ သျှင်တော်
အားလျှင်၊ ပိုင်စားသာသနာ၊ မြတ်ဆရာ
က၊ ပင့်ကာကျိန်တိုက်၊ တရားမြိုက်ဖြင့်၊
ကျွေးတိုက်ပြသင်၊ ဦးထိပ်တင်လျက်၊
များဖြင့်ရှေ့မှောက်၊ ပိုလ်လူမြောက်ချိန်၊
ခြောက်ရောင်ထိန်သည့်၊ မဟာကျိန်
ဘုရား၊ ကိုယ်တော်စားကို၊ ဦးထားထိပ်
ရွာ၊ ကျိန်ကြရာသည်၊ သာကီနွယ်ဖွား၊
မင်းများကားလျှင်၊ ရတနာတိ၊ သွန်းဘိ
ရွှေစင်၊ ဘုရင်ဘိသိက်၊ ရွှေတံဆိပ်နှင့်
ဘုန်းဟိတ်ကြွယ်ဖြိုး၊ များကိုကြိုးသည်၊
အမျိုးရက္ခိုင်မင်းများတည်း။

[မင်းသားကြီး (မြောက်ဦး) ရေး
မဟာကျိန်ဘုရား၊
ရခိုင်မဂ္ဂဇင်းအတွဲ(၄)]

မင်းဝတ်တန်ဆာများဖြင့် ပြုလုပ်ထားသော ဘုရားများကို ရခိုင်တို့က မဟာကျိန်ဘုရားဟု ခေါ်သည်။ မြတ်သောသစ္စာဆိုခြင်းဟုအဓိပ္ပာယ်ရှိသည်။ ရှေးခေတ်က ရခိုင်ဘုရင်တစ်ပါးသည် ဘိသိက်ခံလိုလျှင် ဦးစွာ ထိုမင်း၏ဝတ်ဆင်မှုနှင့်တူအောင် မကိုဋ်မှသရဖူဆောင်း၍ မင်းဝတ်တန်ဆာ အပြည့်အစုံ ပါဝင်သော ဘုရားတစ်ဆူကို ဦးစွာ ထုလုပ်ရသည်။ နက္ခတ်ဗေဒင်ကျမ်းများ၏ အလိုအရ ရက်ကောင်းရက်သာကို ရွေးရသည်။ အထူးကျွမ်းကျင်သူများက တာနာ စုပေါင်း၍ သွန်းလုပ်ရသည်။ ယင်းနောက် ဘိသိက်ပွဲအခမ်းအနားတွင် ပူဇော်ခံရသည်။ ပြီးနောက် သာသနာပိုင်ဆရာတော်ကြီး၏ ရှေ့မှောက်တွင် ဘုရားဆင်းတုကိုထိပ်၌တင်၍ 'မင်းကျင့်တရားနှင့်အညီ တိုင်းပြည်ကို အုပ်ချုပ်ပါမည့်အကြောင်း' ကျမ်းသစ္စာကျိန်ဆိုရသည်။ သို့ဖြစ်၍ ထိုဘုရားများကို မဟာကျိန်ဘုရား သို့မဟုတ် နန်းတက်ဘုရားဟု ခေါ်သည်။

## မဟာကျိန်ဘုရားသွန်းလုပ်ပုံအဆင့်ဆင့်

မဟာကျိန်ဘုရား ဆိုသည်မှာ မကိုဋ်မှသရဖူဘုရားဖြစ်၍ ရခိုင်ဘုရင်တို့ နန်းတက်ပွဲဘိသိက်မင်္ဂလာအခမ်းအနားတွင် အစဉ်အလာ မလေ့ထုံးစံနှင့်အညီ





ထုလုပ် ပူဇော်သော ဘုရားဆင်းတု၊ ပူဇော်ရသောဘုရားဆင်းတု ဖြစ်သည်။ ဤဘုရားသွန်းလုပ်ခြင်းကို အစအဆုံး တာဝန်ယူရသူမှာ ပြည်စိုးကြီးခေါ် နန်းရင်းဝန်ကြီး အမတ်ကြီးပင်ဖြစ်၍ နန်းတော်ရှိ ပညာရှိအမတ်ကြီးများ၊ ပြာဟ္မဏပုဏ္ဏားတော်များနှင့် တိုင်ပင်တွက်ချက်၍ မဟာကျိန်ဘုရားဆင်းတုတော် သွန်းလုပ်မည့် ရက်ကောင်းရက်သာကို ဦးစွာရွေးရသည်။ ယင်းနောက် သွန်းလုပ်မည့်နေရာကို လောကီအတတ်ပညာဖြင့်







www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ရှေးနည်းအတိုင်း ရွေးချယ်ပြီး မြေညှိခြင်း၊ သန့်ရှင်းခြင်းများ ပြုလုပ်ရသည်။ ယင်းမြေရာတွင် ဘုန်းတော်ကြီးများ ပင့်ဖိတ်ပြီး ဆွမ်းကျွေးခြင်း၊ ကမ္မဝါစာ ရွက်ဖတ်ခြင်း၊ ပရိတ်ပဋ္ဌာန်းနာကြားခြင်း၊ မင်္ဂလသုတ်နှင့် ဘူမိဇလမန္တန်တို့ ရွတ်ဆိုခြင်းများ ပြုလုပ်ရသည်။

ပြီးနောက် အဆိုပါမြေနေရာတွင် ယာယီမဏ္ဍပ်တစ်ဆောင် ဆောက်လုပ်ရသည်။ ယင်းမဏ္ဍပ်မှာ ရာဇမတ်သုံးထပ်ကာရံထားသည်။ ပြီးနောက် နေ့သင့်နံသင့်ရာ သစ်သားအမျိုးမျိုး (ကံ့ကော်၊ ချရား၊ စံကား၊ ပိန္နဲသား) ကိုရွေးချယ်၍ သစ်သားတိုင် ပြုလုပ်ရသည်။ ဤသစ်သားတိုင်များမှာ လှပခိုင်ခံ့၍ အပြစ်အနာအဆာ၊ အကွဲအအက်၊ အဖုအပိမ့်အားလုံး ကင်းစင်ရမည်ဖြစ်သည်။ ထို့ပြင် ရွေးချယ်ထားသောသစ်သားကို ကောင်းမွန် လှပအောင် ပွတ်ချောပြီး တိုင်ရှစ်တိုင် ပြုလုပ်ရသည်။ ယင်းတိုင်များ၏ ထိပ်တွင် တလူလူလွင့်နေမည့် တံခွန်၊ ကုက္ကား၊ သားမြီးယပ်များ၍ အပေါက်ဖောက်၍ ချိတ်ဆွဲထားသည်။ ရာဇမတ်ရံထားသောအထပ်တိုင်းတွင် ထောင့်လေးထောင့်၌ ငှက်ပျောပင် တစ်ဆယ့်နှစ်ပင်ကို စိုက်ထားရာ အတွင်းဘက်ရာဇမတ်ကို အဖြူရောင်ပိတ်ဖြူ လွှမ်းခြုံထားရပြီး အပြင်ဘက်ရာဇမတ်များကို အနီရောင်ပိတ်စ လွှမ်းခြုံထားသည်။ ယင်းနောက် ငွေသားဖြင့် ပြုလုပ်ထားသော အိုးကိုးခုကိုယူပြီး ယင်းအိုးတို့တွင် ရေကောင်းရေသန့်များထည့်ကာ ထီးဖြူ(၉)လက်စိုက်ထူရသည်။ ထိုထီးဖြူများပေါ်တွင် ဘုရင်၏ဘွဲ့နာမည်ကို ရေးထိုးထားသည်။ ထီးဖြူစိုက်ထားသော အဆိုပါ ငွေအိုးများကို ယခင်ကစိုက်ထူထားသော ဂြိုဟ်တိုင်များဘေးတွင် တပ်ထားရသည်။ ယင်း၏ အလယ်ဗဟိုမှာ ဆင်းတုတော်သွန်းလုပ်မည့်နေရာပင် ဖြစ်သည်။ အဖိုးတန်ရတနာများဖြစ်သော ရွှေ၊ ငွေ၊ ကြေးနီ၊ ကြေးဝါများ ရောစပ်ကာ သွန်းလုပ်မည့် ဗုဒ္ဓရုပ်ပွားတော်အတွက် အရည်ဖျော်စပ်မည့်အိုးမှာ အိုးသစ်ကိုသာ အသုံးပြုသည်။ အရည်ဖျော်ရန်အတွက် ထင်းကိုလည်း အမွှေးနံ့သာထင်းများကိုသာ အသုံးပြုရသည်။

သတ်မှတ်ထားသောရက်ကောင်းရက်သာ၊ အချိန်နာရီကိုကျရောက်သောအခါ ပုဏ္ဏားရှစ်ယောက်တို့သည် ဂြိုလ်ရှစ်တိုင်တွင် မတ်တတ်ရပ်လျက် လက်ယာရစ် ခရုသင်းအား တစ်ပြိုင်နက်မှုတ်စေလျက် ကမ္ဘာစောင့်နတ်ကောင်းနတ်မြတ်များ၊သာသနာစောင့်နတ်ဒေဝါများ၊ လောကပါလနတ်မင်းကြီးများ၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ကောင်းကင်စောင့်နတ်၊ မြေစောင့်နတ်အားလုံးအား ဂါထာမန္တန်များ ရွတ်ဆိုသရဇ္ဈာယ်ပြုကာပင့်ဖိတ်လေသည်။


ဤတွင် ပန်းပုပညာရှင်သည် ယင်း၏ အလုပ်ကို စတင်တော့သည်။ ပန်းပုပညာရှင်သည် တစ်ကိုယ်လုံး အဝတ်ဖြူစင်ကြယ်ကို ဝတ်ဆင်ထားရသည်။ စန္ဒကူးနံ့သာဖြင့် မီးမွှေးပြီး အဖိုးတန်ရတနာများဖြင့် ရောစပ်ထားသော ပဉ္စလောဟာသတ္တုစပ်ကို အိုးအသစ်ဖြင့်ကျိုရသည်။ လုပ်ငန်းပြီးစီး၍ ပုံသွင်းပြီးစီး













www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



သည့်တိုင် မီးကို ငြိမ်းသတ်ခြင်းမပြုရချေ။ အလိုအလျောက် တငွေ့ငွေ့လောင်ကျွမ်း ငြိမ်းသတ်စေသည်။ ဤသို့ သတ္တုတက် ကျိုချက်ခြင်းလုပ်ငန်းကို (၉) ရက်တိုင်တိုင် ပြုလုပ်ရသည်။ ဤသို့ ပြုလုပ်ရခြင်းမှာ မဟာကျိန်ရုပ်ပွားတော်ကို သွန်းလုပ်မည့်တွက်ချက်ထားသော ရက်ကောင်းရက်သာနှင့်ကိုက်၍ ပြုလုပ်ရခြင်း ဖြစ်သည်။ ကိုးရက်မြောက်သောနေ့သည် ဗုဒ္ဓဆင်းတုတော် ပုံလောင်းသွန်းလုပ်သောနေ့ပင် ဖြစ်သည်။ ရုပ်ပွားဆင်းတုတော် သွန်းလုပ်ရာတွင် အရှေ့ဘက်ကို မျက်နှာမူ၍ ပြုလုပ်ရသည်။ ဤအချိန်မှာ အရေးကြီးသောအချိန်ဖြစ်၍ ဗြာဟ္မဏပုဏ္ဏားတို့သည် ရောင်စုံဆေးဆိုးထားသော ပန်းပေါက်ပေါက်များ ကြဲဖြန့်ကာ အောင်ဆုတောင်းခြင်း၊ ဂါထာမန္တန်များ ရွတ်ဆိုခြင်းများ ဆောင်ရွက်ကြသည်။

မဟာကျိန် ရုပ်ပွားတော်အတွက် ပြည်စိုးကြီးသည် ရှေးဦးစွာကပင် ရွှေမြို့တော်အတွင်း အကျင့်သိက္ခာနှင့်ပြည့်စုံပြီး သံဃာတော်ငါးပါး သို့မဟုတ် ခုနစ်ပါး သို့မဟုတ် ကိုးပါးကို မဏ္ဍပ်သို့ပင့်ဖိတ်ပြီး အဆိုပါသံဃာတော်တို့မှာ မဟာကျိန်ရုပ်ပွားတော်အား ခြံရံကာ လက်များဖြင့် ရုပ်ပွားတော် တင်ထားသည့် ပိတ်ဖြူကို တညီတညာ ကိုင်ထားကြပြီး ဗုဒ္ဓဘိသေကဂါထာတော်ကို ရွတ်ဆိုကြလေသည်။ ဂါထာတော် ဆုံးသည်နှင့် တစ်ပြိုင်နက် ဗြာဟ္မဏပုဏ္ဏားများသည် ယင်းတို့၏ လက်ယာရစ် ခရုသင်းကို တစ်ပြိုင်နက် တီးမှုတ်ကာ ဗုဒ္ဓဘိသေကမင်္ဂလာအခမ်းအနားကို ကြိုဆိုဂုဏ်ပြုကြပေသည်။

ယင်းနောက် ပြည်စိုးကြီးအမတ်သည် ရွှေနန်းတော်ရှိ ဘုရားကျောင်းဆောင်သို့ မဟာကျိန်ရုပ်ပွားတော်အား အခြံအရံဖြင့် ပင့်ဆောင်သွားကြသည်။ ဘုရင်၊ မိဖုရား၊ မင်းညီမင်းသား၊ သမီးတော်၊ ဆွေတော်မျိုးတော်အပေါင်းတို့က မဟာကျိန်ရုပ်ပွားတော်အား ကြိုဆိုကြပေသည်။ နန်းတော်တွင်းရှိ ယာယီစံကျောင်းတော်တွင် ကိုးကွယ်ထားကြလေသည်။

မဟာကျိန်ဘုရားမှာ အများအားဖြင့် ခြေနှစ်ဖက်ယှက်၍ထိုင်နေတော်မူဟန် ဖြစ်သည်။ သို့သော် မဟာကျိန်ရုပ်ပွားတော်များမှာ အခြားသော ရုပ်ပွားတော်များထက် ထူးခြားသည်မှာ မကိုဋ်မှုတော်နှင့် မင်းဝတ်တန်ဆာများပင် ဖြစ်သည်။ဤအဆင်တော်မှာ ဘိသိက်သွန်းမည့် နန်းလျာဘုရင် ဘိသိက်ပွဲတွင် ဝတ်ဆင်မည့် အဝတ်အစား၊ မကိုဋ်မှုတော်နှင့် အတူတူပင် ဖြစ်သည်။ နားရွက်တော်မှာ နန်းသုံး နားပန်တော်ကြီး၊ နားတောင်းကြီးများ ပန်ဆင်ထားသည်။ ခန္ဓာကိုယ်ပေါ်တွင် မင်းဝတ်တန်ဆာ၊ လက်ကောက်၊ လက်ကျပ်တို့ အပြည့်အစုံကိုသာ အဓိကဖော်ပြပါရှိသည်။


ဤသို့ဖြင့် မဟာကျိန်ဘုရားများသည် ဘုရင်တစ်ဦးနှင့်ဆိုင်လေရာ အဆိုပါ ရုပ်ပွားတော်များကိုကြည့်ခြင်းဖြင့် ခေတ်အဆက်ဆက်၏ အနုပညာလက်ရာနှင့် ဝတ်စားဆင်ယင်မှုတို့ကို လေ့လာနိုင်ပေသည်။ တစ်ခုနှင့်တစ်ခု လက်ရာချင်း လုံးဝမတူညီဘဲ အနုစိတ် ခြယ်မှုန်းထားသည်ကို တွေ့ရပေသည်။


မဟာကျိန် ရုပ်ပွားတော်များတွင် အာသနအနေအထားမှာ ခြေကိုယှက်ထားပုံ နှစ်မျိုးတွေ့ရသည်။ တစ်မျိုးမှာ ယောဂီများထိုင်သကဲ့သို့ ခြေနှစ်ဖက်ကို ယှက်၍ ခြေဖဝါးနှစ်စုံ အပေါ်သို့လန်နေသော ဝဇီယသနထိုင်ဟန်ဖြစ်ပြီး နောက်တစ်မျိုးမှာ လက်ဝဲဘက် ခြေဖဝါးသည် လက်ယာဘက် ခြေအောက်သို့ ရောက်နေပြီး လက်ယာဘက် ခြေဖဝါးသည် လက်ယာဘက်ပေါင်ပေါ်သို့ တင်ထားသည်။

လက်ဟန်မုဒြာမှာ သုံးမျိုး တွေ့ရသည်။ ပထမတစ်မျိုးမှာ ဘယ်လက်တစ်ဖက်သည် ရင်ခွင်ပေါ်တွင် လှန်၍တင်ထားပြီး လက်ယာဘက်လက်မှာ မဟာပထဝီမြေကို တိုင်တည်သက်သေပြု မြေကြီးကို လက်ယာဘက် ခြေသလုံးနားမှ လက်ဖျားများနှင့် မှောက်လျက်အနေအထားထိလျက်ပုံဖြစ်သည်။ ပလ္လင်ပါရှိက ပလ္လင်ကိုထိနေပုံ ဖြစ်သည်။ ဤအမျိုးအစားမှာ ဘူမိဖဿမုဒြာအမျိုးအစားပင် ဖြစ်သည်။

ဒုတိယအမျိုးအစားမှာ ဒါယနမုဒြာအမျိုးအစား ဖြစ်သည်။ ဤပုံတွင် လက်နှစ်ဖက်စလုံးကို ရင်ခွင်ပေါ်တွင်









www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ထပ်လျက်တင်ကာ စျာန်ဝင်စားနေသည့် ဗုဒ္ဓ တရားထိုင်နေသည့်ပုံပင် ဖြစ်သည်။ လက်ဖဝါးနှစ်ဖက်စလုံးကို လှန်ထားပြီး လက်ယာဘက် လက်ဖဝါးက လက်ဝဲ လက်ဖဝါးပေါ်တွင် ထပ်ထားသည်။ အချို့ပုံများမှာ လက်ချောင်းလေးများကို ဆုပ်ထားပြီး လက်မနှစ်စုံကို ထိထားကာ အနည်းငယ်မြှင့်ထားသည့်ပုံ ဖြစ်သည်။ ယင်းလက်ပေါ်တွင် အမြိုက်အိုး သို့မဟုတ် သပိတ် သို့မဟုတ် ဓာတ်တော်အိုးကို ပိုက်လျက်အနေအထား တွေ့ရသည်။

တတိယအမျိုးအစားမှာ လက်ယာဘက်လက်တော်ကို တံတောင်ဆစ်မှ အတန်ငယ်ကွေးပြီး လက်ဖဝါးကို ပခုံးနားထိ မြှင့်တင်ထားသည်။ လက်ဝဲဘက်လက်မှာ ရင်ခွင်ပေါ်တွင် လက်ကိုဖြန့်၍ လှန်ထားသည်။ သို့ရာတွင် လက်ချောင်းများ အပေါ်သို့ အနည်းငယ်ကွေးနေပြီး တစ်စုံတစ်ခုကို တင်ထားလေ့ရှိသည်။ သို့သော် ဦးခေါင်းတွင်ရွက်၍ ကျိန်ဆိုသည်ဖြစ်ရာ အရွယ်အစားအားဖြင့် မကြီးမားကြချေ။ ယခုအခါ မြောက်ဦးမြို့ပြတိုက်၊ စစ်တွေမြို့ အမျိုးသားပြတိုက်နှင့် ရခိုင်ပြည်နယ်အနှံ့ ဘုန်းတော်ကြီးကျောင်းများတွင် စုဆောင်းပြသကိုးကွယ်ထားရှိကြောင်း တွေ့ရသည်။

**အရိမေတ္တေယျဘုရားလောင်းပုံတော်**

ဤပုံသည် လာလိတအာသနပုံတော် ဖြစ်သည်။ ဘယ်ခြေတင်ပြီး ညာခြေချထားဟန် ဖြစ်သည်။ မကိုဋ်သရဖူ ဆောင်းထားသည်။ ဆံတော်ကိုလည်း စုစ၍ထောင်လျက် အရင်းမှ ပန်းကြိုးဖြင့် စည်း၍ ခရုရစ်ခွေထားသည်။ နားကွင်း၊ နားကပ် အစရှိသော နားပန်ပန်လျက်ရှိသည်။ ပခုံးထောက် ပါရှိသည်။ ကြာပလ္လင်ပေါ်တွင် ဘယ်ခြေတင်ပြီး ညာခြေချလျက်ရှိလေသည်။ တဘက်တစ်ထည်ကို ကျောဘက်မှ ပခုံးအထက်သို့ သိုင်းလျက် အစွန်းနှစ်စတို့သည် တစ်ဖက်တစ်ချက် လက်ရုံးပေါ်မှကျ၍ တံတောင်ဆစ်ကွေးကိုရစ်ခွေလျက် လက်မောင်းပေါ်မှ အပြင်ဘက်သို့တွဲလဲကျပြီးလျှင် ပေါင်၏ အနောက်ဘက်မှ အဖျားခေါက်လျက် ကျနေ၏။ ထိုတစ်ဖက်ဆင်းတုတော်၏ ကျောဘက်တွင်သာမြင်တွေ့နိုင်ပါသည်။

ပုတီး၊ လက်ကောက်၊ လက်ကျပ်၊ ခါးစည်း၊ ခါးပတ်တို့လည်းပါသည်။ ကေသီမပါသော်လည်း သင်းပိုင်နှင့်တူသော အဝတ်ကို ခါးမှအောက်သို့ ကျောဘက်၌ ဖားလျားလျား အလိပ်လိပ်ရစ်ခွေလျက်ကျနေသည်။ ကြာပလ္လင်ပုံမှာ အချိုးကျ၍ ကြည်ညိုဖွယ်ရာဖြစ်သည်။ ဆင်းတုတော်၏ မျက်နှာပြားပုံ၊ ပါးစပ်ကျယ်ပုံ၊ နှာရိုးနှာတံကြီးပြီး ခပ်ပြားပြားရှိပုံ၊ နှာဖျားကျယ်ပုံတို့ကို ထောက်ချင့်၍ ရခိုင်ဒေသတွင် သွန်းလုပ်နိုင်သည်။

သရဖူဆောင်း ရုပ်ပွားတော်များကို ဇမ္ဗူပတိရုပ်တော်ဟုခြုံ၍ ခေါ်ဆိုကြသော်လည်း အားလုံးမှာ ဇမ္ဗူပတိကို ချည်း ရည်ရွယ်၍ ထုလုပ်ခဲ့သည် မဟုတ်ပေ။

**ဝေသာလီခေတ် ဗုဒ္ဓကြေးဆင်းတုတော်များနှင့် အခြားဆင်းတုတော်များ**

ဤဘုရားများမှာ လက်နှစ်ဖက်စလုံးကို ရင်ခွင်ပေါ်တင် ထပ်လျက်တင်ကာ စျာန်ဝင်စားနေသည့်ပုံများပင် ဖြစ်သည်။ ဒါယနမုဒြာအမျိုးအစားပင် ဖြစ်သည်။ ဆင်းတုတော်သည် ဝေသာလီခေတ် မကိုဋ်သရဖူနှင့် လည်ဆွဲဘယက်တန်ဆာများဆင်ယင်ထားသည်။ ပလ္လင်တော်မှာ ခြယ်သမှုမရှိသော နှစ်ဆင့်ပလ္လင် ဖြစ်သည်။ မကိုဋ်တော်မှာ ပန်းခက်များဖြင့် ထောင်ထားသည်။ နားဆွဲသည် ပွင့်ဖတ်လေးခုပါသော နားဆွဲဖြစ်ပြီး ယင်းနားဆွဲမှာ ပခုံးတစ်လျှောက် သစ်ရွက်ပုံသဏ္ဍာန် အလွှာသုံးခု တစ်ဖက်တစ်ချက်ချလျက် တွေ့ရသည်။ လည်ဆွဲနှစ်ခုကိုဆွဲထားသည်။ လည်ဆွဲတစ်ခုမှာ လည်ပင်းနားကပ်လျက် လေးထောင့်နီးပါးသဏ္ဍာန် ကွေးညွှတ်နေသည်။ လည်ဆွဲတွင် ရတနာအပြည့် စီတန်းဆွဲချိတ်ထားသည်။ ခန္ဓာတော်မှာ ခါးသေးသည်။ ရင်အုပ်ကားပြီး သေးသွယ်သော မျက်ခုံးတော်များမှာ အလယ်တွင် ထိလုနီးပါးရှိသည်။ မျက်လွှာချထားပုံ၊ ပြုံးရောင်သန်းနေပုံတို့မှာ ဂုပ္တလက်ရာဆန်ပေသည်။ လှန်ထားသော လက်ဖဝါးပေါ်၌ အမြိုက်အိုး သို့မဟုတ် ဓာတ်တော်အိုးကို ပိုက်ထားသည်ကို တွေ့ရပေမည်။

တချို့ ဆင်းတုတော်တို့တွင် စုလျားတဘက်တစ်ထည်ကို ကျောဘက်မှ ပခုံးဘက် အထက်သို့ သိုင်းလျက် အစွန်းနှစ်စတို့သည် တစ်ဖက်တစ်ချက် လက်ရုံးပေါ်မှကျ၍ တံတောင်ဆစ်ကို ရစ်ခွေလျက် လက်မောင်းပေါ်မှ အပြင်ဘက်သို့ တွဲလဲကျပြီးလျှင် ပေါင်၏ အနောက်ဘက်မှ ပလ္လင်ပေါ်သို့ အဖျားခေါက်လျက်ကျနေသည်။ လက်ကောက်၊ လက်ကျပ်၊ ခြေချင်း၊ ခါးစည်း၊ ခါးပတ်တို့လည်း ပါသည်။ မကိုဋ်သရဖူမှာ နဖူးစည်းနှင့် ကျောဘက်က ဆံစဆံမြိတ်များ ချထားဟန် ပါရှိသည်။

အခြား ဝေသာလီ၊ လေးမြို့၊ မြောက်ဦးခေတ် စသော ဆင်းတုတော်များမှာ ဘယ်လက်တစ်ဖက်သည် ရင်ခွင်ပေါ်တွင်လှန်၍တင်ထားပြီး လက်ယာဘက်လက်မှာ မဟာပထဝီမြေကြီးကို တိုင်တည် သက်သေပြုဟန် မြေကြီးကို လက်ယာဘက် ခြေသလုံးနားမှ လက်ဖျားများနှင့် မောက်လျက်အနေအထား ထိလျက်ပုံ ဖြစ်သည်။ ဤအမျိုးအစား ဘူမိဖဿမုဒြာ ဖြစ်သည်။

များသောအားဖြင့် ပလ္လင်တော်မှာ ခြယ်သမှုမရှိသောပလ္လင်ပုံ ဖြစ်သည်။ ဆင်းတုတော်၏ မကိုဋ်တွင် ချောမွေ့သောမဏိတော်ရှိသည်။ မကိုဋ်တော်မှာ ပန်းခက်များဖြင့် ထောင်ထားသည်။ ပန်းခက်အောက်ခြေတွင် ဗိန္ဒုများဖြင့် စီတန်းထားသည်။ နားဆွဲသည် ပွင့်ဖတ်လေးခု ပါဝင်သော နားဆွဲဖြစ်ပြီး ယင်းနားဆွဲမှာ ပခုံးတစ်လျှောက် သစ်ရွက်လွှာပုံသဏ္ဍာန် အလွှာသုံးခု တစ်ဖက်တစ်ချက်ချလျက်တွေ့ရသည်။ လည်ဆွဲနှစ်ခုကို ဆွဲထားသည်။ လည်ဆွဲတစ်ခုသည် လည်ပင်းနားကပ်လျက်ရှိပြီး နောက်တစ်ခုမှာ ရင်ဘတ်နားသို့တိုင်အောင် ကျဆင်းလျက် လေးထောင့်သဏ္ဍာန် ကွေးညွှတ်နေသည်။ လည်ဆွဲတွင် ရတနာအပြည့် စီတန်းဆွဲချိတ်ထားသည်။ ခန္ဓာတော်မှာ ခါးသေး၍ ရင်အုပ်ကားသည်။ လက်မောင်းတော်မှာ မောင်းကွပ်ဝတ်ဆင်ထားသည်။ လက်ကောက်၊ လက်ကျပ်၊ ခြေချင်း၊ ခါးစည်း၊ ခါးပတ်တို့လည်း ပါရှိသည်။ မကိုဋ်တော်မှာ နဖူးစည်းနှင့် ကျောဘက်က ဆံစဆံမြိတ်များ ချထားဟန် ပါရှိသည်။

ဤဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်တို့၏ မဟာကျိန်ဗုဒ္ဓရုပ်ပွားတော်များသည် ရခိုင်မျက်နှာပေါက်မျိုး ဖြစ်သည်။ သေးသွယ်သော မျက်ခုံးတော်များမှာ အလယ်တွင် ထိလုနီးပါးရှိပြီး ကြီးမားသော မျက်ခွံနှင့် မျက်လွှာချထားပုံ၊ ပြုံးရောင်သန်းနေပုံတို့မှာ ရခိုင်ဗိသုကာလက်ရာဆန်နေပေသတည်း။

စောထွီးသျှင် (မြောက်ဦး)

**ကျမ်းကိုး -**

၁။ ဦးထွန်းရွှေခိုင် (မဟာဝိဇ္ဇာ) ရေး ရခိုင်ဝေသာလီခေတ် ဗုဒ္ဓအနုပညာ
၂။ စာရေးသူ၏ကွင်းဆင်းလေ့လာမှု



www.burmeseclassic.com

www.burmeseclassic.com

အင်ဂျင်နီယာ ဦးဝင်းသိန်းနဲ့အတူ ရပ်တော်မူဘုရားကြီး တည်ဆောက်ရာမှာ ပါဝင်ခဲ့တဲ့ ဦးမြင့်လှိုင်၊ ဦးအုန်းတင်တို့နဲ့တွေ့ခဲ့ပါတယ်။ သူတို့နှစ်ဦးက သူတို့ရဲ့အတွေ့အကြုံတွေကို အကျဉ်းချုံးပြီး ပြောပြခဲ့ကြပါတယ်။

"ဦးမြင့်လှိုင်ဟာ သံချည်သံကွေး နားချိန်နဲ့ အလုပ်ဆင်းချိန်မှာ အချိန်ပိုလုပ်ပြီး ပစ္စည်းတွေတင်ဖို့စီစဉ်ခဲ့ပါတယ်။ ဆရာတော်ကြီးရဲ့ သဘောတူခွင့်ပြုချက်နဲ့ နေ့လယ်အလုပ်ခေတ္တနားချိန် (၁၁) နာရီက (၁) နာရီ၊ ညနေ အလုပ်ဆင်းချိန် (၅) နာရီနဲ့ (၇) နာရီအကြားမှာ လိုအပ်တဲ့ပစ္စည်းတွေကို အချိန်ပိုဆင်းပြီး ဘုရားကြီးပေါ် တင်နိုင်ခဲ့တဲ့အတွက် လုပ်ငန်းတွေ အဆင်ပြေသွားတယ်လို့ ဆိုပါတယ်။

ဦးမြင့်လှိုင်နဲ့ ဦးအုန်းတင်တို့အပြင် ရပ်တော်မူဘုရားကြီးတည်ဆောက်ရာမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့သူတွေလည်းရှိပါတယ်။ လက်လှမ်းမီသမျှ ဖော်ပြရရင်

## မဟာဗောဓိတစ်ထောင်ဆရာတော်ဘုရားကြီး၏ခယောင်းလမ်းမှသည်

# လေးကျွန်းစကြာရပ်တော်မူဘုရားကြီး သမိုင်းမော်ကွန်း (၃)

သုဏေယျ

ပညာရှင်ဖြစ်သလို ဦးရဲအောင် (ပန္နသုဒ္ဓရီ) ရဲ့ ဝန်ထမ်းတစ်ဦးလည်း ဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလကစပြီး၊ ၂၀၀၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ သူတာဝန်ထမ်းဆောင်စဉ်ကာလမှာ ကြုံတွေ့ခဲ့ရတဲ့ ထူးခြားတဲ့ဖြစ်ရပ်အချို့ရှိတယ်။ အဲဒါကတော့ ၂၀၀၄ ခုမှာ ရာသီဥတုဆိုးရွားလွန်းတဲ့အတွက် တည်ဆောက်မှုလုပ်ငန်းတွေကို (၁၅) ရက်အထိ ခေတ္တရပ်နားခဲ့ရတယ်လို့ ဆိုပါတယ်။ (၂၂) ထပ်အရောက်မှာ လျှော်အကြီးအကျယ်လှုပ်ခဲ့ပါတယ်။ ဒါပေမယ့် ဘုရားကြီးမှာ ဘာတစ်ခုမှ အပျက်အစီး အထိအခိုက်မရှိခဲ့ပါဘူး။ အဲဒီ (၂၂) ထပ်အရောက်မှာ အလုပ်သမားတစ်ယောက်အောက်ကို လိမ့်ကျခဲ့ပါတယ်။ ဒါပေမယ့် အသက်ဆုံးရှုံးမှုမရှိခဲ့ဘူးလို့ သိရပါတယ်။

ဦးအုန်းတင်ဟာ ပန်းရန်ပညာရှင်တစ်ဦး ဖြစ်ပါတယ်။ ဦးအုန်းတင်ပြောပြခဲ့တာက ဆရာတော်ကြီးဟာ သူ့ရဲ့ သက်တော် (၇၅)နှစ် စိန်ရတုအမီ ဘုရားကြီးကို အမြန်ဆုံး ပြီးစေချင်တယ်တဲ့။ ဒါပေမယ့် ဦးအုန်းတင်တို့အားလုံး ကြုံတွေ့နေရတဲ့အခက်အခဲက လုပ်ငန်းသုံးပစ္စည်းတွေကို ဘုရားကြီးပေါ် တင်ရတဲ့ အလုပ်ပါပဲ။

ဘာကြောင့်လဲ ဆိုတော့ ဓာတ်လှေကားက တစ်ခုပဲရှိနေတယ်။ ဒီတော့ ပစ္စည်းတွေကို အပေါ်ရောက်အောင် တင်ရတာ အင်မတန် အချိန်ကြန့်ကြာနေခဲ့တယ်။ အဲဒီအခြေအနေကို ဆရာတော်ကြီးကို လျှောက်ထားပြီး အလုပ်



ဆရာတော်ကြီးနှင့် ရပ်တော်မူပုံစံငယ်



www.burmeseclassic.com

www.burmeseclassic.com

ဆရာ ဦးကျော်ဝင်း၊ ဦးညွန့်လှိုင်၊ ဦးကျော်ညွှန့်၊ ဦးဝင်းကို၊ ဦးမြင့်စန်း၊ ဦးခင်မောင်စိုး ဦးမြတ်မင်းအေး၊ ဦးမြင့်လေး၊ ဆရာမြိုင်(ဆည်ကြီးတော)၊ ဦးအောင်စိုးတို့ ပါကြပါတယ်။

**အင်ဂျင်နီယာအပြောင်းအလဲ**

၂၀၀၅ ခုနှစ်မှာ ရုပ်တော်မူဘုရားကြီး တည်ဆောက်မှုအင်ဂျင်နီယာ အပြောင်းအလဲဖြစ်ခဲ့ပါတယ်။ အဲဒီ အပြောင်းအလဲကတော့ ဆရာတော်ကြီးရဲ့ ဒကာရင်းတစ်ဦးဖြစ်တဲ့ ဦးကျော်ခင် (ဗိသုကာ) ကို အကြောင်းပြုတယ်လို့ ဆိုရပါတယ်။ ဦးကျော်ခင်ရဲ့ ပင့်ဖိတ်မှုကြောင့် ဆရာတော်ကြီးဟာ ၂၀၀၄ ခုနှစ်မှာ ဦးကျော်ခင်၊ ကိုစိုးသိမ်းထိုက်တို့နဲ့ အတူ တရုတ်ပြည်နန်ကျင်ကိုကြွရောက်သွားခဲ့ပြီး အဲဒီမှာ တည်ဆောက်ခဲ့တဲ့ NANJING HONGHAN ART ENGINEERING COMPANY နဲ့ တွေ့ဆုံဆွေး နွေးခဲ့ပါတယ်။ အဲဒီလို တွေ့ဆုံဆွေးနွေး ပြီးတဲ့ အခါမှာ ဆရာတော်ကြီးဟာ ရုပ်တော်မူဘုရားကြီးကို စိန်ရတုအမီ အမြန်ဆုံးပြီးအောင် တရုတ်ကုမ္ပဏီနဲ့ တည်ဆောက်ရင် ကောင်းမလား့လို့ စိတ်ကူးမိပါတယ်။ ဒါပေမယ့် ရုပ်တော်မူဘုရားကြီးကို (၁၀) ထပ်ကစပြီး STEEL STRUCTURE နဲ့ (၁၅) ထပ်အထိ တည်ဆောက်ပေးခဲ့တဲ့ မြန်မာအင်ဂျင်နီယာ ဦးဝင်းသိန်းနဲ့ သူ့ဇနီး ဒေါ်အိအိစမ်းတို့ နှစ်ဦးအပေါ်မှာ သံယောဇဉ်ဖြစ်နေခဲ့ပါတယ်။ ဒါကြောင့် ဆရာတော်ကြီးဟာ တရုတ်အင်ဂျင်နီယာနဲ့ တွဲဖက်ပြီး ရုပ်တော်မူဘုရားကြီးကို တည်ဆောက်ဖို့ ဦးဝင်းသိန်းကို မိန့်ကြားခဲ့ပါတယ်။ ဒါပေမယ့် ဦးဝင်းသိန်းဟာ တရုတ်အင်ဂျင်နီယာနဲ့ တွဲဖက်ပြီး မလုပ်ဖြစ်ခဲ့ပါဘူး။


**စောင့်ရှောက်နေဆဲပါ**

ဦးဝင်းသိန်းနဲ့ ဒေါ်အိအိစမ်းတို့ နှစ်ဦးကလည်း ဆရာတော်ကြီးလိုပဲ ဆရာတော်ကြီးကို သံယောဇဉ်ကြီးပြီး တကယ့်ကို ချစ်ခင် လေးစား ကြည်ညို ကြပါတယ်။ ဦးဝင်းသိန်းက ရယ်ရယ်မောမောနဲ့ ကျွန်တော့်ကို ခုလို ပြောပြနေပါတယ်။

"ဦးရယ်၊ ကြုံကြုံဖန်ဖန် ကျွန်တော့်ကံလို့ဆိုရမှာပဲ။ အဲဒီမှာနေတုန်း ကျွန်တော် ချဲဆုကြီး (၈) ခါတိတိပေါက်ခဲ့ဖူးတယ်။ ရန်ကုန်မှာ ကျွန်တော်ချဲမထိုးပါဘူး။ အဲဒီကျမှ ထိုးလည်းထိုး၊ ပေါက်









တရုတ်ပြည်လေ့လာရေးခရီး



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီလူကြီးများနှင့် ဆရာတော်ကြီး



လည်းပေါက်ခဲ့တာပါ။ ပေါက်တိုင်းလည်း ဆရာတော်ကြီးကို ကျွန်တော်လှူနိုင်ခဲ့ပါတယ်" တဲ့။

အဲဒီတော့ ဒေါ်အိအိစမ်းက ဦးဝင်းသိန်းကို အားကျမခံ ကျွန်တော့်ကို အခုလိုပြောပြန်ပါတယ်။

"ဦးရယ်၊ ကျွန်မက ဆရာတော်ကြီးနဲ့ ပိုပြီးပဋ္ဌာန်းဆက်ပါခဲ့တာပါ။ အောင်စကြာစေတီတော်ကြီးတည်တုန်းကရော ကျောင်းတော်မှူးကြီး တည်တုန်းကပါ ကျွန်မ ဗောဓိတစ်ထောင်ကို ရောက်ခဲ့တယ်။ အဲဒီတုန်းက ဘုရားတည်ရာမှာ လုပ်အားတွေတောင် ပေးရသေးတယ်" တဲ့။

"အခုရပ်တော်မူဘုရားကြီးတည်တော့လည်း ကျွန်မဗောဓိတစ်ထောင်ကို ဦးဝင်းသိန်းနဲ့ အတူလိုက်လာခဲ့ရတယ်။ ရပ်တော်မူကြီးတည်ဆောက်နေတဲ့ကာလအတွင်းမှာ ဆရာတော်ကြီးကို ကျွန်မ အနီးကပ်အလုပ်အကျွေးပြုခွင့်ရခဲ့တယ်။ ဆရာတော်ဘုရားကြီးကြိုက်နှစ်သက်တဲ့ ဟင်းလျာတွေကို ချက်ပြုတ်ပြီး အရုဏ်ရော နေ့ဆွမ်းပါ ကပ်ဖြစ်တယ်။ ဦးပဉ္စင်းဖြိုး (နာယကဆရာတော်ဦးဩဘာသ) မိန့်လို့ ဆရာတော်ကြီးကို (၂) ကြိမ်တိုင်တိုင် သိက္ခာထပ်ခဲ့ပါတယ်။

ကျွန်မဘဝမှာ ဆရာတော်ကြီးကို ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ပါးကို အခုလိုဖူးတွေ့ကိုးကွယ်ခွင့်ရတာဟာ အင်မတန်ကံကောင်းပါတယ်" တဲ့။

ဦးဝင်းသိန်းကလည်း ဆရာတော်ကြီး သူ့အပေါ်ထားတဲ့ မေတ္တာ၊ စေတနာကြီးမားပုံတွေကို အခုလိုဆက်ပြီး ရှင်းပြပါတယ်။

"ဦးရယ်၊ တရုတ်အင်ဂျင်နီယာရောက်လာတော့မယ်ဆိုတော့ ကျွန်တော်က ရပ်တော်မူဘုရားကြီးနဲ့ ပတ်သက်တဲ့ အသေးစိတ် စာရင်းဇယားတွေ၊ ပစ္စည်းတွေအားလုံး တစ်ခုမှမကျန်ရအောင် ဆရာတော်ကြီးကို အပြည့်အစုံအပ်ပါတယ်။ အဲဒီအခါမှာ ဆရာတော်ကြီး မိန့်ဆိုလိုက်တဲ့စကားက -

မင်းဆက်ပြီးလုပ်ပါတဲ့။ မင်းအခုလုပ်တဲ့ ကုမ္ပဏီဝန်ထမ်းကလည်းထွက်လိုက်ပါတဲ့။ ကုမ္ပဏီက အခု မင်းကိုပေးထားတဲ့လခရဲ့ နှစ်ဆကိုလည်း ငါပေးမယ်တဲ့။ အဲဒီတုန်းက ကျွန်တော့်ဝန်ထမ်းလခက ရှစ်သောင်းပဲ ရှိပါတယ်။ ဘာဆက်ပြီးမိန့်ပြန်သလဲဆိုတော့ -

မင်းဒကာမကိုလည်း ဒီမှာနေဖို့ရော အရောင်းအဝယ်လုပ်ဖို့ပါ ဆိုင်ခန်းလည်းပေးမယ်။ ရန်ကုန်မပြန်ဘဲ ဗောဓိတစ်ထောင်မှာပဲနေပါတော့"

လို့ မိန့်ကြပါရောဦးရယ်။ ကျွန်တော့်မှာ တော်တော့်ကို အခက်တွေ့ရပါတယ်။ ဒါပေမယ့် ကျွန်တော်လည်း မတတ်သာတဲ့အဆုံးမှာ -

"ဆရာတော်ဘုရား၊ ဆရာတော်ဘုရား တပည့်တော်တို့အပေါ်မှာထားတဲ့ မေတ္တာ၊ စေတနာ၊ ကျေးဇူးတရားတွေကကြီးမားလှပါတယ်။ တပည့်တော်ကို ခွင့်လွှတ်ပါဘုရား။ လူမျိုးခြားတစ်ဦးနဲ့ တပည့်တော် တွဲပြီးလုပ်ဖို့ဆန္ဒမရှိလို့ပါဘုရား။ ရန်ကုန်ကိုပဲ ပြန်ပါရစေတော့ဘုရားလို့ ဖြတ်ငြင်းပြီး ကျွန်တော်တို့ ရန်ကုန်ကို ပြန်ခဲ့ပါတယ်။ ပြန်ခါနီးသွားပြီးကန်တော့တဲ့အခါမှာလည်း ကျွန်တော့်လက်ထဲကို သော့တွဲထည့်ပြီး ဂိုဒေါင်ထဲက မင်းကြိုက်တဲ့ ပစ္စည်းတွေ ယူချင်တာယူသွားလို့မိန့်ခဲ့ပါတယ်။ ကျွန်တော်တို့လည်း ဆရာတော်ကြီး စိတ်ကျေနပ်အောင် နည်းနည်းပါးပါးပဲယူခဲ့ပါတယ်။

ကျွန်တော်တို့ (၂) ဦးအပေါ်မှာ ဆရာတော်ကြီးထားတဲ့ မေတ္တာ၊ စေတနာတွေကို ကျွန်တော့်ကို (၂) ဦး ခုထိ မမေ့နိုင်ကြပါဘူး။ ကျွန်တော့်ကားမှန်ကိုသာကြည့်ပါတော့ ဦးရယ်။ လက်ဝဲဘက်မှာ ဆရာတော်ကြီးရဲ့ပုံ၊ လက်ယာဘက်မှာက ဘုရားပုံတော်လေ။

ကျွန်တော်ဟာ အခုဆိုရင် သူများကုမ္ပဏီဝန်ထမ်း မဟုတ်တော့ပါဘူး။ ကိုယ်ပိုင်ကုမ္ပဏီ၊ ကိုယ်ပိုင်လုပ်ငန်းတွေကို မြို့အနှံ့နယ်အနှံ့ လုပ်ကိုင်နေရပါတယ်။ အိုးပိုင်အိမ်ပိုင်နဲ့ တင့်တင့်တယ်တယ်နေနိုင်ခဲ့ပါပြီ။ ဆရာတော်ကြီးဟာ ကျွန်တော်တို့ကို ယနေ့ထိအောင် စောင့်ရှောက်နေဆဲပါ"

ဦးဝင်းသိန်းနဲ့ ဒေါ်အိအိစမ်းတို့ (၂) ဦးဟာ အခုလိုပြောပြပြီး ဆရာတော်ကြီးရဲ့ ပုံတော်ကို လက်အုပ်ချီပြီး ရိုသေဂါရဝပြုလိုက်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းဦး၊ စာရေးသူ၊ စွန်ကုန်း၊ ဦးလှမောင်



ရပ်တော်မူဘုရားကြီး တည်ဆောက်ဆဲပုံ



ဦးကျော်ခင်၊ တန်ကျင်ပင်၊ တန်ကျင်ဝီ၊ စွန်ကုန်း



စွန်ကုန်း

**တရုတ်ပြည်လေ့လာရေးခရီး**

ဆရာတော်ကြီးရဲ့ ဒကာအရင်း တစ်ဦးဖြစ်တဲ့ ဦးကျော်ခင်ဟာ စင်ကာပူနိုင်ငံ ရွှေကျောင်းဆရာတော်နဲ့ တပည့် ဒကာ၊ ဒကာမတွေကို ဆရာတော်ကြီးနဲ့ ဆက်သွယ်ပေးခဲ့ပါတယ်။ ရွှေကျောင်း ဆရာတော်နဲ့ သူ့ရဲ့ဒကာ၊ ဒကာမတွေက ရပ်တော်မူဘုရားကြီးအတွက် ဆရာတော်ကြီးကို အလှူငွေတွေ ပေးလှူခဲ့ကြပါတယ်။

၂၀၀၃ ခုနှစ်မှာ ဦးကျော်ခင်က ဆရာတော်ကြီးကို အခုလိုလျှောက်ထားခဲ့ပါတယ်။

"ဆရာတော်ဘုရား၊ တရုတ်ပြည် နန်ကျင်မှာ ဥဏ်တော် (၂၇၅) ပေရှိတဲ့ ကြေးဆင်းတော်ကြီးတစ်ဆူကို (၃) နှစ်နဲ့ ပြီးအောင် တည်ဆောက်တာ သိရပါတယ် ဘုရား။ ဆရာတော် တရုတ်ပြည်ကိုကြွပြီး လေ့လာသင့်ပါတယ်ဘုရားလို့ ပင့်လျှောက်ပါတယ်"

အဲဒီတော့ ဆရာတော်ကြီးက -

"ငါ့ဘာသာပြီးအောင်လုပ်မယ်။ ဖြည်းဖြည်းပဲလုပ်သွားမယ်။ တရုတ်ပြည်ကို ငါမကြွနိုင်ဘူး"

လို့ ပြင်းခဲ့ပါတယ်။

၂၀၀၄ ခုရောက်တော့ ဦးကျော်ခင်ဟာ ဆရာတော်ကြီးကို တရုတ်ပြည်ကြွဖို့ ဒုတိယအကြိမ် ထပ်မံ လျှောက်ထားပါတယ်။ နန်ကျင်မှာ ကြေးဆင်းတုတော်ကြီး တည်ဆောက်တဲ့ ဓာတ်ပုံတွေကိုလည်း ဆရာတော်ကြီးကို ပြခဲ့ပါတယ်။ အဲဒီအခါကျတော့ ဆရာတော်ကြီးက -

www.burmeseclassic.com

www.burmeseclassic.com

"အေး-ဒီလိုဆိုရင်လည်း မင်းပြောသလို သွားကြည့်ကြတာပေါ့"

လို့ မိန့်တယ်။

ဒါနဲ့ ဦးကျော်ခင်ဟာ စင်ကာပူက သူ့မိတ်ဆွေဖြစ်သူ လျှပ်စစ်အင်ဂျင်နီယာ တန်ကင်ဝါးကို အကြောင်းအကျိုးပြောပြီး သူတို့(၂)ဦး တရုတ်ပြည် နန်ကျင်ကို ပထမဦးဆုံး ရွေ့ပြောင်းသွားခဲ့ကြတယ်။ အဲဒီကြေးဆင်းတုဘုရားကြီးထဲကို ဝင်ရောက်ဖို့အတွက် သော့ကိုင်ဆရာတော်ကြီးကိုတွေ့ပြီး ခွင့်ပြုချက်တောင်းခဲ့တယ်။ အဲဒီဆရာတော်ကြီးက သူတို့လာရောက်ကြည့်ရှုဖို့ ခွင့်ပြုခဲ့ပါတယ်။ ဒါနဲ့ ဆရာတော်ကြီးဟာ ၂၀၀၄ ခုနှစ်မှာ ဦးကျော်ခင်၊ ကိုစိုးသိမ်းထိုက်တို့ လိုက်ပါပြီး တရုတ်ပြည် နန်ကျင်ကို ကြွခဲ့ပါတယ်။ တရုတ်ပြည် နန်ကျင်မှာရှိတဲ့ ကြေးဆင်းတုတော်ကြီးကို သွားရောက်ဖူးမြော် လေ့လာ ကြည့်ရှုခဲ့ပါတယ်။

အဲဒီနောက် ဆရာတော်ကြီးက အဲဒီကြေးဆင်းတုတော်ကြီးတည်ဆောက်တဲ့ကုမ္ပဏီနဲ့ တွေ့ဆုံစကားပြောမယ်လို့ ဦးကျော်ခင်ကို မိန့်ပါတယ်။ အဲဒီအခါမှာ ကုမ္ပဏီက မြန်မာပြည်ကို လူလွှတ်ပြီး ရုပ်တော်မှုဘုရားကြီးကို ပဏာမ လေ့လာခဲ့ပါတယ်။ ရုပ်တော်မှုပုံစံငယ်တစ်ခုကိုလုပ်ပြီး ဆရာတော်ကြီးကို ပြသခဲ့ပါတယ်။

ဆရာတော်ကြီးဟာ အဲဒီကုမ္ပဏီက ပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံပြီးတဲ့နောက် မြန်မာပြည်ကို လာရောက် လည်ပတ်ဖို့ အဲဒီကုမ္ပဏီက ပုဂ္ဂိုလ်တွေကို ဖိတ်ကြားခဲ့ပါတယ်။ အဲဒီအခါမှာ ကုမ္ပဏီသူဌေး တန်ကျင်ပင် ဦးဆောင်တဲ့ (၆) ဦးအဖွဲ့ထဲမှာ ရုပ်တော်မှုဘုရားကြီးကို ဆက်လက်တည်ဆောက်မယ့် တရုတ်အင်ဂျင်နီယာ စွန်ကုန်းလည်း ပါလာခဲ့ပါတယ်။

ရုပ်တော်မှုဘုရားကြီး ဆက်လက်တည်ဆောက်ဖို့ ပုံဆွဲခ (DRAWING) ဒေါ်လာ(၅)သောင်း၊ တည်ဆောက်တဲ့ လက်ခက ဒေါ်လာ (၅) သိန်း ကုန်ကျမယ်လို့ အဲဒီကုမ္ပဏီက လေ့လာ တင်ပြပါတယ်။ အဲဒီအခါမှာ ဆရာတော်ကြီးက အဲဒီလောက် ငွေကြေးပမာဏကို ရနိုင်ဖို့ မလွယ်ဘူးလို့ မိန့်ပါတယ်။ ဒါနဲ့ တန်ကျင်ပင်တို့အဖွဲ့ နန်ကျင်ကို ပြန်သွားခဲ့ပါတယ်။

အဲဒီအခါမှာ ဦးကျော်ခင်နဲ့ တန်ကျင်ဝါးတို့က ဆရာတော်ကြီးရဲ့ အခြေအနေတွေကို တန်ကျင်ပင်ကို ရှင်းပြပြီး၊ မြန်မာပြည်ကို နောက်တစ်ခေါက် လာရောက် လေ့လာဖို့ ဖိတ်ပါတယ်။ ဗောဓိတစ်ထောင်သာသနာနယ်မြေမှာ ဆရာတော်ကြီး တည်ဆောက်ထားတဲ့ သာသနိကအဆောက်အအုံတွေ၊ သာသနာပြုလုပ်ငန်းတွေကို နားလည်သဘောပေါက်သွားပြီး၊ အင်ဂျင်နီယာစွန်ကုန်း တစ်ဦးတည်းကိုပဲ လွှတ်ပြီး (၁) လ ဒေါ်လာ (၅)ထောင်နဲ့လုပ်ဖို့ သဘောတူခဲ့တယ်။

စွန်ကုန်းဟာ ၂၀၀၅ ခုနှစ်မှာ ဗောဓိတစ်ထောင်ကိုရောက်လာပါတယ်။ ရုပ်တော်မှုကြီးရဲ့ (၁၆) ထပ်ကစပြီး (၂၇) ထပ်အထိ ဆောက်လုပ်ခဲ့ပါတယ်။ သူ ဗောဓိတစ်ထောင်ကိုရောက်ပြီး လအတန်ကြာတဲ့အခါမှာ စွန်ကုန်းဟာ ဆရာတော်ကြီးရဲ့ အကြောင်းတွေကို တဖြည်းဖြည်းသိလာခဲ့တယ်။

ဒါနဲ့ စွန်ကုန်းဟာ ဆရာတော်ကြီးရဲ့အကြောင်း သူသိရှိကတာတွေကို သူ့ ကုမ္ပဏီသူဌေး တန်ကျင်ပင်ဆီ အခုလို သတင်းပို့ခဲ့ပါတယ်။

ဆရာတော်ကြီးဟာ တကယ့်ကို မေတ္တာ၊ စေတနာကြီးမားတဲ့ သူတော်စင်တစ်ဦးဖြစ်ပါတယ်တဲ့။ သူကျွေးမွေးထားတဲ့ ရွာသူရွာသားတွေဟာ (၅၀၀) ကျော်ရှိတယ်တဲ့။ သူတို့ဟာ ဘုရားကြီး တည်ဆောက်တဲ့ လုပ်ငန်းခွင်မှာ ကျောက်ခွဲ၊ မဆလာမွှေ၊ အုတ်သယ်၊ ပန်းရန်၊ လက်သမား အလုပ်လုပ်အမျိုးမျိုးတွေ လုပ်ကြရတယ်တဲ့။ ဒီအပြင် ကျောင်းတိုက်ထဲမှာ သီတင်းသုံးနေကြတဲ့ ရဟန်းတော်(၁၀၀) ကျော်ကိုလည်း ဆရာတော်ကြီးကစောင့်ရှောက်ထားတယ်တဲ့။ တောကြီးတောင်ကြီးထဲမှာ ဘုရားစေတီတွေကို ခက်ခက်ခဲခဲ ကြိုးစားအားထုတ်ပြီး တည်နေတယ်တဲ့။ ငါ့ကိုလည်း လိုလေသေးမရှိ စောင့်ရှောက်ထားတယ်။ နေစရာ တိုက်တစ်လုံးနဲ့ လေအေးစက်တပ်ထားပေးတယ်။ သွားချင်တဲ့နေရာသွားဖို့ ကားတစ်စီးလည်းပေးထားတယ်။ စားစရာတွေဆိုတာလည်း 'အလျှံပယ်ပါပဲတဲ့။ ဆရာတော်ကြီးကို ချစ်လည်းချစ်တယ်၊ သနားလည်းသနား နေမိတယ်တဲ့။

အဲဒီလို စွန်ကုန်းက သူ့ကုမ္ပဏီသူဌေး တန်ကျင်ပင်ကို သတင်းပို့လိုက်တဲ့အခါကျတော့ တန်ကျင်ပင်ကလည်း-

'အေး - ဒီလိုဆိုရင် ဆရာတော်ကြီးက မင်းကို ချီးမြှင့်သလောက်သာယူလာခဲ့။ ငါလည်း ပစ္စည်းဖိုး (သံပေါင်များ) ပဲ ယူတော့မယ်'

လို့ တန်ကျင်ပင်က စွန်ကုန်းကို အကြောင်းပြန်ခဲ့ပြီး ဟိုက်ဒရောလစ်သံပြားဖောက်စက်ကြီးတစ်ခုကို ဆရာတော်ကြီးကို လှူခဲ့ပါတယ်။

စွန်ကုန်းဟာ မြန်မာသံချည်သံကွေး ပညာရှင်၊ ပန်းရန်၊ လက်သမားတွေနဲ့ တွဲဖက်ပြီး ရုပ်တော်မှုဘုရားကြီးကို (၁၆) ထပ်က (၂၇) ထပ်အထိ တည်ဆောက်ခဲ့ပါတယ်။ ဦးကျော်ခင်က သူ့ကုမ္ပဏီက မန်နေဂျာကို စွန်ကုန်းရဲ့ စကားပြန်အဖြစ် ထားပေးခဲ့ပါတယ်။ စွန်ကုန်းဟာ (၂၇) ထပ်အထိ တည်ဆောက်ပြီးတဲ့အခါမှာ သံဖရိန်တွေကိုခွေပြီး ရုပ်တော်မှုဘုရားကြီးရဲ့ ဦးခေါင်းတော်ကြီးကို လုပ်ဖို့ ကြိုးစားခဲ့ပါတယ်။ တကယ်တော့ ကုမ္ပဏီရဲ့စာချုပ်စာတမ်းသဘောတူညီချက်ထဲမှာ ဦးခေါင်းတော်ကြီးကိုလုပ်ဖို့ မပါရှိခဲ့ပါဘူး။ စွန်ကုန်းဟာ မြန်မာစကား နားမလည်ပေမယ့် ဆရာတော်ကြီးရဲ့ မေတ္တာ၊ စေတနာနဲ့ သာသနာပြုလုပ်ငန်းတွေအပေါ်မှာ ကြည်ညိုသဒ္ဓါတွေပွားပြီး သူ့စိတ်ကူး၊ သူ့စေတနာ၊ သူ့ပညာနဲ့ ပါရမီဖြည့်ဖို့ ကြိုးစားအားထုတ်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ဒါပေမယ့် အခြေအနေအမျိုးမျိုးနဲ့ အယူအဆကွဲပြားမှုတွေကို အကြောင်းပြုပြီး ဦးခေါင်းတော်ကြီးကို ပြီးဆုံးအောင် သူလုပ်ခွင့်မရဘဲ တရုတ်ပြည်ကိုပြန်သွားခဲ့ပါတယ်။ သူမပြန်ခင် ဆရာတော်ကြီးကို ဂါရဝပြုပြီး လျှောက်ခဲ့တဲ့စကားကတော့ -

"ဆရာတော်ဘုရား၊ တပည့်တော်ရဲ့ လုပ်အားခကို အရှင်ဘုရား ချီးမြှင့်ချင်သလောက် ချီးမြှင့်ပါဘုရား" တဲ့။

အဲဒီအခါမှာ ဆရာတော်ကြီးက စွန်ကုန်းကို ဒေါ်လာ (၂) သောင်း ချီးမြှင့်ခဲ့ပြီး -

'ငါချီးမြှင့်တာ နည်းများနည်းသလား' လို့ မိန့်ပါတယ်။

စွန်ကုန်းဟာ ဆရာတော်ကြီး ချီးမြှင့်တဲ့ ဒေါ်လာ (၂) သောင်းထဲက ဒေါ်လာ (၁) သောင်းကိုသာ ယူပြီး ဒေါ်လာ (၁) သောင်းကို ဆရာတော်ကြီးကို ပြန်ကပ်ခဲ့ပါတယ်။

ဦးကျော်ခင်ရဲ့ ပြောပြချက်အရ စွန်ကုန်းဟာ ဆောက်လုပ်ရေးလုပ်ငန်းမှာ (၃၆) နှစ်လုပ်ခဲ့တဲ့ အင်ဂျင်နီယာဘွဲ့ လက်မှတ် (၃) ခုရရှိခဲ့တဲ့ တပ်မတော်ပင်စင်စား၊ ဒုဗိုလ်မှူးကြီးအဆင့်ရှိတဲ့ အင်ဂျင်နီယာတစ်ဦး ဖြစ်ကြောင်း သိရှိရပါတယ်။

(ဆက်ရန်)

သုဓော(မျ)



www.burmeseclassic.com

www.burmeseclassic.com

## ရွှေစင်သား
# သက်ဘေးကင်းကွာ သိဒ္ဓိမင်္ဂလာဂါထာ



ကျွန်တော်သည် ၁၉၇၃ ခုနှစ်တွင် ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း(ဖောင်ကြီး) ရဲအရာရှိငယ်သင်တန်း သူရ-၉ တက်ရောက်ခဲ့ပြီး မွန်ပြည်နယ်တွင် တာဝန်ထမ်းဆောင်ခွင့် ရခဲ့၏။ မွန်ပြည်နယ်အတွင်း မြို့နယ်များတွင် ဆယ်စုနှစ်တစ်ခုကျော်ခဲ့ပြီးနောက် ၁၉၈၉ ခုနှစ်လယ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ထပ်မံပြောင်းရ၏။ ပဲခူးတိုင်းဒေသကြီးသို့မပြောင်းမီ မော်လမြိုင်တောင်ရိုးတန်းကျိုက်သန့်လန်ခြေတော်ရင်းရှိ တောင်လေးလုံးကျောင်းတိုက် ဆရာတော်ကြီးအား ဖူးမြော်ရန် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ် နော်ဖရီ (ယခု-ဒုရဲမှူး) တို့ ဇနီးမောင်နှံမှ လိုက်ပို့သဖြင့် ဖူးခွင့်၊ ကန်တော့ခွင့်ရခဲ့၏။

ဆရာတော်ကြီးသည် ထိုစဉ်က သက်တော် (၇၀) ကျော်ခန့် ရှိနေပြီး ရင့်ကျက် တည်ကြည်စွာ ဖူးမြော်ခံ၏။ နော်ဖရီမှ ကျွန်တော်တို့မိသားစု ပဲခူးတိုင်းဒေသကြီးသို့ ပြောင်းရမည် ဖြစ်သဖြင့် လာရောက် ကန်တော့ခြင်း ဖြစ်ကြောင်း တင်လျှောက်ရာ ဆရာတော်ကြီးမှ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို နေ့စဉ် နံနက်၊ ညတိုင်း ကန်တော့ရန် ဆုံးမတော်မူပြီး ဆရာတော်ကြီး၏ရုပ်ပုံပါသော အိတ်ဆောင်စာအုပ်နှင့် သိဒ္ဓိမင်္ဂလာဂါထာတော်အား ပေးသနားလိုက်၏။ ဆရာတော်ကြီးမှ ဂါထာတော်အား နေ့စဉ် နံနက်တိုင်း ယုံယုံကြည်ကြည် ရွတ်ဖတ်ပူဇော်ရန်၊ ဘေးအန္တရာယ်အကျပ်အတည်းရောက်နေလျှင် ဆရာတော်ကြီးအား ရည်မှန်းကန်တော့ပြီး သိဒ္ဓိမင်္ဂလာဂါထာတော်အား မပြတ်ရွတ်ဖတ်ပူဇော်ရန် မိန့်မှာတော်မူ၏။ ကျွန်တော်တို့အားလုံး ဆရာတော်အား ဦးချလျက် ပြန်လာခဲ့၏။

ဆရာတော်ကြီး၏ ဘွဲ့တော်မှာ ပထမကျော် အဂ္ဂမဟာကျော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနာကသေနာဘိဝံသမထေရ်မြတ်ကြီး ဖြစ်ပါသည်။

✤

၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ နှောင်းပိုင်းတွင် အေးချမ်းသာယာလှပ၍ ပျော်ရွှင်ကြည်နူးဖွယ်ရာကောင်းလှသော မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် အစစအရာရာ အားကိုးယုံကြည် သံယောဇဉ်ကြီးရသော ကိုထွန်းလှအောင်၊ နော်ဖရီမိသားစု၊ မောင်မြသိန်း၊ မအေးသန်း၊ အပျိုကြီး မသိန်းတို့ မိသားစုများအား ဝမ်းနည်း၊ ဝမ်းသာ ကျဆင်းလာသော မျက်ရည်များဖြင့် နှုတ်ဆက်ခဲ့ခွာလျက် ပဲခူးတိုင်းဒေသကြီးသို့ ပြောင်းရွှေ့ ကျင်လည်ရပြန်၏။

၂၀၀၀ ပြည့်နှစ် နှစ်ဦးပိုင်းတွင် မင်းလှမြို့နယ် ထန်းပင်ကုန်းရဲစခန်းတွင် စခန်းမှူးတာဝန်ဖြင့် ကျင်လည်ရပြန်၏။ ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ မိုးနှောင်းကာလတွင် မင်းလှမြို့ လှသီရိရုပ်ရှင်ရုံတွင် မြို့နယ်ရဲတပ်ဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးရန်ပုံငွေရှာရန်အတွက် ရုပ်ရှင်သရုပ်ဆောင် မင်းသား စိုးသူ၊ မင်းသမီးချော တင့်တင့်ထွန်းတို့၏ ဂီတဖျော်ဖြေပွဲရှိ၍ ကျွန်တော်တို့ ရဲအရာရှိအားလုံး အစည်းအဝေးတက်ရင်း မြို့နယ်ရဲတပ်ဖွဲ့မှူးများ တာဝန်အသီးသီးခွဲဝေရာ ကျွန်တော်မှ မိမိပိုင်နယ်မြေအတွင်း ကျေးရွာများသို့ ပွဲလက်မှတ်များ ရောင်းချပေးရန်နှင့် သိန်းရွှေကုမ္ပဏီမှ လက်တင်ကုလားထိုင်များ ငှားရမ်းနေရာချပေးရန်၊ ပြန်ပို့ပေးရန်တို့ တာဝန်ယူရ၏။

ဂီတဖျော်ဖြေပွဲမစတင်မီ ၁၄-၈-၂၀၀၀ ပြည့်နှစ်နေ့ နံနက် (၈) နာရီခန့်



www.burmeseclassic.com

www.burmeseclassic.com

မန်နေဂျာ ဦးမြင့်အောင်ထံ သွားရောက်ငှားရာ အဆင်ပြေ၏။ တပည့်ကျော် သိန်းသန်းဦး (အကူစာရေး) နှင့်အတူ ထိုင်ခုံများ ရေတွက်လက်ခံပြီး မိုးညှိမှ လာသော မော်ကြီး၏ဒိုင်နာ့ကားပေါ်သို့ ထိုင်ခုံများတင်ပေးလျက် ရဲတပ်ကြပ်ကြီး ကျော်မျိုးခိုင်တို့အဖွဲ့အား နေရာချပေးရန် စေလွှတ်လိုက်၏။ ကျွန်တော်နှင့် သိန်းသန်းဦးမှာ ယူနီဖောင်းဝတ်စုံအပြည့် ချပ်ဝတ်တန်ဆာစုံလင်စွာဝတ်ဆင်လျက် လက်စွဲတော် စီရီဆိုင်ကယ်ဖြင့် ဒိုင်နာ ကားနောက်မှ လိုက်ပါသွား၏။

ထန်းပင်ကုန်းနှင့်နှစ်မိုင်ခန့်အကွာ အင်းအုတ်ကုန်းနှင့် ပျဉ်းမကုန်းနှစ်ရွာ ကြားအရောက် မင်းလှမှ ရွှေခဲကျေးရွာသို့ ခရီးသည်နှင့်ကုန်များအပြည့်တင်လာသော မိတ်ဆွေကိုဝင်းမောင်ကားအား မြင်တွေ့ရသဖြင့် ဆိုင်ကယ်အား စက်မသတ်ဘဲ လမ်း၏ ညာဘက်ဘေးတွင် ဆိုင်ကယ်ပေါ်မှခွလျက် အနေအထားဖြင့် ကားအား လက်ပြတား၏။ ကျွန်တော်နှင့် ခရီးသည်တင်ကားမှာ ကိုက် (၁၀၀)ခန့်ကွာ၏။ ကျွန်တော်မှ လက်ပြတားလိုက်၊ ကားပေါ်မှပြန်အော်လိုက်နှင့် ခရီးသည်တင်ကားကြီးမှာ ကျွန်တော်ထံ ဦးတည်လာနေ၏။

ကျွန်တော့်ရှေ့ ငါးကိုက်ခန့်နီးလာသည့်တိုင် ရှောင်တိမ်းရန် သတိမရဘဲ ကြောင်နေမိ၏။ နောက်မှပါလာသော တပည့်ဖြစ်သူမှ -

"ဗိုလ်ကြီး ဘေးချ၊ ဘေး ချ"

ဟု သတိပေးသဖြင့် ဆိုင်ကယ်အား ညာဘက်သို့ ကွေ့ချလိုက်ရာ အနည်းငယ် နောက်ကျသွားသဖြင့် နောက်မှာပါလာသော သိန်းသန်းဦးမှာ ကားလမ်းမ ညာဘက်သို့ လွင့်စဉ်ကျသွား၏။ ကျွန်တော်မှာ ကားဦးခေါင်းပိုင်းနှင့် လွတ်သွားသော်လည်း ကား၏ကိုယ်ထည်နှင့် ဆိုင်ကယ်ထိခိုက်ပြီး ဆိုင်ကယ်အား ခွလျက်အနေအထားဖြင့် ကား၏ ဝမ်းဗိုက်အောက်ထဲ ကျသွား၏။ ကျွန်တော်၏ဝဲဘက်ခြေမျက်စိတွင် ပူခနဲခံစားရပြီး တောစီးဖိနပ်နှင့် ယူနီဖောင်းနှုတ်ခမ်းဝမှာ စုတ်ပြတ်လျက် သွေးများစီးကျလာ၏။ ကျွန်တော်မှာ သတိရလျက် ကား အောက်မှရုန်းထွက်ရာ မရသည့်အပြင် ကားနောက်ဘီးများမှာ တဖြည်းဖြည်း ကျွန်တော်ထံ လိမ့်လာနေဆဲ ဖြစ်၏။ မကြာမီ ကျွန်တော် ကားကြိတ်ခံရတော့မည်ဟု သိရှိခံစားနေရ၏။

ထိုအခါ လွန်ခဲ့သော (၁၀) နှစ်ခန့်က ဖူးတွေ့ရသော တောင်လေးလုံးဆရာတော်ကြီးအား စိတ်ဝယ် ရည်မှန်းကန်တော့လျက် သိဒ္ဓိမင်္ဂလာဂါထာတော်အား မျက်လုံးမှိတ်ပြီး အထပ်ထပ်အခါခါ ရွတ်ဖတ်ပူဇော်မိ၏။ မည်မျှရေရွတ်မိသည် မသိ။ ခဏအကြာ ကားပေါ်မှ ဆူညံသံများကြားရပြီး -

"စခန်းမှူးကို အမြန်ဆွဲထုတ်။ ဘယ်ထိခိုက်မိသွားလဲ"

ဟု အသံများကြောင့် မျက်လုံးကို ဖွင့်ကြည့်ရာ လိမ့်နေသော ကားဘီးမှာ ကျွန်တော်လဲကျနေသောနေရာနှင့် တစ်တောင်ခန့်အကွာ၌ ရပ်တန့်သွားသည်ကို အံ့ဩဖမ်းသာတွေ့ရ၏။ နောင်မှသိရသည်မှာ ကားဘရိတ်ပေါက်နေသဖြင့် ဆိုင်ကယ်အားဘေးချပေးရန် အော်ဟစ်ပြောဆို သတိပေးကြောင်း သိရ၏။

ကျွန်တော့်အား ကားအောက်မှ ဆွဲထုတ်ပြီး ဒဏ်ရာအားကြည့်ရာ ဝဲဘက်ခြေမျက်စိ (၂) လက်မခန့် ကွဲအက်ပြီး သွေးကြောမကြီးမှ သွေးများစီးနေသည်ကို ထိတ်လန့်စိုးရိမ်ဖွယ်မြင်ရ၏။ ထိုသို့ ရုတ်ရုတ်သဲသဲဖြစ်နေပြီး ဆေးရုံပို့ရန် ကားရှာနေစဉ် မင်းလှမှ မိုးညှိသို့ တာဝန်ဖြင့် ခရီးထွက်လာသော ခလရ (၁) မှ ဗိုလ်မှူး စန်းနိုင်၏ စူပါရုဖ်အဖြူရောင်ကားဆိုက်လာ၏။

ဗိုလ်မှူး -

"ဘယ်သူလဲ၊ ဘာဖြစ်သွားလဲ"

မေးပြီးနောက် ကျွန်တော့်အား ဆေးရုံအမြန်တင်ပို့နိုင်ရန် ၎င်းစီးလာသော ကားအားပေးပြီး ဗိုလ်မှူးမှာ ကြုံရာခရီးသည်ကားဖြင့် လိုက်သွားကြောင်း သိရ၏။ (ထိုစဉ်က ဒဏ်ရာကြောင့် ကျေးဇူးတင်စကားမပြောခဲ့ရသော ဗိုလ်မှူးစန်းနိုင်အား ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြပါ၏။) ကျွန်တော့်ဒဏ်ရာအား ပုဆိုးစများနှင့် ချည်နှောင်ပြီး မင်းလှမြို့နယ် ပြည်သူ့ဆေးရုံသို့ ကားဖြင့်တင်ပို့ခဲ့ရာ မြို့နယ်ဆရာဝန်ကြီးအား အသင့်တွေ့ရပြီး ခွဲစိတ်ခန်း၌ ချက်ချင်းခွဲစိတ်ကုသချုပ်ပေးနေစဉ် ကျွန်တော့်မှာသတိမေ့ အိပ်ပျော်သွားတော့ ၏။ ညမိုးချုပ်စ အိပ်ရာမှနိုးလာသောအခါ ဆေးရုံအထူးခန်းတွင်ရောက်နေပြီး နံနက်ပိုင်းဖြစ်စဉ်များအား အိပ်မက်အလား ဝိုးတဝါးထင်မှတ်နေမိပါတော့သည်။

ကျွန်တော်၏ ကားကြိတ်ခံရမည့်ဘေးမှ လွတ်မြောက်လာပုံအား အပြန်ပြန်အလှန်လှန် စဉ်းစားဝေဖန် သုံးသပ်ရာ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာခြင်းမဟုတ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတော်ကြောင့်လည်းကောင်း၊ တောင်လေးလုံးဆရာတော်ကြီး၏ ဘုန်းတန်ခိုးအာနုဘော်ကြောင့် လည်းကောင်း အသက်ဘေးမှ လွတ်ကင်းခဲ့ရခြင်းဖြစ်သည်ကို သံသယကင်းရှင်းစွာ ယုံကြည်မိပါသဖြင့် စာဖတ်သူအပေါင်းတို့မှလည်း အခက်အခဲကြုံတွေ့သည့်အခါ ယုံယုံကြည်ကြည် ရွတ်ဖတ် ပူဇော်နိုင်ရန် တစ်ဆင့်ပြန်လည်မေတ္တာလက်ဆောင်ပါးလိုက်ပြီ။ ကျွန်တော်၏ကိုယ်တွေ့ဖြစ်ရပ်မှန်အား တင်ပြလိုက်ပါသည်။

### သိဒ္ဓိမင်္ဂလာဂါထာ

နတ္ထိ မေ သရဏံ အညံ၊
ဗုဒ္ဓေါ မေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ သိဒ္ဓိမင်္ဂလံ။
နတ္ထိ မေ သရဏံ အညံ၊
ဓမ္မော မေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ သိဒ္ဓိမင်္ဂလံ။
နတ္ထိ မေ သရဏံ အညံ၊
သံဃော မေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ သိဒ္ဓိမင်္ဂလံ။

### ဘာသာပြန်

၁။ ငါ့အား ဘုရားမှတစ်ပါး တခြားကိုးကွယ်ရာမရှိပြီ။ ဘုရားသည် ငါ့အား မြတ်သော ကိုးကွယ်ရာဖြစ်၏။ ဤဆိုအပ်သော သစ္စာစကားကြောင့် ငါ့အား ပြီးစီးအောင်မြင်ကြောင်းမင်္ဂလာ ဖြစ်ပါစေ။

၂။ ငါ့အား တရားတော်မှတစ်ပါး တခြားကိုးကွယ်ရာမရှိပြီ။ တရားတော်သည် ငါ့အား မြတ်သော ကိုးကွယ်ရာ ဖြစ်၏။ ဤဆိုအပ်သော သစ္စာစကားကြောင့် ငါ့အား ပြီးစီးအောင်ကြောင်း မင်္ဂလာဖြစ်ပါစေ။

၃။ ငါ့အား သံဃာတော်မှတစ်ပါး တခြားကိုးကွယ်ရာမရှိပြီ။ သံဃာတော်သည် ငါ့အား မြတ်သော ကိုးကွယ်ရာ ဖြစ်၏။ ဤသို့ ဆိုအပ်သော သစ္စာစကားကြောင့် ငါ့အား ပြီးစီးအောင်မြင်ကြောင်း မင်္ဂလာဖြစ်ပါစေ။

ရွှေငသား



www.burmeseclassic.com

www.burmeseclassic.com

# မောက်မယ်မြို့နယ်မှ ရွှေကျောင်းတော်ကြီး


(တောင်ကြီး)

## ဒေါက်တာဒေါ်နု

ဟိုလွိုင်ကျောင်းခမ်းဟု အမည်တွင်သော ရွှေကျောင်းတော်ကြီးကို ခရစ်နှစ် ၁၂၃၅ ခုနှစ်တွင် မောက်မယ် စော်ဘွားကြီး နိုင်းနွဲ့က ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။ ဇေတဝန်ကျောင်း ပုံစံအတိုင်း ဆောက်လုပ် လှူဒါန်းခဲ့သဖြင့် (၉) ခန်း (၉) ဆောင်စလုံးတွင် ရွှေဇဝါ၊ ရွှေပိန်းချပ်တိုင်များနှင့် မွမ်းမံထားပြီး မျက်နှာကြက်အတွင်းချောများအား ရွှေကနုတ်ပန်းချီများဖြင့် တင့်တယ် သပ္ပာယ်စွာ ရေးဆွဲပူဇော်ထားခဲ့သည်။

ရှေ့မီနောက်မီ အသက် (၉၀) ရှိ ကျောင်းခမ်းရွာမှ ရွာမိရွာဖတစ်ဦးဖြစ်သူ အဘိုးဦးသြဝါဒ (ပေါ့ထောက်သြဝါဒ) က ရွှေကျောင်းတော်ကြီး၏ ရွှေဇဝါ၊ ရွှေပိန်းချပ်တိုင်များအတွက် သွန်းလှူရသောရွှေချိန်မှာ (၄၂)ပိဿာရှိခဲ့သည်ဟု ဆိုပါသည်။

မောက်မယ်နယ်ကို အုပ်ချုပ်သော စော်ဘွားဆက်အားလုံးတို့တွင် လက်ရုံးရည် နှလုံးရည် ပြည့်စုံပြီး အမျိုးဘာသာ သာသနာကို အစောင့်အရှောက်နိုင်ဆုံး ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သော ကိုးလန်စော်ဘွားခေါ် စော်ဘွားကြီးနိုင်းနွဲ့သည် ကျောင်းခမ်းဇေတဝန်ကျောင်းတော်ကြီးအား သုဓမ္မာဂိုဏ်းချုပ်ဆရာတော်ကြီးထံသို့ ဝတ္ထုကံမြေနှင့်တကွ ဆက်ကပ်လှူဒါန်းခဲ့ရာ ထိုစဉ်က ကျောင်းတော်၏ ပရိဝုဏ်မှာ အရှေ့-နောက်၊ တောင်-မြောက်သို့ ဝါးတစ်ရာစီကျယ်ဝန်းခဲ့သည်ဟု ဆိုသည်။ ကျောင်းတော်ကြီး၏အရှေ့တောင်အရပ်တွင် ကိုးလန်စော်ဘွားကြီး




သစ်ရိပ်ဝါးရိပ်တို့ဖြင့် စိမ်းလန်းစိုပြည်နေသော
ဟိုလွိုင်ကျောင်းခမ်း ကျောင်းတော်၏ အရှေ့တောင်အရပ်မှမြင်ကွင်း




ဟိုလွိုင်ကျောင်းခမ်းအား
အရှေ့မြောက်အရပ်မှ တွေ့မြင်ရပုံ

www.burmeseclassic.com



ကိုးလန်စော်ဘွား တည်ထားကိုးကွယ်ခဲ့သော ကျောင်းခမ်းစေတီတော်




ဟိုလ္လိုင်ကျောင်းခမ်းတွင် ကိုးလန်စော်ဘွားကြီး နိုင်းနွဲ့က မဟာဒေဝီ စူဠဒေဝီနှစ်ပါးအတွက် ရည်စူးပြီး တည်ထားတော်မူသော စေတီတော်နှစ်ဆူ

၏ မဟာဒေဝီနှင့် စူဠဒေဝီနှစ်ပါးတို့အတွက် ရည်စူးပြီး စေတီတော်နှစ်ဆူ တည်ထား ကိုးကွယ်ခဲ့ပါသည်။

ရွှေကျောင်းတော်ကြီး၏ လက်ရှိ ကျောင်းထိုင်ဆရာတော်မှာ အရှင်စန္ဒိမာ ဖြစ်ပြီး သက်တော် (၄၃) နှစ်နှင့် ဝါတော် (၂၃) နှစ်ရှိပြီး ဖြစ်သော ဆရာတော်ကြီး ဦးအိန္ဒာစာရအား ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းဘောင်သို့ တက်လာသူ ဖြစ်ပါသည်။ ကျောင်းတော်တွင် ယခုနှစ် တန်ခူးလက ကျင်းပခဲ့သော စုပေါင်းရှင်ပြုပွဲမှာ ကိုရင် (၃၃) ပါး သီတင်းသုံးလျက်ရှိနေပါသည်။ ဟိုလ္လိုင်ကျေးရွာအုပ်စုရှိ ဟိုပုံး၊ မုန်းလောင်း၊ ဈေးတန်းနှင့် ကျောင်းခမ်းရွာများသည် ရွှေကျောင်းတော်ကြီး၏ဂေါစရဂံရွာများဖြစ်ကြပြီး ရွာသူရွာသားအများစုမှာ တောင်သူလယ်သမားများ ဖြစ်ကြပါသည်။

ရွှေကျောင်းတော်ကြီး၏ဒါယကာ ကိုးလန်စော်ဘွားကြီးသည် မောက်မယ်မြို့နယ်အား မြန်မာနှစ် ၁၂၀၆ ခုနှစ်မှ ၁၂၄၆ ခုနှစ်အထိ နှစ် (၄၀) ကျော် အုပ်ချုပ်ခဲ့ရာ ထိုကာလတွင် မြန်မာဘုရင် ရွှေနန်းရှင်မှာ ကုန်းဘောင်မင်းခေါ် ရွှေဘိုမင်း ဖြစ်ပါသည်။ မောက်မယ်နယ်သည် မြန်မာမင်းသစ္စာတော်ခံနယ်မြေဖြစ်သည်နှင့်အညီ ထိုစဉ်က တည်ဆောက်ခဲ့သော ရွှေကျောင်းတော်ကြီးမှာ မြန်မာနန်းတွင်း ဗိသုကာများ၏ လက်ရာ ဖြစ်ဖွယ်ရှိပါသည်။ ကျောင်းခမ်းကျောင်းတော်ကြီးအတွက် ရွှေဇဝါ၊ ရွှေပိန်းချပ်များ သွန်းလောင်းရာတွင် ရွှေပန်းထိမ်များက ကျောင်းခမ်းရွာတွင် လာရောက် စခန်းချပြီး ရွှေရည်ကျိုခြင်း၊ ရွှေပိန်းချပ်များသွန်းလောင်းခြင်းအမှုကို ပြုလုပ်ကြရသည်ဟု ပေါ့ထောက်ဩဝါဒက ပြောပြပါသည်။ နှစ်ပေါင်း(၁၄၀)တိုင်ခဲ့ပြီဖြစ်သော်လည်း ရှေးဗိသုကာလက်ရာများနှင့် ရွှေသတ္တုများ၏ အရည်အသွေးကြောင့် ကျောင်းတော်ကြီးမှာ လှပ ခံ့ညား သပ္ပာယ်ဆဲပင် ဖြစ်ပါသည်။

ဘုရားကျောင်းဆောင်၏ အရှေ့ဘက်မျက်နှာစာတွင် မြန်မာနှစ် ၁၃၁၈ခု၊ ပြာသိုလဆန်း ၄ ရက်နေ့က ရေးဆွဲခဲ့သော ပန်းချီဆရာ ဦးကော၏ မဟာဒုက်



ဟိုလ္လိုင်ရွှေကျောင်းတော်ကြီး (ကျောင်းခမ်း) မှ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ



www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းရွှေကျောင်းတော်ကြီးမှ ဗုဒ္ဓရုပ်ပွားတော်



ရွှေဝိန်းချွန်ရုံနောက်ခံဖြင့် စံပယ်တော်မူနေသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်



ကျောင်းခမ်းဘုရားဆောင်မှ
ခင်ဓရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်၏
အနုစိတ်လက္ခဏာတော်များ

ဇာတ်ကားခေါ် ပန်းချီကားချပ်တွင် မြတ်စွာဘုရားအား ဆွမ်းကပ်လှူရန် မဲပေါက်သော မဟာဒုက်တို့ ဇနီးမောင်နှံအား ခေတ်ဆန်သော ရှမ်းမောင်နှံအဖြစ် သရုပ်ဖော်ထားပုံမှာ မြင်ရသူအပေါင်းအား စိတ်ကြည်နူးစေပါသည်။

စိတ်ဝင်စားစရာ နောက်ပန်းချီကားတစ်ချပ်မှာ လူပြည်၊ နတ်ပြည်၊ ငရဲပြည်၊ မဟာအဝီစိနှင့် စကြဝဠာ



ဘုန်းကြီးအဆောင်ဆောင်၌ ဌာပနာ
ယာဖောက်သွားသော လူယုတ်မာတစ်ဦး၏
လက်ချက်ဖြင့် ပျက်စီးကျန်ရစ်ခဲ့သော
ကိုးသန်းစော်ဘွား၏ ကျောင်းခမ်းစေတီတော်




ဟိုလျှိုင်ကျောင်းခမ်းမှ
ယပ်တောင်တရားဟောစင်




www.burmeseclassic.com

www.burmeseclassic.com




ရှေးလက်ရာ ရွှေပိန်းချတိုင်များဖြင့်
သပ္ပာယ်ခံ့ညားနေသော ဘုရားဆောင်



ရွှေကျောင်းတော်ကြီး၏ မြင့်မားကြံ့ခိုင်လှသော ဘုရားဆောင်၏ မျက်နှာကြက်




ဟိုလို့ှင်ကျောင်းခမ်းမှ ရှေးဟောင်းရွှေပိန်းချတိုင်တော်အား အနီးကပ် မြင်ရပုံ




ဟိုလို့ှင်ကျောင်းခမ်းဘုရားဆောင်ပေါ်မှ
ရှေးလက်ရာမျက်နှာကြက်



ဟိုလို့ှင်ကျောင်းခမ်းတွင် လွန်ခဲ့သော နှစ်ပေါင်း (၅၇) နှစ်ကျော်က
ပီကန့်ထီး မဲ့ဆမ်နွံ၊ ပါန္ဒဲ့တို့ လှူဒါန်းထားသော မဟာဇာက်ပန်းချီကား



ဟိုလို့ှင်ကျောင်းခမ်းတွင်
ရှေးလက်ရာမပျက် တွေ့ရှိခဲ့ရသော
ရွှေဝေါ၊ ရွှေပိန်းချပ်ခံ ကျောင်းနံရံများ



ဟိုလို့ှင်ကျောင်းခမ်းတွင် ကျောင်းအမ ဓော်အီ၊ သား စာရေးသူ၊ ဇနီး ဓော်နန်းခယ်တို့
လှူဒါန်းရစ်သော သုံးဆယ့်တစ်ဘုံ၊ မဟာယုဂန္ဓိုရ်တောင်မဟာနှင့်
ရာဇာမုနိစေတီတော်မြတ်ပုံတော်




www.burmeseclassic.com


www.burmeseclassic.com



ထိုလှိုင်ကျောင်းခမ်း၊ (ရွှေကျောင်းတော်ကြီး) တွင် ကျင်းပသော ကျောင်းခမ်းရွာ စုပေါင်းရှင်ပြုအလှူမှတ်ဦး



ပြန်လည်ပြုပြင်ထားသော ဟိုလှိုင်ကျောင်းခမ်း၏အနောက်ဘက်မျက်နှာစာ



ရှေးလက်ရာ ရွှေပိန်းချတိုင်များဖြင့် လှပသပ္ပာယ်ဆဲ ဟိုလှိုင်ကျောင်းခမ်းဘုရားဆောင်



ဟိုလှိုင်ကျောင်းခမ်းအောရုံခံတန်ဆောင်းမှ မျက်နှာကြက်၊ ရက်မနှင့် ဒေါက်တိုင်များ

တောင်မျက်နှာခုံ မဟာယုဂန္ဓိရုံတောင် မြှင်ဗိုလ်နှင့် ရာဇမုနိစေတီတော်ပုံပန်းချီ ကားချပ် ဖြစ်ပါသည်။ ပန်းချီကားအလှူ ရှင်တို့မှာ ပါကျောင်းအီသား စာရေးသူ နှင့် ဇနီး ဒေါ်နန်းခယ်တို့ ဖြစ်ကြောင်း တမွည်းရေးထိုးထားသည်ကို တွေ့ခဲ့ရပါ သည်။


မောက်မယ်မြို့နယ်၏ နောက်ဆုံး စော်ဘွားဆက် ဖြစ်သော စဝ်စံထွန်း လက်ထက် ၁၉၅၀ ပြည့်နှစ်ဝန်းကျင်က ဘုန်းကြီးယောင်ဆောင်ထားသော လူ ယုတ်မာတစ်ဦး ဟိုလှိုင်ကျောင်းခမ်းသို့ ရောက်လာပြီး ကျောင်းတော်ကြီးကို ပြု ပြင်ရန် ကျောင်းခမ်းကျေးရွာတွင် စတင် အလှူခံပါသည်။ ထိုကာလအတွင်း ကိုးလန်စော်ဘွားကြီးတည်ထားကိုးကွယ် ခဲ့သော စေတီတော်တစ်ဆူအား ခေါင်း လောင်းတော်နေရာမှ ထွင်းဖောက်ပြီး ဌာပနာများကို ခိုးယူထွက်ပြေးသွား ကြောင်း ပေါ့ထောက်ဩဝါဒမှ ပြန်လည် ပြောပြပါသည်။ အဆိုပါ ဌာပနာဖောက် ထားသည့် အပျက်အစီးကို ယနေ့တိုင် တွေ့မြင်နိုင်ပါသေးသည်။

ကျောင်းတော်ကြီး၏မူလဒါယိကာ မှာ ပစ္စည်းဥစ္စာ၊ အာဏာနှင့် ပြည့်စုံ ကြွယ်ဝသော နယ်ရှင်ပယ်ရှင်ဖြစ်ခဲ့သော် လည်း ကျောင်းဒါယိကာကြီး အနိစ္စ ရောက်ချိန်မှစ၍ ကျောင်းတော်ကြီးကို အင်နှင့်အားနှင့် ပြုပြင်ထိန်းသိမ်းနိုင်မည့် ဒါယိကာများ မရှိကြတော့ပေ။ ကျောင်း တော်ကြီးကို ကိုးကွယ် ဆည်းကပ်ကြ သော ဂေါ်စရဂ်ရွာမှ ဒါယိကာအများစု



www.burmeseclassic.com

www.burmeseclassic.com




ရှေးလက်ရာတချို့ကျန်ရှိနေသေးသော ဟိုလျှိုင်ကျောင်းခမ်း ဘုရားဆောင်မှ ဘုံပျံပြာသာဒ်



ဟိုလျှိုင်ကျောင်းခမ်းရှိ ဥပုသ်သည့်ဇရပ်




စိပ်ပုတီးနှင့် ရိပ်ကြီးခိုနိုင်သည့် ဥပုသ်ဇရပ်



ကျောင်းခမ်းရွာမှ အာရုံဆွမ်းလောင်းလှူသူများ



ပျံလွန်တော်မူသွားသည့် မူလကျောင်းခမ်း
ကျောင်းထိုင်ဆရာတော် ဦးဒီပွာစာရ



ဟိုလျှိုင်ကျောင်းခမ်း၏
ကျောင်းထိုင်ဆရာတော် အရှင်စန္ဒိမာ



အရိပ်အာဝါသကောင်းမွန်လှသည့်
ကျောင်းခမ်းနတ်ကွန်း




www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဦးစန္ဒိမာနှင့် ဦးပဥ္စင်း ဦးဥတ္တမတို့ထံ စာရေးသူ လျှောက်ထားမေးမြန်းနေစဉ်



ဆရာတော် အရှင်စန္ဒိမာ သိမ်းဆည်းထားသော စေတီပောင်းမှ ဆည်းလည်းခေါင်းလောင်း



ဟိုလိှုင်ကျောင်းခမ်းသမိုင်းအား ပြောပြနေသော
ရွာမိရွာဖ အဘိုးဦးဩဝါဒ (အသက် ၉၀) နှင့် စာရေးသူ

သည် တောင်သူလယ်သမား လက်လုပ်လက်စားဆင်းရဲသားများသာ ဖြစ်ကြ၍ ကျောင်းတော်ကြီးကို ပြုပြင်မွမ်းမံနိုင်စွမ်း မရှိကြတော့။ အချိန်ကာလနှင့်ဥတုရာသီတို့တိုက်စားမှုကြောင့် ကျောင်းတော်ကြီး၏ ကိုးဆောင်ကိုးခန်းစလုံးတွင် ပျက်စီးယိုယွင်းမှုများနှင့် ပြည့်လျှက်နေတော့ရာ ထိုအဖြစ်ကို မကြည့်ရက်နိုင်တော့သော သက်တော်ရှည် မိုင်းပုတ်ကျောင်းဆရာတော်ကြီးက သံဃာနှင့် ဒါယိကာများကို အစည်းအဝေးခေါ်ယူပြီး ရွှေကျောင်းတော်ကြီးကို ပြုပြင်မွမ်းမံရန်အတွက် အာရုံခံတန်ဆောင်းရှိ ရွှေပိန်းချပ်တိုင်များမှ ရှေးဟောင်းရွှေများကို ပွတ်ရောင်းပြီးလျှင် ရရှိလာမည့်ငွေဖြင့် ကျောင်းတော်ကြီးကို ပြုပြင်မွမ်းမံရန် စီမံရပေတော့သည်။

ထိုသတင်းကို ကြားသိရသော ဗုဒ္ဓဘာသာဝင် မောက်မယ်နယ်သူနယ်သားတို့မှာ နှလုံးစိတ်ဝမ်းညှိုးနွမ်းခဲ့ကြသော်လည်း အင်နှင့်အားနှင့် လှူဒါန်းမည့် ဒါယိကာများ မပေါ်ပေါက်လာသောကြောင့် အနိစ္စ ဝတ သင်္ခါရာ ဂါထာကိုသာ အကြိမ်ကြိမ်အခါခါ ရွတ်ဖတ်လိုက်ရပါတော့သည်။

ဟိုလိှုင်ကျေးရွာအုပ်စု ကျောင်းခမ်းရွာသည် မုန်းလောင်းတောင်ကမ်းပါးတွင်တည်ရှိပြီး မောက်မယ်မြို့နှင့် (၆)မိုင်ကွာဝေးပါသည်။ မုန်းလောင်းတောင်ကမ်းပါးယံမှ မောက်မယ်ချိုင့်ဝှမ်းသို့ဆင်းရာလမ်းတွင် အလွန်ရှုခင်းသာသော ကိုးထပ်ကွေ့ တည်ရှိပါသည်။ ကြီးခိုင်မြင့်မားလှသော ကျွန်းပင်ကြီးများ အစီအရီပေါက်ရောက်ကြပြီး နမ့်ယွန်းချောင်းရေက ကိုးထပ်ကွေ့နှင့် အပြိုင်စီးဆင်းနေသဖြင့် သာတောင့်သာယာရှိလှပေသည်။ ကားလမ်းမကြီး၏ အရှေ့ဘက်တွင် ထုံးကျောက်လှိုမြောင်အတွင်း အဆင့်ဆင့် နိမ့်ဆင်းသွားသော ဟိုလိှုင်ရေတံခွန်တည်ရှိပါသည်။ သင်္ကြန်ကာလအတွင်း အေးရိပ်ခို၍ ရေကစားလိုကြသော ရပ်နီးရပ်ဝေးမှ အပျို၊ ကာလသားများအတွက် အကွက်ကောင်းတစ်ခု ဖြစ်ပါတော့သည်။

သင်္ကြန်ကာလများတွင် ဟိုလိှုင်ကျောင်းခမ်းရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ပြီး ဟိုလိှုင်ရေတံခွန်တွင် ရေကစားကြဖို့ ဖိတ်မန္တကပြုလိုက်ရပါကြောင်း။

ဒေါက်တာဒေါ်နု (တောင်ကြီး)



www.burmeseclassic.com

www.burmeseclassic.com

# ၆၃၀ ကျွန်တော်သိသော ဘုရားအလောင်းတော်ကြီး အဘဘိုးမင်းခေါင်

"ယတြာ ဆိုတာ အစားထိုးတာ၊ ယတြာရဲ့အဓိပ္ပာယ်အစစ်က အတုလုပ်တာ။ ဖြစ်လာနိုင်တဲ့ ဖြစ်ရပ်တစ်ခုကို ဖြစ်နေပြီလို့ ယူဆပြီး ခံနိုင်ရည်ရှိအောင် အစားထိုး လေ့ကျင့်နေထိုင် လုပ်ကိုင်စားသောက်တာဟာ ယတြာချေတာပဲ ဖြစ်တယ်"

ဟု ဆရာကြီး ဒေါက်တာဒဂုန်က ရေးသားခဲ့ဖူးပါသည်။

*(ရွှေတိဂုံနှင့် ကျိုက်ထီးရိုး၊ ကြီးကိုးကြီးပါ မကျန်စေရ စာ - ၁၇၄၊ ၁၇၅)*

အထက်ဖော်ပြပါ စာသားလေးသည် ကျွန်တော် တင်ပြလိုသော 'အဘဘိုးမင်းခေါင်' အကြောင်းနှင့် ဆက်စပ်နေပါသည်။ အဘဘိုးမင်းခေါင်၏ပြောင်မြောက်လှသော နည်းဗျူဟာ ယတြာတစ်ခုဟုလည်း ဆိုရပေလိမ့်မည်။

၎င်းအကြောင်းအရာမှာ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ထုတ်ဝေခဲ့သော သီလဝမဂ္ဂဇင်းတစ်ခုတွင် ဖတ်ဖူးခဲ့သည့် အကြောင်းအရာတစ်ခုဖြစ်ပြီး ရေးသူကို မမှတ်မိတော့ပါ။ (ခွင့်လွှတ်ပေးပါရန်)။ ပုပ္ပားတွင် အဘဘိုးမင်းခေါင် နာမည်ထင်ရှားလာချိန်ကာလတွင် ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသော ဘုရားဖူးကားကြီးတစ်စီးနှင့် အဘရှိရာသို့ ရောက်ရှိလာကြသည်။ ဘုရားဖူးရောက်ရှိလာကြသည့် အမျိုးသား၊ အမျိုးသမီးတို့၏ အတွင်းစိတ်ထဲတွင်လည်း ဝိဇ္ဇာဆိုတာ ဘယ်လိုပုံသဏ္ဌာန်၊ ဘယ်လိုမျိုးပါလိမ့်ဟူသောအတွေးမျိုး ပေါ်ပေါက်ကောင်း ပေါ်ပေါက်နေပေလိမ့်မည်။ ၎င်းပရိသတ်များ အဘရှေ့သို့ရောက်သော အခါ အဘသည် တည်ငြိမ် လေးနက်သော အမူအရာဖြင့် ပရိသတ်အား ကြည့်နေလေသည်။

ထို့နောက် အဘသည် သူ့အား ဖူးမြော်ကန်တော့ရန် ပြုလုပ်နေသော ပရိသတ်အား ရင်ခေါင်းသံဖြင့် -

"အားလုံးကျွမ်းထိုးကြစမ်း" ဟု အမိန့်ပေးလိုက်သည်။

ဖူးမြော်သူ ပရိသတ်များလည်း ဘာမပြော ညာမပြောနေနေရာမှ အဘမှ ကျွမ်းထိုးခိုင်းသဖြင့် ကျွမ်းထိုးကြရာ အချို့မှာ (၂) ပတ်၊ (၃) ပတ်၊ တချို့ မှာ (၄)ပတ်၊ (၅) ပတ်ထိုးကြသည်။ ကျွမ်းထိုးကြသဖြင့် ၎င်းတို့ဝတ်လာသော အဝတ်အစားသစ်များမှာ ဖုန်များဖြင့် ပေကျံကုန်ကြ၏။ ၎င်းတို့အဖွဲ့ ကျွမ်းထိုးအပြီး အဘကို မော့ကြည့်သောအခါ အဘက-

"ဟာ - ဒီအရှုးတွေ၊ ငါ့ရှေ့လာ ကျွမ်းတွေလာထိုးနေတယ်။ သွားကြ၊ သွားကြ"

ဟု အော်ငေါက်လွှတ်ပြန်ပါသည်။

ထိုအခါ လာဖူးသူ ပရိသတ်များလည်း အဘပဲ ကျွမ်းထိုးခိုင်းပြီး ယခုလည်း မောင်းထုတ်နေပြန်ပြီဟု ရှက်ရှက်နှင့် သူတို့နေထိုင်ရာမြို့ကို ကားကြီးနှင့်ပြန်လာကြသည်။ လမ်းခုလတ်တွင် ကားကြီးမှာ မတော်တဆဖြစ်၍ တိမ်းမှောက်သွားရာ ဘုရားဖူးပြန်သူများလည်း ကျွမ်းထိုးမှောက်ခုံများဖြစ်ကာ ထိခိုက်ပွန်းပဲ့ဒဏ်ရာများရရှိကာ သေဆုံးသူ လုံးဝမရှိခဲ့ပါ။ ထိုအခါကျမှ ဒဏ်ရာရ ထိခိုက်မိသူများက အဘ ကျွမ်းထိုးခိုင်းခြင်းကို သဘောပေါက် နားလည်သွားကြကာ အဘကို ပြစ်မှားမိသည်ကို တောင်းပန်ဝန်ချ၍ အဘ၏ကျေးဇူးတရားကို နားလည် သဘောပေါက်သွားကြပါသည်။ ကားမှောက်၍ ကျွမ်းထိုးမှောက်ခုံဖြစ်ကာ သေကျေပျက်စီးရမည်ကို ကြိုတင်မြင်သောကြောင့် 'ကြိုတင်ကျွမ်းထိုး'ခိုင်းသော ယတြာ (သို့) ကြိုတင် အတုပြုလုပ်ခြင်းဟု နားလည်သဘောပေါက်ခဲ့မိပါသည်။

စာရေးသူကိုယ်တိုင်လည်း အထက်ဖော်ပြပါဖြစ်စဉ်နှင့် တူညီသော ကိုယ်တိုင်တွေ့ကြုံရသည့် ဖြစ်စဉ်တစ်ခု ရှိခဲ့ပါသည်။

ထိုဖြစ်စဉ်မှာ လွန်ခဲ့သော ၂၀၀၅ ခုနှစ်က စာရေးသူသည် အဘဘိုးမင်းခေါင် နာမ်ကိန်းသော အဘထွက်ရပ်မသွားခင် အဘခေတ္တနေထိုင်ရာ ပုသိမ်ညွန့်ရှိနေအိမ်သို့ သွားရောက်ခဲ့ပါသည်။ ကျွန်ုပ်၏ စိတ်ထဲတွင် ဖြစ်ပေါ်လာသည်မှာ အဘကို သောက်ရေအိုးမလှူဘူးသေး၍ လှူဒါန်းချင်သောစိတ်များ ဖြစ်ပေါ်နေသည်။ ထို့ကြောင့် သောက်ရေအိုးနှစ်လုံး၊ ရေခွက် အပြည့်အစုံကို ဗဟန်းကြားတောရဈေးမှ ဝယ်ယူလာ၍ ပုသိမ်ညွန့်ရှိ အဘနေထိုင်ရာအိမ်တွင် အဘကို လှူဒါန်းခဲ့ပါသည်။

လှူဒါန်းပြီး တစ်ပတ်ခန့်အကြာ (ထိုအချိန်က စာရေးသူသည် ရန်ကုန်မြို့ရှိကုမ္ပဏီကြီးတစ်ခုတွင် အလုပ်တာဝန်ထမ်းဆောင်နေပါသည်။) သကြ်န် အတက်နေ့တွင် အလုပ်တာဝန်ဖြင့် Overtime ဆင်းရန် အကြောင်းပေါ်လာပါသည်။ ထိုနေ့တွင် ကုမ္ပဏီမှာ သူဌေး၏ လူယုံတာဝန်ခံနှင့် နိုင်ငံခြားသားအချို့၊ တာဝန်ခံ၏ သားငယ်တို့ စာရေးသူ၏ကားပေါ်တွင် ပါလာကြပါသည်။ စာရေးသူလည်း ရန်ကုန်-အင်းစိန် လမ်းမကြီးမှ ကားကို အင်းစိန်လမ်းအတိုင်း





www.burmeseclassic.com

www.burmeseclassic.com

မောင်းနှင်လာပြီး ပါရမီစိန်ဂေဟာ ပါရမီ ဆိုင့်မှ ပါရမီလမ်းအတိုင်း ဖြည်းညင်း စွာကားကို မောင်းနှင်လာပါသည်။ ကား ပေါ်တွင်လည်း စာရေးသူ အပါအဝင် လူ တား (၉) ယောက်တိတိ ဖြစ်ပါသည်။

စာရေးသူသည် ပါရမီလမ်းအ တိုင်း ကားကို ကီလို ၂၅/၃၀ နှုန်းဖြင့် မောင်းနှင်လာရာ ယခု ခေတ္တပြောင်းရွှေ့ ဖွင့်လှစ်ထားသော အော်ဂတ်စတင်း ကျောင်းရှေ့မရောက်ခင်နားတွင် ကား ၏ လက်ကိုင်ကို တစ်စုံတစ်ယောက်မှ အဆွဲသကဲ့သို့ ခံစားရသဖြင့် စာရေးသူ သည စတီယာရင်ကို ပြန်ဆွဲလှည့်ရာမှ ကားမှာလည်ပြီး ဘေးစောင်း၍ လဲကျ သွားပါသည်။ (စာရေးသူသည် သကြန် ရက်အတွင်း၌ အရက်သေစာသောက် စားထားခြင်း မရှိပါ။) ထိုသို့ လဲကျသွား ပြီးချိန်တွင် ဘယ်ကဘယ်လိုရောက်လာ မှန်းမသိသော ရေပက်ခံကား လေး၊ ငါး စီးနှင့်မှလူများ အမြန်ဆင်းလာ၍ ကား ကို ဝိုင်းဝန်းကူညီ ကူမတည့်မတ်ပေးခဲ့ ပါသည်။ စာရေးသူလည်း စိတ်ညစ်ညစ် နှင့် ကားကို Car Body ရုံသို့ မောင်း၍ သွားရောက် ပြင်ဆင်ခဲ့ရပါသည်။

စိတ်ထဲတွင်လည်း စဉ်းစားတွေး တောခြင်းများ ဖြစ်ပေါ်နေရပါသည်။ ကိုယ်ကိုယ်တိုင် ကောင်းမှုကံတစ်ခုကို ပြု လုပ်ထားတာ အချိန်ကာလမကြာခင်က မှဆိုတော့ ကောင်းတာလုပ်ထားပါ လျက်နှင့် ဘယ်လိုများပါလိမ့်ဆိုပြီး ဖြစ် နေပါသည်။ အဲဒီနောက် Car Bodyရုံ က ဈေးစကားပြောရာတွင် အပြီးအစီး (၁)သိန်းခွဲကျမည် ဖြစ်ကြောင်း ပြော၍ စိတ်ဆင်းရဲနေရပါသည်။ ကိစ္စအားလုံး ပြီးစီးသောအခါ အံ့သြဖွယ်ရာများ ဖြစ် လာပါသည်။

နံပါတ် (၁) ကိစ္စမှာ Accident ကိစ္စ ဖြစ်ပွားရာနေရာသည် ရန်ကုန် - ပြည်လမ်း၊ ရန်ကုန်-အင်းစိန်လမ်းကဲ့သို့ အဓိက လမ်းပေါ်တွင် မဖြစ်ပွားခဲ့ခြင်း။

နံပါတ် (၂) အခင်းဖြစ်ပွားရာတွင် ကူညီ ကယ်တင်မည့် သကြန်လည်သော ကားများမှ ကူညီကယ်တင်ခဲ့ပေးခြင်း (၎င်းကားများမှ အမည်မသိ ကျေးဇူးရှင် များအား ယနေ့တိုင် ကျေးဇူးတင်ရှိနေ ပါသည်။)

နံပါတ် (၃) ကားအားပြင်ရာတွင် ကျသင့်သော ငွေကြေးကို ကုမ္ပဏီမှ သူ ၏ စိုက်ထုတ်ကျခံမည်ဟု ပြောလာပါ သည်။ သူသည်လည်း ကားပေါ်တွင် လိုက်ပါလာသည်ဖြစ်၍ စာရေးသူ သောက်စားမူးယစ်ခြင်းမရှိသည်ကို သိ ရှိသည်လည်း ဖြစ်ပါသည်။ ၎င်းပုဂ္ဂိုလ် သည်လည်း စာရေးသူ ယနေ့တိုင် ကျေး ဇူးတင်နေရသည့်ပုဂ္ဂိုလ် ဖြစ်ပါသည်။

နံပါတ် (၄) ၎င်းကား Accident ဖြစ်စဉ်တွင် စာရေးသူကျွန်ုပ်၌ ကြီးမား သော ထိခိုက်ဒဏ်ရာရရှိမှုလုံးဝမဖြစ်ခဲ့ ပါ။

အထက်ဖော်ပြပါ ဖြစ်စဉ်များကို လေ့လာကြည့်မည်ဆိုပါလျှင် အဘသည် ကယ်တင်သင့်ကယ်တင်ထိုက်သောသတ္တ ဝါများ၊ သူ၏ သားသမီးများအား တစ်စုံ တစ်ခုသော ဘေးအန္တရာယ်ဖြစ်မည်ဆို ပါက သူလည်း ကယ်တင်နိုင်ပါက ယခု ကဲ့သို့ ကြိုတင်ပြုလုပ်သော ယတြာကို အသုံးပြုသည်ကို တွေ့ရှိရပါသည်။ ထို အချိန်မှစ၍ အဘဘိုးမင်းခေါင်၏ သိဒ္ဓိ မဟိဒ္ဓိစွမ်းရည်၊ အစွမ်းအစများ တဖြည်း ဖြည်း စာရေးသူ ဉာဏ်မီသမျှ နားလည် လာခဲ့ရပါသည်။ စာရေးသူ ဉာဏ်မမီ သော စဉ်စားတွေးခေါ်၍ လက်လှမ်းမမီ သော အကြောင်းအရာများ များစွာရှိပါ သေးသည်။

အဘဘိုးမင်းခေါင်သည် ပုပ္ပားအ နီး စင်မြင့်ရွာသား ဆရာတော် ဦးအာ စိဏ္ဏ၏ရုပ်ခန္ဓာကို အလှူခံပြီး ဝိဇ္ဇာတို့ အတတ်ပညာ ရုပ်ပြောင်းကိုယ်ခွဲအတတ် ဖြင့် ဆရာတော် ဦးအာစိဏ္ဏ၏ရုပ်ထဲသို့ သူ၏နာမ်ကိုသွင်းကာ သာသနာပြုရန် ဝင်ရောက်လာခြင်းဖြစ်သည်ဟု စာရေး ဆရာ ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်) ၏ 'ပါရမီစခန်း ပညာလမ်း' စာအုပ်မှ မှတ် သားခဲ့ရပါသည်။

ထို့ကြောင့် မဂ္ဂဇင်းတစ်ခုတွင် မကြာသေးခင်က စာရေးဆရာတစ်ဦးမှ ပေါက်ဆရာ (၆၄)ယောက်တွင် အဘကို မတွေ့ရဟု ဖော်ပြရေးသားထားသည် ကို တွေ့ရပါသည်။ အဘဘိုးမင်းခေါင် သည် ပေါက်ဆရာ (၆၄)ယောက်ထက် သာလွန်မြင့်မြတ်သောပုဂ္ဂိုလ် ဖြစ်သည်။ အဘသည် ဆုကြီးပန်ပုဂ္ဂိုလ် တစ်နည်း အားဖြင့် သမ္မာသမ္ဗောဓိ ဘုရားဆုပန် ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။

အဘ၏ တပည့်တစ်ဦးဖြစ်သော ဆရာဦးမင်းဝေ၏ ပြောကြားချက်အရ အဘသည် ဘဝတစ်ခု၌ ယခု ရွှေတိဂုံ စေတီတော်ကြီးအား စတင် တည်ထား သော ဥက္ကလာပမင်းကြီး ဖြစ်ဖူးကြောင်း လည်း သိရှိရပါသည်။

ထို့ပြင် ယခုလာမည့် သာသနာ တော်ကြီး ဆက်လက် တည်တံ့စေရန် ထိန်းသိမ်း ကာကွယ် စောင့်ရှောက်မည်။ ထွက်ပေါ်လာမည့် ဗုဒ္ဓမမ္မရာဇာမင်း သည်လည်း အဘ၏ပုံရိပ်ပင်ဖြစ်ကြောင်း လည်း သိရှိရပါသည်။ ဗုဒ္ဓမမ္မရာဇာမင်း အဖြစ်ပေါ်ထွက်လာ၍ ယခုနစ်မြုပ်နေ ဆဲ မည်သူဖော်၍မျှမရသည့် ဓမ္မစေတီ ခေါင်းလောင်းကြီးအား အဘ၏စွမ်းအား ဖြင့် ဆယ်ယူ၍ ရွှေတိဂုံကုန်းတော်ပေါ် ၌ တင်ထား၍ ကမ္ဘာမှ တအံ့တသြ လာ ရောက် လေ့လာကြရလိမ့်မည်။ ဗုဒ္ဓသာ သနာကိုလည်း နေလိုလလို ထွန်းလင်း အောင် ဆောင်ရွက်နေပျမည်။ အဘ သည် မိစ္ဆာအန္ဓ၊ ဗာလ၊ အာဇီဝတွေကို လည်း သုတ်သင်ဖယ်ရှား ရှင်းလင်း၍ သာသနာကို ကမ္ဘာက ယုံကြည်ကိုးကွယ် ဆည်းကပ်စေရန် ကြိုးပမ်းအားထုတ်ပါ လိမ့်မည်။

စာရေးသူသိသမျှ မဟိဒ္ဓိလောက တွင် ရာဇကြီးခေါ် ရာဇခတ်ကို ကိုင် ထားသူမှာ အဘကိုယ်တိုင်ဟု သိနား လည်ထားပါသည်။ အခြားသော ပုဂ္ဂိုလ် များမှာ လောကကြီး၊ ဓမ္မကြီး၊ ဓနကြီး၊ ဇီဝကကြီး အစရှိသော အာဏာများ သာ ရရှိကြသည်ကို သိရှိရပါသည်။

ထို့ကြောင့် ပထမ နားမလည် မရှင့်ကျက်ခင်က အဘအုပ်ချုပ်နေတာ ဆိုသောစကားကို သဘောမပေါက်ခဲ့။ နောက်မှ တိုင်းပြည်၏ အရေးကိစ္စတို့၌ ကျူးကျော်လာမည့် တိုင်းတစ်ပါးတို့အား ဝိဇ္ဇာလှည့်ဝိဇ္ဇာမာယာဖြင့် လှည့်စားအနိုင် ယူကာ မြန်မာပြည်အားသက်သာစေရန် ဖန်တီးနေမှုကို တွေ့မြင်လာရသောအခါ မှ ယုံကြည်လက်ခံလာရပါသည်။

အဘပြောသောစကား -

'အသွင်ငယ်မတူ အရင်မူဟန် မပျက်လေဖူး သဘောဉာဏ် ပြောရန် ခက်ပါဘိ ဉာဏ်ထက်သူသုံး'

ဆိုသည်မှာ ရုပ်က အရင်လူ အရင် အတိုင်းဖြစ်သော်လည်း နာမ်ပြောင်းသွား သည်ကို ဉာဏ်ကြီးသူကသာ သိနိုင်မည် ဖြစ်ကြောင်း၊ နာမ်ပြောင်းသွား၍ ပြောပုံ ဆိုပုံ အနေအထိုင် ဣန္ဒြေရင့်ကျက်မှုကို နားလည်မှ ပုဂ္ဂိုလ်စစ်ပုဂ္ဂိုလ်မှန်ဖြစ်သည် ကို နားလည်နိုင်မှာ ဖြစ်ပါသည်။

နောက်စကားတစ်ခုမှာ -

'ဉာဏ်မမီသူတွေ သံသေသူ မှန် ရော့ထင်ရဲ့ အခြေကရှုပ်သမို့ မဟေလဲ သုတ် ဟေလဲသုတ်၊ သိသူတွေ ဖော်ကာ စား မသိသူတွေ ကျော်ကာသွားကာမို့ ငါပညာရှင်က သနား'

ဟုလည်း အဘက ပြောကြားခဲ့ဖူး ပါသည်။ အဘနှင့်ပတ်သက်လို့ ပြောပြ ချင်တဲ့အကြောင်းအရာတွေလည်း အများ ကြီးရှိသေးပါသည်။ နောင်အကြောင်း တိုက်ဆိုင်တဲ့အခါကျလျှင်လည်း ထပ်မံ ရေးသား ဖော်ပြပေးပါမည်။

၆၁၀



www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာ အရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ် သတ္တကနိပါတ် သုသီမဇာတ်တော်တွင် ဗြဟ္မဒတ်ဘွဲ့ခံမင်းတစ်ပါးဖြစ်၍ အလောင်းတော် သုသီမလုလင်အား မိမိမယ်တော်နှင့် ကြည်ကြည်ဖြူဖြူ လက်ထပ်ပေးကာ ထီးနန်းကိုပါ အပ်နှံခဲ့ဖူးပေသည်။

ထိုဇာတ်တော်၌ ဘုရားအလောင်းတော်သည် ဗာရာဏသီမြို့တော်တွင် ဗြဟ္မဒတ် ဟူသော ဘွဲ့မည်ခံမင်းတစ်ပါး၏ ပုရောဟိတ်မယား ပုဏ္ဏေးမထံမှ ဖွားမြင်လာ၏။ ဘုရားအလောင်းတော် ဖွားမြင်သောနေ့မှာပင် ဗြဟ္မဒတ်မင်း၏ မိဖုရားမှလည်း သားတော်လေးတစ်ပါး ဖွားမြင်လာ၏။ ဗြဟ္မဒတ်မင်းသည် မိမိ၏သားတော်နှင့် တစ်နေ့တည်းမှာ ဖွားမြင်သော ဗြဟ္မဒတ်နွယ်ဖွား သားငယ်လေးကို မိမိ၏သားတော်နှင့် ထပ်တူထပ်မျှ မေတ္တာသက်ဝင်ချစ်ခင်သဖြင့် ထိုသားငယ်လေးကို ရွှေနန်းတော်သို့ ခေါ်ယူ၍ မိမိ၏သားတော်နှင့်အတူ နို့ထိန်းတို့ထံ အပ်နှံ၏။ သားတော်ရင်းနှင့် မခြားရအောင် အပြုအစုအစောင့်အရှောက်တို့ ပေးထား၏။ သားတော်နှစ်ပါးတို့အတွက် အမည်မှည့်မင်္ဂလာသဘင် ကျင်းပသောအခါ ဝေဒကျမ်းတတ် ပုဏ္ဏားပညာရှင်ကြီးများက မင်းသားကလေးကို ထီးနန်းအုပ်ချုပ် မင်းလုပ်ကြရသော မျိုးနွယ်တို့၏ အစဉ်အလာအရ ခမည်းတော်ဘွဲ့အမည့်နှင့် ထပ်တူပင် ဗြဟ္မဒတ်မင်းသားဟု အမည်မှည့်ကြ၏။ ထို့နောက် ဖွားဖက်တော် မင်းသားလေးကိုမူ သုသီမသတို့သား ဟူ၍ အမည်မှည့်ပေးကြလေသည်။

ဗြဟ္မဒတ်မင်းသားနှင့် သုသီမလုလင်တို့သည် မင်းညီမင်းသားတို့၏ ထုံးတမ်းစဉ်လာအတိုင်း ပျော်ရွှင်ချမ်းမြေ့စွာ အတူတကွ နေထိုင်ရင်း မြူးထူးပျော်ပါး ဆော့ကစားရင်း ကြီးထွားလာခဲ့ကြ၏။ ပညာသင်ကြားရမည့်အရွယ်သို့ ရောက်သော ခမည်းတော် မင်းကြီးက သားတော်နှစ်ပါးစလုံးကိုပင် တက္ကသိုလ်မြို့တော်က ဒိသာပါမောက္ခဆရာကြီးထံ အပ်နှံ၍ မင်းညီမင်းသားတို့ တတ်ကျွမ်းထိုက်သော အဋ္ဌာရသအတတ်ပညာများ သင်ယူစေ၏။ မင်းသားနှစ်ပါးတို့ကလည်း ဒိသာပါမောက္ခဆရာကြီး သင်ကြားပေးလေသမျှ လိုလိုလားလား စိတ်အားထက်သန်စွာ သင်ယူကြသဖြင့် သုံးနှစ်အကြာတွင် ပညာစုံတတ်မြောက်ကြလေသည်။

ပညာစုံ၍ ရွှေဘုံရွှေနန်းသို့ ပြန်ရောက်လာသော ဗြဟ္မဒတ်မင်းကြီးက သားတော်ကို အိမ်ရှေ့မင်းအရာ အပ်နှင်း၏ အိမ်ရှေ့မင်းကလည်း မိမိ၏ဖွားဖက်တော်သုသီမအား မိမိနှင့်အတူတကွသာ နေစေ၍ မိမိနှင့်ထပ်တူထပ်မျှ စည်းစိမ်ချမ်းသာနှင့် အဆောင်အယောင်များ ပေးထားလေသည်။

ထိုအချိန်မှလွန်မြောက်၍ ကာလအတန်ကြာသောအခါ ခမည်းတော် ဗြဟ္မဒတ်မင်းကြီး နတ်ရွာစံ၏။ ဤတွင် မိဖုရားကြီးနှင့်တကွ မှူးကြီးမတ်ရာအပေါင်းက သားတော် အိမ်ရှေ့မင်းသား ထီးနန်းအရိုက်အရာ ဆက်ခံစေရန် သဘောတူ တင်မြှောက်ကြ၏။

အိမ်ရှေ့မင်းဘဝမှ ပြည့်ရှင်မင်းကြီးအဖြစ်သို့ အဆင့်တက်လာခဲ့သော်ငြားလည်း ဗြဟ္မဒတ်မင်းက သုသီမလုလင်အပေါ် ထားရှိလာခဲ့သော မေတ္တာတရားတို့က ပြောင်းလဲမသွားပါချေ။ ချစ်ခင်မြဲ ချစ်ခင်၍ ချီးမြှောက်မြဲ ချီးမြှောက်ထား၏။ ထို့ပြင် မိမိက မင်းပျိုမင်းလွင်ဖြစ်သည်နှင့်အညီ မိမိ၏တိုင်ပင်ဖော်တိုင်ပင်ဖက်ဖြစ်သော ပုရောဟိတ်ပညာရှိကိုလည်း မိမိနည်းတူ ပျိုရွယ်သူဖြစ်စေချင်၏။ ထို့ကြောင့် ခမည်းတော်

ညီတော်အာနန္ဒာ၏ပါရမီဇာတ်လမ်းများ

# ဝဏ္ဏာသိရိ

## အကြံအဖန်ဆံဖြူတစ်မျှင်





www.burmeseclassic.com

www.burmeseclassic.com

ထက်က အမှုထမ်းလာခဲ့သည့်ဖခင် ဟိတ် ပုဏ္ဏားကြီးကို အငြိမ်းစား သူ၏သားတော် သုသီမအား ဟိတ်အရာပေး၍ ချီးမြှောက်ထား သည်။

တစ်နေ့သောအခါ မင်းပျိုမင်းလွင် ဒတ်မင်းသည် ဆင်တော်စီး၍ မြို့ တစ်ခွင်လှည့်လည်ကာ ဗာရာဏသီ သားတို့၏ အဖူးမြော်ခံယူ၏။ ပုရော ဖြစ်သော သုသီမလုလင်ကိုလည်း တောင်ဆင်၏ နောက်ပိုင်းတွင် ပေးကာ အတူတကွ လိုက်ပါလာ ၏။ စီးတော်ဆင်ကြီး၏ရှေ့ပိုင်းမှာရှိ သော ဗြဟ္မဒတ်မင်းနှင့်တကွ နောက် သုသီမလုလင်တို့ နှစ်ဦးလုံးပင် ချစ်ရွှေသားကဲ့သို့ ဝါဝင်းစိုပြည်သော အရေရှိကြကုန်၏။ ယောက်ျားပျို အားမာန်အပြည့် တည်ရှိသော ယ်နေကိုယ်ထား ထွားကျိုင်းသန်မာ ည်အမျှ အချိုးအဆစ်လှပပြေပြစ်ကြ မျက်နှာအသွင်အပြင်မှာ မြင်မြင် သော ယောက်ျား၊ မိန်းမတို့ တစ်ကြိမ် ခါ ကြည့်ရှုရုံနှင့် အားမရနိုင်သဖြင့် ကြိမ်ကြိမ်အခါခါ ထပ်၍ထပ်၍ကြည့် ရအောင် ဆွဲဆောင်နိုင်စွမ်းရှိကြကုန် ထို့ကြောင့်လည်း ဗာရာဏသီမြို့ တော်သူမြို့တော်သားအပေါင်းက နေနှင့် ရွှေနှင့်မြပမာ လိုက်ဖက်ကြပါပေ၏ ချီးကျူးထောမနာပြုကြရပေသည်။

အချောအလှ မင်းပျိုမင်းလွင်နှစ် ပါးတို့ကို အားပါးတရ ရှုစားကြသူများ ထဲတွင် ဗြဟ္မဒတ်မင်း၏ မယ်တော် မိဖုရားဟောင်းလည်း ပါဝင်၏။ မယ် တော်မိဖုရားဟောင်းသည် ရာဟုလာ၏ မယ်တော် ယသော်ဓရာအလောင်းလျာ ဖြစ်၏။ အလောင်းလျာမယ်တော်သည် ဗြဟ္မဒတ်မင်းကလေးတုန်းက သားတော် ၏ ဘုန်းကျက်သရေကို ရှုမြင်ကာ ဝမ်း မြောက်ဝမ်းသာဖြစ်ရသော်ငြားလည်း ထို့ထက်ပိုမလာခဲ့ပေ။

သားတော်နှင့် ထပ်တူထပ်မျှချော မောလှပနေသည့် သုသီမလုလင်ကို မြင် လိုက်ရသည်တွင်ကား သူ၏ရင်တစ်ခွင် လုံး တစ်မျိုးတစ်ဖုံ တုန်လှုပ်လာရတော့ ၏။ သည်လုလင်ပျိုလေးသည် မိမိသား တော်နှင့် သက်တူရွယ်တူပါကလား။ မိမိ





www.burmeseclassic.com

www.burmeseclassic.com

ကမူ ထိုလုလင်ပျိုလေး၏ မိခင်အရွယ်ပါကလား။ ဤသို့အသိကတော့ အထင်အရှားရှိနေပါ၏။ သို့ပါလျက် လုလင်ပျိုလေးအပေါ် ရုတ်တရက် တိမ်းညွတ်လာခဲ့သည့် စိတ်အဟုန်ကိုတော့ တားမြစ်ရန် မစွမ်းနိုင်ပါချေ။ ယခုနေအခါမှာ မိမိကလည်း အလွတ်အလပ် အမျိုးသမီးတစ်ယောက်ဖြစ်နေပြီ။ ဒီလုလင်ပျိုလေးကလည်း လူပျိုကိုယ်လွတ်။ သည်တော့ သည်နှစ်ဦးအကြား ကွာခြားနေသည့် အသက်အရွယ်ကို သည်နှစ်ဦးသား၏ စွမ်းအားဖြင့် ကျော်လွှားရန် ခက်ပါဦးမည်လော။

ဤသို့သော အတွေးအကြံတို့အပြင် အခြားသော အကြောင်းတရားကလည်းရှိနေပါသေးသည်။ မယ်တော်မိဖုရားဟောင်းသည် ရာဟုလာမယ်တော်ယသော်ဓရာ၏ အလောင်းအလျာ ဖြစ်သည်နှင့်အညီ ဘုရားအလောင်းတော်နှင့်တကွ ဘဝပေါင်း မြောက်မြားစွာ အကြင်လင်မယားအဖြစ်ဖြင့် ပါရမီဖြည့်ဖော်ဖြည့်ဖက်များဖြစ်လာခဲ့သဖြင့် ထိုထိုဘဝကပါလာခဲ့သော ချစ်ခြင်းမေတ္တာအရှိန်အဝါကလည်း ထိုအခိုက်အတန့်လေးမှာမှ အားပြည့်အင်ပြည့် ရိုတ်ခတ်လာဘိ၏။

ဤသို့ ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော မေတ္တာနှောင်ကြိုးတို့က ရစ်ပတ်တုပ်နှောင်လာကြသဖြင့် မယ်တော်မိဖုရားဟောင်းမှာ အိပ်ရာထဲမှာ လူး၍လှိမ့်၍နေရပါတော့သည်။

ဤသို့သောအခြေအနေကို သားတော် ဗြဟ္မဒတ်မင်း မသိရသေးပါ။ သူသတိပြုမိသည်မှာ တွေ့နေကျ၊ မြင်နေကျအချိန်တွင် မိမိမယ်တော်ကို မတွေ့ရမမြင်ရခြင်းသာ ဖြစ်၏။ ထို့ကြောင့် မယ်တော်၏အဆောင်မှ အပျိုတော်တို့ကို မေးမြန်းကြည့်ရာ မယ်တော်မကျန်းမမာဖြစ်နေ၍ အိပ်ရာထက်တွင်လှဲနေရပါကြောင်း၊ အစာရေစာလုံးဝလက်မခံဘဲ ငြိုးဆန်နေပါကြောင်း လျှောက်တင်ကြ၏။

ဤတွင် သားတော် ဗြဟ္မဒတ်မင်းသည် မယ်တော်၏ အဆောင်တော်သို့ အလျင်အမြန် သွားရောက်ကာ မယ်တော်ကို ဦးခိုက်၍ မကျန်းမမာဖြစ်ရခြင်း အကြောင်းကို မေးမြန်း၏။ မေးသူဘက်က သိလိုရေးဖြင့် မေးမြန်းဖို့ မခက်ပါ။ ဖြေရမည့်သူဘက်ကတော့ ခက်လေစွ၊ ခက်လေစွ။ မိမိ၏ဖြစ်ရပ်မှန်ကို မိမိ၏ သားတော်အား ဘယ်လိုလုပ်ပြီးပြောရပါ့မလဲ။

မယ်တော်ဘက်က အခက်အခဲရှိနေပုံကို အကဲခတ်မိသဖြင့် ဗြဟ္မဒတ်မင်းသည် မယ်တော်အထံမှ အသာအယာ ပြန်ထွက်လာခဲ့၏။ သို့ရာတွင် မယ်တော်၏ အခြေအနေမှာ ကြုံတွေ့နေသည့် ပြဿနာအခက်အခဲကို မဖြေမရှင်းနိုင်ပါက အသက်ကိုပင် အန္တရာယ်ပြုနိုင်မည့် အလားအလာကို တွေ့မြင်ထားရ၏။ ထို့ကြောင့် ထိုအရင်းခံပြဿနာကို မိမိအနေနှင့် မသိသိအောင် လုပ်ယူမှ ဖြစ်မည်။ မယ်တော်အသက်ရှင်နေရေးအတွက် ဘယ်လိုကိစ္စပဲဖြစ်ဖြစ် ဆောင်ရွက်ပေးမည်။ ဤသို့ဆောင်ရွက်နိုင်ရန် မယ်တော်၏ အတွင်းရေး ပြဿနာကို သိကို သိမှ ဖြစ်ပေမည်။ မယ်တော်၏ အတွင်းရေးပြဿနာကို သိနိုင်ရေးမှာ မိမိစွမ်းအားနှင့်တော့ မဖြစ်နိုင်ပြီ။ သည်တော့ မိဖုရားကို မိမိကိုယ်စားလွှတ်ကြည့်မှတော်ချိမ့်မည်။

ဗြဟ္မဒတ်မင်း၏ တွေးဆချက်မှန်သွားပါသည်။ မယ်တော်မိဖုရားဟောင်းအနေနှင့် မိမိ၏ သားတော်အား ပြောကြားဖို့ ခက်နေသော်ငြားလည်း ချွေးမနှင့်ကျတော့ မခက်ခဲတော့ပါ။ မိန်းမသားအချင်းချင်းဖြစ်နေ၍ အကြောင်းရင်းမှန်ကို ပွင့်ပွင့်လင်းလင်းပြောပြလိုက်ပါသည်။

ဖြစ်ရပ်မှန်ကို ကြားလိုက်ရသည့် တစ်ခဏတွင် ဗြဟ္မဒတ်မင်းမှာ တအံ့တသြဖြစ်သွားရ၏။ ဘယ်တုံးကမှ ဤသို့ ဤပုံဖြစ်လာလိမ့်မည်ဟု တွေးတောမကြည့်ခဲ့ဖူး၍ဖြစ်၏။ ထိုအံ့သြစိတ်တို့နောက်မှာတော့ အလိုမကျသည့် ဒေါသစိတ်များဖြစ်ပွားမလာကြပါ။ တစ်ဖက်ကချစ်လှစွာသောမယ်တော်၊ တစ်ဖက်ကလည်း အချစ်ဆုံးသူငယ်ချင်း။ အသက်ချင်းက ကွာခြားနေသော်ငြားလည်း အလွတ်အလပ်ဖြစ်နေကြတာချင်းတော့ တူနေကြ၏။ သည်တော့ ဗြဟ္မဒတ်မင်းအဖို့ ရှေ့မှာလုပ်ရမည့်တာဝန်က အထင်းသား အရှင်းသားဖြစ်နေပါပြီ။

သို့ဖြစ်၍ ဗြဟ္မဒတ်မင်းသည် သုသီမလုလင်နှင့် နှစ်ဦးချင်းတွေ့ဆုံကာ မယ်တော်၏ အခြေအနေကို ပြောပြရ၏။ မယ်တော်၏ အသက်ကို ဆက်ပေးရန် တောင်းပန်ရ၏။ သုသီမဘက်က ဖွားဖက်တော် သူငယ်ချင်းအတွက် ဆောင်ရွက်ပေးရမည်ဆိုပါက အသက်အားကိုပင် မငဲ့လိုပါ။ သို့ရာတွင် ချစ်သူငယ်ချင်း၏ မိခင်ကို မယားပြုရမည့်အရေးက ခက်လှပါကလား။ အလွန့်အလွန် မျက်နှာပူစရာကြီးပါကလား။ ထို့ထက်ပို၍ ခက်တာက မိမိအား မယ်တော်နှင့် စုံဖက်ပေးပြီးလျှင် ထီးနန်းကိုပင် လွှဲပေးပါဦးမည်တဲ့။ သူကတော့ ရာဇပလ္လင်မှဆင်းကာ အိမ်ရှေ့မင်းအဖြစ်နဲ့နေပါရစေတဲ့။

လက်ခံရန် ခက်ပြီးရင်းခက်နေသောကိစ္စများဖြစ်နေ၍ သုသီမလုလင်မှာ အကျောက်အကန် ငြင်းရပါ၏။ သုသီမဘက်က အငြင်းသန်သည်နှင့်အမျှ ဗြဟ္မဒတ်မင်းကလည်း ဖွဲကောင်းလှပါ၏။ မယ်တော်၏ အသက်ကို ကယ်တင်ရန်မှာ ဤကိစ္စ အောင်မြင်သွားပါမှ ချောမောမည်ဖြစ်၍ သူငယ်ချင်းကို ထပ်၍ထပ်၍ တောင်းပန်ရ၏။ သုသီမလုလင်ဘက်ကလည်း ငြင်းရင်းငြင်းရင်းနှင့်ပင် ငြင်းပယ်၍မရနိုင်ကောင်းသည့် အခြေအနေကို သဘောပေါက်လာသဖြင့် သက်ပြင်းကြီးတစ်ချက်ချကာ ခေါင်းညိတ်လိုက်ရပါတော့သည်။

သို့ဖြစ်၍ မကြာခင်ကမှ မင်းပြောင်းမင်းလွှဲဖြစ်ခဲ့ရသော ဗာရာဏသီ နန်းတော်တွင် မင်းပြောင်းမင်းလွှဲဖြစ်လာ[illegible]ပြန်၏။ ထီးဖြူကနက်အသစ်စက်စက်စိုက်ထူသည့် မင်္ဂလာသဘင် ဆင်ယင်ကျင်းပကြရပြန်၏။ ထိုမင်္ဂလာသဘင်[illegible] သုသီမမင်းမြတ်သည် မိဖုရားကို လက်ဆွဲကာ ရာဇပလ္လင်ပေါ်တက်လာ[illegible] မိဖုရားနှင့် အတူတကွ အဘိသိက်[illegible] သွန်းလောင်းခြင်းကိုခံယူ၏။ ထို့အတူ[illegible] ရာဇပလ္လင်ထက်မှဆင်းသက်လာခဲ့သော ဗြဟ္မဒတ်မင်းသားကလည်း အိမ်ရှေ့မင်း၏ရာထူးကို လက်ခံလေသည်။

သုသီမမင်းနှင့် မိဖုရားတို့သည် ရွှေဘုံရွှေနန်းထက်တွင် ရွှေလက်တော်[illegible]တွဲဆက်၍ နှစ်သက်ကြည်နူးစွာ စံ[illegible]လာခဲ့ကြ၏။ အထူးသဖြင့် မိဖုရားဖြစ်[illegible]မှာ ချစ်ချင့်စဖွယ် သားတော်နှင့် ရွယ်[illegible] ချောချောလှလှ မင်းပျိုမင်းလွင်လေး[illegible] ပေါင်းဖက်ရရုံမက ဘဝတစ်သက်[illegible]တွင် ပြည့်ရှင်မင်း၏ မိဖုရားအဖြစ်[illegible]ကံထူးလှစွာ နှစ်ကြိမ်နှစ်ခါ ရရှိသ[illegible] ဝမ်းမြောက်၍မဆုံးနိုင်အောင် ဖြစ်[illegible]၏။ မိမိ၏ဘဝကို အားရကျေနပ်[illegible]၏။

သို့ရာတွင် ထိုကဲ့သို့သော [illegible] မြောက်မှု၊ ထိုကဲ့သို့သောကျေနပ်မှု[illegible] ကြာကြာကြီးတော့မခံစားရပါ။ ရက်[illegible] များစွာ မကြာမီမှာပင် သုသီမမင်း[illegible] က သွေးအေးစပြုလာ၍ဖြစ်၏။ [illegible]



www.burmeseclassic.com

www.burmeseclassic.com

…သည် ဘုရားအလောင်းတော် ဖြစ် …အားလျော်စွာ ဘဝဘဝကဖြည့် …ဆည်းပူးလာခဲ့သော ပါရမီအဟုန် …ကြောင့် ရွှေဘုံရွှေနန်း၌ ကြာရှည်သဖြင့် …လျော်နိုင်ပါ။ လိုရာမတ ရယူခံစား …သည့် မင်းစည်းစိမ်ထက် ရသေ့ …တို့၏ ဈာန်သမာပတ်ချမ်းသာ …ပိုမို၍ လိုလားတောင့်တ၏။ ထို့ …ကြောင့် စည်းစိမ်ချမ်းသာ ခံစားဖော် …တ်မိဖုရားကို ခပ်ခွာခွာပြုလာခဲ့ရာ …ပိုင်းတွင် လုံးလုံးကြီးခွာရှောင်ကာ …တည်းသာစံနေပါတော့သည်။

ဤတွင် မိဖုရားမှာ နေမထိထိုင် …ဖြစ်ရတော့၏။ သည်တစ်ခါ ခံစား …က တိုယခင်အိပ်ရာထဲလဲနေရတာ …ပိုဆိုးနေ၏။ ဟိုတုန်းက ရလိုယူလို …က်လိုသည့် ဝေဒနာ။ ယခုဟာက …ပြီး ပေါင်းဖက်ပြီးတာကို လက် …တ်လိုသည့်ခံစားချက်။ ဤသို့ယောက် …ဘ်နေတုန်းမှာပင် မောင်တော် …ဘက်က စိမ်းကားလာရခြင်း …ကြောင်းကို စဉ်းစားကြည့်ရာ မိမိ …က ချို့တဲ့ချက်ကို မြင်လာရတော့ … တကယ်တော့ မိမိတို့နှစ်ဦးက သား …အရွယ်တွေပါကလား။

သည်တော့ သည်လို အရွယ်ကွာ …သည့် တံတိုင်းကြီးကို ဘယ်လိုဖြိုရ …လဲ။ မိမိဘက်က အသက်အရွယ်ကြီး …သာတာကို ပြန်၍ နုပျိုအောင်လုပ် …နိုင်ပါ။ ကြိုကြားကြိုကြား ဖြူဖြူလာ …သည့် ဆံပင်များကို ဘယ်လိုမှမတားမြစ် …။ သည်တော့ အိုနေတဲ့သူကို ပျို …အောင်မလုပ်နိုင်လျှင်ရှိစေ။ ပျိုနေသူကို …အောင်လုပ်လို့ကော မရနိုင်ပေဘူး …။ ရုပ်ရည်ကို အိုအောင်လုပ်လို့ မရ …သော်လည်း စိတ်အိုလျှင်ကော နှစ်ဦး …တ်သီ၍မသွားပေဘူးလား။

…သည့်ရတနာအတုံးအခဲနှင့် …ခပ်၍မရနိုင်လောက်အောင် အဖိုး …တန်လှစွာသော ဤအကြံအစည်ကို …ကောင်အထည်ဖော်နိုင်ရေးအတွက် …ားသည် အခါအခွင့်ကို စောင့်စား …၍ မကြာမီမှာပင် အခါအခွင့်က … ပေါက်လာ၏။ သုသီမမင်းသည် …သငယ်ချင်းက လက်ထပ်ပေးထား …ကြောင့် မိဖုရားလိုဆက်ဆံလာခဲ့ရသော် …သည်း မိမိ၏ မိခင်အရွယ် ဖြစ်နေ …ကြောင့် မိခင်အလား အလေးထားလာ …၏။ ထို့ကြောင့် မိဖုရားအဖြစ်ဖြင့် …ဆက်အဆံမရှိတော့သော်ငြားလည်း …င်တဲ့သို့သောအနေအထားဖြင့် ဆံပင်များ ဖြီးသင်ပေးတာကိုတော့ အကြည်အသာ ခံယူနိုင်၏။

သို့ဖြစ်၍ တစ်ခုသောနံနက်ခင်း၌ မိဖုရားက သုသီမမင်း၏ ဆံပင်များကို ဖြီးသင်ပေးနေစဉ် ထိတ်လန့်တုန်လှုပ်လှုသောအသံဖြင့် -

"အို -အရှင်မင်းမြတ်၊ အံ့ဖွယ်သရဲရှိလှပါကလား။ အရှင်မင်းမြတ်ရဲ့ ဦးခေါင်းတော်မှာ ဆံပင်ဖြူတစ်ပင်တောင် ပေါက်နေပါပေါ့ကလား"

ဟု လျှောက်တင်လိုက်၏။

ဤတွင် သုသီမမင်းက -

"ရှင်မ၊ ဆံပင်ဖြူလာရင် အိုလာလို့ပေါ့။ ပျိုပြီးရင် အိုလာတာ သဘာဝပဲလေ။ ဘာများထူးဆန်းလို့ပါလဲ။ ကိုင်း- အဲဒီ ဆံပင်ဖြူတစ်ပင်ကို နုတ်ယူပြီး ပြစမ်းပါဦး"

ဤသို့ မိန့်ကြားလိုက်သဖြင့် မိဖုရားသည် သုသီမမင်း၏ ဆံပင်များထဲက ဆံပင်တစ်မျှင်ကို ရွှေမွေးညှပ်ဖြင့် နုတ်ယူလိုက်၏။ ထို့နောက် ဆံပင်ဖြူတစ်မျှင်ကို သုသီမမင်း၏လက်သို့ ပေးဆက်လိုက်၏။ တကယ်တော့ သုသီမမင်းမှာ ဆံပင်မဖြူသေးပါ။ ထိုဆံပင်များထဲက ဆံပင်အနက်တစ်မျှင်ကို နုတ်ယူပြီးမှ ထိုဆံပင်ကို မမြင်အောင် စွန့်ပစ်ကာ မိမိဦးခေါင်းမှ ကြိုတင်၍ နုတ်ယူထားသော ဆံပင်ဖြူကို ဆက်သလိုက်ခြင်း ဖြစ်ပေသည်။

ဤဆံပင်ဖြူတစ်မျှင်ကို စူးစူးစိုက်စိုက် ကြည့်ရှုကာ သုသီမမင်းသည် တိုးတိုးသက်သာရေရွတ်မိ၏။

"ဩော် - သုသီမ၊ သုသီမ။ မင်းဟာ မိုက်တွင်းနက်လှပါကလား။ ရှုံ့ဗွက်ထဲက ရုန်းမထွက်နိုင်တဲ့ ဝက်တစ်ကောင်ပါပဲကလား။ မင်းကသာ မင်းကိုယ်မင်း အရွယ်နုသေးတယ်ထင်ထားတယ်။ တကယ်တော့ ဆံပင်တွေတောင် ဖြူနေပါပေါ့ကလား။ ဆံပင်တွေဖြူလာလို့ တောထွက်ပြီး တရားမကျင့်နိုင်ရင် မင်းမှာ လူဖြစ်ကျိုးနပ်ပါတော့မလား"

ဤသို့သော ရေရွတ်သံများ ကြားရခါမှ မိဖုရားက မိမိအကြံအစည်တွေ လွဲချော်သွားလေပြီဟု ထိတ်လန့်တကြားဖြစ်ရ၏။ မိမိမျှော်လင့်ထားတာက မိမိကလည်း ဆံပင်ဖြူဖြူ၊ သူ့ဘက်ကလည်း ဆံပင်ဖြူဖြူ၊ အဖြူအဖြူချင်း အရွယ်တော် တစ်ဆိတ်ဟိုင်းတာချင်းအတူတူ ကြည်ဖြူကြရလျှင် မကောင်းပေဘူးလား။

ယခုတော့ မိမိမျှော်လင့်ထားခဲ့တာနှင့် ဆန့်ကျင်ဘက်ကြီးဖြစ်သွားချေပြီ။ စောစောကမှ ရွှေနန်းပေါ် မပျော်နိုင် မရွှင်နိုင်ဖြစ်နေသူကို တစ်ခါတည်းတောထဲ တွန်းပို့လိုက်သကဲ့သို့ ဖြစ်သွားချေပြီ။ ထို့ကြောင့် မိဖုရားသည် သုသီမမင်း၏ ခြေအစုံ၌ ဦးခိုက်ကာ -

"အရှင်မင်းမြတ်ဘုရား၊ ကျွန်မရဲ့အပြစ်ကို သည်းခံတော်မူပါ။ ကြံမိကြံရာမိတာကို ခွင့်လွှတ်တော်မူပါ။ အရှင်မင်းမြတ်ကို လက်လွှတ်လိုက်ရမှာ စိုးလွန်းလို့ ဘုရားကျွန်မ မကြံကောင်း မစည်ကောင်းပြုခဲ့မိပါတယ်။ တကယ်တော့ အရှင်မင်းမြတ်လက်တော်မှာ ဆက်သခဲ့တာက ဘုရားကျွန်မရဲ့ ဦးခေါင်းကပါ ဘုရား"

"ဩော် - မိဖုရားရယ်၊ အခု မအိုသေးတော့လည်း နောက်တော့ အိုလာမှာပဲ မဟုတ်ပါလား"

"အရှင်မင်းမြတ်ဟာ တော်တော်နဲ့ မအိုနိုင်သေးပါဘူး။ အခုနေမှာ မင်းပျိုမင်းလွင်သာရှိပါသေးတယ်။ အင်မတန်မှ ရှုချင့်စဖွယ် အရွယ်ကောင်းပါ။ မြေကြီးထဲက ထိုးဖောက်ပြီး ထွက်လာခါစ အညွန့်အညောက်နဲ့ တူလှပါတယ်။ ဒီတော့ ဘုရားကျွန်မနဲ့အတူတူ ရွှေထီးရွှေနန်းမှာ ပျော်ပျော်ကြီး စံမြန်းတော်မူပါဦး ဘုရား"

"အို - မိဖုရားရယ်၊ ရုပ်အဆင်းနုပျိုခြင်းဆိုတာ နောက်ဆုံးတော့ အိုရတာပဲ မဟုတ်ပါလား။ ဒီတော့ ပျိုလေသမျှ အိုကြရတဲ့အတွက် ရုပ်တရားတွေမှာ အပြစ်ရှိသလိုပါပဲ။ အဲဒီရုပ်ဝတ္ထုတွေ၊ ခံမင်စရာ ကာမဂုဏ်အာရုံတွေကို မစွန့်နိုင်မလွှတ်နိုင်တဲ့ စိတ်ဆန္ဒတွေကလည်း နှောင်ကြိုးတွေပါပဲ။ ရှေးရှေးက သူတော်စင်တွေဟာ အဲဒီကြိုးတွေကို အပိုင်းပိုင်းအပြတ်ပြတ် ဖြတ်တောက်ပြီးတော့ လူ့ရပ်လူ့ရွာကခွာခဲ့ကြတယ်။ ဒီတော့ သူတို့ရဲ့ ကောင်းမြတ်တဲ့ကျင့်ထုံးကို နှလုံးမူပြီးတော့ ဒီနေ့ပဲ တောထွက်တော့မယ်။ မတားပါနဲ့တော့မဆီးပါနဲ့တော့နော်"


ဤသို့ မိဖုရားကို ဖျောင်းဖျောင်းဖျဖျ နားချပြီးလျှင် အလောင်းတော် သုသီမမင်းသည် အိမ်ရှေ့စံ ဗြဟ္မဒတ်မင်းသားကို ခေါ်ယူ၍ ထီးနန်းကို ပြန်လည် အပ်နှံ၏။ ထို့နောက် တစ်နန်းတော်လုံး ယူကျုံးမရ တသင့်ကြွေးနေသူများကို ကျောခိုင်းကာ ဟိမဝန္တာတောကြီးဆီသို့ ထွက်ခွာခဲ့လေသည်။

ဝဏ္ဏသိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com



ပထမံဆရာဦးအေးရွှေ

# ပထမံဝိဇ္ဇာဓရထွက်ရပ်ပေါက်လောကီပညာနှင့် ကျေးဇူးရှင်စစ်ကွင်းဆရာတော်ကြီး

## ဘိုးဘိုးကြီး၏အမိန့်ဖြင့်ဘုရားတည်ခြင်း

စစ်ကွင်းဆရာတော်သည် ရသေ့တောင်ရှိ သူ၏ တရားအားထုတ်နေကျနေရာတွင် တရားအားထုတ်နေစဉ် ပုဆိုးအနက်ကွက်တုံးကြီး ဝတ်ထားပြီး ခန္ဓာကိုယ်အထက်ပိုင်းတွင် အောက်ခံစွပ်ကျယ်ကို ဝတ်ထားပြီး ထိုအပေါ်မှ တိုက်ပုံအင်္ကျီကို ထပ်ဝတ်သည့် အဘကြီးတစ်ယောက် စစ်ကွင်းဆရာတော်ထံသို့ရောက်ရှိလာလေ၏။

စစ်ကွင်းဆရာတော်က အဆိုပါ အဘကြီးအား -

"အသင်မည်သူနည်း"

ဟု မေးရာ အဆိုပါ ပုဂ္ဂိုလ်ကြီးက သူသည် ကျိုက်ထီးရိုးတောင်ပိုင်ဘိုးဘိုးကြီး ဖြစ်ကြောင်း ဖြေဆိုလေ၏။

ထို့နောက် အဆိုပါ ပုဂ္ဂိုလ်ကြီးက ကုဋ္ဌာသယဘိုးဘိုးရသေ့ကြီးသည် စစ်ကွင်းဆရာတော်အား တွေ့လိုသည့်အကြောင်းနှင့် လာရောက် တွေ့ဆုံဖို့ မှာလိုက်ကြောင်း ပြောပြလေသည်။

ထိုအခါ ဆရာတော်ကလည်း-

"တွေ့ချင်ရင်လာတွေ့ပေါ့။ လိုက်ပြီးတော့တော့ မတွေ့နိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဟု ခပ်ပြတ်ပြတ်ပြောလိုက်လေ၏။

ထိုအခါ ကျိုက်ထီးရိုးတောင်ပိုင်ဘိုးဘိုးကြီးလည်း ဆရာတော် မိန့်လိုက်သည်ကိုမှတ်၍ ပြန်သွားလေ၏။

ကျိုက်ထီးရိုးတောင်ပိုင်ဘိုးဘိုးကြီး ပြန်သွား၍ သိပ်မကြာမီမှာပင် စစ်ကွင်းဆရာတော်၏ရှေ့ခပ်လှမ်းလှမ်းမှနေပြီး အနီးပင်တစ်ဖျားလောက်မြင်သည့်အရာတစ်ခု ပေါ်လာလေ၏။

စစ်ကွင်းဆရာတော်လည်း ထိုအရာကို သေချာစွာ ကြည့်ရှုလိုက်သောအခါ ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း သိရလေ၏။ သို့သော် အဆိုပါပုဂ္ဂိုလ်သည် မည်သူမည်ဝါမှန်းကား မသိရပေ။

ထို့ကြောင့် ဆရာတော်လည်း ထိုပုဂ္ဂိုလ်ကိုကြည့်ပြီး ကြောက်ကြောက်နှင့်သူ့လက်ထဲတွင် ခေါင်းရိတ်သည့် သင်တုန်းဓားကို ကျစ်ကျစ်ပါတောင် ဆုပ်ကိုင်ထားပြီး စိတ်ထဲ၌လည်း -

'အကယ်၍ ဤပုဂ္ဂိုလ်က ငါ့ကို တစ်ခုခုလုပ်လို့ကတော့ လက်ထဲမှာရှိတဲ့ ဒီသင်တုန်းဓားနဲ့လှီးပစ်မယ်'

ဟု စိတ်ကူးနေစဉ် အဆိုပါ ထန်းတစ်ဖျားခန့် မြင့်နေသော ပုဂ္ဂိုလ်ကြီးသည် တဖြည်းဖြည်းနှင့် သေးလာပြီး မူလနဂိုပုံမှန်လူတစ်ယောက်၏ အရွယ်ဖြစ်သွားသည်ကို တွေ့ရလေ၏။ ထိုအခါတွင်မှ အဆိုပါပုဂ္ဂိုလ်သည် အခြားသူမဟုတ်ဘဲ ကုဋ္ဌာသယဘိုးဘိုးရသေ့ကြီးဖြစ်နေသည်ကို တွေ့ရလေတော့၏။

ထို့နောက် ဘိုးဘိုးရသေ့ကြီးက -

"မောင်ပဥ္စင်း - ကျုပ်ရဲ့မီးထုံ၊ ရေထုံတွေကို အရင်ဘဝတွေက မင်းပဲ ထုံစောင့်ပေးခဲ့တယ်။ ယခုအခါ မြေထုံကူးတော့လည်း ထုံကျင်းကို မင်းပဲစောင့်ပေးခဲ့ရတယ်။ လုပ်လက်စနဲ့ တစ်ခါတည်း





www.burmeseclassic.com

www.burmeseclassic.com

ဘုရားထပ်ပြီးတည်ပေးပါဦး"

ဟု ပြောလာလေ၏။

ထိုအခါ စစ်ကွင်းဆရာတော်က -

"ဘိုးဘိုးကြီး၊ အခုလည်း မြေထုံ အောင်ခဲ့ပြီးပြီ။ နောက်ဘုရားတည်ပေးရ ဦးမယ်။ အင်း - ဘုရားတည်တာက ဘာ ခက်တာမှတ်လို့၊ လွယ်လွယ်လေးပဲ"

ဟု ပြောလိုက်ပြီး စကားစကို အတန်ငယ်ဖြတ်ထားလိုက်၏။ ထို့နောက် စစ်ကွင်းဆရာတော်သည် အတန်ငယ် စဉ်းစားလိုက်ပြီးနောက် သူ၏စကားစကို ပြန်ဆက်လေ၏။

"ဘိုးဘိုးရသေ့ကြီး၊ ဘုရားတည် ပေးပါမယ်၊ အဲဒီလိုတည်ပေးတဲ့အတွက် ဘာပေးမှာလဲ"

ဟု မေးလိုက်၏။

ထိုအခါ ဘိုးဘိုးကြီးက -

"ကျုပ်ကို ဘုရားတည်ပေးရင် ရွှေ ငွေတွေမှအပဖြစ်တဲ့ ဘာမဆိုမင်းလိုတာ ကို ငါပေးမယ်"

ဟု ကတိပြုပြောဆိုလာလေ၏။

ထို့ကြောင့် စစ်ကွင်းဆရာတော် လည်း ဘိုးဘိုးရသေ့ကြီးအား ဘုရား တည်ပေးမည်ဖြစ်ကြောင်း ကတိပြု ဖြေ ကြားလိုက်၏။ ထို့နောက် စစ်ကွင်း ဆရာတော်သည် ရန်ကုန်မြို့သို့ ခေတ္တ ခဏ ပြန်လာခဲ့လေ၏။

ထို့နောက် ဆရာတော်လည်း ဘိုးဘိုးရသေ့ကြီးအတွက် ဘုရားတည် ပေးရန် ရန်ကုန်မြို့မှ ဘုရားလှူကြီး ဦးဘိုးစော၊ ရေနံချောင်းမှ ဆရာတော် ဦးနန္ဒဝံသနှင့် အခြားရဟန်းတစ်ပါးတို့ ကိုခေါ်၍ ကျိုက်ထီးရိုးဘုရားရှိ ရသေ့ တောင်သို့ လာခဲ့ကြလေ၏။

ရသေ့တောင်သို့ ရောက်ရှိသော အခါ နံနက်ပိုင်း ဖြစ်၏။ သူတို့သည် ဘုရားတစ်ဆူတည်ရန် နေရာရှာကြ၏။ သို့သော် မည်သို့ပင် နေရာရှာသည်ဖြစ် စေ နေရာအကွက်ကောင်းကို ရှာမရနိုင် ဘဲ ဖြစ်နေလေ၏။ ဤသို့ဖြင့် တဖြည်း ဖြည်း နေမြင့်လာခဲ့ရာ (၁၁) နာရီထိုး လောက်ပင် ရှိနေပြီ ဖြစ်၏။ ထိုအခါ ဆရာတော်လည်း ပင်ပန်းလွန်းလှသဖြင့် မောမောနှင့် သစ်ပင်ရိပ်ကောင်းကောင်း တစ်ခုတွင် ထိုင်နားလေ၏။

ထိုအချိန်တွင် စစ်ကွင်းဆရာတော် အမောဖြေထိုင်နားနေသည့် နေရာနှင့် မလှမ်းမကမ်းတွင် ခပ်ရွယ်ရွယ်ရသေ့ မလေးတစ်ဦးသည် ဝါးကျည်တောက် ဖြင့် ရေထမ်းလာသည်ကို တွေ့ရလေ၏။ ထိုအခါ ဆရာတော်က ရသေ့မလေး အား-

"ဘယ်နေရာမှာ သီတင်းသုံးပါ သလဲ"

ဟု မေးလိုက်ရာ အဆိုပါ ရသေ့မ လေးက -

"ဒီတောင်မှာပဲနေပါတယ်"

ဟု ပြန်ဖြေလေ၏။

ထိုအခါ ဆရာတော်က မိန်းက လေးတစ်ယောက်တည်း တောထဲ ဘာ သဘောနဲ့လာပြီးနေရတာလဲ ဟူသော သဘောဆောင်သည့်ခပ်ရွှတ်ရွှတ်စကား ကို စ,နောက်သည့်သဘောဖြင့် ဆိုလိုက် ၏။ ထိုသို့ဆိုသော်လည်း အဆိုပါ ရသေ့ မလေးသည် မည်သို့မျှ တုံ့ပြန်ပြောဆို ခြင်းမပြုဘဲ ခပ်တည်တည်အမူအရာမျိုး ဖြင့်သာနေလေ၏။

ထို့ကြောင့် ဆရာတော်လည်း နောက်ထပ် မေးခွန်းတစ်ခုကို ထပ်မေး လေ၏။

"ဒါနဲ့ ရသေ့မလေးအသက်ဘယ် လောက်ရှိပါပြီလဲ"

ဟု မေးလိုက်သောအခါ ရသေ့ မလေးက -

"အသက် (၁၀၀) ကျော်ပါပြီ ဘုရား"

ဟုပြန်ဖြေလိုက်သောအခါ ဆရာ တော်လည်း အံ့ဩသွားပြီး -

"နာမည်ကကော ဘယ်လိုခေါ်ပါ သလဲ"

ဟု မေးရာ ရသေ့မလေးက -

"စံပယ်၊ အမေစံပယ်လေ"

ဟု ပြန်ဖြေလိုက်သောအခါတွင် မှ စစ်ကွင်းဆရာတော်လည်း ပို၍ပင် လန့်ဖျပ်သွားရလေတော့၏။

ထိုအခါတွင်မှ စစ်ကွင်းဆရာ တော်လည်း ထိုနာမည်ကို ကြားဖူးပါ သည်ဟူပြီး အသည်းအသန်ပြန်စဉ်းစား သောအခါတွင်မှ သူ၏ဆရာ ဆရာ တော် ဦးကုန္တသဖ ပြောပြခဲ့ဖူးသည့် ပထမဝိဇ္ဇာရေထွက်ရပ်လမ်းစဉ်၏ ထွက် ရပ်ပေါက်ပုဂ္ဂိုလ်များစာရင်းကို သွား၍ သတိရမိတော့၏။ ထိုပထမလမ်းစဉ် ထွက်ရပ်ပေါက်စာရင်းတွင် အမျိုးသမီး နှစ်ဦးပါ၏။ ထိုပုဂ္ဂိုလ်နှစ်ဦးမှာ အမေ စံပယ်နှင့် အမေနီတို့ ဖြစ်၏။ ထိုအခါ တွင်မှ အမေစံပယ်သည် ပထမလမ်းစဉ် ၏ ထွက်ရပ်ပေါက်မယ်တော်တစ်ဦးဖြစ် ၏။ စစ်ကွင်းဆရာတော်သည် အမေ စံပယ်အား နာမည်သာ ကြားခဲ့ဖူး၏။ လူကိုယ်တိုင် တစ်ကြိမ်တစ်ခါမျှ မတွေ့ ခဲ့ရဖူးပေ။ ယခုအခါတွင်မှ နဖူးတွေ့ ဒူးတွေ့တွေ့ဖူးခြင်း ဖြစ်၏။

စင်စစ် အမေစံပယ်သည် ကုက္ကုစ္စာ သယရသေ့ဘိုးဘိုးကြီး၏ မွေးစားသမီး ဖြစ်၏။ ထို့ကြောင့် အမေစံပယ် ယခု အခါ ရောက်လာခြင်းသည် အကြောင်း မဲ့ရောက်လာခြင်းမဟုတ်။ ဘိုးဘိုးရသေ့ ကြီး ခိုင်းလိုက်သဖြင့်သာ လာရောက် ခြင်း ဖြစ်တန်ရာသည်ဟု စစ်ကွင်းဆရာ တော်လည်းတွေးမိပြီး အမေစံပယ်အား ချက်ချင်းပင် ရိုရိုသေသေ လေးလေး စားစား တောင်းပန်လိုက်ပြီးနောက် သူ ကြုံတွေ့နေရသော အခက်အခဲဖြစ်သည့် ဘုရားတည်ရန် နေရာရှာမရသည့် ပြဿနာအား အမေစံပယ်ထံ မေးလိုက် ၏။

ထိုအခါ အမေစံပယ်က ခပ်လှမ်း လှမ်းတွင်ရှိသော ဘန့်ပွေးပင်ကြီးရှိနေ ရာကို လက်ညှိုးထိုးညွှန်ပြပြီး အဲဒီနေ ရာမှာတည်ရန် အမေစံပယ်ကပြောလေ ၏။

စင်စစ် အမေစံပယ်သည် အမျိုး သမီး ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်တစ်ဦး ဖြစ်၏။ နှယ်နှယ်ရရ မဟုတ်ပေ။ သူမသည် အတိတ်ဘဝများစွာကတည်းက ဝိဇ္ဇာရေ အထုံအဆက်ပါလာသည့်ပုဂ္ဂိုလ်ဖြစ်၏။

ကုက္ကုစ္စာသယဘိုးဘိုးကြီး သထုံတွင် နေစဉ်ကတည်းက အမေစံပယ်သည် ရှေးဘဝဟောင်းက သမီး ဖြစ်၏။ အမေ စံပယ်သည် ငယ်စဉ်ကလေးဘဝ ပုခက် တွင်းရှိစဉ်ကတည်းက တစ်ကြိမ်ပျောက် သွားခဲ့ဖူး၏။ ပျောက်သွားပြီး မကြာမီ ပြန်ရောက်လာခဲ့၏။ ထို့နောက် သူမ အသက် (၁၆) နှစ်အရွယ်တွင် တစ်ကြိမ် ပျောက်သွားပြန်ခဲ့၏။ ထိုအခါတွင် အမေ စံပယ်သည် အိမ်သို့ လုံးဝပြန် မသွားတော့ပေ။ အရှင်ထွက်ထွက်သွား ခဲ့သည့်ပုဂ္ဂိုလ် ဖြစ်၏။

အမေစံပယ်နှင့်ပတ်သက်ပြီး ဆရာ ကြီးဦးဘဟန်က ပြောခဲ့ဖူးသည်မှာ သူ့ ထံတွင် အမေစံပယ်အား တိုက်သည့် စမတွဲ(၇)တွဲရှိကြောင်း ဆိုခဲ့ဖူးပါသည်။

ဤသို့ဖြင့် စစ်ကွင်းဆရာတော် ကြီးသည် ချက်ချင်းထသွားပြီး အမေ စံပယ်ညွှန်ပြသည့်နေရာအား ရှာဖွေသေ ၏။ သို့သော်လည်း ရှာ၍ကား မတွေ့ ဘဲဖြစ်ပြန်လေ၏။

ထိုသို့ ဒုတိယအကြိမ်မြောက် ဘုရားတည်ရန် နေရာအခက်အခဲဖြစ် နေစဉ် ဆရာတော်နှင့် အတူပါလာသူ (၃) ယောက်ထဲမှ တစ်ဦးအား ရသေ့ တောင်ရှိ တောင်ပိုင်ကြီးက ဝင်ပူး



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ တောင်ပိုင်ဝင်ပူးပြီးနောက် တောင်ပိုင်ကြီးသည် ထိုနေရာနှင့်မလှမ်းကမ်းရှိ အုတ်ခဲကြီးကြီးတစ်လုံးအား အုတ်ဖြင့် ထိုးကလော်လိုက်လေသည်။ အမှန်စင်စစ် ထိုအရာသည် အုတ်ခဲကြီးတစ်လုံးမဟုတ်ပေ။ တစ်ချိန်တုန်းက ဘုရားစေတီအဖြစ် တည်ရှိခဲ့ပြီး နှစ်ပေါင်းများစွာ ကြာသောအခါ ထိုဘုရားစေတီသည် ပြိုပျက်သွားပြီး နောက် အုတ်ပုံဘဝရောက်ခဲ့ရလေ၏။ ထို့နောက် နှစ်ပေါင်းများစွာ မိုးဒဏ်၊ နေဒဏ်ကို ခံရပြီးကာလ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ မြေကြီးထဲမြုပ်ဝင်နေခြင်း ဖြစ်၏။

ယခုအခါတွင် အုတ်နီခဲကြီးတစ်လုံးအဖြစ်ထင်မှတ်ပြီး ထိုးကလော်လိုက်သောအရာသည် အမှန်စင်စစ် ရှေးဟောင်းဘုရားပျက်၏အပိုင်းအစတစ်ခုပင် ဖြစ်ပေလိမ့်မည်။

ဖြစ်ချင်တော့ အဆိုပါအရာအား ထိုးကလော်လိုက်သည်နှင့်တစ်ပြိုင်နက် အောက်တွင်တွေ့ရသောအရာများကား အံ့ဩဖွယ်ကောင်းလေတော့၏။ ထိုအရာများ အခြားမဟုတ်။ ဘုရားဌာပနာပစ္စည်းများပင် ဖြစ်လေတော့၏။

အဆိုပါ တွေ့ရှိရသည့် ဘုရားဌာပနာပစ္စည်းများစာရင်းမှာ အောက်ပါအတိုင်း ဖြစ်၏။ ၎င်းတို့မှာ -

၁။ ဘုရားရှင်၏ ဆံတော်ထည့်ထားသည့် ကြုတ်တစ်လုံး၊

၂။ ဝိဇ္ဇာဓရလမ်းစဉ်တစ်ရပ်၏ အစမှသည် အဆုံးလမ်းစဉ်တိုင် (ထို့အပြင် ထုံကူးသည့်အဆင့်အထိ) အပြည့်အစုံ ရေးသားထားသော ပုရပိုက်တစ်ဆူ၊

၃။ ရွှေဘုရားတစ်ဆူ၊

၄။ ငွေဘုရားတစ်ဆူ

တို့ပင် ဖြစ်လေ၏။

အဆိုပါ ဘုရားဌာပနာပစ္စည်းများတွင် စစ်ကွင်းဆရာတော် အထူးစိတ်ဝင်စားသော ပစ္စည်းတစ်ခု ရှိ၏။ ထိုပစ္စည်းမှာ အခြားမဟုတ်။ ရွှေကြုတ်ဖြင့်ထည့်ထားသည့် ဆံတော် ဖြစ်၏။ ထိုဆံတော်နှင့် ပတ်သက်ပြီး ဆရာတော်၏ စိတ်ထဲတွင် ဖြစ်ပေါ်မိသည်မှာ -

'ငါအခုနေနဲ့ကလည်း ဝိဇ္ဇာမိုရ်မဖြစ်သေးဘူး။ နောက်ပြီး အန္တရာယ်ဘေးဘျမ်းထူပြောလှတဲ့ တောထဲတောင်ထဲမှာ ဂန္ဓာရီခရီးသွားနေရတယ်။ ဒါကြောင့် အန္တရာယ်ကင်းဖို့၊ ဆောင်ဖို့ပစ္စည်းကောင်းရှိထားဖို့ လိုတယ်။ ဒါကြောင့် အခုတူးဖော်တွေ့ရှိရတဲ့ဆံတော်ကို လက်တစ်ဆစ်လောက်ဖြတ်ယူထားပြီး ဆောင်ရင် ကောင်းမယ်'

ဟု မသင့်မလျော်သော အကြံအစည်တစ်ရပ်ကို စိတ်ကူးမိလေ၏။ ထိုမတော်မလျော်သော အကြံအစည်ကို ကြံစည်မိသည်နှင့်တစ်ပြိုင်နက် ဆရာတော်သည် ချက်ချင်းပင် သတိလစ်မေ့မြောလဲကျသွားလေတော့၏။

ထိုအခါ ဆရာတော်နှင့် အတူပါလာသောသူများသည် လွန်စွာစိုးရိမ်ထိတ်လန့်ပူပန်သွားကြလေ၏။ ဖြစ်သည့်နေရာကလည်း သူလူမနီးတောကြီးတောင်ကြီးထဲတွင် ဖြစ်၏။ နီးစပ်ရာဆေးရုံ၊ ဆေးခန်း ဆိုသည်မှာလည်း အထူးပင် ဝေးကွာလွန်းလှ၏။ ထို့ကြောင့် အကြံရကျပ် အခက်တွေ့ကြရလေတော့၏။ နောက်ဆုံးတွင် သူတို့သည် ကြံရာမရသည့်အဆုံး ရေဖြင့်တောက်လိုက်ရာ ဆရာတော်လည်း သတိပြန်ရလာလေ၏။ ထိုသို့ ဆရာတော် သတိမေ့မြောသွားသည်မှာ အချိန်အားဖြင့် နာရီဝက်ခန့်မျှပင် ကြာမြင့်လေ၏။

သတိပြန်ရလာသောအခါ ဆရာတော်၏ စိတ်ထဲတွင် ဤဆံတော်သည် အစစ်အမှန်ဖြစ်မည်။ လွန်စွာပင် တန်ခိုးလည်းကြီးလှပေသည်။ ထိုဆံတော်နှင့် ပတ်သက်ပြီး နောက်ထပ် အကြံအစည်တစ်ရပ်ကို ထပ်ကြံပြန်၏။ ထိုအကြံမှာ ဆံတော်မြတ်အား တန်ခိုးပြာဋိဟာပြစေလိုခြင်း ဖြစ်၏။ ထို့ကြောင့် စစ်ကွင်းဆရာတော်လည်း ဆံတော်အား ရိုသေလေးမြတ်ကော်ရော်စွာဖြင့် လက်ဖဝါးတော်အစုံဖြင့် လက်အုပ်ချီမိုးလိုက်ပြီး နှုတ်မှလည်း -

"အရှင်ဘုရား၊ ဤဆံတော်မြတ်သည် ဘုရားရှင်၏ ဆံတော်အစစ် ဖြစ်သည်ဆိုပါက တန်ခိုးပြာဋိဟာပြတော်မူပါ အရှင်ဘုရား"

ဟု အသံထွက်ပြီး လျှောက်ထားလိုက်လေ၏။

ထိုသို့ ဆရာတော်လျှောက်ထားပြီးသည်နှင့်တစ်ပြိုင်နက် တစ်သက်နှင့်တစ်ကိုယ် မကြံဘူး၊ မတွေ့ဘူး လွန်စွာတွေ့ကြုံရခဲလှစွာသော အဖြစ်ထူးကြီးသည် ပေါ်ပေါက်လာလေတော့၏။ ထို့ကြောင့် စစ်ကွင်းဆရာတော်နှင့်အတူပါလာသည့် ပုဂ္ဂိုလ်အားလုံးတို့သည် တအံ့တဩဖြစ်ကြရလေတော့၏။

ထိုအဖြစ်ထူးကြီးကား စစ်ကွင်းဆရာတော်တောင်းပန်လျှောက်ထားပြီးသည်နှင့်တစ်ပြိုင်နက် ဆံတော်မြတ်ထည့်ထားသည့် ရွှေကြုတ်ကလေးသည် အပေါ်တည့်တည့်ထောင်ပြီး ရောင်ခြည်များ လွှတ်ပြပါလေတော့၏။

ထိုအခါတွင်မှ ဆရာတော်လည်း ကြည်ညိုခြင်း၊ လေးမြတ်ခြင်း၊ ကြည်နူးခြင်း၊ ဝမ်းသာခြင်း၊ အံ့ဩခြင်းတို့နှင့်အတူ စိုးရိမ်ခြင်းတို့ပါ တွဲဖက်၍ တစ်ချိန်တည်း တစ်ပြိုင်တည်း ဖြစ်ပေါ်ရလေ၏။ ဆရာတော်၌ စိုးရိမ်ခြင်းသည် မည်သည့်အတွက်ကြောင့် ဖြစ်ပေါ်ရပါသနည်းဟူမူ ဆရာတော်သည် ဆံတော်မြတ်မှ တန်ခိုးပြာဋိဟာလွှတ်သည်ကို တွေ့ရသောအခါတွင်မှ -

ဤမျှ တန်ဖိုးမဖြစ်နိုင်သည့် ဆံတော်မြတ်သည်လည်းကောင်း၊ ဝိဇ္ဇာဓရလမ်းစဉ်ပုရပိုက်သည်လည်းကောင်း၊ ရွှေဆင်းတုသည်လည်းကောင်း၊ ငွေဆင်းတုစသည့် ရတနာစစ်၊ ဓမ္မစစ်၊ ပညာစစ်တို့သည် ခပ်ပေါ့ပေါ့မဟုတ်။ ထို့ကြောင့် သာမန် ပေါ့ပေါ့ဆဆလုပ်၍မဖြစ်ပေ။ လုံခြုံရေးမှအစ အထူးပင် ကြပ်မတ်ရတော့မည် ဖြစ်၏။ လွန်စွာမှလည်း တာဝန်ကြီးလာပြီ ဖြစ်၏။ အထူးသတိဝီရိယစိုက်၍ စောင့်ရှောက်ရတော့မည် ဖြစ်၏။ ထို့ကြောင့် ဘုရားမြန်မြန်ပြီးအောင်တည်ပြီး ဌာပနာလိုက်မှ သင့်လျော်မည် ဖြစ်ပေသည်။

ထို့ကြောင့်လည်း စစ်ကွင်းဆရာတော်သည် ထိုနေရာတွင် ဘုရားစတည်ရန် လုပ်ငန်းကို မြန်နိုင်သမျှမြန်အောင် စတင်ရန် ကြိုးစားပြီးသည်နှင့် တစ်ပြိုင်နက် ဘုရားဓာတ်ပန္နက်တော်ကို စတင်၍ချလိုက်ကာ အတောင်အထည်ဖော်လေတော့၏။

ဆရာတော်သည် ထိုဘုရားလျင်မြန်စွာ ပြီးစီး ထမြောက် အောင်မြင်စေရန် လွန်စွာ အားထုတ်ကြိုးပမ်းတော်မူ၏။ နေ့မအားညမနားလုပ်၏။ စေတီတော် ပြီးမြောက်ရန်ကိစ္စသည်လည်း ပေါ့သေးသေးမဟုတ်ပေ။ ငွေအား၊ လူအား၊ ပစ္စည်းအား၊ အကြံအား၊ ဉာဏ်အားအပေါင်းနှင့်တကွ အသိုင်းအဝိုင်းအင်အားတို့အပြင် ကုသိုလ်အင်အား၊ ပါရမီအင်အားများလည်း များစွာလိုအပ်လေ၏။

အထက်ပါ အကြောင်းအချက်တစ်ရပ်ရပ်သည် ချို့ယွင်းသွားပါက ထမြောက်အောင်မြင်သောစေတီတော်တစ်ဆူဖြစ်ပေါ်မလာနိုင်ပေ။ အကယ်၍



www.burmeseclassic.com

www.burmeseclassic.com

လိုသူများသုံးစေဖို့

# ကောင်းကျိုးမင်္ဂလာရတနာများ

မုဒိတာ(ကျိုက်လတ်)

### ဂုဏ်တော်ရှင်

*ကုတိပိသော ဘဂဝါ ပုဗ္ဗေနိဝါသ စက္ခုဉာဏ်၊*
*အရဟံ သမ္မာသဗ္ဗုဒ္ဓေါ ဒိဗ္ဗစက္ခု ဉာဏ်၊ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော*
*လောကဝိဒူ အာသဝက္ခယဉာဏ်၊*
*အနုတ္တရော ပုရိသ ဒမ္မသာရထိ သဗ္ဗညုတဉာဏ် စက္ခုဝိဉာဏဥ္စ၊*
*သတ္ထာဒေဝမနုဿာနံ ပူရေတွေ့ာပိ ဗုဒ္ဓေါ ဘဂဝါ။*

အိပ်ရာမှထချိန်တွင် ကြေးဖလားငယ်ဖြင့် ရေထည့်၍ (၉) ခေါက်ရွတ်ဆိုပြီးသောက်ပါ။ အကျိုးထူးတရားများ ရရှိလာပါလိမ့်မည်။

### နှုတ်ငုံလက်ဖွဲ့မန္တန်

ရွှေပြား၌ ဖြစ်စေ၊ ငွေပြား၌ ဖြစ်စေ၊ အောက်ပါအက္ခရာများ၊ အောက်ပါ ပုံစံအတိုင်းရေး၍ လက်ဖွဲ့ထိုးပါ။

| |
|---|
| ဉုံ တာဏာ လေဏာ စ ပါဏိနံ နံဏိပါ စ ဏာလေ ဏာတာ ဉုံ |

လက်ဖွဲ့ထိုးပြီးလျှင် ဘုရားဂုဏ်တော်ကို (၇)အုပ်စုပ်၍နှုတ်တွင်ငုံဆောင်ပါ။

**အညွှန်း -**

နှုတ်တွင်ငုံ၍ဆောင်ပါက သဗ္ဗသို့ မြောက်လျက် ပြောသမျှ၊ ပြုသမျှ၊ လုပ်သမျှ အောင်မြင်၏။ အလွန်အရေးကြီးသောကိစ္စနှင့်ကြုံပါက ၎င်းလက်ဖွဲ့ကို မျိုချပါ။ ကိစ္စပြီးလျှင် ၎င်းလက်ဖွဲ့ပြန်၍ အန်လာလိမ့်မည်။ နံ့သာရည်ဖြင့်ဆေးပြီး ဆောင်မြဲဆောင်ထားပါ။

### သဗ္ဗသိုနှုတ်ငုံလက်ဖွဲ့

ပီယသိုနှင့် သဗ္ဗသိုအတွက် အောက်ပါအက္ခရာများကို ရွှေပြားတွင်ဖြစ်စေ၊ ငွေပြားတွင်ဖြစ်စေ အောက်ပါ ပုံစံနှစ်မျိုးမှ တစ်မျိုးမျိုးဖြင့် မိမိကြိုက်သလိုရေးပါ။

ပုံစံ (၁) -

ကွ သွာ သု - သု သွာ ကွ

သို့မဟုတ်

ပုံစံ (၂) -

ကွ သွာ သု
သု သွာ ကွ

ဤကဲ့သို့ သေချာကျနစွာ ရေးပြီးလျှင် လက်ဖွဲ့ထိုးပါ။ ၎င်းလက်ဖွဲ့ကို ဘုရားရှေ့တော်မှာ သရဏဂုံသုံးပါးနှင့် (၃၇) အုပ်စုပ်ပါ။ ဘုရားဂုဏ်တော်နှင့်လည်း (၃၇) အုပ်စုပ်ပြီးလျှင် နှုတ်တွင်ငုံ၍ ဆောင်ပါ။

### အမျက်ပြေဂါထာမန္တန်

မိမိအားအမျက်ဒေါသရှိနေသောသူ၏ မျက်နှာကို စေ့စေ့ကြည့်ပြီးလျှင် အောက်ပါ ဂါထာမန္တန်နှင့် တတ်အားသရွေ့ ရွတ်ရမည်။

ဉုံ ပိယေဟိ မမ ပိယေဟိ သိန္နေ ဟံ အာဂစ္ဆတ္တု။
အာဂစ္ဆန္တုသာ သဗ္ဗကုတ္တိ ပုရိသ စိတ္တံ မိုင်းမှိုင်းသွာဟ။

**အညွှန်း -**

ဤသို့ အမျက်ဖြစ်နေသူ၏ မျက်နှာကို စေ့စေ့ကြည့်၍ရွတ်ပါက အခြားသူကို မဆိုထားပါနှင့်။ မိမိအသက်ကို အန္တရာယ်ပြုရန် လာသောသူပင်လျှင် လက်နက်ချ၍ အမျက်ပြေပျောက်မည်ဖြစ်သည်။

### အက္ခရာဆီမန်း

အောက်ပါ ဂါထာမန္တန်ဖြင့် ဆီဖြစ်စေ၊ အမွှေးနံ့သာဆီဖြစ်စေ၊ ရရာကို (၉) ကြိမ် မန်းရမည်။

- ယံ ဒု ဧ ဒါ သ

**အညွှန်း -**

မင်း အစိုးရမျက်သော် လည်းကောင်း၊ ခဲရာခက်ဆစ် အထွေထွေသောကိစ္စများနှင့် တွေ့ကြုံနေရသော် ၎င်းဆီမန်းကို မေးအောက်မှ ခေါင်းထိပ်တိုင်အောင် လိမ်းသပ်သွားလာဆောင်ရွက်ပါလေ။

*ကောင်းကျိုးအထွေထွေရကြပါစေ*

မုဒိတာ (ကျိုက်လတ်)

---

မပြည့်စုံဘဲ တိုက်ဆိုင်ကာ စေတီတော်တစ်ဆူဖြစ်လာပါကလည်း ဗုဒ္ဓ၏တန်ခိုးပြာဋိဟာပိုင်းဆိုင်ရာဂုဏ်တော်များနှင့် ပြည့်စုံကုံလုံမှုကင်းသော ပုံတော်သက်သက်သာဖြစ်တည်သည့် စေတီတော်မျိုးသာ ဖြစ်ပါလိမ့်မည်။

ဤသို့ဖြင့် စစ်ကွင်းဆရာတော်၏ ကြိုးပမ်း အားထုတ်မှုကြောင့် မကြာမတင်မီတွင်ပင် ရသေ့တောင်၏ဧရိယာအတွင်း၌ စေတီတော်တစ်ဆူတည်ထားပြီးမြောက်ခဲ့လေတော့၏။

စေတီတော် တည်ဆောက်ပြီးစီးသည်နှင့်တစ်ပြိုင်နက် စစ်ကွင်းဆရာတော်သည် အထက်တွင် ဖော်ပြခဲ့သည့် ထူးမြတ်လှစွာသောဌာပနာတော်ပစ္စည်း၊ ဓာတ်တော်မွေတော်များအား စေတီတော်အတွင်း အသေအချာ ဌာပနာထည့်သွင်းပြီး ပိတ်လိုက်လေတော့၏။ ထို့နောက် ဘိုးဘိုးရသေ့ကြီး ပထဝီထုံပြီးမြောက် အောင်မြင်ခဲ့သည့် ထုံကျင်းပေါ်တွင်လည်း ဘုရားတည်ထားခဲ့ဝါသည်။

ထိုသို့ စစ်ကွင်းဆရာတော်သည် ဘုရားတည်ခြင်းကိစ္စအရပ်ရပ်တို့ ပြီးမြောက် အောင်မြင်ပြီးသောအခါ ကွစ္ဆာသယဘိုးဘိုးရသေ့ကြီးနှင့် စစ်ကွင်းဆရာတော်တို့ ဆုံတွေ့ကြလေ၏။

ထိုအခါ ဘိုးဘိုးကြီးက -

"ကဲ - မောင်ပဥ္စင်း၊ မင်းဘက်ကတော့တာဝန်ကျေတယ်။ ဒါကြောင့် မင်းအလိုရှိတာကိုသာ တောင်းပါတော့"

ဟု ဆိုလိုက်လေ၏။

ထိုအခါ စစ်ကွင်းဆရာတော်ကလည်း . . .

(ရှေ့လဆက်ရန်)

ပထမံဆရာဦးအေး[illegible]



www.burmeseclassic.com

www.burmeseclassic.com

သစ်ပင်တောတောင်များဖြင့် စိမ်းလန်းစိုပြည်နေသော
ချင်းတောင်ခြေက တောင်ဖီလာတောရအား ရှုမငြီးဖွယ် တွေ့ရစဉ်




# ချင်းတောင်ခြေရင်းက တောင်ဖီလာတောရသို့

ကလေး-ဝင်းသူ

ဟိုးရှေး ဟိုခေတ် ဟိုကာလမှ၊
စခဲ့ကြာရှည်
ကလေးမြေသာသနာ၊
ဒီနေ့ခေတ်ဒီအခါမှာ
ပို၍သာထွန်းတောက်လျက်၊
အံ့လောက်ဖွယ်အဖုံဖုံ
ကျောင်းတိုက်တော်တွေကအစုံစုံ၊
ဝိသုဒ္ဓါရုံနှင့် သန္တာရုံ၊ တပ်ဦး
ကြည်နူးလွန်စွာ၊
'တောင်ဖီလာ'မဂ်လာဥယျာဉ်
စာသင်တိုက်တာရိပ်သာအသီးသီး၊
ကျောင်းကြီးကျောင်းငယ်
အသွယ်သွယ်အာဝဝ၊
ဘ-က စုံစွာ လွန်စွာအံ့ချီး၊
ကလေးမြို့သာသနာကြီးကား၊
ထွန်းကား၍လာခဲ့။

'တောင်ဖီလာတောရ' သို့ သွားရမည်ဆိုသောအခါ နွားမင်းတောင်ဆရာတော် အရှင်ဇဋိလ (မြကန်သာ) ရေးစပ်သီကုံးသည့် 'နိဗ္ဗာန်ပြည်ခွင် ခြေလှမ်းပြင်'




တောင်ဖီလာတောရအဝင်တွင် ဖူးတွေ့ခဲ့ရသော တာဟန်းရွာ ဦးဘာအုန်းမိသားစု လှူဒါန်းတည်ထားသည့် လာဘသုဂတဆန္ဒပြည့်စေတီတော်

www.burmeseclassic.com



တောင်ဖီလာဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒ



ယောဆရာတော်၏ရဟန်းသက် နှစ်(၅၀)ပြည့် စာအောင်သံဃာဆုပေးပွဲနှင့် တစ်နှစ်စာ ဆွမ်းအလှူရှင်များ ရေစက်ချပွဲတွင် တိပိဋက ယောဆရာတော်မှ ရတနာ့ခြေတာရား ချီးမြှင့်ဟောကြားတော်မူနေစဉ်



တောင်ဖီလာတောရအား စာသင်တိုက်အဖြစ် ဖွင့်လှစ်နိုင်ရန် ယောဆရာတော်သို့ လွှဲအပ်ခဲ့သော ကလေးမြို့နယ် ပြင်သာဆရာတော် ဘဒ္ဒန္တ ကောသလ္လထေရ်

တည်းဟူသော အထက်ပါ ကဗျာလေးကို သတိရသွားမိပါသည်။

ကလေးနယ်တစ်ခွင်ကား ယောဆရာတော်၏ ကလေးမြို့ ဝိသုဒ္ဓါရုံ စာသင်တိုက်၊ ဆရာတော် အရှင်ပုညသေဋ္ဌ၏မဟာသန္တာရုံစာတိုက်၊ ကလေးမြို့ တပ်ဦးစာသင်တိုက်၊ တောင်ဖီလာတောရစာသင်တိုက်နှင့် မင်္ဂလာဥယျာဉ်ကျောင်း၊ ဒီပင်္ကရာကျောင်း၊ နေသာကျောင်း၊ စကားလှဘုရားကျောင်း စသည့် မြို့ပေါ်ကျောင်းတိုက်ပေါင်း (၃၀)ကျော်တွင် ရဟန်း၊ သာမဏေပေါင်း (၁၀၀၀) ကျော် သာသနာပြုလျက်ရှိလေရာ ချင်းတောင်ခြေက ကျွန်တော်တို့ ကလေးမြို့လေးမှာ သာသနာဝေဖြာ၍နေပါသည်။

"မမသန်းလှ၊ ဦးပဉ္စင်းက ယောဆရာတော်ရဲ့ တောင်ဖီလာတောရပွဲကြွရမှာ ကားချောင်လို့ မမသန်းလှတို့ လင်မယားလည်း လိုက်ခဲ့တဲ့။ ကိုမောင်ဝင်းလည်းလိုက်ခဲ့နော်"

နတ်ချောင်းရှာ အောင်ဆုပန်ကျောင်းတိုက် ကျောင်းအမ ဒေါ်နုက စာရေးသူ၏ဇနီး ဒေါ်သန်းလှကိုပါ ဖိတ်ခေါ်ရင်း ကျွန်တော့်ကိုလည်း 'ကိုမောင်ဝင်းရောလိုက်ခဲ့နော်' ဟု လာရောက်ခေါ်ပါသည်။

ထိုနေ့ကား ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်၊ ကြာသပတေးနေ့။ မြန်မာလအားဖြင့် ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်နေ့ ဖြစ်သည်။

ကျွန်တော်တို့ ဇနီးမောင်နှံလည်း အိပ်ရာထလျှင်ထပြီးချင်း ဘုရားရှိခိုး၊ စားသောက်ကာ အောင်ဆုပန်ကျောင်းကားအလာကို စောင့်မျှော်နေကြသည်။




တောင်ဖီလာတောရအဝင်မှန်ဦးအား ရှုမငြီးဖွယ် တွေ့ရစဉ်



တောင်ဖီလာတောရ၌ နှစ်စဉ် စာအောင်သံဃာဆုပေးပွဲ၊ စာပြန်ပွဲ၊ ဝိပဿနာတရားစခန်းဖွဲ့ ရေစက်ချပွဲများ ကျင်းပပြုလုပ်သည့် သစ္စမ္မစနို သုံးထပ်ကျောင်းဆောင်ကြီးအား ခမ်းနားထည်ဝါစွာ တွေ့ရစဉ်




www.burmeseclassic.com

www.burmeseclassic.com



တိပိဋကာ ယောဆရာတော်၏ ရဟန်းသက် နှစ် (၆၀) ပြည့် စာအောင်သံဃာဆုပေးပွဲနှင့် တစ်နှစ်စာ ဆွမ်းအလှူရှင်များ ရေစက်ချပွဲကို တောင်ဖီလာတောရစာသင်တိုက်ရှိ သစ္စမှုစနို့သုံးထပ်ကျောင်းဆောင်ကြီးပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နေစဉ်



ယောဆရာတော်၏ သက်နှ်းသက် နှစ် (၅၀) ပြည့် စာအောင်သံဃာဆုပေးပွဲသို့ ကြွရောက်တော်မူလာသော ပင့်သံဃာအပါး (၅၀) အား ဖူးတွေ့ရစဉ်



တိပိဋကာ ယောဆရာတော်မှ စာအောင်သံဃာတစ်ပါးအား ဆုချီးမြှင့်နေစဉ်

နံနက် (၈) နာရီတိတိတွင် ကျွန်တော်တို့ အိမ်ရှေ့သို့ အောင်ဆုပန်ကျောင်းကား (အပ္ပမာဒလူမှုကူညီရေးအသင်း ပါဂျဲရိုး ကား) လာရပ်သည်။ ကားရှေ့ခန်း၌ အောင်ဆုပန်ကျောင်းဆရာတော်နှင့် နောက်ခန်း၌ ကျောင်းအမဒေါ်နုတို့ ပါလာကြသည်။

ကားဆရာ ကိုကျော်နိုင်ဝင်းက ကျွန်တော်တို့ကို ကားတံခါးဖွင့်ပေးသည်။ ကျွန်တော်တို့ဇနီးမောင်နှံ ကားပေါ်တက်ထိုင်လိုက်ကြသည်။ ဆောင်းအအေးဓာတ်က ကားပေါ်ကျမှနွေးသွားတော့သည်။

နံနက် (၈) နာရီ (၅) မိနစ်တွင် နတ်ချောင်းရွာမှ ကလေး - ဂန့်ဂေါ လမ်းမကြီးအတိုင်း ကလေးမြို့ဆီသို့ မောင်းနှင်လာခဲ့ကြရာ မိနစ်(၄၀)အကြာ၌ သာစည်ရွာသို့ ရောက်ရှိသည်။ သာစည်ရွာသည် ကလေးမြို့နှင့် (၅) မိုင်အကွာ နတ်ချောင်းရွာနှင့် (၁၀) မိုင်အကွာတွင်ရှိသည်။ နတ်ချောင်းနှင့် သာစည်ရွာအကြား (၁၀) မိုင်တွင် နတ်မြောင်း၊ စည်သာ၊ ကြာအင်း၊ ထောက်ကြန့်၊သာယာကုန်း၊သာယာဝတီ၊ထိုမာ၊ ဇင်းကလင်း၊ ချင်းဆိုင်' စသော ကျေးရွာပေါင်း (၉) ရွာတိတိကို ဖြတ်ကျော်ခဲ့ရသည်။ လမ်းကောင်း ကတ္တရာလမ်းမဖြစ်၍ခရီးတွင်သည်။ ဇင်းကလင်းချောင်းဖြတ် ဇင်းကလင်းတံတားသစ်ကြီး တည်ဆောက်ပေးထားသဖြင့် သွားရလာရလွယ်ကူသွားသည်။

ယခင်ကဆိုလျှင် ချောင်းထဲဆင်းဆင်းမောင်းရ၍ ခရီးကြန့်ကြာသည်။ ယခုတော့ တံတားသစ်ကြီးကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်နေပါပြီ။ ကျွန်တော်တို့ကားသည် 'သာစည်စံပြကျေးရွာမှ ကြိုဆိုပါ၏' ဟူသော ဆိုင်းဘုတ်အောက်မှ ဝင်ကာ သာစည်ရွာလယ်လမ်းအတိုင်း မောင်းနှင်ခဲ့ကြသည်။

ရှေ့ခန်းတွင် လိုက်ပါလာသော ဆရာတော် အရှင်ဇနိန္ဒက -

"ဒီလမ်းက တောင်ဖီလာဖြတ်လမ်းလေ။ ဦးပဥ္စင်း ရေနံလုပ်တုန်းက ရေနံပို့တဲ့လမ်း"

ဟု ပြောပြသည်။

ကျွန်တော်တို့သည် သာစည် - တောင်ဖီလာ တောရလမ်းကို ယခုမှ သွားမိခြင်း ဖြစ်သည်။ လမ်းမှာ ရွာလမ်း တောလမ်းဖြစ်၍ လမ်းကြမ်းသည်။ သာစည်ချောင်းရေရှိသဖြင့် မကြာခဏ ရေ



www.burmeseclassic.com

www.burmeseclassic.com

သွင်းမြောင်းများကို ဖြတ်ကျော်ရသည်။

သာစည်ရွာထဲ အနည်းငယ် မောင်းလိုက်လျှင် ရွာလယ်၌ အလယ်တန်းကျောင်းကို တွေ့ရသည်။ စာရေးသူ လွန်ခဲ့သောသုံးနှစ်ခန့်က ဤကျောင်းကို စာပေဟောပြောရန် တစ်ကြိမ်ရောက်ဖူးသည်။ ထိုစဉ်က အလယ်တန်းကျောင်းခွဲ အဆင့်သာရှိသေးသည်။ ယခုတော့ မူခ်ဦးအသစ်နှင့် အလယ်တန်းကျောင်း ဖြစ်နေလေပြီ။

သာစည်ရွာမှာ အိမ်ခြေ (၁၀၀၀) ကျော်ရှိသည်။ ရွာတန်းရှည်ဖြစ်ပြီး လက်သမားအများစု နေထိုင်ကြသည်။ သည်ရွာ၌ ကျွန်တော်နှင့် မူလတန်းသင်တန်း တက်ဖက်ဖြစ်သော ဆရာကြီးဦးသောင်းစော နေထိုင်သည်။ မူလတန်းကျောင်းအုပ် ဖြစ်သည်။ ယခုတော့ ပင်စင်ယူပြီးပြီ ထင်ရ၏။ သာစည်ရွာတွင် အိမ်တိုင်းလိုလို၌ လေချိုပင်များရှိသည်။ ဤရွာထွက် လေချိုသီးများကို ကလေးမြို့သို့ လစဉ် ပင်စင်ထုတ်သွားတိုင်း ဝယ်စားဖြစ်သည်။ လေချိုပင်သာမက အိမ်တိုင်းလိုလို၌ ခြံစည်းရိုးပင်အဖြစ် ကွမ်းသီးပင်များကို စီတန်းစိုက်ပျိုးထားကြသည်။

ကွမ်းသီးပင်ပေါ် မော့ကြည့်လိုက်သောအခါ ကွမ်းသီးဝါဝါများကို မတွေ့ရတော့ ရောင်းကုန်ကြပြီ။ တမူးသို့သွားရောင်းသူများ ကိုယ်တိုင် တက်ယူကြသည်။ ကွမ်းသီးဈေးမကောင်းပါ။ တစ်လုံးမှ (၃) ကျပ်၊ (၄) ကျပ်သာ ရောင်းရသည်။ စာရေးသူ၏သရက်ခြံတွင်လည်း ခြံပတ်လည် ကွမ်းသီးပင်များစိုက်ထားရာ တစ်လုံးမှ (၃) ကျပ်၊ (၄) ကျပ်ဈေးသာ ရောင်းရသည်။ တမူးမြို့မှာတော့ (၁၀) ကျပ်၊ (၁၂) ကျပ်အထိ ရောင်းရသည်။ ကိုယ်တိုင်သွားမရောင်းနိုင်တော့ လာဝယ်သူပေးသမျှနှင့် ကျေနပ်ရသည်။


ကျွန်တော့်ခြံ၌ မမှည့်သေးသော ကွမ်းသီးအစိမ်းများရှိသေးသည်။ ယခု သာစည်ရွာမှာတော့ အမှည့်ရောအစိမ်းပါ မတွေ့ရတော့။ မြို့နှင့်နီး၍ ဝယ်သူပေါကာ တက်တက်စင်ကုန်နေကြပြီ ဖြစ်သည်။

ကျွန်တော်တို့ကားသည် ရွာတန်းရှည် သာစည်ရွာထဲမှ ချိုင့်ခွက်များကို ကျော်ဖြတ်၍ မောင်းနှင်လာကြရာ မကြာမီ စည်ပင်ကြီးရွာသို့ရောက်သည်။ စည်ပင်ကြီးရွာကား လယ်တွေဝိုင်းနေသော တောင်သူရွာ ဖြစ်သည်။ ထိုရွာမှ လှမ်းမြင်နေသည်က ကျွန်းတောရွာ။

"ဦးပဉ္စင်း၊ ဟိုကဘုရားလေးတွေ



တောင်ဗီလာတောရအတွင်း ဆောက်လုပ်နေဆဲ သုံးထပ်ဆွမ်းစားကျောင်းဆောင်ကြီး



တောင်ဗီလာတောရ၌ ဆောက်လုပ်လှူဒါန်းဆဲ ကျောင်းဆောင်သစ်တစ်ဆောင်အား တွေ့ရစဉ်



တောင်ဗီလာတောရစာသင်တိုက်အတွင်းရှိ ရဟန်းတော်များ သီတင်းသုံးရာ ကျောင်းဆောင်များ



www.burmeseclassic.com

www.burmeseclassic.com

လှမ်းမြင်ရတဲ့ရွာက ဘာရွာလဲ”

ကားပေါ်ပါ ဒေါ်နုက ဦးပဥ္စင်းအနီးအား ကားပေါ်မှ လှမ်းမြင်နေရသောရွာကလေးကိုမြင်၍ မေးလိုက်ခြင်းဖြစ်သည်။ ထိုအခါ ဆရာတော်က ကျွန်းတောရွာဟု ဖြေလေသည်။

ကျွန်တော်ကမူ ကျွန်းတောရွာကို တစ်ခါရောက်ဖူးသည်။နဂါးပွက်ကျောင်းဖွင့်ပွဲအတွက် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင် ခေါ်၍ ရောက်ခြင်း ဖြစ်သည်။

ဆရာက-

‘မင်းက မင်းရွာကိုပြောင်းရတော့မှာ၊ နဂါးပွက်ကိုရောက်ဖူးအောင်လိုက်ခဲ့’

ဟု ခေါ်သဖြင့် မူလတန်းပြဆရာသစ်က ရောက်ဖူးခြင်း ဖြစ်သည်။ ထိုစဉ်က မြို့လှ-အင်ဒိုင်းရွာတွင် တာဝန်ကျနေခြင်း ဖြစ်သည်။ ဆရာဦးဝင်းနိုင်ခေါ်သဖြင့် ချင်းတောင်ခြေရှိ စက္ကန့်၊ စီးစံ၊ ကျွန်းတော၊ နဂါးပွက်ရွာလေးများကို ရောက်ဖူးခြင်း ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း (၃၄) ခန့်က ဖြစ်သည်။

ယခုတောင်ဖီလာခရီးကား မသွားဖူး မရောက်ဘူးသောလမ်း ဖြစ်သည်။ စည်ပင်ကြီးရွာရှိမှန်းပင် မသိခဲ့။ ယခုရောက်မှ သိရတော့သည်။ စည်ပင်ကြီးရွာ၏ ထူးခြားချက်မှာ ‘အမိုးပါမြောင်းတံတား’ ရှိနေခြင်း ဖြစ်သည်။ မြန်မာနိုင်ငံရှိ တံတားအများစုမှာ အမိုးမရှိပါ။ ယခု စည်ပင်ကြီးရွာမှ ချောင်းကူးတံတားမှာမူ အမိုးအကာနှင့် လုံခြုံစွာ ဆောက်လုပ်ထားသည်။ အမိုးပါသဖြင့် နေပူသော် မိုးရွာဒဏ်သက်သာပြီး တံတားရှည်ခိုင်ခံ့မည်။ ထို့အပြင် ကုန်ပို့ကုန်တင်ကားကြီးမှာ ဖြတ်မသွားနိုင်သဖြင့် တံတားပိုမိုကြာကြာခိုင်ခံ့မည်ဖြစ်သည်။

တံတားအမိုးမှ ကျွန်တော်တို့ စီးလာသော ပါဂျဲရိုးကားအမိုးနှင့် လွတ်ရုံလေးသာလွတ်သည်။ တံတားအရှည် (၁၂) ပေခန့် ရှိသည်။ ရေသွင်းချောင်းဖြတ် မြောင်းဖြတ်တံတား ဖြစ်သည်။ သည်ချောင်းဟု သိရသည်။ သည်ချောင်းက ရေသွယ်၍ စည်ပင်ကြီး၊ သာယာရွာများ လယ်ရေသွယ်စိုက်ပျိုးကြသည်။ ရေကောင်းသဖြင့် စပါးအထွက်များသောဒေသ ဖြစ်သည်။

ကျွန်တော်တို့ကားသည် စည်ပင်ကြီးတံတားကို ဖြတ်ကျော်လာခဲ့ရာ မကြာမီ တံတားတစ်စင်းကိုရောက်၏။ တံတားသည် တည်ဆောက်နေ၍ လမ်းလွှဲက မောင်းလာခဲ့ကြရသည်။ စည်ပင်ကြီးရွာအတွင်း၌ ဖြစ်သည်။ ထိုရွာမှ ကျော်ဖြတ်လာကြသောအခါ မြို့လှရွာထဲသို့ ရောက်လာ၏။ မြို့လှရွာကား ယခင်က ယောဆရာတော် စာကျက်၊ အနားယူခဲ့ရာရွာ ဖြစ်သည်။ မြို့လှရွာဘုန်းကြီးကျောင်းတွင် တိပိဋကစာမေးပွဲအတွက် ယောဆရာတော် အနားယူ၊ စာကျက်ရာရွာဖြစ်သည်။ ကလေးနယ်၌ မြို့လှ - အင်ဒိုင်းကုန်းဟု အမည်တွင်သည်။



တိပိဋက ယောဆရာတော်မှ ပင့်သံဃာတစ်ပါးစီအား ကျပ် (၅၀၀၀၀) ကျပ် လှူဖွယ်ဝတ္ထုများဖြင့် ကပ်လှူနေစဉ်

မြို့လှရွာက မြန်မာရွာ၊ အင်ဒိုင်းကုန်းက ချင်းရွာ ဖြစ်သည်။ အင်ဒိုင်းကုန်းရွာ၌ ချင်းတိုင်းရင်းသားများ နေထိုင်သည်။ လူးဆိုင်ခေါ် လူဆိုင်းချင်းတိုင်းရင်းသားများ နေထိုင်သည်။ ထိုအင်ဒိုင်းကုန်းရွာရှိ အစိုးရ မူလတန်းကျောင်းတွင် ၁၉၇၈ - ၇၉ ခုနှစ်က စာရေးသူ မူလတန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။

ယခု မြို့လှရွာရောက်တော့ ရွာတစ်ဆက်တည်း ဖြစ်နေသော အင်ဒိုင်းကုန်းမှာ ကတ္တရာလမ်းဖြစ်၍ လမ်းသာနေပြီ။ ကျွန်တော် အင်ဒိုင်းကုန်းတွင် တာဝန်ထမ်းဆောင်စဉ်ကမူ ကျောက်လမ်း၊ မြေသားလမ်း ဖြစ်သည်။

တောင်ဖီလာတောရ အဝင်တွင် ကလေးမြို့မှလူကြီးတွေက ဂေါက်ကွင်းပြုလုပ်ထား၍ သူတို့တစ်တွေ ဂေါက်ရိုက်သွားက သွားလမ်းလာလမ်းကောင်းရန် ကတ္တရာလမ်းခင်းပေးထားခြင်း ဖြစ်သည်။ ထို့ကြောင့် တာဟန်း - တောင်ဖီလာဂေါက်ကွင်းလမ်းပေါ်ရှိ အင်ဒိုင်းကုန်း၊ တောင်သာကျေးရွာများမှာ လမ်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်း၍နေပြီ ဖြစ်သည်။

ကျွန်တော်တို့ကား မြို့လှ-မွန်ထာရွာကျော်လျှင်ပင် အင်ဒိုင်းကုန်းရွာထဲသို့ ရောက်လာ၏။ ရွာများမှာ တစ်ဆက်တည်းဖြစ်နေသည်။ မြို့လှနှင့် တောင်သာရွာက မြန်မာရွာ၊ ကြားနှစ်ရွာဖြစ်သော မွန်ထာနှင့် အင်ဒိုင်းကုန်းက ချင်းတိုင်းရင်းသားရွာများ ဖြစ်ကြသည်။

တောင်ဖီလာတောရကျောင်းကို မြို့လှရွာ၊ တောင်သာရွာနှင့် တာဟန်းရှိ မြန်မာလူမျိုးများက ကိုးကွယ်ကြသည်။ တောင်ဖီလာတောရကျောင်းမှာ ထိုသုံးရွာကို အားထား၍ သာသနာပြုနေကြရသည်။ ယောဆရာတော်၏ တန်ခိုးတော်ကြောင့် ကလေးမြို့ပေါ်ကလည်း ကိုးကွယ်ကြသည်။ ထိုမာရွာ၊ ထောက်ကြန့်ရွာ၊ သာစည်ရွာတို့ကလည်း ကိုးကွယ်ကြသည်။ ထိုရွာကြီးများက ဆွမ်းကွမ်းပံ့ပိုးမှုကြောင့် တောင်ဖီလာတောရသည် ချင်းတိုင်းရင်းသားများသာနေထိုင်သည့် ခရစ်ယာန်ဘာသာများအကြားမှာ ဗုဒ္ဓသာသနာ ငွားငွားစွင့်စွင့် ပေါ်ထွက်နေရခြင်း ဖြစ်သည်။

ကျွန်တော်တို့ကားသည် တောင်သာရွာထဲမှတစ်ဆင့် တောင်ဖီလာဂေါက်ကွင်းကိုကျော်ကာ တောင်ဖီလာတောရသို့ ရောက်ရှိလာသည်။ တောင်ဖီလာတောရအဝင်ကား 'တိပိဋကတောရ၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက် တောင်ဖီလာ' ဟု ရေးထားသော မုခ်ဦးကြီးကို ထင်းခနဲ တွေ့ရသည်။ ထိုမုခ်ဦးအဝင်ဝတွင်ကား တာဟန်းရွာ ဦးဘအုန်းနှင့် သားသမီးတစ်စုတို့ လှူဒါန်းထားသော 'လာဘသုဂတ ဆန္ဒပြည့်စေတီတော်' ကို ဖူးတွေ့ကြရသည်။ ခြသေ့်နှစ်ကောင်ဖြင့် သားနားလှပါဘိ။

မုခ်ဦး၏ကျောင်းဝင်းအပြင်ဘက်ထွက်ကား သီလရှင်များ သီတင်းသုံးနေထိုင်သည့် သစ်သားကျောင်းကလေးများကိုတွေ့ရသည်။ ထိုကျောင်းလေးများမှာ အသစ်တိုးလာသော ကျောင်းဆောင်ငယ်များ ဖြစ်သည်။ ၂၀၀၆ ခုနှစ်က သုံးထပ်ကျောင်းဆောင်ကြီး (သဒ္ဓမ္မစန္ဒီ) ရေစက်ချစဉ်က မရှိသေး။ (၆) နှစ်အတွင်း တိုးပွားလာသော သာသနိကအဆောက်အအုံများ ဖြစ်ကြသည်။

ကျွန်တော်တို့ကားသည် သုံးထပ်ကျောင်းဆောင်သစ်ကြီး (သဒ္ဓမ္မစန္ဒီ) ၏ အရှေ့ဘက်တွင် ထိုးရပ်သွားသည်။ ကားပေါ်ကဆင်း၍ နာရီကြည့်လိုက်တော့ (၉) နာရီ (၅) မိနစ်တိတိ။ နတ်ချောင်းမှ တောင်ဖီလာတောရ (၂၃) မိုင်ခရီးကို (၁) နာရီတိတိသာမောင်းခဲ့ရ၏။ ဖြတ်လမ်းကလာ၍မြန်တော့သည်။

ကျွန်တော်တို့ရောက်ပြီး မကြာမီပင် သုံးထပ်ကျောင်းကြီးပေါ်မှ အသံချို့စက်က -

"သံဃာတော်များ ကတော့ထိုးကြပါတော့ဘုရား၊ ကျောင်းကြီးပေါ်ကြွကြပါဘုရား"

ဟု ဂေါပကတစ်ဦးက ဖိတ်ခေါ်နေလေပြီ။

ကျောင်းကြီးပေါ်အတက်၌ သီလရှင်ကလေးတစ်ပါးက ယောဆရာတော်၏ တရားစာအုပ်ကလေး (၆) အုပ်ကို မေတ္တာဖြင့် ဝေငှာပေးနေသည်။ ထိုစာအုပ်လေးများကို ကင်မရာအိတ်ထဲထည့်ပြီး ကျောင်းကြီးပေါ်ထပ်သို့ တက်လာခဲ့သည်။

အပေါ်ရောက်တော့ သံဃာတော်များ နေရာယူနေကြသည်။ လူစည့်ပရိသတ်ကား ကျောင်းကြီးအပြည့်။ တိပိဋက ယောဆရာတော်၏ သက်န်းသက် နှစ် (၅၀) ပြည့် ရွှေရတုအလှူနှင့် တစ်နှစ်စာ ဆွမ်းရေစက်ချပွဲ ဟူသော ပိုစတာဗီနိုင်းကြီးချိတ်ဆွဲထားပေသည်။

နတ်ချောင်းအောင်ဆုပန်ကျောင်း ဒကာမဒေါ်နု ခေါ်လာစဉ်က ယောဆရာတော်၏ မွေးနေ့ပွဲ ဟူ၍ ပြောခဲ့သည်။ တောင်ဖီလာတောရရောက်မှ မွေးနေ့ပွဲမဟုတ်။ ဆရာတော်၏ ရဟန်းသက်နှစ် (၅၀) ပြည့် ရွှေရတုပွဲ ဖြစ်နေသည်။ သည်လို ရွှေရတုပွဲကို လွန်ခဲ့သော နွေရာသီကလည်း ယောနယ်ရှိ ကန်တောရကျောင်းတိုက်တွင် ကျင်းပခဲ့ဖူးသည်။ ဆရာတော်အပါး (၅၀) ကို ပင့်ဖိတ်၍ တစ်ပါးလျှင် ကျပ်တစ်သိန်း လှူဒါန်းသည်။ နံနက်ပိုင်းတွင် ပင့်သံဃာများကို ဆွမ်းဆန်စိမ်းလောင်းလှူပြီး နေ့ခင်းပိုင်းတွင် သက်န်းသက်ရွှေရတုပွဲကို ဆင်နွှဲခြင်း ဖြစ်သည်။

ယခု တောင်ဖီလာတောရတွင်မူကား ဆွမ်းဆန်စိမ်းလောင်းလှူပွဲမပါဘဲ ပင့်သံဃာတစ်ပါးလျှင် ကျပ် (၅၀၀၀၀) နှုန်းဖြင့် ပင့်သံဃာတော် (၅၀) ပါးကို လှူဒါန်းသည်။ ထို့ပြင် စာအောင်သံဃာ (၃၆) ပါးကို တစ်သိန်းတန် ဝတ္ထုပစ္စည်းများ လှူဒါန်းသည်။ ဆုရသီလရှင်တစ်ပါးကို ကျပ်နှစ်သောင်းတန် ဝတ္ထုပစ္စည်းများ လှူဒါန်း ပူဇော်ဂုဏ်ပြု ဆုချီးမြှင့်တော်မူပါသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ပြီးလျှင် ယောဆရာတော်ထံမှ ငါးပါးသီလ ခံယူကြသည်။ ပြီးနောက် ဆွမ်းတော်ကပ်ကာ ဆရာတော်သံဃာတော်များက မေတ္တာသုတ်ကို ရွတ်ဖတ်ကြသည်။ ထို့နောက် ရဟန်းတစ်ပါးက ကန်တောရဆရာတော် အရှင်တိက္ခာနန္ဒ ရေးစပ် ပူဇော်သည့် 'ဇေယျာမင်္ဂလာ' ရတုဖြင့် ရွတ်ဖတ်ပူဇော်ဂုဏ်ပြုပါသည်။

ပြီးလျှင် တိပိဋက ယောဆရာတော်က စာအောင်သံဃာများကို ဆုအသီးသီး ချီးမြှင့်ပေးအပ်သည်။ ထို့နောက် ပင့်သံဃာ အပါး (၅၀) တို့အား လှူဖွယ်ဝတ္ထုများ ကပ်လှူသည်။ ထို့နောက်တွင်ကား ယောဆရာတော်မှ 'ရတနာမြေ' ဟူသော ရေစက်ချတရား ချီးမြှင့်ဟောကြားတော်မူသည်။

"တောင်ဖီလာ တောရမြေဟာ ရတနာမြေ ဖြစ်တယ်။ ဘာရတနာတွေလဲဆိုတော့ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတွေကို ပူဇော်တဲ့ရတနာမြေ ဖြစ်တယ်"

ဟု နာရီဝက်ကြာ ဟောကြားတော်မူပါသည်။

တောင်ဖီလာတောရစာသင်တိုက်ကား တကယ့်ရတနာမြေ ဖြစ်ပါသည်။ (၃) မိုင်၊ (၄) မိုင်ရှည်လျားသည့် တောင်ဖီလာတောင်တန်းကြီးတစ်လျှောက်တွင် စေတီပုထိုးတို့ဖြင့်သပ္ပာယ်နေသည်။ စိမ်းလန်းစိုပြည်နေသော တောင်တန်းကြီးတစ်လျှောက်၌ ချွန်ချွန်တက်တက်ဘုရားစေတီအလီလီမှာ စုလစ်မွမ်းချွန် တောင်းတန်းအသွယ်သွယ်တို့ဖြင့် နတ်တို့ ဖန်ဆင်းထားသကဲ့သို့ပင်တည်း။

သည်တောင်ဖီလာတောရကို ကန်တောရကျောင်းထွက် ကလေးနယ်သားမြင်သာဆရာတော် ဘဒ္ဒန္တကောသလ္လက တိပိဋက ယောဆရာတော်အား စာသင်တိုက်အဖြစ် ဖွင့်လှစ်ရန် လွှဲအပ်တော်မူခဲ့ခြင်း ဖြစ်သည်။ ကလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းကိုလည်း ဘဒ္ဒန္တကောသလ္လကပင် လွှဲအပ်ခဲ့ခြင်း ဖြစ်သည်။

တောင်ဖီလာတောရမှာ ဦးကောသလ္လ တောထွက်၍ တရားကျင့်ခဲ့သော ဒေသ ဖြစ်သည်။ ဆရာတော်ထံ ပညာဆည်းပူးလာသော ရဟန်းသံဃာများကို စာချ၊ စာသင်ပေးရာမှ ရဟန်း (၁၀) ပါး အထိရှိလာခဲ့သည်။ ဆရာတော် ကောသလ္လသည် သာသနာအရှည်ကိုတွေး၍ ယောဆရာတော်ထံ အတင်းအကျပ်



www.burmeseclassic.com

www.burmeseclassic.com

အပ်နှံခဲ့သည်။ ယောဆရာတော်ကလည်း သုံးကြိမ်သုံးခါ ငြင်းဆန်တော်မူခဲ့သည်။ နောက်ဆုံးတွင်ကား တောင်ဖီလာတောရကို ယောဆရာတော်ကပင် သက်ခံတော်မူခဲ့ပြီး 'မဟာဝိသုဒ္ဓါရာမ တောဖီသာတောရ' ဟု အမည်မှည့်ခေါ်ကာ တပည့်ကြီး ဦးရာဇိန္ဒအား တာဝန်ပေးအပ်၍ စာသင်တိုက်အဖြစ် ဖွင့်လှစ်ပေးခဲ့သည်။

ထိုနှစ်ကား ၁၃၅၁ ခုနှစ်ဖြစ်သည်။ လအားဖြင့် ဝါခေါင်လဆန်း ၁၃ ရက်နေ့ဖြစ်သည်။ ယောဆရာတော်၏တပည့်ကြီး ဦးရာဇိန္ဒ (သာသနာဓဇဓမ္မာစရိယ) သည် တောင်ဖီလာတောရစာသင်တိုက်ကို ရဟန်း (၅) ပါး၊ သာမဏေ (၅)ပါး၊ စုစုပေါင်း (၁၀) ပါးဖြင့် တောင်ဖီလာတောရမြေ၌ ပရိယတ္တိသာသနာကို စတင်စိုက်ပျိုးအခြေချခဲ့လေသည်။

ပရိယတ္တိသာသနာ စတင်စဉ်က နေအခက်အခဲ၊ ဆွမ်းအခက်အခဲ၊ အဆောက်အအုံအခက်အခဲများစွာ တွေ့ခဲ့ရသော်လည်း ယောဆရာတော်ဘုရား၏ ပံ့ပိုးမှု၊ ဦးဆောင်မှု၊ အားပေးမှု၊ မြေတောင်မြှောက်မှုများကြောင့် ယခု နှစ်ပေါင်း (၂၃) နှစ် ကြာလာသောအခါမူကား ဆိတ်ငြိမ်နေသော တောင်ဖီလာတောရမှာ ကျောင်းကြီးကျောင်းငယ် အသွယ်သွယ်၊ စေတီဘုရားသပ္ပာယ်စွာဖြင့် သာသနာအရောင် ထွန်းပြောင်လျက်ရှိသည်။

စာသင်တိုက်ကို ဖွင့်လှစ်စဉ်က သံဃာ (၁၀) ပါးသာရှိခဲ့သော်လည်း ယခုအခါ ရဟန်း၊ သာမဏေ အပါး (၁၀၀) ကျော် သီတင်းသုံးလျက်ရှိနေပြီး နှစ်စဉ် ကလေးမြို့နယ်လုံးဆိုင်ရာ ကျောင်းဂိုဏ်းကြီး၏ 'ဝိနယစာတော်ပြန်ပွဲ' ကိုလည်း နှစ်စဉ် ကျင်းပလျက်ရှိသည်၊ စာအောင်သံဃာများကိုလည်း နှစ်စဉ် ယောဆရာတော်မှ ကြွရောက်၍ စာအောင်သံဃာဆုများချီးမြှင့်ပေးတော်မူသည်၊

ထို့အပြင် တောင်ဖီလာတောရသည် ဦးကောသလ္လတစ်ပါးတည်း တောထွက်၍ သာသနာပြုခဲ့ရာ အရပ်ဒေသဖြစ်သောကြောင့် ပရိယတ္တိသာမက ပဋိပတ္တိသာသနာကိုပါ အားပေးသောအားဖြင့် နှစ်စဉ် ဝါတွင်း၊ ဝါပြင်၌ ဝိပဿနာတရားစခန်းများ ဖွင့်လှစ်ပေးခြင်း၊ ရှင်ရဟန်း သူတော်စင် ယောဂီများအား တရားပြ၊ တရားအားထုတ်စေခြင်းစသည့် ပဋိပတ္တိလုပ်ငန်းများကိုပါ စဉ်ဆက်မပြတ် ပြုလုပ်လာခဲ့ရာ ယခုအခါ တောင်ဖီလာတောရမှာ ပရိယတ္တိသာမက ပဋိပတ္တိသာသနာပါ ထွန်းကားပြန့်ပွားလျက်ရှိပါသည်။

နှစ်စဉ် ယောဂီ၊ရဟန်း၊သာမဏေ ပေါင်း (၂၀၀) ကျော် (၃၀၀) ခန့် လာရောက် တရားအားထုတ်ကြလေရာ ရှိနေသော ကျောင်းဆောင်များနှင့် မလုံလောက်တော့၍ ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် သဒ္ဓမ္မစန္ဒီကျောင်းတော်မြတ်ကြီးကို ပန္နက်တင်မင်္ဂလာ ကျင်းပ၍ သုံးထပ်တိုက်ကျောင်းတော်မြတ်ကြီးအဖြစ် စတင် တည်ဆောက်ခဲ့ကြသည်။ ကျောင်းတော်မြတ်ကြီးမှာ (၈)နှစ်အကြာ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ပြီးစီး အောင်မြင်တော်မူခဲ့သည်။ ကျပ်ငွေသိန်းပေါင်း (၇၇၉) သိန်းကျော် ကုန်ကျသည်။ ယောဆရာတော်မှ ကျပ်ငွေ (၁၅၂) သိန်း ထည့်ဝင်လှူဒါန်းခဲ့သည်။ ယောဆရာတော်ကို ကိုးကွယ်ကြသော ရန်ကုန်-မန္တလေးနှင့် ကလေးဒေသ၊ ယောဒေသရှိ ဒကာ၊ ဒကာမများက စုပေါင်းလှူဒါန်းကုသိုလ်ပြုခဲ့ကြသည်။

ကျောင်းရေစက်ချပွဲကို ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့က ခြိမ့်ခြိမ့်သဲသဲ ကျင်းပပြုလုပ်ခဲ့ရာ စာရေးသူလည်း တက်ရောက် ကုသိုလ်ပြုနိုင်ခဲ့ပါသည်။ထိုစဉ်မှစ၍ စာရေးသူ တောင်ဖီလာတောရ မရောက်ဖြစ်ခဲ့သည်မှာ (၆) နှစ်ပင် ကြာသွားခဲ့လေပြီ။

ယခုတစ်ခေါက် တောင်ဖီလာတောရသို့ ရောက်ရှိခဲ့ခြင်းကား နတ်ချောင်းရွာ အောင်ဆုပန်ကျောင်း ဆရာတော် ဦးဇနိန္ဒ၏ ကျေးဇူးကြောင့်ပေတည်း။ ဆရာတော်သာ မခေါ်လျှင် ရောက်ဖြစ်ဦးမည်မဟုတ်။ အကြောင်းမှာ နတ်ချောင်းရွာနှင့် တောင်ဖီလာတောရသည် (၂၃) မိုင် ဝေး၁ည်။ အသွား၊ အပြန် (၄၆) မိုင်ခရီးရှိသည်။ ဆိုင်ကယ်နှင့်သွားပါက အသက် (၆၀) ကျော် စာရေးသူအဖို့ မလွယ်တော့။ ဆရာတော်၏ ကားကြောင့်သာ သက်သက်သာသာ (၁) နာရီခရီးနှင့် တောင်ဖီလာသို့ ရောက်တော်မူခဲ့ရသည်။ ဆရာတော် ဦးဇနိန္ဒ၏ကျေးဇူးကြောင့် တောဖီလာတောရသာသနာကို ကမ္ဘည်းတင်ခွင့်ရရှိခဲ့လေပြီ။

ဆရာတော်ဦးဇနိန္ဒက အပြန်ခရီးတွင် -

"ဒကာကြီးတို့ကို စက်မှုဇုန်ပို့ဦးမယ်"

ဆိုကာ တောင်ဖီလာတောရ အနောက်ဘက် (၄) မိုင်အကွာခန့်ရှိ ကလေးမြို့ စက်မှုဇုန်ကိုပါ ပို့ဆောင်ပေးပါသည်။ ကလေးမြို့ စက်မှုဇုန်ကား ယခင်အခါများက တံခါးလေးပေါက်ပါ ဂျစ်ကားများနှင့် တောင်ပေါ်တက် ဟိုင်းမွာဂျစ်ကားများကို ထုတ်လုပ်ပေးခဲ့ပါသည်။ ယခုအခါမူကား ကားဈေးတွေကျနေသဖြင့် ကလေးမြို့ စက်မှုဇုန်မှာ ကားများမထုတ်လုပ်နိုင်တော့ဘဲ ကားပြင်စက်ရုံသာ ဖြစ်နေပါတော့သည်။ ဟိုင်းမွာကား၊ ဂျစ်ကား၊ ပါဂျဲရိုးကားများကို ပြုပြင်ပေးလျက်ရှိပါသည်။ ထိုစက်မှုဇုန်၌ နတ်ချောင်း အောင်ဆုပန်ကျောင်းမှ အပ္ပမာဒ လူမှုကူညီရေးအသင်း ပါဂျဲရိုးတစ်စင်းကို ပြုပြင်ခိုင်းထားရာ မပြီးသေးပေ။ (၂) ရက်ကြာမှ ပြီးမည်ဟု သိရသည်။

ကျွန်တော်တို့သည် ကလေးစက်မှုဇုန်မှ ချင်းတောင်သွား ကလေး-ဖလမ်း-ဟားခါး-တီးတိန်သွားလမ်းမကြီးမှပြန်လာခဲ့ကြရာ တောင်ဖီလာတောရသည် အဝေး၌ မှုန်ပျပျ ကျန်ရစ်ခဲ့လေသည်။

'တောင်က ဖီလာ၊
မြစ်က ပြောင်းပြန်၊
လူက ကန့်လန့်'

ဟု စာစပ်ခဲ့ရသော တောင်ဖီလာတောရ တောင်တန်းကြီးသည် တောင်၊ မြောက် သွယ်တန်းနေသော အနောက်ဘက် ချင်းရိုးမတောင်တန်းကြီးကို ဖီလာပြုကာ အရှေ့၊ အနောက် သွယ်တန်းလျက်ရှိနေသည်။ စိမ်းညို့နေသော သစ်ပင်တောတောင်များဖြင့် သာယာလှပစွာ ဖုံးလွှမ်းလျက်ရှိသည်။ တောင်တန်းပေါ်မှ ဖြူဖြူဖွေးဖွေးစေတီကလေးတို့မှာကား တောင်ဖီလာတောရ သာသနာကို လှစ်ပြ၍နေပါသည်။ သွပ်ပြားဖွေးဖွေး၊ စုလစ်မွမ်းချွန်အစုံစုံဖြင့် ဇရပ်တန်ဆောင်းတို့ကား ကလေးနယ်၏ တောင်ဖီလာတောရ သာသနာ့နယ်မြေအဖြစ် ဖော်ပြလျက်ရှိနေပေသည်။

ဩော် - ချင်းတောင်ခြေရင်းက တောင်ဖီလာတောရ သာသနာ့နယ်မြေကား သာသနာအနှစ် (၅၀၀၀) ကျန်ရစ်နေဦးမည်သာတကား။

*(ဤစာစုဖြင့် ယောဆရာတော်အား ပူဇော်လိုက်ပါ၏ ဘုရား)*

ကလေး-ဝင်းသူ



www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာရှင်(ရွှေပြည်သာ)

## ဘဝကိုအသေသတ်သောစိတ်

၂၀၁၀ ပြည့်နှစ်ခန့်ကပင် ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ မေဓာဝီကျောင်းထဲတွင် ညတရားပွဲဟောရန်အတွက် စာရေးသူ နေ့ခင်းကတည်းက ကြိုရောက်နေသည်။ ညနေ လေးနာရီခန့်မှာပင် အသက်လေးဆယ်အရွယ်ခန့်ရှိ နွမ်းနွမ်းပါးပါး အမျိုးသမီးတစ်ဦး ကျောင်းဝိုင်းထဲသို့ ဝင်လာပြီး စာရေးသူကိုဦးချကာ ယခုကဲ့သို့လျှောက်ထားသည်။

"ဆရာတော် တပည့်တော် ပဲခူးကနေ ရထားစီးလာတာပါ ဘုရား။ ကလေးနှစ်ယောက်ကိုတော့ ဘူတာထဲမှာ ခဏထားခဲ့တယ်ဘုရား။ ရှေ့ဆက်သွားဖို့ မိုးချုပ်သွားတာကြောင့် ဒီကျောင်းမှာတစ်ညအိပ်ချင်ပါတယ်ဘုရား။ ဆရာတော်ဘုရားခွင့်ပြုတော်မူပါ"

"ဒါယိကာမကြီးက ဘယ်ကိုဆက်သွားမှာလဲ"

"တောင်ကြီးကိုပါ ဘုရား"

"အလည်သွားတာလား၊ ဘာကိစ္စလဲ"

"နေစရာအတွက် အိမ်လခပေးရအောင် သွားတောင်းမလို့ပါဘုရား"

"ဟင်-ဒါယိကာမကြီးက တောင်းစားနေတာကိုး။ မျိုးရိုးကိုက တောင်းစားတဲ့မျိုးရိုးလား"

"မဟုတ်ပါဘူးဘုရား။ ယောကျ်ား ဆုံးပြီးတဲ့နောက် စီးပွားပျက်ပြီး အခုလို ဘဝမျိုးရောက်ရတာပါဘုရား"

သူမသည် ပြောရင်းဖြင့် မျက်ရည်များတွေတွေကျသည်။

"ဒါယိကာမကြီးရဲ့ဘဝအကြောင်းကို ပြောပြနိုင်မလား။ အကြောင်းစုံသိရရင် ဆရာတော် ကူညီနိုင်သလောက် ကူညီရတာပေါ့"

"လွန်ခဲ့တဲ့ ရှစ်နှစ်ကျော်လောက်က တပည့်တော်မတို့ ဇနီးမောင်နှံဟာ ဒလဘက်မှာ ထင်းရောင်းပြီး အသက်မွေးကြပါတယ်။ကလေးနှစ်ယောက်အရမှာ ယောကျ်ားဖြစ်သူ ရုတ်တရက် ဆုံးသွားပါတယ်။ အဲဒီအချိန်ကစပြီး တပည့်တော်မတို့ ဘဝပျက်ခဲ့ရပါတယ်"

"ကျန်ခဲ့တဲ့ အကြွေးတွေ ထိုးဆပ်ရင်း အိမ်ကိုပါရောင်းခဲ့ရပါတယ်။ ဒလမှာ ဆက်မနေနိုင်တော့တာကြောင့် ပဲခူးမြို့နယ်ထဲက ရွာလေးတစ်ရွာမှာ တစ်လ (၂၅၀၀) နဲ့ အိမ်လေးတစ်လုံးငှားပြီးနေ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။

ကျန်းမာရေးကလည်း မကောင်း၊ စိတ်ဓာတ်ကလည်းကျနေတော့ ဘာအလုပ်မှမလုပ်ဖြစ်တော့ဘဲ တောင်းစားတဲ့ဘဝရောက်သွားရတော့တာပဲဘုရား။ အခုလည်း လက်ရှိအိမ်လေးက အိမ်လခတိုးတောင်းတာမပေးနိုင်ဖြစ်နေလို့ အိမ်လခလေးရရဆိုပြီး တောင်ကြီးအထိသွားတောင်းမလို့ထွက်လာတာပါ ဘုရား"

"ဒါယိကာမကြီး လူတန်းစေ့နေနိုင်တဲ့ဘဝကနေ တောင်းစားတဲ့ဘဝရောက်သွားတာ ဘာကြောင့်လဲဆိုတာ စဉ်းစားမိလား"

"မစဉ်းစားမိဘူးဘုရား၊ ယောကျ်ားဆုံးသွားလို့ထင်တာပဲ"

"ကမ္ဘာကျော် မုဆိုးမသူဌေးတွေ အများကြီးရှိတယ်။ ဒါက အဓိကမဟုတ်ဘူး။ ပြီးမှ အေးအေးဆေးဆေး ရှင်းပြမယ်။ ရော့ - ဟောဒီမှာ ငွေရှစ်သောင်းယူ၊ ငါးသောင်းက အိမ်လခ ဆယ်လစာပေါ့။ ကျန်တဲ့ သုံးသောင်းက ထင်းအရောင်းအဝယ်ပြန်လုပ်ဖို့ အရင်းအနှီးပေါ့"

စာရေးသူက ဒုက္ခသည်များကို အရေးပေါ်ကယ်ရအောင် အသင့်ထည့်ထားလေ့ရှိသော ငွေရှစ်သောင်းကိုထုတ်ပေးလိုက်သောအခါ သူမသည် မျက်ရည်တွေတွေကျရင်း တုန်ယင်နေသောလက်အစုံဖြင့် ယူရှာသည်။

"ဆရာတော်က ဓမ္မကထိကတစ်ပါးပါ။ ဒီကျောင်းက ဆရာတော်မဟုတ်ပါဘူး။ ငွေရှစ်သောင်းဆိုတာ သူဌေးတွေအတွက် အရက်တစ်ဝိုင်းစာတောင် ရှိတာ မဟုတ်ပါဘူး။ ဆင်းရဲသားတွေသုံးလည်း ခဏနဲ့ကုန်တာပါပဲ"

"ငွေရှစ်သောင်းက တန်ဖိုးဖြတ်လို့ရတယ်။ အခု တန်ဖိုးဖြတ်လို့ မရတဲ့ ဩဝါဒစကားတစ်ခွန်းကို ပြောပြမယ်။ ဒါယိကာမကြီး သူတောင်းစားဘဝရောက်ရတဲ့ အဓိကအကြောင်းကတော့ အလကားလိုချင်တဲ့စိတ်ပဲ။ ဘာအလုပ်မှမလုပ်ဘဲ ပိုက်ဆံ၊ အခွင့်အရေးတစ်ခုခုကို အလကားလိုချင်တဲ့စိတ်ဟာ ဘဝကိုအသေသတ်တဲ့စိတ်ပဲ။

သူတောင်းစားတွေဟာ အသက်တော့ မသေကြသေးပါဘူး။ ဒါပေမယ့် သူတို့ဟာ လူ့လောကအတွက် ဘယ်နေရာမှာမှသုံးလို့မရတော့တဲ့အတွက် ဘဝသေနေကြပါပြီ"

မှတ်ချက် - စာတွင် အပြောနှင့် အပြ သို့မဟုတ် သုတနှင့် ရသဟု နှစ်မျိုးရှိသည်။ အပြောနှင့်ရေးလျှင် သုတသာ ရနိုင်သည်။ ရသကို မခံစားရနိုင်ပေ။ စကားပြေဖြင့် ရေးလျှင်ကား သုတရော ရသပါ နှစ်မျိုးစလုံးပါနိုင်သည့်အတွက် စကားပြေဖြင့် ဆက်လက် ရေးသားလိုက်ပါသည်။

ဘဝကို အသေသတ်သော စိတ် ဟူသော ဤတရားကို စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ကျောက်မှော်ရွာတွင်လည်း ၂၀၀၆ ခုနှစ်ခန့်က ဟောပေးခဲ့ဖူးပါသည်။ ထိုရွာသည် သူတောင်းစားများနှင့် အနာကြီးရောဂါသည်များ စုပေါင်းနေထိုင်သောရွာ ဖြစ်သည်။

မြို့ပေါ်ရှိ ချမ်းသာသောရပ်ကွက်များ၊ ချမ်းသာသောရွာများက ကျွန်ုပ်ကို တရားပွဲပင့်ဖို့ ကြိုးစားကြသည်မှာ နှစ်မနည်းတော့ပေ။ပေးမည့်ပေးသောအခါ အဆင်းရဲဆုံးရွာသို့ ပေးလိုက်သည့်အတွက် ကရုဏာမရှိသူများက ယခုကဲ့သို့ ဝေဖန်ကြသည်။

"ဒီဘုန်းကြီးနဲ့ကွာ၊ တို့ချမ်းသာတဲ့ရွာတော့မကြွဘဲနဲ့ သူတောင်းစားရွာကျမှ ကြွရတယ်လို့"

ထိုရွာတွင် တရားပွဲပေးလိုက်သော်လည်း ကျင်းပဖို့ ငွေမရှိဖြစ်နေပြန်သဖြင့် ကျွန်ုပ်ကပင် ငွေတစ်သိန်းစိုက်ထုတ်ပေးခဲ့ရသည်။ ဓမ္မပူဇာအဖြစ် ရလာသော ငွေငါးသိန်းခန့်ကိုလည်း ကျေးရွာသုံး မီးစက်တစ်လုံးဝယ်ပေးခဲ့ပြီး ကျန်ငွေများကို ကျန်းမာရေးငွေပဒေသာပင် ထူထောင်ပေးခဲ့သည်။

မုံရွာမြို့မှ ကုံကော်စားသုံးဆီပိုင်ရှင် ဦးဖိုးထူးမိသားစုကလည်း လှူပေးကြသည်။ ထိုတရားဟောပြီးသည့်နောက် ရွာတွင် တောင်းစားသူ အတော်နည်းပါးသွားပြီး အလုပ်လုပ်လာကြောင်း ရာအိမ်မှူးက လာပြော၍ သိရသည်။

ကျွန်ုပ်၏ တပည့်တစ်ဦးဖြစ်သူ ဦးကောဝိဒ(၀၉-၂၁၁၀၂၀၂)က 'မေတ္တာရှင်ဖောင်ဒေးရှင်း' ဟူသော အမည်ဖြင့် အင်တာနက်မှတစ်ဆင့် ကျွန်ုပ်၏တရားများကို (၂၄)နာရီလွှင့်ပေးလျက်ရှိသည်။ ဒိန်းမတ်နိုင်ငံတွင်နေထိုင်လျက်ရှိသော ခရစ်ယာန်ဘာသာဝင် မြန်မာအမျိုးသမီးတစ်ဦးသည် ထိုတရားကိုနာရပြီး ဗုဒ္ဓဘာသာဝင်ဖြစ်သွားခဲ့သည်။

*ဘာသာတစ်ခုမှ အခြားဘာသာတစ်ခုသို့ ကူးပြောင်းအောင် လုပ်ဆောင်ခြင်းမျိုးသည် ထူးခြားမြင့်မြတ်သော လုပ်ဆောင်ခြင်းမျိုး မဟုတ်။ မည်းညစ်သောဘဝမှ ဖြူစင်သောဘဝသို့ ရောက်သွားအောင်၊ အတ္တဆန်သောဘဝမှ အနစ်နာခံသောဘဝသို့ရောက်သွားအောင် လုပ်ဆောင်ခြင်းမျိုးသည်သာလျှင် ထူးခြားမြင့်မြတ်သော လုပ်ဆောင်ခြင်းမျိုး ဖြစ်သည် ဟူသော ဒဿနအတိုင်း-*

ထိုအမျိုးသမီးကို ခရစ်ယာန်ဘာသာမှ ဗုဒ္ဓဘာသာသို့ ပြောင်းလာအောင် လုပ်ဆောင်ချက်သည် ထူးခြားမြင့်မြတ်သောလုပ်ဆောင်ချက်ဟု ကျွန်ုပ်က ခံယူမထားပေ။ ထိုအမျိုးသမီးသည် ယခုအခါ အတ္တဆန်သောဘဝမှ အနစ်နာခံသောဘဝသို့ရောက်နေပြီဖြစ်သည်။

ဦးကောဝိဒသည် ကျွန်ုပ်ကိုယ်စား အထက်မြန်မာပြည်မှ နွမ်းပါးသူများနှင့် ဒုက္ခသည်များကို ပညာရေးနှင့် ကျန်းမာရေးကို စောင့်ရှောက် လှူဒါန်းပေးနေသူဖြစ်သည်။ ဦးကောဝိဒနှင့် စင်ကာပူရှိ ကာယကံမေတ္တာရှင်ဖောင်ဒေးရှင်းအဖွဲ့သားများ စုပေါင်း၍ တက္ကသိုလ်မတက်နိုင်သော ကျောင်းသား နှစ်ဆယ်ခန့်ကို ပညာသင်စရိတ် ထောက်ပံ့နေပြီ ဖြစ်သည်။

စစ်ကိုင်းမြို့တွင် မြရတနာရွာဟူ၍ ရှိသည်။ အနာကြီးရောဂါသည်များကို စုပေါင်းထားသောရွာ ဖြစ်သည်။ ကျွန်ုပ်သည် ထိုရွာကို လျှပ်စစ်မီးရအောင် လုပ်ဆောင်ပေးနိုင်ခဲ့သည်။ ကျန်သော ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ဦးကောဝိဒက ဆက်လက် ထောက်ပံ့လျက်ရှိသည်။

ဘဝကို အသေသတ်သောစိတ် တရားကို နာကြားရသော ဒိန်းမတ်မှ အမျိုးသမီးသည် မြရတနာရွာအတွက် လိုအပ်ချက်များကို လှူဒါန်းသကဲ့သို့ အခြားဒါနရှင်များ သတိမပြုမိသည့် အလှူတစ်ခုကိုလည်း လှူလိုက်သေးသည်။

ထိုအလှူကား မြရတနာရွာမှ ကလေးငါးဦးကို သာသနာ့ဘောင်သို့ သွတ်သွင်းပေးသော သာသနာ့ပြုအလှူပင် ဖြစ်ပါသည်။ ထိုကလေးငါးဦးသည် ကိုရင်ဘဝတွင် အခြေခံစာပေများကို သင်ယူလျက် ဦးကောဝိဒ၏မေတ္တာရိပ်အောက်တွင်ရှိနေပြီ ဖြစ်သည်။

ကိုရင်ငါးပါးအတွက် လိုအပ်ချက်များကိုလည်း လစဉ် မပျက်မကွက် လှူဒါန်းလျက်ရှိကြောင်းသိရသည်။ မေတ္တာသည် ပါရမီထိုက်သောမေတ္တာနှင့် ...



www.burmeseclassic.com

www.burmeseclassic.com

မထိုက်သောမေတ္တာနှစ်မျိုးရှိသည်။ ပါရမီထိုက်သောမေတ္တာ ဟူသည် ဆွေမျိုးစွဲ၊ ဒေသစွဲ၊ ဘာသာစွဲမရှိဘဲ လူသားတိုင်းအပေါ် ထားနိုင်သောမေတ္တာမျိုးဖြစ်သည်။

ပါရမီမထိုက်သောမေတ္တာဟူသည် မိမိ၏ မိသားစုနှင့် ဆွေမျိုးများအပေါ်လောက်တွင်သာထားနိုင်သောမေတ္တာမျိုးဖြစ်သည်။ မိမိ၏မိသားစုအပေါ်တွင် ထားနိုင်သောမေတ္တာမျိုးကား တိရစ္ဆာန်များပင် ထားနိုင်သောကြောင့် ဘာမှလေးစား အားကျစရာမရှိပေ။

ခွေးမများသည် သူတို့မွေးထားသော ခွေးသားပေါက်လေးများကို နို့ချိန်တွင် နို့တိုက်ပေးကြသည်။ အစာစားချိန်တွင် အန်၍ပင် ကျွေးကြသည်။ သို့သော် သူအန်လိုက်သောအစာများကို သူ့သားသမီးများစားနေလျှင် ပီတိဖြင့် ငြိမ်သက်နေမည် ဖြစ်သော်လည်း တခြား တစိမ်းခွေးပေါက်လေးများ လာစားလျှင် ကိုက်သတ်ပစ်မည်သာ ဖြစ်သည်။

ထို့အတူ မိမိ၏မိသားစု၊ မိမိ၏ဆွေမျိုးများ ကောင်းစားရေးလောက်သာ အာရုံစိုက်သော မေတ္တာမျိုးသည် တိရစ္ဆာန်က သားသမီးအပေါ် ထားသော မေတ္တာအဆင့်မျိုးလောက်သာဖြစ်သည်။ ဘုရားရှင် ဖြည့်ဆည်းခဲ့သော မေတ္တာပါရမီသည် ဘာသာစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲမထားသောမေတ္တာမျိုးဖြစ်သည်။ ဗုဒ္ဓဘာသာမှန်လျှင် ထိုမေတ္တာမျိုးကို ရအောင် မွေးသင့်သည်။

ဒိန်းမတ်မှ အမျိုးသမီး၏ မေတ္တာသည် ပါရမီထိုက်သောမေတ္တာမျိုး ဖြစ်သည်။ ရှင်ပြုပေးသော ကလေးငါးယောက်သည် သူမနှင့်အမျိုးမတော်ပေ။ သို့သော် ထိုကလေးငါးယောက်ကို ဘဝအဆင့်မြင့်စေချင်သည်။ ထိုကလေးငါးယောက် ဘဝအဆင့်မြင့်သွားလျှင် မြေတနာတစ်ရွာလုံးကောင်းစားသွားမည်။

ထိုကဲ့သို့ ပါရမီထိုက်သော မေတ္တာမျိုးထားတတ်အောင် လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော်ကတည်းက ဆုံးမလမ်းပြခဲ့သည်မှာ ဗုဒ္ဓဘုရားရှင် ဖြစ်သည်။ သို့သော် ထိုပါရမီထိုက်သော မေတ္တာမျိုးကို ဗုဒ္ဓဘာသာအများစုက မထားကြဘဲ ခရစ်ယာန်ဘာသာဝင်အများစုက ထားနေကြသည်ကို တွေ့ရသည်။

ထို့ကြောင့်လည်း ကမ္ဘာတွင် ခရစ်ယာန်ဘာသာဝင်က သန်းပေါင်း(၁၇၀၀) ကျော်ဖြင့် အများဆုံးဖြစ်နေခြင်းပင်။ ပါရမီမထိုက်သောမေတ္တာသာ အထားများကြသောကြောင့် ဗုဒ္ဓဘာသာဝင်ဦးရေမှာ သန်းပေါင်း (၇၅၀) ကျော်ဖြင့် အနည်းဆုံးအဆင့်ဖြစ်နေရသည်။

**ချစ်စရာအကျင့်နှင့်မုန်းစရာအကျင့်**

မြန်မာများတွင် ချစ်ရာအကျင့်လည်းရှိသည်။ မုန်းစရာအကျင့်လည်းရှိသည်။ ချစ်စရာအကျင့်ကား အားနာတတ်ခြင်း ဖြစ်သည်။ မုန်းစရာအကျင့်ကား အလကားလိုချင်တတ်ခြင်း ဖြစ်သည်။

ကျွန်ုပ်တွင် ဦးဝိသုဒ္ဓ အမည်ရှိ တပည့် ဦးပဉ္စင်းလေးတစ်ပါး ရှိသည်။ ယခုကား လူဝတ်လဲသွားလေပြီ။သူသည် အလွန်အားနာတတ်သည်။ တစ်ခါတွင် ကျွန်ုပ်တို့ဝါဆိုရာ ရွှေပြည်သာမြို့ မန္တလေးကျောင်းတွင် ကထိန်ပွဲကျင်းပရာ စတုဒိသာကျွေးမွေးသည်။ သိသူရော မသိသူများပါ အကုန်လာစားကြသည်။ ကျွန်ုပ်နှင့်ဦးဝိသုဒ္ဓသည် ကျောင်းအပေါ်ထပ် ဝရန်တာမှဝင်လာသော ဧည့်ပရိသတ်များကို ပီတိစိတ်ဖြင့် ကြည့်နေကြသည်။

ထိုအချိန်မှာပင် အသက် (၅၀) ကျော်အရွယ်ခန့် အမျိုးသမီးကြီးတစ်ဦး ကျောင်းထဲဝင်လာသည်ကိုတွေ့သည်နှင့် လက်ညှိုးထိုးပြကာ ဦးဝိသုဒ္ဓက ယခုကဲ့သို့ပြောသည်။

“ဆရာတော်၊ အဲဒီဒါယိကာမကြီးဟာ တပည့်တော် ဆွမ်းခံကြွတဲ့အိမ်က ဘုရား”

“အဲဒါဆို သွားနှုတ်ဆက်လိုက်ပါလား”



“ဟာ - မဖြစ်ဘူးဘုရား”

“ဘာပြုလို့တုံး”

“အဲဒီ ဒါယိကာမကြီးက တပည့်တော်ဆီက ငွေတစ်သောင်းချေးထားတာ တစ်နှစ်ကျော်နေပြီ ဘုရား။ အခုထိ မပေးသေးဘူး”

“ဟဲ - အဲဒါမတရားလုပ်တာဘဲ။ လာ၊ သွားကြမယ်။ ငါကိုယ်တိုင် လိုက်တောင်းပေးမယ်”

“ဟာ - မသွားပါနဲ့ဘုရား၊ အားနာစရာကြီး”

“ဒါဆို ဦးပဉ္စင်းကဘာလုပ်မှာတုံး”

“တပည့်တော်ကို တွေ့သွားရင် ဒါယိကာမကြီး မျက်နှာပူနေလိမ့်မယ် ဘုရား။ ဒါယိကာမကြီး တပည့်တော်ကို မတွေ့အောင် တပည့်တော် အခန်းထဲမှာ သွားပုန်းနေမယ်ဘုရား”

ဤကား မြန်မာတို့၏ ချစ်စရာကောင်းသောအကျင့်လေးပင် ဖြစ်၏။ အားနာခြင်း ဟူသည် တစ်ဖက်သားစိတ်ဆင်းရဲသွားမှာကို စိုးရိမ်သော ကရုဏာသဘောလည်း ပါသည်။ တစ်ဖက်သားကို စိတ်ချမ်းသာစေချင်သော မေတ္တာသဘောလည်းပါသည်။ ထိုအားနာသော အလေ့အထကို တခြားမည်သည့်နိုင်ငံမှာမျှ တွေ့လိမ့်မည်မဟုတ်ပေ။

အမေရိကန်နိုင်ငံသား ခံယူသွားသော ဒါယိကာမကြီးတစ်ယောက်အကြောင်း ဖတ်ခဲ့ရဖူးသည်။ တစ်ခါတွင် သူမ၏ အမေရိကန်မိတ်ဆွေက မွေးနေ့ပွဲဖိတ်သည်။ ညခုနစ်နာရီတွင် ဖိတ်ထားခြင်း ဖြစ်သည်။ သူမသည် မြန်မာပြည်မှာကဲ့သို့မှတ်ပြီး တစ်နာရီစောပြီးသွားလိုက်သည်။ အံ့သြစရာကောင်းသည်မှာ တံခါးလာဖွင့်ပေးကတည်းက မကြည်သောအကြည့်ဖြင့် အကြည့်ခံလိုက်ရသည်။

အိမ်ထဲရောက်သွားသောအခါ၌လည်း မိသားစုအားလုံး တစ်ယောက်မှ လာစကားမပြောကြသောဟူ၏။ တခြားနိုင်ငံများတွင် အားနာခြင်းသဘောကို ဘယ်သောအခါမှ မမျှော်လင့်ပါလေနှင့်။ အားနာခြင်းအလေ့အထကား ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ပစ္စည်းသာ ဖြစ်ပါလေ၏။

မြန်မာပြည်တွင် မိသားစုအကုန်အလည်ရောက်လာပြီး တစ်လကိုးသီတင်း နေထိုင်စားသောက်သွားလည်း စိတ်ဆိုးသူ၊ ညည်းညူသူမရှိပေ။ တခြားနိုင်ငံတွင်သာ ထိုကဲ့သို့သွားလုပ်လျှင် ရဲ



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ပြီး မောင်းချလောက်ပေသည်။

၂၀၁၃၊ တစ်လပိုင်းလောက်က စင်ကာပူနိုင်ငံတွင် လက်တွေ့ဖြစ်ရပ်တစ်ခု ကြုံခဲ့ရသေးသည်။ စင်ကာပူနိုင်ငံတွင် နိုင်ငံသားမှန်သမျှ တိုက်နှင့်နေရအောင် အစိုးရကိုယ်တိုင် မိုးပျံတိုက်ကြီးများကို ဆောက်သည်။ ပြီးလျှင် ပြည်သူများကို အကြွေးနှင့် ရောင်းပေးသည်။ တစ်လ ဒေါ်လာနှစ်ရာနှုန်းလောက်ဖြင့် နှစ်ပေါင်း သုံးဆယ်လောက်ကြာအောင် ဖြည်းဖြည်းချင်း ဆပ်ခွင့်ပြုသည်။

စင်ကာပူမှလူကြီးများသည် လူနေအထပ်မြင့်တိုက်ကြီးများ ဆောက်သောအခါ ကားထားစရာအထပ်မြင့်တိုက်ကြီးများကိုပါတွဲဆောက်ပေးထားသည်။ စိမ်းစိုနေအောင် သစ်ပင်မျိုးစုံလည်းစိုက်ပေးထားသည်။ကလေး၊ လူကြီးများအတွက် ရေကူးကန်ပါထည့်ပေးထားသည်။ ရေကူးသောအခါ ပင်လယ်လှိုင်းတံပိုးဖြစ်အောင် လျှပ်စစ်ဖြင့်လုပ်ပေးထားသေးသည်။ ကလေးကစားကွင်းလည်း ပါသည်။

တစ်ခါတွင် ကလေးကစားကွင်း၌ လူကြီးနှစ်ယောက် လက်ဝှေ့ထိုးလာလေ့ကျင့်နေသည်။ ကီသွင်းသောအသံများကြောင့် အနည်းငယ်ဆူညံသောအသံထွက်သည်။ သို့သော် မြန်မာပြည်တွင် သူတစ်ပါးအိမ်ရှေ့ ဂစ်တာတီးသံလောက်ကား မဆူပေ။

သို့သော် ဘေးတိုက်ခန်းတစ်ခုမှ ဖုန်းဆက်တိုင်လိုက်သောကြောင့် ရဲများ ချက်ချင်းရောက်လာပြီး ထိုလူကြီးနှစ်ယောက်ကို မောင်းထုတ်ပေးခဲ့သည်။ တခြားနိုင်ငံများတွင် အားနာသောစိတ်ကား ဤမျှအထိခေါင်းပါးပေသည်။

မြန်မာများ၏ မုန်းစရာကောင်းသောအချက်ကား အလကားလိုချင်စိတ်ပင်ဖြစ်သည်။ ဤအလကားလိုချင်သောစိတ်ကြောင့် ကြီးပွားသင့်သလောက် မကြီးပွားကြခြင်း ဖြစ်သည်။

လောကီရေးအနေနှင့် ချမ်းသာချင်လျှင်၊ လောကုတ္တရာရေးအနေနှင့် နိဗ္ဗာန်ရချင်လျှင် ပေးချင်သောစိတ်ကိုသာ မွေးသင့်သည်။ အလကားလိုချင်သောစိတ်ကို မမွေးသင့်ပေ။

ဆင်းရဲသားများကို ပေးကမ်းထောက်ပံ့ချင်သောစိတ်ကြောင့် ဘီလ်ဂိတ်သည် ကမ္ဘာ့အချမ်းသာဆုံး သူဌေးဘဝသို့ရောက်ခဲ့ရသည်။ ပေးချင်သောစိတ်သည် လိုချင်သောလောဘကို ပယ်သတ်သောစိတ် ဖြစ်သည်။ နိဗ္ဗာန် ဟူသည်လည်း တဏှာလောဘကုန်ရာဖြစ်သောကြောင့် ပေးချင်သောစိတ်ရှိသူများသည် လိုချင်သောစိတ်ရှိသူများထက် နိဗ္ဗာန်သို့ အမြန်ရောက်မည်မှာ သေချာပေသည်။

အလကားလိုချင်သောစိတ်သည် အားထုတ်ကြိုးစားသည့် ဝီရိယဓာတ်ကို ဖျက်ဆီးသောစိတ်လည်း ဖြစ်သည်။ နတ်များသည် ကုသိုလ်ကံတစ်ခုကိုသာ အမှီပြု၍ အသက်မွေးရသောကြောင့် ကမ္မူပဇီဝီဟု ခေါ်သည်။ လူသားများကား ကုသိုလ်ကံနှင့် ဝီရိယနှစ်မျိုးစလုံးကိုမှီ၍ အသက်မွေးရသောကြောင့် ဥဘယူပဇီဝီဟု ခေါ်သည်။

ဝီရိယဓာတ်သာ ပျက်စီးသွားလျှင် လူသည် အပါယ်ဘုံသားများနှင့် ဘာမှထူးတော့မည် မဟုတ်ချေ။ အစဉ်အောက်တန်းကျနေသောသူများကို ကြည့်လိုက်လျှင် ဝီရိယဓာတ်ပျက်စီးနေသူများသာ ဖြစ်နေသည်ကို တွေ့ရပေသည်။

ကျွန်ုပ်သည် . တပို့တွဲလပြည့်နေ့တွင် မွေးသောကြောင့် မွေးနေ့မှတ်ရတာ အလွန်လွယ်သည်။

ကျွန်ုပ်မွေးနေ့ပွဲကို လူချမ်းသာများ တစ်ခါမှ ဆင်နွှဲခွင့် မရပေ။ အခြားအကြောင်းကြောင့် မဟုတ်။ မွေးနေ့ပွဲဟူ၍ သီးသန့်မလုပ်ခြင်း၊ လုပ်လျှင်လည်း မဖိတ်ခြင်းတို့ကြောင့် ဖြစ်သည်။ ကျွန်ုပ် ရွှေပြည်သာတွင်ရှိစဉ်က မွေးနေ့တိုင်း ရွှေပြည်သာမြို့မှ အဆင်းရဲဆုံးရပ်ကွက်ကြီးထဲတွင် စတုဒိသာ ညစာထပ်ကျွေးလေ့ရှိသည်။

ညနေ (၄) နာရီမှ ည (၁၀) နာရီခန့်အထိ လူမရွေး အကုန်ကျွေးသည်။ ဆန်အိတ်ဆယ်အိတ်ကျော်လောက်ချက်ရသည်။ တစ်နှစ်တွင် ကျွေးမွေးရင်း အခက်အခဲတစ်ခုဖြစ်သွားသည်။ ထမင်းပြတ်သွားခြင်းပင်။ ထိုနှစ် ချက်ပြုတ်သူများက လူသစ်များဖြစ်နေသဖြင့် ဤရပ်ကွက်၏အထာကို မသိကြ။

ခြောက်အိတ်ခန့် ချက်ထားရမည့်နေရာတွင် သုံးအိတ်လောက်သာ ကြိုချက်ထားသဖြင့် စားရင်း ထမင်းပြတ်သွားခြင်း ဖြစ်သည်။ထိုအခါကျမှ ထမင်းပြန်ပေါင်းနေရာ ဆင်းရဲသားများမှာ ပန်းကန်လေးတွေကိုယ်စီကိုင်ရင်း စောင့်နေကြရှာသည်။ ထိုအချိန်မှာပင် ကျွန်ုပ်၏ ပရဟိတလုပ်ငန်းကို ကြည်ညိုနေသော သူဌေးမကြီးတစ်ဦး သတင်းကြားဖြင့် ထိုရပ်ကွက်သို့ သူ၏ လင့်ခရူဆာကားနက်ကြီးစီးပြီး ရောက်လာသည်။

"ဆရာတော် ဘာများလိုပါသလဲဘုရား"

"လောလောဆယ်တော့ အလှူခံတွေစားဖို့ ထမင်းလိုနေတာပေါ့ ဒါယိကာမကြီး"

"ဒါဆို တပည့်တော် နီးစပ်ရာစားသောက်ဆိုင်တွေက ခေါက်ဆွဲကြော်ထုပ်တွေ ဝယ်လှူမယ် ဘုရား"

သူဌေးမကြီးသည် သူ့ကားအနက်ကြီးမောင်းထွက်သွားပြီး ခဏနေတော့ ပြန်ရောက်လာသည်။ ထမင်းဆာနေသည့် လူအုပ်ကြီးရှေ့တွင် ကားရပ်လိုက်ပြီး နောက်ခန်းကြီးဖွင့်လိုက်ရာ ခေါက်ဆွဲကြော်ထုပ်တွေ ကားနှင့်အပြည့် ဖြစ်သည်။

"ကဲ - တစ်ယောက်ချင်းစီ တန်းလာကြ။ အရင်ရောက်ပြီးစောင့်နေရတဲ့သူတွေကို နောက်ရောက်တွေက ဦးစားပေးလိုက်ပါ။ နောက်နာရီဝက်ဆိုရင် ထမင်းလည်း ရပါပြီ"

ကျွန်ုပ်က ပထမဆုံး ခေါက်ဆွဲကြော်ထုပ်ကိုကောက်ယူလိုက်ပြီး ရှေ့ဆုံးမှ လူတစ်ယောက်ကို လှမ်းပေးလိုက်သည်။ ပထမတော့ ဟုတ်တိပတ်တိ စီတန်းနေကြသည်။ ရန့်မွှေးလှသော ခေါက်ဆွဲကြော်ထုပ်ကို မြင်လိုက်သည်နှင့် စီတန်းတာပျက်သွားပြီး ဝိုင်းတိုးဖွဲ့ယူလိုက်ကြရာ ကျွန်ုပ်မှာ လူအုပ်ကြားထဲ ပက်လက်လှန်လဲကျသွားတော့သည်။

ခေါက်ဆွဲကြော်ထုပ်ဆီကို စိတ်ရောက်နေသော လူအုပ်ကြီးသည် မေတ္တာရှင်ကို ဂရုမစိုက်နိုင်တော့။ ကျွန်ုပ်ကို ကျော်ခွပြီး ကားထဲမှာ ခေါက်ဆွဲထုပ်များကို အတင်းလုယူကြတော့သည်။ ကျွန်ုပ်လည်း မာနတော်တော်ကျသွားသည်။ ဩော် - ငါဟာ ခေါက်ဆွဲကြော်လောက်တောင် အရေးပေးမခံရပါလားဟူ၍။

ပါလာသော ဒကာနှစ်ယောက်က အတင်း ဆွဲယူထုတ်လိုက်သောကြောင့်သာ ကျွန်ုပ်မှာ လူနင်းသေမည့်ဘေးက အေးခဲ့ရခြင်း ဖြစ်သည်။ သို့မဟုတ်လျှင် သတင်းစာများ၊ ဂျာနယ်များ ရောင်းကောင်းကုန်တော့မည် ဖြစ်သည်။ မေတ္တာရှင် (ရွှေပြည်သာ) ဆရာတော် လူနင်း၍ ပျံလွန်တော်မူခြင်း ဟူသော သတင်းသည် သတင်းဦးသတင်းထူး ဖြစ်တော့မည် မဟုတ်ပါလော။

မေတ္တာရှင် (ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

# နင်လားဟဲ့ ငှက်ဖျား

လူသားတွေကို ဒုက္ခပေးနေတဲ့ ရောဂါတွေထဲမှာ ငှက်ဖျားရောဂါဟာ လည်း အပါအဝင်ဖြစ်ပါတယ်။ ငှက်ဖျား ရောဂါဆိုတာ အင်နော့ဖလီခြင်ရဲ့ ကပ်ပါးပိုးကနေဖြစ်တာမို့ အင်နော့ဖလီခြင် ပေါက်တဲ့ တောတွေနဲ့ ကျေးလက်ဒေသ တွေမှာသာ အဖြစ်များပါတယ်။

ကျေးလက်တွေ၊တောတောင်တွေ ရှိရာကို လူမှုကိစ္စအဝဝနဲ့ လွှဲမရှောင်သာ လို့ သွားကြရတဲ့ မြို့သူမြို့သားတွေဟာ လည်း ငှက်ဖျားရောဂါရကြလေ့ရှိတယ်။ အခါကတော့ ခြင်ကိုက်ခံရလို့ပါ။ ငှက် ပျောသီးစားမိလို့၊ ရေစိမ်းသောက်မိလို့ မဟုတ်ပါဘူး။

ငှက်ဖျားရောဂါဟာ ကမ္ဘာနဲ့အဝန်း ရှိသလို မြန်မာနိုင်ငံမှာလည်း တော တောင်ထူထပ်တဲ့ နေရာတိုင်းမှာ ရှိပါ တယ်။ မြင့်မားပြီး တောတောင်ထူထပ် တဲ့ တောင်တန်းဒေသတွေ မဆိုထားနဲ့ နေပြည်တော်ရဲ့ တောတောင်ထူထပ်တဲ့ အနောက်ဘက်ခြမ်းဒေသတွေမှာတောင် ရှိတယ်။

ရှေးတုန်းကတော့ ပျဉ်းမနားနယ် ပေါ့လေ။ ပျဉ်းမနား(နေပြည်တော်)ရဲ့ အနောက်ရိုးမငှက်ကလည်း နာမည်ကြီး ပါ။ အခုစည်ကားနေပြီဖြစ်တဲ့ မိုးစွေ ဒေသဆိုရင် ရှေးတုန်းက နာမည်ကြီးပါ။ မိုးစွေငှက်ဆိုရင် လူတိုင်းကြောက်တယ်။ ဒေသခံတွေအနေနဲ့တော့ ယဉ်ပါးနေပုံ ပေါ်ပါတယ်။ရှေးတုန်းက သစ်ထုတ်ရေး စခန်းကနေ ရွာဖြစ်လာခြင်းပါပဲ။ ဧည့် သည်ဆိုရင် မိုးစွေငှက်ဒဏ်က လွတ်ခဲ တယ်။ အနည်းနဲ့အများ ခံစားကြရတာ ချည်းပဲ။

ငှက်ဖျားဖြစ်ပြီဆိုရင် အဲဒီလူဟာ ကျန်းမာရေး အတော်ချို့ယွင်းလာပါ တယ်။ အချို့ဆိုရင် ဦးနှောက်ထဲ ငှက် ဖျားပိုးဝင်သည်အထိ ခံစားရပြီး သေဆုံး ကုန်တာတွေ၊ ဦးနှောက်ပျက်စီးသွားတာ တွေ့ရှိတယ်။ အချို့လည်း မြန်မာ့နည်း မြန်မာ့ဟန် ဆေးမြီးတိုနဲ့ ပျောက်ကင်း ကုန်တာတွေ ရှိတယ်။ အချို့လည်း ပဋိ ဇီဝဆေးတွေနဲ့ ပျောက်ကင်းကုန်ကြတာ တွေရှိတယ်။ အမျိုးမျိုးပေါ့လေ။

ကျွန်တော်ကျတော့ ငှက်ဖျားထူ ထပ်တဲ့ မိုးကုတ်အနောက်ပိုင်းက ကပိုင် မိုင်ကြီးဝန်းကျင်မှာ နှစ်အနည်းငယ် တောက်တွင်းလုပ်ဖူးပေမယ့် ငှက်ဖျားစွဲ ခြင်းမရှိခဲ့ပါဘူး။ ကံကောင်းတယ်ခေါ်ရ မှာပါ။

နေပြည်တော်ဒေသ ဆိုတာ ရှေး က သစ်ကြီးဝါးကြီးတွေနဲ့ တောအလွန် ထူထပ်ခဲ့ပေမယ့် နောက်ပိုင်း တောကြီး တွေက သစ်တွေထုတ်လုပ်လိုက်တဲ့အခါ အလွန်ပူပြင်းလာပြီး အဆိပ်ပြင်းတဲ့ မြွေ ပွေးတွေ နေရာယူ ကျက်စားလာခဲ့ပါ တယ်။ အကောင်း၊ အဆိုးဆိုတာလိုပေါ့ လေ။ တောတောင်တွေထဲက စိမ့်စမ်း၊ ချောင်း၊ မြောင်း အမှိုက်ပြုပြီး ဖြစ်တည်ရ တဲ့ ငှက်ဖျားပိုးဖြန့်ဝေနေတဲ့ အင်နော့ ဖလီခြင်တွေဒဏ်က သက်သာသွားခဲ့ပါ တယ်။ ဒါပေမယ့် နေရာတိုင်းမှာတော့ မဟုတ်ပါဘူး။ တောအလွန်ကျတဲ့နေရာ တွေမှာတော့ ငှက်ဖျားဒဏ်ခံနေကြရပါ သေးတယ်။

နေပြည်တော်ကြီးမတည်မီ ရွှေခဲ အင်း၊ ကျောက်ခဲအင်းအနီးရှိ ဧက (၁၀၀၀) စီမံကိန်းမှာ ကြံလုပ်ငန်းကျွမ်း ကျင်တဲ့ ပြန်ကပြေးကလူတွေ ကြံစီမံ ကိန်းအတွက် အလုပ်သွားလုပ်ပေးကြရ ပါတယ်။ အဲဒီအထဲမှာ ကျွန်တော့်ညီမ အလတ်မဒွေးညွန့်ရဲ့ခင်ပွန်း မောင်ကျော် ဆန်းလည်း ပါပါတယ်။ အဲဒီဒေသတွေ မှာ တောအသင့်အတင့်ထူထပ်နေပါ သေးတယ်။ အဲဒီက ပြန်လာတော့ မောင်ကျော်ဆန်းမှာ ငှက်ဖျားရောဂါပါ လာတော့တာပါပဲ။

ထုံးစံအတိုင်း ဆေးထိုး၊ ဆေးစား နဲ့ သက်သာလာလိုက်၊ ပြန်ဖြစ်လိုက်နဲ့ လုံးချာလည်နေခဲ့ပါတယ်။ ကာလကြာ တော့ လူဟာ ပြာနှမ်းနှမ်းပြန်လာပါ တယ်။ ဒါကိုမြင်တော့ ငှက်ဖျားခံစားဖူး သူ မောင်ကြည်တင်က မေးတဲ့အခါ ဧက (၁၀၀၀) ကပါလာကြောင်း ပြောပြလိုက် ပါတယ်။

ဒီတော့ သူ့ရဲ့ဆေးနည်းကို ပေးပါ တယ်။ သူ့ရဲ့ငှက်ဖျားဟာ အဲဒီဆေး နည်းနဲ့ ပျောက်ကြောင်း သိရပါတယ်။ ဒါနဲ့ မောင်ကျော်ဆန်းလည်း အလွန် လွယ်တဲ့ သူ့ဆေးနည်းကို သောက်ပါ တယ်။

ဆေးနည်းက ဥနဲ့ရွက်လက်တစ် ဆုပ်စာခန့်ခူးပြီး ချင်းတစ်တက်လောက် လှီးထည့်ရပါတယ်။ ပြီးရင် ထန်းလျက် အသင့်အတင့်ထည့်ပြီး ရနိုင်မယ်ဆိုရင် စမုန်မျိုးငါးပါးပါ အနည်းငယ်ထည့်ရ ပါတယ်။ အဲဒါကို ကျိုချက်ပြီး မနက် တစ်ခွက်၊ ညတစ်ခွက် ပုံမှန်သောက်ပေး ရခြင်းပါပဲ။

အဲဒီဆေးသောက်ပြီးတာနဲ့ ချွေး ပုပ်တွေထွက်လာပြီး နေရထိုင်ရတာ ပေါ့ပါးလာပါလိမ့်မယ်။ အနည်းငယ်စွဲ သောက်ဖို့တော့လိုပါတယ်။ မြန်မာဆေး ဆိုတာက တစ်ခွက်၊ နှစ်ခွက်သောက်ရုံ မျှနဲ့ မပျောက်တတ်ပါဘူး။ နည်းနည်းစွဲ သောက်မှ ဝေဒနာပျောက်ကင်းတာပါ။

ဥနဲ့ရွက်ကို မအိုးဆေးလို့ ခေါ်ကြ ပါတယ်။ ဘာလို့လဲဆိုတော့ ဥနဲ့ပင်တိုင်း ဟာ အောက်က ရွက်ဟောင်းခြွေပြီး အထက်က ရွက်သစ်တွေ အစဉ်ထွက် နေလို့ပါ။ အရိုးပြိုင်းပြိုင်းကျအောင် ဇရာ ရုပ်ပေါက်နေအောင် အရွက်တွေကိုမခါ ပါဘူး။ အစဉ်သဖြင့် စိမ်းလန်းနုပျိုနေ တာမို့ မအိုးဆေးပင်လို့ ရှေးလူတွေက တင်စားခေါ်ဝေါ်ကြခြင်းပါ။

ဥနဲ့ပင်ဟာ ညောင်မျိုးနွယ်ပင်ပါ။ ညောင်မျိုးနွယ်ဝင်တွေမှာ ညောင်မျိုးစုံ၊ သဖန်း၊ ကတွတ်မျိုးစုံတွေနဲ့ ဥနဲ့ပင်ပါ။ သူတို့မှာ တူညီတဲ့အချက်က အပွင့်မပွင့် ကြတာပါဘဲ။ အကိုင်းကထွက်ကတည်း က အသီးပုံစံနဲ့ထွက်လာပါတယ်။ အသီး ရဲ့ ထိပ်မှာမှ အပွင့်သဏ္ဍာန်လေး ပြရုံပြ ကြပါတယ်။ ညောင်ပွင့်၊ သဖန်းပွင့်၊ ကတွတ်ပွင့်၊ ဥနဲ့ပွင့်ရယ်လို့ မရှိပါဘူး။ ထို့အတူ ခအောင်းလည်း မပွင့်ပါဘူး။

ရှေးရှေးတုန်းက လူပျိုလေးတစ် ယောက်က အပျိုလေးတစ်ယောက်ဆီ ကို အဖြေတောင်းတဲ့အခါ ရွာထိပ်က ညောင်ပင်ကြီးပွင့်တဲ့နေ့မှာ အဖြေပေးပါ့ မယ်လို့ပြောသတဲ့ဗျ။ ဘယ်လောက် တော်လဲဗျာ။

ဥနဲ့ရွက်ဆိုတာ ဒေသတိုင်းမှာလို လိုရှိပါတယ်။ ဒါပေမယ့် ခြွင်းချက်အနေ နဲ့ မိုးကုတ်အဝန်းအဝိုင်းမှာတော့ ဥနဲ့ပင် မတွေ့ရပါဘူး။ မိုင်းရှူးဝန်းကျင်မှာလည်း မတွေ့ရဘူး။ သို့သော်လည်း ဥနဲ့သီးကို ငှက်တွေစားကြတဲ့အတွက် ဒေသအနှံ့ ဥနဲ့ရှိမယ်လို့ ထင်ပါတယ်။

ဥနဲ့ရှိမယ်ဆိုရင် ဥနဲ့ရွက်ဟာ ငှက် ဖျားဆေး အသုံးဝင်ကြောင်း သိစေလိုလို့ မောင်ကျော်ဆန်းရဲ့ ကိုယ်တွေ့ငှက်ဖျား ပျောက်ဆေးကို တင်ပြလိုက်ခြင်းပါ။

*ချမ်းမြေ့ကြပါစေ*
*(မောင်ကျော်ဆန်းသို့ ကျေးဇူးတင်လျက်)*

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

(မြောင်)

# ထုံးတောင်-အရှင်ဓမ္မပိယ
## ၂
# တရားအားထုတ်သူတစ်ယောက်အကြောင်း



**ဉာဏ်ဟုန်မြဲရှ ကောင်းမှုပြုလော့**

သီတင်းဝါလကျွတ်ပြီ ဖြစ်သော်လည်း ကောင်းကင်တစ်ခွင်လုံး မိုးသားတိမ်လိပ်တို့ဖြင့် ရီဝေအုံ့ပျနေသည်။ လေ၏ အရှိန်ကြောင့် သုသာန်ဇရပ်ရှေ့ရှိ ကုက္ကိုပင်အိုကြီးမှ ကုက္ကိုရွက်တွေ တဖျပ်ဖျပ် လှုပ်ရှားမြူးကြွနေ၏။ မိုးမရွာသော်လည်း ပတ်ဝန်းကျင်တစ်ခုလုံးထိုင်းမှိုင်းနေသေး၏။

မနေ့ကတော့ မွန်းလွဲ (၂) နာရီလောက်ကစပြီး သုသာန်သင်္ချိုင်းတစ်ဝိုက် ဓမ္မစကြာရွတ်သံ၊ တရားဓမ္မတေးသံတွေ ခြိမ့်ခြိမ့်ညံနေ၏။ လူတွေကလည်း သုသာန်သင်္ချိုင်းလမ်းတစ်လျှောက် ပြည့်နှက်နေ၏။ သုသာန်ဝင်းတစ်ခုလုံးရှိ သစ်ပင်တွေအောက်၊ ဇရပ်တွေအောက်မှာ လူပရိသတ်တွေ ဟိုတစ်စုသည်တစ်စု များလှ၏။

ရဟန်းတော် အရှင်ဝိဝေကမှာ သည်မြင်ကွင်းကို သုသာန်ထောင့်တစ်နေရာမှာရှိသော အုတ်ဂူကြီးတစ်လုံးကို ကွယ်ပြီး ကြည့်နေသည်။ သူရှိနေသော နေရာတစ်ဝိုက်မှာတော့ ရွှံ့ဗွက်ရေအိုင်တွေ စိုစိုစွတ်စွတ်ရှိနေသဖြင့် လူတွေ မရောက်လာတာကြောင့် သူ့ကို ဂရုမပြုမိကြတာဘဲ ဖြစ်သည်။

အရှင်ဝိဝေကအဖို့ ယခုသုသာန်၌ နေ့ဘက်၊ နေ့ဘက် လာရောက်ပြီး လေ့လာနေသည်မှာ ခုနစ်ရက်တိတိရှိပြီ။ ညဥ့်အချိန်မှာ သုသာန်မှုတင်ဆောက်တည်ရန်အတွက် သင်္ချိုင်းအနေအထားကို လေ့လာရင်း ရဲစိတ်ကို တစ်စ တစ်စ မွေးယူနေခြင်းဟုလည်း ဆိုနိုင်၏။ ဒီခုနစ်ရက်အတွင်းမှာ သုသာန်သို့ အသုဘချလာတာ ငါးရက်ဆက်တိုက်တွေ့ခဲ့ရ၏။

နံနက်စောစော ဆွမ်းခံလှည့်လည်ပြီး တစ်ထပ်တည်းသောဆွမ်းကို ကျောင်းမှာ ပြန်ဘုဉ်းပေးပြီးသည်နှင့် ခေတ္တမျှ အနားယူကာ သုသာန်သို့ ကြွရောက်ပြီး သင့်တော်ရာ အုတ်ဂူ၊ ဇရပ်၊ သစ်ပင်တွေအောက်မှာ တရားအားထုတ်ရင်း သင်္ချိုင်းအနေအထားကို လေ့လာနေခြင်း ဖြစ်သည်။

သင်္ချိုင်းစောင့် အဘိုးကြီး ဦးမြသီးတို့ ဇနီးမောင်နှံနှင့်ပင် ရင်းနှီးစပြုလာပြီဖြစ်သည်။ အဘိုးကြီး ဦးမြသီးတို့ ဇနီးမောင်နှံကလည်း မကြာခဏရောက်လာတတ်ကြသော သုသာန်မှုတင်ဆောင် ရဟန်းတော်များအကြောင်းကို အတန်အသင့် သိရှိသဘောပေါက်ထားပြီး ဖြစ်၏။ ထင်ပေါ် ကျော်ကြားလိုမှုနှင့် လူအထင်ကြီးအောင် ရံဖန်ရံခါ ရောက်လာတတ်ကြသော ပုဂ္ဂိုလ်များကိုလည်း အကဲခတ်တတ်နေပြီ ဖြစ်သည်။

အရှင်ဝိဝေကကိုတော့ သင်္ချိုင်းစောင့် အဘိုးကြီး၊ အဘွားကြီးမောင်နှံက လေးစား ကြည်ညိုစိတ်ရှိကြပါသည်။ အသုဘချရာမှ ရလာတတ်သော ငှက်ပျောသီး၊ မုန့် စတာတွေကို နံနက် အရုဏ်ဆွမ်းအတွက်ဟု လှူဒါန်းတတ်သေး၏။ သောက်ရေလိုအပ်လျှင်လည်း သူတို့နေထိုင်ရာ သင်္ချိုင်းအပေါက်ဝ ဘေးက တဲမှာ အချိန်မရွေး ခပ်ယူနိုင်ကြောင်း ခွင့်ပြုထား၏။

သို့သော် ဆွမ်းတစ်ထပ်သာ ဘုဉ်းပေးသော ဧကာသနိတ်ဓုတင်သမား အရှင်ဝိဝေကအဖို့ အစားအသောက်မှာ အရေးမကြီးလှပါ။ အရေးကြီးသည်က သူသုသာန်ဓုတင်ဆောင်ရာမှာ သံသယကင်းကင်းနှင့် အဘိုးကြီး၊ အဘွား[illegible] နားလည်မှုရရှိပြီး အကူအညီရရေး[illegible] ဖြစ်သည်။

မနေ့ကတော့ သုသာန်တစ်ခု[illegible] နီးပါး ခြေချစရာမရှိအောင် လူ[illegible] ဟင်းကျမ်း ပြည့်နှက်နေ၏။ အုတ်[illegible] ပေါ်မှာ၊ ဇရပ်နှစ်ခုပေါ်မှာ လူတွေ[illegible]




www.burmeseclassic.com

www.burmeseclassic.com

ကြိတ်တိုးနေ၏။ အဘိုးကြီး ဦးမြသီးမှ မနေ့ကတော့ ပြောထား၏။ မနက်ဖြန်မှာ ဒီမြို့က အချမ်းသာဆုံး သူဌေးကြီးတစ်ယောက်၏အသုဘချဖို့ရှိ၏။ သူဌေးကြီးနှင့် မကင်းရာမကင်းကြောင်းတွေက တစ်နယ်လုံးမို့ လူစည်ကားမည်။ သူဌေးကြီး၏ ရုပ်အလောင်းကို အရှင်ဝိဝေက အသုဘကမ္မဋ္ဌာန်းရှုဖို့ သူကြံဖန်ကြည့်မည်။ ရဟန်းတော် အရှင်ဝိဝေကကို လူတွေမရောက်နိုင်ရာ ရွံ့ဗွက်ထူသော သုသာန်ထောင့်က အုတ်ဂူကြီးတစ်လုံးဘေးမှာသွားနေဖို့ အကြံပြုထားသည်။

အရှင်ဝိဝေက သချိုင်းစောင့်ကြီး ဦးမြသီး၏ အကြံပြုချက်ကို လက်ခံပြီး သုသာန်ထောင့်က ပြာသာဒ်ဘုံဆောင်တွေအဆင့်ဆင့်နှင့် ဟောင်းနွမ်းနေပြီဖြစ်သော ဘုန်းတော်ကြီးတစ်ပါး၏ အုတ်ဂူဘေးမှာ သွားနေလိုက်သည်။ အုတ်ဂူကို အုပ်ဆိုင်းနေသော မိုးနံ့ချုံ၊ နဘူးချုံနွယ်တွေအောက်မှာ တိုးဝင်ပြီး ထိုင်နေလိုက်သည်။ ဂရုတစိုက်မကြည့်ပါက သူ့ကို မည်သူမျှ မတွေ့နိုင်တော့ပေ။ အရှင်ဝိဝေက အုတ်ဂူကြီးကို မှီထိုင်ပြီး နဘူးချုံနွယ်တွေကြားမှ သူဌေးကြီး၏ အသုဘအခင်းအကျင်းကို ကြည့်နေမိ၏။

ထိုအခိုက် ကြေးစည်ရိုက်သံ၊ ဗမ္မာတေးသံတို့နှင့်အတူ ငွေဖလားနှင့် ပိုက်ဆံကြဲချနေသူ နှစ်ယောက်ကို တွေ့ရ၏။ လူကြီးတွေ၊ ကလေးတွေ ပိုက်ဆံလုနေကြ၏။ သူတို့နောက်ကမှ အသုဘတွန်းလှည်းကို ရွှေထီး(၄)လက်မိုးပြီး လူတွေက ရှေ့ကနေ ကြိုးနှင့်ဆွဲလာကြသည်။ အသုဘတွန်းလှည်း၏ လိုက်ပေါင်းတစ်ခုလုံးကို ရောင်စုံပိုးသားစလေးများဖြင့် အခေါက်အတွန့်လေးများ ပြုလုပ်လျက်တန်ဆာဆင်ထား၏။ လိုက်ပေါင်း၏ အပေါ်ထိပ် ထောင့်ချိုးနေရာများမှာ ယိုးဒယားပန်းနွယ်ပန်းခက်ကလေးတွေဖြင့် ဖောင်းဖောင်းကြွကြွ မွမ်းမံထား





www.burmeseclassic.com

www.burmeseclassic.com

သည်။ အလယ်မှ အသုဘထည့်သော လူသေခေါင်းကို မမြင်ရလောက်အောင် ပန်းခွေ၊ ပန်းခြင်းတွေဖုံးလွှမ်းထားသည်။

မကြာမီ ရဟန်းသံဃာများ ဇရပ်ရှိရာကို ကြွလာပြီး သံဃာစင်ပေါ်မှာ သီတင်းသုံးကြသည်။ လူသံတွေ တိတ်သွား၏။ တရားဟောသံ၊ သရဏဂုံတင်သံနှင့် ကြေးစည်ရိုက်သံပြင်းပြင်းကို ကြားရ၏။ အမျိုးသမီးအချို့၏ ဝမ်းနည်းပက်လက် စီခနဲအော်ဟစ်ငိုကြွေးသံ၊ မဲမွလက်ာရွတ်သံတွေကိုလည်း သောသော ရုတ်ရုတ်ကြားလိုက်ရလေသည်။

**အနိစ္စ ဝတ သင်္ခါရာ၊**
**ဥပ္ပာဒဝယ ဓမ္မိနော။**
**ဥပဇ္ဇိတွာ နိရုဇ္ဈန္တိ၊**
**တေသံ ဝူပသမော သုခေါ။**

*(ပြုပြင်ဖန်တီးအပ်သောအကြောင်းတရားမှန်သမျှသည် အတည်အမြဲမရှိ။ ဖြစ်ခြင်း၊ ပျက်ခြင်း၊ ဖောက်ပြန်ခြင်း သဘောသာရှိကုန်၏။)*

**နှလုံးသားမှာတည်သောဘုရား**

ဒီနေ့တော့ အရှင်ဝိဝေက သုသာန်ကို နေ့ဘက်မှာ သွားစရာမလိုတော့ပေ။ ညအချိန် လူခြေတိတ်မှ သုသာန်သို့ သွားတော့မည်။ သုသာန်မှာ တစ်ညလုံး အရုဏ်တက်သည်အထိနေပြီး သုသာန်မှုတင် ဆောက်တည်ရင်း တရားအားထုတ်တော့မည်။

အရှင်ဝိဝေက လပေါင်းများစွာ ကြံစည်ခဲ့သော အကြံအစည် ပြည့်ဝတော့မည်။ လူပြောရှင်ပြောသာ ကြုံဖူးသော သုသာန်မှုတင်အတွေ့အကြုံတွေကို ယနေ့ညမှာ နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရတော့မည်။သည့်အတွက် မကြုံဘူးသေးသော အတွေ့အကြုံများကို တွေးမိပြီး စိတ်တွေလှုပ်ရှားနေမိခြင်း ဖြစ်သည်။ သို့သော် ထိုလှုပ်ရှားနေသော စိတ်ကို သတိတရားဖြင့် ထိန်းချုပ်ပြီး ကမ္မဋ္ဌာန်း အာရုံတစ်ခုအပေါ်၌ ဆွဲတင်လိုက်၏။

အရှင်ဝိဝေကမှာ ကမ္မဋ္ဌာန်းနည်းများစွာကို လေ့လာပြီး ကြိုးစား အားထုတ်ခဲ့ဖူးသောအရှိန်ကြောင့် ယခုလိုမျိုး အခြေအနေမှာ ဗုဒ္ဓါနုဿတိဘာဝနာကို ချက်ချင်းပင် သတိကပ်ပြီး ပွားများမိခြင်းပင် ဖြစ်သည်။ ဒါကလည်း အဆန်းတော့ မဟုတ်ပါ။ ဗုဒ္ဓမြတ်စွာသာသနာမှာရှိကြသော ရဟန်းရှင်၊ လူတို့အတွက် ဗုဒ္ဓနှင့် ဗုဒ္ဓ၏ ဂုဏ်တော်များသည်သာ အမြတ်ဆုံး၊ အသာဆုံး၊ ကိုးကွယ်အားထားရာအဖြစ် ယုံကြည် ပွားများဖူးခဲ့ကြသည် မဟုတ်ပါလား။

ဗုဒ္ဓ၏ဂုဏ်တော်များကို ပွားများခြင်းသည် ဗုဒ္ဓါနုဿတိဘာဝနာစီးဖြန်းခြင်းပင် ဖြစ်၏။ ဗုဒ္ဓါနုဿတိဘာဝနာနှင့် ပတ်သက်၍ လယ်တီဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်းကျမ်းကြီး၌ -

'အနုဿတိတို့တွင် ဗုဒ္ဓါနုဿတိကသည် ဘဝသမ္ပတ္တိအကျိုးပေးသန်၏။ ကြီးမားမြင့်မြတ်၏။ ထို့ကြောင့် ဘဝများစွာ နေရဦးမည့် ဘုရားဖြစ်လိုသော ဘုရားဆုပန်ပုဂ္ဂိုလ်များမှာ အထူးအားဖြင့် ဗုဒ္ဓါနုဿတိနှင့် မေတ္တာနှစ်ပါးကို လက်ကိုင်ထားကြရာ၏။ ပွားများကြရာ၏။ မေတ္တာကိုပွားများလျှင် ကြွင်းသော ဗြဟ္မာ့ဝိဟာရတို့လည်းပါ၍ လိုက်ပါကုန်တော့၏' ဟူ၍ ဖွင့်ဆိုပြဖူးပါသည်။

ရှေးရှေး ဆရာတော်ကြီးများမှာ ဗုဒ္ဓါနုဿတိကို အထူးလက်ကိုင်ထား၍ အားထုတ်လေ့ရှိကြသည်။ ဗုဒ္ဓါနုဿတိနှင့်ပတ်သက်သည့်ကျင့်စဉ်များကိုလည်း ရေးသားခဲ့ကြ၏။ထိုအထဲကမှ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ ဗုဒ္ဓါနုဿတိကျမ်းကို အရှင်ဝိဝေက အထူးနှစ်သက်ပွားများ အားထုတ်ဖူး၏။

ဆရာတော်ဘုရားက -

'မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူလာ၍သာ ကုသိုလ်၊ အကုသိုလ်ကို သိလာရခြင်း ဖြစ်၏။ ၄ရဲ ပြိတ္တာ၊ အသူရကာယ်၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတို့ရှိသည်ဟု သိလာရ၏။ ထိုထို သတ္တဝါများအပေါ်မှာ မြတ်စွာဘုရားရှင်၏ ကျေးဇူးများပုံကို ဗုဒ္ဓါနုဿတိပွားများအားထုတ်မည့်သူမှ အာရုံပြုရမှာဖြစ်၏။ မြတ်စွာဘုရား၏အကြောင်းကောင်းပုံ၊ အကျိုးကောင်းပုံတို့ကို အထူးအာရုံပြု ပွားများရမှာဖြစ်၍ ဘုရားရှင်၏ အကြောင်းကောင်းပုံ၊ အကျိုးကောင်းပုံတို့ကို အရင်ဦးစွာ လေ့လာ ဆည်းပူးရမည်။

ထို့နောက် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပေါက်မြောက် အောင်မြင်စွာ အားထုတ်နိုင်ရန်အတွက် ပြုဖွယ်ရှိသည့် ရှေးဦးကိစ္စ(ပုဗ္ဗကိစ္စ)များကို လိုက်နာဆောင်ရွက်ရမည်။ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများလိုသော ပုဂ္ဂိုလ်သည် -

၁။ မိမိသီလကို စင်ကြယ်အောင် အားထုတ်ခြင်း။
၂။ ဆိတ်ငြိမ်ရာအရပ်ကို ရှာဖွေခြင်း။
၃။ မြတ်စွာဘုရားရှင်၏သပ္ပာယ်တော်မူပုံ ဘဂဝါဂုဏ်တော်တွင် ပါဝင်သော သိရီဘုန်းတော်ကို အာရုံပြုခြင်း။
၄။ စိတ်တော်အစဉ် ကြည်လင်သန့်ရှင်းပုံ၊ အရဟံဂုဏ်တော်ကိုအာရုံပြုခြင်း။
၅။ သဗ္ဗညုတဉာဏ်တော်ကြီး၏ ကြီးကျယ်တော်မူပုံ၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို အာရုံပြုခြင်း။
၆။ ဝိဇ္ဇာသုံးပါး၊ စရဏတရား တစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူပုံ၌ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ကို အာရုံပြုခြင်း။
၇။ ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်တော်မှစ၍ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလပတ်လုံး သတ္တဝါများ၏ စီးပွားအလို့ငှာ မည်သည့်ပုဂ္ဂိုလ်မျှ လိုက်၍မမီနိုင်သော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပုံ သုဂတဂုဏ်တော်ကို အာရုံပြုခြင်း။

ဤသို့ အစဉ်အတိုင်း အာရုံပြုပြီးမှ အရဟံဂုဏ်တော်ကို ဖြစ်စေ၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို ဖြစ်စေ မိမိနှစ်သက်အလိုရှိရာ ဂုဏ်တော်တစ်ပါးပါးကို အထပ်ထပ် အာရုံပြု၍ ပွားများရပါသည်။

ထို့ပြင် ဆရာတော်ဘုရားက ဗုဒ္ဓါနုဿတိဘာဝနာနှင့် ပတ်သက်၍ အာရုံယူပုံယူနည်းများကိုလည်း ညွှန်ပြထားသေးသည်။

ဗုဒ္ဓါနုဿတိဘာဝနာပွားများရာ၌ မြတ်စွာဘုရားရှင်၏ -

၁။ လက္ခဏာတော်ကြီး၄ယ်အသွယ်သွယ်ဖြင့် သပ္ပာယ်သော (ဗုဒ္ဓဖြစ်တော်မူချိန်ဝယ် ၃၅ နှစ်အရွယ်မျှသာ ရှိသေးသော) ဗုဒ္ဓမြတ်စွာ၏ မိမိရှေ့မှောက် မနီးမဝေး၌ ရောက်နေပုံကို အာရုံယူပါ။
၂။ ဗုဒ္ဓမြတ်စွာ၏ မျက်နှာတော်စသောကိုယ်အင်္ဂါတိုင်း၌ ရှေးရှေးပါရမီကောင်းမှုများက မွမ်းထုံထားသော့ကြောင့် ထူးထူးခြားခြား ကြည်ကြည်လင်လင်ရှိပုံကို အာရုံယူပါ။
၃။ အရဟတ္တမဂ်ဖြင့် ကိလေသာအားလုံးကို ပယ်ပြီးဖြစ်၍ စိတ်တော်အစဉ် ကြည်လင်သန့်ရှင်းပုံကိုလည်း အာရုံယူပါ။
၄။ ထိုကြည်လင်သန့်ရှင်းသော စိတ်တော်၌ အစွမ်းသုံးပါးနှင့် ပြည့်စုံသော သဗ္ဗညုတဉာဏ်တော်ကြီး ကိန်းဝပ်တော်မူပုံကိုလည်း အာရုံယူပါ။
၅။ ထိုဘုရားရှင်က မိမိကို အပါယ်ဆင်းရဲ၊ ဝဋ်ဆင်းရဲမှ ကယ်တင်ဖို့ရာ ကြီးစွာသော မဟာကရုဏာ



www.burmeseclassic.com

www.burmeseclassic.com

ဖြင့်ကြည့်တော်မူပုံကို အာရုံယူပါ။

၆။ ထိုကဲ့သို့ အာရုံယူ၍ လက်အုပ်ချီကာ ဗုဒ္ဓေါ၊ ဗုဒ္ဓေါဟု အထပ်ထပ် ရွတ်ဆို၍ ကြက်သီးထလောက်အောင်ပီတိဖြစ်သောအခါ ထိုပီတိကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုပါ။

၇။ ပီတိမဖြစ်လျှင်လည်း ဗုဒ္ဓကို အာရုံပြုသော မိမိစိတ်အစဉ်၏မမြဲပုံကို သတိဖြင့်စိုက်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုပါ။

၈။ ဤသို့ နေ့စဉ်မှန်မှန် ကြိုးစားသောအခါ ရာဂ၊ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယ၊ မာယာ၊ သာဌေယျစသော အကုသိုလ်တရားများ နည်းပါး၍ သဒ္ဓါ၊ ပညာ၊ သတိ၊ သမာဓိ၊ ဝီရိယ ဟူသော ကုသိုလ်တရားများ တိုးပွားလာပါလိမ့်မည်။

၉။ ထမင်းကို နေ့စဉ်မှန်မှန် စားသလို ကမ္မဋ္ဌာန်းကိုလည်း မှန်မှန်ကြိုးစားရမည်။ ထမင်းစားချင်၍ စားသော်လည်း မြိန်ချင်မှမြိန်မည်။ မစားချင်ဘဲ စားချိန်ကျ၍ စားရစေကာမူ စားရင်းလည်း မြိန်လာတတ်သည်။ ထို့အတူ အထူးစိတ်အားထက်သန်စွာဖြင့် အားထုတ်သော်လည်း အာရုံထင်ချင်မှထင်မည်။ စိတ်မထက်သန်ဘဲ အချိန်ကျလို့ အားထုတ်သောအခါ အရသာရှိရှိ ပီတိဖြစ်လောက်အောင် အာရုံထင်လာတတ်လေသည်။

ဆရာတော်ဘုရားကြီးအနေဖြင့် ဘုရားဟောဒေသနာမှလာသော နည်းများကို အနှစ်ချုပ်၍ ကိုယ်တိုင် အားထုတ်ပွားများပြီးမှ ပြန်လည်ဝေငှခြင်းပင် ဖြစ်၏။

ရဟန်းတော် အရှင်ဝိဝေကမှာလည်း မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ ဗုဒ္ဓါနုဿတိကျမ်းကို လက်စွဲပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို နေ့စဉ်ပွားများ အားထုတ်ခဲ့၏။ ယခင် စာသင်တိုက်မှာ နေစဉ်က ရဟန်းအများနှင့် စုပေါင်း၍ နေ့စဉ် ဝတ်တက်ပုံမှန်ဘုရားရှိခိုးရ၏။ ရဟန်း၊ သာမဏေ အားလုံးစုပေါင်း၍ ဘုရားရှင်၏ ဂုဏ်တော်များကို ရွတ်ဆိုခြင်း၊ ပရိတ်တော်တစ်ခုခုကို ရွတ်ဆို မေတ္တာပွားပို့ရခြင်းများ အချိန်မှန်ပြုကြရသည်။ နေ့စဉ် မနက်၊ ည ဘုရားရှိခိုး ဝတ်တက်၊ ဝတ်ကပ်ပြုရသော်လည်း သမာဓိမဖြစ်ပါ။ ကမ္မဋ္ဌာန်းရိပ်သာများသို့ သွားရောက် အားထုတ်စဉ်ကလည်း ဘုရားရှိခိုးချိန်ပင် သီးသန့်မရှိသော ရိပ်သာတွေကများ၏။ အချို့ကမူ ဘုရားရှင်လိုလားသော ဝိပဿနာတရား အားထုတ်ခိုက်ဖြစ်၍ ဘုရားရှိခိုးရန်ပင် မလိုဟု ဆိုကြပြန်သည်။ အတော်များများကို လေ့လာကြည့်တော့လည်း ရိပ်သာများမှာ ဗုဒ္ဓါနုဿတိဘာဝနာကို စနစ်တကျ အားထုတ်ဖို့ ညွှန်ပြရန် မဆိုထားဘိ ဘုရားကိုပင် ကျကျနန ဝတ်တက်ရှိခိုးသည့် အလေ့အထကို မတွေ့ခဲ့ရပေ။

အရှင်ဝိဝေက ကိုယ်တိုင်လည်း ဘုရားကို ပုဆိန်ပေါက် ရှိခိုးဦးချပြီး မျက်စိမှိတ် တရားထိုင်ဖို့လောက်သာ စိတ်စောနေ၏။ ဝိပဿနာမှဝိပဿနာပင်။ သမထနှင့်စသော ရိပ်သာများမှာ အားထုတ်ဖူးသော်လည်း ဗုဒ္ဓါနုဿတိကိုတော့ ဘာဝနာတစ်ခုအနေဖြင့် အားမထုတ်ဘူးခဲ့ပေ။

နောက်တစ်ချိန် တောရဆောက်တည်ဖြစ်သည့်အချိန်ကျမှ တောရဆရာတော်တစ်ပါး၏ သွန်သင် ညွှန်ကြားမှုကြောင့် ဗုဒ္ဓါနုဿတိကို နေ့စဉ်ကြိုးစား အားထုတ်ခဲ့ခြင်း ဖြစ်သည်။

အရှင်ဝိဝေကမှာ မြတ်စွာဘုရားရှင်၏ အကြောင်းကောင်းပုံ၊ အကျိုးကောင်းပုံတို့ကို စိတ်မှာ စွဲထင်နိုင်စေဖို့ မဟာဗုဒ္ဓဝင်တော်ကြီးကို အထပ်ထပ်ဖတ်ရှု၏။ ထို့နောက် မဟာဂန္ဓာရုံဆရာတော်ကြီးညွှန်ပြသော အာရုံယူပုံအမျိုးမျိုးကို လိုက်နာပြီး ဘုရားရှင်၏ ကိလေသာ ကင်းစင်၍ ပူဇော်အထူးကို ခံယူတော်မူထိုက်ပုံ 'အရဟံ' ဂုဏ်တော်ကို နှစ်သက်စွာပွားများအားထုတ်လေ့ရှိ၏။

ထိုသို့ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများအားထုတ်နေရာမှ အလွန် ထူးဆန်းသောအတွေ့အကြုံတစ်ခုကို အရှင်ဝိဝေက ကြုံလိုက်ရသည်။ မိမိ၏ နှလုံးအိမ်တွင် အသိလေးကပ်ကာ '**အရဟံ (ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား)**' ဟု သတိဖြင့် ရှုမှတ်နေ၏။ ထိုစဉ် မိမိ၏ဟဒယနှလုံးအိမ်ကို ဝင်းဝင်းလက်လက် အာရုံထင် မြင်တွေ့လိုက်ရ၏။ ထိုနှလုံးအိမ်အပေါ်မှာ ထို့ထက် ပိုမို ဝင်းလက်ပြိုးပြိုးပြက်သော ရွှေရောင်အဆင်းနှင့် လက်ဖဝါးတစ်ဖက်စာမျှ မြတ်စွာဘုရားဆင်းတုတော်လေး ပေါ်ထွက်လာ၏။ ဘူမိဖဿမုဒြာဆင်းတု ဖြစ်ပြီး လျှပ်စစ်လက်သကဲ့သို့ ပြိုးပြက်သော ရွှေရောင်တော်တွေ ကွန့်မြူးနေ၏။ မိမိ၏ ခန္ဓာ ဟူသော အသိသညာပျောက်နေပြီး လောကတစ်ခွင်မှာ မြတ်စွာဘုရားရှင်ကိုသာ ရောင်ခြည်တော်အသွယ်သွယ်နှင့် ဖူးတွေ့နေရ၏။ ကြက်သီးမွေးညင်းတွေထပြီး တစ်ကိုယ်လုံးမှာ ပီတိလွှမ်းသော နှစ်သက်မှုနှင့် မြတ်စွာဘုရားရှင်၏ '**အရဟံ**' ဂုဏ်တော်အသံက ပဲ့တင်ထပ်နေ၏။

အရှင်ဝိဝေကမှာ မြတ်စွာဘုရား၏ဆင်းတုတော်လေးမှာသာ အာရုံပြု၍ စိုက်ရှုနေမိ၏။ ပီတိတွေတဖွားဖွားပေါ် ကြက်သီးတွေ တဖြန်းဖြန်းထနေသော်လည်း ထိုပီတိအဟုန်ကို လက္ခဏာရေး သုံးပါးတင်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မရှုဖြစ်ပါ။ မြတ်စွာဘုရားရှင်၏ပုံတော်လေး ပျောက်ကွယ်မသွားအောင်သာ စူးစိုက်ရှုနေရာမှ အလွန်ငြိမ်းအေးတည်ကြည်သောသမာဓိကို ကိုယ်တွေ့ကြုံလိုက်ရလေသည်။

ဒီနောက်မှာတော့ အရှင်ဝိဝေက ဗုဒ္ဓါနုဿတိဘာဝနာကို ယုံကြည်ထက်သန်စွာဖြင့် နေ့စဉ် ပွားများ အားထုတ်ဖြစ်ခဲ့သည်။ တောထဲတောင်ထဲမှာ ကြုံရတွေ့ရတတ်သော ထိတ်လန့်စရာ၊ အန္တရာယ်အသွယ်သွယ်ကို ဗုဒ္ဓဂုဏ်တော်လွှမ်းခြုံ၍ အလွယ်တကူ ဖြေရှင်းနိုင်ခဲ့၏။ ဖော်ပြခြင်းငှာမစွမ်းနိုင်သောအကျိုးတရားတွေ လက်တွေ့ ရရှိ ခံစားခဲ့ရသည်။

ယခုလည်း အရှင်ဝိဝေကမှာ သုသာန်မှုတင်ဆောက်ပြီး သချိုင်းတန်းကို ညအခါသွားနေဖို့ စဉ်းစားရင်း စိတ်လှုပ်ရှားနေစဉ်မှာ ဗုဒ္ဓါနုဿတိကို အနည်းငယ်မျှ အောက်မေ့ သတိရလိုက်သည်နှင့် စိတ်အစဉ် ငြိမ်ဝပ်သွားရ၏။ လပေါင်းများစွာ ပွားများအားထုတ်ခဲ့ဖူးသောအရှိန်နှင့် မကျိုးမပေါက် မပြောက်မကျားအောင် စောင့်ရှောက်ခဲ့သော ကိုယ်ကျင့်ဝိနည်းသိက္ခာကြောင့်လည်း ဒီလောက်မြန်မြန်ခရီးပေါက်ခြင်း ဖြစ်ပါလိမ့်မည်။

တကယ်တော့ ဗုဒ္ဓမြတ်စွာသာသနာမှာ မည်သည့်ဘာဝနာကိုပဲ အားထုတ်သည်ဖြစ်စေ အခြေခံဝိနည်းသီလစင်ကြယ်မှုက အဓိကလိုရင်း ဖြစ်၏။ ရဟန်းတော်များလိုက်နာရန် ချမှတ်ပေးသော စည်းမျဉ်းစည်းကမ်း၊ ရှောင်ရန်၊ ဆောင်ရန်တို့ကို ဂရုပြုလိုက်နာဖို့ အထူးလိုအပ်၏။ အခြေခံဝိနည်းသီလမလုံခြုံဘဲ တရားအားထုတ်သူမှာ ပုဆိုး၊ အင်္ကျီ မပါဘဲ ခေါင်းပေါင်းပေါင်းထားသူလို အကြည့်ရဆိုးပေလိမ့်မည်။ သို့အတွက် မြတ်စွာဘုရားရှင် ချမှတ်ပေးသော ဝိနည်းစည်းကမ်းများကို ကျေညက်အောင် လေ့လာ သင်ယူကြရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## သီလစင်ကြယ်ရေး သို့မဟုတ် ဝိနည်းကို လက်ခံကျင့်သုံးခြင်း

ရဟန်းတော် အရှင်ဝိဝေကမှာ တောရဆောက်တည်ရန် စိတ်ပိုင်းဖြတ်ပြီးသည့်နှစ်ကပင် ဝိနည်းကို အထူးအလေးထား လေ့လာဆည်းပူးခဲ့သူ ဖြစ်၏။ သီလစင်ကြယ်ရေးနှင့် ပတ်သက်၍ နံ့နံ့စပ်စပ် ပိုမိုသိနိုင်ရန် စာချဘုန်းကြီးတစ်ပါးထံမှ 'ဝိသုဒ္ဓိမဂ်' ကို နှစ်ပါးတည်း သင်ယူခဲ့၏။ သို့သော် 'ဝိသုဒ္ဓိမဂ်' မှာ တွေ့ရသော သီလနိဒ္ဒေသ၊ သမာဓိနိဒ္ဒေသ၊ ပညာနိဒ္ဒေသတို့ကိုသင်ယူပြီး ရဟန်းတစ်ပါးအနေဖြင့် ကျင့်နိုင်စွမ်းပါ့မလား ဟု သံသယတွေဝင်နေမိပြန်သည်။

.ဝိနည်းကို အသေးစိတ် လေ့လာပြီး လိုက်နာ ကျင့်သုံးကာမှ အတူနေ ရဟန်း၊ သာမဏေများနှင့် ပိုမိုပြီးဝိရောဓိတွေ ဖြစ်လာသည်။ မိမိကိုယ်တိုင်က သီလစင်ကြယ်ရေးကို အရေးပေး ကျင့်သုံးနေစဉ်မှာ ရဟန်းငယ်အများစုက ဝိနည်းသိက္ခာပုဒ်တွေကို ထိန်းသိမ်းရမှန်းမသိ ဖြစ်သလိုနေ၊ ဖြစ်သလိုစား၊ သွားချင်ရာသွားလာနေကြတာကို တွေ့ရပြီး မကျေမနပ်စိတ်တွေ အမြဲလိုလိုဖြစ်နေ၏။ ဒီလိုမျိုးတွေ နေ့စဉ်တွေ့နေရတော့ စိတ်ထဲမှာ ဒေါမနဿစိတ်တွေ အချိန်ပြည့် ကိန်းအောင်းနေ၏။ မိမိကိုယ်ကို အမှန်ထင်စိတ်နှင့် တခြားသူများကို မလိုက်နာရကောင်းလား ဟူသော ဒေါမနဿစိတ်တွေက အကုသိုလ်တွေ တစ်ထုပ်တစ်ပိုးကြီးထမ်းမိနေမှန်း အရှင်ဝိဝေက သတိမပြုမိပါချေ။

နောက်တော့ မိတ်ဆွေရဟန်းတစ်ပါး၏ ညွှန်ပြတိုက်တွန်းမှုကြောင့် ဩစတေးလျရဟန်းတော် အဂျန်စုမိဒို (Ajahan Sumedho) နှင့် ထိုင်းနိုင်ငံမှ နာမည်ကျော် တောရဆရာတော် အဂျန်ချားတို့၏စာများကို ဖတ်ရှုလေ့လာဖြစ်သည်။

ရဟန်းတော် အဂျန်စုမိဒို၏ 'ရဟန်းမြတ်တစ်ပါးဖြစ်ရန် သင်ကြားခြင်း' (Teaching of a Buddhist Monk) စာအုပ်မှာ -

အသိဉာဏ်ပညာနှင့် ဆင်ခြင်ဉာဏ်ရှိသူတိုင်း ဗုဒ္ဓ၏တရားတော်များကို နှစ်ခြိုက်ကြပါလိမ့်မည်။

ဗုဒ္ဓ၏ တရားတော်တွေထဲမှာ ဘာဝနာကျင့်စဉ်ကို အထူး သဘောကျ၍ ရဟန်းဘဝကို ခံယူပြီး တရားအားထုတ်ဖြစ်သည်။ တရားအားထုတ်သူတိုင်း ငြိမ်းချမ်းမှုကို လိုချင်၍ဖြစ်သည်။ မတည်ငြိမ်မှုကို မလိုလားပါ။ ငြိမ်းချမ်းမှုကိုလိုချင်၍ ဆိတ်ငြိမ်အေးချမ်းသောနေရာကိုရှာဖွေဖို့ တစ်ကိုယ်တည်း တောတောင်များကို ထွက်ခဲ့၏။

ယခုခေတ်၌ စာသင်တိုက်၊ တရားရိပ်သာအများစုမှာ မြို့ကြီးများတွင်ရှိနေ၏။ မြို့ပေါ်ကျောင်းများမှာ နေရတာ အလွန်အင်မတန် စိတ်ပျက်စရာကောင်း၏။ ဒုလ္လဘဝတ်လိုသူတွေ၊ စာသင်သားရဟန်းတွေနှင့် ပြည့်နှက်နေတတ်၏။ သူတို့သည် တောင်းဆိုမှုတွေ၊ ငြင်းခုံမှုတွေ၊ ပြဿနာတွေလုပ်တတ်ကြ၏။ စိတ်ညစ်စရာအလွန်ကောင်း၏။

ကျွန်ုပ်သည် ရဟန်းဝတ်လာသည်မှာ စိတ်ပျက်စရာ၊ စိတ်ညစ်စရာများကို ရှောင်ရှားလို၍ ဖြစ်သည်။ စိတ်ချမ်းသာမှုကိုရှာဖို့ဖြစ်၏။ စိတ်ချမ်းမြေ့မှုမရှိသောနေရာမှာနေရခြင်းသည် စိတ်ဆင်းရဲ၏။ ထို့ကြောင့် အဆင်ပြေမည့် ဆိတ်ငြိမ်ရာနေရာကို ရှာဖွေရလိမ့်မည်။ ဆိတ်ငြိမ်ရာကိုသွားဖို့ ဆန္ဒရှိနေသည်။

သို့သော် နောက်ဆုံးတွင် ကျွန်ုပ်အမြင်တွေပြောင်းလာသည်။ ငြိမ်းချမ်းမှုကို လိုချင်သော ကျွန်ုပ်၏ ဆန္ဒများသည် လောဘဟု သဘောပေါက်လာသည်။ ငြိမ်းချမ်းမှု၊ ဆိတ်ငြိမ်မှုကို ကျွန်ုပ် ဆက်ပြီး မရှာတော့ပါ။

ကျွန်ုပ် ရဟန်းအများစုရှိရာကို ပြန်သွားသည်။

ထိုအခြေအနေတွင် ငါက ဘာကို နှစ်သက်သလဲ၊ ဘာကိုလိုချင်သလဲ ဆိုသည့်ရွေးချယ်မှုကို မလုပ်ရန် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် 'ဘာကိုမှရွေးချယ်ခြင်းမပြု' ဟူသော ကျင့်စဉ်ကို ကျင့်သုံးရန် ဆုံးဖြတ်လိုက်သည်။

ဆိုလိုသည်မှာ ကျွန်ုပ်သည် ဖြစ်သမျှကို လက်ခံမည်။ ဖြစ်သမျှကို အကောင်းဆုံးရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

ကျွန်ုပ်၏ စိတ်များ ငြိမ်သက်လာသည်။

ကျွန်ုပ် လေ့ကျင့်နေသည်က သတိကပ်ဖို့သာဖြစ်၏။ မမေ့မလျော့ဖို့ဖြစ်၏။ အစဉ်အမြဲ သတိဆောင်ဖို့ ကြိုးစား၏။ သို့ဖြင့် ဘာမှမမြဲ ဟူသော အမြင်ကို သေချာစွာ သိလာသည်။ ယခင်က လူတရှုန်းရှုန်းနှင့် ငြိမ်းချမ်းမှုဆုံးရှုံးမှာကို ကြောက်သည်။ ငြိမ်းချမ်းမှုကို အလိုရှိနေစဉ် တစ်ဖက်ကလည်း ကြောင့်ကြမှုတွေရှိနေသည်။ ငြိမ်းချမ်းမှုကို တစ်စုံတစ်ယောက်က လာရောက်နှောင့်ယှက်မှာကို စိုးရွံ့နေ၏။

ယခုတော့ တကယ့် ငြိမ်းအေးမှုအမှန်ကို သိလာရပြီ။ ရွေးချယ်မှုမပြုထားသည့်အတွက် မည်သူကမျှ ဘာကိုမှ ကျွန်ုပ်ထံကို ယူဆောင်မလာတော့သလို ကျွန်ုပ်ထံမှလည်း ဘာကိုမှ ယူဆောင်သွားနိုင်တော့မည် မဟုတ်ချေ။ ကျွန်ုပ်၏ ငြိမ်းချမ်းမှုသည် ပတ်ဝန်းကျင်တိတ်ဆိတ်ငြိမ်သက်မှုနှင့် ဆက်စပ်ပတ်သက်ခြင်း မရှိတော့ပါ။ စိတ်ညစ်ညူးစရာလည်း မရှိတော့ပါ။

ကျွန်ုပ်တို့သည် အလုပ်တွေများလာကြသည်။ တာဝန်တွေကြီးလာကြသည်။ အလုပ်တာဝန်တွေပိရာမှ လွတ်မြောက်လိုလာကြသည်။ သို့သော် မလွတ်မြောက်နိုင်ပါ။ ဘဝ ဆိုသည်မှာ သင်နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ လက်ခံရမှာ ဖြစ်သလိုတည်မြဲနေသောအရာလည်း မဟုတ်ပေ။ အမြဲပြောင်းလဲနေသောအရာသာ ဖြစ်၏။

နှစ်သက်စရာကောင်းနေရာက မနှစ်သက်စရာဖြစ်လာတတ်၏။မချစ်ခင်မနှစ်သက်သည့်အနေမှ ချစ်ခင်စုံမက်သည့်အနေဖြစ်လာတတ်၏။ ကျွန်ုပ်တို့သည် မတည်မြဲခြင်းတရားကို စိတ်ထဲမှာ စွဲထားရမည်။ တွေ့ကြုံရသမျှကို လက်ခံပြီး ငြိမ်းချမ်းမှုကိုရယူဖို့ ကြိုးစားရမှာ ဖြစ်၏။ မိမိပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင်နေကာ ငြိမ်းချမ်းစေရမည်။

လူများစွာက မိမိကိုယ်ကို အပြစ်တင်ချင်ကြ၏။ တကယ်တော့ ကိုယ်ခန္ဓာကို အပြစ်ဆိုစရာ မရှိပါ။ ဖြစ်နေသည်များကို သိဖို့သာလိုသည်။ ဖြစ်-ပျက်တို့သာ အလေးထား ရှုပွားရမည်။ ဘယ်သောအခါမှ အကောင်းဆုံးကိုမတောင်းဆိုသင့်ပါ။ အကောင်းဆုံးအနေအထားမှသာ မဟုတ်ပါ၊ အဆိုးဆုံးအခြေအနေများဆီမှလည်း စိတ်ငြိမ်းချမ်းမှုကို ရရှိနိုင်ပါသည် ဟု အကျဉ်းချုပ် တွေ့ရ၏။

နိုင်ငံခြားသား ရဟန်းတစ်ပါး၏ ပေါင်းသင်းဆက်ဆံရေးဒဿနနှင့် ဓမ္မဝိနယအပေါ် မှာထားရှိသော အပ္ပမာဒတရားမှာ အတွေးပွားဖွယ်ရာရှိသော်လည်း အရှင်ဝိဝေကအဖို့တော့ တစ်စိတ်တစ်ဒေသကို နှစ်ခြိုက်လက်ခံလိုက်ခြင်းအားဖြင့် ကိုယ်ကျင့်သီလတရား၌ လေးလေးစားစား ဆက်လက် ကျင့်သုံးဖြစ်လေသည်။

(ဆက်

ထုံးတောင်-အရှင်ဓမ္မပီယ(မြောင်)




www.burmeseclassic.com

www.burmeseclassic.com

အောင်သာကျော်

# ကျည်းပင်သစ်တံခါး အောင်မြေမှာ



ရာဇာယတနဆင်းတုတော်

မိုးမသောက်မီအချိန်လေးဖြစ်နေသဖြင့် ပတ်ဝန်းကျင်တစ်ခွင် အမှောင်ထုက ကြီးစိုးလို့နေသည်။ ပါရာဒိုကားလေးသည် လေကိုခွင်းသွားသည့် မြားတစ်စင်းနှယ် သွက်လက်စွာဖြင့် ဥဿာမြေဆီသို့ ဦးတည် ပြေးလွှားလို့နေသည်။ ရှေ့တူရူသို့ထိုးထားသော ကားမီး၏ အလင်းတန်းထဲဝယ် မိုးစက်မိုးမှုန်လေးများ မြူးထူးဆော့ကစားလျက်ရှိနေကြသည်။


မှန်လုံပိတ်ကာ လေအေးစက်ဖွင့်ထားသည့် ကားလေးအတွင်းဝယ် ရေးဆော်ရေးဖက်တစ်ဦးဖြစ်သူ ဆရာမြင်းမူအေးဆောင်နှင့် သူ၏တူ၊တူမများ လိုက်ပါလာကြသော်လည်း အသံတိတ်ဇာတ်ခင်းနေကြသည်။ မနေ့ကတည်းက ဆရာမြင်းမူအေးဆောင်က ဥဿာတွင်ပြုလုပ်မည့် ကုသိုလ်တော်ပွဲခင်းအတွက် မပျက်မကွက် လိုက်ပါကာ မုဒိတာပွားရန် ခေါ်ထားသဖြင့် လိုက်ပါလာမိခဲ့ခြင်းပင်ဖြစ်သည်။

တူ၊ တူမများဖြစ်ကြသည့် ဦးကျော်တင်မောင်-ဒေါ်စန်းစန်းမူ (မန္တလေးနေကြသူများ)၊ ဦးခင်မောင်အေး - ဒေါ်ရီရီမို့၊ ဦးသန်းမြင့် - ဒေါ်သွင်သွင်အေး၊ ဒေါ်ကြည်၊ ဒေါ်နှင်းရီ၊ ဦးကျော်တင်ဦး (ရန်ကုန်နေကြသူများ) စုပေါင်းကာ ပြုလုပ်ကြသည့် ကုသိုလ်တော်ပွဲခင်းလေးကို ဥဿာမြေ ဗိုင်ဂနိုင်းတောင်ပိုင်း


ချမ်းမြေ့ဝေယျာဆင်းတုတော်


ချမ်းမြေ့ဝေယျာဆုတောင်းပြည့် မင်္ဂလာဥသျှောင်စေတီတော်


www.burmeseclassic.com




ကျွည်းပင်ရင်းရှိ နဂါးရုံဆင်းတုတော်



ချမ်းမြေ့ဇေယျာ ဆုတောင်းပြည့် မင်္ဂလာဥသျှောင်မြတ်စွာဘုရား



သစ်တံခါးကျွည်းပင်ရင်းရှိ နဂါးရုံဆင်းတုတော်



သစ်တံခါးကျွည်းပင်ရင်းရှိ နဂါးရုံဆင်းတုတော်

ကျွန်းသာယာရပ်တွင် တည်ရှိသည့် အောင်ဇေယျာစာသင်တိုက်တွင် ကျင်းပမည်ဟု သိခွင့်ရထားခဲ့ကတည်းက ဥဿာမြေသို့လိုက်ပါကာ မုဒိတာပွားရင်း သာဓုခေါ် ဆိုလိုက်ဦးမှဆိုသည့်အသိက ရင်ထဲဝင်ရောက် နေရာယူနေမိဖြစ်ခဲ့သည်။ ထိုကျောင်းတိုက်၏ ပဓာနနာယက ဆရာတော်မှာ အရှင်သာသနသီရိဖြစ်ပြီး တရားဟောဓမ္မကထိက ဆရာတော်တစ်ပါးဖြစ်သည့်အပြင် ဘာသာရေးဆိုင်ရာစာပေများကို စဉ်ဆက်မပြတ်ရေးသားနေသည့် စာရေးဆရာတစ်ဦးအဖြစ်လည်း ထင်ရှား ကျော်ကြားနေသည့် ဆရာတော်တစ်ပါးပင် ဖြစ်သည်။

လှည်းကူး ကျော်လာကတည်းက အရှိန်မြှင့်ကာ မောင်းလာခဲ့ရာမှ အရှိန်လျှော့ချကာ လက်ယာဘက်ကို ချိုးကွေ့လိုက်သည်တွင် ပတ်ဝန်းကျင်ကို အကဲခတ်မိဖြစ်သည်။ အမှောင်တို့ စိုးမိုးနေသည့်ကြားဝယ် ခပ်ဖျော့ဖျော့အလင်းရောင်ကတိုးဝင်လို့နေပြီပင်။ ကျောင်းဝင်းအတွင်း ရောက်သွားသည်နှင့် စေတီတော်မြတ်တစ်ဆူ တည်ရှိနေသည်ကို ဖူးတွေ့လိုက်ရသည်။ ကားလေးသည် စေတီတော်အနီးအပါးမှ ဖြတ်သန်းကာ သံဃာတော်(စာသင်သား)များ သီတင်းသုံးတော်မူနေသည့် သုံးထပ်ကျောင်းဆောင်အား ကွေ့ပိုက်မောင်းနှင်နေခဲ့ရင်း သမာဓိသာသနာ့ဗိမာန်ရှေ့ရောက်သည်နှင့် ကားစက်ကိုသတ်လိုက်တော့သည်။

ကုသိုလ်တော်ပွဲခင်းကို သမာဓိသာသနာ့ဗိမာန်တော်တွင် ကျင်းပမည်ဖြစ်သည်။ နံနက်အရုဏ်ဆွမ်းအဖြစ် ရွှေတောင်ခေါက်ဆွဲကပ်မည်ဖြစ်ပြီး ဝတ္တုငွေများ၊ သင်္ကန်းတို့ ဆက်ကပ် လှူဒါ



www.burmeseclassic.com


www.burmeseclassic.com



သစ်ကွင်း၊/သစ်တံခါးကျည်းပေါင်



သစ်ကွင်းအနီးကပ်



သံဃာတော်များ သီတင်းသုံးရာကျောင်း

ကာ ရေစက်ချ၊ အမျှပေးဝေသမှုပြုရန် စီစဉ်ထားခြင်းပင် ဖြစ်သည်။ ကျန်ရစ်သူ ညီအစ်ကို မောင်နှမတစ်စုက သူတို့၏ ကျေးဇူးရှင် မိဘနှစ်ပါးအတွက် ရည်စူးကာ ကုသိုလ်ကောင်းမှုပြုကြခြင်းပင် ဖြစ်သည်။ ယခုနှစ်ပါဆိုလျှင် (၄၆) နှစ်မြောက် ကုသိုလ်ကောင်းမှုပြုကာ အမျှပေးဝေသမှုပြုခြင်း ဖြစ်သည်ဟု သိရသည်။ ထိုအကြောင်းတို့ သိခွင့်ရထားခဲ့သည်သာမက အလှူတော်ပွဲခင်းလေးစရန် အချိန်လိုနေသေးသည်ဖြစ်၍ ဆရာတော် အရှင်သာသနသီရိ သီတင်းသုံးတော်မူရာ တိုက်ကျောင်းတည်ရာသို့ လျှောက်သွားမိခြင်း ဖြစ်သည်။

ဆရာတော် အရှင်သာသနသီရိ ထံပါးရောက်သွားသည်တွင် ယခုရောက်ရှိနေဖြစ်သည့် သာသနာ့အောင်မြေသည် ဂမ္ဘီရဆန်လှသော၊ ဂမ္ဘီရနွယ်ယှက်သော အောင်မြေမှန်ရာ တစ်နေရာဖြစ်နေသည်ကို သိခွင့်ရတော့သည်။ ဆရာတော် အရှင်သာသနသီရိ သီတင်းသုံးရာ ကျောင်းတိုက်အနီးတွင် ရွှေရောင်တဝင်းဝင်းဖြင့် တင့်တယ်နေသည့် ချမ်းမြေ့ဇေယျာ ဆုတောင်းပြည့် မင်္ဂလာဥဩချောင် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ စေတီတော်မြတ် တည်ရှိသည်။ သိမ်ကျောင်းအထက်တွင် စေတီတော်တည်ထားခြင်းဖြစ်ပြီး ကျောင်းအတွင်းတွင် ချမ်းမြေ့ဇေယျာ မင်္ဂလာဥဩချောင်မြတ်စွာဘုရား သီတင်းသုံးတော်မူသည်။ ဆရာတော် အရှင်သာသနသီရိသည် နံနက်အရုဏ်အချိန်တိုင်း ချမ်းမြေ့ဇေယျာ ဆုတောင်းပြည့် မင်္ဂလာဥဩချောင်စေတီတော်မြတ်အား မျက်နှာတော်သစ်ပေးလေ့ရှိခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်သည်ဟု သိရသည်။


ဆရာတော်ကျောင်းနှင့် စေတီတော်မြတ်အနီးတွင် သတ္တဌာနအဖြစ် သတ်မှတ်ကာ ရုပ်ပွားဆင်းတုတော်များဖြင့် မွမ်းမံ တည်ထားသည်ကို တွေ့ရသည်။ ထို့အပြင် အောင်မြေမှန်ရာတွင် သာသနာတော် ပွင့်ထွန်းတိုးပွားလာရေးအတွက် ဆရာတော်အရှင်သာသနသီရိ၏ သစ္စာတိုင်ရာ ကျောက်တိုင်တစ်တိုင် စိုက်ထူထားသည်ကိုလည်း တွေ့ရသည်။ သတ္တဌာနအဖြစ် သတ်မှတ် ပူဇော်ထားသော ဆင်းတုတော်များအား လှည့်ပတ်ကြည်ညိုမှုပြုခဲ့ပြီး ဆရာတော် အရှင်သာသနသီရိထံပါး ပြန်ရောက်လာခဲ့သည်တွင် ဆရာတော်က-

"ဒကာကြီးတို့၊ ဘာထူးခြားချက်



www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ကျောက်စာ



ဆရာတော်၏တိုက်ကျောင်း

များ မြင်ခဲ့တွေ့ခဲ့သေးလဲ”

ဟု မေးသည်။

သတိမထားခဲ့မိကြောင်း အမှန်အတိုင်း လျှောက်ထားမိဖြစ်သည်တွင် ဆရာတော်ကိုယ်တိုင် လိုက်လံပြသကာ ဂမ္ဘီရဆန်သော သာသနာ့အောင်မြေနှင့် ပတ်သက်ဆက်နွှယ်နေသောအကြောင်းတို့ကို ပြောပြတော့သည်။

ဆရာတော်ကျောင်းနှင့် စေတီတော်အနီး၌ ကျည်းပင်တစ်ပင်ရှိသည်။ ထိုအောင်မြေမှန်နေရာအား ကျောင်းမြေအဖြစ်တိုးချဲ့ကာ စာသင်တိုက်ကြီးအဖြစ်တည်၍ သာသနာတော် ထွန်းကား ပွင့်ထွန်းစေချင်သည့် စေတနာမှန်ဖြင့် ဝယ်ယူခဲ့ရာ ဒကာ၊ ဒကာမတို့က ကျောင်းနှင့်နီးကပ်ကာ ရေတက်ခြင်း၊ ချုံနွယ်ပိတ်ပေါင်း ထူထပ်ခြင်းတို့ကြောင့် သဘောမကျနိုင်ဖြစ်နေခဲ့သည်။ ဒကာ၊ ဒကာမများ မကြိုက်ချင်ကလည်း မကြိုက်ချင်စရာပင်။ ချုံနွယ်ပိတ်ပေါင်းများက လွန်စွာ ထူထပ်လျက်ရှိနေသည်။ ဆရာတော်အရှင်သာသနသီရိကမူ မြေကွက်ကိုဝယ်ယူကာ တပည့်များအား ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင် ရှင်းလင်းစေသည်။ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းနေသည့်ကာလအတွင်း တစ်ညတွင် ဆရာတော်အား ထိုချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းထားရာ မြေကွက်တွင် ကျည်းပင်တစ်ပင် ထီးထီးမားမား ပေါက်လျက်ရှိနေလေရာ အမှိုက်ရှင်းသူများက ကျည်းပင်အား ခုတ်ထွင်ရှင်းလင်းတော့မည်အပြုတွင် ထူးခြားဆန်းကြယ်သော အသွင်ကို မြင်တွေ့လိုက်ရသည့် ဆရာတော် အရှင်သာသနသီရိက မခုတ်ရန်တားမြစ်ခဲ့ရသည်။

အိပ်မက်ကြောင့် ချုံနွယ်ပိတ်ပေါင်းအမှိုက်သရိုက်များကို မည်ကဲ့သို့ ရှင်းရမည်မသိဖြစ်နေခဲ့စဉ် မိုးကြီးသည်းထန်စွာ ရွာသွန်းခဲ့သည်။ အမှိုက်သရိုက်များဖုံးနေရာတွင် ရေများ အိုင်ထွန်းနေရာမှ ရေများကျသွားချိန်တွင် အမှိုက်တစ်စပါမကျန် ပြောင်စင်သွားခဲ့တော့သည်။ ထိုမြေတွင်ပေါက်နေသော ကျည်းပင်တွင် သစ်တံခါး ဖြစ်တည်လျက်ရှိနေပါသည်။

ဆရာတော် အရှင်သာသနသီရိသည် -

*‘ခြောက်ကြိမ်မြောက်ထ သတ္တာဟတွင် ပလ္လင်ရွှေညောင် (အရှေ့တောင်၌) မြရောင်လိုလို ရေညှိပြည့်လျှမ်း ကြာပန်းညွှတ်ရုံ ပန်းမျိုးစုံသည် မုစ္စလိန္ဒာ အိုင်သာပြန့်ကျင်း ကျည်းပင်ရင်းဝယ် သနင်းလူ့ဆွေ စံပယ်နေသော် မိုးလေထန်ပြင်း သွန်းချခြင်းကြောင့် မြွေမင်းရန်ဟန် ပါးပျဉ်းဖြန့်လျက် ချီးအုံတန်ခိုး ဆောင်ကာမိုးသည် ရှေးကျိုးသမ္မာတော်ကြောင့်ကိုး’*

ဟူသည့် စာချိုးနှင့်အညီ စေတီတော်၏အရှေ့တောင်အရပ်တွင် တည်ရှိသည့် ကျည်းပင်ရင်းဝယ် မုစလိန္ဒသတ္တာဟံအဖြစ် နဂါးရုံဆင်းတုတော်ကို ရေအိုင်ငယ်အတွင်း တည်ထားခဲ့သည်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် မုစလိန္ဒာအိုင်အနီး ကျည်းပင်ရင်း နဂါးမင်း၏ ပါးပျဉ်းခွေအတွင်း၌ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်နေ့မှ ၁၂ ရက်နေ့အထိ ခုနစ်ရက်တိုင်တိုင် ဆဋ္ဌမသတ္တာဟအဖြစ် သီတင်းသုံးတော်မူခဲ့သည်။

ကျောင်းတိုက်ဝင်းအတွင်း ခံ့ညားထည်ဝါလှသော သုံးထပ်ကျောင်းဆောင်များ၊ တိုက်ကျောင်းများ ထွန်းကား ပေါ်ပေါက်ဝေစည်လာခဲ့ရခြင်းမှာ သတ္တဌာနတည်ရာအောင်မြေတွင် အောင်မြေနင်းကာ ဆုတောင်းအဓိဋ္ဌာန်ပြုမိရာမှ အကျိုးစီးပွားများတိုးတက်ဖြစ်ထွန်းလာကြသည်။ ဒကာ၊ ဒကာမတို့၏ စေတနာသဒ္ဓါထက်သန်ကာ အကောင်အထည်ဖော် တည်ဆောက် လှူဒါန်းကြသောကြောင့်ပင် ဖြစ်သည်။ ထို့အပြင် ဂမ္ဘီရဆန်စွာ ဖြစ်တည်လျက်ရှိနေခဲ့သော ကျည်းပင်၏ သစ်တံခါးကြောင့်ဟု သိနားလည်ထားကြသူများလည်း ရှိနေပါသည်။ ဆရာတော် အရှင်သာသနသီရိသည် အောင်မြေကို စတင်အကောင်အထည်ဖော်ရာတွင် မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊ သစ္စာတိုင်တည်ခြင်းများကို သီတင်းသုံးရာကျောင်းနှင့် မလှမ်းမကမ်းနေရာတွင် ချမ်းမြေ့ဇေယျာ မေတ္တာဓာတ်လှိုင် သစ္စာမဏ္ဍိုင်ဟု တမ္ပည်းရေးထိုးကာ ကျောက်တိုင်ငယ်တစ်ခု စိုက်ထူထားရှိသည်ကို တွေ့ရသည်။

အောင်မြေမှန်ရာနေရာရှိ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းပြီးသည်နှင့် အထင်းသားရှိနေသည့် ကျည်းပင်ကြီးကို ဆရာတော် မြင်တွေ့လိုက်ရသဖြင့် အနီးအပါး သွားရောက် လေ့လာမိရာ ထူးဆန်းလှစွာ ကြီးမားသောသစ်တံခါး သစ်ကွင်းကြီး ဖြစ်တည်လျက်ရှိနေသည်



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရသည်။ ထိုသစ်တံခါးတွေ့ပြီးသည်နှင့် ထူးဆန်းသော အိပ်မက်ဆန်းများမက်ခဲ့သည်ဟု သိရသည်။ များမကြာမီ အချိန်ကာလတိုလေးအတွင်းပင် သစ်တံခါးအဖြစ်တည်ရှိနေသည့် ကျည်းပင်ကြီးကို သိန်းသုံးဆယ်အထိပေးကာ ဝယ်ယူလိုသူများ ပေါ်ပေါက်လာခဲ့သည်။ ဆရာတော် အရှင်သာသနသီရိက ချမ်းမြေ့ဗေဿယျာ မေတ္တာဓာတ်တိုင် သစ္စာမဏ္ဍိုင် စိုက်ထူရာနေရာတွင် သာသနာ့တော် ထွန်းကားပြန့်ပွားရေးအတွက် သစ္စာအဓိဋ္ဌာန်များပြုရင်း အိပ်မက်အသိ၊ အာရုံအသိများအရ သတ္တဌာန ခုနစ်နေရာ ဆင်းတုတော်များနှင့် ချမ်းမြေ့ဗေဿယျာ ဆုတောင်းပြည့် မင်္ဂလာကျောင်းစေတီတော်တို့ကို တည်ထားခဲ့ခြင်း ဖြစ်သည်။

ထိုသို့ တည်ထားခဲ့ရာမှ ယခုလက်ရှိအနေအထားအရ သမာဓိသာသနာ့ဗိမာန်တော်၊ ရွှေပါရမီသာသနာ့ဗိမာန်တော်တို့အပြင် စာသင်၊ စာချသံဃာတော်များအတွက် သုံးထပ်ကျောင်းဆောင်များ၊ နှစ်ထပ်ကျောင်းဆောင်များဖြင့် သာသနာတော် ပွင့်ထွန်းဝေဆာလျက်ရှိနေပြီပင် ဖြစ်သည်။ သစ်တံခါးသည် ဖြစ်ခဲရခဲလှသောအရာဖြစ်သည့်အပြင် သစ်တံခါးအား ရွှေချကာ မိတို့နေထိုင်ရာ အိမ်ရာတိုက်တာတို့တွင် ချိတ်ဆွဲထားပါက လာဘ်လာဘများ ဝင်လာမစဲ တသဲသဲဖြစ်မည့်အပြင် လောကီစီးပွားများ တိုးတက်ပွင့်ထွန်းမှု မြန်ဆန်းလွန်းလှသည်ဟု ရှေးမီလောကီဆရာများ ဆိုစကားရှိခဲ့သည်။ ယခုမူ အမှန်တကယ် ပွင့်ထွန်းဝေဆာနေပြီဖြစ်သည့် သာသနာ့နယ်မြေရှိ ကျည်းပင်တံခါးမှာ သတ္တဌာန တစ်နေရာအဖြစ် အဓိဋ္ဌာန်ဝင်နိုင်ရန် အောင်မြေနေရာတွင် တည်ရှိနေသည်ကိုတွေ့ခဲ့ရရာ သတ္တဌာန အဓိဋ္ဌာန်ဝင်ရင်း သစ္စာဆို ဆုတောင်းသမှုပြုကြသူတိုင်း လောကီအကျိုးထူးများ ရရှိခံစား စံစားခွင့် ရရှိနိုင်ကြမည် ဖြစ်ပါသည်။

ကျောင်းဝင်းအတွင်း လှည့်ပတ်လေ့လာနေမိစဉ်မှာပင် ကုသိုလ်တော်ပွဲခင်းလေး စတော့မည်ဖြစ်သဖြင့် သမာဓိဗိမာန်တော်အတွင်းဝင်ခဲ့ကြရန် လှမ်းခေါ်သဖြင့် သမာဓိဗိမာန်တော်အတွင်းသို့ ဝင်ရောက်သွားဖြစ်သည်။ ဗိမာန်တော်အတွင်း စာသင်၊စာချသံဃာတော် သုံးရာရောက်ရှိနေပြီပင် ဖြစ်သည်။ ဒါနရှင်များက ရွှေတောင်ခေါက်ဆွဲအား



မင်းကွန်းဆရာတော်ဘုရားကြီး၊ ချမ်းမြေ့ဗေဿယျာသို့ ရောက်ခဲ့စဉ်က



ဆရာတော်အရှင်သာသနသီရိ (မွေ့စရိယမြန်မာစာဂုဏ်ထူး)



သမာဓိဗိမာန်တော်





ဆရာတော် သစ္စာအဓိဋ္ဌာန်ပြုရာနေရာရှိ ကျောက်တိုင်



www.burmeseclassic.com


www.burmeseclassic.com



ဆရာတော် တရားချီးမြှင့်စဉ်



သံဃာတော်များ ဆွမ်းစားခါနီး



ဆွမ်းကပ်နေစဉ်

အရုဏ်ဆွမ်းအဖြစ် ကပ်လှူကြသည်။ သံဃာတော်များက ဘုဉ်းမပေးမီ မေတ္တာပို့ခြင်း၊ တရားဆင်ခြင်ခြင်းများကို ပြုကြသည်။ ဗိမာန်တော်ပြည့်လုနီးပါး အတန်းလိုက်ထိုင်ကာ အရုဏ်ဆွမ်းဘုဉ်းပေးကြရာတွင် မည်သည့်အသံမျှမထွက်ဘဲ တိတ်ဆိတ်မှုလွှမ်းခြုံနေလေရာ ဒါနရှင်များအဖို့ ပို၍ ကြည်ညိုသဒ္ဓါများတိုးပွားနေမိရတော့သည်။

အရုဏ်ဆွမ်းများကပ်ပြီးသည်နှင့် ဆရာတော်ထံ ဝတ္ထုငွေများ၊ သင်္ကန်းများ ဆက်ကပ်ကြသည်။ ဒါနရှင်များသည် မိဘများအတွက် (၄၆) နှစ်မြောက် အဖြစ် လှူဒါန်းခြင်းဖြစ်ကြရာ ဆရာတော် အရှင်သာသနသီရိက အလှူဒါနတို့အတွက် ရေစက်ချတရားအဖြစ် မော်ကွန်းထိန်းသူများ၏ နှလုံးသားပဲ့တင်သံ ခေါင်းစီး ချီးမြှင့်ကာ ဟောဖော်ညွှန်ပြတော်မူခဲ့သည်။ မော်ကွန်းထိန်းတို့သည် အလေးအမြတ်ထား မှတ်သားထိုက်သည်များကိုသာ ထိန်းသိမ်းလေ့ရှိကြသည်။ သူတို့နှလုံးသားမှ ထွက်ပေါ်လာသော ပဲ့တင်သံများသည်ကား အဖိုးထိုက်တန်မှု မြင့်မားပါသည်။ ထိုအချက်ကို အလေးအနက်ထားကာ မိဘများအတွက် အမှတ်တရပြုပေးသော ကုသိုလ်တော်ပွဲခင်းလေးအား မော်ကွန်းထိန်းသူများ၏ နှလုံးသားပဲ့တင်သံ ရေစက်ချတရားဖြင့် အမှုအတန်းပေးဝေသမှုကို ပြုပေးခဲ့သည်။

အပြန်လမ်းတွင်ကား ကျည်းပင်သစ်တံခါးအောင်မြေဝယ် တိုးတက်ပွင့်ထွန်းနေသည့် အောင်မြင်မှုမှတ်တိုင်တို့၏ပုံရိပ်များက ရင်ထဲမှာစွဲထင်၍ ပါလာခဲ့သည်။ ဇိုင်းဂနိုင်းတောင်ပိုင်း ကျွန်းသာယာရပ် ပဲခူးမြို့တွင်တည်ရှိသည့် အောင်ဇေယျာ စာသင်တိုက် အောင်မြေတည်ရာသို့ တစ်ခါတစ်ခေါက်အရောက်သွားကာ ဆုပန်ခြင်း အဓိဋ္ဌာန်ဝင်ခြင်း၊ အလှူဒါနပြုခြင်းများ ပြုလုပ်သင့်ကြသည်တာတော့ အမှန်ပင် ဖြစ်ပါသည်။ တစ်ကြိမ်ရောက်မိပါက အောင်မြင်မှုရကြသူများ၏ ဒါနမှတ်တိုင်များကို မြင်မိရသည်နှင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးထူးများ မည်မျှပေးစွမ်းနိုင်သည့် အောင်မြေမှန်ရာ ဆိုသည်ကို သုံးသပ်နိုင်မည် ဖြစ်ပါသည်။

အောင်သာကျော်



www.burmeseclassic.com

www.burmeseclassic.com

# အနန္တစွမ်းအောင် သိဒ္ဓိပြည့်စေနိုင်သောကျင့်စဉ်

## သုန္ဒ(နှဝင်းမြို့)



တစ်နေ့သ၌ -

ကျွန်ုပ်သည် အဝေးမှာ နေထိုင်သောတပည့်တစ်ယောက်ကို အကူအညီပေးရန်ရှိနေပါသည်။ တိတိကျကျဖြစ်စေရန်အတွက် ကျွန်ုပ်၏မှတ်တမ်းမှတ်စုများနှင့် စာအုပ်များ သိမ်းဆည်းထားသည့် စာအုပ်စင်များ၊ ဗီရိုများကို လိုက်လံ ရှာဖွေနေခဲ့ပါသည်။

အချိန်က ကုန်မှန်းမသိလိုက်။ စာအုပ်များ ရှာနေခဲ့ရသည့် အချိန်မှာ တစ်နာရီခွဲလောက် ကြာမြင့်သွားခဲ့ပါသည်။ နေ့လယ်ခင်းစာအတွက် ကျွန်ုပ် လက်ဖက်ရည်သောက်ရန် လာပို့တော့မှ နေ့လယ်မွန်းလွဲတစ်နာရီခွဲရှိနေပြီဆိုတာ သိလိုက်ရခြင်း ဖြစ်ပါသည်။

အလုပ်စားပွဲမှာပင် ထိုင်လျက်ဖြင့် လက်ဖက်ရည်သောက်နေလိုက်ပါသည်။ လက်ဖက်ရည်ကို တစ်ကျိုက်ငုံလိုက်ပြီး ခဏနားပြန်အချတွင် စားပွဲပေါ် တင်ထားသည့် စာအုပ်စင်ငယ်ပေါ်သို့ မျက်စိရောက်သွားခဲ့ပါသည်။ ၁၉၇၃ ခုနှစ် ထုတ်ခြေနီမှတ်တမ်းစာအုပ်မှာ အလုပ်စားပွဲ၊ စာအုပ်စင်ငယ်ပေါ်တွင် အထင်အရှားဖြစ်နေပါသည်။ (ကျွန်ုပ်သည် ဘဝတစ်ခုတွင် တာဝန်ထမ်းဆောင်နေစဉ် ၁၉၆၈ ခုနှစ်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းချုပ်မှ ကြီးမှူးကျင်းပပေးသည့် သူနာပြုနည်းပြဆရာသင်တန်းတက်ရောက်မြင်ပြီး မြို့နယ်လှုပ်ရှားမှုများကို မြို့နယ်အတွင်း ကျေးရွာများအရောက် သွားပေး ဆောင်ရွက်ခဲ့စဉ်က ဝယ်ယူခဲ့သော မှတ်တမ်းစာအုပ် ဖြစ်သည်။)

ကျွန်ုပ်မှာ ထိုမှတ်တမ်းစာအုပ်ကို ကြည့်လိုက်မိပါသည်။ ထိုမှတ်တမ်းမှာလည်း လူကဲ့သို့ပင် အိုမင်းဟောင်းနွမ်းနေပြီ။ ထိန်းသိမ်းမှုကောင်း၍သာ အတော်ကြံ့ခိုင်နေခြင်း ဖြစ်သည်။ မှတ်တမ်းစာအုပ်ကို တစ်ရွက်ပြီးတစ်ရွက် လှန်ကြည့်နေမိပါသည်။ ထိုသို့ကြည့်ရင်း မှတ်တမ်းစာအုပ်တစ်ဖက်ခန့်အရောက်တွင် ကျွန်ုပ်ပင် မေ့နေခဲ့ပြီဖြစ်သော အကြောင်းအရာတစ်ခုကို မြင်တွေ့လိုက်ရလေသည်။

ဟုတ်ပါသည်၊ ကျွန်ုပ်သည် ဝိဇ္ဇာမရဂ္ဂမ္ဂိရပညာကို အမှန်တကယ် ထမင်းမေ့ဟင်းမေ့ လေ့လာလိုက်စားနေချိန်က အဖြစ်ပါ။ ထိုအဖြစ်သည် သီတင်းကျွတ်လတွင် ကျင့်ခဲ့ဖူးသော ကျင့်စဉ်အဓိဋ္ဌာန်ကို တွေ့မြင်ရသဖြင့်လည်း အံ့သြခြင်း၊ ဝမ်းမြောက်ခြင်းတို့ စုပေါင်းပေါ်ပေါက်နေခဲ့ပါတော့သည်။

အံ့သြရခြင်းမှာမူ ကျွန်ုပ်ရှာဖွေနေသော မှတ်တမ်းစာအုပ်ကို မတွေ့ရသေးပါ။ မရှာသော၊ မေ့နေခဲ့သော ကျင့်စဉ်အဓိဋ္ဌာန်ပါနေသော မှတ်ထမ်းစာအုပ်က ကျွန်ုပ်၏ လက်ထဲသို့ ဝင်ရောက်နေပြီဖြစ်ပါသည်။ သဗ္ဗေဓမ္မာ သခ်ီရာပင် မဟုတ်ပါလားဟု နှလုံးသွင်းမိပါတော့သည်။

ကြီးစားသလောက် ခရီးရောက်သည့်ကျင့်စဉ်လည်း ဖြစ်သည်။ အတိတ်က ကံအကြောင်းတွေ၊ ပါရမီတွေ ဆိုသည့်အကြောင်းများကို စဉ်းစားနေခြင်း၊ တွေဝေနေခြင်းမရှိပါနှင့်။ ပစ္စုပ္ပန်ကျင့်ကြံမှုအလုပ်အား တစ်နည်း ဆန္ဒ၊ ဝီရိယ၊ စိတ်ခွန်အားတို့သည် အကြောင်းရာခိုင်နှုန်း (၅၀) အောင်မြင်မည်မှာ မုချဟုပင် ဆိုချင်ပါသည်။

သဒ္ဓါအားကြီးစွာဖြင့် ဆောင်ရွက်ခြင်းဖြင့် အတိတ်ကပြုခဲ့ဖူးသော ကံနှင့်ပေါင်းဆုံခြင်းကို ရမည်ဆိုလျှင် သူမတူအောင်ပင် တိုးတက် အောင်မြင်မည်ဖြစ်ပါသည်။ အတိတ်ကံနှင့် မပေါင်းစပ်နိုင်သော်လည်း ပစ္စုပ္ပန်တွင် ထင်ပေါ်ကျော်ကြားမည် ဖြစ်ပါသည်။

ကျွန်ုပ်သည် ရုပ်ခန္ဓာရပြီးကတည်းက ပါလာခဲ့သောရောဂါမှ ဝေဒနာကို ယခုနှစ် ဇရာပိုင်းတွင် သူတို့၏ခြယ်လှယ်ခြင်းကို ခံစားနေရပါသည်။ ကျွန်ုပ် လွန်စွာ ဝါသနာကြီးသော စာရေးခြင်းကိုပင် (၂)လကျော်လောက် မရေးနိုင်ခဲ့ပါ။ စာရေးရန် ဘော(လ်)ပင်ကိုင်လိုက်လျှင်ပင် နွမ်းလျပျော့ခွေနေသဖြင့် စာရွက်နှင့် ဘော(လ်)ပင်တို့ တို့ခြစ်ရေးသားနိုင်ခြင်း မရှိခဲ့တော့ပါ။

ယခု ကျွန်ုပ်၏ ကျန်းမာရေးမှာလည်း တိုးတက်လာနေ၏။ လပေါင်း (၂၀)ကျော် အိပ်ရာထက်တွင် ပက်လက်နေပြီး သေမင်းနှင့် စစ်ခင်းခဲ့ရသည့်အတွက် အကြောင်းကိစ္စတော်တော်များများ မှတ်ဉာဏ်မရှိတော့ မေ့လျော့ခြင်းဖြစ်နေခဲ့ရသည့်အတွက် ယခုကျင့်စဉ်ကိုလည်း မေ့နေခဲ့ရခြင်း ဖြစ်ပါသည်။ ကာလတစ်ခုအနေဖြင့် အဓိဋ္ဌာန်လုပ်ခဲ့ရသော စရဏအားကြောင့်ဟု ဆိုရမည်ထင်ပါသည်။ မြင်လိုက်သည်နှင့် အောင်မြင် ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ခြင်းတို့ကို တီဗွီဖန်သားပြင်ပေါ်မှာ ကြည့်နေရသလို အစီအရီ ပေါ်ပေါက်နေခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။

သို့အတွက် ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်လာရလေ၏။ အနားပေးခဲ့သောကာလအစား ယခု အစားထိုးပြီး အတိုးချ၍ စာရေးရန် ဆုံးဖြတ်လိုက်ပါတော့သည်။ ကျွန်ုပ်ကိုယ်တိုင် ထိတွေ့ခဲ့ပြီး ခံစားရရှိခဲ့ဖူးသော အကျိုးအာနိသင်တို့ကိုလည်း ကျွန်ုပ်၏ စာဖတ်ပရိသတ်ဖြစ်သော စာချစ်သူ မိတ်ဆွေများနှင့် ကျင့်စဉ်ကိုမှ နှစ်သက်ကြသော ညီငယ်၊ ညီမငယ်များအတွက် စာတစ်ပုဒ်အဖြစ် ရေးသားတင်ပြလိုက်ရပါတော့သည်။

ကျွန်ုပ်၏ အတွေ့အကြုံအရ အမြည်းသဘော နည်းနည်းပါးပါးတော့ တင်ပြပါမည်။ စာချစ်သူမိတ်ဆွေအနေဖြင့် -

- ✤ ငွေကြေးကိစ္စ ပြဿနာရှိနေသလား။
- ✤ လူမှုရေးပြဿနာရှိနေသလား။
- ✤ လုပ်ငန်းခွင်မှာ အခက်အခဲကြုံနေသလား။
- ✤ အရောင်းအဝယ်ကြောင့် စိတ်သောကရောက်နေသလား။
- ✤ ရာထူးဌာနအတွက် အပြိုင်တော်ပေါ်နေပါသလား။

ဘာမှမစိုးရိမ်ပါနှင့်။ အနာဂတ်မျှော်လမ်းစဉ်မဟုတ်ပါ။ လုပ်သလောက်မှချခံစားရသည့်ကျင့်စဉ် ဖြစ်ပါသည်။ ကြုံပြီး ထင်ဟပ်နေမှာစိုး၍ မဖော်ပြတော့ပါ။ လုပ်ကိုင်ပြီးမြောက်လျှင် မိမိသွားခဲ့သလောက် ခရီးရောက်ပြီ။ ခံစားရမည့် အဓိဋ္ဌာန်ကျင့်စဉ်ဖြစ်ကြောင်းကိုသာ ပြောပြလိုပါသည်။

**ကျင့်စဉ်အဓိဋ္ဌာန်ဝင်ရပုံ**

**၁။ အဓိဋ္ဌာန်ရက်နှင့် ကာလသတ်မှတ်ရခြင်း**

(က) အဓိဋ္ဌာန်ရက်ကို ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ စနေနေ့မှာ စတင်ပါ။ ခရစ်နှစ်အလိုအရ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် စရပါမည်။

(ခ) အဓိဋ္ဌာန်ကာလကို သီတင်းကျွတ်တစ်လလုံးဝင်ရမှာဖြစ်၍ ရက်ပေါင်း (၂၉) ကြာမည် ဖြစ်ပါသည်။ နောက်ထပ်ဖြည့်စွက်ရမည့်ရက်မှာ နေ့နံသားတို့၏ နံသင့်ကိန်းသင်္ချာရေကို ဖြည့်စွက်ပေါင်းသော ရက်စုစုပေါင်းသည် အဓိဋ္ဌာန်ရက်ကာလပင် ဖြစ်ပါသည်။

တနင်္ဂနွေသား၏ နံသင့်သင်္ချာရေမှာ (၁)
တနင်္လာသား၏ နံသင့်သင်္ချာရေမှာ (၂)
အင်္ဂါသား၏ နံသင့်သင်္ချာရေမှာ (၃)
ဗုဒ္ဓဟူးသား၏ နံသင့်သင်္ချာရေမှာ (၄)
ကြာသပတေးသား၏နံသင့်သင်္ချာရေမှာ (၅)
သောကြာသား၏နံသင့်သင်္ချာရေမှာ (၆)
စနေသား၏ နံသင့်သင်္ချာရေမှာ (၇)
ရာဟုသား (ဗုဒ္ဓဟူးညနေမွေး) နံသင့်သင်္ချာရေမှာ (၈) တို့ဖြစ်ကြပါသည်။

ဥပမာ -

ကျင့်စဉ်ဝင်မည့်သူသည် တနင်္ဂနွေသား ဆိုပါစို့။
သီတင်းကျွတ်လ၏ရက်ပေါင်း = ၂၉ ရက်
တနင်္ဂနွေသား၏နံသင့်သင်္ချာနေရေ = ၁ ရက်
ပေါင်း = ၃၀ ဖြစ်သည်။

သို့အတွက် တနင်္ဂနွေသားသမီးတို့အနေဖြင့် ယခုကျင့်စဉ်အဓိဋ္ဌာန်ကာလ ရက်ပေါင်း (၃၀) ဝင်ရောက်ကြရမည် ဖြစ်ပါသည်။

(တနင်္ဂနွေကို နမူနာပြထားပြီးဖြစ်၍ ကျန်ရှိနေကြသောနေ့သားများ ဝင်ရောက်ရမည့် အဓိဋ္ဌာန်ကာလရက်ကို လွယ်ကူစွာရှာနိုင်ကြမည်ဟု ယုံကြည်ပါသည် - စာရေးသူ)

**၂။ အဓိဋ္ဌာန်ကျင့်စဉ်ကာလတွင် ဆောင်ရမည့်ကိစ္စများ**

နေ့စဉ် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် -

(က) ဒါနခန်း -
- ✤ ပန်း
- ✤ ရေချမ်း
- ✤ နံ့သာတိုင်(အမွှေးတိုင်)
- ✤ အလင်းတိုင် (ဖယောင်းတိုင်)
- ✤ ဆွမ်းဖြူ (ဆီဆွမ်းကပ်ရပါမည်။ ထမင်းဖြူကို ဆီဆမ်း၊ ဆားဖျူးပြီး ကပ်ပါရန်)

(ခ) ပင့်ဖိတ်ရခြင်းများ -
- ✤ မိမိ၏ပါရမီဖြည့်ဖက်များ
- ✤ အမြဲတမ်း ကူညီပေးကြသူများ
- ✤ ဝိဇ္ဇာများ
- ✤ ပေါက်ပုဂ္ဂိုလ်များ
- ✤ ဓရလောကပါလနတ်မင်းကြီးများ

(ဂ) ကန်တော့ခန်း -
- ✤ ဘုရားဖူးကန်တော့ခြင်း
- ✤ သီလခံယူခြင်း
- ✤ ဆုတောင်းခံခြင်း
- ✤ မေတ္တာပို့သခြင်း

(ဃ) အောက်ပါ ဂါထာတော်များကို ရွတ်ဖတ်ရခြင်း -

၁။ ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယာယော ကာတုံ တထာ မေ ဟောတု။

၂။ ဗုဒ္ဓါနံ သဗ္ဗညုတညာဏဿ န သက္ကာ ကေနစိ အနန္တရာယာယော ကာတုံ တထာ မေ ဟောတု။

၃။ ဗုဒ္ဓါနံ ဥဒ္ဒိဿ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယာယော ကာတုံ တထာမေ ဟောတု။

၄။ ဗုဒ္ဓါနံ ဒွတ္တိံ မဟာပုရိသလက္ခဏာနံ အသီတိယာ အနုဗျဉ္စနာနံ ဗျာမပ္ပကာယ ဝါနသက္ကာ ကေနစိ အန္တရာယာယော့ ကာတုံ တထာမေ ဟောတု။

(မည်သို့ ရွတ်ဖတ်ရမည်ကို ဆက်လက် ရှင်းပြပါမည်။ ဆောင်ရွက်သောအမျိုးကောင်းသားအမျိုးကောင်းသမီး အနေဖြင့် တနင်္ဂနွေထောင့်မှ စတင်ပြီး အရပ်ရှစ်မျက်နှာစေ့အောင် အထက်အရပ်၊ အောက်အရပ်တို့အား အာရုံစူးစိုက်ထားပြီး (၁၀) ခေါက် ရွတ်ဖတ်ကြရန် ဖြစ်ပါသည် အရပ်ဌာနတစ်ခုစီတွင် ဂါထာလေးပုဒ်လုံးစီကို ဖြည်းဖြည်းနှင့် မှန်မှန် ရွတ်ဖတ်ပေးကြရမည် ဖြစ်ပါသည်။)

ဤနေရာတွင် သီတင်းကျွတ်လ ကျင့်စဉ်ဟုဆိုလျှင် ဆိုနိုင်မည်ဟု ယူဆမိပါသည်။ ဒေသနာတော်တွင် လာသည်မှာ မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းကြွမြန်းလာစဉ်တွင် ရွှေစောင်းတန်း၊ ပတ္တမြားစောင်းတန်း၊ ငွေစောင်းတန်း သုံးသွယ်ဖြင့် အထူးတင့်တယ်စွာကြွလာခဲ့စဉ် အမျိုးလေးပါးတို့မှ မီးရောင်စုံတို့ဖြင့် ထွန်းညှိပူဇော်ကြသည့်အကြောင်းထူး။

ယခုကောဇာနှစ်မှာလည်း အထွေး




www.burmeseclassic.com

www.burmeseclassic.com

# သက်တန့်မန်းဂါထာ

## နေပြည်တော်ကျော်ကျော်စိုး



ဂါထာ ဆိုတာ ပါဠိကဗျာပါ။ ဆိုရရင် (၈) လုံးဖွဲ့ပါဠိကဗျာပါ။ ပါဠိကဗျာ ဆိုတော့ ရွတ်ဆိုလို့ကောင်းတယ်၊ ဆောင်လို့လွယ်တယ်၊ ကျက်မှတ်လို့လွယ်တယ်။ စုဏ္ဏိယလို့ခေါ်တဲ့ပါဠိစာတွေကျတော့ ဆောင်လို့၊ ရွတ်လို့ သိပ်မကောင်းဘူး။ ဂါထာကျတော့ (၈) လုံးကို တစ်ပိုဒ်ဖြစ်ပြီး (၄) ပိုဒ် (၃၂) လုံးကို တစ်ဂါထာလို့ အကြမ်းအားဖြင့် သတ်မှတ်ထားပါတယ်။

အဲဒီလို အတိုကျက်မှတ်တဲ့ စာစုလေးတွေမှာ ဗိန္ဓောဆရာတွေ ရွတ်ဖတ်ဖို့ ဆောင်ရတဲ့ ဆောင်ပုဒ်တိုကလေးတွေ အများအပြားရှိတယ်။ အဲဒါကို အလွယ်ပြောတော့ ဂါထာလို့ခေါ်ကြတာတွေရှိတယ်။ မန္တန်တို့၊ မန္တရားတို့ဆိုတာတွေပါပဲ။ ဉုံခံပြီးရွတ်တာရှိတယ်။ ဩြောင်းခံပြီးရွတ်တာတွေရှိတယ်။ ဉုံခံရင် မန္တန်၊ ဩြောင်းခံရင် မန္တရားလို့ ဆိုပါတယ်။

အဲဒီ ဉုံခံ၊ ဩြောင်းခံပြီးမန်းရတဲ့ ဂါထာ ဆိုတာ အများအပြားရှိပါတယ်။ ကျွန်တော်လည်း သက်တန့်၊ မှက္ခရု၊ ရေယုန် စသည်ဖြင့် မန်းပေးရတာတွေ ရှိတယ်။ နေပြည်တော်မှာတော့ လူသိပ်မသိပါဘူး။ မိုးကုတ်နဲ့ မိုင်းရှူးကျတော့ လူသိများပါတယ်။ ကျွန်တော်ဆောင်ထားတဲ့အထဲမှာ သက်တန့်မန်းဂါထာလည်း ပါပါတယ်။

သက်တန့် ဆိုတာ အမှန်တကယ်ရှိကြောင်း မိုင်းရှူးမှာ ကြုံဖူးပါတယ်။ ဖလ /၁၇၉ မှာ ကျောင်းချုပ်လုပ်စဉ်က ကျောင်းသားတွေကို ကြုံရင်ကြုံသလို ကုပေးနေပါတယ်။ ပျောက်လည်းပျောက်ကြပါတယ်။ ပိုက်ဆံတစ်ပြားမှမကုန်ဘဲ ပျောက်ကြတော့ သဘောကျကြတာပေါ့လေ။ အဲဒီအချိန်က ၂၀၀၀ ပြည့်နှစ်ထဲမှာပါ။

အဲဒီမှာ စက်ဆရာကရင်တစ်ဦး သက်တန့်အရှင်ပေါက်ပါတယ်။ သက်တန့် ဆိုတာ နှစ်လက်မနီးပါး ရှည်လျားတဲ့ အကျိတ်ချောင်းကြီးပါ။ ပေါက်ချိန်

---

တက်ပြီဟု ဆိုနိုင်သောနှစ်ဖြစ်ခြင်းနှင့် သီတင်းကျွတ်လဆန်း ၁ ရက်သည် စနေနေ့၌၏။ လပြည့်နေ့တွင်လည်း စနေဖြင့် ပြည့်၏။ လကုန်ရက်ဘွင်လည်း စနေနေ့ဖြင့်ပင် ပိတ်ထားနေသည်။ အစ၊ အလယ်၊ အဆုံး အင်္ဂါသုံးရပ် အမြတ်အတာတို့ထက်မြတ်သည့်လဟုဆိုရမည် ဖြစ်သည်။

ပထမံအစီအရင်တွင်မူ စနေနေ့သည် ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံ၏ဟု ပြဆိုထားသည်တို့ကြောင့် သီတင်းကျွတ်လတွင် အနန္တစွမ်းအင်သိဒ္ဓိ ပြည့်နိုင်ခြင်းတို့ကြောင့်ပင် ဖြစ်ပါသည်။

(ဃ) အထက်ပါကိစ္စတို့ ပြီးဆုံးသည်နှင့် အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ပါရန် -

၁။ တုသိုလ်အမျှပေးဝေပါ။

၂။ ဖိတ်ထားသူများအား နေရာဌာနသို့ ပြန်ပို့ပေးပါ။

၃။ ကပ်လှူထားသော ဆွမ်းတော်နှင့် ရေတော်တို့ကို ဝသုန္ဒြေနတ်မင်းကြီးအား တိုင်တည်ပြီး သတ္တဝါများ၏ အာဟာရအဖြစ်စွန့်ပါ။

လွန်စွာ ကြုံကြိုက်ခဲပါသည်။ အခွင့်ကြုံတုန်းမှာ ရနိုင်သော အခွင့်အရေးကို လက်လွတ်မခံစေလိုသော စေတနာဖြင့် ရေးသား တင်ပြရခြင်း ဖြစ်ပါသည်။ ကျွန်ုပ်ကိုယ်တိုင် နှစ်ပေါင်း (၄၀) ကျော် လျှောက်လှမ်းခဲ့သော မဟာဂန္ဓာရီလမ်းပေါ်က ကျင့်ကြံခဲ့ပြီးဖြစ်သော ကျင့်စဉ်ဖြစ်၍လည်း ပညာကို သေရှာမယူဘဲ ဆန္ဒတူကြသူများယူနိုင်ကြစေရန် မေတ္တာဖြင့် ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်သည် ကောဇာနှစ် ၁၃၇၅ ခု နှစ်သစ်ကူးအတွက် အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ဖြစ်ကြသော ခုနစ်နေ့သားသမီးတို့ မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်နိုင်ကြရန်နှင့် အနန္တငါးပါးကို အထူးစောင့်ရှောက်နိုင်သော သာသနာ့အာဇာနည်များဖြစ်ကြစေရန် ရည်သန်ပြီး ယခုစာစုကို ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

(ခင်ပွန်းကြီးဆယ်ပါးကို ဤစာစု ရေးသားခြင်းဖြင့် ပူဇော်ကန်တော့လိုက်ပါသည်။)

*ပညာတိုးပွား၍*

*အကျိုးများကြပါစေ*

သုဒ္ဓ (နဝင်းမြို့)

**မှီငြမ်း** -

*ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ သာသနာရေးဝန်ကြီးဌာန ဗုဒ္ဓဘာသာတရားတော်(အထက်တန်းအဆင့်)*

www.burmeseclassic.com

မှာ နီရဲပြီးရောင်ကိုင်းနေပါတယ်။ ကြာကြာမနေပါဘူး၊ အခြားနေရာတစ်ခုကို ရွှေ့ပြန်ပါတယ်။ ကျွန်တော့်ကို ပထမပြတာ ဝမ်းဗိုက်မှာပါ။ ဝမ်းဗိုက်ကနေ ပေါင်ကိုရောက်လာခြင်းပါပဲ။ ပြောရင် ပုံပြင်လို့ထင်မှာပါ။ မြင်လို့သာ ယုံရတာပါ။ အဲဒီကရင်စက်ဆရာဟာ ကျွန်တော့်ကို ကုသနိုင်မယ်ထင်ပြီး ပြသခြင်းပါပဲ။ ဒါပေမယ့် ကျွန်တော်ဟာ သက်တန့်မန်းဂါထာမရလို့ လက်မှိုင်ချနေရပါတယ်။ ကုသမပေးနိုင်လို့ အတော်စိတ်မကောင်းရှိရပါတယ်။ ဒီလိုနဲ့ပဲ အခြားဖက်စက်တစ်ခုကို ရွှေ့ပြောင်းသွားခဲ့ခြင်းပါ။ ကိုယ့်ကိုအားကိုးလို့ အားကိုးရာမရောက်တာကိုတွေးပြီး အသုံးမကျလိုက်လေခြင်းဆိုပြီး စိတ်မကောင်းရှိရပါတယ်။ မေ့ကိုမမေ့နိုင်ခဲ့ပါဘူး။

သက်တန့်မန်းဂါထာတွေ စာအုပ်တွေမှာ တွေ့ဖူးခဲ့ပေမယ့် ကူးရကောင်းမှန်း၊ ကျက်ရကောင်းမှန်းမသိခဲ့တာဟာ အတော်မိုက်မဲမှုလို့ဆိုရမှာပါ။ အဲဒီကရင်စက်ဆရာနဲ့တွေ့ပြီးနောက်ပိုင်း သက်တန့်မန်းဂါထာကို အရမ်းရချင်ခဲ့ပါတယ်။ သက်တန့်ဖြစ်သူတွေကို ကုပေးချင်ခဲ့ပါတယ်။

ဒီလိုနဲ့ ဖလ/၁၃၉ ဖက်စပ်နားတဲ့အခါ ကျွန်တော် လ/၇၉ ကို ရောက်ပါတယ်။ အဲဒီမှာ လူးကျင်းဆင်းရတာပါ။ လူးထဲမှာ (၃) ညအိပ်နေရပါတယ်။ လူးထဲမှာ ကြုံရင်ကြုံသလို ကျင်းသားတွေကို ကုသပေးနေတာကို မန်နေဂျာကိုညွန့်ရှိန် မြင်တဲ့အခါ သူ့မှာရှိတဲ့ သက်တန်မန်းဂါထာကို ပေးတာပါပဲ။ အလကားတော့မဟုတ်ပါဘူး။ ပိုက်ဆံနဲ့မကုပါဘူး။ လက်ဆင့်ကမ်းထိုက်တန်သူကို ပညာအမွေပေးပါ့မယ်ဆိုတဲ့ ကတိကိုဆိုပြီး ရလိုက်ခြင်းပါ။

အဲဒီသက်တန့်မန်းဂါထာရတော့ ကျွန်တော့်ဆန္ဒ ပြည့်ဝသွားပါပြီ။ အဲဒီ လ/၇၉ ဖက်စပ်မှာ ခင်မောင်ဝင်း ဆိုတဲ့ ကျင်းသားတစ်ဦးကို လက်တွေ့ ကုနိုင်ခဲ့ပါတယ်။ ပေါင်မှာဖြစ်ပေါ်နေတဲ့ နီရဲနေတဲ့ အကျိတ်တောင့်ကြီးဟာ အချိန်တိုအတွင်း ပျောက်ကင်းသွားခဲ့ပါတယ်။ အဲဒီနောက်မှာ ခုထိတော့ သက်တန့်နာ မကြုံသေးပါဘူး။

ညီမလတ် မငွေးညွန့်ရဲ့ ခင်ပွန်း မောင်ကျော်ဆန်းဟာ ကျွန်တော်တို့ဆီ နေ့စဉ်လိုလို မြေးထိန်းရင်း အလည်ရောက်ပါတယ်။ အဲဒီမှာ မောင်ကျော်ဆန်းက မေးလာပါတယ်။သူက ဆေးကုဝါသနာပါသူပါ။

"အစ်ကိုလေး၊ သက်တန့်မန်းဂါထာရှိတယ် ယူမလား"

"ဟာ - ယူမှာပေါ့ကွ၊ မောင်ကျော်ဆန်းရ။ ငါက ပညာရှာနေတဲ့ကောင်ပဲ။ ဒါ့ထက် သက်တန့်မန်းဂါထာက ဘယ်ကရတာလဲ။ စာအုပ်ထဲက ကူးထားတာလား"

"ကျွန်တော်တို့ငယ်ငယ်က စာအုပ်ဆိုတာ ရှိရင်ရှိမှာပေါ့။ ဒါပေမယ့် ကျွန်တော်တို့လက်ထဲ စာအုပ်ရောက်ဖို့ ဆိုတာ အလှမ်းဝေးပါတယ် အစ်ကိုလေးရာ။ ရွာမှာ စာအုပ်ဆိုင်တောင်မရှိပါဘူး။ ဒီတော့ ဒီလိုဂါထာလေးတွေ ရချင်ရင် အဲဒီဂါထာကို ဆောင်ထားတဲ့ပုဂ္ဂိုလ်ကို ဆည်းကပ်ပြီး ပညာတောင်းယူရတာပါ။ သူတို့စိတ်တိုင်းကျမှပေးတာ"

"မင်းဟာ ခဲခဲယဉ်းယဉ်းပါလားကွာ။ ငါ့ဆေးမှတ်စုမှာတော့ စာအုပ်တွေထဲကလည်း ကူးယူတယ်။ လက်ဆင့်ကမ်းပညာအမွေတွေလည်း ပါတာပေါ့ကွာ။ ဒါ့ထက် သက်တန့်မန်းဂါထာကျတော့ ဘယ်သူ့ဆီက ရတာလဲ"

"အစ်ကိုလေးတို့အိမ်အရှေ့ဘက်ပိုင်းက ဦးဖိုးသိန်းကို သိလား"

"သိတာပေါ့ကွ၊ ငါ့ညီလေး ပေါက်ကျော် ရေတွင်းထဲကျတော့ သူပဲ ရေတွင်းထဲဆင်းပြီး ကယ်ပေးတာလေ"

"အဲဒီဦးဖိုးသိန်းက အစ်ကိုလေး မရှိတော့တဲ့နောက်ပိုင်း ရွာဦးကျောင်းအခုတော့ သာသနာ့ပါလရွာဦးကျောင်းပေါ့ဗျာ။ အဲဒီမှာ ဦးပဥ္စင်းဝတ်သွားတာ။ သူက သက်တန့်မန်းသိပ်နာမည်ကြီးတာဗျ။ လူ့ဘဝကတည်းက နာမည်အရမ်းကြီးတာ။ သက်တန့်ဖြစ်ပြီဆိုရင် အဝေးကလူတွေတောင် သူ့ဆီလာကြရတယ်။ ပျောက်လည်းပျောက်တာကိုး။ သူဝတ်တဲ့အချိန်က ရွာဦးကျောင်းကိုစတင်တည်ထောင်တဲ့ဘုန်းကြီးဦးကော ပျံလွန်တော်မမူသေးဘူး။ ဦးကော ပျံတော်မူတော့ ဦးပဥ္စင်းဖိုးသိန်း ကျောင်းထိုင်ဖြစ်လာတယ်။ သက်တန့်နာဖြစ်တဲ့ လူတွေကိုတော့ ဆက်လက်ပြီး ကယ်တင်ပေးနေတာပါ။ အဲဒီအချိန်က ကျွန်တော်လည်း အိမ်ထောင်ကျစပါ။ အဲဒါနဲ့ ကျွန်တော်လည်း သက်တန့်မန်းပညာအမွေရချင်တာနဲ့ ဦးပဥ္စင်းဖိုးသိန်းဆီ ဝေယျာဝစ္စလုပ်ကိုင်ပေးရင်း ချဉ်းကပ်ရတာပါ။ အတော်ရင်းနှီးပြီဆိုမှ သက်တန့်မန်းဂါထာ လက်ဆင့်ကမ်းပညာအမွေပေးဖို့ လျှောက်ထားရတာပါ"

"လွယ်လွယ်ကူကူနဲ့ကော ပေးရဲ့လား"

"ဘယ်ကလာ လွယ်လွယ်ကူကူနဲ့ ပေးမှာလဲ အစ်ကိုလေးရာ။ မင်းတို့ခေတ်က ဂါထာပေး တေးဖြစ်တဲ့ခေတ် ဆိုပြီး အတော်နဲ့မပေးဘူး။ နှစ်ပေါင်းအတော်ကြာ သူပျံတော်မူခါနီးမှပေးသွားတာ"

"ဒါဆို ဒီပညာရဖို့ ဇွဲရှိရှိနဲ့ ဝေယျာဝစ္စလုပ်နေရတာပေါ့"

"အမြဲတမ်းတော့ မဟုတ်ဘူးပေါ့ဗျာ။ အားတဲ့အခါလေးတွေသွားလုပ်ပေးရတာပေါ့။ ပညာမရတောင် ကုသိုလ်ရတယ်ဆိုပြီး လုပ်ပေးတာပါ။ ဒါပေမယ့် ဇွဲရှိတော့လည်း ရလိုက်တာပါပဲ။ အခု ကျောင်းထိုင်နေတဲ့ ဘုန်းတော်ကြီး ဦးမွေ့က ဦးပဥ္စင်းဖိုးသိန်းပျံတော်မူမှ ကျောင်းထိုင်တာပါ"

"ဩော် - ဟုတ်လား။ ငါတို့က (၁၆) နှစ်သားလောက်တည်းက ရွာကထွက်သွားကြတော့ ဦးကောပဲ သိတယ်။ ကဲ - မင်းရဲ့ သက်တန့်မန်းဂါထာရွတ်ပြကွာ။ ငါလိုက်ကူးမယ်"

ဆိုပြီး မှတ်စုထုတ်ကာ လိုက်ကူးပါတယ်။

"ဥုံ - တိမ်သေတိမ်တောင်
သက်တန့်ယောင်ဆောင်၊
နင်လည်း မိုးသား၊ ငါသိကြားတ
သွားလေ သွားလေ။
မသွားလေက
ဓားသန်လျက်နှင့်
ဖြတ်တော့မည်။

အဲဒီဂါထာကို (၃၇) အုပ် မန်းပေးရတာပဲ အစ်ကိုလေး"

"ဒီဂါထာနဲ့ ကုသပေးဖူးသလား"

"ကုပေးဖူးပါတယ်။ ပျောက်လည်းပျောက်ပါတယ်"

"အေးကွာ၊ ကျေးဇူးပဲ မောင်ကျော်ဆန်းရေ"

လို့ ကျေးဇူးတင်စကားဆိုရပါတယ်။

ဦးဖိုးသိန်း ဆိုတာ အသက်ကြီးမှဝတ်တဲ့ ဦးပဥ္စင်းကြီးပါ။ သူ့မှာ မဂ္ဂတ်ထော်၊ မခင်ရီဆိုတဲ့ သမီးနှစ်ဦးနဲ့ မြေးမြစ်များ နေပြည်တော် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူအရှေ့ပိုင်းနဲ့ ပုဗ္ဗသီရိမြို့ ညောင်ပင်ကြီးစုကျေးရွာမှ ကျန်ရစ်ခဲ့ပါတယ်။

*(မောင်ကျော်ဆန်းသို့ကျေးဇူးတင်လျက်)*

ချမ်းမြေ့ပါစေ

နေပြည်တော်ကျော်ကျော်



www.burmeseclassic.com

www.burmeseclassic.com

မောင်ပွင့်ဘုန်း(မောရ)

# ၇ မဟာလူသားပွင့် ထွန်းတော်မူရာ မြေမြတ်မဟာသို့


ပစ္ဆိမ ဗုဒ္ဓ ဝစနံ
ဟန္ဒဒါနိ ဘိက္ခဝေ
အာမန္တယာမိဝေါ၊
ဝယဓမ္မာ သင်္ခါရာ
အပ္ပမာဒေန သမ္ပာဒေထ

မှာကြား နောက်ဆုံးစကား

"ငါ၏ ချစ်သားရဟန်းတို့၊ ပြုပြင်ဖြစ်သမျှသော သင်္ခါရတရားတို့သည် ပျက်တတ်သောသဘောရှိကုန်၏။ သင်တို့သည် မမေ့၊မလျော့၊မပေါ့၊မဆသော သတိတရားဖြင့် ပြည့်စုံစွာ နေရစ်ကြလော့"

ညဉ့်သုံးယံမှာ နောက်ဆုံးဖြစ်တဲ့ ခဲ့သော ပစ္ဆိမယံရဲ့နောက်ဆုံးစက္ကန့်မှာ မြတ်ဗုဒ္ဓဟာ ပိဋကတ်သုံးပုံရဲ့အနှစ်ချုပ်လို့ဆိုရမယ့် အရေးအကြီးဆုံး အဆုံးအမ 'အပ္ပမာဒေန သမ္ပာဒေထ' ကို နောက်ဆုံး မှာကြားပြီး ပရိနိဗ္ဗာန်ကို ဝင်သွားခဲ့ပါတယ်။ ဒီနေရာမှာ 'ဘိက္ခု' ကို 'ရဟန်း' လို့ ဆိုပေမယ့် 'ဘိက္ခု'ရဲ့ အဓိပ္ပာယ်အမှန်က 'သံသရာဘေးကို မျှော်တွေးကြောက်လန့်သူ' လို့ ဆိုလိုတာကို သိထားသင့်လှပါ၏။

'ဖွား - ပွင့် - ဟော - စံ' လို့ဆိုတဲ့ သံဝေဇနီယလေးဌာနမှာ နောက်ဆုံးဖြစ်တဲ့ ကုသိနာရုံကို ဖူးမြော်ရတာဟာ ဝမ်းနည်း ကြေကွဲရသလို သံဝေဂလည်းဖြစ်ရပါတယ်။ ကုသိနာရုံရဲ့ ရှေးအခေါ်က ကုသိနာဂရ (Kusi Nagar) ဖြစ်ပါတယ်။



နံနက်ခင်းဝေလီဝေလင်းအချိန်တွင် ဖူးမြင်ရသည့် မဟာပရိနိဗ္ဗာနစေတီတော်



ကုသိနာရုံတွင် တည်ထားသည့် မြန်မာပြည်သူတို့၏ကောင်းမှု ရွှေတိဂုံပုံတူစေတီတော်



www.burmeseclassic.com

www.burmeseclassic.com

ကုသိနာရုံသို့

၂၃-၁၁-၂၀၁၂ မနက်(၅)နာရီ လောက်ထပြီး မနက်စာကို စောစောစား ကြပါတယ်။ (၆)နာရီမှာဖွင့်မယ့် ကုသိနာ ရုံဝင်းတံခါးကို အချိန်မီအရောက်သွား ကြဖို့ ဖြစ်ပါတယ်။ ကုသိနာရုံမြန်မာ ကျောင်းကထွက်လာတာနဲ့ ဆလိုက်မီး ရောင်အောက်မှာ ရွှေရောင်ဝင်းနေတဲ့ ရွှေတိဂုံပုံတူစေတီတော်ကြီးကို ကြည်ညို ဖွယ်ရာ ဖူးတွေ့လိုက်ရလို့ မတ်တတ်ရပ် လျက်ပဲ လက်အုပ်ချီမိုး ရှိခိုးလိုက်ပါ တယ်။ ရာသီဥတုက အတော်အေးတာ မို့ အနွေးထည်ကိုယ်စီဝတ်ထားကြပြီး အားလုံးလိုလို ခေါင်းဆောင်းတွေပါ ဆောင်းထားကြပါတယ်။

ဝီရိယကောင်းတဲ့ ကျွန်တော်တို့ အဖွဲ့သားတွေက ကုသိနာရုံဝင်းတံခါး အဝမှာ ရှေ့ဆုံးက နေရာယူလိုက်ကြပါ တယ်။ တဖြည်းဖြည်းနဲ့ ဘုရားဖူးတွေများ လာပေမယ့် အချိန်မကျသေးလို့ တံခါး မဖွင့်ပါ။ စိတ်မရှည်သူတချို့က 'ဖွင့်စရာ ရှိ ဖွင့်လိုက်တာ မဟုတ်ဘူး' လို့ ရေ ရွတ်တာကြားလိုက်ပါတယ်။ 'သည်းခံမှ နိဗ္ဗာန်ရ' ဆိုတဲ့စကားကို အမှတ်ရလိုက် ပါ၏။ ဘုရားအလောင်းတော်တွေ ဖြည့် ကျင့်ဆည်းပူးရတဲ့ ပါရမီဆယ်ပါးမှာ ခန္တီ ပါရမီ ဆိုတာ ပါပါတယ်။

တချို့က ဘုရားလောင်းကျင့်စဉ် ဟာ ငါတို့နဲ့အဝေးကြီးပါကွာလို့ဆိုတတ် ကြပါတယ်။ ဆင်လည်း ဆင့်အထွာ၊ ဆိတ်လည်း ဆိတ်အထွာ ဆိုတာလို နိုင် သလောက်အဆင့်ကနေ စကြရမှာ ဖြစ် ပါတယ်။


ဆရာကြီးဦးရွှေအောင်ရဲ့ -

*'တစ်စတစ်စ စွန့်ဝံ့မှလျှင်၊ ဘဝ နောက်နှောင်း ဆက်တိုင်းကောင်းအံ့'*

ဆိုတဲ့စကားကိုမှီးပြီး 'တစ်စတစ်စ ကျင့်ဝံ့မှလျှင် ဘဝအဆင့်ဆင့် ဆက်တိုင်း မြင့်အံ့' လို့ ဆိုချင်ပါ၏။

ကုသိနာရုံစောင့် ဟိန္ဒူဘုန်းတော် ကြီးက အချိန်အင်မတန်တိကျပါတယ်။ (၆)နာရီတိတိမှာ ဝင်းတံခါးသော့ကို လာ ဖွင့်ပေးပါတယ်။ ကုသိနာရုံဘုရားဝင်း တစ်ခုလုံး မြူနှင်းတွေ အုံ့ဆိုင်းပြီး ငြိမ် သက် အေးချမ်းနေပါတယ်။ ဝင်းတံခါး ကနေ ကိုက် (၁၀၀) လောက်လျှောက် ဝင်လိုက်တာနဲ့ မဟာပရိနိဗ္ဗာနဝိဟာရ ကျောင်းတော်ကြီးနဲ့ မဟာပရိနိဗ္ဗာန စေတီတော်ကြီးဆီ ရောက်ပါတယ်။ ကျောင်းတော်ရောက်ခါနီးမှာ ပါလာတဲ့





ကုသိနာရုံရှိ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပုံ ရုပ်ပွားတော်




မြတ်စွာဘုရားရှင်၏ ဥတုဇရုပ်ကာယပ်တော်အား မီးသင်္ဂြိုဟ်ရာနေရာတွင် တည်ထားသည့် မကုဋဗန္ဓနစေတီ



www.burmeseclassic.com


www.burmeseclassic.com



ကုသိနာရုံတွင် တရားရှုမှတ်ပွားများနေသော ထိုင်းသံဃာတော်များနှင့်အဖွဲ့



ရွှေတိဂုံပုံတူစေတီတော်နောက်ခံနှင့် ကုသိနာရုံရှုခင်း




မဟာပရိနိဗ္ဗာနစေတီတော်နှင့် လျောင်းတော်မူကျောင်းဆောင် ကမ္ပည်းကျောက်စာ

ကြာသက်န်းကိုဖြန့်ကာ အဖွဲ့သားတွေ နှစ်တန်းတန်းပြီး သင်္ကန်းကို မြောက်ချီ ပင့်ဆောင်ရင်း နမောတဿဘုရားရှိခိုးနဲ့ ပဋ္ဌာန်း ၂၄-ပစ္စည်းကို သံပြိုင်ရွတ်ဆို ပူဇော်ကြပါတယ်။မနက်စောစော ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို အာရုံပြုရင်း ရှိခိုးလိုက်ရတာဟာ မင်္ဂလာရှိတဲ့နေ့တစ်နေ့ကို စတင်လိုက်ရတာပဲ ဖြစ်ပါတယ်။

အုတ်လှေကားအတိုင်း တက်သွားလိုက်တာနဲ့ မဟာပရိနိဗ္ဗာနကျောင်းတော်ကြီးဆီ ရောက်ပါတယ်။ အထဲမှာ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူနေပုံ လျောင်းတော်မူရုပ်ပွားတော်ကြီး ရှိပါတယ်။ ခြေဖဝါးတော်မှ ဦးချောင်တော်အထိ အလျားပေ (၂၀) ခန့်ရှိတဲ့ ရုပ်ပွားတော်ကိန်းဝပ်ရာ ညောင်စောင်းတော်ဟာ အလျား (၂၃)ပေ (၉)လက်မ၊ အနံ (၅) ပေ (၆) လက်မနဲ့ အမြင့် (၂) ပေ(၁)လက်မရှိပါတယ်။ ကျောက်သားဆင်းတုတော်ကြီးဖြစ်ပြီး ကိုယ်လုံးတော်ပြည့်ရွှေချထားတာ ဖူးမြော်ရပါတယ်။ ဦးခေါင်းတော် မြောက်အရပ်ပြုကာ လက်ယာဘက်စောင်းပြီး အနောက်အရပ်ကို မျက်နှာတော်မူထားပါတယ်။

၁၈၇၆ ခုနှစ်မှာ အင်္ဂလိပ်လူမျိုးသုတေသနပညာရှင်တစ်ဦးက ကုသိနာရုံကို တူးဖော် ရှာဖွေတွေ့ရှိခဲ့ပါတယ်။ လျောင်းတော်မူ ရုပ်ပွားတော်ကြီးဟာ ခေါင်းတခြားကိုယ်တခြားနဲ့ အပိုင်းပိုင်းဖျက်ဆီးခံထားရပေမယ့် ကံကောင်းထောက်မစွာပဲ ဦးခေါင်းတော်နဲ့ မျက်နှာတော်က မပျက်စီးဘဲ ကျန်ရှိတာကို တစ်စစီ ပြန်လည် ဆက်စပ်တည်ထားလို့ အခုလိုအခြေအနေအတိုင်းဖူးတွေ့ရတာ ဖြစ်ပါတယ်။

ခါတိုင်း ဓာတ်ပုံတွေထဲမှာ ဒီရုပ်ပွားတော်ကြီးကိုမြင်ရတုန်းက ဘယ်လိုမှ မခံစားခဲ့ရပေမယ့် အခုလို ကိုယ်တိုင်ဖူးတွေ့လိုက်ရတော့ ဝမ်းနည်းကြေကွဲမိပြီး မျက်လုံးအစုံမှာလည်း မျက်ရည်တွေဝေ့တက်လာပါတယ်။ တချို့ ဘုရားဖူးတွေဆို စိတ်ထိခိုက်လွန်းလို့ လက်ကိုင်ပဝါထုတ်ပြီး မျက်ရည်သုတ်နေတာလည်း မြင်ရပါတယ်။ ကျွန်တော်လည်း ရင်ထဲမှာ ဆို့နစ်နေရင်းက ဦးခေါင်းတော်ရဲ့ အနောက်ဘက်တစ်နေရာမှာ ပုဆစ်တုပ်ထိုင်ရင်း -

"အရှင်ဘုရားရယ်၊ ကိုယ်တော်မြတ်ရဲ့ဘုန်းတန်ခိုးတော်နဲ့ အာယုကပ်ပတ်လုံးနေမယ်ဆိုရင် နေနိုင်တဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com

နေသွားခဲ့ရင် အရှင်ဘုရားကို တပည့်တော်တို့ သက်တော်ထင်ရှားဖူးမြင်ကြရမှာပါ။ အခုတော့ ရှေးရှေးဘုရားရှင်တွေရဲ့ အစဉ်အလာအတိုင်း လူ့သက်တမ်းတစ်ရာရဲ့ငါးပုံလေးပုံဖြစ်တဲ့ သက်တော်(၈၀)မှာ ပရိနိဗ္ဗာန်စံသွားခဲ့ပါတယ်။ တပည့်တော်တို့မှာလည်း လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေနဲ့လုံးထွေးရစ်ပတ်လျက်ရှိနေပါသေးတယ်ဘုရား"

လို့ စိတ်ထဲကနေ လျှောက်ထားမိပါတယ်။

ဝမ်းနည်း ကြေကွဲမှု ဆိုတာဟာ အကုသိုလ်တရားပဲလို့ အမှတ်ရလိုက်တဲ့အခါ ကိုယ့်စိတ်ကိုကိုယ်ပြန်ထိန်းချုပ်ပြီး ဘုရားရှင်ကို အမြတ်ဆုံး ပူဇော်တဲ့အနေနဲ့ (၅) မိနစ်လောက် တရားရှုမှတ်ခဲ့ပါတယ်။ ကျွန်တော်တို့နောက်မှာ သီရိ

တွေရဲ့ သုတ်သင်ဖျက်ဆီးမှုတွေကြောင့် ဗုဒ္ဓဝင်အထိမ်းအမှတ်နေရာတွေ ပျက်စီးခဲ့ပြီး မြေကြီးအောက်မှာ တိမ်မြုပ်သွားခဲ့ရတာဟာ နေရာတိုင်းမှာလိုလိုပါပဲ။ ဗုဒ္ဓသာသနာတော်ဟာလည်း အေဒီ ၁၃ ရာစုကစပြီး ဘုရားရှင်ပွင့်ထွန်းတော်မူရာ အိန္ဒိယနိုင်ငံမှာ ကွယ်ပျောက်သွားပါတော့တယ်။

ရှေးဟောင်းသမိုင်းဝင်ပစ္စည်းတွေ မြေကြီးထဲ တိမ်မြုပ်သွားရတဲ့အကြောင်းတစ်ခုက မြေမျက်နှာပြင်ဟာ နှစ်ပရိစ္ဆေဒအလွန်ကြာလာတဲ့အခါ မို့မောက် မြင့်တက်လာလို့ပဲ ဖြစ်ပါတယ်။ ဗုဒ္ဓဂယာက မဟာဗောဓိစေတီတော်ကြီးရဲ့ အနေအထားကိုကြည့်ရင် ချိုင့်ခွက်ကြီးထဲမှာရှိနေတာတွေ့ရပါမယ်။ နှစ်ပေါင်းများစွာ မြေကြီးအောက်ရောက်နေတာကို ပြန်

တဲ့နေရာတိုင်းမှာ ကမ္ပည်းစာရေးထိုးထားတာတွေကို ဓာတ်ပုံရိုက်ယူခဲ့တာကြောင့် ဒီဆောင်းပါးကိုရေးတဲ့ဆီမှာ အများကြီးအထောက်အကူရပါတယ်။

လွန်ခဲ့တဲ့ (၄၅) နှစ်လောက်က ငလျင်လှုပ်တဲ့အတွက် မဟာပရိနိဗ္ဗာန စေတီတော်ကြီးဟာ ဖောင်းရစ်ကစပြီး ပြိုကျပျက်စီးခဲ့ပါတယ်။ အခုဖူးတွေ့နေရတာက အိန္ဒိယကျောက်စာဌာနက ပြန်ပြီး ပြုပြင်ထားတာ ဖြစ်ပါတယ်။ စေတီတော်ရဲ့အရှေ့မြောက်ထောင့်ရင်ပြင်မှာ ကျွန်တော်တို့အဖွဲ့ကို ကုသိနာရုံမြန်မာကျောင်းက ဦးပဉ္စင်းတစ်ပါးက ကုသိနာရုံနဲ့ ဆက်စပ်တဲ့ ဖြစ်တော်စဉ်သမိုင်းကြောင်းတွေ ရှင်းလင်းပြောပြပါတယ်။ တောင်ဘက်ရင်ပြင်မှာတော့ ထိုင်းဘုန်းကြီးတွေဦးဆောင်လာတဲ့ အဖွဲ့တစ်ဖွဲ့ က



ဘုရားရှင်နောက်ဆုံးရေသပ္ပာယ်တော်မူရာနေရာ အထိမ်းအမှတ်အုတ်တိုက်နှင့် အတွင်းမှ ရုပ်ပွားတော်

လင်္ကာ (ယခင်-သီဟိုဠ်နိုင်ငံ)က ဘုရားဖူးအဖွဲ့တွေ တန်းစီဝင်လာလို့ နေရာပေးရပါမယ်။ နိုင်ငံတကာက ဘုရားဖူးတို့မျက်ရည်စို့ရတဲ့ လျောင်းတော်မူရုပ်ပွားတော်ကြီးကို လက်ယာရစ်တစ်ပတ်လက်အုပ်ချီ ပူဇော်ပြီး ကျောင်းတော်ထဲက ထွက်လာပါတယ်။

**မဟာပရိနိဗ္ဗာနစေတီတော်ကြီး**

မဟာပရိနိဗ္ဗာနကျောင်းတော်ကြီးနဲ့ကပ်လျက် အရှေ့ဘက်မှာ မဟာပရိနိဗ္ဗာနစေတီတော်ကြီးရှိပါတယ်။ ဒီစေတီတော်ကြီးကို ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူတဲ့နေရာမှာ အထိမ်းအမှတ်အနေနဲ့ တည်ထားတာ ဖြစ်ပါတယ်။ စစ်ကိုင်းက ကောင်းမှုတော်စေတီကြီးနဲ့ပုံစံဆင်တူပြီး အနည်းငယ် ရှည်မျောမျောပုံသဏ္ဌာန်ရှိပါတယ်။ မူလတည်ထားတဲ့ ဒါယကာကို အတိအကျမသိရဘဲ အဆင့်ဆင့်တည်ထားခဲ့ကြတာလို့ ယူဆရပါတယ်။ ဗုဒ္ဓဘုရားရှင်နဲ့ တရားတော်အပေါ် ကြည်ညိုသဒ္ဓါမပွားနိုင်သူ ဘာသာခြား

တူးဖော်ထားတာ ဖြစ်ပါတယ်။ မြန်မာပြည်မှာလည်း ပြည်မြို့ဟာ ပင်လယ်ဆိပ်ကမ်းဖြစ်တဲ့အချိန်က ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသဆိုတာ မရှိသေးပါ။

စေတီတော်ကြီးကို ကျောက်စာဌာနက တူးဖော်တွေ့ရှိချိန်မှာ အမြင့် (၄၅၊ ၇၅) မီတာ (ပေ ၁၅၀ ခန့်) ရှိပါတယ်။ ၁၉၁၂ ခုနှစ်မှာ မြန်မာနိုင်ငံက ဟင်္သာတမြို့သား ဦးဖိုးကျားက ဉာဏ်တော်အမြင့် (၁၆၇) ပေအထိ ပြုပြင်တည်ဆောက်ခဲ့ရာမှာ အဲဒီခေတ်က ရူပီးငွေ (၁၈,၀၀၀) ကုန်ကျခဲ့ပါတယ်။ ၁၉၂၇ ခုနှစ်မှ ၁ မြန်မာနိုင်ငံက ဦးဖိုးလှိုင်နဲ့ ဦးဖိုးကြူတို့ ကောက်ခံရရှိတဲ့ အလှူငွေနဲ့ ထီးတော်အသစ်တင်တော့ ရူပီးငွေ (၁၁,၁၀၀) ကုန်ကျခဲ့ပါတယ်။ ကုသိနာရုံဝင်းထဲက ကျောက်စာမှာလည်း ၁၉၂၇ ခုနှစ်မှာ မြန်မာအလှူရှင်များရဲ့လှူဒါန်းမှုနဲ့ စေတီတော်ကြီးကို အပြီးအစီးပြုပြင်ခဲ့တယ်လို့ ပါရှိပါတယ်။

ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်တစ်လျှောက် သာသနာတော်နဲ့ ဆက်စပ်နေ

တရားထိုင်နေတာ တွေ့ရပါတယ်။

နေထွက်တစ်ပြုမှာ ကုသိနာရုံ တစ်ဝိုက် ဆီးနှင်းတွေ အုံ့ဆိုင်းနေဆဲမို့ ဘာဏုရာဇာနေမင်းဟာ နှင်းဇာပဝါကို မထွင်းဖောက်နိုင်ဘဲ နီကြင်ကြင်အဆင်းနဲ့သာ လင်းနေရရှာပါတယ်။ စေတီတော်ကြီးပတ်ဝန်းကျင်တစ်ဝိုက်က ဘုရားဟောင်း ကျောင်းပျက်တွေရဲ့ အုတ်ခုံအကြွင်းအကျန်တွေကိုသာ လွမ်းမောဖွယ်ရာ မြင်တွေ့နေရပါတယ်။

'အရာရာတိုင်းဟာ ပြောင်းလဲလျက်ရှိတယ်။ ပြောင်းလဲခြင်း (အနိစ္စ) တရားသည်သာ မပြောင်းလဲဘဲ အမြဲတည်နေတယ်'

ဆိုတဲ့စကားကို အမှတ်ရလိုက်မိပါ၏။

**ဗုဒ္ဓမြတ်စွာ၏နောက်ဆုံးအချိန်**

လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀) ကျော်အချိန် မလ္လမင်းတို့ရဲ့ အင်ကြင်းတောတစ်နေရာမှာ ဖြစ်ပါတယ်။ မြတ်စွာဘုရားဟာ အင်ကြင်းပင်ပျိုနှစ်ခုကြား



www.burmeseclassic.com

www.burmeseclassic.com

ာ အရှင်အာနန္ဒာခင်းပေးတဲ့ ညောင်စောင်းပေါ်မှာ မြောက်အရပ်ကိုဦးခေါင်းထားပြီး လက်ယာဘက်စောင်းလျက် အနောက်အရပ်ကို မျက်နှာမူကာ လဲလျောင်းရင်း အခုလို မိန့်ကြားလိုက်ပါတယ်။

"ချစ်သား အာနန္ဒာ၊ ငါဘုရားမရှိတဲ့နောက် သင်တို့စိတ်ထဲမှာ ငါတို့ကို ဆုံးမဟောကြားတဲ့ ဆရာသခင် ဘုရားရှင်မရှိတော့ဘူးလို့မမှတ်ကြနဲ့။ ငါဘုရားအသက်ရှင်စဉ် လေးဆယ့်ငါးနှစ်ကာလပတ်လုံး ဟောကြားခဲ့တဲ့ တရားစကားအားလုံးဟာ ငါဘုရားမရှိတော့တဲ့နောက်မှာ သင်တို့ရဲ့ဆရာဘုရားပဲ ဖြစ်တယ်။

ချစ်သားအာနန္ဒာ၊ ကြည့်စမ်းပါဦး။ အင်ကြင်းပင်တွေဟာ သူ့အချိန်မဟုတ်ဘဲ ဝေဝေဆာဆာဖူးပွင့်နေလိုက်ကြတာ။ ငါဘုရားရဲ့ကိုယ်ပေါ်ကိုလည်း ပွင့်ဖတ်ပွင့်ချပ်တွေ၊ ပန်းဝတ်မှုန်တွေဟာ ငါဘုရားကို ပူဇော်တဲ့အနေနဲ့ ကြဲဖြန့်နေကြတယ်။ အာကာသကောင်းကင်ပေါ်က နေလည်း နတ်တွေက နတ်ပန်းတွေ၊ စန္ဒကူးနံ့သာမှုန့်တွေကြဲဖြန့်လို့၊ နတ်တူရိယာတွေ တီးမှုတ်လို့၊ နတ်ထေးသီချင်းတွေ သီဆိုလို့ ငါဘုရားကို နောက်ဆုံးအနေနဲ့ ပူဇော်နေကြတယ်။

ချစ်သား အာနန္ဒာ၊ အခုလောက်ပူဇော်မှုမျိုးနဲ့ပူဇော်တာဟာ ငါဘုရားကို အစစ်အမှန်ပူဇော်ရာ မရောက်ပါဘူး။ ငါဘုရား ဟောကြားခဲ့တဲ့ တရားနဲ့အညီ ကျင့်ကြံအားထုတ်ခြင်းသာ ငါဘုရားကို အစစ်အမှန် ပူဇော်ခြင်း ဖြစ်တယ်။ ဒါကြောင့် ငါဘုရားရဲ့ သာသနာတော်မှာ သင်တို့ဟာ လောကုတ္တရာတရားနဲ့ ဆိုင်တဲ့အကျင့်ကို ကျင့်ခြင်းသည်ပင် ငါဘုရားကို အမြတ်ဆုံးပူဇော်ရာရောက်တယ်လို့ နှလုံးသွင်းပြီးတော့ ကျင့်ကြံအားထုတ်နေကြရမယ်။

ချစ်သား အာနန္ဒာ၊ ငါဘုရားရှိစဉ်က ကြည်ညိုဖွယ်ရာ ရဟန်းသံဃာတွေဟာ ငါဘုရားကို မပြတ်လာရောက် ဖူးမြင်ကြတယ်။ ငါဘုရားမရှိတော့တဲ့အခါ ...လို ကြည်ညိုဖွယ်ရာ ရဟန်းသံဃာ ...ကို ဖူးမြင်ရမှာမဟုတ်တော့ဘူးလို့ ...မှတ်နဲ့။ ကြည်ညိုမြတ်နိုးဖွယ်ရဟန်း ...တွေကို အလွယ်တကူ ဖူးမြော်ခွင့် ...ယ့်နေရာ၊ သဒ္ဓါတရားနဲ့ပြည့်စုံတဲ့ ...တောင်းသား(သမီး)တွေ ဖူးမြော် ...တဲ့သံဝေဂရစေမယ့် အရပ်လေးပါး ...။ အဲဒီအရပ်တွေကတော့ -



မကုဋဗန္ဓနစေတီတော်ဝင်းအတွင်းရှုခင်း



မကုဋဗန္ဓန (၁) အင်္ဂါရ (မီးသွေး) စေတီ ဂင်းထဲခံ



လျောင်းတော်မူရုပ်ပွားတော်တွင် ဆက်ကပ်ရန် ကြာသင်္ကန်းကို ပင့်ဆောင်လာစဉ်

www.burmeseclassic.com

၁။ ဘုရားအလောင်းဖွားမြင်ရာ လုမ္ဗိနီ အင်ကြင်းတော၊

၂။ အမြတ်ဆုံးသော သမ္မာသမ္ဗောဓိ ဉာဏ်ကိုရပြီး ဘုရားအဖြစ်ကို ရောက်တော်မူရာ ဥရုဝေလမဟာ ဗောဓိမဏ္ဍိုင်၊


၃။ အမြတ်ဆုံးဖြစ်တဲ့ တရားဓမ္မစက်ကို ဟောမြွက်လည်စေတော်မူရာ မိဂဒါဝုန်တော၊

၄။ ခန္ဓာအကြွင်းမရှိ ပကတိငြိမ်းအေးခြင်းသဘော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံဝင်တော်မူရာ ကုသိနာရုံအင်ကြင်းတောတို့ပဲ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ ဆောင်းပါးအစမှာဖော်ပြခဲ့တဲ့ ဘုရားရှင်ရဲ့ ပစ္ဆိမဝစနံ (နောက်ဆုံးစကားတော်) ကို မြွက်ကြားအပြီးမှာတော့ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေ အပါအဝင် လောကသားအားလုံးတို့ရဲ့ အစားထိုးမရတဲ့ ဆုံးရှုံးမှုကြီးတစ်ရပ် ဖြစ်ပေါ်လာပါတော့တယ်။ သတ္တဝါအများကို ရင်ဝယ်သားကဲ့သို့ မဟာကရုဏာထားတော်မူတဲ့ မြတ်စွာဘုရားရှင်ဟာ သက်တော် (၈၀)၊ ဝါတော် (၄၅) ဝါပြည့်တဲ့အချိန် မဟာသက္ကရာဇ် ၁၄၈ ခု (ဘီစီ-၅၄၃)၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ မိုးသောက်ယံမှာ ကုသိနာရုံ အင်ကြင်းတောမှာ ပရိနိဗ္ဗာန်ပြုသွားတော်မူပါတယ်။

**အင်္ဂါရ(မီးသွေး)စေတီ**


မဟာပရိနိဗ္ဗာနစေတီတော်ကြီးကနေ (၁.၅) ကီလိုမီတာ (တစ်မိုင်ခန့်) ဝေးတဲ့ မကုဋဗန္ဓနစေတီရှိရာကို ကားနဲ့ ထွက်ခွာလာခဲ့ကြပါတယ်။ (မကုဋ-ဥဿျှောင်+ဗန္ဓန- ထုံးဖွဲ့သည်) မလ္လမင်းတို့ ရာဇဘိသိက်သွန်းတဲ့ အခမ်းအနားကျင်းပရာနေရာမှာ မြတ်စွာဗုဒ္ဓကို မီးသဂြိုဟ်ခဲ့ပါတယ်။ အဲဒီနေရာမှာ အသောကမင်းကြီးက အထိမ်းအမှတ်စေတီ တည်ထားခဲ့ပါတယ်။ မြတ်စွာဘုရား အလောင်းတော် တေဇောဓာတ်လောင်ကျွမ်းရာမှကျန်ခဲ့တဲ့မီးသွေးတွေကို ဌာပနာထားလို့ အင်္ဂါရ (မီးသွေး) စေတီလို့လည်းခေါ်ပါတယ်။ အခုအချိန်မှာ အုတ်ပုံအကျိုးအပျက် အစုအဝေးအနေနဲ့သာဖူးမြင်ရတဲ့ စေတီတော်ကြီးရဲ့အောက်ခံ ပလ္လင်(ဖိနပ်တော်)ရဲ့အချင်းဟာ (၄၇.၂၄)မီတာ (ပေ ၁၅၀ခန့်)ရှိပြီး အမြင့်က (၁၅) မီတာ (ပေ၅၀ခန့်) ရှိပါတယ်။ (အိန္ဒိယနိုင်ငံမှာ အတိုင်း



ဗိုလ်မှူးကြီးစိုးရှိန်+ဒေါ်အေးအေးစန်းမိသားစုတို့ လှူဒါန်းထားသော နှစ်ကျိုပ်ရှစ်ဆူဘုရားရုပ်ပွားတော်များ



ဓာတ်တော်တိုက်အတွင်းမှ ဓာတ်တော်တွင်း



ဝေသာလီသို့အသွား ခေတ္တဝင်ရောက်ခဲ့သည့် ကုရှာဂါရဝိဟာရ မြန်မာဘုန်းတော်ကြီးကျောင်း



ဓာတ်တော်တိုက်ကို နောက်ခံထားလျက် ထမ်းပြ ဦးရာဂျူး မနုသီ (ရန်ကုန်) နှင့် တရားရုံးချုပ်ရှေ့နေ ဦးမြင့်သူ (မန္တလေး)



www.burmeseclassic.com

www.burmeseclassic.com

အထာတွေကို မက်ထရစ်စနစ်သုံးလို့ (၁)ပေကို (၀. ၃၀၄၈)မီတာ၊ (၁)မိုင်ကို (၁. ၆၁) ကီလိုမီတာနဲ့ ပြန်တွက်ရပါ တယ်။)

စေတီဝင်းထဲကပြန်အထွက် ဝင်း တံခါးဝကဆိုင်းဘုတ်ကို မော့ကြည့်လိုက် တော့ Excavated Remains of Ra-mabhar Stupa လို့ ရေးထားတာ တွေ့ ရပါတယ်။ ဒေသခံတွေက ဒီနေရာမှာ ရာမမင်းသားက သီတာဒေဝီမင်းသမီး ကို စွန့်ပစ်ခဲ့တဲ့နေရာဆိုပြီး 'ရာမ်ဘာရ်' အမည်ပေးထားကြပါတယ်။ တစေဖော ဆက်လောင်ပြီး ကျန်ခဲ့တဲ့ မီးသွေးတွေ ကိုလည်း သီတာဒေဝီ သားဖွားပြီး မီးလှုံ ရာက ကျန်ခဲ့တဲ့မီးသွေးတွေလို့ ပြောဆို ကြပါတယ်။ ဗုဒ္ဓဘာသာဆိုင်ရာအထွက် အမြတ်ထားတဲ့ နေရာတိုင်းလိုလိုကို ဘာ သာခြားတွေက နာမည်အမျိုးမျိုးပြောင်း ပြီး သူတို့ကိုးကွယ်ရာနဲ့သက်ဆိုင်သလိုလို ပြုလုပ်ထားကြတာ အင်မတန်မှ စိတ် ပျက်မသာစရာ မြင်တွေ့ကြရပါတယ်။ မြို့တစ်ခုမှာတော့ အလောင်းတော်ကို မီးသဂြိုဟ်ရာနေရာဖြစ်လို့ Cremation Stupa လို့ ရေးထိုးထာတာ တွေ့ရပါ တယ်။

ဝင်းတံခါးဝမှာပဲ -ဆိုက်ကားနဲ့တူ တဲ့ သုံးဘီးတပ်ယာဉ်ငယ်တစ်စီးပေါ်မှာ အလှူခံပုဂ္ဂိုလ်တစ်ဦးထိုင်နေတာ တွေ့ရ ပါတယ်။ ခြေထောက်နှစ်ဖက်စလုံး မရှိ တဲ့ဒုက္ခိတတွေ လက်နဲ့လှည့်ပြီးသွားရတဲ့ ဒီလိုယာဉ်ကလေးတွေကို ကျွန်တော်တို့ ရောက်ခဲ့တဲ့နေရာတိုင်းမှာလိုလို မြင်တွေ့ ရပါတယ်။ မြန်မာနိုင်ငံမှာ တွေ့ရခဲ့တဲ့ မြင်တွင်းမျိုးပါပဲ။ ခြေထောက်ရှိလျက်နဲ့ အင်္ဂါမသန်ဖြစ်နေသူတွေကတော့ မြေ ကြီးပေါ်မှာ ဒီအတိုင်းပဲ တွားသွားနေကြ ပါတယ်။ တချို့မိန်းမတွေဆို ရင်ခွင်မှာ ကလေးငယ်ပိုက်လျက်နဲ့ပါ။ မျက်နှာရော ကိုယ်လက်ခြေအင်္ဂါတွေပါ ပျက်ယွင်းနေ တဲ့ ဒုက္ခိတတစ်ယောက်ကို မြင်လိုက်ရ တဲ့ အမျိုးသမီးတစ်ယောက်က 'ဗုဒ္ဓဂယာ ဘုရားဖူးသွားရတာ ကြောက်စရာ ကောင်းလိုက်တာ' လို့ ပြောတာ ကြားဖူး ပါတယ်။ ကြည့်တတ်ရင် ဘာဝနာ ဆိုတဲ့ တရားလို မကောင်းမှု အကုသိုလ်ကံရဲ့ အကျိုးပေးဟာ ကြောက်စရာကောင်းလှ ပါလားလို့ သိမှတ်လိုက်ပြီး ကိုယ်တိုင် အကုသိုလ်အမှုကို မပြုမိအောင် ဆင် ခြင်ဖို့က အဓိက ဖြစ်ပါ၏။

အင်္ဂါရ (မီးသွေး) စေတီကနေ ကုသိနာရုံမြန်မာကျောင်းကို ပြန်အလာ လမ်းအကွေ့မှာ အုတ်တိုက်ငယ်တစ်ခု ရှိပါတယ်။ မြတ်စွာဘုရားသခင် ပရိ နိဗ္ဗာန်စံတော်မူမယ့်နေ့မှာ ပါဝါပြည်က နေ ကုသိနာရုံ မလ္လမင်းတို့ရဲ့ အင်ကြင်း တောကို ကြွလာတဲ့အခါ နောက်ဆုံး ရေ သုံးပွာယ် (ရေချိုး)တဲ့နေရာ ဖြစ်ပါတယ်။ အုတ်တိုက်ထဲမှာ အေဒီ ၁ ရာစု ကနိရှက ခေတ်လက်ရာ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ရှိပါတယ်။ ညာဏ်တော် (၅) ပေ၊ (၆) လက်မရှိပြီး ဈာနမုဒြာလို့ခေါ်တဲ့ ဈာန် ဝင်စားနေဟန် ထုလုပ်ထားပါတယ်။

**ဝေသာလီသို့**


ကုသိနာရုံ မြန်မာကျောင်းကိုပြန် ပြီး အထုပ်အပိုးတွေယူလို့ (၁၀) နာရီ လောက်မှာ ဝေသာလီကို ထွက်ခဲ့ကြပါ



ခုတိယသင်္ဂါယနာတင်ရာ ဝေသာလီမြို့ ကူဋာဂါရကျောင်းတော်နေရာ



ကုသိနာရုံရှိရာ မြောက်ဘက်သို့ မျက်နှာမူထားသော ၁၁ မီတာမြင့်သည့် ကျောက်တိုင်ပေါ်မှ ခြင်္သေ့






www.burmeseclassic.com

www.burmeseclassic.com



လမ်းဆုံလမ်းခွမှ ဗုဒ္ဓရုပ်ပွားတော်



အိန္ဒိယကျေးလက်မှ နေအိမ်တစ်ခု၏မြင်ကွင်း



ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပျက်စီးနောက်ဖွယ် အိန္ဒိယနိုင်ငံ၏မြို့ပြမြင်ကွင်း


တယ်။ (၁၁) နာရီခွဲလောက်မှာတော့ လမ်းက စားသောက်ဆိုင်တစ်ခုမှာ မနက်စာစားကြပါတယ်။ ထုံးစံအတိုင်း ကြက်သားကြော်၊ ပဲဟင်းနဲ့ပါ။ လမ်းမှာ ဝေသာလီကျောင်းသစ်လို့ ခေါ်နေကြတဲ့ ကုဋ္ဌာဂါရဝိဟာရမြန်မာကျောင်းမှာ ခဏဝင်နားကြပါတယ်။ ဆရာတော်ကို ဖူးမြော်ပြီး ဆောက်လက်စ သုံးထပ်ကျောင်းဆောင်သစ်ကြီးအတွက် အလှူငွေ စုပေါင်း ထည့်ဝင်ကြပါတယ်။

ကျောင်းအဝင်ဝက အုတ်ခုံတစ်ခုပေါ်မှာတော့ မြန်မာပြည်က ဗိုလ်မှူးကြီး စိုးရှိန်နဲ့ ဒေါ်အေးအေးစန်း မိသားစုတို့ ၂၀၀၅ ခုနှစ်ကတည်းက လှူဒါန်းထားတဲ့ နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်တွေကို ဖူးမြော်ရပါတယ်။ ကျောင်းဆောင်ကြီး မပြီးသေးတာကြောင့် ရုပ်ပွားတော်တွေလည်း ငှက်ပျောပင်အောက်မှာပဲ သီတင်းသုံးနေကြရှာပါတယ်။

ဝေသာလီကျောင်းသစ်က ထွက်လာပြီး ကိုလ္ဟာ(ဝါ)ကိုလ္လုအာရွာ (Kolhua) အရပ်မှာရှိတဲ့ ကုဋ္ဌာဂါရသာလာဝိဟာရကျောင်းတော်ရှိရာကို ရောက်ပါတယ်။ ဝေသာလီပြည်မှာ ဘီလူးဘေးကျရောက်တော့ ဘုရားရှင် ကြွလာတော်မူပြီး ရတနသုတ်ပရိတ်တော်ကို ရွတ်ဖတ်ပေးလို့ လိစ္ဆဝီမင်းတွေက ကျောင်းဆောက်လှူခဲ့တဲ့နေရာ ဖြစ်ပါတယ်။ တခြားနေရာတွေလိုမှာပဲ ဒီနေရာမှာလည်း အဆောက်အအုံပျက်အုတ်ခုံတွေကိုသာ မြင်တွေ့နေရပါတယ်။ အထင်ရှားဆုံးက အသောကကျောက်တိုင်ပဲဖြစ်ပါတယ်။ ဒီကျောက်တိုင်ဟာ (၂၂) ပေမြင့်ပြီး တိုင်ထိပ်က မှောက်နေတဲ့ကြာပန်းပေါ်မှာ ကုသိနာရုံရှိရာဘက်ကို မျက်နှာလှည့်နေတဲ့ ခြင်္သေ့ရုပ်တုရှိပါတယ်။

ခြင်္သေ့ကျောက်တိုင်ရဲ့ တစ်ဖက်တစ်ချက်မှာ လေးထောင့်အုတ်ရေကန်နဲ့ စေတီဟောင်းတစ်ဆူရှိပါတယ်။ သုတေသီတွေက တခြားအသောကကျောက်တိုင်တွေနဲ့မတူတဲ့ ဒီကျောက်တိုင်ဟာ အသောကထက် ရှေးကျတယ်လို့ ဆိုပါတယ်။စေတီဒါယကာကိုတော့ အသောကမင်းကြီးဖြစ်တယ်လို့ အားလုံးကလက်ခံထားကြပါတယ်။ စေတီဟောင်းအုတ်ပုံကြီးဟာ (၁၅) ပေမြင့်ပြီး အောက်ခြေအချင်း (၆၅) ပေ ရှိပါတယ်။ တချို့က လည်း ဒီစေတီဟာ အရှင်အာနန္ဒာရဲ့ ဓာတ်တော်တစ်ဝက်ကို ဌာပနာထားတဲ့ ကိုယ်ဝက်စေတီလို့လည်း ပြောပါတယ်။ ဒီအကြောင်းကို နောက်တော့ ပြောပြပါ

www.burmeseclassic.com



မယ်။

**ဓာတ်တော်တွင်း**

အသောကကျောက်တိုင်ဝင်းကနေ (၁၅) မိနစ်လောက် ကားစီးလိုက်တာနဲ့ ဓာတ်တော်တွင်းကို ရောက်ပါတယ်။ ထိပ်ခုံးပုံသဏ္ဌာန် သွပ်မိုးအဆောက်အအုံတစ်ခုထဲမှာပါ။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံတဲ့အခါ မြတ်ဗုဒ္ဓရဲ့ဓာတ်တော်ဝေစုရခဲ့တဲ့ လိစ္ဆဝီမင်းသားတွေက ဒီနေရာမှာ ဌာပနာပြီး စေတီတည်ခဲ့တယ်လို့ ဆိုပါတယ်။ အသောကဘုရင်ကြီးက အဲဒီစေတီတော်ကိုဖွင့်ပြီး ဓာတ်တော်တွေယူကာ သူ့ပိုင်နက်အတွင်း စေတီများတည်ခဲ့တဲ့အတွက် အခုအခါမှာတော့ တွင်းကြီးဖြစ်နေတာ တွေ့ရပါတယ်။

**အထင်ကရ ဝေသာလီ**

ပိဋကတ်တော်မှာ ဝေသာလီနဲ့ ဆက်သက်တဲ့ အကြောင်းအရာ အတော်များများဖော်ပြထားပါတယ်။ ဝေသာလီအကြောင်း သိကောင်းစရာတွေကို စုပေါင်း ဖော်ပြရရင် -

၁။ တိုင်းပြည်အမည်-ဝဇ္ဇီ၊ မြို့တော်-ဝေသာလီ၊ လူမျိုး-လိစ္ဆဝီ။ ဝေသာလီကို ပြည်သူ့ဆန္ဒနဲ့ ရွေးကောက်တင်မြှောက်တဲ့ လိစ္ဆဝီမင်းသား (၇၇၀၇)ယောက်နဲ့ဖွဲ့စည်းထားတဲ့ ဝဇ္ဇီဂဏလွှတ်တော်က အုပ်ချုပ်တယ်။တစ်နှစ်တစ်ခါ လွှတ်တော်မှာ စည်းဝေးပြီး အများဆန္ဒနဲ့ ချမှတ်တဲ့ ဆုံးဖြတ်ချက်ကို တစ်ပြည်လုံးက လိုက်နာကြရတယ်။ ဒါကြောင့် ဝေသာလီဟာ ကမ္ဘာမှာ အစောဆုံးဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအဖြစ် ထင်ရှားတယ်။

၂။ မိထွေးတော်ဂေါတမီနဲ့ မင်းသမီး (၅၀၀) တို့ဟာ ဖန်ရည်ဆိုးတဲ့ အဝတ်ကိုဝတ်ပြီး ခြေဗလာနဲ့ ဝေသာလီကို ဆင်းရဲဒုက္ခခံကာ အရောက်လှမ်းလာခဲ့ပြီး ညီတော်အာနန္ဒာကတစ်ဆင့် ဘုရားရှင်ဆီမှာ ဘိက္ခုနီဝတ်ခွင့်ရရှိဖို့ ခက်ခက်ခဲခဲ တောင်းပန်လျှောက်ထားခဲ့ရပါတယ်။ ဒါကြောင့် 'ဘိက္ခုနီသာသနာအစ ဝေသာလီက' လို့ ဆိုရမှာ ဖြစ်ပါတယ်။

၃။ ဝေသာလီမှာ ဘီလူးဘေး ကျရောက်တဲ့အခါ ဘုရားရှင်ကို ပင့်လျှောက်လို့ ဘုရားရှင်က ရတနသုတ်ကို ကိုယ်တော်တိုင်လည်းရွတ်၊ အရှင်အာနန္ဒာကိုလည်း သင်ပေးပြီး ဝေသာလီပြည် တံတိုင်းသုံးရပ်အတွင်း ရွတ်ဆိုကာ ပရိတ်ရေ ပက်ဖျန်းစေတဲ့အတွက် ဘီလူးဘေးကနေ ကင်းဝေးခဲ့ရပါတယ်။ဒါကြောင့် ပရိတ်ကြီး (၁၁) သုတ်မှာ ဒုတိယသုတ်ဖြစ်တဲ့ ရတနသုတ်အစဟာလည်း ဝေသာလီကပဲ ဖြစ်ပါတယ်။ (ဝေသာလီပြည်ဟာ သာယာဝပြောလွန်းပြီး လူနေထူထပ်လာတာကြောင့် မြို့ကိုချဲ့ရင်းချဲ့ရင်းနဲ့ မြို့ရိုးတံတိုင်း သုံးထပ်ဖြစ်သွားခဲ့တဲ့ ဝေသာလီဟာ အခုခေတ်မှာတော့ ရွာငယ်ကလေးမျှသာရှိပါတော့တယ်။)

၄။ ဝေသာလီက အကျော်ဇေယျပြည့်တန်ဆာမ အမ္ဗပါလီဟာ ဘုရားရှင်ထံမှာ တရားနာကြားပြီး ဘိက္ခုနီသာသနာ့ဘောင်ကို ရာသက်ပန်အပြီးတိုင် ဝင်ရောက်သွားခဲ့ပါတယ်။

၅။ ကူဋာဂါရသာလဝိဟာရ နေရာမှာ ဘုရားရှင် သီတင်းသုံးတော်မူစဉ်အခါက မျောက်တစ်ကောင်ဟာ ဘုရားရှင်ရဲ့သပိတ်တော်ကိုယူပြီး သစ်ပင်ပေါ် တက်ကာ ပျားရည်ခံပါတယ်။ အဲဒီမျောက်ဆက်ကပ်တဲ့ပျားရည်ကို ဘုရားရှင်က ဘုဉ်းပေးတဲ့အခါ မျောက်ဟာ ဝမ်းသာရွှင်မြူးစွာနဲ့ သူ့နေရပ်ကို အပြန်မှာ သစ်ပင်ပေါ်ကနေ မတော်တဆလိမ့်ကျပြီး သေသွားပါတယ်။ မသေခင် ဘုရားရှင်ကို လှူဒါန်းခဲ့တဲ့ ပီတိစိတ်ကြောင့် နတ်ပြည်မှာ နတ်သားသွားဖြစ်ပါတယ်။

၆။ ဘုရားရှင်ဟာ ပဉ္စမဝါကို ဝေသာလီမှာ ဝါဆိုတော်မူပါတယ်။ ပရိနိဗ္ဗာန်မစံခင်နောက်ဆုံးဝါကိုလည်း ဝေသာလီမြို့အစွန်က ဝေဠုဝရွာမှာ ဝါဆိုတော်မူပါတယ်။ ဒီရွာမှာပဲ မမာမကျန်းဖြစ်တော်မူပြီး ကုသိနာရုံကိုကြွတော်မူတဲ့အခါ ဝေဠုဝရွာကို တစ်ခုတ်တစ်ရနောက်ပြန်လှည့်ကြည့်သွားခဲ့ပါတယ်။

၇။ အရှင်အာနန္ဒာဟာ မဂဓတိုင်းနဲ့ ဝေသာလီပြည်ကို ခြားထားတဲ့ နယ်စပ်မြစ် (ဂန္ဓကမြစ်) အလယ်ကောင်းကင်ယံမှာ ပရိနိဗ္ဗာန်စံဝင်တဲ့အခါ နှစ်နိုင်ငံကမင်းတွေ ကျေနပ်စေဖို့ အဓိဋ္ဌာန်နဲ့ ဓာတ်တော်တွေကို မြစ်နှစ်ဖက်ကို တစ်ဝက်စီကျစေခဲ့ပါတယ်။ အဲဒီဓာတ်တော်တွေကို မိမိတို့သက်ဆိုင်ရာနိုင်ငံကို ပြန်ယူသွားကြပြီး ခန္ဓာကိုယ်ဝက်စေတီအမည်နဲ့ တည်ထားခဲ့ကြပါတယ်။

၈။ ဘုရားရှင်ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း (၁၀၀) ကြာတဲ့အခါ (သာသနာ့နှစ် ၁၀၀ မှာ) ကာဠာသောကမင်းလက်ထက် ဝေသာလီပြည် ဝါလိကာရုံကျောင်းတော်မှာ ဒုတိယသင်္ဂါယနာတင်ပွဲ ပြုလုပ်ခဲ့ပါတယ်။


သို့ကလောက် နာမည်ကြီးတဲ့ ဝေသာလီအကြောင်းကို ဟိုဟိုဒီဒီ တွေးတောရင်း စာထဲ ကဗျာထဲမှာပါတဲ့ ဝေသာလီဖျိုင်း ဆိုတာ ဘယ်လိုဖျိုင်းမျိုးပါလိမ့်လို့ စဉ်းစားရင်း အတော်မိုးချုပ်မှပဲ ညအိပ်ရပ်နားမယ့် ရာဇဂြိုဟ် မြန်မာကျောင်းကို ရောက်ပါတော့တယ်။

မောင်ပွင့်ဉာဏ် (မောရ)



www.burmeseclassic.com

www.burmeseclassic.com



# ညီတော်၊ နောင်တော်ဘုရားပလ္လင်မှ ရှေးခေတ်ရခိုင်ရိုးရာ (၆) စိတ္တလက်ာရအနုလက်ရာဒီဇိုင်းများ

(ရှေးဟောင်းသုတေသန)

ပန်းချီထူးလှ


### ဘဲကလေးနှင့်ရွှေလုံးပန်းပွင့်

ညီတော်၊ နောင်တော်ဘုရား မျက်နှာ လက်ဝဲဘက် အလယ်အောက်ပိုင်းမှ ဘဲကလေးနှင့် ရွှေလုံးပန်းပွင့်ကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဒီဇိုင်းကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာကို အကွက် (၃၆) အဖြစ် ဖော်ပြထားပါသည်။ ရှေးခေတ်ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၃၆) အဖြစ် သတ် မှတ်ဖော်ပြထားပါသည်။ ပုံ (၃၆) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၁၃) စင်တီမီတာခန့်၊ အကျယ် (၄၃) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၇) စင်တီမီတာခန့်ရှိသည်ကို တိုင်းတာ တွေ့ရှိရပါသည်။ ဘဲကလေးဦးခေါင်းမှာ ခပ်စောင်းစောင်းဖြင့် ရှေ့သို့ နှုတ်သီးထိုးထွက်နေပါသည်။ အမြီးကို ကား၍ ဖြန့်ထားသည့် အနေအထား တွေ့ရှိရပါသည်။ အမြီးအမွေးများကို ပွင့်ဖတ်ရှည်သဏ္ဌာန်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ တောင်ပံလေးနှစ်ဖက်မှာ ခပ်အုပ်အုပ်လေးဖြန့်ထားသည်ကို တွေ့ရှိရပါသည်။ တောင်ပံအမွေးများကိုလည်း ပွင့်ဖတ်ရှည်သဏ္ဌာန် တွေ့ရှိရပါသည်။ ခြေထောက်နှစ်ချောင်းကို ကုတ်၍ ရင်အုပ်တွင်ထိုးကာ ဝပ်နေသည်ကို တွေ့ရှိရပါသည်။ ရင်အုပ်နှင့် ပေါင်ရင်းအမွေးများကို အမွေးကွက်ကလေးများသဖွယ် ဖော်ပြထားပါသည်။

ဘဲကလေးလက်ဝဲ၊ လက်ယာတွင်လည်း ရွှေလုံးပန်းပွင့်ကလေးများဖြင့် အားဖြည့် တန်ဆာဆင်ထားပါသည်။ ရွှေလုံးပန်းပွင့်အရင်းတွင် အရစ်ကလေးတစ်ပတ်ခံပြီး နှစ်ထပ်ပွင့်ဖတ် လေးဖတ်နှင့် ကြားညှပ်ပွင့်ဖတ်ကလေး လေးဖတ်ဖြင့် ရွှေလုံးကို အားဖြည့်ထားသည်ကို တွေ့ရှိရပါသည်။ ရွှေလုံးလေးလုံးစလုံးကို နှစ်ထပ်ပွင့်ဖတ်၊ ကြားညှပ်ပွင့်ဖတ်များဖြင့်သာ တွေ့ရှိရပါသည်။ ရွှေလုံးပန်းပွင့်များအထက်တွင် ထောင့်ချိုးပွင့်ဖတ်ကလေးများ အစီအရင်တန်ဆာဆင်ထားပါသည်။ ပုံ (၃၆) ဒီဇိုင်းလက်ရာသည် ရှေးခေတ်ရခိုင်ရိုးရာ စိတ္တလက်ာရအနုလက်ရာဒီဇိုင်းများထဲတွင် လက်ရာနုတ်ပြီး အနုစိတ်လှသော လက်ရာတစ်ခုပင် ဖြစ်ပါသည်။

### ဆင်စီးရုပ်

ဤဒီဇိုင်းလက်ရာကို ညီတော်၊ နောင်တော်ဘုရား ကျောက်ဆစ်ပလ္လင်တောင်ဘက်မျက်နှာ လက်ဝဲဘက် အလယ် အောက်ပိုင်းမှ ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဤဒီဇိုင်းကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာကို အကွက် (၃၇) အဖြစ် ဖော်ပြထားပါသည်။ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရအနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၃၇) အဖြစ် သတ်မှတ်ဖော်ပြထားပါသည်။ ပုံ (၃၇) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၁၈) စင်တီမီတာခန့်၊ အကျယ် (၃၁) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၁၅) စင်တီမီတာခန့် ရှိပါသည်။ ပုံ (၃၇) ဒီဇိုင်းလက်ရာမူရင်း ကျောက်ဆစ်ရုပ်ကြွအပေါ်ပိုင်း လက်ရှိအခြေအနေ၌ ပျက်စီးနေပါပြီ။ ပုံ (၃၇) ဒီဇိုင်းလက်ရာ ဆင်ကလေးမှာ နှာမောင်းအောက်ချ၍ အဖျားကို ရှေ့သို့ လိပ်ထားပါသည်။ အစွယ်နှစ်ချောင်းတို့လည်း ရှေ့သို့ထုတ်ထားပါသည်။ လက်နှစ်ချောင်းကို စုံရပ်ထားသည့် အနေအထားတွေ့ရှိရပြီး ခြေထောက်နှစ်ချောင်းမှာ ဘယ်ဘက်ခြေရှေ့တိုး၍ ညာဘက်ခြေ နောက်ဆုတ်ထားသည်ကို တွေ့ရှိရပါသည်။ အမြီးကိုလည်း အောက်ချထားပါ၏။ ဆင်ကျောကုန်းတွင် လူတစ်ယောက် ခွထိုင်ထားပြီး ညာဘက်လက်တွင် ချွန်းတစ်ချောင်း ကိုင်ဆောင်ထားသည်ကို တွေ့ရှိရပါသည်။ လူ၏ဦးခေါင်းတွင် ဗောင်းတော်ဆောင်းထားပြီး ဗောင်းတော်ကို နှစ်ထပ်ပွင့်ဖတ်များဖြင့်တန်ဆာဆင်ထားပါသည်။ နားတွင် နားတောင်းဝတ်ထားပြီး လက်တွင် လက်ပတ်၊ လက်ကောက်များဝတ်ဆင်ထားသည်ကို တွေ့ရှိရသည်။ ခါးတွင် ခါးပတ်ပတ်၍ ပုဆိုးဝတ်ဆင်ထားပါသည်။ ပုဆိုးကို ကန့်လန့်



ပုံ (၃၆)



www.burmeseclassic.com

www.burmeseclassic.com

ပုံ (၃၇)



မြတ် အစင်းကြောင်းကလေးများဖြင့် တန်ဆာဆင်ထားပါသည်။ ဣန္ဒြေကာ ကို ရှေ့တွင်ချထားပါ၏။


ဆင်၏ ဝမ်းဗိုက်အောက် လက်၊ ခြေကြားမှ သဇင်ခွေအရိုးကို တွေ့ရှိရပြီး သဇင်ခွေအဖူးအရိုးကို ဆင်ကျောကုန်း ထူဦးခေါင်းအနီးမှ ပတ်သွားသည်ကို တွေ့ရှိရပါသည်။ သဇင်ခွေအရိုးတွင် အလယ်ကြောဖော်ထားပြီး အခက်များ တွင်လည်း အကြောဖော်ထားသည်ကို တွေ့ရှိရပါသည်။ သဇင်ခက်များတွင် တချို့ ပွင့်ဖတ်လိပ်နှစ်ဖတ်ဖြင့် ဖန်တီး ထားပြီး၊ တချို့ ပွင့်ဖတ်လိပ်နှစ်ဖတ်နှင့် အညွန့်ပွင့်ဖတ်လိပ်ရှည်ဖြင့် ဖန်တီးထား သည်ကို တွေ့ရှိရပါသည်။ ဆင်အောက် တွင် ဖောင်းနှစ်လုံးကြား၌ နှစ်ထပ်ကြာ ဖတ်နှင့် ကြားညှပ်ပွင့်ဖတ်လေးများဖြင့် အစီအရီ တန်ဆာဆင်ထားပါသည်။ ပုံ (၃၇) ဒီဖိုင်းလက်ရာသည်လည်း ရွှေ ခေတ် ရခိုင်ရိုးရာစိတ္တလက်ာရအနုလက် ရာဒီဖိုင်းများထဲတွင် ကောင်းသောလက် ရာကောင်းဒီဖိုင်းတစ်ခုဖြစ်သည်ဟု ပြော ရပါမည်။

**နဂါးမင်းရုပ်**

ညီတော်၊ နောင်တော်ဘုရား ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲ ထားသော ဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ် ပါသည်။ ညီတော်၊ နောင်တော်ပလ္လင် ပုံဆွဲပုံကြမ်းတွင် ဤဒီဖိုင်းလက်ရာကို ကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာကို အကွက် (၃၈) အဖြစ် ဖော်ပြထားပါသည်။ ရွှေခေတ် ရခိုင် ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဖိုင်း များထဲတွင်လည်း ပုံ (၃၈) အဖြစ် သတ် မှတ် ဖော်ပြထားပါသည်။ ပုံ (၃၈) ဒီဖိုင်း လက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၂၁) စင်တီမီတာခန့်၊ အကျယ် (၁၂) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၄) စင်တီမီတာခန့်ရှိပါသည်။ ဤပုံ(၃၈) ဒီဖိုင်းလက်ရာကဲ့သို့ နဂါးမင်းရုပ်ကြွများ၊ အေဒီ ၁၄၇၀ တွင် ဘုရင် ဘစောဖြူ တည်ထား လှူဒါန်းခဲ့သော မဟာဗောဓိ ရွှေဂူစေတီတော်အပြင် ထောင့်များတွင် လည်း လေ့လာတွေ့ရှိနိုင်ပါသည်။

ပုံ(၃၈)ဒီဖိုင်းလက်ရာမှာ ဦးခေါင်း ထိပ်၌ အမောက်ညွန့်အောက်တွင် ပြူး ကျယ် ဝိုင်းစက်သော မျက်လုံးကြီးကို တွေ့ရှိရပါသည်။ မျက်နှာနှုတ်သီးပါးစပ် ညာဘက်ကို လှည့်ထားပါ၏။ ပါးစပ်ထဲ တွင် သွားများ၊ သွားစွယ်များ ထက် အောက် တွေ့ရှိရပါသည်။ ပါးစပ် အရင်းတွင်လည်း သွားစွယ်တစ်ချောင်း အောက်သို့ ကွေ့၍ဆင်းနေသည်။ အပေါ်ပါးစပ်နှုတ်သီးထိပ်တွင် နှာခေါင်း ပေါက်ကလေးတစ်ခု ဖော်ထားပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ် ပေါ်လွင် စွာ တွေ့ရှိရပါ၏။ လက်ဝဲ၊ လက်ယာ ပန်းခက်နှစ်ခက်ကို ပခုံးပေါ်တင်၍ လက်အုပ်ချီနေသည့်အနေအထား တွေ့ ရှိရပါသည်။ လက်မောင်းရင်းတွင် ခွေး လုံးကလေးများဖြင့် လက်ပတ်များပတ် ထားပြီး လက်ဖျားများတွင်လည်း လက် ကောက်များဝတ်ဆင်ထားသည်ကို တွေ့ ရှိရပါသည်။ လက်ကို အောက်ချ၍ တံတောင်ဆစ် ကုပ်ကွေးပုံဖော်နေပါ သည်။ ခါးတွင် ခါးပတ်ပတ်၍ ပုဆိုး ဝတ်ထားပါသည်။ ပုဆိုးကို ကန့်လန့်ဖြတ် အစင်းကြောင်းကလေးများဖြင့် တန်ဆာ ဆင်ထားပါသည်။ ဣန္ဒြေကာကို ခါး ပတ်ပေါ်မှတင်၍ ရှေ့တွင်အပြားလိုက် ချထားပါသည်။ ဘယ်ဘက်ခြေဖဝါး ပေါ် ညာဘက်ခြေထပ်၍ ဒူးကုပ်ထိုင် နေသည့် အနေအထားကို တွေ့ရှိရပါ သည်။ နဂါးခေါင်း၊ လူခန္ဓာကိုယ်ဖြင့် ဖန်တီးထားသော ဒီဖိုင်းလက်ရာတစ်ခု ပင် ဖြစ်သည်။ ဤပုံ(၃၈)ဒီဖိုင်းလက်ရာ သည်လည်း ရွှေခေတ် ရခိုင်ရိုးရာ စိတ္တ လက်ာရ အနုလက်ရာဒီဖိုင်းများထဲတွင် ကောင်းသော နဂါးမင်းဒီဖိုင်းလက်ရာ တစ်ခုပင် ဖြစ်ပါသည်။

ပုံ (၃၈)



**ဗျာလရုပ်နှင့် ရွှေးလုံးပန်းပွင့်**

ဤဒီဖိုင်းလက်ရာကို ညီတော်၊ နောင်တော်ဘုရားပလ္လင် တောင်ဘက် မျက်နှာအောက်ပိုင်းအလယ်မှ ကျောက် ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ညီ တော်၊ နောင်တော်ဘုရားပလ္လင်ပုံဆွဲပုံ ကြမ်းတွင် ဤဒီဖိုင်းလက်ရာ ကူးယူရေး ဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာ ကို အကွက် (၃၉) အဖြစ် ဖော်ပြထား ပါသည်။ ရွှေခေတ် ရခိုင်ရိုးရာ စိတ္တ လက်ာရ အနုလက်ရာဒီဖိုင်းများထဲတွင် လည်း ပုံ (၃၉) အဖြစ် သတ်မှတ် ဖော်ပြ ထားပါသည်။ ပုံ (၃၉) ဒီဖိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၁၈) စင်တီမီတာခန့်၊ အကျယ် (၆၀) စင်တီ မီတာခန့်နှင့် ရုပ်ကြွအထူ (၁၀) စင်တီ မီတာခန့်ရှိပါသည်။ ပုံ (၃၉) ဒီဖိုင်းလက် ရာ ဗျာလရုပ်မှာ နှာမောင်းနှင့် အမြီး ချက်ထားပါသည်။ နှာမောင်းအောက် တွင် အရစ်ကလေးများ ဖော်ထားပါ၏။ ပါးစပ်ထဲတွင် အစွယ်များ၊ သွားများ အစီအရီ တွေ့ရှိရပါသည်။ သွားစွယ်များ ကို အရင်းတွင် အပတ်တစ်ပတ်ဖော်၍ အောက်စိုက်ကျနေသည်ကို တွေ့ရှိရပါ သည်။ ပါးစပ်ထဲတွင် လျှာကိုလည်း ခပ် ချွန်းချွန်းလေးတွေ့ရှိရပါသည်။ အောက် မေးစေ့ကို နှစ်ခြမ်းဖော်၍ တစ်ခြမ်းစီ အပေါ်ပိုင်းတွင် အစက်ရှည်တစ်ဖက် တစ်စက်စီ တွေ့ရှိရပါသည်။ မျက်လုံးမှာ ပြူးကျယ်ပြီး အရစ်နှစ်ရစ်ဖော်ထားပါ သည်။ နားရွက်ကို အတွန့်လေးများဖြင့် ဖော်ထားပါ၏။ လည်ပင်းတွင်ဖောင်းရစ်



www.burmeseclassic.com

www.burmeseclassic.com

ပုံ (၃၉)



တစ်ရစ် ဖော်ထားပါသည်။ လည်ပင်းဖောင်းရစ်အလယ်တွင် လည်ဆွဲသီးလေး တစ်ခု တွေ့ရှိရပါ၏။ ရင်အုံကို ရပ်စောက်အစင်းကြောင်းများဖြင့် ဖုံးလွှမ်းထားပါသည်။ လက်နှစ်ချောင်းကိုကုပ်၍ ရင်ဖူးအောက်နားတွင် တွေ့ရှိရသည်။ လက်တွင် လက်ချောင်းလေးများအပြင် တက်စူးလည်း ပါရှိသည်ကို တွေ့ရှိရပါသည်။ ဗျာလဖင်ပိုင်းကို အပေါ်သို့ ထောင်၍ ခြေထောက်ကိုလည်း ဝမ်းဗိုက်အောက်တွင်ကုပ်၍ တွေ့ရှိရပါသည်။ ဗျာလရုပ်မှာ ရခိုင်ဗျာလရုပ်များထဲတွင် လက်ရာကောင်း ရခိုင်ဗျာလရုပ်တစ်ရုပ်ဟူ၍ ပြောရမည်ပင် ဖြစ်ပါသည်။ ဗျာလရုပ် လက်ဝဲ၊ လက်ယာတွင် ရွှေလုံးပန်းပွင့်များ အစီအရီ အားဖြည့် တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ ရွှေလုံးပန်းပွင့်များတွင် အရင်း၌ အပတ်တစ်ပတ်ဖော်ထားပြီး အပတ်အောက်တွင် နှစ်ထပ်ပွင့်ဖတ်လေးဖတ်နှင့် ကြားညှပ်ပွင့်ဖတ်လေးဖတ်စီ တွေ့ရှိရပါသည်။ ကြားညှပ်ပွင့်ဖတ်ကလေးများမှာလည်း နှစ်ထပ်ဖော်ထားပြီး အတွန့်ကလေးများ ပါရှိပါသည်။ ရွှေလုံးပန်းပွင့်များမှာ ပုံ (၃၆) ရွှေလုံးပန်းပွင့်များနှင့် အတူတူပင် ဖြစ်ပါသည်။ ရွှေလုံးပန်းပွင့်အထက်တွင်လည်း ထောင့်ချိုးပွင့်ဖတ်ကလေးများကို စီတန်း၍ အလှဆင်ထားပါသေးသည်။ ပုံ (၃၉) ဒိုဗိုင်းလက်ရာသည်လည်း ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ ဒိုဗိုင်းလက်ရာများထဲတွင် လက်ရာများထဲတွင် လက်ရာကောင်း ရခိုင်ဗျာလရုပ်နှင့် ရွှေလုံးပန်းပွင့်များ ဖြစ်သည်ဟု ဆိုရမည်ပင် ဖြစ်ပါသည်။

**မနုသီဟ**

ညီတော်၊ နောင်တော်ဘုရားကျောက်ပလ္လင် တောင်ဘက်မျက်နှာ အောက်ပိုင်းအလယ်မှ မနုသီဟ ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒိုဗိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ညီနောင်၊ နောင်တော်ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဤဒိုဗိုင်းလက်ရာ ကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာကို အကွက် (၄၀) အဖြစ် သတ်မှတ် ဖော်ပြထားပါသည်။ ပုံ (၄၀) ဒိုဗိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၁၉) စင်တီမီတာခန့်၊ အကျယ် (၁၈) စင်တီမီတာခန့်နှင့် ရုပ်ကြွအမြင့် (၉) စင်တီမီတာခန့် ရှိပါသည်။ ပုံ (၄၀) ဒိုဗိုင်းလက်ရာအပေါ်တွင် ပန်းအိမ် တစ်ခု ဖွဲ့စည်းထားပါ၏။ ပန်းအိမ်ထဲတွင် အလယ်၌ ကြွေဖော်ထားသော ပွင့်ဖတ်ရှည်တစ်ခုကို မဏ္ဍိုင်ထားပြီး လက်ဝဲ၊ လက်ယာ၌ ပန်းခက်များဖြင့် အစီအရီ တန်ဆာဆင်ထားပါသည်။ ပန်းခက်များအပြင်တွင် ဖောင်းလုံးဖြင့် ပန်းအိမ်ကို အနားသတ်ထားပါသည်။ ပန်းအိမ်အောက်တွင် မနုသီဟရုပ်ကို တွေ့ရှိရပါသည်။

ပုံ (၄၀) ဒိုဗိုင်းလက်ရာ မနုသီဟ မျက်နှာမှာလည်း လူလိုလို၊ တိရစ္ဆာန်လိုလို တွေ့ရှိရပါသည်။ ဦးခေါင်းတွင် အထုပ်ချွန်းသုံးထုပ် တွေ့ရှိရပါသည်။ အထုပ်ချွန်း သုံးထုပ်တွင် အလယ်မှ အထုပ်ချွန်းမှာ အကြီးဆုံး၊ အမြင့်ဆုံး တွေ့ရှိရပါ၏။ မျက်ခုံးနှစ်ဖက်မှာလည်း မို့မောက်စွာ ပေါ်လွင်မှုရှိသည်ကို တွေ့ရှိရပါသည်။ နှာခေါင်းမှာ ခပ်စင်းစင်း၊ ပါးစပ်ဟ၍ အထက်သွား၊ အောက်သွားများ အစီအရီတွေ့ရှိရပါသည်။ သွားရစ်များကို သွားဖုံးရစ်များ ဖော်ထားပါ၏။ မနုသီဟမျက်နှာမှာသွယ်ပြီး မေးစေ့အောက်တွင် လက်ဝဲ၊ လက်ယာ၌ မုတ်ဆိတ်မွေး တစ်ဖက်တစ်ပုတ် ဘေးသို့ ခပ်လန်လန် တွေ့ရှိရပါသည်။ လည်ပင်း၌ လည်ဆံမွေးများကိုလည်း အစုလိုက် အပုတ်လိုက် ပွင့်ဖတ်ရှည်များသဏ္ဍာန် အဖျားခပ်ချွန်ချွန် ခပ်ကော့ကော့လေး အစီအရီအုပ်၍ တွေ့ရှိရပါသည်။ ခန္ဓာကိုယ်မှာ နှစ်ခုတွေ့ရှိရပြီး အမြီးလည်း နှစ်ချောင်း ပါရှိပါသည်။ အမြီးဖျားကို ပန်းလိပ်ချွန်သဏ္ဍာန် ဖန်တီးထားပါသည်။ တုတ်ခိုင်သော လက်ချောင်းကို စုံရပ်ထားပြီး ခြေထောက်များကို ကုပ်၍ ထိုင်နေသည်ကို တွေ့ရှိရပါသည်။ ဤပုံ (၄၀) ဒိုဗိုင်းလက်ရာ မနုသီဟရုပ်သည်လည်း ရွှေခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရအနုလက်ရာဒိုဗိုင်းများထဲတွင် အသင့်အတင့် ဒိုဗိုင်းလက်ရာတစ်ခုသာ ဖြစ်သည်ဟု ပြောရမည်ပင် ဖြစ်ပါသည်။


**ဗျာလရုပ်အမြီးကိုဆွဲနေသောလူ**

ဤဒိုဗိုင်းလက်ရာကိုလည်း ညီတော်၊ နောင်တော်ဘုရားကျောက်ဆစ်လက်ရာပလ္လင် တောင်ဘက်မျက်နှာ အလယ်အောက်ဆုံးမှ ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒိုဗိုင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ညီတော် နောင်တော်ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဤဒိုဗိုင်းလက်ရာကို ကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာကို အကွက်



ပုံ (၄၀)

ပုံ (၄၁)





www.burmeseclassic.com

www.burmeseclassic.com

ပုံ (၄၂)



[illegible]) အဖြစ် ဖော်ပြထားပါသည်။ ရှေး ခေတ်ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၄၁)အဖြစ် သတ်မှတ် ဖော်ပြထားပါသည်။ ပုံ (၄၁) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၁၇) စင်တီမီတာခန့်၊ အကျယ် ([illegible]) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ ([illegible]) စင်တီမီတာခန့်ရှိပါသည်။

ပုံ (၄၁) ဒီဇိုင်းလက်ရာ ဗျာလရုပ်၏ ဦးခေါင်းမှာကြီးပြီး နှုတ်သီးပါးစပ်နောက်လှည့်၍ လည်ပြန်ကြည့်နေပါသည်။ လက်နှစ်ချောင်းမှာ ညာလက်ကိုကုပ်၍ ရှေ့သို့လှမ်းကာ ဘယ်လက်ကိုနောက်ဆုတ်ထားပါသည်။ ခြေထောက်နှစ်ချောင်းတွင်လည်း ညာဘက်ခြေထောက်ကိုကုပ်၍ ရှေ့သို့လှမ်းထားပြီး ဘယ်ဘက်ခြေထောက်ကို နောက်ဆုတ်၍ တန်ထားသည်ကို တွေ့ရှိရပါသည်။ ခန္ဓာကိုယ်မှာ တုတ်ခိုင်ဆူဖြိုးသည့်အနေအထားတွေ့ရှိရပြီး အမြီးလည်းခပ်ရှည်ရှည်ပင် တွေ့ရှိရပါသည်။ အမြီးအဖျားကောက်၍ လူတစ်ယောက်ကလန်၍ဆွဲနေဟန် တွေ့ရှိရပါသည်။ လက်နှစ်ဘက်ဖြင့် အမြီးကိုကိုင်၍ အားကုန်ဆွဲနေပါ၏။ ခြေထောက်နှစ်ချောင်းကိုလည်း ညာဘက်ခြေထောက်ကို ရှေ့တိုးလှမ်း၍ ဘယ်ဘက်ခြေထောက်ကို နောက်တန်ထားသည့် အနေအထားဖြင့် ခန္ဓာကိုယ်ကိုနောက်လှန်ထားသည်။ ဦးခေါင်းတွင် ဗောင်းတော်ဆောင်းထားပြီး ခါးတော်ပတ်၍ ပုဆိုးဝတ်ဆင်ထားသည်ကို တွေ့ရှိရသည်။ ပုဆိုးကို အစင်းကြောင်းကလေးများဖြင့် တန်ဆာဆင်ထားပါ၏။ ပုံ (၄၁) ဗျာလ်ရုပ်အမြီးကိုဆွဲနေသော လူဒီဇိုင်းလက်ရာသည် ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရအနုလက်ရာဒီဇိုင်းများထဲတွင် အသင့်အတင့်လက်ရာတစ်ခုသာဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

**စိပ်ပုတီးဆွဲ၍လက်အုပ်ချီနေဟန်**

ဤဒီဇိုင်းလက်ရာကိုလည်း ညီတော်၊ နောင်တော်ဘုရား ကျောက်ပလ္လင်တောင်ဘက်မျက်နှာ အပေါ်ပိုင်း လက်ယာဘက်အဆုံးမှ ကျောက်ဆစ်ရုပ်ကြွကိုကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ညီတော်၊ နောင်တော်ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဤဒီဇိုင်းလက်ရာ ကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာကို အကွက် (၄၂) အဖြစ် ဖော်ပြထားပါသည်။ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၄၂) အဖြစ် သတ်မှတ် ဖော်ပြထားပါသည်။ ပုံ (၄၂) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၁၇) စင်တီမီတာခန့်၊ အကျယ် (၂၈) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၆) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ဦးခေါင်းပျက်စီးနေပေပြီ။ ပုံ (၄၂) ဒီဇိုင်းလက်ရာမှာ ညာဘက်လက်ကိုသွင်း၍ စိပ်ပုတီးကိုဆွဲထားသည့်အနေအထား တွေ့ရှိရပါသည်။ လက်နှစ်ချောင်းကို ရင်ဘတ်တွင်ကပ်ပြီး တံတောင်ဆစ်မှကုပ်၍ ဘုရားပူဇော်နေသည့်ဟန် အနေအထားတွေ့ရှိရပါသည်။ အင်္ကျီကိုလည်း ကန့်လန့်ဖြတ် အစင်းကြောင်းလေးများဖော်ကာ အရစ်ရစ်တန်ဆာဆင်ထားပါသည်။ အင်္ကျီအောက်နားစကို အတွန့်လေးများဖြင့် အလှဆင်ထားပါသည်။ လုံချည်ကိုလည်း ကန့်လန့်ဖြတ်အစင်းကြောင်းတစ်ခုတည်းမဟုတ်ဘဲ လက်ဝဲ၊ လက်ယာခပ်စောင်းစောင်းအစင်းကြောင်းလေးများဖြင့်လည်း အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ခန္ဓာကိုယ်အောက်ပိုင်းထိုင်နေသည့်ဟန် အနေအထားမှာလည်း ပုဆစ်ဒူးတုပ် ဘုရားပူဇော်နေသည့်ထိုင်ဟန်မျိုးတွေ့ ရှိရပါသည်။

လူရုပ်၏ ရှေ့၊ နောက်တွင် ခွေးလုံးများဖြင့် အလှဆင်အားဖြည့်ထားပါသည်။ ပန်းပွင့်အလယ်တွင် ဝတ်ဆံနှစ်ထပ်ကို ဗဟိုပြု၍ နှစ်ထပ်ပွင့်ဖတ်ရှည်ကြီး လေးဖတ်နှင့် ကြားညှပ်ပွင့်ဖတ်ငယ်များဖြင့် ဖန်တီးထားပါသည်။ ခွေးလုံးအထက်တွင် သုံးထပ်ပွင့်ဖတ်ကြီးများနှင့် ကြားညှပ်ပွင့်ဖတ်ငယ်များဖြင့် အစီအရီတန်ဆာဆင်ထားပါသည်။ ပုံ(၄၂)ဒီဇိုင်းလက်ရာသည်လည်း ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင် ဒီဇိုင်းကောင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။

**ပန်းအိမ်နှင့်သဇင်ခွေသဇင်ခက်များ**

ညီတော်၊ နောင်တော်ဘုရား ကျောက်ပလ္လင် တောင်ဘက်မျက်နှာ လက်ယာဘက်အပေါ်ပိုင်းမှ ကျောက်ဆစ်ပန်းကြွလက်ရာများကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင်



ပုံ (၄၃)



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။ ညီတော်၊ နောင်တော်ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဤဒီဇိုင်းလက်ရာကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာအကွက်ကို အကွက် (၄၃) အဖြစ် ဖော်ပြထားပါသည်။ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၄၃) အဖြစ် သတ်မှတ် ဖော်ပြထားပါသည်။ ပုံ (၄၃) မူရင်းကျောက်ဆစ်ပန်းကြွလက်ရာ အမြင့် (၂၂) စင်တီမီတာခန့်၊ အကျယ် (၄၀) စင်တီမီတာခန့်နှင့် ပန်းကြွအထု (၁½) စင်တီမီတာခန့်ရှိသည်။ မူရင်းကျောက်ဆစ်ပန်းကြွလက်ရာတွင် ပန်းများပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ ခပ်မှိန်မှိန် ခပ်ရေးရေးလေးသာ တွေ့ရှိရပါတော့သည်။ ပုံ (၄၃) ဒီဇိုင်းလက်ရာ အလယ်ဗဟိုတွင် ညောင်ရွက်သဏ္ဌာန် အတွန့်ကလေးများဖြင့် ပန်းအိမ်တစ်ခု တွေ့ရှိရပါသည်။ ပန်းအိမ်ကို နှစ်ထပ်ဖောင်းများဖြင့် အနားသတ်ထားပါ၏။ ပန်းအိမ်ထဲတွင် လက်ဝဲ၊ လက်ယာပန်းခက်များဖြင့် အဆင့်ထိပ်တိုက် ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ ပန်းအိမ်အပြင်ဘက် လက်ဝဲ၊ လက်ယာတွင်လည်း ပန်းခွေတစ်ဖက်တစ်ခွေစီခွေထားပါ၏။ ပန်းခွေ၊ ပန်းခက်များတွင် ရိုးတံ၌ အကြောများဖော်ထားပါသည်။ ပန်းခက်များတွင် များသောအားဖြင့် ပန်းလိပ်ညွှန့်နှစ်ခုကို ကျောချင်းကပ်ထားသော ပန်းခက်များကို တွေ့ရှိရပြီး တချို့ပန်းခက်များတွင် ပန်းလိပ်ညွှန့်နှစ်ခုကို ကျောချင်းကပ်၍ အလယ်တွင် ပန်းလိပ်ညွှန့်ရှည်တစ်ခုဖြင့် ဖန်တီးဖွဲ့စည်းထားသည့် ပန်းခက်များကိုလည်း တွေ့ရှိရပါသည်။ ဒေသခံများက ဤပန်းခက်ပန်းခွေများကို သဇင်ခွေ သဇင်ခက်ဟု ခေါ်ကြသည်ကို ကြားရပါသည်။ ပန်းလက်ရာများအ ထက်တွင် ဖောင်းနှစ်လုံးကြား၌ သုံးထပ်ပွင့်ဖတ်ကြီးများနှင့် ကြားညှပ်ပွင့်ဖတ်ငယ်များဖြင့်စီတန်း၍ အားဖြည့်အလှဆင်ထားပါသည်။ ပုံ (၄၃) ဒီဇိုင်းလက်ရာသည် ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင် အနုစိတ်ပြီး ဖွဲ့စည်းပုံအားကောင်းသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

**ကြာဖူးနှစ်ဖူး ပူဇော်နေဟန်ရုပ်**

ဤဒီဇိုင်းလက်ရာကို ညီတော်၊ နောင်တော်ဘုရား ကျောက်ပလ္လင် တောင်ဘက်မျက်နှာ လက်ယာဘက် ခါးအောက်ပိုင်းမှ ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ညီတော်၊ နောင်တော်ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဤဒီဇိုင်းလက်ရာကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာအကွက်ကို အကွက် (၄၄) အဖြစ် ဖော်ပြထားပါသည်။ ရှေးခေတ်ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ(၄၄)အဖြစ် သတ်မှတ် ဖော်ပြလိုက်ပါသည်။ ပုံ (၄၄) ဒီဇိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၁၈)စင်တီမီတာခန့်၊ အကျယ် (၁၅) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၅) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ဦးခေါင်း၌ မျက်ခုံးမှ အပေါ်ပိုင်း ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ၌ လက်ပတ်၊ လက်ကောက်များလည်း ပျက်စီးနေပါပြီ။

ပုံ (၄၄)



ပုံ (၄၄) ဒီဇိုင်းလက်ရာမျက်နှာမှာ ခပ်လုံးလုံးအနေအထား တွေ့ရှိရပြီး မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်ပေါ်လွင်မှုရှိသေးသည်ကို တွေ့ရှိရပါသည်။ နားနှစ်ဖက်တွင်လည်း နားတောင်းကြီးများ ဝတ်ဆင်ထားပါ၏။ လည်ပင်းတွင် လည်ရစ်များဖော်ထားပါသည်။ လက်နှစ်ဖက်ကို အောက်ချ၍ တံတောင်ဆစ်မှ ကုပ်ကာ ရင်ညွှန့်တွင် လက်နှစ်ဖက်ပူးကပ်၍ ဘုရားပူဇော်နေပါသည်။ လက်ထဲတွင်လည်း ကြာဖူးတစ်ဖက်တစ်ဖူးပခုံးပေါ်တင်ကာ ပူဇော်နေသည့်ဟန် တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်ပတ်၍ ပုဆိုးဝတ်ထားပါသည်။ ခါးပတ်ကြိုးပေါ်မှ ကြုန္ဒြေကာကို ရှေ့တွင်အပြားလိုက်ချထားသည်ကို တွေ့ရှိရပါသည်။ ပုဆိုးကို ကန့်လန့်ဖြတ်အစင်းကြောင်းလေးများဖြင့်အလှဆင်ထားပါသည်။ ခြေထောက်နှစ်ဖက်ကို ဒူးကုပ်၍ ခြေထပ်ထိုင်ထားပါသည်။ ဤပုံ (၄၄) ဒီဇိုင်း လက်ရာသည် ရှေးခေတ်ရခိုင်ရိုးရာစိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင် အသင့်အတင့်ကောင်းသော လက်ရာတစ်ခုသာ ဖြစ်ပါသည်။

**လူကျွဲ**

ညီတော်၊ နောင်တော်ဘုရား ကျောက်ပလ္လင် တောင်ဘက်မျက်နှာ လက်ယာဘက် ခါးအောက်ပိုင်း ပုံ (၄၄) အောက်မှ ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ညီတော်၊ နောင်တော်ပလ္လင်ပုံဆွဲပုံကြမ်းတွင် ဤဒီဇိုင်းလက်ရာကူးယူရေးဆွဲခဲ့သော ကျောက်ပလ္လင်မှ မူလနေရာအကွက်ကို အကွက် (၄၅) အဖြစ် ဖော်ပြထားပါသည်။ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၄၅) အဖြစ် သတ်မှတ် ဖော်ပြထားပါသည်။ ပုံ (၄၅) မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၁၆) စင်တီမီတာခန့်၊ အကျယ် (၂၈) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၃) စင်တီမီတာခန့်ရှိပါသည်။ ပုံ(၄၅)ဒီဇိုင်းလက်ရာမှာ မျက်နှာလူမျက်နှာကဲ့သို့ တွေ့ရှိရပြီး ဦးချိုနှင့် လက်များ၊ နားရွက်များမှာ ကျွဲကဲ့သို့ တွေ့ရှိရပါသည်။ ထို့ကြောင့် လူကျွဲဟု မှည့်ခေါ်ခြင်း ဖြစ်ပါသည်။

ပုံ(၄၅)ဒီဇိုင်းလက်ရာ၏ ဦးခေါင်းထက်၌ ဦးချိုနှစ်ချောင်းမှာ ညာဘက်ဦးချိုက ထောင်နေပြီး ဘယ်ဘက်ဦးချိုက ခပ်လဲလဲကား၍ တွေ့ရှိရပါသည်။ နားရွက်နှစ်ဖက်မှာလည်း ဦးချိုရင်းကြားနှင့် ပါးအထက်တွင် အောက်သို့ အ[illegible] ငိုက်၍ကျနေသည်ကို တွေ့ရှိရပါသည်။ မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်[illegible] ပေါ်လွင်လှပါ၏။ မျက်နှာမှာခပ်ဝန်း[illegible] အနေအထား တွေ့ရှိရပါသည်။ [illegible] တွင် မုတ်ဆိတ်မွေးများ အပုတ်လို[illegible] အစုလိုက် ခပ်ချွန်ချွန်ချထားပါ၏။ လ[illegible] နှစ်ချောင်းမှာ ခပ်ကုပ်ကုပ်၊ ခပ်ရှ[illegible] အနေအထား တွေ့ရှိရပါသည်။ ခွာ[illegible] များဖြင့် ကျွဲလက်သဏ္ဌာန်အဖြစ် တွေ့[illegible] ရပါ၏။ ကျွဲလူ၏လက်ဝဲ၊ လက်ယာ[illegible] ရွှေလုံးပန်းပွင့်နှင့် ထောင့်ချိုးပွင့်ဖတ်[illegible] ဖြင့် အားဖြည့်တန်ဆာဆင်ထားသည်[illegible] တွေ့ရှိရပါသည်။ ရွှေလုံးကြီးအောက်[illegible] တွင် နှစ်ထပ်ပွင့်ဖတ် လေးဖတ်[illegible] ကြားညှပ်ပွင့်ဖတ်လေးများဖြင့် အလ[illegible]




www.burmeseclassic.com

www.burmeseclassic.com

### နှတ်ဟောက်မင်းသန့်နိုင်

# အဲ့ဖွယ်စမလေးလုံးပုတီးစိပ်



တကယ်ပင် ကျွန်ုပ် အံ့သြမိရပါသည်။ တစ်နှစ်အတွင်း လက်တွေ့တိုက်ဆိုင်မှုက နှစ်ကြိမ်ပင် ကြုံတွေ့ရပြီဖြစ်၍ ဤစာမှုကို ရေးသားလိုက်ရပါသည်။

လွန်ခဲ့သော တစ်နှစ်ခန့်ကပင် ကျွန်ုပ်၏ဆရာသခင်က ဤစမလေးလုံးပုတီးစိပ်ကိုပေးခဲ့ခြင်း ဖြစ်ပါသည်။

ထိုစမလေးလုံးပုတီးစိပ်သည် သွားလာရာရာလမ်းခရီး အန္တရာယ်ကင်း၍ လမ်းခရီးချောမောစေသည်။ ၎င်း အပြင် ရောက်လေရာနေရာဒေသတွင် အစားအသောက်ပေါများ အဆင်သင့်ဖြစ်စေသည်။ သို့အတွက် မကြာခဏ ခရီးသွားလာနေသောကျွန်ုပ်နှင့် သင့်တော်သည်ဟု ဆိုကာ ပေးခဲ့ခြင်း ဖြစ်ပါသည်။

ဟုတ်ပါသည်။ လွန်ခဲ့သည့်ရှစ်လခန့်က ကျွန်ုပ် မြို့တစ်မြို့သို့ သွားရာ နောက်ဆုံးလိုင်းကားမီသော်လည်း ခရီးသည်များနှင့် ကုန်ပစ္စည်းများ ပြည့်သိပ်နေသဖြင့် ကျွန်ုပ်နှင့် ကျွန်ုပ်၏ လက်စွဲတပည့်ကျော်တို့မှာ ကားလက်မှတ်ဖြတ်ပြီး ငွေကို ပြန်အမ်းကာ နေခဲ့ရပါသည်။ ထိုမြို့တွင် တည်းခိုခန်းတစ်ခုရှိသဖြင့် တော်သေးရဲ့ဟု အောက်မေ့ကာ စိတ်ဖြေနေစဉ် ကြားဖြတ်လိုင်းကားတစ်စီးနှင့် ခရီးသွားရန် အဆင်ပြေသွားပါသည်။ နာရီဝက်ခန့်မောင်း၍ ခရီးတစ်ထောက်တွင် ခပ်စောစောက ကျွန်ုပ်တို့ မစီးလိုက်ရသောကားမှာ ရှပ်ဝန်ရိုးကျိုး၍ လမ်းခရီးတွင်ပျက်နေသည်ကို တွေ့ရပါသည်။ ခရီးသည်များအထိအခိုက်မရှိ၍ တော်သေးရဲ့ဟု ကျွန်ုပ်ဝမ်းမြောက်မိရသေးသည်။ ကျွန်ုပ်တို့ ကြားဖြတ်လိုင်းကားမှုပင် ထိုကားမှ အရေးကြီးသော ခရီးသည် လေး၊ ငါးယောက်ကို တင်ခေါ်နိုင်ခဲ့ရပါသေးသည်။ စိတ်ထဲတွင် 'အင်း - စမလေးလုံးပုတီးစိပ်အကျိုးပေးတာပဲဟု' ဖျတ်ခနဲ အမှတ်ရမိပါသည်။

အားပါ၏။ ကြားညှပ်ပွင့်ဖတ်ကိုလည်း နှစ်ထပ်ဖော်ကာ အတွန့်ကလေးများဖြင့် တွေ့ရှိရပါသည်။ ပန်းပွင့်ရွှေလုံးကြီးများအထက်တွင် ထောင့်ချိုးပွင့်ဖတ်ကလေးများကို အစီအရီတန်း၍ အလှဆင်အားဖြည့်ထားပါသည်။ ပုံ (၄၅) လူကျွဲ ဒီဇိုင်းလက်ရာမှာ ထူးခြားသောလက်ရာတစ်ခုဖြစ်ပြီး ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း လက်ရာကောင်းတစ်ခု ဖြစ်သည်ဟု ပြောရမည်ပင်။

အထက်ဖော်ပြပါ လက်ရာဒီဇိုင်းများမှာ မြောက်ဦးခေတ် အစောပိုင်းလက်ရာများပင် ဖြစ်ပါသည်။

*အနန္တောအနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်*
*ကန်တော့လျက်*
ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

ပုံ (၄၅)



**ကိုးကားချက် -**

(၁) ကိုယ်တိုင်ကွင်းဆင်းမှုမှတ်စု
(၂) ညီတော်၊ နောင်တော်ဘုရား ကျောက်ပလ္လင်ပေါ်မှ ဖော်ပြပါ ကျောက်ဆစ်လက်ရာများ
(၃) တက်ထွန်းနီ (မြောက်ဦး) ရေး ရခိုင်ဗျာလ
(၄) ရမ်းဗြဲတောင်ကျောင်း ဆရာတော် ဦးစန္ဒမာလာလင်္ကာရရေး ရခိုင်ရာဇဝင်သစ်ကျမ်း
(၅) မြောက်ဦး ရှေးဟောင်း သုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ မြောက်ဦးဒေသ ရှေးဟောင်းအဆောက်အအုံမှတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖန် ပြီးခဲ့သည့် [illegible] လပြည့်ကျော် ၃ ရက်က ဖြစ်ပါသည်။ ကျွန်ုပ်နှင့်လက်စွဲကျော်တပည့်တို့ ကျွန်ုပ်မိခင်၏ ရွာသို့ အလည်အပတ်ပြန်ပါသည်။ မိခင်၏ ရွာသည် ကားဂိတ်ဆုံးမှ (---) မိုင်သာသာ လမ်းလျှောက်မှ ရောက်ပါသည်။

ညနေခြောက်နာရီခွဲခန့် ကားဂိတ်ဆုံးရောက်ပြီး မှောင်ရီပျိုးစတွင် ရွာဆီသို့ ခြေလှမ်းမှန်မှန်လှမ်းလျှောက်ခဲ့ပါသည်။ ရာသီဥတုသည် ကြည်လင်နေရာမှ ရုတ်တရက် တိမ်မည်းကျဲရိုင်းများ၊ မိုးသားမိုးလိပ်များတက်လာပြီး တဝေါဝေါရွာချကာ မည်းမှောင်သွားပါသည်။ ခြေလှမ်းကိုပင် မမြင်ရတော့ဘဲ ရမ်းသန်းမှန်းသန်းသွားရရာ လမ်းလွဲပြီး ညဆယ်နာရီထိုးအထိ မိခင်ရွာသို့ မရောက်နိုင်ဖြစ်ရပါသည်။ မြွေပါးကင်းပါး၊ ဆူးငြောင့်ခလုတ် မည်သည့်အန္တရာယ်မျှ မတွေ့မကြုံရသည်ကိုပင် တော်သေးရဲ့ဟု အောက်မေ့မိရပါသည်။

နံနက် ဆယ်နာရီခန့်လောက်က စားသောက်ခဲ့သောအစာတို့ ကြေပျက်ပြီး ဝမ်းက ဆာလောင်ကာ တဂွီဂွီဆန္ဒပြလာချိန် ညဉ့်ဆယ့်တစ်နာရီခန့်တွင် မိခင်၏ရွာသို့ ရောက်သွားခဲ့ရပါသည်။ ရွာမှာ လူခြေတိတ် အိပ်စက်နေကြပြီ ဖြစ်ပါသည်။

ကျွန်ုပ်တို့ ရွာလယ်လမ်းမှ မိခင်၏ နေအိမ်ဆီလှမ်းနေစဉ်မှာပင် အိမ်တစ်အိမ်မှ လူတစ်ယောက်ထွက်လာပြီး ကျွန်ုပ်တို့နှစ်ယောက်ကို လာခေါ်ပါသည်။

“ခရီးသွားမိတ်ဆွေတို့ လာပါဗျာ။ ကျွန်တော်တို့ သူငယ်ချင်းငါးယောက် ငယ်မူပြန်သန်းခေါင်ထမင်းကို ကြက်သားကာလသားချက်၊ ချဉ်ပေါင်ကြော်နဲ့ ချက်စားနေတာ။ ကြုံကြိုက်တုန်း ကသိုလ်ဒါနမြောက်အောင် ဝင်စားသွားကြပါ”

ဟု ခေါ်ပါသည်။

ရေငတ်တုန်း ရေတွင်းထဲကျ ဆိုသလို ဆာလောင်နေစဉ် ထမင်းဖိတ်ကျွေးသူနှင့် တွေ့ရာ ကျွန်ုပ်နှင့် တပည့်ကျော်တို့ ဟန်ပင်မဆောင်နိုင်ဘဲ ဖိတ်ခေါ်သူနှင့်အတူ ချက်ချင်း လိုက်သွားပါသည်။

ထမင်းဝိုင်း ဘက်ထရီမီးအလင်းရောင်ရောက်မှ တစ်ယောက်မျက်နှာတစ်ယောက် သဲကွဲစွာမြင်လိုက်ရရော -

“တော - ခွေးပု”

“ဟင် - ချက်ကြီး”

“ဟော့ကောင်-သံခဲ”

“အယ် - ကြွက်သိုး”

“ဟေ - နွားကြီးတို့အုပ်စုပါရော”

ဟူ။

ကျွန်ုပ်၏ငယ်ပေါင်း နွားကျောင်းဖက်၊ ငှက်ပစ်ဖက် အသက်ငါးဆယ်ကျော် သူငယ်ချင်းငယ်ပေါင်းများ ဖြစ်နေသည်ကို ဝမ်းသာဖွယ် တွေ့လိုက်ရပါသည်။ ငယ်ပေါင်းများ တွေ့လိုက်ရစဉ်ခဏငယ်အတွင်း ထမင်းဆာလောင်မှုပင် ပျောက်သွားရပါသည်။ (ခွေးပု၊ ချက်ကြီး၊ သံခဲ၊ ကြွက်သိုး၊ နွားကြီး ဆိုသည်မှာ အမည်ရင်းများ မဟုတ်ပါ။ ကျွန်ုပ်တို့ ငယ်သူငယ်ချင်းများ၏ ငယ်နာမည်များသာ ဖြစ်ပါသည်။ ခွေးပုမှာ ကျွန်ုပ်၏ ငယ်နာမည် ဖြစ်ပါသည်။

စာရေးသူ)

ကျွန်ုပ်တို့တစ်တွေ တပျော်တပါး စားလိုက်ရာ ကြက်သားခုနစ်ဆယ်သားနှင့် ဘူးသီးကာလသားချက်၊ ချဉ်ပေါင်ကြော်၊ မိုးမျှော်ငရုတ်သီးထောင်း၊ ဆန်တစ်ပြည်ချက်သည် တက်တက်ပြောင်သွားပါလေသည်။

ကျွန်ုပ်၏ မိခင်အိမ်သို့ ရောက်သောအခါတွင် စားချင်မုန့်များ ကြော်ထားသဖြင့် ထပ်မံအချိုတည်းလိုက်ရပြန်သဖြင့် ဝမ်းဗိုက်မှာ ပြည့်တင်းကားသွားရပါသည်။

(စားချင်မုန့် ဆိုသည်မှာ အချိန်အခါ ရာသီမဟုတ်ဘဲ ခံတွင်းတောင်းသဖြင့် တမင် တခုတ်တရ ပြုလုပ်ကြော်စားသော မုန့်ဆီကြော်မုန့် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာများတွင် သီတင်းကျွတ်အခါတွင် ဝါကျွတ်ကန်တော့ပွဲမုန့်၊ တပေါင်းလတွင် ပုန်းမကြည်နတ်တင်မုန့်၊ တန်ခူးလအခါတွင် မုန့်လုံးရေပေါ်နှင့် သင်္ကြန်နှစ်သစ်ကူး မုန့်မျိုးစုံကြော်လေ့ရှိသည်မှာ ရာသီစာမုန့်ကြော်များ ဖြစ်ပါသည်။ စားချင်မုန့်မှာ ထိုသို့မဟုတ်ဘဲ အချိန်အခါရာသီမဟုတ်သော်လည်း ခံတွင်းတောင်း၊ သွေးတောင်းပြီး စိတ်ဆန္ဒအာသီသရှိသဖြင့် တမင် မောင်းဆုံဖြင့် ဆန်မှုန့်၊ ကောက်ညှင်းမှုန့်များထောင်း၊ ထန်းလျက်အရည်ကျိုပြီး ပဲဆီမရှိလျှင် ရှိသော နှမ်းဆီနှင့်ပင် အမြုပ်တစီစီနှင့် ကြော်စားရသောမုန့် ဖြစ်ပါသည်။ မုန့်ကြော်ရာတွင် ပဲဆီသည် ဆီမြုပ်မတက်ပါ။ နှမ်းဆီသည် ဆီမြုပ်အလွန်တက်ပါသည်။ သို့အတွက် မုန့်ကြော်လျှင် ပဲဆီကိုသာ သုံးရပါသည်။ သို့သော် စားချင်မုန့်မှာ အချိန်အခါရာသီလည်း မဟုတ်၊ ကျေးရွာ ဖြစ်သဖြင့် ပဲဆီလည်း အလွယ်တကူ ဝယ်မရသဖြင့် နှမ်းဆီနှင့်သာ ဖြစ်သလို ကြော်စားလိုက်ရပါသည်။ သို့အတွက် စားချင်မုန့်ကြော်သည် နှမ်းဆီနံ့သင်းနေတတ်သဖြင့် လူတိုင်းပင် ဒါ - စားချင်မုန့်ဟု ကျေးလက်အသိစွဲနေသိနေကြပါသည်။ တိုက်ဆိုင်၍ ဗဟုသုတအဖြစ် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။)

ညအိပ်ရာဝင်သောအခါ ဘုရားရှိခိုးပြီး စမလေးလုံးပုတီးစိပ်၏ တန်ခိုးတန်ဖိုးကို ကျွန်ုပ် တစိမ့်စိမ့်တွေးမိရပါသည်။

လမ်းမှာသော်လည်း မည်သည့်အန္တရာယ်မှမတွေ့ဘဲ ချောမောပြေပြစ်စွာ အမေ့ရွာသို့ ရောက်ခဲ့ရသည်။

အလွန် ဆာလောင်နေစဉ်မှာပင် သူငယ်ချင်းများနှင့် သန်းခေါင်ထမင်း၊ ကြက်သားဟင်းနှင့် စားလိုက်ရသည့်အပြင် အမေ့အိမ်ရောက်သော် စားချင်မုန့်ကြော်များပင် အချိုတည်းလိုက်ရပါသေးသည်။

သို့အတွက် စမလေးလုံး ပုတီးစိပ်ကို တခုတ်တရ ရေးသားတင်ပြလိုက်ပါသည်။

- ✤ သော ဘဂဝါ အရဟံ သိဒ္ဓိ ‘စ’ (*ပုတီးတစ်လုံးချ*)
- ✤ သော ဘဂဝါ အရဟံ သိဒ္ဓိ ‘ဓ’ (*ပုတီးတစ်လုံးချ*)
- ✤ သော ဘဂဝါ အရဟံ သိဒ္ဓိ ‘ဗ’ (*ပုတီးတစ်လုံးချ*)
- ✤ သော ဘဂဝါ အရဟံ သိဒ္ဓိ ‘ဝ’ (*ပုတီးတစ်လုံးချ*)

(၁၀၈) လုံး ပုတီးကုံးနှင့် နေ့စဉ်ပုတီးသုံးပတ်မှန်မှန်စိပ်ပွားပါ။ သွားလေရာ လမ်းခရီး၌ အန္တရာယ်ကင်းဘေးရှင်းပြီး ရောက်လေရာနေရာတွင် အစားအသောက် အဆင်သင့်ဖြစ်၍ ပေါများကြွယ်ဝ အကျိုးထူး လက်တွေ့ရစေပါသည်။

*ကြီးပွားတိုးတက်ကြပါစေ*

နတ်မောက်မင်းသန့်ဦး



www.burmeseclassic.com

www.burmeseclassic.com

အောင်သန်းချစ်

# အမည့်သညာခေါ်စရာကား
# ဗေဒါကြီး



၁၉၈၈ ခုနှစ်၊ စက်တင်ဘာလကုန် ...မှာ အောင်ပုဗ္ဗမာတ်နန်းဆီ လူစိမ်း ...ယောက် ရောက်လာခဲ့တယ်။ အဘာ ...င်းခေါင်နာမ်ကိန်းနေတာနဲ့ ကြုံတာ ...ကြောင့် ဧည့်သည်နှစ်ယောက်က ဝင်ခွင့် ...ောင်းပြီး အဘကို ရှိခိုးကြရင်း ...ောင်လာသူ အရပ်ခပ်ပုပုနဲ့လူက-

"အဘ ကျွန်တော့်နာမည် ပန်တျာ ...မောင်းပါ။ ပါလာတဲ့သူကတော့ ကျွန် ...ာ်နဲ့ ဆိုင်းတီးဖက်ပါ"

"အေးအေး"

အဘရဲ့စကားဆုံးတာနဲ့ ပန်တျာ ...မောင်းက -

"ပုဒ်မ - ၁၄၄ ထုတ်ထားလို့ ပွဲမိန့် ...ွေ မရတာကြောင့် ဇာတ်သဘင်နဲ့ ...က်မွေးနေတဲ့လူအားလုံး အလုပ် ...က်မဲ့တွေဖြစ်နေကြပါပြီ အဘ"

"မင်းက ဘယ်ဇာတ်မှာ ဆိုင်းတီး ...ာလဲ"

"အရှေ့တိုင်းဇာတ်သဘင်က ဆိုင်း ...ခေါင်းဆောင်ပါ အဘ။ အခုတော့ ...သမလေးတွေ ပဲပြုတ်ရောင်းသူ ...င်း အုတ်သယ်ခဲရွက်ရတဲ့ ခကြွေး ...ဖြစ်၊ ရှာပြန်ပြီး ကောက်စိုက်သမ ...သူလုပ်နဲ့ ဇာတ်ခေါင်းကွဲကုန်ပါပြီ။ ... မင်းသမီးတွေလည်း အခုတိုင်း ...နေကြရရင် ငတ်ရုံပဲရှိပါတော့တယ်။ ...တော်တို့ ဆိုင်းသမားတွေ၊ လူရွှင် ...တွေကတော့ ဆိုက်ကားနင်းသူ ... ရေခဲချောင်းရောင်းသူကရောင်းနဲ့ ...အလုပ်သမားတွေဖြစ်ကုန်ကြပါပြီ။ ...တော်တို့ကို ကိုယ်တတ်တဲ့ပညာနဲ့ ...က်မွေးဝမ်းကျောင်းပြုနိုင်အောင် ...ပြုပေးပါ အဘ"

အဘက ပြုံးပြီး -

"မင်းတို့တင်မကဘူး။ တစ်ပြည် ...ပြုတ်ဆန်ပြုတ်တောင် ဖြစ်စပြု ...လာမယ့် လပြည့်နေ့မှာ ဆန်လှူပွဲ ...အောင်ပုဗ္ဗမာတ်နန်းမှာကျင်းပမယ်။ အလုပ်လက်မဲ့ဖြစ်နေတဲ့ အဘသားကို အဘက ဒီနေ့ကစပြီး ပျဉ်းမနား အိုးဖိုဂူ တောင်တော်မှာ ဓမ္မရုံမာတ်ပေါင်းစု ငြိမ်းချမ်းရေး အောင်စေတီတော်မြတ် တည်မယ့် ရတနာပုံမိသားစုအဖွဲ့ထဲမှာ တာဝန်ပေးမယ်။ မင်းလုပ်နိုင်မလား"

ကိုရွှေမောင်းက ဝမ်းသာအားရနဲ့ -

"အဘ ခိုင်းချင်တာသာ ခိုင်းပါ။ ကျွန်တော့်မှာ ဘာအလုပ်မှမရှိပါဘူး"

အဲဒီနောက်ပိုင်းမှာတော့ ဒေါ်မလေး ရွှေဝတ်ရည်အငြိမ့် မနောမယ ဥယျာဉ်ကျောင်းမှာ ကဖို့ ကိုရွှေမောင်း ဦးစီးရတယ်။ တကယ်တော့ ဒေါ်မလွတ်ပွဲ ယတြာဆင်ခဲ့ကြောင်း နောင်ကျမှ ကျွန်တော်တို့ သဘောပေါက်ကြတယ်။ ပွဲမိန့်ပိတ်ထားပေမယ့် အဘက နန်းဝတ်နန်းစားတွေဝတ်ပြီး ရတနာပုံနေပြည်တော် ၄လေးပြင်လေးရပ်လုံး လှည့်လည်ကာ ဒေါ်မလေး ရွှေဝတ်ရည် အငြိမ့် ကပြမှာဖြစ်ကြောင်း မောင်းကြေးနင်းခတ်စေခဲ့တယ်။

တစ်ခါ ဒဂုံမြို့ဆီ ပြည့်စုံခေါင် ဖောင်ကြီးမျှောပြီး ဒေါ်မလေး ရတနာပုံနေပြည်တော်ဆီလာဖို့ သွားကြိုတဲ့ မာတ်ယတြာဆင်ရာမှာလည်း ကိုရွှေမောင်းရဲ့ ရေခင်းသံက မပါမဖြစ်။ ချုပ်ပြောရရင် ပန်တျာရွှေမောင်းရဲ့ ဆိုင်းသံ၊ အော်ဂင်သံတွေနဲ့ အဘရဲ့ မာတ်ယတြာပွဲတွေကို စည်စည်ကားကား တက်တက်ကြွကြွ ဆောင်ရွက်နိုင်ခဲ့ကြတယ်။

ဒါတင်မက ပျဉ်းမနား အိုးဖိုဂူ တောင်တော်က ကိုးတောင်ပြည့်စေတီ တည်ရမယ့်နေရာကို ရှင်းလင်းတာကစပြီး ထီးတင်ပွဲအထိ ပန်တျာစိန်မောင်း ပါခဲ့ရတယ်။ နံနက်ပိုင်း ဘုရားထီးတော်



www.burmeseclassic.com

www.burmeseclassic.com

မတင်မီ ညဘက်ကြီး ဒေါ်ကြယ်နီက ကန်တော့ပွဲကြီးရွက်ပြီး ရှေ့ဆုံးက၊ သူ့နောက်မှာတော့ အဘသမီးကြီး၊ သားကြီးတွေက ပရိက္ခရာတွေ၊ သက်န်းတွေ ကိုယ်စီသယ်ပြီး ပန်တျာနီနီဝင်းနဲ့ ပန်တျာ မော်လင်းတို့ရဲ့ 'အရှေ့ကိုလျှောက်ပါလို့ အနောက်ကိုတဲ့ မျှော်လိုက်ရင် တံခွန်တိုင်၊ ရွှေကုက္ကားနဲ့ ဘုရားကိုမြင်' ဆိုတဲ့ အဆိုကို ပန်တျာစိန်မောင်းရဲ့ ပြောအဖွဲ့က တီးပြီး (၃၁) ဘုံ မာန်အောင်စေတီတစ်ပတ်လျှောက်ခဲ့ရတာ ပြန်လည်မြင်ယောင်ရင်း ဒီနေ့ထိ စိတ်ကြည်နူးပီတိဖြာနေဆဲ ဖြစ်တယ်။

ကိုရွှေမောင်းက အဘပေးအပ်တဲ့ တာဝန်တွေ ကျေပွန်ရုံမက နေ့စဉ်နံနက်တိုင်း အရုဏ်ရောက်တာနဲ့ ဘုရားမှာ အာဇီဝဋ္ဌမက သီလယူပြီး ပရိတ်ကြီး (၁၁) သုတ်၊ ဓမ္မစကြာနဲ့ ဓာရဏပရိတ်ကို ရွတ်တယ်။ တစ်ခါ ညပိုင်းမှာလည်း အာဇီဝဋ္ဌမကသီလယူပြီး ပဋ္ဌာန်းအရှည်ရွတ်တဲ့အပြင် မဟာဝေဒဗ္ဗမန္တန်တော်ကြီးကိုလည်း (၁၅) ခေါက် ရွတ်သေးတယ်။

တစ်နေ့မှာတော့ အဘက ကိုရွှေမောင်းကို လက်ယပ်ခေါ်ပြီး -


"ဒီနေ့ကစပြီး ငါ့သားကို ဗေဒါကြီးလို့ အဘက အမည်ချီးမြှင့်လိုက်ပြီ။ မြန်မာဘုရင် လက်ထက်တော်တုန်းက ရတနာပုံနေပြည်တော်မှာ စိန်ဗေဒါကြီးကို နိုင်ငံတော်ဆိုင်းဆရာအဖြစ် ဂုဏ်ပြုခဲ့သလိုပဲ ငါ့သားကိုလည်း အဘက အခုလက်ရှိ ရတနာပုံနေပြည်တော် ဆိုင်းခေါင်းဆောင် ဗေဒါကြီးအဖြစ် ဒီနေ့ကစပြီး ခန့်လိုက်ပြီ"

ပုဒ်မ ၁၄၄ ကြောင့် ပွဲမိန့်မရလို့ ဘယ်ဇာတ်၊ ဘယ်ဆိုင်းမှ မတီးမမှုတ်မကကြရတဲ့ အချိန်မှာ အဘက ပန်တျာစိန်မောင်းကို ရတနာပုံ နေပြည်တော် ဆိုင်းခေါင်းဆောင်အဖြစ်နဲ့ ဗေဒါကြီးဘွဲ့ ချီးမြှင့်လိုက်တာကိုတော့ ကျွန်တော်တို့ အံ့အားသင့်ခဲ့မိကြတယ်။

ဒါ့အပြင် အဘက သားသမီးရင်း အိမ်တွေဆီ တစ်ရက်စီကြွမယ်လို့ ကတိပေးပြီး မဲနှိုက်ခိုင်းတယ်။ မိမိတို့အိမ်တွေဆီ အဘဘယ်နေ့ကြွမယ်ဆိုတာကို ဝမ်းပန်းတသာ ကိုယ်စီပြောနေကြပေမယ့် ကိုစိန်မောင်းက ငေးနေတာကြောင့် အဘက -

"ဗေဒါကြီး၊ မဲနှိုက်လေ"

ကိုစိန်မောင်း မျက်နှာညှိုးသွားပြီး -



ပန်တျာစိန်မောင်း (ဝါ) ဗေဒါကြီးပုံ

"အဘကြွဖို့ သားမှာအိမ်မရှိသေးဘူး အဘရဲ့"

"နှိုက်မှာသာနှိုက်စမ်းကွာ"

အဘအမိန့်ကြောင့် ကြောက်ကြောက်ရွံ့ရွံ့နဲ့ မဲတစ်လိပ်ဆွဲယူပြီး ကိုစိန်မောင်း ဖတ်လိုက်တော့ -

"တပေါင်းလပြည့်။ ဒီနေ့ ပြာသိုလပြည့်ဆိုတော့ နှစ်လမြောက်တဲ့နေ့မှာ အဘက သားအိမ်ကို ကြွမှာပေါ့"

အဘကလည်း ပြုံးပြုံးရွှင်ရွှင်နဲ့-

"အေးလေကွာ"

"ဟာ - အဘကလည်း၊ သားမှာ အိမ်မှမရှိတာ အဘရဲ့"

"ငါ့သားအိမ်ကို တပေါင်းလပြည့်မှာ အဘဆက်ဆက်ကြွခဲ့မယ်"

✤

'မဲနှိုက်ပြီး (၇) ရက်မြောက်တဲ့နေ့မှာတော့ ကိုစိန်မောင်းတဲရှေ့ အုတ်ကားကြီးတစ်စီး ရောက်လာပြီး အလုပ်သမားတွေက -

"ဒါ ဆိုင်းဆရာ ပန်တျာစိန်မောင်းခြံလား"

"ဟုတ်ပါတယ်"

"ခင်ဗျားဦးလေး အမ်ကေအုတ်လုပ်ငန်းပိုင်ရှင်က ဒီအုတ်ခဲတွေ ခင်ဗျားခြံမှာ ပုံခိုင်းလိုက်လို့"

ဦးလေးဖြစ်သူက အုတ်ခဲ၊ သဲ၊ ထုံး၊ ဘိလပ်မြေ၊ သံချောင်း၊ သစ် စတာတွေ အပြည့်အစုံပို့ပေးပြီး နှစ်ထပ်တိုက်လေး ဆောက်ပေးတယ်။ ငွေရေးကြေးရေး ပြေလည်မှဆပ် ဆိုပြီး စာရင်းမှတ်ထားတယ်။ အလုပ်သမားခပါမကျန် ဦးလေးက စိုက်ထားတာကြောင့် အရေးပေါ်လက်သမားခ (၃၀၀၀) ပဲ ကိုရွှေမောင်း ထုတ်ခဲ့ရတယ်။

တပေါင်းလပြည့်နေ့မှာ သားသမီးတွေနဲ့ ကိုစိန်မောင်းအိမ်ပေါ်မှာ ထိုင်မိတာနဲ့ အဘက -

"ဟော့ငါ့သားဗေဒါကြီး၊ မင်းအိမ်ကို အဘကြွလာမယ်လို့ ကတိပေးထားတဲ့အတိုင်း အခု ရောက်လာပြီကွ"

"ကျေးဇူးကြီးမားလှကြောင်းပါ အဘ"

ဓမ္မရုံဓာတ်ပေါင်းစု ငြိမ်းချမ်းရေး အောင်စေတီတော်မြတ် ထီးတင်အပြီးမှာတော့ ပန်တျာစိန်မောင်းကို မန္တလေးမြို့တော် စည်ပင်သာယာရေးအဖွဲ့ ဆိုင်းခေါင်းဆောင်အဖြစ် ခန့်လိုက်တာကို တအံ့တသြ ကြားခဲ့ကြရတယ်။ ဒါတင်မက မြို့နယ်သဘင်ကောင်စီဥက္ကဋ္ဌအဖြစ် ထမ်းဆောင်နေပါတယ်။

အဘ ဘိုးမင်းခေါင်က အမည်သညာကို ပေါ့ပေါ့တန်တန် ချီးမြှင့်တာမဟုတ်ဘဲ ထိုက်တန်သူတွေကိုသာ ချီးမြှင့်တာ ဖြစ်တယ်။ ထူးခြားတာက မှတ်ပုံတင်ထဲမှာပါတဲ့ နေ့စဉ်သုံးအမည်တွေကို အဘက ခေါ်လေ့မရှိပါ။ အဘ ချီးမြှင့်ထားတဲ့ အမည်ကိုသာ သုံးပါတယ်။ ဥပမာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၇၀) လောက်က (၁၂) နှစ်သားအရွယ် ထွန်းရွှေကို အဘက ပုပ္ပားမှာဆုံခိုက် 'အောင်ဒင်'လို့ အမည်ပေးခဲ့တယ်။ မြစ်ငယ်က (၁၂) နှစ်သမီးအရွယ် ကလေးမလေးကိုလည်း 'မိငယ်'လို့ ပုပ္ပားမှာ အမည်ပေးခဲ့တယ်။ ကသာက အဘွားကြီး ယခုအခါ အသက် (၈၀) ကျော်အရွယ်ကိုလည်း နံဘားမှာ တွေ့တုန်းက 'မိသန်း'လို့ပေးခဲ့တယ်။

အောင်ပုဗ္ဗဓာတ်နန်းဆီ အဲဒီသုံးဦး တစ်ဦးပြီးတစ်ဦး ကိစ္စကိုယ်စီနဲ့ ရောက်လာကြတော့ အဘက အောင်ဒင်၊ မိငယ်၊ မိသန်းလို့သာ ခေါ်တယ်။ သူတို့နဲ့အတူ လိုက်ပါလာကြတဲ့မြေးတွေတောင် အဲဒီနာမည်တွေကို မသိကြပါ။

ဒါကြောင့် အဘဘိုးမင်းခေါင်တွေ့ နိုင်ငံတစ်နံတစ်လျားမှာ ကြွနေပါတယ်။ အဘသားသမီးရင်းတွေအနေနဲ့ သွားကန်တော့ကြရင် အဘကချီးမြှင့်ထားတဲ့ အမည်ကိုသာ ခေါ်ပါလိမ့်မယ်။ အဘ ချီးမြှင့်ထားတဲ့ အမည်မခေါ်ရင် အတုလို့သာ မှတ်ယူကြပါ။

အောင်သန်းချစ်



www.burmeseclassic.com

www.burmeseclassic.com

# ဒီပါအေးမြ-ဒီရေကျင့်စဉ်

ဖေမောင်(ညောင်လေးပင်)


လွန်ခဲ့သော နှစ်(၃၀)ကျော်ခန့်က ဖြစ်၏။ တစ်နေ့ ရန်ကုန်မြို့မှ ပညာရေးဝန်ထမ်းအငြိမ်းစားမိတ်ဆွေနှစ်ဦး ကျွန်ုပ်ထံ ရောက်လာကြပါသည်။

လာရင်းကိစ္စမှာ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့တွင် ကိန်းဝပ်စံပယ်တော်မူသော အရှင်သီဝလိရဟန္တာမြတ်ကြီး၏ ခြေတော်ရာအစစ်ကို ဖူးမြော်ကြည်ညိုလို၍ ရောက်လာကြခြင်း ဖြစ်ကြောင်း ပြောပါသည်။

ကျွန်ုပ်အားလည်း ထိုဒေသလို့ နတ်လမ်းညွှန်အဖြစ် လိုက်ပို့ပေးရန် မေတ္တာရပ်ခံကြပါသည်။ သို့ဖြင့် အနှီမိတ်ဆွေနှစ်ဦး၏ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျွန်ုပ်၏အလုပ်ကိစ္စများကို ရပ်နားကာ ခမ္မခရီးစဉ်စတင်ခဲ့ရပါတော့သည်။

ထိုကာလက ခရီးလမ်းပန်းဆက်သွယ်ရေးမကောင်း၍ ခရီးပန်းကြရသော်လည်း ကျွန်ုပ်တို့သုံးဦးအတွက် တန်ဖိုးဖြတ်၍မရနိုင်လောက်သောအကျိုးတရားကြီးနှင့် ကြီးမားသော ကုသိုလ်ပီတိများကို ရင်မှာပိုက်လာနိုင်ခဲ့ကြပါသည်။

ကျွန်ုပ်တို့သည် ညောင်လေးပင်မြို့မှ နံနက်(၇)နာရီခန့်တွင် ထွက်သော



www.burmeseclassic.com

ဖြူး-ညောင်လေးပင်ဘတ်(စ်)ကားကြီးကို စီးခဲ့ကြပြီး ကျောက်ကြီးမြို့သို့ လမ်းခွဲဖြစ်သော ပဲနွယ်ကုန်းမြို့ကားဂိတ်တွင် ဆင်းကြရပါသည်။

ထိုလမ်းခွဲမှတစ်ဆင့် ကွင်းချောင်းဝကျေးရွာသို့သွားသောကားကို ပြောင်းစီးရပါသည်။ ကွင်းချောင်းဝကျေးရွာသို့ ရောက်သည်နှင့် နေရောင်အောက်တွင် ငွေရောင်တောက်နေသော စစ်တောင်းမြစ်ပြင်ကြီးနှင့် ပြာရည်မှိုင်းနေသော အရှေ့ရိုးမတောင်တန်းကြီးကို လှမ်းမြင်နေရပေပြီ။

ကျွန်ုပ်တို့လည်း ကွင်းချောင်းဝကူးတို့ဆိပ်မှတစ်ဆင့် ကူးတို့လှေဖြင့် စစ်တောင်းမြစ်ကြီးကို ဖြတ်ကာ တစ်ဖက်ကမ်းရှိ နတ်သံကွင်းကျေးရွာသို့ ရောက်ကြပါသည်။ ထိုနတ်သံကွင်းကားဂိတ်မှ ကုန်တင်လူတင်ကားကြီးကို စီးနင်းကာ ခရီးပန်းတိုင်ဖြစ်သော ကျောက်ကြီးမြို့သို့ ညနေ (၄) နာရီခန့်တွင် စိတ်မောလူမောဖြင့် ရောက်ရှိပါတော့သည်။

အချိန်ကိုတန်ဖိုးထားတတ်သူများကို ကောင်းကောင်းပညာပေးနေသော လမ်းခရီး ဖြစ်ပါသည်။ မိုးဦးသစ်စရာသီဖြစ်၍ ကျောက်ကြီးမြို့ကို ဟီးလေးခိုတွဲထားသော တောင်တန်းပြာကြီးတွင် ဖြူလွှလွှတိမ်စိုင်တိမ်ခဲများ ချိတ်ဆွဲထားသလိုပင် ဖြစ်၏။

မြို့ထဲ ဝင်ဝင်ချင်း မိုးရနံ့အေးမြမြကို ရှူရှိုက်ကြရ၍ ခရီးပန်းမှုများ ပြေလျော့သွားပါသည်။ လမ်းမတန်းတစ်လျှောက် ဒေသထွက်ကုန်များဖြစ်သော ဒူးရင်းသီး၊ နာနတ်သီး၊ မင်းကွတ်သီးတို့၏ရနံ့များကလည်း ကြိုင်သင်းဝေလျက်ရှိ၏။

ကျွန်ုပ်၏ မိတ်ဆွေ ရန်ကုန်သားနှစ်ဦးမှာ ကျောက်ကြီးမြို့၏ဒေသထွက်ကုန် သစ်သီးဝလံမျိုးစုံတို့ကိုကြည့်ပြီး အလွန်သဘောတွေ့နေကြသည်။ကျွန်ုပ်၏ စိတ်ထဲ၌ အနီး မိတ်ဆွေနှစ်ဦးအား အိမ်ပြန်လက်ဆောင်အဖြစ် ကျောက်ကြီးမြို့နယ်၏ နာမည်ကြီး အစေ့ပါးအသားထူ ရွှေဒင်္ဂါးဒူးရင်း၊ မြစိမ်းဒူးရင်းနှင့် ဆေးဖက်ဝင် ပျားရည်စစ်စစ်တို့ကို လက်ဆောင်ပေးရန် စိတ်ကူးထားလိုက်ပါသည်။

ထို့နောက် ကျောက်ကြီးမြို့ ပဲခူးရပ်တွင် နေထိုင်သော ကျောင်းနေဖက်သူငယ်ချင်း ကိုသောင်းညွန့်တို့အိမ်တွင် တည်းခိုရန်သွားကြပါသည်။ သူ့အိမ်ခြံဝသို့ရောက်၍ ကျွန်ုပ်အား မြင်သွားသည်နှင့် အိမ်ပေါ်မှပြေးဆင်းလာကာ ဖက်လဲတကင်းပြေးဖက်ပါတော့သည်။

ကိုသောင်းညွန့်တို့မိသားစုမှာ ဇနီးနှင့် သမီး အပါအဝင် မိသားစု (၃) ယောက်သာရှိ၏။ သစ်သားနှစ်ထပ်အိမ်ကြီးနှင့် လိုက်ဖက်စွာ ခြံမြေကလည်း ကျယ်ဝန်းလှ၏။ ခြံကျယ်သလောက် အုန်းပင်၊ ကွမ်းသီးပင်၊ ဒူးရင်းပင်၊ ပိန္နဲပင်၊ မင်းကွတ်ပင်၊ နာနတ်ပင်များနှင့် ဥယျာဉ်ကြီးတစ်ခုထဲသို့ရောက်နေသကဲ့သို့ ခံစားရပါသည်။

တစ်နေကုန်ခရီးပန်းလာကြသော ကျွန်ုပ်တို့အား လက်ဖက်ရည်ကြမ်းနှင့် ဆက်သားခြောက်ဖုတ်ဆီဆမ်းဖြင့် ဧည့်ခံပါသည်။ ထို့နောက် ရေချိုးချင်ကြသော်လည်း ရေပြောင်း၊ မြေပြောင်း၊ ဒေသပြောင်းဖြစ်၍ မချိုးရဲကြပါ။ ဤအရပ်ကအဆင့်မသင့်လျှင် ဖျားတတ်သောကြောင့် ဖြစ်၏။

ဤသို့နှင့် ခြေ၊ လက် ဆေးကြောသုတ်သင်ပြီး ညစာစားကြကာ စောစောပင် အိပ်ရာဝင်ခဲ့ကြပါသည်။

✤

နောက်နေ့ နံနက်စောစော ခြေတော်ရာတောင်ပေါ်သို့မတက်မီ အဆာပြေစာအဖြစ် ကောက်ညှင်းဆီထမင်းနှင့် ဆက်သားခြောက်ဖုတ်ဆီဆမ်းကို ကျွေးပါသည်။ ထို့နောက် ခြေတော်ရာတောင်ပေါ်တွင် နံနက်စာစားရန်အတွက် ကိုသောင်းညွန့်၏ဇနီး နော်သောသီ၏ လက်ရာဖြစ်သောမျှစ်တာလပေါ၊ ကရင်ငါးပိထောင်းမွှေးမွှေး၊ တညင်းသီးမီးဖုတ်၊ ဆိတ်ဖူးတို့စရာအပြင် တောဝက်သားကို ဆန်ပုံးရည်ဖြင့်ချက်ထားသောဟင်းနှင့် ထမင်းတို့ကို ကြွေရည်သုတ်ငါးဆင့်ချိုင့်ကြီးနှင့် ထည့်ပေးလိုက်ပါသည်။

ထို့နောက် သူငယ်ချင်း ကိုသောင်းညွန့်ပါ လိုက်ပါ၍ ခြေတော်ရာတောင်မြတ်စေမွခရီးသို့ ပို့ဆောင်ပေးပါသည်။ အရှင်သီဝလိရဟန္တာမြတ်ကြီး၏ခြေတော်ရာကိန်းဝပ်တော်မူသည့် တောင်ခြေသို့ ရောက်သည်နှင့် တောင်ဘက်သံလှေကားမှတစ်ဆင့် တက်ခဲ့ကြပါသည်။

လှေကားဆုံး၍ တောင်ပေါ်သို့ ရောက်သည်နှင့် ပြည်လုံးချမ်းသာ ဆုတောင်းပြည့် ရုပ်ရှင်တော်မြတ်ကြီးအား ထိပ်တိုက်ဖူးမြော်ရပါသည်။ ရန်ကုန်သားနှစ်ဦးမှာ ပူလောင်ရှုပ်ထွေးလှသောမြို့ပြမြင်ကွင်းမှသည် ဆိတ်ငြိမ်သောသဘာဝတောတောင်ရေမြေကို မျက်ဝါးထင်ထင်မြင်ကြရ၍ အေးချမ်းမှုအရသာကို သဘောတွေ့နေကြပေပြီ။

ဆုတောင်းပြည့်ရုပ်ပွားတော်မြတ်ကြီးအား ဦးခိုက်ပူဇော်ကြပြီးနောက် ခြေတော်ရာ ဘုန်းတော်ကြီးကျောင်း၏ သက်တော်ရှည်ဆရာတော်ကြီးအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြပါသည်။ ထိုမှတစ်ဆင့် အရှင်သီဝလိရဟန္တာမြတ်ကြီး၏ခြေတော်ရာ ကိန်းဝပ်ရာ သဘာဝကျောက်တုံးကြီးထက်သို့ တက်ရောက် ဖူးမြော် ကြည်ညိုကြပါသည်။

သဘာဝ ကျောက်တုံးကြီးပေါ်ရှိ အရှင်သီဝလိ ရဟန္တာအရှင်မြတ်ကြီး၏ ခြေတော်ရာမှာ ထူးထူးခြားခြား ဘယ်ခြေဖဝါးတော်မြတ်တစ်ဖက်တည်း ကိန်းဝပ်နေခြင်း ဖြစ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေနှစ်ဦးမှာ လူတို့ဆန္ဒပြည့်ဝသွားကြပြီမို့ ပီတိဖြစ်၍မဆုံးနိုင်အောင်ရှိနေကြပါသည်။

ထိုအခိုက် ကျွန်ုပ်တို့ရှိရာ ခြေတော်ရာကျောက်တုံးကြီးပေါ်သို့ အသက် (၄၀) အရွယ် အမျိုးသားနှစ်ဦး တက်ရောက်လာပြီး ခြေတော်ရာဘုရားအား ဝတ်ပြုနေကြပါသည်။ ထို့နောက် ကျွန်ုပ်တို့အား အပြုံးဖြင့် ထုံမွှမ်းထားသော ပဋိသန္ထာရစကားအဖြစ် မည်သည့်အရပ်က လာကြသည်ကို မေးမြန်းရင်း စကားစမြည်ပြောဖြစ်ကြပါသည်။

၎င်းတို့၏ မိတ်ဆက်စကားအရ ကျောက်ကြီးမြို့ခံများဖြစ်ကြောင်းသိရပြီး ဤခြေတော်ရာတောင်စောင်းရှိ ဥပုသ်ဇရပ်တစ်ဆောင်တွင် မုတင်ဆောက်တည်လျက်ရှိသော ဘုန်းတော်ကြီးတစ်ပါးအား လာရောက် ဖူးမြော်ကြခြင်း ဖြစ်ကြောင်း သိရပါသည်။

ဤသို့နှင့် ကျွန်ုပ်တို့လည်း အခွင့်အခါသင့်တုန်း ထိုမုတင်ဆောင်ရဟန်းတော်ကြီးအား ဖူးမြော်လိုကြကြောင်း ပြောကြား၍ ထိုဒေသခံ ပုဂ္ဂိုလ်နှစ်ဦးနှင့် ခေါ်ဆောင်ရာသို့ လိုက်ခဲ့ကြပါသည်။

✤

ဥပုသ်ဇရပ်သို့ ရောက်သောအခါ ဘုန်းတော်ကြီး တရားမဖြုတ်သေး၍ အနီးရှိ ပိန္နဲပင်ကြီးအောက်တွင်ထိုင်ကာ စောင့်ဆိုင်းနေခဲ့ကြပါသည်။ မကြာမီ ဘုန်းတော်ကြီး တရားဖြုတ်ပြီး သက်သာပြင်ရုံနေသည်ကို မြင်ရ၍ ကျွန်ုပ်တို့လည်း ဇရပ်ပေါ်တက်ကာ ဝတ်ဖြည့်ကြပါသည်။

ခဏအကြာ၌ ဘုန်းတော်ကြီးက ကျွန်ုပ်တို့ထိုင်နေရာရှေ့တွင် လာရောက်ထိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒကာကြီးတို့ ဘယ်အရပ်က ဘုရားဖူးလာကြတာလဲ"

ဟု မေးပါသည်။

ကျွန်ုပ်မှ ရန်ကုန်မြို့နှင့် ပေါင်းသင်မြို့တို့မှ ဖြစ်ကြောင်း၊ အရှင်သီဝရဟန္တာမြတ်ကြီး၏ခြေတော်ရာအား ဖူးမြော်ရန် လာကြကြောင်း လျှောက်ထားလိုက်ပါသည်။

ရပ်ဝေးမှနေ၍ ရဟန္တာမြတ်ကြီး၏ခြေတော်ရာအစစ်ကို တကူးတကလာရောက် ဖူးမြော်ကြသည်မှာ ထူးခြားသော ပါရမီပဋ္ဌာန်းဆက်ရှိ၍ဖြစ်ကြောင်း မိန့်ကြားတော်မူပါသည်။

ဘုန်းတော်ကြီး၏ သက်တော်မှာ (၇၀) ကျော်ခန့်ဟု မှန်းရပါသည်။ ဝတ်ရှင်သဘာဝ ဇရာကို မလွန်ဆန်နိုင်သော်လည်း သာမဏလိင် ဆိုသော ရုပ်အဆင်းနှင့် ကြည်လင်စူးရှသော မျက်လုံးအစုံတို့က ထူးခြားလှပေသည်။

"အရှင်ဘုရားက ဒီခြေတော်ရာကျောင်းမှာ အမြဲသီတင်းသုံးလား ဘုရား"

ဟု စူးစမ်းလိုသော သဘောဖြင့် လျှောက်တင်လိုက်ပါသည်။

"အမြဲမဟုတ်ပါဘူး ဒကာကြီး။ ဘုန်းကြီး ဒီတောင်ပေါ် မကြွခင်က ဟိုးတောင်လယ်ကမ်းခြေဒေသတွေမှာ ဓုတင်ဆောက်တည်ခဲ့ပါသေးတယ်။ အဲဒီကနေ အဓိဋ္ဌာန်ပြီးမြောက်မှ အခုလိုထူးခြားတဲ့ တောင်တော်တွေမှာ ဓုတင်ဆောက်တည်လာခဲ့တာ ဒီတောင်က နောက်ဆုံးတောင်ပါပဲ"

"အရှင်ဘုရား၊ ဒီလိုလက်တွေ့ဓုတင်ဆောက်တည်ရတာ အကျိုးများမှာပဲနော်"

"အင်း - နိဗ္ဗာန်ရောက်စေနိုင်တဲ့ အထောက်အပံ့တွေပဲပေါ့ ဒကာကြီးရာ"

"တပည့်တော်တို့ကို အချိန်နည်းနည်းလောက်ပေးနိုင်သေးရင် တစ်ခုလောက် လျှောက်ထားခွင့်ပြုပါဘုရား"

"အေးလေ - ဒကာကြီးတို့က ရပ်ဝေးကတောင်လာကြရတာဆိုတော့ ပေးရမပေါ့"

"ဒီလိုပါဘုရား၊ တပည့်တော်တို့က ပါရမီဓာတ်ခံနည်းသူတွေဆိုတော့ အရှင်ဘုရားနဲ့ ကြုံကြိုက် ဖူးမြော်ခွင့်ရတုန်း တပည့်တော်တို့လို လူမျိုးတွေအတွက် အမြဲ ကျင့်ဆောင်နိုင်မယ့် အကျင့်စရဏတစ်ခုခု ချီးမြှင့်တော်မူပါဘုရား"

ဘုန်းတော်ကြီးမှာ ကျွန်ုပ်တို့အား အရုဏာမျက်ဝန်းဖြင့် တစ်ချက်စူးစိုက်ကြည့်ကာ -

"ဟုတ်ပြီလေ၊ ဘုန်းကြီး ချီးမြှင့်ပါမယ်။ နောက်ပြီး ဘုန်းကြီးပေးမယ့်ကျင့်စဉ်က ဗုဒ္ဓဘာသာဝင်မှမဟုတ်ဘူး။ လူမျိုးမရွေး၊ ဘာသာမရွေး လက်ခံကျင့်သုံးနိုင်တဲ့နည်းပဲ။ လောက၊ ဓမ္မ နှစ်ဌာန အကျိုးများတဲ့ကျင့်စဉ်လို့ ပြောလို့ရပါတယ်"

"မှန်လှပါဘုရား"

"ကျင့်စဉ် ဆိုတာ သဘာဝယုတ္တိရှိဖို့ အထူးလိုအပ်ပါတယ်။ ဒါကြောင့် လောကဓာတ်စာသင်ဖူးတဲ့ ဒကာကြီးတို့က ဒီရေအတက်အကျဖြစ်ပေါ်ရပုံလေး အကျဉ်းချုံးပြီး ဘုန်းကြီးကို အရင်ရှင်းပြပေးပါ"

ကျွန်ုပ်လည်း ဘုန်းတော်ကြီး၏ အမေးကို ဖြေရန်အတွက် ပူပူနွေးနွေး အငြိမ်းစားယူထားသော အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးညဏ်တင်အား မေးဆတ်ပြလိုက်ပါသည်။

"မှန်လှပါဘုရား။ သိပ္ပံပညာအရ ဒီရေအတက်၊ အကျဖြစ်စဉ်ကို နေနဲ့ လတို့က ဖန်တီးတာပါဘုရား။ တပည့်တော်တို့နေတဲ့ကမ္ဘာကို နေနဲ့လက ဆွဲငင်နေတာမို့ ကမ္ဘာလည်နေတာဟာ ဒီရေဖြစ်ပေါ်စေတဲ့အကြောင်းရင်းပါ ဘုရား။

စာထဲမှာကတော့ နေနဲ့ ကမ္ဘာမြေကြီးက မိုင်ပေါင်း (၉၃) သန်း ကွာဝေးပြီး လနဲ့ ကမ္ဘာမြေကြီးက မိုင်ပေါင်း နှစ်သိန်းလေးသောင်းသာ ကွာဝေးတယ်လို့ ရေးထားပါတယ် ဘုရား။

ဒါကြောင့် လက ကမ္ဘာမြေကြီးနဲ့ ပိုနီးသလို လရဲ့ဆွဲအားက နေရဲ့ဆွဲအားထက် နှစ်ဆပိုပါတယ်။ နောက်ပြီး ကမ္ဘာမြေထုနဲ့ ရေထုကို နှိုင်းယှဉ်ကြည့်လိုက်ရင် မြေထုက တောင့်တင်းခိုင်မာတဲ့ သဘာဝရှိတာမို့ နေတို့၊ လတို့ရဲ့ ဆွဲငင်အားကြောင့် သိသိသာသာ ကြွတက်မှု မရှိပါဘုရား။

ရေထုရဲ့ သဘာဝကျတော့ ကြွတက်မှုမြန်တဲ့သဘောရှိတာမို့ ဒီရေဆိုတာ ဖြစ်လာရတာပါ ဘုရား"

ဆရာကြီး ဦးညဏ်တင်၏ရှင်းပြမှုအား သေချာစွာ နားစိုက်ထောင်နေရာမှ -

"ဟုတ်ပြီ၊ ဒကာကြီးတို့ ဒီရေရဲ့သဘောကို လက်ခံနိုင်ပြီဆိုရင် ကြုံတုန်း ရှေးပညာရှိတွေ လက်ခံကျင့်သုံးခဲ့မှုကို ဗဟုသုတအနေနဲ့ ပြောလိုက်ပါဦးမယ်။

အများသိကြတဲ့အတိုင်း ကမ္ဘာနဲ့ နေအကြားရောက်တဲ့အချိန်ကို(လကွယ်) လို့ သတ်မှတ်ကြတယ်လေ။

ဒါကြောင့် လပြည့်ရက်နဲ့ လကွယ်ရက်တွေမှာ နေနဲ့လရဲ့ နှစ်ပါးဆိုင်ဆွဲငင်အားကြောင့် ရေထုဟာ ပိုကြွလေ့ရှိပါတယ်။ အဲဒီရက်ကို 'ရေထရက်' လို့သတ်မှတ်ကြတယ်။

ဒီလပြည့်၊ လကွယ်ရဲ့ ကြားရက်တွေကျတော့ နေ၊ ကမ္ဘာ၊ လတွေဟာ ထောင့်မှန်အနေအထားနဲ့ နှစ်ကြိမ်ကျပါတယ်။ လဆန်း (၇)ရက်၊ လဆန်း (၈)ရက်နဲ့ လဆုတ် (၇)ရက်၊ လဆုတ် (၈)ရက်တွေမှာ နေဆွဲအားနဲ့လဆွဲအားဟာ ထောင့်မှန်အနေအထား ရောက်နေတာဆိုတော့ လရှိတဲ့ဘက်နဲ့ လရဲ့ဖီလာဘက်မှာ တစ်ခုနဲ့တစ်ခု ဆန့်ကျင်ပြီး ရေထုဟာ အရှိန်သေသွားတယ်။ အဲဒီရက်ကို ရေသေရက်လို့ သတ်မှတ်ကြပါတယ်။

ဒီရေနဲ့ ပတ်သက်တဲ့အကြောင်း ပြောရရင်တော့ မကုန်နိုင်ပါဘူး။ ဒကာကြီးတို့အတွက် အရေးပါမယ့်သိထားသင့်တာကို အရင်းရှင်းပြရတာပါ။ ဒါမှလည်း သဘာဝယုတ္တိရှိပေမပေါ့။ ဒီတော့ ဒကာကြီးတို့ အဓိကမှတ်ရမှာက လစဉ်လတိုင်း လဆန်းရက်ဖြစ်ဖြစ်၊ လဆုတ်ရက်ဖြစ်ဖြစ် (၁၂) ရက်၊ (၁၃) ရက်၊ (၁၄) ရက်၊ (၁၅) ရက်၊ (၁) ရက်၊ (၂) ရက်၊ (၃) ရက်၊ (၄) ရက်နေ့တွေကို ရေထရက်လို့ ခေါ်ပါတယ်။

သာဓကအနေနဲ့ ပြောရမယ်ဆိုရင် အဲဒီရေထရက်တွေမှာ မြန်မာပြည်အရပ်ရပ်က ငါးပိအိုးတွေထဲမှ ငါးပိရည် (ငံပြာရည်) တွေ အလိုလိုပြည့်လျှံကျနေတာ တွေ့ရပါမယ်။ လဆန်း၊ လဆုတ် (၁၅)ရက်နဲ့ (၁)ရက်နေ့တွေဟာ အလွန်ရေထကြမ်းတဲ့ကာလတွေပဲပေါ့။

အဲဒီလိုပဲ လစဉ်လတိုင်း လဆန်းရက်ဖြစ်ဖြစ်၊ လဆုတ်ရက်ဖြစ်ဖြစ် (၅) ရက်၊ (၆) ရက်၊ (၇) ရက်၊ (၈) ရက်၊ (၉) ရက်၊ (၁၀) ရက်၊ (၁၁) ရက်နေ့တွေကို ရေသေရက်လို့သတ်မှတ်ကြပါတယ်။ ရေထရက်ကုန်လို့ ရေသေရက်ရောက်တာနဲ့ ငါးပိအိုးထဲကအရည်တွေ သူ့အလိုလိုခန်းခြောက်သွားတာပဲဗျ။

ရေထရက်တွေမှာ ပင်လယ်ရေပြင်ဟာ နဂါးတစ်ကောင်မာန်စောင်လာသလို လှိုင်းတံပိုးကြီးတွေ မောက်ကြွပြီး အရှိန်ပြင်းပြင်းနဲ့ တလိပ်လိပ်တက်လာလေ့ရှိပါတယ်။

အဲဒီအချိန်ဆိုရင် လှိုင်းလေမငြိမ်မသက်ဖြစ်လာပြီး ရေစီးပါကြမ်းလာတယ်။ ကမ်းခြေတွေမှာရှိတဲ့ ကျေးရွာတွေဆိုရင် ပင်လယ်ရေတွေ ချက်ချင်းဖုံးလွှမ်းကုန်ရော။ ရေထရက်မှာ ဒီတက်လာပြီဆိုရင် ကြောက်မက်ဖွယ်အသံကြီးကို ခပ်ဝေးဝေးကတည်းကကြားရတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ပင်လယ်ကမ်းခြေမှာ နေရတဲ့သူတွေ၊ ပင်လယ်ပြင်ကြီးကို မှီခိုအားထားပြုပြီး အသက်မွေးဝမ်းကျောင်း နေရတဲ့သူတွေဆိုရင် ကောင်းကင်ပြင်ကြီးနဲ့ ပင်လယ်ရေပြင်ကြီးရဲ့မာယာများမှုတွေကို လေအနံ့ရေအနံ့တွေကို ရှူရှိုက်ရင်း သိကြတယ်။ အဲဒီနည်းတွေနဲ့ ရာသီဥတုအနေအထားကို အကဲခတ်နိုင်ကြ၊ ခန့်မှန်းနိုင်ကြတယ်။

ကဲ - ဒီလောက်ဆိုရင် ဒီရေအကြောင်း ထိုက်သင့်သလောက် သိပြီပေါ့ဗျာ"

✤

၁၃၂၄ ခုနှစ်၊ တော်လှန်ရေး အစိုးရတက်ခါစပေါ့။ ဘုန်းကြီး ပဲခူးတိုင်းဒေသကြီး ဖလေးရွာ ကျိုက်မက်ကော်စေတီတော်ကြီးမှာ အဓိဋ္ဌာန်ဝင်ပြီး တရားအားထုတ်ခဲ့ပါတယ်။ အဲဒီမှာ သီတင်းသုံးနေတုန်း ရဟန်းတော်ကြီး တစ်ပါး ကြွရောက်လာပြီး ဘုန်းကြီးကို ချီးမြှင့်ခဲ့တဲ့နည်းကို ဒကာကြီးတို့ကို ဓမ္မဒါနအဖြစ် ပေးမှာပါ။

ဒီနည်းဟာ အလွန်လက်တွေ့ဆန်ပြီး ထူးခြားထက်မြက်တဲ့ ကျင့်စဉ်ဆိုတာကတော့ ဘုန်းကြီးလက်တွေ့ကျင့်နေတာမို့ အထူးမညွှန်းလိုပါဘူး။ ကျင့်စဉ်နာမည်ကို 'ဒီပါအေးမြ-ဒီရေကျင့်စဉ်' လို့ ဘုန်းကြီးအမည်ပေးခဲ့ပါတယ်။ ဘုန်းကြီးအကျိုးထူးတွေ၊ ကောင်းကျိုးချမ်းသာတွေ ရရှိသလို ဝေနေယျအပေါင်းကိုလည်း ထပ်တူမျှဝေခံစားစေချင်ပါတယ်။

'ဒီပါအေးမြ - ဒီရေကျင့်စဉ်' ဆိုတာ မေတ္တာကျင့်စဉ်သက်သက်ပါပဲ။ ဒီနေရာမှာ အချိန်ယူပြီး ဒီရေနဲ့ပတ်သက်တာလေးကို မပြောမဖြစ်လို့ ပြောရတာပါ။ အဓိကတော့ဗျာ။ နေတို့၊ လတို့ရဲ့ ဆွဲငင်အားဟာ ပင်လယ်ရေပြင်ကြီးတစ်ခုလုံးကို ကြွမြောက်လာအောင် ဆွဲနိုင်တယ်ဆိုတဲ့အချက်ပါပဲ။

တနင်္ဂနွေဂြိုဟ် ဆိုတဲ့ နေမင်းနဲ့ တနင်္လာဂြိုဟ်ဆိုတဲ့ လမင်းကြီးတို့ရဲ့ ဆွဲငင်လိုက်တဲ့အထဲမှာ ကမ္ဘာမြေကြီးပေါ်က အေးမြတဲ့မေတ္တာဓာတ်တွေ၊ သစ္စာဓာတ်တွေပါသလို မကောင်းတဲ့ ဓာတ်တွေလည်း ပါတယ်ဆိုတာ ဒကာကြီးတို့ လက်ခံမလား"

ကျွန်ုပ်တို့လည်း ကိုယ်ဉာဏ်မမီသော သဘာဝမို့ ဘယ်လိုပြန်လျှောက်ထားရမည်မသိအောင် ဖြစ်သွားပါသည်။ ဤသို့ ကြောင်အမ်းအမ်းဖြစ်နေစဉ် -

"ဘုန်းကြီးနဲ့တွေ့ဆုံခဲ့ရတဲ့ ရဟန်းတော်ကြီး မိန့်ကြားတဲ့စကားနဲ့ပြောရရင် လမင်းကြီးက ကမ္ဘာ့မြေပြင်၊ ရေပြင်ကို ဆွဲငင်မှုအား အများဆုံးကာလတွေမှာ ကမ္ဘာမြေကြီးပေါ်က သူတော်စင်သူတော်မြတ်တွေ နေ့စဉ် ဖြန့်ကြက်ပို့လွှတ်နေတဲ့ မေတ္တာဓာတ်တွေ၊ မေတ္တာလှိုင်းတွေ၊ ဓာတ်ကောင်းဓာတ်မြတ်တွေဟာ လောကဓာတ်တစ်ခွင်လုံး ပျံ့နှံ့အောင် ရောက်တယ်တဲ့ဗျ။

အထူးသဖြင့် ရေထရက်အချိန်တွေမှာ ဗုဒ္ဓရဲ့ပြုဖွယ်ပဋိပတ်စွတွေ ဆောင်ရွက်ပြီးတာနဲ့ သစ္စာပြု၊ အဓိဋ္ဌာန်တင်ပြီး မေတ္တာဘာဝနာပွားတဲ့အလုပ်ကို လုပ်ရပါမယ်။

သူတော်စဉ်သူတော်မြတ်တွေဓာတေ့ အမြဲ မေတ္တာဓာတ်တွေ ဖြန့်ဝေထုံမွမ်းနေကြတဲ့ပုဂ္ဂိုလ်ကြီးတွေမို့ ဆိုစရာမရှိပေမယ့် နေ့စဉ် သားကျွေးမှု၊ မယားကျွေးမှု၊ စားဝတ်နေရေးသောကတွေနဲ့ လုံးလည်လိုက်နေကြရသူတွေ၊ မိမိကိုယ်ပိုင်အချိန်လေးထဲက နည်းနည်းလောက် အချိန်ယူပြီး ယုံကြည်မှုရှိရှိနဲ့ စွဲစွဲမြဲမြဲလုပ်နိုင်ကြမယ်ဆိုရင် တန်ဖိုးဖြတ်မရတဲ့အကျိုးတရားတွေ သေချာပေါက်ရမှာဗျ။

ကံဇာတာ စန်းလင် ညှိုးဖျင်းနေသူတွေ၊ သောကမီးလောင်မြိုက်ခံနေရသူတွေ၊ စီးပွားပျက်မတတ် ကြုံနေရသူတွေ၊ ဘေးဥပဒ်အန္တရာယ်နဲ့ရင်းပြီး အသက်မွေးဝမ်းကျောင်းနေရသူတွေအတွက်ကတော့ အလွန်ကောင်းတဲ့ ကျင့်စဉ်ပါပဲ။

ဒကာကြီးတို့ ကြားဖူး၊ မြင်ဖူးကြမှာပေါ့။ ဘုန်းတော်ကြီးတွေ၊ သူတော်စင်သူတော်မြတ်ကြီးတွေ ပရိတ်၊ ပဋ္ဌာန်းတွေ ရွတ်ဖတ်သရဇ္ဈာယ်နေရင်း ပရိတ်ရေ ပရိတ်ဆီတွေဆူဝေလျှံကျလာတယ်ဆိုတာ ဒီသဘောတွေပါပဲ။ နေတွေ၊ လတွေရဲ့ ဆွဲငင်အားတွေကြောင့် ဒီရေတွေ မောက်ကြွလာသလို ပရိတ်မေတ္တာဘာဝနာတွေရဲ့ စွမ်းအင်သတ္တိထူးတွေကြောင့် ပရိတ်ရေ ပဋ္ဌာန်းရေတွေ ဆူဝေလျှံကျရတာ သာဓကပါပဲ။

လောကသဘာဝတရားတွေဟာ 'တိမ်မယောင်နဲ့နက်၊ လွယ်မယောင်နဲ့ခက်' ဆိုတဲ့ စကားလိုပေါ့ဗျာ၊ နည်းမှန်လမ်းမှန် ဖွဲ့စိတ်သန်ဖို့ပဲ လိုပါတယ်"

ဘုန်းတော်ကြီး သေချာစွာ ရှင်းပြမှ ကျွန်ုပ်တို့မှာ တဖြည်းဖြည်း ဉာဏ်အလင်းဓာတ်များ၊ ဓမ္မဓာတ်များ ကူးစက်လာပါတော့သည်။ တစ်ခါမှ မကြားဘူး၊ မသိဘူး၊ မဖတ်ဘူးခဲ့သော အကျင့်မြတ်ဖြစ်၍ အလွန်ဝမ်းမြောက်ပီတိဖြစ်ကြရပါသည်။

ဘုန်းတော်ကြီးကိုယ်တိုင် နေ့စဉ်လက်ခံကျင့်သုံးအားထုတ်မှုပြုနေသော ဒီပါအေးမြ - ဒီရေကျင့်စဉ်အပေါ်တွင် သံသယပွားဖွယ် မရှိတော့ပါ။ သက်ရှိသက်မဲ့တို့ကို လိုရာဆွဲယူနိုင်သော အလင်းရောင်စွမ်းအား၊ သက်မဲ့ဖြစ်သော ပင်လယ်၊ သမုဒ္ဒရာနှင့် ငါးပိအိုးပါမကျန် တက်စေ၊ ကျစေနိုင်သော လမင်း၊ နေမင်းတို့၏အသံတိတ်စွမ်းအားကို လျှော့တွက်၍မရပါ။

ကျွန်ုပ်တို့နေသော ကမ္ဘာကြီးအား သဘာဝတရားတစ်ခုက ထိန်းချုပ်ပဲ့ကိုင်မှုပြုနေသည်ကို ငြင်းချက်ထုတ်၍ရပါမည်လော။ ဤနေရာတွင် စွယ်စုံကျော်ထင် ဝိသောဓနီကျမ်း၌ ဖတ်ရှုမှတ်သားခဲ့ကြသည်ကို မူလကျမ်းရင်း သတ်ပုံအတိုင်း ဗဟုသုတအဖြစ် တင်ပြအပ်ပါသည်။

မဟတ္တ စန္ဒကန္တ မဏိ ပဗ္ဗတာနံ - ဟူသော သဒ္ဒန္တရိက်နိမိတ်ကို ထောက်ချင့်၍ သမုဒ္ဒရာပွားစီးဆန်တက်ခြင်းကား တနင်္လာဂြိုဟ် တည်းဟူသော လရောင်ကြောင့် ဖြစ်သည်ဟု သန္နိဋ္ဌာန်ကျမှတ်သင့်လှ၏။

ဒုတိယတက်ခြင်းကား တနင်္ဂနွေဂြိုဟ် တည်းဟူသော နေကြောင့် ဖြစ်၏။ မဟာသမုဒ္ဒရာ၌ ဝေရမ္ဘလေနှင့်တူသော ကြီးစွာသောလေသည်ထလတ်၍ သမုဒ္ဒရာကိုတက်စေ၏။ ကြီးစွာသောလေကြောင့် သမုဒ္ဒရာရေတက်၏။

တနင်္ဂနွေဂြိုဟ် တည်းဟူသော နေကြောင့် ကြီးစွာသောလေ ဖြစ်၏။ ကရဏာသ ကာရဏံ ကရဏနွေဝတ္တတိ' ဟူသော စကားအရ တနင်္ဂနွေဂြိုဟ် တည်းဟူသောနေကြောင့် သမုဒ္ဒရာဒီရေတက်၏ဟု ဆို၏။

ဒီရေစုန်ဆန်ကျတက်မှုကို ဖြစ်စေတတ်သည့်အကြောင်းရင်းဖြစ်ကုန်သော လ၊ နေတို့၏ မဖောက်မပြန် အချိန်မှန်သွားသည့်အဖြစ်ကြောင့်၊ လ,နေတို့ကြောင့်ဖြစ်သော ဒီရေသည်လည်း အချိန်မှန်ပင် စုန်ဆန်၊ ကျတက်သည်ဟု ပြဆိုထားပါသည်။

ဘုန်းတော်ကြီးမှာ မေတ္တာဓာတ်ကြီးမားသူ ဖြစ်ကြောင်း သူ၏ ငြိမ်းချမ်းနေမှုကို သူ၏စကားနှင့် သူ၏တရားက သက်သေပြနေပါသည်။ ကျွန်ုပ်တို့၏ သိချင်မှု၊ လိုချင်မှုတစ်ခုသည် ဘုန်းတော်ကြီး၏တရားအားထုတ်ချိန်ကို အနှောင့်အယှက်ပေးသကဲ့သို့ဖြစ်နေ၍ လွန်စွာအားနာနေမိပါသည်။

ကျွန်ုပ်တို့စိတ်ထဲ အားတုံ့အား



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေမှုကို အကဲခတ်မိပုံရပါသည်။

"ဒကာကြီးတို့၊ အခုအချိန်မှ ဘာမှအားနာမနေနဲ့တော့။ ဘုန်းကြီး ဆွမ်းစားဝင်မယ့်အချိန်ကလိုပါသေးတယ်။ ဘုန်းကြီးနဲ့ဒကာကြီးတို့ နောက်တစ်ကြိမ် ပြန်ဆုံဖို့ဆိုတာ မလွယ်ဘူးလေ။ ဘုန်းကြီးရဲ့ကျင့်စဉ်နဲ့ ဆက်နွယ်ပတ်သက်နေတဲ့ ရှင်းပြရတာပါ။

ကုသိုလ်တရားတွေ အမြဲတိုးပွားဖို့ အာရုံကောင်းတွေရအောင် ကြံဆောင်အားထုတ်နေတာဟာ စိတ်ရဲ့အားဆေးပဲ ဒကာကြီးရဲ့။ ဒါကြောင့် ကိုယ်လုပ်နေတဲ့အလုပ်ကို ပီတိဖြစ်အောင် လုပ်ဖို့လိုတယ်။ တစ်နည်းအားဖြင့် မိမိရဲ့ ကမ္ဘာကြီးကို ကောင်းတဲ့နေရာမှာ အသုံးချတတ်ရမယ်။ ဒါသိပ်အရေးကြီးပါတယ်။

အတွင်းရန်၊ အပြင်ရန်တွေနဲ့ အမြဲရင်ဆိုင်နေရသူဟာ လူတွေပဲ မဟုတ်လား ဒကာကြီး။ ပုထုဇဉ်ရဲ့သဘာဝကိုက ကိလေသာကင်းနေတဲ့အချိန် အလွန်နည်းသကိုးဗျ။ ဒါကလည်း သိသိကြီးနဲ့ သိချင်ယောင်ဆောင်တတ်တဲ့ လူတွေနဲ့ ဗီဇစရိုက်အမှန်ပဲလေ။

ဒီကနေ့ ကမ္ဘာကြီးမှာ ရုပ်ဝတ္ထုတွေ ဘယ်လောက်ပဲ တိုးတက်နေပါစေ လူသားအချင်းချင်း မေတ္တာကင်းပျောက်ပြီး အတ္တတွေ ကြီးစိုးလွှမ်းမိုးနေသမျှ ကမ္ဘာကြီးဟာ ဖောက်လွဲဖောက်ပြန်မှုတွေ ပိုများလာမှာပဲ။ ဘာဖြစ်လို့လဲသိလား။ ပုထုဇဉ်လူသားတွေ တစ်နေ့တစ်နေ့ စက္ကန့်အမျှ ထုတ်လွှတ်နေတဲ့ အတ္တခိုးတွေ၊ ကိလေသာအဆိုးဓာတ်၊ အမွေဓာတ်တွေက ကမ္ဘာကြီးကိုတစ်နေ့တခြား ဖုံးလွှမ်းလာနေလို့ပဲဗျ။

ကဲ - ဒီလောက်ဆိုရင် ဒကာကြီးတို့ သဘောပေါက်လောက်ပါပြီ။ အဲဒီတော့ ဘုန်းကြီးရဲ့ ဒီပါအေးမြ-ဒီရေကျင့်စဉ်ဆောင်ရွက်နည်း၊ အဓိဋ္ဌာန်ပြုနည်းကို ပြောပါမယ်။

အဓိက ထူးထူးခြားခြား မေတ္တာပို့ရမှာကတော့ လစဉ်လတိုင်းမှာ နေနဲ့ လရဲ့ ဆွဲငင်အားအများဆုံး ရေထရက်လို့သတ်မှတ်ထားတဲ့ လဆန်း၊ လဆုတ် (၁၂) ရက်၊ (၁၃) ရက်၊ (၁၅) ရက်၊ (၁) ရက်၊ (၂) ရက်၊ (၃) ရက်၊ (၄) ရက်တွေပါပဲ။

အဲဒီရက်တွေဟာ စကြဝဠာကြီးနဲ့ ထူးခြားတဲ့ရက်တွေဖြစ်လို့ နေ့စဉ်ပုံမှန် မေတ္တာပို့နေကျထက် အချိန်ပိုပေးပြီးပို့ကြ ပွားကြစေချင်ပါတယ်။ ဒီနေရာမှာ ဘုန်းကြီး တိုက်တွန်းချင်တာတစ်ခုရှိပါတယ်။ အဲဒါက စားဝတ်နေရေးအတွက် ပင်ပန်းကြီးစွာ ရုန်းကန်ရှာဖွေကြရတဲ့ ပုဂ္ဂိုလ်တွေကို ဒီမေတ္တာကျင့်စဉ် ပြုလုပ်စေချင်တာပါ။

မူလဘာဝအနေအထားထက် ထူးခြားတိုးတက်စေချင်တဲ့ မေတ္တာစေတနာပါ။ မေတ္တာဘယ်လိုပို့ရမလဲဆိုတာကတော့ ဘုန်းကြီး အကျယ်တဝင့် မရှင်းပြတော့ဘူး။ ရှေးသူတော်စင်သူတော်မြတ်တွေ၊ ရဟန်းပညာရှိ၊ လူပညာရှိတွေ ဟောပြောရေးသားကြတဲ့နည်းနာအတိုင်း ပို့ကြပွားကြပါ။

အရေးကြီးတာက အဲဒီရက်တွေမှာ အဓိဋ္ဌာန်မတင်နိုင်တောင်မှ အချိန်ယူပြီး မေတ္တာကို ကြိမ်ဖန်များစွာပွားစေချင်ပါတယ်။ အဲဒီပို့တဲ့မေတ္တာကလည်း ဒကာကြီးတို့ရဲ့ နှလုံးအိမ်ဟဒယထဲက စိမ့်ထွက်လာပြီး အေးမြတဲ့မေတ္တာဓာတ် ဖြစ်နေဖို့ပါပဲ။

အဲဒီတော့ ဒီကျင့်စဉ်ကို စတင်ဆောင်ရွက်ပြီဆိုရင် ဗုဒ္ဓရဲ့ပုဗ္ဗကိစ္စပြုဖွယ်ရာများကို အရင်ဆောင်ရွက်ရပါမယ်။ ပြီးရင် အရိယာသူတော်စင်သူတော်မြတ်တွေရဲ့မေတ္တာကို ခံယူတာနဲ့ မေတ္တာပို့သတာကို လုပ်ပါ။

အရိယာသူတော်စင်သူတော်မြတ်ကြီးများ နေ့စဉ် ကျင့်ကြံ ပွားများ ပို့သလျက်ရှိသော မေတ္တာဓာတ်မြတ်ဓာတ်ကောင်းများကို တပည့်တော် ခံယူပါတယ်ဘုရား။ တပည့်တော် ပို့သသော မေတ္တာဓာတ်များကိုလည်း အရိယာသူတော်စင်သူတော်မြတ်ကြီးတို့ ရရှိပြီး ရဟန်းတရားများ၊ သူတော်ကောင်းများကို နေ့ ညမလပ် ကျင့်ကြံပွားများ အားထုတ် ပေါက်မြောက်ပြီး နိဗ္ဗာန်ထုတ်ချောက် မျက်မှောက်ပြုနိုင်ကြပါစေလို့ မေတ္တာပို့သကြပါ။

အလွယ်ဆုံးပြောရရင် မေတ္တာပို့နည်း (၂) နည်းရှိတဲ့အနက် ဩဓိသမေတ္တာ ဆိုတဲ့ ပုဂ္ဂိုလ်သတ္တဝါ၊ နေရာဒေသ ပိုင်းခြားကန့်သတ်ပြီး ပို့သတဲ့နည်းနဲ့ အနောဓိသမေတ္တာဆိုတဲ့ ပိုင်းခြားကန့်သတ်ချက်မရှိဘဲ သတ္တလောကတစ်ခုလုံးကို ဖြန့်ကြက်ပို့သရတဲ့နည်း ရှိတယ် မဟုတ်လား။

ဒီနှစ်နည်းလုံး ပို့ရပါမယ်။ ဒီနေရာမှာ ဘုန်းကြီးရဲ့ဆန္ဒကတော့ အနောဓိသမေတ္တာကိုဦးစားပေးပြီးပို့စေချင်ပါတယ်။ လိုသလောက်မရပေမယ့် လုပ်သလောက်တော့ ရနိုင်ပါတယ် ဒကာကြီး။ လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုးတွေ မလိုချင်လည်းရ၊ လိုချင်လည်းရပါတယ်။ ဘုန်းကြီးကိုယ်တွေ့မို့ တိုက်တွန်းရတာပါ။

ဒီနေရာမှာ စကြဝဠာအနန္တနဲ့ သုံးဆယ့်တစ်ဘုံသားတွေကို မေတ္တာပို့ပြီးတာနဲ့ နေပီမာန်စောင့်နတ်မင်းကြီး၊ လပီမာန်စောင့်နတ်မင်းကြီးနဲ့ မိုးနတ်မင်း၊ လေနတ်မင်းတို့ကို အထူးမေတ္တာပို့ရပါမယ်။

ကမ္ဘာကြီးရဲ့ ဖောက်ပြန် ပျက်စီးလာမှုဟာ လူသားတွေရဲ့အတ္တတွေ အရင်းခံပဲ ဆိုတော့ ဒီလူသားတွေရဲ့မေတ္တာရည်မေတ္တာဓာတ်တွေ၊ မေတ္တာလုပ်ရပ်တွေနဲ့ လွှမ်းခြုံပေးဖို့၊ ထိန်းကျောင်းပေးဖို့၊ ဆေးကြောဖာထေးပေးဖို့ အလွန်လိုအပ်ပါတယ်။

ဘုန်းကြီးတို့၊ ဒကာကြီးတို့ရဲ့ဘဝ လက်ကျန်အချိန်တွေကလည်း ရေတိုက်စားခံနေရတဲ့ကမ်းပါးလို ဖြစ်နေတာကို သိလျက်နဲ့ ကမ္ဘာကြီးတဖြည်းဖြည်းပျက်စီးနေတာကို လျစ်လျူမရှုသင့်ဘူးပေါ့ဗျာ" တဲ့။

ဓုတင်ကျင့်ဆောင် ဘုန်းတော်ကြီး၏ အဆုံးအမ ဩဝါဒများကို ခံယူ၍ ကုသိုလ်ပီတိများရယူလာခဲ့သော ကျွန်ုပ်တို့၏ ဓမ္မခရီးကား နှစ်လိုဖွယ်အပြည့် ချမ်းမြေ့လှပေစွ။

ဤနေရာ၌ ကျွန်ုပ်သည် 'မီးပြသမား တွင်းကျွံမှား' မဖြစ်ရလေအောင် မှတ်စုစာအုပ်တွင် မှတ်သားခဲ့သမျှ ဘုန်းတော်ကြီး၏ ဒီပါအေးမြ-ဒီရေကျင့်စဉ် မိန့်မှာချက်များကို ဓမ္မဒါနအဖြစ် ပြန်လည် ကုသိုလ်ပြုလိုက်ရပါတော့သည်။

*(ကျောက်ကြီးမြို့ ရှင်သီဝလိ ရဟန္တာမြတ်ကြီး၏ခြေတော်ရာ ကိန်းဝပ်သည့် ခြေတော်ရာတောင်တော်၌ ခေတ္တဖူးမြော်ခွင့်ရခဲ့သော ဓုတင်ကျင့်ဆောင် ရဟန်းတော်မြတ်ကြီးအား ဦးခိုက် ရှိကျိုးရှိခိုးအပ်ပါသည်။)*

နက်ရှိုင်းသော ဘဝအမှောင်ထုကြီးကို မေတ္တာလက်နက်ဖြင့် ထွင်းဖောက်နိုင်ကြပါစေ။

ဖေမောင် (ညောင်လေးပင်)

**မှီငြမ်း -**

၁။ ၂၀၀၄ ခုနှစ်၊ မတ်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ အမှတ်(၂၁၂) ဆရာမင်းသစ္စာလှိုင်(ကဒုံကနီ)၏ မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေဒေသများမှ အံ့သြဖွယ်ရာဖြစ်ရပ်ဆန်းများ (၈)

၂။ စွယ်စုံကျော်ထင်ဝိသောဓနိကျမ်း



www.burmeseclassic.com

www.burmeseclassic.com



(အိပ်မက်ကျွန်း)

# ညိုလင်းထက်

## မေတ္တာရောင်စဉ်လွှမ်းစေချင်

✤ သူများအကျိုး ပျက်စီးစရာကို ဘယ်သောအခါမှ မလုပ်နဲ့၊ မပြောနဲ့၊ မကြံနဲ့၊ ကြမ်းတမ်းသောစကားကို မဆိုနဲ့။

✤ မေတ္တာနှင့်ယှဉ်သောစိတ်ကိုဖြစ်စေရမည်။

✤ အကောင်းကြံ၊ အမှန်လုပ်၊ အဟုတ်ပြော။

✤ ယခုလက်ရှိထက် ကောင်းသောအချိန်မရှိ။
လက်ရှိအချိန်ကို နိဗ္ဗာန်အထိ အကျိုးရှိအောင်သုံးပါ။

မင်းကွန်းဆရာတော်ဘုရားကြီး
ဦးဝိစိတ္တသာရာဘိဝံသ

ကျွန်ုပ်သည် အထက်ပါ မင်းကွန်းဆရာတော်ဘုရားကြီး၏ ဩဝါဒကထာကို လွန်စွာမှပင် နှစ်ခြိုက် မြတ်နိုးမိပါသည်။ သို့အတွက်ကြောင့် လိုက်နာစောင့်ထိန်းနိုင်အောင် ကြိုးစားခဲ့သည်။ ကျွန်ုပ် တင်ပြလိုသည့် အကြောင်းအရာမှာ မေတ္တာနှင့်ယှဉ်သောစိတ်ကို လူသားအားလုံး၏ရင်ထဲမှာ ပွားများကျင့်ကြံစေလိုသောဆန္ဒကို ရည်ရွယ်ပါသည်။ ယနေ့ကမ္ဘာပေါ်၌ ရှင်သန်နေထိုင်ကြသော လူသားအားလုံး မေတ္တာနှင့်ယှဉ်သောစိတ်ကိုမွေးစေချင်သည်။ ကျင့်ကြံအားထုတ်စေချင်သည်။ သို့မှသာ ဤကမ္ဘာကြီးပေါ်၌ တစ်ဦးနှင့်တစ်ဦး၊ တိုင်းပြည်တစ်ခုနှင့်တစ်ခု ဖြစ်ပွားနေသော စစ်မီးများ ငြိမ်းအေးကြပေမည်။ အာဃာတများ၊ အမုန်းတရားများ၊ နိုင်လိုမင်းထက်မှုများ ကြီးစိုးနေသော ဤကမ္ဘာကြီးပေါ်ရှိ လူသားတို့၏ ပူလောင်နေသောစိတ်များ အေးချမ်းစေချင်သည်။ စစ်မီးများကြောင့် ငတ်မွတ်ခြင်းဘေး၊ အစွန်းရောက်ဝါဒများကြောင့် ကြုံတွေ့ခံစားနေရသော အသက်ဘေးတို့မှ လွတ်ကင်းစေချင်သည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းကြောင့် ကြုံတွေ့နေရသော မိုးခေါင်ရေရှား၊ အစာရှားပါးခြင်း၊ ရောဂါဘယထူပြောခြင်း၊ ရောဂါဆန်းများပေါ်ပေါက်လာခြင်း၊ ဆူနာမီလှိုင်းများ,လေမုန်တိုင်းတို့ကြောင့် သတ္တဝါအားလုံးဘေးဒုက္ခ ကြုံတွေ့ခဲ့ကြပေသည်။

ကျွန်ုပ်တို့ မြတ်ဗုဒ္ဓ၏ အဆုံးအမကို လိုက်နာ ကျင့်ကြံကြဖို့ လိုအပ်



www.burmeseclassic.com

www.burmeseclassic.com

မည်။ ကျွန်ုပ်တို့ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များအနေဖြင့် မေတ္တာတရားကို ကမ္ဘာသူကမ္ဘာသားများအတွက် တိုး၍ပွားများပေးကြပါရန်လည်း နှိုးဆော်အပ်ပါသည်။

ကျွန်ုပ်သည် နိုင်ငံ့ဝန်ထမ်း စစ်မှုထမ်းဘဝဖြင့် ရပ်တည်ရှင်သန်နေရသူဖြစ်ပါသည်။ အခါအားလျော်စွာ နယ်မြေဒေသအမျိုးမျိုးသို့ ခရီးထွက်နေရ၏။ ကျွန်ုပ်သွားရောက်ခဲ့ရသောဒေသများမှ ကြုံတွေ့ခဲ့ရသော ကိုယ်တွေ့အဖြစ်အပျက်များထဲမှ မေတ္တာပို့သခြင်းနှင့်သက်



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်သော အကြောင်းအရာအချို့အား ဖော်ပြပေးလိုပါသည်။

**အန္တရာယ်ကြားကတာဝန်**

၂၀၀၂ ခုနှစ်၊ နွေရာသီ။

ကျွန်ုပ်သည် တာဝန်ထမ်းဆောင်နေသော လက်ရုံးတပ် (သို့) ထောက်ပံ့ရေးတပ်မှ တာဝန်ဖြင့် ယခင် MTA ဦးခွန်ဆာ၏ဌာနချုပ်ရှိခဲ့ရာ ဟိုမိန်းဒေသတစ်ခွင်မှ မိမိတပ်များ စားသုံးရန် ရိက္ခာစုပုံရေးအတွက် ခရီးထွက်ခဲ့၏။ ကျွန်ုပ်တို့ သွားရောက်ရသော လမ်းခရီးသည် အလွန်ပင် ကြမ်းတမ်းပါ၏။ မိုးရာသီကာလ၌ သွားလာရန် မလွယ်ကူသော မြေလမ်းဖြစ်ပြီး ရှမ်းတပ်မတော် စိုးမိုးခြေကုပ်ယူရာ နယ်မြေအတွင်းဖြစ်သည့်အတွက် အန္တရာယ်လည်းများလှပါသည်။ မိမိတို့ရိက္ခာစစ်ယာဉ်တန်းများအား ရှမ်းတပ်မတော်မှ အခွင့်သင့်လျှင်သင့်သလို ချုံခိုတိုက်ခိုက်တတ်သေး၏။ လမ်းအနေအထားအရကလည်း ရှမ်းပြည်နယ်၏ တောင်တန်းများပေါ်မှ ဖြတ်သန်းသွားလာရခြင်းဖြစ်ကာ အတက်ချည်း၊ အဆင်းချည်းများ၊ အကွေ့အကောက်များ လွန်စွာပင် ပေါများပါသည်။

စာရေးသူတို့ ရိက္ခာစုပုံရေးအဖွဲ့ လင်းခေးမြို့မှ သံလွင်မြစ်ကမ်းခြေရှိရာ တာဆွတ်တိန်းအထိ နမ့်မတိန်းချောင်းနှင့်ယှဉ်၍ဖောက်ထားသောလမ်းမှသွားခဲ့ရသည်။ မြင့်မားသော တောင်ကမ်းပါးယံများမှသွားရသောအက်(စ်)တွေ့သည် အလွန်နာမည်ကြီး၏။ စစ်ယာဉ်များအနေဖြင့် စက်ချို့ယွင်းသွားပါက ပျပျသာမြင်ရသော နမ့်မတိန်းချောင်းရှိရာ ချောက်ကြီးအတွင်း ထိုးဆင်းသွားသော် မတွေးဝံ့စရာပေ။ ကျွန်ုပ်တို့တပ်ဖွဲ့မှ ယာဉ်မောင်း ဝါရင့်ပုဂ္ဂိုလ်ကြီးများ၏ ကျေးဇူးကြောင့်သာ အန္တရာယ်ကင်းဘေးရှင်းခဲ့ခြင်း ဖြစ်ပေသည်။

သံလွင်မြစ်နှင့် နမ့်မတိန်းချောင်းဆုံရာအရပ်ကို တာဆွတ်တိန်းဟု ခေါ်ပေသည်။ ရှမ်းဘာသာကို ပြန်ဆိုရပါက (တာ - ဆိပ်ကမ်း၊ ကူးတို့ဆိပ်၊ ဆွတ် - ပါးစပ်၊ နှုတ်ခမ်း၊ တိန်း - နမ့်မတိန်းချောင်း) နမ့်မတိန်းချောင်းနှုတ်ခမ်းဝကဆိပ်ကမ်းဟု အဓိပ္ပာယ်ဖွင့်ဆိုရပေမည်။ ရာသီဥတုအနေအထားအရ အလွန်ဆိုးရွားပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးမြို့နယ်အတွင်းဖြစ်ကာ လင်းခေးသည် ရှမ်းပြည်နယ်၏အညာဒေသဖြစ်ပါသည်။ အညာဒေသကဲ့သို့ ဆီးပင်၊ ထနောင်းပင်၊ ထန်းပင်တို့ ပေါက်ရောက်ပြီး ဗာဂျီးနီးယားဆေးရွက်ပင်များလည်း စိုက်ပျိုးနိုင်၏။ ရာသီဥတုသည်လည်း အညာဒေသကဲ့သို့ ပူပြင်း၏။ ကျွန်ုပ်တို့ရောက်ရှိနေသော တာဆွတ်တိန်းမှာ သဲသောင်ပြင်ထွန်းနေ၍ သဲအပူရှိန်ကပြင်း၏။ သံလွင်မြစ်သည် ကျောက်တောင်ကျောက်ဆောင်များ ပေါများရာမှ စီးဆင်းလာခဲ့ရခြင်းကြောင့် သံလွင်မြစ်ရေသည် ရေခဲရေတမျှအေးစက်လှပါသည်။ အပြင်ပန်းပူသော ရာသီဥတုနှင့် အေးမြသော သံလွင်မြစ်ရေတို့နှင့်တွေ့သောအခါ ကျွန်ုပ်တို့စစ်သည်အတော်များများ အဖျားအနာထူပြော၏။ ငှက်ဖျားရောဂါမှာလည်း ထိုစဉ်အခါက အလွန်ပင် နှိပ်စက်သောရောဂါဖြစ်ခဲ့ပေသည်။

ကျွန်ုပ်တို့အဖွဲ့သည် သံလွင်မြစ်ကြီးအား တာဆွတ်တိန်းအနောက်ဘက်ကမ်းမှ ရိက္ခာစစ်ယာဉ်တန်းများကို စစ်အင်ဂျင်နီယာတပ်မှ ကူးတို့ဖောင်ကြီး (ပွန်တွန်း) ဖြင့် ဖြတ်ကူးပြီး အရှေ့ဘက်ကမ်းသို့ ရောက်ရှိပါသည်။ ကျွန်ုပ်တို့အဖွဲ့သည် စစ်ယာဉ်များဖြင့် သံလွင်မြစ်ကြီး၏ အရှေ့ဘက်ကမ်းမှနေ၍ မြစ်၏အထက်ဘက်သို့ မြစ်ကိုယှဉ်၍ဖောက်လုပ်ထားသောလမ်းအတိုင်း ခရီးဆက်နှင်ခဲ့လေ၏။ ပထမဆုံး ရိက္ခာစုပုံရာ ချောင်းချောက်စခန်း (ယာယီစခန်း)တွင် ရိက္ခာယာဉ်တန်းမှ ရိက္ခာများချပြီး ကျွန်ုပ်နှင့် တပည့်တစ်ယောက်တို့မှာ ချောင်းချောက်ရိက္ခာစုပုံစခန်း၏ အထက်ဘက်တောင်ကြောပေါ်မှသွားရသော ဂိုဒေါင်သစ်စခန်းတွင် တာဝန်ယူရန်အတွက် ဆက်လက် ထွက်ခွာခဲ့ရပေတော့သည်။ ဂိုဒေါင်သစ်စခန်းသို့သွားရာလမ်းသည် ကျောက်တောင်၏ဘေးကမ်းပါးယံများကို မှီတွယ်ဖောက်လုပ်ထားသဖြင့် လမ်းက ကျဉ်း၏။ အချိုးအကွေ့အတက်အဆင်းချည်းသာဖြစ်ပြီး အလွန်ပင် အန္တရာယ်များလှ၏။

**ရေရှားတဲ့လွိုင်ဆစ်မိုင်**

ဂိုဒေါင်သစ်စခန်းသည် တောင်ပေါ်စခန်းတစ်ခုဖြစ်ပြီး သံလွင်မြစ်ကမ်းခြေမှ (၁၀) မိုင်ဝေးရာအရပ်၌ရှိသောကြောင့် လွိုင်ဆစ်မိုင် (၁၀ မိုင်တောင်) ဟု ကျွန်ုပ်ဘာသာ နာမည်ပေးထားခြင်းပါ။ ကျွန်ုပ်သည် စစ်မှုထမ်းတစ်ဦးဖြစ်သော်လည်း ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်တို့ကို မမေ့။ ရောက်ရာအရပ်ဒေသတို့၌ မြတ်ဗုဒ္ဓကို မမေ့။ မြတ်ဗုဒ္ဓ၏ ဒေသနာတော် ပဋ္ဌာန်း၊ ပရိတ်များ ရွတ်ဖတ်ပွားများခြင်း၊ ခပ်သိမ်းသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့အား မေတ္တာပို့သခြင်းများ ကျင့်ကြံပွားများခဲ့သည်။ ထိုစဉ်အခါက စာရေးသူမှာ ကိုးနဝင်းအဓိဋ္ဌာန်ကျင့်စဉ်ကို ကျင့်ကြံအားထုတ်နေသောကာလလည်း ဖြစ်ပေသည်။

လွိုင်ဆစ်မိုင်စခန်းတွင် နေစဉ်အခါက ကျွန်ုပ်၌ တပည့်တစ်ယောက်ရှိပါသည်။ ၎င်းနာမည်မှာ တပ်သားကျော်ခိုင်ဖြစ်ပြီး နာမည်လှသလို ဖြူဖြူဖွေးဖွေးလေးတော့ မထင်လိုက်ပါနှင့်။ အိန္ဒိယအနွယ်ဗုဒ္ဓဘာသာဖြစ်၍ ကျွန်ုပ်က ကုလားလေးဟု ခေါ်လေသည်။ ကျွန်ုပ်တို့နေရသော လွိုင်ဆစ်မိုင်သည် နွေအခါတွင် ရေအလွန်ရှားပါသည်။ တာဆွတ်တိန်း-ဟိုမိန်းသွား ကားလမ်းပေါ်တွင်ရှိပြီး ကျွန်ုပ်တို့ ရိက္ခာစုပုံရေး ဂိုဒေါင်နှင့် ခြေလျင်တပ်အထိုင်စခန်းတို့ကြားမှ ကားလမ်းဖောက်လုပ်ထားခြင်းဖြစ်သည်။ ကျွန်ုပ်တို့နေထိုင်ရာ လွိုင်ဆစ်မိုင်တောင်ကြောနှင့် မျက်နှာချင်းဆိုင်တောင်ကြီး၏အလယ်ခနဲ့မှထွက်ရှိသော စမ်းရေအနည်းငယ်ကို ဝါးပိုးဝါးရေတံလျှောက်နှင့် သွယ်ယူ၍ သုံးရပါသည်။ တောင်ကြောနှစ်ခုဆုံရာ အောက်ခြေချိုင့်ဝှမ်းအတွင်းသို့ သွယ်ယူရပြီး တစ်ညလုံးနေမှ ရေတိုင်ကီတစ်လုံးနီးပါးခန့် ရရှိပါသည်။ တစ်ခါတစ်ရံ ချေ၊ ဝက်ဝံကျား၊ ကျားသစ် စသော တောကောင်ကြီးများ ညပိုင်းဖြတ်သန်းသွားလာစဉ် တိုက်ဖြတ်မိပါက ဝါးရေတံလျှောက်များပြုတ်ထွက်နေ၍ ထိုနေ့အဖို့ ရေမသုံးရတော့ပေ။ ရေရှားပါးသဖြင့် နံနက်လင်းသည်နှင့် ခြေလျင်စခန်းနှင့်လုံ၍ ရေခပ်ကြရ၏။ တောင်ပေါ်စခန်းဖြစ်သော လွိုင်ဆစ်မိုင်စခန်းတွင် အစားအစာ အလွန်ရှားပါသည်။

"ကျော်ခိုင်ရေ တို့ဒီနေ့ဘာဟင်းချက်မလဲ"

လို့ မမေးလိုက်နှင့်။

အနို့ ကုလားလေးက -

"ဆရာရေ ထုံးစံအတိုင်း ရိုးရာပေါ့"

ဟု ပြန်ပြောတတ်၏။

ရိုးရာ ဆိုသည်မှာ ရှမ်းတို့ရိုးရာ ပဲပုပ် ဖြစ်လေသည်။ တစ်ခါတစ်ရံ သောက်စိုး၍ ရရှိသော ဝါးရောင်းချဉ်ခွေး အချဉ်ဟင်းနှင့် ပဲပုပ်ထောင်းပိစပ်သော



www.burmeseclassic.com

www.burmeseclassic.com

တော့ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက်အတွက် အလွန်ပင် အရသာရှိ၏။

တပည့်ဖြစ်သူ ကျော်ခိုင်က -

"ဆရာ၊ ဒါမျိုး ဆီဒိုးနားမှာ စားလို့ မလွယ်ဘူးနော"

ဟု ပြောတတ်ပြန်ရာ -

"အေး- ဟုတ်တာပေါ့။ မင်းနဲ့ငါ ကောင်းကံကောင်းလို့ စားရတာကွ"

ဟု ပြန်ပြောရင်း ဆရာတပည့်နှစ်ယောက် အရွှန်းဖောက်မိကြသေး၏။

**တောင်စောင့်နတ်ကြီးနှင့်တွေ့ဆုံခြင်း**

ရှေ့တန်းစစ်ဆင်ရေးနယ်မြေဖြစ်၍ အချို့စစ်သည်များမှာ နေ့စဉ် လုပ်ဆောင်နေကြရသော တာဝန်များနှင့် ...န်းကြသည်ထင်။ ဘုရား၊ တရားမေ့...မေ့နေတတ်ကြ၏။အချို့က တောတောင်ထဲ စိတ်ပြေလက်ပျောက် ယမကာမှီဝဲသူက မှီဝဲကြသေး၏။ တစ်နေ့သောအခါ၌ စာရေးသူနှင့် အတူနေတပည့်ဖြစ်သူ ကျော်ခိုင်အား သံလွင်မြစ်ကမ်းခြေ တာဆွတ်တိန်းရှိ စာရေးသူ့ကိုအုပ်ချုပ်သူထံ ရိက္ခာရရှိမှု/တင်ပို့မှုအခြေအနေများ ...တိုက်ရန်နှင့် လိုအပ်သောပစ္စည်းများ ...ယူရန် စေလွှတ်လိုက်လေသည်။ ...တစ်ည၌ ရိက္ခာဂိုဒေါင်တွင် စာရေးသူ တစ်ယောက်တည်းသာ ရှိ၏။ ညမိုးချုပ်...သည်နှင့် ဂိုဒေါင်တံခါးကို လုံခြုံစွာပိတ်... အိပ်ရသည်။ အကြောင်းမှာ တောတောင်ကြီးပေါ်၌ဖြစ်၍ တောကောင်...များဖြစ်သော ကျား၊ ကျားသစ်နှင့် ...ပ်ကြီးများ၊ ပေါင်လုံးခန့်မြွေကြီးများ ...ကျွန်ုပ်ကိုယ်တိုင် တွေ့မြင်ခဲ့ရဖူးသော ...ကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့ ဂိုဒေါင်၏ ...လမ်းတစ်ဖက်ခြမ်းမှ ခြေလျင်တပ်...မှာ ခြံစည်းရိုးအထပ်ထပ် ကာရံ...သော်လည်း ကျွန်ုပ်တို့ဂိုဒေါင်မှာ ခြံ...စည်းရိုးအကာအရံမရှိချေ။ ကျွန်ုပ်သည် ဂိုဒေါင်တံခါးကို လုံခြုံစွာပိတ်ပြီး ညစာ...သောက်၏။ ထို့နောက် ဘုရားဝတ်...ပြု ပဋ္ဌာန်း၊ ပရိတ်တရားများရွတ်ဖတ်...ဖော်ပြီး ကိုးနဝင်းကျင့်စဉ် သတ္တမ...အဆင့်ကို ကျင့်ကြံပွားများကာ အိပ်ရာ...ဝင်ခဲ့သည်။

နံနက် (၄) နာရီခန့်၌ အိပ်မက်မှ ...နိုး၏။ ပြင်ပမှတောကောင်လေးများ၏ အော်မြည်သံများကို ကြားနေရ၏။ ...တောင်ထိပ်ပေါ်မှ ထင်းရှူးပင်တို့၏ လေ...တိုးသံတို့ကိုလည်း ကြားရ၏။ ကျွန်ုပ်...သည် မက်ခဲ့သောအိပ်မက်ကို အပြန်ပြန်အလှန်လှန်စဉ်းစားနေမိသည်။ အိပ်မက်မှာ ထူးဆန်းလွန်း၍ အိပ်မက်ဟုပင် မထင်ခဲ့။ တစ်ဦးနှင့်တစ်ဦး နေ့လယ်အချိန် စကားပြောရသည့်သို့ ထင်ထင်ရှားရှားကြီးဖြစ်နေသည်။ အိပ်မက်ထဲမှ တွေ့ရသောပုဂ္ဂိုလ်မှာ ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ထားပြီး ခေါင်းအုပ်ပေါင်းအဖြူကို ပေါင်းထား၏။ လက်မှာ တောင်ဝှေးတစ်ချောင်းကို ကိုင်ထားသည်။ မျက်နှာသွင်ပြင်မှာ ရှမ်းတိုင်းရင်းသားတို့ကဲ့သို့ ဖြစ်ပြီး ဖြူစင်ဝင်းမွတ်၍ သွယ်လျသော မေးရိုးနှင့် တည်ငြိမ်ခံ့ညား၏။ မျက်ခုံး၊ မျက်တောင်တို့ လွန်စွာကောင်းပြီး မျက်လုံးအကြည့်သည် မေတ္တာရှင်တစ်ယောက်၏အကြည့်မျိုးဖြစ်လို့နေသည်။ ကျွန်ုပ်၏အနီးတွင်ရပ်ပြီး -

'ငါ့မြေး၊ အဘမျောက်ကလေးတွေ မင်းတို့ရေဆိပ်နားက သရက်ပင်ကြီးမှာ သရက်ဖူးတွေလာစားလိမ့်မယ်။ သူတို့တွေ အစာရှားလို့ လာစားမှာ။ ငါ့မြေး သူတို့ကို အန္တရာယ်မဖြစ်အောင် စောင့်ရှောက်ပေးလိုက်ပါ'

ဟု မိန့်မှာပြီး ကျွန်ုပ်မှာ အိပ်မက်ထဲမှာပင် ထူးဆန်းလွန်း၍ စကားပြန်မပြောနိုင်ဘဲ ခေါင်းညိတ်ကာ ကတိပြုလိုက်စဉ်မှာပင် ပျောက်ကွယ်သွားပြီး အိပ်မက်မှ လန့်နိုးလာလေ၏။ ကျွန်ုပ်လည်း အိပ်မက်အကြောင်း တွေးတောရင်း အိပ်ရာမှထကာ မျက်နှာသစ်ပြီး ဘုရားဝတ်ပြု ပဋ္ဌာန်း၊ ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ပြီး မေတ္တာပို့သခြင်းတို့ပြုလုပ်သည်။ ထို့နောက် ကိုးနဝင်းကျင့်စဉ် ကျင့်ကြံပွားများကာ နံနက်အလင်းရောင်ပေါ်သည်အထိ စောင့်နေမိ၏။ ကျွန်ုပ်တို့နေရာသည် တောင်ကြီးနှစ်တောင်ကြားတွင်ဖြစ်နေ၍ နံနက်(၅)နာရီ (၁၅) မိနစ်ကျမှ အလင်းရောင်ကို တွေ့ရ၏။ ကျွန်ုပ်တို့ ရေဆင်းခပ်ရာ ရေဆိပ်သည် တောင်ချိုင့်ထဲရောက်နေသဖြင့် အလင်းရောင် သိပ်မရသေးပေ။ ကျွန်ုပ်သည် ရေပုံးကိုထမ်း၍ ရေဆိပ်သို့ဆင်းခဲ့၏။ ကျွန်ုပ်၏နောက်မှ ခြေလျင်တပ်စခန်းမှ ရဲဘော်တစ်ဦး ရေဆိုင်းထမ်းကို ထမ်း၍ လိုက်ပါလာ၏။

အလင်းရောင် သိပ်မရသေး၍ ဝေဝေဝါးဝါးနှင့် ရေခပ်ဆင်းရာ တောင်ကြော၏ဘေးမှ လမ်းကျဉ်းလေးအတိုင်း ဆင်းလာခဲ့သည်။ ရေဆိပ်ရောက်ရန် တစ်ဖာလုံခန့်အလို၌ အသံများကြားရ၏။ ကျွန်ုပ်၏ဘယ်ဘက်တောင်ချိုင့်ထဲမှ သစ်ပင်ကြီးတစ်ပင်ပေါ်အား မော့ကြည့်လိုက်ရာ အမှန်တကယ်ပင် မျောက်များလှစွာသော မျောက်အုပ်ကြီး သရက်ဖူးလေးများ စားနေကြသည်ကို တွေ့မြင်ရလေသည်။ ထိုအပင်ကြီးသည် ယခင်အချိန်က သရက်ပင်ဟုမထင်ခဲ့။အဘယ်ကြောင့်ဆိုသော် လူသုံးဖက်စာခန့်ရှိပြီး အလွန်ပင်ကြီးမားသောကြောင့်ဖြစ်သည်။ ကျွန်ုပ်သည် ရေပုံးကိုချပြီး ထိုနေရာမှာပင် ထိုင်နေလိုက်၏။ နောက်မှပါလာသော ခြေလျင်ရဲဘော်ကြောင့် သူတို့လေးတွေ အနှောင့်အယှက်မဖြစ်စေလို၍ ဖြစ်သည်။ အနီး ခြေလျင်ရဲဘော်ကား ရေဆိုင်းထမ်းကိုချ၍ သေနတ်ပြန်ယူရန် လှည့်ထွက်သွားရာ -

"ဟေ့ - ဒီမှာ ငါ့ညီ၊ မလုပ်ပါနဲ့ကွ။ သူတို့တွေ အစားရှားလို့လာစားနေတာ။ မလုပ်ကောင်းပါဘူး"

ဟု ကျွန်ုပ် တားသော်လည်း မရ။

"ငါ အိပ်မက်မက်ထားလို့ပါကွ ဟကောင်ရ"

ဟု ပြောသောအခါ-

"ဆရာ့ဘာသာ အိပ်မွက်မက်တာ ကျွန်တော်နဲ့ဘာဆိုင်လဲ။ ဟင်းစားရှားတယ်ဗျ"

ဟု ပြောပြီး ခြေလျင်တပ်စခန်းဘက်သို့ ပြန်တက်သွား၏။ ကျွန်ုပ်နှင့် တပ်ဖွဲ့ချင်းမတူ၍ အမိန့်မနာခံသော အနီးရဲဘော်ကား တားမရဘဲ ထွက်သွားခြင်းဖြစ်လေရာ ကျွန်ုပ်မှာ နောက်ထပ်ဘာမှထပ်မပြောတော့ပေ။ သရက်ပင်ကြီးပေါ်မှ မျောက်ကလေးများအား ကြည့်ရင်း ကျန်းမာချမ်းသာဘေးဘယာ ဝေးကွာပါစေဟု မေတ္တာသာပို့ပေးနေရလေတော့၏။ မိနစ် (၂၀) ခန့် ကြာသောအခါ အစာစားနေသော မျောက်ကလေးများ ရုတ်တရက် သရက်ပင်ကြီးပေါ်မှ အုပ်စုလိုက် ခုန်ဆင်းပြေးကုန်ကြ၏။ ကျွန်ုပ်၏နောက်ဘက်မှ ခြေသံကြားသဖြင့် လှည့်ကြည့်မိရာ ခြေလျင်ရဲဘော်နှစ်ဦး သေနတ်နှစ်လက်နှင့် တွေ့ရပေ၏။ အနီးရဲဘော်များသည် ကျွန်ုပ်အား ကျော်မြတ်၍ မျောက်ကလေးများဆင်းပြေးရာ ချောက်အောက်ပိုင်းသို့ တောင်ကြောအတိုင်း လျှောဆင်းပြီး လိုက်ကြသော်လည်း တစ်ကောင်မျှပင် မတွေ့ရတော့ပေ။ ကျွန်ုပ်လည်း ရေဆိပ်သို့ ရေဆင်းခပ်ပြီး ဂိုဒေါင်သို့ ပြန်တက်လာခဲ့ကာ အိပ်မက်နှင့် ကြုံတင်မိန့်မှာသော ပုဂ္ဂိုလ်မှာ ဤတောင်စောင့်နတ်ကြီးပင်ဖြစ်လိမ့်မည်ဟု တွေးထင်မိလေသည်။

**မေတ္တာပို့သခြင်းနှင့်မေတ္တာခံယူသူ**



www.burmeseclassic.com

www.burmeseclassic.com

တောင်စောင့်နတ်ကြီးသည် မြတ်ဗုဒ္ဓ၏ တရားတော်များကို ကျင့်ကြံ ပွားများနေသော မေတ္တာပို့သခြင်းကို သိရှိပြီး အချိန်အခါသင့်၍ ဆက်သွယ်ပြောကြားခြင်းဖြစ်မည်ဟု ယူဆမိပါသည်။ မြတ်ဗုဒ္ဓ၏တရားတော်များကို ကျင့်ကြံကြိုးစား ပွားများနေကြသော ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် သူတော်စင် မေတ္တာရှင်များအား နတ်ကောင်းနတ်မြတ်၊ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် သူတော်စင်ကြီးတို့မှ စောင့်ရှောက်ပေးလျက်ရှိသည်ဆိုသည်မှာ ယုံမှားဖွယ်ရာ မရှိတော့ပေ။ မေတ္တာပို့သခြင်းနှင့်ပတ်သက်၍ စာရေးသူ၏ အယူအဆကို သိပ္ပံနည်းနှင့်ယှဉ်၍ တင်ပြလိုပေသေးသည်။ စာရှုသူအဆွေတို့ မေတ္တာတရား ပွားများပို့သသောအခါ ကိုယ်ပို့လိုက်တဲ့မေတ္တာ တကယ်ပင်ရောက်ပါ့မလား၊ ဟုတ်ပါ့မလားလို့ သံသယဝင်ထင်ကောင်းထင်မိပေလိမ့်မည်။ အမှန်တကယ်ပင်ရောက်ရှိသွားပါသည်။ အဘယ်ကြောင့်ဆိုသော် ဥပမာအားဖြင့် အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ၊ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ မိမိပို့သရာအရပ်သို့ စိတ်အတွင်းမှ ထင်မြင်အောင် မနောဓာတ်ဖြင့်ကြည့်ပြီး ပို့ပေးပါက အမှန်တကယ်ပင် ရောက်ပါသည်။ ယနေ့ သိပ္ပံခေတ် ထုတ်လွှင့်ပြသနေသော ရုပ်မြင်သံကြားဌာနများမှ ထုတ်လွှင့်မှုသည် ကြားခံလှိုင်းလုံးများမှတစ်ဆင့် ကြည့်ရှုသူ ရုပ်မြင်သံကြားစက်တွင် အရုပ်အသံပေါ်သည်ကဲ့သို့ ဖြစ်ပေ၏။ ဤကမ္ဘာကြီး အပါအဝင် စကြဝဠာ၌လည်းကောင်း၊ အဆုံးအပိုင်းအခြားမရှိသော စကြဝဠာတိုက်အပေါင်းတို့၌လည်းကောင်း လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့ ရှိကြပါသည်။ ထို့အတူ မမြင်နိုင်သော ရောင်စဉ်လှိုင်း၊ သံလိုက်လှိုင်း၊ ရေဒီယိုလှိုင်းများရှိကြပါသည်။ သို့ဖြစ်၍ မိမိတို့ပို့သသော မေတ္တာရောင်စဉ်လှိုင်းသည် စို့သရာအရပ်ဒေသသို့ ရောက်ရှိသွားမည် ဖြစ်ပါသည်။

**ဘာပဲဖြစ်ဖြစ် မေတ္တာတရား များများပွား**

စာရေးသူသည် မကြာမီနှစ်အတွင်းက လုပ်ငန်းတာဝန်ဖြင့် တာဝန်ထမ်းဆောင်ရစဉ် မသမာသောလူတစ်စုကြောင့် ပစ္စည်းများပျောက်ဆုံးခဲ့ရဖူး၏။ ထိုပစ္စည်းများမှာ စာရေးသူ တာဝန်ခံသယ်ယူရသောပစ္စည်းများဖြစ်၍ များစွာမှ တာဝန်ကြီးပြီး အထက်လူကြီးတို့၏ အပြစ်အငြင်ကိုခံရ၏။ စာရေးသူမှ အထက်လူကြီးထံ တင်ပြသော်လည်း အများနှင့်တစ်ယောက်ဖြစ်နေ၍ ဖြေရှင်းရခက်ခဲ့သည်။ မသမာသူတို့မှ သူခိုးကလူဟစ်ဆိုသည့်စကားပုံအတိုင်း ပြောင်းပြန်ဖြစ်နေလေရာ အတော်ပင် စိတ်ထိခိုက်ခံစားခဲ့ရပါသည်။ ကျွန်ုပ်သည် မြတ်ဗုဒ္ဓ၏ဆေးတော်ကို မှီဝဲခဲ့၏။ အကြောင်းမှာ ကျွန်ုပ်အပေါ် မကောင်းကြံစည်ခဲ့ကြသော လူတစ်စုအား ရည်စူးပြီး မေတ္တာပို့ပေးခြင်းသာ ဖြစ်ပါသည်။ အချိန်ကာလအားဖြင့် သီတင်းရှစ်ပတ်ဝန်းကျင်တွင် ထိုလူတစ်စုသည် အခြားအလုပ်ကိစ္စတစ်ခုဖြင့် စာရေးသူအပေါ် ကျူးလွန်ဖျောက်ဖျက်ခဲ့သော ပစ္စည်းတန်ဖိုး၏ လေးဆမျှသောတန်ကြေးကို ပေးလျော်ကြရသည်။

စာရှုသူ အဆွေတို့အား အသိပေးလိုသည်မှာ ဘာပဲဖြစ်ဖြစ်၊ ဘယ်လိုအခက်အခဲပဲရှိရှိ မေတ္တာတရားသာ လက်ကိုင်ထားပြီး မေတ္တာပွားများစေချင်ပါသည်။ ယနေ့ ကမ္ဘာပေါ်၌ကျရောက်နေသော ဘေးဒုက္ခများကို ခံစားနေရသောသတ္တဝါများအား မေတ္တာရောင်စဉ်လွှမ်း၍ကူညီပေးစေချင်ပါသည်။ အလျဉ်းသင့်၍ ကျေးဇူးတော်ရှင် နယ်လှည့်ဓမ္မကထိကဆရာတော် ဦးသုမင်္ဂလ (ဒယ်အိုးဆရာတော်)၏ အန္တရာယ်ကင်းသစ္စာကို ဖော်ပြပေးလိုပါသေးသည်။

ဆရာတော် မိန့်မှာခဲ့သည်မှာ နှစ်စဉ် နှစ်ဆန်းတစ်ရက်နေ့ နံနက် (၆) နာရီ၊ ညနေ (၇) နာရီအချိန်။ ကဆုန်လပြည့်နေ့ နံနက် (၆) နာရီ၊ ညနေ (၇) နာရီတို့တွင် ဗုဒ္ဓဘာသာ မြန်မာပြည်သူတို့ ရွတ်ဆိုပွားများစေလိုကြောင်း သိရှိရပါသည်။ ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်များ မေတ္တာပို့သခြင်းနှင့် အန္တရာယ်ကင်းသစ္စာရွတ်ဆိုပွားများနိုင်စေရန် အောက်တွင် ဖော်ပြပေးအပ်ပါသည်။

**(၃၁) ဘုံမေတ္တာပို့**

လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

(သုံးခေါက်ဆိုရန်)

လှည့်ပတ်လိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။ အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။ ဆင်းရဲလိုခြင်းအချင်းချင်း ကင်းရှင်းကြပါစေ။

(သုံးခေါက်ဆိုရန်)

သတ္တဝါခပ်သိမ်း တရားကိန်း အေးငြိမ်းကြပါစေ။

(သုံးခေါက်ဆိုရန်)

**အန္တရာယ်ကင်းသစ္စာ**

က။ ဘဝ သောတံ သစေဗုဒ္ဓေါ၊
တိဏ္ဏော လောကန္တဂူ ဝိဒူ။
ဧတေန သစ္စဝဇ္ဇေန၊
ဒုက္ခာ မုစ္စန္တု ပါဏိနော။

မြတ်စွာဘုရားသည် ဘဝရေယဉ်ကို ကူးမြောက်ပြီးဖြစ်၍ လောက၏ အဆုံးသို့ရောက်လျက် လောကကိုသိသော ပုဂ္ဂိုလ်သည် အကယ်၍ဖြစ်အံ့။ ဤကဲ့သို့ဖြစ်သည်ရှိသော် ဤမှန်ကန်သော သစ္စာစကားကို ဆိုခြင်းကြောင့် သတ္တဝါအားလုံးတို့သည် ဆင်းရဲဒုက္ခအပေါင်းမှ ကင်းဝေး လွတ်မြောက်နိုင်ကြပါစေကုန်သတည်း။

ခ။ ယဒိ သန္တိ ဂမော မဂ္ဂေါ၊
မောက္ခော စစ္စန္တိကံ သုခံ။
ဧတေန သစ္စဝဇ္ဇေန၊
ဒုက္ခာ မုစ္စန္တု ပါဏိနော။

မဂ်သည် နိဗ္ဗာန်သို့ရောက်ကြောင်းတရားဖြစ်၍ နိဗ္ဗာန်သည်လည်း ဧကန်စင်စစ် ချမ်းသာသော တရားသည် အကယ်၍ဖြစ်အံ့။ ဤကဲ့သို့ဖြစ်သည်ရှိသော် ဤမှန်ကန်သော သစ္စာစကားကို ဆိုခြင်းကြောင့် သတ္တဝါအားလုံးတို့သည် ဆင်းရဲဒုက္ခအပေါင်းမှ ကင်းဝေး လွတ်မြောက်နိုင်ကြပါစေကုန်သတည်း။

ဂ။ သံဃော စေ တိဏ္ဏ ကန္တာရော
ပုညက္ခေတ္တော အနုတ္တရော။
ဧတေန သစ္စဝဇ္ဇေန၊
ဒုက္ခာ မုစ္စန္တု ပါဏိနော။

သံဃာတော်သည် သံသရာခရီးကို ကူးမြောက်ပြီးဖြစ်၍ အတုမရှိသော ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးရာ လယ်ကောင်းသဖွယ် အကယ်၍ဖြစ်အံ့။ ဤကဲ့သို့ဖြစ်သည်ရှိသော် ဤမှန်ကန်သော သစ္စာစကားကိုဆိုခြင်းကြောင့် သတ္တဝါအားလုံးတို့သည် ဆင်းရဲဒုက္ခအပေါင်းမှ ကင်းဝေး လွတ်မြောက်နိုင်ကြပါစေကုန်သတည်း။

(သာဓု၊ သာဓု၊ သာဓု)

ညီလင်းထက် (အိပ်မက်ကျွန်း)



www.burmeseclassic.com

www.burmeseclassic.com


### ရွှေကံကူလေပုံသစ်တော်ရုပ်ရှင်တော်မြတ်၏

# မဟာမြိုင် ကလေးမြို့ ဒေသစာရီခရီးစဉ်

ဘိုဘို(ရွှေကံကူ)


ထူးခြား ဆန်းကြယ်လှသော သဘာဝလွန် သိပ္ပံပညာရပ်များနှင့် တိုင်းတာ၍မရနိုင်သည့် တန်ခိုးတော်အထူးထူးတို့နှင့် ပြည့်စုံတော်မူသော ရွှေကံကူလေပုံသစ်တော်ရုပ်ရှင်တော်မြတ်သည် အား မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့ ရန်အောင်မြင်ရပ်ကွက်တွင် ၉-၉-၉၉ နေ့၌ တန်ခိုးကြီးဘုရားတစ်ဆူအဖြစ် စတင်ပွင့်ထွန်းပေါ်ပေါက်တော်မူလာကာ ၂၀၀၁ ခုနှစ်မှစ၍ မန္တလေး၊ ကျောက်ဆည် စသော မြို့များမှ ပင့်ဆောင် ပူဇော်သူများ ပေါ်ပေါက်လာသဖြင့် ဒေသစာရီခရီးစဉ်များ စတင် ကြွမြန်းတော်မူခဲ့ပါသည်။ ၂၀၁၁ခုနှစ်တွင် ရန်ကုန်မြို့သို့ပင့်ဆောင်ပူဇော်လိုသူများ ထပ်မံပေါ် ပေါက်ခဲ့ရာမှ ယနေ့ ၂၀၁၃ ခုနှစ်တိုင် နှစ်စဉ်နှစ်တိုင်း ပင့်ဆောင် ပူဇော်လာခဲ့ကြသည် ဖြစ်၍ နောင်နှစ်ပေါင်းများစွာလည်း ဆက်လက် ပင့်ဆောင် ပူဇော်ကြရန် ကြိုတင် လျှောက်ထားချက်များကို လက်ခံရခြင်း ဖြစ်ပါ၏။

ရုပ်ရှင်တော်မြတ်၏ အကြမ်းဖျင်း ဒေသစာရီခရီးစဉ်မှာ ရန်ကုန်ခရီးစဉ်သည် အစောပိုင်းနှစ်နှစ်တွင် အန်တီအေးနှင့် မယ်တော်ကြီးတို့သည် ပညာရေးဝန်ထမ်းအဖြစ်မှ မနုတ်ထွက်ရသေးသဖြင့် နွေရာသီကျောင်းပိတ်ရက်များဖြစ်သော ဖေဖော်ဝါရီလရက်များမှ မေလကုန်အထိသာ လက်ခံ၍ ပင့်ဆောင်ပူဇော်ခွင့်ပြုပေးနိုင်ခဲ့ပါသည်။ မန္တလေးအနီးဝန်းကျင်ဒေသများအတွက်မူ ပုံမှန်ကျောင်းဖွင့်ရက်များတွင် သောကြာနေ့ညနေမှ တနင်္ဂနွေညနေအထိနှင့် ဒီဇင်ဘာ ကျောင်းပိတ်ရက်များနှင့် သီတင်းကျွတ် ကျောင်းပိတ်ရက်များတွင်သာ လက်ခံ ကြွမြန်းပေးနိုင်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ်တွင် မယ်တော်ကြီးသည် ရာသက်ပန် နဝင်္ဂသီလဆောက်တည်လိုက်၍ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့သော်လည်း အန်တီအေးမှာ ဝန်ထမ်းအဖြစ်နှင့်သာ ရှိနေသေး၍ ဒေသစာရီခရီးစဉ်များကို ကျောင်းပိတ်ရက်များနှင့် တိုက်ဆိုင်၍





ကလေးမြို့(ဦးရန်နိုင်အောင်)၊ ဒေါ်ခင်အုန်းမြင့်(ပညာရေးငြိမ်း)တို့၏နေအိမ်တွင်(၈.၅.၂၀၁၂) နံနက်(၈း၄၅)အချိန်၌ကျိုင်ခွတော်မှရောင်ခြည်တော်များကွန့်မြူးလာပုံ



ကလေးမြို့(ဦးရန်နိုင်အောင်)၊ ဒေါ်ခင်အုန်းမြင့်(ပညာရေးငြိမ်း)တို့၏နေအိမ်တွင်(၈.၅.၂၀၁၂) နံနက်(၈း၄၅)အချိန်၌စိန်နားကပ်မှရောင်ခြည်တော်များကွန့်မြူးလာပုံ

www.burmeseclassic.com



ရုပ်ရှင်တော်မြတ်အား ရွှေထီးတော်၊ ငွေထီးတော်၊ ရွှေယပ်တော်၊ ငွေယပ်တော်၊ ရွှေခေါင်းတောင်း။
ငွေခေါင်းတောင်း၊ ရွှေပန်းအိုး၊ ငွေပန်းအိုးတို့ဖြင့် [illegible]

www.burmeseclassic.com

ထား လက်ခံ လိုက်ပါ ကြွမြန်းပေးနိုင်ခြင်း ဖြစ်ပါသည်။


၂၀၀၅ ခုနှစ်တွင် အနှိတီအေး ညည်လည်း ပင့်ဆောင်ပူဇော်လိုသူတွေ များပြားစွာ ပေါ်ပေါက်လာ၍ ၎င်းတို့၏ ဆန္ဒစေတတ်ကို ဖြည့်ဆည်းနိုင်ရန်အတွက် အသင်းအဖြစ်မှ အငြိမ်းစားယူလိုက်ရပါ သည်။ ထိုအခါတွင် နှစ်ပတ်လည် ဒေသ စာရီခရီးစဉ်များကို လိုက်ပါကြွမြန်းပေး ခဲ့ပါတော့သည်။ ထိုအချိန်မှစ၍ နှစ် စဉ် (၁၂) လပိုင်းမှ နှစ်ကူးပြီး နှစ်သစ် (၅) လပိုင်းကုန်အထိ ရန်ကုန်ကို ဗဟိုပြု ၍ သိမ်၊ ပဲခူး၊ သံတွဲ၊ ထားဝယ်၊ တာ ချီလိတ်၊ လွိုင်ကော် စသောမြို့များမှ ပင့် ဆောင် ပူဇော်မှုကို လိုက်ပါ ကြွမြန်းပေး တော်မူလေ့ရှိပြီး (၆) လပိုင်းမှ (၁၁)လ ပိုင်းအထိတွင် စဥ့်ကိုင်မြို့အောင်မြေကို ဗဟိုပြု၍ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ကလေး၊ မိုးကုတ်၊ ပြင်ဦးလွင်၊ နောင်ချို၊ ကျောက်မဲ၊ မိတ္ထီလာ၊ ကျောက်ပန်း တောင်း၊ ညောင်ဦး၊ ပခုက္ကူ၊ နေပြည် တော်၊ တောင်ငူ၊ တောင်ကြီး၊ ကလော၊ အောင်ပန်း၊ အင်းလေး၊ ရွှေညောင်မြို့ များမှ ပင့်ဆောင်ပူဇော်မှုများကို လိုက်ပါ ကြွမြန်းပေးတော်မူခဲ့ရပါသည်။

ဒေသစာရီကြွချီတော်မူခြင်း၏ပုံစံ သဘောကို နားမလည်သဘောမပေါက် သေးသူ အများအပြားပင်ရှိနေ၍ ရန်ကုန် ကျတော့ ဘယ်မှာရှိတုံး၊ ဘယ်မှာတည်း တုံး ရန်ကုန်ရောက်လျှင် ကျွန်ုပ်တော်/ ကျွန်မတို့ကလည်း ပင့်ပါသည်။ အိမ်ကို ကြွခဲ့ကြပါဟု ဆိုကြပါသည်။


ဖြေရန် ခက်လှပါ၏။

ရွှေကံကူ လေပျံ့သစ်တော်ရှုပ်ရှင် တော်မြတ်၏ဒေသစာရီခရီးဆိုသည်မှာ ဤသို့ဖြစ်ပါသည်။

ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်လိုသည် ဆိုပါစို့။ ပထမဦးဆုံး ၀၆၆-၄၀၂၇၈၊ ၀၉-၂၁၅၀၃၀၅၊ ၀၉- ၅၁၆၈၆၆ ဖုန်းနံပါတ်များဖြင့် ဆက် သွယ် စုံစမ်းရပါမည်။ ထို့နောက် စဥ့်ကိုင် မြို့အောင်မြေသို့ လည်းကောင်း၊ ရုပ်ရှင် တော်မြတ် ကြွရောက်တော်မူလျက်ရှိ သောနေရာဌာနသို့ လည်းကောင်း လူ ကိုယ်တိုင် လာရောက်၍ စာရေးသူတို့ထံ မိမိတို့၏အမည်၊ နေရပ်လိပ်စာနှင့်တကွ ဆက်သွယ်ရန် ဖုန်းနံပါတ်တို့နှင့်အတူ ကြိုတင် စာရင်းပေးထားရမည် ဖြစ်ပါ သည်။ ထိုအခါ စာရေးသူနှင့် အနှိတီ အေးတို့မှ အခြားသောကြိုတင်လျှောက် ထားပြီးနှင့်သူများ၏ရက်များကို ခရီးစဉ် နှင့် ချိန်ဆကာ ရက်ချိန်းသတ်မှတ်ပေး မည် ဖြစ်ပါသည်။ ပင့်ဆောင်ပူဇော်မည့် သူသည် ရုပ်ရှင်တော်မြတ် ရောက်ရှိရာ ဌာနသို့ မိမိရရှိထားသော ပင့်ဆောင် ပူဇော်ခွင့်နေ့ရက်တွင် မိမိတို့အစီအစဉ် ဖြင့် လာရောက် ပင့်ဆောင်ကြရခြင်း ဖြစ်ပါသည်။ စာရေးသူတို့သည် ရုပ်ရှင် တော်မြတ်အား ပင့်ဆောင် ပူဇော်သူမရှိ ဘဲ မည်သည့်မြို့ရွာ၊ မည်သည့်နေအိမ် ဌာနကိုမျှ စာရေးသူတို့၏ သဘော ဆန္ဒ၊ စာရေးသူတို့၏အစီအစဉ်ဖြင့် တစ် ကြိမ်တစ်ခါမျှ ကြွမြန်းတော်မူခဲ့ခြင်းမရှိ သကဲ့သို့ မည်သူ့ကိုမျှလည်း လာရောက် ပင့်ဆောင် ပူဇော်လှည့်ပါဟု မပြော



ကလေးမြို့မှ ရေဆန်ကျွန်းဘုရားကြီး



သဲပြူဆရာတော်



ရုပ်ရှင်တော်မြတ် မဟာမြိုင်တောကြီးသို့ ကြွရောက်စဉ် ဗိဿနိုးမယ်တော် (ပန်ထွာတုရင်မကြီး) ရုပ်တုတော်နှင့် ရွှေကံကူသာသနာပြုမယ်တော်ကြီး



ဗိဿနိုးမယ်တော်နန်းဆောင်တွင် သဲပြူဆရာတော်ကြီးအား မယ်တော်ကြီးမှ သာသနာပြုလုပ်ငန်းများ လျှောက်ထားနေစဉ်

ကြားဘူးခဲ့သည့်တိုင် ယနေ့အချိန်၌ ရုပ် ရှင်တော်မြတ်၏ တန်ခိုးတော်ကြောင့် ပင့်ဆောင် ပူဇော်လိုသူတို့ တိုးပွားများ ပြားလျက်ရှိရာ အချို့သူများဆိုလျှင် ပင့်ဆောင်ပူဇော်ရရန် (၂) နှစ်မျှပင် စောင့်ဆိုင်းရသည့်အခြေသို့ ရောက်ရှိ လျက်နေပြီ ဖြစ်ပါသည်။

ဤသို့ဖြင့် ၂၀၁၁ ခုတွင် ရုပ်ရှင် တော်မြတ်သည် အစဉ်အလာတော် အတိုင်း ရန်ကုန်မြို့ခရီးစဉ်တွင် ရောက်ရှိ တော်မူလျက် ရက်ချိန်းကြိုတင်လျှောက် ထားရယူထားကြသည့် အိမ်စဉ်အတိုင်း လိုက်ပါကြွမြန်းတော်မူလျက်ရှိနေခဲ့ရာမှ ၅ - ၄ - ၂၀၁၁ နေ့တွင် ရန်ကုန်မြို့ ရေ

www.burmeseclassic.com

ကျော် ဦးကျော်ငြိမ်း - ဒေါ်မြငြိမ်းတို့၏ နေအိမ်သို့ ကြွမြန်းရောက်ရှိတော်မူလျက်ရှိစဉ် အောင်မြင်ထွန်းကားဆောက်လုပ်ရေးကုမ္ပဏီမှ ဝန်ထမ်းလူငယ်လေးတစ်ဦး ရောက်ရှိလာပြီး ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ကြည်ညိုပါသည်။ ထို့နောက် ဓာတ်ပုံရိုက်ကူးရာ ထူးခြားမှုများဖြစ်ပေါ် သည်။ လူငယ်ကလေးသည် ရုပ်ရှင်တော်မြတ်ကို အထူးကြည်ညိုလှသဖြင့် ဓာတ်ပုံတော်များကိုလည်း ပင့်ဆောင်သွားခဲ့ပါသည်။ ကုမ္ပဏီသို့ ပြန်ရောက်သွားသောအခါ အလုပ်ရှင်ဖြစ်သော မမာလာဝင်းကို ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကိုပြောပြပြီး ဓာတ်ပုံတော်တို့ကိုလည်း ဖူးမြော်စေပါသည်။

ထိုအခါ မမာလာဝင်းသည် ရုပ်ရှင်တော်မြတ်နှင့် ပဋ္ဌာန်းဆက်ပါရှိသူဖြစ်ရာ ဓာတ်ပုံတော်ကိုဖူးတွေ့လိုက်ရသောတစ်ခဏမှာပင် ကြက်သီးဖြန်းဖြန်းထ၍ ကြည်ညိုစိတ်များ ပြင်းထန်စွာဖြစ်ပေါ် လာမိပါသည်။ ထို့ကြောင့် မိမိတို့၏ နေအိမ်သို့ မဖြစ်မနေ ပင့်ဆောင် ပူဇော်ရန် သန္နိဋ္ဌာန်ချလိုက်ပါသည်။

ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ရန် သွားရောက် လျှောက်ထားပြီး ရက်ချိန်းတောင်းခံသောအခါ လောလောဆယ် ရန်ကုန်ခရီးစဉ်တွင် ရက်ချိန်းများ လစ်လပ်မှုမရှိပါ။ နှစ်လခန့်စောင့်ဆိုင်းရပါမည်။ ရုပ်ရှင်တော်မြတ်သည် စင်ကာပူနိုင်ငံသို့ ကြွရောက်တော်မူရဦးမည် ဖြစ်ပါသည်။ ထို့ပြင် ယခုခရီးစဉ်ပြီးဆုံးလျှင် မယ်တော်ကြီး၏ မှတ်ပုံတင်ကိစ္စအတွက် စဉ့်ကိုင်သို့ ခေတ္တခဏကြွရမည်ဖြစ်ရာ စဉ့်ကိုင်မှတစ်ဖန် ပြန်လည်ကြွမြန်းတော်မူပြီး စင်ကာပူသို့ မကြွရောက်မီ ဗီဇာစောင့်နေစဉ်အတောအတွင်း၌ ကြွမြန်းပေးပါမည်ဟု အန်တီအေးမှ အကြောင်းပြန်ကြားခဲ့ပါသည်။ ရန်ကုန်ခရီးစဉ် ၂၀၁၁ ပြီးဆုံးသောအခါ ၁၅-၅-၁၁နေ့တွင် မယ်တော်ကြီးတို့သည် ရုပ်ရှင်တော်မြတ်နှင့်အတူ စဉ့်ကိုင်မြို့သို့ ပြန်လည်ကြွမြန်းတော်မူခဲ့ပါသည်။

မယ်တော်ကြီးတို့သည် ထုံးစံအတိုင်းပင် စဉ့်ကိုင်မြို့သို့ ပြန်လည် ကြွမြန်းရောက်ရှိတော်မူလာသည်နှင့် မှတ်ပုံတင်ကိစ္စကို ဆောင်ရွက်ပြီး ခေတ္တနားနေပြီးသည်နှင့် မန္တလေးမြို့သို့ ဒေသစာရီကြွမြန်းတော်မူပါသည်။ ထိုအခါ အောင်မြေတွင် စာရေးသူနှင့် အစ်မကြီး ဒေါ်နွဲ့နွဲ့ရီတို့သာ ကျန်ရစ်ပါသည်။ အစ်မကြီးသည် ထိုနေ့က ကျောက်ဆည်မြို့သို့



ရုပ်ရှင်တော်မြတ် လေဆိပ်သို့ ထွက်ကြွတော်မူခါနီးတွင်
ဆရာမကြီး ဒေါ်ခင်အုန်းမြင့်နှင့် သာဝကများ အမှတ်တရ



ရွှေကံကူဘုရားကြီးကို သဲဖြူဆရာတော်မှ မဟာမြိုင်တောတွင်းသို့ ပင့်ဆောင်ပါသည်။
၃၀-၄-၂၀၁၂ မဟာမြိုင်တောကြီးအတွင်း၊ (၁၀၈) တောင်ဘုရားကြီးအတွက် ငွေလှူနေပုံ

ညဉ့်အိပ်ညဉ့်နေ ဆေးရုံတက်ရောက်နေရာ အောင်မြေတွင် စာရေးသူတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့ပါသည်။ နံနက်အိပ်ရာထတွင် နောက်ဖေး ရေတိုင်သို့ မျက်နှာသစ်ပြီး ပြန်ထွက်လာစဉ် အိမ်ရှေ့ဝင်းတံခါးအပြင်ဘက်၌ ပါဂျဲရိုးကားတစ်စီးရောက်ရှိနေပြီး ရုပ်ရည်သန့်ပြန့်ချောမောသော ဇနီးမောင်နှံဟု ယူဆရသည့် အမျိုးသားနှင့် အမျိုးသမီးတစ်ဦး ရပ်နေသည်ကိုတွေ့ရပါသည်။ ဝင်းတံခါးသော့မဖွင့်ရသေးသဖြင့် စာရေးသူလည်း ကမန်းကတန်းပင် သော့ဖွင့်ပေးပြီး ပြုံးရယ် နှုတ်ခွန်းဆက်ကာ အိမ်အတွင်းသို့ ဖိတ်ခေါ် လိုက်ပါသည်။

အမျိုးသမီးလက်ထဲတွင် တဘက်တစ်ထည် ကိုင်ဆောင်ထားပြီး အမျိုးသား၏ လက်ထဲတွင် ကတ်ထူဘူး
လေးကို ကိုင်ဆောင်ထားသည်။ ဘု
ခန်းအတွင်းရောက်ရှိသောအခါ ရု
တော်မြတ်၏ ပုံတော်များကို သေ
ဖူးမြော်ပြီး မယ်တော်ကြီး၏ ဓာတ်
လည်း အမျိုးသမီးမှ သေချာစွာ
ရှုပြီး -

"ဟုတ်တယ်၊ ဒီမယ်တော်ကြီး
ဟု ရေရွတ်ပါသည်။

စာရေးသူသည် ထိုဇနီးမော
အား -

"ဘယ်မြို့ကလာခဲ့ကြပါသ
ဟု မေးမြန်းကာ ရုပ်ရှင်
မြတ်သည် (၅) လကြာ ရန်ကုန်ခ
မှ ပြန်လည် ကြွမြန်းရောက်ရှိတော်
စသာရှိပါသေးသည်။ ယခုလည်း



www.burmeseclassic.com

www.burmeseclassic.com

...သို့ ကြွရောက်တော်မူလျက်ရှိပါ...၍ ပဋိသန္ထာရစကားများ ပြော...ပါသည်။

ထိုအခါ ညှော်သည်အမျိုးသားမှ ...သည် မန္တလေးတိုင်းဒေသကြီး ...တက်အခွန်အရာရှိ ဦးသိန်းငွေး (...ကြီး-ငြိမ်း) ဖြစ်၍ အမျိုးသမီးမှာ ...သည် ဒေါ်မြတ်ရည်မွန် ဖြစ်သည်ဟု ...ပါသည်။ ယခု ရောက်ရှိလာရ...အကြောင်းမှာ ဤသို့ဖြစ်ပါသည်။

လွန်ခဲ့သော တစ်လခန့်လောက်က ဒေါ်မြတ်ရည်မွန်မှာ ထူးခြားသော ...မက် မြင်မက်ပါသည်။ အိပ်မက်ထဲ... ထူးခြားစွာ သပ္ပာယ်လှသော ...များစွာ ဆင်မြန်းထား၍ ဉာဏ် ... သေးငယ်လှသည့် ရွှေအဆင်းရှိ ...တော်တစ်ဆူကို ဖူးတွေ့ရပါသည်။ ...တော်တွင် ရွှေခေါင်းလောင်း ...လုံးပါရှိပြီး ရုပ်ပွားတော်အနီးတွင် ... အမျိုးသမီးယောဂီတစ်ဦး တရား...လျက်ရှိပါသည်။ ထိုယောဂီအမျိုး...၏ အသားအရေနှင့် ဥပဓိရုပ်သွင် ...ထူးခြားလှသည်။ ဒေါ်မြတ်ရည်...သည် ထိုအိပ်မက်ကို မြင်မက်ပြီး ...တွင် အိပ်မက်ကို မေ့မသွားပါ။ အိပ်မက်ထဲမှရုပ်ပွားတော်နှင့် ယောဂီကို ...မြင်ယောင်နေမိပါသည်။

သို့သော် ရုပ်ပွားတော်မြတ်တွင် ...တော်မပါရှိပါ။ ဘယ်မြို့ဘယ်ရွာက ...၍ မပါရှိပါ။ ထိုယောဂီတွင်လည်း ...အမည်မပါရှိပါ။ ဘယ်မြို့ကဟူ၍လည်း ...သိရှိရပါ။ မျက်စိထဲတွင် စွဲမြဲစွာမှတ်မိ...၍နေသော်လည်း ပြစရာလည်း ဓာတ်ပုံ ...ရှိ မေးမြန်းစုံစမ်းစရာလည်း လိပ်စာ ...မပါရှိသဖြင့် အခက်ကြုံလျက်ရှိပါသည်။ သို့သော် ရုပ်ပွားတော်မြတ်နှင့် ယောဂီ...ပုဂ္ဂိုလ်ကို မျက်စိထဲတွင်အစဉ်မြင်ယောင် နေသဖြင့် ထိုရုပ်ပွားတော်နှင့် ဤပုဂ္ဂိုလ် ...ကို ဤမျှစွဲမြဲစွာမြင်ယောင်နေခြင်းသည် အကြောင်းမဲ့မဖြစ်နိုင်။ တွေ့ဆုံဖူးတွေ့ရ...သည် ဖြစ်သောကြောင့်သာ ယခုကဲ့သို့ မြင်ယောင်နေခြင်း ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ရုပ်ပွားတော်မြတ်ကို ဖူးတွေ့ရသောနေ့တွင် အဆင်သင့် လှူဒါန်းနိုင်ရန် ရွှေခေါင်းလောင်း ကြိုတင်အပ်နှံထားရမည်ဟု ဆုံးဖြတ်၍ မန္တလေးမြို့ရှိ ဝိန့်စိန် ရွှေပန်းထိမ်သို့ သွားရောက်ပြီး ရွှေခေါင်းလောင်းအကြီးတစ်လုံးနှင့် အသေးတစ်လုံး အပ်နှံပါသည်။

ရွှေခေါင်းလောင်းများရရှိသောနေ့တွင် ပန်းထိမ်သို့သွားကာ ရွေးယူလာခဲ့ပြီး အိမ်သို့ပြန်ခဲ့ရာ၌ ၂၀၁၁၊ ဇူလိုင်လထုတ် သူရဿဝတီမဂ္ဂဇင်းကိုလည်း ဝယ်ယူခဲ့ပါသည်။ အိမ်သို့ရောက်၍ မဂ္ဂဇင်းစာအုပ်ဖတ်ကြည့်လိုက်သောအခါ စာရေးသူ ရေးသားသောရွှေကုက္ကုလေပျံသစ်တော် ရုပ်ရှင်တော်မြတ်၏ ဆောင်းပါးရှည်ကြီးသည် ပုံတော်များနှင့်တကွ မဂ္ဂဇင်း၏ အဖွင့်စာမျက်နှာတွင် ဝေဝေဆာဆာ ပါရှိ၍လာခဲ့ပါသည်။

ဒေါ်မြတ်ရည်မွန် ထိုဆောင်းပါးကို ဖတ်ရှုလိုက်ရသောအခါ အိပ်မက်ထဲကဘုရားနှင့် အိပ်မက်ထဲက ယောဂီအား တွေ့ရှိလိုက်ရ၍ ဝမ်းသာအံ့ဩမဆုံးဖြစ်၍သွားပါသည်။ ပို၍ဝမ်းသာရသည်မှာ ရုပ်ပွားတော်မြတ် သီတင်းသုံး စံပယ်တော်မူရာ နေရာဌာနပါရှိသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် နောက်တစ်နေ့နံနက်တွင် စဉ့်ကိုင်သို့ စုံစမ်းမေးမြန်းပြီးလာခဲ့ကြ၏။ သံတံခါးသော့ခတ်ထားသဖြင့် တောင်ဘက်ကပ်ရက်အိမ်သို့ သွားရောက်မေးမြန်းရာ အဘွားအိုတစ်ယောက်မှ ထွက်လာပြီး ညဉ့်အိပ်ညဉ့်နေတော့ ခရီးမသွားတတ်ပါ။ ပြန်လာပါလိမ့်မည်ဟု ပြောသဖြင့် အတန်ကြာထိုင်စောင့်နေကြပါသေးသည်။ တော်တော်နှင့် ပြန်မရောက်လာမှ မန္တလေးသို့ ပြန်ခဲ့ကြပါသည်။ ညနေပိုင်းတွင် တစ်ခေါက်ထပ်လာပြန်ရာတွင်လည်း လူမရောက်ရှိသေး။ တောင်ဘက်အိမ်မှ အဘွားအိုကို သွားရောက် မေးမြန်းသောအခါ နေ့ခင်းက ဆရာလေးဘိုဘို ပြန်ရောက်လာပါသေးသည်။ ယခုဘယ်သို့ပြန်ထွက်သွားသည်မသိပါဟုပြောပါသည်။ ထို့ကြောင့် စဉ့်ကိုင်မှတစ်ခေါက်ပြန်ခဲ့ရပြန်ပါသည်။ ယနေ့တွင်တော့ ကြုံ၍စောသွားကြမည်ဟုဆိုကာ ထွက်လာကြခြင်း ဖြစ်ပါသည်ဟု ပြောပြပါသည်။

အမှန်တော့ မနေ့က မနက်စောစောတွင် စာရေးသူသည် မန္တလေးမြို့ (၆၂) လမ်း၊ လမ်း (၃၀) မေတ္တာလမ်းသွယ်နေ ဒေါ်လဲ့လဲ့သောင်း၏ကိစ္စတစ်ခုအတွက် အဓိဋ္ဌာန်ပြုရန် မြို့သာမြို့ ရှင်မထီးအောင်မြေသို့ လိုက်ပါသွားခြင်းဖြစ်ပြီး ညနေပိုင်းတွင် ဆီးချိုရောဂါဖြင့် ကျောက်ဆည်ဆေးရုံတွင် တက်ရောက်နေသော အစ်မကြီး ဒေါ်ခွဲ့ရီထံ သွားရောက်နေရသောကြောင့် ဖြစ်ပါသည်။

ဗိုလ်မှူးကြီး သိန်းငွေးတို့သည် ရန်ကုန်ဇာတိဟု သိရပါသည်။ မန္တလေးသို့ ရောက်ရှိ တာဝန်ထမ်းဆောင်ခဲ့ရသည်မှာ (၄) နှစ်ရာသီပင်ရှိပြီဖြစ်သော်လည်း ရုပ်ရှင်တော်မြတ်အကြောင်းကို တစ်စွန်းတစ်စမျှ မကြားသိဘူးပါ။ ပြောင်းရွှေ့မိန့်ထွက်လာသောအခါတွင်မှ အိပ်မက်တွင်တွေ့ရှိပြီး အပူတပြင်းရှာဖွေနေခြင်း ဖြစ်သည်။ ၁၈-၆-၂၀၁၁ နေ့တွင် ရန်ကုန်၌ ရုံးတက်ရတော့မည်ဖြစ်၍ မနက်ဖြန် ရန်ကုန်သို့ဆင်းရတော့မည်ဟု ပြောပါသည်။

ဒေါ်မြတ်ရည်မွန်သည် စာရေးသူတို့၏ဘုရားခန်းသို့ ရောက်ရှိသောအခါ ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်မြတ်ကို ဖူးတွေ့ပြီး မယ်တော်ကြီး၏ ဓာတ်ပုံများကိုလည်း မြင်တွေ့သွားသောအခါ တကယ့် အိပ်မက်ထဲကဘုရားနှင့် အိပ်မက်ထဲက ယောဂီပုဂ္ဂိုလ်ပဲဟု ပြောကာ မျက်ရည်များဝဲလျက်ရှိသည်။ ဒေါ်မြတ်ရည်မွန်မှ စာရေးသူ၏ ကျေးဇူးကြောင့် ရုပ်ရှင်တော်မြတ်ကို သိရှိရခြင်းဖြစ်၍ စာရေးသူကို ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ကြောင့် တဘက်တစ်ထည်ဝယ်ခဲ့ပါကြောင်း၊ စာရေးသူအား လက်ဆောင်ပေးခြင်း ဖြစ်ပါကြောင်းဆို၍ စာရေးသူလည်း ဝမ်းသာစွာဖြင့် လက်ခံလိုက်ပါသည်။

ထိုနေ့က ရုပ်ရှင်တော်မြတ်သည် မန္တလေးမြို့ ကျွဲဆည်ကန်ရပ်ကွက် ရွှေနေကြီး ဦးစိန်သန်း - ဆရာမကြီး ဒေါ်မြမြ၊ ကိုသိန်းလင်း - မခင်စမာ၊ သား မောင်ရသတို့၏ နေအိမ်တွင် ကြွမြန်း ရောက်ရှိတော်မူလျက်ရှိပါသည်။ စာရေးသူလည်း ဗိုလ်မှူးကြီးသိန်းငွေးနှင့် ဒေါ်မြတ်ရည်မွန်တို့ကို ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလျက်ရှိရာဖြစ်သော ကိုသိန်းလင်းတို့၏နေအိမ်သို့ ညွှန်လိုက်ရပါသည်။ ထို့နောက် ဗိုလ်မှူးကြီး သိန်းငွေးတို့ ရောက်လာမည့်အကြောင်း ဖုန်းဆက်၍ အကြောင်းကြားလိုက်ပါသည်။

ထိုအချိန်၌ မယ်တော်ကြီးတို့သည် အခြားတစ်အိမ်မှ ဆက်လက် ပင့်ဆောင်တော့မည်ဖြစ်သောကြောင့် လှူဒါန်းပူဇော်မှုအစုစုအတွက် ရေစက်ချနေပြီဖြစ်ပါသည်။ စောင့်ဆိုင်းပေးပါမည်ဟု ဆိုပါသည်။ ထို့ကြောင့် ဗိုလ်မှူးကြီး သိန်းငွေးနှင့် ဒေါ်မြတ်ရည်မွန်တို့သည် ကိုသိန်းလင်းတို့နေအိမ်မှာပင် ရွှေခေါင်းလောင်းကို ရေစက်ချ လှူဒါန်းနိုင်ခဲ့ပါသည်။ သို့သော် ယခု ယူဆောင်လာခဲ့သော ခေါင်းလောင်းမှာ အသေးဖြစ်ပါသည်။ အကြီးကျန်ပါသေးသည်ဟုဆိုရာ ရုပ်ရှင်တော်မြတ်သည် ယခုပင်လျှင် (၂၆) ဘီလမ်း ဆိုင်းတန်းရပ် ချမ်းသာကြီးချမ်းသာရဘုရားအနီး ပြည့်စုံပွဲရုံ ကိုဝေလင်း-မမြိုင်တို့၏ နေအိမ်သို့ ကြွ



www.burmeseclassic.com

www.burmeseclassic.com

မြန်းတော့မည်ဖြစ်ပါ၍ ထိုအိမ်သို့သာ လိုက်၍ လှူပါရန် ပြောကြားလိုက်ရပါသည်။

ညနေပိုင်းတွင် ဗိုလ်မှူးကြီး သိန်းဌေးနှင့် ဒေါ်မြတ်ရည်မွန်တို့သည် ပြည့်စုံပွဲရုံသို့ လာရောက်၍ ရွှေခေါင်းလောင်းအကြီးကို ထပ်မံ လှူဒါန်းသွားပါသည်။ နောက်တစ်နေ့ ၁၇ - ၆ - ၂၀၁၁ တွင် ရုပ်ရှင်တော်မြတ်သည် ပြင်ဦးလွင်သို့ ဆက်လက် ကြွမြန်းတော်မူသကဲ့သို့ ဗိုလ်မှူးကြီး သိန်းဌေးတို့သည်လည်း ရန်ကုန်မြို့သို့ ထွက်ခွာသွားပါသည်။ (၈) လပိုင်းတွင် ရုပ်ရှင်တော်မြတ်သည် ဗိဇာရက်စောင့်ရင်း ရန်ကုန်မြို့ပေါ်သို့ ပြန်လည် ကြွမြန်းရောက်ရှိတော်မူစဉ် ဦးသိန်းဌေး - ဒေါ်မြတ်ရည်မွန်တို့သည် ၎င်းတို့နေထိုင်ရာ အမှတ် (၄၀)၊ ကန်သာယာလမ်းသွယ် (၆)၊ FMI ပဒေသာပင်မြို့တော်သို့ ပင့်ဆောင် ပူဇော်ခဲ့ကြပါသေးသည်။

ဤအခေါက် ရန်ကုန်မြို့သို့ ကြွမြန်းရောက်ရှိတော်မူသော ခရီးစဉ်ထဲမှာပင် ပြီးခဲ့သည့်အခေါက်က လျှောက်ထားခဲ့သော အောင်မြင်ထွန်းကားကုမ္ပဏီ ဦးကိစ်-ဒေါ်မာလာဝင်းတို့၏ ကုမ္ပဏီသို့ ကြွရောက်တော်မူခဲ့ပါသည်။ ထိုနေ့က ကုမ္ပဏီနှစ်ပတ်လည်မွေးနေ့ဖြစ်၍ ပဌာန်းပွဲများလည်း ကျင်းပပြီး အထူးစည်ကားလှပါသည်။

မမာလာဝင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် မဟာမြိုင်တောကြီးတွင် (၁၀၈) တောင် စေတီတော်ကြီး တည်လျက်ရှိပါသည်။ ၎င်းတို့ တစ်ဦးတည်းတည်ထားခြင်းတော့မဟုတ်ပါ။အစိုးရဌာနများဖြစ်သော အကောက်အခွန်ဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဆည်မြောင်းဝန်ကြီးဌာနတို့မှ လုပ်အားပေးနှင့် စက်ယန္တရားကြီးများ ကူညီသည့် အပြင် တင်ဝင်းထွန်းကုမ္ပဏီ၊ High Development ကုမ္ပဏီ၊ အဓိပတိကုမ္ပဏီ၊ Tiger ကုမ္ပဏီနှင့် အခြားအလှူရှင်များလည်း ပါဝင်ပြီး နိုင်ငံတော်အကြီးအကဲအချို့ရောက်ရှိလာကာ ငွေအင်အား၊ လူအင်အား၊ စက်အင်အားတို့လည်း ဝိုင်းဝန်း ကူညီ လှူဒါန်းခဲ့ကြပါသည်။

**လေးကျွန်းရန်အောင်စေတီတော်မြတ်ကြီး ဖြစ်တည်လာပုံအကျဉ်းချုပ်**

မြန်မာနိုင်ငံသည် ရှေးအဆက်ဆက်ကပင်လျှင် ထေရဝါဒ ဗုဒ္ဓဘာသာ ကိုးကွယ် ပူဇော်လာခဲ့ကြပါသည်။ ဗုဒ္ဓ၏ တရားမဏ္ဍပ၊ ဘုရားကျောင်းကန်၊ သာသနိကအဆောက်အအုံများနှင့် လှပဝေဆာနေသော ရွှေနိုင်ငံဟုပင် တင်စား ခေါ်ဝေါ် သမုတ်ကြပါသည်။ မြတ်စွာဘုရား၏ ကြွင်းကျန်ရစ်သော ဓာတ်တော်မွေတော်များဖြင့် တည်ထား ကိုးကွယ်သော စေတီပုထိုးများကို ရွှေရောင်ဝင်းဝင်းနှင့် နေရာအနှံ့ ဖူးမြော်ကြည်ညိုနိုင်ပါပေသည်။

ဆရာတော် ဦးပညာဇောတ (သဲဖြူတောရ) သည် မှော်ဘီမြို့နယ် သဲဖြူကျေးရွာတွင် တရားရိပ်သာဖွင့်လှစ်၍ ဗုဒ္ဓဘာသာသူတော်စင်အပေါင်းအား တစ်လတရားစခန်း၊ ဆယ်ရက်တရားစခန်းများ၊ အခမဲ့သက်သတ်လွတ်ကျွေးမွေး ကုသိုလ်ယူ ဖွင့်လှစ်၍ ဝိပဿနာတရားများကို ပို့ချဟောကြားပေးလျက် ရှိပါသည်။ ဝါတွင်း (၃) လတိုင်း တောရဆောက်တည်ခဲ့ရာ ၂၀၀၉ ခုနှစ်၊ ဝါဆိုလတွင် ရှမ်းပြည်နယ် ပင်းတယသို့ ဝါဆိုဝါကပ်ရန် ဆုံးဖြတ်ထားခဲ့သည်။ သို့သော် ဆရာတော်ကြီး၏ ရှေးကုသိုလ်ကံ ပါရမီအဆက်ပါလာသောကြောင့် မဟာမြိုင်တောကြီး၌ရှိသော သာမန်လူတို့မမြင်နိုင်သည့်အစောင့်အရှောက်ပုဂ္ဂိုလ်များသည် ဆရာတော်ကြီးအား မဟာမြိုင်တောသို့ ကြွရောက် သီတင်းသုံးတော်မူပေးပါရန် ပင့်ဖိတ်လျှောက်ထားခဲ့ကြသည်။ သို့ဖြစ်၍ ထိုနှစ်က ဆရာတော်ကြီးသည် မဟာမြိုင်တောကြီးသို့ ကြွရောက်တော်မူခဲ့ပြီး ဝါဆိုဝါကပ်ကာ တောရဆောက်တည်ခဲ့ပါသည်။

ဆရာတော်သည် ဝစီပိတ်ကျင့်၍ တောရဆောက်တည်နေစဉ်အတွင်း ဗိဿနိုးမယ်တော် (ပန်ထွာဘုရင်မကြီး) သည် ကိုယ်ထင်ပြကာပေါ်ပေါက်လာပြီး ဤတောင်ကုန်းပေါ်တွင် ဗုဒ္ဓသာသနာ တည်တံ့ ပြန့်ပွားရန်နှင့် ခုနစ်ရက်သားသမီးများဖူးမြော်ကြည်ညိုနိုင်ရန်အတွက် စေတီတစ်ဆူတည်ထားပေးပါရန် မကြာခဏ လာရောက်လျှောက်ထားခဲ့သည်။

ပန်ထွာဘုရင်မသည် ဘီစီ ၂ ရာစုမှ အေဒီ ၅ ရာစုအတွင်း ဗိဿနိုးမြို့ကို တည်ထောင် အုပ်ချုပ်ခဲ့သော မြင့်မြတ်သည့်ဘုရင်မတစ်ဦး ဖြစ်သည်။ ဗိဿနိုးမြို့သည် သရေခေတ္တရာဘုရင် ဖြစ်သော ဒွတ္တဘောင်မင်းထံတွင် စစ်ကျရှုံးပြီးနောက် ဒွတ္တဘောင်မင်းမှ မိဖုရားအရာ တင်မြှောက်ခဲ့သော်လည်း သရေခေတ္တရာပြည်တွင် ဆက်လက်နေထိုင်ရန် ဆန္ဒမရှိသောကြောင့် ဘုရင်မနှင့် အခြွေအရံများသည် ဧရာဝတီမြစ်ကြောင်းမှတစ်ဆင့် ချင်းတွင်းမြစ်ကြောင်းအတိုင်းထွက်ပြေးတိမ်းရှောင်၍ မဟာမြိုင်တောကြီးအတွင်းသို့ ဝင်ရောက်ခဲ့ပြီး ယခု ဘုရားတည်သည့်နေရာတွင် ယာယီနန်းဆောင်များ ဆောက်လုပ်နေထိုင်ခဲ့ကြပြီး ယင်းနေရာမှာပင် ကံတော်ကုန်ခဲ့ပြီး ယခုအခါ ဗိဿနိုးမယ်တော် သိုက်ချုပ်အဖြစ် ဤတောကြီးအတွင်းမှာပင် စောင့်ရှောက်နေထိုင်လျက်ရှိပါသည်။

ဆရာတော်အား ဗိဿနိုးမယ်တော် (ပန်ထွာဘုရင်မ) လျှောက်ထားခဲ့သည်မှာ မဟာမြိုင်တောရှိ ယခုနေရာသည် ဗုဒ္ဓသာသနာထွန်းကားမည့်နေရာဖြစ်သည့်အတွက် ဘုရားစေတီတည်ရန် အကောင်းဆုံးနေရာဖြစ်ပါကြောင်း။ ရှေးယခင်အဆက်ဆက်ကပင်လျှင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များမှ စေတီတည်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း မအောင်မြင်ကြပါ။ ဤနေရာသည် ဗုဒ္ဓသာသနာအတွက် အထွတ်အမြတ် မြင့်မြတ်သောမြေနေရာဖြစ်ပါ၍ စေတီတော်တည်ထား ကိုးကွယ်ရန် အကောင်းဆုံးဖြစ်ပါသည်ဟု လျှောက်ထားပါသည်။

စေတီတော်ကြီး တည်ဆောက်ပြီးစီးလျှင်လည်း နိုင်ငံတော်သည် ယခင်ကထက် ပိုမို စည်ပင်သာယာပြောလာပြီး တိုင်းသူပြည်သားများသည်လည်း စီးပွားရေးလုပ်ငန်းများ အဆင်ပြေ ချောမော၍လာမည်ဖြစ်ပါကြောင်း လျှောက်ထားသော်လည်း ဆရာတော်သည် စေတီတော်တည်ရန် ငြင်းပယ်ခဲ့ပါသည်။ သို့သော် ပန်ထွာဘုရင်မမှ အကြိမ်ကြိမ် လျှောက်ထားတောင်းပန်လာသောအခါ ဆရာတော်သည်လည်း ရှေးဘဝရေစက်ကံပါလာသည်ကတစ်ကြောင်း၊ ဗိဿနိုးမယ်တော်မှ ဆရာတော်သာ ရှေ့မှ ဦးစီးဆောင်ပြုရပ်တည်ပါ။ လိုအပ်သည်များကို ပံ့ပိုးကူညီသွားပါမည်ဟု ကတိ[illegible] လျှောက်ထားသည်က တစ်ကြောင်း[illegible] ကြောင့် ဆရာတော်မှ စေတီတော်တည်ရန် လက်ခံသဘောတူလိုက်ပါသည်။

သဲဖြူဆရာတော်သည် ထို[illegible] ကို တပည့်ဒါယကာများနှင့် တိုင်ပ[illegible] မဟာမြိုင်တောအတွင်း၌ ကေစာရိ[illegible] ၍တောရဆောက်တည်နေသော မ[illegible] ဗောဓိမြိုင်ဆရာတော်ဘုရားကြီးထံ[illegible] သွားရောက် လျှောက်ထားရာ မ[illegible] ဗောဓိမြိုင်ဆရာတော်ကြီးမှ ဘုရား[illegible] ရခြင်း၏ ရည်ရွယ်ချက်များ၊ ဆောင်[illegible] ရှောင်ရန်များနှင့် ဘုရားတည်နေ[illegible] အတွင်း စိတ်နေစိတ်ထား ထားရှိ[illegible] ပုံစံများကို အသေးစိတ် ရှင်းပြ မိန့်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပါသည်။

၂၀၀၉ ခု၊ တန်ခူးလပြည့်နေ့တွင် မဟာမြိုင်တောအလယ် ဒီပါအေးမြကုန်းမြေပေါ်တွင် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ပြုလုပ်ခဲ့ပါသည်။ ထို့နောက် ဆရာအောင်မြင်(ကိုးတောင်ဘို့)မှ ဆရာတော်ထံ လာရောက်၍ စေတီတော်ကြီးအား ယက္ကန်းစင်တောင်ဆရာတော်ကြီး၏ မိန့်ကြားချက်အရ (၁၀၈) တောင်အမြင့်ဆောင် သာသနာ့ထွန်းခေါင် လေးကျွန်းရန်အောင် စေတီတော်ကြီးဟု တည်ထားရန် လျှောက်ထားဆုံးဖြတ်ခဲ့ကြပြီး ၂၀၀၉ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် အောင်စည်တီးကအောင်ပွဲရ (၁၀၈)တောင် အမြင့်ဆောင် သာသနာ့ထွန်းခေါင် လေးကျွန်းရန်အောင် စေတီတော်မြတ်ကြီးဟူသော ဘွဲ့အမည်တော်သမုတ်၍ အုတ်မြစ်ချမင်္ဂလာကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီး စတင်တည်တော်မူခဲ့ပါသည်။

အထက်ပါ အကြောင်းအရာများသည် လေးကျွန်းရန်အောင်စေတီတော်ကြီးနှင့် ပန်ထွာဘုရင်မတို့ ဆက်စပ်ပုံ၊ ထိုစေတီတော်ကြီးနှင့် သဲဖြူဆရာတော် ဆက်စပ်ပုံ၊ ဒေါ်မာလာဝင်းသည် သဲဖြူဆရာတော်ကြီး၏ တပည့်ဖြစ်သောကြောင့် ဤစေတီတော်ကြီးနှင့်ပတ်သက်ချက်တို့ကို စာဖတ်ပရိသတ်တို့ သိရှိနိုင်စေရန် ဦးစန္ဒိမာ - သာသနတက္ကသိုလ ဓမ္မာစရိယ B.A (Buddhism) ရေးသားသော လက်ကမ်းပန်းဖလပ်စာစောင်မှ ထုတ်နုတ် တင်ပြရခြင်း ဖြစ်ပါသည်။

သဲဖြူဆရာတော်သည် ပန်ထွာဘုရင်မနှင့် ပဋ္ဌာန်းဆက်ပါရှိသည်ဖြစ်ရာ သဲဖြူဆရာတော်ကြီး၏ တပည့်ရင်း ဒေါ်မာလာဝင်းသည်လည်း ပန်ထွာဘုရင်မကြီးနှင့် ပဋ္ဌာန်းဆက်ပါရှိသည် ဆိုခြင်းမှာ သဘာဝကျလှပါသည်။ ဒေါ်မာလာဝင်းထံတွင် ထူးခြားလှသော ဓာတ်ပုံကို တွေ့ရှိ၍ မေးမြန်းကြည့်ရာ ညအချိန်၌ ပန်ထွာဘုရင်မ၏ နန်းဆောင်ပေါ်မှ မှန်တွင် ကိုယ်ထင်ပြခြင်းကို ရိုက်ကူးထားသော ပန်ထွာဘုရင်မ၏ ပုံတော်ဟု သိရပါသည်။

ပန်ထွာဘုရင်မသည် ဒေါ်မာလာဝင်းအား မကြာခဏ နာမ်ကိန်း၍ အာရုံပြုပေးလေ့ရှိကြောင်းလည်း သိရပါသည်။ သို့သော် နှုတ်မှအသံထွက်၍ စကားပြောဆိုခြင်းတော့ တစ်ကြိမ်တစ်ခါမှ မပြုဘူးပါ။ ယခုလည်း ရုပ်ရှင်တော်မြတ် ကြွရောက်လျက်ရှိသောအချိန်တွင် ဒေါ်မာလာဝင်းအား ပန်ထွာဘုရင်မကြီးမှ နာမ်ကိန်းပြန်ရာ ရွှေကက္ကူမယ်တော်ကြီးသည် ပန်ထွာဘုရင်မကြီးမှ ပြောကြားစရာများရှိပါက အသံထွက်၍ပြောကြားပါရန် မေတ္တာရပ်ခံလိုက်ပါသည်။

ထိုအခါ ဒေါ်မာလာဝင်းမှတစ်ဆင့် ပန်ထွာဘုရင်မကြီးမှ ပြောကြားသည်မှာ ရွှေကက္ကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်ကြီးသည် တန်ခိုးတော်ကြီးမားလှပါသည်။ သို့ဖြစ်၍ မဟာမြိုင်တောကြီးအတွင်းမှာရှိသော အစောင့်အရှောက်ပုဂ္ဂိုလ်များ ဖူးမြော်နိုင်ရန်နှင့် စေတီတော်ကြီး တည်ဆောက်ရာတွင် အစစအရာရာ အဆင်ပြေ ချောမွေ့အောင်မြင်စေရန် ရုပ်ရှင်တော်မြတ်အား မဟာမြိုင်တောကြီးသို့ ပင့်ဆောင် ပူဇော်လိုကြောင်း ပြောကြားပါသည်။ ပင့်ဆောင်ပူဇော်လိုသည်မှာလည်း လာမည့်နှစ် ကဆုန်လပြည့်ဟုဆိုပါသည်။ မယ်တော်ကြီးတို့လည်း ထိုနေ့ထိုရက်တွင် မဟာမြိုင်တောကြီးသို့ ကြွမြန်းပေးရန် မှတ်သားထားရှိလိုက်ပါသည်။

ဤသို့ဖြင့် ရုပ်ရှင်တော်မြတ်သည် အောင်မြင်ထွန်းကားကုမ္ပဏီတွင် ကြွရောက် အပူဇော်ခံပြီးနောက် အခြားပင့်ဆောင် ပူဇော်သူများ၏ နေအိမ်များသို့ လိုက်ပါကြွမြန်းတော်မူပြီး ၂၉-၈-၂၀၁၁ နေ့တွင် စင်ကာပူနိုင်ငံသို့ ကြွမြန်းတော်မူပါသည်။ ၄-၉-၂၀၁၁ နေ့တွင် စဉ့်ကိုင်မြို့သို့ ပြန်လည်ကြွမြန်းရောက်ရှိတော်မူပါသည်။ အောင်မြေသို့ ပြန်လည်ကြွမြန်းရောက်ရှိတော်မူသောအခါတွင်လည်း ၉-၉-၂၀၁၁ ဗုဒ္ဓပူဇနီယပွဲတော်အတွက် ပြင်ဆင်ရသဖြင့် စာရေးသူတို့လည်း မအားလပ်အောင်ရှိရပါသည်။

ဤသို့ဖြင့် ၉ - ၉ - ၂၀၁၁ ဗုဒ္ဓပူဇနီယပွဲတော်ကြီးသည်လည်း မိုးလယ်မိုးတွင်းကာလကြီးမှာပင် ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်ဖြင့် ရာသီဥတုကြည်လင် သာယာစွာနှင့်ပင် စည်ကားသိုက်မြိုက်စွာ ပြီးဆုံးသွားခဲ့ပါသည်။ ပွဲတော်ရက် ပြီးဆုံးသည်နှင့် ရုပ်ရှင်တော်မြတ်သည် ဒေသစာရီခရီးစဉ်များ ပြန်လည်ကြွမြန်းပေးတော်မူရပြန်ပါသည်။ မြန်မာနိုင်ငံအောက်ပိုင်းခရီးစဉ် ပြီးဆုံးခဲ့ပြီဖြစ်၍ မြန်မာနိုင်ငံအထက်ပိုင်းခရီးစဉ်အဖြစ် စဉ့်ကိုင်မြို့အောင်မြေကို ဗဟိုပြုကာ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ ရွှေဘို၊ ကျောက်မဲ၊ နောင်ချို၊ အုန်းချော အမှတ် - ၇၆ (ခမရ) ခြေမြန်တပ်ရင်း ကျောက်ဆည် (မှန်စက်ရုံ) ပျော်ဘွယ်၊ မြင်းခြံ (ပြည်ကျော်ပဲကျော်) စသည့် မြို့ရွာဒေသများသို့ လှည့်လည်ကြွမြန်းတော်မူရာ နိုဝင်ဘာလတွင် အထက်မြန်မာပြည်ခရီးစဉ်များ တစ်နှစ်တာ ပြီးဆုံးခြင်းသို့ ရောက်ရှိပြန်ပါတော့သည်။

ထို့နောက် ဒီဇင်ဘာလတွင် နေပြည်တော်မှစတင်၍ ရန်ကုန်-တာချီလိတ်၊ ရန်ကုန်-သံတွဲ၊ ရန်ကုန်-ပုသိမ် ဟူသော ရန်ကုန်မြို့ကိုဗဟိုပြု၍ အောက်မြန်မာနိုင်ငံခရီးရှည်ကို ကြွမြန်းတော်မူပြန်ပါသည်။ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိတော်မူသောအခါ ဒေါ်မာလာဝင်းသည် မယ်တော်ကြီးတို့ထံ လာရောက် ဆက်သွယ်ပြီး မဟာမြိုင်တောကြီးသို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ရန် ထပ်မံ၍ အတည်ပြုလျှောက်ထားပါသည်။ ဤသို့ဖြင့် ရုပ်ရှင်တော်မြတ်သည် မဟာမြိုင်တောကြီးသို့ ကဆုန်လပြည့်တွင် ကြွမြန်းတော်မူရန် အတည်ရက်သတ်မှတ်လိုက်ပါသည်။

ခါတိုင်းနှစ်များဆိုလျှင် ရုပ်ရှင်တော်မြတ်သည် (၅) လပိုင်းကုန်မှသာ ရန်ကုန်မြို့မှ ပြန်လည် ကြွမြန်းလာလေ့ရှိသော်လည်း ယခုနှစ်တွင် မဟာမြိုင်ခရီးစဉ်ရှိနေသောကြောင့် သင်္ကြန်ကျရောက်ပြီးမကြာမီ နေပြည်တော် ဥတ္တရသီရိမြို့နယ် မချောချော (ခ) မသန္တာဟန် ဇမ္ဗူဟိန်းဆောက်လုပ်ရေးကုမ္ပဏီသို့ ကြွမြန်းတော်မူရပါသည်။ နေပြည်တော်သို့ ကြွမြန်းတော်မူရသည်မှာ ဒေသစာရီခရီးစဉ် သက်သက်မျှသာမဟုတ်ပါ။ အန်တီအေးတွင် ဖြစ်ပွားလျက်ရှိသော ယာဘက်မျက်ခုံးစရှိ အရေပြားကင်ဆာအနာကို ခွဲစိတ်ကုသရန်ဖြစ်ပါသည်။

ဤနေရာတွင် စာဖတ်ပရိသတ်များလည်း သတိပြုဖွယ် အရေပြားကင်ဆာအကြောင်းကို တင်ပြလိုပါသည်။ ဤရောဂါသည် အစပိုင်းတွင် မည်သူမျှ အလေးထားခြင်း၊ ကုသခြင်းတို့ ပြုမိကြမည် မဟုတ်ပါ။ သတိပြုမိသော အချိန်ဆိုလျှင်တော့ သေချာပေါက် နောက်ကျပြီသာ ဖြစ်ပါသည်။ စာရေးသူ၏ မိခင်ကြီး အမေကောင်းသည် ဤအရေပြားကင်ဆာရောဂါနှင့်ပင် ကွယ်လွန်ခဲ့ရခြင်းဖြစ်ပါသည်။ အောက်မျက်ခမ်းစပ်တွင် မှဲ့လုံးကလေးတစ်ခု ပေါ် ပေါက်၍လာပါသည်။ သာမန်မှဲ့ဟုထင်၍ အမှတ်တမဲ့နေမိရာ တဖြည်းဖြည်းနှင့် မသိမသာ ကြီးမား၍လာပါသည်။ အရေပြားအထူးကုကို ပြသကြည့်သောအခါ အရေပြားကင်ဆာ ဖြစ်ပွားနေခြင်းဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

သိရပါသည်။ မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်၍ ခွဲစိတ်ကုသသော်လည်း မျက်လုံးနှင့်နီးကပ်နေသဖြင့် အမြစ်များကို ကုန်စင်အောင် ခွဲစိတ်ထုတ်ယူရန်မရဘဲရှိပါသည်။ ကျန်ရှိသော အမြစ်များမှ တဖြည်းဖြည်းပွားကာလိုက်စား၍လာပါတော့သည်။ အမေကောင်းသည် အတွင်းရောဂါကြီးကြီးမားမားမရှိပါ။ ကျန်းမာရေးကောင်းလှသူဖြစ်သော်လည်း ဤအရေပြားကင်ဆာဝေဒနာကို (၆) နှစ်တိတိ ခံစားခဲ့ရပြီး ထိုရောဂါနှင့်ပင် ကွယ်လွန်ခဲ့ရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် မိမိတို့၏ ကိုယ်ခန္ဓာပေါ်တွင် မှဲ့လုံးကလေးများထွက်လာပါက ဂရုပြုသင့်ပါသည်။ ရုပ်ရှင်မင်းသားကိုဝင်းဦး၏ မှဲ့ကဲ့သို့ အမွေးအမှင်ပါရှိလျှင် အန္တရာယ်လုံးဝမဖြစ်ပေါ်နိုင်ပါ။ ထိုသို့မဟုတ်သည့်အပြင် တဖြည်းဖြည်းကြီးလာမည်။ ယားယံသည်ဆိုပါက အမြန်ဆုံး အရေပြားအထူးကုသို့ ပြသသင့်ပါသည်။ ယခုလည်း အန်တီအေး၏ မှဲ့မှာ တဖြည်းဖြည်း ကြီးထွားလာသဖြင့် ရန်ကုန်မြို့ရှိ ကုန်းဘောင်အထူးကုဆေးခန်းတွင် အရေပြားအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးကျော်ကျော်နှင့် ပြသစစ်ဆေးရာ အရေပြားကင်ဆာဖြစ်ပွားလျက်နေသည်မှာ သေချာကြောင်း၊ သို့သော် အဆိုးဝါးဆုံးကင်ဆာအဆင့်တွင် မပါဝင်ပါ။ အမြန်ဆုံး ခွဲစိတ်လျှင်တော့ ကောင်းပါမည်ဟု ပြောပါသည်။

ထိုကိစ္စကို နေပြည်တော်မှ မချောချော သိရှိသောအခါ အမေတို့တွင် ကိုယ်ပိုင်ငွေကြေးမရှိပါ။ သို့သော် အန်တီအေး၏ ခွဲစိတ်ကုသမှု ကုန်ကျစရိတ်အားလုံးကို သမီးမှတာဝန်ယူပါမည်။ အမေတို့ မပူပါနှင့်ဟု ဆိုပါသည်။ ထို့ကြောင့်ပင် မချောချော၏ စီစဉ်ပေးမှုကြောင့် အန်တီအေးသည် နေပြည်တော်ရှိ ဥတ္တရသီရိဆေးရုံသစ်ကြီး (ပင်လုံဆေးရုံ-ရန်ကုန်လက်အောက်ခံ) တွင် ဒေါက်တာကျော်စန်း (အရေပြားအထူးကု) ဆရာဝန်ကြီးမှ ၂၇-၅-၂၀၁၂ နေ့တွင် ခွဲစိတ်ပေးခဲ့ပါသည်။

မယ်တော်ကြီးသည် အန်တီအေး ခွဲစိတ်ခန်းဝင်၍နေချိန်၌ အပြင်မှနေပြီး ဂုဏ်တော်များ ရွတ်ပွားကာ မေတ္တာပို့သလျက်ရှိပါသည်။ အန်တီအေး၏ အနာမှာ အပြင်မှာကြည့်လျှင် သေးငယ်သော်လည်း အမြစ်များမကျန်ရှိစေရန် လိုက်၍ ခွဲစိတ်ရပါသည်။ မေ့ဆေးပေး၍ ခွဲစိတ်ရခြင်းဖြစ်ပြီး တစ်နာရီခန့်ပင် ကြာမြင့်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ်တွင် မိတ္ထီလာမြို့၌ မယ်တော်ကြီးခွဲစိတ်ကုသမှုခံယူစဉ်က အန်တီအေးမှ ရွတ်ဖတ်ပေးခဲ့ရသကဲ့သို့ပင် ဖြစ်ပါသည်။

နဂိုက မဟာမြိုင်သို့ ကဆုန်လဆန်း ၁၄ ရက်နေ့တွင်ကြွရောက်မည်ဖြစ်၍ ၂၇ ရက်နေ့တွင် ခွဲစိတ်ရက်ယူလိုက်ရခြင်းဖြစ်သော်လည်း ဒေါ်မာလာဝင်းသည် ကဆုန်လပြည့်နေ့ ၅-၆-၂၀၁၂ တွင် ဂျပန်နိုင်ငံသို့ သွားရောက်ရန် အကြောင်းပေါ်ပေါက်လာရာ ၄-၆-၂၀၁၂ နေ့တွင် ရန်ကုန်သို့ အရောက်ပြန်ရမည် ဖြစ်သောကြောင့် စော၍ကြွမြန်းတော်မူရန် အခြေအနေပြောင်းလဲသွားပါသည်။ အမှန်တော့ အန်တီအေးသည် ခွဲစိတ်ကုသမှု ခံယူပြီး တစ်ပတ်ခန့် နားနေရန် လိုအပ်သော်လည်း ရုပ်ရှင်တော်မြတ်၏ ခရီးစဉ်ကို မနှောင့်နှေးစေလိုခြင်း၊ ပင့်ဆောင် ပူဇော်သူတို့ကိုလည်း စိတ်ချမ်းသာနိုင်စေရေးအတွက် ခွဲစိတ်ပြီး (၃) ရက်အရ ၂၉-၅-၂၀၁၂ နေ့မှာပင် နေပြည်တော်မှ ထွက်ခွာခဲ့ရပါသည်။

ထိုနေ့ညတွင် မုံရွာမြို့အဝင်ရှိ အောင်မြင်ထွန်းကားကုမ္ပဏီတည်ရှိရာ ဇီးကွက်ခြံကြီးတွင် ရပ်နားသီတင်းသုံးတော်မူပါသည်။ သဲဖြူဆရာတော်ကြီးသည် တစ်ရက် ကြိုတင်၍ မဟာမြိုင်တောကြီးသို့ ကြွသွားတော်မူနှင့်ပြီ ဖြစ်ပါသည်။ ၃၀ ရက်နေ့တွင် မုံရွာမြို့မှ ဆက်လက်၍ ကြွမြန်းတော်မူရာ တန့်ဆည်မြို့တွင် ရုပ်ရှင်တော်မြတ်အား နေ့ဆွမ်းဆက်ကပ်ပါသည်။ ထိုနေ့ညနေပိုင်းတွင် မဟာမြိုင်တောကြီးသို့ ရောက်ရှိပါသည်။ တန့်ဆည်မြို့လွန်၍ ကံထူးမရွာသို့ ရောက်ရှိချိန်မှစ၍ သစ်ကြီးဝါးကြီးများကို တွေ့မြင်ရပြီဖြစ်ကာ မဟာမြိုင်တောစပ်သို့ ရောက်ရှိပါသည်။

မဟာမြိုင်တောသည် 'မြိုင်' အမည်ပါသော စုံနံ့သာမြိုင်၊ မဲဇာမြိုင်၊ မြိုင်ကြီးဝိုင်းသစ်တော၊ အင်ကြင်းမြိုင်၊ မဟာမြိုင် သစ်တောကြီး၏အလယ်တွင် တည်ရှိခြင်းကြောင့် မဟာမြိုင်ချက်မကြီးဒေသဟု ဒေသခံများက ခေါ်ဝေါ်သုံးစွဲကြပါသည်။ မဟာမြိုင်တောကြီးသည် ကလေးဝမြို့နယ်တွင် တည်ရှိပြီး မြန်မာပြည်၏ အနောက်ဘက် တောင်တန်းဒေသများတွင်ပါဝင်၍ မြောက်လတ္တီကျူ (၂၂) ဒီဂရီ၊ (၅၀) မိနစ်နှင့် (၂၃) ဒီဂရီ၊ (၃၇) မိနစ်ကြားတွင် တည်ရှိပြီး သစ်တောဌာနသုံး အမှတ်အသားမှာ FA ၇၁၃၇၈၉ ဒီဂရီ ဖြစ်ပါသည်။ ဧရိယာအကျယ်အဝန်းမှာ (၃၈၂. ၀၃) စတုရန်းမိုင် ကျယ်ဝန်းပါသည်။ ဤသစ်တောကြီးအတွင်း၌ သက္ကယ်ကျင်း၊ အောင်ချမ်းသာ၊ အိုင်မ၊ ကတိုး၊ ကြွေ၊ ဝေဖုံကျောင်းကြီး၊ ချင်းကျောင်း စသောကျေးရွာများ တည်ရှိပါသည်။

၎င်းပြင် ဤသစ်တောကြီးအတွင်း၌ သဘာဝအရင်းအမြစ်များအဖြစ် ရွှေကျင်သည့်လုပ်ငန်း၊ သစ်လုပ်ငန်းနှင့် ဝါးခုတ်လုပ်ငန်းတို့ လုပ်ကိုင်ကြပါသည်။ ဤဒေသထွက် ပျားရည်မှာ အထူးနာမည်ကျော်ကြားပြီး ဒေသပေါင်းစုံသို့ တင်ပို့လျက်ရှိပါသည်။

ဤတော၏အလယ်၌ ယခုတည်ထားလျက်ရှိသော လေးကျွန်းရန်အောင်စေတီတော်မြတ်ကြီးသာ ပြီးစီးသွားမည်ဆိုပါက ဤဒေသသည် နောင်တစ်ချိန်တွင် သာသနာရောင်ဝါထွန်းလင်းလာပြီး စည်ပင်ဖွံ့ဖြိုးလာမည့်ဒေသကြီးဖြစ်ပေါ်လာမည် ဖြစ်ပါ၏။

စေတီတော်ကြီးတည်ထားလျက်ရှိသော ဒီပါအေးမြကုန်းတော်ကြီးသည်ကား ကျယ်ဝန်းပြန့်ပြူးလှပါ၏။ ပတ်ဝန်းကျင်တွင်လည်း သစ်ရိပ်ဝါးရိပ်များကောင်းမွန်လှကာ သာယာလှပလွန်းပါသည်။ စေတီတော်ကြီးမှာ ကြီးမားလွန်းလှသည်ဖြစ်သောကြောင့် (၃) နှစ်ရာသီအင်တိုက်အားတိုက် မနားတမ်း လုပ်ဆောင် တည်ဆောက်ခဲ့ခြင်း ဖြစ်သော်လည်း အောက်ခြေမျှသာ ပြီးပါသေးသည်။ သဘာဝရေထွက်ရေကန်လည်း ရှိပါသည်။စေတီတော်ကြီးတည်ဆောက်ရာ၌ မြေအုတ်များကို အသုံးမပြုပါ။ အင်္ဂတေအုတ်များကို နေရာတွင်ပင် ပြုလုပ်ပြီး သုံးစွဲလျက်ရှိပါသည်။

တည်ဆောက်ရေးလုပ်ငန်းမှာ ကြီးမားလှပါသည်။ စေတီတော်ကြီးသာမက ယောဂီဆောင်များ၊ ဓမ္မာရုံများကိုပါ တစ်ပြိုင်နက် များပြားစွာ တည်ဆောက်နေခြင်းဖြစ်ပါ၍ လှူဒါန်းကြသူတို့၏ သဒ္ဓါတရားကြီးမားပုံကို လေးစားဂုဏ်ယူမိပါသည်။

သဲဖြူဆရာတော်ကြီးသည် ရုပ်ရှင်တော်မြတ်အား အထူးပင်ကြည်ညိုလှပါသည်။ မယ်တော်ကြီးနှင့် အန်တီအေးတို့ကိုလည်း ဒီပါအေးမြကုန်းမြေပေါ်ရှိ ထူးခြားသော နေရာဌာနများကို အလျှင် ဒေါ်မာလာဝင်းတို့နှင့်အတူ လိုက်ပါလျက် ရှင်းလင်း မိန့်ကြားတော်မူပါသည်။ ရုပ်ရှင်တော်မြတ်သည် မဟာမြိုင်တောကြီးတွင် (၃) ညအိပ် သီတင်းသုံး



www.burmeseclassic.com

www.burmeseclassic.com

ခံယူတော်မူပါသည်။

သဲဖြူဆရာတော်ကြီးသည် ရုပ်ရှင်တော်မြတ်နှင့်ပတ်သက်၍ ဤသို့ မိန့်ကြားတော်မူပါသည်။ ဤရုပ်ရှင်တော်မြတ်သည် နတ်တို့ကိုးကွယ်ဖူးမြော်သော ဘုရားဖြစ်ပါသည်။ တန်ခိုးတော်ကြီးမားသူပါသည်။ သက်ရှိထင်ရှား မြတ်စွာဘုရားရှင်သည် နတ်တို့ကို တရားဟောသောအခါ နတ်မင်းကြီးများ ဝတ်ဆင်သကဲ့သို့ ရတနာအဆောင်အယောင်များနှင့်ဖန်ဆင်းတော်မူပြီး နတ်တို့တရားကို သိမြင်လာသောအခါမှ ဘုရားရှင်၏ တောတီအသွင်ဖြင့် တရားများဆက်လက်ဟောကြားလေ့ ရှိပါသည်။ ယခုလည်း ရွှေကူ လေပျံသစ်တော် ရုပ်ရှင်တော်မြတ်သည် ရတနာ၊ ရွှေ၊ ငွေမျိုးစုံ စီခြယ်သော မကိုဋ်တော်၊ စလွယ်တော်တို့ ဆင်မြန်းတော်မူထားခြင်းကြောင့် နတ်များ အမြဲမပြတ် လာရောက် ဖူးမြော်လျက်ရှိကြပါသည်ဟု မိန့်ကြားတော်မူပြီး ယခုကဲ့သို့ မယ်တော်ကြီးနှင့် အန်တီအေးတို့သည် ဝေးလံကြမ်းတမ်းသော သမ်းခရီးကို ဖြတ်ကျော်၍ ဤမဟာမြိုင်တောကြီးသို့ ရုပ်ရှင်တော်မြတ်ကိုကြွမြန်းပေးသည့်အတွက် ကျေးဇူးလည်းတင်ရှိပါသည်။ သာဓုလည်းခေါ်ပါသည်။ အလျဉ်းသင့်သောတစ်နေ့တွင် ဆရာတော်ဘုရားကြီး သီတင်းသုံးရာ မော်ဘီသဲဖြူတောရသို့လည်း ပင့်ဆောင် ပူဇော်ပါသည်ဟု မိန့်ကြားတော်မူပါသည်။ (နောင်တွင်လည်း ရွှေကူသာဝကများနှင့် တွေ့ဆုံသောအခါ ဆရာတော်ကြီးသည် ထိုအတိုင်းပင် တစ်သဝေမတိမ်း မိန့်ကြားတော်မူကြောင်း သိရှိရသည်။)

ထို့နောက် ရုပ်ရှင်တော်မြတ်သည် ကြိုတင် လျှောက်ထားချက်အတိုင်း ကလေးမြို့သို့ ဆက်လက် ကြွမြန်းတော်မူပါသည်။ ကလေးမြို့သည် တောင်ပေါ်မြို့ဖြစ်၍ မြန်မာ၊ တရုတ်၊ ဟိန္ဒူ၊ ချင်း၊ နာဂ၊ ကသည်းနှင့် လူဆိုင်လူမျိုးများ နေထိုင်ပြီး ချင်းပြည်နယ်၏ တံခါးဝ၊ ချင်းနယ်စပ် တမူး၊ မိုးရေးလမ်းပေါ်တွင် တည်ရှိသောကြောင့် ကုန်သွယ်မြို့ဖြစ်ကာ လူဦးရေများပြားပြီး ကြီးမားစည်ကားသည့်မြို့၊ ခေတ်မီသောမြို့ဖြစ်ကာ တိုက်တာအဆောက်အအုံများသည် တောင်တန်းများပေါ်တွင် တည်ဆောက်ထား သန့်ရှင်းသပ်ရပ်လှပါသည်။

ကလေးမြို့ခရီးစဉ်ကို ပင့်ဆောင်ပူဇော်သူ ဆရာမကြီးဒေါ်ခင်အုန်းမြင့်မှ စာရေးသူထံသို့ ပေးပို့ထားသည့် မှတ်တမ်းအတိုင်း ဖော်ပြလိုက်ပါသည်။ အခြားမြို့ရွာများမှ ပင့်ဆောင်ပူဇော်ကြသူတို့သည်လည်း မိမိတို့မြို့ရွာ၊ မိမိတို့၏နေအိမ်သို့ ရုပ်ရှင်တော်မြတ် ကြွရောက်စဉ် တွေ့ကြုံရသော ထူးခြားမှုများကို မှတ်တမ်းပြုစု၍ ရေးသားပေးပို့ကြမည်ဆိုပါက အလျဉ်းသင့်သောအခါများတွင် ဤကဲ့သို့ ထည့်သွင်း ဖော်ပြသွားမည်ဖြစ်သောကြောင့် စာရေးသူထံသို့ ရေးသားပေးပို့ကြပါရန် ဖိတ်ခေါ် အပ်ပါသည်။

**ကလေးမြို့မှ**
**ဆရာမကြီးဒေါ်ခင်အုန်းမြင့်ပေးပို့သော**
**မှတ်တမ်း**

ရွှေကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်ကြီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ဒေသစာရီ ကြွချီတော်မူသောခရီးစဉ် ဖြစ်သည်။ (၂-၅-၂၀၁၂ မှ ၁၇-၅-၂၀၁၂ အထိ)

✤

ကျွန်မသည် ရွှေကူလေပျံသစ်တော်ကြီး ပေါ်ထွန်းနေသည်ကိုသိတဲ့အချိန်မှစ၍ ဖူးမြော်ချင်စိတ်များ ပြင်းပြခဲ့ပါသည်။ ကျွန်မ၏ ဆွေမျိုးများသည် စဉ့်ကိုင်မြို့ တရုတ်စုရပ်ကွက်တွင် နေထိုင်ကြပါသည်။ ကျွန်မလာသည့်အခါတိုင်း (၂၀၀၉-၂၀၁၀ လောက်ဖြစ်မည်ထင်ပါသည်။) ဘာသာခြား၏အိမ်မှာ ဘုရားပွင့်တော်မူနေတာကို ဖူးချင်၍ လိုက်ပြခိုင်းသော်လည်း သူတို့လည်း မသိကြဘူးဟု ဆိုပါသည်။ ၂၀၁၁ ခုနှစ် သူရဇ္ဇမဂ္ဂဇင်းတွင် ရွှေကူအကြောင်းပါလာတဲ့အခါမှ အတိအကျ သိရတာကြောင့် မန္တလေး ရတနာပုံတက္ကသိုလ်မှာ ဥပဒေပညာရပ် ဆည်းပူးနေသော သမီးအငယ်ဆုံး ဟေမာရန်အောင်ကို ဆွေမျိုးများဆီသွားလျှင် ရအောင်စုံစမ်းပြီး ဖူးမြော်ခိုင်းခဲ့ပါသည်။ သမီးက အိမ်ကို ရောက်ခဲ့ကြောင်း၊ ဒါပေမယ့် ရွှေကူဘုရားသည် ရန်ကုန်မြို့သို့ ဒေသစာရီ ကြွနေတဲ့အတွက် (၂) ခေါက်သွားလည်း မဖူးခဲ့ရကြောင်း ဆိုသည်။

ကျွန်မသည် ရွှေကူလေပျံသစ်တော်၏တန်ခိုး၊ ကျွန်းသစ်တုံးပေါ်ကို အဝတ်လျှော်မိပါက တွန်းချခံရကြောင်း သိရပါသည်။တစ်ချိန်က မိမိလည်း ဒီလိုဖြစ်ခဲ့ဖူးသည်လို့ စဉ်းစားခဲ့မိပါသည်။

✤

၁၉၆၈ ဆရာဖြစ်သင်တန်း.(မိတ္ထီလာ) ဆင်းပြီး ၁၉၆၉ခုနှစ်မှာ ဖောင်းပြင် အ-ထ-ကမှာ မူလတန်းဆရာမအဖြစ်တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ ၁၉၆၉ ရေများတဲ့ ဩဂုတ်၊ စက်တင်ဘာ ခန့်မှန်းခြေ ရေတွေများနေတဲ့အချိန်မှာ မြစ်ထဲမှာပဲ ရေချိုးကြပါတယ်။ တစ်နေ့မှာ ကမ်းစပ်မှာရှိတဲ့ ကျွန်းသစ်တုံးပေါ်ကို အဝတ်လျှော်ဖို့ တက်လိုက်ပါတယ်။ တက်တက်ချင်းပဲ တွန်းချသလို ရေထဲကို ခြေချော်ကျသွားပြီး တစ်ခါတည်း ဝဲစုပ်ခြင်းကိုခံရပါတယ်။ ကျွန်မလည်း သတိကောင်းစွာနဲ့ ဘုရား၊ တရားအာရုံပြုပြီး သတိမလွတ်ဘဲ အထက်ကို ရုန်းကန်တက်လိုက်ပါတယ်။ နောက်တော်တော်ကြာမှ ဝါးနှစ်ပြန်လောက်မှာ ပြန်ပေါ်လာတယ်။ အဝတ်တွေကတော့ တစ်ခုမှ မျောမသွားပါဘူး။ ကျွန်မနဲ့အတူ ရေချိုးလာတဲ့ ဆရာမက သတိမေ့ပြီး မအော်ဘဲ နေခဲ့တယ်တဲ့။ ကျွန်မပေါ်လာမှ ရေနစ်တယ်ဆိုပြီး အော်ခဲ့ပါတယ်။ အဲဒီဆရာမဟာ ခုထိ ရန်ကုန်က ရွှေတောင်ကြားလမ်းမှာရှိပါတယ်။ ပြန်ပြောပြရင် သတိရနေမှာပါ။ (ကလေးမြို့သူ ဆရာမဒေါ်ကြူကြူ)။ ဒါကြောင့် ဒီကျွန်းသစ်တုံးကို စိတ်ဝင်စားပြီး ရွှေကူဘုရားကို ပင့်ချင်တဲ့စိတ် တဖွားဖွားပေါ်လာတာပါ။ တကယ်လို့ ဒီသစ်တုံးပေါ်ကိုတက်ခဲ့မိရင်လည်း ရှိခိုးတောင်းပန်ချင်လို့ပါ။

ကျွန်မသမီးဟာ (၂) လကျော်အထိ ပင့်ခိုင်းပါတယ်။ ကျွန်မကိုယ်တိုင်လည်း အောင်မြေကို နှစ်ကြိမ်လာပြီးပင့်ပါတယ်။ ရွှေကူပုံတော်ကို အိမ်မှာ ပူဇော်၊ ဆွမ်း၊ ရေချမ်း၊ ဆီမီးကပ်လှူပြီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှာရှိသော (၇) ရက်သားသမီးများ ပူဇော်နိုင်ရန်,ကြွရောက်ပေးဖို့ နေ့တိုင်း ဆုတောင်းပါတယ်။

ကံအားလျော်စွာပဲ ၃-၅-၂၀၁၂ မှာ မဟာဗောဓိမြိုင်မှာ သွားပြီးကြိုဆိုပင့်ဆောင်ရမယ်လို့ရက်သိတော့ အတိုင်းမသိဝမ်းသာပြီး နေ့တိုင်း ဒီရက်မရောက်ခင် ပြင်ဆင်စရာပြင်၊ ဘုရားသမိုင်းအကြောင်းများကိုလည်း မိတ္တူကူး၊ မယ်တော်ကြီးတို့ခွေတွေကိုလည်း ကူးပြီး မြို့ထဲမှာ ဓမ္မဒါနပြုပါတယ်။ ဘုရားကြွလာရင် ဘုရားသမိုင်းအကြောင်းသိပြီးသားဖြစ်အောင်လို့ပါ။

၂-၅-၂၀၁၂ ရက်နေ့ မယ်တော်ကြီးတို့ကို ကြိုဆိုဖို့အတွက် ကားငှားရပါတယ်။ ဒါပေမယ့် ရွှေကူလေပျံသစ်တော်အကြောင်းကို အစပျိုးပြီး ပြောပြတဲ့အခါ အငှားမလိုက်ဘဲ သူတို့က အခကြေးငွေမယူဘဲ ကုသိုလ်ပြုပါရစေလို့



www.burmeseclassic.com

www.burmeseclassic.com

ပြောပါတယ်။ (သည့်အရင်က ဘုရားအကြောင်းတစ်ခါမျှမကြားဘူးသေးပါ။) သဒ္ဒါတရားထက်သန်ကြသူများ ဖြစ်ပါတယ်။ ကားပိုင်ရှင်က ဦးမောင်စီ - ဒေါ်ခင်ဝင်းတင် (အောင်နိုင်သူ-မုန့်ဟင်းခါးလုပ်ငန်း)၊ အောင်မင်္ဂလာရပ်ကွက် ဖြစ်ပါတယ်။ ကုန်ကျမယ့် ဒီဇယ်ဆီကို မင်းရဲကျော်စွာလမ်းက ဦးသန်းထွန်းအောင်နဲ့ ဒေါ်သန်းသန်းလှတို့က လှူပါတယ်။

၂-၅-၂၀၁၂ ရက်နေ့မှာ ကလေးဝမြို့ မဟာမြိုင်တောရ ဒီပါအေးမြကုန်းပေါ်တွင် အောင်စည်တီးက အောင်ပွဲရ (၁၀၈) တောင် အမြင့်ဆောင် သာသနာ့ထွန်းခေါင် လေးကျွန်းရန်အောင် စေတီတော်မြတ်ကြီးဆီသို့ ရွှေကံကူလေပျံ့သစ်ရုပ်ရှင်တော်မြတ်ကြီးနဲ့ မယ်တော်ကြီးတို့အား ပင့်ဆောင်ရန် နံနက် (၅) နာရီ၊ (၃၀) မိနစ်မှာ ထွက်ခွာခဲ့ကြပါတယ်။ ကလေးဝမြို့မှ ချင်းတွင်းမြစ်တစ်ဖက်ကမ်းကို ဇက်နဲ့ ကူးရပါတယ်။ ဇက်ကူးပြီးမှ မဟာဗောဓိမြိုင်တောတွင်းကို ဝင်ရပါတယ်။

နံနက်(၁၁)နာရီလောက်မှာ သဲဖြူဆရာတော်ဘုရားရဲ့ကျောင်းကို ရောက်ရှိပြီး မယ်တော်ကြီးတို့ကို တွေ့ရှိရလို့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ခရီးကြမ်းသော်လည်း မောတယ်ပန်းတယ်မထင်ခဲ့ရပါဘူး။ ဘုရားပင့်ရတော့မှာမို့ ကျွန်မရဲ့ ကြိုးစားမှု အကြံအစည်များ အောင်မြင်တဲ့အတွက်ကြောင့် စိတ်ဝမ်းနှလုံး အေးချမ်းရပါပြီ။

ဗိဿနိုးမယ်တော်ရဲ့နန်းကိုလည်း သွားရောက် ကန်တော့ခြင်း၊ ပဝါများဆက်သခြင်း၊ ဆီမီး၊ အမွှေးတိုင်များလှူပြီး အမှုအတန်းများဝေခဲ့ပါတယ်။ လာတဲ့လမ်းတစ်လျှောက်မှာလည်း ဘေးမသီရန်မခအောင် စောင့်ရှောက်ပေးပါလို့ ဆုတောင်းခဲ့ပါတယ်။ ဗိဿနိုးမယ်တော်ရဲ့ ရုပ်တုတော်ဟာ ကြည့်မဝအောင် လှပတင့်တယ်နေပါတယ်။ ကျက်သရေအပေါင်းနဲ့လည်း ပြည့်စုံပါပေတယ်။

နေ့လယ် (၁၂) ခွဲ၊ (၁) နာရီခန့်လောက်မှာ ကလေးမြို့သို့ ထွက်ခွာလာကြပါပြီ။ ကလေးမြို့ကို ညနေ (၅) နာရီခွဲလောက်မှာရောက်ရှိပြီး ပထမဦးစွာ ပင်လုံရပ်ကွက် ချမ်းမြေ့အောင်စည်လမ်းမှာ နေထိုင်တဲ့ ဦးသိန်းအောင် - ဒေါ်ခင်စန်းရီ(သိန်းအောင်မုန့်တိုက်)ကို ရောက်ရှိပြီး ရတနာရွှေမိုး၊ ငွေမိုးများနဲ့ ကြိုဆိုကြပါတယ်။

ရွှေကံကူလေပျံ့သစ်တော်ရဲ့ ထူးခြားချက်များမှာ -

၂-၅-၂၀၁၂ မှ ၄-၅-၂၀၁၂ အထိ သိန်းအောင်မုန့်တိုက်မှာ ကိန်းဝပ် စံပယ်တော်မူပါတယ်။ ၅ - ၅ - ၂၀၁၂ နံနက် (၄း၁၅) နာရီမှာ ပလ္လင်ပေါ်မှနေပြီး ခန့်မှန်းခြေ (၂) တောင်လောက် ကွာဝေးတဲ့ သပိတ်၊ သက်န်းပေါ် ပြောင်းရွှေ့ကြွမြန်းတော်မူတာကို တွေ့ရှိရပါတယ်။ လူအများ လာရောက် ဖူးမြော်ကြပါတယ်။

၅-၅-၂၀၁၂ နေ့ ကဆုန်လပြည့်နေ့တွင် အောင်မင်္ဂလာရပ်ကွက်ရှိ (ဦးရန်အောင်)-ဒေါ်ခင်အုန်းမြင့် အ-မ-က(၃)/ငြိမ်းမိသားစုတို့နေအိမ်ကို ပင့်ဆောင်ပါတယ်။ ပင့်ဆောင်စဉ် ယောဂီများနဲ့ စည်ကား သိုက်မြိုက်စွာ ပင့်ဆောင်ပါတယ်။ ထူးခြားမှုမှာ ကျွန်မတို့အိမ်ကို ကြွရောက်တဲ့အချိန်မှစပြီး ဘုရားရှင်ရဲ့ မျက်နှာတော် ပြုံးနေတာကို တွေ့ရတာ နောက်တစ်အိမ်ကို ပြောင်းတဲ့အထိ ဖြစ်ပါတယ်။

ကဆုန် ညောင်ရေသွန်းပွဲအခါနဲ့ လည်းကြုံ၊ ကလေးမြို့သမိုင်းဝင် ရွှေဘုံသာစေတီမြတ်ကြီးဟာ ကျွန်မတို့အိမ်နဲ့ (၂) ဖာလုံလောက်ပဲ ဝေးမယ်လို့ထင်ပါတယ်။ ရွှေဘုံသာစေတီမြတ်ကြီးရှိ ညောင်ရေသွန်းပွဲကို လာကြသူများဟာ ဆရာမဒေါ်ခင်အုန်းမြင့်အိမ်မှာ ရွှေကံကူ တန်ခိုးကြီးဘုရား ကြွလာတယ်လို့ တစ်ယောက်စကား တစ်ယောက်ကြားပြီး ညောင်ရေသွန်းလာသူများ၊ မသိသူရောသိသူများပါ လာရောက် ဖူးမြော် ကန်တော့ကြခြင်းမှာ ကြိတ်ကြိတ်တိုး စည်ကားနေပါတယ်။ ကျွန်မလည်း ဝမ်းသာပီတိဖြစ်မဆုံးဘဲ နောက်နေ့လည်း လာရောက် ဖူးမြော်နိုင်ကြောင်း ဖိတ်ရပါတယ်။ ဖုန်းပါသူများက ခွင့်တောင်းပြီး ဖုန်းနဲ့ ရွှေကံကူလေပျံ့သစ်တော်ကို ရိုက်ယူကြပါတယ်။ လူအမျိုးမျိုးရိုက်ကူးရာ ပုံစံအမျိုးမျိုး တွေ့ရပါတယ်။ တချို့က လာပြောတယ်။ ကျွန်မတို့ (၄) ယောက် ဓာတ်ပုံရိုက်တာ ကျွန်မတစ်ယောက်ပဲ ရောင်ခြည်တော်ကွန့်မြူးတဲ့ပုံရတယ်။ ပုံကူးပြီးပေးလာပါဦးမယ်လို့ ပြောသွားကြတယ်။ ပြုံးတော်မူတဲ့ပုံလည်း ရကြပါတယ်။

တချို့က ဓာတ်ပုံကူးလိုက်တဲ့အခါ ပလ္လင်ပဲပါပြီး ဘုရားပုံမပါလာလို့ နောက်တစ်ကြိမ်လာရိုက်တယ်။ နောက်တစ်ကြိမ်မှာလည်း ဘုရားပုံတော်ပါတယ်၊ ဝိုးတိုးဝါးတာပဲတဲ့။ ဒါနဲ့ ကျွန်မ သတိထားမိပြီး ဘုရားကို ယုံကြည်ပါ၊ ရိုက်ခွင့်တောင်းပြီး ရိုက်ပါလို့ ပြောလိုက်မှ ‘ဆရာမရေ၊ ဒီတစ်ခါတော့ ထင်ထင်ရှားရှားရပြီ’ ဆိုပြီး အားရဝမ်းသာပြောလာပါတယ်။ အဲဒီလူက နောက်တစ်ကြိမ် ဘုရားကြွလာရင် ပင့်ချင်လို့ ကျွန်တော့်ကို ဦးစားပေးပါလို့ ပြောသွားတယ်။

၆-၅-၂၀၁၂နေ့မှာ သဒ္ဒါပေါက်ပြီးတော့ နားကပ်များ လာလှူကြပါတယ်။ အောင်မင်္ဂလာဝတ်အသင်းနဲ့ ယောဂီများက လာရောက်ပြီး ပရိတ်၊ ပဋ္ဌာန်းများနဲ့ ပူဇော်ကြပါတယ်။ ရွှေဘုံသာဝတ်အသင်းမှ ပရိတ်ပဋ္ဌာန်း ပူဇော်နေစဉ်မှာ အမျိုးသမီးတစ်ယောက်က သူရဲ့ခေါင်းမှ ရွှေကလစ်ကို ချွတ်ပြီး ဘုရားပလ္လင်ပေါ်မှာ လှူထားခဲ့ပါတယ်။ ကျွန်မနဲ့ ဝတ်ရွတ်သူတွေကလည်း အဲဒီအမျိုးသမီးကို မသိကြပါဘူး။ ပိုင်ရှင်ဖော်လို့မရဖြစ်နေတယ်။ ၁၂ - ၅ - ၂၀၁၂၊ ဒေါ်ခင်ဝင်း (ဆရာမ) အိမ်ကို ဘုရားကြွတဲ့အချိန် နောက်တစ်ကြိမ်လာဖူးမှ အဲဒီအမျိုးသမီးလှူခဲ့ကြောင်း သိရပါတယ်။ ကျွန်မက ဘယ်အရပ်ကလဲလို့ လိပ်စာမေးတော့ ပင်လုံရပ်ကွက်ကပါပဲ။ ဘယ်လိုသိပြီး ကျွန်မအိမ်ကိုလာတာလဲဆိုတော့ တန်ခိုးကြီးဘုရား ကြွလာမယ်ဆိုတာကို ဘဝဘဝကအစ်မတော်တွေက (ဥစ္စာစောင့်လို့ ပြောတာပဲ။) ဖူးဖြစ်အောင် ဖူးရမယ်ပြောလို့ ရအောင်လာရှာရင်းနဲ့ တွေ့တယ်လို့ ပြောပါတယ်။ သူ့အမျိုးသားကလည်း သဘောကောင်းစွာနဲ့ လိုက်ပို့ပါတယ်။

အမျိုးသမီးက ‘ဘာသာခြားဖြစ်ပြီး ယခုအခါ ဗုဒ္ဓဘာသာကို ကိုးကွယ်နေတဲ့သူ ဖြစ်ပါတယ်။ ဒါပေမယ့် ဘုရားရှိခိုးတိုင်း ဘုရားပုံတော်ကို မမြင်ရအောင် နှောင့်ယှက်နေတယ်။ ကျွန်မတို့နဲ့ ပြောရင်းလည်း ငိုနေပါတယ်။ ကျွန်မတို့အိမ်မှာ ဘုရားဖူးနေတုန်းကို သူ့ရဲ့အစ်မတော်တစ်ယောက်က သူ့ကိုယ်ထဲ ဝင်ပူးပြီး ‘ဆံဖိကို လှူလိုက်၊ မြန်မြန်ချွတ်လှူပါ။ ငါကဘဝပြောင်းရတော့မှာ၊ နင်လှူမှ ငါဘဝပြောင်းကောင်းမှာလို့ပြောလို့ လှူလိုက်တယ်လို့ ပြောတယ်။ နင်ကုန်ရင်လည်း ငါပြန်ပေးမှာပါလို့ ပြောတယ်တဲ့။ (နာမည်တွေ သိသော်လည်း ထည့်မရေးတော့ပါဘူး။ သူတို့ကြိုက် မကြိုက် မသိလို့ပါ။) မယ်တော်ကြီးက လည်း အဲဒီအမျိုးသမီးနဲ့ ဆွေးနွေးစကား



www.burmeseclassic.com

www.burmeseclassic.com

...တယ်။ တရားဟောပေးတယ်။ စိတ် ...အောင် ဆောင်ရွက်ပေးခဲ့ပါ ...။ (အရင်ဘဝက မယ်တော်ကြီးတို့ ... ဆွေတော်မျိုးတော်တော်ခဲ့တယ်လို့ ...ပါတယ်။)

ဒါတွေကလည်း ထူးခြားချက်ပါပဲ။ ...ရင်း မယ်တော်ကြီးတို့ လှူတဲ့ ...ကိုလည်း စားချင်တယ်ပြောလို့ ...ပေးလိုက်ပါတယ်။ နောက်နေ့တွေ ...ည်း ဘုရားနောက်ကိုလိုက်ပြီးဖူး ...တော့တာပါပဲ။

ကျွန်မတို့အိမ်မှာလည်း လှူလာ ...နားကပ်တွေက ရောင်ခြည်တော် ...ကွန့်မြူးတာကို ဖူးလာသူတိုင်းမြင် ...ပါတယ်။ထူးခြားချက်များကတော့-

၁။ ဘုရားပြုံးတော်မူသည်။
၂။ ပလ္လင်ထက်မှ မြောက်ဘက်သို့ အနည်းငယ်ရွေ့သည်။
၃။ ရွှေယပ်တောင်မှ ရောင်ခြည်တော်တန်းလွှတ်သည်။
၄။ ဘုရားပလ္လင်အောက်ခြေမှ - ရွှေပြားဝိုင်းသဏ္ဍာန် (၂) ခု အလင်းရောင်ကွန့်မြူးသည်။
၅။ လှူလာသောနားကပ်များမှ ရောင်ခြည်တော်ကွန့်မြူးသည်။
၆။ မျက်နှာတော်မှ (မျက်ရည်စီးကြောင်းမှ မဟုတ်ဘဲ) မျက်လုံးတော်အောက်တည့်တည့်မှ ပုလဲလုံးကြီးသဏ္ဍာန် ဖြူဖြူဖွေးဖွေး မျက်ရည်များရွဲနေပြီး အောက်သို့လည်းမကျပါ။ မျက်နှာတော်ပြုံးနေပါသည်။ (၁၅) မိနစ်လောက်ကြာမှ ပျောက်သွားသည်။ (လူအများ ဖူးမြော်ကြရပါသည်။)

၇-၅-၂၀၁၂ ရက်နေ့မှာ နောက် ...အိမ်ကို ကြွရမှာဖြစ်ပါတယ်။ ကျွန်မ ...ည်း ဘုရားရဲ့ တန်ခိုးတော်များကို ...လိုလို့ (၃) ရက်စလုံး ညမအိပ်ပါ။ ...နှင်းအကျဉ်း၊ အကျယ်၊ ဘုရားဝတ် ...များ ရွတ်နေခဲ့ပါတယ်။

တခြားအိမ်မှာ နေရာရွှေ့ရင် ...တော်အိမ်လည်း သိသာထူးခြား ...ချင်ပါတယ်လို့ ဆုတောင်းနေပါ ...။ မှေးခနဲနဲ့ငိုက်ရင်တောင် ပြန်ထ ...တယ်။

၇-၅-၂၀၁၂ နံနက် (၃) နာရီ ...တ်မှာ အစိုးရမီးကလည်း ပျက် ...ပါတယ်။ အိမ်ကမီးစက်ကလည်း ...မရပါဘူး။ ခါတိုင်း တစ်ချက်တည်း ...ရတယ်။ ဒါကြောင့် ရွှေကူဘုရား ...ည်း အမှောင်ထဲမှာ မီးအိမ်အလင်း ...နဲ့ နေရပါတယ်။ ကျွန်မတို့အိမ်မှာလည်း မိသားစုအပြင် အရှင်ကပ်ဖို့ဆိုပြီး အိမ်နားနီးချင်း မြေးအဘွား (၃) ယောက်လည်း (၃း၁၅) နာရီလောက် နာရီမှာပြီးလာကြတယ်။ (၄) နာရီမှ ကပ်မှာပါ။ ဘုရားပဲဖူးနေပါလို့ ပြောရတယ်။ မီးကလည်း မှောင်နေတော့ ကျွန်မသမီးကြီးကလည်း -

"အမေ၊ ဘုရားကလည်း ဘယ်မှ မရွှေ့ဘူးနော်။ တန်ခိုးလည်းမပြဘူး"

လို့ သားအမိနှစ်ယောက် စိတ်အားငယ်ပြီး ပြောနေကြပါတယ်။ ကျွန်မလည်း -

"သိသာထင်ရှားသော တန်ခိုးများပြတော်မူပါ။ နောက်နေ့လည်း သူများအိမ်ကို ကြွတော့မှာပါ"

ဆိုပြီးပဲ ထပ်ကာထပ်ကာ ဆုတောင်းနေတယ်။ နောက် (၄း၁၅) မိနစ်တိတိမှာ မီးကလည်း စက်နှိုးလို့မရသေးပါ။ ပလ္လင်အောက်ခြေမှစပြီး မီးပန်းမီးပွားများ တဖျပ်ဖျပ်အသံကို ကြားရပါတယ်။

သမီးကြီးက -

"အမေ၊ ရောင်ခြည်တော်လွှတ်ပြီ"

လို့ အော်လိုက်လို့ ကြည့်ပြီး ဖူးလိုက်တဲ့အခါမှာ ရောင်ခြည်တော်တွေ အောက်ခြေမှစ မကိုဋ်တော်အထိတက်သွားတာကို မျက်မြင်ကိုယ်တွေ့ ဖူးရပါတယ်။ ဆုတောင်းဖို့လည်း သတိမရပါဘူး။ မိနစ် (၁၀)၊ (၁၅) မိနစ်လောက်ပဲ ကြာမယ်ထင်ပါတယ်။

အိမ်အောက်မှာရှိတဲ့ မီးချောင်းတွေလည်းလင်းသွားတယ်ပြောပါတယ်။ အိမ်နားက ဆွမ်းကပ်လာတဲ့ မြေးအဘွား (၃) ယောက်၊ ထမင်းဝိုင်းချက်ကူပေးတဲ့ အမျိုးသမီးနဲ့ ကျွန်မတို့မိသားစု ဖူးရပါတယ်။ ဘေးအိမ်တွေက ပြေးလာခဲ့တော့လည်း မမီလိုက်ကြပါဘူး။ ဖူးထိုက်သူသာ ဖူးရခြင်းပါပဲ။

၇-၅-၂၀၁၂၊ နံနက်အရုဏ် (၄) နာရီ၊ (၁၅) မိနစ်မှာ ပလ္လင်တော်မှစပြီး မကိုဋ်တော်အထိ ရောင်ခြည်တော် ကွန့်မြူးပါတယ်။

၇-၅-၂၀၁၂ မနက် (၈) နာရီ (၃၀) မိနစ်။

ဒေါ်ခင်အုန်းမြင့်အိမ်မှ မင်းရဲကျော်စွာလမ်း၊ ဦးသန်းထွန်းအောင် - ဒေါ်သန်းသန်းလှတို့နေအိမ်ကို ပြောင်းရွှေ့ကြမှာ ဖြစ်ပါတယ်။ (၈) နာရီမှာ ဂေါပကများနဲ့ယောဂီများလာရောက်ကြိုဆိုကြပါတယ်။ လူအများစုပေါင်းနေတဲ့အချိန် (၈း၃၅) နာရီမှာ မကိုဋ်တော်မှ ရောင်ခြည်တော် ရိပ်ခနဲရိပ်ခနဲဖြစ်တာကိုကြည့်ပြီး မကြာခင်မှာပဲ ရောင်ခြည်တော် သိသိသာသာပေါ်ထွန်းတောက်ပနေပါတော့တယ်။ ဘုရားကို လာပင့်တဲ့လူများနဲ့ အိမ်မှာရှိတဲ့ ဘုရားဖူးသူ (၅၀) ယောက်လောက်ဟာ အံ့မခန်းဖွယ် ဖူးတွေ့ကြရပါတယ်။ ကျွန်မတို့ကလည်း ဘုရားရောင်ခြည်တော်ကိုပဲ အံ့ဩစွာနဲ့ ဖူးတွေ့တဲ့အချိန်မှာ အိမ်နားပတ်ဝန်းကျင်က ကျောင်းသူလေးတစ်ယောက် (ဒုတိယတန်း) က -

"ဆရာမတို့ရဲ့ အိမ်ခေါင်မိုးပေါ်မှာ ပန်းရောင်တွေဖြစ်နေတာကို မြင်ရတယ်"

လို့ ပြောပါတယ်။

နောက် ကလေးတစ်ယောက်ကလည်း (စကားသိပ်မပီသတဲ့ ကလေး၊ ဘဝဟောင်းက ဥစ္စာစောင့်ဝင်စားတယ် ပြောတာပါပဲ။) ကျွန်မတို့အိမ်ခေါင်မိုးကို လက်ညှိုးထိုးပြီး စူးစူးဝါးဝါးအော်ပြီး ကြည့်ခိုင်းပါတယ်။

ကျွန်မတို့ ပရိသတ်အားလုံးကတော့ လက်တွေ့ ဘုရားကိုပဲ မျက်စိတစ်ဆုံးကြည့်နေရလို့ ခေါင်မိုးပေါ်ကအဖြစ်ကို မသိလိုက်ရပါဘူး။ နောက် (၂) နာရီကြာလောက်မှ ပြောပြလို့ သိရပါတယ်။ ကျွန်မကတော့ လက်တွေ့ မျက်တွေ့ အမှန်တရားလို့ အကြွင်းမဲ့ ယုံကြည်ပြီး ရွှေကူ လေပုံ့သစ်တော်ရုပ်ရှင်တော်မြတ်ကို ဖူးမဝနိုင်ဖြစ်ရပါတယ်။ အခါအခွင့်သင့်တိုင်း ဖူးမြော်ပါရစေလို့ ဆုတောင်းမိပါတယ်။

၈-၅-၂၀၁၂၊ နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ။

မင်းရဲကျော်စွာလမ်းနေ ဦးသန်းထွန်းအောင်-ဒေါ်သန်းသန်းလှနေအိမ်ကို ကြွပါတယ်။ အချိန်မရလို့ (၁) ရက်ပဲ ပင့်တယ်။ ထူးခြားချက်ကတော့ အဲဒီအိမ်ကို ရောက်တဲ့အခါ ရွှေဘုံသာဝတ်အသင်းမှ ပရိတ်၊ ပဋ္ဌာန်းများဖြင့် ပူဇော်ကြပါတယ်။ လူပရိသတ်လည်း သုံး၊ လေးဆယ်ဝန်းကျင်ဖူးမြော်လာကြတယ်။ ပဋ္ဌာန်းရွတ်တဲ့အချိန်မှာ မျက်လုံးတော် တစ်စတစ်စ ပွင့်လာပြီး သိသာထင်ရှားဖွင့်တော်မူတာကိုတွေ့ရတယ်။

ညနေ (၅) နာရီမှာ နောက်တစ်အိမ်ပြောင်းမည့်အချိန်ကျမှ မျက်လုံးတော်ပိတ်သွားတယ်။ နောက်တစ်အိမ်မှာမဖွင့်တော့ပါဘူး။ ဦးသန်းထွန်းအောင် - ဒေါ်သန်းသန်းလှအိမ်မှာ -

မျက်လုံးတော်ဖွင့်ခြင်းတန်ခိုးပြပါတယ်။ ပခုံးတော်မှာ လှူဒါန်းထားတဲ့ အမေကောင်းရဲ့ နားကပ်မှလည်း ရောင်



www.burmeseclassic.com

www.burmeseclassic.com

ခြည်တော်တန်းလွှတ်ပါတယ်။

ဦးမောင်စီ-ဒေါ်ခင်ဝင်းတင်အိမ်မှလှူထားသောနားကပ်မှလည်းကောင်း၊ ပခုံးနှစ်ဖက်တော်မှ စိန်ပွင့်များမှ လည်းကောင်း၊ စိမ်းပြာရောင် ရောင်ခြည်တန်းများ ကွန့်မြူးပါတယ်။

ဦးမောင်မောင်မြင့်အိမ်မှာ ပလတ်စတစ်ပန်းမှ အဖူးတံများထွက်လာခြင်း၊ မျက်နှာတော်အမျိုးမျိုးပုံစံပြောင်းခြင်း၊ သာသနာပွဲအုန်းရည်လျှံခြင်း။

ဗိုလ်ချုပ်လမ်းက ချင်းရိုးရာဆိုင်မှာတော့ ထူးခြားတာတစ်ခုရှိပါတယ်။ ရွှေကံကူ ဘုရားဆင်းတုတော်ရှေ့မှာ ပင်နီဆီလင် အရွယ်တူ(၃)ပုလင်း နီလာများထည့်ထားပါတယ်။ ဘယ်သူလာလှူသွားတယ်မသိရပါဘူး။ ဘုရားဖူးလာသူများလည်း ရေတွက်လို့ရသလောက်လူနည်းတာကြောင့် လာဖူးသူများကို စုံစမ်းကြည့်သော်လည်း သူတို့မလှူတဲ့အကြောင်း ပြောပါတယ်။ အိမ်ရှင်ကလည်း မယ်တော်ကြီးတို့ပစ္စည်းလားဆိုပြီး လိုက်ပေးပါတယ်။ မယ်တော်ကြီးတို့ကလည်း ပစ္စည်းရှင်ကိုယ်တိုင် လာရောက် လှူတာမဟုတ်တဲ့ကြောင်း လက်ခံမယူခဲ့ပါဘူး။ (လက်မခံခဲ့ပါဘူး)။

ကျန်တဲ့အိမ်မှာတော့ ထူးခြားမှုအနည်းငယ်စီရှိခဲ့ကြပါတယ်။ ကျွန်မတို့ရဲ့ တန်ခိုးတော်များခွေကိုကြည့်ရင်းသိရပါတယ်။ ဒေါ်ခင်ဝင်း (ဆရာမ/ငြိမ်း)တို့အိမ်မှာလည်း အုန်းရည်လျှံခြင်း၊နားကပ်တော်မှ စကြာကဲ့သို့ တန်ခိုးပြခြင်းများတွေ့ရပါတယ်။

✤

အထက်ပါ အကြောင်းအရာများတွင် ဖြည့်စွက်ရေးသားရန်ကျန်ရှိသည်မှာ သိန်းအောင်မုန့်တိုက် ဦးသိန်းအောင် - ဒေါ်ခင်စန်းရီတို့၏ နေအိမ်တွင်ကြွရောက်တော်မူစဉ် ဖြစ်ပေါ်သော ထူးခြားမှုအကြောင်းပင် ဖြစ်ပါသည်။ (၁၄) ရက်အဖိတ်နေ့ညတွင် မယ်တော်ကြီးမှ အိမ်ရှင်များကို ဤသို့မိန့်ကြားပါသည်။ မနက်ဖြန် ကဆုန်လပြည့်နေ့ ဖြစ်သည်။ ကဆုန်လပြည့်နေ့တွင် မြတ်စွာဘုရားသည် ဒုက္ကရစရိယာအကျင့်ကို စွန့်လွှတ်၍ မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ကို ကျင့်သုံးတော်မူပြီး ဘုရားအဖြစ်ကို ရောက်ရှိတော်မူမည့်နေ့ ဖြစ်သည်။ ဤနေ့တွင် သုဇာတာ သူဌေးသမီးသည် အလောင်းတော်ဘဝ နောက်ဆုံးဘုဉ်းပေးရခြင်းဖြစ်သော ယနာနို့ဆွမ်းကို ကပ်လှူခဲ့သည်။ ထို့ကြောင့် မနက်ဖြန်မနက်တွင် ယနာနို့ဆွမ်းကို ကပ်လှူပါ။ ယနာနို့ဆွမ်း ကပ်လှူသော သုဇာတာတွင် သားကောင်းသမီးကောင်းရရှိခြင်း၊ သုဇာတာ၏သား ယသ သတို့သားသည် သာသနာ့အမွေကို ခံယူပြီး ရဟန္တာအဖြစ်ကို ရောက်ရှိသွားသဖြင့် မိဘနှစ်ပါးသည် အပါယ်တံခါးပိတ်ရသည်။ အိမ်တွင်းရေးအဆင်ပြေရသည်။ စီးပွားရေးအဆင်ပြေရသည်။ ထို့ကြောင့် ယနာနို့ဆွမ်းကပ်လှူသူတွင် ထိုကဲ့သို့သော အကျိုးထူးများ ရရှိလိမ့်မည်ဟု မယ်တော်ကြီးမှ ပြောကြားပါသည်။

ဦးသိန်းအောင်-ဒေါ်ခင်စန်းရီတို့၏ သားကလေးမှာ စိတ်ထားသိမ်မွေ့သော်လည်း အရက်ကိုစွဲလမ်းနေသူ ဖြစ်ပါသည်။ ထို့ကြောင့် ယနာနို့ဆွမ်းကပ်လှူစေ၍ သားကလေးကို လိမ္မာရေးခြားရှိစေမည် ဖြစ်ပါသည်။ ထိုအခါ ဦးသိန်းအောင်-ဒေါ်ခင်စန်းရီတို့သည် ယနာနို့ဆွမ်းမချက်တတ်ပါ။ မချက်ဘူးပါဟုဆိုသဖြင့် မယ်တော်ကြီးမှ ယနာနို့ဆွမ်းချက်နည်းကို ဤသို့ပြောပြပါသည်။ ဆန်နို့ဆီဘူးတစ်လုံး၊ နွားနို့ နို့ဆီဘူးတစ်လုံး၊ ရေနို့ဆီဘူးတစ်လုံးထည့်၍ ထမင်းချက်သောပေါင်းအိုးဖြင့်တည်လိုက်ပါ။ ရေခန်းလျှင် ယနာနို့ဆွမ်းဖြစ်ပါပြီဟု ညွှန်ကြားပေးပါသည်။

ဒေါ်ခင်စန်းရီသည် ၅-၅-၂၀၁၂ နံနက် (၄) နာရီထိုးခါနီးတွင် ယနာနို့ဆွမ်းချက်ရန် ပြင်ဆင်ပြီး မီးပလပ်ထိုးလိုက်ပါသည်။ အချိန်စောသေး၍ အိပ်ခန်းသို့ပြန်မည်ပြုစဉ် ရုပ်ရှင်တော်မြတ်အား ဖူးမြော်ရာ ရုပ်ရှင်တော်မြတ်သည် ပလ္လင်တော်ပေါ်တွင် တင့်တယ်သပ္ပာယ်စွာ စံမြန်းတော်မူလျက်ရှိပါသည်။ ဒေါ်ခင်စန်းရီသည် အိပ်ခန်းတွင်းသို့ ရောက်ရှိ၍ ခေတ္တလှဲလိုက်လျှင် မှေးခနဲအိပ်ပျော်တော့မည်ရှိစဉ် အောက်ထပ်ဘုရားခန်းမှ ဆိုင်ဝန်ထမ်းမိန်းကလေး၏ အော်သံကြားပါသည်။

"အန်တီ၊ဘုရားကြွသွားပြီ။အန်တီဘုရားကြွနေပြီ"

ဟု သံပြိုင်ထွက်ပေါ်လာသဖြင့် ဒေါ်ခင်စန်းရီနှင့် ဦးသိန်းအောင်တို့လည်း အပေါ်ထပ်မှ ကမန်းကတန်းအောက်ထပ်သို့ ပြေးဆင်းလာကြပါသည်။ ရုပ်ရှင်တော်မြတ်ကို ဖူးလိုက်ကြသောအခါ ရုပ်ရှင်တော်မြတ်သည် ပလ္လင်တော်ပေါ်တွင်မရှိတော့။ (၂) တောင်ခန့်ကွာဝေးသော သင်္ကန်းပရိက္ခရာပေါ်သို့ ကြွမြန်း ရောက်ရှိတော်မူလျက်ရှိသည်ကို ထူးဆန်းအံ့သြဖွယ် ဖူးတွေ့လိုက်ကြရပါသည်။ ဒေါ်ခင်စန်းရီသည် ဝမ်းသာဝမ်းနည်းဖြစ်ကာ ရုပ်ရှင်တော်မြတ်အား အကြိမ်ကြိမ်ဦးခိုက်ပြီး မျက်ရည်များထိန်းမရတော့ဘဲ တပေါက်ပေါက်တ ဆင်းလာပါတော့သည်။ နာရီကိုကြည့်လိုက်သောအခါ (၄) နာရီနှင့် (၁၅)မိနစ် သာရှိသေး၍ မိမိဘုရားခန်းမှထွက်လာပြီး ဘာမှမကြာလိုက်သောအချိန်အတွင်း ကြွမြန်းသွားတော်မူခြင်း ဖြစ်ပါသည်။ မိမိကိုယ်မိမိ အပြစ်တင်မိသည်။ မိမိသည် ဤ (၁၅) မိနစ်တာမျှကလေးသာ ရုပ်ရှင်တော်မြတ်၏ ရှေ့တွင် ထိုင်နေ မည်ဆိုပါက ရုပ်ရှင်တော်မြတ်တန်ခိုး တော်ဖြင့် နေရာပြောင်းရွှေ့တော်မူခြင်း ကို ဖူးတွေ့ခွင့်ကြုံကောင်းကြုံရပေမည်။

တကယ်ဆိုလျှင် ဘုရားခန်းမှာပင် ဆိုင်ဝန်ထမ်းမိန်းကလေးများနှင့် ဆော နော အိပ်စက်သင့်ပါသည်။ ယခုလည်း ဘုရားခန်းတွင် ရုပ်ရှင်တော်မြတ်အား ပူဇော်ရင်း အိပ်ကြသော မိန်းကလေး သည်လည်း ရုပ်ရှင်တော်မြတ်ကြွရော တော်မူသွားသည်ကို အားလုံး အိပ်ပျော် နေကြသဖြင့် တစ်စုံတစ်ယောက်မှ မ တွေ့လိုက်ကြရပါ။ အောက်ထပ်မှ လူ များကြားရ၍ မယ်တော်ကြီးလည်း နိုး ပြီဖြစ်ပါသည်။ ဆိုင်ဝန်ထမ်းမိန်းက တစ်ဦးရောက်လာပြီး မယ်တော်ကြီး အန်တီအေးကို ခေါ်သဖြင့် မယ်တော် ကြီးနှင့် အန်တီအေးတို့လည်း ဘုရား သို့ လိုက်ပါသွားပါသည်။

"မယ်တော်ကြီးရေ၊ သမီးက ဝမ်းသာလွန်းလို့ မျက်ရည်နဲ့မျက်နှာ ပစ်လိုက်ပြီ။ ဒီမှာအိပ်နေကြတဲ့တ မလေးတွေ ဘယ်သူမှ ရုပ်ရှင်တော် တန်ခိုးတော်နဲ့ ကြွသွားတာကို မဖူး ကြရဘူး၊ မသိကြဘူး။ အားလုံးအိပ် နေကြတာတဲ့။ အဲဒီအချိန်မှာ မေ ခိုင်(ခွေးမကလေးဖြစ်ပါသည်။)က ယောက်မကျန် လက်နဲ့ပုတ်ပြီး နှိုး တာနဲ့ အားလုံးနိုးလာကြပြီး မေသ က ခါတိုင်း ဒီလိုမနိုးဖူးပါဘူး။ ဘာ ထူးခြားလို့ပါလိမ့်ဆိုပြီး ဘုရားကို လှ လိုက်ကြမှ ဘုရားကြွသွားပြီဆိုတာ လိုက်ကြတာတဲ့"

ဟု ဒေါ်ခင်စန်းရီမှ ပြော သည်။

ရုပ်ရှင်တော်မြတ်အား သေ ချာချာ ဂရုပြု၍ ဖူးမြော်လိုက်သော ထူးခြားမှုတစ်ခုကို ထပ်မံတွေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com

ညဦးပိုင်းက ဤမုန့်တိုက်မှ အလုပ်သမကလေး မခင်မာဦးသည် ၎င်း၏ လုပ်အားခ ချွေးနှဲစာကလေးကို စုဆောင်း၍ စိန်နားကပ် (တစ်သိန်းကိုးသောင်းကုန်ကျထားသည်။) ကလေးတစ်ရန် ဝယ်ယူဆင်ထားရာမှ ရုပ်ရှင်တော်မြတ်အား ကြည်ညိုလွန်းသဖြင့် လှူဒါန်းပါသည်။ ထိုအခါ မယ်တော်ကြီးသည် ထိုနားကပ်ကလေးအား ရုပ်ရှင်တော်မြတ် စံမြန်းတော်မူလျက်ရှိသော ပလ္လင်တော်ပေါ်တွင် ရုပ်ရှင်တော်မြတ်၏ ဘေးတစ်ဖက်တစ်ချက်စီ၌ တစ်ဖက်စီထားရှိလှူဒါန်းပေးထားခဲ့ပါသည်။ ရုပ်ရှင်တော်မြတ်၏ကိုယ်တော်နှင့် တစ်သားတည်းကျလျက်ပါရှိသော အောက်ခံပလ္လင်နှင့် ယှဉ်၍သာထိနေပါသည်။ ကော်ဖြင့်သော်လည်းကောင်း၊ တိပ်ဖြင့်သော် လည်းကောင်း နားကပ်ကို ပလ္လင်ဖြင့် ကပ်ထားခြင်းမရှိပါ။ သို့သော် ရုပ်ရှင်တော်မြတ် ယခုကဲ့သို့ ပလ္လင်ပေါ်မှ (၂) တောင်ခန့် အကွာဝေးသော သပိတ်၊ သင်္ကန်းတော်ပေါ်သို့ ကြွမြန်းသွားတော်မူသောအခါ နားကပ်လေးတစ်ဖက်သည်လည်း ရုပ်ရှင်တော်မြတ်နှင့်အတူ သင်္ကန်းတော်ပေါ်သို့ ရောက်ရှိ၍နေသည်မှာ အံ့ဖွယ်ကောင်းလှသဖြင့် လူတို့သည် ပြောဆိုအံ့ချီးမကုန်နိုင်အောင်ရှိလှပါသည်။

ထို့နောက် ဒေါ်ခင်စန်းရီသည် ၎င်း၏သားငယ် မောင်မောင်ကျော်အား ခေါ်ယူ၍ မိမိတို့၏နေအိမ်တွင် တန်ခိုးတော်ကြီးမားသောဘုရား ကြွမြန်းတော်မူလျက်ရှိသည့်အပြင် ထူးခြားသော တန်ခိုးတော်များကိုလည်း ချီးမြှင့်တော်မူသည်။ ထို့ကြောင့် မိဘနှင့် ဆွေမျိုးသားချင်းများကို စိတ်ဆင်းရဲစေသော အရက်သောက်ခြင်းကိုစွန့်ရန် ဘုရားထံတွင် သစ္စာပြုပါဟုဆိုရာ မောင်မောင်ကျော်သည် အရက်ကို စွဲစွဲလမ်းလမ်း နှစ်ခြိုက်နေပြီ ဖြစ်သောကြောင့် ကတိပြုရန် အခက်တွေ့နေပါသည်။

ထိုအခါ မယ်တော်ကြီးမှ ကြားဝင်ချက် ဤသို့ အကြံပေးလိုက်ပါသည်။

"ဒါဆိုလည်း ငါ့သားဒီလိုလုပ်ပါ။ အခုတစ်နေ့ဘယ်လောက်သောက်သလဲ"

ဟု မေးရာ တစ်နေ့ကို အရက်နှစ်လုံး (မည်ကဲ့သို့သောအရက် ဟူသည်ကိုတော့ မသိပါ။) သောက်ပါသည် ဆိုသဖြင့် ဒါဆိုလျှင် တစ်ဝက်တိတိ လျှော့သောက်ပါတော့မည်ဟု ကတိပြုနိုင်ပါမည်လားဟုမေးရာ ပြုနိုင်ပါသည်ဟုဆိုသဖြင့် ထိုသို့ ကတိသစ္စာဆိုစေလိုက်ပါသည်။ ထိုနေ့မှစ၍ မောင်မောင်ကျော်သည် တစ်နေ့လျှင် အရက်တစ်လုံးသာ သောက်တော့ကြောင်း သိရပါသည်။ ရုပ်ရှင်တော်မြတ် ကလေးမြို့မှပြန်လည် ကြွမြန်းတော်မူလာပြီးသည့်နောက် (၄) လမျှ ကြာမြင့်သည့်တိုင် မောင်မောင်ကျော်သည် ထားရှိသော ကတိအတိုင်း တစ်နေ့ အရက်တစ်လုံးသာ သောက်နေခဲ့ရာမှ တစ်နေ့တွင် မိခင်ဖြစ်သူမှ ဆူငေါက်လိုက်သဖြင့် အရက် (၂) လုံးကုန်အောင် သောက်လိုက်မိသည်။ ထိုအချိန်မှာပင် မောင်မောင်ကျော်မှာ မရပ်မနား ကြို့ကြီးထိုးပါတော့သည်။ အပမှီသကဲ့သို့ ဂနာမငြိမ်ဖြစ်ကာ လက်ညှိုးများ လျှောက်ထိုးပြနေသဖြင့် မယ်တော်ကြီးကို သတိရကာ ဖုန်းဆက်ပါသည်။

ထိုအခါ မယ်တော်ကြီးသည် ဖုန်းထဲမှပင် ရုပ်ရှင်တော်မြတ်ထံတော်တွင် ထားရှိခဲ့သည့်ကတိကို ဖျက်ယွင်းစေခဲ့သောကြောင့် တောင်းပန်ဝန်ချကန်တော့စေပြီး ကတိသစ္စာပြုစဉ်က ထားရစ်ခဲ့သော သစ္စာရေကိုသောက်စေလိုက်ရာ ချက်ချင်း ပြန်လည် ကောင်းမွန်သွားခဲ့ပါသည်။ ထိုနေ့မှစ၍ ယနေ့အချိန်တိုင် မောင်မောင်ကျော်သည် ကတိသစ္စာကို မဖျောက်ဖျက်ရဲတော့ပါ။ နောက်တစ်ကြိမ် ရုပ်ရှင်တော်မြတ် ကလေးမြို့သို့ ကြွရောက်တော်မူလျှင် အရက်လုံးဝ မသောက်တော့ပါ ဟူသော သစ္စာကတိကိုပြုနိုင်ရန် ကြိုးစားမည်ဟု သိရပါသည်။

အိမ်ရှင် ဦးသိန်းအောင်သည်လည်း ဝမ်းသာပျော်ရွှင်လျက်ရှိပြီး ဤဘုရားရှင်အား နတ်နဂါးတို့စောင့်ရှောက်သည်ဟု သိရပါသည်။ မိမိသည်လည်း နဂါးဆက်ပါသူဖြစ်၍ ဤဘုရားကို ပင့်ဆောင် ပူဇော်ခွင့်ရရှိပြီး မိမိနေအိမ်တွင် ပင့်ဆောင် ပူဇော်စဉ်မှာလည်း ထူးထူးခြားခြားနေရာပြောင်းကြွ၍ တန်ခိုးတော်များ ချီးမြှင့်ခြင်းဖြစ်သည်ဟု ယုံကြည်ကြောင်း ပြောပြပါသည်။

(စာရေးသူသည် ဤအကြောင်းကို ရေးသား ဖော်ပြခဲ့ပြီးဖြစ်သော်လည်း ယခင် ဆောင်းပါးများကို မဖတ်လိုက်ကြရသူများ သိရှိနိုင်စေရန် ထပ်မံ တင်ပြပါမည်။ စာရေးသူတို့၏ ရုပ်ရှင်တော်မြတ်သည် ရောင်ခြည်တော် ကွန့်မြူးတော်မူခြင်း၊ မျက်လုံးတော်ပွင့်တော်မူခြင်း၊ တစ်နေရာမှ တစ်နေရာသို့ တန်ခိုးတော်ဖြင့် နေရာပြောင်းကြွ၍ စံမြန်းတော်မူခြင်းစသော ထူးခြားမှုများ ဖြစ်ပေါ်လေ့ရှိသည်ဟု ဆိုခဲ့ရာ၌ မျက်လုံးတော်ပွင့်တော်မူခြင်းနှင့် ရောင်ခြည်တော်ကွန့်မြူးတော်မူခြင်းတို့သည် မကြာခဏ ဖူးတွေ့ခွင့်ရရှိနိုင်သော်လည်း တန်ခိုးတော်ဖြင့် နေရာပြောင်းရွှေ့ကြွမြန်းတော်မူခြင်းမှာ ဖူးတွေ့ခွင့်ရရန် ခက်ခဲလှပါသည်။

ဤအကြိမ်မတိုင်မီ နောက်ဆုံး ကြွမြန်းတော်မူခဲ့ခြင်းမှာ ၇-၁၁-၂၀၁၁ မိတ္ထီလာမြို့ ဦးလှထွန်းဦး-ဒေါ်ခင်မိုးမိုးတို့၏ နေအိမ်တွင်ဖြစ်ရာ၊ ယခု ကလေးမြို့ သိန်းအောင်မုန့်တိုက်သို့ ကြွမြန်းရောက်ရှိတော်မူချိန်အထိ ဆိုပါလျှင် ခြောက်လတာမျှ ကြာမြင့်သွားခဲ့ပြီ ဖြစ်ပါသည်။ ဤကာလအတွင်း၌ ရုပ်ရှင်တော်မြတ်သည် အိမ်ပေါင်း တစ်ရာကျော်မျှကို ကြွမြန်းရောက်ရှိတော်မူခဲ့ပြီးဖြစ်သော်လည်း ထိုအိမ်များတွင် ဤကဲ့သို့ တန်ခိုးတော်ဖြင့် နေရာပြောင်းကြွတော်မူခြင်းကို ဖူးတွေ့ခွင့်မရရှိကြဘဲ ဤအိမ်တွင်မှ ယခုကဲ့သို့ ဖူးတွေ့ကြရခြင်းဖြစ်၍ ဤအိမ်ရှင်များမှာ ကံထူးလှသည်ဟု ဆိုရခြင်း ဖြစ်ပါသည်။)

ဦးသိန်းအောင်တွင် နဂါးဆက်ပါရှိပုံမှာ ဦးသိန်းအောင်သည် ၎င်း၏အိမ်ဝင်းအတွင်း၌ သုံးရေရရှိရန် အဝီစိတွင်းတူးပါသည်။ ထိုအခါ ထူးဆန်းအံ့ဩဖွယ်ကောင်းလှပါသည်။ ထို့အပြင် ကံထူးသည်ဟုဆိုလျှင် ပို၍မှန်ကန်ပါလိမ့်မည်။ ထိုရေတွင်းမှ ရေချိုရေကောင်းများ ထွက်ရှိပြီး ပို၍ထူးခြားသည်မှာ ရေလျှံ့တွင်း ဖြစ်နေသဖြင့် ဘုံဘိုင်ဖြင့်သော်လည်းကောင်း၊ မော်တာတပ်ဆင်၍သော်လည်းကောင်း ရေတင်ရန် မလိုအပ်ပါ။ (၂၄) နာရီပတ်လုံး ရေတို့သည် ပေါများစွာ အလိုအလျောက်ထွက်နေပါသည်။ ထိုကဲ့သို့ ရေလျှံ့တွင်း ရရှိခြင်းမှာလည်း ထူးခြားခြင်းပင် ဖြစ်ပါသည်။ တစ်ဖန် အိပ်မက်တစ်ခုတွင် နတ်သုဒ္ဓါ (အလှူမင်္ဂလာများတွင် ကျွေးမွေးသော ထမင်းမဟုတ်။ နတ်ပြည်တွင် နတ်တို့ စားသုံးသော အစာအာဟာရမျိုးဖြစ်ပါသည်။) များကို စားသုံးရပြန်ပါသည်။ ထို့နောက် ကိတ်မုန့်လုပ်ငန်းမှာ တစ်စထက်တစ်စ အောင်မြင်၍ လာခဲ့ပါသည်။ သို့ဖြင့် ဤယနေ့အချိန်တိုင် ဘဝအခြေမြင့်မားလာခဲ့ခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ နဂါးဆက်ပါရှိလာခဲ့သောကြောင့်ပင် ယခုကဲ့သို့ ရွှေကံကူဘုရားကို ပင့်ဆောင် ပူဇော်ခွင့်ရရှိခြင်း ဖြစ်သည်ဟု ယုံကြည်ကြောင်း ပြောပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(ရုပ်ရှင်တော်မြတ် ပင့်ဆောင်ပူဇော်ပြီးသည့်နောက်တွင် မှန်အော်ဒါများ တိုး၍လက်ခံရရှိနေရာ မနိုင်နိုင်အောင်ရှိကြောင်း၊ ၂၀၁၂ ခု၊ အောက်တိုဘာလတွင် မုံရွာမြို့ အောင်ချမ်းငြိမ်းမုန့်တိုက်မှ ပင့်ဆောင် ပူဇော်ရာ၌ အောင်ချမ်းငြိမ်းမုန့်တိုက်သည် ဦးသိန်းအောင်၏ တပည့်များဖြစ်ပြီး ယခုကဲ့သို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်ရရှိရန်ကိုလည်း ဦးသိန်းအောင်တို့မှ ဆက်သွယ် လျှောက်ထားပေးခြင်းကြောင့် ပင့်ဆောင် ပူဇော်ရခြင်းဖြစ်ရာ ပင့်ဆောင်ပူဇော်သောနေ့တွင် မုံရွာမြို့သို့ လာရောက်၍ ရုပ်ရှင်တော်မြတ်ကိုလည်း ဖူးမြော်ရင်း မယ်တော်ကြီးတို့နှင့် အန်တီအေးတို့ကိုလည်း လာရောက် တွေ့ဆုံပါမည်ဟု ပြောကြားထားခဲ့ကြပါသည်။

သို့သော် တကယ်တမ်း မုံရွာမြို့သို့ ရုပ်ရှင်တော်မြတ် ကြွမြန်း ရောက်ရှိတော်မူလာသောအခါ ဦးသိန်းအောင်-ဒေါ်ခင်စန်းရီတို့သည် အလုပ်များမနိုင်သဖြင့် မလာရောက်နိုင်သည့်အတွက် ခွင့်လွှတ်ပါရန် မယ်တော်ကြီးထံ ဖုန်းဆက်၍ တောင်းပန်ရသည်အထိ ဖြစ်ခဲ့ပါသည်။)

ကလေးမြို့သည် စစ်ကိုင်းတိုင်းဒေသကြီးတွင် ပါဝင်၍ မော်လိုက်ဖောင်းပြင်ဒေသနှင့် တစ်ကြောတည်းဖြစ်ရာ ရုပ်ရှင်တော်မြတ် ထုလုပ်ရာ ကျွန်းသစ်တော်ကြီး၏ ဇာတိမြေဟု ခေါ်ဆိုနိုင်ပါ၏။ ထို့ကြောင့် ဤဒေသမှ လူများသည် ဂေါတမမြတ်စွာဘုရားရှင် လက်ထက်တော်အခါက ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီး ပထမဦးဆုံးအကြိမ် မြတ်စွာဘုရား၏ ဇာတိမြေ ကပိလဝတ်ပြည်သို့ ပြန်လည် ကြွမြန်းတော်မူသောအခါ ဆွေတော်မျိုးတော်တို့သည် သောင်းသောင်းဖျဖျ ကြိုဆိုဖူးမြော်ကြသကဲ့သို့ ကလေးမြို့သူမြို့သားတို့သည် ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူရာ နေအိမ်ဌာနများတွင် သောင်းသောင်းဖျဖျ လာရောက်ဖူးမြော်ကြည်ညိုကြပါသည်။တစ်အိမ်မှတစ်အိမ် ဆက်လက် ပင့်ဆောင်ရာတွင်လည်း ခမ်းနား စည်ကား သိုက်မြိုက်စွာ ပင့်ဆောင် ပူဇော်ကြပါသည်။ ရုပ်ရှင်တော်မြတ်အား ကားပေါ်တွင် ပင့်ဆောင်၍ လူများစွာတို့သည် တန်းစီကာ ခြေကျင် လိုက်ပါကြပါသည်။

ကလေးမြို့သို့ ပင့်ဆောင်သည့် ဆရာမကြီးဒေါ်ခင်အုန်းမြင့်သည်လည်း ကောင်း၊ သမီးလေး ပဟမာရန်အောင်သည် လည်းကောင်း ရုပ်ရှင်တော်မြတ်မှ တန်ခိုးတော်များ ထူးထူးခြားခြား ပြသတော်မူခြင်း၊ လူအများတို့မှ ရှိသေလေးမြတ်စွာ လာရောက် ပူဇော်ကန်တော့ကြခြင်းတို့ကြောင့် ဂုဏ်ယူဝမ်းမြောက်မဆုံးဖြစ်ကာ မမောနိုင်မပန်းနိုင်အောင် အိမ်တိုင်းသို့ လိုက်ပါ၍ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကို ရှင်းလင်းပြောပြပေးကြပါသည်။

ဆရာမကြီး ဒေါ်ခင်အုန်းမြင့်တို့အိမ်တွင် နားတောင်းများမှ ရောင်ခြည်တော်များ ကွန့်မြူးသောနေ့ကဆိုလျှင် နံနက်အစောကြီးပင် ဆရာမကြီးဒေါ်ခင်အုန်းမြင့်မှ -

"ဆရာဘိုဘိုရေ၊ ကျွန်မတော့ ရုပ်ရှင်တော်မြတ်ကို ကလေးမြို့ကို ပင့်ဆောင်ပူဇော်ရတာ ပင့်ဆောင် ပူဇော်ရ ကျိုးနပ်သွားပြီ။ တန်ဖိုးမဖြတ်နိုင်အောင်ကိုတန်သွားပြီ။ ပင့်ဆောင် ပူဇော်ခွင့်ရအောင် ရက်ချိန်းစီစဉ်ပေးတဲ့ ဆရာဘိုဘိုကို ကျေးဇူးသိပ်တင်တာပဲ။ ကျွန်မကလည်း ကျွန်မတို့အိမ်မှာ ရုပ်ရှင်တော်မြတ်ဟာ မလွဲမသွေ တန်ခိုးတော်တွေ ချီးမြှင့်တော်မူမှာပဲလို့ ယုံကြည်နေတယ်။ ဒါကြောင့် တစ်ညလုံး မအိပ်ဘဲနဲ့ တရားစာတွေ ပူဇော်နေတာ တကယ်ပဲ ရောင်ခြည်တော်တွေ ဖူးတွေ့ရတယ်"

ဟု ဖုန်းဆက်၍ ပြောကြားပါသည်။

ကလေးမြို့တွင် နားတောင်းများမှ မကြာခဏ ရောင်ခြည်တော်များ၊ ဓာတ်တော်များ ကွန့်မြူးတော်မူသည်မှာ ထူးခြားလှပါသည်။ရွှေရာဇဝင်တွင် စောမွန်လှ၏နားတောင်းမှ ဓာတ်တော်ကွန့်မြူးတော်မူခြင်းများရှိခဲ့၍ ယခု ကလေးမြို့မှ ဓာတ်တော်ကွန့်မြူးသော နားတောင်းအလှူရှင်တို့သည်လည်း ဘုရားဒါယကာမများ ဖြစ်ကြလိမ့်မည်ဟု အချို့က ထင်မြင်ပြောဆိုလျက်ရှိကြပါသည်။ နားတောင်းများမှ ဓာတ်တော်ကွန့်မြူးခြင်းများနှင့် မကိုင့်တော်မှ ရောင်ခြည်တော်ကွန့်မြူးထွက်ပေါ်တော်မူခြင်းတို့သည် ဓာတ်ပုံထဲတွင် ထင်ရှားမှုနည်းပါးသည်ဟု ယူဆနိုင်သော်လည်း ဗီဒီယိုမှတ်တမ်းတွင် သိသာထင်ရှားလှသဖြင့် အံ့သြမဆုံးနိုင်အောင်ရှိရပါသည်။

မယ်တော်ကြီးနှင့်အန်တီအေးတို့သည် ကလေးမြို့သို့ရောက်ရှိစဉ် မှတ်မှတ်ရရပင် အလေးထားလျက် အောင်မင်္ဂလာကျောင်းသို့ သွားရောက်ခဲ့ကြပါသေးသည်။ ရုပ်ရှင်တော်မြတ်နှင့်အောင်မင်္ဂလာကျောင်း ပတ်သက်ဆက်နွယ်မှု [...] မှာ စာရေးသူ၏ ပထမပိုင်းဆောင်းပါး[...] များကို ဖတ်ရှုဖူးသူတို့ မှတ်မိကြပါလိမ့်မည်။ စာရေးသူတို့ထံသို့ ယနေ့အချိန်တွင် ရွှေကြာကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်အဖြစ် ပွင့်ထွန်း ပေါ်ပေါက်တော်မူလာမည့် ရုပ်ပွားဆင်းတုတော် စတင် ရောက်ရှိလာစဉ်က ၁၉၉၅ ခုနှစ် နောက်ပိုင်းတွင် စာရေးသူတို့နေအိမ်[...] စီးပွားရေးများ ကျဆင်းခြင်း၊ အလုပ်အ[...] ကိုင်၊ ငွေရေးကြေးရေးများ အဆင်မပြေ[...] ကျပ်တည်းခြင်း၊ မိခင်ကြီးအမေကောင်း[...] မှာ ကျန်းမာရေး ချို့ယွင်းခြင်းများ ဖြစ်[...] လာသောအခါ စာရေးသူတို့ မိသား[...] အား အသိမိတ်ဆွေများမှ တန်ခိုးကြီး[...] သောဘုရားကို အိမ်မှာ ထားရှိ ပူဇော်[...] ခြင်းမပြုရပါ။ ခိုက်တတ်ပါသည်။ ထို့[...] ကြောင့် ဘုန်းတော်ကြီးကျောင်းသို့ သွား[...] ရောက် ပို့ဆောင်လိုက်ပါဟု အကြံပြု[...] ပါသည်။

ထိုကိစ္စကို မော်လိုက်မြို့ရှိ အစ်ကို[...] ကြီး ဦးမောင်မောင်နှင့် ဇနီး ဒေါ်သွန်း[...] တို့ထံ စာရေး၍ ပြောကြားသောအခါ[...] အစ်ကိုကြီး ဦးမောင်မောင်မှ ရမ်းမလုပ်[...] ကြနှင့်ဦး။ကလေးမြို့တွင် အောင်မင်္ဂလာ[...] ကျောင်းဆရာတော်ကြီး ဦးပညာသာမိ[...] သည် ရဟန္တာအဖြစ် ပြောကြားလျက်[...] သည့်အပြင် စာပေကျမ်းဂန်လည်း နှံ့စ[...] တော်မူသည်။ ဆရာတော်ကြီးထံ[...] လျှောက်ထား မေးမြန်းပေးမည်။ ဆရာ[...] တော်ကြီး၏ မိန့်ကြားချက် ရရှိမှသာ[...] လိုက်နာဆောင်ရွက်ပါဟု စာဖြင့် ပြော[...] ကြားပါသည်။

အစ်ကိုကြီး ဦးမောင်မောင်သည် ကလေးမြို့ရှိ ဆရာတော်ကြီး၏ လ[...] ရင်းတပည့် စာရေးဆရာ ချိုတကူးနှ[...] ခင်မင်သည်ဖြစ်၍ ချိုတကူးအား ထိုကိစ္စ[...] ဆရာတော်ကြီးကို လျှောက်ထားပေး[...] ရန် စာဖြင့်ရေး၍ အကူအညီတောင်း[...] ခဲ့ပါသည်။ စာရေးဆရာ ချိုတကူးသည် အလျဉ်းသင့်သောနေ့တွင် ရုပ်ပွားတော်[...] နှင့်ပတ်သက်၍ ဆရာတော်ကြီးကို မေး[...] မြန်း လျှောက်ထားရာ ဆရာတော်ကြီး[...] ဤသို့ မိန့်ကြားတော်မူခဲ့ပါသည်။

ဤရုပ်ပွားတော်မြတ်ကို [...] သည့်နေရာမှ ပို့ဆောင်ရန် မလိုအပ်[...] မိမိတို့နေအိမ်မှာပင် ဆက်လက်အပူဇော်[...] ခံထားရှိရပါမည်။ ဤရုပ်ပွားတော် [...] လုပ်သော အသားမှာလည်း ထူးမြတ်[...] ဓာတ်တော်မွေတော်များ ကိန်းဝပ်[...]

www.burmeseclassic.com

ကျက်ရှိပြီး ထုလုပ်စဉ်မှာလည်း နက္ခတ်ကောင်းများနှင့် ကြုံကြိုက်ခဲ့သည်။ ထို့ကြောင့် ညစဉ် မြို့စောင့်နတ်မင်းကြီးအတွက် အလင်းတိုင်တစ်တိုင်၊ အိမ်စောင့်နတ်အတွက် အလင်းတိုင်တစ်တိုင် ဘုရားရှင်အား ရည်မှန်း၍ ပူဇော်ပါ။ မကြာမီရုပ်ပွားတော်မှ ထူးခြားများ ဖြစ်ပေါ်လာ၍ တန်ခိုးတော်ကြီးသော ရုပ်ပွားတော်တစ်ဆူအဖြစ် ပွင့်ထွန်း ပေါ်ပေါက်လာပါလိမ့်မည်ဟု မိန့်ကြားတော်မူခဲ့ပါသည်။

အကယ်၍သာ စာရေးသူတို့သည် အောင်မင်္ဂလာကျောင်းဆရာတော်ကြီး ညာသာမိအား မေးမြန်းလျှောက်ထားခြင်းမပြုခဲ့ပါက ယခုကဲ့သို့ ရွှေကံလေပုံသစ်တော်ရုပ်ရှင်တော်မြတ် ဟူ၍ ပွင့်ထွန်းပေါ်ပေါက်လာမည် မဟုတ်ထို့ကြောင့် ဆရာတော်ကြီး၏ကျေးဇူးသည် ကြီးမားလှပါသည်။ ထိုကျေးဇူးများအတွက် မယ်တော်ကြီးနှင့် အန်တီအေးတို့သည် အောင်မင်္ဂလာကျောင်းရှိဆက်ခံ သီတင်းသုံးတော်မူလျက်ရှိသော ဆရာတော်ဘုရားကြီး ဦးပညာသာမိ၏ ညီတော် ဆရာတော်ကြီးကိုလည်း ပစ္စည်းလေးပါး၊ လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဂါရဝပြု လှူဒါန်းကန်တော့ကြပြီး ဆရာတော်ဘုရားကြီး၏ ရုပ်တုတော်ကိုလည်း ဂါရဝပြု ပူဇော်ကန်တော့ကြပါသည်။

ထို့နောက်တွင် စာရေးဆရာချိုတကူး၏ ပင့်လျှောက်ချက်အရ ရုပ်ရှင်တော်မြတ်ကြီးသည် ကလေးမြို့၏ အထင်ကရ ရေဆန်ကျွန်းဘုရားကြီးသို့ ကြွရောက် အပူဇော်ခံခဲ့ပါသေးသည်။ ရေဆန်ကျွန်းဘုရားကြီးသည် ကြီးမားသော ရေဆန်ကျွန်းသစ်ကြီးအား ပတ်လည်တွင် ရုပ်ပွားတော် အဆူတစ်ထောင်ရုပ်ကြွများ ထုလုပ်ထားရှိသဖြင့် ထူးခြား ဆန်းကြယ်လှကာ လူသိများ ထင်ရှားလှပါသည်။ အဘိုးကလေးဝ လိင်္ကာဂူဆရာတော်ကြီး၏ ဓာတ်မျက်ဖြစ်၍ ဖူးမြော်ကြည်ညိုကြသူ အပေါင်း မီးဘေး၊ ရေဘေး၊ လေဘေး သဘာဝဘေးအန္တရာယ်များမှ ကင်းလွတ်၍ ကျန်းမာရေးကောင်းစေခြင်းတို့အပြင် လောကီ၊ လောကုတ္တရာ ဆိုင်ရာသော ကောင်းကျိုးချမ်းသာတို့ ပြည့်စေသဖြင့် တန်ခိုးတော် ကြီးမားလှပါသည်။

ရုပ်ရှင်တော်မြတ် ရေဆန်ကျွန်း ဘုရားကြီးသို့ ကြွရောက် အပူဇော်ခံစဉ် ဝတ္ထုငွေ နှစ်သိန်းကျော်နှင့် စာရေးဆရာ ချိုတကူး၏ သမီးလေးမှ လက်စွပ်တစ်ကွင်း လှူဒါန်းရရှိပါသည်။ မယ်တော်ကြီးသည် ဘုရားစေတီများသို့ကြွရောက် အပူဇော်ခံတိုင်း ပြုမြဲထုံးစံအတိုင်းပင် ထိုငွေနှစ်သိန်းကျော်နှင့် လက်စွပ်တစ်ကွင်းကို တာဝန်ရှိသူနှင့် ရုပ်ရှင်တော်မြတ်အား ရေဆန်ကျွန်းဘုရားကြီးသို့ ပင့်ဆောင် ပူဇော်သူ စာရေးဆရာကြီး ချိုတကူးအား ပြန်လည် လှူဒါန်းခဲ့ပါသည်။

ကလေးဝ၊ ကလေးမြို့၊ မော်လိုက်၊ ဖောင်းပြင် ဟူသည်မှာ တစ်ဒေသတည်း ဖြစ်၍ ကူးလူးဆက်ဆံမှု၊ ရောက်ပေါက်မှုတို့ရှိကြရာ ရုပ်ရှင်တော်မြတ် ထုလုပ်သော ရေဆန်လေပုံကျွန်းသစ်တော်ကြီးကို ကိုယ်တိုင် သိမြင်ကြုံကြိုက်ဖူးသူတို့ ယခုတိုင် သက်ရှိထင်ရှား များပြားစွာရှိနေကြသေးပြီး မကြားဘူးသူ ဟူ၍ မရှိသလောက်ပင် နည်းပါးလှရာ ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်တို့ကို အကြွင်းမဲ့ ယုံကြည်ကြသဖြင့် မယ်တော်ကြီးတို့လည်း ပျော်ရွှင်ချမ်းမြေ့ခဲ့ရပါသည်။ ဤခရီးစဉ်တွင် ထူးခြားမှုမှာ မည်သည့်ခရီးစဉ်မဆို ရုပ်ရှင်တော်မြတ် ကြွရောက်ရာ၌ အန်တီအေးနှင့် မယ်တော်ကြီးတို့ နှစ်ဦးသာ လိုက်ပါမြဲဖြစ်သော်လည်း ယခုတစ်ခေါက်တွင် ရန်ကုန်မြို့မှ ဒေါ်ကြည်ကြည်ဝင်းသည် ရန်ကုန်မြို့မှစ၍ မဟာမြိုင် ကလေးမြို့ခရီးစဉ်တစ်လျှောက် တောက်လျှောက်လိုက်ပါခဲ့ခြင်းပင် ဖြစ်ပါသည်။

ဒေါ်ကြည်ကြည်ဝင်းသည် ယခုနှစ်ဒေသစာရီ ရန်ကုန်ခရီးစဉ်တွင်မှ မယ်တော်ကြီးတို့နှင့် သိရှိကာ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ဖူးခြင်းရှိသူ ဖြစ်ပါသည်။ ဤခရီးစဉ်တွင် လိုက်ပါလိုသည်ဆို၍ ခေါ်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။ ဒေါ်ကြည်ကြည်ဝင်းသည် မယ်တော်ကြီးတို့နှင့်ရက်ရှည်လက်ပွန်းတတီး နေရသောအခါ မယ်တော်ကြီးနှင့် အန်တီအေးတို့၏အကျင့်သီလနှင့်စရဏတို့ကို အနီးကပ် တွေ့မြင်ခွင့်ရရှိသဖြင့် မယ်တော်ကြီးတို့ကို ရိုသေလေးစားမဆုံးနိုင် အားရကျေနပ်မဆုံးနိုင်အောင်ဖြစ်ရပါသည်။

နောက်တစ်ခု ကလေးမြို့ခရီးစဉ် အောင်မြင်ရခြင်း၏အကြောင်းတစ်ခုမှာ သူရဇ္ဇမဂ္ဂဇင်းကြီး၏ ကျေးဇူးပင် ဖြစ်ပါသည်။ကလေးမြို့တစ်မြို့လုံးသည် သူရဇ္ဇ စာဖတ်ပရိသတ်များ ဖြစ်ကြသဖြင့် စာရေးသူ၏ ရွှေကံကူဆောင်းပါးများကို မလွတ်တမ်း စောင့်မျှော်ဖတ်ရှုနေလျက်ရှိကြပြီး ပရိသတ်အများစုမှာ စာရေးသူ၏ ဆောင်းပါးများကို မိတ္တူဆွဲ၍ သိမ်းဆည်းထားကြပြီး မကြာခဏ ပြန်လည်ဖတ်ရှုနေကြ၍ ရုပ်ရှင်တော်မြတ်၏ ဖြစ်တော်စဉ်များကို ဂဃနဏသိရှိထားကြသူများဖြစ်ကြပါသည်။ ထို့ကြောင့်လည်း ရုပ်ရှင်တော်မြတ်အား အကြွင်းမဲ့ ယုံကြည်ကြခြင်း ဖြစ်ပါသည်။

ကလေးမြို့သူမြို့သားတို့သည် ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ကြည်ညိုမဝနိုင်အောင်ရှိကြပါ၏။ ကလေးဝ၊ တမူးစသောမြို့များမှလည်း လာရောက် ဖူးမြော်ကြည်ညိုကြသည့်အပြင် မိမိတို့၏ နေအိမ်ဌာနများသို့ ပင့်ဆောင်ပူဇော်လိုကြောင်းလည်း လျှောက်ထားတောင်းပန်ကြပါသည်။ သို့သော် ၂၀၁၂ ခုနှစ် ကလေးမြို့အတွက် လျာထားသတ်မှတ်ခဲ့သောနေ့ရက်တို့ ကုန်လွန်သွားပြီ ဖြစ်သောကြောင့် ပြန်လည် ကြွမြန်းရတော့မည် ဖြစ်ပါသည်။ ထို့ကြောင့် လာမည့်နှစ် ၂၀၁၃ တွင် ကလေးမြို့ တမူးခရီးစဉ်အတွက် တစ်လတိတိ အချိန်ပေးမည်။ ပင့်ဆောင် ပူဇော်လိုသူတို့သည် ဆရာမကြီး ဒေါ်ခင်အုန်းမြင့်နှင့် တိုင်ပင်ညှိနှိုင်း၍ ရက်များတောင်းယူကြပါရန် မယ်တော်ကြီးတို့မှ ပြောကြားပါသည်။

ရုပ်ရှင်တော်မြတ်ကြီး ကလေးမြို့သို့ ကြွရောက်တော်မူ၍ ဆရာမကြီး ဒေါ်ခင်အုန်းမြင့်တို့၏ နေအိမ်သို့ ပင့်ဆောင်ပူဇော်စဉ်၌ တမူးမြို့ဘက်မှ ထူးခြားသောဆရာတော်တစ်ပါး ကြွရောက်တော်မူလာ၍ ရုပ်ရှင်တော်မြတ်အား ထူးထူးကဲကဲ ကြည်ညိုစွာ ပူဇော်ကန်တော့၍ ဤသို့မိန့်ကြားတော်မူပါသည်။

ဤရုပ်ပွားတော်မြတ်သည် သက်ရှိထင်ရှား ဘုရားရှင်ပွင့်ထွန်းပေါ်ပေါက်နေသည်နှင့်မခြား ဖူးမြော်ကြည်ညိုကြရသူတို့တွင် အကျိုးများလှပါသည်။ ရုပ်ရှင်တော်မြတ်ကို ဖူးမြော် ကြည်ညိုရသည့်အတွက် ကြွရောက်ပေးသောမယ်တော်ကြီးနှင့် အန်တီအေးတို့ကို ကျေးဇူးတင်ရှိသကဲ့သို့ ကလေးမြို့သို့ ပင့်ဆောင် ပူဇော်ပေးသော ဆရာမကြီးကိုလည်း ကျေးဇူးတင်ကြောင်း ပြောပါသည်။ ရုပ်ရှင်တော်မြတ်အား (၂) ကြိမ်တိုင်တိုင် ကြွရောက်ဖူးမြော်ပြီး ပြန်လည်ကြွမြန်းတော်မူသော နေ့တွင်လည်း လေဆိပ်ထိတိုင် လိုက်ပါပို့ဆောင်ပြီး လေယာဉ်ထွက်ခါနီးအထိ တရားဓမ္မများဖြင့် ပူဇော်၍မပြီးနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com

ရှိပါသည်။

တစ်ဖန် ထူးခြားသောဆရာတော် တစ်ပါးမှာ ပခုက္ကူခရိုင် ဂန့်ဂေါမြို့နယ် ကံ့ရွာမှ ကျောက်ဂူဆရာတော်ဘုရားကြီး ဖြစ်ပါသည်။ ဤဆရာတော်ဘုရားကြီး သည် ဘုန်းတန်ခိုးကြီးမားတော်မူလှ၍ ဂန့်ဂေါ၊ ယောတစ်နယ်လုံးမှသာမက ကလေးမြို့နှင့် ကလေးတစ်ခရိုင်လုံးပင် ကိုးကွယ်ကြ၍ ထင်ရှားကျော်ကြားတော်မူလှပါသည်။ ထိုအချိန်၌ ဆရာတော်ကြီးသည် မျက်စိဝေဒနာခွဲစိတ်ကုသရန် ကြွရောက်တော်မူလာခြင်း ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်ကြီးသည် ဒေါက်တာ မောင်မောင်မြင့် (မျက်စိအထူးကု) ဒေါ်သီတာသန်းတို့၏ နေအိမ်မှ အခြားနေအိမ်သို့ ပြောင်းရွှေ့ကြွမြန်းတော်မူ၍ နာရီပိုင်းမျှအတွင်း ကြွရောက်တော်မူလာခြင်းဖြစ်၍ ဒေါက်တာမောင်မောင်မြင့်၏နေအိမ်တွင် ရုပ်ရှင်တော်မြတ်ကို မမီလိုက်ပါ။ သို့သော် ဆရာတော်ကြီးသည် ဦးအောင်စိန်-ဒေါ်စန်းရွှေ(မြပုလဲ) မိသားစုနေအိမ်သို့ လိုက်ပါ ဖူးမြော်ခြင်း ဖြစ်ပါသည်။ ဆရာတော်ကြီးသည် ဘုန်းတန်ခိုးကြီးမားလှသည်နှင့်အညီ တပည့်တပန်းအခြွေအရံများစွာဖြင့် လာရောက်ဖူးမြော်ခြင်းဖြစ်ပြီး ကံ့ရွာ ကျောက်ဂူကျောင်းတိုက်၌ သာသနိကအဆောက်အအုံများ ပေါများလှသည့်အပြင် ခိုကိုးရာမဲ့ ဘိုးဘွားများအတွက် စားဝတ်နေရေး၊ ကျန်းမာရေးမှအစ လိုလေးသေးမရှိရအောင် အစစအရာရာပြည့်စုံစွာဖြင့် ဘိုးဘွားရိပ်သာ၊ တရားရိပ်သာ၊ တရားစခန်းများပါ ဖွင့်လှစ်ထားရှိသည်ဟု သိရပါသည်။

ထို့နောက်တွင် ရုပ်ရှင်တော်မြတ်သည် လေကြောင်းခရီးဖြင့် တံတားဦး (မန္တလေး) အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည် ကြွမြန်းတော်မူခဲ့ပါသည်။ ၁၇-၅-၂၀၁၂ ညနေပိုင်းတွင် စဉ့်ကိုင်မြို့ ရွှေကံကူအောင်မြေသို့ ပြန်လည်ကြွမြန်းရောက်ရှိတော်မူပါသည်။

ကလေးမြို့ ဒေသစာရီခရီးစဉ်မှာ ၂-၅-၂၀၁၂ မှ ၁၇-၅-၂၀၁၂ အထိ ဖြစ်ရာ (၁၅) ရက်တာမျှ ကြာမြင့်ခဲ့ပါသည်။ ဤ(၁၅)ရက်တာကာလတွင် ပင့်ဆောင်ပူဇော်ခဲ့ကြသော နေရာဌာနတို့မှာ ၂-၅-၂၀၁၂ နေ့တွင် ဦးသိန်းအောင်-ဒေါ်ခင်စန်းရီ (သိန်းအောင်မုန့်တိုက်) ချမ်းမြေ့အောင်စည် ပင်လုံရပ်ကွက်။ ၅-၅-၂၀၁၂ နေ့တွင် (ဦးရန်အောင်)-ဒေါ်ခင်အုန်းမြင့် (ပညာရေးဌာန/ငြိမ်း) သမီး ဟေမာရန်အောင်။ ၈-၅-၂၀၁၂ နေ့တွင် ဦးသန်းထွန်းအောင်-ဒေါ်သန်းသန်းလှ မင်းရဲကျော်စွာလမ်း အောင်မင်္ဂလာရပ်ကွက်။ ၈-၅-၂၀၁၂ နေ့မှာပင် ဦးမောင်မောင်စီ-ဒေါ်ခင်ဝင်းတင်(အောင်နိုင်သူ)မိသားစု နတ်ချောင်းလမ်း အောင်မင်္ဂလာရပ်ကွက်။ ၁၀-၅-၂၀၁၂ နေ့တွင် ဒေါက်တာ မောင်မောင်မြင့် (မျက်စိအထူးကု) - ဒေါ်သီတာသန်း ဗိုလ်ချုပ်လမ်း ပင်လုံရပ်ကွက်။ ၁၁-၅-၂၀၁၂ နေ့တွင် ဦးအောင်စိန်-ဒေါ်စန်းရွှေ (မြပုလဲ) မိသားစု ပင်လုံရပ်ကွက် ဗိုလ်ချုပ်လမ်း။ ၁၂-၅-၂၀၁၂ နေ့တွင် ဒေါ်ခင်ဝင်း (ပညာရေးဌာန/ငြိမ်း) ဝေဇယန္တာလမ်း အောင်မင်္ဂလာရပ်ကွက်။ ၁၃-၅-၂၀၁၂ နေ့တွင် ဦးမြို့ဖေ - ဒေါ်ခင်လှမြင့် (ချင်းရိုးရာဆိုင်) ဗိုလ်ချုပ်လမ်း ပင်လုံရပ်ကွက်။ ၁၄-၅-၂၀၁၂ နေ့တွင် ဒေါ်သင်သင်မေ အ-ထ-က(၁) ကျောင်းအုပ်ဆရာမကြီး။ ၁၅-၅-၂၀၁၂ နေ့တွင် ဒုတိယအကြိမ်အဖြစ် ဦးသိန်းအောင် - ဒေါ်ခင်စန်းရီ (သိန်းအောင်မုန့်တိုက်)။ ၁၆-၅-၂၀၁၂ နေ့တွင် ရေဆန်ကျွန်း ဟိန္ဒူဘုရားကျောင်း (မြို့မဈေးအနီး)။ ၁၆-၅-၂၀၁၂ နေ့တွင် ဒုတိယအကြိမ်အဖြစ် ဆရာမကြီး ဒေါ်ခင်အုန်းမြင့် (ပညာရေးဌာန/ငြိမ်း)။ ၁၇-၅-၂၀၁၂ နေ့တွင် ချင်းသစ်ထုတ်လုပ်ရေး ပင်လုံရပ်ကွက်။ ၁၇-၅-၂၀၁၂နေ့မှာပင် ဦးအောင်သန်း-ဒေါ်သိန်း ပင်လုံရပ်ကွက်တို့ ဖြစ်သည်။

လာမည့်နှစ်တွင်လည်း ရုပ်ရှင်တော်မြတ်ကြီးသည် ကလေးမြို့သို့ ကြွမြန်းတော်မူရဦးမည် ဖြစ်ပါသည်။ ဤတစ်ကြိမ်ခရီးစဉ်တွင် ကလေးဝမြို့နှင့် တမူးမြို့တို့ပါ ပါဝင်သဖြင့် တစ်လကြာမြင့်မည် ဖြစ်ပါသည်။ ထို့အပြင် ဒေါ်မာလာဝင်းမှလည်း မဟာမြိုင် လေးကျွန်းရန်အောင်စေတီတော်မြတ်ကြီးသို့ ကြွနိုင်သမျှကြွရောက်ပေးပါရန် လျှောက်ထားချက်လည်း ရှိပါသည်။ မယ်တော်ကြီးသည် ရဟန်းသံဃာများကိုလည်း ပုဂ္ဂိုလ်မစွဲ၊ ဘုရားစေတီများကိုလည်း မစွဲပါ။ ရုပ်ရှင်တော်မြတ်နှင့်အတူ ရောက်ရှိရာ မြို့ရွာများတွင် တွေ့ရှိသမျှသော ရဟန်းတော်သံဃာတော်တို့အား ဂါရဝပြုလျက် သွားရောက် ဖူးမြော် လှူဒါန်းသကဲ့သို့ စေတီပုထိုးများကိုလည်း သွားရောက် ဖူးမြော် လှူဒါန်းလေ့ရှိပါသည်။ ယခုလည်း မယ်တော်ကြီးသည် လေးကျွန်းရန်အောင် စေတီတော်မြတ်ကြီး တည်ဆောက်ရေးအတွက် ရောက်လေရာအရပ်မှ စေတနာရှင်၊ပါရမီရှင်တို့လှူ ဒါန်းနိုင်ရန် ဒေါ်မာလာဝင်းထံမှအလှူ ဖြတ်ပိုင်းစာအုပ်များ ရယူထားပြီး အလှူ ငွေများ လက်ခံ ဆောင်ရွက်ပေးလျက်ရှိ သဖြင့် အောက်ပါ ဖုန်းနံပါတ်များဖြင့် ဆက်သွယ် လှူဒါန်းနိုင်ကြောင်းလည်း သိရပါသည်။

ဖုန်းနံပါတ်များမှာ -

စေတီတော် တည်ဆောက်ရေး ကော်မတီနာယက သဲဖြူတောရဆရာ တော်ကြီး ၀၉-၈၆၃၅၆၀၃၊ ၀၉-၆၄၇၂၈၆၇၊ ၀၉-၈၆၂၆၆၉၂၊ သဲဖြူ တောရ မမွှေရိပ်သာ မော်ဘီ ၀၉-၈၆၀၁၇၅၁၊ ဒေါ်မာလာဝင်း ၀၉-၅၁၀၇၀၇၁၊ ၀၉-၈၆၃၇၀၇၁ တို့ ဖြစ်ပါ သည်။

ရွှေကံကူ လေပျံသစ်တော် ရုပ်ရှင် တော်မြတ်ကြီးအား မဟာမြိုင်တောကြီး သို့ ပင့်ဆောင် ပူဇော်သော ဒေါ်မာလာ ဝင်းနှင့် မိတ်ဆွေများ၊ ကလေးမြို့သို့ ပင့် ဆောင်ပူဇော်သော ဆရာမကြီး ဒေါ်ခင် အုန်းမြင့်မိသားစုနှင့် မိတ်ဆွေများ၊ ရုပ် ရှင်တော်မြတ်၏ ခရီးစဉ်တစ်လျှောက် လုံးတွင် ပင့်ဆောင်ပူဇော်ကြသူ၊ ဖူးမြော် ကြည်ညိုကြသူ ဆရာတော်ဘုရားကြီး များနှင့်တကွ မြို့သူမြို့သား၊ နယ်သူ နယ်သားအပေါင်းတို့အား ရွှေကံကူ မိသားစုမှ သာဓုအနုမောဒနာ ခေါ်ဆို ၍ အထူးပင် ကျေးဇူးတင်ရှိကြောင်း ဤဆောင်းပါးဖြင့် မှတ်တမ်းတင် ဂုဏ်ပြု အပ်ပါ၏။


အမည်နာမများကျန်ရှိခြင်း၊ ထူး ခြားသောအကြောင်းအရာများ ကျန်ခဲ့ ခဲ့ခြင်းများရှိခဲ့ပါက စာရေးသူအား နား လည် ခွင့်လွှတ်ကြပါရန် ပန်ကြားအပ်ပါ သည်။ မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး လွှမ်းပတ်၍ အစွန့်ရှည်စွာ ထွန်းလင်း တောက်ပပါစေ၊ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ဗုဒ္ဓ၏ တရားတော်များကို လိုက်နာကျင့်သုံး၍ သံသရာခရီးမှ လွတ်မြောက်နိုင်ကြပါစေ ကံအကြောင်းထောက်မ၍ ရခဲလှစွာ သော လူ့ဘဝသို့ ရောက်ရှိခိုက် မိမိတို့ ၏ သက်တမ်းဖြင့် ပေးဆပ်ကြရသော တန်ဖိုးမဖြတ်နိုင် အစားမရနိုင်သော အချိန်တို့အား ဒါန၊ သီလ၊ ဘာဝနာ ဟူသော ကုသိုလ်တရားတို့ဖြင့်သာ ကုန်လွန်နိုင်ကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေဟု ဆုမွန် ကောင်းများတောင်းလျက်ဖြင့် ဆောင်းပါးကို အဆုံးသတ်ပါ၏။

ဘိုဘို (ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com



(သုတေသီ)

# မာမက

## လူနတ်ဗြဟ္မာဦးညွှတ်ရာ ဗုဒ္ဓမြတ်စွာဘုရား

ဂျာနယ်တစ်ခုတွင် ပုဂ္ဂိုလ်တစ်ဦး၏ ခေါင်းဆောင်အင်္ဂါ (၅) ပါးကို ဖော်ပြီး ဗုဒ္ဓမြတ်စွာဘုရားသည် Leader ဖြစ်ကြောင်း၊ မဟုတ်ကြောင်း ရေးသားခဲ့သည်။ ဗုဒ္ဓမြတ်စွာဘုရားကို Leader ဖြစ်သည်ဟု ဆိုလျှင်ပင် ဗုဒ္ဓမြတ်စွာဘုရားအား မထိုက်တန်သောစကားဖြင့် မှတ်ချခြင်း ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ အဖြစ်သို့ရောက်ရှိပြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓမြတ်စွာဘုရားသည် Leader ဖြစ်သော လူသားများသာမက လူသားထက် အဆင့်မြင့်သော နတ်ဗြဟ္မာတို့ထက်ပင် မြင့်မြတ်၍ လူ၊ နတ်၊ ဗြဟ္မာများနှင့်တကွ သက်ရှိအားလုံး၏ ဦးညွှတ်ရိုကျိုး ရှိခိုးခြင်းကို ခံယူတော်မူသော၊ အနှိုင်းမဲ့ အတုမရှိသော မဟာလူသား ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဖြစ်သောကြောင့် ဖြစ်သည်။

မြတ်စွာဘုရား၏ ကြီးမြတ်သော ဂုဏ်တော်များမှာ -

၁။ ဗြဟ္မာ၊ နတ်၊ လူ သုံးဘုံသူတို့၏ ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံယူထိုက်ကြောင်းဖြစ်သော အတုမရှိသောသီလဂုဏ်၊သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿန(နိဗ္ဗာန်ရောက်ကြောင်းဉာဏ်အမြင်) ဂုဏ်တို့နှင့် ပြည့်စုံခြင်း။

၂။ သစ္စာဥေ ယျဓမ္မ အပုံအလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းထင်ပေါ် ကိုယ်တော်တိုင် သိမြင်တော်မူခြင်း။

၃။ စရဏအပြား (၁၅) ပါးနှင့် သုံးပါးရှစ်ဖြာ ဉာဏ်ဝိဇ္ဇာတို့နှင့် ပြည့်စုံတော်မူခြင်း။

၄။ ဘဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ မကပ်ငြိဘဲ မဇ္ဈိမပဋိပတ် ကောင်းမြတ်ဖြောင့်တန်း မဂ္ဂင်းစမ်းဖြင့် ရွှေနန်းပူရီ ဘေးမဲ့ပြည်သို့ ကြွချီရောက်တော်မူခြင်း။

၅။ ကာမရူပ အရူပဟု လောကအပြင်ဘုံသုံးခွင်ကို ကုန်စင်ခပင်း မကျန်ကြွင်းအောင် အလင်းထင်ပေါ် သိမြင်တော်မူခြင်း။

၆။ ဇာတိမာန်၊ ပုညမာန်၊ ဂုဏမာန်၊ ဗလမာန်၊ ကုဒ္ဒိမာန်၊ ပညာမာန်တို့ဖြင့် မိုးစွန်ကြွားကြွား ငါတကားဟု ကြုံးဝါးခက်ထန် အဆိပ်လျှံသည့် နန္ဒောပနန္ဒ၊ အင်္ဂုလိမာလ၊ သစ္စကနှင့် ဗကဗြဟ္မာ သတ္တဝါတို့အား ဒေသနာသံ ဆိပ်အန်ငြိမ်းဆေး အမြန်ပေး၍ ယဉ်ကျေးအောင်ပြု ဆုံးမမှုဝယ် အတုမရှိဖြစ်တော်မူခြင်း။

၇။ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအများ သောင်းတိုက်သားတို့၏ ဝတ်တွားရှိပျောင်း ညွှတ်ညောင်းခယ ဆုံးမခံရာ ဆရာသခင် ဦးထိပ်တင်ဖြစ်တော်မူခြင်း။

၈။ သစ္စာလေးရပ် တရားမြတ်ကို လူ၊ နတ်အများ သိထင်ရှားအောင် ဟောကြားထုတ်ဖော်သိစေတော်မူခြင်း။

၉။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ ကြီးမြတ်လှ၍ လောကသုံးပါး လူအများတို့ လေးစားဂရုဓိုးပမှုပြုခြင်း ဟူသော ဂုဏ်တော် (၉) ပါးနှင့် ပြည့်စုံသော ဗုဒ္ဓမြတ်စွာဘုရား ဖြစ်တော်မူသည်။

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားထားတော်မူခဲ့သော ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ် တရားတော်မြတ်များမှာလည်း အောက်ဖော်ပြပါ ဂုဏ် (၆) ပါးနှင့် ပြည့်စုံသော တရားတော်များသာ ဖြစ်သည်။

၁။ လေ့လာသင်ကြား နာကြားရခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားရရှိသဖြင့် အစ၏ ကောင်းခြင်း၊ ရရှိသော အသိပညာဗဟုသုတဖြင့် ကျင့်ကြံ ပွားများနိုင်သဖြင့် အလယ်၏ကောင်းခြင်း၊ ကျင့်ကြံပွားများ၍ စိတ်အေးချမ်းသာမှုကို



www.burmeseclassic.com

www.burmeseclassic.com

ရရှိနိုင်သဖြင့် အဆုံး၏ ကောင်းခြင်း ဟူသော စ-လယ်-ဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံခြင်း။

၂။ ကျင့်ဆောင်သူတို့အား ယခုဘဝ ပစ္စက္ခ၌ပင် ဒိဋ္ဌကိုယ်တွင်တွေ့မြင်ခံစားနိုင်ခြင်း။

၃။ ကာလမရွေး ကျင့်သည်နေ့၌ပင် တွေ့မြင်ရသော ကောင်းကျိုးချမ်းသာခံစားနိုင်ခြင်း။

၄။ တရားတွေ့မြင် ကျေးဇူးတင်မြဲ ဖြစ်၍ လာလှည့်ပါ၊ ရှုလှည့်ပါ၊ ကျင့် ကြံပါဟု မပါ,ပါအောင် ခေါ်ဆောင်သွတ်သွင်း တိုက်တွန်းခြင်းငှာ ထိုက်တန်ခြင်း။

၅။ မိမိကာယအဇ္ဈတ္တတွင် ရရှိပေါက်ရောက် ကိုယ်တွေ့မြောက်အောင် ကပ်၍ ဆောင်ထားထိုက်သော ဂုဏ်ထူးဝိသေသရှိခြင်း။

၆။ ပညာရှိသူ ရှင်လူအပေါင်း သူတော်ကောင်းတို့ သန္တာန်၌ ချမ်းသာလေစွ၊ ကောင်းလေစွဟု ကာယ၊ စိတ္တသုခနှစ်ပြင် ထင်ထင်ရှားရှား ခံစားသိမြင်ရသော ဂုဏ်ထူးဝိသေသရှိခြင်း။

ဤသို့ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားထားတော်မူခဲ့သော တရားတော်များသည် အထက်ပါ ဂုဏ် (၆) ပါးနှင့် ပြည့်စုံသောကြောင့် မြတ်စွာဘုရားက -

'ရဟန်းတို့-မြတ်စွာဘုရားဖြစ်စေ၊ မြတ်စွာဘုရား၏အဆုံးအမတရားတော် (သာသနာတော်) ဖြစ်စေ လောက၌ တည်ရှိနေလတ်သော် တည်ရှိနေခြင်းသည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွား ချမ်းသာများခြင်းငှာ၊ သတ္တဝါအပေါင်းကို ငဲ့ညှာထောက်ထားသနားခြင်းငှာ လူ၊ နတ်၊ ဗြဟ္မာတို့၏ အကျိုးစီးပွားဖြစ်ခြင်းငှာ ဖြစ်၏'

ဟု အင်္ဂုတ္တရ သုဂတ ဝိနယသုတ်၌ ဟောတော်မူ သည်။

မဟာပဒါနသုတ်၌လည်း မြတ်စွာဘုရားက -

'ချမ်းသားတို့ - အစ၊ အလယ်၊ အဆုံးကောင်းခြင်းနှင့်ပြည့်စုံသော အမှန်တရားကို ဟောကြ၊ ပြောကြ၊ ရေးကြလော့။ ပညာမျက်စိရှိသူတို့သည် ဓမ္မစစ်ကို မနာရ၊ မကြားရ၊ မဖတ်ရသောကြောင့် အမှန်တရားမှကင်းပြီး အကျိုးနည်းနေကြရသည်။ ဓမ္မစစ်ကို နာကြားဖတ်ရှုရလျှင်. ပညာဉာဏ်ထက်မြက်ပြီး အမှန်ကိုမြင်သော လူသားကောင်းများ ဖြစ်လာနိုင်သည်'။

ဟု ဟောကြားထားတော်မူသည်။

ပညာရေးရာ၊ အုပ်ချုပ်ရေးရာ၊ စီးပွားရေးရာ စသည်များ၌ Leader များဖြစ်သူတို့ကလည်း ဗုဒ္ဓမြတ်စွာဘုရားနှင့် ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်များအပေါ် အလေးအမြတ်ပြုရေးသားပြောကြားခဲ့ကြသည်။

### ၁။ ဂျွန်ဝေါလ်တာ

*သူ(ဗုဒ္ဓမြတ်စွာ)သည် အကြီးမြတ်ဆုံးလူသား ဖြစ်သည်။*

### ၂။ စိန့်ဟီးလဲယား

*သီလအားလုံး၏ပုံစံမှန်များကို သူ(ဗုဒ္ဓမြတ်စွာ)က ဟောကြားတော်မူခဲ့ပြီး သူ(ဗုဒ္ဓမြတ်စွာ)၏ ဘဝတွင်လည်း ၎င်းသီလများအပေါ် အစွန်းအထင်းမရှိ ဖြစ်ခဲ့သည်။*

### ၃။ ဖောက်စ်ဆော

*ကျွန်ုပ် သူ(ဗုဒ္ဓမြတ်စွာ)အကြောင်းကို သိလေလေ ကျွန်ုပ် သူ (ဗုဒ္ဓမြတ်စွာ)ကို ကြည်ညိုလေလေ ဖြစ်သည်။*

### ၄။ ရှရီရာဒါကာရဿနား

ဂေါတမဗုဒ္ဓတွင် ကမ္ဘာ့အရှေ့ဖျားမှ နှစ်ယောက်မရှိ ပြိုင်ဘက်ကင်းသော၊ လူ့ဘောင်လောကနှင့်ဆက်စပ်သောဘဝနှင့် အတွေးအမြင်များပေါ်တွင် ဩဇာသက်ရောက်ရာ၌ ကြီးကျယ် မြင့်မြတ်သော (ဝါ) ဘုရားတစ်ဆူဆူဟု ခေါ်ဖလောက်သောစိတ်ဓာတ်ရှိတော်မူသဖြင့် အခြားသောမည်သူတစ်ယောက် အောက်မျှ မလျော့နည်းသော နက်နဲ ကျယ်ဝန်းသည့်ဘာသာယဉ်ကျေးမှုတစ်ခုကို စတင်တည်ထောင်သူအနေဖြင့် အားလုံးသောသူအပေါင်း၏အလေးအမြတ်ပြုခြင်းကို ခံယူရရှိသူ ဖြစ်ပေသည်။

သူသည် ထိုထွင်းသိမြင်မှု၊ ကိုယ်ကျင့်သီလ ဖျိုးထောင်မှုနှင့် ဝိပဿနာဉာဏ်အမြင်ရှိမှုများသော ကမ္ဘာ့တွေးခေါ်ရှင်များသမိုင်းတွင် အကြီးမြတ်ဆုံးသောပုဂ္ဂိုလ်တစ်ပါး ဖြစ်သည်မှာ ယုံမှားဖွယ်ရာမရှိပါ။

### ၅။ အိပ်ချ်ဂျီဝဲလ်

ဗုဒ္ဓမြတ်စွာ၌ ယောကျ်ားကောင်းပီသခြင်း၊ ရိုးဖြောင့်ခြင်း၊ ဘာသာရေးခေါင်းဆောင်ပီသခြင်း၊ သဗ္ဗညုတဉာဏ်အလင်းအတွက် ကြိုးစားခြင်း၊ လူသားဆန်သော ထင်ရှားမြင့်မြတ်သည့် စိတ်ဓာတ်ရှိခြင်း၊ အတွေးအခေါ် သမားမဟုတ်ဘဲ လက်တွေ့ ကိုယ်တိုင် ကျင့်ကြံသူဖြစ်ခြင်းများကို တွေ့ရှိနိုင်ပါသည်။ ၎င်းအပြင် သူသည် လူသားများအား အထွေထွေစာရိတ္တပြုပြင်ရေးတရားများကိုလည်း ဟောကြားတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့၏ခေတ်သစ်၌ အကောင်းဆုံးသော အတွေးအခေါ်စိတ်ကူးများသည် ဗုဒ္ဓမြတ်စွာ၏ တရားတော်အတွင်း၌ ပါဝင်ညီညွတ်ပြီး ဖြစ်ပါသည်။ အားလုံးသော ဆင်းရဲဒုက္ခများနှင့် ရောင့်ရဲနိုင်မှု မရှိခြင်းများသည် တစ်ကိုယ်ကောင်းဆန်ခြင်းကြောင့် သို့မဟုတ် အတ္တစွဲကြောင့် ဖြစ်ကြောင်း ဟောကြားတော်မူသည်။ လူတစ်ယောက်သည် ငြိမ်းအေးမှု(နိဗ္ဗာန်)မရမီ သူသည် အာရုံကာမဂုဏ်ခံစားမှု၊ ကိုယ်ကျိုးကြည့်မှု(ဝါ)အတ္တစွဲမှုများကို ဖြတ်တောက်ရမည်။ ထိုအခါ သူသည် ကြီးမားမြင့်မြတ်သော လူသားတစ်ယောက် ဖြစ်လာနိုင်တော့သည်။ ယင်းကဲ့သို့သော လူသားများကို ဗုဒ္ဓမြတ်စွာက အခြားဘာသာရေးများနှင့် မတူသောအားဖြင့် အတ္တစွဲပြုတ်စေရန် သို့မဟုတ် အနတ္တအမြင်ရှိစေရန် ခရစ်တော်မပေါ်မီ နှစ်ပေါင်း(၅၀၀) ကတည်းကပင် ညွှန်ပြတော်မူခဲ့သည်ဟုဆိုသည်။

### ၆။ ဒေါက်တာအဲလ်ဘတ်အိုင်စတိုင်း

ခေတ်သစ် သိပ္ပံပညာနည်းကျ ... အပ်ချက်များနှင့် သိပ္ပံပညာရှင်ကြီးများ အစမ်းသပ်ခံနိုင်သော ဘာသာတရား တစ်ခုရှိသည်ဟုဆိုလျှင် အဆိုပါဘာသာသည် ဗုဒ္ဓဘာသာ ဖြစ်ပါလိမ့်မည်။

### ၇။ တီအိတ်ချ်ဟတ်စလေ

ဗုဒ္ဓဘာသာသည် အနောက်တိုင်းသားတို့အမြင်တွင် ပေါ်လွင်နေသော ထာဝရဘုရားသခင်ကိုမသိသော၊ လူတွင် အတ္တ၊ အသက်၊ လိပ်ပြာ၊ ဝိညာဉ် ကောင်ရှိသည်ကို ငြင်းဆိုသော အ... ကောင်(ဝိညာဉ်ကောင်) မပျက်မစီး အ... တည်နေသည် ဟူသော ယုံကြည်မှု... မိုက်မဲသော ယုံကြည်မှုအဖြစ် ရေတွက်သော ဆုတောင်းမှု၊ ယဇ်ပူဇော်မှု... အလိုဆန္ဒပြည့်ဝနိုင်သည်ဟူသော အ... အဆကို ငြင်းပယ်သော၊ လွတ်မြောက်... အတွက် မိမိတို့၏ ကိုယ်ပိုင် လုံ့လ... ထုတ်လျက် ဆောင်ရွက်မှုမှတစ်ပါး အ... ဘာကမျှ ဆောင်ရွက်ပေးနိုင်ခြင်း မ... သည်ကို လူသားများအား မီးမောင်း... ပြသော၊ ပင်ကိုသန့်ရှင်းဖြူစင်မှုဖြင့် အ... တော်ကိုနာခံခြင်းဖြစ်သော ကိုးကွယ်... မျိုးကို မသိသည့်အပြင် ကယ်တင်...



www.burmeseclassic.com

www.burmeseclassic.com

အကုအညီကိုလည်း ရှာဖွေမှုမရှိသော ဘာသာရေး ဖြစ်သည်။

**၈။ ဒေါက်တာဆာမာရီဆင်ဂိုး**

သိပ္ပံပညာ၏ချီတက်မှုသည် ဗုဒ္ဓဝါဒ၏ အောင်ပွဲရမှုပင် ဖြစ်သည်။ သိပ္ပံပညာ၏ အသစ်တွေ့ရှိချက်များသည် ဗုဒ္ဓဝါဒအား အကောင်းဆုံး သက်သေပြချက်များသာ ဖြစ်၏။

**၉။ ပါမောက္ခရိုင်းဒေးဗစ်**

ဗုဒ္ဓဘာသာဝင်လို့ပဲဆိုဆို၊ ဗုဒ္ဓဘာသာဝင် မဟုတ်ဘူးလို့ဘဲဆိုဆို ကျွန်ုပ်ဟာ ကမ္ဘာပေါ်မှာ ထင်ရှားနေတဲ့ ဘာသာကြီးတွေတစ်ခုချင်းစီရဲ့ သဘောကို စိစစ်ခဲ့ပြီးဖြစ်ပါတယ်။ ပြေပြေပြစ်ပြစ်နဲ့ ရှင်းလင်းနားလည်နိုင်စွမ်းရှိတဲ့ ဗုဒ္ဓရဲ့ သစ္စာလေးပါးမြတ်တရားနဲ့ မဂ္ဂင်ရှစ်ပါး လမ်းစဉ်ထက် ပိုကောင်းတာ တစ်ခုမှ မတွေ့ခဲ့ရပါ။ အဲဒီလမ်းစဉ်နဲ့အညီ ကျွန်တော့်ဘဝကို ပုံဖော်နိုင်လို့ ကျေနပ်ပါတယ်။

**၁၀။ အိန္ဒိယဝန်ကြီးချုပ်ဟောင်းမဟတ္တဂိတ်နေရူး**

ဘယ်ပြဿနာမဆို ဆင်ခြင်သုံးသပ်ရတော့မယ်ဆိုလျှင် ဗုဒ္ဓဆုံးမတော်မူသည့်အတိုင်း ဒီမိုကရေစီနည်းကျကျ ငြိမ်းချမ်းစွာ ဆင်ခြင်သုံးသပ်ရန် ဖြစ်ပါသည်။

**၁၁။ ဆာဒက်ဒွင်အာနိုး**

ဗုဒ္ဓဝါဒနဲ့ ခေတ်သစ် သိပ္ပံပညာတို့ဟာ အသိဉာဏ်ပညာရေးရာမှာ နီးကပ်စွာ ဆက်နွယ်တည်ရှိနေကြတဲ့ အကြောင်းကို ကျွန်ုပ် မကြာခဏ ပြောဆိုခဲ့ပြီး ဖြစ်တယ်။ နောက်ပြီးတော့လည်း ထပ်ခါတလဲလဲ ပြောနေဦးမယ်။

**၁၂။ ဒတ်ဒလီရိုက်**

ယနေ့ကာလများ၌ ကျွန်ုပ်တို့သည် အတွေးအင်အားစွမ်းအင်များအကြောင်းများစွာ ကြားနေရသည်။ သို့သော် ဗုဒ္ဓဘာသာသည် ကမ္ဘာ့အလယ်မှာ ချပြထားပြီးဖြစ်သော အပြည့်စုံဆုံးနှင့် ထိရောက်မှုရှိသော စိတ်လေ့ကျင့်ခန်းနည်းစနစ်တစ်ရပ် ဖြစ်သည်။

**၁၃။ သန်ဒန်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဗုဒ္ဓဘာသာကျမ်းပြု ဆရာစစ်စမတ်ဟန်းဖရေး**

မသိနားမလည်သူများက ဗုဒ္ဓဝါဒကို စိတ်ပျက်သောဝါဒဟု ဆိုကြကုန်၏။ ၎င်းအဆိုမှန်ပါက (မှန်လည်းမမှန်ပါ) ဗုဒ္ဓဝါဒနောက်လိုက်များဖြစ်သော သီဟိုဠ် (သီရိလင်္ကာ) မြန်မာ၊ လာအို၊ ယိုးဒယား၊ ကမ္ဘောဒီးယားပြည်တို့မှ လူအပေါင်းသည် ကမ္ဘာပေါ်တွင် အပျော်ရွှင် အချမ်းမြေ့ဆုံးပုဂ္ဂိုလ်များ ဖြစ်နေကြသည့်အချက်မှာ ထူးဆန်းလှပေသည်။



**၁၄။ သီဟိုဠ် (သီရိလင်္ကာ) ဝန်ကြီးချုပ်ဟောင်း ဘန်ဒရာနိုက်ဘေး**

နေနှင့်လရှိနေသမျှ၊ ကမ္ဘာပေါ်မှာ လူသားမျိုးနွယ်တွေက တည်ရှိနေသမျှ ကာလပတ်လုံး ဗုဒ္ဓဘာသာရှိနေမှာပါ။ ဘာကြောင့်လဲဆိုတော့ ဗုဒ္ဓဘာသာဆိုတာ လူ့ဘာသာတရား၊ လူသားမျိုးနွယ်တစ်ရပ်လုံးရဲ့ဘာသာတရားဖြစ်နေလို့ပါ။

**၁၅။ မွတ်စလင်ပညာရှင်တစ်ဦး**

မြတ်ဗုဒ္ဓသည် ဗုဒ္ဓဘာသာဝင်တို့သာလျှင် ပိုင်ဆိုင်သောပစ္စည်းမဟုတ်ပါ။ မြတ်ဗုဒ္ဓကို လူအားလုံး ပိုင်ဆိုင်သည်။ မြတ်ဗုဒ္ဓ၏ သွန်သင်ဆုံးမခဲ့သော တရားသည် လူသားတိုင်းနှင့် သက်ဆိုင်၏။

ဗုဒ္ဓမြတ်စွာဘုရားကလည်း ဥပရိပဏ္ဏာသပါဠိတော် သပ္ပုရိသသုတ်၌ အမျိုးမြတ်ခြင်း၊ အကျော်စောရှိခြင်း၊ အသုံးအဆောင် အခြွေအရံများခြင်းသည် မြင့်မြတ်သူ မဟုတ်သေး။ လောကုတ္တရာတရားအား ရှိသေစွာ မကျင့်၊ လောဘ၊ ဒေါသ၊ မောဟကင်းဆိတ်အောင်မကျင့်လျှင် ထိုသူသည် နိမ့်သည်သာ ဖြစ်၏။ အမျိုးမည်မျှနိမ့်ကျစေ၊ အကျော်အစောမည်မျှကင်းမဲ့စေ၊ အသုံးအဆောင် အခြွေအရံ မည်မျှနည်းပါစေ လောကုတ္တရာတရားကို ရိုသေစွာ ကျင့်၍ လောဘ၊ ဒေါသ၊ မောဟတို့မှ ကင်းဆိတ်သူသာ မြင့်မြတ်သူ ဖြစ်၏ဟု ဟောကြားထားတော်မူသည်။

ထိုစာရေးဆရာက (၁) ကိုယ်ကျင့်တရားကောင်းခြင်း၊ (၂) ကိုယ်ချင်းစာတရားရှိခြင်း၊ (၃) သူတစ်ပါးစကားကို နားထောင်ခြင်း၊ (၄) အနစ်နာခံခြင်း၊ (၅)သတ္တိရှိခြင်းဟူ၍ ခေါင်းဆောင်အင်္ဂါများကို ဖော်ပြပြီး ဗုဒ္ဓမြတ်စွာသည် Leader မဖြစ်ကြောင်း၊ မဟုတ်ကြောင်း ရေးသားခဲ့သည်။

မြတ်စွာဘုရားသည် ဘုရားဖြစ်ရန်အကျိုး၊ အမျိုးသားများအကျိုး၊ လူသားတစ်ရပ်လုံးအကျိုးအတွက် ကြီးမားသော စွန့်လွှတ်မှု၊ အနစ်နာခံမှု၊ သီလလုံခြုံမှု စသည်များနှင့် ပြည့်စုံမှုရှိသည်များကို ထိုပုဂ္ဂိုလ် လေ့လာမှုမရှိ၍ မသိကြောင်း ထင်ရှားသည်။ ဗုဒ္ဓကိုယ်တော်တိုင်ဟောကြားတော်မူခဲ့သော 'ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ရှု၍ခြောက်ခု ကြီးသူ့ဝန်တာ' နာယကဂုဏ် အင်္ဂါဖြစ်ကြောင်းကိုလည်း မသိဖြစ်နေပါသည်။

ထို့ကြောင့် ရေးစပ်သူ အတိအကျမသိဘဲ လိုအပ်နေသော စာကြောင်းတစ်ကြောင်းနှင့် စကားတစ်ရပ် ဖြည့်စွက်၍ ပူးတွဲပါ လေးချိုးဖြင့် နိဂုံးသတ်လိုက်ရပါသည်။

**ဘာသာတရားတတ်သိရန်လေးချိုး**

❖ ခေတ်ပညာ ပါဝါငွေပေမယ့်
ဖြစ်တင်ရာ ကွာကာဝေးစေဖို့
ဘာသာရေးတတ်ရန်လို။

❖ သူတချို့ လူလို့သာ အခေါ်ခံရ
ခေတ်ပညာမာန်ပါဝါကြီးတာကြောင့်
ဘာသာ သာသနာ
နာနာမုန်းလို့ရယ်-ကွယ်
သုံးမကျဆို။

❖ မျိုးနွယ်မှာ အာကာထိစေတော့
ကိုးကွယ်ရာ ဘာသာမသိရင်ဖြင့်
စာပါဠိမူအလိုအရ
လူ ဆိုတဲ့ ဘဝဆုံး။

❖ ရှုံးရပုံ သုံးဝသရဏဂုံနှင့်
ငါးမလုံ ယဉ်ဗလာ ယွင်းချင်များနှင့်
မင်္ဂလာကျင့်ဝတ်များကိုလည်း
နားပါးသူမလည်တော့
လူလယ်မှာ ရှက်ဖွယ်ဖြစ်တဲ့အပြင်
သံသရာခန္ဓာညှစ်ကယ်နဲ့
နစ်ဖွယ်မဆုံး။ ။

မာမကာ(သုတသီ)



www.burmeseclassic.com

www.burmeseclassic.com

**မသိမ်ရွာသို့**

"အစ်ကိုလေး၊ ကျွန်မသမီး တုတ်တုတ်က သူကောင်လေးရဲ့ရွာမှာ မင်္ဂလာထပ်ဆောင်ဦးမှာမို့ မသိမ်ရွာကို လူကြီးတစ်ဦးအနေနဲ့ လိုက်ခဲ့ပေးပါဦး"

လို့ ဆိုလာပါတယ်။

ဆိုလာသူက ကျွန်တော့်ညီမ အလတ် မဌေးညွှန့်ပါ။ ကိုကျော်ဆန်း၊ မဌေးညွှန့်တို့ရဲ့သမီး မတုတ်တုတ်ခေါ် မရီရီမြင့်နဲ့ မသိမ်ရွာက မောင်စိုးသူ အောင်တို့ဟာ နှစ်ဖက်မိဘများ ပြည့်စုံစွာနဲ့ နေပြည်တော် ဇမ္ဗူသီရိမြို့ ပြန်ကပြေးမှာ ခမ်းခမ်းနားနား ဆောင်ပြီးပါပြီ။ ခုဟာက သတို့သားရဲ့ရွာမှာ ဒုတိယအကြိမ် ထပ်ဆောင်မှာပါ။

"ဘယ်နေ့သွားမှာလဲ"

"မင်္ဂလာပွဲက ၂၀၁၂၊ ဇန်နဝါရီလ ၂၆ ရက်နေ့ဆိုတော့ ၂၅ ရက်နေ့မှာ ကြိုတင်သွားရမှာပါ"

"အေးကွာ - ကိုယ့်တူမ မင်္ဂလာဆောင်ပဲ၊ လိုက်ပို့ရမှာပေါ့။ ဘယ်အချိန်ထွက်ကြမလဲ"

ရွှေပြည်စိုး(မိုးကုတ်)

**ပြိုကညောင်းသော မင်းကုန်းဆရာတော်**

"နေ့ (၁၂) နာရီလောက်ထွက်မယ် အစ်ကိုလေး"

"အေးအေး - သွားကြတာပေါ့"

ဆိုပြီး ကတိပေးလိုက်ပါတယ်။

ဒီလိုနဲ့ မဌေးညွှန့် ဦးဆောင်တဲ့ ကျွန်တော်တို့ ဆွေစုမျိုးစု ရှစ်ယောက်ဟာ ရွှေမြို့တော် နေပြည်တော် ပျဉ်းမနား - တောင်ညိုလိုင်းကားနဲ့ တောင်ညိုကို ဦးစွာ ချီတက်ကြပါတယ်။ နေပြည်တော်ကြီး မတည်မီကဆိုရင် (၂၄) မိုင်ဝေးတဲ့ တောင်ညိုကို ရွာစဉ်တွေ ကျော်ဖြတ်ရပါတယ်။

အဲဒီရွာတွေကတော့ ပြန်ကပြေးပြီးရင် ဆက်ပြီးတည်နေတဲ့ ပြန်ကပြေးလေး၊ သာယာကုန်း၊ အနောက်သပြေကုန်း၊ ဘူးကွဲ၊ ရေတွင်းဖြူ၊ ငန်းစပ်၊ ဇလောင်း၊ ဝက်စု၊ ဘုရားကုန်း၊ မောင်းရမ်း၊ မင်းကုန်း၊ သဲကျွန်း၊ မအူလေးပင်၊ ကျဲရှင်း၊ မရမ်းခုံ၊ ပိန္နဲပေါက်၊ တောင်ညိုဆိုပြီးတော့ကာ ရှိပါတယ်။

နေပြည်တော်ကြီး တည်လိုက်တဲ့အခါမှာတော့ ဘူးကွဲရွာအထိ မြို့ပြဧရိယာတည်လိုက်တဲ့အခါ ရွာအမည်တွေ ပျောက်ပြီး ရပ်ကွက်အမည်တွေ ပေါ်လာတာကြောင့် ကျယ်ပြောတဲ့ လမ်းမကြီးတွေနဲ့အတူ စည်ကားလှပတဲ့ မြို့ပြဧရိယာတွေ ဖြစ်နေပါပြီ။

ရွှေမြို့တော်ကားခေါင်းခန်းထဲက စီးခဲ့တဲ့ ကျွန်တော်ဟာ နေပြည်တော် ဟိုတယ်ဇုန်အထိသာ ရောက်ဖူးတာမို့ အထူးအဆန်းအဖြစ် ကြည့်ရှု မှတ်သားလာခဲ့ပါတယ်။

အဲဒီမှာ မင်းကုန်း ဆိုတဲ့ ရွာလေးကို ဖြတ်ကျော်ခဲ့ပါတယ်။ ကျွန်တော် ငယ်စဉ် ကလေးဘဝက ရောက်ခဲ့ဖူးတာ အနောက်သို့လားသော် မင်းကုန်းရွာ ဖြစ်ပါတယ်။ အဲဒါကလည်း မင်းကုန်းဆရာတော်ကြီး ပျံတော်မူလို့ ဘုန်းကြီးပျံပွဲကို မှန်ကျောင်းဆရာတော်နဲ့အတူ လှည်းနဲ့ တအိအိလာခဲ့ရခြင်းပါပဲ။ နံနက်စောစော မောင်းလာတဲ့ လှည်းဟာ ဟိုနားဒီနားနဲ့ မင်းကုန်းကို မိုးစုံးစုံးချုပ်မှရောက်ခဲ့ရခြင်းပါ။ ဘုန်းကြီးပျံပွဲမှာက,တဲ့ ဇာတ်က ပုလဲစိန်ဇာတ်ပါ။ ပုလဲစိန်က အဲဒီတုန်းက ငယ်ငယ်လေးရှိသေးတာပါ။ ထားပါတော့။

လမ်းတွေက ရှယ်ဆိုတော့ မိုင် (၂၀) ကျော်ခရီးကို အကြာကြီးမစီးလိုက်ရပါဘူး။ တောင်ညိုမြို့ကိုရောက်လာပါတော့တယ်။ တောင်ညိုမြို့ဟာ အတော်လေးကို ကြီးထွားနေပါပြီ။ ရှေးတုန်းကတော့ ရွာကြီးပေါ့လေ။ တောင်ညိုကနေ တောင်တွင်းကြီးလမ်းခွဲရှိပါတယ်။ ကတ္တရာလမ်းမကြီးပါ။

ကားက တောင်ညိုမှာ ဂိတ်ဆုံးတာမို့ ကားပေါ်က ဆင်းတယ်ဆိုရင်ပဲ မောင်စိုးသူအောင်နဲ့ လူပျိုအဖွဲ့တွေဟာ ဆိုင်ကယ်တွေကိုယ်စီနဲ့ အသင့်ကြိုဆိုနေကြပါတယ်။

တောင်ညိုမြို့လွန်တယ်ဆိုရင်ပဲ သဲလမ်းတွေ ဖြစ်ပါတယ်။ တောင်ညိုကနေ မြောက်စူးစူးကိုလာခဲ့ရတာပါ။ မကြာမီ ငွေးပင်ရိုးရွာကို ဖြတ်ကျော်ပြီး မကြာမီမှာပဲ မောင်စိုးသူအောင်တို့ရဲ့ မသိမ်ရွာကို ရောက်ပါတယ်။ သဲတောတွေမှာ ဆိုင်ကယ်တလူးလူးနဲ့ စီးရတာ သည်းထိတ်ရင်ဖိုပါပဲ။

မောင်စိုးသူအောင်ရဲ့မိဘများဖြစ်တဲ့ ဦးကိုလေး၊ ဒေါ်ခင်မြင့်တို့နဲ့ ဆွေမျိုးတွေက ဝမ်းမြောက်စွာ ကြိုဆိုနေကြပါတယ်။ ခာတ်စက်ကလည်း နားကွဲလုမတတ်ဆိုပါတော့။ တောရပ်တောခလေ့ ဒီလိုဖွင့်ရမှ အသားပါတာဆိုပဲဗျ။



**လောရှည်ပင် ကြောက်ရ**

ကျွန်တော်တို့က ကျွန်တော်တို့ နေပြည်တော် ပြန်ကပြေး မှန်ကျောင်းဆရာတော် ဦးပညာဇောတကို ကွယ်ရာမှာ ဦးပညာဒေါသလို့ ခေါ်ကြပြီး အရပ်အလွန်ရှည်တာမို့ အချို့က လောရှည်လို့ နာမည်ပြောင်ခေါ်ကြတယ်။ ရှေ့မှာခေါ်ရဲတာ မဟုတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းတော်ကြီးကလည်း ကျွန်တော်တို့ ကျောင်းသား၊ ကိုရင်တွေကို အများအားဖြင့် နာမည်ပြောင်တွေပေးတတ်ကြပါတယ်။ ကျွန်တော့် ဦးလေးတော်ပြီး ကျွန်တော့်ထက် နည်းနည်းကြီးတဲ့ ကိုမောင်ကြည်ကို စုတ်ပဲ့ပြီး နံစော်နေတတ်လို့ ကြောင်နံကြီးလို့ခေါ် ရာကနေ မောင်ကြည်ပျောက်ပြီး တစ်သက်လုံး ကြောင်နံကြီးလို့တွင်သွားပါတယ်။ အဲဒီ နာမည်ပြောင်တွေဟာ တစ်သက်လုံး တွင်သွားတာ များပါတယ်။

လူရှည်သလောက် စိတ်တိုပြီး အရိုက်သန်လှတဲ့ ဘုန်းကြီးကို ကျွန်တော်တို့ကလည်း မကျေနပ်တိုင်း ပေါက်ကွဲစိတ်နဲ့ နာမည်ပြောင်တွေကို ကွယ်ရာမှာ သုံးလေ့ရှိပါတယ်။ ခြင်းချက်အနေနဲ့ ကုန်းအလွန်ချောတဲ့ ပုဏ္ဏားဆိုတဲ့ကောင်ရဲ့ရှေ့မှာတော့ မခေါ်မိအောင် သတိထားရပါတယ်။ပုဏ္ဏားဆိုတဲ့ တင်အောင်ကြားလို့ကတော့ သွားလျှောက်ပြီးသားသာ မှတ်ပေတော့။ ဒါဆိုရင် ကြိမ်လုံးစာသေချာသွားပါပြီ။ ကျောကွဲဖို့သာ ပြင်ပေတော့။

ဒီလို အရိုက်လည်းကြမ်း၊ ဒေါသလည်းအလွန်ကြီးတဲ့ ဘုန်းတော်ကြီးဟာ မင်းကုန်းဆရာတော် ကြွလာပြီ ဆိုလို့ကတော့ ကြောင်ရှေ့ရောက်နေတဲ့ ကြွက်ကလေးလို ငြိမ်ကုပ်နေလေ့ရှိပါတယ်။




အဲဒီခေတ်အဲဒီအခါက မင်းကုန်းဆရာတော် ဆိုတာဟာ နေပြည်တော်ပျဉ်းမနားမြို့ရဲ့အနောက်ခြမ်း တောင်ညိုအထိ (၂၄) မိုင် ရွာတန်းတွေမှာ ဂိုဏ်းချုပ်ဆရာတော်အဖြစ် ခန့်အပ်ထားခြင်းခံရတဲ့ ဆရာတော်ပါ။ ဩဇာအရှိန်အဝါအလွန် ကြီးမားပြီး ရဟန်းရှင်လူတို့အလွန်ရိုသေကြောက်ရွံ့ကြရတာပါ။

မင်းကုန်းဆရာတော်ဟာ ပညာလည်းတတ်၊ သိက္ခာသမာဓိလည်းရှိ၊ ရုပ်ဥပဓိကလည်း တည်ကြည်သန့်ရှင်း၊ ဩဇာအာဏာလည်း အလွန်ညောင်းတဲ့ ဆရာတော်ပါ။ ဘယ်ရောက်ရောက်၊ ဘယ်ကြွကြွ အားလုံးက ရိုသေလေးစားကြစမြဲပါ။

အရပ်မနိမ့်မမြင့်၊ အသားမဖြူမညို၊ မျက်နှာကျလှလှနှင့်ဝိုင်းဝိုင်း၊ ရွှေမျက်မှန်ဝိုင်းဝိုင်းလေး တပ်ထားတော့ အလွန်ကြည့်ကောင်းပါတယ်။ ဝိသေသအနေနဲ့ ဦးခေါင်းပေါ်မှာ သျှောင်ထုံးထားခဲ့စဉ်က ဂျာရစ်ဝိုင်းပုံစံဟာ ညိုမည်းနေပြီး အထင်းသား ပေါ်လွင်နေတာပါပဲ။ သေသည့်တိုင် မပျောက်တဲ့ ဂျာရစ်အရာပါ။ သင်္ကန်းကို အဲဒီခေတ်ကခေတ်စားတဲ့ ဗန္ဓုလသင်္ကန်းရောင်အဝါကို

www.burmeseclassic.com

www.burmeseclassic.com

မဝတ်ဘဲ အစဉ်အမြဲ ရွှေကျင်ရောင် ညိုညစ်ညစ်ကို အမြဲဝတ်လေ့ရှိတယ်။ သင်္ကန်းကြီးတစ်ထည် ပခုံးပေါ် အမြဲပါလေ့ ရှိတယ်။ တိစီဝရိက်ကို ဝိနည်းနဲ့ အညီ ဆောင်ခြင်းပါပဲ။

အဲဒီမင်းကုန်းဆရာတော်ကြီး ကြွလာပြီဆိုရင် လောရှည်ဟာ သူမဟုတ်သလိုဘဲ ငြိမ်ချက်သားကောင်းနေလေ့ ရှိတယ်။ ကျွန်တော်တို့ကို မဆူရဲ၊ မဟောက်ရဲ၊ မကြမ်းရဲ၊ မရိုက်ရဲဘူး။ ကျွန်တော်တို့ကလည်း မင်းကုန်းဆရာတော်ကြီးကို ရိုသေလေးစားတာကြောင့် အခွင့်အရေးယူပြီး မဆိုးကြပါဘူး၊ မဆော့ကြပါဘူး။

မင်းကုန်းဆရာတော်ကြီး ကြွလာတယ်ဆိုတာနဲ့ ကျွန်တော်တို့ကလည်း ရွာထဲလှည့်ပြီး ဆွမ်းအုပ်ဖိတ်ပါတယ်။ ရွာထဲကလည်း ဖိတ်သမျှ ဆွမ်းချိုင့်တွေ လာပို့ကြပါတယ်။ ခံဆွမ်း၊ ပို့ဆွမ်းနဲ့ ဆိုတော့ ဆွမ်းဟင်းတွေဆိုတာ စားပွဲတစ်ခုနဲ့တောင် မဆံ့ဘူး၊ အရံစားပွဲတစ်လုံး ထပ်ချယူရတယ်။ ဆရာတော်ကြီးကို အားလုံးက အဲဒီလို ကြည်ညိုကြတာ။ ဘာလို့လဲ ဆိုတော့ အဓိက အဲဒါကို ကျွန်တော် ပြောပြချင်တာပါ။

## မှူတတဲ့စိတ်ဓာတ်

မင်းကုန်းရွာဟာ အနောက်ရိုးမတောင်တန်းတွေနဲ့ ဆက်သွားပြီမို့ လွင်ပြင်ဆိုတာ တစ်မျှော်တစ်ခေါ်ကြီးမရှိတော့ပါဘူး။ လွင်ပြင်နဲ့ တောင်နိမ့်တွေ ပေါင်းစပ်နေတဲ့ မြေအနေအထားပါ။

ရွာရဲ့ တောင်ဘက် ကုန်းကမူပေါ်မှာ မင်းကုန်းဘုန်းတော်ကြီးကျောင်း တည်ရှိပြီး ဘုန်းတော်ကြီးကျောင်းရဲ့ တောင်ဘက် ပြန့်တစ်ခွင်ဟာ မင်းကုန်းရွာရဲ့လယ်တောတွေပါ။ အဲဒီလယ်တောလွင်ပြင်ကို ဘုန်းတော်ကြီးကျောင်းက ကြည့်ရင် အကုန်မြင်နေရတာပါပဲ။ ဘုန်းတော်ကြီးကျောင်းက မျှော်စင်လိုဖြစ်နေတာကိုး။ ကုန်းမို့မို့ပေါ်မှာ သီးပင်စားပင်တွေ အုပ်အုပ်ဆိုင်းဆိုင်းနဲ့ ကျောင်းကန်ဟာ အလွန်ပဲကျက်သရေရှိလှပါတယ်။

အဲဒီခေတ်က ရိုးမတောကြီးကလည်း မပျက်စီးသေးတော့ကာ ကဆုန်၊ နယုန်ဆိုရင်ပဲ မိုးဦးစလို့ကျပါပြီ။ တပေါင်း တန်ခူး မိုးသားကြူး၊ ကဆုန်၊ နယုန် မိုးသားစုံလို့ အဆိုရှိတာကိုး။ မိုးဦးကျလို့ မြေနူးစပြုတာနဲ့ ထယ်ရေးတွေဝင်ကြပါပြီ။

အနောက်ရိုးမနဲ့ ဆက်နေတဲ့ ရွာတွေဖြစ်တော့ကာ ရာသီဥတုအေးတာကြောင့် အအေးဒဏ်ခံနိုင်ရည်ရှိတဲ့ကျွဲတွေကို အသုံးများပါတယ်။ နွားဆိုတာ ရှိတော့ရှိတယ်၊ ရှားတယ် ဆိုရမှာပါ။ ဘာလို့လဲဆိုတော့ နွားက ဘက်စုံသုံးလို့မရဘူးလေ။ လယ်ယာနဲ့ ထင်းတိုက် ဝါးတိုက်လောက်ပဲ ရတာ။

ကျွဲ ဆိုတာက လယ်ယာနဲ့ ထင်းတိုက်ဝါးတိုက်အပြင် သစ်ကြီးတွေပါ တိုက်လို့ရတယ်။ သစ်လှည်းကိုဆွဲနိုင်စွမ်းရှိတယ်။ ပြီးတော့ သစ်လုပ်ငန်းတွေမှာ လျှိုမြောင်ထဲကသစ်ဆိုရင် ကျွဲနဲ့ဆွဲထုတ်မှရတာ။ အဲဒါကြောင့် သစ်လုပ်ငန်းတွေမှာ အခုတိုင်ေတက်နေတဲ့ခေတ်အထိ အသုံးဝင်တုန်းပါ။ အဲဒါကြောင့် အဲဒီခေတ်က မင်းကုန်း စတဲ့ ရွာတွေမှာ ကျွဲကိုကိုင်ကြတာများတယ်။

ဆရာတော်ကြီးထိုင်တဲ့နေရာက ကြည့်ရင် လယ်မြေတွေအသီးသီး ထယ်ရေးဝင်နေကြတာ မြင်နေရပါတယ်။ မိုးတစ်ချီ၊ နှစ်ချီသုတ်ထားတော့ မြေသားနူးစပြုပြီမို့ အခက်အခဲမရှိကြပါဘူး။

ဒီလိုနဲ့ နေ့ဆွမ်းဘုဉ်းပေးချိန်ရောက်တဲ့အခါ ကိုရင်၊ ကျောင်းသားတွေက မြတ်စွာဘုရားကို ဆွမ်းတော်ကပ်ပြီး ပြုပြုသမျှကုသိုလ်ကို အမျှဝေတဲ့အနေနဲ့ ကြေးစည်တီးပြီး ဆွမ်းစားခေါင်းလောင်းတခေါင်ခေါင်ထိုးပါတယ်။ အဲဒီ ကြေးစည်သံ၊ ခေါင်းလောင်းသံဟာ နေ့စဉ် နံနက် (၁၁) နာရီမှာ ပုံမှန် အားလုံး ကြားနေကျပါ။ ဒါဆိုရင် ဘုန်းတော်ကြီး ဆွမ်းဘုဉ်းပေးချိန် ဆိုပါတော့။

အဲဒီ ခေါင်းလောင်းထိုးချိန်ကို ရောက်တာနဲ့ နံနက်အစောကြီးကတည်းက ထွန်ရေးငင်နေကြတဲ့ ကျွဲ၊ နွားတွေကို ပိုင်ရှင်တွေက ထမ်းပိုးဖြုတ်ပြီး စားကျက်ကို လွှတ်ပေးရပါတယ်။ ဒါက ဘုန်းတော်ကြီးချမှတ်ထားတဲ့ စည်းမျဉ်းပါ။

လူတွေထမင်းစားချိန်ရောက်သလို တိရစ္ဆာန်တွေလည်း ဆာလောင်မွတ်သိပ်ချိန်ရောက်ပါပြီ။ အဲဒါကြောင့် ထွန်ရေးဝင်နေကြတဲ့ ကျွဲ၊ နွားတွေ၊ အိမ်မှာ ချည်နှောင်ပြီး တင်းကုပ်ထဲလှောင်ထားတဲ့ ကျွဲ၊ နွားတွေ ခေါင်းလောင်းသံကြားတာနဲ့ -

"ဟဲ့- ကျောင်းက ခေါင်းလောင်းတောင်ထိုးပါပေါ့လား။ ကျွဲတွေ စားကျက်ကို လွှတ်လိုက်တော့ဟဲ့"

ဆိုတာမျိုး တစ်သံတည်းထွက်လာစမြဲပါ။ တိရစ္ဆာန်တွေ တစ်နေ့တာ လွတ်လပ်ရေးစ,ရတဲ့အချိန်ပါ။

ဆရာတော်ဟာ အသက် (၆၀) ကျော်အရွယ်ဖြစ်ပြီး စကားလည်း အပို မပြောတတ်တော့ အားလုံးက ကြည်ညို လေးစား ကြောက်ရွံ့ကြပါတယ်။ ဆိုးသွမ်းတဲ့ ရွာသားဆိုရင် ကျောင်းသား ကိုရင်တွေလို ကြိမ်နဲ့ ဆုံးမလေ့ရှိတာကြောင့် မဆိုးရဲကြပါဘူး။ မမျှတတာ မလုပ်ရဲဘူး၊ မဟုတ်တာမလုပ်ရဲဘူး၊ အားလုံးဟာ ဆရာတော်ရဲ့ အုပ်ချုပ်မှု အောက်မှာ ပြားပြားဝပ်ပါပဲ။

အဲဒီခေတ်က သူကြီးခေတ်ပါ။ သူကြီးတောင်မှ ဆရာတော်ကြီးကို ဖိမ့်ဖိမ့်တုန်ကြောက်ရတာပါ။ သူကြီးမှားရင် သူကြီးကို ခေါ်ဆူလေ့ရှိပါတယ်။ ပြီးတော့ ရောင်စုံသူပုန်တွေ လွှမ်းမိုးနေတဲ့ဒေသပါ။ သူပုန်တွေလည်း ဆရာတော်ကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်တို့ လေးစားကြပါတယ်။ ကွန်မြူနစ်ဝါဒီဆိုပေမယ့် အနှောင့်အယှက်ပြုလေ့ မရှိကြပါဘူး။ ဒါကလည်း ဆရာတော်ကြီးရဲ့ မျှတတဲ့စိတ်ဓာတ်ကြောင့်ပါပဲ။

## လောဘကြီးတဲ့ကိုဖိုးမျှင်

ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ သူထိုင်နေကျ နေရာရှေ့မှာ ထုံးစံအတိုင်း ကိုရင်တွေက အချိုပွဲတင်ပါတယ်။ ဆရာတော်က အချိုပွဲထဲက အချို့ကို ကိုရင်တွေအတွက် ခွဲဝေချပေးလိုက်ပါတယ်။ ကိုရင်တွေလည်း ခဲဖွယ် သုံးဆောင်နေကြပါတယ်။

ဆရာတော်နဲ့ သာမဏေတွေ ဆွမ်းဘုဉ်းပေးပြီးချိန်မှာ ကျောင်းသားတွေ ထမင်းစားချိန်ပါ။ ကျောင်းသားတွေစားပြီးမှ ခွေးတွေကျွေးရတာပါ။ ဒါက နေ့စဉ်ပုံမှန် လည်ပတ်နေကျ အချိန်ယန္တရား ဆိုပါတော့။

ဆရာတော်ကြီးဟာ ရေနွေးသောက်ရင်း လယ်တောဆီ မျှော်ကြည့်ရောက်သွားပါတယ်။ ကျွဲတွေ၊ နွားတွေ အေးဆေးစွာ စားကျက်မှာ စားနေကြတာမြင်ရပေမယ့် ထူးထူးဆန်းဆန်း ထယ်ရေးဝင်နေတဲ့ ကျွဲတစ်ရှဉ်းကတော့ မဖြုတ်သေးပါလား။ အားကြိုးမာန်တက် ထွန်ယက်နေတုန်းပါ။

ဆရာတော်ကြီးက ဘုရားကျောင်းဆောင်ခန်းမျက်နှာစာမှာ ချိတ်ဆွဲထားတဲ့ ရောမဂဏန်းဒိုင်ခွက်နဲ့ ရှေးဟောင်း နာရီကြီးကို လှမ်းကြည့်လိုက်ပါတယ်။ ကြေးချိန်သီးကြီး တချောက်ချောက်ယိမ်း လွှဲနေတဲ့ နာရီကြီးဟာ (၁၂) နာရီထိုး (၁၅)မိနစ်ကိုပြနေပါတော့တယ်။ ဒ...



www.burmeseclassic.com

www.burmeseclassic.com

…တော်ဟာ ကိုရင်တွေဆီလှမ်းကြည့် …တယ်။ ကိုရင်တွေ အချိုပွဲသိမ်း …ပြီ။

"တဲ့ - အာစာရနဲ့ ကုသလ၊ ခဏ …"

ဆိုပြီး ကိုရင် (၂) ပါးကို ခေါ်လိုက် …တယ်။ ကိုရင် (၂) ပါး ဆရာတော်ရှေ့ …အုပ်ချိုပြီး ရောက်လာတာနဲ့ …ကနေ လက်ညှိုးညွှန်ပြီး ပြပါ …

"ဟိုမှာကြည့်စမ်း၊ နေဒီလောက် …တဲ့ဟာကို ထယ်မဖြုတ်တာ ဘယ် … ကျွဲတွေမှာ ဆာလှရော့မယ်။ …ချင်းစာတရားမရှိတဲ့အကောင်။ …တယ်သူလဲ၊ ကြည့်ကြစမ်း"

"မှန်ပါ၊ ကိုဖိုးမျှင်လို့ ထင်ပါတယ် …"

"ထယ်ဖြုတ်ခိုင်းပြီး နင်တို့ ကိုရင် … ကျွဲကျောင်းနေလိုက်။ ဖိုးမျှင်ကို … တယ်လို့ပြောလိုက်၊ ကြားလား"

"မှန်ပါ့ဘုရား"

"အမြန်သွား၊ နေမြင့်လှပြီ။ (၁၂) …တောင်ထိုးတော့မယ်"

"မှန်ပါ့ဘုရား"

ဆရာတော်ကို လက်အုပ်ချီရှိခိုးပြီး …(၂) ပါး ကျောင်းကနေ လယ်ကွင်း … ပြေးဆင်းသွားပါတော့တယ်။

**…နေကုန်ဒဏ်ချခြင်း**

ထယ်ရေးစပ်ဖို့နည်းနည်းလိုတော့ …နဲ့ ကိုဖိုးမျှင် ကျွဲတွေကို မဖြုတ်ဘဲ …ထယ်ထိုးနေခြင်းပါ။ ထယ်ရေး … ငါးကြောင်းလောက်အလိုမှာ …(၂)ပါး သူ့ဆီပြေးလာကတည်းက …ရာတော်ကြီးခေါ်ခိုင်းလိုက်ပြီ ဆိုတာ …သိလိုက်ပါတယ်။ အဲဒါကြောင့် …ကိုရပ်လိုက်ပြီး ကျွဲ(၂)ကောင်ကို …ဖြုတ်နေပါတယ်။ ထမ်းပိုးကြီး …တ်လိုက်တယ်ဆိုရင်ပဲ ကျွဲတွေဟာ …ခေါင်းငုံ့ပြီး ထွက်သွားကြပါတယ်။ …မျှင်ဟာ ထမ်းပိုးကို ထမ်းထားရာ …ပေါ် အသာချလိုက်ပါတယ်။ အဲဒီ …ချိန်မှာပဲ ကိုရင်(၂)ပါး အနားရောက် …ပြီး -

"ဒကာကြီး၊ ဆရာတော်ကြီးခေါ် …တယ်။ ကျွဲ (၂) ကောင်ထားခဲ့ပါ၊ …ရင်တို့ကျောင်းထားပေးပါ့မယ်"

လို့ ပြောပြီး ကိုရင်တွေက ကျွဲ(၂) …ကောင်ကို စားကျက်ဆီ ဆွဲခေါ်သွားပါ …တယ်။ ကိုဖိုးမျှင်ဟာ လောဘကြီးမိတာ …ပေါ့လို့ တွေးမိပါတယ်။ ဆရာတော့်စကား မိုးကြိုးသွားလို ပြင်းထန်တာမို့ မဖယ်ရှားရဲဘဲ ကုပ်ချည့်ကုပ်ချည့်နဲ့ ကျောင်းဆီလာခဲ့ရပါတယ်။ မကြီးမငယ်နဲ့ အရိုက်ခံရဦးမလားမသိပါဘူး။ ဒါနဲ့ပဲ ကျောင်းပေါ်တက်၊ ဘုရားဝတ်ပြု၊ ဆရာတော်ကြီးကို ဝတ်ပြုပြီး ရှေ့မှာ ကျုံ့ကျုံ့သွားထိုင်ပါတယ်။

"မောင်ဖိုးမျှင်ပါလားဟေ့"

"မှန်ပါ့ဘုရား"

"နေပါဦး၊ ငါမေးပါဦးမယ်။ မင်းကျောင်းက ဆွမ်းစားခေါင်းလောင်းထိုးသံ မကြားမိဘူးလား"

"မှန်ပါ၊ ကြားမိပါတယ်ဘုရား"

"ကြားရဲ့သားနဲ့ မင်းက သူများတွေ ထွန်ဖြုတ်ကုန်တာ မမြင်ဘူးလား"

"မြင်ပါတယ် ဘုရား"

"ဆွမ်းစားခေါင်းလောင်းထိုးတာ ဘယ်နှနာရီလဲ"

"မှန်ပါ၊ (၁၁) နာရီပါ ဘုရား"

"အဲဒီအချိန် ဘာလုပ်ရမှာလဲ"

"ထမင်းစားချိန်၊ ကျွဲ၊ နွားတွေ ဆာလောင်ချိန်မို့ ထွန်ဖြုတ်ရမှာပါ ဘုရား"

"သူများတွေ ထွန်ဖြုတ်ပြီး မင်းက ဘာလို့မဖြုတ်တာလဲ။ တိရစ္ဆာန်ပဲ၊ ငါခိုင်းသမျှလုပ်ရမှာပဲဆိုပြီး ကိုယ်ချင်းစာတရားမထားတာမဟုတ်လား"

"မဟုတ်ပါဘူး ဘုရား၊ တပည့်တော် ထယ်ရေးစပ်ခါနီးတာနဲ့ ဒီနေ့ပြီးသွားအောင် အချိန်နည်းနည်းပိုခိုင်းမိတာပါ ဘုရား"

"ဟဲ့ - မောင်ဖိုးမျှင်၊ လူ ဆိုတာ အမြဲအလုပ်ရှိတယ်။ မသေမချင်းလုပ်နေကြရမှာ။ နေ့တင်မကဘဲ ညပါ သျှောင်မီးထွန်းလုပ်လည်းမပြီးနိုင်ဘူး။ အလုပ်နဲ့လက်ဆိုတာ သေမှ ပြတ်ကြတာ။ ဒီနေ့မပြီးတော့ နောက်နေ့ဆက်လုပ်လို့ကော မရဘူးလား"

"ရပါတယ် ဘုရား"

"နင်ကိုယ်ချင်းစာတရားနည်းတဲ့အကောင်ပဲ။ ကျွဲတွေကို မနက်(၄)နာရီက စပြီးခိုင်းတာ၊ တော်ရောပေါ့ (၁၁) နာရီဆိုရင်။ ခု နင့်ဟာက လွန်လွန်ကျွံကျွံပဲ။ ကဲ - ကျွဲတွေကို နေပူပူမှာ နင်က ခိုင်းတော့ ငါကလည်း နင့်ကို နေပူပူမှာ ခိုင်းရသေးတာပေါ့။ ဟေ့-မောင်ကျောင်းသားတို့၊ ဟောဒီ မောင်ဖိုးမျှင်ကို ပေါက်ပြားတစ်လက် ထုတ်ပေးလိုက်။ ကျောင်းဝိုင်းထဲကမြက်တွေ ပြောင်အောင်လိုက်ပေါက်ပေတော့"

"မှန်ပါ့ဘုရား"

ဆိုပြီး ပေါက်ပြားဆွဲကာ မြက်တွေပေါက်ရပါတော့တယ်။

ဆရာတော်က စောင့်ကြည့်နေတယ်။ အစာမကျွေးဘူး၊ ရေမတိုက်ဘူး။ ကိုယ့်အပြစ်နဲ့ကိုယ်မို့ မော်လို့တောင်မကြည့်ရဲရှာပါဘူး။ ဒီအထိ ဆရာတော်ကြီးကို ကြောက်ကြရတာ။ သူလိုလူမဆိုထားနဲ့ သူကြီးတောင် ဖိမ့်ဖိမ့်တုန်အောင်ကြောက်ရတာဆိုတော့ ကိုဖိုးမျှင် သူ့အမှားအတွက် နောင်တကြီးစွာရရှာပါတယ်။

ညနေ (၄) နာရီထိုးမှ အလုပ်ကိုနားခိုင်းပြီး-

"မောင်ဖိုးမျှင်၊ ကျွဲတွေ၊ နွားတွေမှာလည်း အချိန်တန်ရင် ဆာတတ်တဲ့အစာအိမ်ရှိတယ်။ နင်ကော မဆာဘူးလား"

"ဆာပါတယ် ဘုရား"

"အေး - နင်ကိုယ်ချင်းစာတတ်လောက်ပါပြီ၊ သွားတော့"

လို့ ခွင့်ပြုလိုက်ပါတော့တယ်။

ဆရာတော့်စကားကို မထီမဲ့မြင်ပြုလို့ကတော့ ကိုဖိုးမျှင်လိုခံရတာချည်းပါပဲ။

**ကောက်စိုက်သူကြီး ဒေါ်ရွှေသီး**

အဲဒီခေတ်အဲဒီအခါက ကောက်စိုက်သူကြီး ဆိုတာ ရှိတယ်။ အချို့က သုတ်သူကြီးလို့လည်းခေါ်ကြတယ်။ ဆိုရရင်တော့ ကောက်စိုက်ခေါင်းဆိုပါတော့။ လယ်ရှင်က ဘယ်နှယောက်စိုက်၊ သူ့လယ်ကိုစိုက်ပေးပါဆိုပြီး ကောက်စိုက်သူကြီးကို အကြောင်းကြားရတာပါ။

မင်းကုန်းရွာမှာတော့ ကောက်စိုက်သူကြီးဒေါ် ရွှေသီးဆိုတာ နာမည်ကြီးပါ။ လူချောင်ထွားတယ်၊ ပြောရဲဆိုရဲတယ်၊ ဖျတ်ဖျတ်လတ်လတ်ရှိတယ်။ ပြီးတော့ လွတ်လပ်ရေးရပြီးစမှာ တောခိုသူတွေက သူ့ယောကျ်ားကို အစိုးရသတင်းပေးလို့ စွပ်စွဲပြီး သတ်ပစ်လိုက်တာကြောင့် သမီး(၂)ယောက်နဲ့ မုဆိုးမဖြစ်နေတာပါ။

ဝါဆိုလဆန်းတာနဲ့ မိုးရေလည်းရကြပါပြီ။ ကောက်ပင်ပျိုးပင်တွေလည်းရင့်ပါပြီ၊ နုတ်လို့ရပါပြီ။ ပျိုးနုတ်လို့ရတာနဲ့ ကောက်တွေလည်းစိုက်ကြပါပြီ။ ကောက်စိုက်ပြီဆိုတာနဲ့ ကောက်စိုက်သူကြီး ဒေါ် ရွှေသီးခေတ်ရောက်ပါပြီ။

ဒီအချိန်မှာ သူတို့ခြေသလုံးတွေ၊ လက်ဖျားတွေ သမန်းဆီတက်ပြီး ညိုညစ်နေလေ့ရှိတယ်။ ကောက်စိုက်နေချိန်မှာ နေပူတာလည်းရှိတယ်၊ မိုးအုံ့တာ



www.burmeseclassic.com

www.burmeseclassic.com

*လည်းရှိတယ်၊ မိုးရွာတာလည်းရှိတယ်။* ဘာရှိရှိ ဒေါ်ရွှေသီးတို့အဖွဲ့တွေကတော့ ဝါးဖတ်ခမောက်အားကိုးနဲ့ အလုပ်ပျက်လေ့ မရှိဘူး။ တာဝန်အလွန်ကျေပွန်ကြတယ်။ အလုပ်ခေါင်းဖြစ်တဲ့ ဒေါ်ရွှေသီး စကားကို မြေဝယ်မကျနားထောင်ကြတယ်။

တစ်နေ့မှာ လယ်ရှင်က တစ်ကျိပ်စိုက်ဆိုပြီး ကောက်စိုက်မတစ်ကျိပ်ခေါ်တယ်။

"ကိုထွန်းခင်၊ တော့်လယ်က ကျုပ်တို့ နှစ်တိုင်းစိုက်လာတာ တစ်ကျိပ်နှစ်ယောက်လောက်မှ ခေါင်းလောင်းထိုးချိန်မှာ ပြီးတာ"

"အိုဗျာ - ဒေါ်ရွှေသီးကလည်း။ ကောက်စိုက်ခ၊ ကောက်ရိတ်ခ နုတ်လိုက်ရင် ကျွန်တော့်အတွက် သိပ်မကျန်ဘူးဗျ။ အဲဒါကြောင့် နှစ်ယောက်လျှော့လိုက်တာ။ ဖြစ်အောင်လုပ်ပေးပါ ဒေါ်ရွှေသီးရာ၊ ကျွန်တော့်လယ်က ထွက်အားလည်း သိပ်ကောင်းတာမဟုတ်ပါဘူး"

အဲဒီခေတ်က ကောက်စိုက်ခ၊ ကောက်ရိတ်ခကို စပါးပေါ်ချိန်ရောက်မှ စပါးပေးရတာပါ။ အတင်းအဓမ္မတောင်းဆိုလာပြန်တော့လည်း အားနာပြီး တစ်ကျိပ်နဲ့ ပြီးအောင် စိုက်ပေးပါ့မယ်လို့ ကတိပြုလိုက်ရပါတော့တယ်။

ဒီလိုနဲ့ နံနက်ဝေလီဝေလင်းက စိုက်လိုက်တာ ဆွမ်းစားခေါင်းလောင်းသာထိုးတယ်၊ ကောက်စိုက်လို့မပြီးဘဲ နည်းနည်းကျန်နေပါတယ်။ နှစ်ယောက်က လစ်ဟာနေတာကိုး။ ဒါနဲ့ ဒေါ်ရွှေသီးက လယ်ရှင် ကိုထွန်းခင်ကို ပြောပါတယ်။

"ကိုထွန်းခင်ရေ တော့်လယ်ကို ပြတ်အောင်ဆိုပြီး ကျုပ်တို့လည်း အားကုန်စိုက်ကြတာပဲ။ ဒီမှာနည်းနည်းကျန်နေတယ်။ ခေါင်းလောင်းလည်းထိုးပြီးပြီ"

"ထိုးပြီးလည်းဘယ်တတ်နိုင်မလဲဗျာ။ ပြီးအောင်သာစိုက်ပေးပါ၊ ဘာကျန်တော့တာမှတ်လို့"

"အင်း - တော့်ကြောင့် ကျုပ်တို့တော့ ကြိမ်ဒဏ်မိတော့မှာပဲ"

"ကြံဖန်ပြီး ကြောက်မနေစမ်းပါနဲ့ ဒေါ်ရွှေသီးရယ်။ အားတိုင်းဒီဘက်ကြည့်နေမယ် မထင်ပါဘူး။ ပြီးအောင်သာ စိုက်လိုက်ပါ၊ ကျုပ်တာဝန်ယူပါတယ်။ ရိုက်ရင် ကျွန်တော်ခံမယ်ဗျာ"

"အေးလေ - ကောင်မတို့ရေ ဒါလေး ဆက်စိုက်လိုက်ရအောင်ပါအေ"

လို့ ဆိုပြီး ဆက်စိုက်နေကြပါတယ်။

သိပ်မကြာလိုက်ပါဘူး၊ ကိုရင် (၂) ပါး ရောက်လာပြီး ကန်သင်းပေါ်က အော်ပါတယ်။

"ဆရာတော်ကြီးက ကောက်စိုက်သူကြီး ခဏလာခဲ့ပါဦးတဲ့။ ခေါ်ခိုင်းလိုက်ပါတယ်"

ဒေါ်ရွှေသီး ခေါင်းကို မိုးကြိုးပစ်သလို တုန်လှုပ်သွားခဲ့ပါတယ်။

"ကောက်စိုက်သမတွေ ပြန်လွှတ်ပြီး ကောက်စိုက်သူကြီးတစ်ဦးတည်း လိုက်ခဲ့ပါတဲ့"

အဲဒီမှာ ဒေါ်ရွှေသီး မျက်စိမျက်နှာပျက်ပြီး-

"ကဲ - ကိုထွန်းခင်၊ တော့်ကို ကျုပ်ပြောတယ် မဟုတ်လား။ တော် မတော်လောဘကြီးတာကြောင့် ကျုပ်ဒဏ်ကျခံရတော့မယ်။ ကဲ - ကောင်မတွေ၊ ပြန်ကြတော့အေ"

လို့ ပြောပြီး ကိုရင်(၂)ပါးနောက် ကောက်ကောက်ပါအောင် လိုက်ခဲ့ရပါတော့တယ်။ တကယ်တမ်းကျတော့ ကိုထွန်းခင် တာဝန်မယူရဲပါ။

**မြက်နုတ်စေ၍ဒဏ်ပေးခြင်း**

"ဒကာမကြီး ဒေါ်ရွှေသီးပါလား"

"မှန်ပါ့ဘုရား"

"ခေါင်းလောင်းထိုးသံများ မကြားမိဘူးလား"

"ကြားပါတယ် ဘုရား"

"ဒါဟာအများထမင်းစားချိန်လေ။ ထမင်းစားချိန်ဆိုရင် ကောက်စိုက်သမတွေ ဆာပြီပေါ့။ ထမင်းစားခွင့်မပေးဘဲ ဘာလို့ဆက်ခိုင်းနေတာလဲ"

"လယ်ရှင် ကိုထွန်းခင်က နည်းနည်းကျန်တာ ပြတ်အောင်စိုက်သွားပေးပါဆိုလို့ အားနာတာနဲ့ စိုက်ပေးတာပါဘုရား"

"ထမင်းစားချိန်မှာ ထမင်းစားပြီး ဆက်စိုက်လို့ရတာပဲ။ မစိုက်ရဘူး မဟုတ်ဘူး၊ နေ့လယ်ပိုင်း ဆက်စိုက်။ ဒါပေမယ့် စားချိန်လေးတော့ပေးမှပေါ့။ ဟုတ်ဖူးလား"

"မှန်ပါ့ဘုရား"

"အင်း - ကိုယ်ချင်းစာတရား မထားတတ်တဲ့ ကောက်စိုက်သူကြီးကို နောင် ဒီလိုမဖြစ်ရအောင် မြက်နုတ်ခိုင်းပြီးဒဏ်ပေးရမှာပဲ။ ကဲ - မြက်သွားနုတ်ပေတော့"

ဆိုပြီး ဒဏ်ပေးပါတော့တယ်။

*အဲဒီလိုနဲ့ ကောက်စိုက်သူကြီး* ဒေါ်ရွှေသီးဟာ ထမင်းဆာဆာနဲ့ ကျောင်းရှေ့တလင်းပြင်က ဆင်ငိုမြက်တွေကို တစ်ပင်ချင်း ဆွဲနုတ်ရပါတော့တယ်။

ဆင်ငိုမြက် ဆိုတာ ဆင်တောင်ငိုရတဲ့မြက်မျိုးပါ။ သူ့အမြစ်က အလွန်ပြန့်ကျယ်ပြီးစွဲထားတော့ အတော်ခိုင်တဲ့ မြက်မျိုးပါ။ အပင်ကို စုကိုင်ပြီး ပထ... လိမ်ရပါတယ်။ လိမ်လို့ လက်ထဲဆုပ်မိပြီဆိုမှ စုံကန်ဆွဲနုတ်ရတဲ့ မြက်မျိုးပါ။ အပင်ကြီးလေ အနုတ်ရခက်လေပါပဲ။ အားကောင်းမောင်းသန် ဒေါ်ရွှေသီး တောင် လေး၊ ငါးပင် ခြေကန်နုတ်တာနဲ့ ချွေးပြန်လာပါတော့တယ်။

ဆရာတော်ကတော့ ထုံးစံအတိုင်းပါပဲ။ အစာမကျွေး၊ ရေမတိုက်ဘဲ ညနေ (၄) နာရီအထိ ခိုင်းပါတယ်။ ကောက်စိုက်သူကြီးဒေါ်ရွှေသီးလည်း နောင်ကြဉ်သွားပါတော့တယ်။

**ဂုဏ်သတင်းကျော်စောခြင်း**

ဆရာတော်ကြီးဟာ မျက်နှာကြီးငယ်မရွေး၊ ကျောင်းသား၊ကိုရင် မရွေး ယောကျ်ား၊မိန်းမ မရွေး တစ်ပြေးတည်းညီ အုပ်ချုပ်တာကြောင့် သူ့ရဲ့ ဂုဏ်သတင်းဟာ နေပြည်တော် ပျဉ်းမနားအနောက်ကြောနယ်တစ်လွှားမှာ ကျော်ကြားခဲ့ပါတယ်။

နေပြည်တော် ပျဉ်းမနားမြို့ ... ကြွရင် ငွေတောင်ကျောင်းတိုက်မှာ တည်းတယ်။ ပြန်ကပြေးကိုကြွရင် ... ကျောင်းမှာ တည်းတယ်။ ဆိတ်နံ့တ... ရွာကိုကြွရင် သိမ်ကျောင်းမှာ တည်း... လေ့ရှိတယ်။

လွတ်လပ်ရေးရပြီးစခေတ်ဆို... ကားလမ်းဟာ ကျောက်ခင်းလမ်းဖြစ်... သစ်ထုတ်လုပ်ဖို့ အင်္ဂလိပ်တွေ ဖော... ခဲ့တာပါ။ ဒါကြောင့် လမ်းပန်းဆက်... သွယ်မှုအနေနဲ့ သစ်လုံးတင် ချက်ပလ... ခေါင်းတိုကားကြီးတွေကို စောင့်စီး... ခေတ်ပါ။

အများအားဖြင့် အသုံးပြုတာ... လှည်းပါပဲ။ ဆရာတော်ကြီးကတော့ လှည်းယဉ်ကလေးနဲ့ကြွလာလေ့ရှိတ... ခုခေတ်မှာတော့ လှည်းယဉ်တွေပျော... ကွယ်သွားပါပြီ။ ဆိတ်နံ့တုန်းရွာ သိ... ကျောင်းမှာ ကျွန်တော်တို့ သိတတ်... အရွယ်အထိ လှည်းယဉ်လေးရှိနေ... တယ်။ ခုတော့ မမြင်တော့ပါဘူး။

ကျွန်တော်(၁၀)နှစ်သားလော... မှာ ဆရာတော်ကြီး ပျံတော်မူပါ...



www.burmeseclassic.com

www.burmeseclassic.com

တော်လည်း ဘုန်းတော်ကြီးခေါ်လို့ ဘုန်းဘုန်းကြီးပျံကို ရောက်ဖူးတာ

များပြားလှတဲ့ရွာတွေဟာ တစ် စီ ပူဇော်လိုက်ကြတာ ဘုန်းကြီးပျံ တစ်လလောက် ကြာသွားတယ်။ တ်ဖောင်တွေ၊ လောင်တိုက်တွေ၊ ဒ်တွေ၊ မဏ္ဍပ်တွေ ဆိုတာ လယ် ကြီးအပြည့်ပါပဲ။ ဇာတ်တွေက တစ်ဇာတ်ပြီးတစ်ဇာတ် ကပြနေ ပါ။ လာလိုက်ကြတဲ့လူတွေလည်း အပြည့်ပါ။

မင်းကုန်းဆရာတော်ကြီးလောက် တဲ့ ဘုန်းကြီးပျံ နေပြည်တော် နားအနောက်ကြောမှာ တစ်ခါမှ ခဲ့ဖူးဘူးလို့ ပြောစမှတ်တွင်ပါ ကျွန်တော့်အဖေဆို ပြောမဆုံး ပျံတော်မူပြီးတာတောင် ကောင်း ဂုဏ်တွေနဲ့ မွေးပျံ့ပြီး ကျန်ခဲ့တာ

လေ့ရွာခလေ့

တစ်ကျောင်းတစ်ဂါထာ တစ်ရွာ ဒ်ဆန်း ဆိုတာ ရှိတယ်။ မြို့တွေ ရပ်ဓလေ့၊ တောတွေမှာ ရွာဓလေ့ နဲ့တစ်ခု မတူတာလေးတွေ အများ ရှိတယ်။ ဘယ်ဟာ မှန်တယ်၊ ဟာမှားတယ်လို့ပြောဖို့ ခက်ပါ ။ ကိုယ့်ရှုထောင့်က ကိုယ်ကြည့်ရင် တွေချည်းဖြစ်ပါတယ်။

မသိမ်ရွာ ဆိုတာဟာ ရှေးက ်ညိုမြို့နယ်၊ အခုချိန်မှာတော့ ရာသီရိမြို့နယ်ပါ။ တောင်ညိုရဲ့ တ်တည့်တည့်မှာရှိတယ်။ တောင် ချောင်းဟာ တောင်၊ မြောက်ဖြတ်စီး ရွာဟာ ချောင်းဟိုဘက်ဒီဘက် ဖြစ်နေပါတယ်။ အရှေ့ခြမ်းနဲ့ နောက်ခြမ်းပါ။ ချောင်းဟာ ငလိုက် ချောင်းမှာ သွားပေါင်းပါတယ်။

အိမ်တွေအတော်များများ အိမ် အိမ်ကောင်းတွေဖြစ်ကြတယ်။ သစ် လောက်ပေါခဲ့တယ်ဆိုတာ အိမ်ရှေ့ မှီတွေက သက်သေပြနေပါတယ်။ လုံးတွေကို လေးစိတ်စိတ်ပြီးတော့ စ်ရပ်ကျော်ကျော်လောက်အမြင့်နဲ့ လျက် တန်းစီပြီး မြေမှာမြှုပ်ထား ပါပဲ။ နည်းနည်းနောနောသစ်တွေ တ်ပါဘူး။

သစ်တောကြီးတွေပျောက်ကွယ် မှာ အဲဒါလည်း တစ်ချက်ပါပါ ။ ခုအနီးအနားမှာ သစ်ကြီးဝါးကြီး ဆိုတာ မရှိတော့ဘူးလို့ သိရပါတယ်။ ရာသီဥတုကတော့ နေပြည်တော်ထက် အေးတာ တွေ့ရတယ်။ ရွာမှာ သစ်ပင် ရိပ်တွေ အတော်ကောင်းနေပါသေး တယ်။

ချောင်း ဆိုတာ ရေရှိတဲ့ချောင်း မဟုတ်ပါဘူး။ အကျယ်ပေ (၂၀၀) ခန့် ရှိမယ် ထင်ပါတယ်။ ချောင်းကမ်းပါး အနက်က တောင်ဆုပ်လောက်ပဲရှိတာ ပါ။ အညာဆန်တဲ့ ချောင်းခြောက်ပါ။ သို့သော်လည်း သဲပြင်မှာ လက်ယက် တွင်းလုပ်လို့ရတာကြောင့် တစ်ရွာလုံး သောက်ရေ၊ သုံးရေ ချောင်းထဲမှာပဲခပ် ကြတယ်၊ ချောင်းထဲမှာပဲ ချိုးကြတယ်။ ညနေမှာဆိုရင် ချောင်းသဲတွင်းတွေမှာ ရေခပ်သူ၊ ရေချိုးသူတွေနဲ့ စည်ကားနေ သလို ကလေးတွေကလည်း ချောင်းသဲ ပြင်ပေါ်မှာ ဘောလုံးကစားနေကြတယ်။ သဲကွင်းဆိုတော့ ခလုတ်မထိ ဆူးမငြိဘဲ လဲလည်း မနာတာမို့ အတော်အဆင်ပြေ တဲ့ကစားကွင်းလို့ ဆိုရမှာပါ။

ချောင်းရဲ့အရှေ့မြောက်ကမ်းပါး မှာ မူလတန်းကျောင်း တည်ရှိတာမို့ ကျောင်းကစားကွင်းဟာလည်း ချောင်း သဲပြင်ကြီးသာဖြစ်ပါတယ်။ ချောင်းကမ်း တိမ်လွန်းလို့ ရွာထဲ မိုးရာသီမှာ ချောင်း ရေမဝင်ဘူးလားဆိုတော့ အနည်းငယ် ဝင်ကြောင်း၊ အန္တရာယ်မရှိကြောင်း ပြော ပြပါတယ်။ ဦးကိုလေးတို့အိမ်ဟာ ရွာ လယ်လမ်းမကြီးဘေးမှာ တည်ရှိသလို ချောင်းနဲ့လည်း ကပ်လျက်တည်ရှိနေ တာပါ။ လက်ယက်သဲရေတွင်းနဲ့ အိမ်ဆို တာ ကိုက်အနည်းငယ်သာဝေးပါတယ်။

အောက်ခြေရေနီးတဲ့အတွက် သစ် ပင်ပန်းမန်တွေဖြစ်ထွန်းပြီး စိမ်းစိမ်းစိုစိုနဲ့ နေချင့်စဖွယ် ရွာလေးပါပဲ။ လူတွေလည်း အသားဖြူပြီးလှပကြပါတယ်။ အညာပေ မယ့် အညာမဆန်လှပါဘူး။

မင်္ဂလာဓလေ့မှာ ဝက်သားနဲ့ထမင်း ကျွေးမှ သူတို့ဆီမှာ ဂုဏ်ရှိတာမို့ ဝက် သားနှပ်ရယ်၊ မုန်လာထုပ်ချဉ်ရယ်၊ ငရုတ် သီးထောင်းကြော်ရယ်၊ ပလာတင်းချို ရယ် ကျွေးမွေးပါ တယ်။ အဲဒီမှာ ထူးခြား တာက ဝက်သားကို တစ်ယောက်တစ် ပန်းကန်စီချပေးတာပါပဲ။ စကေးနဲ့ ဆိုပါ တော့။ ပန်းကန်က တရုတ်တူစားထမင်း ပန်းကန်လုံးပါ။ ဝက်သား (၆)တုံး၊(၇)တုံး လောက် အဝစားထည့်ကြတာ ဆိုတော့ ဘယ်စားကုန်မှာလဲဗျာ။ ဝက်သားနှပ်က လည်း အဆင့်မီပါတယ်။ မိုးကုတ်ဝက် သားနှပ်လို အရသာရှိလှပါတယ်။

အပျိုတွေက လက်ဖက်ရည်တိုက် ပေးရပါတယ်။ တောသူတွေဆိုပေမယ့် ရှေးတုန်းကလို တောမဆန်တော့ပါဘူး။ တိုးတက်တဲ့ခေတ်ကြီး ဆိုတော့ မြို့ပြနဲ့ မခြားလှပါဘူး။ အတော်လှကြပါတယ်။ အပျိုဆိုတာ ရွာတစ်ရွာရဲ့ကျက်သရေမို့ အပျိုချောပေါတဲ့ရပ်ရွာဟာ ထင်ပေါ် ကျော်စောလေ့ ရှိပါတယ်။

ကျွန်တော်တို့ အနီးတစ်ဝိုက်မှာ တော့ ရှေးတုန်းက ကြာပင်သူ ဆိုတာ နာမည်အလွန်ကြီးတယ်။ အနီးနားတစ် ဝိုက်က အပျိုတွေဟာ သူတို့ရဲ့အလှကို လိုက်မမီကြဘူး။ အရပ်အမောင်း၊ အသားအရေ၊ ရုပ်ရည် အကုန်လုံး တစ် ယောက်တစ်မျိုး မရိုးနိုင်အောင် လှကြ တာပါ။ ကြာပင်သူရတဲ့ကောင်ဆိုရင် ဂုဏ်ကိုရှိလို့ဗျာ။

နေပြည်တော်ကြီးတည်လိုက်တဲ့ အခါမှာတော့ ရွှေကြာပင်ရပ်ကွက်ဆိုပြီး ရပ်ကွက်ကြီး တည်လိုက်ပါပြီ။ ပြန်က ပြေးရွာကြီးရဲ့တောင်ဘက်တည့်တည့်မှာ ရှိနေပါတယ်။ မသိမ်ရွာဟာလည်း ငေး မောဖွယ်အလှတွေနဲ့ ပြည့်စုံတဲ့ရွာလို့ ဂုဏ်ပြုရမှာပါ။

ကြံ့တောင့်ကြံ့ခံ ရောက်တုန်း ရောက်ခိုက် ကျွန်တော့်ညီ မျိုးမြင့်နဲ့ ရွာ တွင်း၊ ရွာပြင် ဘုန်းတော်ကြီးကျောင်းပါ မကျန် လှည့်ပတ်ကြည့်ရှု လေ့လာကြပါ တယ်။

မြေဖြူဖြူတောင်နိမ့်လေးတွေ၊ မြေ နီတောင်နိမ့်လေးတွေမှာ ထွန်ယက်စိုက် ပျိုးထားတာ တွေ့ရတယ်။ ပြန့်မှာ လယ် တွေစိုက်ပြီး တောင်ကုန်းလေးတွေပေါ် မှာ ကြံတွေစိုက်ပျိုးကြပါတယ်။

၂၆-၁-၂၀၁၂ မင်္ဂလာပွဲအပြီးမှာ ကျွန်တော်တို့ကို ရွာက လူပျိုတွေက ဆိုင်ကယ်နဲ့ တောင်ညိုကို ပို့ပါတယ်။ တောင်ညိုကတစ်ဆင့် ကားစီးပြီး ပြန်က ပြေးကိုပြန်အလာမှာတော့ မင်းကုန်း ဆို တဲ့ ရွာလေးကို အမှတ်တရကြည့်ရင်း ဟိုခေတ်ဟိုအခါက အလွန်ဩဇာညောင်း တဲ့ မင်းကုန်းဆရာတော်ကြီးရဲ့ပုံရိပ်တော် ကို မျက်စိထဲမှာ ပြန်လည်မြင်ယောင်နေ မိပါတော့တယ်။

*(မသိမ်ရွာသို့အမှတ်တရ)*

*ချမ်းမြေ့ကြပါစေ*

ရွှေပြည်စိုး(မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com



## မျောလေးမျောသမိုင်းဝင်

# ကျုံ့ပျော်မြို့ မြတ်ချမ်းသာဘုရားကြီး

### ဘိုအေး(ပါရမီ)

ဧရာဝတီတိုင်းဒေသကြီး ကျုံ့ပျော်မြို့တွင် မြို့ကျက်သရေဆောင်ဖြစ်သော ရတနာရုံသီမဟာစေတီကုန်းမြေ အာရုံခံတန်ဆောင်းတော်၌ ကိန်းဝပ်စံပယ်တော်မူသော မြတ်ချမ်းသာ ရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညိုနိုင်ပါသည်။

**မျောလေးမျောဝင် သမိုင်းတင်**

မြတ်ချမ်းသာကိုယ်တော်မြတ်ကြီး ကျုံ့ပျော်မြို့သို့မည်သို့ရောက်ရှိပါသနည်းဟူမူ သာသနာနှစ် ၂၃၅ ခုနှစ်တွင် မဇ္ဈိမဒေသမှ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရန်စေလွှတ်ခြင်းခံရသော အရှင်မဟိန္ဒနှင့် သီဟိုဠ်(သီရိလင်္ကာ)ကျွန်းသို့ ရောက်ရှိခဲ့ပါသည်။

အရှင်မဟိန္ဒနှင့် သီဟိုဠ် (သီရိလင်္ကာ) မင်း ဒေဝါနံပိယတိဿမင်းကြီးတို့သည် သာသနာအရှည်တည်တံ့စိမ့်သောငှာ သာသနာနှစ် ၂၃၇ တွင် ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူခဲ့ပြီးသော ဘုရားလေးဆူကို ရည်စူးလျက် ဗုဒ္ဓသာသနာ (၅၀၀၀) ရှည်ကြာတည်စိမ့်သောငှာ ဗုဒ္ဓကိုယ်စားရုပ်ပွားတော်(၄)ဆူကို ထုလုပ်၍ သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှ ဗုဒ္ဓသာသနာတော်ထွန်းကားမည့် ဒေသများသို့ ကြွချီကိန်းဝပ်စံပယ်တော်မူလိုရာ အရပ်ဌာနတို့၌ တည်တံ့ပါစေသတည်းဟု အဓိဋ္ဌာန်ပြု၍ ပင်လယ်သမုဒ္ဒရာပြင်သို့ မျှောလိုက်ပါသည်။

၁။ ပိန္နဲတုံးဖြင့်မျောကြွသွားသော ရုပ်ပွားတော်မှာ ရှင်မုတ္ထီးဟု ဘွဲ့တော်ရ၍ ထားဝယ်မြို့၌ စံနေတော်မူပါသည်။

၂။ သက်န်းတုံးဖြင့် မျောကြွတော်မူသော ရုပ်ပွားတော်မှာ ကျိုက္ခမီ နေ လယ်ဘုရားဟု ဘွဲ့တော်ရ၍ ကျိုက္ခမီမြို့တွင် စံနေတော်မူပါသည်။

၃။ ကျောက်လှည်းဘီးဖြင့် မျော ကြွတော်မူသော ရုပ်ပွားတော်မှာ ကျိုက် ပေါလော မှဲ့ရှင်တော်ဟု ဘွဲ့တော်ရ၍ ကျိုက်ထိုမြို့တွင် စံနေတော်မူပါသည်။

၄။ ကျွန်းတုံးဖြင့် မျောကြွတော်မူ သော ရုပ်ပွားတော်မှာ မည်သည့်နေရာ သို့ ရောက်သည်ဟု မရေမရာဖြစ်ခဲ့ပါ သည်။

က။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လထုတ် အမှတ် (၈၂)၊ ပါရမီမဂ္ဂဇင်းတွင် ဦးသိန်း ကိုယ်တော်၏ 'တန်ခိုးကြီးထွား ရှင်မုတ္ထီး ဘုရား' ဟူသော ဆောင်းပါးတွင် ရခိုင် ပြည်နယ် သံတွဲမြို့သို့ ရောက်သည်ဟု လည်းကောင်း။

ခ။ မောင်သန်းဆွေ ရေးသော 'ရှင်ကိုးရှင်နှင့် သမိုင်းဝင် ထားဝယ်ဘုရား များ' စာအုပ်တွင် တစ်ဆူသည် ပုသိမ် မြို့သို့ရောက်၍ ရွှေမုဋ္ဌောဘုရားဟု လည်းကောင်း။

ဂ။ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ထုတ် ပါရမီမဂ္ဂဇင်းတွင် စာရေး အောင်ယျ၏'မျောလေးမျောဝင် သီဟိုဠ် ရှင်' ဆောင်းပါးတွင် ကျွန်းတုံးပလ္လင် (၃)ပေခွဲခန့်ရှိသော ရုပ်ပွားတော်တစ်ဆူ သည် ရွှေမုဋ္ဌောဘုရားဟုလည်းကောင်း။

ဃ။ ဂေါပကလူကြီး ဦးချစ် ရေးသော 'ကျိုက်ထီးရိုး ဆံတော်ရှင် သမိုင်းနှင့် ကျိုက်ပေါလော မှဲ့ရှင်တော် သမိုင်း' တွင်မူ ပုသိမ်ရွှေမုဋ္ဌောဘုရားဟု လည်း ရှာမတွေ့ရသဖြင့် ရခိုင်ဘက် ရောက်နိုင်ကြောင်း ဖော်ပြထားပါသည်။

ထို့ကြောင့် ကျွန်းတုံးဖြင့် မျော တော်မူသော ရုပ်ပွားတော် မည်သည့် နေရာသို့ ရောက်ရှိသည်မှာ မရေမရာ ဖြစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**ကျိုးကြောင်းဖော်ပြ ကောက်ချက်ချ**

၁။ ရခိုင်ပြည်နယ် သံတွဲမြို့ဘက်သို့ ရောက်သည်ဟု ဆိုသော်လည်း သံတွဲဘက်တွင် ၎င်းကိုယ်တော်ရှိသည်ဟု မကြားရခြင်း၊ အထောက်အထားခိုင်လုံစွာ မတွေ့ရှိရခြင်း။

၂။ ပုသိမ်ဘက်သို့ရောက်သည်ဆိုရာတွင် ရွှေမောဓောဘုရားတွင် မတွေ့ရခြင်း၊ ဘုရားသမိုင်းတွင် မပါခြင်း။

၃။ ရွှေမောဓောကုန်းတော်တွင် ရှာကြည့်ရာ ဗုဒ္ဓဟူးထောင့်တွင် သီဟိုဠ်ရှင်ဘွဲ့တပ် အုတ်၊ အင်္ဂတေတို့ဖြင့် တည်ထားသော (၈)တောင်ခန့်ရှိ ကိုယ်တော်သာဖြစ်ကြောင်း တွေ့ရှိရပါသည်။

၄။ ၂၀၀၈/၀၉ ခုနှစ်လောက်တွင်မှ ရွှေမောဓောဘုရား တောင်ဘက်မုခ်အတက်ဝရှိ ထိုင်တော်မူ ကိုယ်တော်၏ မှန်စတိုက်တွင် မျောလေးမျောဝင် သီဟိုဠ်ရှင်ဟု ကမ္ပည်းထိုးလျက် ထားကြောင်း သိရပါသည်။

၅။ (က) ထားဝယ်မြို့တွင် ကိန်းဝပ်တော်မူသော ရှင်မုတ္ထီးကိုယ်တော်။

(ခ) ကျိုက်ထိုမြို့တွင် ကိန်းဝပ်တော်မူသော ကျိုက်ပေါလောမှဲ့ရှင်တော်။

(ဂ) ကျိုက္ခမီရေလယ်တွင် စံနေတော်မူသော ပုံပွားကိုယ်တော် ရုပ်တုတော်တို့မှာ -

(ဃ) ယခု ကျုံပျော်မြို့တွင်စံနေတော်မူသော မြတ်ချမ်းသာကိုယ်တော်မြတ်နှင့်အရွယ်တူများဖြစ်ကြ၍ တစ်ပြိုင်တည်း ထုလုပ်ကြောင်း သက်သေပြချက်ရှိခြင်း။

၆။ ကျုံပျော်မြို့သည် ငဝန်မြစ်၊ ဒါးကမြစ်နှင့် ပုသိမ်မြို့တွင် ဆက်နွှယ်နေပြီး ရှေးမွန်သမိုင်းများအဆိုအရ ပုသိမ် (၃၂)မြို့တွင် အပါအဝင်ဖြစ်သဖြင့် ပုသိမ်ဘက်သို့ ရောက်သည် ဆိုသော ရုပ်ပွားတော်မှာ ယခု မြတ်ချမ်းသာကိုယ်တော်ပင် ဖြစ်ပေမည်။

၇။ ကျုံပျော်မြတ်ချမ်းသာသမိုင်းပြုစုတော်မူခဲ့သော ဓမ္မဒူတ အရှင်ပညာဇောတကမှ ကျုံပျော်မြို့သား မြန်မာစာပါမောက္ခ ဦးဇမောင်ပြောပြချက်များကို မှတ်သားထားသော ယခင်မြတ်ချမ်းသာဘုရားဂေါပက ဦးအောင်သန်းထံမှတစ်ဆင့် ကြားသိရ၍ လည်းကောင်း၊ မိမိဘာသာလေ့လာသိရှိရသလောက် အချက်များကို မူတည်၍ လည်းကောင်း ယင်းမျောက်ဆုံးနေသော မျောတစ်မျော



ကိုယ်တော်မှာ ကျုံပျော်မြို့ ရတနာရံသီစေတီကုန်းတော် ဂန္ဓကုဋိဆောင်တွင် စံပယ်တော်မူနေသော မြတ်ချမ်းသာဘုရားကြီးပင် ဖြစ်ပေသည်ဟု အတည်ပြုတော်မူပါသည်။

**သမိုင်းအကျဉ်းတင်ပြခြင်း**

မြန်မာနှစ် ၆၂၅ ခုနှစ် အရောက်တွင် သမုဒ္ဒဃောသမင်းနှင့် မိဖုရား ဥမ္မာဒန္တီတို့သည် ပုသိမ်(၃၂)မြို့ကို အစိုးရတော်မူစဉ် ထီးပြိုင်မင်းများမှ ပုသိမ်ကို စစ်ချီတိုက်သည့်အခါ စစ်ရေးရှုံးနိမ့်၍ ထွက်ပြေးတိမ်းရှောင်ရာတွင် မြတ်ချမ်းသာ ရုပ်ပွားတော်မြတ်ကို ဖောင်တော်ဦးတွင် ပင့်ဆောင်ယူခဲ့ရာ ယခု ကျုံပျော်မြို့နယ် အင်းရဲကျွန်း ထောက်မနက်အိုင် (ဝါးလျားတစ်ဆုံးထောက်မမီ) အတွင်း လျှို့ဝှက်ချထားခဲ့သည်ဟု အဆိုရှိခဲ့ပါသည်။

၎င်းတို့ ပင့်ဆောင်လာခဲ့သော အခြားဓာတ်တော်များကိုလည်း ကျုံပျော်မြို့နယ်အတွင်း လှည်းဆိပ်ရွာအနီး ဘုရားကြီးစေတီတော်၊ ကျုံပျော်မြို့တွင် ရတနာရံသီ မဟာစေတီတော်၊ ဈေးဝရှိ ကျိုက်မောဓောရှစ်မြှောင့်ချိုးစေတီတော်၊ မဂ်လာလမ်းတွင် ကျိုက်ပရောစေတီ၊ ကျိုက်မော်ဝန်းစေတီနှင့် သန်လျက်စွန်းရှိ မိုးကောင်းစေတီတို့တွင် ဌာပနာလျက် တည်ထားခဲ့သည်ဟု အဆိုရှိပါသည်။

**ထောက်မနက်မှ မြတ်ချမ်းသာရ**

သာသနာနှစ် ၂၄၂၇ ခု၊ ကောဇာနှစ် ၁၂၄၅ ခုနှစ်တွင် ကျုံပျော်မြို့နယ် အင်းရဲကျွန်း ထောက်မနက်အိုင်အတွင်း ရေလုပ်သားများပိုက်တွင် ပါလာသော ရုပ်ပွားတော်ဟု အဆိုရှိခဲ့ပါသည်။ ပိုက်တွင် ပါမလာမီ ၎င်းအိုင်အတွင်း တုံးတစ်တုံးဖြင့် ချည်လျက် ဘုရားတစ်ဆူ ပေါ်လိုက်၊ မြုပ်လိုက်ရှိကြောင်း မြင်တွေ့ကြားသိနေကြပါသည်။

ရုပ်ပွားတော်မြတ်မှာ ရေတွင် မြုပ်စေတတ်သော ကုန္ဒနီလာကျောက်မျိုးဖြစ်ပါလျက် ရေပြင်တွင် မကြာခဏပေါ်လိုက်မြုပ်လိုက် တွေ့ရှိဖူးမြင်ရခြင်း၊ ပိုက်နှင့် ငြီလောက်အောင် မပေါ့ခြင်း၊ ကျွန်းတုံးမြုပ်နေခြင်း စသည်တို့သည် အံ့သြစရာပင် ဖြစ်လေသည်။

ရေလုပ်သားများမှ မြတ်ချမ်းသာကိုယ်တော်မြတ်ကို ပင့်ဆောင်ထားရှိသောသတင်းကို ကြားသိရသောအခါ ကျုံပျော်မြို့သူမြို့သားများနှင့် အင်းရဲကြီးရွာသူရွာသားတို့ သူရထိုက်၊ ငါရထိုက် အငြင်းပွားကြလေမှ ဖောင်တော်တွင် တင်၍ တစ်ဖက်နှင့်တစ်ဖက် အပြိုင်ဆွဲကြရာ ကျုံပျော်ဘက်သို့ကြွပါလာသဖြင့် ကျုံပျော်မြို့ ရတနာရံသီ မဟာကုန်းမြေ အာရုံခံတန်ဆောင်းတော်၌ ကိန်းဝပ်စံနေတော်မူပါသည်။

**ဖူးမြော်ကြည်ညို သဒ္ဓါပို**

မြတ်ချမ်းသာကိုယ်တော်မြတ်ကြီးနှင့်သီတင်းသုံးရာ ဂန္ဓကုဋိကျောင်းတော်မြတ်၊ အာရုံခံတန်ဆောင်းတော်ကြီးများကိုလည်း ဂေါပကအဆက်ဆက်မှ ပြုပြင်မွမ်းမံထားရှိပေရာ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့သို့ ရောက်ရှိပါက ဖူးမြော်ကြည်ညို သဒ္ဓါပိုနိုင်ကြပါစေကြောင်း နှိုးဆော် တင်ပြအပ်ပါသည်။

ဘိုအေး (ပါရမီ)

**ကိုးကားအညွှန်းစာများ -**

(က) တောင်စွန်း ဓမ္မဒူတ ဆရာတော် အရှင်ပညောဇောတရေး - ရတနာရံသီစေတီတော် မြတ်ချမ်းသာဘုရားကြီးသမိုင်း
(ခ) ဦးချစ်ရွှေရေး - ကျိုက်ထီးရိုး ဆံတော်ရှင်သမိုင်းနှင့် ကျိုက်ပေါလော မှဲ့ရှင်တော်သမိုင်း
(ဂ) မောင်သန်းဆွေရေး - ရှင်ကိုးရှင်နှင့် သမိုင်းဝင် ထားဝယ်ဘုရားများသမိုင်း
(ဃ) ဦးသီရိန္ဒရေး - တန်ခိုးကြီးမား ရှင်မုတ္ထီးဘုရား
(င) စာရေးဆရာ အောင်ယျရေး- မျောလေးမျော သီဟိုဠ်ရှင်ဘုရားဆောင်းပါး



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အလယ်ပစ္စယံရှိ ပထမံဘိုးဘိုးအောင် တည်ထားကိုးကွယ်ခဲ့သော ဆုတောင်းပြည့် ပတ္တမြားမျက်ရှင်ဘုရား


# မေတ္တာဝေဖြိုး မြို့တော်ဘိုးဘိုးကြီး

ဇေယျာစန်း(ရွှေမြို့တော်)

နတ်၊ လူသတ္တဝါများ သံသရာထဲ ကျင်လည် ကျက်စားနိုင်ရန်အလို့ငှာ (၃၁) ဘုံ (ဝါ) (၃၁) ဌာနရှိတာဖြစ်ကြောင်း ရှင်တော်မြတ်ဘုရားမှ ဟောကြားတော်မူခဲ့ပါသည်။ သတ္တဝါများ မိမိတို့ပြုခဲ့ကြသော ကံတရား (ကုသိုလ်၊ အကုသိုလ်) များရဲ့ အကျိုးပေးစေ့ဆော်မှုကြောင့် (၃၁)ဘုံမှာ ပြန်လည်ကျရောက်နေထိုင်ကျင်လည်ကြရတာဖြစ်ကြောင်း ဗုဒ္ဓဘာသာဝင်တိုင်း နားလည်ကြပါသည်။ ဤနေရာ၌ ကောင်းသောအမှု ကောင်းကံတို့ကိုပြုခဲ့ကြသူများကတော့ သေလွန်ခဲ့သည်ရှိသော် ကောင်းမွန်ရာ ဘုံဌာနများတွင် ကုသိုလ်ကံအတိမ်အနက်အရ ခံစားစံစားကြရမှာဖြစ်သလို အတိတ်ကာလမှ အကုသိုလ်ကံမကောင်းမှုများကို လုပ်ဆောင်ခဲ့ကြသူများကတော့ ငရဲ တိရစ္ဆာန် အစရှိသော အပါယ်လေးဘုံတွင် ကျရောက်ခံစားကြရမည်မှာ မလွဲဧကန်ဖြစ်ကြောင်း လူတိုင်းသိရှိနားလည်ထားကြပြီးဖြစ်မည် ထင်ပါသည်။

တချို့သော ရုပ်ဝါဒီသမားများ၊ သိပ္ပံအစွန်းရောက်သမားများကတော့ လူနှင့် တိရစ္ဆာန်ဘုံနှစ်ခုကိုသာ ထင်ထင်ရှားရှားတွေ့သိရတာဖြစ်လို့ ကျန်သည်တို့အား အရေးမထား အလေးမထားပါဘဲ ပြောင်လှောင်ပြက်ရယ်ပြုတတ်ကြပါသည်။ ရံခါ စော်ကားမော်ကားသည်ပင်ပြုမူတတ်တာကြောင့် အတိဒုက္ခရောက်ကြရသည်များအား မကြာမကြာဆို သလို စာရေးသူ ဖတ်မိ၊ ကြားနေမိပါသည်။

အထူးသဖြင့် လောကီလူသားများနှင့် နီးကပ်စွာ ထိတွေ့ဆက်ဆံနေကြရ



ဘိုးဘိုးကြီးနတ်နန်းအတွင်းရှိ ဗုဒ္ဓဆင်းတုတော်တစ်ဆူ



www.burmeseclassic.com

www.burmeseclassic.com

သောပရလောကသား (သရဲတစ္ဆေ၊ ဖုတ်၊ ပြိတ္တာ၊ သုံးဆယ့်ခုနစ်မင်းနတ်၊ စကုမဟာရာဇ်နတ်) များအကြောင်းတို့ကို တား ကျမ်းဂန်များ၊ ဗုဒ္ဓစာပေများ၊ အခြားခြားသော စာပေရေးရာတို့တွင် စိတ်ဝင်စားဖွယ် စဉ်ဆက်မပြတ် ဖတ်ရှုရလေ့ ရှိပါသည်။

နတ်လောကနှင့်ပတ်သက်၍ပြောရပါမူ မည်သည့်အဆင့်အတန်း၌တည်နေသော 'နတ်' မျိုးပင်ဖြစ်စေ၊ သူတို့နှင့်ပတ်သက်၍ မလေးမစား စော်ကားမော်ကားပြုခဲ့သူများသည် အတိဒုက္ခလှလှကြီးရောက်ခဲ့ကြရပြီ။ အချို့ဆိုပါက အသက်ပင် ဆုံးရှုံးခဲ့ကြရသည်များပင်ရှိခဲ့ပါသည်။ တဖက်မှလည်း ရိုရိုသေသေလေးလေးစားစားနှင့် တစ်ဦးမေတ္တာတစ်ဦးမှာဆိုသလို အပြန်အလှန် နားလည်မှုများဖြင့်ဆက်ဆံသူများအဖို့တော့ကောင်းသောဘေးအန္တရာယ်မှ လွတ်မြောက်ခြင်း၊ အနှောင့်အယှက် ဖျက်ဆီးခြင်းတို့မှ ကာကွယ်ပေးခြင်း၊ လူမှုရေး၊ စီးပွားရေးတို့အား ဖြစ်ထွန်းစေရန် အထောက်အကူပေးခြင်း စသောအကျိုးတရားများကို ခံစားရရှိကြရတာကို မျက်မြင်ကိုယ်တွေ့ဖြစ်စေ၊ စာပေများမှဖြစ်စေ ဖတ်မှတ်၍ သိရှိခဲ့ရပါသည်။

ယခု စာရေးသူ တင်ပြမည့်အကြောင်းအရာကတော့ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်တစ်ခုအား ပြန်လည် ဖောက်သည်ချရေးပြရခြင်း ဖြစ်ပါသည်။ ကြံဖန်လီဆယ်ဇာတ်လမ်းဆင်၍ထားခြင်း လုံးဝမဟုတ်သလို ဝါဒမှိုင်းတိုက်ပြီး သွေးဆောင်လှုံ့ဆော်ရန်လည်း မဟုတ်ဘဲ ပကတိဖြစ်ပျက်ကြုံတွေ့ရသည်များအား ရိုးသားစွာ တင်ပြရခြင်း ဖြစ်ကြောင်းကိုလည်း ဦးစွာဝန်ခံဖော်ပြအပ်ပါသည်။

၂၀၀၇ ခုနှစ်က ဖြစ်ပါသည်။ စာရေးသူသည် တစ်နေ့နံနက်စောစောလုပ်မြဲဖြစ်သော ဘုရားရှိခိုးဝတ်ပြုပြီးသည်နှင့် တစ်နေ့တာ ရောင်းချရမည့်စာအုပ်ဆိုင်အား ခင်းကျင်းပြင်ဆင်ပြီးချိန်တွင် စာရေးသူ၏ မိတ်ဆွေဖြစ်သောကဗျာဆရာနရီ (မြိတ်) ပေါက်ချလာခဲ့ပါသည်။သူနှင့်လက်ဖက်ရည်အတူသောက်ကြရန်အပြင် မိတ်ဆက်ပေးရန် လူတစ်ယောက်ရှိနေကြောင်းပြောကာ ဖိတ်ခေါ်ပါသည်။ စာပေသမားအချင်းချင်းသူတော်အချင်းချင်းသတင်းတလွှလွှဆိုသကဲ့သို့ရှိတာကြောင့် စာအုပ်ဆိုင်အား ဇနီးသည်ကိုအပ်ခဲ့ပြီး လက်ဖက်ရည်ဆိုင်သို့ ချီတက်ခဲ့ကြပါသည်။

လက်ဖက်ရည်ဆိုင်ထဲရောက်တော့ အသက်အရွယ်ကြီးကြီးလူကြီးတစ်ဦးနှင့် ဆရာနရီ(မြိတ်)မိတ်ဆက်ပေးတာကြောင့် အန်္နီပုဂ္ဂိုလ်ကြီးအား စာရေးသူမှ အကဲခတ်လိုက်ပါသည်။ အသက်အရွယ်ကြီးရင့်၍ ဇရာ၏လက္ခဏာများပြနေသော်လည်း ယင်းပုဂ္ဂိုလ်ကြီးမှာ ဖြူဖြူသွယ်သွယ် သပ်သပ်ရပ်ရပ် သန့်သန့်ပြန့်ပြန့်နှင့် ခံ့ညားသောဥပဓိရုပ်ရှိသူဖြစ်ကြောင်း စာရေးသူက မှတ်ချက်ချမိပါသည်။

ဆရာနရီ(မြိတ်)က အန်္နီပုဂ္ဂိုလ်ကြီးမှာ ဦး (---) ဖြစ်ကြောင်း၊ ပန်းချီဆရာကြီးတစ်ဦးလည်းဖြစ်ကြောင်း၊ မန္တလေး နန်းမြို့တည် မင်းတုန်းမင်းကြီး၏ညီတော်ဖြစ်သော ကနောင်မင်းသားကြီး၏ ဆွေတော်မျိုးတော်ဖြစ်ကြောင်းကိုပါ ပြောပြတော့ စာရေးသူက အတော်ပင်စိတ်ဝင်စားသွားရပါသည်။ ပြီးတော့ မြန်မာနိုင်ငံ မိုးကုတ်ဝိပဿနာရုံးချုပ်မှ အဖွဲ့ဝင်ဖြစ်သလို မိုးကုတ်ဝိပဿနာတရားများအား ကျင့်ကြံအားထုတ်နေပါကြောင်း သိရှိလိုက်ရသည့်အတွက် စာရေးသူက အန်္နီပုဂ္ဂိုလ်ကြီးအား များစွာလေးစားသွားခဲ့ရပါသည်။

ဤသို့နှင့် အန်္နီပုဂ္ဂိုလ်ကြီးက ကျွန်တော်တို့နှစ်ဦးအား စကားများကိုမတိုးမကျယ်နှင့် ဖြည်းဖြည်းပြောကာ စကားဝိုင်းဖွဲ့လိုက်ပါတော့သည်။ စာရေးသူအနေနှင့်ကလည်း နှလုံးစိတ်ဝမ်းဝယ်သက်ကြီးစကား သက်ငယ်ကြားဆိုသကဲ့သို့ နာယူထိုက်သည်များကို နာယူမှတ်သားရင်း စကားကောင်းနေကြစဉ် အန်္နီပုဂ္ဂိုလ်ကြီးက စကားဦးတည်ချက်အားပြောင်းလိုက်ပြီး စာရေးသူတို့အား စကားတစ်ခွန်း မေးမြန်းလာပါသည်။

"မောင်ရင်တို့၊ ငါ့တူတို့က မြိတ်ကိုရောက်တာ ဘယ်လောက်ကြာခဲ့ပြီလဲကွယ့်"

ဟု မေးလိုက်ပါသည်။

ဆရာနရီ (မြိတ်) ကတော့ မြိတ်သားတစ်ယောက်ဖြစ်ကြောင်း၊ စာရေးသူကတော့ မော်လမြိုင်မှမြိတ်သို့ ၂၀၀၆ ခုနှစ်တွင် ရောက်ရှိကြောင်းပြောပြရာ အန်္နီပုဂ္ဂိုလ်ကြီးက စာရေးသူအား ကြည့်လိုက်ကာ မေးမြန်းပါတော့သည်။


"မောင်ရင် ဒီမြိတ်မြို့ကို ရောက်တော့ ရောက်ရောက်ချင်း ဘာတွေလုပ်သလဲကွယ့်"

"ရပ်ကွက်လူကြီးတွေအကြောင်းကြား၊ မိသားစုစာရင်းကို မြို့နယ် (လ-ဝ-က)ရုံး၊ ရပ်ကွက်ရုံးများမှာ အပြောင်းအလဲလုပ်၊ ကလေးတွေကို ကျောင်းအပ်ဖို့စီစဉ်။ ကျန်တာတွေကတော့ စီးပွားရေးကိစ္စတွေပါပဲ"

ဟု ဖြေလိုက်ရာ ပုဂ္ဂိုလ်ကြီးမှ ဆက်လက်၍ မေးမြန်းပြန်ပါသည်။

"ဒါပဲလားကွယ့်"

ဟု ဆိုပြန်တော့ စာရေးသူမှာ ပြန်ဖြေရန်စကား မရှိ။ ထို့ပြင် သူဘာကို



မြိတ်မြို့စောင့်နတ်မင်းဘိုးဘိုးကြီးရုပ်တု



www.burmeseclassic.com

www.burmeseclassic.com

ရည်ရွယ်ပြီး မေးလိုက်မှန်းမသိတော့တာကြောင့် သူ့အားရယ်ကျဲကျဲဖြင့်သာကြည့်နေလိုက်စဉ် -

"ခက်သားပဲကွယ်၊ မင်းတို့ခေတ်လူငယ်တွေဟာ"

ဟု ပြောလိုက်ကာ ဆက်၍ပြောလိုက်ပြန်ပါသည်။

"ခုန မောင်ရင် ပြောလိုက်သလို ရပ်ပိုင်းဆိုင်ရာလုပ်ဆောင်မှုတွေ၊ မြို့ရွာစနစ်သဘောတွေ ဒါတွေကို ဆောင်ရွက်တာလည်း မှန်ပါတယ်။ ဒါနဲ့တင်ကိစ္စကမပြီးသေးဘူးကွယ့်"

ကျွန်တော်က အံ့သြနားမလည်စွာနှင့် ပြန်၍မေးလိုက်ပါသည်။

"ဗျာ - ဦးလေး၊ ဒါဆိုဘာတွေလုပ်ဖို့ကျန်သေးလဲခင်ဗျာ"

ထိုရောအခါ အနှီပုဂ္ဂိုလ်ကြီးက သက်ပြင်းရှည်တစ်ချက်မှုတ်ထုတ်လိုက်ပြီး -

"မှန်ပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးတို့ကအစ နိုင်ငံတော်သမ္မတအထိပေါ့။ သူတို့က ပြည်သူလူထုကို ပိုင်စိုးအုပ်ချုပ်ရတဲ့ ရပ်ပိုင်းဆိုင်ရာအဖွဲ့အစည်းတွေရှိသလိုပေါ့"

ထို့နောက် ပုဂ္ဂိုလ်ကြီးက အဝေးသို့လှမ်းကြည့်လိုက်ပြီးမှ ဆက်လက်၍ -

"ဒီမှာငါ့တူ - မိမိကိုယ်ကို စောင့်ရှောက်ပေးတဲ့ ကိုယ်စောင့်နတ်၊ မိမိအိမ်ကိုစောင့်ရှောက်ပေးတဲ့ အိမ်စောင့်နတ်၊ နောက်ပြီး ရပ်ရွာကိုစောင့်ရှောက်တဲ့ ရွာစောင့်နတ်၊ ပြီးတော့ မြို့ကိုပိုင်စိုးပြီးစောင့်ရှောက်ရတဲ့ မြို့စောင့်နတ်မင်းတို့ အစရှိသဖြင့်ပေါ့ကွယ် ဒါတွေကိုလည်း. . ."

"အဲ - အင်း. . . ဟိုဟာ. . . ကျွန်တော်. . ."


ပုဂ္ဂိုလ်ကြီးက ဆက်၍ -

"ဒီမှာ ဦးလေး ပြောပြမယ် ငါ့တူကြီးတို့နားထောင်။ ဦးလေးက ရန်ကုန်ကနေ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုနဲ့ ဒီမြိတ်ကိုလာခဲ့တာကွယ့်။ အဲ - ရောက်တာ သုံး၊လေးရက်ရှိပါပြီ။ ရောက်ရောက်ချင်းမှာပဲ ဦးလေးဘာလုပ်လဲသိလား။ ဒီမြိတ်မြို့ကို ပိုင်စားရတဲ့ မြို့စောင့်နတ်မင်းဘိုးဘိုးကြီးနတ်နန်းဆီသွားခဲ့တယ်။ ပြီးတော့ အရိုအသေပြုပြီး လျှောက်ထားလိုက်တယ်။ ကျွန်တော် လာရင်းကိစ္စလေးတွေကို အထစ်အငေါ့မရှိရပါဘဲ အဆင်ပြေရအောင် ကြည့်ရှုစောင့်ရှောက်တော်မူပါလို့ ရှိခိုးလျှောက်ထားခဲ့လိုက်တယ်။

ဟော - ကြည့်စမ်း၊ တကယ်ဆို



မြိတ်မြို့မှရဲစခန်းသို့မရောက်မီ ဘယ်ဘက်သို့ ချိုးကွေ့ဝင်ရသော နတ်နန်းသို့သွားရာလမ်း



မြိတ်ဘိုးဘိုးကြီးနတ်နန်းအား နံဘေးမှ မြင်ရပုံ

ခုဦးလေးရဲ့ကိစ္စက မြန်မယ်ဆိုရင်တောင် တစ်ပတ်၊ ဆယ်ရက်တောင် ကြာနိုင်တယ်။ ကြာမယ်ဆိုရင်လည်း တစ်လဒါမှမဟုတ် အဆင်မပြေလည်းဖြစ်နိုင်ပါတယ်။ (သူ၏လာရင်းကိစ္စကိုတော့ စာရေးသူ မေးမကြည့်မိပါ။) ခုတော့ တစ်ရက်၊ နှစ်ရက်နဲ့ကို ပြီးပြတ်သွားတယ်။ ဒါကြောင့် ဒီနေ့မနက်စောစော လေယာဉ်လက်မှတ်ဝယ်ပြီး မနက်ဖြန် ရန်ကုန်ကိုပြန်တော့မှာကွယ့်"

ပုဂ္ဂိုလ်ကြီးက ဆက်၍ -

"ဒီတော့ လူ့လောကမှာ တစ်ခါတစ်ရံ ကိုယ့်ဘက်က လုပ်နိုင်သရွေ့ အတတ်နိုင်ဆုံး အိတ်သွန်ဖာမှောက်ကြိုးစားလုပ်ဆောင်ရတာတွေလည်းရှိမယ်။ အဲ - ဒါပေမယ့် ကိုယ့်ဘက်က မတတ်နိုင်ဘူးလို့ ယူဆရမယ့်အပိုင်းတွေလည်းရှိမှာတဲ့။ ဘယ်လိုမှမတတ်နိုင်တာတွေ၊ အဲဒါတွေကို လွယ်လင့်တကူ ဖြေရှင်းပေးနိုင်တဲ့ စွမ်းအားရှင်တွေ ဆိုတာလည်း ဒီလောကကြီးမှာရှိတတ်ကြ ပဲ။ အဲ - ကောင်းတဲ့ကိစ္စတော့ဖြစ်ရ ပေါ့နော်။ 'လူမစွမ်းနတ်မ' ဆိုသလို သူတို့ဘက်က တတ်နိုင်တာတွေကို မ,စလေ့ရှိကြပါတယ်။ ယုံယုံကြည်ကြည် ရိုရိုသေသေဆိုရင် ဘယ်မျက်နှာလွှဲ ကြပါ့မလဲကွယ်"

ဟုပြောရင်း ပုဂ္ဂိုလ်ကြီးက ရေ ကြမ်းတစ်ခွက်ကို မော့ချလိုက်ပြီး ဆ ၍ပြောပြန်ပါသည်။

"ကဲ - ဦးလေးကတော့ အကြံ တာပါ။ တတ်နိုင်ရင်လည်း ကန်တော့ လေးဘာလေးများနဲ့ဆိုရင်လည်း အတ ထက်အလွန်ပါပဲ၊ စောင့်ရှောက်



www.burmeseclassic.com

www.burmeseclassic.com

ယ်။သူတော်ကောင်းသူတော်မြတ်များ ယုံယုံကြည်ကြည် လေးလေးစားစား ဆို ပစ်မထားတတ်ကြပါဘူး။ ကူညီ ာင့်ရှောက်ကြပါတယ်ကွယ့်။ ကဲကဲ - လေးလည်းလုပ်စရာတွေရှိသေးလို့ပြန် က်ဦးမယ်ကွယ့်"

ဟု ဆိုကာ ဆိုင်အတွင်းမှ တစ် မ်းချင်းထွက်ခွာသွားရာ စာရေးသူနှင့် တ်ဆွေတို့မှာ ဘာမှပြန်မပြောနိုင်ကြ ဘဲ ရေငုံနှုတ်ပိတ်ကာ တစ်ဦးမျက်နှာ စ်ဦးကြည့်ရင်း ကျန်ရစ်ခဲ့ကြပါတော့ သည်။

ဒီလိုနှင့်ပင် ယင်းပုဂ္ဂိုလ်ကြီးပြော သောစကားများကို နားထဲဝယ်စွဲမြဲနေ သော်လည်း စားဝတ်နေရေး၊ မိသားစု ရေးတို့က ကိစ္စများမြောင် ဤလူ့ဘောင် သကဲ့သို့ ရှုပ်ထွေးပွေလီဖြစ်တည်နေ ာကြောင့် အဓိပုဂ္ဂိုလ်ကြီး မိန့်ကြား သော ဘိုးဘိုးကြီးနတ်နန်းထံသို့ စိတ် ရှိလင့်ကစား ခြေဦးပင်မလှည့်နိုင်ခဲ့

ဒီလိုနှင့် မေ့မေ့ပျောက်ပျောက်ပင် ခဲ့ရာ ၂၀၀၈ ခုနှစ်ရောက်တော့ စာ သူအား ကံကြမ္မာဗြိုဟ်ဆိုးက မပင့် တဲ ဝင်ရောက် မွှေနှောက်ပါတော့ သည်။

အကြောင်းသော်ကား ၂၀၀၇ တဖြစ်ခဲ့သော အမှုအခင်းတစ်ခုက မြို့တွင် ဖြေရှင်း၍မပြေလည်ခဲ့တာ ကြောင့် ရန်ကုန်ရှိ တရားရုံးသို့ ဆိုက် တ်သွားပါတော့သည်။ ဇနီးဖြစ်သူက န်တက်၍ အမှုရင်ဆိုင်ခဲ့ပါသော် ည်း မပြီးပြတ်နိုင်သည်ဖြစ်ရကား အိမ် ာင်ဦးစီးဖြစ်တဲ့ စာရေးသူက ၂၀၀၈ တွင် ရန်ကုန်သို့လိုက်တက်သွားပြီး အား မြိတ်သို့ပြန်ဆင်းစေကာ အမှု ရင်ဆိုင်ရပါတော့သည်။

အမှုဖြစ်ပြီဆိုသည်နှင့် သေးသည် ကြီးသည်ဖြစ်စေ အထိုက်အ တ်အားဖြင့် စိတ်နှလုံးညှိုးချုံးရ ည်းသာ ဖြစ်ပါသည်။ ရှေ့နေ တရားရုံးကိစ္စ၊ ရုံးစရိတ်၊ မိမိနေထိုင် သော စားသောက်စရိတ်တို့နှင့် ကုန် ရိတ်များလွန်းတာကြောင့် လူပင်ပန်း နှင့် စိတ်ထောင်းကိုယ်ကြေ ရတက် ရပါသည်။ ဤအမှုမှာ (၂) နှစ်မျှ သောင်းခဲ့ကာ ၂၀၀၉ ခုနှစ်ဆန်းပိုင်း အမှုကပြီးပြတ်သွားခဲ့ပါသည်။ အမှု တော့ နိုင်လိုက်ပါသော်ငြားလည်း ကြေးရေး၊ စီးပွားရေးကိစ္စများက အထိနာခဲ့ရပါသည်။

အမှုပြီးလျှင်ပြီးချင်း စိတ်ပျက် လက်ဖြင့် မြိတ်သို့ အောင်မြင်စွာ ဆုတ် ခွာခဲ့ရပါတော့သည်။ အဝေးပြေးမှန်လုံ ကားကြီးအားစီးနင်းရင်း ခရီးလမ်းတွင် ဟိုတွေးဒီတွေးတွေးရင်းက ကံကြမ္မာ ဆို တာ အတိတ်က မိမိပြုခဲ့သောအရာဖြစ် ပေရာ အရင်ကမိမိဘာတွေများပြုခဲ့မိပါ သနည်း။ မသိနိုင်ပါ။ ကောင်းတာတွေ လည်းပြုခဲ့သလို မကောင်းတာတွေ လည်းရှိနိုင်ပြန်ပါသည်။ အတိတ်ကံကို တော့ ပြုပြင်ရန် မည်သို့မျှမတတ်နိုင်ပါ။ အဲ - ကံကြမ္မာကြောင့်ဖြစ်လာရသည့် အကျိုးဆက်တို့အား ကြီးတဲ့အမှုငယ်စေ၊ ငယ်တဲ့အမှု ပျောက်စေဆိုသလို တတ် နိုင်စွမ်းသော ပုဂ္ဂိုလ်ကြီးများရှိလေစွ တကားဟု တွေးမိနေရင်း မိမိအတွေးထဲ သို့ အလင်းတန်းတစ်ခု ပြေးဝင်လာပါ သည်။ဟိုးယခင်ချိန်က ပုဂ္ဂိုလ်ကြီး၏ပြော စကားများက စာရေးသူ၏အနားတွင်း သို့ဝင်လာရင်း ကြားယောင်နေမိလိုက်ပါ သည်။

စာရေးသူတွေးရင်း မြိတ်ကို ပြန် ရောက်ပါက မိမိ၏အိမ်သို့ ဦးစွာမသွား သေးဘဲ မြိတ်မြေကိုနင်းမိသည်နှင့် အဆို ပါ မြိတ်မြို့စောင့်နတ် ဘိုးဘိုးကြီးနတ်နန်း သို့ ဦးစွာ သွားရောက်၍ ဝတ်ပြုဆု တောင်းလိုက်မည်ဟု ခတေးထားမိရင်းနှင့် အဝေးပြေးကားကြီး၏ တငြိမ့်ငြိမ့်သယ် ဆောင်ရာ ခရီးလမ်းတွင် အိပ်ငိုက်ရင်း လိုက်ပါလာခဲ့သည်။ ယင်းသို့ဖြင့် မှန်လုံ အဝေးပြေးကားကြီးသည် တအိအိဖြင့် မောင်းနှင်ခဲ့ရင်း ညနေ (၄း၃၀) နာရီ လောက်တွင် မြိတ်မြို့ အဝေးပြေးကား ဂိတ်သို့ဆိုက်ရောက်ခဲ့ပါသည်။ ကားပေါ် မှ ဆင်းဆင်းချင်း ဘိုးဘိုးကြီးနတ်နန်းသို့ သွားရောက်မည်ဟုပြင်လိုက်သော်လည်း ပဲ မည်သည့်နေရာတွင် တည်ရှိနေမှန်း စာရေးသူ မသိပါ။ မည်သို့ပြုရပါမည် စဉ်းစားနေရင်းက စာရေးဆရာ နရီ (မြိတ်)၏အိမ်သို့ ဆိုင်ကယ်တက္ကစီတစ်စီး ငှားကာ သွားရပါတော့သည်။ ဥတုရာသီ ကလည်း ဆောင်းကာလပင်ဝင်နေပြီမို့ အလင်းအားနည်းပြီး မှုန်ဝါးဝါးနှင့် သွား ရင်း ရောက်ခဲ့ပါပြီ။

"ဟော့လူ၊ အထုပ်အပိုးတွေနဲ့ဘယ် ကလာတာလဲဗျ"

"ရန်ကုန်ကပြန်လာတာ။ ဒါနဲ့. . "

စကားမဆုံးမီ ဆရာနရီ (မြိတ်) က -

"လာလာ - အိမ်ပေါ်တက် ရေမိုး ချိုးပြီး ထမင်းစား။ ဒီမှာအိပ်ချင်လည်း အိပ်"

"ဟာ - ကျေးဇူးတင်တယ်။ စား လည်းမစားတော့ဘူး၊ အိပ်လည်းမအိပ် ပါဘူး။ ဟို - ကျွန်တော့်ကို. . . "

ဆရာနရီ (မြိတ်) က -

"ဟ - ဒီလူဘာဖြစ်လာတာလဲ"

"နောက်မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့။ အခုကျွန်တော့် ကို တစ်ခုကူညီပါဦး ဆရာသမားရဲ့။ ဟို မြိတ်မြို့စောင့်ဘိုးဘိုးကြီးရဲ့ နတ်နန်းက ဘယ်နားမှာလဲဗျ ပြောစမ်းပါဦး။ ကိစ္စရှိ လို့ပါ"

"ခင်ဗျား မြိတ်မြို့ရဲစခန်းကို သိ တယ်မဟုတ်လား။ အဲဒီရဲစခန်းမရောက် ခင် ဘယ်ဘက်ကိုချိုးဝင်လိုက်ရတဲ့ လမ်း လေးတစ်ခုရှိတယ်။ အဲဒီလမ်းအတိုင်း နည်းနည်းသွားမိရင်း ညာဘက် တောင် ပေါ်ဘက်ချိုးကွေ့တဲ့ လမ်းထောင့်မှာဗျ။ ဆိုင်ကယ်တက္ကစီငှားသွားလိုက်ပါ"

ဟု လမ်းညွှန်ပေးရာ -

"အိုကေ - ကောင်းပြီဗျာ၊ ကျေး ဇူးပဲ ဆရာသမားရေ။ နောက်မှပဲ တွေ့ တော့မယ်ဗျာ"

ဟု ပြောရင်း ဆိုင်ကယ်တက္ကစီ ဂိတ်ဘက်သို့ ခြေဦးလှည့်လိုက်ပါသည်။

ဆိုင်ကယ်တက္ကစီသမားက -

"ဟာ-ကျွန်တော်သိပါတယ်၊ လာ တက်"

စာရေးသူက ဆိုင်ကယ်နောက်မှာ ထိုင်ရင်း လိုက်ပါသွားခဲ့ရပါသည်။ ဆရာ နရီ (မြိတ်) ညွှန်ပြသည့်အတိုင်းပင် မြိတ် မြို့ ရဲစခန်းသို့ မရောက်မီ ဘယ်ဘက်သို့ ချိုးကွေ့လိုက်သော် ကတ္တရာလမ်းဖြူးဖြူး ကလေးကို တွေ့ရ၏။ ထိုလမ်းလေးတိုင်း တော်တော်မောင်းလိုက်တော့ ညာဘက် သို့ ချိုးကွေ့တတ်သောလမ်း၏ ထောင့် နေရာတွင် အရိပ်ကောင်း၍ မြင့်မား သော သစ်ပင်ကြီး၏အောက်တွင် လမ်း ချိုးနှင့် ဘေးတိုက်အနေအထားဖြင့်ဖြူဖြူ ဖွေးဖွေး နတ်နန်းဆောင်တစ်ခုအား မြင် တွေ့လိုက်ရပါသည်။

ဆိုင်ကယ်ကို ညာဘက်သို့ချိုးကွေ့ လိုက်ပြီး နတ်နန်းဆောင်၏ မျက်နှာစာ ရှေ့တည့်တည့်တွင် ထိုးရပ်လိုက်သော အခါ စာရေးသူက တက္ကစခကိုရှင်းပြီး ဘိုးဘိုးကြီးနတ်နန်းဘက်သို့ လှည့်လိုက် စဉ် ဦးဆုံးသိရှိလိုက်ရသည်ကတော့ ပန်း ပေါင်းစုံ၏ရနံ့နှင့်ရောယှက်လျက် ဆွတ် ပျံ့မွှေးကြိုင်လှသော အမွှေးတိုင်တို့၏ရနံ့ သင်းတို့က စာရေးသူ၏ ဂန္ဓာရုံတွင်းသို့ တိုးဝင်လာခဲ့ပါသည်။ အုပ်အုပ်ဆိုင်းဆိုင်း ညောင်ပင်ကြီး၏အရိပ်အာဝါသအောက် တွင် သွပ်မိုး၊ အုတ်ပတ်ကာ တိုက်ခံ၊ သံ ပန်းတံခါးများဖြင့် ခံ့ညားလှသော နတ်



www.burmeseclassic.com

www.burmeseclassic.com

နန်းဆောင်သည် ပကတိအေးချမ်းလှပြီး လာရောက် ဂါရဝပြုမည့်သူတို့၏ စိတ်နှလုံးအား အေးချမ်းသောမေတ္တာတရားတို့ဖြင့် လွှမ်းခြုံသည်ဖြစ်ရကား တခဏအတွင်း ကျွန်တော့်စိတ်မှာ ကြည်လင်လန်းဆန်းသွားရပါတော့သည်။ ဆက်လက်၍ နတ်နန်းဆောင်အတွင်းဘက်သို့ မျှော်ကြည့်လိုက်တော့ ဖွံ့ဖွံ့ထွားထွား ငှက်ပျောသီးများအလယ်တွင် စိမ်းရင့်ညို့မှောင်သော အုန်းများနှင့် စီကာစဉ်ကာတွေ့ရသော ကန်တော့ပွဲများ၊ မွှန်ဖျရီဝေနေသော ဆောင်းညနေ၏ နှင်းထုများကို ထွင်းဖောက်၍ ထွန်းလင်းလျက်ရှိသော ဆီမီးဖယောင်းတိုင်များ၏ အလင်းရောင်စဉ်များ၏အလယ်တွင် ဇာပဝါဖြူလွလွအား ဦးခေါင်းထက်တွင် ပေါင်းထားလျက် လက်တစ်ဖက်တွင် တောင်ဝှေးတစ်ချောင်းကိုကိုင်ထားကာ ခံ့ညားတည်ကြည်၍ ကြည်ညိုဖွယ်ရာ ရုပ်တုတစ်ခုကို အထင်းသား မြင်တွေ့လိုက်ရပါတော့သည်။

စာရေးသူက ဘိုးဘိုးကြီးရုပ်တုရှေ့မှောက်တွင် ပဆစ်ဒူးတုပ်ထိုင်လိုက်ပြီး သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးဦးတိုက်လိုက်ကာ စိတ်မနှောဖြင့် မိမိပြောကြားလိုသည်များအား လျှောက်ထား ပြောကြားလိုက်ပါသည်။ ပြီးလျှင် အသင့်ယူဆောင်လာသော ဖယောင်းတိုင်နှင့် အမွှေးနံ့သာတိုင်များအား နတ်နန်းရှေ့ဘက်ရှိ မီးပူဇော်ရာသံစင်တွင် ထွန်းညှိပူဇော်ထိုက်ပါတော့သည်။ စာရေးသူ အနေနှင့် အဝေးပြေးမှန်လုံကားကြီးအား စီးနင်းလာခဲ့ရသည်မှာ နှစ်ညနှင့် တစ်နေ့ဖြစ်တာကြောင့် ညောင်းညာပင်ပန်းလွန်းသည်ဖြစ်ရကား နတ်နန်းရှေ့ရှိ ကြွေပြားခင်းကြမ်းပြင်တွင် ခေတ္တထိုင်နေရင်း အနားဖြေလိုက်ရပါသည်။ ချက်ချင်းဆိုသလိုပင် နေထိပန်းအား ရေစင်ဖျန်းလိုက်သကဲ့သို့ထင်မှတ်ရလောက်အောင် စာရေးသူမှာ ပေ့ါပါးလန်းဆန်းကြည်လင်သွားရပြီး အတန်ငယ်အချိန်လင့်ပြီဖြစ်တာကြောင့် ဘိုးဘိုးကြီးအား ဦးချကန်တော့လိုက်ပြီးနောက် မိမိနေထိုင်ရာသို့ ပြန်ခဲ့ပါတော့သည်။

ဒီလိုနှင့် ၂၀၁၀ ပြည့်နှစ် ဝါဆိုလရောက်တော့ စာရေးသူက နံ့နက်စောစော လက်ဖက်ရည်သောက်ပြီးသည်နှင့် ဘိုးဘိုးကြီး၏နတ်နန်းသို့ တစ်ခေါက်ထပ်မံ၍သွားခဲ့ပါသည်။ နတ်နန်းဆောင်သို့ရောက်တော့ နတ်နန်းဆောင်ဝေယျာဝစ္စတို့ကို ဆောင်ရွက်ပေးသော အသက်ခပ်ရွယ်ရွယ်ရှိ အစ်ကိုကြီးတစ်ဦးက နတ်နန်းတံခါးအား ဖွင့်ပေးပါသည်။ စာရေးသူက ကန်တော့ပွဲပေးလှူချင်ကြောင်း ပြောတော့ အသင့်ပြင်ဆင်ထားသော ကန်တော့ပွဲတစ်ပွဲအား စာရေးသူကိုပေးပါသည်။ ပြီးလျှင် ဆီမီးအမွှေးတိုင်များ ထွန်းညှိပူဇော်ကာ စာရေးသူအား မည်သည့်နေ့သားလဲ မေးမြန်းကာ ဘိုးဘိုးကြီးထံ တင်မြှောက် ပ,သပေးပါသည်။ ပြီးလျှင် စာရေးသူအား မိမိလိုရာဆုများ တောင်းနိုင်ကြောင်းပြောရာ စာရေးသူက ထွေထွေထူးထူးတော့မရှိသည်ဖြစ်၍ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အစရှိသည်တို့အား အဆင်ပြေ ကောင်းမွန်စေရန်လျှောက်ထားပြီး ကန်တော့၍ပြန်ခဲ့ပါသည်။

ဒီလိုနှင့်နေလာခဲ့ရာ ထူးထူးခြားခြားတော့ ဘာမှမရှိခဲ့ပါ။ တစ်ခါတစ်ရံတော့ စာရေးသူ၏ စာအုပ်အရောင်းဆိုင်ရှိ ဘုရားကျောင်းဆောင်နားတစ်ပိုက်တွင် ရံခါမွှေးပျံ့သော ရနံ့သင်းသင်းတို့က လေပြည်အဝှေ့တွင် ထူးထူးခြားခြား သင်းပျံ့လျက်ရှိသည်ကို သတိထားမိလိုက်ပါသည်။ (၎င်းအချိန်သည် ဘုရားကျောင်းဆောင်၌ ဆီမီးအမွှေးတိုင်ထွန်းညှိမထားသောအချိန် ဖြစ်ပါသည်။)

ဒီလိုနှင့် တစ်ရက်တစ်ခုသောညတွင် စာရေးသူ အိပ်မက် မြင်မက်ခဲ့ပါသည်။ အိပ်မက်ထဲတွင် စာရေးသူ၏ ရှေ့တွင် အနီရောင်ရှိပြီး မည်သည့်ဝတ်စားဆင်ယင်ပုံမျိုး ဖြစ်သည်ကိုတော့ မပြောပြတတ်ပါ။ ဥပမိရုပ်ခံ့ခံ့ညားညားဖြင့် အသက်ကြီးကြီးပုဂ္ဂိုလ်ကြီးတစ်ဦးမှ ကျွန်တော့်အား -

"ကဲ - သိပ်လည်းစိုးရိမ်မနေနဲ့ဦး။ ကျန်းမာရေးကောင်းပါတယ်၊ စီးပွားလည်းသင့်တယ် ပြောမယ်နားထောင်။ တေးသီချင်းတွေ၊ ပြဇာတ်တွေနဲ့ ပတ်သက်တဲ့ဝတ္ထုပစ္စည်းတွေကိုရောင်းကွယ့်။ အဲ- ညဘက်ညဘက်လည်း အပြင်ကို သိပ်မထွက်နဲ့ကွယ့်။ အေး - ဒါပဲကွယ်၊ ကဲ - ပြန်ဦးမယ်ကွယ်"

အနှီစကားများက ယင်းပုဂ္ဂိုလ်ကြီးမှပြောနေခြင်းမဟုတ်ပါ။ စာရေးသူတွင် ကြောက်စိတ်၊ စိတ်အားငယ်နေမှုများနှင့်အပြင် ကြက်သီးမွေးညင်းများဖြည်း တဖြန်းဖြန်းထလျက်ရှိနေသည်ကိုတော့ မိမိကိုယ်ကို သတိထားမိလိုက်ပါသည်။ ထိုပုဂ္ဂိုလ်ကြီး ပြန်လည် ကြွသွားမှသာ စာရေးသူမှာ နေသာထိုင်သာရှိသွားရပါသည်။ အမှန်မှာတော့ သီလ၊ သမာဓိ၊ တည်ကြည်လွန်းသူနှင့်တွေ့ဆုံရခိုက် ခံစားရသော စိတ်ပိုင်းဆိုင်ရာခံစားမှုနှင့်သက်ဆိုင်သည်ဟု ယူဆမိပါသည်။ ယင်းနောက် အိပ်ရာမှလန့်နိုးသွားရပါတော့သည်။ သို့ပါသော်လည်း ထူးခြားသည်မှာ အနှီပုဂ္ဂိုလ်ကြီးပြောခဲ့သော စကားများအား တစ်ခွန်းမကျန် သတိရမှတ်မိနေခြင်းပင် ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ စာရေးသူ မှတ်ယူထားလိုက်မိသည်မှာ ယင်းအိပ်မက်ထဲမှ ပုဂ္ဂိုလ်ကြီးမှာ နတ်နန်းက ဘိုးဘိုးကြီးသာဖြစ်ကြောင်းနှင့် စာရေးသူအား အလေးထား ချစ်ခင်သနားသည်ဖြစ်၍ လာရောက် အိပ်မက်ပေးခြင်း ဖြစ်မည်ဟုယူဆရင်း ဝမ်းသာပီတိဖြစ်ရပါသည်။ ပြီးနောက် ဖျတ်ခနဲ ပြန်ဆိုစဉ်းစားလိုက်မိသည်မှာ 'တေးသီချင်းတွေ၊ ပြဇာတ်တွေနဲ့ ပတ်သက်တဲ့ဝတ္ထုပစ္စည်းများ' တဲ့။ စာရေးသူ ဦးနှောက်စားသွားရပါသည်။ ဘာကိုဆိုလိုတာပါလိမ့်။ နောက်တော့ စိတ်ထဲဝယ် ပြီးခဲ့သောနှစ်က ဇနီး၏မိတ်ဆွေတစ်ဦးမှ သူလုပ်ငန်းအသစ်လုပ်တိုင်မှာဖြစ်တဲ့အတွက် သူ့ရဲ့လုပ်ငန်းဟောင်းအား ဈေးပေါပေါနှင့် ကျွန်တော်တို့အား ထိုးပြီးအပ်ခဲ့သော ပစ္စည်းများကိုပြေး၍ သတိရပါသည်။ VCD ဓာတ်ပြားချပ်များနှင့် ဓာတ်ပြားများတင်ရန် စင်ဟောင်းများ ဖြစ်ပါသည်။ ဒါတွေပဲဖြစ်ရမည်ဟု စဉ်းစားမိရင်း စာရေးသူက ထိုလုပ်ငန်းအား စိတ်မဝင်စားတာကြောင့် ပစ်ထားခဲ့မိသည်မှာ ကြာခဲ့ပြီ ဖြစ်သည်။

နံနက်လင်း၍ ဆိုင်ဖွင့်၊ လက်ဖက်ရည်သောက်ပြီးသောအခါ ဇနီးဖြစ်သူအား VCD အရောင်းလုပ်ငန်းလုပ်လျှင် ကောင်းမည်လားဟု တိုင်ပင်ကြည့်ရာ ဇနီးက -

"သဘောပဲလေ။ ပစ္စည်းတွေက အသင့်အတင့်ရှိနှင့်ပြီးသားပဲဟာ"

ဆိုသဖြင့် အတိုချုပ်ပြီး ပြောရလျှင် က VCD လုပ်ငန်းလိုင်စင်အား မြို့နယ် VCD အစည်းအရုံးတွင် လျှောက်ထား ခဲ့ပြီး လုပ်ငန်းလိုင်စင်ကျသည်နှင့် အဆိုပါ VCD အရောင်းဆိုင်အား အလုပ်အကိုင် ဖြစ်ခဲ့ရပါတော့သည်။

ဒီလိုနှင့် စာရေးသူ ဆက်လက်၍ အတွေးများပွားခဲ့မိပါသည်။ စကား လေးတစ်ခုကလည်း ရှိနေပြန်တာ 'တစ်ထွာပြလျှင် တစ်တောင်လော မြင်ရမည်' တဲ့။ အနှီ VCD အရောင်း လေးလောက်နှင့်တော့ မြန်မြန်စီးပွား မည်မထင်။ မိမိအနေနှင့်ကလည်း ကူမှ ဖြစ်မည်ထင်သည်။ အကြောင်း တော့ စာရေးသူကိုယ်တိုင် တေး လေးတစ်ခုလောက် စမ်းသပ်လု



www.burmeseclassic.com

www.burmeseclassic.com

ကြည့်မည်။ ဦးစွာ မြေစမ်းခရမ်းပျိုးလုပ်ကြည့်ပြီး အဆင်ပြေပါက ဇောက်ချ၍ ဆက်လက်လုပ်ကိုင်မည်ဟု အတွေးရပါသည်။ စာရေးသူအနေနှင့်ကလည်း တေးနှင့်ပတ်သက်၍ ကျွမ်းကျင်မှုရှိသည့် အတွေ့အကြုံရှိခဲ့ပါသည်။ ပြီးတော့ ယနေ့ခေတ်ကာလမှာ စက်မှုပိုင်းဆိုင်ရာတို့ကလည်း ဆန်းပြားတိုးတက်လာတာဖြစ်တာကြောင့် တေးစီးရီးတစ်ခုအား ထုတ်လုပ်ဖန်တီးရန် ဟိုးယခင်က အချိန်များလို ဝန်မကြီးတော့ပါ။ ကုန်ကျစရိတ်များလည်း သက်သာ၊ လုပ်ငန်းအချိန်ရများလည်းဝန်မကျယ်သည့် မိမိအိမ်ရှိ ကွန်ပျူတာဆော့(ဖ်)ဝဲများနှင့် တေးစီးရီးတစ်ခုအား ဖန်တီးနိုင်သော ကာလ ဖြစ်ပါသည်။ ယင်းကြောင့် တေးစီးရီးတစ်ခုထုတ်လုပ်၍ ကိုယ်တိုင် ဖြန့်ချိကြည့်မည်ဟု ဆုံးဖြတ်မိပါသည်။ တစ်ဆက်တကြည့်မည်ဆိုလျှင်လည်း မိမိရပ်ရွာရှိ အရည်အချင်းရှိသူ ရွက်ပုန်းသီး လူငယ်မောင်မယ်များအားလည်း ထုတ်ဖော်၍စင်တင်ပေးလိုတာကလည်း တစ်ချက်ရှိနေသည်ကြောင့် မိမိရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးတေးစီးရီးလေးတစ်ခု စမ်းသပ် လုပ်ကိုင်မည်ဟု ယူဆကာ လုပ်ငန်းအား စတင်အကောင်အထည်ဖော်လိုက်ပါသည်။ တေးသီချင်းရေးစပ်ခြင်း၊ တီးခတ်ခြင်း၊ အသံဖမ်းယူခြင်း စသည်တို့အား မိမိတွင်ရှိသော ကွန်ပျူတာဖြင့်ပင် အားလုံးလုပ်ဆောင်နိုင်ခဲ့သည်။ တဖြည်းဖြည်းနှင့် ပထမတော့ လုပ်ငန်းမှာ စမ်းသပ်ခြင်းသာဖြစ်သော်လည်း နောက်ပိုင်းတွင် ဤလုပ်ငန်းမှာ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အခွင့်အာဏာရအသင်းအဖွဲ့များနှင့် ချိတ်ဆက်၍ လုပ်ကိုင်ရတာကြောင့် လုပ်ငန်းမှာ ပိုမို၍ ကျယ်ပြန့်လာပြီး တာဝန်ယူရမည့်အပိုင်းတွင်လည်း အတော်အတန်ကြီးမားလာခဲ့ရပါသည်။ သို့ပါသော်လည်း အမြတ်အစွန်းက အဓိကမဟုတ်ပါဘဲ ဒေသတွင်းဖွံ့ဖြိုးတိုးတက်စေရန်သာ ရည်ရွယ်လုပ်ဆောင်တာ ဖြစ်တာကြောင့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများသို့ တင်ပြခဲ့ရာ ယင်းတို့မှလည်း ဝိုင်းဝန်း၍ အကူအညီများပေးခဲ့တာကြောင့် ကျွန်တော့်တွင် ပင်ပန်းရမှန်းမသိ ပျော်၍နေခဲ့မိပါသည်။

ဒီလိုနှင့်ပင် ခွေကြမ်းမှခွေအချော ဖြစ်ရန်အလို့ငှာ ရန်ကုန်နှင့် ဆက်သွယ်လုပ်ကိုင်ရန်ရှိလာသည်ကြောင့် ဇနီးက ရန်ကုန်သို့တက်သွားရပြန်တော့ စာရေးသူမှာ စာအုပ်အရောင်းဆိုင်ကတစ်ဖက်၊ တေးစီးရီးကိစ္စများတစ်ဖက်နှင့် မနိုင်ဝန်ကို တစ်ယောက်တည်း ထမ်းဆောင်နေရင်း လုံးလည်ချာလည်ဖြစ်နေစဉ် တစ်နေ့ည အိပ်မောကျလျက်ရှိစဉ် အိပ်မက်ထဲဝယ် အနီရောင်ဝတ် ပုဂ္ဂိုလ်ကြီး (ဘိုးဘိုးကြီး) က ဖြုန်းခနဲပေါ်လာပြီး -

"မင်းဘာတွေလျှောက်လုပ်နေတာလဲကွယ့်။ ဒုက္ခတော့များရော့မယ်။အေး- မင်းဒီတန်ခူးလမကျော်မီ ပြီးအောင်လုပ်ကွယ့်။ တန်ခူးကျော်ရင်တော့မဖြစ်တော့ဘူး။ အဆင်မပြေဖြစ်လိမ့်မယ်"

ဟု ဆိုကာ ဖြုန်းခနဲ ပြန်လည်၍ ပျောက်ကွယ်သွားပါတော့သည်။

နံနက်မိုးလင်းတော့ ကျွန်တော်က ပြန်တွက်ကြည့်မိပါသည်။ ယခုပင်တပေါင်းလလယ်ဖြစ်၍နေပြီး မည်သို့မျှ တန်ခူးလတွင်ပြီးနိုင်မည် မထင်ပါ။ စိုးရိမ်စိတ်များက ရင်ကိုပူလောင်စေပါသည်။ ထို့ကြောင့် ရန်ကုန်သို့ဖုန်းဆက်၍ပြောရပါသည်။ ဒီရက်ပိုင်း အချောခွေများပြီးအောင်လုပ်စေချင်ကြောင်း၊ မြန်နိုင်သမျှမြန်အောင်လုပ်စေချင်ကြောင်း နှိုးဆော်လိုက်ရပါတော့သည်။ လောကကြီးကားဆန်းကြယ်ပါ၏။မြန်စေချင်က နှေးတတ်၍ ကြာစေချင်ပါက မြန်တတ်ပါသည်။ ယခု စာရေးသူ၏ တေးစီးရီးလေးနှင့်ပတ်သက်ပြီး အစီအစဉ်လွဲချော်မှုလေးများ၊ ကရိကထလေးတွေက များပြီးလာတာကြောင့် နှောင့်နှေးကြန့်ကြာလာခဲ့ရပါတော့သည်။ဒီလိုနှင့်ပင် အတာသင်္ကြန်မကျမီ ရက်အနည်းငယ်သာလိုတော့မှ အခွေချောများကထောင်ချီ၍ ရန်ကုန်မှ ပြန်လည် ပေးပို့နိုင်ခဲ့တာကြောင့် စိတ်အနည်းငယ် သက်သာရာရသွားရသည်။ ထို့ကြောင့် သင်္ကြန်ပြီးပါက အနီ တေးစီးရီးလေး ဖြန့်ချိနိုင်မည်ဆိုလျှင်ဖြင့် စိတ်အေးရမည်ဟု တွက်ဆမိခဲ့ပါသည်။

သို့ပါသော်လည်း ထင်သလိုဖြစ်မလာခဲ့ပါ။ ကံကြမ္မာက အချိုးတစ်မျိုး ပြောင်းခဲ့ပြန်ပါသည်။ သင်္ကြန်ရက်များ ပြီးတော့ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့မှလူကြီးများ အပြောင်းအလဲဖြစ်ခဲ့ပါသည်။နောက်ပြောင်းလာသည့်လူကြီးက အရင်လူကြီးလိုမဟုတ်ပါ။ ကျွန်တော့်၏ တေးစီးရီးကိစ္စအားတင်ပြရာ ခါးခါးသီးသီး ငြင်းပယ်ပါတော့သည်။ ဖြန့်ချိခွင့်ရရန် အဆင်မပြေနိုင်တော့ပါ။ ထိုသည့်အထဲ မီးလောင်ရာလေပင့် ဆိုသကဲ့သို့ ယခင်အချိန်က ကူညီခဲ့ကြသော အဖွဲ့အစည်းများကပင် ကျွန်တော့်အားပြန်လည်ကန့်ကွက်လာကြပြန်တော့ရာ ရေနစ်သူအတွက် နွယ်မြက်တစ်ပင်တောင် မရှိခဲ့တော့ပါ။ ကူညီမည့်သူမရှိ ဇာတ်မျောကြီးအဖြစ်နှင့်သာ တလည်လည်ဖြစ်ခဲ့ရပါတော့သည်။

ရင်းနှီးမြှုပ်နှံမှုများအား ပြန်လည်တွက်ကြည့်ပါက ထောင်ဂဏန်းနှင့်ချီလျက်ရှိသော VCD ခွေတပြားတန်ဖိုးများ၊ အချောကိုင်ထုတ်လုပ်ခများ၊ ရိုက်ကူးရေး ကုန်ကျစရိတ်များ၊ ကာဗာကတ်၊ ရိုက်နှိပ်ခကုန်ကျစရိတ်များ၊ စားစရိတ်ခရီး၊ ဘာဘာညာညာကုန်ကျစရိတ်များ အားလုံးပေါင်းပါက သိန်းဆယ်ဂဏန်းနှင့်ချီပြီး ကုန်ကျနေပြီ ဖြစ်တာကြောင့် များစွာစိတ်ဆင်းရဲရပါတော့သည်။အကြံကုန်တော့ ဂဠုန်ဆားချက် ဆိုသကဲ့သို့ မည်သို့စခန်းသွားရမည်ကို တွေးတောရင်း ရက်၊ လတွေပြောင်း ကြာညောင်းလာခဲ့ရပါသည်။ တေးစီးရီးလေးအား စိတ်ဝင်စား၍ ဝယ်ယူထားလိုသူတွေလာရောက်မေးမြန်းကြပါသော်လည်း မကြာမီ ဖြန့်ချိတော့မှာပါဟု မရေမရာဖြေကြားလိုက်ကာ နှစ်သိမ့်နေရပါတော့သည်။

ကျွန်တော့်စိတ်ဓာတ်များလွန်စွာကျဆင်းလျက်ရှိစဉ် တစ်ညတွင် -

"မင်းနှယ်ကွယ် - ဒီမှာမဖြစ်ပါဘူး၊ ရန်ကုန်ကို သွားစမ်းပါ။ အဲဒီမှာသွားပြီး ဆောင်ရွက်ကွယ့်"

ဟု အိပ်မက်ထဲ၌ အနီရောင်ဝတ်ဘိုးဘိုးကြီးမှ ပြောနေခြင်းဖြစ်ပါသည်။

ကျွန်တော်က တွက်ကြည့်နေမိပါသည်။ ကျွန်တော့် တေးစီးရီးလေးက မြိတ်နယ်တွင်သာ ဖြန့်ချိမည်ဖြစ်ပါသည်။ တစ်ပြည်လုံးအတိုင်းအတာနှင့်မဟုတ်ပါ။ ထို့ကြောင့် ရန်ကုန်သို့သွားမည်ဆိုပါက ပို၍ကုန်ကျစရိတ်များလာကာ မိမိပြန်ရမည့်ငွေနှင့် ကာမိမည်မဟုတ်ပါ။ ဆင်ဆာတင်ခ၊ ဖြန့်ချိခွင့်၊ သက်ဆိုင်ရာရုံးအဖွဲ့အစည်းများအတွက် ကုန်ကျစရိတ်၊ နေထိုင်စားသောက်စရိတ်များကြောင့် ပိုမို ကုန်ကျမည်ဖြစ်ပြီး အရှုံးများနှင့် ရင်ဆိုင်ရမည်ဟုသာ တွက်မိပါသည်။ ထို့ကြောင့် ကျွန်တော်က ခေါင်းမာစွာဖြင့် ရန်ကုန်သို့မသွားဘဲ စဉ်းစားကြည့်မိသည်မှာ ခရိုင်တွင် အဆင်မပြေပါက တိုင်းဒေသကြီးသို့တက်၍ ဆောင်ရွက်မည်ဟု ဆုံးဖြတ်ရင်း အဆက်အသွယ်ရှာ၍ ကြိုးစားကြည့်ပြန်ပါသည်။ သို့သော် အဆင်မပြေခဲ့ပါ။ အချိန်တွေသာ ကုန်၍ကုန်၍သွားသည်။ ရေရေရာရာတော့မဖြစ်ခဲ့ပါဘဲ ဟိုလိုလိုဒီလိုလိုနှင့်သာ လိပ်ခဲတည်းလည်းဖြစ်နေရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိ၏ထုတ်ကုန်ပစ္စည်းက ထုတ်လုပ်ပြီး အဆင်သင့်ဖြစ်နေသည်။ အသုံးပြုလိုသူများကလည်း ဝယ်ယူလို၍ မေးမြန်းနေကြပြီး ဖြစ်သည်။ သို့ပါသော်လည်း ကျွန်တော့်တွင် သက်ဆိုင်ရာစည်းကမ်းဥပဒေအရ ရောင်းချခွင့် မရှိပါ။ အချိန်တွေက ကြာညောင်းခဲ့ပြီ။ အီလည်လည်ဖြစ်၍လာသည်။စိတ်ဓာတ်ကျဆင်းမှုများကတော့ သုညဒီဂရီအောက်ကျ၍ အနုတ်ပြလာသည်။ ကျလွန်းသည့်စိတ်ဓာတ် အငိုစိတိုင်ပြီထင်ပါသည်။ ထို့ကြောင့် စိတ်နှလုံးတုံးတုံးချ၍ ညောင်ညိုပင်ရိပ်အောက်မှ ဘိုးဘိုးကြီးနတ်နန်းသို့တစ်ခေါက်ပြေးရပါသည်။ အကြောင်းစုံ လျှောက်ထားလိုက်မိပါတော့သည်။

တစ်ညဲ စိတ်မောမောဖြင့် အိပ်ပျော်နေစဉ် ကြွလာခဲ့ပါပြီ ဘိုးဘိုးကြီး။ အနီရောင်ဝတ်စုံနှင့်ဘိုးဘိုးကြီး။

"မရပါဘူးကွယ် မရပါဘူး။ ရန်ကုန်ကိုသွား။ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အလယ်ပစ္စယံမှာရှိတဲ့ ပတ္တမြားမျက်ရှင်ဘုရားမှာဆုတောင်း။ ပြီးရင် မွေးနံထောင့်မှာ ရွှေခေါင်းလောင်းတစ်လုံးလှူ။ ပန်း၊ ဆီမီး၊ ရေသက်စေ့ကပ်ပြီး ဆုတောင်း။ အောင်ရမယ်ကွယ့်။ သွား၊ မြန်မြန်သွားကွယ့်"

စာရေးသူ အိပ်ရာမှနိုးတော့ကမန်းကတန်းထ။ ကိုင်း - ဒါလောက်တောင် အဆင်မပြေလှတာ ဆိုင်းမနေတော့ပါဘဲ။ လေယာဉ်ရုံးကို ပြေးကာလက်မှတ်ဝယ်၊ သင့်တင့်တဲ့ငွေကိုယူ၊ ဇနီးအား ရှင်းပြပြီး ရန်ကုန်သို့ သုတ်ခြေတင်ရပါတော့သည်။ ဒီကိစ္စ အဆင်မပြေမချင်း မြိတ်ကိုပြန်မလာဘူးဟု ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။

ရန်ကုန်ရောက်တော့ ခက်ရပြန်ပါသည်။ အနီး ပတ္တမြားမျက်ရှင်ဘုရားဖူးဖို့ဆိုတာက လွယ်သည်မဟုတ်ပါ။ ဖူးချင်တိုင်း ဖူး၍မရပါ။ သက်ဆိုင်ရာရပ်ကွက်ထောက်ခံချက်နှင့်တကွ ဘုရားဖူးမည့်သူ၏ ဓာတ်ပုံ(၃)ပုံနှင့် ဖူးခွင့်ကတ်ပြားအားထုတ်ယူရပြီး တစ်ပတ်စောင့်ဆိုင်းရပါသည်။ သို့ပါသော်လည်း စာရေးသူက သက်ဆိုင်ရာတို့အား နယ်မှလာရသူ ဖြစ်ကြောင်းနှင့် စာပေဝန်ထမ်းကတ်ထုတ်ပြကာ အပြောကောင်းခဲ့သဖြင့် (၃)ရက်သာ စောင့်ဆိုင်းရပြီး ဖူးခွင့်ရပါတော့သည်။

ပတ္တမြားမျက်ရှင်ဘုရားမှာ ပထမံဘိုးဘိုးအောင် တည်ထားခဲ့သော ဘုရားဟု အဆိုရှိပါသည်။ အင်မတန်မှပင် သပ္ပာယ်ကာ ကြည်ညိုဖွယ် ဖြစ်ပါသည်။ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အလယ်ပစ္စယံထက်တွင် လူအယောက် (၂၀) မျှသာထိုင်နိုင်သော အကျယ်အဝန်းရှိ၏။ မဏ္ဍပ်အဆောက်အအုံနှင့် တည်ရှိပါသည်။ တစ်ပတ်တွင် တစ်ရက်၊ တစ်ရက်တွင် လူ (၂၀) မှ (၂၅) ဦးလောက်ကိုသာ ဖူးခွင့်ပြုထားပြီး ယောကျ်ားများသာ ဖူးခွင့်ရှိပါသည်။ အမျိုးသမီးများကတော့ ရွှေတိဂုံကုန်းတော်ပေါ်ရှိ သက်ဆိုင်ရာ မွေးနံထောင့်ရှိ တီဗွီဖန်သားပြင်ထက်မှသာ ဖူးခွင့်ရပါသည်။ ဘုရားဖူးသူများ လက်ကိုင်ဖုန်း၊ ကင်မရာများတို့ကို ယူဆောင်သွား၍မရပါ။ အောက်တွင် အပ်နှံထားခဲ့ရပါသည်။

စာရေးသူမှာလည်း ဘိုးဘိုးကြီးမိန့်ကြားခဲ့သည့်အတိုင်း တစ်သဝေမတိမ်းပြုလုပ်ဆောင်ရွက်ခဲ့ပြီး ကျန်သော လုပ်ဆောင်စရာရှိသည်များအား ဆက်လက်၍ လုပ်ဆောင်ရပါတော့သည်။ အတိုချုပ်၍ပြောရပါက ရန်ကုန်တွင် နှံ့နှံ့စပ်စပ်သိပ်မရှိခဲ့သော စာရေးသူအတွက် သက်ဆိုင်ရာရုံးများသို့ သွားရောက် ဆောင်ရွက် လုပ်ကိုင်ခဲ့ရာတွင် အထစ်အငေါ့သိပ်မရှိဘဲ ရာနှုန်းပြည့် အဆင်ပြေ ချောမွေ့သည်အား အံ့ဖွယ်တွေ့ရှိရသည် ဖြစ်တာကြောင့် ဘုရား၊ တရား၏ဂုဏ်ကျေးဇူးနှင့် ဘိုးဘိုးကြီး၏ စေတနာတရားတို့အား တစိမ့်စိမ့်တွေးရင်း ကြည်ညိုသဒ္ဓါပွားရပါတော့သည်။

ဤသို့နှင့် ရန်ကုန်တွင် (၃) လတာကြာခဲ့ပြီး လိုအပ်သော ခွင့်ပြုချက်များအား ပိုင်ဆိုင်ရရှိသောအခါ မြိတ်သို့ပြန်ဆင်းခဲ့ရပါသည်။ စာရေးသူ မြိတ်သို့ရောက်လျှင်ရောက်ချင်း ဘိုးဘိုးကြီးနတ်နန်းသို့ ဦးစွာသွားရောက်ခဲ့ပြီး ဘိုးဘိုးကြီးမှ ညွှန်ပြမစမှုကြောင့်သာ ကိစ္စများအဆင်ပြေရပါကြောင်း၊ မိမိခေါင်းမာစွာဖြင့် ရန်ကုန်သို့မသွားဘဲနေခဲ့မိ၍ အချိန်များ မကုန်ဆုံးသင့်ဘဲ အချိန်များလင့်ခဲ့ရပါကြောင်း လျှောက်ထား ပြောကြားရပါသည်။ ပြီးပါက စာရေးသူက ဘိုးဘိုးကြီးအား အပူကပ်၍ထပ်မံလျှောက်ထားလိုသည်မှာ ဤတေးစီးရီးလေးအား ဖြန့်ချိ(ရောင်းအား)အား ကောင်းကောင်းဖြင့် ရောင်းချနိုင်ရန် ထပ်မံ၍ ကူညီဆောင်ရွက်ပါဦး ဟူ၍ ဖြစ်ပါသည်။

ယင်းနောက် စာရေးသူမှ သက်ဆိုင်ရာအဖွဲ့အစည်းတို့အား ရန်ကုန်မှရရှိလာခဲ့သော ခွင့်ပြုမိန့်တို့အား တင်ပြကာ စီးရီးဖြန့်ချိရေးလုပ်ငန်းအား စတင်လုပ်ကိုင်ရပါတော့သည်။ မြို့ပေါ်နှင့်နယ်များအား သက်ဆိုင်ရာစနစ်အရ သွားရောက်ဖြန့်ချိခဲ့ပြီး စာရင်းဇယားများ ပြုစု၍ လုပ်ဆောင်ခဲ့ပါသည်။

အဆုံးသတ် ပြောလိုသည်မှာ အချိန်တန်၍ ဖြန့်ချိပြီးVCD များအတွက် ငွေများလိုက်လံသိမ်းဆည်းပြီးသည်နှင့် စာရင်းများအား တွက်ချက်ကြည့်ရာ ထူးဆန်းပေစွတကား။ အကြောင်းမှာ ဤတေးစီးရီးလေးအတွက် ထုတ်လုပ်ခဲ့သည့် ကုန်ကျစရိတ်များနှင့် ယခုဖြန့်ချိ၍ ပြန်လည်ရရှိသော ငွေစာရင်းများအား နှိုင်းယှဉ်ကြည့်ရာတွင် ငွေစာရင်းနှစ်ခု များစွာ ကွာခြားခြင်းမရှိသည်ကို တွေ့ရှိရသည်ဖြစ်၍ များစွာအံ့သြဖွယ်ကြုံတွေ့ရပါသည်။ မမြတ်သော်လည်း မရှုံးခဲ့ပါ။ ထို့ကြောင့် စာရေးသူ ခေါင်းထဲသို့ အတွေးတစ်ခု ယူဆချက်တစ်ခုက အပြေးဝင်ရောက်လာပါသည်။

အကယ်၍သာ စာရေးသူတစ်ယောက် ဘိုးဘိုးကြီးမိန့်ကြားသလို ရန်ကုန်တွင် သွားရောက် ဆောင်ရွက်ခြင်း မပြုပါက မိမိ၏ တေးစီးရီးလေးသည် ရောင်းချနိုင်ခွင့်မရပါဘဲ တဖြည်းဖြည်းနှင့် စိတ်ဝင်စားမှု လျော့ပါးလာပြီး တစ်ချပ်မျှပင် ရောင်းချမရသည်ဖြစ်ရကား ထုတ်လုပ်ထား၍ ကုန်ကျထားပြီးသော စရိတ်များအားလုံး ဆုံးပါးကာ အရှုံးကြီးရှုံးရမည်သာ ဖြစ်ပါသည်။ ယခုမူ အမြတ်မရှိ (နဂိုမူလကတည်းကလည်း မြတ်ရန် မဟုတ်ပါ) သို့သော် မရှုံးပါ။ ထို့ကြောင့် မိမိရပ်ရွာဒေသဖွံ့ဖြိုးရေးအတွက် ရည်ရွယ်လုပ်ဆောင်ခဲ့သော ဤတေးစီးရီးလေးက စရိတ်ကုန်ကျမှု မရှိဘဲ ထုတ်လုပ် ဖြန့်ချိနိုင်ခဲ့ပြီ ဟူသော အမြတ်က စာရေးသူအတွက် ထိုက်ထိုက်တန်တန်ရရှိခဲ့ခြင်းသာဖြစ်ပါတော့သည်။

သို့ကလိုကြောင့် စာရေးသူ အပါအဝင် ယုံကြည် ကိုးစားကြပါသော အများသူငါများအပေါ် မေတ္တာစေတနာဝေဖြိုးစွာနှင့် ကူညီစောင့်ရှောက် ဆောင်ကြဉ်းပေးသည့် မြိတ်မြို့အပိုင်စားစောင့်ရှောက်ရပါသော ဘိုးဘိုးကြီးအား စာရေးသူက ယခု 'မေတ္တာဝေဖြိုး မြိတ်ဘိုးဘိုးကြီး' ဟု ခေါင်းစဉ်ပြုသော ဤဆောင်းပါးဖြင့် ပူဇော်ကန်တော့အပ်ပါကြောင်း တင်ပြရင်းဖြင့် -

မေတ္တာဖြိုး

ဇေယျာစန်း (ရွှေမြိတ်)

www.burmeseclassic.com



...ရှာတော်ရှင်
...သပြေကန်ဆရာတော်ကြီး၏
...သားဖွယ်ရာ ဩဝါဒတော်များ
...ရှိုင်းလယ်စိန်ဝင်း

ထေရဝါဒဗုဒ္ဓသာသနာတော်တွင် ...တစ်ဆူ လတစ်စင်းပမာ ထင်လင်း ...ပေါ် တန်ခိုးကျော်ခဲ့သော ကျေးဇူး ...တော်ရှင် အဘိဓဇ သပြေကန်ဆရာ ...တော်ဘုရားကြီး အရှင်ဝါသေဋ္ဌာဘိဝံသ (၁၂၇၂-၁၃၅၆) ၏ မြွက်ကြား မိန့်ဆို ...တော်မူခဲ့ဖူးသော မှတ်သားဖွယ်ရာ ...ဒကထာတော်များကို ရှာဖွေဦးတင် ...ပြလိုက်ပါသည်။

ကြားခဲ့ဖူးသော စကားလေးပါ။

ကျားသေလျှင် သားရေတော့ ...ကျန်တယ်။ လူသေရင် နာမည်ကျန်ရ ...

လို့ ဆိုပါတယ်။

လောကကြီးမှာ အကြောင်း - အကျိုး၊ အကောင်း - အဆိုး ဟူသည် ဒွန်တွဲလျက်ရှိနေပါ၏။ အကောင်းကျန်ခြင်း သို့မဟုတ် အဆိုးကျန်ခြင်းတစ်ခုခုတော့ ဖြစ်မည်မှာ သေချာပါသည်။ လူသားအားလုံး နာမည်ကောင်းကျန်ခဲ့ဖို့ ကြိုးစားကြရပါမည်။ ကျွန်တော့်နှလုံးသားမှာ ကျောင်းသားဘဝကတည်းက သင်ခဲ့ရဖူးတဲ့ ဆရာဇော်ဂျီ၏ 'သင်သေသွားသော်' မည်သော ကဗျာလေးကို စွဲစွဲထင်ထင်ဖြစ်ခဲ့ရပါသည်။

ကဗျာလေးကို တင်ပြလိုက်ပါသည်။

✤ လူပြည်လောက
လူ့ဘဝကား
အိုရ နာရ
သေရဦးမည်
မှန်ပေသည်တည့်။
✤ သို့ပြီးတကား
သင်သေသွားသော်
သင်ဖွားသောမြေ
သင်တို့မြေသည်
အခြေတိုးမြင့်
ကျန်ကောင်းသင့်၏။
✤ သင်၏အမျိုးသား
စာစကားလည်း
ကြီးပွားတက်မြင့်
ကျန်ကောင်းသင့်၏။
✤ သင်ဦးချ၍
အမျှဝေရာ
စေတီသာနှင့်
သစ္စာအရောင်
ဉာဏ်တန်ဆောင်လည်း
ပြောင်လျက် ဝင်းလျက်
ကျန်စေသတည်း။

ယခုဆိုလျှင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခဲ့သည်မှာ (၁၇) နှစ်ရှိပေပြီ။ သို့ပါသော်ငြားလည်း ဆရာတော်ဘုရားကြီးထားရစ်ခဲ့သော ဩဝါဒစကားများ၊ အဆုံးအမများသည်ကား သီလရနံ့ မေတ္တာရနံ့တို့နှင့်အတူ ထက်-အောက်ညာတင် မွှေးပျံ့သင်းထုံနေဆဲပင် ဖြစ်ပါသည်။

စစ်မှန်သော ထေရဝါဒ ဗုဒ္ဓဘာသာဝင်အဖြစ် ပျိုးထောင်ရာ၌ သဒ္ဓါတရားချည်းသက်သက်ဖြင့် မလုံလောက်နိုင်ပါ။ သဒ္ဓါနှင့် ပညာ ယှဉ်မှသာလျှင် မိမိ၏အကျိုး၊ သာသနာ့အကျိုး နှစ်မျိုးစလုံးအတွက် တန်ဖိုးရှိသော တကယ့်ဗုဒ္ဓဘာသာဝင် ဖြစ်လာပေလိမ့်မည်။

'သဒ္ဓါဗုဒ္ဓဘာသာ၊ ပညာဗုဒ္ဓဘာသာလို့ နှစ်မျိုးရှိတယ်။ သဒ္ဓါဗုဒ္ဓဘာသာဆိုတာက မိရိုးဖလာ ဗုဒ္ဓဘာသာဖြစ်လို့သာ ဗုဒ္ဓဘာသာဖြစ်နေကြတာ၊ ဗုဒ္ဓဘာသာနဲ့စပ်ပြီးတော့ ဘာမှမည်မည်ရရ ကောင်းကောင်းမွန်မွန် သိတာ မဟုတ်ဘူး။

ပညာဗုဒ္ဓဘာသာ ဆိုတာက ဘုရားအကြောင်းသိတယ်၊ တရားအကြောင်းသိတယ်၊ သံဃာအကြောင်းသိတယ်၊ ကုသိုလ်ကောင်းမှုတွေရဲ့ အကြောင်းသိတယ်။ တော်တော်ရည်ရည်လည်လည် သိပြီးတော့ ဘုရားကိုးကွယ်ကြ၊ တရားကိုးကွယ်ကြ၊ သံဃာကိုးကွယ်ကြတဲ့ ပုဂ္ဂိုလ်တွေကျတော့ ပညာဗုဒ္ဓဘာသာခေါ်တယ်။ လောကမှာ သဒ္ဓါဗုဒ္ဓဘာသာသက်သက်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

ကုသိုလ်တော့ရတာပေါ့။ လေးလေးနက်နက်တော့ မရှိလှဘူး။ ဒါနပြုရင် ကောင်းကျိုးများများရတယ်လို့ နားမလည်ကြဘူး။ သီလဆောက်တည်ရင်လည်း ဘယ်လိုဆောက်တည်တာက အကျိုးရှိတယ်၊ သည်လို ကောင်းကောင်းရည်ရည်လည်လည် နားလည်တာ မဟုတ်ဘူး။

ဘာဝနာစီးဖြန်းလည်း အတူတူပဲ။ ကောင်းကောင်းမွန်မွန်နားလည်ရမယ်။ အဲသလို ဗုဒ္ဓဘာသာနဲ့ဆိုင်ရာ ဘယ်ကိစ္စပဲ ဆောင်ရွက်ဆောင်ရွက် နားလည်မှုတော့သိပ်မရှိလှဘူး။ ဒါပေမယ့် ကုသိုလ်တော့ သိကြတာပဲ။ အဲဒါမျိုးကို သဒ္ဒါဗုဒ္ဓဘာသာလို့ ခေါ်တယ်။ အဲသလို မဟုတ်ဘဲနဲ့ ကိုယ်က ဉာဏ်ရှိတယ်။ ဘုရားရဲ့တရားတော်တွေကို တတ်နိုင်သလောက် လေ့လာထားတော့ ဘယ်လိုရှုရင် အကျိုးရှိတယ်၊ ဘယ်လိုရှုရင် အကျိုးမရှိဘူး ဆိုတာ နားလည်တယ်။ ဘုရားကို ဘယ်လိုလှူရင် အကျိုးရှိတယ်၊ ဘယ်လိုလှူရင် အကျိုးမရှိဘူး ဆိုတာ နားလည်ထားတယ်။ အဲသည်တော့ နားလည်မှုဟာ အင်မတန်အရေးကြီးတယ်။ နားလည်မှုရှိမှ ကိုးကွယ်မှုဟာ လေးနက်တယ်။ လေးနက်မှအကျိုးလည်းကောင်းကောင်းရတတ်တယ်။ ဒါကြောင့် ပညာဗုဒ္ဓဘာသာဆိုတဲ့ ပညာရှိတဲ့ ဗုဒ္ဓဘာသာဖြစ်ဖို့ အရေးကြီးတယ်

ဟူသော ဩဝါဒ မြွက်ကြားချက်စကားသည် ဗုဒ္ဓဘာသာဝင်အားလုံးအတွက် တန်ဖိုးမဖြတ်နိုင်သော လိုက်နာမှတ်သားစရာပင်တည်း။

✤

ဆရာတော်လောင်းလျာ အရှင်ဝါသေဋ္ဌာဘိဝံသ နုစဉ်အခါ ရဟန်း (၂) ဝါအရက အမှတ်တရအဖြစ်လေးတစ်ခုပါ။ပဋ္ဌင်းငယ်ဘဝက မန္တလေးမြို့ စိန်ပန်းရပ်ရှိ အဘယာရာမ ကျောင်းတိုက်ကြီးတွင် အဘယာရာမ ဆရာတော်ကြီး အရှင်အဂ္ဂမဟာဘိဝံသ (၁၂၄၁-၁၃၀၅) ခြေတော်ရင်း၌ စာဝါလိုက်နေစဉ်အခါက ဖြစ်ပါသည်။

တစ်နေ့သော် အဘိဓဇသပြေကန်ဆရာတော်ကြီးလောင်းလျာ အရှင်ဝါသေဋ္ဌသည် သံဃာများ သုံးဆောင်ရန် လှူထားသော ထန်းလျက်တောင်းအတွင်းမှ ထန်းလျက်နှစ်ခဲကို နှိုက်ယူလိုက်မိပါသည်။ ထိုစဉ် အဘယာရာမတိုက်အတွင်း၌ နေထိုင်ပြီး အဘယာရာမဆရာတော်ကြီး၏ တူလည်းတော်စပ်ကာ ဝိနည်းကို နားလည် ကျွမ်းကျင်နေသော ကပ္ပိယ၊ ကျောင်းသားလေးက မြင်သွားရာ -

"အဲဗျာ - ဒီဦးပဋ္ဌင်းက ကိုရင်ဘဝနဲ့ ဝိနည်းငါးကျမ်းပါဠိတော်ကြီးတွေကိုအလွတ်ပြန်တယ်။ သံယုတ်ငါးကျမ်းလည်းအလွတ်ပြန်တယ်ဆိုသေး။ အကပ်မခံဘဲနဲ့ ထန်းလျက်တွေ နှိုက်ယူရသလား"

ဟု ဆိုလိုက်လေသည်။

ထိုအခါမှ ဆရာတော်လောင်းလျာက ချက်ချင်းပင် -

"အေး - ဟုတ်သားပဲ၊ ဦးပဋ္ဌင်းမှားသွားတယ်"

ဟု အမှားကို ရဲရဲဝံ့ဝံ့ ဝန်ခံပြောဆိုပြီး ထန်းလျက်နှစ်ခဲကို သင့်တော်ရာထားလိုက်ကာ အဘယာရာမဆရာတော်ကြီးထံတော်မှာပင် ဒေသနာကြားခဲ့လေသည်။

ဤသို့ ဝိနည်းသိက္ခာတော်နှင့်ပတ်သက်၍ အလေးထားခဲ့ဖူးသည့် ပြယုဂ်တစ်ခုကို ညွှန်းဆို ပူဇော်လိုပါသည်။

တစ်ခါသော် အဘိဓဇ မဟာရဋ္ဌဂုရု ပရိတ်ကြီးနိဿယသစ်ကျမ်းပြုသပြေကန်ဆရာတော်ကြီးသည် အပြင်ဘက်အလှူတစ်ခုမှပြန်ကြွလာရာ လှူဖွယ်ပစ္စည်း များစွာပါလာခဲ့၏။ ထိုစဉ် ကျောင်းပေါက်ဝရှိ ဓမ္မာရုံတွင် ဆရာတော်ကြီး၏ ကပ္ပိယ ဒကာကြီး ဦးဘငွေ ထိုင်နေသည်ကို တွေ့မြင်သည်နှင့် ခရီးရောက်မဆိုက်ပင် အနီးရှိ ကိုရင်တစ်ပါးကို -

"ဒကာကြီး ဦးဘငွေ သွားခေါ်ချေ"

ဟု စေခိုင်းလိုက်လေသည်။

ဒကာကြီး ရောက်လာသော် -

"ရော့-ဒကာကြီး၊ ဒီဓာတ်ဘူးသုံး'

ဟု အလှူမှရလာသောဓာတ်ဘူးတစ်လုံးကိုစွန့်တော်မူလိုက်သည်။ ဒကာကြီးမှာ ဝမ်းသာလှစွာဖြင့် ဆရာတော်စွန့်သော ဓာတ်ဘူးကိုယူ၍ ဓမ္မာရုံဘက်သို့ ပြန်သွားလေ၏။

ဒကာကြီး ထွက်သွားပြီးနောက် မကြာမီမှာပင် တိုက်အုပ်ဘုန်းကြီး ဦးခေမာစာရက အလှူမှရလာသော အခြားဓာတ်ဘူးတစ်လုံးတွင် 'ရွှေကျင်ကျောင်းတိုက်' ဟု ကမ္ပည်းစာသားပါရှိပြီး ဆရာတော်ကြီး၏ ဘွဲ့အမည်တော်မပါသဖြင့် ဖတ်ကြည့်နေရာ ဆရာတော်ကြီးက 'ဘာစာလဲ' ဟု မေးတော်မူသဖြင့် ထိုစာကိုပြလိုက်ရသည်။

ထိုစာဖတ်ပြီးလျှင် ပြီးချင်းပင် 'ဒကာကြီး ဦးဘငွေကို သွားခေါ်ချေ' ဟု ခိုင်း၍ ခေါ်ရပြန်ပါသည်။ ဒကာကြီး ရောက်လာသော် -

'ဒကာကြီး၊ ဘုန်းကြီးကို ပစ္စည်းလေးပါး ဖိတ်ဖူးတယ်နော်"

ဟု ဆရာတော်ကြီးက မေးရာ -

"ဖိတ်ဖူးပါတယ်ဘုရား"

ဟု ဖြေသည်။

"ဒါဆို ခုနက ဘုန်းကြီးပေးလိုက်တဲ့ဓာတ်ဘူးကို ဘုန်းကြီးအားပြန်လှူပါ"

ဟု မိန့်ဆို၍ မိမိစွန့်ခဲ့သောဓာတ်ဘူးကို ပြန်၍အလှူခံတော်မူခဲ့ပါသည်။

ဒကာကြီး ဦးဘငွေထံမှ 'ရွှေကျင်ကျောင်းတိုက်' စာတန်းပါ ဓာတ်ဘူးကို ပြန်ရလျှင် ဒကာကြီးအား ဆရာတော်ကြီးက မိမိသုံးစွဲနေသော အခြားဓာတ်ဘူးတစ်ဘူးကို အစားပြန်၍စွန့်တော်မူပါသည်။ စင်စစ်မူကား 'ရွှေကျင်ကျောင်းတိုက်' မည်သောကမ္ပည်းစာပါသဖြင့် ထိုဓာတ်ဘူးသည် ကျောင်းပိုင်သံဃာအားလုံးနှင့်ဆိုင်သော သံဃိကပစ္စည်း ဖြစ်ခဲ့လေပြီ။ သို့ပါသော်လည်း ကျောင်းသံဃာတို့က ဆရာတော်ကြီးအား သာသနာတော်အတွက် လည်းကောင်း ကျောင်းတိုက်အတွက် လည်းကောင်း ကျေးဇူးများသည့်ပုဂ္ဂိုလ်ကို သံဃိက[illegible] ဟု ဘဏ်ပစ္စည်းအား ပေးသင့်ပေးထိုက်[illegible] ၍ပေးလျှင် သံဃာတော်များက ကျေ[illegible] ကြကြောင်းကို ပန်ကြားထားပြီးဖြစ်သော်လည်း၊ ဆရာတော်ကြီးသည် သီ[illegible] ကာမပုဂ္ဂိုလ်ပီပီ အထက်ပါအတိုင်း သံဃိကပစ္စည်းကို စောင့်စည်း ထိန်းသိမ်း[illegible] တော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် ခမ်းခမ်းနား[illegible] နား ကြွားကြွားဝါဝါ မရှိပေ။ ၁၃[illegible] ပြည့်နှစ်အခါက ဖြစ်ပါ၏။ ရန်ကုန်[illegible] ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်[illegible] ပဓာနနာယကဆရာတော်ဦးကော[illegible] (ဘီအေဂုဏ်ထူး၊ လန်ဒန်။ ၁၂၈၁ - ၁၃၄၀) သည် လေနာရောဂါဖြင့် [illegible] တရက် ပျံလွန်တော်မူလေသော[illegible] ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်[illegible] များက မိမိတို့ဆရာတော်ကြီး၏ [illegible] အရ အရှင်ဝါသေဋ္ဌာဘိဝံဆရာ[illegible] ကြီးထံ ကျောင်းအပ်နှံလာကြ[illegible] သပြေကန်ဆရာတော်ကြီးက 'တ[illegible] တာဝန်ယူပေးမည်' ဟူသော ခံဝန်[illegible] ကျောင်းကို လက်ခံတော်မူပါသည်။

ပုဇွန်တောင် ရွှေကျင်ကျော[illegible] ဒကာတို့လည်း သပြေကန်ဆရာ[illegible] ကြီးသီတင်းသုံးရန် ရေချိုးခန်း၊ [illegible] ကို ဆောက်လုပ်ပြင်ဆင်ပြီးသော် [illegible]



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းကြီးတစ်ပါးနှင့် ဒကာကြီး န်းစိန်တို့ သပြေကန်ရွာသို့သွားကာ တော်ကြီးအား ပင့်လျှောက်ကြ၏။

ဆရာတော်ကြီးက လာမည့် နေ့ အားလပ်တော်မူသည်ဟု ဆိုလိုက်ရာ ထိုဥပုသ်နေ့ကို ကြွဆို ည်ဟု သိရှိခဲ့ရသည်။ ထိုစာချဘုန်း နှင့် ဒကာကြီး ဦးထွန်းစိန်တို့ ရန်ကုန် တောင် ရွှေကျင်ကျောင်းသို့ ပြန် ပြီးနောက် ရွှေကျင်ကျောင်းဒကာ သည် ဆရာတော်ကြွလာမည့်ဥပုသ် ရန်ကုန်ဘက် သီတာဆိပ်ကမ်းမှ ဆိုရန် အစီအစဉ်များ ပြုလုပ်ကြ ။ သို့သော် ဆရာတော်ကြီးက သူများအား အလုပ်ရှုပ်မခံလို၊ ကျယ်လိုသည်မို့ အဖိတ်နေ့ညနေ ရီသန်းစချိန်အတွင် ကပ္ပိယဦးလှစိုး နှင့်အတူ သန်လျင်မှ ရန်ကုန်ဘက် သို့ သင်္ဘောဖြင့်ကူးတော်မူ၍ ကမ်း ဆိပ်မှ အငှားသုံးဘီးကားဖြင့် ပုဇွန် ောင် ရွှေကျင်တိုက်သို့ ရောက်ရှိတော် ရာ သီတာဆိပ်ကမ်းမှ တခမ်းတ ကြိုဆိုမည်ဟု မျှော်မှန်းမှုမှာ ပျက် သွားခဲ့တော့သည်။

ဆရာတော်ကြီးသည် တလွဲဆံပင် ောင်းပြီး လမ်းမှားရောက်နေသူများကို ည်း ပဲ့ပြင်ပေးခဲ့၏။ ယုံကြည်မှုလွဲမှား ဘုရားထက် ပို၍ရိုသေလေးစားသူ များအား-·

"အချို့ ဘုရားဆွမ်းတော်ကပ်ရန် ား သတိမရ၊ နတ်ပွဲကိုကား ငှက်ပျော မနွမ်းရအောင် တရိုတသေ တယု သပြုစု ပ,သကြ၏။ ဘုရားထက်ပို၍ သေလေးစားသော ပူဇော်မှုမျိုးကား ဗုဒ္ဓဘာသာမပီသမှုကိုဖော်ပြခြင်း ရာ ထိုအမှုမျိုးကိုရှောင်ရှားရန် သတိ လိုအပ်ပေသည်'

ဟု သတိပေးထားခဲ့ပါသည်။

မြတ်ဗုဒ္ဓ၏တရားတော်များသည် သားတို့အတွက် ဘဝနေနည်းလမ်း န်များ ဖြစ်၏။ လူသားတို့၏ ပစ္စုပ္ပန် သရာ နှစ်ဖြာအကျိုးအတွက် အပြည့် အကောင်းမွန်ဆုံးသော လမ်းညွှန်ချက် များလည်း ဖြစ်ပါ၏။ မွေးရာပါဇာတိအရ စိတ်ရင်းကောင်းသူပင် ဖြစ်လင့်ကစား တရားဓမ္မ၏ အကူအညီမပါဘဲ နည်း စနစ် ကျနမှန်ကန်စွာဖြင့် တိုးတက်ဖွံ့ဖြိုး နိုင်မည် မဟုတ်ကြောင်းကို -

"အဲ - အရေးကြီးတာက တရားပဲ။ တရားသည်သာ လူ့အသက်။ တရား မရှိဘူးဆိုရင် ဒီလူဟာ အသက်ရှင်နေ ပေမယ့် အသေပဲ။ တရားရှိရင် ဟော-လူအရှင်ပဲ။ အဲဒါကြောင့် ဓမ္မတရားဆို တာ အင်မတန် အရေးကြီးတယ်။ တရား ဆိုတာ ကုသိုလ်တရား။ ကုသိုလ်တရား ရှိဖို့အရေးကြီးတယ်။ အဲဒီဓမ္မကလေး ပါမှ မိမိတို့ဘဝဟာ စိတ်ချရတယ်။ အဲ-လူတစ်ယောက်ဟာ ကောင်းနေတယ်။ သို့သော် ဓမ္မကြောင့် မဟုတ်ဘူး၊ တရား ကြောင့်ကောင်းနေတာ မဟုတ်ဘူးဆို ရင် အဲဒီပုဂ္ဂိုလ်ရဲ့ကောင်းခြင်းဟာ တယ် စိတ်မချရဘူး။ တရားပါမှ"

ဟူ၍ အဆုံးအမပေးတော်မူခဲ့ပါ သည်။

လောက၌ 'ဓမ္မစစ်' ရှိသလို 'ဓမ္မ အတု'လည်းရှိပါ၏။ 'သူတော်ကောင်း အစစ်' ရှိသလို 'သူတော်ကောင်းအတု' တွေလည်း ရှိနေပါ၏။ အစစ်နှင့် အတု ကို မခွဲခြားတတ်လျှင် လောက၌ အဆုံး အရှုံးနှင့်တွေ့ကြုံရတတ်၏။ လောကုတ္တ ရာ၌ကား ဆိုဖွယ်ရာမရှိပြီ။ အစစ်နှင့် အတုကို ခွဲခြားဆုံးဖြတ်နိုင်သည့် တစ်ခု တည်းသော မှတ်ကျောက်ကား 'ထေရ ဝါဒပိဋကတ်တော်' များ ဖြစ်၏။ အစစ် နှင့် အတုကို ခွဲခြားဖေဖန်တတ်စေရန် သပြေကန် ဆရာတော်ဘုရားကြီးက ဤသို့ သတိပေးတော်မူခဲ့ပါ၏။

"သူတော်ကောင်းတို့သည် လည်း ကောင်း၊ သူယုတ်မာတို့သည် လည်း ကောင်း ဂုဏ်အားဖြင့် ကွဲပြားခြင်းနား လျက်ရှိကြသော်လည်း မဝေခွဲတတ်၊ အကဲမဖြတ်တတ်သူတို့ထံ၌ကား ကွဲ ပြားခြင်းသို့ မရောက်နိုင်ပါပေ။ ထိုသို့ မခွဲတတ်ဘဲ မသိမလိမ္မာသောကြောင့် ပင် ထိုသူတို့မှာ သပ္ပုရိသပနိဿယ စသော အကျိုးတရားမှ ကင်းကွာရ၏"

ဟူ၏။

ဆရာတော်ကြီး၏ အံ့ချီးဖွယ်ရာ တင်းတိမ်ရောင့်ရဲနိုင်မှု၊ လောဘသက္ကာ ယကင်းပမှုကိုလည်း တင်ပြ ပူဇော်လို ပါသည်။ အချိန်အခါကား ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်အတွင်း၌ သာမု ဇနာနန္ဒတိုက်ကျောင်းကြီး ဆောက်လုပ် နေစဉ်က ဖြစ်ပါသည်။ ထိုဆောက်လုပ် နေဆဲကျောင်းများနှင့်စပ်၍ ဆရာတော် ကြီးသည် မအပ်မစပ်ဖြစ်မည်ကို စိုးရိမ် တော်မူသဖြင့် တိုက်အုပ်ဘုန်းတော်ကြီး ဦးခေမာစာရကို အပင့်ခိုင်းပြီး -

"ဦးခေမာ၊ တချို့တချို့သော ကျောင်းတွေ ဘုန်းကြီးရဲ့ပစ္စည်းဝတ္ထုများ မပါလို့ နိဿဂ္ဂိတော့ မထိုက်ပါဘူး။ ဒါပေမယ့် မအပ်မရာတွေ ဝင်စီစဉ်မိလို့ ဒုပ္ပစာရိတဒုက္ကဋ်အာပတ်သင့်နိုင်တယ်၊ ဒါကို သတိထားပါ။ ခနိမ်းနဲ့ နေ့ရနေရ၊ စင်ကြယ်တာ အကောင်းဆုံးပဲ"

ဟု မိန့်တော်မူပါသည်။

(ဒုပ္ပစာရိတ - မကောင်းသဖြင့် စီမံအပ်သော။)

ခေတ်ကာလအလျောက် ငွေ ကြေးကို ကိုယ်တိုင် အလျှုခံ၍ လည်း ကောင်း၊ ဝိနယာနုလောမ မဟုတ်သော ကာယ, ဝစီ, ပယောဂ စိုက်စွက်၍ လည်းကောင်း ကျောင်း၊ ကန်ဆောက် လုပ်နေကြသောအခါမျိုးတွင် ဤသို့ မိန့်ဆို တားမြစ်ခဲ့သည်မှာ အံ့ချီးဖွယ်ရာ ပင် ဖြစ်နေပါတော့သည်။

ထိုသာမုဇနာနန္ဒကျောင်းတော်ကြီး ဆောက်လုပ်စဉ်ကာလကပင် ဖြစ်ပါ၏။ ထိုအခါက ဆရာတော်ဘုရားကြီးသည် ကျောက်ပုံတောရဝိနိစ္ဆယနှင့်စပ်၍ နိုင်ငံ တော် သီးခြားဝိနည်းဓိုရ်အဖွဲ့တွင် ပါဝင် တော်မူရလေရာ ထိုဝိနိစ္ဆယပြုရသော ကာလအတွင်း ကမ္ဘာအေးကုန်းမြေ ပုဗ္ဗ ဝိဒေဟကျောင်းဆောင်၌ သီတင်းသုံး ဝါကပ်နေတော်မူခဲ့ရပါသည်။

ထိုအခါက ပုဗ္ဗဝိဒေဟကျောင်း ဆောင်အောက်ထပ်တွင် သာသနာရေး ဦးစီးဌာနမှ တာဝန်ရှိသူတို့သည် ရန်ကုန် တိုင်းဒေသကြီးအတွင်းမှာ ကျောင်း ဆောက်လုပ်ရာတွင် အသုံးပြုနိုင်ရန် သွပ်ပြားချပ်ဝယ်ယူခွင့်ခွဲတမ်းပါမစ်များ ပေးနေ၏။ သပြေကန်ဆရာတော်ကြီး၏ ပုဇွန်တောင် ရွှေကျင်ကျောင်းအတွင်း၌ လည်း သာမုဇနာနန္ဒကျောင်း ဆောက် လုပ်နေလျက်ရှိရာ ထိုကျောင်းအတွက် သွပ်ပြားများ လိုနေ၏။ ဆရာတော်ကြီး သည် သွပ်ပြားပါမစ်ချပေးသူ ရုံးမှဒကာ တို့နှင့် ညနေတိုင်းလိုလို တွေ့ဆုံနေရ သော်လည်း ကျောင်းတွင် သွပ်ပြားလို အပ်နေကြောင်း တစ်လုံးတစ်ပါဒမျှ မိန့် ဆိုတော်မူခဲ့ခြင်း မရှိခဲ့ပေ။

ဤသို့ ပုဗ္ဗဝိဒေဟ၌ သွပ်ပြား ပါမစ်ပေးနေကြောင်းကို ပုဇွန်တောင် ရွှေကျင်ကျောင်း သာသနာ့ပါလအဖွဲ့မှ ဒကာများကြားသိလျှင် ကျောင်းအတွက် သွပ်ပြားလျှောက်လွှာလာတင်ကြသည်။ ထိုအခါ ရုံးမှတာဝန်ရှိသူက -

"ဟင် - ဆရာတော်ကြီးနဲ့ ညနေ ပိုင်းတွေ့နေတာပဲ၊ ဘာမှလဲ အမိန့်မရှိ ပါလား"

ဟု တအံ့တသြပြောကြလေ၏။

သည့်နောက် ထိုလျှောက်လွှာ၌ ကျောင်း၏ မဟာနာယက ဖြစ်သော ဆရာတော်ကြီး၏ လက်မှတ်ပါရမည်၊ လက်မှတ်ထိုးခဲ့ပါဟု မှာကြားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

သာသနာ့ပါလအဖွဲ့မှ ဒကာများက ဆရာတော်ကြီးထံသို့ သွားရောက်၍ လက်မှတ်ကို တောင်းခံခဲ့ကြပေသည်။

ထိုအခါ ဆရာတော်ကြီးက -

"ဘုန်းကြီးလက်မှတ်ပါမှ ဒီကျောင်းကပြီးမှာလား"

ဟုသာ အမိန့်ရှိတော်မူပါသည်။

သာသနာ့ပါလဒကာတို့မှာ ဆက်၍ မလျှောက်ဝံ့ဘဲ ပြန်ခဲ့ကြပါသည်။ ဆရာတော်ကြီးလက်မှတ်ကိုမူ ကျောင်းဆောက်ပြီး၍ အမိုးများအားလုံးမိုးပြီးသည့်တိုင် မရခဲ့ပေ။

✤

ပဏ္ဍိတ(ပညာရှိ)ဟူသော ပုဂ္ဂိုလ်သည် မည်သို့တိုးပွားအောင် ကြိုးစားရမည်ကိုလည်း ရှင်းလင်း မိန့်ကြားခဲ့ပါ၏။

"မျက်မှောက်ဘဝအကျိုး၊ တမလွန်ဘဝအကျိုး၊ ဒီအကျိုးနှစ်ပါးကို မမေ့မလျော့တဲ့ပုဂ္ဂိုလ်သာ ရနိုင်ပါတယ်။ မေ့လျော့နေတဲ့ပုဂ္ဂိုလ်တွေအဖို့ မရနိုင်ဘူး။ မမေ့မလျော့တဲ့ အပ္ပမာဒတရားရှိမှသာ မျက်မှောက်ဘဝ အကျိုးရအောင် ကြိုးစားနိုင်တယ်။ တမလွန်ဘဝ အကျိုးရအောင် ကြိုးစားနိုင်တယ်ဆိုရင် အဲဒီပုဂ္ဂိုလ်မျိုးကို ဘုရားရှင်က 'ပဏ္ဍိတလို့ နာမည်ပေးတော်မူခဲ့တယ်။

လောကမှာ စာပေအတတ်ပညာတွေ တတ်မြောက်တဲ့ပုဂ္ဂိုလ်ကို ပဏ္ဍိတလို့ တစ်မျိုးတစ်ဖုံအားဖြင့် ခေါ်နိုင်သောလည်း ဒီပဏ္ဍိတဆိုတာက အဲသလိုတတ်တဲ့ ပုဂ္ဂိုလ်သာမည မဟုတ်ဘူး၊ ကုသိုလ်တရားတွေ တိုးပွားအောင် ကြိုးစားနိုင်တဲ့ပုဂ္ဂိုလ်ကို ပဏ္ဍိတလို့ နာမည်သတ်မှတ်တော်မူတယ်"

ဟူ၍ ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်း ဟောကြားတော်မူခဲ့ပါ၏။

'ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရိံ'

တရားကို ကျင့်သုံးစောင့်ရှောက်သူအား တရားက ပြန်လည် စောင့်ရှောက်ပေလိမ့်မည်။

ဤသည်မှာ အနှိုင်းမဲ့ ကိုးကွယ်ရာ ရှင်တော်မြတ်ဘုရားက ခိုင်လုံသော အာမခံချက်ပေးထားခြင်းပင် ဖြစ်ပါ၏။

ဆရာတော်ကြီးကလည်း -

"မိမိက တရားကိုကျင့်လျှင် အဲဒီတရားက မိမိကိုချမ်းသာအောင် ဆောင်ရွက်ပေးတယ်။ အဲဒါ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ နှုတ်ထွက်စကား။ ဘယ်တော့မှ မမှားဘူး၊ တကယ်မှန်တယ်။ တရားသာ ကိုယ်က ကျင့်ပါ။ ကျင့်ရင် အဲဒီတရားက ဘယ်တော့မှမနေဘူး။ အလကားမဖြစ်ဘူး။ တရားကျင့်တဲ့ကိုယ့်တရားရှင်ကလေးကို သူကစောင့်ရှောက်ပေးတာပဲ။ ဒီဘဝချမ်းသာနဲ့လည်း စောင့်ရှောက်ပေးတယ်။ နောက်ဘဝချမ်းသာနဲ့လည်း စောင့်ရှောက်ပေးတယ်။ အရာအမျိုးမျိုးတို့နဲ့ စောင့်ရှောက်ပေးတယ်"

ဟူ၍ ဩဝါဒပေးတော်မူခဲ့ပါ၏။

လောကကြီးတွင် လူအမျိုးမျိုးရှိပါ၏။ အကျိုးပေးလည်း အမျိုးမျိုး၊ စရိုက်လည်း အမျိုးမျိုးရှိကြ၏။ ဆင်းရဲ၊ ချမ်းသာ ကွာဟကြ၏။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဆင်းရဲ၊ ချမ်းသာကွာဟသည် ရှိသကဲ့သို့ ကိုယ်ကျင့်သိက္ခာဆိုင်ရာ ဆင်းရဲ၊ ချမ်းသာသည်လည်း ကွာဟကြကုန်၏။ မနေ့ဥစ္စာများစွာ ကြွယ်ဝချမ်းသာကြသော်ငြားလည်း ကိုယ်ကျင့်သိက္ခာတွင် ချွတ်ခြုံကျနေသူတွေလည်း များလှပါ၏။ ဘဝရပ်တည်ရေးအတွက် ရုန်းကန်ကြိုးစားကြရပြီး မနေ့ဥစ္စာဆင်းရဲသော်လည်း ကိုယ်ကျင့်သိက္ခာ ခိုင်မာတည့်မတ်သူတွေလည်း ရှိပါ၏။ ကိုယ်ကျင့်သိက္ခာ ခြစားနေလျှင် သံသရာအရေးစိတ်မအေးရပါ။ ကိုယ်ကျင့်သိက္ခာဖြူစင်လျှင် သံသရာမဆင်းရဲနိုင်ပါ။ သိက္ခာနှင့် ရိက္ခာကို မလဲလှယ်မိပါစေနှင့်။

စင်စစ် ကိုယ်ကျင့်သိက္ခာနှင့် သူတော်ကောင်းတရားများကို အတွင်းသန္တာန်၌ မြတ်မြတ်နိုးနိုး သိုမှီးသိမ်းဆည်းထားသူများသည် ဥစ္စာဆင်းရဲနေစေကာမူ 'မဆင်းရဲသူ' များ ဖြစ်ကြောင်းကို ဆရာတော်ဘုရားကြီးက -

"လောကမှာ သူတော်ကောင်းဥစ္စာရတနာများရှိနေရင် မဆင်းရဲတဲ့ပုဂ္ဂိုလ်။ ပစ္စည်းဘယ်လောက်ဆင်းရဲရဲ ဆင်းရဲ၊ သူဟာ မဆင်းရဲတဲ့ ပုဂ္ဂိုလ်ဘဲ။ ဘာကြောင့်တုံးဆိုရင် နောက်ကို ချမ်းသာမှာကိုး။ အဲဒီပုဂ္ဂိုလ်ရဲ့ အသက်ရှင်နေထိုင်ရခြင်းဟာလည်း အချည်းနှီး အသက်ရှင် နေထိုင်ရခြင်းမျိုး မဟုတ်ဘူး။ တကယ့်ကို အကျိုးရှိတဲ့ အသက်ရှင် နေထိုင်ရခြင်းမျိုး ဖြစ်တယ်။ ဒီလိုပဲ ဘုရားရှင်က ဟောခဲ့တယ်။ ဒါကြောင့် ထိုသူတော်ကောင်း ဥစ္စာရတနာတွေ ထူထောင်ကြ"

ဟူ၍ အဆုံးအမဩဝါဒပေးတော်မူခဲ့ပါ၏။

✤

ကျက်သရေ ဟူသည် အဘယ်နည်း။ ကျက်သရေရှိအောင် ဘယ်လိုဆောင်ရွက်ရမည်ကိုလည်း ဆရာတော်ကြီးက ကျက်သရေနှင့် စပ်လျဉ်း၍ ညွှန်ပြ ရှင်းလင်းထားပုံမှာ -

"ကျက်သရေ ဆိုတာ ဘာလဲ။ ကောင်းမှုတွေရှိရင် ကျက်သရေရှိတယ်၊ ကုသိုလ်ကောင်းမှုတွေကို အကြောင်းပြုပြီးတော့ ရွှင်ရ ပြုံးရ ပျော်ရခြင်းဟာ ကျက်သရေရှိတယ်။ အဲဒီကျက်သရေဆိုတာ ကိုယ်သာသိတာ မဟုတ်ဘူး၊ ဘေးကလူတွေ ကြည့်လိုက်ရင်လည်း သိတာပဲ။ ကုသိုလ်ကြောင့်ဖြစ်တဲ့ ပီတိမျိုးတွေဖြစ်နေကြတဲ့ ဒကာ၊ ဒကာမတွေရဲ့မျက်နှာ, အပြောအဆို, အပြုအမူတွေဟာ ကျက်သရေတွေ တိုးနေကြတယ်။ 'ကျက်သရေ ဆိုသည်မှာ ကောင်းမှုနှင့် ပညာ၏အမည်ပါ' လို့ မူလဋီကာဆရာကြီးက ဖွင့်ထားတာရှိတယ်။ ကောင်းမှုတွေရှိရင် ကျက်သရေရှိတာပဲ" ဟူ၏။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဒါနသီလ၊ ဘာဝနာမှုများကို ထက်ထက်သန်သန် ပြုကျင့်ကြဖို့ လိုပါသည်။ သို့မှသာလျှင် မိမိတို့ ကံကောင်းထောက်မစွာ ရရှိထားသော 'ဗုဒ္ဓဘာသာဝင်' တည်းဟူသော ဘဝကို အကျိုးရှိရှိ ထိထိမိမိ အသုံးပြုရာရောက်ပေလိမ့်မည်။ ဤသည်နှင့်စပ်လျဉ်း၍ ကျေးဇူးတော်ရှင် ဆရာတော်ကြီး၏ အဆုံးအမတော်မှာကား -

"ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေအဖို့ ကုသိုလ်ကောင်းမှုတွေ ကြိုးစားပြုနေကြတာ ဖြစ်သောကြောင့် မိမိတို့ တွေ့ကြုံနေရတဲ့ သာသနာတော်မြတ်ကြီးဟာ အင်မတန်ထူးခြားတာမို့ မိမိတို့ ကျင့်ကြံ အားထုတ်ရတဲ့တရားတွေကလည်း တရားကောင်း တရားမြတ်တွေဖြစ်ပြီး အလွန်ပဲ ထူးကောင်းကြတယ်။ ဘယ်လောက်ပဲ သေခြင်းဘက်နီးနီး မိမိအဖို့တော့ တရားတွေနဲ့ မပြတ်၊ ဒါန သီလဘာဝနာတွေ မပြတ်အားထုတ်ရတာကြောင့် ကံကောင်းလှချည်းပဲ။ ကောင်းမှုရှိတဲ့ပုဂ္ဂိုလ်တွေအဖို့ သေရမှာမကြောက်ကြဘူး။ နောက်ဘဝရောက်ရမှာကိုလည်းမကြောက်ဘူး။ ငါ့မှာ ကုသိုလ်တွေရှိတယ်၊ ကောင်းမှုတွေရှိတယ်။ နောက်နောက်ကာလက ဆည်းပူးခဲ့တာတွေရှိတယ်။ ယခုလည်း ဆည်းပူးနေဆဲ ဖြစ်တယ်။ ဒါကြောင့် ဘယ်ဘဝရောက်ရောက်၊ ကြောက်စရာ မလိုဘူးဆိုတဲ့ ရဲတဲ့စိတ်မျိုးရှိကြတယ်"

ဟူသော ဘာသာတရား၏ အားဆေးကို ဗုဒ္ဓဘာသာဝင်တပည့် ဒကာ ဒကာမများအား တိုက်ကျွေးထားခဲ့သည်မှာ အမှန်ပင်အားရှိခဲ့ပါပေသည်။

ကုသိုလ်ကောင်းမှုတို့နှင့် ထုံမွှမ်းထားနိုင်သူတို့အတွက် အသက်ရှည်ကြီးပွားခြင်း အထောက်အပံ့ရနိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်း ဆရာတော်ကြီးက ဩဝါဒခြွေရာမှာ -

"လောကမှာ ဒါနဖြစ်ဖြစ်၊ သီလဖြစ်ဖြစ်၊ ဘာဝနာဖြစ်ဖြစ် ကုသိုလ်ကောင်းမှုတွေပြုကြတဲ့အခါမှာ မိမိတို့ကုသိုလ်ဘိုးတက်အောင်၊ အစွမ်းရှိအောင်၊ အထုံရအောင် ကြိုးစားပေးရတယ်။ ကုသိုလ်ဆိုတာ ပြုပြီးရင် ပြီးပြီးပျောက်ပျောက် သဘောမထားရဘူး။ အဲဒီကုသိုလ်တွေကို မိမိက ဘယ်လောက် အောက်မေ့သတုံး။ ထုံပေးသည်နှင့်အမျှ မိမိမှာ အဲဒီကုသိုလ်တွေ မိမိထုံပေးလိုက်သလို အစွမ်းရှိတဲ့ကုသိုလ်တွေ ဖြစ်ပြီးတော့ ဒီဘဝမှာလည်း တစ်နည်းတစ်လမ်းအားဖြင့် အသက်ရှည်ဖို့၊ ပစ္စည်းဉစ္စာ တည်ဆဲဖို့ တိုးပွားဖို့ အထောက်အပံ့ပေးနိုင်တယ်"

ဟူသော အဆုံးအမကို လိုက်နာကျင့်သုံးအပ်ပါ၏။

ဆရာတော်ကြီးသည် မဟုတ်သောဂုဏ်ကိုလည်း ဟုတ်သယောင်မပြု၊ အရှိကို အမှန်အတိုင်းသာ လက်ခံကျင့်ကြံပုံအား ပူဇော်တင်ပြပါဦးမည်။

ရန်ကုန်မြို့ ပုဇွန်တောင် ကျီတော်ရပ်ရှိ ရွှေကျင်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသော ပရိတ်ကြီးနိဿယသင်္ကမ်းပြု အရှင်ဝါသေဋ္ဌာဘိဝံသ ဆရာတော်ကြီးအား ၁၃၄၆ ခုနှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ် လှူဒါန်းခြင်းကို အကြောင်းပြု၍ တပည့်များစုပေါင်းကာ အခမ်းပူဇော်ပွဲ ပြုလုပ်ကြသည်။

ထိုအခါ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ မေဃဝတီကျောင်းဆရာတော်ဦးဥက္ကလည်း ဂုဏာပူဇာစာတမ်းတစ်စောင်ရေးသားရာတွင် ထိုစာတမ်း၌ သပြေကန်ဆရာတော်ကြီးလောင်းလျာဘဝကာလစဉ်က ရပ်ရွာ၌ ကောင်းကင်ယံမှ ကြွေကျသည်သံ၊ စည်မောင်းသံ၊ တူရိယာသံများ ကြားကြရ၏' ဟူသော အချက်တစ်ချက် ဆရာတော်ကြီး၏ ဂုဏ်ရည်ကို ချီးမွမ်းကာ ထည့်သွင်း ရေးသားခဲ့ပေသည်။

ထိုစာသားကို ဆရာတော်ကြီး ကြားသိတော်မူရသော် 'ဟုတ်ကိုမဟုတ်သော အတိအလင်း ငြင်းဆိုတော်မူပါသည်။' ပြီးလျှင် ကျောင်းဘုန်းကြီးတစ်ပါးကို စာတမ်းရေးသူ ဆရာတော်ဦးပရမထံ စေလွှတ်၍ စာပိုဒ်ကို ပြင်ဆင်စေလိုက်သည်။ ဆရာတော် ဦးပရမက ထိုစာပိုဒ်ကို ပြင်ဆင်ရန် လာ၍လျှောက်ထားသော ဘုန်းကြီးအား -

"ဟုတ်နိုင်ပါတယ် ဘုန်းကြီးရာ၊ ဆရာတော်ကြီး မသိလို့ရှိမှာပေါ့။ ဒါပေမယ့် ကာယကံရှင်ဖြစ်တဲ့ ဆရာတော်ဘုရားက မကြိုက်မှတော့ ပြင်ရမှာပေါ့ဗျာ"

ဟု မိန့်ဆိုပြီး သပြေကန်ဆရာတော်ကြီး သီတင်းသုံးတော်မူရာ ရွှေကျင်တိုက်ဆီသို့ မျက်နှာမူ၍ ဦးသုံးကြိမ်ကျကျနနချပြီးလျှင် 'ကောင်းကင်ယံက တူရိယာသံကြားသည်' ဟူသော စာပိုဒ်ကို ပယ်ဖျက် ပြင်ဆင်ပေးခဲ့ရပေသည်။

ဗုဒ္ဓဘာသာဝင်တိုင်းတွင် ဗုဒ္ဓသာသနာတော်မြတ်ကြီး စည်ပင် တိုးတက်အောင် ဆောင်ရွက်ရန် တာဝန်ကိုယ်စီရှိကြောင်းကိုလည်း ဆရာတော်ကြီးက ဤသို့ သတိပေး ဆုံးမတော်မူခဲ့ပြန်ပါသည်။

"အခုဆိုရင် မြန်မာပြည်မှာသာမက ကမ္ဘာကိုတောင် လွှမ်းနေကြပြီ။ ဗုဒ္ဓသာသနာတော်ကြီး ကမ္ဘာမှာ ပြန့်ပွားအောင်ဆိုပြီးတော့ ရည်ရွယ်ချက်နဲ့လှုပ်ရှားနေကြတာကြောင့် နောင်အခါ မြန်မာပြည်ကြီးကို အမှီပြုပြီးတော့ ကမ္ဘာမှာ ဗုဒ္ဓမြတ်စွာသာသနာတော် ထွန်းကားမယ့် အရိပ်အယောင်တွေကို မြင်နေရပြီ။ အဲဒီလို နောက်နောင်က တာဝန်ကျေခဲ့သလို ရှေ့ကိုလည်း ဒီလိုပဲ တာဝန်ကျေသွားမယ်ဆိုရင် ဘုန်းကြီးတို့ မြန်မာပြည်ဗုဒ္ဓသာသနာတော်ကြီးဟာ မြန်မာပြည်သာမက ကမ္ဘာထိအောင် လွှမ်းနိုင်ကြပေလိမ့်မယ်။ ဒါကြောင့် သာသနာတော်ကို မှီပြီးတော့ ဘုန်းကြီးတို့အကျိုးရခဲ့ကြတယ်။ ထို့အတူပဲ ဒီသာသနာတော်ကို အမှီပြုပြီးတော့ ဘုန်းကြီးတို့ရဲ့နောင်လာနောက်သား မိမိတို့သားကလေး၊ မြေးကလေး၊ မြစ်ကလေးတွေထိအောင် လွှမ်းမျော်ပြီးတော့ ဗုဒ္ဓသာသနာတော်ကြီး ကြီးပွားသည်ထက်ကြီးပွားအောင်၊ စည်ပင်သည်ထက် စည်ပင်အောင်၊ မဆုတ်ယုတ်အောင်တို့မှာ တာဝန်ရှိတယ်လို့ တာဝန်ကိုယ်စီ နားလည်ပြီးတော့ ပိုမိုတိုးပွားအောင် ကြိုးစား ချီးမြှောက်နိုင်ဖို့ အရေးကြီးတယ်"

ဟု ဗုဒ္ဓဘာသာဝင်တို့၏ တာဝန်ကို လှစ်ဟ မြွက်ကြားသွားခဲ့ပါသည်။

အမှန်မှာမူ ဗုဒ္ဓဘာသာဝင်မှန်သမျှ ဘုရားရှင်၏အဆုံးအမတော်များကို ပျံ့နှံ့နိုင်သမျှ ပျံ့နှံ့စေရန် သာသနာ့ဝန်ထမ်းရဟန်းသံဃာများသာမက ဘာသာရေးစာရေးဆရာများ၊ ဓမ္မစာကြည့်တိုက်များ၊ ဓမ္မတရားခွေများအား မြို့ပြဒေသတွင်သာမက ကျေးလက်နေပြည်သူများ အထိပါအရောက် စွမ်းဆောင်အားထုတ်နိုင်ပါလျှင် ဆရာတော်ကြီး မိန့်ကြားခဲ့သည့်အတိုင်း သာသနာစည်ပင်ပွားစီးလာမည် ဖြစ်ပါသည်။ ဘုရားရှင်၏ကျေးဇူးတော်ကိုလည်း ဆပ်ရာရောက်ပေလိမ့်မည်။

အဆုံးဆိုရပါလျှင် ဆရာတော်ကြီး၏ ဂုဏ်သတင်းနှင့် သီလရနံ့သည် ထက်-အောက် လေညာ ပျံ့မွှေးလျက်ရှိနေပါသည်။ ယနေ့ဆိုလျှင် နှစ် (၁၀၀) ရာပြည့်ထိတိုင် ပွင့်လန်းနေဆဲ၊ မွှေးပျံ့နေဆဲ၊ ဩဝါဒစကားများသည် ပဲ့တင်လွင့်ပျံ့နေဆဲပင် ဖြစ်ပါသည်။

ကျွန်တော်တို့သည် လောက၏ ဧည့်သည်များသာ ဖြစ်ပါ၏။ လူ့ဘဝတွင် ကျင်လည် နေထိုင်စဉ်အခိုက် အိမ်ရှင်လောကအပေါ် ဧည့်ကောင်းသဖွယ် ဆက်ဆံသူရှိသကဲ့သို့ ဧည့်ဆိုးသဖွယ် ဆက်ဆံသူတို့လည်းရှိပါသည်။ ဆိုးသူတို့ကား လူမသေခင်ကပင် အမည်သေကာ လောကကြီးမှ ထွက်ခွာပြီးနောက်လည်း သူတို့၏ မကောင်းသတင်းအပုပ်နံ့သည် ကျင်လည်ခဲ့ရာ ဝန်းကျင်တစ်ခွင်တွင် ထောင်းထောင်းထ ကျန်ရစ်ခဲ့ရလေ၏။

ဧည့်ကောင်းသဖွယ် နေထိုင်ခဲ့သူတို့ကား မသေခင်ကပင် အမည်ဂုဏ်သတင်း မွှေးထုံသင်းပျံ့လျက် လောကကြီးမှထွက်ခွာပြီးနောက်လည်း သူ့အမည် သူ့ဂုဏ်ရှိန် သူ့သတင်းသည် မညှိုးမမှိန် ထိန်ထိန်လင်း၍သာ ကျန်ရစ်ခဲ့ပေသည်။

ဆရာတော်ကြီး မိန့်ကြားခဲ့ သော ဩဝါဒစကားအရ -

"ဂုဏ်ဆိုတာရှိတယ်။ ခန္ဓာကိုယ်ကြီးက ပျက်စီးသွားပေမယ့် ဂုဏ်ဆိုတာကတော့ ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေစေရဘူး။ လူသေပေမယ့်နာမည် မသေစေရဘူး" ဟူ၍။

ဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းကား ကမ္ဘာတည်သရွေ့၊ ကမ္ဘာကုန်ကျယ်သရွေ့ ထာဝစဉ် မွှေးပျံ့ထုံသင်း ပြည့်ဝသော လမင်းပမာ ထိန်ထိန်လင်းလျက်သာရှိနေဦးမည် ဖြစ်ပါတော့သည်။

ပန်းမြိုင်လယ်-စိန်ဝင်း

ကျမ်းကိုး -

၁။ မင်းနန်(မော်ကျွန်း)၏ ဆရာတော်ကြီးများ၏ ဩဝါဒတော်များပေါင်းချုပ်

၂။ ဦးအောင်မွန် (မြတ်ဆုမွန်) ၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ



www.burmeseclassic.com

www.burmeseclassic.com

များလည်းရှိ၏။

စိတ်ပညာရှင်များက ဤသို့ဆိုကြ၏။

အိပ်မက် ဟူသည် မသိစိတ်တွင် ကိန်းအောင်း သို့ဝှက်နေတတ်သည်။ လူတို့အိပ်ပျော်နေချိန်ဝယ် အသိစိတ်ကင်းမဲ့နေတတ်သည်။ ထိုအချိန်၌ မသိစိတ်တွင် ကိန်းအောင်းနေသမျှတို့ စိတ်ကြေးမုံပြင်ဝယ် ထင်ဟပ်လာကာ အိပ်မက်အဖြစ် မက်လာတတ်၏။

တချို့လူတို့သည် အိပ်မက်တစ်ခုကို မက်တတ်သည် ဆို၏။ အကြောင်းအရာတစ်ခု၊အဖြစ်အပျက်တစ်မျိုးတည်းကိုပင် ရက်ခြား၍ဖြစ်စေ၊ လခြား၍ဖြစ်

ပျက်သောသူ၊ သလိပ်ပျက်သောသူ၊ နတ်တို့ လှည့်ပတ်၍မက်သောသူ၊ မပြတ်လေ့ကျက်သုံးဆောင်ခြင်းရှိ၍မက်သောသူ၊ ပုဗ္ဗနိမိတ်ဖြစ်သောကြောင့်မက်သောသူ ဟူ၍ ဖြစ်၏။

လူတို့၏အိပ်မက်မှာ ထိုခြောက်ပါးမှ မလွတ်နိုင်ဟု ဆို၏။

ကျွန်ုပ်ဗဟိုအကျဉ်းထောင်တစ်ခုတွင် ကြုံခဲ့ဖူးသော အိပ်မက်ကိုကား မည်သည့်အမျိုးအစားတွင် ထည့်သွင်းရမည်မသိ။ အကျဉ်းသားတစ်ယောက်မက်သော အိပ်မက်မှာ ထူးထူးဆန်းဆန်း အခန်းဆက်အိပ်မက်လို ဖြစ်နေသည်။

သူ့အိပ်မက်က နှစ်လိုဖွယ်၊ ကြည်

အကျဉ်းထောင်လောကမှဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ

# ဝိတာမြဦး

## ဇာတ်လမ်းတွဲအိပ်မက်



လူတို့သည် အိပ်မက်အမျိုးမျိုး မက်တတ်ကြ၏။

တချို့က သွေးလေချောက်ချား၍ မက်၏။ တချို့မှာ စိတ်စွဲလမ်း၍ မက်၏။ အချို့တို့ကမူ အတိတ်ကဖြစ်ခဲ့ဖူးသည်ကို ပြန်လည်မြင်ယောင်၍မက်ကြ၏။ ရှေ့အနာဂတ်တွင် ဘာဖြစ်မည်ကို ကြိုတင်နိမိတ်ပေးသော အိပ်မက်မျိုးမက်သူ

စေ အကြိမ်ကြိမ်ပြန်မက်ခြင်းမျိုးဖြစ်၏။ ဗီဒီယိုအခွေထိုး၍ကြည့်သလို ၏၊ သည်မရှေး မကြာခဏ ပြန်ပြန်မက်နေတတ်သဖြင့် အိပ်မက်မြင်ကွင်းကို အသေးစိတ်မှတ်မိနေသူများပင်ရှိ၏။

မိလိန္ဒပဉ္စာစာအုပ်တွင်မူ အိပ်မက်မက်သူ ခြောက်ယောက်ကို ဖော်ပြထား၏။ လေဓာတ်ပျက်သောသူ၊ သည်းခြေ

နှုးဖွယ်တော့မဟုတ်။ သည်းထိတ်ရင် ရင်တုန်ပန်းတုန်အိပ်မက်မျိုးဖြစ်၏။ အိ မက်မှာ ရက်ကြာလာလေ ကြောက်သ တုန်လှုပ်စရာကောင်းလာလေ ဖြစ်၏

မည်မျှအထိ ကြောက်လန့်တ လှုပ်ဖွယ်ရာကောင်းလာသည်ဆို



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်သူ အကျဉ်းသားကိုယ်တိုင် ဆက်မအိပ်ရဲသဖြင့် တစ်ညလုံး ထထိုင်နေရသည်အထိဖြစ်၏။ သူဆက်အိပ်က အိပ်မက်မက်လာကာ အသင့်စောင့်နေသူတို့က အသေသတ်ပစ်ကြတော့မည် ဆို၏။ သို့ဖြစ်ရာ သူတို့ညဆက်အိပ်မိသွင် အသက်ရှင်လျက်နှင့် ပြန်နိုးလာနိုင်တော့မည်မဟုတ်ဟုလည်း ဆို၏။

ထိုသို့ အံ့ဖွယ်သရဲ ထူးထူးဆန်းဆန်းအိပ်မက်ကို အခန်းဆက်မြင်မက်ခဲ့သူ အကျဉ်းသားမှာ ထွန်းနိုင် ဆိုသူဖြစ်၏။ ထိုသူသည် အဘယ်ကြောင့် ဤမျှထိတ်လန့်တုန်လှုပ်ဖွယ်အိပ်မက်မျိုးကိုမှ မက်ရပါလေသနည်း။

အိပ်မက်ထဲတွင် သတ်ရန်အသင့်စောင့်နေသူများက မည်သူတို့ဖြစ်သနည်း။

အဘယ်ရန်ငြိုးကြောင့် မည်သို့သော လက်နက်ဖြင့် အသေသတ်ပစ်ရန် စောင့်နေကြပါလေသနည်း။

ထိုမျှ ဆန်းကြယ်လွန်းသော အိပ်မက်ဆိုးများကို တစ်ခန်းပြီးတစ်ခန်းဆက်၍မက်ခဲ့သော အကျဉ်းသား ထွန်းနိုင်၏ ဖြစ်ရပ်ဆန်းအစ နိဒါန်းသည်ကား -

✤

တစ်ခုသော နံနက်ဝေလီဝေလင်းတွင် ဖြစ်၏။ ကျွန်ုပ်က မိန်းဂျေးလ်ရုံးခန်းတွင်ထိုင်၍ နံနက်ထောင်ဖွင့်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပုံကို အနီးကပ် စစ်ဆေးနေခဲ့သည်။

ထောင်ဖွင့်ခြင်းဆိုသည်မှာ ယမန်နေ့ညနေက အိပ်ဆောင်အသီးသီးတွင် တစ်ဦးချင်း ရေတွက်၍ သော့ပိတ်ထားခဲ့သော အကျဉ်းသားအရေအတွက် အတိုင်း အတိအကျရှိ၊ မရှိ ယနေ့နံနက်



www.burmeseclassic.com

www.burmeseclassic.com

တွင် ပြန်လည်ရေတွက်စစ်ဆေးခြင်းပင် ဖြစ်၏။

"ဆရာ၊ (၅) ဆောင်က အကျဉ်းသားတစ်ယောက် ညညမအိပ်တာ သုံးညရှိနေပြီတဲ့"

ထိုစဉ် ထောင်မှူးကြီး ဦးစိုးလှိုင် မိန်းဂျေးလ်ရှေ့ရောက်လာကာ ကျွန်ုပ်အား သတင်းပို့လိုက်လေသည်။

"ဘာဖြစ်လို့လဲ။ ညအိပ်မပျော်တဲ့ ရောဂါရနေလို့လားဗျ"

ကျွန်ုပ်က မေးလိုက်သည်။

"အိပ်မပျော်လို့မဟုတ်ဘူး။ အိပ်ပျော်သွားမှာကြောက်လို့တဲ့ဆရာ"

"ဘယ်လိုဗျ၊ အိပ်ပျော်သွားမှာ ကြောက်လို့ ဟုတ်လား"

"အိပ်ပျော်သွားရင် အိပ်မက်မက်မယ်။ အိပ်မက်မက်ရင် အသတ်ခံရမှာ ကြောက်လို့တဲ့ ဆရာ"

"အလို - ထူးထူးဆန်းဆန်း၊ အိပ်ပျော်လို့ အိပ်မက်မက်ရင် အသတ်ခံရမယ် ဟုတ်လားဗျ"

ကျွန်ုပ်တအံ့တသြမေးမိသည်။

"ဟုတ်ကဲ့ ဆရာ။ အိပ်မက်ထဲမှာ သူ့ကိုသတ်ဖို့ လူနီကြီးနှစ်ယောက်အသင့်စောင့်နေတယ်တဲ့"

"ဘာ - လူနီကြီးနှစ်ယောက်။ နေပါဦး၊ ဘယ်ကလူနီကြီးတွေလဲ။ သူတို့က ဘာ့ကြောင့်ဘယ်လိုသတ်ကြမှာတဲ့လဲဗျ"

ကျွန်ုပ်မှာ နူတ်ကသာ မေးနေရသည်။ စိတ်ထဲမှာတော့ အဓိပ္ပာယ်မရှိတာတွေပါလားဟု တွေးနေမိသည်။

"အဲ - အဲဒါတွေအထိတော့ ကျွန်တော်လည်း အသေးစိတ်မသိရသေးဘူး။ စောစောလေးကမှ (၅) ဆောင်ထောင်မှူး ပြောပြတာသိရလို့ ဆရာ့ကို သတင်းပို့တာပါ"

"ဟုတ်လားဗျ။ ဒါဆို (၅) ဆောင်ထောင်မှူးကတော့ ဒီအိပ်မက်အကြောင်း အသေးစိတ်သိထားမှာပေါ့"

"သူလည်း ကောင်းကောင်းသိထားပုံမပေါ်ဘူး ဆရာ"

"ဩော် - ဒါဆို အဲဒီအကျဉ်းသားက ဘယ်သူလဲ၊ ဘာမှုနဲ့ ထောင်ဘယ်လောက်ကျနေတာတဲ့လဲ"

"သူ့နာမည်က ထွန်းနိုင်တဲ့။ အလုပ်က စိန်ပွဲစားဖြစ်ပြီး ပြစ်မှုဆိုင်ရာ ပုဒ်မ (၄၂၀)နဲ့ ထောင်နှစ်နှစ်ကျနေတာတဲ့ ဆရာ"

စွဲဆိုခံရသောပုဒ်မမှာ လိမ်လည်မှုဖြစ်နေသော်လည်း ကျွန်ုပ်မှာ ထိုအကျဉ်းသား၏ အိပ်မက်ဆန်းအပေါ် စိတ်ဝင်စားမိသည်ကတော့ အမှန်ပင် ဖြစ်၏။

"ကဲ - ဒါဆို ကိုစိုးလှိုင် မနက်လွှတ်လူတွေ လွှတ်ပြီးတဲ့အချိန်လောက်ကျရင် အဲဒီထွန်းနိုင်ဆိုတဲ့ အကျဉ်းသားကို ခဏခေါ်လာခဲ့စမ်းပါ"

"ဟုတ်ကဲ့ ဆရာ"

ထိုအချိန်တွင် နံနက်ထောင်ဖွင့်လူပေါင်း ကိုက်ညီသဖြင့် ထောင်ဖွင့်သံချောင်းသံ ကြားလိုက်ရ၏။

"ဒေါင် ဒေါင် ဒေါင်"

ကျွန်ုပ်လည်း နေရာမှထကာ ထောင်ဘူးဝအပေါ် ထပ်ရှိ ကျွန်ုပ်၏ နေအိမ်ဆီသို့ ပြန်လျှောက်လာခဲ့၏။

"အလေးပြု"

"သက်သာ"

မိန်းဂျေးလ်ဝန်ထမ်းအဖွဲ့၏အလေးပြုလိုက်သံက ကျွန်ုပ်နောက်ဝယ် ဝေး၍ကျန်ရစ်ခဲ့လေသည်။

"ကျွိ . . . ကျွိ"

ထိုနေ့နံနက် လွှတ်ရက်စေ့မြောက်သည့် အကျဉ်းသားအား တစ်ဦးချင်းစီစစ်၍ လွှတ်ပေးပြီးချိန်ခန့်တွင် ကျွန်ုပ်၏ ဘူးဝရုံးခန်း ဆင်နားရွက်တံခါးပွင့်လာသံကြားလိုက်ရ၏။

ရှေ့မှ ဦးဆောင်၍ ဝင်လာသူမှာ ထောင်မှူးကြီးဦးစိုးလှိုင်ဖြစ်ပြီး သူ့နောက်မှ ကပ်ပါလာသော ပုံစံအင်္ကျီ၊ လုံချည်ဖြူဖြူဖြင့် အကျဉ်းသားမှာ ထွန်းနိုင် ဆိုသူဖြစ်ပေမည်။ ထွန်းနိုင်မှာ အသက် (၂၅) နှစ်ဝန်းကျင်ခန့်ရှိပြီး အသားဖြူဖြူ အရပ်ထောင်ထောင်မောင်းမောင်းရှိသော လူရည်သန့်တစ်ဦးဖြစ်ကြောင်း တွေ့ရ၏။ သို့တစေ သုံးညမျှ အိပ်ရေးပျက်နေ၍ လားမသိ။ သူ၏မျက်နှာမှာ နွမ်းနယ်၍ နားထင်များပင်ချိုင့်နေလေပြီ။ ကျွန်ုပ်က သူတို့နှစ်ယောက်အား စားပွဲရှေ့ထိုင်ခုံများတွင် နေရာပေးပြီးနောက် ထွန်းနိုင်အား သူ၏ အမှုဖြစ်စဉ်ကို မေးကြည့်၏။

"မင်းစိန်ပွဲစားလုပ်နေတာကြာပြီလားကွယ့်"

"ဟုတ်ကဲ့၊ လေးနှစ်ကျော် ငါးနှစ်လောက်ရှိပါပြီ ဆရာ"

"ဒါဆို စိန်အရောင်းအဝယ်တော်တော်နားလည်ရောပေါ့"

"စိန်အကြောင်းက ကျယ်ပြန့်တော့ တီးမိခေါက်မိလောက်ပဲရှိပါသေးတယ်ခင်ဗျာ"

"အခုထောင်ကျတဲ့ပုဒ်မက(၄၂၀) ဆိုတော့ လိမ်လည်မှုပေါ့။ စိန်နဲ့ ဆိုင်တာလား"

"ဟုတ်ကဲ့၊ အခြေအနေက အဲလိုဖြစ်သွားတယ်ဆရာ။ ကျွန်တော်က တစ်ဆင့် ယုံကြည်လို့ပေးလိုက်တဲ့ ပွဲစားက ပြန်မပေးတော့ဘဲ ရှောင်နေတော့ ကျွန်တော်ပဲခံလိုက်ရတာပေါ့လေ"

"အဲဒီပွဲစားကို နောက်တော့ပြန်ဖမ်းမမိဘူးလား"

"ကျွန်တော်ထောင်ကျလာတဲ့အထိတော့ ပြန်ဖမ်းမမိသေးဘူး။ တရားခံပြေးဖြစ်နေတုန်းပဲဆရာ"

"ဩော်- ဒါနဲ့ မင်းညအိပ်မက်မက်မှာစိုးလို့ မအိပ်ရဲဘူးဆိုကွယ့်"

"ဟုတ်ကဲ့"

"ဘယ်လိုအိပ်မက်မျိုးမို့လို့လဲ"

ထွန်းနိုင်က ချက်ချင်း ပြန်မဖြေသေးဘဲ ဘေးပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်သေးသည်။ သူ့မျက်လုံးထဲဝယ် တစ်စုံတစ်ရာကို ထိတ်လန့်နေသလို ထင်ရသည်။ ပြီးမှ -

"အဲ-အဲဒီအိပ်မက်တွေက ပြန်ပြောရမှာတောင် ခပ်လန့်လန့်ပဲ။ အခု တွေးမိတာနဲ့ကို ကျောထဲစိမ့်ချမ်းလာတယ်ဆရာ"

"ဒီရုံးခန်းထဲမှာ ဆရာတို့ကလွဲပြီး ဘယ်သူမှမရှိဘူး။ ပြီးတော့ ဒါကလည်း စိတ်ချရတဲ့ ထောင်ဘူးဝထဲက ရုံးခန်းပြ တယ်။ မင်းကို ဘယ်သူမှဒုက္ခမပေးနိုင် ဘူးကွယ့်"

"ဒါတော့ ဟုတ်ပါတယ်။ ဒါပေ မယ့် ဟိုဟာက အိပ်မက်ထဲမှာဖြစ်နေ တော့. . ."

သူ့မျက်လုံးများ ဂနာမငြိမ်ဟန် ခန်းမျက်နှာကျက်ကို မော့ကြည့်လိုက် သည်။ ဖြည်းညင်းစွာ လည်နေသော ပန်ကာရွက်များကို စူးစိုက်ကြည့်နေသော ၏။ ကြောက်စိတ်ပြယ်သေးဟန်မတူ။

ကျွန်ုပ်က -

"အိပ်မက် ဆိုတာ အပြင်မှာ တကယ်ဖြစ်နေတာမှ မဟုတ်ဘဲကွယ့် ပြီးတော့ ညဘက်အိပ်ပျော်နေတဲ့ အ ကျမှ စိတ်ထဲမှာ မြင်ယောင်လာတာ မဟုတ်လား။ အခုဟာက နေ့ဘက် လေ မောင်ရင်ရဲ့။ ဘာမှကြောက် မရှိဘူးလေကွယ်"

ကျွန်ုပ်က လေသံအေးအေး ထွန်းနိုင်၏ မျက်လုံးများအတွင်း မျက်နှာများဖြင့် စိုက်ကြည့်ရင်း လိုက်မိ၏။ သူက ခေါင်းတစ်ချက် ကာ -

"ဟုတ်ကဲ့ - အဲဒီအိပ်မက် နေ့ဘက်တော့မမက်တတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com

"အေး - ဟုတ်တာပေါ့ကွယ်။ ည ...မှ မက်တတ်တာပဲဟာ၊ ဒါနဲ့ အိပ် ...တွေက ဘယ်တုံးကစမက်ခဲ့တာလဲ ..."

ကျွန်ုပ်က ပြောပြောမေးမေးလုပ် ...သည်။

ထွန်းနိုင်က ကျွန်ုပ်၏ အားပေး ...ချက်ကို ယုံကြည်လာဟန်ဖြင့် -

"ဟုတ်ကဲ့၊ စပြီးမက်တာတော့ ...ရက်လောက်ရှိပြီထင်တယ်ဆရာ"

"ဟုတ်ပြီ၊ ဘယ်လိုအကြောင်းအ ... စမက်တာလဲကွယ့်"

"ပထမဆုံး စ,မက်တာက ကျွန် ...တို့ကိုယ်ကျွန်တော် ရှေးခေတ် မင်း ...တွေဝတ်သလို နန်းဝတ်နန်းစားနဲ့ ...လိုက်ရတာပဲ ဆရာ"

"ဟေ"

"ဟုတ်လား"

ကျွန်ုပ်ရော ထောင်မှူးကြီးဦးစိုး ...ပါ အာမေဍိတ်သံ အသီးသီးထွက် ...ကြသည်။

ကျွန်ုပ်က -

"အင်း - ပြီးတော့ ဘာဆက်မြင် ..."

"ကျွန်တော့်နှာဝမှာ အလွန်အင်မ ... မွှေးကြိုင်တဲ့ ပန်းရနံ့မျိုးစုံကို ရှူရှိုက် ...မိတယ်။ ကျွန်တော်က အဲဒီပန်းရနံ့ ...ပေါ် အလွန်သာယာတပ်မက်မိတာနဲ့ ...ရနံ့လာရာဘက်ကို အလိုလိုခြေလှမ်း ...မိတယ်။လမ်းဘေးဝဲယာတစ်လျှောက် ... ကျွန်တော့် တစ်သက်နဲ့ တစ်ကိုယ် ...ဘူးတဲ့ ပန်းပေါင်းစုံကို အရောင်အ ...အမျိုးမျိုးနဲ့ အစီအရီဖူးပွင့်နေကြ ...တို့ တအံ့တသြတွေ့နေရတယ်။အဲဒီ ... လျှောက်နေရင်း ကျွန်တော့်ရှေ့တည့် ...မှာ ဖြုန်းဆို ဧရာမ အနီရောင်ကြာ ...ကြီးတစ်ပွင့် ရုတ်တရက်ပေါ်လာတာ ...လိုက်ရတယ်။ ကျွန်တော်လည်း ...ငယ်မ်းပြီး အဲဒီကြာပွင့်ကြီးကိုလှမ်း ...လိုက်ရာမှာ ကျွန်တော့်တစ်ကိုယ်လုံး ...နဲ့အေးမြတဲ့ ရေအောက်ထဲ စုံးစုံး ...သွားပါလေရော။ အဲဒီမှာကျွန်တော် ...နစ်ပြီး အိပ်မက်က လန့်နိုးသွားပါ ...တော့တယ်"

ထွန်းနိုင်မှာပြောပြရင်းက ယခုပင် ...ထဲမြုပ်သွားသလို အသက်ရှူကျပ် ...တန် မျက်လုံးများပြူးကျယ်သွား ...သည်ကို တွေ့လိုက်ရ၏။

"ဩော် - ဒါဖြင့် နောက်နေ့ည ...ဆက်မက်သေးလားကွယ့်"

ကျွန်ုပ်က သူ့မျက်နှာအရိပ်အကဲ ကြည့်၍မေးလိုက်၏။

"မက်တယ်ဆရာ။ နောက်တစ်နေ့ ညစမက်တာနဲ့ ကျွန်တော့တစ်ကိုယ်လုံး ရေမျက်နှာပြင်ပေါ် မြောက်တက်လာပြီး ရေထဲမှာ လက်ပစ်ကူးခပ်နေတာကိုမြင် ရတယ်။ ရေပြင်ကလည်း အရမ်းအေးမြ ကြည်လင်နေပြီး အောက်ခြေက ကျောက် စရစ်ခဲလေးတွေ၊ တလွန့်လွန့်ကူးခပ်နေ တဲ့ ရွှေငါးလေးတွေကိုပါ အတိုင်းသား မြင်နေရတယ်ဆရာ။ ရေကန်တစ်ဖက်ကို ရောက်လို့တက်လိုက်တော့ အလွန်အံ့ ဩစရာကောင်းတာတစ်ခု တွေ့လိုက်ရ တယ်။ အဲဒါကတော့ ရေထဲကတက်လာ တဲ့ ကျွန်တော့်ကိုယ်ပေါ်ကအဝတ်အစား တွေဟာ လုံးဝမစိုရွှဲနေဘဲပကတိခြောက် သွေ့နေတာပါပဲ။ ဒီလိုနဲ့ ကန်နံဘေးက ဆက်လျှောက်လာမိတုန်း ဂစ်ဂစ်နဲ့ အသံ ကျယ်ကြီးအော်မြည်ပြီး ကွန်တော့်မျက် နှာဆီ တစ်ရှိန်ထိုးပျံလာတဲ့ ငှက်ဆိုးတစ် ကောင်နဲ့ တိုက်မိပြီး သတိမေ့သွားပါ တော့တယ်။ အဲဒီအချိန်မှာ လန့်ပြီး အိပ် ရာကနိုးသွားတော့တယ် ဆရာ"

"အင်းအင်း-ဘယ်တွေဆက်မက် သေးလဲကွယ့်"

"နောက်တစ်နေ့ည ဆက်မက်ပါ တယ်။ အဲလို ငှက်ဆိုးနဲ့တိုက်မိလို့သတိ မေ့သွားရာက သတိပြန်ရလို့ မျက်လုံးဖွင့် ကြည့်လိုက်တော့ စောစောကနှာဝမှာ ရနေတဲ့ ပန်းရနံ့က ပိုပြီး စူးရှ ပြင်းထန် လာတယ်။ ကြည့်ရတာ ဒီပန်းပေါင်းစုံ ရှိတဲ့နေရာနဲ့ တဖြည်းဖြည်းပိုပြီး နီးကပ် လာနေတာ ထင်ပါရဲ့။ ရှေ့ကို ဆက် လျှောက်လေလေ အဲဒီပန်းပုံကြီးနဲ့ နီး လာသလိုလို ခံစားလာရတယ်။ အဲလို လျှောက်လာတုန်း ကျွန်တော့်ရှေ့မှာ အလွန်မတ်စောက်တဲ့ တောင်ကမူတစ် လုံး ဘွားခနဲတွေ့လိုက်ရတယ်။ အပေါ် ကိုမော့ကြည့်တော့ ရှေးဟောင်းကျောက် တုံးကြီးတွေနဲ့ ဆောက်လုပ်ထားတဲ့ လှေ ကားထစ်ကြီးတွေကို လှမ်းမြင်ရတယ်။ ပန်းရနံ့ကလည်း အရင်ကထက်ပိုပြီး စူးရှ လာတယ်။ ကြည့်ရတာ ဒီတောင်ကမူ ထိပ်မှာ ပန်းပေါင်းစုံဥယျာဉ်ကြီးရှိနေ ပုံပါပဲ။ ကျွန်တော်က ကျောက်လှေကား ပထမထစ်ပေါ် ခြေတစ်ဖက်လှမ်းတင်မိ လိုက်တယ်ဆိုရင်ပဲ ကျွန်တော့်တစ်ကိုယ် လုံး ကျဉ်စက်နဲ့ အတို့ခံလိုက်ရသလို ပူခနဲ ခံစားလိုက်ရတာနဲ့ မတက်ဝံ့တော့ ဘဲ အောက်ပြန်ဆင်းရတယ်။ ဒါပေမယ့် စိတ်ထဲမှာတော့ တောင်ကမူပေါ်ရောက် ချင်မိတာနဲ့ အပေါ်ကို မျှော်ငေးကြည့် လိုက်မိသေးတယ်။ နောက်ဆုံးတော့ ခုန ကလို ကျဉ်ခနဲခံစားရမှာကြောက်တာနဲ့ ဆက်တက်ဖို့မစဉ်းစားရဲတော့ဘဲ နောက် ပြန်လှည့်လိုက်မိတယ်။

ဒီအချိန်မှာ ဘယ်တုံးကရောက် နေမှန်းမသိတဲ့ လူနီကြီးနှစ်ယောက် ဖြုန်း ခနဲပေါ်လာပြီး ကျွန်တော့်လက်မောင်း နှစ်ဖက်ကို တစ်ဖက်တစ်ချက်ကနေ အတင်းချုပ်ကိုင်လိုက်ကြတယ်။ ပြီးတော့ ကျွန်တော့်ကို ကျောက်လှေကားထစ် ပေါ် တွန်းတင်ကြတယ်။ ကျွန်တော့်ခြေ ထောက်တွေ ကျဉ်ခနဲ၊ပူခနဲဖြစ်သွားတာ နဲ့ ပြန်ဆင်းဖို့လုပ်တော့ လူနီကြီးနှစ် ယောက်က အဆင်းမခံဘဲ နောက်လှေ ကားတစ်ထစ်ပေါ် အတင်းဆွဲတင်ကြ တယ်။ကျွန်တော် ကြောက်လန့်ပြီး အော် ဟစ်ရုန်းကန်လိုက်ရာမှာ အိပ်မက်က လန့်နိုးသွားတာပါပဲ ဆရာ"

ကျွန်ုပ်က ထောင်မှူးကြီးဦးစိုးလှိုင် အား ခေါင်းညိတ်ပြလိုက်မိသည်။ ထွန်း နိုင်၏ အိပ်မက်မှာ သူမနက်စောစော က သတင်းပို့ထားသည့်အတိုင်း တစ်ည တည်းနှင့် ပြီးမသွား။ အခန်းဆက်ဇာတ် လမ်းတွဲကြည့်နေရသလို တစ်ညပြီးတစ် ည ဆက်မက်နေလေသည်။

ဆန်းကြယ်လှပေစွ။

"အင်း မောင်ရင့်အိပ်မက်က စိတ် ဝင်စားစရာပါလားကွယ့်။ ဒီကြားထဲ သည်းထိတ်ရင်ဖိုအခန်းတွေက ပါလာ သေးတယ်။ ဒါနဲ့ပြောပါဦး၊ နောက်တစ် နေ့ ဆက်မက်တော့ ဘာတွေထပ်ဖြစ် သေးလဲကွယ့်"

"အမှန်တော့ နောက်ဆက်မက် မယ့် အိမ်မက်ကို ကျွန်တော်ကြောက်စ ပြုနေပါပြီ။ အိပ်မက်ဆက်မမက်အောင် မအိပ်ဘဲနေရင်ကောင်းမလားလို့တောင် တွေးနေမိပါတယ်။ ဒါပေမယ့် အံ့အား သင့်စရာကောင်းတာက နောက်တစ်နေ့ ညဘက် ခေါင်းချလိုက်တာနဲ့ တစ်ပြိုင် နက် လူနီကြီးနှစ်ယောက်ပြန်ပေါ်လာပြီး ကျွန်တော် ထိတ်လန့်တကြား အော်ဟစ် ရုန်းကန်နေတာကိုဂရုမစိုက်ဘဲ ကျောက် လှေကားထစ်တွေအတိုင်း အတင်းဒရွတ် တိုက်ဆွဲခေါ်သွားကြပါတော့တယ်။ကျွန် တော့်မှာတော့ ခြေထောက်တွေအကျဉ် ခံ၊ အပူခံရင်း ကြောက်ကြောက်နဲ့ တလူး လူးတလွန့်လွန့် ပါသွားတယ်။ အင်မ တန် မွှေးကြိုင်လှတဲ့ ပန်းပေါင်းစုံရနံ့ ဟာလည်း တောင်ထိပ်နားနီးလာလေ လေ ပိုမိုစူးရှပြင်းထန်လာလေပါပဲ။ အဲလို နဲ့ တောင်ကမူထိပ်ရောက်သွားတော့



www.burmeseclassic.com

www.burmeseclassic.com

အချင်းဆယ်ပေပတ်လည်လောက်ရှိမယ့် စက်ဝိုင်းသဏ္ဌာန် နှင်းဆီ၊ စံပယ်၊ သရဖီ၊ ကံ့ကော် စတဲ့ ဖြူနီဝါပြာပန်းမျိုးစုံတဲ့ ရောင်စုံပန်းခင်းကြီးတစ်ခုကို ဘွားခနဲ တွေ့လိုက်ရတယ် ဆရာ"

"ဟုတ်လား၊ အင်း"

"ရနံ့တွေကလည်း မွှေးကြိုင်လွန်းပြီး ပန်းခင်းကြီးကလည်း မျက်စိပသာဒ အရမ်းဖြစ်တာနဲ့ ကျွန်တော် အတော်လေးကြာအောင် မှင်တက်မိသလိုဖြစ်ပြီး ပတ်ဝန်းကျင်ကို မေ့နေမိတယ်။ အဲဒီအချိန် လူနီကြီးနှစ်ယောက်က ကျွန်တော့်လက်မောင်းနှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်ရင်း ပန်းခင်းကြီးဆီ တစ်လှမ်းချင်း ဆွဲခေါ်သွားကြတယ်။ အဲဒီအခိုက်အတန့်လေးမှာ ကျွန်တော့်စိတ်ထဲ အာသာဝတီနတ်ပန်းဥယျာဉ်ထဲ ရောက်လာသလို ခံစားရလို့ ကြောက်စိတ်တွေတောင် ပျောက်ချင်သလို ဖြစ်မိသေးတယ်ဆရာ"

"ဩော်"

"ဒါပေမယ့် လူနီကြီးတွေ ဆွဲခေါ်ရင်း ပန်းခင်းအလယ်ကို ရောက်တော့ ကျွန်တော့်တစ်ကိုယ်လုံးကြက်သီးတဖြန်းဖြန်းထပြီး ခေါင်းနားပန်းပါ ပုတ်လောက်ကြီးပြီး အသက်ရှူတောင် ရပ်တန့်သွားမလိုဖြစ်မိပါတော့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှေးခေတ်ဟောင်း သလွန်ညောင်စောင်းတစ်ခုလို ရွှေရောင်ကနုတ်ပန်းလက်ရာတွေနဲ့ ပြိုးပြိုးပြက်ပြက်တောက်ပပြီး အပေါ်က မှန်ပေါင်အပြည့်တပ်ထားတဲ့ လူသေခေါင်တစ်ခုကို ဖြုန်းခနဲ တွေ့လိုက်ရလို့ပါပဲဆရာ"

"ဟေ - ဟုတ်လား"

ကျွန်ုပ်ပင် တအံ့တသြဖြစ်ကာ ထောင်မှူးကြီးဦးစိုးလှိုင်အား လှည့်ကြည့်လိုက်မိသည်။ သူလည်း အလွန်စိတ်ဝင်စားနေဟန် ထွန်းနိုင်အား စူးစိုက်ကြည့်နေလေသည်။

"အင်း - ဆက်ပြောပါဦးကွယ်"

ကျွန်ုပ်က စကားထောက်ပေးလိုက်သည်။

"ဟုတ်ကဲ့၊ အံ့သြစရာကောင်းတာက အဲဒီမှန်ခေါင်းမှာ နှင်းဆီပန်းနီနီရဲရဲတွေ အပြည့်အသိပ်ထည့်ထားပြီး အခေါင်းရဲ့ လက်ယာဘက်ထိပ်မှာ အင်မတန်လှပတဲ့ လူသေအမျိုးသမီးတစ်ယောက်ရဲ့ မျက်နှာပေါ်နေတာပါပဲ"

"ဟုတ်လား"

"ဒါ့ထက် အံ့သြစရာကောင်းတာက အဲဒီမှန်ခေါင်းဟာ အတော်လေးကျယ်ပြန့်ပြီး အမျိုးသမီးအလောင်းရဲ့ လက်ဝဲဘက်မှာ လူတစ်ကိုယ်စာနေရာလွတ်နေသေးတာပါပဲ"

"ဟာ- အတော်ဆန်းတဲ့အခေါင်းပဲကွယ့်"

ကျွန်ုပ်က အံ့အားတသင့်ပြောမိသည်။

ထောင်မှူးကြီး ဦးစိုးလှိုင်က စိတ်ဝင်တစားဖြင့်-

"ဒါနဲ့ ဘာဆက်ဖြစ်သေးလဲဗျ"

ထွန်းနိုင်က တံတွေးတစ်ချက်မျိုလိုက်ကာ -

"ကျွန်တော်အဲလို အံ့သြနေတုန်း လူနီကြီးနှစ်ယောက်က ကျွန်တော့်ကို မှန်ခေါင်းရဲ့ လက်ယာဘက်ဆီဆွဲခေါ်သွားကြပြန်တယ်။ အဲဒီတုန်းက မှန်ခေါင်းအပေါ်ဖုံးဟာ တကျွိကျွိအော်ပြီးပွင့်လာတာ တွေ့ရတယ်ဗျ။ ဒီတော့မှ အမျိုးသမီးအလောင်းကို အနီးကပ်တွေ့လိုက်ရပြီး ကျွန်တော့်ကိုအမျိုးသမီးအလောင်းဘေးက လွတ်နေတဲ့နေရာထဲ အတင်းသွတ်သွင်း ထိုးထည့်ကြပါတော့တယ်။ ကျွန်တော်လည်း ထိတ်လန့်တုန်လှုပ်ပြီး ငယ်သံပါအောင်အော်ဟစ်ရင်း အတင်းပြန်ရုန်းကန်ပါတော့တယ်။ အဲဒီအချိန်မှာ သွေးလန့်ပြီး ကျွန်တော်အိပ်မက်က လန့်နိုးသွားပါတော့တယ် ဆရာ"

ကျွန်ုပ်မှာ ဘာစကားမှမပြောနိုင်လောက်အောင် ပါးစပ်ဟောင်းလောင်းပွင့်နေမိသည်။ ဖြစ်ရပ်က ချောက်ချားစရာကောင်းလှသည်။ ထွန်းနိုင်မှာပင် ယခုပင် လူနီကြီးများက သူ့အား လူသေမှန်ခေါင်းထဲ ဆွဲသွင်းတာခံရသည့်နှယ် မျက်နှာတစ်ပြင်လုံး ချွေးသီးချွေးပေါက်များဖြင့် စိုရွှဲနေလေသည်။

"ဒါဆို မောင်ရင် အဲဒီညကတည်းက ဆက်မအိပ်ရဲတော့ဘူးပေါ့ ဟုတ်လား"

"ဟုတ်တယ် ဆရာ။ ကျွန်တော်အိပ်ပျော်သွားတာနဲ့ အိပ်မက်ထဲမှာ လူနီကြီးတွေပေါ်လာပြီး ကျွန်တော့်ကို လူသေအခေါင်းထဲ အတင်းထိုးထည့်ကြမယ်။ ပြီးတာနဲ့ မှန်ခေါင်းကို ပြန်ဆွဲပိတ်လိုက်ကြရင် ကျွန်တော်အသက်ရှူကျပ်ပြီး သေရပါလိမ့်မယ်။ ဒါဆို ကျွန်တော်အိပ်ရာက အသက်ရှင်ရက်နဲ့ ဘယ်ပြန်နိုးလာနိုင်တော့မှာလဲ။ အဲဒါကြောင့် ညဆက်မအိပ်ရဲတော့တာပါ ဆရာ"

ကျွန်ုပ် သက်ပြင်းတစ်လုံးကို မသိမသာ ခိုးရှိုက်လိုက်မိသည်။ ဤအတိုင်းသာ ညစဉ်ညတိုင်း ဆက်မအိပ်ရဲဘဲနေလျှင် ထွန်းနိုင်၏ ကျန်းမာရေး ထိခိုက်လာတော့မည်။ ထိုအကျဉ်းသား ထောင်ထဲတွင် တစ်ခုခုဖြစ်လာလျှင် ကျွန်ုပ်၏တာဝန်မကင်းဖြစ်လာပေတော့မည်။

အရေးကြီးသည်မှာ ထွန်းနိုင်အ... နေနှင့် တကယ်လက်တွေ့မဟုတ်သော အိပ်မက်ကို မကြောက်ဘဲ ဆက်အိပ်ရဲ... လိုသည်။ ယင်းသို့ဖြစ်လာအောင် ကျွန်ုပ်... မည်သို့ကြံရပါမည်နည်း။

"ဒါနဲ့ မောင်ရင် ထောင်ထဲမှာ နေ... သားဘယ်လောက်ရနေပြီလဲကွယ့်"

ကျွန်ုပ်က သူ့လွတ်ရက်ကို တွက်... လို၍ တီးခေါက်ကြည့်မိသည်။

"ချုပ်ရက်နဲ့ဘာနဲ့ဆို တစ်နှစ်န... နှစ်လရှိပြီ ဆရာ"

ထောင်ဒဏ်နှစ်နှစ်ကျလာသော... အကျဉ်းသားတစ်ယောက်ကို အကျဉ်း... ထောင်လက်စွဲ ဥပဒေအရ အလွန်ဆေ... အကျွံရော သုံးပုံတစ်ပုံအထိသာ လျှေ... ရက်ပေးနိုင်လေရာ ထွန်းနိုင်အနေနှ... အနည်းဆုံး လေးလကျော်ကျော်နေရဦး... မည်ဖြစ်၏။

ထိုကျန်ကာလအတွင်း တစ်ခုခု... မဖြစ်ဟု မပြောနိုင်။

"မောင်ရင် စိန်ပွဲစားမလုပ်ခင်... တခြားဘာအလုပ်တွေလုပ်ခဲ့ဖူးသေး... ကွယ့်"

ကျွန်ုပ်မှာ စိတ်မသက်မသာ... မေးမိမေးရာမေးလိုက်မိသည်။

"ကျွန်တော်က ဇာတ်သဘင်မျိုး... ပါ။ အဖေက ဇာတ်မင်းသားကြီး... အဖေမရှိတော့တဲ့နောက်ပိုင်း ကျွန်တော်... လည်း ခေါင်းဆောင် မဟုတ်ပေမယ့်... အရန်ဇာတ်မင်းသားလောက်တော့... ခဲ့ရသေးတယ်။ ဒါပေမယ့် စားဝတ်နေရေး... အဆင်မပြေတာနဲ့ စိန်ပွဲစားထွက်လုပ်... တာပါဆရာ"

အင်း - အရန်ဇာတ်မင်းသားဆို... လား။ သူ့အိပ်မက်ထဲတွင် သူ့ကိုယ်... ရှေးခေတ် နန်းဝတ်နန်းစားနှင့် တွေ့... သည် ဆို၏။ နန်းဝတ်နန်းစားမှာ... နည်းအားဖြင့် ဇာတ်မင်းသား အဝတ်... စားပင် ဖြစ်၏။ ထိုဇာတ်မင်းသားနှင့်... အိပ်မက်ဘယ်လို ဆက်စပ်မှုရှိနေပါ... သနည်း။

"ဒါနဲ့ ထွန်းနိုင်အိပ်မက်ထဲမှာ... သေမှန်ခေါင်းအဖုံးပွင့်လာတော့... သူ့အမျိုးသမီးမျက်နှာကို အနီးကပ်... လိုက်ရတယ်ဆိုကွယ့်။ အဲဒီအမျိုးသမီး... အရင်ကသိဟောင်းကျွမ်းဟောင်းထဲ... များလား"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်က အိပ်မက်၏ ဖြစ်တတ် …ည့် သဘောကို အခြေခံ၍ မေးလိုက် …၊ ထွန်းနိုင်က ချက်ချင်း ပြန်မဖြေ …ဘဲ ရီဝေသောမျက်လုံးများဖြင့် ရှုံ့ …အပြင်ဘက်သို့ ငေးမျှော်ကြည့်နေ …သည်။ ခဏနေမှ အောက်နှုတ်ခမ်း … အပေါ်သွားများဖြင့် ဖိကိုက်လိုက် … -

"ကျွန်တော် မမတင်ကို ကောင်း …င်းသိပါတယ် ဆရာ"

"ဟေ - မမတင်တဲ့လားကွယ့်"

"ဟုတ်ပါတယ်၊ သူ့နာမည်က …ါ် တင်တင်လှပါ။ ကျွန်တော်ထက် …သက်ရှစ်နှစ်လောက်ကြီးပါတယ်"

"ဩော် - ဘယ်တုံးက စသိခဲ့ကြ …လဲ"

"ကျွန်တော် ဂ,တဲ့ဇာတ်ကို လာ …ည့်ရင်းက သိခဲ့ကြတာပါ။ မမတင်က …ားတစ်ယောက်ပါ။ နောက်ပိုင်း သူ … ကျွန်တော့်ကို စိန်အရောင်းအဝယ် …င်ပေးခဲ့တာပေါ့"

"ဒါဆို မောင်ရင်တို့က ဘယ်လို …သက်မှုမျိုးများလဲ"

"ကျွန်တော်ကတော့ ဘာမှမပတ် …က်ပါဘူး။ ကိုယ့်အစ်မကြီး၊ ဒေါ်လေး …ယ်ပဲဟာ၊ ဒါပေမယ့် သူကတော့ …ပွဲမှာတွေ့ကတည်းက ကျွန်တော့် …ါ် စွဲစွဲလမ်းလမ်းဖြစ်နေတာ။ ကျွန် …နဲ့ လက်ထပ်ချင်နေတာ။ သူဘယ် …တ်အထိ စွဲလမ်းနေသလဲဆို ကွယ် …ရင်ပြောသတဲ့။ ကျွန်တော့်ကို သူ …ရင်တောင်ရအောင်ယူမတဲ့ဆရာ"

"ဟ - မောင်ရင့်ဟာက တကယ် …ယ်ပါလား။ ဒါနဲ့သူအခုသူဘယ်မှာ …ကွယ့်"

"ထုံးစံအတိုင်း ဗိုလ်ချုပ်ဈေးက ပွဲ …န်းမှာရှိမှာပေါ့။ ကျွန်တော် အမှု …နေတုန်းကလည်း ရုံချိန်းနေ့တိုင်း …က်လာတယ်။ ထောင်ကျပြီးနောက် …ည်း ထောင်ဝင်စာနှစ်ခါ၊သုံးခါလာ …သေးတယ်။ ကျွန်တော်ကတော့ …ထွက်မတွေ့ခဲ့ဘူး။ ကိုယ်မှ မကြိုက် … ဥစ္စာ"

"ဟုတ်လားကွယ့်၊ ဒါနဲ့ အဲဒီမမ …င်ဆိုတာက အပျိုကြီးလား"

"မုဆိုးမပါ ဆရာ"

"အင်း - တစ်ခုနားမလည်တာက …လမ်းမှုမက်တာမျိုး မဟုတ်လား …၊ အခုကျတော့ မောင်ရင် စိတ် …စားတဲ့ မမတင်က ဘာလို့အိပ်မက်ထဲမှာ လူသေအလောင်းလာဖြစ်နေရတာလဲဟင်"

"အဲဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူးဆရာ"

"အေးလေ၊ ဘာပဲဖြစ်ဖြစ် မောင်ရင့်အိပ်မက်ကိစ္စ ဆရာနည်းလမ်းရှာကြည့်မှာမို့ စိတ်အေးအေးသာထားပြန်ပါ"

"ဟုတ်ကဲ့ဆရာ"

ကျွန်ုပ်က ထွန်းနိုင်အား ထောင်မှူးကြီးနှင့်အတူ အိပ်ဆောင်ဆီသို့ ပြန်ပို့လိုက်သည်။ ကျွန်ုပ်ကိုယ်တိုင်ကမူ ထောင်ဆေးရုံသို့သွားကာ ဆရာဝန်ကြီးအား ထွန်းနိုင်၏ အိပ်မက်ဆန်းကိစ္စ တင်ပြ၍ အကူအညီတောင်းခံလိုက်သည်။

"အင်း- သူ့အိပ်မက်ကစိတ်ချောက်ချားစရာဆိုတော့လည်း ထောင်ပိုင်ကြီး အနေနဲ့ အကျဉ်းသား သူ့ကိုယ်သူတစ်ခုခု လုပ်မှာ စိုးရိမ်လောက်တာပေါ့။ ကျွန်တော်လုပ်ပေးနိုင်တာက အကျဉ်းသားကို အိပ်ဆေးတိုက်တာပဲ။ အိပ်ဆေးအာနိသင်နဲ့ အိပ်ပျော်သွားရင် ဘာအိပ်မက်မှ မမက်နိုင်တော့ဘူး။ ဒါပေမယ့် ဒါက တစ်ပတ်လောက်အထိပဲကောင်းတယ်။ ဒီ့ထက်ကြာလာရင် ဦးနှောက်တွေဘာတွေ ထိခိုက်လာနိုင်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် တခြားနည်းလမ်းရှာကြည့်ပါဦးမယ်"

ကျွန်ုပ်သည် ဆေးရုံမှနေ၍ အပတ်စဉ် ဥပုသ်နေ့တိုင်း အကျဉ်းသားများကို တရားလာဟောပေးလေ့ရှိသော ဆရာတော်ဦးစန္ဒိမာ၏ ကျောင်းတိုက်သို့ ခရီးဆက်ခဲ့၏။ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီးနောက် ထွန်းနိုင်၏ အိပ်မက်ကိစ္စကို လျှောက်ထားတင်ပြလိုက်၏။

"အိမ်း- ဘုန်းကြီးစိတ်ထင်ပြောရရင် အဲဒီဒကာမကြီး လူ့လောကထဲမှာ မရှိတော့ဘူးနဲ့တူတယ် ဒကာကြီး။ ဒါပေမယ့် သူ့ခမျာ ဒကာထွန်းနိုင်ကို စွဲလမ်းတဲ့စိတ်နဲ့ မကျွတ်မလွတ်နိုင်ဘဲ အိပ်မက်ပေးပြီးလာခေါ်နေတာကွယ့်။ သူက ဒကာထွန်းနိုင်ကို သေတာတောင် ရအောင်ယူမယ်လို့ပြောခဲ့တဲ့စကားရှိတယ် မဟုတ်လားကွယ့်"

ဆရာတော်က မျက်လုံးစုံမှိတ်ကာ ပုတီးတစ်လုံးချလျက်မိန့်၏။

"တင်ပါ့ ဘုရား၊ ဒါဆို တပည့်တော် ဒီကိစ္စကို ဘယ်လိုလုပ်ပေးရမလဲ ဘုရား"

"ဒကာကြီး ၊လုပ်ပေးလို့မရဘူး။ ဒကာထွန်းနိုင်ကိုယ်တိုင် သွားလေသူရဲ့ နာမည်ကိုခေါ်ပြီး ရေစက်ချအမျှဝေပေးမှ သာဓုခေါ်နိုင်ပြီး ကောင်းရာသုဂတိ ရောက်နိုင်မှာကွယ့်"

"တင်ပါ့ဘုရား၊ လာမယ့် ဥပုသ်နေ့မှာ တပည့်တော် လိုအပ်တာတွေ အဆင်သင့်လုပ်ပေးထားပါ့မယ်"

"အိမ်း- ဟိုဒကာမကြီးအကြောင်းကိုတော့ တစ်ချက်လောက်စုံစမ်းကြည့်ထားဖို့ လိုလိမ့်မယ်ကွယ့်"

"တင်ပါ့ဘုရား၊ တပည့်တော် ဥပုသ်နေ့မတိုင်ခင် စုံစမ်းထားလိုက်ပါမယ်"

နောက်တစ်နေ့နံနက်တွင် ထောင်မှူးကြီးဦးစိုးလှိုင်အား အကျိုးအကြောင်း ရှင်းပြကာ ဗိုလ်ချုပ်ဈေးမှ စိန်ပွဲစား မမတင်အကြောင်း စုံစမ်းရန်လွှတ်လိုက်၏။

"မမတင်က လွန်ခဲ့တဲ့ ဆယ်ရက်လောက်က ကားအက်ဆီးဒင့်ဖြစ်ပြီး ရုတ်တရက်ဆုံးသွားပြီတဲ့ဆရာ"

ထိုနေ့ညနေ ထောင်မှူးကြီးထံမှ သတင်းကြားရသည်။ အတော်ဖြစ်နိုင်သောသတင်းပါပေ။ အကျဉ်းသား ထွန်းနိုင်အိပ်မက်စမက်သည်ကလည်း လွန်ခဲ့သော ဆယ်ရက်ခန့်ကပင် မဟုတ်ပါလား။

ဥပုသ်နေ့နံနက်တွင် ဆရာတော်ပါ သံဃာငါးပါး အကျဉ်းထောင်ထဲသို့ ကြွလာကြသည်။ အကျဉ်းသား ထွန်းနိုင်အား ဆွမ်း၊သင်္ကန်းစသည့် လှူဖွယ်ဝတ္ထုများ ကိုယ်တိုင်ဆက်ကပ်လှူဒါန်းစေ၏။ ပြီးနောက် သူကိုယ်တိုင် ရေစက်ချစေပြီးနောက် -

"ဘဝတစ်ပါးသို့ ပြောင်းသွားသော မမတင်ခေါ် ဒေါ်တင်တင်လှနှင့် တကွ အားလုံး ကြားကြားသမျှ အမျှ၊ အမျှ၊ အမျှ ယူတော်မူကြပါကုန်သော်။ သာဓု၊ သာဓု၊ သာဓု"

ဟု သုံးကြိမ်တိုင်တိုင် ရွတ်ဆိုစေလိုက်၏။

အံ့ဩဖွယ်ရာကောင်းသည်မှာ အကျဉ်းသားထွန်းနိုင်အား ကလူနှိပ်စက်နေသော သည်းထိတ်ရင်ဖို ချောက်ချားဖွယ် အခန်းဆက်ဇာတ်လမ်းတွဲ အိပ်မက်ဆိုးများမှာ ထိုနေ့ညမှစ၍ လုံးဝကင်းစင်ပျောက်ကွယ်သွားခြင်းပင် ဖြစ်ပါလေသည်။

ဝီတာမြဦး



www.burmeseclassic.com

www.burmeseclassic.com

# အလှူရေစက်ချ ရန်နှင့် အမျှဝေသော သာဓုခေါ်



'အလှူရေစက် လက်နှင့်မကွာ' ဟူသောစကားကို 'အမြဲထာဝရ မကြာခဏ လှူဒါန်းနိုင်ပါစေ' ဟု အချို့က အဓိပ္ပာယ်ကောက်သည်။ 'အလှူဒါန တစ်ခု ပြီးမြောက်သွားသည့်အခါတိုင်း ချသည့် ရေစက်သည် လက်နှင့်မကွာပါစေနှင့်' ဟု အချို့ က အနက်ဖွင့်သည်။ လက်ပေါ်သို့ ရေစက်လောင်းချသည့် ဓလေ့ကို ဖော်ဆောင်သည့်သဘော ဖြစ်သည်။

အချို့ကလည်း အလှူဒါနပြုရာတွင် ရေစက်ချခြင်းမှာ 'အပိုအလုပ်' ဟု ဆိုကြသည်။ ကျမ်းဂန်စာပေအထောက်အထားမရှိသဖြင့် လိုက်နာရန် မလိုဟုလည်း ဆိုကြသည်။ မြတ်စွာဘုရားလက်ထက်တော်က ရေစက်ချခြင်းမရှိခဲ့ဟုလည်း ငြင်းကြသည်။ သို့သော် အနာထပိဏ်သူဌေးကြီး ဇေတဝန်ကျောင်းတော်ကို လှူစဉ်က မြတ်စွာဘုရား၏ လက်တော်သို့ ရေလောင်းချ လှူဒါန်းခဲ့သည်ဟု မှတ်သားဖူးသည်။ သည်အဆိုကြောင့် စဉ်းစားစရာ။

ပါဠိဝေါဟာရ ဒက္ခိဏောဒကမှ လာသည်။ ဒိက္ခိဏာနှင့် ဥဒကဟု ခွဲခြားနိုင်သည်။ ဒက္ခိဏာက အလှူ၊ ဥဒကက ရေအလှူဒါန်နှင့် သက်ဆိုင်သောရေ မှတ်ယူနိုင်သည်။ ရေနှင့်ပတ်သက်သော အလေ့အထများကို များသောအားဖြင့် ပုဏ္ဏားတို့၏ ဗြာဟ္မဏအယူဝါဒတွင် တွေ့နေမြင်နေကျ။ ရေကို ကိုးကွယ် သော ကျင့်စဉ်မျိုးလည်း ရှိခဲ့ဖူးသည်။ ရေစက်ချခြင်းသည် အဆိုပါ ယဉ်ကျေး မှုနှင့် ပတ်သက်နေမလားဟုလည်း အချို့ က စဉ်းစားကြသည်။

ယနေ့ အလှူဒါနများတွင် ရေစက်ချကြသည့်အခါ ဘုန်းကြီးရဟန်း များက -

'ဘန္တေ - အရှင်ဘုရား၊ မယ - တပည့်တော်တို့သည်' အစချီ တိုင် ပေးသည့်အတိုင်း နှုတ်တိုက်လိုက်ဆို သည်။လက်ကလည်း အောက်ခံပန်း ထဲသို့ ခရား (သို့) ဖန်ခွက်မှရေကို တ စက်ချင်း လောင်းချကြသည်။

ရေကို ဦးစွာလောင်းချပြီးမှ ဖွယ်ပစ္စည်းကို လက်ရောက် ပေးအ သည်ဟု မှတ်သားဖူးသည်။ ယနေ့ သုံးနေကြသည်မှာ လှူဖွယ်ဆက်က က ပထမ၊ ရေစက်ချခြင်းက ဒုတိ သို့မဟုတ် အဆုံးသတ်။ ရေစက် တွင်လည်း အလှူခံမည့်သူ၏ လက် သို့ ရေကို လောင်းချသည်က တစ် အလှူခံသူ၏လက်မှတစ်ဆင့် ခ ရေစက်သည် မြေသို့ သွန်းလောင်း ဆင်းစေသည်။

မာရ်နတ်သားက ဗောဓိပ ပလ္လင်ကို လာရောက် ယှဉ်တု အ စဉ် မြတ်စွာဘုရား၏ဒါနပါရမီ သေပြုသူပေးက ဝသုန္ဓရေ၊

www.burmeseclassic.com

ဖြစ်စဉ်မှစ၍ ဖြည့်ဆည်းခဲ့သမျှ ဘ၀အဆက်ဆက်ပြုဖူးသော အလှူဒါနများ ဖြစ်ခဲ့သောရေစက်များသည် ဝသုန္ဒရေနတ်၏ ဆံပင်တွင် ယခုတိုင် ရွဲရွဲစိုဆဲ။ ဆံပင်ဖျားကို ရေညှစ်ချလိုက်ရုံဖြင့် မာရ်နတ်သားနှင့်အဖွဲ့ ရေထဲမျောပါသည့် ဖြစ်စဉ်ကို သတိရသည်။

ထို့ကြောင့် အလှူခံသူ၏ လက်ပေါ်သို့ ရေလောင်းချသည်ဖြစ်စေ၊ အောက်ခံပန်းကန်ထဲသို့ရေစက်ချသည် ဖြစ်စေ 'ဝသုန္ဒရေ ဤမြေပံ့သူ သီလာဖူသည် သက်သေအမှု တည်စေသော်' ဟူသော စာသားအရ မြေကြီးကို သက်သေတည်သည့်အနက်။ သည်နေရာတွင် ဝသုန္ဒရေနတ် ပါဝင်လာသည်။ အချို့က ဝသုန္ဒရေနတ်သားဟု ပြောကြ၍ အချို့က ဝသုန္ဒရေနတ်သမီးဟု ဆိုကြသည်။ နောက်ဆုံးအဆင့် မြေပြင်သို့ ရေကို လောင်းချမည့် လုပ်ထုံးလုပ်နည်းကိုမူ ရှောင်လွှဲ၍ မဖြစ်။ သို့မှသာ ဝသုန္ဒရေနတ်က မှတ်သားနိုင်မည် မဟုတ်ပါလား။

ရခိုင်ပြည်နယ် စစ်တွေမြောက်ဦး ဘုရားဖူးခရီးစဉ်တွင် လောကမာရ်အောင်စေတီမှ ရေစက်ချပေါက်ကလေး အကြောင်း သတိရသည်။ မြန်မာ့နန်းတွင်းညီလာခံလွှတ်တော်အဆောက်အအုံများတွင် မှူးမတ်များအတွက် ကွမ်းသွေးထွေးပေါက်များ စီမံထားရှိမှုကို တွေ့ရှိဖူးသည်။ ဘာသာရေးနယ်ပယ်မှ 'ရေစက်ချပေါက်ယဉ်ကျေးမှု' ကိုမူ မြောက်ဦးသို့ ရောက်လေမှ သိရှိမှတ်သားရကြောင်း ဝန်ခံပါသည်။

လောကမာရ်အောင်စေတီတော်၏ သမိုင်းအရ ဘုရင်စန္ဒာသုဓမ္မရာဇာ တည်ထားသည်။ လောကသုံးပါးအောင်နိုင်ခြင်းအနက်ကို ဆောင်သည်။ 'လောကမူဘုရားစေတီ' ဟုလည်း ခေါ်သည်။ ထူးခြားသည်မှာ စေတီ၏ ထောင့်လေးထောင့်တွင် ဦးခေါင်းတစ်ခု ခန္ဓာကိုယ်နှစ်ခုစီပါသည့် ပူးရုပ်ရှစ်ရုပ်က လေ့လာစရာ။ မြန်မာပြည်တွင် မနုသီဟရုပ်၏ သမိုင်းဖြစ်စဉ်ရှိသည်။ ယခု တွေ့ရမည့် ပူးများ၏ ဖြစ်စဉ်သမိုင်းက တစ်မျိုး။

ပန်းရန်၊ ပန်းတော့ပညာအယူအဆအရ မနုသီဟရုပ်တုသည် စေတီထောင့်ဖြေသည့် အဆင်တန်ဆာဟု သိရသည်။ ဦးခေါင်းတစ်ခု၊ ခန္ဓာကိုယ်နှစ်ခုစီပါသည့် ပူးရုပ်များသည်လည်း ထိုသဘောတရားဟု ယူဆစရာ။

ရေစက်ချပေါက်ကလေးက ဆင်းတုတော်သို့ ရေစီးကြောင်းဆက်သွယ်ထားသည်ဟု ဆိုသည်။ မြန်မာတို့ ရေစက်ချသည်မှာ ပန်းကန်ထဲသို့ တစ်ဆင့်ခံသည်။ အချို့က လက်ပေါ်သို့ ရေစက်ကိုလောင်းချသည်။ ရခိုင်ရိုးရာယဉ်ကျေးမှုတွင် ရေစက်ပေါက်သို့ ရေကို တိုက်ရိုက်သွန်းလောင်းကြသည်။

ကျွန်တော်တို့အဖွဲ့သည် ဘုရားဖူးခရီးစဉ်တစ်လျှောက် လှူဒါန်းခဲ့သမျှအတွက် သည်နေရာတွင် ရေစက်ချအမျှဝေခဲ့ကြဖူးသည်။

ရေစက်ချပြီးလျှင် အမျှဝေရသည်က ဗုဒ္ဓဘာသာ မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာ။

"ကြားကြားသမျှ အမျှ၊ အမျှ၊ အမျှယူတော်မူကြပါကုန်"

ဟု ဆိုလိုက်သည်နှင့် -

"သာဓု၊ သာဓု၊ သာဓု"

ဟု အားလုံးက ဝိုင်းဝန်း အနုမောဒနာပြုကြသည်။ လှူဒါန်းသူ ရရှိသောကုသိုလ်အပေါ် ဝိုင်းဝန်း၍ ကောင်းချီးပေးကြသည့်သဘော၊ ဂုဏ်ပြုလိုသည့်ရည်ရွယ်ချက်။ သာဓု၏ အနက်အဓိပ္ပာယ်ကိုက ကောင်းလေစွ။ စိတ်ကြည်လင်အေးချမ်းစွာ သာဓုခေါ်ကြသည်။

အမျှဝေခြင်းသည် မိမိ၏ ပြုသမျှကုသိုလ်ကို ဝေမျှသည့်အနက်။ အသိပေးကြေညာသည့် အဓိပ္ပာယ်။ ကုသိုလ်ဆိုသည်က အင်အားကြီးမားသည်။ ထို့ကြောင့် ဝေမျှ၍ရသည်ဟု ဆိုသည်။ အကုသိုလ်ကမူ အင်အားနည်းသဖြင့် ပြုလုပ်သူတစ်ဦးတည်းသာ လက်ခံရရှိပိုင်ဆိုင်သည်။ အခြားသူသို့ ဝေမျှခွဲဝေပေး၍မရနိုင်ဟုလည်း ဟောပြောကြသည်။ ကုသိုလ်ကို ဝေမျှသူကပေး၍ရသည်ဟုဆိုစေကာမူ မည်သူက မည်ကဲ့သို့လက်ခံရယူနိုင်ပါသနည်းဟူသည်က စဉ်းစားစရာ။

သာဓုခေါ် ဆိုခြင်းကြောင့် သူတစ်ပါး၏အလှူဒါနအပေါ် ကျေနပ် အားရအားကျမှုဖြင့် ကြည်နူးစိတ်ကို ပေါ်လာစေသည်အမှန်။ ထိုအချိန်တွင် စိတ်အစဉ်ကို ကုသိုလ်စိတ်သာ ရောက်ရှိလွှမ်းမိုးနေသည်။ အကုသိုလ်စိတ် လုံးဝမပေါ်ပေါက်ပါ။ သည်အကျိုးတရားသည် သာလျှင် ထင်ထင်ရှားရှား။

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ တရားတော်များက ကျင့်ကြံရေးကို ဦးစားပေးသည်။ ယုံကြည်ကိုးကွယ်မှုသက်သက်မဟုတ်။

အတ္တာဟိ အတ္တနော နာထော - မိမိကိုယ်သာ ကိုးကွယ်ရာ။ ကိုယ်တိုင်ကျင့်ကြံလုပ်ဆောင်မှ ကိုယ်ရရှိသည်ဟု နားလည်သဘောပေါက်သည်။ ထို့မှတစ်ဆင့် မိမိကိုယ်စား သူတစ်ပါးက လုပ်ပေး၍မရနိုင်ဟုလည်း အနက်ကောက်ယူရနိုင်မည် ထင်သည်။

ရည်စူးကုသိုလ်သည် မိမိကိုယ်တိုင်ပြုမှုကျင့်ကြံခြင်း မဟုတ်။ သူတစ်ပါးက မိမိအတွက် ရည်စူးရည်ရွယ်၍ပြုသောကုသိုလ်။ အဆိုပါ ကုသိုလ်အတွက် ရည်စူးခံရသူ (ကွယ်လွန်သူ) ရနိုင်ပါ့မလား။

ကွယ်လွန်သူတိုင်းအား ဆွမ်းသွတ်အမျှဝေ၍ရသလော အမေးပြဿနာကို 'မိလိန္ဒပဉှာ' 'ဝေဿန္တရဝဂ်' တွင် တွေ့ရသည်။

"အရှင်ဘုရား မည်သူတို့သည် ခံစားရ၍ မည်သူတို့သည် မခံစားရကုန်သနည်း"

"မင်းမြတ်၊ ကွယ်လွန်သူသည် ငရဲပြည်၊နတ်ပြည်၊တိရစ္ဆာန်ဘုံသို့ ရောက်နေပါက မခံစားကြရကုန်။ ပြိတ္တာလေးမျိုးတွင် စားသမျှပြန်လည် အန်ပစ်သော ဝန္တာသိကပြိတ္တာမျိုး၊ အမြဲတမ်း ငတ်မွတ်နေသော ခုပ္ပိပါသပြိတ္တာမျိုး၊ ဝမ်းခေါင်းတောက်လောက်နေသော နိဇ္ဈာမတဏှိကပြိတ္တာမျိုး။ ဤသုံးမျိုးသည်လည်း မခံစားရကုန်။ သူတစ်ပါး ပေးကမ်းသမျှ မှီခိုနေကြရသော ပရဒတ္တူပဇီဝိပြိတ္တာမျိုး၊ အမြဲတမ်း ငတ်မွတ်နေသော ခုပ္ပိပါသပြိတ္တာမျိုးသာလျှင် ခံစားရကုန်၏"

ခက်သည်က 'မိလိန္ဒပဉှာ' သည် ဘုရားဟောမဟုတ်။ သို့သော် အဋ္ဌကထာဆရာ 'ရှင်မဟာဗုဒ္ဓဃောသ' က သူ၏ ကျမ်းများတွင် 'မိလိန္ဒပဉှာ' ကို ဘုရားဟောပိဋကတ်ကဲ့သို့ပင် လေးလေးစားစား ကိုးကားခဲ့သည်က စဉ်းစားစရာ။ မိလိန္ဒမင်းကြီး ဆိုသည်က ဂရိတ်ဘုရင် 'မေနန္ဒာ' ဟု သမိုင်းပညာရှင်များက ဆိုကြသည်။ ဘီစီ ပထမရာစုနှစ်ဟု ယူဆသည်။

ဂရိတ်ဘုရင် မေနန္ဒာ၏ ဒင်္ဂါးပြားများ တူးဖော်ရရှိရာ ထူးခြားသည်မှာ မေနန္ဒာ၏အမည် ကမ္ပည်းရေး ထိုးထားသည်။ ထို့ပြင် ဓမ္မစကြာတံဆိပ်ကို ခတ်နှိပ်ထားခြင်းက အံ့သြဖွယ်ရာ။ သည်အထောက်အထားအရ 'မေနန္ဒာ ခေါ် မိလိန္ဒမင်း' သည် ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့ခြင်းက အသေအချာ။ ဂရိတ်သမိုင်းဆရာများက မေနန္ဒာဘုရင်သည် ရဟန္တာဖြစ်သွားသည်ဟု ဆိုသည်။ မေနန္ဒာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရင်၏ အရိုးများကို ဌာပနာလျှက် အိန္ဒိယပြည်နေရာများစွာတွင် စေတီများ တည်ထား ကိုးကွယ်ခဲ့ကြသည်ဟု ဆိုသည်။

မိလိန္ဒပဥှာကို မည်သူရေးခဲ့သနည်းဆိုသည့် မေးခွန်းက ပြဿနာ။ ပညာရှင်များ ယနေ့ထက်တိုင် သုတေသနမပြုနိုင်ကြ။ အချို့က 'မာဏဝ' ဟု အမည်ဖော်ပြသည်။ အချို့က သီဟိုဠ် (သီရိလင်္ကာ) မှ 'ဒေါဏိမထေရ်' ဟု ဆိုသည်လည်းရှိ၏။ အချို့က သက္ကတဘာသာကျမ်းဟုဆိုသည်။ သက္ကတဘာသာမှ ပါဠိဘာသာပြန်ဆိုသည်ဟုလည်း ဆိုသည်။ တရုတ်ဘာသာဖြင့်လည်း 'နာဂသနသုတ္တကျမ်း' ဟူ၍ရှိပြန်သည်။

အချို့က 'နာဂသေနမထေရ်' ကိုယ်တော်တိုင် ရေးသား ပြုစုသော ကျမ်းဟု အခိုင်အမာ မှန်းဆသူတို့လည်း အနမတဂ္ဂ။

အချို့က 'မဃဒေဝလင်္ကာသစ်' ပိုဒ်ရေ (၃၁၉)ကို ရည်ညွှန်းလျက် ဆိုမိန့်ကြသည်။

'ပေတကိစ္စ၊ ဥဒ္ဒိဿကား၊ ရည်ထပေးပြု၊ သာဓုခေါ် တတ်၊ လျှခံမြတ်မှ၊ သေသူရ၏' ဟု ဆိုထားသည်။

ထိုလင်္ကာကို အနက်ဖွင့်ရာ၌ ရည်းစူးကုသိုလ် ပြုလုပ်ရာတွင် အချက် (၃) ချက် ပြည့်စုံရ၏။ ကွယ်လွန်သူသည် သာဓုခေါ်နိုင်သောဘဝသို့ ရောက်ရှိနေရမည့် ပထမအချက်။ ကွယ်လွန်သူအတွက် ရည်ရွယ်ရည်စူး၍ ပြုလုပ်ရမည့် ဒုတိယအချက်။ မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်ဖြစ်ရမည်က တတိယအချက်။

'ပရဒတ္တူပဇီဝ' ကို ပိုဒ်ခွဲပြသည်။ 'ပရ + ဒတ္တ + ဥပဇီဝိက' ဟု သံဝေဂဒီပနီ (၆၀၁)။

'ပရေဟိ ဒတ္တံ ဥပနိဿယ ဇီဝတီတိ ပရဒတ္တူပဇီဝိကော' ဟု ဝိဂြိုဟ်ပြုထောက်ထားသည်။

'ပရ' ဆိုသည်မှာ ကျန်ရစ်သည့် တစ်ပါးသောပုဂ္ဂိုလ်များ။

'ဒတ္တ' ဆိုသည်မှာ ပေးကမ်း လှူဒါန်းခြင်း။

'ဥပဇီဝက' ဆိုသည်မှာ မှီ၍ အသက်မွေးရခြင်းဟု ခွဲပြသည်။

လူ့ဘဝ ကျန်ရစ်သူများ အမျှဝေပေးမှုကို မျှော်လင့်နေကြရသည်။ သာဓုခေါ် ဆိုခွင့်ရရှိမှ ပြိတ္တာဘဝမှကျွတ်လွတ်သည်ဟူသော အယူအဆ။

လူတစ်ယောက် သေဆုံးလျှင် လားရာဂတိ ငါးပါးရှိ၏။ 'ဒေဝဂတိ' သည် နတ်ပြည် နတ်ဘဝသို့ ရောက်ရှိခြင်း၊ 'မနုဿဂတိ' သည် လူ့ပြည်လူ့ရပ်သို့ ပြန်လည်ရောက်ရှိခြင်း၊ 'တိရစ္ဆာနဂတိ' သည် တိရစ္ဆာန်ဖြစ်သွားခြင်း၊ 'တိရယဂတိ'သည် အပါယ်သို့ လားရခြင်းနှင့် 'ပေတဂတိ' ပြိတ္တာဖြစ်သွားခြင်းတို့ ဖြစ်သည်။ အဆိုပါ 'ပေတဂတိ' ကိစ္စက လေးနက်လှ၏။

မြတ်စွာဘုရားသည် နောင်တမလွန်နှင့် ပတ်သက်၍ မည်သို့မျှ သဘောထားပေး ဟောကြားခြင်းမရှိခဲ့ ဟူသော အဆိုအမိန့်ကို ကြားဖူးသည်။ ရှေးယခင်ကတည်းကစ၍ ယနေ့ထက်တိုင် ဘာသာတိုင်း စိတ်ဝင်စားကြသည်က တမလွန်ဘဝ။ 'သေလွန်ပြီးနောက်ဘဝ' အကြောင်း (Life after Death)။

လူတိုင်းက နောက်ဘဝအတွက် သိလိုစိတ်ပြင်းပြကြသည်။ နောက်ဘဝသို့မဟုတ် ဘဝအဆက်ဆက် ကောင်းကောင်းနေရရေးအတွက် အထောက်အပံ့အဖြစ် ယခုဘဝတွင် ရင်းနှီးမြှုပ်နှံလိုကြသည်က ဓမ္မတာ။ သည်အတွေးအမြင်ကို အချို့က 'နောင်ဘဝအထိ ထားရှိသော လောဘစိတ်' ဟု ဝေဖန်သုံးသပ် အမည်ပေးအပ်ကြသည်ကိုလည်း ကြားဖူးနား၀။

သေပြီးသူများကိုယ်တိုင်လည်း သေလွန်ပြီးနောက် သူတို့ရင်ဆိုင်တွေ့ကြုံရသော၊ ဖြတ်သန်း ကျော်လွှားကြရသော အခက်အခဲ ဖြစ်စဉ်ဖြစ်ရပ်များကို ကျန်ရစ်သူတို့အတွက် နည်းပေးလမ်းပြအဖြစ် လက်တွေ့ဆန်ဆန် ပြန်လည်မပြောပြနိုင်ကြ။ မည်သူမျှလည်း လက်တွေ့ကျကျ မပြောနိုင်ကြ။ သေရွာပြန်အတွေ့အကြုံပြန်ပြောပြသူများကလည်း စိတ်ကူးတည့်ရာ။

နောင်ဘဝအတွက်မျှော်လင့်ချက်မထားသည့် လှူဒါန်းမှုအစုစုလည်းရှိနိုင်ပါသည်။ ကိုယ်တိုင် ကုသိုလ်ရလိုသည့် ဆန္ဒကမူ အနိမ့်ဆုံး၊ ကုသိုလ်၏အကျိုးပေးမှုကို လက်ငင်းဘဝတွင်ပင် ရည်မှန်းသည်။ ထို့အပြင် ရရှိသောကုသိုလ်ကို (၁၀၀) အပြည့်အဝထားသည်။ ထိုအထဲမှ မည်ရွေ့မည်မျှကိုခွဲဝေပေးမည့်နည်း။ မည်မျှခွဲဝေပေးစေကာမူ မိမိတွင် လျော့သွားသည်မရှိဟု ဆိုပြန်သည်။ စဉ်းစားစရာ။ သည်အချက်က ကုသိုလ်၏ အားကောင်းခြင်းကို ဆိုလိုသလား။

ခွဲဝေပေးလျှင် တစ်ဖက်က ရနိုင်၊ မရနိုင်။ သာဓုခေါ် ရုံဖြင့် ကုသိုလ်ရနိုင်သည် ဟူသော အယူအဆ။ ဤသို့ဆိုလျှင် သာဓုခေါ် သူဘက်က အသာစီးရသည်။ သူက မည်သည့်အားထုတ်မှုမျှမပါ။ မကြိုးစားရဘဲ နှုတ်က 'သာဓု' ခေါ်ရုံဖြင့် ကုသိုလ်ရသည်ဆိုခြင်းမှာ အလွန်သက်သာလွန်းသည်။ အချို့က လှူသူနှင့် တန်းတူရသည်ဟုလည်း ဆိုပြန်သည်။ လှူသူကငွေကုန်၊ ပစ္စည်းစိုက်၊ လူအားထည့် ကြိုးစားအားထုတ်မှု များပြားလှသော်လည်း သာဓုသမားနှင့်တန်းတူ ကုသိုလ်ရသည်ဆိုပါက တရားမျှတနိုင်ပါမည်လား။

'ဘာမှလုပ်မနေဘဲ အလှူတကာလှည့်လည် သာဓုခေါ် နေလိုက်ရုံပေါ့' ဟု အချို့က ဆိုသည်။ ရယ်စရာစကားဖြစ်နေသော်လည်း အလေးအနက်ထောက်ထားစဉ်းစားစရာ။

သာစည်မြို့နယ် ငါးဆူကမ္မဋ္ဌာန်းရိပ်သာဆရာတော်ကြီး 'ဘဒ္ဒန္တပဏ္ဍိစ္စမဟာထေရ်' ၏ ဆုံးမစကားတစ်ခွန်းကမှတ်သားစရာ။

'ယောဂီတို့ အားထုတ်ကြပါ။ ကြိုးစားကြပါ။ သာဓုတန်းထဲမရောက်စေနဲ့၊ သာဓုတန်း ဆိုတာ သိလား။ ကိုယ်ကတော့ ဘာမှမလုပ်ဘဲနဲ့ သူများတွေအားထုတ်ကြိုးစားကြလို့ တရားရသွား၊ သိသွားကြတော့ သူတို့ဟောပြောတဲ့အခါ လိုက်တရားနာပြီး သာဓု၊ သာဓုနဲ့လိုက်ဆိုကြတဲ့သူတွေကို ပြောတာ။ သာဓုတန်းမှာ မနေကြနဲ့ အားထုတ်ကြ'

သည်စကားအရ သာဓုခေါ်သူများ ကုသိုလ်ရသည်ဆိုခြင်းထက် အလှူအောင်ပွဲတစ်ခုအတွက် လက်ခုပ်တီးဩဘာပေး ကောင်းချီးပြုသည့် အဆင့်ဟုသာ မျှော်လင့်စရာ။ ရည်စူးကုသိုလ်ပြုပေးခြင်းဖြင့် သေသူအား မှန်းဆ၍ အမျှပေးရသော်လည်း တမလွန်ဘဝမှ သာဓုခေါ် ဆို ကုသိုလ်ရဖို့အရေး သေချာရေရာသည်ဟု မဆိုသာ။

မသေခင် ကိုယ်တိုင်ကိုယ်ကျ တရား ရှာဖွေ အားထုတ်ခြင်းသည်သာလျှင် အကောင်းဆုံး။ ကိုယ့်အတွက် ကိုယ်တိုင်ပြုသည့် ကုသိုလ်သည်သာ အမှန်မြတ်ဆုံး။ ကိုယ်တိုင် သွန်းလောင်းသည့် အလှူရေစက်၏ အေးမြခြင်းကို ကိုယ်တိုင် ခံစား စံစားနိုင်ခြင်းသည်သာ အသေချာဆုံး ဖြစ်ပေသည်။

ရန်ကိုး



www.burmeseclassic.com

www.burmeseclassic.com

တစ်ပင်ရွှေထီးဟု မည်သည့်အကြောင်းကြောင့် ခေါ်သည်မသိ။ အပင်ထိပ်တွင် အပွင့်ဝါဝါကလေးများ (နီခြယ်ပန်းပွင့်လောက်တော့ရှိမည်။) ပွင့်ကြသည်။ ပုံသဏ္ဌာန်မှာ နေကြာပန်းပွင့်နှင့် တူသည်။ အပင်မြင့်မှာ (၆) လက်မမှ (၉) လက်မ ရှိသည်။ နွယ်ဆောင်ပင်ယောင်ဖြစ်သည်။ အပင်ရှည်ထွက်ပြီး မြေ၌ တွားသွားသောအခါ (၁) ပေမှ (၂) ပေအထိ ရှည်လျားသွားသည်။ အပင်တွင် အဆစ်ကလေးများပေါ်ပြီး အဆစ်များတွင် အရွက် (၂) ရွက်စီထွက်သည်။

အရွက်များကိုလေ့လာကြည့်လျှင် အပင်ဖျားပိုင်းတွင် အရွက်ငယ်၍ ရှည်သွယ်သည်။ ပင်ခြေမှ ရွက်ပြားကြီးသည် ရွက်ဖျားချွန်အောက်တွင် အများမြင်ဖူးကြသော ကြိတ်မှန်ပင်၊ ကြိတ်မှန်ရွက်နှင့် တူသည်။ အချို့အရပ်များတွင် ဆေးကြိတ်မှန်ပင်ဟု ခေါ်ကြသည်။ တစ်ပင်ရွှေထီးပင်သည် အလေ့ကျပေါက်သော အပင်များ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပုစွန်မြောင်းရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်းခြံကျယ်ကြီးများနှင့် အချို့အိမ်ခြံများတွင် ပေါက်လေ့ရှိသည်။

တစ်ပင်ရွှေထီးအပင်အကြောင်း ဆောင်းပါးတစ်ပုဒ်ကို သုရဇ္ဇမဂ္ဂဇင်းကြီးထဲတွင် ဓာတ်ပုံနှင့်တကွ မြင်တွေ့ဖတ်ရှုဖူးပါသည်။ ထိုအပင်မှာ ဥကိုစားရသော ဆေးပင် ဖြစ်သည်။ အပွင့်မှာ အနီရောင်ဖြစ်သည်။ ပင်မြင့်မျိုးဖြစ်၍ ယခုတင်ပြသော တစ်ပင်ရွှေထီးပင်နှင့် နာမည်တူနေပါသည်။ အပင်ပုံစံနှင့် အသုံးဝင်ပုံ မတူညီကြပါ။


တောင်ငူခေတ်တွင်ထင်ရှားသော

# တစ်ပင်ရွှေထီးပင်နှင့်အသည်းနာ

## မျိုးတင့်(ညောင်လေးပင်)



တစ်ပင်ရွှေထီးပင်(အပွင့်)



တစ်ပင်ရွှေထီးပင်များ

မင်းတစ်ပါးဖြစ်သည့် တပင်ရွှေထီးနှင့် နာမည်တူသဖြင့် မှတ်သားရန် လွယ်ကူပါသည်။ တပင်ရွှေထီးဘုရင်မှာ အရက်သေစာ သောက်စားမူးယစ်ခြင်းကြောင့် သူတစ်ပါးလုပ်ကြံ၍ နတ်ရွာစံခဲ့ရသော်လည်း ယခုတင်ပြနေသော တစ်ပင်ရွှေထီးပင်ကလေးများကမူ အရက်သမားများ၏ အသည်းရောဂါ၊ အသည်းကြီး၊ အသည်းခြောက်၊ အသည်းမှာ အနာပေါက်၊ အသည်းပြည်တည်သောဝေဒနာမျိုးစုံနှင့် အသည်းရောင်အသားဝါရောဂါတို့အတွက် အစွမ်းထက်သော ဆေးပင် ဖြစ်သည်။ မျက်စိများ ဝါထိန်နေသော အသည်းရောင်အသားဝါရောဂါသည်အတွက် (၂) ရက်၊ (၃) ရက်အတွင်း သိသိသာသာ ပျောက်ကင်းချမ်းသာခွင့်ရသည်ကို ကိုယ်တွေ့ မြင်ဖူးပါသည်။

✤

တစ်ပင်ရွှေထီးပင်အစွမ်းထက်ပုံကို စာရေးသူသည် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် တိုင်းရင်းသမားတော် ဆရာကြီးဦးခေမာ(ကွယ်လွန်)၏ ဇနီး မိခင်ကြီး ဒေါ်သိန်းခင် (ကွယ်လွန်) ရှိစဉ်က သိရှိမှတ်သားခွင့်ရခဲ့ပါသည်။ အသည်းရောဂါဝေဒနာရှင်များအတွက် ထိုဆေးပင်ကို ပဥ္စင်းပါးယူ၍ ရေစင်အောင် ဆေးရသည်။ သုံးခွက်တစ်ခွက်တင် မြေအိုးနှင့်ပြုတ်ရသည်။ ဆေးကိုလက်ဖက်ရည်ပန်းကန်လုံးနှင့် တစ်ဝက်



www.burmeseclassic.com

www.burmeseclassic.com

သာသာ တစ်နေ့ (၃) ကြိမ် သောက်ရသည်။ မိခင်ကြီး ဒေါ်သိန်းခင်က အသည်းဝေဒနာရှင်များကို ညွှန်ကြားသောနည်းဖြစ်သည်။ ပျောက်ကင်းသက်သာခွင့်ရကြသော ဝေဒနာရှင်များက မိခင်ကြီးကို မုန့်ထုပ်၊ ဖယောင်းတိုင်၊ အမွှေးတိုင် စသည်များနှင့် လာရောက်ကန်တော့ကြသည်ကို စာရေးသူ အကြိမ်ကြိမ် တွေ့မြင်ခဲ့ဖူးပါသည်။

ဤဆောင်းပါးကိုရေးဖြစ်သည်မှာ မိမိနှင့်ရင်းနှီးသော မိတ်ဆွေကြီး ဦးသိန်းလွင်ကြောင့် ဖြစ်သည်။ ဦးသိန်းလွင်သည် လယ်သမားတစ်ဦး ဖြစ်သည်။ အသက် (၄၅) နှစ်ခန့်ရှိပြီး တောင့်တင်းကြံ့ခိုင်သည်။ သူသည် အရက်ကိုတစွတ်စွတ်သောက်လေ့ရှိသည်။ နှစ်အတန်ကြာသော် အရက်စွဲသည်။ မသောက်ရရင် မနေနိုင်သူဖြစ်လာသည်။ လိုရင်းရေးပြရသော် ဆေးရုံတင်ရသည်။ အသည်းပြည်တည်ရောဂါရှိကြောင်း သိရလေသည်။ ဆေးရုံတွင် အစာမစားနိုင်။ အသည်းနေရာ၌ စူးကိုက်၍ နာကျင်ကိုက်ခဲသောဝေဒနာကို မချိမဆံ့ ခံစားနေရပြီး ရွှေကျင်ဆေးရုံမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးသို့ပို့သည်။ ပြင်ပဆေးခန်းကြီးများတွင်လည်း ပြသကုပေးသည်။ ရှိစုမဲ့စုရောင်းချ၍ သွားရောက်ကုသရခြင်း ဖြစ်လေသည်။

နောက်ဆုံးတွင် ဆေးရုံတက်ပါ၊ ခွဲစိတ်ရမည်၊ ငွေ (၅) သိန်းလောက်ကုန်မည်ဟု သက်ဆိုင်ရာ ဆရာဝန်များက ပြောကြသည်။ လယ်သမားကြီး ဦးသိန်းလွင်၏ နွားကြီးတစ်ကောင်ကို ရောင်းချထားသောငွေမှာ (၇) ရက်အတွင်း ကုန်ခဲ့ပြီ။ နောက်တစ်ကောင်မှာ မရောင်းရသေး၊ အိမ်သို့ပြန်ခေါ်လာပြီးနောက် နွားတစ်ကောင် ရောင်းချရန် စီစဉ်ရသည်။ ထိုစဉ်တွင် စာရေးသူနှင့်တွေ့၍ မိခင်ကြီး ဒေါ်သိန်းခင်၏ဆေးနည်းကို ပြောပြခဲ့ခြင်း ဖြစ်သည်။

✤

မိတ်ဆွေကို ဆေးနည်းပေးပြီးနောက် နှစ်ပတ်၊ သုံးပတ်ကြာသည့်တိုင်အောင် မတွေ့ဖြစ်ခဲ့ပါ။ ပြန်ဆုံတွေ့သောအခါတွင် စာရေးသူသည် ကိုယ့်မျက်စိကိုကိုယ်မယုံနိုင်အောင်ရှိရသည်။ ဦးသိန်းလွင်သည် လှည်းပေါ်တွင် နွားမောင်းလျက်သား။

"ဟကောင်ကြီး၊ မင်းဘယ်လိုဖြစ်တာလဲကွ၊ သရဲခြောက်နေတာလားကွ"



တစ်ပင်ရွှေထီးပင်(အရွက်ရှေ့ဘက်၊ ကျောဘက်)

"ဟုတ်တယ် ဆရာသမားရေ၊ ကျုပ်လည်း ဆရာသမားပြောတဲ့တစ်ပင်ရွှေထီးပင်သောက်ပြီး ဒီအခြေအနေပြန်ရောက်လာတာပါပဲဗျာ။ ကျေးဇူးပဲ ဆရာသမားရေ၊ နောက်များမှတွေ့ကြမယ်နော်။ ဒီနားက အသည်းနာကျနေတဲ့ အရက်သမားဘဝတူတွေကိုလည်း ကျုပ်က ဆရာလုပ်ပြီး ဆေးနည်းပေးနေရတယ်ဗျ။ အလုပ်လေးရှိလို့ သွားဦးမယ်နော်"

ပြောပြောဆိုဆိုနှင့် လှည်းမောင်း၍ ထွက်ခွာသွားသော မိတ်ဆွေကြီးကို စာရေးသူသည် ကြည်နူးပီတိနှင့် ကြည့်နေခဲ့မိပါသည်။

မိတ်ဆွေကြီး ဦးသိန်းလွင်မှာ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ တံခွန်တိုင်ဘုန်းတော်ကြီးကျောင်းအနီးတွင် ယနေ့တိုင် မိသားစုနှင့် ပျော်ရွှင် ကျန်းမာစွာ နေထိုင်လျက်ရှိပါသည်။ မိတ်ဆွေ ဦးသိန်းလွင်သည် သူ့ရောဂါပျောက်ကင်းသွားသောကြောင့် ပတ်ဝန်းကျင်ဘဝတူများကိုပါ ကယ်တင်ရှင်လုပ်နေပါသည်။ ကောင်းတော့ကောင်းပါသည်။ သို့သော် အရက်ကြောင့် ဖြစ်သော အသည်းရောဂါသည် အရက်ကိုသာ ဆက်ကာဆက်ကာသောက်သုံးနေဦးမည်ဆိုပါက အမြဲတမ်း အရက်သမားကြီးတို့အတွက် တစ်ပင်ရွှေထီးပင်ကလည်း ကယ်နိုင်မည်မဟုတ်ကြောင်းကိုတော့ သတိပြုကြဖို့ လိုပါသည်။

✤

ဤဆောင်းပါးကို ရေးသားပြီးခဲ့သည်မှာ တစ်နှစ်ကျော်ကြာခဲ့ပါပြီ။ မိမိအသင့်စိုက်ပျိုးထားသော တစ်ပင်ရွှေထီးပင်ကလေးများကို ဓာတ်ပုံရိုက်ယူရန် အကြောင်းမညီညွတ်သည်နှင့် ပေးပို့ရန် နှောင့်နှေးခဲ့ရသည်။ ယခုတော့ အပင်၊ အရွက်၊ အပွင့်တို့ကို ဓာတ်ပုံရိုက်ယူနိုင်ခဲ့ပြီဖြစ်၍ အဆင်ပြေသွားပါသည်။

ထူးခြားချက်မှာ စာရေးသူဆောင်းပါးကို ရေးပြီး မပို့ဖြစ်သေးသော ကာလအတွင်း ချမ်းသာကြွယ်ဝသော မိသား[...] တစ်ခုမှ အသက်အရွယ် (၇၀) ကျော်[...] ဖြစ်သော အမျိုးသမီးကြီးတစ်ဦးသည် အသည်းကင်ဆာရောဂါနှင့် ရန်ကု[...] နာမည်ကြီးဆေးခန်းများတွင် ပျော[...] ကင်းခြင်းမရှိ၍ အိမ်သို့ ပြန်ခေါ်လာ[...] သည်။ သူမကိုတော့ ကင်ဆာရောဂါဖြ[...] နေကြောင့် အသိမပေးဘဲ စားလိုရာစား စေပြီး အင်္ဂလိပ်ဆေးဝါးများနှင့် ထိန်း[...] ကုနေခဲ့သည်။

ထိုအခြေအနေတွင် စာရေးသူ[...] စိုက်ပျိုးထားသော တစ်ပင်ရွှေထီးပင်များ[...] ကို လာရောက် ခူးယူခဲ့သည်။ အထ[...] ဖော်ပြပါ ဆေးညွှန်းအတိုင်း တိုက်ကျွေး[...] ခဲ့သည်။ ထိုဝေဒနာရှင်အမျိုးသမီးကြီး[...] မှာ ယခုအခါ သွားသွားလာလာနှ[...] ကျန်းမာနေလေပြီ။ တစ်ပင်ရွှေထီး[...] အံ့ဖွယ်အစွမ်းပင် ဖြစ်လေသည်။ တစ်ပင်[...] ရွှေထီးသည် အသည်းကင်ဆာရော[...] ကိုပါ ပျောက်ကင်းသည်ဟု ဆိုရပေ[...] မည် ဖြစ်သည်။ သက်ဆိုင်ရာပညာရှ[...] ကြီးများသုတေသနပြုဖို့ကောင်းကြော[...] အကြံပြု တင်ပြအပ်ပါသည်။

မေတ္တာရှင်[...]

မျိုးတင့် (ညောင်လေးပ[...]



www.burmeseclassic.com

www.burmeseclassic.com

ရောမြေ-ကျော်ဝေ

# ရှေးမူမပျက် ဆေးနည်းတစ်လက်

စာရေးသူသည် ၁၉၆၉ ခုနှစ်တွင် မြန်မာ့မီးရထားဌာန၌ ဝင်ရောက်၍ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုစဉ်က စာရေးသူ၏ အသက်မှာ (၂၀) အရွယ်သာ ရှိပါသေးသည်။ ကျောင်းနေစဉ် အချိန်ကာလကတည်းက စာပေကို ဝါသနာပါခဲ့သလို ဗီဇိတဒါနအဖြစ် တိုင်းရင်းဆေးနည်းများကိုလည်း မှတ်စုကတ်ထူစာအုပ်တွင် ကူးယူ၍ သိမ်းသိမ်းဆည်းထားခဲ့ပါသည်။ မြန်မာ့ဆေးမြီးတိုတိုင်းရင်းဆေးများကို စာပေဖြင့် ရေးသားပြီး ဗီဇိတဒါနတစ်ခု ပြုလုပ်ပေးလိုက်ပါ။ အချို့လည်း သက်သာပျောက်ကင်းကြသလို အချို့လည်း နိုင်ငံခြားဆေးဝါးများနှင့်သာ သက်သာ ပျောက်ကင်းကြပါသည်။

လူတစ်ယောက်ကို ကုသိုလ်တစ်ခုသည်မှာ မှန်ကန်ပါသည်။ လုပ်ငန်းခွင်တွင် စာရေးသူတို့နှင့်အတူ လုပ်ဖော်ကိုင်ဖက် လုပ်သားကြီးတစ်ဦးရှိပါသည်။ သူကား ဗေဒင်ပညာနှင့် တိုင်းရင်းဆေးဝါးပညာများကို လေ့လာလိုက်စားပြီး ဆေးကုသော ဆရာကြီးတစ်ဦးပါ။ စာရေးသူက သူ့ကို ဆရာကြီး ဦးထွန်းရ ဟု ခေါ်ပါသည်။ ဆရာကြီးဦးထွန်းရသည် လုပ်ငန်းခွင်တွင် ရာထူးမယူသော အသက်ကြီးပုဂ္ဂိုလ်ကြီးတစ်ဦးပါ။

တစ်နေ့တွင် ဆရာကြီး ဦးထွန်းရသည် စာရေးသူနှင့် လုပ်ငန်းခွင်တွင် အတူအပန်းဖြေနေရင်းမှ လူငယ်များနှင့် အတူ ရယ်စရာစကားများကို ပြောလေ့ရှိပါသည်။ သူငယ်ချင်းဖြစ်သူ ကိုအောင်ဆန်းက ဆရာကြီးဦးထွန်းရကို ဤကဲ့သို့ မေးပါသည်။

"ဆရာကြီး၊ အခု အသက်ဘယ်လောက်ရှိပြီလဲ"

ဟု မေးသော်အခါ ဆရာကြီးက-

"ဟကောင်ရ ငါ့အသက်က ယခု ခုနစ်ဆယ်ပြည့်ပြီးပြီလေကွာ။ မင်းက ဘာပြုလို့ ငါ့အသက်ကို မေးတာတုံး။ ဒါနဲ့ မင်းမှာ အဒေါ်အပျိုကြီးတွေရှိတယ် ထင်တယ်။ ငါအိမ်ထောင်ပြုဖို့ မစဉ်းစားသေးပါဘူးကွာ"

ဟု ဆရာကြီး ဦးထွန်းရက ဆိုသောအခါ ကိုအောင်ဆန်းသည် -

"ဘယ်ကလာ၊ ကျွန်တော့်မှာ အဒေါ်ဆိုလို့ အပျိုကြီးတစ်ယောက်မှ မရှိပါဘူး။ ဆရာကြီးကို မေးချင်တာက ဆရာကြီးက ဆေးဆရာဆိုတော့ ကျွန်တော့်မှာခံစားနေရတဲ့ ရောဂါဝေဒနာကို ဆေးနည်းလေးတောင်းချင်လို့ပါ။ ဒီလိုပါ ဆရာကြီး၊ ကျွန်တော် ယခုအသက်(၂၀) ကျော်မှာ ညညဆို ဒူးခေါင်းတွေ ညောင်းကိုက်ကိုက်ကြီးနဲ့ အမြဲတမ်းလိုလို ခံစားနေရပါတယ်။အဖေကပြောတော့ ဒူလာလို့ပြောတာပဲ။ အဖေတို့ငယ်ငယ်က ဒူလာဆေးတွေက ဦးဇဝန တို့ဆိုတဲ့ တေဆေးတွေ စားကြတယ်။ တေဆေးက အဝင်ဆိုးတယ်။ ဒါပေမယ့် ကျွန်တော် မသက်သာပါဘူး။ မောင့်ဆီးဆေးစားတော့လည်း ဝမ်းသွားတာပဲ။ ဒါပေမယ့် မပျောက်ဘူး၊ ကျွန်တော်နဲ့ မတည့်လို့ဘဲ ထင်ပါတယ်။ အချို့တွေတော့ ပျောက်ကြပါတယ်။ ကျွန်တော့်ကို ဗေဒင်လေးဘာလေး တွက်ချက်ပြီး ဆေးနည်းလေး ပေးပါ ဆရာကြီး"

ဟု ကိုအောင်ဆန်းက ပြောသောအခါ ဆရာကြီးဦးထွန်းရသည် နေအိမ်လိုင်းခန်းတစ်ခုမှ ကျောက်သင်ပုန်းနှင့် ကျောက်တံကို ယူပြီး ကိုအောင်ဆန်း၏ မွေးနေ့သက္ကရာဇ်တို့ကို တွက်စစ်ကာ ဤဆေးနည်းကို ပေးပါသည်။

"မင်းကို ဗေဒင်အရနဲ့ တွက်ချက်ကြည့်တော့ မင်းမှာ အားနည်းတဲ့ ဒူလာရောဂါတွေ့ရတယ်။ ဆေးကျမ်းလာအရ ငါဆေးနည်းရေးပေးမယ်။ မြဲမြဲမှတ်ထားပြီးဖော်စား၊ မင်းရောဂါသက်သာ ပျောက်ကင်းသွားလိမ့်မယ်"

ဟု ပြောဆိုပြီး ရေးပေးခဲ့ပါသည်။

ဆေးနည်းမှာ -

၁။ မန်ကျည်းသီးမှည့်အဟောင်းအနှစ် (၂၅) ကျပ်သား၊

၂။ တစောင်းလက်ပပ် (၂၅) ကျပ်သား၊

၃။ မုန့်လုပ်ထန်းလျက်ခဲအမည်း (၂၅) ကျပ်သား၊

၄။ ကြက်ဥ (မြန်မာကြက်ဥစစ်စစ်) သုံးလုံး

၅။ နှမ်းဆီစစ်စစ်ကို ကြက်ဥခွံနှင့် ခြင်ထည့် - သုံးခွက်

၎င်းဆေး (၅) မျိုးကို စုပေါင်း၍ ကျိုပြီး လက်ဖက်ရည်ဇွန်းဖြင့် နံနက်တစ်ဇွန်း၊ နေ့လယ်တစ်ဇွန်း ညအိပ်ရာဝင်တစ်ဇွန်းကို နေ့စဉ် စားသုံးပေးခြင်းဖြင့် သူငယ်ချင်းဖြစ်သူ ကိုအောင်ဆန်း၏ ဒူလာသွောင်းကိုက်ရောဂါ ငါးရက်အတွင်းပျောက်သွားပါသည်။ စာရေးသူလည်း ထိုဆေးနည်းကိုကူးယူပြီး ကတ်ထူစာအုပ်ထဲတွင် မှတ်သားထားလိုက်ပါသည်။ ၎င်းဆေးနည်းသည် ညောင်းကိုက်ဝေဒနာတင် မဟုတ်ပါ။ ဆီးရောဂါ၊ ဝမ်းပျက်ရောဂါ၊ ခါတ်ချုပ်၊ လေချုပ်၊ ဒူလာမီးယပ်၊ ပန်းသေပန်းညှိုး၊ ခေါင်းမူးဝေခြင်းနှင့် အမောရောဂါများကိုပါ ပျောက်ကင်းသည်ဟု ဆရာကြီးဦးထွန်းရက ရေးပေးပါသည်။ အမျိုးသား၊ အမျိုးသမီးများအတွက် အထူးသင့်လျော်သော ဆေးနည်းတစ်လက်ကို စာရေးသူသည် ၁၉၆၉ ခုနှစ်တွင် ကူးယူမှတ်သားခဲ့ခြင်း ဖြစ်ပါသည်။ အခက်အခဲမရှိဘဲ မပင်မပန်း ဖော်ယူသုံးစွဲနိုင်ခြင်းအလို့ငှာ ဤဆေးဆောင်းပါးကို သူရဋ္ဌမဂ္ဂဇင်းမှနေ၍ စာရှုသူ စာပေဝါသနာရှင်တို့အတွက် ဗီဇိတဒါနအဖြစ် ကုသိုလ်ရစေ စေတနာမေတ္တာထား၍ ရေးသား ဖော်ပြလိုက်ရပါတော့သည်။

(ရှေးမူမပျက်ဆေးနည်းတစ်လက်ပင် ဖြစ်ပါသည်။)

*အာရောဂျံ ပရမံ လာဘံ*

*လူတိုင်း အသက်ရှည်ဖို့*
*ဆေးဆောင်းပါးကိုဖတ်ကြစို့*

ရောမြေ-ကျော်ဝေ



www.burmeseclassic.com

www.burmeseclassic.com

ထန်းတပင်-စန်းလွင်

## ဝိပါက်ကြမ္မာ မပြေးသာ

"ဟော့ကောင် ရပ်၊ မပြေးနဲ့"

"ဟော့ - အဲဒီကောင်ကို လိုက်ဖမ်းကြစမ်း။ မီအောင်လိုက်၊ မြန်မြန်လိုက်ကြစမ်း"

"အို - ကြာတယ်ကွာ၊ သတ်ပစ်။ ဒီလောက်ဒုက္ခပေးတဲ့ကောင်"

လူငယ်တစ်ယောက်က ရှေ့မှအသက်လုပြေးနေ၏။နောက်မှ ယောကျ်ားကြီး (၅) ယောက်က တုတ်၊ ဓားလက်နက်ကိုယ်စီဖြင့် အပြေးလိုက်နေကြ၏။ ညဦးသန်းခေါင်ကျော် အချိန်မတော်ကြီး လူတစ်ယောက်ကို ကြက်ကလေး၊ ငှက်ကလေးရိုက်သလို လိုက်ရိုက်နေကြ၏။

မြို့လယ်ကောင် လမ်းကြိုလမ်းကြားထဲမှာ ပြေးသူတစ်ယောက်၊ လိုက်သူတစ်သိုက်။ ပွဲကကြည့်မကောင်းလှ။ ပြေးရင်းလွှားရင်းနှင့်ပင် ရှေ့မှပြေးနေသောလူငယ်က အမောဆို့လာပြီး ဟပ်ထိုးလဲကျသွား၏။ အတင်းကုန်းထ၍ပြေးပါသော်လည်း လူက ဒယီးဒယိုင်ဖြစ်ပြီး အခါခါလဲကျနေ၏။ မကြာမီ နောက်ကပြေးလိုက်လာသော လူငါးယောက်ကမီလာပြီး မှောက်ခုံလဲကျနေသော လူငယ်အား ဝိုင်းထားလိုက်ကြ၏။

လမ်းကြိုလမ်းကြားတွင် စတည်းချတတ်သော အိမ်ခြေရာခြေမရှိသည့် ကလေကချေများက ခေါင်းထောင်ကြည့်လိုက်ကြပြီး သူတို့နှင့်ဘာမှမဆိုင်သလို ပြန်အိပ်သွားကြ၏။ လူငယ်ကအားယူ၍ထလိုက်သည်နှင့် လူကြီးငါးယောက်က ဝိုင်းဝန်းထိုးကြိတ်ကြတော့သည်။ ပစ်လဲကျသွားသော ထိုလူငယ်အား ခြေထောက်များဖြင့် ဝိုင်း၍ကန်နေကြ၏။ စိတ်ရှိလက်ရှိ ထိုးကြိတ်ကြပြီးသည့်နောက်-

"ကဲ - ဘယ်လိုလဲ ပြေးဦးမလား၊ ပြေးလေကွာ"

"မပြေးတော့ပါဘူး၊ ကျွန်တော့်ကို မသတ်ကြပါနဲ့ဗျာ"


"ဒါဆိုရင် မင်း ငါတို့ကို မလိမ်နဲ့လေကွာ။ ငါတို့ကိုပေးရမယ့်ငွေဘယ်မှာလဲပေး။ မပေးရင်တော့ ငါတို့အကြောင်းကို မင်းသိတယ်နော်"

"အခုလောလောဆယ် ကျွန်တော်လစာလည်းမထုတ်ရသေးပါဘူး။ ဈေးစရာလည်း တစ်ပြားမှမရှိလို့ပါဗျာ။ လကုန်တော့ ဆက်ဆက်ပေးပါ့မယ်ဗျာ"

"မင်းက နိုင်ငံခြားလာပြီး လူလည်လုပ်ချင်တာလားဟင်"

"ဖြန်း. . ."

"အား"



www.burmeseclassic.com

လူကြီးတစ်ယောက်က လက်ပြန် [illegible]ချလိုက်သဖြင့် အားကုန်နေသော လူငယ်လေးမှာ ပုံကျသွားရရှာ၏။

"ထစမ်း၊ ဟေ့ကောင်"

လူငယ်လေးက အားယူပြီးထလာ [illegible] ရပ်ကြည့်နေသူလူနှစ်ယောက် တစ်ဖက်တစ်ချက်စီမှ ဝင်၍ချုပ်ကိုင်ထားလိုက်ကြ၏။

"ငါတို့လက်က ပြေးလို့လွတ်မယ် ထင်နေသလား။ အရှေ့မလေးရှား၊ အနောက်မလေးရှား ကြိုက်တဲ့နေရာကို ပြေးစမ်း။ ဖုန်းတစ်ချက်ဆက်ရုံနဲ့ မင်း ဘယ်မှာရှိတယ်ဆိုတာ ငါတို့သိတယ်။ ကဲ - ပြော၊ ငါတို့ပိုက်ဆံကို ဘယ်တော့ ပေးမှာလဲ"

"ဒီလကုန်ပြီး (၃) ရက်နေ့ကို လာယူကြပါ။ ကျွန်တော် အဆင်သင့်လုပ်ထားပါ့မယ်။ ယုံပါ အစ်ကိုကြီးရာ၊ ကျွန်တော် မညာပါဘူးဗျာ"

"အေး- (၃) ရက်နေ့ကို ငါတို့လာမယ်။ မင်းထပ်ပြီးလိမ်ဦးမယ်ဆိုရင်တော့ ငါတို့ကို အဆိုးမဆိုနဲ့။ ငါတို့က လူသတ်ရမှာ ဝန်လေးတဲ့ကောင်တွေမဟုတ်ဘူး။ ကျားကြီး မပါလာတာ မင်းကံကောင်းတယ်မှတ်။ ကျားကြီးဆိုတဲ့သူက လူတစ်ယောက်သတ်ဖို့လောက်ကို ပုရွက်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com

တစ်ကောင် သတ်တာလောက်တောင် ဝန်လေးတာ မဟုတ်ဘူး။

ကဲ - ငါတို့သွားမယ်၊ မင်းကတိတည်ပါစေ။ နောက်တစ်ခါ ထပ်လိမ်ဦးမယ်ဆိုရင်တော့ ငါကျားကြီးလွှတ်လိုက်မယ်။ဟော့ကောင်တွေ၊ ဒီကောင့်ကိုလွှတ်လိုက်တော့"

ချုပ်ထားသော လူနှစ်ယောက်က လူငယ်လေးကို ဆောင့်တွန်းလိုက်ပြီး နောက်ကဆောင့်ကန်လိုက်သဖြင့် မှောက်ခုံလဲကျသွား၏။ ခဏအကြာ ကားတစ်စီးရောက်လာပြီး လူငါးယောက်မှာ ထိုကားပေါ် တက်ပြီး မောင်းထွက်သွားကြလေတော့၏။ မှောက်ခုံလဲကျနေသော လူငယ်လေးမှာ တော်တော်နှင့်ပြန်မထနိုင်။ မှောက်လျက်လဲနေရင်းပင် ချုံးပွဲချငိုကြွေးနေတော့သည်။ အားရအောင်ငိုကြွေးပြီးကာမှ ဒယီးဒယိုင်နှင့် ထိုလမ်းကြားထဲမှထွက်သွားတော့၏။

"အမေ့. . . အီးအီးဟီးဟီး. . . အမေရေ"

အမေဖြစ်သူကို တမ်းတ ငိုကြွေးရင်း အရှုံးတစ်ယောက်ပမာ လျှောက်သွားနေတော့သည်။

✤

"ဆက်ပြောပါဦး၊ အဲဒါနဲ့ ဘာဆက်ဖြစ်ကြသေးလဲ။မလေးရဲပတ္တရောင်တွေနဲ့ကော မတွေ့ဘူးလား"

"ကျွန်တော့်ကို ဝိုင်းထိုးကြိတ်ပြီး အဲဒီလူတွေပြန်သွားတော့ ကျွန်တော်လည်း အိမ်ပြန်လာတာပေါ့။ ဒါပေမယ့် လမ်းမှာ ပတ္တရောင်တွေနဲ့ တိုးတော့တာပါပဲဗျာ။ ကျွန်တော့်ကို ရဲကားပေါ် ခေါ်တင်သွားကြတယ်ဗျ။ နောက်တော့ မလေးရဲတွေ ဘာစိတ်ကူးပေါက်တယ် မသိပါဘူး။ ကားပေါ်က အတင်းဆင်းခိုင်းပြီးကန်ချခဲ့တယ်၊ ဖမ်းမသွားကြဘူး"

"ဟင်း - တော်သေးတာပေါ့ကွာ။ ရဲဖမ်းသွားရင် မင်း အနည်းဆုံး ထောင်လေးလတော့ကျမှာသေချာတယ်။ ဒါနဲ့နေပါဦး၊ မလေးရဲတွေက မင်းကို ဖမ်းသွားပြီးမှ ဘာလို့လမ်းခုလတ်မှာချထားခဲ့ကြတာလဲ"

"ဘာအကြောင်းမှမရှိပါဘူးဗျာ။ မလေးရဲတွေက ကျွန်တော်တို့လို Over Stayတွေကို ဖမ်းရင် လူကြည့်ပြီး ဖမ်းတာဗျ။ ပိုက်ဆံထွက်မယ့်လူလောက်ကို ကြည့်ပြီးဖမ်းတာ။ ကျွန်တော့်ကို ကားပေါ်မှာ ဝိုင်းရှာကြတယ်။ ဘာမှမတွေ့ကြဘူး။ နောက်ဆုံး တစ်ပြားမှရမယ့်ကောင်မဟုတ်တော့ အလုပ်အရှုပ်ခံပြီး ဘယ်ဖမ်းနေမှာလဲ။ လမ်းဘေးမှာ ကန်ချထားခဲ့တာပေါ့။ ကျွန်တော်တို့လိုကောင်တွေကို တကယ်ဖမ်းရင် ရိုက်သတ်လို့တောင်မကုန်ဘူး။ ဒါပေမယ့် စီမံချက်နဲ့ဖမ်းတဲ့အချိန်မျိုးဆိုရင်တော့ အကုန်ဖမ်းပြီး ထောင်ထဲထည့်ပစ်ကြတာပဲ"

"နေပါဦး၊ မင်းကို အဲဒီလူတွေက ဘာလို့ ဝိုင်းပြီးနှိပ်စက်ကြတာလဲ။ မင်းကကော သူတို့ကိုဘာလုပ်ခဲ့လို့လဲ။ အသေအချာပြောပြစမ်းပါကွာ၊ ငါစိတ်ဝင်စားလို့"

"ဘာလဲ၊ စာရေးဆရာက စာရေးမလို့လား။ ရေးချင်လည်းရေးဗျာ။ ကျုပ်အကြောင်းကို ခင်ဗျားဝတ္ထုရေးရင် စာတစ်စောင်ပေတစ်ဖွဲ့ဖြစ်သွားနိုင်တယ်"

"ရေးသင့်ရင်တော့ ရေးရမှာပဲ။ ပြီးတော့ ငါကလည်း ဒီမလေးရှားမှာ တကယ့်အဖြစ်အပျက်တွေကို ပိုစိတ်ဝင်စားတယ်။ နောက်မလေးကိုလာဖို့ကြိုးစားကြတဲ့လူတွေ၊ နိုင်ငံခြားကိုအထင်ကြီးနေကြတဲ့လူတွေကို ဒီအကြောင်းတွေသိအောင် ရေးပြချင်တာ"

"ဒါဆိုလည်းရေးပေါ့။ ကျွန်တော်ကလည်း ကျွန်တော့်အကြောင်းကို ရင်ဖွင့်ချင်နေတာနဲ့ အတော်ပဲ။ ဒါပေမယ့် ကျွန်တော့်အကြောင်းကို ခင်ဗျားကို စီကာပတ်ကုံးတော့ မပြောတတ်ဘူးနော်၊ အကြမ်းဖျင်းလောက်ပဲပြောပြမယ်။ ရေးတဲ့အခါကျတော့ နာမည်တွေ၊ နေရပ်လိပ်စာတွေ အကုန်ပြောင်းပြီး ရေးပေါ့ဗျာ။ ဒီလိုဗျ။

ကျွန်တော်တို့မိသားစုက မော်လမြိုင်မှာ နေကြတာ။ မော်လမြိုင်ဇာတိဆိုပါတော့။ ကျွန်တော့်မှာ ညီမလေးနှစ်ယောက်၊ အစ်မတစ်ယောက် ရှိတယ်။ ယောကျ်ားကလေးက ကျွန်တော်တစ်ယောက်တည်း ဆိုတော့ အားလုံးက ကျွန်တော့်ကို သိပ်ချစ်ကြတာ။

ကျွန်တော်တို့ မိသားစုက မချမ်းသာပေမယ့် ချောင်လည်ကြပါတယ်။ အဖေက အရောင်းအဝယ်သမား ဆိုတော့ ကျွန်တော်တို့မိသားစု ပြေပြေလည်လည်ပါပဲ။နောက်တော့ ကျွန်တော်တို့မိသားစု စီးပွားပျက်လာကြတယ်။ ဖြစ်ပုံက အဖေဇွဲဖောက်လာတာပဲ။ အရင်ကတော့ တစ်ခါတလေသောက်တာပေါ့ဗျာ၊ ပိုက်ဆံရှင်နေတာကိုး။နောက်တော့ အရက်ကို မိုးလင်းအောင်သောက်တော့တာပဲ။

ကျွန်တော်တို့ မောင်နှမတွေကလည်း ကြီးပြင်းလာကြပြီလေ။ကျွန်တော်တို့ ရှက်တာပေါ့။ ဒါပေမယ့် ကျွန်တော်တို့ ဘယ်လောက်ပဲ တောင်းပန်တောင်းပန် မရဘူးဗျ။ အဖေက အရပ်အမောင်းခပ်ကောင်းကောင်းဗျ။ (၆) ပေလောက်ရှိတယ်။ ဗလကလည်း တောင့်တယ်။ အရက်ဝိုင်း၊ ကြက်ဝိုင်း၊ ဖဲဝိုင်းဆိုရင် အဖေက ဆရာကြီးပဲ။ တပည့်တပန်းလည်း အလွန်ပေါတယ်။ ထောင်လည်း ခဏခဏကျဖူးတယ်ဗျ။ ဖဲဝိုင်းမိတာတို့ အခြားလောင်းကစားလုပ်တာတို့၊ အဲဒီ အမှုတွေနဲ့ကျတာ။ ထောင်ကျပြီးတဲ့ နောက်ပိုင်းမှ အဖေက ပိုဆိုးလာတယ် ဗျ။ သူ့ကိုယ်သူ ထောင်ထွက်လူမိုက် ဆို တာကို ဂုဏ်ယူနေတာလေ။ လမ်းလွဲကို ရောက်သွားတာ ဆိုပါတော့။ ဒီလိုဘ မျိုးရောက်သွားတာလည်းမပြောနဲ့ အဖေ က စာမတတ်ဘူးဗျ။ စာကို ရေးတတ် ဖတ်တတ်ရုံလောက်ပဲတတ်တာ"

"ဟုတ်တယ်ကွ။ အသိပညာ အတတ်ပညာနည်းတဲ့လူဟာ စဉ်းစား ဉာဏ်လည်းနည်းကြတယ်။ ဒီကြားထဲ အရက်ကိုအကျင့်လုပ်တော့ စွဲသွားရော အရက်ရဲ့ကျွန်ဖြစ်သွားပြီဆိုတာနဲ့ ကျ တာ ဘာကိုမှခေါင်းထဲမထည့်တော့ဘူး ဖြစ်ချင်ရာဖြစ်၊ အရက်သောက်ရရင်ပြီ ရောပဲ"

"ဟုတ်ကယ်၊ အဖေလည်း အဲဒီလို ဖြစ်သွားတာ"

"ဆက်ပါဦး၊ အဲဒါနဲ့. . ."

"အဲဒါနဲ့ တစ်အိမ်လုံး စိတ်ဆင်း ကြရတာပေါ့ဗျာ။ ရပ်ကွက်ထဲမှာ မျက် နှာငယ်ကြရတာပေါ့။ အဲဒီအချိန်အထိ ကျွန်တော်တို့မိသားစု စုစုစည်းစည်း သေးတယ်ဗျ။ အဖေ့ကိုကြောက်လို့ ဘာမှပြန်မပြောကြတာ။ သူက ရှာ နေတာကိုး။ နောက်တော့ အဖေ ကျွန်တော်တို့အိမ်ပေါ်ကို မိန်းမ ယောက် ခေါ်တင်လာတယ်ဗျ။ အဲဒီ ပြဿနာတက်တော့တာပဲ"

"မယားငယ်ယူလာတာလား"

"ဟုတ်တယ်။ အဖေပြောတာ တော့ ဒုက္ခရောက်လာလို့ ကူညီ တယ်လို့ ပြောတာပဲ။ ကျွန်တော်တို့ လူကိုမြင်ရင်သိတာပေါ့၊ အဲဒီနေ့က ကျွန်တော်တို့မောင်နှမတစ်တွေ အ နဲ့အတူ အဲဒီအိမ်ကြီးပေါ်က ဆင်းခဲ့ တယ်။ အမေ့အမျိုးတွေရှိတဲ့ သိမ် ကို ပြောင်းခဲ့ကြတယ်။ ကျွန်တော် မောင်နှမတွေ ကျောင်းကထွက်ပြီ



www.burmeseclassic.com

www.burmeseclassic.com

ဝင်လုပ်ကြရတာပဲ"

"နေပါဦး၊ အဲဒီတုန်းက မင်းတို့က အရွယ်ရှိပြီလဲ"

"အစ်မကြီးက (၁၆) နှစ်လောက် တာပဲ။ ကျွန်တော်က (၁၂) နှစ် ကျွန်တော့်အောက်က ညီမလေးနှစ် က (၂)နှစ်ကြီး(၂)နှစ်ငယ်တွေ။ (၁၀)နှစ်အရွယ်တွေပေါ့။

အမေနဲ့ အစ်မကြီးက ရှိစုမဲ့စု ပါ ရွှေတိုရွှေစလေးတွေ ထုခွဲရောင်း တန်ခြောက်ဆိုင်လေးရောင်းတယ်။ နှစ်ယောက်က အမေ့ရဲ့ အမျိုးတစ် က်ဖွင့်ထားတဲ့ လက်ဖက်ရည်ဆိုင် တောက်တိုမည်ရလုပ်ရတယ်။ထမင်း တယ်၊ မုန့်ဖိုးပဲဖိုးတော့ရတာပေါ့။ ရယ်လို့တော့ သီးသန့်သတ်သတ် မှတ်မရှိပါဘူး။ ကျွန်တော်ကလည်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ပ်ရတယ်။ ကျွန်တော်တို့မိသားစု ရဲ့ကျပ်တည်းတဲ့ဒဏ်ကို အလူးအလဲ ရတာပေါ့ဗျာ။ ဆင်းရဲကြပေမယ့် က ကျွန်တော်တို့မိသားစုကို အုပ် ထားနိုင်တယ်။ အဖေနဲ့နေတုန်းက စိတ်မဆင်းရဲကြဘူး။

ကျွန်တော်တို့ သိမ်ဇရပ်ရောက်ပြီး နှစ်လောက်မှာ အမေ့ရဲ့သူငယ်ချင်း သမီးကြီးတစ်ယောက် ရောက်လာ ။ သူ့ယောကျ်ားလည်း ပါတယ်ဗျ။ နဲ့ အရမ်းရင်းနှီးကြတယ်ထင်ပါရဲ့။ ရောက်လာတာက အစ်မကြီးကို မှာအလုပ်လုပ်ဖို့လာခေါ်ကြတာဗျ။

အမေက လုံးဝမထည့်ဘူး။ ကျွန် တို့ မောင်နှမတွေကို အမေက သူ စိအောက်မှာပဲထားချင်တာဗျ။ အဲဒီ မယားကလည်း သူတို့ ထိုင်းမှာ ခြေကျနေပြီ အိမ်ပိုင်ရာပိုင်နဲ့၊ စတိုး လည်းဖွင့်ထားတယ်။ ဘာမှပူစရာ ဘူးဆိုပြီး ငွေတွေပုံပေးတော့တာ ဗျာ။

အစ်မကလည်း ဆင်းရဲတော့ ငွေ တာနဲ့ လိုက်ချင်နေပြီ။ ပိုဆိုးတာက အမျိုးတွေက အစ်မကိုလိုက်သွား အတင်းတိုက်တွန်းနေကြတာလေ။ မက အမေမသိအောင် လိုက်သွား တာဘဲ။ အမေ့မှာ နေ့တိုင်း မျက် နဲ့မျက်ခွက်ပါပဲဗျာ။ ဆွေမျိုးတွေက အလိုတူအလိုပါလုပ်ပြီး အမေမသိ အောင်ထည့်ပေးလိုက်ကြတာလေ"

"ဒါနဲ့ မင်းအစ်မကော အလုပ် အဆင်ပြေရဲ့လား"

"ပြေ၊ မပြေတော့မသိဘူး။ အဲဒီ ကတည်းက အစ်မသတင်း မကြားရ တော့တာ ခုထိဆိုပါတော့"

"ဟင် - မင်းတို့ကကော အစ်မ အကြောင်း လိုက်မစုံစမ်းကြဘူးလား"

"စုံစမ်းတာပေါ့ဗျာ၊ ဘယ်နေလိမ့် မလဲ။ကျွန်တော်လည်း အဖေ့ဆီပြန်သွား ပြီး အကူအညီသွားတောင်းတာပေါ့ဗျာ။ အဖေကလည်း ချက်ချင်းပဲ သူ့တပည့် တွေနဲ့ အဆက်အသွယ်ရှာပြီး ထိုင်းကို လိုက်သွားတယ်"

"ပြန်ကောတွေ့ရဲ့လား"

"တွေ့ဖို့နေနေသာသာဗျာ၊ အဖေ ထွက်သွားပြီးကတည်း အဖေ့သတင်း လည်း ဘာမှမကြားရတော့ဘူး"

"ဟောဗျာ"

"ကျွန်တော်ကလည်း တဖြည်း ဖြည်း လူပျိုပေါက်ဖြစ်လာပြီ။ ရပ်ကွက် ထဲမှာလည်း မလေး၊ မလေးနဲ့ မလေးရှား သွားတာတွေ ခေတ်စားလာတော့ မိတ် ဆွေတစ်ယောက်ရဲ့အကူအညီနဲ့ အမေ အတာန်တန်တားနေတဲ့ကြားက ထွက်ခဲ့ရ တာ။ အောက်လမ်းကနေ အကြွေးစနစ် နဲ့ပေါ့ဗျာ။ ကျွန်တော် မလေးရောက်ပြီး အလုပ်ကိုကြိုးစားပြီးလုပ်တယ်။ အိမ်ကို လည်း ငွေပို့နိုင်ခဲ့တယ်။ ကျွန်တော် အသက် (၁၅) နှစ်ကနေ အသက် (၂၂) နှစ်အထိ မလေးရှားမှာ ကြုံရာကျပန်း အကုန်လုပ်တယ်။ အိမ်ကိုလည်း ငွေပို့ နိုင်တယ်။ ညီမလေးတွေကိုလည်း ကျောင်း ပြန်ထားနိုင်တာပေါ့။ကျွန်တော် အသက် (၂၃) နှစ်ထဲမှာ မြန်မာနိုင်ငံကိုပြန်တယ်။ ငွေလည်း အတော်စုမိဆောင်းမိတယ်ဆို ပါတော့ဗျာ"

"အောက်လမ်းကနေပဲ ပြန်တာ ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်၊ အောက်လမ်းကနေ ပြန်တာပေါ့။ အိမ်ရောက်တော့ ကျွန် တော့်ညီမလေးတွေက ကျွန်တော့်ကို မမှတ်မိကြဘူးဗျ။ သူတို့နဲ့နေတုန်းက ကျွန်တော်က ဖြူဖြူ ပိန်ပိန်။ မလေးမှာ (၇)နှစ်၊ (၈)နှစ်လောက်အတွင်းမှာ ကျွန် တော်ကတအားထွားလာတာကိုး။ ဆံပင် ကလည်း အရှည်ဆိုတော့ ဘယ်သူမှ မမှတ်မိကြဘူး။ ဓာတ်ပုံထဲမှာပဲမြင်ဖူးကြ တာကိုးဗျ။ အမေ ဆိုတာ ဝမ်းသာလွန်း လို့ ငိုလို့ကိုမဆုံးဘူး။ ကျွန်တော့်ညီမလေး တွေကိုတောင် မနည်းပြန်ကြည့်ရတယ်"

"ဒီကြားထဲ မင်းတို့အစ်မနဲ့အဖေ တို့သတင်းကော ကြားသေးလား"

"ကျွန်တော် ပြန်ရောက်ပြီး တစ် နှစ်လောက်ပဲ အိမ်မှာနေတာဗျ။ နောက် နှစ်ကတော့ မလေးပြန်တက်လာတာ။ အဲဒီအချိန်ထိ အစ်မသတင်းရော အဖေ့ သတင်းပါ ဘာမှမကြားဘူး။ ကျွန်တော် မလေး ပြန်ရောက်ပြီး သိပ်မကြာဘူး၊ အော်ပရာစီ (စီမံချက်ဖြင့်ဖမ်းခြင်း) လုပ် တော့ အဖမ်းခံလိုက်ရတယ်။ ထောင်ထဲ မှာ (၄) လလောက် နေလိုက်ရတယ်။ ပြီးတော့ ထိုင်းနယ်စပ်ကို နယ်နှင်ဒဏ် ပေးတော့ ထိုင်းကို ရောက်သွားတယ်။ အဲဒီမှာ အစ်မကို ပြန်တွေ့လိုက်ရတော့ တာပေါ့ဗျာ"

"ဟာ - ဟုတ်လား၊ ဝမ်းသာလိုက် တာကွာ"

"မိုးဝေရေ၊ ဟော့ - မိုးဝေ"

မောင်မိုးဝေနှင့် ကျွန်တော် စကား ကောင်းနေခိုက် လူရွယ်နှစ်ယောက်က လှမ်းခေါ်နေသဖြင့် -

"ပိုစန်းရေ၊ ခဏနေဦးဗျာ။ ကျွန် တော် အိမ်ပေါ်သွားလိုက်ဦးမယ်"

"ဟာ- မင်းကလည်း၊ ဒီမှာ ဇာတ် လမ်းက ကောင်းနေတဲ့ဟာကို"

"ဟိုမှာကပိုကောင်းတယ်ဗျ။ကုန် ကြမ်းလို့ချင်ရင်လိုက်ခဲ့"

မိုးဝေနှင့် စကားဆက်ပြောလို သဖြင့် သူ့နောက်ကို လိုက်ခဲ့တော့၏။

✤

သုံးထပ်တိုက်အိမ်ရာများ၏ ဒုတိ ယ အလယ်ထပ်တိုက်ခန်းသို့ ဆင်းခဲ့ကြ ၏။ အလယ်ထပ်တစ်ထပ်လုံး မြန်မာ များချည်းငှားနေကြခြင်း ဖြစ်၏။ အပေါ် ထပ်တွင် မိုးဝေနှင့် ကျွန်တော်က တစ် ခန်း၊ ကပ်လျက်အခန်းတွင် အင်ဒိုနီးရှား မှ ပြည့်တန်ဆာမနှစ်ယောက်ကတစ်ခန်း၊ အခြားအခန်းများတွင် ဘင်္ဂလားဒေ့(ရှ်)မှ ကုလားလူမျိုးများက အခန်းကျယ်ကြီး တစ်ခုကို ဝိုင်းဖွဲ့ နေထိုင်ကြ၏။ အားလုံး Over Stay သမားများချည်း ဖြစ်၏။

အပေါ်ထပ်တွင် မြန်မာတွေချည်း ငှားနေကြသောကြောင့် သိပ်ပြဿနာ မရှိလှသော်လည်း ဘကုံး ခေါ် ဘင်္ဂလား များမှာ နေ့စဉ်မူးရူး၍ ရန်ဖြစ်တတ်သဖြင့် စိတ်ညစ်စရာကောင်းလှ၏။ အလယ် ထပ်အရောက် -

"ဟော့ကောင်၊ ပစ္စည်းရခဲ့လား"

"ဟာ - ရလို့ ခင်ဗျားကိုလှမ်းခေါ် တာပေါ့ဗျ။ လာ - ဟိုအစ်ကိုကြီးလည်း ဝင်လေဗျာ။ လာထိုင်၊ ဒီမှာက ရွှေတွေ ချည်းပဲဆိုတော့ ပြဿနာမရှိဘူး။ ဒါနဲ့ အစ်ကိုကြီးက ဧည့်သည်လား"

မိုးဝေက ဝင်၍-



www.burmeseclassic.com

www.burmeseclassic.com

"အေး- ဟုတ်တယ်၊ ဒါ့ငါ့မိတ်ဆွေ ကိုစန်းလွင်တဲ့။ သူလည်း K.L (ကွာလာလမ်ပူ) မှာ အလုပ်မကောင်းတာနဲ့ ဒီကိုရောက်လာတာ"

"လာ - အစ်ကိုကြီး၊ ထိုင်။ ဒါ ရတယ်မဟုတ်လား"

ကောင်လေးတစ်ယောက်က နှာခေါင်းဝရှေ့နားလေးကို လက်နှင့်သပ်ပြသဖြင့် -

"ဘိန်းလား။ ဆောရီးကွာ၊ အစ်ကိုဝါသနာမပါဘူး။ မင်းတို့လုပ်ကြပါ"

အားလုံးဝိုင်းထိုင်လိုက်မိသည်နှင့် ဘိန်းရှူကြတော့၏။ အသက်(၂၀)ကျော်၊ (၃၀) ကျော် လူငယ်လေးများ ဘိန်းရှူနေကြတာမြင်ပြီး ရင်ထဲမကောင်းနိုင်တော့ပါ။ သူတို့မိဘများသာ မြင်လိုက်ကြလျှင် ဘယ်လောက်များ ရင်ထုမနာဖြစ်လိုက်ကြလေမလဲ မတွေးတတ်နိုင်တော့။

လူငယ် (၅) ယောက် အလှည့်ကျဝင်ပြီး ဘိန်းရှူနေကြ၏။ မကြာမီ မိမိထိုင်နေရာရှေ့သို့ တစ်စုံတစ်ခု ဘုတ်ခနဲပြုတ်ကျလာသဖြင့်ကြည့်လိုက်ရာ အိမ်မြှောင်တစ်ကောင်ဖြစ်နေ၏။ မျက်နှာကြက်ပေါ်မှ ပြုတ်ကျလာသော အိမ်မြှောင်သည် မလှုပ်မယှက်ဖြစ်နေသဖြင့် အသေအချာကြည့်နေခိုက် အိမ်မြှောင်မှာ လှုပ်ရှားလာပြီးပြေးတော့သည်။ သို့သော် အိမ်မြှောင်ပြေးနေသည့်ပုံမှာ ပုံမှန်မဟုတ်။ တစ်ခါတစ်ခါ တည့်တည့်သွားလိုက်၊ တစ်ခါတစ်ခါ ဘေးတိုက်သွားလိုက် ဖြစ်နေသဖြင့်-

"ဟိုအိမ်မြှောင်ကအပေါ်ကပြုတ်ကျပြီး မူးသွားတယ်နဲ့တူတယ်။ လမ်းသွားတာ ဘေးတိုက်ကြီးဖြစ်နေတယ်"

မိုးဝေက ခပ်ပြုံးပြုံးလှမ်းကြည့်ပြီး-

"အပေါ်က ပြုတ်ကျလို့ မူးသွားတာ မဟုတ်ဘူး ဗိုစန်းရဲ့။ အဲဒါ ဘိန်းမူးနေတာ"

"ဘာ - အိမ်မြှောင်က ဘိန်းမူးနေတာ ဟုတ်လား"

"အစ်ကိုမယုံရင် အပေါ်ကိုမော့ကြည့်လိုက်"

"ဟင်"

မိုးဝေပြောသည့်အတိုင်း မျက်နှာကြက်ကိုမော့ကြည့်လိုက်ရာ အိမ်မြှောင်အကောင် (၂၀) ခန့် ငြိမ်ပြီး ဝပ်နေကြသည်ကို တွေ့လိုက်ရ၏။ တစ်ကောင်နှင့်တစ်ကောင် ရန်စောင်ခြင်းမရှိ၊ လှုပ်ရှားခြင်းမရှိ ပကတိ ငြိမ်သက်နေကြ၏။

"ဒါဆို သူတို့က ဒီအနံ့ကို ရှူနေကြတာပေါ့၊ ဟုတ်လား"

"ဟုတ်တယ်၊ အစ်ကို မယုံရင် တခြားဝိုင်းတွေရဲ့အပေါ်ကို လှမ်းကြည့်လိုက်"

အခြားတစ်ဖက်တွင် ထိုင်၍ ဘိန်းရှူနေကြသော ဘိန်းဝိုင်း (၂) ဝိုင်းရှိ၏။ ထိုဘိန်းဝိုင်းများ၏ အပေါ်တည့်တည့် မျက်နှာကြက်တွင်လည်း အိမ်မြှောင် (၁၀) ကောင်ခန့် ငြိမ်နေကြ၏။ စုပြီး ငြိမ်နေကြခြင်း ဖြစ်၏။

"အဲဒါ ဒီကောင်တွေကောင်းနေတာ ဗိုစန်းရဲ့"

"ဒါဆို ဒီအိမ်မြှောင်တွေလည်း ဘိန်းစွဲနေကြတာပေါ့၊ ဟုတ်လား"

"ဟုတ်တယ်၊ အိမ်မြှောင် ဆိုတဲ့ ကောင်တွေက အလွန်နူးညံ့ကြတာ ဗိုစန်းရဲ့။ ဒီကရှူလိုက်လို့ နည်းနည်းပါးပါး လေထဲပါသွားတဲ့အနံ့နဲ့ ဒီကောင်တွေ ဘိန်းစွဲနေကြတာ။ ကျွန်တော်တို့လိုပေါ့"

တစ်ခု ထူးဆန်းနေသည်မှာ ဟိုဘက်ဝိုင်းတွင် ဘိန်းရှူနေကြသော အိမ်မြှောင်များသည် ဒီဘက်ဝိုင်းသို့ကူးမလာကြ။ ဒီဘက်ဝိုင်း၌ ဘိန်းရှူနေကြသော အိမ်မြှောင်များကလည်း ဟိုဘက်ဝိုင်းသို့ မသွားပါ။ အိမ်မြှောင်တွေ စည်းကမ်းတကျ ဘိန်းရှူနေကြသလားဟုပင် ထင်လိုက်မိသည်။

မဖြစ်နိုင်။ ဒီတိရစ္ဆာန်တွေမှာ စည်းကမ်း ဆိုတာ မရှိနိုင်။ အဘယ်ကြောင့် အိမ်မြှောင်များ သူ့ဝိုင်းနှင့်သူ စည်းကမ်းရှိစွာ ဘိန်းရှူနေကြပါသလဲ ဟု စဉ်းစားလိုက်မိသည်တွင် အမိက အချက်ကို ဘွားခနဲ တွေ့လိုက်ရတော့လေသည်။ ၎င်းသည်မှာ အခြားမဟုတ်။ ဟိုဘက်ဝိုင်းနှင့်ဒီဘက်ဝိုင်း ဘိန်းရှူချိန် မတူခြင်းကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဟိုဘက်ဝိုင်းမှ လူငယ်များသည် ဘိန်းရှူပြီးကောင်းနေကြလေပြီ။ ဒီဘက်ဝိုင်းက ရှူနေကြတုန်းပင် ဖြစ်၏။

အချိန်စောစော ဘိန်းရှူရသော အိမ်မြှောင်သည် သူ့အချိန်ကျသည်နှင့် ဘိန်းရှူချင်လာသဖြင့် သူဘိန်းရှူရသည့်နေရာသို့ ရောက်အောင်သွား၏။ ထိုနေရာတွင် လူငယ်များဝိုင်းထိုင်လိုက်ကြသည်နှင့် လာနေကျ အိမ်မြှောင်များက မျက်နှာကြက်တွင် ဝိုင်း၍စုလာကြတော့သည်။

ထိုအချိန်တွင် အချိန်မကျသေးသော အိမ်မြှောင်များက ထိုဝိုင်းသို့ မသွားကြချေ။ သူတို့အောက်ဝိုင်းမှလူများ ရောက်မလာမချင်း ဟိုတစ်ကောင် ဒီတစ်ကောင်သာနေကြ၏။ သူတို့ဝိုင်းအတွက် လူငယ်များ အလုပ်မှပြန်ရောက်လာကြပြီး ရေမိုးချိုးပြီးသည်နှင့် ဘိန်းဝိုင်းထိုင်ကြသည့်အချိန်မှာ နေ့စဉ်လိုလိုအချိန်မှန်ဖြစ်နေခြင်းကြောင့် အိမ်မြှောင်များကလည်း ထိုအချိန်ကို တိရစ္ဆာန်သိသိနေကြခြင်းပင် ဖြစ်၏။

မနက် (၈) နာရီ အလုပ်ဆင်းရသော လူငယ်တစ်ယောက်သည် ညနေ (၅) နာရီအတွင်း အခန်းသို့ ပြန်ရောက်၏။ တစ်နေ့ လုပ်ခငွေ (၂၅) ရင်းဂစ်တိုတစ်ခါတည်း ရှင်းယူလာခဲ့ရ၏။ တစ်နေ့ချင်းမရှင်းပေးလျှင် ဘိန်းရှူစရာ ပိုက်ဆံမရှိ၊ ဘိန်းမရှူရလျှင် အလုပ်မလုပ်နိုင်တော့။ အလုပ်ရှင်ကလည်း အကြောင်းသိထားသူမို့ နေ့ချင်းရှင်းပေးလိုက်၏၊ (၂၅)ရင်းဂစ်မှ (၅) ရင်းဂစ်ကို ဆေးလိပ်အချိုရည်၊ ထမင်းအတွက် သုံးလိုက်ပြီး ကျန်သည့် (၂၀) ရင်းဂစ်ကို အတု ဘိန်းဝယ်လိုက်၏။ ဘိန်း (၂၀) ရင်းဂစ်ဖိုးဝယ်လျှင် တစ်ယောက်စာတော့ ကောင်းကောင်း လောက်င၏။ တစ်ခါ တစ်ရံ လူပိုလာပြီး ဘိန်းကနည်းနေလျှင် ရှူ၍မရတော့၊ မလောက်ငတော့၊ ထို အခါများတွင် ဘိန်းမှုန့်ကို အရည်ချ ပြီး အကြောထဲသွင်းရမှ နေသာထိုင် သာရှိတော့သည်။

ညနေ(၅)နာရီ ပြန်ရောက်လာကြ သော လူငယ်များသည် (၅) နာရီ (၂ မိနစ်ခန့်တွင် ဘိန်းဝိုင်းထိုင်သဖြင့် ထို အချိန် ဘိန်းရှူနေကျ အိမ်မြှောင်များ ထိုအချိန်တွင် လာ၍ဘိန်းရှူနေကြခြင်း ဖြစ်၏။ စည်းကမ်းကား မဟုတ်။ အိမ် မြှောင်တို့သည် တစ်နေကုန် သူ့ဝမ်းစာ ရှာဖွေနေရ၏။ အချိန်ကျလာလျှင် ဘိန်း လာရှူကြ၏။ ထိုလူငယ်တို့သည်လည်း တစ်နေကုန် ဝမ်းရေးအတွက် အ သွားလုပ်ကြ၏။အချိန်ကျသည်နှင့် ဘိန်း ရှူကြ၏။ အိမ်မြှောင်နှင့် ထိုလူငယ်မျ သို့မဟုတ် ‌လူနှင့် တိရစ္ဆာန် ဘာများ ပြားခြားနားပါသေးလဲ။ ထိုလူငယ်မျ အားကြည့်ရင်း နှမြောနေမိတော့၏။ ထဲမှာ မကောင်းလှ။ သူတို့လေးတွေ ကြည့်ပြီး ရင်ထဲမှာ တနုံ့နုံ့ခံစားနေ

မိမိသည်ပင် ကိုယ်တိုင် ဘိန်း သော်လည်း ဘိန်းဝိုင်းအနားကပ်၍ တို့နှင့်စကားပြောရသည်ကို နှစ်သက် မိ၏။ ထိုလူငယ်လေးများ ဘိန်းဝိုင်း သည့်အချိန် မိမိလည်း ထိုဘိ



www.burmeseclassic.com

www.burmeseclassic.com

သို့ အလိုလိုရောက်နေတော့၏။

အစပထမတွင် သူတို့ဘဝများကို ရန် ကုန်ကြမ်းရှာနေသည်ဟု မိမိ သာ ထင်လိုက်မိပါသော်လည်း ဖြည်းဖြည်းကြာလာသောအခါ မသွား နေနိုင်အောင်ဖြစ်လာသဖြင့် ကိုယ် အံ့ဩယူရ၏။ အသေအချာတွေး ဇွေးစားကြည့်လိုက်မိကာမှ မိမိသည် မြောင်ဖြစ်နေမှန်း သိရတော့သည်။ စတင်စွဲလာသည့် လက္ခဏာမှန်း တ်တော့၏။ သိလိုက်ရသည့်အချိန် စ၍ ထိုဘိန်းဝိုင်းအနား မသွား မထိုင်တော့ပါ။ ဘယ်အလုပ်မဆို ကြာမြဲမြဲစွဲ၍လုပ်လျှင် ဖြတ်၍မရ အောင် တမ်းတမ်းစွဲဖြစ်သွားကြသည် သတိထားမိလာသည်။ ဆေးလိပ် တ်ခြင်း၊ ကွမ်းစားခြင်း၊ အရက် တ်ခြင်းတို့သည် ကြာကြာမြဲမြဲစွဲ၍ ရာမှ ဖြတ်မရတော့ခြင်းပင် ဖြစ်၏။ ဘိန်းစားဘဝတော့ မရောက်လိုပါ။ ဆန်း တက်ကြွနေရမည့်အရွယ် လူ လေးများ ဘိန်းစားဘဝဖြင့် လူညွန့် နေကြသည်ကိုကြည့်ပြီး ရင်ထဲမှာ ထိ လှုပါသည်။

ထိုအခန်းတွင် နေထိုင်ကြသော ငယ်လေးများသည် တစ်ခါတစ်ရံ ကြောင်းတစ်ခုခုကြောင့် ဘိန်းဝယ်၍ သည့်အခါ တစ်ယောက်နှင့်တစ် တ်ဆက်ဆံရေးကလည်း မပြေပြစ် ။ အချို့ ဘိန်းမရှူရ၍ ယင်းထနေ ည့်ဒဏ်ကို လူးလိမ့်နေအောင် နေကြရရှာ၏။ ဘိန်းပြတ်နေသည့် များတွင် ထိုအိမ်တွင် နေထိုင်ကြ လူငယ်လေးများသာမက အိမ် ောင်များပါ ယင်းထနေကြသည်ကို အံ့တသြတွေ့ခဲ့ရ၏။

အချိန်ကျ၍ ဘိန်းမရှူရသော မြောင်တို့သည် သွက်လက်စွာ သွား နိုင်ခြင်း မရှိတော့ပါ။ တစ်ကောင် တစ်ကောင် ကိုက်ခဲကြသည့်အသံ သည်း ဆူညံနေတော့၏။ ဤသည် အိမ်မြောင်ယင်းထခြင်း ဖြစ်၏။

ထိုအိမ်တွင်လည်း မနေလိုတော့ ဖြင့် အီပို့မြို့ရှိ မိတ်ဆွေတစ်ယောက် န်းဖြင့် ဆက်သွယ်ကြည့်ရာ အလုပ် ောင်းနေရာကောင်းရှိသဖြင့် အီပို့မြို့ သွားရန် စီစဉ်ရတော့သည်။

"မိုးဝေ၊ ငါ ဒီလကုန်တာနဲ့ အလုပ် ရတော့မယ်"

"ဟုတ်လား၊ ဘယ်ဆိုင်မှာလဲ"

"ဒီမှာမဟုတ်ပါဘူးကွာ။ အီပို့မှာ ငါ့သူငယ်ချင်းတစ်ယောက် ရှာထားပေးတာ"

"ဒီမှာလည်း အလုပ်ကရှိပါတယ်ဗျာ။ ခဏနေစမ်းပါဦး"

"မနေချင်တော့ဘူးကွာ။ ကြာရင် ငါပါ ဘိန်းစားဖြစ်လိမ့်မယ်"

"ဒါနဲ့နေပါဦး၊ ကျွန်တော့်ဘဝဇာတ်ကြောင်း နားမထောင်တော့ဘူးလား"

"အေး - ငါလည်း မေးမလို့ပါဘဲ။ ဒါပေမယ့် မင်းက အလုပ်က ပြန်လာ၊ ဘိန်းရှူ အိပ်၊ ပြီးတော့ အလုပ်ပြန်ဆင်း။ ဒါနဲ့ပဲချာလပတ်လည်နေတော့ ငါလည်း မေ့တေ့တေ့ဖြစ်နေတာ။ ဒီနေ့ မင်းနားရက် မဟုတ်လား၊ အဲဒီဇာတ်လမ်းပြန်စ,ကွာ"

"ဒီလိုဗျ။ မလေးမှာ ရဲအဖမ်းခံရပြီး ထောင် (၄) လကျသွားတယ်။ ပြီးတော့ နယ်နှင်ဒဏ်ပေးလိုက်တော့ ထိုင်းနဲ့ မလေးနယ်စပ် ရောက်သွားတယ်။ အဲဒီကနေ ထိုင်းပွဲစားတွေလက်ထဲကို ရောက်သွားတယ်။ တိုတိုပြောရရင် တော့ဗျာ၊ အဲဒီပွဲစားတွေဆီမှာ (၃) လ ကျွန်ခံရတယ်ဗျ။ အဲဒီလို သူတို့ဆီမှာ (၃)လကျွန်ခံမှ ပွဲစားက မလေးကိုပြန်ပို့ပေးမှာလေ။အပေးအယူလုပ်တဲ့သဘောပေါ့။ ပင်လယ်ထဲ ငါးဖမ်းစက်လှေတွေနဲ့ လိုက်ရတယ်။ နေ့ရောညပါ ပင်ပန်းကြီးစွာ လုပ်ကြရတယ်။ စားရတော့လည်း မသေရုံပါဘဲဗျာ။

တစ်ခါတလေ ပင်လယ်ထဲခုန်ချပြီး သေလိုက်ရင် ကောင်းမလားလို့ စဉ်းစားမိပါရဲ့။ အိမ်က အမေနဲ့ ညီမလေးတွေကို မြင်ယောင်လိုက်ရင် မသေရဲတော့ပြန်ဘူး။

(၃) လပြည့်တော့ ကျွန်တော်တို့ကို မလေးကို ပြန်ပို့ပေးတယ်။ အဲဒါလည်း အလကားတော့ မဟုတ်ဘူး။ မလေးရောက်တာနဲ့ သူတို့သွင်းပေးတဲ့ အလုပ်ကိုလုပ်ရတယ်၊ ကြေးများလို့မရဘူး။ အဲဒီအလုပ်တွေက ဘယ်သူမှမလုပ်ချင်တဲ့ ဆောက်လုပ်ရေးတို့၊ ဆီအုန်းတို့ပေါ့ဗျာ။

ကျွန်တော်တို့ကို ပွဲစားက ကားနဲ့ခေါ်သွားတယ်။ မလေးနဲ့ ထိုင်းနယ်စပ်ကနေ မလေးနိုင်ငံထဲ ရောက်တဲ့အထိ ပွဲစားက တာဝန်ယူပြီး လမ်းရှင်းသွားတာဗျ။ ထိုင်းမှာ ကျွန်တော်တို့ရောက်နေတဲ့နေရာကနေ ကားစ,စီးလာပြီး တောလမ်းတစ်နေရာရောက်တော့ ကားသမားကရပ်ပြီး ဖုန်းဆက်နေတာနဲ့ ခဏစောင့်နေတုန်း တောလမ်းတစ်နေရာက ပြန်လာတဲ့ အစ်မကို တွေ့လိုက်ရတာဗျ။ အစ်မနောက်မှာ တခြား မိန်းကလေးတွေလည်း ပါတယ်။ သူတို့အားလုံး ပြောင်းဖူးတွေထည့်ထားတဲ့ ပလိုင်းအကြီးကြီးတွေကို လွယ်ထားတာဗျ။

ကားပေါ်ကနေ အစ်မနဲ့တူပါတယ်လို့ကြည့်နေရင်း အနီးအနားရောက်လာတော့မှ အစ်မမှန်း သိလိုက်ရတာ။ ကျွန်တော်က 'အစ်မ' လို့ လှမ်းခေါ်လိုက်တယ်။ အစ်မက ကျွန်တော့်အသံ ကြားတာနဲ့ ချာခနဲ လှည့်ကြည့်တယ်။ ကျွန်တော့်အသံကို မှတ်မိသလိုပဲ။ နောက် ကျွန်တော့်ကို အသေအချာကြည့်ပြီး မမှတ်မိဘူးနဲ့တူပါရဲ့၊ ပြန်လှည့်သွားတယ်။ ကားကလည်း ထွက်နေပြီဗျ။ အောက်ကိုလည်း ဆင်းခွင့်မပေးတော့ ပွဲစားကလည်း ဟောက်နေတာနဲ့ပဲ စကားပြောခွင့်လည်း မရလိုက်ပါဘူး။ ကားနဲ့ မလေးအထိ တောက်လျှောက်ပဲ ဆိုပါတော့။ အစ်မနဲ့ တွေ့လိုက်ရတာ ဟာ အဲဒါနောက်ဆုံးပဲ"

"ဖြစ်ရလေကွာ။ စိုက်ပျိုးရေးခြံတွေမှာလုပ်နေတာဖြစ်မယ်ကွ။ ပြောင်းဖူးတို့၊ ရော်ဘာခြံ၊ ဆီအုန်းခြံတို့ အဲဒီနားမှာ အများကြီး"

"ဟုတ်မှာပေါ့ဗျာ။ မလေးရောက်တော့ ထုံးစံအတိုင်း ဆီအုန်းခြံတွေမှာ အလုပ်သွင်းပေးတယ်။ အလုပ်ရှင်နဲ့ ပွဲစားက လင်မယားတွေဗျ။ လကုန်တာနဲ့ အလုပ်သွင်းပေး၊ မလေးကို ပြန်ပို့တဲ့ ပွဲစားခအနေနဲ့ လစာရဲ့တစ်ဝက်ကို လာဖြတ်ယူသွားကြတယ်။ (၆)လကနေ (၁) နှစ်အထိ လာဖြတ်ယူကြတယ်။ အဲဒီအကြွေးတွေကျေမှ ကိုယ်လုပ်ချင်တဲ့ အလုပ်ကို ကိုယ့်သဘောနဲ့ကိုယ် ပြောင်းလို့ရတာ။

တချို့အလုပ်ရှင်တွေဆိုရင် အလုပ်သမားတွေထွက်ပြေးမှာစိုးလို့ လစာတစ်လစာလောက်ကို ထုတ်မပေးဘဲ ထားတယ်။ ထွက်ပြေးရင် လစာဆုံးတာပေါ့"

"မင်း အဲဒီဆီအုန်းခြံမှာ ဘယ်လောက်ကြာကြာနေခဲ့လဲ"

"သိပ်မကြာဘူးဗျ၊ (၂)လလောက် လုပ်ပြီး လစ်တာနဲ့ ဒီပီနန်အထိ ပြေးချလာတာ။ အခုလုပ်နေတဲ့ စားသောက်ဆိုင်မှာတင် တစ်နှစ်ကျော်နေပြီ။ ပွဲစားတွေနဲ့မတွေ့အောင် ဒီလိုပဲ ပုန်းလျှိုးကွယ်လျှိုး နေရတာပေါ့ဗျာ။ ဒီကြားထဲ ပွဲစားက ဘယ်လိုသတင်းရသွားလဲ မသိပါဘူး။ ဟိုတစ်နေ့က ကျွန်တော့်ဆီကို



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာပြီး ဝိုင်းနှိပ်စက်လိုက်ကြတာ သေလုရောပဲ။

အခု ဒီလကုန်ပြီး (၃) ရက်နေ့ သူတို့ တစ်ခေါက်ပြန်လာကြလိမ့်ဦးမယ်။ သူတို့ပွဲစားခ မကျေမချင်း ဒီလိုပဲ နှိပ်စက်နေကြဦးမှာပဲ"

"လကုန်ပြီးရင်ကော မင်းမှာ ပေးစရာပိုက်ဆံရှိလို့လား။ တစ်နေ့တစ်နေ့ ဘိန်းဖိုးနဲ့ ကုန်နေတော့ ဘယ်မှာစုလို့ရမှာလဲ"

"ပေးစရာပိုက်ဆံလည်း မရှိပါဘူးဗျာ။ ဘိန်းဖိုးတောင် အပတ်မလည်ရတဲ့အထဲ"

"ဒါဆို သူတို့လာရင် မင်းဘယ်လိုလုပ်မလဲ"

"သူတို့မလာခင် ပြေးရဦးမှာပေါ့ဗျာ။ ဒီကောင်တွေက စိတ်ချရတာ မဟုတ်ဘူးဗျ၊ သတ်ချင်သတ်မှာ"

"ဟူး. . မင်းအစားရင်မောလိုက်တာကွာ"

✤

ဤသို့နှင့် လမကုန်မီ တစ်ရက်အလိုတွင် အိမ်ပို့သို့ ထွက်လာခဲ့တော့သည်။ အိမ်ပို့ ရောက်သည်နှင့် တရုတ်လူမျိုး စားသောက်ဆိုင်ပိုင်ရှင်က ချက်ချင်း အလုပ်ဝင်ခိုင်းသဖြင့် တန်းဝင်လိုက်ရ၏။ (၂) ရက်နေ့တွင် မိုးဝေ ပေါက်ချလာတော့သည်။

"ဟာ-မိုးဝေ၊ ဘယ်လိုဖြစ်လာတာလဲ"

"ပွဲစားတွေလိုက်နေတာနဲ့ ဒီကို ပြေးလာတာ။ ခင်ဗျားအခန်းရတယ် မဟုတ်လား"

"အေး - အခန်းရှိပါတယ်၊ ဆိုင်အပေါ်ထပ်မှာ။ လာ၊ လာ"

မိုးဝေအား အခန်းထဲနေရာချပေးပြီး အလုပ်ပြန်ဝင်နေလိုက်၏။ ဆိုင်က ညပိုင်းဖွင့်သည့်ဆိုင်မို့ မနက် (၂) နာရီ အထိ ဆင်းရ၏။ (၄) နာရီလောက်အထိ ဆိုင်သန့်ရှင်းရေးကို လုပ်ဆောင်ရ၏။ (၄) နာရီခွဲချိန်တွင် နေ့ခင်းဘက်ဆက် ရောင်းချမည့် သူဌေးညီ၏အလုပ်သမားနှင့် တာဝန်လွှဲကာ မိမိအခန်းပေါ် ပြန်တက်ခဲ့တော့သည်။ ထိုအချိန်တွင် လူလေး၊ ငါးယောက်က မိမိအား တွန်းတိုးပြီး အခန်းထဲဝင်ရောက်လာကြ၏။ မိုးဝေ၏ မျက်နှာမှာ သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်ပြီး ကြောက်လန့်နေတော့သည်။

ခေါင်းဆောင်လုပ်သူက မိမိအား-

"ဟေ့ကောင် - မင်းနဲ့မဆိုင်ဘူး၊ ဟိုနားမှာထိုင်နေ"

"ဟုတ်ကဲ့"

ထိုလူက ပြောပြောဆိုဆို မိုးဝေအား ခုတင်ပေါ်မှ ဆွဲချပြီး လိုမ့်ကန်တော့၏။

"ကဲကွာ-ပြေးဦးကွာ၊ ပြေးဦးကွာ"

"အား - မလုပ်ကြပါနဲ့ဗျာ။ ကျွန်တော့်မှာ ပေးစရာပိုက်ဆံမရှိလို့ ပြေးရတာပါဗျာ"

"ကဲကွာ - လိမ်ချင်ဦး"

ကျန်လူများကလည်း မိုးဝေကို ချုပ်ထားလိုက်ကြပြီး စိတ်ရှိလက်ရှိ ထိုးကြိတ်နေတော့၏။ မိုးဝေမျက်နှာမှာ ပေါက်ပြဲ ဖူးရောင်လျက် သွေးတို့ဖြင့် ခြင်းခြင်းနီနေ၏။

ထိုအခိုက် -

"ဘယ်လိုလဲကွ၊ အရသာရှိရဲ့လား"

တောင့်တင်း ကြံ့ခိုင်သော ခန္ဓာကိုယ်နှင့် လူမိုက်ရုပ်ပေါက်နေသောလူ တစ်ယောက် ဝင်လာ၏။ အဖွဲ့ခေါင်းဆောင်ဖြစ်ဟန်တူသည်။မိမိလည်း မလှုပ်ဝံ့။ မိုးဝေကို တိရစ္ဆာန်တစ်ကောင်လို ညှဉ်းပန်းနှိပ်စက်နေခြင်းကို ဘာမှမတတ်နိုင်။ ဒီအတိုင်းသာ ထိုင်ကြည့်နေရသည့် ဘဝဖြစ်၏။ ထိုလူသန်ကြီးက မိုးဝေ၏ ဆံပင်ကို ဆုပ်ကိုင်ပြီး ခေါင်းကို ဆွဲမော့လိုက်၏။ ပြီးမှ ဇာက်ဝါးဖြင့် ပါးကိုဖြောင်းခနဲနေအောင် ရိုက်ချလိုက်တော့သည်။ မိုးဝေခမျာ ခွေကျသွားတော့၏။ မိုးဝေ၏ အကျီစအား ဆွဲ၍ထခိုင်းလိုက်၏။

ပြီးမှ -

"ဟေ့ကောင်၊ ငါ့မျက်နှာကို သေသေချာချာကြည့်စမ်း။ ကျားကြီးဆိုတာ ကြားဖူးလား"

မိုးဝေ ဖူးရောင်နေသည့်မျက်လုံးများဖြင့် ခေါင်းကို အားယူ၍ ထောင်ကြည့်လိုက်၏။ ပါးစပ်က သွေးများ မြင်မကောင်းအောင် စီးကျနေ၏။ ထိုလူကြီးက နောက်တစ်ကြိမ်ရိုက်ရန် လက်ကိုရွယ်လိုက်စဉ်မှာပင် -

"ဟင် - အဖေ. . . အဖေ၊ သားလေ။ အဖေ ဖိုးနီတိုးပါ အဖေ"

"ဘာ"

ထိုလူကြီးက လက်ကိုမြှောက်ထားရင်းမှ အံ့အားသင့်နေ၏။ ခေါင်းမွေးစုတ်ဖွားဖြင့် ဘိန်စားရုပ်ပေါက်နေသော ဖိုးနီတိုးခေါ် မိုးဝေအား ရုတ်တရက် မမှတ်မိ။ လက်ကိုပြန်ချလိုက်ပြီး အသေအချာ စိုက်ကြည့်နေ၏။ ပြီးမှ မိုးဝေ၏ နားရွက်နောက်မှ အနီမှတ်ကြီးကို လှန်ကြည့်လိုက်၏။ အလွန်အံ့အားသင့်နေဟန်ဖြင့်-

"သား၊ ဖိုးနီတိုး. . . သားလေး ဟေ့ကောင်တွေ- ဒါ ငါ့သားလေး ဖိုးနီတိုးကွ"

မိုးဝေအား ဆွဲယူ၍ ရင်ခွင်ထဲဆွဲသွင်းကာ ယောကျ်ားတန်မဲ့ မျက်ရည်များ စီးကျလာတော့သည်။

"ဘယ်လိုဖြစ်ရတာလဲ သားရယ်"

"အဖေ၊ အဖေနဲ့ အစ်မကို သားလိုက်ရှာနေခဲ့တာ အဖေရဲ့"

"မင်းအစ်မကို အဖေလည်းလိုက်ရှာပါတယ်ကွာ။ အဖေနဲ့ ပြန်တွေ့တဲ့အချိန်မှာ မင်းအစ်မဟာ ၁၁ဝဆုံးနေပြီ။ ထိုင်းကိုရောက်ပါပြီ ဆိုကတည်းက ... ခန်းတစ်ခုမှာ ရောင်းစားခံရတာ။နောက်တော့ အဲဒီကနေ ဆီအုန်းခြံတွေ၊ ပြောင်းဖူးစိုက်ခင်းတွေကို ရောက်သွားတယ်။ မောင်းထုတ်လိုက်ကြတာ...။ အဲဒီမှာ နေရင်းပဲ ရော...ဖြစ်ပြီး လွန်ခဲ့တဲ့... လောက်ကပဲ ဆုံးရှာပြီ သား"

"ဖြစ်မှဖြစ်ရလေ အစ်မရယ်"

မိုးဝေ ရှိုက်ကြီးတငင် ငိုကြွေး... လေတော့သည်။

"တိတ်ပါ သားရယ်"

ထိုလူကြီးလည်း သားဖြစ်သူ... ကြည့်ပြီး မျက်ရည်မဆည်နိုင်တော့... တရှုပ်ရှုပ်နှင့် ငိုကြွေးနေပြန်၏။

"အဖေ၊ သားတို့ မြန်မာနိုင်ငံ... ပြန်ကြရအောင်။ သားလည်း ဘိန်း... ပြီ အဖေ။ ဒီဘိန်းကို သားဖြတ်မယ်... မှာ အမေနဲ့ ညီမလေးတို့ သား... စောင့်နေတယ် အဖေရဲ့။ သားတို့ ... ကြရအောင်နော် အဖေ"

"အေးပါ သားရယ်၊ ပြန်ကြ... ပေါ့"

ထိုင်းမှာ ဘိန်းအရောင်းအ... လုပ်ရင်း မြန်မာအချင်းချင်း နှိပ်စ... ခဲ့သော ကျားကြီး ခေါ် ဦးဘ... ယောက် ခေါင်းဂိုက်စိုက်ကျနေ... တစ်ချိန်က သူခြေတော်တင်ခဲ့... မြန်မာမလေးများ၊ သူကိုယ်တိုင် ... ရောင်းခဲ့သော မြန်မာလူငယ်... အား ပြန်မြင်ယောင်နေမိတော့... ကြမ္မာရဟတ် မညှာတစ်ပတ်လည်... ပြီကော။


မေတ္တာ...

ထန်းတပင်-...



www.burmeseclassic.com

www.burmeseclassic.com



စလင်းမြို့ရှိ တနင်္ဂနွေထောင့်ပေါ်တွင် တည်ထားကိုးကွယ်သော စလင်းစည်သူကျော်ထင် တည်ထား ကိုးကွယ်ခဲ့သော
ရွှေတန်ဆာဘုရားကြီးအား အနောက်ဘက်မှ ဖူးမြော်ရပုံ

ဤဘုရားရင်ပြင်တော်ဝယ် ကုလားစစ်ဘာရီတို့ တပ်တာထိုး၍ ဗမာမျိုးချစ်များကို ၁၂၄၇-၄၉ ကာလက ခုခံတိုက်ခိုက်ရာတွင် စေတီတော်ကြီး ပျက်စီးရာ ဆောင်းမြို့သူကြီးကတော် မယ်ကြီးညိုသည် ဘုရားပြင်ရန် ငွေဒင်္ဂါး တစ်သောင်းကျော်ကို လှူထားခဲ့သည်။ သူကွယ်လွန်သောအခါပြီးသည့်နောက် ၁၂၅၅ ခုနှစ်တွင် စစ်ဘာရီတပ်များရုပ်သောအခါတွင်မှ ဘုရားကို သူ့ဇာတ်သားများက အပ်ထားခဲ့သောငွေဖြင့် ဘုရားကိုပြင်ရလေသည်)
(ဓာတ်ပုံ-ဦးစန်းညိုအောင်၊ စလင်းမြို့နယ်အသင်းမှ ကျေးဇူးပြုသည်)

ကိုလိုနီခေတ်မြို့အုပ်ကြီးတစ်ဦး၏မှတ်တမ်း

# စလင်းမြို့မှ ရှင်ပင်ရွှေတန်ဆာစေတီတော်ပြုပြင်သူ ငါးစဉ့်ကျောင်းအမ မြို့ကတော်ကြီး သူကောင်းမ ဒေါ်ကြီးညို

အနောက်တံခါးမျှူးမောင်မျှူး

မြေစာရင်း အင်စပိတ်တော်ကြီး ဦးသာဒွန်းဦးသည် ပေါင်းသင်းထိုက်သော မိတ်ကောင်းဆွေကောင်းထဲတွင် ပါဝင်ပါလေသည်။ သူ၏ ထူးခြားချက်တစ်ခုမှာ **'အပြစ်ပြု၍ ဆုံးမသူကို ရွှေအိုးပေးသူ ဟူ၍ ဆည်းကပ်ရမည်'** ဆိုသော ရွှေကျင်ဆရာတော်ကြီး၏ ဩဝါဒကို လိုက်နာသူတစ်ဦးပီပီ အမှားမရှိအောင် စောင့်ထိန်းသောသဘောရှိ၏။

တနင်္ဂနွေနေ့ဖြစ်၍ ကျွန်ုပ်ထံသို့ လာလေသည်။ ကျွန်ုပ်ညီတော်စပ်သူ ဦးထွန်းအင်သည် ငွေးပင်စင်သူကြီးမင်း၊ ကျောင်းဒါယကာ ဦးဖိုးရွှေနှင့် ရောက်လာလေသည်။ ကျွန်ုပ်တို့လေးဦးသော အဆွေခင်ပွန်းတို့သည် ကျွန်ုပ်နေထိုင်သော သူကောင်း(လောင်းရှည်)ဦးလူကြီး၏တိုက်တောင်ဘက် မန်ကျည်းပင်ကြီးအောက်တွင် ခင်းထားအပ်သော ဝါးကွပ်ပျစ်ပေါ်တွင် ထိုင်ပြီးသကာလ ကျွန်ုပ်ဇနီး မင်းကတော်က သူ့အိုးသူကြား မယ်မှင် စီမံပြုလုပ်သော စလင်းမုန့်ပျစ်သလက်ကို ငါးခူငါးပိကောင်ဖြင့် ချက်အပ်သောဟင်းဖြင့် စားကာ စလင်းမြို့ဆောင်းဦးကာလ၏ နံနက်ခင်းအရသာကို ခံစားကြ၏။

ဦးသာဒွန်းဦးမှ စလင်းမြို့အနောက်တံခါးခေါ် မင်းတပ်တံခါးရှိ တပ်တာရိုးပေါ်တွင်တည်ရှိသော ရှင်ပင်ဆုတောင်းပြည့်စေတီတော်ရှိအကြောင်းစလာသည်။ သူက စကားစသောအခါ ကျွန်ုပ်တို့ (၂) ဦးက သေချာစွာရှင်းခဲ့သည်။ အင်စပိတ်တော်ကြီးသည် ကျွန်ုပ်မှတ်တမ်းပြုစုသည်ကို ကူညီလေ့ရှိသလို သူမရှင်းသော အချက်တို့ကိုလည်း မေးသည်။

ထို့ကြောင့် ကျွန်ုပ်က စတင်၍ -

ဆုတောင်းပြည့် စေတီတော်မှာ လောင်းရှည်မြို့ သူကြီးကတော် သူကောင်းမ မယ်အေးက မူလရှိပြီး စေတီတော်မှာ ဗြိတိသျှတို့ မြန်မာနိုင်ငံသိမ်းပိုက်ပြီးစတွင် ကွဲအက်သဖြင့် မူလစေတီကို ဌာပနာ၍ တည်ကြောင်းကို

www.burmeseclassic.com

ကျွန်ုပ်၏ဘိုးအေ သူကောင်း ဦးလူကြီး၏ မှတ် တမ်းပုရပိုက်မှာရှိပါသည်။ ကျွန်ုပ်က ပြောပြရသည်မှာ -

လယ်ပြင်ကျောင်း၊ မြို့တောင်ကျောင်းဒါယကာဖြစ်သော သူကောင်း ဦးလူကြီး၏မှတ်စုအရဖော်ပြရသော် -

**ရှင်ပင်ဆုတောင်းပြည့်စေတီတော်သမိုင်း အကျဉ်း**


သာသနာတော်နှစ် ၁၇၄၈ ခု၊ ကောဇာနှစ် ၅၅၆ ခုနှစ် စလင်းမြို့ကို တည်သည်။ မြို့တည်သည့်ကာလ မြို့၏ နိမိတ်စက်ဝန်းအတွင်း ပေါင်းပင်စည်း ချောင်းရိုးချောင်းဖျားတစ်ဖက် ကမ်းနဖူး ထိပ် ခင်တန်းတောင်စွယ်ပေါ်တွင် ဖိနပ်တော် ၁၀် (၁၀ တောင်)နှင့် ဆုတောင်း ပြည့်ဘုရားရှိသည်နှင့်သည်ကို ဖူးမြင်ကြရသည်ဟု ရှေးသူဟောင်းတို့ ပြောဆိုကြား‌သိရသည်။ ထို့နောက် ပျက်ပြားယွင်းယိုရှိသောကြောင့် သက္ကရာဇ် ၉၉၉ ခုနှစ် သတိုးမင်းလှမင်းကြီးက ဖိနပ်တော် ၁၇် (၁၇ တောင်) ခင်းကျင်းလျက် တည်ထားတော်မူ၍ ခေါင်းလောင်းနားရင်ဆွဲမှုစ၍ ရောင်လျှံတော်ဆပ်သွားဖူးအဆုံးတိုင် ရွှေပြည့်ချထား မွန်းမံတော်မူသည်။ ထို့နောက် ယွင်းယိုရှိပြန်သောကြောင့် လောင်းရှည်မြို့သူကြီး သီဟဝပ္ပဏရာဇသူဘွဲ့ခံ ဦးအုံ၊ ဦးရည်၊ ဘိုးလှိုင်းက ဖိနပ်တော် ၂၃် (၂၃ တောင်) ခင်းကျင်းထပ်မံ တည်ထား ကိုးကွယ်လေသည်။ ထို့နောက် ဆုတောင်းပြည့်စေတီတော်မှာ ဒုတတောင်၊ အလျားမှာ သပိတ်မှောက်ထိ အက်ကွဲလေလျှင် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ နေ့(၃)ချက်တီးကျော်တွင် အရှင် (၂) ပါး ပါတော်မူသည်။ အင်္ဂလိပ်မင်းက စစ်ဘာရီတို့ကို ရှင်ပင်ဆုတောင်းပြည့်စေတီတော် ရင်ပြင်တော်ကုန်းပေါ်၌ တပ်စခန်းချ၍ ခံစစ်ပြုလေရာ၊ ရုပ်ပွားတော်များ ပျက်စီးလေရာ တောင်စဉ်ခရိုင် အပိုင်ရုံးနှင်း မင်းစက္ကရာဇ်ဘွဲ့ခံ နာမံဦးအောင်သာ၏မြေး၊ စလင်းမြို့သူကြီး မဟာသမန်းဘွဲ့ခံ ကိုးဆောင်ဒါယကာ ဦးအေး၏ မြစ်၊ မင်းပြည်စိုး ဦးပန်းညို၏မြေးရင်းဖြစ်သော မယ်အေးက ခင်ပွန်းဖြစ်သူ လောင်းရှည်မြို့သူကြီး သီဟပ္ပဏရာဇာသူဘွဲ့ခံ ဦးသိုက်ထွန်း ကွယ်လွန်ပြီးသကာလ သားလောင်းရှည်မြို့သူကြီး ဦးလူတုပ်၊ ညီမောင်လူထွားနှင့် ညှိနှိုင်းတိုင်ပင်၍ တရားသံဝေဂရမိကြမိသည့်အတိုင်း ယခင် ညွန်ပြအပ်သော ဘုရားက အုတ်ဟောင်းများပါ ဝမ်းလိုဏ်ဌာပနာတိုက်သို့ ထည့်သွင်းရုံးစု၍ ဖိနပ်တော် ၄၅် (၄၅ တောင်) ပန်းတင် ပန်းငုံ ၃၇် ၂ ခင်းကျင်းပြီးလျှင် . . .

ဟု ပုရပိုက်တွင် တွေ့ ရပါသည်။ အရေးကြီးသော ဘုရားတည်သည့်နေ့ကား ပုရပိုက်တွင် မှေးမှိန်ပျက်ပြားနေသောကြောင့် မှန်းဆမရေးလိုပါသ၍သာ ဖော်ပြမှတ်တမ်းပြုရပါသည်ဟု ဖော်ပြပါသည်။

"ရှင်ပင် ဆုတောင်းပြည့် စေတီတော်က မြို့တည်စကပင်ရှိပြီးသားလို့ ဆိုထားတယ်ခင်ဗျ။ ဖိနပ်တော် (၁၀) တောင်ရှိတဲ့ စေတီတော်မှာ ပျက်စီးယိုယွင်းနေလို့ သက္ကရာဇ် ၉၉၉ ခုနှစ်မှာ မင်းကြီးသတိုးမင်းလှက မူလဖိနပ်တော် (၁၀) တောင်ရှိတဲ့ စေတီငုံပြီးတည်ပါသဗျ။ (၂) ထပ်စေတီပေါ့။ ပညာရှင်များက အင်္ဂလိပ်လိုခေါ်မယ်ဆိုရင် Encase Stupa လို့ ခေါ်ပါတယ်။ နောက် ပျက်စီးယိုယွင်းလာတာကြောင့် စလင်းမြို့ တောင်စင်ရိုးနွယ် လောင်းရှည်မြို့သူကြီးများဖြစ်ကြသော သီဟပ္ပဏရာဇသူဘွဲ့ခံ ဦးအုံ၊ ဦးရည်၊ ဘိုးလှိုင်းတို့က ထပ်မံပြီး ဖိနပ်တော် (၂၃) တောင်ခင်းပြီး မင်းကြီး သတိုးမင်းလှ တည်ခဲ့တဲ့ (၁၀) တောင်ရှိ စေတီကို ငုံပြီး တည်ပါတယ်။ လောင်းရှည်မြို့သူကြီးများ ထပ်မံတည်ထားတဲ့ (၃) ထပ်စေတီတော် ဖြစ်ပါပြီ။ လောင်းရှည်မြို့သူကြီး ဦးသိုက်ထွန်း၏ ဇနီး သူကောင်းမကြီး အမေအေး၊ သူ့သားများဖြစ်တဲ့ ဦးလူတုတ်၊ ဦးဘိုးထွားတို့က ၁၂၅၀ ပြည့်နှစ်မှာ အခု ကျွန်ုပ်တို့ ဖူးမြော်နေကြတဲ့ ဆုတောင်းပြည့်စေတီတော်ကို ဖိနပ်တော် (၄၅) တောင်အထိ



သူကောင်းဘိုးထွားကြီးနှင့် သူကောင်းမ မယ်မြူကြီးတို့က ၁၂၇၃ ခုနှစ်တွင် လှူဒါန်းခဲ့သော မဟာသဒ္ဒါခေါင်းလောင်းကြီး



သူကောင်းမကြီး မယ်အေး ကောင်းမှု ဆုတောင်းပြည့်စေတီတော်နှင့် ဆင်ကျုံးတံတားဒါယကာ မြို့သူကြီး ဦးအုပ်ကျော် တည်ထားကိုးကွယ်သော ကုထား



www.burmeseclassic.com

www.burmeseclassic.com

ထိုးခဲ့ပြီး တည်ထား ကိုးကွယ်ကြပါတယ်။ စေတီတော်ပြုပြင်ရာ ကုန်ကျငွေစာရင်းမှာ ၁၂၅၀ ခုနှစ်က စပါတယ်။ ဆိုတဲ့လို့ ခုနှစ်လောက်သာ ရေးနိုင်ပါတယ်"

ဟု ကျွန်ုပ်က ပြောပြရသည်။

ဖိုးထွန်းအင်က -

"ဒါကြောင့်မို့ ကိုကြီးအောင် (သူကောင်း ဦးအောင်ကြီး) က ဆုတောင်းပြည့် ဘုရားပွဲအတွက်ဆိုရင် ထောခံပြီး ကုန်ကျစရိတ်မှန်သမျှ လှူတာပေါ့"

ဟု ဆိုသည်။

ကျွန်ုပ်က-

"ဦးလူကြီးနဲ့ သူကောင်းမ မယ်အေးက မောင်နှမဖြစ်ပါတယ်"

ဟု ပြောရသည်။

"ကျွန်တော့်အမိ စောစောမေက ပြောဖူးပါတယ်။ ရှင်ပင်ဆုတောင်းပြည့် စေတီတော်ကြီး သပိတ်အထိ ကွဲအပ်တော်မူပြီး မကြာပါဘူး၊ အရှင် (၂) ပါး ပါတော်မူပါရောလို့ ပြောပါတယ်။ အင်္ဂလိပ်အစိုးရက စင်ဘာရီ (Sepoy) တွေကို ဆုတောင်းပြည့်ဘုရားရင်ပြင်တော်နဲ့ ရှင်ပင်ရွှေတန်ဆာဘုရားရင်ပြင်တော်မှာတပ်စွဲ၊ စေတီတော်ကြီးသပိတ်မှောက်

ဘိုးရွှေမိုး　　　　　　မလှသင်း (ဗုဒ္ဓဆောင် ကျောင်းအမ)

|-------------------------------------|

၁ ဘိုးသိုက်စု　　　　　၂ ဘိုးသိုက်ထွန်း (လောင်းရှည်မြို့သူကြီး)
ဘိုးလှဘော်　　　　　　　　မယား မယ်ကွန်စာ
(ပြည်စိုးဘိုးပန်းညိုသား)　　　(ဘိုးရွှေလူ မယ်ရိုးတို့၏သမီး)

|-----------------------------|

၁ မယ်ခြမ်း　　　　မြို့သူကြီးဦးကြီး၏ပထမအိမ်ထောင်။
၂ မယ်အေး　　　　လောင်းရှည်ဘိုးသိုက်ထွန်း၏ဇနီး။
၃ ဦးလူကြီး　　　　မယ်ကောင်း ၁။

ဘိုးသိုက်ထွန်း　　　　　မယားမယ်အေး

|---------------------------|

၁ ဘိုးလူတုတ်　　၂ ဘိုးထွားကြီး

ကျောင်းဒကာရွှေမှာ နားထောင်သော်လည်း ဆွေမျိုးဆက်ပုံမသိရသောကြောင့် ကျွန်ုပ်ကပင် ဆွေမျိုးစဉ်ဆက်ကို ရေးသားချ၍ ပြရပါသည်။

"ဦးလူကြီးအဆက်အသွယ်အနွယ်များတလည်း ဆွမ်းလုံးချရာမှာ သပိတ်ပို့တာတို့"

ဟု မြေစာရင်းအင်စပိတ်တော်ကြီးက မှတ်ချက်ပြုသည်။

"သတိရလို့ ပြောရဦးမယ်။ ညီအစ်ကိုမောင်နှမတွေဟာ ကွန်ရက်ထားသလိုပါပဲ။ ဥပမာပြောရမယ်ဆိုရင် ရွှေကြောင်မှာ ဦးအောင်ကြီး အမည်ပေါက်တဲ့ ဥယျာဉ်နဲ့ ဒေါ်ဉာဏ်အမည်ပေါက်ဥယျာဉ်၊ ဦးပန်-ဒေါ်တုတ်အို အမည်ပေါက်တဲ့ ဥယျာဉ်ဟာ တစ်စပ်တည်းပဲ။ အကြောင်းကတော့ ညီအစ်ကိုမောင်နှမတွေမို့ပေါ့ဗျာ"

ဟု သူကျွမ်းရာ အတွေ့အကြုံကို ဆက်ပြောပါသည်။

မှာ ကင်းစောင့်ဖို့ လင့်စင်ထိုးနဲ့ ဗိုလ်ဥတ္တမနဲ့ ဗိုလ်ရွှေတပ်ကို ခုခံတာပေါ့။ အရိုင်းအစိုင်းတွေဆိုတော့ ရုပ်ပွားတော်တွေ၊ တန်ဆောင်းတွေက အနုပညာ မြောက်လက်ရာတွေ ပျက်စီးကုန်ပါတယ်။ အမေအေးက ဆုတောင်းပြည့်ဘုရားကို ပြုပြင်တယ်။ ကုန်ကျသမျှကို စာရင်း ပြုစုထားလို့ ကျွန်တော်တို့သိရတာပေါ့။ နောင်ကုသိုလ်လုပ်ကြမယ့်လူများလည်း သမိုင်းကမ္ပည်းထိုးရင် အရိုးပေါ်ကို အရွက်မဖုံးသာ ယခင်အလှူရှင်ကို ဖော်ပြပြီး ကမ္ပည်းတင်ရင် ပိုကောင်းတာပေါ့။ လှူရတဲ့အလှူရှင်များကလည်း စေတနာသုံးတန် မပျက်ဘူးပေါ့ခင်ဗျာ"

ဟု ဖိုးထွန်းအင်က ဆို၏။

ဦးသာဒွန်းဦးက-

"သမိုင်းရေးမယ်ဆိုရင် လက်တစ်ဆုံးနိုက်ပြီးရေးကြပါ။ အပေါ်ယံရှုပ်မရေးကြပါနဲ့"

ဟု ဆိုပြန်သည်။ ကျွန်ုပ်က -

"သမိုင်းဆိုတာ နောက်ထပ်ခိုင်မာတဲ့အချက် ပေါ်မလာခင်တော့ အမှန်ပါပဲ။ တစ်ခါတလေ မှန်ကန်တိကျခိုင်မာတဲ့ အချက်ပေါ်လာရင် အရင်မြင်ထားတဲ့ အချက်ကို ပယ်သင့်တာတွေလည်းရှိတာပါပဲ"

ဟု ဖြေရသည်။

"တွေ့သရွေ့ရေးပါ။ မှတ်တမ်းတင်ထားကြပါ။ ဒါမှ နောင်လာနောက်သားတွေက သိကြရမှာပေါ့။ အဲ-တစ်ခုတော့ ပြောချင်ပါတယ်။ ဘက်မလိုက်နဲ့။ တွေ့တဲ့အတိုင်း ရေးကြ။ သုတေသီများက ဆုံးဖြတ်ကြလိမ့်မယ်ဗျာ။

"ရှင်ပင်ရွှေတန်ဆာဘုရား ဆုတောင်းပြည့်စေတီတော်တို့အကြောင်း ရေးရ၊ ပြောရမယ်ဆိုရင် တောင်တွင်းသီဟပတေ့မင်းကို မထည့်လို့မဖြစ်ဘူး၊ ကောဇာနှစ် ၇၃၂ ခု၊ တပေါင်းလဆန်း ၆ ရက်နေ့မှာ နရပတိစည်သူမင်း တည်တော်မူခဲ့တဲ့မြို့ကိုနယ်နိမိတ်ကိုချဲ့၍ အခုကျွန်ုပ်တို့မြင်တွေ့နေရတဲ့ မြို့ရိုးကြီးကို တည်ခဲ့ပါတယ်။ တစ်ဖန် ကောဇာနှစ် ၈၁၉ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့ စလင်းမြို့ကို ပိုင်စားတဲ့ စည်သူကျော်ထင်မင်းက မာတ်တော့်များ၊ ရတနာများ၊ မင်းမြောက်တန်ဆာများကို ဌာပနာပြီး တည်ထား ကိုးကွယ်တော်မူကြောင်း သိရပါတယ်။ အရှင်နှစ်ပါး ပါတော်မူတော့ ဘုံဘိုင်ဗိုလ်လို့ သိကြတဲ့ ကပ္ပတိန်ဒါန်းစဖို့က စေတီတော်ရင်ပြင်ကို တပ်တာထိုးပြီး မျိုးချစ်များက လာတိုက်တာကို ခုခံတာပေါ့ဗျာ။ သူလည်း ကျဆုံးသွားတာပါပဲ။ သူတို့ချည်းမနိုင်လို့ အမြောက်တပ်ကိုခေါ်ပြီး တိုက်ကြရပါတယ်။ တမာချောင်ရွာသစ်နားကလမ်းဆုံမှာ မကျိုးတထောင်ဘုရား တိုက်ပွဲဖြစ်တော့ ကပ္ပတိန်အာကင်ဆန် ကျပါတယ်"

ဟု ကြားဖူးသမျှကို ပြောရပါသည်။

"အရှင် (၂) ပါး ပါတော်မူခါနီးမှာ စလင်းမြို့မှာရှိတဲ့ ဘုရားများမှာ နိမိတ်ပြတယ်လို့ အမေ စောစောမေနဲ့ အမေဉာဏ်အနားမှာနေတဲ့ အမေဆွဲတို့က ပြောဖူးပါတယ်။ ဆုတောင်းပြည့်စေတီတော်ကြီးက ငှက်ပျောဖူးကစပြီး သပိတ်မှောက်အထိ ကွဲအက်တော်မူရာမှာ အကျယ်တစ်တောင်ကျော်မျှရှိတော့ ကျွန်ုပ်အဘိုးဦးလူကြီးရဲ့အစ်မ၊ လောင်းရှည်မြို့သူကြီး ဦးသိုက်ထွန်းရဲ့ ဇနီး မယ်အေးက မူလစေတီအပေါ်ကင့်ပြီး စေတီ



www.burmeseclassic.com

www.burmeseclassic.com

ဦးတိုး မဟာသမန်းဘွဲ့ခံ စလင်းမြို့သူကြီး ၂ မယား မကြီးညို (မြေတိုင်သူကြီးရိုး)

|---------------------------------------|

၁ မောင်ညို ၂ မောင်ဦး(စလင်း ပွဲနင်း) ၃ မောင်ဒွေး(စကုကျောင်းဒါယကာ)

**ဒေါ်ကြီးညိုဘက်ကဆိုလျှင်-**

ဘိုးသာဒွန်းအောင်(ဘတ္တရာဇာ) ပထမအိမ်ထောင် မယ်မိုး (သားသမီးမရှိ)၊
ဘိုးသာဒွန်းအောင် ဒုတိယအိမ်ထောင် မခိုင်၊

|------------------------------|

၁ မကြီးညို ၂ မောင်တောင်သူ ဒေါ် ဦးကြီး (မြို့သူကြီး)

မယ်ကြီးညို ဦးတိုး (မြို့သူကြီး)

|---------------------------------------|

၁ ဦးညို ၂ ဦးဘိုးဦး ၃ ဦးဒွေး



သိပေါမင်းနှင့် မိဖုရားများ

တည်ရပါတယ်။ နောက်နိမိတ်ပြတဲ့စေတီတော်က ရွှေတန်ဆာစေတီတော်ကြီးပါပဲ။ ဓာတ်တော်များကွန့်မြူးတယ်၊ ဓာတ်တော်များကွန့်မြူးပြီး မြောက်အရပ်ကို ကြွတော်မူဟန်ပြတယ်လို့ ပြောကြပါတယ်" ဟု ဆို၏။

မြေစာရင်းအင်စပိတ်တော်ကြီးက ရွှေတန်ဆာဘုရားသမိုင်းကို မှတ်သားလိုပါသည်ဟု ဆိုလေသည်။

ထို့ကြောင့် ကျွန်ုပ်က -

"ရှင်ပင်ရွှေတန်ဆာဘုရားကို မြုပြင်သူ ဒါယိကာမက သူကောင်းကျောင်းအမ မြို့သူကြီးကတော် ဒေါ်ကြီးညို ဖြစ်ပါတယ်။ ဒေါ်ကြီးညိုမိဘများက စလင်းမြို့မြေတိုင်သူကြီးရိုးပါ။

ဒေါ်ကြီးညိုရဲ့ ဥစ္စာဓနအားဟာ လင်းဘက်က မဟာသမန်းရိုးမြို့သူကြီး သူကိုယ်တိုင်က မဟာဘတ္တရာဇာဘွဲ့ခံ ထွက်စည်၊ ဝင်စည်၊ ဆင်ပေါက်မစီးခွင့်ပြုတဲ့ စလင်းမြို့သူကြီး ဦးသာဒွန်းအောင်ရဲ့သမီးဖြစ်ပြီး ဦးတိုး ကွယ်လွန်သွားပြီးနောက် သားဦးညိုက မဟာသမန်းဘွဲ့ခံမြို့သူကြီး။ မယ်ကြီးညိုငါးစင်ကျောင်းဆောက်တော့ စလင်းမြို့မှာ အင်္ဂလိပ်တပ်က တပ်စွဲထားပါပြီ။ ကျောင်းတိုင်ထူတော့ လူစုအဝေးကို အင်္ဂလိပ်စစ်ဗိုလ်ကမြင်လို့ ဘာလုပ်တာလဲဆိုပြီး စစ်ဘာရီတွေနဲ့ လာကြည့်ပြီး ကျောင်းတိုင်ထူရာမှာ ကူညီပေးတယ်လို့ သိရပါတယ်။

မြန်မာနှစ်၁၂၅၀ (ခရစ်နှစ်၁၈၈၉) ခုမှာ လောင်းရှည်မြို့သူကြီးကတော် သူကောင်းမ မယ်အေးက ဆုတောင်းပြည့်စေတီတော်ကြီးကို မွန်းမံပြင်ဆင်ခဲ့ပြီး နောက် မြန်မာနှစ် ၁၂၅၅ (ခရစ် ၁၈၉၄) ခုမှာ စစ်ဘာရီတပ်များ ရုတ်ပြီးသကာလ စလင်းမြို့သူကြီးကတော် မယ်ကြီးညိုရှိစဉ်က ရှင်ပင်ရွှေတန်ဆာဘုရားကြီးကို ပြန်လည်မွမ်းမံဖို့စုဆောင်းထားတဲ့ ငွေဒင်္ဂါးပြားရေ (၁၀,၀၀၀) ကျော်နဲ့ သားများကမြုပြင်တည်ဆောက်လှူဒါန်းကြပါတယ်။ သားသုံးယောက်မှာ ဦးတိုးအရိုက်အရာခံတဲ့ သမန္တစည်သူဘွဲ့ခံ စလင်းမြို့သူကြီးဦးညိုက အင်္ဂလိပ်လက်အောက်မှာ မြို့သူကြီးမလုပ်လိုဆိုပြီး မြို့သူကြီးအရာက ထွက်လိုက်ပါတယ်။ ဦးဘိုးဦး စလင်းပွဲနင်းဗိုလ်ဘိုးဦးဘဝနဲ့ မင်းလှခံတပ်တိုက်ပွဲမှာ ကျဆုံးသွားပါတယ်။ သူ့ဇနီးမယ်အိုက အသက် (၂၈) နှစ်၊ သမီး မကြီးနဲ့ သား မောင်အောင်ကြီး (၅)နှစ်တို့ ကျန်ခဲ့ပါတယ်။ ဦးဒွေးက စကုကျောင်းဆောက်ပါတယ်။ မယ်ကြီးညိုကိုယ်စား ရွှေတန်ဆာဘုရားပွဲလုပ်ရင် သပိတ် (၁၀၀) ကို တာဝန်ယူပို့ရတယ်။ မယ်ကြီးညိုကိုယ်စား ဦးညို၊ မယ်အို (ဦးဘိုးဦးဇနီး) နဲ့ ဦးဒွေးတို့က သပိတ် (၁၀၀) ကို ကုသိုလ်ပြုစမြဲဖြစ်တယ်။ ထိုသူတို့ ကွယ်လွန်သော် သူကောင်း ဦးအောင်ကြီးတိုက်မှ သပိတ် (၆၇) လုံး၊ ဦးညိုသမီး၊ ဒေါ်တုပ်အိုတိုက်မှ သပိတ် (၃၃) လုံးကို ရွှေတန်ဆာဘုရားပွဲကို ပို့စမြဲပါဗျား"

ဟု အဘွားများ ကုသိုလ်ပြုခဲ့ပုံကို ပြောပြရပါသတည်း။

ကျောင်းဒကာရွှေ၏သမီး (၂)ဦးက ထမင်းစားချိန်ရောက်ပြီမို့ လူလွှတ်၍ ကျောင်းဒကာရွှေကို လာခေါ်၏။ ကျောင်းဒကာနှင့်အတူ ဖိုးထွန်းအင်လည်း ပြန်သည်။ သူတို့နှစ်ဦးမှာ အိမ်နီးနားချင်းဖြစ်သည်။ မြေစာရင်းအင်စပိတ်တော်ကြီးလည်း ကျွန်ုပ်နေထိုင်ရာ သူကောင်းဦးလူကြီးဝိုင်းမှ ဦးအောင်ကြီးဝိုင်းဖြတ်၍ သူ၏ အိမ်သို့ ပြန်တော့သည်။

အနောက်တံခါးမျှုးမောင်မှု

၁။ မယ်ကောင်းမှာ ဘိုးလှဖြူ၏သမီးဖြစ်သည်။ ကိုးဆောင်လယ်ပြင်ကျောင်းဒါယိကာ

၂။ စလင်းစစ်တမ်းပြုစုသူ သူကောင်းဘိုးကျော်ဇံလှနှင့် မယ်ကေးတို့၏သား

၃။ စေတုတ္တရာမြို့သူကြီး ဘိုးသာအောင်ကြီး သမီးအငယ်

၃။ ဘထွေး ဘိုးဘော၊ မတိုးတို့၏သမီး

၄။ နောင်တွင် ဒေါ်မကြီးမှာ စကုမြို့ ဦးဆိုင်၏သား မြို့အုပ်ဦးသိုက်နှင့် လက်ထပ်သည်။ မောင်အောင်မှာ လေ့သင်းအတွင်းဝန် ကြီးကြပ်မှုဖြင့် မန္တလေး စိန့်ပီတာကျောင်းတွင် ကျောင်းနေသည်။ မြို့အုပ်ဘဝတွင် ဆက်လက် အမှုမထမ်းလို၍ လုပ်သက်ဖြင့် အငြိမ်းစားယူသော သူကောင်းဦးအောင်ကြီး ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကျွန်တော့်ထံသို့ ဧည့်သည်နှစ်ဦး ရောက်ရှိလာပါသည်။ ၎င်းတို့က မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တောင်ပြုန်းကျေးရွာမှ ဖြစ်ပါသည်။

လွန်ခဲ့သောနှစ်အတွင်း ကျွန်တော်တို့ မြို့နယ်တွင် မိုးဦးကျစ၍ မြွေပွေးများ အလွန်ပေါပါသည်။ ကျွန်တော်တို့ သားချင်းထဲမှ ယာထဲအသွား မြွေပွေးကိုက်ခံရပါသည်။ မြွေဆေးများ လိုက်လံ ရှာဖွေရာ မြွေဆိပ်ဖြေဆေးမရှိပါ။

ကျွန်တော်တို့လည်း မန္တလေးမြို့ပေါ်သို့ အရေးပေါ်သွားပြီး မြွေဆေးဝိဇ္ဇာဟု နာမည်တွင်နေသော ကလေးမြို့နယ် ကောလိပ်ကျောင်းအုပ်ကြီး (အငြိမ်းစား) ဦးနေဝင်း နေထိုင်သော မန္တလေးဘူတာကြီးအနီး အိမ်သို့လိုက်သွားပြီး ဆေးဝယ်ရန် ပြောဆိုရာ ဆရာကြီးမှ မရောင်းဘဲ ဂမ္ဘီရပြဒါးပြာဆေးများကို လှူလိုက်ပါသည်။ ၎င်းက အဆိပ်ပြင်းသည့် ဘယ်မြွေမဆို ကိုက်ပြီးလျှင် (၄) နာရီမှ (၆) နာရီအတွင်း ဆီး၊ ဝမ်းသွားလျှင် သွေးပါတတ်သည်ဟု မူလဆရာကြီးမှ မှာကြားထားသည်ဟု ပြောပြီး အကယ်၍ လူနာမှာ သတိမေ့ ပါးစပ်စေ့နေပါက ပြဒါးပြာကို ရေနှင့်ဖျော်ပြီး ပါးစပ်မှလောင်းထည့်ပါ။ ပါးစပ်မှထည့်မရလျှင် နားပေါက်မှအရည်ဖျော်၍ လောင်းထည့်ပါဟု မှာကြားလိုက်ပါသည်။ငယ်ထိပ်အနီးမှာလည်း သွေးထွက်ရုံ အနည်းငယ်ခြစ်ပြီး ဂမ္ဘီရပြဒါးပြာ ရွှေးကြီးစေ့ခန့် သိမ်းပေးပါဟု မှာလိုက်ပါသည်။ ဂမ္ဘီရပြဒါးပြာတိုက်ပြီး (၁၅) မိနစ်၊ နာရီဝက်အတွင်း ဝမ်းများ၊ ဆီးများ သွားပြီး အဆိပ်များပါသွားပါမည်ဟု ပြောပါသည်။ တိုက်သောနေရာကို ဂမ္ဘီရပြဒါးပြာမသိပ်ဖို့ မှာလိုက်ပါသည်။ တိုက်ရန်အတွက် တစ်ခါတိုက်လျှင် ရွှေးကြီးစေ့ (၃) စေ့ခန့်တိုက်ပြီး တစ်နေ့လျှင် (၂) ကြိမ်၊ (၄) နာရီခြား (၂) ရက်ဆက်တိုက်ရန် မှာလိုက်ပါသည်။ ရောဂါရှင်များ သက်သာပျောက်ကင်းသွားပါမည်။ ကျွန်တော်တို့လည်း ဂမ္ဘီရပြဒါးပြာချက်လုပ်နည်းကို အများအကျိုးအတွက် လိုချင်သဖြင့် သူရဋ္ဌမဂ္ဂဇင်းမှ လိပ်စာမေးပြီး လိုက်လာကြခြင်း ဖြစ်ပါသည်ဟု ပြောပါသည်။

ကျွန်တော်တို့နယ်တွင် မြွေပွေးအလွန်ပေါပါသည်။ ယခုနှစ် တောင်ပြုန်းကျေးရွာ ရွာဦးနတ်ပူဇော်ကန်တော့ပွဲတွင် မြွေပွေးများ နှစ်တိုင်းထက် အကိုက်ခံရသူများပြီး မြွေများလည်း နှစ်တိုင်းထက် ပိုလာနေသဖြင့် ရွာဦးနတ်ပူဇော်ပွဲတွင် နတ်ကတော်တစ်ဦးမှ မေးရာ ရွာဦးနတ်မှ ယခုနှစ် တောင်ပြုန်းကွင်းပိုင်နှင့် အနီးအနားမှကွင်းနတ်များ၊ ကွင်းပိုင်များ အလောင်းအစားလုပ်ရာတွင် နင်တို့ကွင်းပိုင် လောင်းကြေးအဖြစ် မြွေများနိုင်လာသဖြင့် ကျေးရွာတွင် မြွေများ ခါတိုင်းထက် ပိုများနေပါသည်ဟု ဆိုပါသည်။

မြွေပွေးအကြောင်းသိသလောက်

ဦးစံသိန်း(သီလအဓိက)

# အဖိသတ်သားများနှင့်သားစားဗိုခင်





www.burmeseclassic.com

www.burmeseclassic.com

ပြောရန် ကျွန်တော်ကမေးရာ -

မြွေပွေးအမသည် တစ်ခါပေါက်လျှင် အကောင်အစိတ်မှအထက်အများကြီး ပေါက်ပါသည်။ အခြားသတ္တဝါများကဲ့သို့ ဥမှပေါက်ခြင်း၊ မိမိ၏မိန်းမကိုယ်မှ မွေးဖွားခြင်းမဟုတ်ပါ။ သားကောင်လေးများက မိခင်၏ ဗိုက်မှဖောက်၍ထွက်လာကြပါသည်။ မြွေပွေးအမများသည် အများအားဖြင့် မိုးဦးကျ ရေစပ်စပ်ရှိသောအိုင်လေးများတွင် မမွေးခင် လာရောက်၍ လူးလိမ့်နေပြီး နာရီဝက်ခန့် အကြာတွင် ဗိုက်ထဲမှ သားပေါက်လေးများက ကိုက်ဖောက်၍ အပြင်သို့ထွက်လာကြပါသည်။ ဗိုက်မှဖောက်ထွက်လာသော ၎င်း၏သားငယ်လေးများကို မိခင်မြွေပွေးမကြီးမှာ စိတ်ဆိုးနာကျင်သည့်ပုံစံဖြင့် ထွက်လာသမျှ အားလုံးကို စားပစ်ပါသည်။ အနည်းငယ်မျှသာလွတ်ပါသည်။ ကလေးများများမွေးဖွားသည့် မြွေပွေးမဆိုလျှင် ကလေးများကို စားနေရင်း သေဆုံးသွားပါသည်။

မြွေပွေးများသည် မြစ်၊ ချောင်း၊ အင်းအိုင်နှင့် အလွန်ဝေးကွာသော ကုန်းခေါင်ခေါင်တောများတွင် တွင်းအောင်း၍နေလေ့ရှိပါသည်။ ကျွန်တော် ငယ်စဉ်က ရွာထိပ်ဘုန်းကြီးကျောင်းတွင် နေရပါသည်။ တစ်နေ့ နေဝင်ဖျိုးဖျ မိုးဖွဲဖွဲရွာနေချိန်တွင် ကျောင်းမှအိမ်သို့ သူငယ်ချင်းတစ်ယောက်နှင့်အတူ ပြန်လာရာကျောင်းနှင့် အိမ်မှာ (၂) မိုင်ခန့်ဝေးမည်ထင်ပါသည်။ တစ်ယောက်လျှင် (၃) တောင့်ထိုး အဲဗားရယ်ဒီလက်နှိပ်ဓာတ်မီးတစ်လက်စီကို ဘုန်းကြီးက ပေးလိုက်ပါသည်။ လမ်းတွင် ကျွန်တော်သွားမည့်ရှေ့မှ ထန်းလုံးခန့်ရှိ မည်းမည်းသတ္တဝါတစ်ကောင်သွားနေသည်ကို တွေ့သဖြင့် စောင့်နေရပါသည်။ အိမ်ရောက်၍ လူကြီးများကို ပြောပြရာ ၎င်းတို့က အဲဒါ မြွေပွေးဟု ပြောပါသည်။ နောက်နေ့ ကျောင်းသို့ပြန်ရာ ညကတွေ့ခဲ့သော နေရာ၌ ထန်းလုံးခန့်ရှိ စွပ်ကြောင်းကြီး ထင်နေပါသည်။

ကျွန်တော်တို့အဘိုးက ဟိုတုန်းကသည်နေရာများမှာ ,လူသူအရောက်အပေါက်နည်းပြီး တောအုပ်များဖြင့် ပိတ်ဆို့နေပါသည်။ အဘိုးတို့ငယ်ငယ်က ရွာပတ်လည် မိုးဦးကျဆိုလျှင် မြွေပွေးကြီးတစ်ကောင်တစ်ကောင်ဆိုလျှင် တစ်ဖက်ခန့်ရှိသည်ဟု ပြောပါသည်။ မိုးဦးကျစ ညဘက်ဆိုလျှင် ထွက်၍အစာရှာနေကြပါသည်။ သူတို့သွားမကြည့်ရဲကြပါ။ မိုးလင်းမှ ၎င်းတို့လာသွားလာထားသော စွပ်ကြောင်းရာကြီးများကို တွေ့ရပါသည်ဟု ပြောပြပါသည်။

၎င်းတို့ကလည်း ဂမ္ဘီရပြဒါးပြာဖြင့် မြွေမျိုးစုံအဆိပ်များကို ပျောက်ကင်းအောင် ကုသထားသည့် မှတ်တမ်းများ၊ ၎င်းတို့အား ပြပေးပါရန် မေတ္တာရပ်ခံသဖြင့် -

၁။ အိန္ဒိယနိုင်ငံ အူတာဗရာဒတ် ပြည်နယ်တွင် (၄၂) ယောက် မြွေကိုက်ခံရရာ (၄၁) ယောက် အသက်ချမ်းသာရာရကြောင်း ပြန်ကြားပြောဆိုချက်။

၂။ မော်လမြိုင် ဂျပန်ကျောင်းဆရာတော်မှ .၎င်း၏ ဒကာကြီး ဂမ္ဘီရပြဒါးပြာဖြင့် ကုသပေးရာ ပျောက်ကင်းချမ်းသာကြောင်း လာရောက် ပြောဆိုချက်။

၃။ ဖျာပုံမြို့နယ် ကြက်ဖမွေးစောင်းကျေးရွာမှ ဂမ္ဘီရပြဒါးပြာဖြင့် ကုသပျောက်ကင်းကြောင်း လာရောက် ပြောဆိုချက်။

၄။ ဟင်္သာတခရိုင်မှ ဂမ္ဘီရပြဒါးပြာဖြင့် ကုသပျောက်ကင်းချမ်းသာကြောင်း အကြောင်းကြားချက်။

၅။ စလေမြို့မှ ဇီးနှင့်နို့စားနွားမကြီး မြွေကိုက်ခံရသဖြင့် ဂမ္ဘီရပြဒါးပြာတိုက်၍ ကုသရာ မိခင်ရော ကလေးပါ ပျောက်ကင်းချမ်းသာကြောင်း ကိုယ်တိုင်လာ၍ ကျေးဇူးတင်ကြောင်း ပြောကြားချက်။

၆။ ရေနံချောင်းမြို့နယ် ကုန်းဇောင်းကျေးရွာမှ မိန်းမခိုးပြေးသည့် သတို့သားလောင်းကို မြွေပွေးကိုက်ခံရ၍ ဂမ္ဘီရပြဒါးပြာဖြင့် ကုသရာ ဇနီးမောင်နှံနှစ်ဦးမှ ကျေးဇူးတင်ကြောင်းဖြင့် မင်္ဂလာနေ့တွင် ကြွရောက်ပေးပါရန် ကိုယ်တိုင်ရောက် ဖိတ်ကြားတင်ပြခြင်း။

၇။ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့မှ အငြိမ်းစား မူလတန်းကျောင်းအုပ်ကြီး ဦးကျော်ဝင်းညို၏ ကိုယ်တိုင်သံကွင်းစွပ်မြွေကိုက်ခံရ၍ ဂမ္ဘီရပြဒါးပြာဖြင့် သက်သာပျောက်ကင်း·ချမ်းသာရာရပုံ။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် မြွေပေါသည့်နှစ်များ၌ဆို မြို့နယ်၊ ကျေးရွာများမှ ကွင်းပိုင်က အခြားကျေးရွာမှ ကွင်းပိုင်နှင့် လောင်းတမ်းကစားရာတွင် မြွေများနိုင်လာသဖြင့် နှစ်တိုင်းထက် မြွေပေါသည်ဟု ပြောဆိုသံကို လူကြီးသူမများမှတစ်ဆင့် ကြားဖူးပါသည်။ ဧရာဝတီတိုင်းဒေသကြီးသည် မြစ်၊ ချောင်းများပေါသဖြင့် မြွေပွေးများနည်းပြီး မြွေဟောက်၊ ငန်းမြွေနှင့် အခြားမြွေများသာ ပေါများပါသည်။

မှတ်ချက်- ၂၀၀၉ ခုနှစ်က မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် နတ်ရွာကျေးရွာမှ လူကြီးများသည် ကျွန်တော့်ထံသို့ လာရောက်၍ ဝိဇ္ဇာဓရဆေး ဂမ္ဘီရပြဒါးပြာနှင့် ချက်လုပ်နည်းကို လာရောက် အလှူခံ၍ အလှူငွေနှစ်သောင်းလည်း လှူဒါန်းသွားကြပါသည်။ ၎င်းတို့တွင် ပါလာသော စာအုပ်ထဲတွင် နတ်ရွာကျေးရွာမှ မြွေကိုက်သူများစာရင်း၊ မြွေကိုက်၍ မသေသူများစာရင်း (၂၁) ဦး၊ မြွေကိုက်၍ သေဆုံးသူများစာရင်း (၃၇) ဦးနှင့်တကွ ၎င်းတို့ကျေးရွာများတွင် ည(၇)နာရီကျော်လျှင် မြွေပွေးများ ရွာထဲသို့ဝင်လာကြပြီး နံနက်အရုဏ်တက်ချိန်၌ ပြန်သွားကြပါသည်။ ညဘက်တွင် အပြင်မထွက်ရဲကြပါ။ ချောင်ကြိုချောင်ကြားကျန်ခဲ့သော မြွေပွေးများသည် နေ့ခင်းတွင် အန္တရာယ်ပေးကြပါသည်။ ကျေးရွာလူထုမှာ ထိတ်လန့်နေကြရပါသည်။ ဆင်ပေါင်ဝဲမြို့နယ်အတွင်း ကျေးရွာပေါင်း (၄၀၀) ကျော်ရှိပါသည်။ ဆေးရုံ၊ ဆေးခန်း လွန်စွာမှနည်းပါးပါသည်။ မြွေကိုက်လူနာသည် တစ်နာရီအတွင်း မြွေဆိပ်ဖြေဆေးထိုးနိုင်ပါက သေဆုံးမှုနှုန်း နည်းပါသည်။ သို့သော် တချို့ကျေးရွာများမှ မြွေဆိပ်ဖြေဆေးရှိသောဆေးရုံသို့ လူနာရောက်ရန် (၄) နာရီခန့် ကြာတတ်ပါသည်။ ထို့ထက်ကြာသောရွာများလည်းရှိပါသည်။

မြန်မာနိုင်ငံ၏တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစုံတွင် မြွေအန္တရာယ်မှကင်းဝေးစေရန် အထက်ပါပုဂ္ဂိုလ်များကဲ့သို့ ဂမ္ဘီရပြဒါးပြာဆေးချက်လုပ်ထားပြီး ဘုန်းကြီးကျောင်းများနှင့် ရပ်ရွာလူကြီးများ ဂမ္ဘီရပြဒါးပြာကို ဆောင်ထားသင့်ပါသည်။ လေလုံသော ပုလင်းထဲတွင်ထည့်ထားပါက အရောင်မပြောင်းပါ။ အရောင်ပြောင်းလည်း အာနိသင်မပျက်ပြယ်ပါ။

မြွေဆိုးအန္တရာယ်နှင့် ကြုံတွေ့သူတိုင်း သက်ရှည်ကျန်းမာစေသော်။

*သင်ဆရာ၊ မြင်ဆရာ၊*

*ကြားဆရာများအား ဦးခိုက်လျက်*

ဦးစံသိန်း (သီ[illegible])

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# နိဗ္ဗာန်လိုချင်သောဒကာများ ဒီတရားမှတ်ထား

တတိယ မြန်မာနိုင်ငံတော် ကုန်းဘောင်ခေတ်တွင် မင်းဆက် (၇) ဆက်မြောက်ဖြစ်သော စစ်ကိုင်းမင်း မှန်နန်းရှင်ဘွဲ့အမည်ရ ဘကြီးတော်မင်းတရား (၁၁၈၁-၁၁၉၉) နန်းစံစဉ် မြတ်စွာဘုရားသာသနာတော်ကို မမှုစက်၊ အာဏာစက်နှစ်ရပ်ဖြင့် ချီးမြှောက်ထောက်ပံ့အားပေးတော်မူခဲ့ရာ ထိုခေတ်ထိုအချိန်ကာလက ဗုဒ္ဓသာသနာရောင်သည် အလွန်ထွန်းလင်းစွာ တောက်ပြောင်ခဲ့ပေသည်။

ဘကြီးတော်မင်းလက်ထက်တော်၌ လောကီ၊ လောကုတ္တရာ စာတတ်ပေတတ် ကျမ်းဂန်နှံ့စပ် အကျော်အမော်ရဟန်းသံဃာတော်ဆရာတော်ကြီးများ၊ သမားတော်ကြီးများလည်း အမြောက်အများ ပေါ်ပေါက် ထွန်းကားခဲ့လေသည်။

ထိုသို့ ပေါ်ထွန်းခဲ့သော စာတတ်ပေတတ်ပညာရှင်ကြီးများအနက် **'စာတတ် ငခုန်၊ စာကုန် မန်ကျည်းတော'** ဟူသော နာမည်ကျော်ကြား ဥဒါန်းတွင်ခဲ့သည့် ဆရာတော်နှစ်ပါးမှာ ငခုန်ဆရာတော်နှင့် မန်ကျည်းတောဆရာတော်တို့ဖြစ်ကြပေသည်။

**ငခုန်ဆရာတော်**

ဆရာတော်မှာ စာပေဘက်တွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ ယောဇနာ စသည့် ကျမ်းဂန်လာများအနက် အဓိပ္ပာယ်များအပြင် မိမိပင်ကိုဉာဏ်စွမ်းဉာဏ်စဖြင့်လည်း ထိုးထွင်းသိမြင်တတ်မြောက်သည်ဟုကျော်ကြားသောကြောင့် 'စာတတ် ငခုန်'ဟု ဥဒါန်းတွင်လေသည်။

**မန်ကျည်းတောဆရာတော်**

မန်ကျည်းတော ဆရာတော်မှာ ပိဋကတ်သုံးပုံ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ အနုဋီကာ စသည့် လောကုတ္တရာစာပေကျမ်းဂန်များသာမက ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ အင်္ဂုလိရက်ကျမ်း၊ ပျို့၊ ကဗျာလင်္ကာ ချေင်းရတု စသည်မကျန် လောကီစာပေမှန်သမျှအားလုံးကို ဖတ်ဖူးလေ့လာဖူးသည်။ ဖတ်သမျှ၊ လေ့လာခဲ့သမျှများကိုလည်း မှတ်မိသည်၊ တတ်ကျွမ်းသည်ဖြစ်သောကြောင့် 'စာကုန် မန်ကျည်းတော' ဟူသောအမည်နှင့် ဥဒါန်းတွင်ခဲ့သော်သူ ဖြစ်ပေသည်။

တစ်နေ့သော ကာလအချိန်တွင် ဘကြီးတော်မင်းတရားက ဆရာတော်နှစ်ပါးအား ရွှေနန်းတော်သို့ ဆွမ်းစားပင့်လျှောက်သောကြောင့် ဆွမ်းစားကြွလာကြရာ လမ်းတွင် ဆရာတော်နှစ်ပါးဆုံမိကြ၏။ မန်ကျည်းတောဆရာတော်က ငခုန်ဆရာတော်အားလျှောက်ကြားသည်မှာ -

"မင်းတရားကြီး၏ ရွှေနန်းတော်တွင် ဆွမ်းစားအပြီး ဆွမ်းအနုမောဒနာတရားကို ဆရာတော်က ချီးမြှင့်တော်မူပါ။ အဲဒီ ချီးမြှင့်တော်မူသော ဆရာတော်ဟောသမျှ တပည့်တော် မကြည့်ဘူးသည့် တရားစာပေများကို ဟောတော်မူခဲ့နိုင်ပါလျှင် တပည့်တော် အရှုံးပေးပါမည် ဘုရား"

ဟု လျှောက်ထားလေ၏။

ရွှေနန်းတော်ရောက်၍ ဆွမ်းဘုဉ်းပေးပြီးနောက် ဆွမ်းအနုမောဒနာတရားဟောသောအခါ ငခုန်ဆရာတော်က -

"ဒကာတော် မင်းတရားကြီး၊ နိဗ္ဗာန်ကိုလိုချင်သလား"

ဟု မေးလိုက်ရာတွင် မင်းကြီးက-

"မှန်ပါ၊ လိုချင်ပါသည်ဘုရား"

ဟု လျှောက်တင်လိုက်သည့်အခါ ငခုန်ဆရာတော်မှ -

"မင်းကြီး၊ နိဗ္ဗာန်လိုချင်ရင် အရိုးမရှိတဲ့ သတ္တဝါနှစ်ကောင်ကို နိုင်အောင်ထိန်း။ အရိုးမရှိတဲ့သတ္တဝါ ဆိုတာက အထက်မှာ တစ်ကောင်၊ အောက်မှာ တစ်ကောင်။ အထက်မှာ တစ်ကောင်ဆိုသည်မှာ လျှာတည်း၊ အောက်မှာ တစ်ကောင် ဟူသည် အင်္ဂါဇာတ်တည်း"

ဟု မင်းကြီးကို ဟောလိုက်သည်။

ဤသို့ ဆွမ်းအနုမောဒနာတရားဟောပြီး ဆရာတော်နှစ်ပါးစလုံး မိမိတို့ကျောင်းသို့ ပြန်ကြွလာကြရင်း လမ်းမှာ မန်ကျည်းတောဆရာတော်က ငခုန်ဆရာတော်ကို -

"ဆရာတော်တရားဟောကောင်းလှပါသည် ဘုရား။ မင်းကြီးကို ဆရာတော် ဟောကြားသည့် တရားသည် တပည့်တော်ကြည့်ဖူး၊ ဖတ်ဖူး၊ မှတ်ဖူးသည့်စာပေပုရပိုက်အားလုံးထဲမှာ ဘယ်အထဲမှာမှ မပါပါ။ တပည့်တော် အရှုံးပေးပါသည်ဘုရား"

ဟု လျှောက်ထားခဲ့လေသည်။

လိုရင်းတိုရင်း တရားတစ်ပုဒ်ကို ပုရိသယောကျ်ားဒကာများအား မှတ်ထား သတိပြုနိုင်ကြစေရန် ရည်သန်၍ နိဗ္ဗာန်ရည်မှန်းလှမ်းလိုသူများအတွက် မျှဝေဖတ်ရှု ဒါနပြုလိုက်ပါသည်။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

*(မှီငြမ်း)*

*ရွှေရတု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ၏ ဘဝနှင့်မှတ်တမ်းများမှ -*



www.burmeseclassic.com

www.burmeseclassic.com



မြင်း၏သရုပ်သကန်များ

ဝေယင်ဦး(စိတ်ပညာ)

'လွှတ်နန်းရင်ပြင်၊ ရွှေတော်ခွင်ဝယ်၊ ဆင်ကိုဆင်ချင်း၊ မြင်းလည်းမြင်းနှင့်၊ စီးနင်းမောင်းနှင်၊ စက်တော်တင်၍၊ နတ်သွင်ရွှေကိုယ်၊ ရွှယ်ပျိုရှုသင့်၊ ဘုန်းပွင့်ပွင့်ဖြင့်၊ သက်တင့်ရေသောက်၊ ပြန်ခေါက်ဝဲကာ၊ ဖြဟ္မာလက်လှမ်း၊ ရွှေကွမ်းရုံတက်၊ မပျက်ဟန်လှ၊ သိကြားတန်းဆောင်၊ ဂဠုန်တောင်နှင့်၊ စွန်တောင်ဖြန့်လေ့၊ ခြသေ့်တန်းဆွဲ၊ ကိုယ်တော်နွဲ့၍၊ ပယ်ခွဲပယ်စိတ်၊ ဝါကြိတ်ခိုနန်း၊ စောင်းရန်းသမက်၊ လက်ဆက်ကြာဖူး၊ ဆင်ထူးပုခက်၊ နွယ်ထက်နွယ်ဝင်၊ အုန်းပင်ရေသွန်း၊ လေးကျွန်းမှန်ကူ၊ တစ်မူတင့်လွန်၊ ရွှေတံခွန်ယောင်၊ တန်ဆောင်ဘုံနန်း၊ ထူးဆန်းရှစ်မြှောင့်၊ ရှစ်ထောင့်ပုံကွဲ၊ စွန်ဝဲစွန်သုတ်၊ သမုတ်ကျယ်ချဲ့၊ စချီဘွဲ့သား၊ သုံးဆယ့်ခုနစ်မျိုး၊ ရှေ့သတိုးတို့၊ စီးရိုးစုံပေါင်း၊ ပြန်လှန်ပြောင်းလျက်၊ အဲမောင်းဝင့်ချီ၊ ရှုဖွယ်အီ၏'

ဤကား မန်လည်ဆရာတော်ကြီး၏ မဃဒေဝလင်္ကာသစ်မှ ကောက်နုတ်ချက် ပိုဒ်ရေ - ၃၃၆ ပါ ရှေးမြင်းခင်းစီးရိုး (၃၇) မျိုးပင် ဖြစ်သည်။ တစ်နည်းဆိုရလျှင် ရှေးမြန်မာဘုရင်မင်းမြတ်ထို့လက်ထက်တော်က ပြာသိုမြင်းခင်းပွဲသဘင်



www.burmeseclassic.com

www.burmeseclassic.com

ဆော်ကျင်းပလေတိုင်း ပါဝင်လေ့ရှိသော မြင်းရေးပြ အလှမြင်းစီးနည်းမျိုး (၃၇) ပါးပင် ဖြစ်သည်။

အဆိုပါ မကာရရာသီ ပြာသိုတွင် အစဉ်တစိုက် ကျင်းပလေ့ရှိသော မြင်းခင်းသဘင်ပွဲ၌ မင်းညီမင်းသား၊ မှူးမတ် ဗိုလ်ပါ စစ်သည် ရဲမက် စသည်တို့မှာ ဆင်ရေး၊ မြင်းရေး၊ ဓားရေး၊ လှံရေး၊ မြားရေး၊ သေနတ်ရေးများတွင် ပါဝင်စွမ်းရည်ပြလေ့ ရှိသည်။ ထိုအထဲတွင် ဗလီခတ်ကစားနည်း (ဗလီကစားနည်း) ကိုလည်း ထည့်သွင်းကစား စွမ်းရည်ပြလေ့ ရှိကြသည်။ ဗလီကစားနည်းကို မြန်မာစာအဘိဓာန်ထဲတွင် မြင်းစီးရင်း တုတ်တံကိုင်၍ မြေပြင်ရှိ အလုံးငယ်ကို ပြေးလွှင့်အောင် ရိုက်ခတ်ကစားနည်း တစ်မျိုးဟု ဖွင့်ဆိုပြထားသည်။ ကျောက်ဆည်မြို့နယ် မြင့်စိုင်းမြို့ဟောင်းအနီးတွင် ဗလီခတ်ကွင်း ဆိုသော ကွင်းတစ်ကွင်း ရှိသည်။ ဤဗလီခတ်ကစားနည်းကို ကူလီခတ်ကစားနည်း၊ ကူလီကစားနည်းဟုလည်း ဆိုကြသေး၏။ တောင်ငူဘုရင် နတ်ရှင်နောင်တို့ ညီအစ်ကိုများသည် ဤကူလီခတ်ကစားနည်းကို အလွန်ဝါသနာထုံခဲ့ကြသည်။

နတ်ရှင်နောင်၏ 'ကျေးစေရတု' တစ်ပိုဒ်ထဲတွင် 'နေမင်းနွယ်ရင်း၊ မင်းဆက်မင်းလျှင်၊ သလင်းအုတ်စီ၊ နန်းမြေညီဝယ်၊ ကူလီသဘင်၊ မြင်းနှင့်ရှင်၏' ထည့်သွင်း စပ်ဆိုခဲ့သည်ကို တွေ့ရှိရပေသည်။ ဤကူလီကစားနည်းခေါ် ဗလီကစားနည်းနှင့်ဆင်တူသော အနောက်တိုင်းသားကစားနည်းတစ်ခုမှာ မြင်းစီးလျက် သစ်သားလုံးကို တုတ်ဖြင့် ရိုက်ကစားရသော ပိုလိုကစားနည်း ဖြစ်ပါသည်။ ဆိုချင်သည်မှာ ရှေးမြန်မာကြီးတို့သည် မြင်းစီးအလွန်ကျွမ်းကျင်ကြသည်။ မြင်းနှင့်စပ်လျဉ်း၍ ရင်းနှီးတတ်ပွန်မှုများရှိသည် ဟူခြင်းပင် ဖြစ်သည်။

ရှေးသက္ကတမြင်းကျမ်းတို့၌ -

၁။ သိန္ဓောမျိုး၊
၂။ သုဝဏ္ဏသာမမျိုး၊
၃။ အာကာသဘိန္နမျိုး၊
၄။ ဝလာဟကမျိုး၊
၅။ ဝလာဟကသိယ်မျိုး၊
၆။ လောမျိုး၊
၇။ လှိုမျိုး၊
၈။ ပွေးမျိုး၊
၉။ ပုစဉ်းမျိုး၊
၁၀။ မြည်းမျိုး

ဆိုပြီး မြင်းမျိုး (၁၀)ပါး ရှိကြောင်း ဖော်ပြထားသည်။

သုတေသန သရုပ်ပြအဘိဓာန်ထဲတွင် နဂါး၊ ဂဠုန်၊ ဆဒ္ဒန်ဆင်မျိုး၊ သိန္ဓဝမြင်း၊ ဝလာဟကမြင်း၊ အာကာသဘိန္နမြင်း၊ ဝလာသဝမြင်း၊ သုဝဏ္ဏသာမမြင်း။ ဤသတ္တဝါ (၈) မျိုးကား မိမိ ကမ္ဘဇိဒ္ဓိတန်ခိုးဖြင့် မြေလျှိုးမိုးပျံ့ အထူးထူးသော သဏ္ဍာန်တို့ ဖန်ဆင်းနိုင်သည်။ ၎င်းတို့ကဖြစ်သော အမြုတေခဲတတ်များကို ၎င်းတို့သေလျှင် နတ်ဘီလူး၊ ကုမ္ဘဏ်တို့က ထုတ်ယူပြီး ဝေဿဝဏ်နတ်မင်းကြီးထံ ဆက်သပေးရသည်ဟု ဖော်ပြထားချက်မှာလည်း ချိန်ထိုးဝေဖန်စောကြောစရာပင်။

ယင်းသို့ပင် တခြား သက္ကတကျမ်းတချို့တွင်လည်း -

၁။ ဖောင်းဝတ်ညို၊
၂။ ဖောင်းဝတ်ဖြူ၊
၃။ ဖောင်းဝတ်ပြောက်၊
၄။ ဖောင်းဝတ်ပြာ၊
၅။ ဖောင်းဝတ်မွဲ၊
၆။ ဖောင်းဝတ်ခြောက်၊
၇။ သမင်ဝမ်း၊
၈။ ဖောင်းဝတ်နီ၊
၉။ သင်းခွေ၊
၁၀။ ဗယ်လင်း

ဟူ၍ မြင်း (၁၀) မျိုးရှိကြောင်း ဖော်ပြထားသည်။ ၎င်းကို 'ဖောင်းဝတ်မွေးမြင်း' ဟုလည်း ခေါ်ဆိုကြသေးသည်။ 'ဖောင်းဝတ်မြင်း' ဟုလည်း ပြောကြသေးသည်။ 'ဖောင်းဝတ်' ဆိုသည်မှာ တခြားမဟုတ်၊ အဖြူရောင်ကို ခေါ်ဝေါ်ခြင်း ဖြစ်သည်။ နောက်ပြီး အိန္ဒိယသိန္ဓုမြစ်အဦးမှထွက်သော သိန္ဓောမြင်း၊ မြည်းထီးနှင့်အာဇာနည်မြင်းမတို့ သင့်၍ရသော အဿတိုရ်မြင်း၊ ဝလာဟကမြင်းနှင့် သိန္ဓောမြင်းတို့မှမွေးသော စိုင်လျော်မြင်း စသည်တို့လည်းရှိသေးသည်ဟူ၏။



အခြားတစ်ဖက်၌လည်း အာရေဘီယန်ကျွန်းဆွယ်ထွက် အာရေဘီယန်မြင်း၊ အီဂျစ်တိုင်းပြည်ထွက် အီဂျစ်မြင်း၊ အမေရိကန်တောင်ပိုင်း ပံပမြက်ခင်းထွက် လာပလာတမြင်း၊ တောင်အာရှထွက် စရိဘရိယမြင်း၊ တရုတ်ပြည် အနောက်မြောက် မော်ဒါဝိယမြို့အနီးထွက် အာလဟာမြင်း၊ အာရှအလယ်ပိုင်း ဘာဘေရီယန်ပြည်ထွက် ဘာရဘမြင်း တို့မှာထင်ရှားသည်။ ထိုအထဲတွင် အချိုးအဆစ် ကျနလှပသောကြောင့် လည်းကောင်း၊ စွမ်းအားထက် ခွန်အားကြီးမားသောကြောင့် လည်းကောင်း အာရေဘီယန်မြင်းတို့သည် ပိုမို၍ ထင်ရှားသည်။ စိတ်ဝင်စားစရာတစ်ခုမှာ ဂျေရုဆလင်ပြည့်ရှင် ဆော်လမွန်မင်းကြီးသည် အထူးထူးအပြားပြားသော ဥစ္စာရတနာတို့ကို အာရေဘီယန်ကျွန်းဆွယ်က ရရှိသော်လည်း အာရေဘီယန်မြင်းများကို အသုံးပြုဖို့ မတတ်သေးသောကြောင့် အီဂျစ်ပြည်ကမြင်းများကို တန်ဖိုးများစွာပေး၍ ရထားကမြင်း လေးသောင်းကျော်၊ သူရဲစီးမြင်း တစ်သောင်းနှစ်ထောင်ကျော်ပေး၍ ဝယ်ယူတင်သွင်းခဲ့ရကြောင်းကို သမိုင်းသုတေသီ ဘဲ(လ်)က သူ၏ မှတ်တမ်းတစ်စောင်တွင် ရေးသား ဖော်ပြခဲ့သည်။

နောက်ထပ်မှတ်သားစရာတစ်ခုက အီဂျစ်နိုင်ငံသားတို့သည် မြင်းတို့ကို ရှေးဦးစွာ ထိန်းသိမ်း သွန်သင် ကျွေးမွေးပြီးမှ တခြားနိုင်ငံများသို့ ကူးသန်းရောက်ပေါက် ပျံ့နှံ့သွားသည်ဟု ဆိုထားသလို အာရှတိုက်အနောက်ဘက်စွန်း ပင်လယ်နက်မြောက်ဘက်နေ အာရိယန်လူမျိုးတို့က မြင်းကို ယဉ်ပါးအောင် ပထမဆုံးလေ့ကျင့်သုံးစွဲခဲ့သည်ဟု အဆိုပြုင်ရှိနှင့်နေခြင်းပင် ဖြစ်သည်။ ပြီးနောက် အာရှတိုက်အလယ်ပိုင်းနေ မွန်ဂိုလူမျိုးတို့သည် မြင်းစီးအတတ်ပညာ အလွန်ကျွမ်းကျင်မှုကြောင့် စစ်ရေးစွမ်းပကား အထူးတာလည် ထက်မြက်ခဲ့ကြသဖြင့် ၁၃ ရာစု၊ ၁၄ ရာစုလောက်က အာရှတိုက်တစ်ခုလုံးလိုလိုနှင့် ဥရောပအရှေ့ပိုင်းတစ်စိတ်တစ်ဒေသကို အောင်မြင်စိုးမိုးခဲ့ရှိသာမ

www.burmeseclassic.com

က မြန်မာနိုင်ငံကိုပင် ထိပါးခဲ့သောကြောင့် ပုဂံရွှေပြည်သည် ပြည်ဖုံးကန့်လန့်ကာချရကိန်း ကြုံဆုံခဲ့ရလေသည်။

ပသို့ပင်ဆိုစေ မွန်ဂိုတရုတ်တို့၏ အကျွာဘဏီမြင်းတပ်နှင့် ကြုံဆုံခဲ့ရခြင်းကြောင့် မြန်မာပြည်တွင် မြင်းစီးအတတ် အပါအဝင် မြင်းနှင့်စပ်လျဉ်းသော အသိပညာ၊ အတတ်ပညာ ဟူဟူရာရာတို့ အထူးရေပန်းစားလေ့လာလိုက်စားမှုများရှိလာသဖြင့် နောင်တွင် ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုလို ဖြစ်လာခဲ့သည်။ ယောက်ျားဆိုလျှင် မြင်းစီးကျွမ်းကျင်မှ ဟူသောအယူမျိုးပင်ရှိခဲ့ဆည်။

အမှန်မှာတော့ မြန်မာနိုင်ငံတွင် မြင်းစီးအတတ်အပါအဝင် မြင်းဆိုင်ရာအတတ်များသည် ပုဂံခေတ်မတိုင်မီကပင် ပေါ်ထွန်းခဲ့ဟန်တူသည်။ ထိုခေတ်က ပေါ်ပေါက်ခဲ့သော အရည်းကြီးကျောင်း၊ ပွဲကျောင်းတို့တွင် မြင်းစီးအတတ်နှင့် မြင်းဆိုင်ရာအတတ်တို့ကို ဘာသာရပ်တစ်ခုအနေဖြင့် အလေးထား သင်ကြားပို့ချပေးခဲ့ကြသည် ဟူ၏။ ပုဂံခေတ်နောက်ပိုင်း ပင်းယ-အင်းဝခေတ်၊ ကေတုမတီခေတ်၊ ဟံသာဝတီခေတ်၊ ညောင်ရမ်းအင်းဝခေတ်၊ ကုန်းဘောင်ခေတ်တို့တွင်လည်း ဂါမဝါသီကျောင်း၊ ပွဲကျောင်းတို့တွင် မြင်းစီးအတတ်နှင့် မြင်းဆိုင်ရာအတတ်များကို ပို့ချ ဖြန့်ဖြူးပေးခဲ့သည် ဆို၏။

ထိုထိုသောအကြောင်းရင်းခံများကြောင့် မြင်းနှင့်ပတ်သက်သောယုံကြည်မှု၊ စွဲလမ်းမှု၊ အယူသီးမှု စသည်စသည်တို့သည် ရှေးမြန်မာကြီးတို့၏ရင်ထဲတွင် ရိုးရာဓလေ့များအနေဖြင့် ထုံအိစွဲရစ်လာပုံပေါ်၏။ ဥဒါဟရုဏ်ဆိုရသော် ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်ထဲတွင် ဗောဓိသတ္တဘုရားအလောင်းတော်သည် မြင်းဘဝသို့ (၄)ကြိမ်ရောက်ခဲ့ပြီး အန္တရာယ်မပြုနိုင်ကြောင်း ဖြစ်တော်ပေါင်းဘုရားရှိခိုးထဲ၌ သိန္ဓဝမြင်းတစ်ဘဝဖြစ်ခဲ့သည် ဆိုသည်။သံယုတ်အဋ္ဌကထာလာ သီဟဇာနေယျ (ခြင်္သေ့အာဇာနည်)၊ ဟတ္ထိဇာနေယျ (ဆင်အာဇာနည်)၊ ပုရိသဇာနေယျ (ယောက်ျားအာဇာနည်)၊ ခီဏာသဝ (ရဟန်းအာဇာနည်) တို့နှင့်အတူ အဿဇာနေယျ(မြင်းအာဇာနည်)ဟူ၍ အာဇာနည်ငါးပါးထဲတွင် တစ်ပါးအဖြစ် ပါဝင်နေသည်။ နောက် အိန္ဒိယတိုက်ငယ် ရှေးဗုဒ္ဓသာသနိက အဆောက်အအုံတချို့မှာရှိနေတတ်သော လေးခန်းဗုဒ္ဓဝင်တွင် ဆင်ရတနာ၊ ခြင်္သေ့ရတနာ၊ နွားလားဥသဘရတနာနှင့်အတူ မြင်းရတနာများကိုလည်း တွေ့ရှိရတတ်သည်။ ဗုဒ္ဓစက်လက္ခဏာတော် (၁၀၈) ပါးထဲမှာလည်း ဝလာဟကမြင်းပုံရုပ်ပါရှိသည်ကို တွေ့သိရ၏။ ဗုဒ္ဓဘုရားရှင်၏ ဖွားဖက်တော် (၇) ပါးထဲမှာ ဗောဓိပင်၊ ကာဠုဒါယီအမတ်၊ ယသောဓရာဒေဝီ၊ ဆန္နအမတ်၊ ရွှေအိုးကြီးလေးလုံးနှင့်အတူ ကဏ္ဍကမြင်းလည်း ပါဝင်ခဲ့သည်။ ကဏ္ဍကမြင်းကို ဘုရားလောင်းတောထွက်သည့်အခါမှာ စီးတော်မူခဲ့ပါသည်။ စကြာမင်း၏ရတနာ (၇) ပါးထဲတွင်လည်း စကြာရတနာ၊ ဆင်ရတနာ၊ မိဖုရားရတနာ၊ ပတ္တမြားရတနာ၊ သူဌေးရတနာ၊ သားကြီးရတနာတို့နှင့်အတူ မြင်းရတနာမှာလည်း တစ်ခုအပါအဝင် ဖြစ်သည်။

ရှေးဟိန္ဒူ ဗြာဟ္မဏကျမ်းများတွင် သူရိယနတ်မင်း၊ အာဒိတျနတ်မင်း၊ ကြန္ဒကနတ်မင်း၊ ကာ(လ်)ကျိုးနတ်မင်းတို့၏ စီးတော်ယာဉ်သည် မြင်း (သို့) မြင်းက, ဆွဲသောရထားဟု ဖော်ပြထားသည်။ ကိုရီးယားတို့ရှေးယုံကြည်မှုဓလေ့တစ်ခုအရ သူတို့၏ နတ်စင်နတ်ကွန်းမှာ မြင်းရုပ်နှစ်ရုပ်ထားရှိလေ့ရှိသည်။ မြင်းရုပ်တစ်ရုပ်သည် မကောင်းမိစ္ဆာတို့အား တားဆီးကာကွယ်ပေးရန်ဖြစ်ပြီး နောက်မြင်းရုပ်တစ်ရုပ်သည် သေသူဝိညာဉ်များကို မိုးနတ်မင်းကြီးထံ သယ်ယူသွားရန်ဖြစ်သည်။ မြန်မာ့နတ်ယုံကြည်မှုဓလေ့တွင်လည်း ယမားမြင်းဖြူရှင်နတ်၊ ကန္နီမြင်းဖြူရှင်နတ်၊ ရွှေပြည့်ကျွန်းမြင်းဖြူရှင်နတ်၊ ရွှေစစ်သင်မြင်းဖြူရှင်နတ်တို့ ပါဝင်ပြီး သူတို့နှင့်သက်ဆိုင်သော နတ်ကွန်းများတွင် မြင်းရုပ်များထားရှိလေ့ရှိသည်။

နောက် ကိုရီးယားဒဏ္ဍာရီတစ်ခုအရဆိုလျှင် ကူဂန်နဂါးမင်းကြီးနှင့် ကူလီယိုဂျာနဂါးမိဖုရား၏ မြေးတော် ခိရင်၏ သားရတနာသည် ယုန်ဂူ အမည်ရှိသော မြင်းရတနာဖြစ်ပြီး ၎င်းမှမြင်းများ ပေါက်ပွား ဆင်းသက်လာသည်ဟု ယုံကြည်ကြသည်။ ရှေးတရုတ်တို့သည်လည်း နဂါးတစ်ပိုင်း၊ မြင်းတစ်ပိုင်းဖြစ်သော ချီလင်းခေါ် သတ္တဝါတစ်မျိုး ရှိသည်ဟု ယူစွဲကြ၏။ အဆောင်အဖြစ် အသုံးပြုကြ၏။

ဆက်နွယ်ပြောစရာတစ်ခုက ကီး-အဘယ်နည်း၊ **နရာ** - လူလော, နတ်လောဟု -မေးယူရသော ကိန္နရာတို့၏ ရုပ်ရည်လက္ခဏာကို မြင်း၏မျက်နှာ, လူ၏ကိုယ်၊ လူ၏မျက်နှာ, မြင်း၏ကိုယ်ရှိသည်ဟု အမရကောသဋီကာကျမ်းမှာ ဖော်ပြချက်က အတွေးနယ်ချဲ့စရာပင်။ နောက် ဂရိဒဏ္ဍာရီလာ စင်တော(Centaur) ဟု ခေါ်ဝေါ်သော ကိုယ်ခန္ဓာနှင့် ခြေထောက်မှာ မြင်းဖြစ်ပြီး လည်ပင်းနှင့် ဦးခေါင်းနေရာတွင် ခါးအထက်ပိုင်း လူ့ခန္ဓာကိုယ်ပါရှိသော လူတစ်ပိုင်း၊ မြင်းတစ်ပိုင်းသတ္တဝါနှင့် အမရကောသဋီကာကျမ်းလာ လူမျက်နှာ၊ မြင်းကိုယ်ရှိသည့် ကိန္နရာ ဆိုသော သတ္တဝါတို့နှင့် နှိုင်းယှဉ်ဝေဖန် စောကြောစရာဖြစ်နေသည်ကတော့ အမှန်ပင်။

တစ်ခါ တရုတ်ဝေဒပညာမှာ ကြွက်နှစ်၊ နွားနှစ်၊ ကျားနှစ်၊ ယုန်နှစ်၊ နဂါးနှစ်၊ မြွေနှစ်၊ သိုးနှစ်၊ မျောက်နှစ်၊ ကြက်နှစ်၊ ခွေးနှစ်၊ ဝက်နှစ်တို့နှင့်အတူ မြင်းနှစ်ဟုရှိသလိုပင် မြန်မာ့ဝေဒပညာ၌လည်း မြင်းနှစ်ဟူ၍ရှိပါသည်။ ကာဝါလမိုင်းတွက်ရိုးအရ (၆) ခုကြွင်းသော အဒြနှစ်တွင် နှစ်ကို မြင်းစောင့်သည်၊ ခြေလေးချောင်း၏ အဓိပတိကား မြင်းဟု ဖော်ညွှန်းချက်က အလေးဂရုပြုစရာဖြစ်ပါသည်။ နောက် မဟာသင်္ကြန်တွက်ရိုးအရမှာလည်း ကြာသပတေးနေ့ သင်္ကြန်ဝင်မှု သင်္ကြန်မင်းကြီးသည် ရွှေအဆင်းနှင့်တူသော အဝတ်တန်ဆာဆင်ယင်လျက် သိန္ဓောမြင်းကို စီးနင်းကာ ရေချမ်းအိုးကိုပိုက်လျက် အနောက်ဘက်ကနေ အရှေ့တောင်ဘက်ကိုဝင်သည်ဟု ဆိုထားပါသည်။ ဤသည်တို့ကား မြန်မာ့ဝေဒပညာအရ မြင်းနှစ်များပင် ဖြစ်၏။ တရုတ်ဝေဒပညာ၊ ကိုရီးယားဝေဒပညာ၌ မြင်းနှစ်သည် နဂါးနှစ်ကဲ့သို့ ကောင်းကျိုးပြုသည်ဟု ဆို၏။

တစ်ခါ ရှေးနက္ခတ်ဗေဒင်ကျမ်းများ အလိုအရ မိုးကောင်းကင်ပေါ်မှာ ထွန်းလင်းတောက်ပသော နက္ခတ် (၂၇) လုံးတွင် ပါဝင်သော အဿဝနီနက္ခတ်သည် မြင်းဦးခေါင်းနှင့်တူပြီး နက္ခတ် (၆) လုံး ပါဝင်ကာ ဂျွန်းပြည်တိတ်စွဲဟု ဆိုသည်။ ပြီး - မေထုန်ရာသီခေါ် နယုန်လဝယ် စန်းနှင့်ယှဉ်၍ တောက်ပထိန်လင်းတတ်ပြီး သရဝဏ်နက္ခတ်၊ ဓနသိဋ္ဌိနက္ခတ်၊ သတ္တဘိသျှနက္ခတ်တို့ဖြင့် ယှဉ်၍ သွားလာတတ်လျက် ကုလားပြည်တိတ်စွဲ မြင်းတာရာမှာလည်း အလေးဂရုပြုစရာ ကောင်းပင်။ ထို့ပြင်တစ်ဝ မြင်းတို့မှ ရံဖန်ရံခါ၌ သိဒ္ဓိဓာတ်များကို ပေးစေတတ်သော အမြုတေများ ရှားရှားပါးပါးရရှိတတ်သည် ဟူခြင်းပင် ဖြစ်သည်။ ရှေးဟောင်းကျမ်းဂန်များ တချို့တွင် သိန္ဓဝမြင်း၊ ဝလာဟကမြင်း၊ အာကာသဘိန္နမြင်း၊ ဝလာသဝမြင်း၊ သုဝဏ္ဏသာမမြင်းများတို့သည် ကမ္ဘဇိဒ္ဓိတန်ခိုးဖြင့် မြေလျှိုးမိုးပျံနိုင်သည့်အပြင် အင်



www.burmeseclassic.com

www.burmeseclassic.com

းအသွင်ဖန်ဆင်းနိုင်လျက် သိဒ္ဓိရှိသော အမြုတေများ ရရှိတတ်သည် ဟူ၏။ ရှေး စာနာကျမ်းတစ်ခုမှာ ဟယမုတ္တ၊ ရတ္တ မုတ္တ၊ အမလကမုတ္တ၊ ဝလယမုတ္တ၊ ဝေဓ မုတ္တ၊ ကတုမုတ္တ၊ ပကတိမုတ္တ ဟူသော ပုလဲမျိုး၌ ဟယမုတ္တသည် မြင်းနှင့်တူ သောပုလဲဟု ဆို၏။

တစ်ဖန် ဂမုန်းညွန်းကျမ်းလာ ဂမုန်း (၃၁) ပါးထဲတွင် ဂမုန်းမြင်းကာ သကဏ္ဍပြိုင်မျိုးသည် အရွက်တစ်ဖက် မှာ အရိုး၊ အကြော၊ အရွက် အလုံးစုံနီ ၏။ တစ်ဖက်ကား စိမ်း၏။ အတက် ကား သရက်ကင်းနှင့်တူ၏။ မြင်းအလွန် ချစ်၏ဟု ဖွင့်ဆိုထားပါသည်။ မြန်မာ ဆေးင်းတူရိယာ၏ သံစဉ်ခုနစ်ပါးထဲ၌ ဓေဝတ (မြင်းဟီသံနှင့်တူသောအသံ ဝါ ချောက်ပေါက်သံ) ဟုပါဝင်သည် ဟူ၏။

နောက်အရေးကြီးသော အချက် တစ်ခုက ရှေးမြန်မာကြီးတို့သည် မြင်း နှင့်ပတ်သက်သော အိပ်မက်နိမိတ်များ ကို တလေးတနက်ထားခြင်းပင် ဖြစ် သည်။ နမူနာတင်ပြရသော် မြင်းကိုမြင် တော်လျှင် ပြေးလွှား၍ အလုပ်လုပ်ရအံ့၊ မြင်းကိုရရှိသည်ဟု မြင်မက်သော် ယာဉ် ရထားရအံ့၊ မြင်းဖြူမြင်မက်လျှင် နတ် များစောင့်ရှောက်အံ့၊ မြင်းစီးရသည်ဟု မြင်မက်လျှင် ပင်ပန်းကြီးစွာလုပ်ဆောင် ရအံ့၊ မြင်းကန်ခံရသည်ဟု မြင်မက်လျှင် ခရီးသွားမနေကျအံ့ စသဖြင့် ဖြစ်သည်။

လူသိများသော ကောသလမင်း ကြီး၏ အိပ်မက်ကြီး (၁၆) ချက်ထဲဝယ် တွင်းနှစ်ခွ၊ မြင်းလှရာဇာ၊ ကျွေးမွေး သမျှ၊ မဝနိုင်ပါ' ဟုဆိုထားပြီး 'မှူးမတ် မင်းစိုး၊ လာဘ်ထိုးသူရှာ၊ နှစ်ဖက်စား၊ တရားစီရင်မှာ' ဟု ပါရှိနေသည်က မေး ရော၊ တွေးစရာပင်။

တစ်ခါ အနောက်တိုင်းသားတို့ ကလည်း သူတို့၏အိပ်မက်နိမိတ်များကို ဤသို့ ဖော်ဆောင်ခဲ့ကြ၏။ မြင်းကို မြင် တော်သော် ကံကောင်းအံ့၊ မြင်းက နောက်ခိုင်းသွားသည်ဟု မြင်မက်သော် ကောင်း၊ မြင်းအတက်ခရီး စီးရသည် ဟု မြင်မက်သော် ပိုအောင်မြင်အံ့၊ မြင်း အဆင်းခရီးစီးရသည်ဟု မြင်မက်လျှင် ဆုံးအံ့၊ မြင်းပေါ်ကလိမ့်ကျသည်ဟု မြင်မက်လျှင် ကံဆိုးအံ့၊ မြင်းစီးလျက် တစ်ဦးရောက်လာလျှင် ရပ်ဝေးဆီမှ သတင်းကောင်းကြားရအံ့၊ မြင်းရထား စီးရသည်ဟု မြင်မက်လျှင် လျှို့ဝှက်ကိစ္စ ပြီးအံ့၊ မြင်းစီးဖိနပ်ကိုကိုင်၍ မြင်မက် လျှင် စီးပွားရေးကောင်းအံ့၊ မြင်းစီးဖိနပ် ကို ကန်ကျောက်မိသည်ဟု မြင်မက်လျှင် ကံဆိုးအံ့။

အနောက်တိုင်းသားတို့က မြင်း ခွာကို ကံကောင်းစေသော အဆောင် အဖြစ် ဆောင်ကြသည်။ ၎င်းမြင်းခွာ သံကို ဦးချိုသဏ္ဌာန်နှင့် တွဲဆောင်လျှင် မကောင်းဆိုးဝါးအန္တရာယ်များကို ဟန့် တားပေးသည်ဟု ယုံကြည်သည်။ လက် စွပ်ပုံသဏ္ဌာန်နှင့် မြင်းနက်ခွာကို တွဲ၍ ဆောင်လျှင် လူချစ်လူခင်များသည်။ မြင်းခွာသံကို အိမ်တံခါးဝတွင် အချွန် ဘက်ထောင်၍ ချိတ်ဆွဲထားလျက် ကံ ကောင်းစေတတ်သည်။ မြင်းခွာသံတွင် သံမှိုပေါက် (၇) ပေါက်ပါရှိနေလျှင် ကံ ကောင်းစေတတ်သည်ဟု ယုံကြည်တတ် သည်။

အရှေ့တိုင်းသားတို့ကလည်း မြင်း ခွာသံသည် လာဘ်ကောင်းသည်၊ အန္တ ရာယ်ကင်းသည်ဟု ယုံကြည်ကြပြီး ဈေး ဆိုင်၊ အိမ်၊ ကားတို့၌ ချိတ်ဆွဲထားလေ့ ရှိကြသည်။ ကိုရီးယားတွင် မြင်းသွေး များကို မကောင်းဆိုးဝါးများအား နိုင် သည်ဟု ယုံကြည်ပြီး အခြောက်အလှန့် ရှိသောနေရာများတွင် မြင်းသွေးများကို ပက်ဖျန်းခြင်း၊ လိမ်းကျံခြင်းပြုလုပ်လေ့ ရှိသည် ဖြစ်၏။ အိန္ဒိယပြည်တွင် ပြိုင် ပွဲမြင်းများကို မှတ်စလင်သူတော်စင် (၁၂) ပါး အမည်ပါသောစက္ကူကို ကျွေး မွေးလျှင် ဗိုလ်စွဲနိုင်သည်ဟု ယုံစွဲကြ၏။



မဂ္ဂစီကန်လူမျိုးတို့ကမူ သရဖူဆောင်း သောမြင်းရုပ်ပုံကိုဆောင်ထားလျှင် ကံ ကောင်း၊ လာဘ်ကောင်းသည်ဟု ဆို၏။

ဤနေရာတွင်ထည့်သွင်းပြဆိုချင် သည်က ရှေးလောကီပညာရှင်များ စီရင် ခဲ့ကြသည်ဆိုသော မြင်းနှင့် နီးနွယ်နေ သည့် ပရိတ်ဂါထာတော်နှစ်ပုဒ်ကိုပင်ဖြစ် သည်။ ယင်းတို့မှာ ဤသို့ ဖြစ်၏။

### မြင်းမင်းပရိတ်

သုကိတ္တိမာ သုဘာဓာရော၊ သု
ဉာဏော သုပတိတေ သိတော၊
လောကေ ဓိမာ မဟာဝိရော၊
ပရိတ္တံ တံ ဘဏာမဟေ။
တိမာသေဟံ မာတော နိက္ခာယ၊
ဥပဂမိ ဒိသွာ သံကံ။
ဒါန ပရိစ္စ ဒါနေန မေ သမော
နတ္ထိ၊
ဧသော မေ ဒါနပါရမီ။

### သိန္ဓောမြင်းပရိတ်

အဘယ မုနိ သုဒ္ဓ ဘတ္တံ၊ ဂိရိ
ပဗ္ဗတ ကူန္ဒကံ၊
သဗ္ဗဘယာ ဝိနာသနံ၊ အသနိ ပရိ
ဝဇ္ဇေသိ။

တကယ်တော့ မြင်းနှင့်ပတ်သက် ရာပတ်သက်ကြောင်းများကို ကောက် သင်းကောက် လိုက်လံဖော်ပြနေမည်ဆို လျှင် အလျှုခံရင်း မျက်စိလည်နေသော ဘိုးသူတော်လို လွယ်လွယ်နှင့် အဆုံး သတ်နိုင်မည် မထင်။ ထို့ကြောင့် မုံရွေး ဆရာတော်မှတ်စုပါ အချက်တစ်ခုကို ဖော်ပြရင်းဖြင့် နိဂုံးချုပ်ပါရစေ။

'နွေခါမွေးသော မြင်းသည် ရေ သောက်သော် နှုတ်သီးကို ရေမှာနှစ်၍ သောက်သည်။ မိုးကာလမွေးသောမြင်း သည် အင်မတန် နှစ်၍ သောက်သည်။ ဆောင်းမွေးမြင်းတို့ကား တို့ကာသောက် သည်'။

ဝေမင်းဦး(စိတ်ပညာ)

စာကိုး -

၁။ ဦးသြဘာဘိဝံသ၏
သုတေသနသုရုပ်ပြအဘိဓာန်
၂။ သုခ၏သုခမှတ်စု
၃။ အသျှင်ဝါသဝ၏
ရခိုင် ရှေးဟောင်း ဂါထာမန္တန် ထူးများ
၄။ ရှာဖွေစုဆောင်းမှုများ။



www.burmeseclassic.com

"နော်င် . . . ဝေ . . ဝေ . . . ဝေ"

ကြေးစည်ထုရိုက်သံကိုကြားလိုက်ရချိန်မှာပဲ ကျွန်မ မိန်းမောတွေဝေနေရာမှ ဖျတ်ခနဲ လန့်နိုးလာခဲ့တယ်။ အဲဒီအချိန်ခန့်မှာပဲ အာကာသဟင်းလင်းပြင်ကြီးထဲမှာ ကျွန်မခန္ဓာကိုယ်ကြီးဟာ ပေါ့ပါး လွင့်ဲမျောနေတယ်။ ကျွန်မကိုယ်ကျွန်မ ဘယ်လိုအခြေအနေမှာ ရောက်နေမှန်း ထိုအချိန်အခါထိ စဉ်းစားလို့မရနိုင်ခဲ့ပေ။

ဘာဖြစ်လို့များ ကျွန်မတို့အိမ်ရှေ့မှာ လူတွေ ရုံးစုရုံးစုနဲ့ စုစုဝေးဝေးရှိနေကြတာလဲ။ တစ်စုံတစ်ခုများဖြစ်နေလို့လားဆိုပြီး စိုးရိမ်သွားတယ်။ ဘာတွေများဖြစ်နေကြပါလိမ့်လို့ စိုးရိမ်ပူပန်စိတ်တွေနဲ့ သေချာကြည့်မိတယ်။

"ဖွဟဲ့- လွဲပါစေ၊ ဖယ်ပါစေ"

လို့ နှုတ်က တတွတ်တွတ်ရွတ်ဆိုနေခဲ့ပေမယ့် ဘယ်သူမှလည်း ကျွန်မကို ဂရုမစိုက်ကြဘူးနော်လ။ လူတွေက ကျွန်မကို ဖုတ်လေတဲ့ငါးပိ ရှိတယ်တောင် မထင်ကြဘူး။ ကျွန်မကို ချစ်ခင်စွဲလမ်းလွန်းနေတဲ့ မောင်တစ်ယောက်ကကော ဘယ်ကိုများရောက်နေပြီလဲကွယ်။

ပေးနှစ်သိမ့်နေပေမယ့် မောင်ကတော့ ပူဆွေးသောကတွေနဲ့ ကျွန်မကို အရေးမစိုက်တော့ပါလားကွယ်။

မောင့်ဘေးနားမှာ ထိုင်နေတဲ့ သားလေး ဗိုလ်ဗိုလ်ကလည်း ငိုနေတဲ့ မျက်နှာငယ်လေးနဲ့ အမေပျောက်ရှာနေသလိုပဲ။ အမေ့ကိုချစ်တဲ့ သားလေးက အမေ့ကိုတောင် ကားပေါ်တင်ဖို့ သတိမရနိုင်အောင် မေ့နေပြီလား။ ဟိုတုန်းက ညဘက် အမေ ချော့သိပ်မှအိပ်တတ်ရှာတဲ့ သားလေးက အမေ့ထဘီစလေးကိုကိုင်ပြီးအိပ်ပျော်သွားတတ်တယ်။ အခုတော့ အမေခေါ်နေတာတောင် မကြားတော့ဘူး။

အဲဒီအချိန်မှာပဲ ကားတွေပေါ်ကို လူတွေ အသီးသီးတက်နေကုန်ကြပြီ။ စခန်းဝင်းထဲကနေ ကားတွေထွက်တော့မှာ ထင်ပါရဲ့။

ထိုစဉ် -

"ခွမ်း"

အို - လန့်လိုက်တာရှင်။ ကျွန်မ

နေချိန်မှာ အဲဒီလူရဲ့ ရိုင်းပျလွန်းတဲ့ အပြုအမူကြောင့် ဒေါသတကြီးလှည့်ကြည့်မိတယ်။

ကားတွေအသီးသီးပေါ်မှာ လူတွေ နေရာယူပြီးနေခဲ့ကြလို့ အပူဒဏ်ကို တာကွယ်နိုင်အောင် ယပ်တောင်တဖျတ်ဖျတ်ခတ်နေကြတယ်။ ကားတွေဘီးလှိမ့်စပြုနေချိန်မှာ ကျွန်မအဖို့ လိုက်စီးရမယ့်ကားမရှိဘဲ ဗျာပါရတွေနဲ့ ဟိုဒီကြည့်နေတုန်းမှာပဲ ဟိုးရှေ့ဆုံးဆီက ဘယ်သူမှ တက်မစီးတဲ့ ကားမည်းကြီးပေါ် အလျင်အမြန် ခုန်တက်ထိုင်လိုက်ရတယ်။

ဟင်- ကားကြီးကလည်း ဘေးတစ်ဖက်တစ်ချက်မှာ မှန်အပြည့်ပိတ်ထားလိုက်တာများ လူတောင် မွန်းကျပ်သေတော့မယ်။ တတ်နိုင်ပါဘူးလေ ဆိုပြီး ကျွန်မ တက်စီးလာမိတယ်။ ကျွန်မ ထိုင်နေတဲ့ထိုင်ခုံကို ငုံ့ကြည့်လိုက်တော့ ရှည်မျောမျောသေတ္တာတစ်လုံးပေါ်မှာ ထိုင်မိလျက်သားဖြစ်နေတာကို သတိ

# စိုးဝေ

# တစ္ဆေရင်ကွဲ



ဟိုတုန်းက မောင်ရဲ့ရင်ခွင်မှာ ခေါင်းလေးမှီပြီးတော့ ညစဉ် ကလေးလို ချော့မြှူသိပ်တတ်တဲ့မောင်က အရင်လို ကျွန်မအပေါ်မှာ အကြင်နာတွေမထားနိုင်တော့။ ရက်စက်လိုက်တာ မောင်ရယ်လို့ ဝမ်းနည်းအားငယ်စိတ်နဲ့ မချိတင်ကဲ ခံစားနေရတယ်။

ဒီအချိန်မှာပဲ အိမ်ထဲကနေ မောင့်ကို တွဲခေါ်လာနေကြသူတွေက ကားလေးတစ်စီးပေါ်ကို ဝိုင်းဝန်း နှစ်သိမ့်ဖျောင်းဖျပြီး ချော့မော့တင်နေတယ်။ မောင့်မျက်နှာပြင်တစ်ခုလုံး ညှိုးငယ်နေသလို ခံစားနေရပြီး မျက်ဝန်းအစုံမှာ မျက်ရည်တွေ ယိုစီးနေပါလား။ မောင် ဘာတွေကိုများ အားငယ်စိုးရွံ့နေတာလဲလို့ ကျွန်မ ကားဘေးနားကပ်ပြီး အား

ဘေးနားမှာ လူတစ်ယောက်ကနေ ရေအိုးလေးတစ်လုံးကို ကိုင်မြှောက်ခွဲချပစ်လိုက်တာ တော်တော်အလိုက်ကန်းဆိုး မသိတဲ့လူဘဲ။ ကျွန်မမိသားစုအတွက် ရတက်မအေးနိုင်လို့ သောကဗျာပါပွေ

ထားခဲ့မိတော့တယ်။ ကားတွေအား

က ကျွန်မစီးလာတဲ့ ကားကြီးနောက်

နေ တန်းစီလိုက်ပါမောင်းနှင်လာ

www.burmeseclassic.com

တယ်။

ကားတန်းကြီးဟာ တောင်ငူ (၄) မိုင် ကျောက်ထုတ်စခန်းဝင်းကြီးထဲက နေ တဖြည်းဖြည်း မောင်းလာနေခဲ့တာ ခလရ (၃၉) တပ်ရင်းပေါက်ကို ကျော်လွန်လာလို့ လေသာတောင်ကုန်းဆင်းနေရာ ရောက်လာခဲ့တယ်။ ဟော - ကျွန်မတို့မိသားစုတွေ ကိုးကွယ်နေခဲ့တဲ့ လေသာတောင်ကုန်းပေါ်က ဆရာတော် ရှင်ပဏ္ဍိတကျောင်းသင်္ခမ်းလေးကို လှမ်းမြင်နေရပြီ။

လေသာတောင်ကျောင်းသင်္ခမ်းရှိရာ တောင်ကုန်းလေးပေါ်မှာ ဆရာတော် ရှင်ပဏ္ဍိတနဲ့အတူ မယ်တော်ကြီး၊ မစံပယ်တို့ကို ယောဂီဝတ်စုံလေးတွေဝတ်ပြီး ရပ်ကြည့်နေတာကို လှမ်းမြင်နေရတယ်။ ကျွန်မ လိုက်ပါစီးနင်းလာတဲ့ကားထဲ သေတ္တာရှည်မျောမျောလေးပေါ်မှာ ပုဆစ်ဒူးတုပ်ထိုင်ပြီး လက်အုပ်ချီနေလို့ ဖူးမြော်လိုက်တယ်။ မယ်တော်ကြီး၊ နဲ့မစံပယ်တို့ နှစ်ယောက်ကတော့ ကျွန်မကိုလှမ်းမြင်နေကြဟန်တူပါတယ်။ လက်ပြ နှုတ်ဆက်နေကြတယ်။

ဆရာတော် ရှင်ပဏ္ဍိတကတော့ မျက်စိစုံမှိတ်လို့ အာရုံပြုနေရင်း မေတ္တာပို့သနေပုံရတယ်။ တစ်စုံတစ်ရာကို နှုတ်က တဖွဖွရွတ်ဆိုပြောနေတယ်။ တဖြည်းဖြည်းနဲ့ ကားတန်းကြီးက မောင်းနှင်လာနေခဲ့တာ တောင်ငူမြို့ထဲကို ဖြတ်ကျော်လာခဲ့ပြီးနောက် အနောက်တောဘက်ဆီ ရောက်လာနေတယ်။ ဘုန်းကြီးကျောင်းတွေကို ဖြတ်ကျော်ပြီးနောက်မှာ အုတ်ဂူဖြူဖြူဖွေးဖွေးလေးတွေတန်းစီထားနေတဲ့နေရာဆီ ဦးတည်မောင်းနှင်လာနေခဲ့တယ်။

အဲဒီနေရာကိုလည်းရောက်ရော အားလုံး ကားပေါ်က ဆင်းလာကြပြီး ရှေ့ကထမ်းသွားနေတဲ့ သေတ္တာရှည်မျောမျောကြီးကို ဝိုင်းထမ်းသယ်မ,နေကြတဲ့လူစုနောက်က လိုက်ပါခဲ့ကြတယ်။ ရှေ့မှာတော့ အုတ်ဂူတွေပြည့်ကျပ်နေလို့ အုတ်ဂူကြားကနေတိုးဝှေ့သွားနေတယ်။

သူတို့ ဘာတွေများလုပ်ကြမှာပါလိမ့်ဆိုတဲ့အတွေးနဲ့ စပ်စုချင်လာလို့ လူအုပ်ရှေ့ကို ဖြတ်ကျော်ကြည့်လိုက်ချိန်မှာ လတ်လတ်ဆတ်ဆတ် အုတ်ဂူတစ်လုံးရှေ့မှာ ရပ်နေကြတယ်။ အုတ်ဂူပေါ်က စာတမ်းကို ဖတ်ကြည့်တော့မှ -

ဒေါ်သင်းသင်းရည်

(၅၁) နှစ် ကောင်းမှု

(၁၀-၁-၉၉) နေ့ ကွယ်လွန်သည်။

ဆိုတဲ့ စာတန်းလေး ရေးထိုးထားတဲ့ အုတ်ဂူလေးကို မြင်ရတော့မှပဲ ကျွန်မကိုယ်ကျွန်မ သတိထားခဲ့မိတော့တယ်။ ဟင် - ဒါဆို ကျွန်မက သေသွားပြီပဲ။ ကျွန်မကို ဘယ်လိုများလုပ်ကြမလို့ပါလိမ့်။ ကျွန်မကို ဒီထဲမှာ တစ်ယောက်တည်းထားခဲ့ကြမလို့လားဆိုတဲ့ ပူပင်သောကစိတ်တွေ ဖြစ်ပေါ်ခံစားလာလို့ မောင့်ကို အပြေးရှာကြည့်မိတယ်။ စောစောက သေတ္တာရှည်မျောမျောကြီးကို လူတွေက ဂူပေါက်ထဲ အတင်းထိုးထည့်နေကြတယ်။

ကျွန်မ လူအုပ်ဖယ်သွားပြီး ဂူရှေ့မှာ တစ်ယောက်တည်းရပ်လို့ ပူဆွေးသောကရောက်နေရှာတဲ့မောင့်ကို မြင်တော့ ကျွန်မတားမယ်အလုပ်မှာ -

"သင်းရေ၊ ဒီဘဝမှာ တို့တစ်တွေ မပေါင်းဖက်ရပေမယ့် နောင်ဘဝမှာဒီလို ဘဝမျိုးကနေကင်းဝေးပြီး မိသားစုတွေ အိုးမကွာအိမ်မကွာဘဲ သေတစ်ပန်သက်တစ်ဆုံး ပေါင်းဖက်နိုင်ကြပါစေကွယ်။ သင်းနဲ့ မောင် ခုလို သေကွဲကွဲရတဲ့ဝဋ်ဒုက္ခက လွတ်မြောက်နိုင်ပါစေ သင်းရေ။ ကောင်းရာမွန်ရာရောက်ပါစေ၊ ကောင်းရာသုဂတိလားနိုင်ပါစေ"



www.burmeseclassic.com

လို့ အော်ဟစ်ပြောဆိုနေသံဟာ ကျွန်မနားထဲကို သံရည်ပူလောင်းချလိုက်သလို ခံစားလိုက်ရတယ်။ ရက်စက်လိုက်တာ မောင်ရယ်။ ကျွန်မကို မောင့်ဘဝထဲကနေ အပြီးအပိုင် နှင်ထုတ်လိုက်ပြီလားကွယ်။ ကျွန်မ ရင်နင့်အောင် ခံစားနေရပါပြီကွယ်။

ဒီအချိန်မှာ မောင့်တပည့်အကျဉ်းသားတွေက ဘိလပ်မြေဖျော်ထားတဲ့ သံဒယ်ထဲက မဆလာတွေကော်ပြီး အုတ်စီလို့ ပိတ်ဖို့လုပ်နေကြပြီ။ ဒီတော့မှ ကျွန်မရင်တစ်ခုလုံး ကွဲကြေသလို ခံစားလာရပြီး မောင်ဒီလောက်ထိရက်မစက်သင့်ပါဘူးကွယ့်။ ကျွန်မ အသက်ရှူကျပ်သလို ခံစားလာနေရတယ်။

"မောင်ရေ၊ ဟိုအရင်က ချစ်ခဲ့ဖူးတဲ့ မေတ္တာတရားတွေနဲ့ စာနာစိတ်လေးထားပေးပါဦးကွယ်။ ကျွန်မကို မွန်းကျပ်လှောင်အိုက်နေမယ့် ဒီဂူထဲမှာ တစ်ယောက်တည်း အထီးကျန်အောင်တော့ မထားရစ်ခဲ့ပါနဲ့ကွယ်"

လို့ မောင့်ကို အနူးအညွတ်တောင်းပန်ခယပြောနေပေမယ့် မောင်ကတော့ကြားဟန်မတူပါဘူးလေ။ မောင့်ကို ဖေးကူတွဲခေါ်သွားနေတဲ့လူစုနောက်မှာ မျက်ရည်လည်ရွဲနဲ့ မောင်လိုက်ပါသွားနေတယ်။

နောက်ဆုံး ကားတွေပေါ်ကို လူအားလုံးပြန်တက်ကုန်ကြပြီး သင်္ချိုင်းမြေထဲက ပြန်လည်ထွက်ခွာမောင်းသွားကြတယ်။ မောင့်ကိုလည်း ကားလေးတစ်စီးပေါ် ဆွဲတင်ပြီး အပြင်းမောင်းနှင်သွားတော့တယ်။ ကျွန်မတစ်ယောက်တည်း ပိတ်မိနေတဲ့ဂူလေးထဲကနေ ထွက်ပေါက်ကို အပြင်းအထန် ရှာဖွေနေမိတယ်။ ဂူအောက်ခြေနေရာက စီထားတဲ့ကြားမှာ အလင်းရောင်မှုန်ပျပျမြင်ရလို့ ကျွန်မ အတင်းရုန်းကန်ပြီး တိုးထွက်လိုက်တယ်။

ကျွန်မဂူရဲ့အပြင်ဘက်ကိုရောက်ရှိလာတော့မှပဲ ပြင်ပက လတ်ဆတ်တဲ့လေကိုတဝရှူသွင်းလိုက်တယ်။ ဒီအချိန်မှာ ကျွန်မခန္ဓာကိုယ်ထဲကို လေတွေဝင်သွားလို့လားမသိဘူး၊ လေဟာပြင်နယ်ထဲမှာလွင့်မျောလိုက်ပါနေတယ်။ ကျွန်မခန္ဓာကိုယ်ကြီးဟာ လေထဲမှာ ပေါ့ပါးနေပြီး တိမ်တွေနဲ့အတူ ရွေ့လျား လိုက်ပါသွားနေတယ်။

မကြာမီမှာပဲ ကျွန်မ အရင်က နေထိုင်လာခဲ့ဖူးတဲ့ အိမ်ကလေးဆီကို ရွေ့လျားပါလာရာမှပြန်ရောက်လာခဲ့တယ်။ ကျွန်မစိတ်ထဲမှာ မောင် ဘယ်လိုပဲထားပစ်ခဲ့ထားပစ်ခဲ့ ရောက်အောင်ပြန်လာနိုင်သေးပါလား ဆိုတဲ့ အသိ ဝင်လာတယ်။ ကျွန်မ အိမ်ထဲကို ဝင်မယ်လုပ်စဉ်မှာ ဘယ်လိုအဟာန့်အတားတွေနဲ့များ စီရင်ထားလို့လဲမသိဘူး။ အိမ်ထဲကိုလုံးဝဝင်လို့မရဖြစ်နေတယ်။

ဒါနဲ့ ကျွန်မ ခြံဝင်းထဲမှာ တစ်ယောက်ယောက်ကိုတွေ့ရင် အကူအညီတောင်းမယ်ဆိုပြီး လိုက်ရှာကြည့်မိပါတယ်။ အိမ်ရှေ့နားက ကျွန်မတို့မိသားစုလသာညတွေမှာ ဝိုင်းဖွဲ့ထိုင်နေကျကွပ်ပျစ်ကလေးပေါ်မှာ ကျွန်မရဲ့ညီမလေး မရွှေနီကို သူ့သမီးတွေဖြစ်တဲ့ ကျွန်မတူမလေးတွေနဲ့ အတူတူ ဝိုင်းဖွဲ့ထိုင်နေတာကို တွေ့မြင်ခဲ့ရတယ်။

ကျွန်မ ခြံဝင်းပေါက်နားကနေ လက်ယပ်ခေါ်နေပေမယ့် သူတို့က မသိကျိုးကျွန်ပြုနေတယ်။ ကျွန်မအပေါ်မှာ တစ်အူထုံ့ဆင်း ညီမအရင်းကတောင် လျစ်လျူရှုနေတယ်။ ဘာကြောင့်များ ကျွန်မက သူတို့ကို မြင်တွေ့နေရပြီး သူတို့က မမြင်နိုင်ကြတာလည်း စဉ်းစားရခက်နေတယ်။

အဲဒီလို သံယောဇဉ် တွယ်တာနှောင်ရစ်နေတဲ့ ဒီအိမ်လေးမှာပဲ ကျွန်မ တစ်နေ့တစ်နေ့ ကျင်လည်နေမိတယ်။ ဒီပတ်ဝန်းကျင်နေရာလေးဟာ မောင်နဲ့ ကျွန်မတို့ရဲ့ ဘူမိနက်သန်နေရာလေးမို့ တဝဲလည်လည်ဖြစ်နေဟန်တူတယ်။

တစ်နေ့ မနက်စောစောကြီးအချိန်ခန့်လောက်မှာ ဝါရွှေရောင်သင်္ကန်းကိုဆီးထားတဲ့ သံဃာတော်အရှင်မြတ်ငါးပါးဟာ ကားပေါ်ကဆင်းပြီး အိမ်ထဲကို သုတ်သုတ်နဲ့ဝင်သွားကြတယ်။ မကြာခင်အချိန်ကာလမှာ ငါးပါးသီကို ခံယူဆောက်တည်နေသံတွေ ကြားလာနေရတယ်။ သံဃာတော်အရှင်မြတ်တွေရဲ့ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်နေသံတွေ ကျွန်မနားထဲမှာ မခံနိုင်လောက်အောင် ကျယ်ကျယ်လောင်လောင်ကြားနေရတယ်။ ကျွန်မ နောက်ဆုံး မခံမရပ်နိုင်လွန်းတာနဲ့ အိမ်ရှေ့တံစက်မြိတ်အောက်နားက လှမ်းနားစွင့်နေချိန်မှာ -

"သင်းရေ၊ ရောက်လေရာဘုံဘဝကနေ သာဓုခေါ် နိုင်ပါစေ။ သင်းရေ အမျှ၊ အမျှ၊ အမျှ ယူပါကွယ်"

-"သာဓု၊ သာဓု၊ သာဓု"

အိမ်ထဲကနေ မောင့်ရဲ့ငိုမဲ့မဲ့တုန်တုန်ယင်ယင်အသံကြီးကို ကြားလိုက်ရပြီးနောက်မှာ တရားနာနေတဲ့ ပရိသတ်တွေရဲ့သာဓုခေါ် ဆိုသံကို ကျယ်ကျယ်လောင်လောင်ကြားလိုက်ရတော့တယ်။

အို - ဒီလို မေတ္တာပို့ အမျှဝေသံကို ကြားလိုက်ရတဲ့အချိန်မှာပဲ ကျွန်မဘဝကြီးတစ်ခုလုံး သွက်သွက်ခါအောင်ရှူးသွားသလို ခံစားလာခဲ့ရတော့တယ်။ ကျွန်မ ဘာဖြစ်လို့များ သံယောဇဉ်ကြိုးမျှင်တွေ ရစ်ပတ်တွယ်ငြိနေရသလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် သတိပြုမိလာခဲ့တယ်။

ဒီအသံတွေဟာ ကျွန်မဘဝကြိုးကို ပိုင်းခြားစည်းသားလိုက်သလိုပါပဲ။ ကျွန်မချစ်တဲ့မောင်၊ ကျွန်မချစ်တဲ့သား ဒီသံယောဇဉ်နှောင်ကြိုးတွေဟာ ငါနဲ့ ဘာမှမဆိုင်တော့ပါလား ဆိုတဲ့ အသိစိတ်ဓာတ်ဝင်လာနေခဲ့တယ်။

ဒါကြောင့် သူတို့နဲ့ ဘဝချင်းခြားသွားခဲ့ကြပြီမို့ ငါနားခိုရမယ့်နေရာဌာနဆီ ငါအပြီးအပိုင်ထွက်ခွာသွားရတော့မယ် ဆိုတာ နားလည်သဘောပေါက်လာခဲ့တယ်။ တကယ်တော့ ကျွန်မဟာ မောင်နဲ့ သားလေးကို ဒီဘဝဒီမျှနဲ့ပဲ သံယောဇဉ်ဖြတ်ပြီး ဒီအသိုင်းအဝိုင်းကြားကနေ အဝေးနေရာဆီကို အပြီးအပိုင် ပြေးထွက်လာခဲ့တော့တယ်။

ကျွန်မရဲ့ ခန္ဓာကိုယ်မှာ ဘာသံယောဇဉ်အနှောင်အဖွဲ့မှမရှိတော့ဘဲ လွတ်လပ်ပေါ့ပါးသွားသလို ခံစားလာရတယ်။ ဒီလိုပေါ့ပါးတဲ့အသိစိတ်တွေနဲ့အတူ လေဟာပြင်နယ်ထဲမှာ တိမ်တွေလို ရွေ့မျောလိုက်ပါသွားနေတယ်။ နောက်ဆုံးမှာ ကျွန်မကိုထားရစ်ခဲ့တဲ့ ရုပ်ခန္ဓာကြီးရှိရာ ဂူသင်္ချိုင်းမြေထဲ တဖြည်းဖြည်းရောက်လာနေတယ်။

ဒီအချိန်မှာ ကျွန်မဘေးပတ်ဝန်းကျင်မှာတော့ မပီဝိုးတဝါးအလင်းရောင်အောက်မှာ အုတ်ဂူလေးတွေ စီစီရီရီတည်ဆောက်ထားတာကို မြင်တွေ့နေရတယ်။ ကျွန်မနေရမယ့် ဒေသပတ်ဝန်းကျင်လေးမှာပဲ တစ်ယောက်တည်းနေရတော့မယ်။ အားလုံး သံယောဇဉ်တွေကို ဖြတ်တောက်ပစ်ခဲ့ပြီး ရင်ကွဲနာဝေဒနာကို ကြိတ်မှိတ်ခံစားလို့ ကျွန်မတိုးထွက်လာတဲ့ ဂူပေါက်နေရာလေးကနေ ဂူထဲကို တဖြည်းဖြည်းတိုးဝင်လိုက်တယ်။ အုတ်ဂူလေးထဲမှာတော့ မှောင်မှောင်မည်းမည်းဖြစ်နေရာကနေ ကျွန်မဝိညာဉ်လည်း ငြိမ်သက်သွားခဲ့ပါတော့တယ်။

စိုးဝေ

(၁၀ - ၁ - ၉၉ နေ့ကွယ်လွန်သူ ဒေါ်သင်းသင်းရည်သို့)



www.burmeseclassic.com

www.burmeseclassic.com

# လက်တွေ့ကျင့်ကြံအားထုတ်ရာမှ ပုဂ္ဂိုလ်ထူးများပေးခဲ့သည့် အင်းစမများ

နတ်မောက်လှမြင့်သစ်

၂၁-၄-၂၀၁၃ တနင်္ဂနွေနေ့နံနက် (၉) နာရီခန့်တွင် နတ်မောက်မြို့ ဈေးချုပ်ကွက်မှ ကျူရှင်နည်းပြ (ဘိုင်အို+ ဓာတု) ဆရာဦးကျော်ဌေးဦး ဆိုသော လူငယ်တစ်ဦး နေအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါသည်။

"ထိုင်ပါ။ ပြောပါ ခင်ဗျာ၊ ကျွန်တော် ဘာအကူအညီပေးရမလဲ"

"အကူအညီလိုတယ်ပြောရမလား မသိပါဘူး ဆရာရယ်။ ကျွန်တော်သိချင်တာတွေရှိလို့ ဆရာ့ဆီလာဆွေးနွေးတာပါ၊ ခွင့်ပြုပါနော် ဆရာ"

"ရပါတယ်ဗျာ၊ ကျွန်တော် သိတာ ကူညီနိုင်တာဆိုရင် ဆရာစားမချန် ပြောပြကူညီမှာပါ"

ထိုအခါမှ လူငယ်လေးမှာ ဝမ်းသာရွှင်လန်းသောမျက်နှာဖြင့် သူ့ကိုယ်သူ မိတ်ဆက်ပြောပြမေးလာပါသည်။

"ဒီလိုပါ ဆရာ။ ဆရာ့ဆောင်းပါးတွေ၊ ဝတ္ထုတွေ၊ ကဗျာတွေပါ ကျွန်တော် မဂ္ဂဇင်းတော်တော်များများမှာ ဖတ်ရပါတယ်။ ကိုယ့်မြို့က စာရေးဆရာဆိုတော့လည်း ပိုမိုသတိထား အာရုံစူးစိုက်ဖတ်မိပါတယ်။ နောက်ပိုင်းမှာ ဆရာဂမ္ဘီရလိုင်း ဝတ္ထုဆောင်းပါးတွေ ရေးလာတာလည်း ကျွန်တော် သတိပြုမိပါတယ်။ အခုဒီအချိန်ခါမှာ ဆရာဟာ မြန်မာ့ရိုးရာ အင်းစမတွေအကြောင်း ရေးလာတာ ပြောက်တိပြောက်ကျားဖတ်ရလို့ ဆရာတော့ သိမှာပဲဆိုပြီး တကူးတကလာခဲ့တာပါ ခင်ဗျာ။

ဪ - ကျွန်တော့်ကိုယ်ကျွန်တော်ပဲ မိတ်ဆက်ပါရစေ ဆရာ။ ကျွန်တော့်နာမည် ကျော်ဌေးဦးပါ။ ဘိုင်အိုနဲ့ ဓာတုကျူရှင်လိုက်ပြပါတယ်။ ကျူရှင်ဆရာ၊ ဘော်ဒါဆရာပေါ့ ဆရာရယ်။ ဈေးရပ်ကွက်မှာနေပါတယ်။ အိမ်ထောင်လည်း ရှိပါတယ်။ ထားပါတော့ ဆရာရယ်။

ကျွန်တော်ဟာ ဟိုအရင်က ဆေးလိပ်၊ ကွမ်း၊ အရက်တွေ သောက်ခဲ့စားဖူးပါတယ်။ အဲဒီနောက်ပိုင်းမှာ အားလုံးမကောင်းတာတွေဘဲ ဆိုတဲ့ အသိနဲ့ အဓိဋ္ဌာန်ဝင်ပုတီးသမားဖြစ်ခဲ့တာ ကိုးနှစ်၊ ဆယ်နှစ်လောက်ရှိခဲ့ပါပြီ ဆရာ။


နတ်မောက်မြို့နယ်ရဲ့အထင်ကရ တန်ခိုးကြီးဘုရားဖြစ်တဲ့ ဆုတောင်းပြည့်ဘုရားရင်ပြင်၊ ရန်အောင်မြင်ဘုရား၊ ရွှေဘုံသာ၊ မြစည်းခုံ၊ လောကမှန်ကူဘုရားတွေမှာ အဓိဋ္ဌာန်ဝင် ပုတီးစိပ်ပွားခဲ့ပါတယ်။ ထူးခြားလှတဲ့ စည်သာတောရဘုရားမှာလည်း အဓိဋ္ဌာန်ဝင် ပုတီးစိပ်ခဲ့ပြီးပါပြီ။ အဲဒီမှာ ထူးခြားတာလား၊ တိုက်ဆိုင်တာလား၊ ပဋ္ဌာန်းဆက်လို့ ဆိုရမလားမသိဘူး ဆရာ။ ကျွန်တော့်ကို အထက်ပုဂ္ဂိုလ်ထူးတွေက အင်းစမတွေ လာလာပေးတာ ကြုံတွေ့ရပါတယ်။ အဓိဋ္ဌာန်ပုတီးစိပ်နေချိန်မှာ လာပေးတာရှိသလို အိပ်မက်မှာလာပေးတာတွေလည်းရှိခဲ့ပါတယ်။

ကျွန်တော် အဓိဋ္ဌာန်ပုတီးပတ်ပြည့်လို့ မျက်လုံးဖွင့်လိုက်တဲ့အချိန်မှာ အဲဒီစမတွေကိုမြင်ဖြီး ချက်ချင်းရေးဆွဲမှတ်တမ်းတင်နိုင်ပါတယ်။ အိပ်မက်မှာရတာဆိုရင်လည်း ဒီလိုပါပဲ။ အိပ်ရာကနိုးတဲ့အချိန်မှာ ချက်ချင်း အင်းစမတွေ ရေးပြီး မှတ်တမ်းတင်ထားပါတယ် ဆရာ။




လက်တွေ့ကျင့်ကြံအားထုတ်သူလူငယ် ကျော်ဌေးဦး

ကျွန်တော့်ကို ပထမဦးဆုံး အင်းစမ ချီးမြှင့်ပေးသွားတာကတော့ အဘဘိုးမင်းခေါင်ပါ ဆရာ။ လာဘ်ပွင့်ရန်လို့ မိန့်ပါတယ်။ ဒီအင်းစမပါပဲ။



၂၅-၉-၂၀၁၂ နေ့က စည်သာတောရဘုရားမှာ အဓိဋ္ဌာန်ဝင် ပုတီးစိပ်တုန်း ပေးသွားတာပါ ဆရာ။ အဘဘိုးမင်းခေါင်ပါပဲ။ 'လာဘ်ပွင့်ဖို့သုံး သားကြီး' ဆိုပြီး ပေးတာပါ။

၈-၄-၂၀၁၃၊ ည (၈း၁၅) နာရီ ရန်အောင်မြင်ဘုရားမှာ ဘိုးတော်ဧ ပေးသွားတဲ့စမက ဒီလိုပါ။



ဘာသုံးရမယ် မိန့်သွားခြင်း မရှိခဲ့ပါဘူး ဆရာ။

၂၄-၃-၂၀၁၃ ညမှာ ဘိုးတော်ဟန်ပေးခဲ့တဲ့ စမက ဒီလိုပါ။ ရန်အောင်မြင်ဘုရားမှာပါ။





၁၉-၃-၂၀၁၃) ည (၁၁း၃၀) နာရီ ဆုတောင်းပြည့်ဘုရားမှာ ဘိုးတော်ပြူးပေးခဲ့တဲ့ အင်းစမတွေက ဒါတွေပါ။ ဘိုးတော်ပြူးဟာ အများဆုံးပေးတဲ့ ပုဂ္ဂိုလ်ပါပဲ ဆရာ။





www.burmeseclassic.com

www.burmeseclassic.com











(ပယောဂသိဒ္ဓိသုံးရန်ဟု မိန့်ကြားသွား)



(သိဒ္ဓိလမ်းသုံးရန်ဟု မိန့်ကြားသွားသည်)



(ဂုဏ်တော်ပတ်ရန်ဟုမိန့်ခဲ့)

အဲဒီအင်းစမတွေဟာ ဘိုးတော်မြူး ကျွန်တော့်ကို ချီးမြှင့်ပေးခဲ့တဲ့တာတွေချည်းပါပဲ။ ဘယ်လိုသုံးရမယ်ဆိုတာ ယခုထိ ကျွန်တော် မသိပါဘူး ဆရာ။ စိုးစဉ်းမျှကို နားမလည် မသိသေးတာပါ။


ဘိုးတော်ခင်နဲ့ ဆရာပွင့် ဆိုတဲ့ ပုဂ္ဂိုလ်နှစ်ဦးလာပေးတဲ့ အင်းစမတွေပြပါရစေဦး ဆရာ။ ရန်အောင်မြင်ဘုရားမှာ အဓိဋ္ဌာန်ကိုးကြိမ်မြောက် ဝင်စဉ်က ရခဲ့တာပါ။

၂၆-၃-၂၀၁၃ ည (၈း၃၁) နာရီ




စာရေးသူနှင့် လူငယ် မောင်ကျော်ဌေးဦး တွေ့ဆုံစဉ်

မှာ ဘိုးတော်ခင်ပေးသွားတဲ့စမကာ ဒါပါ။



ဘာသုံးရမယ်၊ ဘာလုပ်ရမယ်မိန့်သွားခြင်း မရှိခဲ့ပါဘူး ဆရာ။ နောက်ဆုံး ကျွန်တော့်ကို ဘိုးတော်ပွင့်ပေးခဲ့တဲ့ အင်းစမကာ ဒီမှာပါ။



ဘုန်းသိဒ္ဓိတိုးဖို့ ဖယောင်းကိုးတိုင်မှာ ပတ်ပြီး အန္တောခါတ်ပေါ် ချိန်၊ မွေးနံတိုင်ထိပ်ရောက်တဲ့အချိန်တွေမှာ ဘုရားရှင်ထံ ထွန်းညှိပူဇော်ရမယ်လို့ မိန့်သွားပါတယ် ဆရာ။ ကျွန်တော် ဉာဏ်မမီလို့ ဆရာသိသမျှ ဖြေပေးပါကူညီပါ ခင်ဗျာ

✤

'အမေးကျွဲကျောင်း၊ အဖြေဘုရားလောင်း' ဟု အဆိုရှိပါသည်။ လက်တွေ့ကိုးနှစ်ကျော် ဆယ်နှစ် အဓိဋ္ဌာန်ဝင်ကျင့်ကြံအားထုတ်ခဲ့သည့် ကျူရှင်ဆရာလေး လူငယ် ကိုကျော်ဌေးဦးမှ သူ၏ လက်တွေ့အတွေ့အကြုံ ရရှိခဲ့သောအင်းစမများအကြောင်း ပြောပြရေးဆွဲပေးသော်လည်း ကျွန်ုပ်မှာ ဘာမှရေရေရာရာ သေသေချာချာ အဖြေမပေးနိုင်ဘဲရှိနေဖြစ်ရပါသည်။

ပညာရှင်များ၊ သုတေသီများ ဝါသနာရှင်များမှ ဖော်ပြပါ အင်းစမများနှင့်ပတ်သက်ပြီး သိသမျှ ဗဟုသုတများဖြန့်ဝေ တင်ပြ ရေးသားပေးမည်ဆိုလျှင် မြန်မာ့အင်းပညာဗဟုသုတများ ပိုမို တိုးပွား အကျိုးကျေးဇူးများမည်ဟု ယူဆမိသဖြင့် ဆရာသမားများ ဖြေကြား၊ ရေးသား တင်ပြပေးရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

နတ်မောက်ထွန်းမြင့်သစ်

www.burmeseclassic.com



# မြန်မာ့ရိုးရာအဆိပ်ဖြေနည်းများ

အပိုင်း(၁)

ဦးမင်းဇင်(ရွှေနဝင်း)

BURMESE CLASSIC .com

မြန်မာ့ရိုးရာ တိုင်းရင်းဆေးနည်းပညာဖြင့် အဆိပ်ကို ခွဲခြားလျှင် -

၁။ ထာဝရအဆိပ်နှင့်

၂။ ဇင်္ဂမအဆိပ်

ဟူ၍ (၂) မျိုး ခွဲခြားနိုင်ပါသည်။

၁။ ထာဝရအဆိပ်သည် ရုက္ခအပင်နှင့်တွင်းထွက်ဓာတ်ပစ္စည်းစသည်တို့၏အဆိပ်ဖြစ်စေသော ဂုဏ်သတ္တိများ ပါဝင်နေခြင်းကို ဆိုလိုပါသည်။

ဥပမာ မြားဆိပ်ပင်၏ အဆိပ်၊ ဟုန်းပင်အဆိပ်၊ ကျားမနိုင်၏အဆိပ်၊ ခပေါင်းရည်ကြည်ပင်အဆိပ်၊ စိန်အဆိပ်၊ ပြဒါးအဆိပ် စသည်တို့ကို ထာဝရအဆိပ်ဟု သတ်မှတ်ပါသည်။

၂။ ဇင်္ဂမအဆိပ် ဆိုသည်မှာ ဇီဝမျိုးစုံ၊ မျိုးကွဲသတ္တဝါများ၏ အဆိပ်ရှိသော ခန္ဓာကိုယ်အစိတ်အပိုင်းတို့နှင့် ထိမိ၊ စားမိ၊ ကိုက်မိ၊ ထိုးမိ၊ တုပ်မိခြင်းတို့ကြောင့် လူနှင့်အခြားသောတိရစ္ဆာန်တို့တွင် အဆိပ်တက်စေသည့်သက်ရှိတို့၏ အဆိပ်အမျိုးမျိုးကို ခေါ်ဆိုပါသည်။

ယခု ဤဆောင်းပါးတွင် ဇင်္ဂမအဆိပ်ဖြစ်သော သတ္တဝါများ၏ အဆိပ်ကိုဖြေသည့်နည်းနှင့် ဇင်္ဂမအဆိပ်တို့၏ သဘောသဘာဝကို အဓိကထား၍ ကြောင်းကျိုးစုံလင်စွာ တတ်နိုင်သမျှ ရေးသား တင်ပြပေးပါမည်။

ထိုဇင်္ဂမအဆိပ်တွင်လည်း ဇီဝမျိုးစိတ်မျိုးကွဲများပေါ် မူတည်၍ အဆိပ်တို့၏သဘောသတ္တိ၊ သဘာဝကွဲပြားမှုများ ရှိနေပါသည်။

ဥပမာ ပျား၊ ပဒူ (ပျားတူ)၊ ပဆုပ်ပနီ၊ မြေအောင်းပဒူ(ပျားတူ)၊ မြေအောင်းပျား၊ သစ်ခေါင်းပျား၊ မျက်မွေးလိမ်ပျား၊ တောကြီးပျား၊ ကွင်းပျား၊ ယင်ပျား (ခွေးလှေးပျား)၊ နကျယ်ကောင်၊ ဇော်ဂျီကောင် (နကျယ်ကောင်အကြီးမျိုး)၊ ပိတုန်း၊ ပုရွက်ပျံ စသော ပျံသန်းနိုင်သည့် ပျားမျိုးနွယ်ဝင်အဆိပ်ရှိသည့် အင်းဆက်မျိုးစိတ်များနှင့် ပုရွက်ဆိတ်၊ ခါချဉ် စသော အဆိပ်ရှိမျိုးစိတ်များတွင် အဆိပ်အာနိသင်ပြင်းသည့် ပျားမျိုးစိတ်များထဲမှ မြေအောင်းပျားနှင့် တောကြီးပျားတို့သည် အဆိပ်အာနိသင် ပို၍ပြင်းကြပါသည်။

ပဒူ (ပျားတူ) မျိုးစိတ်တွင်လည်း ပဆုပ်ပနီကောင်နှင့် မြေအောင်းပဒူ(ပျားတူ)ကြီးတို့သည် အဆိပ်ဓာတ်ပြင်းထန်ကြပါသည်။

၎င်းတို့၏ သဘာဝဇီဇအရ 'ပဒူ (ပျားတူ) အုံ တုတ်နှင့်ထိုးသော် အကျိုးနည်းရသည်' ဆိုသကဲ့သို့ ပျား၊ ပုရွက်၊



www.burmeseclassic.com

www.burmeseclassic.com

ပဒူ (ပျားတူ) စသည့် ပျားအနွယ်ဝင် အဆိပ်ရှိသည့် အင်းဆက်မျိုးနွယ်များသည် သူတို့တွင် ချီးကျူးစရာ အတုယူစရာ အလေ့အထများရှိကြပါသည်။

ဒါကတော့ ပျားအနွယ်ဝင် အင်းဆက်မျိုးတို့သည် မိမိတို့၏အသိုက်အမြုံနှင့်မျိုးနွယ်ကို စည်းရုံးစွာ အသက်ပေး၍ ကာကွယ် စောင့်ရှောက်တတ်သည့် အလေ့၊ မျိုးနွယ်ကိုချစ်သည့်အလေ့သည် ကျွန်တော်တို့ လူသားများ အတုယူစရာ ကောင်းသည့်ဓလေ့ ဖြစ်ပါသည်။

ယနေ့ ကမ္ဘာကြီးမှာ ဂေဟစနစ်များ ပြောင်းလဲပျက်စီးလာမှုတို့ကြောင့် ရာသီဥတုဖောက်ပြန်ခြင်း၊သစ်တောများ ပြုန်းတီးလာကြခြင်း၊ လူဦးရေတိုးပွားမှု လွန်ကဲလာကြခြင်းတို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲသတ္တဝါလေးများ၏ မူလနေရင်းအရပ်များတွင် လူသားတို့ ချဲ့ထွင်နေရာယူ နေထိုင်လာကြခြင်းတို့ကြောင့် လူသားတို့နှင့် ဇီဝမျိုးစုံမျိုးကွဲသတ္တဝါလေးများ တစ်ဖက်နှင့်တစ်ဖက် ပဋိပက္ခအသွင် ဖြစ်ပေါ်လာကြလေသည်။

ထိုပျားအနွယ်ဝင် အင်းဆက်လေးများသည် ပင်ကိုဗီဇကပင် အဆိပ်ဆူးရှိကြသည့် သတ္တဝါလေးများဖြစ်သည့်အတွက် ၎င်းတို့နေထိုင်အုံဖွဲ့ရာသိုက်မြုံ အနီးဝန်းကျင်သို့ ကပ်ရောက်လာသော လူနှင့် အခြားမျိုးကွဲသတ္တဝါများကို ၎င်းတို့သည် မိမိကိုယ်မိမိ ကာကွယ်သည့် အနေဖြင့် အဆိပ်ဆူးဖြင့် ထိုးတုပ်တိုက်ခိုက်ကြသည်။

ထို့အပြင် ၎င်းတို့သည် အခြားသတ္တဝါလေးများထက် အမှတ်သည်းခြေပိုပြီးကြီးကြသည်။ သူတို့၏အသိုက်အမြုံကို နှောင့်ယှက် ဖျက်ဆီးမိခဲ့လျှင် အငြိုးကြီးစွာဖြင့် သိုက်မြုံအနီးသို့ ကပ်လာသောလူနှင့် အခြားသတ္တဝါများကို အုပ်စုလိုက် စုပေါင်း၍ သဲသဲမဲမဲ တိုက်ခိုက်တတ်ကြပါသည်။

ဤသို့သော အခြေအနေမျိုးနှင့် တိုက်ဆိုင်ကြုံတွေ့ပြီး တိုက်ခိုက်ထိုးတုပ်ခံရသော လူနှင့် အခြားတိရစ္ဆာန်များသည် ပိုမို၍ ပြင်းထန်သော အဆိပ်တက်ခြင်းဒဏ်ကို ခံစားရပြီး အသက်အန္တရာယ်အထိ ပေးတတ်ပါသည်။ သတင်း၊ ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်းများတွင် ယခုတစ်လော ဖော်ပြရေးသားနေသည့် ရန်ကုန်မြို့ထဲတွင် ပဒူ(ပျားတူ) ကောင် အကိုက်ခံရ၍ ဆေးရုံတက်ခဲ့ရပြီး အသက်ဆုံးရှုံးခဲ့ရသည့်သတင်းများကိုဖတ်ရပြီး စိတ်မကောင်းဖြစ်ရပါသည်။

တောထဲတောင်ထဲမသွားရဘဲ မြို့ထဲရပ်ထဲမှာပင် အဖြစ်ဆိုးနှင့်ကြုံရလေသည်။ ဤသို့သော ဖြစ်စဉ်ဖြစ်ရပ်မျိုးများ နောင်ဆိုလျှင် မကြာခဏဖြစ်ပေါ်လာနိုင်စေသည့် အကြောင်းတရားများကလည်းရှိနေပေသည်။

ယခင်လူသူမနေသောနေရာများတွင် မြို့ရွာချဲ့ထွင်ပြီး နေထိုင်သွားလာမှုများလာသောကြောင့် သတ္တဝါလေးများ နေစရာ၊ စားစရာ၊ ပုန်းခိုစရာများ ရှားပါးပျောက်ကွယ်လာခြင်းတို့သည် အဓိက အခြေခံဂေဟစနစ်များ ပျက်စီးစေသည့် အကြောင်းရင်းဖြစ်ပါသည်။

သာမန်အနေဖြင့် ပျား၊ ပဒူ (ပျားတူ) တို့၏ ထိုးတုပ်ခံရခြင်းကြောင့် လူ့အသက်အန္တရာယ်ထိခိုက်ရခြင်းမျိုးသည် အင်မတန်မှ ဖြစ်ခဲလှပါသည်။

သို့သော် အထက်မှာပြောခဲ့သလို အခဲမကျေ အငြိုးတကြီးဖြင့် ကောင်ရေများပြားစွာ အုပ်စုဖွဲ့တိုက်ခိုက်ခံရမိလျှင်၊ လူ၏ ခန္ဓာကိုယ်ထဲသို့ အဆိပ်များစွာ တစ်ပြိုင်နက်တည်းဝင်ရောက်လာခဲ့မည်ဆိုလျှင် မြွေအဆိပ်ကဲ့သို့ ပြင်းထန်ပြီး အသက်အန္တရာယ်ကို ဖြစ်ပေါ်စေပါသည်။

သို့သော် မြွေဆိပ်ကမှ ဆေးရုံ၊ ဆေးခန်းများတွင် အချိန်မီကုသနိုင်လျှင် မြွေဆိပ်ဖြေဆေးများရှိကြ၍ အသက်အန္တရာယ်ကို တားဆီးပေးနိုင်ပါသော်လည်း ပျား၊ ပဒူ(ပျားတူ)၊ ပဆုပ်ပနီ၊ ပင့်ကူကဲ့သို့သော အင်းဆက်များ၏ အဆိပ်ကိုပြေစေသည့် အဆိပ်ဖြေဆေးကတော့ ဆေးရုံ၊ ဆေးခန်းများတွင် မရှိကြပါ။ အဆိပ်ဒဏ်ကြောင့် လူ့ခန္ဓာကိုယ်မှ တုံ့ပြန်မှုဓာတ်မြင့်လာခြင်းကို တားဆီးပေးသည့် ဆေးအနေဖြင့်သာ ရှိကြပါသည်။

ဤနေရာတွင် စာဖတ်ပရိသတ်ကြီးအတွက် အထူးသိရှိထားပြီး ဗဟုသုတပွားစေရန် လူနှင့် တိရစ္ဆာန်များကို အသေအကျေ အငြိုးတကြီး တိုက်ခိုက်တတ်သော -

၁။ စွန်သတ်ပျား၊ ဝံဖျက်ပျား၊ လေးပစ်ပျားနှင့်

၂။ မြေအောင်းပဒူ(ပျားတူ)နှင့် တုတ်တိုးပဒူ (ပျားတူ) (ပဆုပ်ပနီ) ပျားအကြောင်းကို ရှင်းလင်း တင်ပြပါမည်။

၁။ စွန်သတ်ပျား၊ ဝံဖျက်ပျား၊ လေးပစ်ပျား စသည့် အမည်များကတော့ နည်းနည်းဆန်းပြားနေပေမည်။ ဤအ[illegible] အမည်များတွင်ရခြင်းမှာ -

တောတောင်များထဲတွင် တော[illegible] ပျားများသည် သဘာဝအလျောက် မျိုး[illegible] လေဝသကင်းစင်ပြီး တောပန်းတောင်[illegible] ပန်းများ အများဆုံးဖူးပွင့်ကြသည့် တ[illegible] တွဲ၊ တပေါင်း၊ တန်ခူးလတို့တွင် ပျားများ[illegible] မျိုးပွားသားပေါက်ရန်အတွက် တော[illegible] သစ်ပင်ကြီးများတွင် အုပ်စုဖွဲ့၍ ဆန်[illegible] စဂေါအဝန်းမှသည် လုံးဘီးအဝန်း[illegible] နီးပါးခန့် အုံကြီးကနားကြီးဖွဲ့ကြပြီး မျိုး[illegible] ဆက်ပွားရေးအတွက် သဘာဝတာဝန်[illegible] ကြီးတစ်ရပ်ကို ထမ်းဆောင်ကြပါသည်။

ဤသို့ ကြီးမားသော ပျားအုံပျား[illegible] လပို့ကြီးများတွင် ပျားသားလောင်း ကောင်လေးများနှင့် ပျားနို့၊ ပျားရည် ပျားသလက်တို့ ပေါများကြွယ်ဝစွာရှိနေပေသည်။

ထိုပျားသလက်၊ ပျားလပို့ကြီးများကို အငမ်းမရ ကြိုက်နှစ်သက်ကြသော စွန်ငှက်၊ ဝက်ဝံ စသော တောတိရစ္ဆာန်များသည် အလုအယက် ထိုးသုတ်ကိုက်ဖျက်ပြီး စားသောက် ဖျက်ဆီးကြလေသည်။

ထိုအခါ ပျားအုံတွင်ရှိသော ပျားအပေါင်းတို့သည် မိမိတို့၏အသိုက်မြုံကို ဖျက်ဆီးခံရပြီး ပျက်စီးဆုံးရှုံးမှုကြီးစွာ ကြုံကြရသဖြင့် ဒေါသအငြိုးအတေးကြီးမားစွာဖြစ်ကြပြီး ပျားအုံအနီးသို့ ချဉ်းကပ်လာသော လူနှင့် အခြားတိရစ္ဆာန်များကို အသေအကျေ တိုက်ခိုက်ကြပါသည်။

ဘယ်လောက်အငြိုးကြီးသလဲဆိုလျှင် -

ပျားအုပ်ကြီး လိုက်တုပ်၍ ပြေးသောသူသည် ရေထဲဆင်းပြီးငုပ်နေလျှင်တောင် ရေပေါ်မှာပျံဝဲပြီး နာရီနှင့်ချီ စောင့်၍ တိုက်ခိုက်ကြပါသည်။ ထိုသူသည် ရွာထဲသို့ဝင်ပြေးလာသော်လည်း ရွာထဲအထိ ပျားအုပ်ကြီးမှလိုက်လာပြီး ထိုးတုပ်ကြသည်အထိ အငြိုးကြီးကြပါသည်။

အလားတူစွာ ကျွဲကျောင်းသား၊ နွားကျောင်းသားများ လေးခွတစ်လက်ဖြင့် တွေ့ကရာ လက်တည့်စမ်းပစ်ခတ်မှုနှင့် ကြုံရသည့် ပျားအုံရှိ ပျားများသည်လည်း ဒေါသအငြိုးကြီးမားစွာဖြင့် တိုက်ခိုက်တတ်ကြပါသည်။

အဆိုပါ စွန်သတ်၊ ဝံဖျက်၊ လေး ပစ်ခံခဲ့ရဖူးသော ပျားအုံရှိ ပျားများနှင့် ကြုံရသော ကံဆိုးသူ မောင်ရှင်သည်

www.burmeseclassic.com

www.burmeseclassic.com

အသက်အန္တရာယ်နှင့် ကြုံရသည်အထိ ဖြစ်တတ်ကြပါသည်။ ထိုပျားမျိုးများကို အထူးသတိထားပြီး ရှောင်ကြဉ်ရန် လိုအပ်ပါသည်။

(ကံမကောင်း၍များ သည်လိုပျားအုပ်စုမျိုးနှင့် တွေ့ကြုံလိုက်ရလျှင် သံချောင်းတောင် အိကြာကွေးဖြစ်သွားရမည့်ကိန်းဆိုက်နိုင်ပါသည်။)

၂။ မြေအောင်းပဒူ(ပျားတူ)-တုတ်တိုးပဒူ (ပျားတူ)၊ (ပဆုပ်ပနီကောင်)သည့် ပဒူ(ပျားတူ) မျိုးစိတ်ပေါင်းများစွာရှိသော်လည်း လူ့အသက်အန္တရာယ်ကို ပေးတတ်သော အဆိပ်ပြင်းသည့် ပဒူ(ပျားတူ)မျိုးမှာ -

(က) မြေတွင်းအောင်းသော ပဒူ (ပျားတူ) ကြီးမျိုးပင် ဖြစ်ပါသည်။ ၎င်းတို့သည် သားစားပျားပဒူ (ပျားတူ) မျိုးနွယ်ဝင်များဖြစ်ကြပြီး အခြားပျားမျိုးတို့လို ပန်းဝတ်မှုန်ဝတ်ရည်ကို မစားသုံးကြပါ။

၎င်းတို့၏ သဘာဝမှာ တောစပ်တောင်ခြေ မြေပွသည့် အင်းတိုင်းမြေနေရာများတွင် မြေကြီးထဲ၌ အသိုက်အုံစွဲ၍ အုံကျင်းဖွဲ့ပြီး ကောင်ရေ များပြားစွာ ပေါက်ပွားကြသည့်အလေ့ရှိပါသည်။

၎င်းတို့၏ မြေအောင်းကျင်းမှာ အပေါ်ယံမြေသားကို လက်တစ်လုံးသာသာ ပါးပါးလေးဖုံးအုပ်ထားပြီး အသိုက်ထောင်ချောက်လုပ်ထားကြပါသည်။ ပါးလွှာသည့် ၎င်းကျင်းအပေါ်ယံမြေသားပေါ်သို့ အကြောင်းမသိသော လူနှင့် တောတိရစ္ဆာန်များ တက်ရောက်နင်းမိ၍ ကျွံကျသွားပြီဆိုလျှင် ပြန်လမ်းမရှိတော့ပါ။ နာရီဝက်အတွင်း အရိုးဖွေးဖွေးသာကျန်ပါတော့သည်။ ကျင်းထဲမှ သားစားပဒူ(ပျားတူ)ကောင်ကြီးများမှ ဝိုင်းအုံကိုက်ခဲစားသောက်ပစ်ကြသည်။

(ခ) တုတ်ထိုးပဒူ (ပျားတူ) (ပဆုပ်ပနီကောင်) မှာ အဆိပ်ပြင်းသည့် ပဒူ (ပျားတူ)ကောင်နောက်တစ်မျိုး ဖြစ်ပါသည်။ ရွာအနီးဝန်းကျင် သစ်ပင်၊ ချုံပုတ်သည်တို့တွင် အသိုက်ဖွဲ့၍ နေထိုင်တတ်ကြပါသည်။ ၎င်းတို့သည်လည်း အင်းဆက်ပိုးမွှားများကို ဖမ်းဆီးစားသောက်တတ်သည့် ပျားပဒူ(ပျားတူ)မျိုးဖြစ်ပါသည်။ သူတို့အသိုက်သည် မီးပုံးပျံသို့ လုံးဝန်း၍ အထဲတွင် အထပ်ထပ်နှင့် အနုပညာဆန်လှပါသည်။

ဤသို့ အမြင်ဆန်းပြားနေသည့် သူတို့အသိုက်ကို အချို့သောလူများက တုတ်၊ ကျောက်ခဲ စသည်တို့ဖြင့် အကြောင်းမဲ့ပစ်ခတ်ထိုးဖောက်ဖျက်ဆီးတတ်ကြလေသည်။

ထိုသို့ အသိုက်မြုံကို ဖျက်ဆီးခြင်းခံခဲ့ရသော ပဒူ (ပျားတူ) (ပဆုပ်ပနီ)ကောင်လေးများသည် အငြိုးအမှတ်ထားပြီး တွေ့ရာမြင်ရာ အသိုက်နားကပ်လာသော လူနှင့် တိရစ္ဆာန်တို့ကို သဲသဲမဲမဲ တိုက်ခိုက်တတ်ကြပါသည်။ ၎င်းတို့ဒေါသဖြင့် အုံလိုက်ကျင်းလိုက် အကိုက်ခံရလျှင် အကိုက်ခံရသူသည် ပြင်းထန်သည့်အဆိပ်တက်ပြီး အသက်အန္တရာယ်ကြုံတွေ့ရတတ်ပါသည်။

ပျားပဒူ(ပျားတူ)ထိုးတုပ်၍အဆိပ်တက်ခဲ့လျှင် ပျားပဒူ (ပျားတူ) အဆိပ်ဖြေနည်းများမှာ -

(က) ရှေးဦးစွာ ပျားပဒူ (ပျားတူ)ထိုးတုပ်မိခဲ့သည့်ဒဏ်ရာများထဲတွင် ၎င်းတို့၏ အဆိပ်အိတ်နှင့် အဆိပ်ဆူးများကျိုးပြီးကျန်နေတတ်ပါသည်။၎င်းအဆိပ်အိတ်၊ အဆိပ်ဆူးများကို သေချာစွာ ရှာဖွေ၍ အရင်ဆုံး ဖယ်ရှားရှင်းလင်းပစ်ပါ။

ပြီးလျှင် ဗီနီကာအရည်တစ်ဆ၊ ရေတစ်ဆရောစပ်ပြီး ကိုက်သည့်နေရာများတွင် သေချာစွာ ဆုပ်နယ်၍ ဆေးကြောပေးပါ။

(ခ) အကိုက်ခံရသည့်နေရာပေါ်တွင် မန်ကျည်းစေ့ကို ကျောက်ပျဉ်တွင် အတွင်းသားအဖြူသားပေါ်လာအောင် သွေးပြီး ၎င်းမန်ကျည်းစေ့အဖြူသားနှင့် ကိုက်သည့်နေရာတွင် ကပ်ထားပေးပါ။ အဆိပ်ကို မန်ကျည်းစေ့ကစုပ်ယူပြီး ကပ်နေမည်။ အဆိပ်ရည်စုပ်ယူမှု မန်ကျည်းစေ့မှာ ပြည့်ဝသွားလျှင် ကွာကျလာမည်။ အဆိပ်အရှိန်များရှိနေပြီး နာနေလျှင် မန်ကျည်းစေ့ကို တစ်ဖန်ထပ်၍ကပ်ထားပေးပါ။ ဤနည်းအတိုင်း ဆက်တိုက်ပြုလုပ်ပေးပါက အဆိပ်ပြေလာမည်ဖြစ်သည်။

(ဂ)ထိုးတုပ်ခံရသည့်နေရာကများနေပြီး ခန္ဓာကိုယ်နေရာအနှံ့ဖြစ်နေလျှင် နနွင်း၊ကျောက်ချဉ်၊နံ့သာဖြူကို များများသွေး၍ တစ်ကိုယ်လုံးကိုမကြာခဏလိမ်းပေးပါက အဆိပ်တက်ခြင်း သက်သာလာမည်။

(ဃ) အကယ်၍ အနီးပတ်ဝန်းကျင်တွင် မရှော်ရွက်၊ ခရာနီရွက်၊ မဟာကြံဆစ်ရွက်များ စိုက်ပျိုးထားလျှင် ၎င်းအရွက်များကို ကြိတ်ခြေ၍ ကိုက်သည့်နေရာများတွင် အရည်ကို လိမ်းစေပြီး အဖတ်ကိုအုံပေးပါ။ ၎င်းသတ္တုရည်ကိုလည်း ဟင်းစားဇွန်း (၁) ဇွန်း၊ (၂) ဇွန်းခန့်တိုက်ပေးပါ။

(င) နန်းတွင်းလျှာပွတ်ဆေး အလွယ်တကူရမည်ဆိုလျှင် ၎င်းဆေးကို ကော်ဖီဇွန်း (၁) ဇွန်းခန့် အမှုန့်ပြု၍ သုံး၊ လေးကြိမ် ရေနွေးပူပူဖြင့်တိုက်ပေးပါ။

(ဤဆေးသည် အဆိပ်ကိုပြေစေ၍ ခန္ဓာကိုယ်မှ တုံ့ပြန်မှုဒဏ်ကိုလည်း လျှော့ချပေးပါသည်။)

(စ) ဝိဇ္ဇာခရရှောင်ချိုး (သို့) တေဇောဒကချိုးတို့ဖြင့် သံပရာရည်စိမ်ထားသော ဆေးရည်မျိုးရှိလျှင် ဤနေရာတွင် အလွန်အသုံးတည့် တန်ဖိုးရှိလှပါသည်။ ၎င်းစိမ်ဆေးရည်ဖြင့် ပျား၊ ပဒူ(ပျားတူ)ထိုးတုပ်သည့် ဒဏ်ရာနေရာများတွင် ၎င်းစိမ်ဆေးရည်နှင့် နိုင်နိုင်လိမ်းပေးပါက မကြာမီ အဆိပ်ပြေသွားမည်။

(ဆ)အကယ်၍ ပျား၊ ပဒူ(ပျားတူ)ထိုးတုပ်သည့်ဒဏ်ရာများ ရောင်ကိုင်းပြီး အထိမခံနိုင် နာကျင်နေခဲ့လျှင် မီးကျီးခဲလေး၊ ငါးခဲပေါ်တွင် နနွင်းမှုန့်ကို တစ်ခါတင်လျှင် ကော်ဖီဇွန်း (၁) ဇွန်းခန့်တင်၍ နနွင်းမှိုင်းအငွေ့များများထွက်အောင်လုပ်ပြီး ၎င်းရောင်ကိုင်းနေသည့်နေရာများကို နနွင်းမှိုင်းခံပေးပါ။

ဤသို့ အနည်းဆုံး နာရီဝက်ခန့် နနွင်းမှိုင်းခံပေးပါက ချက်ချင်းအရောင်ကျ၍ သက်သာသွားမည် ဖြစ်သည်။

ဥပမာ (၂) ကင်းခြေများ၊ ကင်းမြီးကောက်၊ ကင်းမလက်မည်း၊ ကင်းဖြူလေး စသည့် တွားသွား ကင်းအနွယ်ဝင်မျိုးစိတ်များနှင့် အချို့သောပင့်ကူမျိုးစိတ်များတွင် ပြင်းထန်သည့်အဆိပ်ရှိတတ်ကြပါသည်။

၂။ (က) ကင်းမျိုးစိတ်များထဲတွင် မြန်မာနိုင်ငံ၌ ကင်းခြေများအဆိပ်သည် အပြင်းဆုံး ဖြစ်ပါသည်။ ပြီးလျှင် ကင်းမြီးကောက်၊ ကင်းမလက်မည်းသည် ဒုတိယ အဆိပ်ပြင်းပါသည်။

သို့သော် အာဖရိကနှင့် အမေဇုန်တောကြီးများတွင်ရှိကြသော ကင်းမြီးကောက်မျိုးစိတ်များသည် လူကိုသေစေနိုင်သည်အထိ အဆိပ်လွန်စွာပြင်းထန်ကြသည်ကို တွေ့ရပါသည်။

ကင်းဖြူလေးကတော့ အိမ်တံခါးကြား၊ အဝတ်သေတ္တာ၊ ထဘီပုံအကြားစသည်တို့တွင် နေထိုင်လေ့ရှိပြီး၊ ထိုးမိကိုက်မိလျှင် နာကျင်ရုံသာအဆိပ်ရှိပါသည်။ ၎င်းကို အိမ်ကင်းဟုလည်း ခေါ်ကြပါသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ရပ်ရွာထဲတွင် ပြောစမှတ်ပြုကြသော မိဖုရား ဟိုဒင်း ကင်းကိုက်သလို ဆိုသည့် ကင်းမှာ ထိုကင်းဖြူလေးပင် ဖြစ်ပါသည်။ ကင်းဖြူလေးများသည် အများအားဖြင့် အဝတ်သေတ္တာ၊ အဝတ်ဗီရို၊ အကျီခေါက်၊ ထဘီခေါက်တို့အကြားတွင် ဝင်ရောက်နေတတ်သည့်အလေ့ရှိကြပါသည်။

ထို့ကြောင့် ကင်းဖြူလေးသည် မိဖုရားကို ဒုက္ခပေးနိုင်သည့် အခွင့်အရေး ရခြင်း ဖြစ်ပေသည်။ ဒါကြောင့် မိဖုရားကြီးအော်သံကိုသာ ဘုရင်ကကြားသည်။ ကင်းဖြူထိုးတာ ရှင်ဘုရင် မသိ ဆိုသည့် ဆိုရိုးစကားတစ်ရပ်ပင် နန်းတော်ထဲ၌ တစ်ခေတ်တစ်ခါက ပေါ်ပေါက်ခဲ့ဖူးပါသည်။

ကင်းခြေများ၊ ကင်းမြီးကောက်၊ ကင်းမလက်မည်း စသည်တို့သည် တောထဲ၊ ခြံထဲတွင်ရှိသော အမှိုက်ပုံနှင့် သစ်မြစ်၊ သစ်ခေါင်းတို့တွင် အသိုက်ပြု၍ ပွားများနေထိုင်တတ်ကြပါသည်။

အထူးသဖြင့် ၎င်းတို့သည် အမှိုက်ပုံမြေဆွေးနေရာ၊ သစ်ရွက်ခြောက်ပုံ နေရာတို့တွင် အများဆုံး ခိုအောင်းနေထိုင်ပြီး ညအခါမှသာ အစာရှာထွက်လေ့ရှိပါသည်။

ဒါကြောင့် အမှိုက်ပုံ၊ သစ်ရွက်ခြောက်ပုံ၊ မြေဆွေးနေရာတို့ကို သွားလာမိခဲ့လျှင် အထူးသတိပြု၍ သွားလာရန် လိုအပ်ပါသည်။

၎င်းကင်းတို့သည် ပူပြင်းသည့် နွေရာသီဆိုလျှင် မူလခိုအောင်းရာ မြေဆွေးအမှိုက်ပုံတို့တွင် ပူပြင်းမှုလွန်ကဲလာကြသဖြင့် အချိန်အခါမရွေး ပတ်ဝန်းကျင်ရှိ အေး၍အရိပ်ရသော အိမ်ထဲ၊ ကွပ်ပျစ်အောက်ကြမ်းခင်း၊ အင်္ကျီတေပပ်ကြားအက်များကြားတွင် ဝင်ရောက်ခိုအောင်းတတ်သည့်အလေ့ရှိပါသည်။ နွေရာသီတွင် မိမိတို့နေထိုင်ရာ အိမ်ပတ်ဝန်းကျင်ကို သန့်ရှင်းအောင်ထားလျှင် ကင်းတို့၏ အန္တရာယ်ကို ကာကွယ်ရာရောက်ပါသည်။

ထိုကင်း (၃) မျိုးသည် အဆိပ်ပြင်းသော်လည်း လူသားတို့တွင် အားသာသည့်အချက်တစ်ခုရှိပါသည်။ ထိုအားသာချက်မှာ-

မည်သူမဆို လူတစ်ဦးမှာ (ကင်းခြေများ၊ ကင်းမြီးကောက်၊ ကင်းဖြူလေး) ကင်း (၃) ကင်းတွင် ကင်းတစ်ကင်း၏ အဆိပ်သည် သူ့အလိုလိုပြီးနေတတ်သည့် ဇီဇသဘာဝသတ္တိထူးရှိကြသည်။ အဲဒါ အမှန်ပင် ဖြစ်ပါသည်။

မိမိတွင် မည်သည့် ကင်းပြီးနေသည်ကို သုတေသန ပြုလုပ်ကြည့်ရန် လိုအပ်သလိုပင် ဖြစ်ပါသော်လည်း မတော်၍မပြီးသည့် ကင်း (၂) မျိုးနှင့်တိုးမိခဲ့သော် အီစလန်ဝေမည့်ကိန်းတော့ ဆိုက်နိုင်ပေသည်။ စမ်းသပ်ကြည့်ရန် လက်တွန့်နိုင်ပေသည်။

အချို့လူများတွင် ကင်းခြေများ ကိုက်မိခဲ့လျှင် အမိ၊ အဖတပြီး မချိမဆံ့အောင်ခံစားရသော်လည်း အချို့သူများတွင် ကိုက်သောအစွယ်ရာမှ သွေးစို့၍ အနည်းငယ် စပ်ဖျင်းဖျင်းဖြစ်ရုံလောက်သာ ခံစားရပါသည်။ ထိုသူမှာ ကင်းခြေများပြီးနေသူ ဖြစ်ပါသည်။

စာရေးသူ ငယ်စဉ် (၁၂) နှစ်သားအရွယ်က ပုရစ်တွင်းနှိုက်ရင်း ကင်းမြီးကောက်အထိုးခံရဖူးသည်။ လက်ခလယ်ထိပ်ကို အထိုးခံရပြီး ညဘက်လက်တစ်ချောင်းလုံးထုံကျဉ်၍ ဘာမှထိတွေ့မှုမသိတော့သည်အထိ ဖြစ်ခဲ့ရပါသည်။ လွန်စွာအခံရခက်ပါသည်။

အဲသည့်နောက်ပိုင်း အသက် (၃၀) အရွယ်တွင် တစ်ဖန် ညဘက်လမ်းသွားရင်း ညာခြေမျက်စိတွင် တစ်ခုခုနှင့်ဆောင့်ထိုးလိုက်သလိုမျိုး ဒုတ်ခနဲအသံမြည်သွား၍ ဓာတ်မီးဖြင့်ထိုးကြည့်လိုက်ရာ ကင်းမြီးကောက်ကြီးတစ်ကောင်အားရပါးရ ခြေမျက်စိကို ထိုးလိုက်သည်ကို တွေ့ရပါသည်။

သို့သော် ထိုးလိုက်သည့်အချိန်မှာသာ ဒုတ်ခနဲမြည်သွားသော်လည်း မည်သို့မျှ နာကျင်ကိုက်ခဲခြင်းဝေဒနာ မရှိသည်ကို အံ့သြစွာတွေ့ရှိရပါသည်။ ငယ်စဉ်က ကင်းမြီးကောက်အထိုးခံခဲ့ရသည့် အဆိပ်ဓာတ်က ခန္ဓာကိုယ်မှ တုံ့ပြန်မှုဓာတ်ဖြစ်လာပြီး ပြီးနေ၍ ယခုကင်းမြီးကောက်ကိုက်သည့် ကင်းဆိပ်ဒဏ်ကိုခံနိုင်နေသည်ဟု မှတ်ယူရပါသည်။

ဤဖြစ်စဉ်နှင့် အလားတူသည့် ကင်းမြီးကောက်အဆိပ်ကို ပြီးစေသည့် နည်းတစ်မျိုးမှာ အာဖရိက လူမည်းများနှင့် အမေဇုန်တောတွင်းလူမျိုးစုများသည် ငယ်စဉ်အချိန်တွင် ၎င်းတို့၏ ကလေးငယ်များကို လူမျိုးစုဆေးဆရာကြီးမှ ၎င်းတို့ဒေသရှိ အဆိပ်အပြင်းဆုံး ကင်းမြီးကောက်တစ်ကောင်ကို ရွေးချယ်၍ ဖမ်းယူပြီး (၁၄)၊ (၁၅) နှစ်အရွယ်ကလေးများကို ထိုကင်းမြီးကောက်၏ အဆိပ်ဆူးဖြင့် ထိမိရုံကလေး လက်ဆကောင်းကောင်းဖြင့် ချိန်ဆ၍ (ကျောက်ဆေးခြစ်သလိုမျိုး) ကင်းမြီးကောက် အဆိပ်ဆူးဖြင့် ခြစ်ပေးလိုက်သည်။

ထိုအခါ အဆိပ်ဆူးအခြစ်ခံရသော ကလေးသည် (၃)၊ (၄) ရက် နာကျင်မှုဝေဒနာခံစားရပြီး ထိုနာကျင်မှုဒဏ်ကို ရိုးရာနည်းများဖြင့် သက်သာအောင် ပြုစုပေးကြပါသည်။ ထို (၃)၊ (၄) ရက် ကျော်လွန်သွားလျှင် လုံးဝအခြေအနေကောင်းသွားပြီ ဖြစ်သည်။

အကယ်၍ ကင်းမြီးကောက်အဆိပ်သည် သဘာဝအတိုင်း ကင်းမြီးကောက်အရိုင်းကောင်မှ သဘော... အဆိပ်ဆူးဖြင့် လူကို ထိုးလိုက်မိလျှင် ကင်းအမြီးတွင်ရှိသော အဆိပ်ဆူးမှ တစ်ဆင့် အဆိပ်များ လူ့ခန္ဓာကိုယ်ထဲသို့ အပြည့်အဝဝင်သွားလျှင် ချက်ချင်း လူကို သေစေနိုင်သည်အထိ ပြင်းထန်ပါသည်။

ဒါကို ဆေးဆရာလုပ်သူမှ ချိန်ဆ၍ ဗက်စင်း (Vaccine) ကဲ့သို့ ကင်းမြီးကောက်၏အဆိပ်ကို လူ့ခန္ဓာကိုယ်က တုံ့ပြန်ပြီး ခံနိုင်ရည်အားရှိစေရန် အထက်ပါ ဗက်စင်း (Vaccine) ကာကွယ်ဆေးသဘောမျိုးနည်းဖြင့် အာဖရိကရိုးရာနည်းကိုသုံးပြီး ကင်းမြီးကောက်အဆိပ်ကို ပြီးအောင် သူတို့၏အရွယ်ရောက်ပြီးကလေးများကို ပြုလုပ်ပေးထားကြပါသည်။

ထိုကလေးသည် တစ်သက်တာပတ်လုံး ကင်းမြီးကောက်၏ အဆိပ်ဒဏ်ကို ခံနိုင်ရည်အားရှိ၍ အဆိပ်ပြီးသွားပြီ ဖြစ်ပါသည်။ ထိုကင်းမျိုးစိတ်များထဲမှ သဘာဝဇီဇအရ နှစ်ချို့သက်တမ်းရှည်ပြီး ကြီးထွားလာကြသည့် ကင်းမျိုးမှာ ကင်းခြေများကင်းမျိုးပင် ဖြစ်ပါသည်။

၎င်းကင်းခြေများကြီးများသည် တောတောင်များထဲတွင် သဘာဝအလျောက် နှစ်သက်တမ်း (၃၀)၊ (၄၀) ခန့် နေထိုင်အသက်ရှင်ကြပြီး လူကြီးပေါင်လုံးခန့် ကိုယ်ထည်တုတ်ခိုင်ကြီးမားပြီး လေးငါးဆယ်ပေခန့် ရှည်လျားသော ကင်းခြေများကြီးများကို တွေ့ကြုံဖူးသည့် တောမုဆိုးကြီးများ ယခုသက်ရှိထင်ရှား ရှိနေကြပါသေးသည်။

ထိုကင်းခြေများမျိုးနွယ်များသည် မြွေကဲ့သို့ အရေခွံလဲပြီး အသက်ဆက်၍ ရှင်နေနိုင်ကြသည့် ဇီဇသတ္တိထူးများရှိကြပါသည်။

(ဆက်လက် ဖော်ပြပါမ

ဦးမင်းဇင် (ရွှေ

www.burmeseclassic.com

# ပြောတိုင်းဆိုတိုင်းအောင်မြင်စေသောနတ်ငုံလက်ဖွဲ့လေး

တစ်နေ့ စာရေးသူထံသို့ စာရေးဆရာ သတင်းထောက်မောင်မောင်သိန်း (ဒီးကုန်း) ရောက်လာသည်။ ၎င်းရောက်လာသောအချိန်မှာ မိုးလင်းပြီးစပင်ရှိသေးသဖြင့် စာရေးသူ အိပ်ရာမှထစ အချိန်သာသာ ဖြစ်သည်။ ခါတိုင်း ဘယ်ဘုန်းကမှ ဒီအချိန်မျိုးရောက်မလာတတ်သဖြင့် ယခုလို စောစောစီးစီး မောင်မောင်သိန်း ရောက်လာသည်မှာ ထူးခြားသည့် အကြောင်းတစ်ခုခုကြောင့်သာဖြစ်ရမည်ဟု တွက်ဆလိုက်မိပါသည်။

သို့ကြောင့် -

"စောစောစီးစီး ဘယ်ကမျက်စိလည်လာတာလဲ။ ဒါမှမဟုတ် အိပ်မက်ပြီး ယောင်ထလာတာလား"

ဟု မေးလိုက်မိ၏။

မောင်မောင်သိန်းနှင့် စာရေးသူမှာ ရေးဖော်ရေးဖက်များပီပီ မနိုင်ရင်ကာတွေလည်းဖြစ်ကြသည်။ သို့ကြောင့် ဗုံးစမ်းသလိုနှင့် ခက်နောက်နောက်ကလေး မေးလိုက်ခြင်း ဖြစ်၏။

"အေးဗျာ၊ မျက်စိလည်လာတာလဲ မဟုတ်ဘူး။ အိပ်မက်ပြီး ယောင်ထလာတာလည်း မဟုတ်ဘူးဗျ။ ဆရာ့ဆီ အကူအညီတောင်းစရာရှိလို့ ဆရာအပြင်မထွက်ခင် အုပ်မိအောင်လာရတာ"

ဟု မောင်မောင်သိန်းက ပြန်ပြောသဖြင့် -

"ဘာများလဲဗျ၊ ဘာအကူအညီပေးရမှာလဲ"

ဟုမေးရင်း ဇနီးသည်အား မောင်မောင်သိန်းအတွက် ကော်ဖီနှင့် မုန့်ယူခဲ့ရန် လှမ်းပြောလိုက်သည်။

"ကိစ္စကအရေးကြီးတယ်ဆရာရ။ ကျွန်တော့်အမျိုးသမီး မနေ့က ခြံထဲဝင်မြက်ခိုးရိတ်တဲ့သူနဲ့ စကားများကြတယ်။ မိန်းမတွေဆိုတော့လည်း မခန့်ဘူးနဲ့တူပါတယ် ဆရာရာ။ ရိတ်တော့ဘာဖြစ်လဲ ဘာလဲနဲ့ ပြန်ဘုတောတော့ အမျိုးသမီးက 'လာကြပါ၊ သူခိုး သူခိုး' နဲ့ ထအော်တာပေ့ါ။ အဲဒီမှာ မြက်ခိုးတဲ့ကောင်သည်း တပ်ပေါက်က လန့်ထွက်ပြေးတာ တပ်တိုင်နဲ့ လည်ပင်းထိုးမိသွားတယ်။ အဲဒါကို ကျွန်တော့်အမျိုးသမီးက လည်ပင်း ဝါးချွန်နဲ့ ထိုးပါတယ် ဆိုပြီး တိုင်လို့ ခုအမှုဖြစ်နေတယ်"

"ဩော် ဒီလိုကိုး၊ အဲဒီတော့ ကျွန်တော်ဘာကူညီရမလဲ"

"တခြားတော့ မဟုတ်ဘူး ဆရာ။ ဆရာက အင်းအိုင်ဂါထာမန္တန်အစီအရင်တွေလည်း ရေးတော့"

"ကျွန်တော် သဘောက်ပြီ၊ သဘောပေါက်ပြီ။ အမှုအခင်းနဲ့ ပတ်သက်လို့ အဆင်ပြေဖို့ အဆောင်လိုချင်တယ် ဆိုပါတော့"

"ဟုတ်တယ်ဆရာ၊ အမှုက လောလောဆယ်တော့ ပုဒ်မ (၃၂၆) တပ်ထားတယ်။ တော်တော်ရှုပ်ရမယ့်သဘောရှိတယ်"

"ဟုတ်ပြီ၊ ဟုတ်ပြီ။ ဒါပေမယ့် ဆရာမောင်မောင်သိန်းတို့ကို ကျွန်တော် ပြောခဲ့ဖူးသားပဲ။ ကျွန်တော်ဟာ အင်းတွေအိုင်တွေ၊ ဂါထာမန္တန်နဲ့ အစီအရင်တွေ ရေးနေပေမယ့် တတ်လို့ရေးတာ မဟုတ်ပါဘူးလို့၊ အနယ်နယ်အရပ်ရပ် သွားရင်းလာရင်း ဆရာသမားတွေ၊ ရဟန်းသံဃာတွေနဲ့တွေ့လို့ ကိုယ့်ကို ချီးမြှင့်တဲ့နည်းလေးတွေကို စာဖတ်ပရိသတ်အတွက် အကျိုးရှိမယ်ထင်တာလေးကို ရွေးရေးရတာပါလို့။ တစ်ခါတလေကျတော့လည်း နားလည်တတ်ကျွမ်းတဲ့ပုဂ္ဂိုလ်တွေဆီသွား၊ လေ့လာစုံစမ်းပြီး ရေးတာပါ။ နောက်ပြီး ကျွန်တော့်အဘိုးကြီးထားခဲ့တဲ့ ပေစာထုပ်ကြီးကလည်း အဆင်သင့်ရှိနေတော့ အဲဒီ ပေစာမှာပါတဲ့ စာဖတ်ပရိသတ်နဲ့ အကျုံးဝင်မယ့်နည်းလေးတွေကို ရွေးရတာပါ။ ကျွန်တော်ကိုယ်တိုင်ကတော့ အင်းတစ်ချပ်တောင် မချဖူးဘူး။ မတတ်လည်း မတတ်ဘူး"

"ဒါပေမယ့် ဆရာရေးတဲ့ နည်းနာနိဿယတွေအတိုင်းလိုက်လုပ်တဲ့သူတွေကတော့ အောင်မြင်နေကြတာပဲ၊ ဘာပဲဖြစ်ဖြစ်ပေ့ါ ဆရာရယ်၊ ကူတော့ကူညီပါဦး"

မောင်မောင်သိန်းက ဇွတ်အတင်း အကူအညီတောင်းနေသဖြင့် မိမိကိုယ်၌က မတတ်သော်လည်း မိတ်ဆွေတစ်ယောက်၏ အခက်အခဲအကျပ်အတည်းဖြစ်နေသည့်အတွက် -

"အေးဗျာ၊ ဒါဆိုရင်လည်း ကူညီရမှာပေ့ါ"

ဟုပြောပြီး ဇနီးသည်လာချပေးသည့် ကော်ဖီနှင့် မုန့်ကို -

"ကဲ - ကော်ဖီပူပူလေးသောက်လိုက်ပါဦး၊ မုန့်လည်းစားဗျာ"

ဟုဆိုကာ အဘိုး၏အမွေ ပေစာထုပ်ကြီးကို မွှေနှောက်ရပါတော့သည်။

တစ်နေရာ၌ မောင်မောင်သိန်းနှင့် ကိုက်ညီမည့် အစီအရင်နည်းလေးတစ်နည်းကို တွေ့ရသည့်အတွက် ပေစာထုပ်ကြီးကို မောင်မောင်သိန်းရှေ့ချပေးလိုက်ရင်း -

"တွေ့ပြီဗျို့၊ ရော့ - ဒီမှာဖတ်ကြည့်။ နောက်ပြီး ကူးရေးသွား။ အစီအရင်ကို ခင်ဗျားကိုယ်တိုင်လုပ်ပေရော့"

ဟု ပြောလိုက်သည်။ ထိုအခါ မောင်မောင်သိန်းသည် ပေစာထုပ်ကြီးကို ဖတ်ပြီး၊ ကူးရေးသွားပါတော့သည်။

သို့နှင့် (၁၅) ရက်လောက်အကြာ၌ မောင်မောင်သိန်းနှင့် ၎င်း၏ အမျိုးသမီးတို့ စာရေးသူထံ ရောက်လာကာ အားလုံးအဆင်ပြေသွားပြီဖြစ်ကြောင်း၊ အားလုံး အခက်အခဲမရှိ အောင်မြင်သွားကြောင်း၊ ဤအစီအရင်ကြောင့်ဟုသာ တထစ်ချထင်ကြောင်း ပြောပြပါ၏။ သို့ကြောင့် ယုံကြည်သူများ ပြုလုပ်အားထုတ်နိုင်ပါရန် တင်ပြအပ်ပါ၏။

အဘိုး၏ပေစာပါနည်းမှာ -

**အရောင်းအဝယ် အပြိုင်အဆိုင်များ၌ ပြောတိုင်းဆိုတိုင်း အောင်မြင်စေသော ပီယနှုတ်ငုံအစီအရင်**

စီရင်မည့်သူသည် မည်သည့်နေ့တွင်မဆို စီရင်မည့်အခါ၌ ရေမိုးချိုး သန့်ရှင်းစေလျက် ငါးပါးသီလ ခံယူဆောက်တည်ကာ ရွှေပြား၌ဖြစ်စေ၊ ငွေပြား၌ဖြစ်စေ အောက်ပါစာကြောင်း နှစ်ကြောင်းကို ပြောင်းပြန်အစွန်းနှစ်ဖက် ညီစွာ ရေးရမည်။

**ရေးရမည့်စာနှင့်ရေးနည်း**

| |
|---|
| ဥ္ နိယာရ သမ္မန္တော နိုးရင်း ငါနှင့်နှော |
| ငဓ်ခဥ္ဓ်၂ း၃ဖ်းမ္ဗ ငဒ်ဒဂိဇ ဗထကန္ဓ ါင့် |

ထိုသို့ရေးပြီးသည်နှင့် လက်ဖွဲ့လိပ်သည့်နည်းအတိုင်း လိပ်ကာ အထက်ပါဂါထာ 'ဥ္ နိယာရ သမ္မန္တော နိုးရင်းငါနှင့်နှော' နှင့် ဘုရားရှေ့တော်၌ (၃၇) အုပ်ရွတ်ပြီး အကြောင်းကိစ္စ တစ်စုံတစ်ရာပေါ်ပေါက်က နှုတ်ငုံစကားပြောရမည်။ အထက်ပါဂါထာနှင့် ခုနစ်ရက်ရွတ်ရမည်။ မိမိပြောတိုင်းဆိုတိုင်း အောင်မြင်မည်။ မိမိဆန္ဒကို တစ်ပါးသူလိုက်လျောမည်။ မယုံမရှိနှင့်။ သီလသမာဓိတည်ကြည်စွာဖြင့် သစ္စာရှေ့ထားကြရမည်ဟု အဘိုး၏ပေစာ၌ ပါရှိပါသည်။

*(မူရင်းအတိုင်း တင်ပြခြင်းဖြစ်ပါသည်)*

သုခီအတ္တာနံ ပရိဟရန္တု

အေးရွှေ (ဒီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com

နေမင်းကြီးသည် အရှေ့ဘက် မိုးကုပ်စက်ဝိုင်းမှ ထွက်ပြူလာသည်။ ဇန်နဝါရီလဖြစ်၍ အာရေးဗီးယန်း ပင်လယ်ပြင်သည် လှိုင်းလေပြင်းထန်ခြင်းမရှိ။ MT SAMHO JEWELRY လွဲသွားသော် ပြန်ချိန်ပေးရုံသာ။ ချို(ဖ်) အော်ဖစ်ဆာကို ကုန်းချုပ်ဟု ခေါ်ကြသည်။ ကိုရီးယားလူမျိုး ဖြစ်ပါသည်။ သူသည် စာရွက်စာတမ်းများဖြင့် အလုပ်ရှုပ်နေသည်။ တာဝန်ကျသင်္ဘောသားက သင်္ဘောမောင်းနှင်ထိန်းချုပ်ခန်း၏ကြမ်းပြင်အား သန့်ရှင်းရေးလုပ်နေသည်။ သူတို့၏ ဂျူတီချိန်မှာ မနက် (၄) နာရီမှ (၈) နာရီအထိ ဖြစ်သည်။


**PIRATE တို့ တက်လာပြီ**

နံနက် (၇း၃၀) နာရီ။

တိတိကျကျဆိုရသော် ဇန်နဝါရီလ ၁၅ ရက်၊ ခရစ်နှစ် ၂၀၁၁ ခုနှစ်။

"ချို(ဖ်)၊ ငါအပြင်ထွက်ပြီး သန့်ရှင်းရေးလုပ်လိုက်ဦးမယ်"

"အေးအေး - သဒ်မိတ်ကို ဖုန်းဆက်နှိုးပြီးပြီလား"



သင်္ဘောကြီးသည် လှိုင်းအိလေးများပေါ်မှာ တငြိမ့်ငြိမ့်ဖြင့် ခုတ်မောင်းနေသည်။ ချို(ဖ်)အော်ဖစ်ဆာသည် သူ၏ရုံးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများဖြင့် အလုပ်ရှုပ်နေသည်။ ပင်လယ်ပြင်ထဲရောက်ပြီဖြစ်၍ သင်္ဘောလည်း ရှင်းသွား၏။ သင်္ဘောအား သွားရမည့်လမ်းကြောင်းပေါ် သို့တင်ပြီး အော်တိုအနေအထားသို့ ချိန်ထားလိုက်သည်။ (၂)နာရီပြည့်သောအခါ သင်္ဘောသွားရမည့်လမ်းကြောင်းနှင့် သင်္ဘောတည်နေရာ အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com

"နှိုးပြီးပါပြီ"

ချိ(ဖ်) မေးတာကို ဖြေဆိုအပြီး အခန်းတံခါးဖွင့်၍ အပြင်သို့ထွက်လိုက်သည်။

နေမင်းကြီးသည် မိုးကုပ်စက်ဝိုင်းကြီးမှ လွတ်ကင်း၍ ပင်လယ်ပြင်သို့ အလင်းတန်းများ ဖြာထွက်ပေးနေသည်။ ပင်လယ်ပြင်သည် စိန်မှုန်တွေ ဖြန့်ကြဲထားသကဲ့သို့ အရောင်တလက်လက်။

အောင်သင်္ဘောသားသည် သန့်

ဝင်လာနေပြီကော။

ငါးဖမ်းသင်္ဘောလေးတစ်စီးသည် သင်္ဘောကြီးဘေးမှာ ယှဉ်လျက်ကပ်ဖို့ ကြိုးစားနေသည်။ လူမည်းတစ်ယောက်သည် သေနတ်ကိုလွယ်လျက် သင်္ဘော၏အလယ်ကရိန်းတိုင်အောက်သို့ ရောက်နေသည်။ သင်္ဘော၏ ညာဘက်ဘေး

သွားပြီ။ ဆိုမာလီကောင်တွေ အတော်များများ သင်္ဘော၏အလယ်မှာ ရောက်နေကြပြီ။ ညာဘက်ဘေးမှာလည်း ငါးဖမ်းသင်္ဘောတစ်စီး ကြိုးချည်ပြီး ကပ်ပါနေသည်။ ဒီကောင်တွေ ငါးဖမ်းသင်္ဘောမှ SPEED BOAT နှင့် လာ

# အောဒင်ပင်လယ်ကွေ့မှ ဆိုမာလီဓားပြစစ်ဆင်ရေး



ဒင်းရေးမလုပ်သေးဘဲ နံနက်ခင်း၏တိုက်ခတ်လာသော လေနုအေးကို တဝရှူရင်း သင်္ဘော၏ရှေ့သို့ ကြည့်လိုက်သည်။

"ဟာ - ဘာလဲဟ"

သူမြင်တွေ့နေရသောမြင်ကွင်းကို သေချာသဖြင့် စူးစူးစိုက်စိုက်ကြည့်မိသည်။ မြင်ကွင်းကား မလှပပါ။ သင်္ဘော သို့ အကုသိုလ်တွေ အလုံးအခဲလိုက်

လက်တန်းကို လှေကားချိတ်၍ SPEED BOAT ပေါ်မှ ဆိုမာလီဓားပြများသည် လှေကားမှတစ်ဆင့် တွယ်တက်လာသည်။ ဤမြင်ကွင်းအား ကြည့်ပြီး အောင်သင်္ဘောသားသည် အခန်းတွင်းသို့ ကြောက်လန့်တကြားပြန်ပြေးဝင်လာ၏။

"ချိ(ဖ်)၊ ဓားပြတွေ သင်္ဘောပေါ် တက်လာကုန်ပြီ"


အောင်၏ အော်သံကြောင့် အရာရှိချုပ်သည် အလျင်အမြန်ဝင်၍ မှန်ပြူတင်းမှ အပြင်သို့ကြည့်လိုက်သည်။

ပြီးမှ ငါးဖမ်းသင်္ဘောက ကပ်လိုက်လာခြင်း ဖြစ်သည်။ ချိ(ဖ်)သည် အရေးပေါ် အချက်ပေးခလုတ်အား ဖွင့်လိုက်သည်။ စကားပြောခွက်ကိုကိုင်ပြီး အသံချဲ့စက်အား ဖွင့်လိုက်သည်။ သင်္ဘောတစ်စီးလုံး အချက်ပေးသံများ ဖုံးလွှမ်း၍နေ၏။ အချက်ပေးသံဆုံးသွားတော့ ချိ(ဖ်)အော်ဖစ်ဆာ စကားပြောသည်။


"သင်္ဘောပေါ် ဆိုမာလီဓားပြတွေ တက်လာနေပြီ။ သင်္ဘောသားအားလုံး လေ့ကျင့်ထားတဲ့အတိုင်း နေရာယူပါ။ အမြန်လုပ်ပါ၊ အရေးကြီးတယ်"

ပင်လယ်ကူးသင်္ဘောတွေမှာက

www.burmeseclassic.com



အေဒင်ပင်လယ်ကွေ့တွင် ထုံခြုံရေးယူနေသော အပြည်ပြည်ဆိုင်ရာ ရေတပ်သင်္ဘောများ



ကင်းလှည့်နေသော စစ်သုံးရဟတ်ယာဉ်တစ်စီး

DRILL ဟုခေါ်သော အရေးပေါ်ကိစ္စဖြစ်လာလျှင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို လေ့ကျင့်ပေးထားကြသည်။ ရက်သတ္တပတ် စနေနေ့တိုင်း သင်္ဘောသားများ လေ့ကျင့်ရသည်။ ဥပမာ မီးလောင်လျှင်၊ သင်္ဘောသောင်တင်လျှင်၊ သင်္ဘောမှ စွန့်ခွာလျှင် အသက်ကယ်လှေအား အတင်၊ အချလုပ်ပြီး လေ့ကျင့်ခြင်းများ အပြင် သင်္ဘောပေါ်သို့ PIRATE ဟုခေါ်သော ပင်လယ်ဓားပြတက်လာလျှင် ဘာတွေလုပ်ရမည်ကို လေ့ကျင့်ပေးထားကြသည်။ ယခုလည်း သင်္ဘောပေါ်သို့ ဆိုမာလီဓားပြများတက်လာပြီဖြစ်သည်။

မနက် (၇း၃၀) နာရီ ဆိုတော့ ထမင်းစားခန်း၌ နံနက်စာစားသောက်နေကြသော သင်္ဘောသားများ၊ အခန်းထဲမှာရှိနေသောသင်္ဘောသားများ၊ ဂျူတီပြီး၍ အိပ်နေသော သင်္ဘောသားများ၊ အင်ဂျင်ခန်းအတွင်းမှ တာဝန်ကျအင်ဂျင်နီယာ၊ ဆီလောင်းတို့နှင့် အိပ်နေသော ကပ္ပတိန်၊ အင်ဂျင်နီယာချုပ်တို့ပါ မူလ လေ့ကျင့်ထားသည့်အတိုင်း တက်မခန်းအတွင်းသို့ပြေးဝင်ကြ၍ အတွင်းမှ တံခါးချက်ကို ချထားလိုက်ကြသည်။

"ဒက်. . . ဒက်. . . ဒက်. . . ဒက်"

ဆိုမာလီများသည် သင်္ဘော၏ ထိန်းချုပ်မျှော်စင်အား AK 47 ရိုင်ဖယ်ဖြင့် တစ်ချက်ဆွဲမွှေ့လိုက်၏။ သင်္ဘောပေါ်သို့ ဆိုမာလီဓားပြတွေအကုန်ရောက်နေကြ၏။ အားလုံး (၁၃) ယောက်။ ထို့ပြင် ငါးဖမ်းသင်္ဘောပေါ်မှ အီရန်လူမျိုး(၅)ယောက်ပါ ဆိုမာလီဓားပြများနှင့် ကပ်ပါလာကြသည်။ သူတို့တစ်တွေ သင်္ဘော၏ လူနေဆောင်နား တဖြည်းဖြည်းကပ်လာကြသည်။ PRG ကိုင်ထားသော ဆိုမာလီတစ်ကောင်က သူ၏ ဒုံးကျည်ထိပ်ဖူးကြီးကို တဆဆလုပ်နေသည်။

အဆောင်အတွင်းမှာမူကား -

"ပြေးကြ၊ တက်မခန်းထဲ အကုန်ရောက်အောင်သွား"

ကပ္ပတိန်သည် သင်္ဘောသားများအား အမိန့်ပေးရင်း တက်မခန်းရှိရာသို့ အပြေးအလွှားသွားနေ၏။ တက်မခန်းသည် သင်္ဘောပဲ့ခန်း၏ အောက်ထပ်မှာရှိသည်။ မြန်မာသင်္ဘောသားများထဲမှ အေဘီဇော်ကြီးသည် ကြောက်ဒူးတုန်နေ၍ မပြေးနိုင်။ ကြောက်လွန်းသောကြောင့် ဆီးတွေထွက်ကုန်၏။ သူ့ဘေးမှ ဆီလောင်း ဟိန်းဇာကို အော်ခေါ်သည်။

"ဟိန်းဇာ၊ ငါ့ကိုတွဲပါဦးဟ။ ငါ လမ်းလျှောက်လို့မရတော့ဘူး"

ဟိန်းဇာသည် အေဘီဇော်ကြီးအား အတော်အမြင်ကတ်၏။ သင်္ဘောသားထဲမှာ အေဘီဇော်ကြီးသည် လူမိုက်လိုလိုဘာလိုလိုနှင့် ဟောက်စားလုပ်တတ်သည်။ သူ့ကိုပြောလျှင် ဇော်ကြီးကို ဘာမှတ်နေလဲ၊ ဖုံ့လိုက်ရမလားဘာလားဟု အမြဲပြောတတ်သည်။ ယခုလို သေရေးရှင်ရေးကြုံလာတော့ ဇော်ကြီးတို့ မူလသတ္တိတွေပေါ်လာပြီ ဖြစ်သည်။

"မင်းက သတ္တိကောင်းတာပဲ။ ခုမှ ဘယ်လိုဖြစ်ပြီး သေးတွေပါနေတာလဲ"

"မဟုတ်ပါဘူးကွာ။ ငါ့ကိုတွဲခေါ်ပါ။ ငါ့ခြေထောက်တွေတုန်နေပြီး လျှောက်လို့မရလို့ပါ။ လုပ်ပါသူငယ်ချင်းရယ်"

ဟိန်းဇာသည် ဇော်ကြီး၏လက်ကို ဆွဲ၍ တက်မခန်းသို့ အပြေးလှမ်းလာခဲ့သည်။ ကိုရီးယားသင်္ဘောသားတွေက အလွန်လျင်သည်။သူတို့အားလုံး တက်မခန်းထဲ ရောက်နေကြပြီ။ အင်ဒိုနီးရှားသင်္ဘောသား(၃)ယောက်က တက်မခန်းထဲရှိ စည်ပိုင်းတွေကြား ပုန်းနေကြသည်။

ချိ(ဖ်)အော်ဖစ်ဆာက -

"အားလုံး လူစစ် (၂၂) ယောက်ရှိလား။ မြန်မာ (၁၁) ယောက်"

"ရှိတယ်"

"အင်ဒိုနီးရှား"

"YES... ဒီမှာ"

"OK... တံခါးပိတ်တော့မယ်"

ချိ(ဖ်)အော်ဖစ်ဆာသည် တက်မခန်းတံခါးအား အတွင်းမှ အသေပိတ်လိုက်ပါတော့သည်။ အပြင်မှ ဘယ်လိုမှ ဖွင့်၍မရတော့။

အပြင်ဘက်မှာတော့ ဆိုမာလီများနှင့် အီရန်ကောင်တွေ၏ အသံတွေကြားနေရသည်။ သင်္ဘောသားအခန်းများအားဖွင့်ပြီး ဘာတွေယူနေကြသည် မသိပါ။ ဆိုမာလီဓားပြတွေ အော်ဟစ်ပြောဆိုနေကြသည်။ သင်္ဘောပေါ်မှာ သင်္ဘောသားတွေအား မတွေ့၍ ဒေါသဖြစ်နေဟန်ရှိ၏။

အခန်းတံခါးများအား ရိုက်ချိုးသည့်အသံတွေ၊ ဒေါသတကြီး ဆဲဆိုနေသည့်အသံတွေ၊ ပြေးလွှားနေသည့်အသံတွေ၊ ပစ္စည်းတွေရွှေ့ပြောင်းမ,နေသည့် အီရန်လူမျိုးတို့၏အသံများဖြင့် သင်္ဘောသည် ငရဲပြည်တမျှ ဆူပွက်နေသည်။

တက်မခန်းထဲမှာတော့ မည်သူမျှ



www.burmeseclassic.com

www.burmeseclassic.com

ဘုတ်တုတ်မလှုပ် ငြိမ်ချက်သား ကောင်းနေကြသည်။

✤

၂၀ ရာစုကုန်၍ ၂၁ ရာစုအစပိုင်းကာလ၌ ကမ္ဘာ့ကုန်သွယ်ရေးကြောင်းလောကမှာ ဆူဆူညံညံဖြစ်လာရသော ပြဿနာတစ်ခု ပေါ်ပေါက်လာရသည်။ ထိုပြဿနာအား ဆိုမာလီနိုင်ငံမှ ပေါ်ထွက်လာသော ပင်လယ်ဓားပြတိုက်ခြင်းလုပ်ငန်းပင် ဖြစ်၏။ ကုန်သွယ်သင်္ဘောများသွားလာမှုကို ကြီးမားစွာခြိမ်းခြောက်လာသည်။တကယ်တော့ ပင်လယ်ဓားပြတိုက်ခြင်းသည် ထူးဆန်းလှသောကိစ္စတစ်ရပ်တော့ မဟုတ်ပါပေ။

**ကမ္ဘာ့ကုန်သွယ်ရေကြောင်းသွားလာမှုနှင့် ဓားပြတိုက်ခြင်းလုပ်ငန်း**

၁၅ ရာစုတွင် ဥရောပတိုက်၌ ရိုနေဆန်ခေါ် ဉာဏ်သစ်အရေးတော်ပုံ ထွန်းကားလာသည်။ ထိုအခါ ဥရောပသားများသည် အရာရာတိုင်း၌ စူးစမ်းလိုသောစိတ်များ ဖြစ်ပေါ်လာခြင်း၊ မသိသေးသောကိစ္စရပ်များအား သိရှိလိုခြင်း၊ မရောက်ဘူးသေးသော အရပ်ဒေသများသို့ ရောက်ဖူးလိုသောစိတ်ဓာတ်များ ဖြစ်ပေါ်လာကြ၏။ ထိုသူတို့တွင် ရဲဝံ့စွန့်စားလိုသူများက ဦးဆောင်၍ ကုန်ကူးသန်းရောင်းဝယ်လိုသူများ၊ သာသနာပြုလိုသူများပါ လိုက်ပါကြသည်။

ဥရောပတိုက်သားများသည် ၁၃ ရာစုကစ၍ ရွက်သင်္ဘောငယ်များဖြင့် အနီးအနား ပင်လယ်ခရီးသွားလာမှုစွန့်စားခြင်းကို စ,ခဲ့ကြ၏။

၁၅ ရာစုသို့ ရောက်သောအခါ သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်းသည် တိုးတက်လာ၏။နှစ်ပင်တိုင်၊ သုံးပင်တိုင်၊ လေးပင်တိုင် ရွက်သင်္ဘောကြီးများအား တီထွင်ထုတ်လုပ်တည်ဆောက်နေကြပြီ ဖြစ်သည်။

ကွန်ပတ်(စ်) (Compass) ခေါ် သံလိုက်အိမ်မြှောင်ကို ရှေးနှစ်ပေါင်းများစွာက တရုတ်လူမျိုးတို့ တီထွင်အသုံးပြုခဲ့ကြသည်။ တရုတ်တို့ထံမှ အိန္ဒိယသမုဒ္ဒရာတွင် ကူးသန်းရောင်းဝယ်သွားလာနေသော အာရပ်သင်္ဘောသားတို့က ရရှိပြီး ၎င်းတို့ထံမှတစ်ဆင့် အလယ်ခေတ်အကုန်လောက်တွင် ဥရောပသားတို့ ရရှိသွားခဲ့သည်။

၁၅ ရာစုအတွင်း ဥရောပတိုက်ရှိ ပင်လယ်ခရီးသွား သင်္ဘောသားများအနက် စွန့်စားလိုစိတ်ရှိသူများထဲတွင် စပိန်နိုင်ငံသား ကိုလံဘတ်၊ မဂျယ်လန်သည် လည်းကောင်း၊ ပေါ်တူဂီလူမျိုး ဗတ်စကိုဒဂါးမားနှင့် နောက်ပိုင်း အမေရိကတိုက်ကြီးအား ရှာဖွေတွေ့ရှိသူ အမေရိဂိုဗက်စပုစီတို့သည် အထင်ရှားဆုံးသော စွန့်စားသွားလာသူသင်္ဘောသားကြီးများ ဖြစ်ကြသည်။

ဥရောပတိုက်သားများသည် အရှေ့တိုင်းမှ ထွက်ရှိသော ဟင်းခတ်အမွှေးအကြိုင်များကို အလွန်နှစ်သက်ကြ၏။ ယခင်က အရှေ့တိုင်းထွက် ပစ္စည်းများအား မြေထဲပင်လယ်ကုန်သည်များထံမှ တစ်ဆင့် ဥရောပတိုက်သားတို့ ဝယ်ယူခဲ့ရသည်။

သို့သော် အရှေ့ရောမအင်ပါယာ ကျဆုံးသွားပြီးနောက် အော်တိုမန်တူရကီတို့သည် ကူးသန်းရောင်းဝယ်ရေးအား နှောင့်ယှက်လာသဖြင့် ဥရောပသားတို့သည် ဟင်းခတ်အမွှေးအကြိုင်များရရန် ခဲယဉ်းသွားသည်။ ထိုအခါ ဥရောပသားများသည် ဟင်းခတ်အမွှေးအကြိုင်ထွက်ရှိရာ အာရှတိုက်တောင်ပိုင်းသို့ တိုက်ရိုက်ကုန်သွယ်ရောင်းဝယ်ခွင့် ရရန်အတွက် ပင်လယ်ရေလမ်းကြောင်းအား စွန့်စား၍ ရှာဖွေထွက်ခွာခဲ့ကြပါသည်။

ဥရောပနိုင်ငံများထဲမှ ပေါ်တူဂီနှင့် စပိန်နိုင်ငံတို့သည် အာဖရိကတိုက်တောင်ဘက်စွန်းအားပတ်ပြီး အိန္ဒိယသမုဒ္ဒရာအားဖြတ်၍ အိန္ဒိယနိုင်ငံ မလ္လကာရေလက်ကြားရှိ မာလာယုကျွန်းဆွယ်၊ မြန်မာနိုင်ငံ အပါအဝင် အင်ဒိုနီးရှားကျွန်းစုများသို့သွားရာ ရေလမ်းကြောင်းအား အစောဆုံးတွေ့ရှိ၍ နယ်ပယ်ချဲ့ထွင်မှု၊ ကုန်ကူးသန်းမှုအား အစောဆုံး လက်ဝါးကြီးအုပ် ကြီးစိုးခဲ့ကြသူများ ဖြစ်သည်။ ထို့ပြင် အရှေ့စူးစူးသို့ လည်းကောင်း၊ အနောက်စူးစူးသို့ လည်းကောင်း တစ်ဆက်တည်း ခရီးထွက်ရွက်လွှင့်ခဲ့လျှင် မူလနေရာသို့ ပြန်ရောက်ရမည်ဟူသော အယူအဆအရ စွန့်စားသွားခဲ့ကြရင်းဖြင့် အမေရိကတိုက်ကြီးအား တွေ့ရှိခဲ့ကြပြန်သည်။

ထို့မှတစ်ဆင့် ပစိဖိတ်သမုဒ္ဒရာ ကျွန်းစုများအားတွေ့ရှိပြီးနောက် ဖိလစ်ပိုင်ကျွန်းစုအား တွေ့ခဲ့ကြပြန်သည်။

ပေါ်တူဂီနှင့်စပိန်တို့က အာရှတိုက်တောင်ပိုင်းအားပတ်ပြီး အရှေ့ဘက်ရှိ တရုတ်ကမ်းရိုးတန်းနှင့် ဂျပန်နိုင်ငံတို့သို့သွားရာ ရေလမ်းကြောင်းအား တွေ့ရှိခြင်းဖြင့် ထိုနိုင်ငံများနှင့် ကုန်ကူးသန်းရောင်းဝယ်ခြင်းဖြင့် အကျိုးအမြတ်များစွာရရှိခဲ့ကြသည်။ အမေရိကတိုက်မှ ဌာနေတိုင်းရင်းသားများအား ဖိနှိပ်အနိုင်ကျင့်ပြီး ထိုနိုင်ငံများ၏ပေါ်ကြွယ်ဝသော ရွှေ၊ ငွေ၊ သတ္တုရတနာများအား ရွက်သင်္ဘောများဖြင့် ဥရောပတိုက်ရှိ သူတို့နိုင်ငံများသို့ သယ်ယူကြသည်။

ပေါ်တူဂီနှင့်စပိန်နိုင်ငံများနောက်မှ ကူးသန်းရောင်းဝယ်ရန် ကြိုးစားလာသောနိုင်ငံမှာ ဒပ်(ချ်)နိုင်ငံဖြစ်သည်။ ထိုနိုင်ငံများနောက်မှ ဝင်လာသူများကား အင်္ဂလိပ်နှင့် ပြင်သစ်နိုင်ငံ ဖြစ်သည်။ ထိုနိုင်ငံတို့သည် စီးပွားရေးနယ်ပယ်ချဲ့ထွင်ရန်အကြံတူကြခြင်း၊ အမေရိကတိုက်နှင့် အာရှတိုက်မှ ကုန်ကြမ်း၊ ရွှေ၊ ငွေ၊ သတ္တု၊ ဟင်းခတ်အမွှေးအကြိုင်များအား ဈေးပေါပေါဖြင့် ရယူလိုသောဆန္ဒများ တူညီနေကြသဖြင့် မသင့်မတင့်ဖြစ်လာကြသည်။

ထိုအခါ ကုန်သင်္ဘောအချင်းချင်း တိုက်ခိုက်လုယက်၍ သူတို့နိုင်ငံများအတွက် အရင်းအနှီး စုဆောင်းကြတော့သည်။စပိန်၊ ပေါ်တူဂီ၊ အင်္ဂလိပ်၊ ဒပ်(ချ်)တို့သည် ၁၅ ရာစု၊ ၁၆ ရာစုများအတွင်း ပင်လယ်ပြင်မှာအလွန်ကျော်ကြားသော ပင်လယ်ဓားပြများထွက်ပေါ်ရာနိုင်ငံများ ဖြစ်သည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုနှင့်အတူ ပင်လယ်ဓားပြလုပ်ငန်း ကိုလိုနီနယ်ချဲ့ခြင်းလုပ်ငန်းတို့သည်လည်း အမြွှာပူးမွေးသကဲ့သို့ မွေးဖွားလာကြသည်။ ပင်လယ်ဓားပြလုပ်ငန်းသည် ယခုမှပေါ်ပေါက်လာခြင်း မဟုတ်ပါ။ ဟိုးယခင်ကတည်းက ရှိနှင့်နေသောလုပ်ငန်း ဖြစ်သည်။ ရှေးတုန်းကတော့ သင်္ဘောပေါ်တွင်ပါလာသော ရွှေ ငွေကုန်ပစ္စည်းများကို လုယူသည်။ သင်္ဘောအား အပိုင်သိမ်းသည်။ လူတွေကို သတ်သည့်အခါ သတ်သည်။ ကျွန်အဖြစ်ရောင်းစားသည့် ဓလေ့များရှိခဲ့သည်။

သမိုင်းဘီးတစ်ပတ်သည် ယခုအချိန်မှာ ပြန်၍လည်လာပြန်သည်။ ရှေးယခင်က ဥရောပနိုင်ငံတချို့သည် ပင်လယ်ဓားပြထွက်ပေါ်ရာနိုင်ငံ ဖြစ်ခဲ့၏။ ယခုရာစုနှစ်တွင်မူ သူတို့နိုင်ငံ၏ ကုန်သင်္ဘောများ ဓားပြအတိုက်ခံကြရတော့သည်။

**အရှေ့တောင်အာရှနှင့်ပင်လယ်ဓားပြ**

တကယ်တော့ ပင်လယ်ဓားပြတိုက်ခြင်းလုပ်ငန်းသည် နိုင်ငံရပ်ခြားကုန်သည်သင်္ဘောများသာ အတိုက်ခံရ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ခြင်းသာမက နိုင်ငံအချို့ (အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ)၏ ကမ်းရိုးတန်းကမ်းနီး ပင်လယ်ပြင်များမှာလည်း ထိုရာဇဝတ်မှုသည် ရှိနေသည်သာ ဖြစ်၏။ ဘင်္ဂလားဒေ့(ရှ်)နိုင်ငံ ကမ်းရိုးတန်း၊ အင်ဒိုနီးရှားကျွန်းစုများကြား ရေလက်ကြားများ၊ ဖိလစ်ပိုင်ကျွန်းစုများကြားနှင့် မြန်မာနိုင်ငံ တောင်ပိုင်း မြိတ်၊ ထားဝယ်၊ ကော့သောင်းကျွန်းစုများကြား၌ ပင်လယ်ဓားပြတိုက်ခြင်းရာဇဝတ်မှုသည် မကြာခဏဖြစ်ပွားနေ၏။ အထူးသဖြင့် ငါးဖမ်းသင်္ဘောငယ်၊ စက်တပ်ငါးဖမ်းလှေများအား ဓားပြတိုက်လုယက်၍ ငါးဖမ်းပိုက်များ၊ အင်ဂျင်စက်နှင့် ငွေ၊ ဖမ်းမိသည့်ငါး၊ ပုစွန်များအား လုယက်ယူကြသည်။

ခရစ်နှစ် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၌ နိုင်ငံခြားသတင်းတစ်ပုဒ် ပါလာသည်။ ဘင်္ဂလားပင်လယ်အော် အနောက်ဘက်ကမ်းရိုးတန်း၊ ဘင်္ဂလားဒေ့(ရှ်)နိုင်ငံကမ်းရိုးတန်း ဆန်ဒါဘန်း ဒီရေရောက်သစ်တောအနီး၌ ငါးဖမ်းနေကြသော ငါးဖမ်းရေလုပ်သား (၆၀) ယောက်ခန့်အား ဘင်္ဂလားဒေ့(ရှ်)လူမျိုး ပင်လယ်ဓားပြများက ပြန်ပေးဆွဲ၍ ဖမ်းဆီးထားခဲ့ကြသည်။ ဘင်္ဂလားဒေ့(ရှ်)ရေတပ်က ကယ်တင်ပေး၍ ဓားပြများ ထွက်ပြေးသွားကြပြီး ရေလုပ်သားများ လွတ်မြောက်လာခဲ့ကြရသည်။


ဤဖြစ်စဉ်မျိုး မြန်မာနိုင်ငံ မြိတ်ကျွန်းစု ကော့သောင်းမြို့နယ်ကျွန်းများအကြား ငါးဖမ်းနေကြသော ငါးဖမ်းစက်လှေများ မကြာခဏ ဓားပြအတိုက်ခံရသည်။

ယခုခေတ် ၂၀ ရာစုနှင့် ၂၁ ရာစု အစောပိုင်းကာလအထိ မလ္လကာရေလက်ကြား၏ အင်ဒိုနီးရှားနိုင်ငံ စုမားတြားကျွန်းထိပ်မှ ဖိလစ်ပိုင်အောက်ဘော်နီယိုမြောက်ဖျား ဆုလုပင်လယ်ပြင်အထိ ပင်လယ်ဓားပြများ ကျက်စားလာကြသည်။ အနီးပတ်ဝန်းကျင်နိုင်ငံတချို့မှ ဒုစရိုက်သမားများက သင်္ဘောပေါ်သို့ တက်ပြီး ရှိသည့်ပစ္စည်း၊ ငွေများ လုယူကြခြင်းဖြစ်သည်။ တစ်ခါတစ်ရံ သင်္ဘောများအား အသက်ကယ်လှေပေါ်တင်၍ မျှောလွှတ်လိုက်ပြီး သင်္ဘောအား အပိုင်စီးသည့်အဖြစ်မျိုး တွေ့ခဲ့ရဖူးသည်။

ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ခန့်က ဖြစ်သည်။ ဂျပန်ကုမ္ပဏီမှ စားအုန်းဆီတင်သည့် သင်္ဘောတစ်စီး စုမားတြားအလွန် အိန္ဒိယသမုဒ္ဒရာထဲမှာ



ပင်လယ်ဓားပြစစ်ဆင်ရေးအတွက် ကိုရီးယားရေတပ်မှ လေ့ကျင့်နေစဉ်



အေဒင်ပင်လယ်ကွေ့တွင် ဖြတ်သန်းသွားလာနေသော နိုင်ငံတကာမှ ကုန်တင်သင်္ဘောများ

သင်္ဘောအား အပိုင်စီးခံရဖူးသည်။ ဓားပြများသည် သင်္ဘောသားများအား အသက်ကယ်လှေပေါ်တင်၍မျှောလွှတ်လိုက်သည်။ သူတို့သည် သင်္ဘောမောင်းနှင်မှုပါ ကျွမ်းကျင်ပုံရသည်။ သူတို့ဟာ သူတို့မောင်းသွားကြသည်။ သင်္ဘောမှာ အဆင့်မြင့်စားအုန်းဆီ တန်တစ်သောင်းခန့် ပါသွားသည်။ ကုန်တန်ဖိုးတင် ဒေါ်လာ(၈)သန်းဖိုးခန့်ရှိသည်။ သင်္ဘောသားများမှာ အိန္ဒိယသမုဒ္ဒရာထဲ၌ မျောလျက်။

ရက်သတ္တတစ်ပတ်ခန့် အဆက်အသွယ်ပြတ်သွားတော့ ကုမ္ပဏီမှလည်း အားလုံး သေဆုံးကုန်ပြီဟု ထင်သွားသည်။ ကပ္ပတိန် အပါအဝင် ကိုရီးယားအရာရှိ (၄) ယောက်နှင့် ကျန်အရာရှိ သင်္ဘောသားများမှာ မြန်မာများဖြစ်ပါသည်။ မြန်မာပြည်ရှိ မိသားစုများက သေပြီထင်၍ ပူဆွေးသောကရောက်ကြရပြီး ဆွမ်းသွတ်ရက်လည်ဆွမ်းကျွေးသည့်သူကကျွေး၊ ပြန်လာလိုပြန်လာငြားစောင့်မျှော်သူက စောင့်မျှော်ဖြင့် ရှိနေကြသည်။

သူတို့အသက်ကယ်လှေလေးသည် စားစရာပြတ်၊ သောက်ရေအနည်းငယ်ဖြင့် ပင်လယ်ထဲမျောနေစဉ် အိန္ဒိယနိုင်ငံချိုင်း (မဒရပ်ဆိပ်ကမ်း) မှ ကုန်တင်၍ထွက်ခွာလာသော ဂျာမန်သင်္ဘောတစ်စီးကတွေ့ရှိပြီး ကယ်တင်လိုက်သည်။ ထိုဂျာမန်သင်္ဘောသည် ထိုင်းနိုင်ငံ ဗန်ကောက်သို့ ဦးတည်ထွက်ခွာနေခြင်းဖြစ်သည်။ အပိုင်စီးခံရသည့် သင်္ဘောကုမ္ပဏီမှာ မြန်မာပြည်တွင် ကိုယ်စားလှယ်ရုံးရှိသည်။ ထို့ပြင် ဗန်ကောက်၌လည်း ရုံးခွဲရှိသည်။ ဂျာမန်သင်္ဘော ဗန်ကောက်ဆိပ်ကမ်းကို ရောက်တော့ ကုမ္ပဏီရုံးခွဲသို့ ဆက်သွယ်ကြသည်။ ထိုအခါကျမှ မြန်မာပြည်ရှိ မိသားစုနှင့် ကိုရီးယားရှိ မိသားစုများ ဝမ်းသာပျော်ရွှင်၍မဆုံးဖြစ်ကြရသည်။

နောက်များမကြာမီ ကျွန်တော်တို့သင်္ဘောနှင့် ထိုသင်္ဘောသည် မလေးရှားဆိပ်ကမ်းတစ်ခုမှာ ဘေးချင်းယှဉ်လျက် ကုန်တင်မိလျက်သား တွေ့ကြရသည်။ သင်္ဘောဦးရှိ သင်္ဘောအမည်စာလုံးများအား ဖျက်ထားသော်လည်း အရာတွေ့ကျန်နေသည်က တစ်ကြောင်း၊ သင်္ဘောအား မှတ်မိနေသော ကုမ္ပဏီသင်္ဘောသားများက ပြန်ပေးဆွဲခံရသောသင်္ဘောမှန်း သိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

စုံစမ်းကြည့်တော့ ဓားပြများသည် သင်္ဘောနှင့် စားအုန်းဆီများကို မြောက်ကိုရီးယားရှိ ကုမ္ပဏီတစ်ခုသို့ အောက်ဈေးဖြင့် ရောင်းသွားကြောင်း၊ ထိုနိုင်ငံမှ သင်္ဘောသားများ တရုတ်ပြည်၌ ကုန်တင်နေစဉ် ထိုသင်္ဘောသည် ပြန်ပေးဆွဲ အပိုင်စီးခံရကြောင်း ပိုင်ရှင်ဂျပန်ကုမ္ပဏီက ကမ္ဘာအနှံ့ ကြေညာချက်ထုတ်ထားသဖြင့် တရုတ်အစိုးရဆိပ်ကမ်းအာဏာပိုင်များက ဖမ်းတော့သည်။ သင်္ဘောရှိ ကြီးလေးကြီး (သူကြီး၊ စက်ချုပ်၊ ကုန်းချုပ်၊ စက်-၁) (၄) ယောက် အဖမ်းခံရသည်။ နောက်ပိုင်း သင်္ဘောမည်သို့လွတ်သွားသည် မသိပါ။ အင်ဒိုနီးရှားသင်္ဘောသားများ စီးနေသည်ကို တွေ့ခဲ့ရသည်။

**အန္တရာယ်ဇုန် ဆိုမာလီ**

၂၀၀၆-၀၇ နောက်ပိုင်းတွင်တော့ လောကာရေလက်ကြားသည် သင်္ဘောများ ဓားပြတိုက်ခံရခြင်း အန္တရာယ်မှ လျော့ပါးသွားသည်။ အနီးပတ်ဝန်းကျင်နိုင်ငံများနှင့် အမေရိကန်ရေတပ်တို့ ပူးပေါင်းပြီး ကင်းလှည့်စောင့်ကြည့်ခြင်း၊ ခမ်းဆီးအရေးယူမှုအား တင်းတင်းကျပ်ကျပ် ပြုလုပ်ခဲ့သောကြောင့် ဓားပြအန္တရာယ် လျော့ပါးသွားသောအခါ အာဖရိကအရှေ့ဘက်ကမ်းရိုးတန်း စူးအက်တူးမြောင်းရှိရာ ပင်လယ်နီသို့အဝင် အေဒင်ပင်လယ်ကွေ့ရှိ ဆိုမာလီကမ်းရိုးတန်းသည် ကုန်သည်သင်္ဘောများအတွက် အန္တရာယ်ပေးရာဇုန် ဖြစ်လာသည်။

မည်သည့်အတွက် ထိုဆိုမာလီများ ဓားပြအဖြစ်သို့ ရောက်လာရသနည်း။

အဖြေရှာ ဆန်းစစ်ကြည့်သော် အာရေဗီးယန်းပင်လယ်ပြင်မှ အေဒင်ပင်လယ်ကွေ့အဝင် ပင်လယ်နီအဝသည် ကျဉ်းမြောင်း၍ သင်္ဘောအသွားအလာ ကျပ်ခြင်း၊ ပင်လယ်နီမှစူးအက်တူးမြောင်းကိုဖြတ်ပြီး မြေထဲပင်လယ်မှ ဥရောပတိုက်သို့သွားရာ ဝင်ပေါက်ဖြစ်နေခြင်းများက ထမင်းငတ်နေကြပြီး လက်ထဲမှာ သတ်နက်ပေါင်းစုံရှိနေသော ဆိုမာလီစစ်ဘုရင်များအတွက် ငွေရှာပေါက်ဖြစ်လာတော့သည်။ ပထမအစပိုင်း၌ စားနပ်ရိက္ခာ ချို့တဲ့၍ ငတ်ပြတ်နေကြသော သတ်နက်ကိုင်လူတစ်စုက သင်္ဘောများအား ဓားပြတိုက်ပြီးလုယက်သည့်အဆင့် ငွေရှာ၍ရမှန်းသိလာသောအခါ ဆိုမာလီနိုင်ငံအနှံ့ သူတစ်လူငါတစ်မင်းဖြစ်နေကြသောစစ်ဘုရင်များသည် ဓားပြတိုက်ခြင်းအား စီးပွားရေးလုပ်ငန်းတစ်ခုအသွင်သို့ ကူးပြောင်းလာပါတော့သည်။ မိုဂါဒစ်ရှူးအစိုးရကလည်း ဘာမှမတတ်နိုင်ပါ။ ၁၉၉၄ ခုနှစ်လောက်က အိုင်းဒစ်သူပုန်များအား အမေရိကန်စစ်တပ်မှ တိုက်ခိုက် နှိမ်နင်းဖူးပါသည်။

**ကုလသမဂ္ဂ၏အကူအညီ**

ထိုအချိန်တုန်းက ကျွန်ုပ် တာဝန်ထမ်းဆောင်နေသော သင်္ဘောသည် ကုလသမဂ္ဂ၏ ကူညီထောက်ပံ့ရေးအစီအစဉ်ဖြင့် ဆန်တန်ချိန်သုံးသောင်းအား ဆိုမာလီပြည်သူများအတွက် ထိုနိုင်ငံသို့ သွားရောက်ပို့ဆောင်ခဲ့ဖူးသည်။ တန်ချိန်တစ်သောင်းခွဲ နှစ်ကြိမ်နှစ်ခေါက် သွား၍ ပို့ဆောင်ရသည်။ အမေရိကန်တပ်ဖွဲ့များကလည်း အိုင်းဒစ်သူပုန်များအား ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်တိုက်ခိုက်နေသဖြင့် ထိုဒေသသည် စစ်ဖြစ်နေသော ဇရိယာအဖြစ် ကြေညာထားပါသည်။ သို့သော် ကျွန်ုပ်တို့သင်္ဘောသည် ကုလသမဂ္ဂ၏ အစီအစဉ်ဖြင့်လာရသောကြောင့် အန္တရာယ်ဖြစ်နိုင်စရာမရှိဟု ယူဆရပါသည်။ သင်္ဘောသားတွေကတော့ ရင်တမမ။

ကျွန်ုပ်တို့သင်္ဘော ဆိုမာလီရေပိုင်နက်ဆိပ်ကမ်းအနီးသို့ရောက်သွားသောအခါ စက်သေနတ်တပ်ဆင်ထားသော SPEED BOAT တစ်စီး သင်္ဘောရှိရာသို့ အပြင်းမောင်းနှင်လာသည်။

ကပ္ပတိန်က -

"ငါတို့အပစ်ခံရပါပြီ"

ဟု စိုးရိမ်တကြီးဖြင့် သင်္ဘောကို နောက်လှည့်မည်ပြုရာ ထို SPEED BOAT မှ အော်ပြောပါသည်။

"ငါပိုင်းလော့ပါ။ မင်းတို့ လှည့်မပြန်ပါနဲ့။ ပိုင်းလော့ဘုတ်မရှိလို့ ရှိတဲ့ဘုတ်နဲ့ လာရတာ။ ငါက ရေကြောင်းပြပါ"

ဟု ဆိုတော့မှ သက်ပြင်းချကြရသည်။

ဆိုမာလီနိုင်ငံသားများသည်ကား မည်းပိန်ခြောက်ကပ်၍ လူရုပ်မပေါ်ကြ။ ကလေးများမှာ နံရိုးအပြိုင်းပြိုင်းဖြင့် ပိန်လှီနေကြသည်။ ယောက်ျားများက ခတ်ဟု ခေါ်သော ချဉ်ပေါင်ပင်ကဲ့သို့ အပင်လေးများအား အမြဲလိုလိုဝါးနေကြ၏။ ထိုအပင်လေးများသည် လူကိုမူးယစ်စေသည်ဟုသိရသည်။ သားသည်အမေများက သင်္ဘောနားကပ်လာပြီး စားစရာ လာတောင်းကြ၏။ ကျွန်တော်တို့က သနား၍ ခေါက်ဆွဲခြောက်ထုပ်များ ပစ်ချရာ ယောက်ျားများ ပြေးလာပြီး ကလေးအမေများကို ကန်ကျောက်၍ ခေါက်ဆွဲခြောက်ထုပ်များအား လုယူကြသည်။ ကျွန်ုပ်သည် ထိုမြင်ကွင်းအား ကြည့်၍ စိတ်မကောင်းဖြစ်မိသဖြင့် ဘာစားစရာမှ ပစ်ချမပေးတော့။ သင်္ဘောပေါ်မှ ဆန်အိတ်များအား ကရိန်းဖြင့်ချရာ ဖိတ်စဉ်ကျသော ဆန်စေ့များအား ကလေးများက လိုက်ကောက်ကြသည်။ သူတို့တိုင်းပြည်မှာ စားနပ်ရိက္ခာအလွန်ရှားပါးနေသည်ဟု သိရသည်။

**မြို့တော်ဝန်အား တံစိုးလက်ဆောင်ပေးပြီး ထောက်ပံ့မှုပြုရခြင်း**

မကြာမီ မြို့ဝန် ဆိုသူ ရောက်လာသည်။လက်နက်ကိုင်လူတစ်စု ခြံရံလျက်ရှိသော မြို့ဝန်သည် ကျွန်ုပ်တို့နိုင်ငံရှိ ဗယာကြော်ကုလားလောက်မှ မသားနားပါ။ ညစ်ထေးနေသော တီရှပ်အဖြူ ပလေကတ်ပုဆိုး ခါးမှာပတ်လျက် အရပ်ရှည်ရှည်၊ ပိန်ကပ်ကပ်နှင့် မည်းခြောက်ခြောက် မြို့ဝန်သည် ခါးမှာ စစ်သုံးပစ္စတိုကြီးကိုချိတ်၍ ကျောမှာလည်း AK- 47 ကို လွယ်ထားသည်။ မြို့ဝန်နှင့် အပေါင်းအပါလူတစ်စုအား ကျွန်ုပ်တို့၏ သင်္ဘောကပ္ပတိန်သည် အရာရှိစားသောက်ခန်း၌ ဧည့်ခံရသည်။ အရက်၊ ဘီယာ၊ ကြက်ကြော် စားဖွယ်မျိုးစုံတို့ဖြင့် တည်ခင်းဧည့်ခံပြီးနောက် မြို့ဝန်အတွက် ဆန်တန်ချိန် (၅၀) လှူဒါန်းပါသည်ဆိုတော့ ထိုဆိုမာလီမြို့ဝန်သည် သဘောအကျကြီးကျသွားသည်။ သင်္ဘောပေါ်မှနေ၍ အောက်မှာရှိသော ဆိုမာလီလူမျိုး အလုပ်သမားများနှင့် အခြား မိန်းမ၊ ယောက်ျား၊ ကလေးများကို မိန့်ခွန်းခြွေပါတော့၏။ လက်မှသေနတ်ကို မြှောက်မြှောက်ပြရင်း -

"ဤသင်္ဘောကိုနှောင့်ယှက်သောသူသည် သေဒဏ်စီရင်ခြင်းခံရမည်။ ဤသင်္ဘောသည် ငါတို့အတွက် စားနပ်ရိက္ခာလာပို့သောသင်္ဘောဖြစ်သောကြောင့် ကာကွယ်စောင့်ရှောက်ရမည်"

ဟု အမိန့်ထုတ်ပြန်ပါသည်။

ကပ္ပတိန်ကိုလည်းပြောသွားသေးသည်။ နောက်တစ်ခေါက် ဆန်လာပို့လျှင် သူ့အတွက် ပလေကတ်ပုဆိုးအထည်(၅၀)လောက် ဝယ်လာခဲ့ဖို့ မှာနေသည်။ ကျွန်ုပ်တို့သင်္ဘောမှာ ဤသို့ အဆင်ပြေအောင် ပေါင်းသင်းသောကြောင့် မည်သည့်အန္တရာယ်မျှ မတွေ့ခြင်းဖြစ်သည်။ဆန်တန်ချိန် တစ်သောင်း

www.burmeseclassic.com

ခဲ့အား ထိုဆိပ်ကမ်းမှာ ချထားပေးရာ (၁၈) ရက် ကြာသည်။ ထိုသို့ ဆိုမာလီ စစ်မက်ဖြစ်ပွားရာဒေသသို့သွားရသဖြင့် သင်္ဘောသားအားလုံး လစာ (၂)ဆရရှိကြသည်။ နောက်တစ်ခေါက်မှာတော့ ရင်းရင်းနှီးနှီးသိနေပြီဖြစ်၍ အားလုံး အဆင်ပြေပါသည်။ ထိုအချိန်က သူတို့သည် ဓားပြများမဟုတ်ကြသေးပါ။ နိုင်ငံအတွင်း လက်နက်ကိုင်အုပ်စုတွေအချင်းချင်း တိုက်ခိုက်ကောင်းတုန်းရှိနေကြသည်။ လက်နက်ကိုင်ခေါင်းဆောင်တွေက စစ်ဘုရင်များသဖွယ် ဒေသအသီးသီးကို စိုးမိုးထားကြသည်။

**ဆိုမာလီယာ (သို့) ဆိုမာလီသမ္မတနိုင်ငံ**

တရားဝင်အမည်မှာ ဆိုမာလီပြည်ထောင်စုသမ္မတနိုင်ငံ ဖြစ်၏။

အာဖရိကဒေသ၌ တည်ရှိပြီး အနောက်ဘက်တွင် အီသီးယိုးပီးယား၊ အနောက်မြောက်ဘက်တွင် ဒီဂျီဘူတီ၊ မြောက်ဘက်တွင် အေဒင်ပင်လယ်ကွေ့၊ အရှေ့ဘက်တွင် အိန္ဒိယသမုဒ္ဒရာနှင့် အနောက်ဘက်တွင် ကင်ညာနိုင်ငံများ တည်ရှိသည်။


ပင်လယ်ကမ်းရိုးတန်း ရှည်လျားပြီး ကုန်းမြင့်များ၊ လွင်ပြင်များ၊ တောင်ကုန်းများဖြင့် ဖွဲ့စည်းတည်ထားသည့် ဆိုမာလီနိုင်ငံသည် တစ်နှစ်ပတ်လုံး ပူပြင်း ခြောက်သွေ့လျက် မုတ်သုံလေပုံမှန် တိုက်ခိုက်သည်။ ထို့ကြောင့် နိုင်ငံဒေသအချို့၌ မကြာခဏ မိုးရွာတတ်သည်။ နိုင်ငံအကျယ်အဝန်းမှာ (၆၃၇, ၆၅၇) စတုရန်းကီလိုမီတာရှိပြီး လူဦးရေ (၁၀) သန်းကျော်ခန့်ရှိသည်။ လူဦးရေ၏ (၈၅) ရာခိုင်နှုန်းမှာ ဆိုမာလီအနွယ်များဖြစ်ပြီး နိုင်ငံမြောက်ပိုင်းတွင် ရှေးယခင်က နေထိုင်ခဲ့သည့် စာရင်းအထောက်အထားများရှိသည်။

ဒေသခံ လူမျိုးစုများမှာ လူဦးရေနည်းပါးပြီး နိုင်ငံတောင်ပိုင်းဒေသများတွင် အဓိက နေထိုင်သည်။

ဆိုမာလီဘာသာစကားနှင့် အာရေဗျဘာသာစကားသည် တရားဝင်ဘာသာစကားဖြစ်ပြီး ထိုဘာသာစကား နှစ်ခုလုံးသည် အရှေ့အာဖရိကဘာသာ စကားအုပ်စုတွင် ပါဝင်သည်။ လူဦးရေ အများစုသည် ဆွန်နီမွတ်စလင်ဘာသာ ဝင်များ ဖြစ်ကြသည်။ သေနတ်သံမျာ ငိုကြွေးအော်ဟစ်ရိုက်သံများ၊ ဒေါသဖြ ခြင်း၊ စိတ်ပျက်ခြင်းများဖြင့် ဖုံးလွှမ်းနေ သော ဆိုမာလီနိုင်ငံသည် ရှေးခေတ် ကမ္ဘာကြီး၏ကူးသန်းရောင်းဝယ်ရေးတွင် အရေးပါသော ဗဟိုချက်ဖြစ်ခဲ့သည် ပညာရှင်အများစုက လက်ခံထားသည် အလယ်ခေတ်တွင် အင်အားကြီးမား သော ဆိုမာလီနယ်စားများသည် ဒေသ ကုန်သွယ်ရေးအား ချုပ်ကိုင်ထားနိုင် ကြသည်။ ၁၉ ရာစု ကုန်လုနီးပါးတွင် ဗြိတိသျှနှင့် အီတလီတို့က ကမ်း ဒေသများအား သိမ်းပိုက်ပြီး ဗြိတိသျှပိုင် ဆိုမာလီယာနိုင်ငံနှင့် အီတလီနိုင်ငံပိုင် ဆိုမာလီယာနိုင်ငံများ ထူထောင်ခဲ့ကြ သည်။

တိုင်းရင်းသားလူမျိုးစုများက ခ တိုက်ခိုက်ခဲ့ကြသော်လည်း မအောင်မြ ဘဲ ၁၉၂၇ ခုနှစ်တွင် အီတလီနိုင်ငံက ဒေသအများစုကိုချုပ်ကိုင်နိုင်ခဲ့ပြီး ၁၉၃ ခုနှစ်တွင် ဗြိတိသျှစစ်တပ်သို့ လွှဲပြောင်း ပေးခဲ့သည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း တွင် ဗြိတိသျှနိုင်ငံက ဆိုမာလီနှင့် အီတလီ ဆိုမာလီယာတို့ကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ခွင့်ရရှိခဲ့သည်။ ၁၉၄၆ခုနှ ပို့စဒမ်ဆွေးနွေးပွဲတွင် ကုလသမဂ္ဂအဖွဲ့ ကြီးက အီတလီနိုင်ငံအား အီတလီ ဆိုမာလီယာဒေသအား အုပ်ချုပ်ခွင့်ပေ အပ်ခဲ့ပြန်သည်။ အနီးကပ် ကြီးကြပ်မှု အုပ်ချုပ်ခံခဲ့ရသော ဆိုမာလီယာသည် နိုင်ငံရေးပါတီများ၏ ကြိုးပမ်းမှုကြောင့် (၁၀) နှစ်အတွင်း လွတ်လပ်ရေး ရရှိ သည်။ ဗြိတိသျှဆိုမာလီယာမှာမူ ၁၉၆ ပြည့်နှစ်အထိ ဗြိတိသျှနိုင်ငံ၏ အစောင့် ရှောက်ခံဖြစ်ခဲ့ရသည်။

မြောက်နှင့် တောင် နှစ်ပိုင်းကွဲနေ သော ဆိုမာလီနိုင်ငံသည် ၁၉၆၀ ပြည့် နှစ်၊ ဇူလိုင် ၁ ရက်နေ့တွင် ပူးပေါင်းပြီး လွတ်လပ်ရေးရခဲ့သည်။ ဆိုမာလီသမ္မတ နိုင်ငံ ထူထောင်ခဲ့ကြပြီး အေဒင်အ ဒူလာအော့(စ်)မင်းဒါးက သမ္မတအဖြစ် လည်းကောင်း၊ အက်ဘဒီရာရှစ်အလီ ရှာမာကီက ဝန်ကြီးချုပ်အဖြစ် လည်း ကောင်း တာဝန်ယူခဲ့သည်။ အလီရှာမာ ကီသည် ၁၉၆၇ မှ ၁၉၆၉ ခုနှစ်အထိ သမ္မတဖြစ်လာခဲ့ပြီး ၁၉၆၉ ခု၊ အောက် တိုဘာလ ၁၅ ရက်နေ့တွင် ဆိုမာလီ



အပိုင်စီးခံရသော SAMHO JEWELRY သင်္ဘော



www.burmeseclassic.com

မြောက်ပိုင်း အင်နေ့ာမြို့သို့ သွားရောက်စဉ် သက်တော်စောင့်တစ်ဦး၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရသည်။ ဗိုလ်ချုပ်ကြီး မိုဟာမက်ဆီယက်ဘားရေး ခေါင်းဆောင်သောစစ်တပ်က သွေးထွက်သံယိုမှုမရှိဘဲ အာဏာသိမ်းယူ၍ ဆိုမာလီဒီမိုကရက်တစ်သမ္မတနိုင်ငံ ထူထောင်ခဲ့သည်။ နိုင်ငံကို တော်လှန်ရေးကောင်စီက အုပ်ချုပ်ခဲ့ပြီး ဒု-ဗိုလ်ချုပ်ကြီး ဆာသတ်ဂါဘေယီကီဒါယက်တော်လှန်ရေးခေါင်းဆောင်အဖြစ် တရားဝင် အမည်ခံယူခဲ့၏။ အနောက်ဥရောပနိုင်ငံများနှင့် အီဂျစ်၊ ယခင် ဆိုဗီယက်ပြည်ထောင်စု၊ အမေရိကန်နိုင်ငံများမှ ငွေကြေးနှင့် စက်မှုနည်းပညာအကူအညီများကို ရရှိခဲ့ကြသည်။ ဆိုမာလီအစိုးရသည် ၁၉၇၀ ပြည့်နှစ်တွင် နိုင်ငံခြားကုမ္ပဏီအမြောက်အမြားကို ပြည်သူပိုင်သိမ်းခဲ့၏။ ၁၉၇၅ ခုနှစ်တွင် ဆိုမာလီရှိ ဆိုဗီယက်(ရုရှား)ရေတပ်စခန်း၌ ဒုံးပျံသိုလှောင်ရေးစခန်းများရှိနေကြောင်း အမေရိကန်နိုင်ငံက စွပ်စွဲကန့်ကွက်ခဲ့သည်။

၁၉၇၆ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ဆီယက်ဘားက ဆိုမာလီနိုင်ငံ၏ တစ်ခုတည်းသောနိုင်ငံရေးပါတီအဖြစ် ဆိုရှယ်လစ်တော်လှန်ရေးပါတီအား ဖွဲ့စည်းခဲ့ပြန်သည်။ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ၏ အစ္စလာမ်ယုံကြည်ချက်များအပေါ်တွင် အခြေခံသော တစ်ပါတီအစိုးရကို ဖွဲ့စည်းခြင်း ဖြစ်သည်။ အုပ်ချုပ်မှုဝါဒသည် ကွန်မြူနစ်စနစ် ဖြစ်သော်လည်း ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို အကန့်အသတ်ဖြင့် ခွင့်ပြုခဲ့သည်။

၁၉၇၉ ခုနှစ် အလယ်ပိုင်းတွင် ဆိုမာလီပြောက်ကျားများက အီသီယိုးပီးယားရှိ အိုဂါဒင်ဒေသအား သိမ်းပိုက်ရေးအတွက် ထိုးစစ်ဆင်နွှဲကြသည်။ ဆိုဗီယက်(ရုရှား)နှင့် ကျူးဘားတို့က အီသီယိုးပီးယားဘက်မှ အကူအညီပေးခဲ့၍ ၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလတွင် ဆိုဗီယက်နိုင်ငံနှင့် ချစ်ကြည်ရေးစာချုပ်ကို ဖျက်သိမ်းပြီး ကျူးဘားနိုင်ငံသို့ ဆက်ဆံရေးဖြတ်တောက်ခဲ့သည်။ ဆိုမာလီရှိ ဆိုဗီယက်(ရုရှား)တပ်များကိုလည်း မောင်းထုတ်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် အီသီယိုးပီးယားရှိ ဆိုမာလီလူမျိုးစု သူပုန်များကို ဆိုဗီယက်(ရုရှား) လက်နက်တပ်ဆင်ထားသော ကျူးဘားတပ်အင်အားတစ်သောင်းကျော်က ချေမှုန်းတိုက်ခိုက်အောင်မြင်ခဲ့သည်။

ထိုအခါ ဆိုမာလီလူမျိုးစု သူပုန်များသည် အီသီယိုးပီးယားဘက်မှ ဆိုမာလီနိုင်ငံအတွင်းသို့ ပြန်လည် ဝင်ရောက်လာခဲ့ကြသည်။ ဤဖြစ်ရပ်သည် ဆိုဗီယက်ပြည်ထောင်စု၏ စွက်ဖက်မှုအရေးပါပုံကို ဖော်ပြနေသဖြင့် ဘာရေအစိုးရသည် အခြားမဟာမိတ်များကို ရှာဖွေရန်လိုအပ်လာသည်။ ထိုအချိန်က ဆိုဗီယက်(ရုရှား) နှင့် အမေရိကန်စစ်အေးတိုက်ပွဲ ဖြစ်ပွားနေ၍ ပင်လယ်ရေလမ်းကြောင်းအရ မဟာဗျူဟာကျသော အေဒင်ပင်လယ်ကွေ့ရှိ ဆိုမာလီနိုင်ငံအား အမေရိကန်သည် စိတ်ဝင်စားလာ၏။ ဤသို့ဖြင့် စောစောပိုင်းက ဆိုဗီယက်(ရုရှား)ဘက်ယိမ်းခဲ့သော ဆိုမာလီသည် နောက်ပိုင်းတွင် အမေရိကန်၏ အကူအညီယူ၍ အာဖရိကဒေသအရှေ့ဘက် ကမ်းရိုးတန်းနိုင်ငံများတွင် အင်အားကြီး စစ်တပ်အား ထူထောင်နိုင်ခဲ့သည်။

၁၉၈၀ ပြည့်တွင် အမေရိကန်နှင့် ဆိုမာလီတို့ စာချုပ်ချုပ်ဆိုပြီး ဆိုမာလီစစ်စခန်းများအား အမေရိကန်နိုင်ငံကို အသုံးပြုခွင့်ပေးခဲ့သည်။ အမေရိကန်ကလည်း စစ်ရေး၊ စီးပွားရေးအကူအညီများ ပြန်လည်ပေးအပ်ခဲ့သည်။ ဆိုမာလီနိုင်ငံသည် သံနှင့်အခြားသယံဇာတသတ္တုများ ရှိနေသော်လည်း အနည်းငယ်မျှသာ တူးဖော်ထုတ်လုပ်နိုင်သေးသည်။ ထိုနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ ဖြစ်သော ကင်ညာ၊ အီသီယိုးပီးယားနိုင်ငံတို့နှင့် မတည့်ဘဲ စစ်ပွဲများ မကြာခဏဖြစ်ပွား၏။ နိုင်ငံတွင်းမှာလည်း အစိုးရစစ်တပ်နှင့် လူမျိုးစုသူပုန်များ မကြာခဏ တိုက်ပွဲများဖြစ်ပွားနေ၍ နိုင်ငံစီးပွားရေးမှာ အလွန်ဆိုးရွားနေသည်။စာတတ်မြောက်သော လူဦးရေနှုန်းထားမှာ အလွန်နည်း၏။ ဆိုမာလီနိုင်ငံ၏ နယ်နိမိတ်ချင်းထိကပ်လျက်ရှိသော အီသီယိုးပီးယားနိုင်ငံ၏ အိုဂါဒင်ဒေသနှင့် ဒီဂျီဘူတီနိုင်ငံအတွင်း၌လည်း ဆိုမာလီလူမျိုးများ နေထိုင်လျက်ရှိကြသည်။ ဆိုမာလီအမျိုးသားရေးဝါဒီများ၏ စည်းရုံး ကြိုးကိုင်မြှောက်ပင့်ပေးမှုများက ထိုနိုင်ငံအတွက် ပတ်ဝန်းကျင်နိုင်ငံများနှင့် နယ်နိမိတ်အငြင်းပွားမှုများ၊ လက်နက်ကိုင်တိုက်ပွဲကြီးများ ဖြစ်ပွားလာရတော့သည်။

၁၉၇၇ ခုနှစ်တွင် ပြင်သစ်တို့လက်အောက်မှ အေဒင်ပင်လယ်ကွေ့ရှိ ဒီဂျီဘူတီနိုင်ငံ လွတ်လပ်ရေးရခဲ့သည်။ ထိုနိုင်ငံကို အစ္စဘာ ISSA ဆိုမာလီလူမျိုးများနှင့် ဒီဂျီဘူတီအာဏာခေါင်းဆောင်များ အာဏာခွဲဝေယူရန် သဘောတူခဲ့ကြသည်။

အီသီယိုးပီးယားနိုင်ငံ အိုဂါဒင်ဒေသမှ ဆိုမာလီလူမျိုးများအား ဆိုမာလီအစိုးရမှ မြှောက်ပင့် သွေးထိုးသောအခါ ထိုဒေသ၌ ဆိုမာလီလူမျိုးစုတို့အတွက် တော်လှန်ရေးတစ်ရပ်ပေါ်ပေါက်လာတော့သည်။ ထိုအခါ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျူးဘားနှင့် ဆိုဗီယက် (ရုရှား) နိုင်ငံတို့မှ တပ်သားများ စစ်ရေးအကူအညီများ ပေးအပ်ခဲ့ကြသဖြင့် အီသီယိုးပီးယားတို့ အနိုင်ရရှိခဲ့ကြသည်။

၁၉၈၈ ခုနှစ်တွင် ဆိုမာလီနှင့် အီသီယိုးပီးယားတို့ တိုက်ပွဲများအား ရပ်စဲပြီး သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်လိုက်ကြခြင်းဖြင့် နှစ်နိုင်ငံဖြစ်ပွားနေမှုမှာ ပြီးဆုံးသွားခဲ့သည်။

## ဆိုမာလီပြည်တွင်းစစ်

အိမ်နီးချင်းနိုင်ငံများ၏ ပြဿနာများ ပြီးသွားပြန်သောအခါ နိုင်ငံမြောက်ပိုင်းတွင် သူပုန်ထမှုပေါ်ပေါက်လာခဲ့ပြန်သည်။၁၉၉၁ ခုနှစ်၌ မြောက်ပိုင်းနယ်မြေမှ ယခင် ဗြိတိသျှပိုင်နယ်မြေတစ်ခုက ဆိုမာလီလမ်း အမည်ဖြင့် လွတ်လပ်ရေးကြေညာခဲ့ပြီး မြို့တော်အား ‘ကိုဟာဂေဆာ’ ကို သတ်မှတ်ခဲ့၏။ ထိုနှစ်မှာပင် ဆိုမာလီဗဟိုစစ်အစိုးရ ပြိုကွဲသွားပြီး နိုင်ငံမှ ထွက်ခွာခဲ့ရ၏။ ထိုအချိန်တွင် ဒေသခံ လူမျိုးစုများက ပြဿနာများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖြေရှင်းကြပြီး ဥပဒေများ ရေးဆွဲပြဋ္ဌာန်းခဲ့ကြသည်။ လူမျိုးစုခေါင်းဆောင်များသည် စစ်တပ်ခေါင်းဆောင် စစ်ဘုရင်များ၏အုပ်ချုပ်မှုကိုအမြင်မကြည်လင်ဘဲ ၁၉၈၀ ပြည့်နှစ်လွန်များအတွင်းကပင် အင်အားစုစည်းနေခဲ့ကြသည်။ အစိုးရသည် အာဏာရှင်ဆန်လာသောကြောင့် တော်လှန်ပုန်ကန်မှုများရှိလာ၏။ နိုင်ငံတစ်ဝန်းတွင်လည်း အီသီယိုးပီးယားနိုင်ငံ၏ထောက်ခံမှုဖြင့် ဆူပူအုံကြွမှုများ ဖြစ်ပေါ်လာခဲ့သည်။ အစိုးရအား ဆန့်ကျင်သော စစ်သွေးကြွအဖွဲ့များမှာ လေးဖွဲ့ခန့်ရှိပြီး အကြမ်းမဖက်ဘဲ နိုင်ငံရေးအရ လှုပ်ရှားဆန့်ကျင်သောအဖွဲ့မှာ သုံးဖွဲ့ခန့်ရှိသည်။ ၁၉၉၀ ပြည့်နှစ်တွင် လုံခြုံရေးတင်းကျပ်မှုများ ပိုမိုလာပြီး လူလေးဦးထက်နေ၍ မစုဝေးရဟု တားမြစ်ခဲ့သည်။

လောင်စာဆီ မလုံလောက်မှု [illegible] ဓာတ်ဆီဆိုင်များ၌ ဓမ်တော်



www.burmeseclassic.com

www.burmeseclassic.com

ကားများ အချိန်ကြာမြင့်စွာ တန်းစီနေခဲ့ကြရသည်။ ငွေတန်ဖိုးအကြီးအကျယ်ကျဆင်းသွားသဖြင့် ရိုးရိုးခေါက်ဆွဲတစ်ကီလိုအား အမေရိကန်ဒေါ်လာ (၅) ဒေါ်လာ ပေးခဲ့ရသည်။ ငွေကြေးတန်ဖိုးမရှိသဖြင့် စားသောက်ဆိုင်များတွင် စားသောက်ပြီးနောက် ငွေစက္ကူများ အထုပ်လိုက်၊ အစည်းလိုက်ပေးရ၏။ ငွေအကြွေစေ့များ အသုံးမဝင်သဖြင့် လမ်းများပေါ်တွင် ပြန့်ကျဲနေသည်။

မြို့တော်ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနေသောစက်များအား အစိုးရကရောင်းချပစ်သဖြင့် ညအချိန်တွင် မိုဂါဒစ်ရှူးမြို့တော်တစ်ခုလုံး၌ အမှောင်အတိကျနေ၏။

နေ့အချိန်တွင် မိုဂါဒစ်ရှူးမြို့လမ်းမများပေါ်၌ အစိုးရစစ်တပ်မှ စစ်ကားများမတွေ့ရသော်လည်း ညအချိန်များ၌ နေအိမ်အတွင်း ဝင်ရောက်၍ လူများအား ဝင်ရောက် ဖမ်းဆီးမှုများရှိလာ၏။ ဤသို့ဖြင့် ၁၉၉၁ ခုနှစ်တွင် ဆိုမာလီနိုင်ငံ၌ အလွန်ကြီးကျယ်သောအပြောင်းအလဲများ ဖြစ်ပွားလာခဲ့ရသည်။ ထိုနှစ်တွင် ဘာရေးခေါင်းဆောင်သော အစိုးရအဖွဲ့ကို လူမျိုးစု အခြေခံ အတိုက်အခံများက ဖြုတ်ချပစ်ခဲ့သည်။ အစိုးရပြုတ်ကျသွားပြီး နိုင်ငံမြောက်ပိုင်းအား လွတ်လပ်သောနိုင်ငံတစ်ခု တည်ထောင်ကြသော်လည်း နိုင်ငံခြားအစိုးရများက အသိအမှတ်မပြုခဲ့ကြပါ။

၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလတွင် သမ္မတအလီမက်ဒီမူဟာမက်အား ကြားဖြတ်အစိုးရအဖွဲ့၏ သမ္မတအဖြစ် SOMALI MANIFESTO GROUP က ရွေးချယ် တင်မြှောက်လိုက်သော်လည်း ထိုကိစ္စ အောင်မြင်မှုရရန်အတွက် လအတန်ကြာ ဆက်လက် စောင့်ဆိုင်းနေခဲ့ရ၏။ သို့သော်လည်း UNITED SOMALI CONGRESS၏စစ်ခေါင်းဆောင် ဗိုလ်ချုပ်ကြီး မိုဟာမက်ဖာရာအိုင်ဒစ် SOMALI NATIONAL MOVEMENT ခေါင်းဆောင် အာမက်အလီဘူအာနှင့် SOMALI PATRIOTIC MOVEMENT LEADER ဗိုလ်ချုပ်ကြီး အာမက်အိုမာရက်(စ်)တို့က မက်ဒီမူဟားမက်အား သမ္မတအဖြစ် လက်မခံဘဲ ငြင်းပယ်ခဲ့သည်။

ဤပြဿနာကြောင့် ဆိုမာလီနိုင်ငံရေးအုပ်စုများအကြားတွင် သဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီး အကျိုးဆက်မှာ တရားဝင် ဆိုမာလီသမ္မတအဖြစ် ဆက်လက် တည်ရှိနေသော ဘာရေးကို ဖြုတ်ချရန် ဦးတည်သွားခဲ့သည်။ ဘာရေးနှင့် သူ့ကို ထောက်ခံသော လက်နက်ကိုင်အဖွဲ့များသည် ၁၉၉၂ ခုနှစ်လယ်အထိ နိုင်ငံတောင်ပိုင်း၌ ဆက်လက် နေထိုင်ခဲ့ကြသည်။ ထို့ကြောင့် ဒေသအများစုအတွင်း အငြင်းပွားမှု၊ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေကြပြီး တိုက်ခိုက်ကြရာမှ ပြည်သူများ အငတ်ဘေး ဆိုက်ရောက်ပြီး လူပေါင်း(၄)သိန်းခန့် သေဆုံးခဲ့ကြရသည်။

နိုင်ငံတောင်ပိုင်းရှိ စိုက်ပျိုးရေးနှင့် ရိက္ခာထုတ်လုပ်ရေးလုပ်ငန်းများ ပြည်တွင်းစစ်ကြောင့် ရပ်ဆိုင်းခဲ့ရပြီး စစ်ခေါင်းဆောင်များအချင်းချင်း အပြိုင်အဆိုင် စွပ်စွဲအားပြိုင်မှုသည် နိုင်ငံ၏ အဓိကပြဿနာဖြစ်လာခဲ့သည်။ ဆိုမာလီယာနိုင်ငံဆိုင်ရာ နောက်ဆုံး အမေရိကန် သံတမန် ဂျိမ်း(စ်)ဘစ်ရှော့က -

"အဲဒီနိုင်ငံမှာ ရေအတွက်လည်း ယှဉ်ပြိုင်ရတယ်။ မြက်ခင်းတွေ၊ ကျွဲ၊ နွားတွေအတွက်လည်းယှဉ်ပြိုင်ရတယ်။ အဲဒီယှဉ်ပြိုင်မှုတွေမှာ အရင်က မြားတွေ၊ ဓားရှည်တွေ သုံးကြတယ်။ အခုတော့ AK - 47 သေနတ်တွေနဲ့ ပစ်ခတ်တိုက်ခိုက်လာကြပြီလေ"

ဟု ပြောခဲ့သည်။

၁၉၉၁ ခုနှစ်တွင် စားနပ်ရိက္ခာရှားပါးပြီး အငတ်ဘေးကြီး ကြုံတွေ့ရသောအခါ လူမြောက်မြားစွာ သေဆုံးကြသဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးက ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့များအား အကန့်အသတ်ဖြင့် စေလွှတ်ခဲ့သည်။ ထိုတပ်ဖွဲ့သည် လက်နက်ကိုင်ဆောင်ထားပြီး မိမိကိုယ်မိမိ ကာကွယ်ရန်အတွက်သာ သုံးခွင့်ရှိသဖြင့် ဆန့်ကျင်ဘက်အုပ်စုများက ကြိုဆိုခဲ့ကြသည်။

အကြမ်းဖက်မှုများနှင့် စားနပ်ရိက္ခာပြဿနာများ အကြီးအကျယ် ဖြစ်ပေါ်နေမှုကို လျှော့ချရန်အတွက် အမေရိကန်ပြည်ထောင်စုက ဦးဆောင်ပြီး အဖွဲ့ပေါင်းစုံနှင့် ညှိနှိုင်းကာ နိုင်ငံတောင်ပိုင်းတွင် လူသားချင်းစာနာမှုအကူအညီများအား ပေးအပ်သည်။

အကူအညီပေးရေး ညွန့်ပေါင်းအဖွဲ့သည် ၁၉၉၆ ခုနှစ်တွင် နိုင်ငံတွင်းဝင်ရောက်ပြီး OPERATION PRESTORE ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ထိုဆောင်ရွက်မှုကြောင့် နယ်မြေ တည်ငြိမ်လာပြီး ငတ်မွတ်ခေါင်းပါးမှု လျော့နည်းလာခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် အမေရိကန်တပ်ဖွဲ့များ ဒေသများ ရုပ်သိမ်းခဲ့ပြီးနောက် ကုလသမဂ္ဂ ဦးဆောင်သော ဆိုမာလီအကူအညီပေးရေးအဖွဲ့များဖြင့် အစားထိုး ဆောင်ရွက်ခဲ့သည်။

သို့သော်လည်း မိုဟာမက်ဖာရာအိုင်ဒစ်က ထိုအဖွဲ့များကို သူ၏ရပ်တည်မှုအတွက် အန္တရာယ်တစ်ခုအဖြစ် ရှုမြင်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် အိုင်ဒစ်၏ အဖွဲ့များက ကုလသမဂ္ဂအဖွဲ့များအား စတင်တိုက်ခိုက်တော့သည်။ ကုလသမဂ္ဂအဖွဲ့နှင့် တွဲဖက်ထားသော ပါကစ္စတန်တပ်ဖွဲ့များအား တိုက်ခိုက်ရာတွင် လူပေါင်း (၈၀) ကျော်အထိ သေဆုံးခဲ့ရသည်။ တိုက်ပွဲများသည် မိုဂါဒစ်ရှူးမြို့တော်အထိ ကူးစက်လာပြီး အမေရိကန်တပ်ဖွဲ့ဝင်(၁၉)ဦးနှင့် အရပ်သား(၁၀၀၀)ကျော် သေဆုံးခဲ့ရ၏။ ကုလသမဂ္ဂသည် ငတ်မွတ်နေသော ပြည်သူလူထုအား ရိက္ခာများဝေပေးနိုင်သဖြင့် အငတ်ဘေးမှ လွတ်မြောက်ခဲ့ကြရသော်လည်း တိုက်ပွဲများရပ်ဆိုင်းရန် ကြိုးပမ်းမှုမှာ မအောင်မြင်ခဲ့ပေ။ ၁၉၉၄ ခုနှစ်တွင် အမေရိကန်တပ်ဖွဲ့များသည် လေကြောင်းအကူအညီဖြင့် အိုင်းဒစ်သူပုန်များအား တိုက်ခိုက်ခဲ့ရသည်။ သို့သော်လည်း အောင်မြင်မှုမရဘဲ ကုလသမဂ္ဂအဖွဲ့ ဦးဆောင်သော OPERATION UNITED SHIELD ကို ၁၉၉၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ဖြုတ်သိမ်းပြီး အမေရိကန်တပ်ဖွဲ့နှင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့များ ဆိုမာလီယာနိုင်ငံမှ ဆုတ်ခွာခဲ့ကြသည်။

စစ်ဘုရင်များ ဦးဆောင်သော စစ်အုပ်စုများအချင်းချင်း တိုက်ပွဲများဆက်လက်ဖြစ်ပွားပြီး ၁၉၉၆ ခုနှစ်၊ ဩဂုတ်လတွင် ဗိုလ်ချုပ်ကြီး အိုင်းဒစ် မိုဂါဒစ်ရှူးမြို့၌ အသတ်ခံရသည်။ ပြောဆိုစေ့စပ်၍မရသော ဆိုမာလီစစ်ဘုရင်များသည် အချင်းချင်းတိုက်ခိုက်၍ကောင်းတုန်းပင်တည်း။ နိုင်ငံမှာလည်း မိုးခေါင်ရေရှားသည့်ဒဏ်၊ ပြည်တွင်းစစ်ကြောင့် ပြည်သူများငတ်မွတ်ခြင်း၊ အလုပ်လက်မဲ့ပေါများပြီး ရာဇဝတ်မှုများလည်း ထူပြောလာခဲ့သည်။ ပြည်သူများမှာလည်း နိုင်ငံအား စွန့်ခွာ၍ ထွက်ပြေးခဲ့ကြရသည်။

၂၀၀၉ ခုနှစ်ကုန်ချိန်တွင် ဆိုမာလီစစ်ပြေးဒုက္ခသည် (၆၇၈,၀၀၀) ကို ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက စောင့်ရှောက်ထားရသည်။

ထို့ကြောင့် အီရတ်စစ်ပွဲနှင့် အာဖဂန်နစ္စတန်စစ်ပွဲနောက်ပိုင်း တတိယ



www.burmeseclassic.com

www.burmeseclassic.com

အကြီးဆုံး ဒုက္ခသည်စခန်းအဖြစ် မှတ်တမ်းတင်ခံခဲ့ရသည်။ နိုင်ငံတောင်ပိုင်း တိုက်ပွဲများ ထပ်မံဖြစ်ပွားပြန်သဖြင့် ဆိုမာလီပြည်သူ (၁၃၂,၀၀၀) နိုင်ငံအား စွန့်ခွာထွက်ပြေးခဲ့ရပြီး (၃၀၀,၀၀၀) မှာ အိုးအိမ်မဲ့ဖြစ်ခဲ့ရ၏။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဘူထရို(စ်)ဂါလီနှင့် ဆိုမာလီယာဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်တို့က ဆိုမာလီယာပြည်တွင်းစစ်အတွင်း အရပ်သားများအား သတ်ဖြတ်မှုကို 'လူမျိုးတုံးသတ်ဖြတ်မှု' ဟု ညွှန်းဆိုခဲ့သည်။

၂၀၁၁ ခုနှစ်လယ်ပိုင်း မိုးရာသီနှစ်ခုဆက်၍ မိုးမရွာသဖြင့် နှစ်ပေါင်း (၆၀) အတွင်း အရှေ့အာဖရိကတွင် အကြီးအကျယ်မိုးခေါင်ခဲ့သည်။ သီးနှံစိုက်ခင်းများပျက်စီးပြီး သီးနှံထွက်နှုန်းကျဆင်းခဲ့ရသည်။ အစားအစာ၊ သောက်ရေ၊ လောင်စာဆီဈေးနှုန်းများ ထိုးတက်ခဲ့ပြီး မိုးခေါင်ရာဒေသမှ ပြည်သူများ အသက်ရှင်ရေးအတွက် နိုင်ငံတကာအကူအညီပေးရေးအင်ဂျင်စီများနှင့်အိမ်နီးချင်းများကို အားကိုးနေခဲ့ရ၏။

၂၀၁၁၊ ဇူလိုင်လတွင် ကုလသမဂ္ဂအဖွဲ့က ဆိုမာလီတောင်ပိုင်းဒေသများကို ငတ်မွတ်ခေါင်းပါးနေသော ဒေသအဖြစ် တရားဝင် ကြေညာပေးခဲ့သည်။ မိုက်ကြာဖြန့်ဝေသောအဖွဲ့များကို အစ္စလာမ်စစ်သွေးကြွ(အယ်လ်ရှာဘတ်)အဖွဲ့များမှ မယုံကြည်သဖြင့် ခေတ္တပိတ်ပင်သောအခါ အခြေအနေများ ပိုမိုဆိုးဝါးလာသည်။ ထိုအခါ ကြားဖြတ်ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးများ ပါဝင်သောအမျိုးသားကော်မတီတစ်ရပ် ဖွဲ့စည်းပြီး မိုးခေါင်သည့်ဒေသမှ ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းရန် လေ့လာဆန်းစစ်မှုများ ပြုလုပ်စေခဲ့သည်။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂအဖွဲ့က ဆိုမာလီတောင်ပိုင်း၌ စားနပ်ရိက္ခာပြဿနာ ပြီးဆုံးကြောင်း ကြေညာခဲ့သော်လည်း အခြေအနေများ မပြီးဆုံးသေးကြောင်း သတိပေးခဲ့သည်။ အကူအညီပေးရေးအဖွဲ့များသည် လုပ်ငန်းပြောင်းလဲပြီး ရေတွင်းများ၊ တူးမြောင်းများ တူးဖော်ကာ ရေပေးဝေခြင်းနှင့် မျိုးစေ့များဖြန့်ဝေခြင်းများ ပြုလုပ်ပေးခဲ့ကြသည်။

**အဲ(လ်)ရှာဘတ် စစ်သွေးကြွအဖွဲ့ ပေါ်ထွန်းလာခြင်း**

၂၀၀၀ ပြည့်နှစ်တွင် အသွင်ကူးပြောင်းရေးအမျိုးသားအစိုးရ ဖွဲ့စည်းပြီး ၂၀၀၄ ခုနှစ်တွင် အသွင်ကူးပြောင်းရေးပြည်ထောင်စုအစိုးရ ဖွဲ့စည်းခဲ့သည်။ ထိုအစိုးရသည် ၂၀၀၆ ခုနှစ်၌ အီသီယိုးပီးယားတပ်ဖွဲ့များ၏အကူအညီဖြင့် တောင်ပိုင်းနယ်မြေအများစုကို ထိန်းချုပ်လာခဲ့ကြသည်။ ထိုအခါ ဒေသခံလူမျိုးစုလက်နက်ကိုင်အဖွဲ့များကွဲပြားသွားပြီး အဲ(လ်)ရှာဘတ် ဦးဆောင်သော အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့ ပေါ်ထွန်းလာခဲ့သည်။ အယ်(လ်)ကိုင်ဒါအကြမ်းဖက်သမားများနှင့် ချိတ်ဆက်ထားသော ထိုအဖွဲ့သည် ၁၉၉၀ ပြည့်နှစ်လွန်များက အိုင်ဒစ်ဦးဆောင်သောအဖွဲ့ကဲ့သို့ပင် တိုက်ပွဲများဖော်ဆောင်၍ တောင်ပိုင်းဒေသများစွာနှင့် ဆိုမာလီ၏အဓိကဆိပ်ကမ်းမြို့ ကစ္စမာရိုအား ထိန်းချုပ်ထားပြီး ထိုမှတစ်ဆင့် မြို့တော် မိုဂါဒစ်ရှူးအား ထိန်းချုပ်လာကြတော့သည်။ ဤတွင် အစိုးရတပ်ဖွဲ့ဖြစ်သည့် အာဖရိကညီညွတ်ရေးတပ်မတော်က အစ္စလာမ္မစ်စစ်သွေးကြွများအား လိုက်လံချေမှုန်းတိုက်ခိုက်ကြတော့သည်။ အမြောက်ကြီးများပေါက်ကွဲသံ၊ လက်နက်ငယ်များပစ်ခတ်သံ၊ ဗုံးကျည်များပေါက်ကွဲသံနှင့် တိုက်လေယာဉ်များပေါ်မှပုံးကြဲသံများက မိုဂါဒစ်ရှူးမြို့တော်အား စစ်မြေပြင်အဖြစ် ပြောင်းလဲသွားစေခဲ့သည်။

နောက်ဆုံး -

အာဖရိကညီညွတ်ရေးတပ်မတော်၏ အပြင်းအထန် ဗုံးကြဲတိုက်ခိုက်ခြင်းကိုမခံနိုင်၍ အဲ(လ်)ရှာဘတ်၏ အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့သည် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ၌ မြို့တော် မိုဂါဒစ်ရှူးမှ ဆုတ်ခွာသွားရတော့သည်။ သူတို့အင်အား နည်းသွားသည် မှန်သော်လည်း လုံးဝနှိမ်နင်းသွားရခြင်း မဟုတ်ပါ။ မိုဂါဒစ်ရှူးနှင့် လက်တစ်ဆုပ်စာမြို့တို့သာ အစိုးရ၏ လက်ထဲတွင်ရှိသည်။ တောင်ပိုင်းဒေသအများအပြားနှင့် အဓိကဆိပ်ကမ်း ကစ္စမာရိုကို အဲ(လ်)ရှာဘတ်အဖွဲ့က ထိန်းချုပ်ထားဆဲပင်တည်း။

**ဆိုမာလီယာကမ်းလွန်ပင်လယ်ပြင်၌ ပင်လယ်ဓားပြလုပ်ငန်း ပေါ်ပေါက်လာခြင်း**

ဆိုမာလီယာနိုင်ငံတွင် ဗဟိုအစိုးရ၏ အာဏာပြိုလဲသွားပြီး ပြည်တွင်းစစ်ဖြစ်ပွားခြင်းသည် ဆိုမာလီကမ်းလွန်ပင်လယ်ပြင်၌ ပင်လယ်ဓားပြပြဿနာ အကြီးအကျယ် ဖြစ်ပေါ်စေခဲ့ပါသည်။ ပင်လယ်ဓားပြတိုက်ခြင်းသည် နိုင်ငံခြားငါးဖမ်းသင်္ဘောများ ငါးခိုးဖမ်းခြင်းအား ဒေသခံ ရေလုပ်သားများက တုံ့ပြန်မှုကို အခြေခံ၍ဖြစ်ပေါ်လာခြင်းဖြစ်ပြီးနောက်ပိုင်းတွင် ပင်လယ်ဓားပြလုပ်ငန်း ဖြစ်လာစေခဲ့သည်။

ထို့ပြင် ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၌ ဆူနာမီလှိုင်းဒဏ်ကြောင့် လှိုင်းလုံးကြီးများ ဖြစ်ပေါ်ပြီး ဒေသခံတို့၏ ငါးဖမ်းလုပ်ငန်း ပျက်စီးခြင်းသည်လည်း ပင်လယ်ဓားပြလုပ်ငန်း ကြီးထွားလာရန် အားပေးခဲ့သည်။

ဆိုမာလီ ကမ်းလွန်ပင်လယ်ပြင်၌ ဖြတ်သန်း ခုတ်မောင်းသော နိုင်ငံတကာ ကုန်သွယ်ရေကြောင်း သင်္ဘောများနှင့် ရေနံတင်သင်္ဘောများကို အုပ်စုဖွဲ့၍ ဓားပြတိုက်ခြင်းလုပ်ငန်း ကြီးထွားလာသောအခါ နိုင်ငံပေါင်းစုံ ပါဝင်သော ရေတပ်အဖွဲ့များက ပူးပေါင်း၍ အေဒင်ပင်လယ်ကွေ့တွင် Maritime Sewrity Patrol Ares (MSPA) သတ်မှတ်ပြီး ကင်းလှည့်တားဆီးရန် ကြိုးစားခဲ့ကြ၏။ ထိုလှုပ်ရှားမှုတွင် ဆိုမာလီအရှေ့မြောက်ပိုင်းရှိ နိုင်ငံများမှ အစိုးရများကလည်း ပါဝင်လာသဖြင့် သိသိသာသာ အောင်မြင်မှုရလာခဲ့သည်။ ၂၀၁၀ ပြည့်နှစ်အတွင်း ဖြစ်ပွားခဲ့သော ပင်လယ်ဓားပြတိုက်မှုများစွာကို ဖမ်းဆီးနိုင်ခဲ့ပြီး ထင်ရှားသော ပင်လယ်ဓားပြခေါင်းဆောင်တစ်ယောက်ကိုလည်းဖမ်းဆီးနိုင်ခဲ့သည်။

ပင်လယ်ဓားပြတို့သည် ဆိုမာလီယာရေလုပ်သားများကို အခြေခံ၍ ပေါ်ပေါက်လာသည်ဆိုသော်လည်း ဒေသခံလက်နက်ကိုင်အဖွဲ့များက ဓားပြအဖွဲ့များဖွဲ့စည်းကာ ပင်လယ်ပြင်သို့စေလွှတ်ပြီး ရန်ပုံငွေရှာဖွေစေသည် ဟူသော သတင်းများလည်း ပေါ်ထွက်ခဲ့သည်။

ယခုအခါ ပင်လယ်ဓားပြများသည် Galmudug ဒေသအနီးဝန်းကျင်ရှိ Hobyo၊ El Damaan နှင့် Harardhere ဒေသတွင် အဓိက လှုပ်ရှားနေကြောင်း သိရသည်။

၂၀၁၀ ပြည့်နှစ် ပထမနှစ်ဝက်အတွင်း ဒေသဆိုင်ရာအစိုးရများက နယ်မြေအတွင်း ကင်းလှည့်ခြင်းနှင့် ပင်လယ်ပြင်တွင် နိုင်ငံတကာ ရေတပ်သင်္ဘောများက လှည့်လည် စောင့်ကြပ်ခြင်းများကြောင့် အေဒင်ပင်လယ်ကွေ့တွင် ပင်လယ်ဓားပြတိုက်မှု သိသိသာသာ လျော့နည်းသွားပြီး ယခင်နှစ်က (၈၆) မှုရှိခဲ့ရာမှ ယခုနှစ်တွင် (၃၃) မှုသာရှိတော့

www.burmeseclassic.com

ကြောင်း သိရသည်။

ဤသည်မှာ လုံခြုံရေးတိုးမြှင့်ခြင်းကြောင့် လျော့နည်းသွားခြင်းမဟုတ်ဘဲ နေရာပြောင်းရွှေ့သွားခြင်းကြောင့် ဖြစ်နိုင်သည်ဟု ယူဆကြသည်။ ၂၀၁၁ခုနှစ်၊ အောက်တိုဘာလတွင် ဆိုမာလီစစ်တပ်နှင့် ကင်ညာနိုင်ငံစစ်တပ်တို့ ပူးပေါင်းပြီး ဆိုမာလီတောင်ပိုင်းရှိ အဲ(လ်)ရှာဘတ် စစ်သွေးကြွအုပ်စုများကို စစ်ဆင်ရေးပြုလုပ်ပြီး တိုက်ခိုက်ခဲ့ရာ ဆိုမာလီစစ်တပ်က တရားဝင်ဦးဆောင်ပြီး ကင်ညာအဖွဲ့က အကူအညီပေးရေးတာဝန်ကို ထမ်းဆောင်ခဲ့ကြသည်။

၂၀၁၂ ခုနှစ်၊ ဖွန်လဆန်းတွင် ကင်ညာတပ်ဖွဲ့များ ပါဝင်ပူးပေါင်းနေသော်လည်း အာဖရိကသမဂ္ဂမှ တပ်ကူများ ရရှိလျှင် ဆိုမာလီတပ်ဖွဲ့များ ပိုမိုထိန်းချုပ်လာနိုင်မည်ဟု သုတေသီများက မျှော်လင့်နေကြသည်။ ယခုအခါ ဥရောပသမဂ္ဂစစ်ဆင်ရေး (၃) ခုသည် ဆိုမာလီယာတပ်များနှင့် ပူးပေါင်း၍ ထိုးစစ်ဆင်လျက်ရှိကြောင်း သိရ၏။

သတင်းတစ်ပုဒ်အရဆိုလျှင်-

ကမ္ဘာ့နိုင်ငံကြီးအချို့၌ ကုန်တင်သင်္ဘောများအား အာမခံလုပ်သည့် ကုမ္ပဏီများရှိသည်။ သင်္ဘောသားများ ထိခိုက်ဒဏ်ရာရ၊ အသက်အာမခံမှအစ တင်ဆောင်လာသော ကုန်ပစ္စည်း၊ သင်္ဘော၏အထွေထွေချို့ယွင်းမှု၊ သဘာဝမုန်တိုင်းဘေးဒဏ်မှအစ အာမခံထားကြသည်။ သင်္ဘောအတော်များများက ပင်လယ်ဓားပြများနှင့် ပတ်သက်၍ အာမခံမထားကြ။

ထိုအာမခံကုမ္ပဏီကြီးအချို့တို့က ဆိုမာလီပင်လယ်ဓားပြများနှင့် လျှို့ဝှက်ဆက်သွယ်ကြပြီး သင်္ဘောများအား ဓားပြတိုက်စေရန် သွေးထိုးမြှောက်ပင့်ပေးကြသည်ဟု သတင်းထွက်လာမှုရှိသည်။

ယခုအခါမှာတော့ သင်္ဘောအများစုမှာ ဓားပြရန်အတွက် အာမခံများထားရှိလာရတော့သည်။ ပုဂ္ဂလိကလက်နက်လုံခြုံရေးကုမ္ပဏီများသည် သင်္ဘောပေါ်မှာ အစောင့်လိုက်ခြင်းဖြင့် အကျိုးဖြစ်ထွန်းလာကြလေတော့သည်။ ဆိုမာလီဓားပြများကလည်း စီးပွားဖြစ်မှန်း သိလာကြသောကြောင့် ပို၍အတင့်ရဲလာကြသည်။ ဓားပြတိုက်ရုံမက လူသတ်သည်အထိ ဆိုးဝါးလာကြ၏။

အမေရိကန်နိုင်ငံသားများ ရွက်လွှင့်လာသော ရွက်လှေအား ပြန်ပေးဆွဲပြီး ပါလာသူ အမေရိကန်နိုင်ငံသား (၄) ဦးအား သတ်ဖြတ်ပစ်လိုက်ကြသည်။

**ကမ္ဘာ့ကုန်သွယ်ရေကြောင်းလောကနှင့် အေဒင်ပင်လယ်ကွေ့**

ထိုအခါ ကမ္ဘာ့ကုန်သွယ်ရေကြောင်းလောက၌ ပြဿနာဖြစ်တော့သည်။ အေဒင်ပင်လယ်ကွေ့အား ရှောင်ပြီး အာဖရိကတိုက်ကိုပတ်၍ ဥရောပတိုက်သို့ သွားခဲ့သော် ကုန်သွယ်ရေကြောင်းလောကသည် ၁၉ ရာစုနှောင်းပိုင်းသို့ ပြန်လည်ရောက်ရှိသွားနိုင်သည်။

သို့ဖြစ်၍ အမေရိကန်၊ ဗြိတိန်၊ တရုတ် အစရှိသည်တို့နှင့် ဥရောပတိုက်နိုင်ငံများပါဝင်သော နိုင်ငံစုံရေတပ်သည် အေဒင်ပင်လယ်ကွေ့၌ ကင်းလှည့်စောင့်ကြပ်ရတော့သည်။ သို့သော်လည်း မိုင်ပေါင်း ထောင်ချီရှည်လျားသော ဆိုမာလီကမ်းရိုးတန်း၌ စေ့စေ့စပ်စပ် မစောင့်ကြည့်နိုင်သောကြောင့် လစ်ဟာသွားသည်နှင့် ဆိုမာလီဓားပြများကလည်း သောင်းကျန်းကြသည်။ ဓားပြများသည် ကုန်သည်သင်္ဘောများအပြင် အနီးဝန်းကျင်နိုင်ငံများဖြစ်သော ကင်ညာ၊ တန်ဇန်နီးယား၊ ယီမင်နိုင်ငံများမှ ကမ်းဝေးငါးဖမ်းသင်္ဘောများကိုလည်း ဓားပြတိုက်သည်။

ထို့အတွက် ဆိုမာလီကမ်းရိုးတန်းမိုင်(၁၀၀၀)ကျော်မှာ မည်သူမျှ ငါးလာမဖမ်းရဲတော့။ ဓားပြများက တစ်ခါတစ်ရံ သူများနိုင်ငံရေပိုင်နက်ထဲအထိ ဝင်ရောက်၍ ပြန်ပေးဆွဲ ဓားပြတိုက်ကြသေးသည်။ နိုင်ငံတကာရေတပ်များကလည်း ကြပ်ကြပ်မတ်မတ် စောင့်ကြည့်ကင်းလှည့်၍ ကုန်သင်္ဘောများကို စောင့်ရှောက်ပေးကြသည်။ မသင်္ကာသည့်ငါးဖမ်းလှေများ၊ ငါးဖမ်းသင်္ဘောများကိုဖမ်းဆီး၍ စစ်ဆေးသည်။ ဓားပြများသည် ငါးဖမ်းလှေများအသွင် ဟန်ဆောင်၍ အေဒင်ပင်လယ်ကွေ့၌ သွားလာနေကြသည်။ ငါးဖမ်းသင်္ဘောများကိုလည်း အပိုင်စီး၍ ပင်လယ်ထဲ၌ စခန်းချကြသည်။ ပိုင်မည်ထင်သည့်သင်္ဘောအား တက်ပြီးဓားပြတိုက်၏။

**လုံခြုံရေးငှားရမ်းခြင်း**

ယခုအခါမှာတော့ ကုန်တင်သင်္ဘောများသည် စူးအက်ဆိပ်ကမ်းမှ လက်နက်ကိုင်လုံခြုံရေးများ ငှားရမ်း၍ တင်ဆောင်လာကြပါတော့သည်။

အခကြေးငွေယူပြီး လုံခြုံရေးအစောင့်လိုက်ပေးသောကုမ္ပဏီများ ပေါ်ပေါက်လာကြသည်။ သင်္ဘောတစ်စီးလျှင် လက်နက်ကိုင်ရိယာအပြည့်အစုံဖြင့် အစောင့် (၃) ယောက်မှ (၅) ယောက်အထိ လိုက်ပါ စောင့်ကြပ်ပေးကြသည်။ ပင်လယ်နီကိုဖြတ်၍ အေဒင်ပင်လယ်ကွေ့လွန်ပြီး တောင်အာဖရိကသို့သွားမည့် သင်္ဘောများက တန်ဇန်နီးယား၌ အစောင့်များဆင်းနေခဲ့ကြသည်။ အရှေ့အာရှ၊ အိန္ဒိယသို့သွားမည့်သင်္ဘောများက အိန္ဒိယတောင်ဘက်စွန်းဆိပ်ကမ်းမြို့များ၌ဆင်းနေခဲ့ကြသည်။ တချို့သင်္ဘောများကလည်း စစ်သင်္ဘောများနှင့်ကပ်၍ လိုက်ကြသည်။

ဤကဲ့သို့ ကြပ်မတ်နေသည့်ကြားမှပင် ဆိုမာလီဓားပြများသည် သင်္ဘောပြန်ပေးဆွဲခြင်း၏ အရသာကို သိနေကြ၍ လည်းကောင်း၊ ဒေါ်လာငွေ သန်းနှင့်ချီ၍ လွယ်လွယ်ရကြသဖြင့် အာဖရိကအရှေ့ဘက်ကမ်းရိုးတန်း၊ ပါရှန်ပင်လယ်ကွေ့၊ အာရေဗီးယန်းပင်လယ်ပြင်အထိ ထွက်ပြီး ဓားပြတိုက်ကြတော့သည်။ ကမ်းဝေးငါးဖမ်းသင်္ဘောတစ်စီးအား အပိုင်စီး၍ ပင်လယ်ပြင်မှာ မျှောနေရင်းဖြင့် လုံခြုံရေးအစောင့် မပါရှိသောသင်္ဘော၊ နိုင်ငံစုံရေတပ်များ လစ်သည့်အခါကာလ၌ လှုပ်ရှားကြပြန်သည်။ ယနေ့အချိန်အခါအထိ ဆိုမာလီဓားပြများ၏ အန္တရာယ်သည် မငြိမ်းသေးပါ။ ကုလသမဂ္ဂမှ ဤနိုင်ငံအား ပြင်းပြင်းထန်ထန် အရေးယူမှသာ ဆိုမာလီဓားပြရန် အေးငြိမ်းသွားမည် ထင်မိပါသည်။

ယခုဖော်ပြမည့် သင်္ဘောပြန်ပေးဆွဲမှုသည် ပါရှန်ပင်လယ်ကွေ့အလွန်တွင် ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။ ဆိုမာလီဓားပြများအပြင် အီရန်ငါးဖမ်းသင်္ဘောနှင့် အီရန်လူမျိုးများပါ အလိုတူအလိုပါပေါင်း၍ ဓားပြတိုက်ကြခြင်း ဖြစ်သည်။ သို့သော် ထိုဓားပြများ၏ အကြံအစည် မအောင်မြင်ခဲ့ပါ။ ကိုရီးယားကပ္ပတိန်နှင့် သင်္ဘောသားများ၏ပါးနပ်မှု၊ ကိုရီးယားရေတပ်၏ စွန့်စားမှုများကြောင့် ဆိုမာလီဓားပြများကို လည်းကောင်း၊ အီရန်ငါးဖမ်းသင်္ဘောနှင့် အီရန်ဓားပြများကိုလည်းကောင်း အသေ၊ အရှင် ဖမ်းဆီးရမိခြင်း ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ဓားပြများသည်လည်း သူတို့လိုချင်တာ မရလျှင် သင်္ဘောအား ဒုံးကျည်ဖြင့် ပစ်ခတ်၍ ဖျက်ဆီးခြင်း၊ လူသတ်ခြင်းများ ပြုလုပ်ကြသဖြင့် သူတို့ခံရမည့်အလှည့်ရောက်လျှင်လည်း ပြန်လည်၍ အလျော်ပေးကြရမည်သာ ဖြစ်ပါတော့သည်။

(ဆက်ရန်)

သန့်ဇင်



www.burmeseclassic.com

www.burmeseclassic.com

△ ဗြိုရတနာ-ဆရာဇေယျာလင်း

# ဂန္ဓာရီဝိဇ္ဇာမယပညာနှင့် ရန်အောင်မြင်ဂါထာ



ဂါထာမန္တန်တို့ဆိုသည် ယခုမှ ပေါ်ပေါက်လာသည် မဟုတ်။ ဂေါတမ ဗုဒ္ဓဘုရားရှင် ပွင့်တော်မမူမီ ရှေးပဝေသဏီ အတီတေကာလ ရှည်ကြာလှသော အချိန်အခါများကတည်းက ပေါ်ပေါက်နေခြင်း ဖြစ်သည်။ အကြောင်းအသို့ဆိုသော် ဘုရားရှင် နုစဉ်ကာလ အခါသမယများဖြစ်သော အလောင်းတော်ဘဝများစွာကတည်းက ဂါထာမန္တန်မန္တရားတို့ရှိခဲ့ကြောင်း ငါးရာငါးဆယ်နိပါတ်တော်လာ ဇာတကဝတ္ထုတော်များတွင် ဘုရားရှင် အတိအလင်း ထုတ်ဖော်ဟောကြားခဲ့သည်များ အထင်အရှားရှိခဲ့သောကြောင့်ပင်။ ဤသို့ဖြင့် ဂါထာမန္တန်တို့သည် ကမ္ဘာ့လူသားအပေါင်းတို့ထံ၌ လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ ထွန်းကားသော ဂမ္ဘီရဝိဇ္ဇာမယပညာတို့၏ သဘောသဘာဝများအရ ကွဲပြားခြားနားစွာရှိနေကြ၊ ဆောင်ယူရွတ်ပွားနေကြသည်သာ ဖြစ်ပါသည်။

အထူးသဖြင့် ကျွန်ုပ်တို့ မြန်မာနိုင်ငံ အပါအဝင် အရှေ့တိုင်းနိုင်ငံများ၌ ဂါထာမန္တန်များ ဆောင်ယူရွတ်ပွားခြင်းသည် အနောက်နိုင်ငံများထက် သာလွန်သည်ဟု ဆိုနိုင်ပါသည်။ အရှေ့တိုင်းနိုင်ငံများ၌လည်း မြန်မာ၊ ထိုင်း၊ အိန္ဒိယ၊ တိဗက် စသော နိုင်ငံသားများသည် ဂါထာမန္တန်များကို ပိုမို လက်ခံယုံကြည် ဆောင်ယူလေ့ရှိကြသည်ဟုဆိုနိုင်ပါသည်။ အထူးသဖြင့် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုး အများစုတို့သည် ဂါထာမန္တန်တို့နှင့် မစိမ်းလှ။ ဂါထာမန္တန်များကို ဆောင်ယူရွတ်ပွားလေ့ရှိကြသည်။ အနည်းဆုံးတော့ သဝေမပါဂါထာခေါ် သရဏဂုံဂါထာ၊ ဂုဏ်တော်ကိုးပါး၊ သမ္ဗုဒ္ဓေဂါထာများလောက်တော့ လူအတော်များများ သိကြ၊ ဆောင်ယူ ရွတ်ပွားလေ့ရှိတတ်ကြလေသည်။ သို့သော် ဂါထာမန္တန်များကို ရွတ်ခြင်းဖြင့် အကျိုးရှိသည်ဟု ယုံကြည်သူများရှိသလို မယုံကြည်တွေလည်း ရှိပါသည်။

ဂါထာမန္တန်များကိုရွတ်၍ အကျိုးရှိသည်၊ မရှိသည်၊ ယုံသည်၊ မယုံသည်မှာ သက်ဆိုင်ရာ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ တစ်ယောက်ချင်းစီ၏ကိုယ်ပိုင်လွတ်လပ်စွာတွေးခေါ်နိုင်ခွင့်၊ ယုံကြည်နိုင်ခွင့်အရ ယုံပါ၊ မယုံပါနှင့်ဟု မပြောလိုပါ။ သို့သော် ကျွန်ုပ်တို့၏ မြန်မာရာဇဝင်တွင် ထင်ရှားသော တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခဲ့သည့် ရှင်ဘုရင်များပင် ဂါထာများကို ဆောင်ယူ ရွတ်ပွားလေ့ရှိခဲ့သောကြောင့် တိုင်းပြည်အုပ်ချုပ် မင်းလုပ်နိုင်သည်အထိ အောင်မြင်ပေါက်မြောက်ခဲ့သည်ဟု ဆိုစမှတ်ပြုခဲ့သော ရာဇဝင်သမိုင်းကြောင်းလေးများရှိခဲ့ဖူးပါသည်။

ထိုအကြောင်းကို စကားအလျဉ်းသင့်၍ အနည်းငယ် ဖော်ပြောရပါမူ ဆင်ဖြူရှင် ဘုရင့်နောင် ကျော်ထင်နော်ရထာမင်းတရားကြီး၏သားတော်အငယ်တစ်ပါးဖြစ်သော မောင်သစ္စာအမည်ရှိသော ညောင်ရမ်းမြို့စားလေးတစ်ဦး၏ အကြောင်းကို ပြန်ပြောင်းပြောရမည် ထင်ပါသည်။

ဖခမည်းတော် ဆင်ဖြူရှင် ဘုရင့်နောင်မင်းကြီး သက်ရှိထင်ရှားရှိစဉ်က မောင်သစ္စာသည် ညောင်ရမ်းမြို့စားလေးဘဝ၌သာရှိပါသည်။ ဘုရင့်နောင်မင်းကြီး နတ်ရွာစံလွန်ပြီးနောက် အိမ်ရှေ့ဥပရာဇာသည် ဟံသာဝတီပြည့်ရှင် နန္ဒဘုရင်ဟု ဖြစ်လာပါသည်။ ထိုစဉ်က ပဲခူးဟံသာဝတီတွင် လောကီလောကုတ္တရာ နှစ်ဖြာသွယ် စွယ်စုံရ ဘွဲ့အမည်အရှင်နန္ဒသာရရှိပြီး ဗားမဲ့ဆရာတော်ဟု အမည်ကျော်သော ရဟန်းတော်တစ်ပါး ရှိခဲ့သည်။

တစ်ခါသော် နန္ဒဘုရင် စိတ်အလိုမကျရှိသည်နှင့် ဗားမဲ့ဆရာတော်ကို နယ်သို့ စေလိုက်သည်။

သို့နှင့် ဗားမဲ့ဆရာတော်သည် ညောင်ရမ်းသို့ ရောက်လာသောအခါ ညောင်ရမ်းမြို့စားလေး မောင်သစ္စာက ဆရာတော်ကို ကြည်ညို ချဉ်းကပ် ကိုးကွယ်လေတော့သည်။ ထိုအခါ ဗားမဲ့ဆရာတော်သည် ညောင်ရမ်းမြို့စားအား ဂါထာတစ်ပုဒ်စီရင်လျက် အမြဲရွတ်ပွားစေခဲ့လေသည်။ ထိုဂါထာကား နောင်အခါ အောင်ခြင်းရှစ်ပါးအချုပ်ဂါထာဟု ထင်ရှားလာသော ဂါထာတော်မြတ်ဖြစ်လေသည်။ ထို့နောက် ညောင်ရမ်းမြို့စားလေး မောင်သစ္စာလည်း ထိုအောင်ခြင်းရှစ်ပါးအချုပ်ဂါထာကို မပြတ်ဆောင်ယူရွတ်ပွားခဲ့လေရာ နောင်သော် ဒုတိယအင်းဝခေတ်ကို ထူထောင်နိုင်ခဲ့သော ရတနာပူရ အဝမြို့ ရွှေနန်းရှင် ညောင်ရမ်းမင်းတရားကြီးအဖြစ် ရာဇဝင်၌ ထင်ရှားကျော်ကြားသော မင်းတစ်ပါးဖြစ်ခဲ့သည်ဟု ဆိုစမှတ်တွင်ခဲ့ပေသည်။

ထိုညောင်ရမ်းတရားကြီးကဲ့သို့ပင် ဂါထာမန္တန်တစ်ခုကို စွဲမြဲစွာဆောင်ယူရွတ်ပွားခဲ့သဖြင့် သာမန်မြို့စားနယ်စားလေးဘဝမှ ထီးနန်းအုပ်ချုပ် မင်းလုပ်ခဲ့ရသည်အထိ အောင်မြင်မှုရခဲ့သောသူတစ်ဦးလည်း မြန်မာရာဇဝင်တွင်ရှိပါသေးသည်။ ထိုသူကား စလင်းမြို့စား စည်သူကျော်ထင်ပင် ဖြစ်ပါသည်။

မြန်မာနှစ် ၈၈၈ ခုနှစ်၌ အင်းဝဘုရင် နရပတိ နတ်ရွာစံခဲ့ပါသည်။ ထိုအခါ အင်းဝမင်းဆက်ပြတ်ပြီး မိုးညှင်းစလုံသား သိုဟန်ဘွား အင်းဝရွှေနန်းကို တက်၍ မင်းပြုခဲ့ပါသည်။ သိုဟန်ဘွားသည် စည်သူကျော်ထင်ကို စလင်းမြို့အား အပိုင်စားပေးခဲ့လေသည်။ ထိုစည်သူကျော်ထင်သည် မည်မျှပင် အလုပ်များများ ရှင်းရွတ်ဆိုနေကျ ဂါထာကို နေ့စဉ် အခေါက်ရေ တစ်ထောင်မပြည့်ပြည့်အောင် ရွတ်ဖတ်သရဇ္ဈာယ်ပွားများလေ့ရှိသည်ဟု ဆိုပါသည်။ ထိုသို့ဖြင့် မြန်မာနှစ် ၉၀၇ ခုနှစ်တွင် စစ်ကိုင်းမြို့ကို အောင်နိုင်ခဲ့ပြီး စစ်ကိုင်းမင်းအဖြစ် မင်းပြုခဲ့သည်။ မင်းဖြစ်သည့်တိုင်အောင်လည်း စည်သူကျော်ထင်သည် သူရွတ်နေကျ ဂါထာတစ်ထောင်မပြည့်လျှင် ညီလာခံ၌ပင် ပြည့်အောင်ဆက်ရွတ်လေ့ရှိသည် ဆိုပါသည်။ သို့နှင့် နောက်ဆုံး မြန်မာနှစ် ၉၁၃ ခုနှစ်တွင်ကား အင်းဝရွှေနန်းကိုပင် တိုက်ယူအောင်မြင်ပြီး နရ



www.burmeseclassic.com

www.burmeseclassic.com

ပတိ ဆိုသောအမည်နှင့် အဝထီးနန်းကို သိမ်းမြန်းစိုးစံခဲ့ရလေတော့သည်။ ဤသို့ စည်သူကျော်ထင်သည် သာမန်အရပ်သား အဝမှ မြို့စား၊ တစ်ဖန် မြို့စားဘဝမှ အဝရွှေနန်းရှင်ဖြစ်သည်အထိ အဆင့်ဆင့် အောင်သရဖူများ ဆောင်းယူလာနိုင်ခြင်းမှာ သူ နေ့စဉ် တစ်ထောင်ပြည့်အောင် ရွတ်ပွားနေလေ့ရှိသော ဂါထာတော်ကြောင့်ဟု ဆိုစမှတ်ရှိပေသည်။

ထိုသို့ စည်သူကျော်ထင်အား သာမန်အရပ်သား အဝမှ မြို့စား၊ မြို့စားဘဝမှ တစ်ဖန် ရွှေထီးရွှေနန်းရှင်ဘုရင်ဖြစ်သည်အထိ သူ့အား အောင်မြင်မှုများရစေရန် နေ့စဉ် တစ်ထောင်ပြည့်အောင် သူရွတ်ပွားပူဇော်ခဲ့သော ဂါထာကား ယခုတင်ပြခဲ့သော ရန်အောင်မြင်ဂါထာပင် ဖြစ်ပါသည်။ ဤရန်အောင်မြင်ဂါထာကို သာမန်အရပ်သားဘဝမှသည် ရှင်ဘုရင်ဖြစ်သည်အထိ၊ သူသေသည်အထိ နေ့စဉ် အခေါက်တစ်ထောင်ပူဇော်ခဲ့လေသည်။ စည်သူကျော်ထင်သည် ထိုဂါထာ၏တန်ခိုးတေဇော်အာနုဘော်ကြောင့် အဝတွင် အောင်မြင်မှုကြီးမားစွာ ရရှိခဲ့သလို အသက်ဘေးရန်အန္တရာယ်မှလည်းလွတ်မြောက်ချမ်းသာခဲ့ရလေသည်။ သို့ဖြစ်ရာ ဂါထာမန္တန်တို့ကို ရွတ်ပွားဆောင်ယူခြင်းဖြင့် အကျိုးရှိသည်၊ မရှိသည်ကို ဤမြန်မာ့ရာဇဝင်တွင် စာတင်ခဲ့ရသော မင်းနှစ်ပါးတို့၏ဖြစ်ရပ်သာဓကတို့ကိုသာကြည့်၍ ဝေဖန်ပိုင်းခြားကြပါတော့ဟုသာဆိုချင်ပါသည်။

သို့သော် တစ်ခုပြောရန်ရှိသည်ကား ဂါထာမန္တန်ပင်ဖြစ်စေ၊ ဂန္ဓာရီဝိဇ္ဇာမယကျင့်စဉ်ပညာစဉ်များပင်ဖြစ်စေ အခုရေတွင်းတူး အခု ရေသောက်လို့တော့ မရချေ။ ဂါထာမန္တန်တို့ဟူသည် မှန်ကန်စွဲမြဲစွာ ဆောင်ယူရွတ်ပွားလေပါမှ သက်ဆိုင်ဂါထာမန္တန်တို့ထံမှမ်းထားပြီး အကျိုးပေးသန်လာ၊ သိဒ္ဓိတန်ခိုးအကျိုးထူးများကို ပေးလာလေ့ရှိပေသည်။ သို့အားလျော်စွာ မည်သည့်ဂါထာမန္တန်ကို စွဲမြဲစွာ ဆောင်ယူရွတ်ပွားရန် စဉ်းစားရွေးချယ်၍မရဘဲ ဟိုဟာလေးကောင်းနိုး၊ ဒီဟာလေးကောင်းနိုးဖြင့် ယောင်လည်လည် စမ်းတဝါးဝါးဖြစ်နေသော စာဖတ်ပရိသတ်များနှင့်အများပြည်သူတို့အကျိုးအတွက် ကျွန်ုပ်သည် ယခုကဲ့သို့ ဂါထာမန္တန်များ၏နောက်ခံသမိုင်း၊ ယင်းတို့၏အကျိုးတန်ခိုးသိဒ္ဓိများနှင့် သိဒ္ဓိတန်ခိုးအမျိုးမျိုးတို့ကို ရယူပိုင်ဆိုင်နိုင်ရန် စီရင်အားထုတ်နေကြသည့် ဂန္ဓာရီဝိဇ္ဇာမယပညာရှင်ကြီးများ ယင်းဂါထာမန္တန်တို့ကို မည်မျှ ယုံကြည် ကိုးစား အားထားသုံးစွဲစီရင်နေသည်များကို ဖော်ထုတ်ပြခြင်းဖြင့် စာဖတ်သူ ပရိသတ်အပေါင်းတို့ ကိုယ်နှင့်သင့်ရာ၊ကြိုက်နှစ်သက်ရာဂါထာမန္တန်တို့ကို ရွေးချယ်အသုံးပြုနိုင်ကြပါစေဟူသော စေတနာအရင်းခံရည်သန်လျက် ဂါထာမန္တန်များမှ သင့်နိုးရာရာ၊ ကောင်းနိုးရာရာတို့ကို မိတ်ဆက်တင်ပြပေးနေခြင်း ဖြစ်ပါလေသည်။

ဤသို့ အထက်တွင်တင်ပြခဲ့သည့်အတိုင်း စည်သူကျော်ထင်အား သာမန်အရပ်သားဘဝမှ မြို့စား၊ မြို့စားဘဝမှ ဘုရင်မင်း ဖြစ်လာသည်အထိ အကျိုးပေး အစွမ်းပြခဲ့သော စည်သူကျော်ထင်အမြဲဆောင်ယူရွတ်ပွားခဲ့သည့် ရန်အောင်မြင်ဂါထာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ရန်အောင်မြင်ဂါထာတော်**

ပထဝီ ဗလ သုန္ဒရီ၊
သဗ္ဗညုဗောဓိမဏ္ဍလေ၊
အသင်္ချေယံ မာရသေနံ၊
ဇေယျော ဇေယျတု မင်္ဂလံ။
ဒေဝ ပုတ္တ ကိလေသဉ္စ၊
ခန္ဓမစ္စု အဘိသင်္ခါရာ။
ပဉ္စမာရံ ဇိနော ဗုဒ္ဓေါ၊
တံ တေဇသာ ဘဝတု မေ။

*ဂါထာအနက်*

**ပထဝီဗလသုန္ဒရီ** - လေဝမခြား၊ မေရုမခြား ကြီးမားလွန်မင်း ကောင်းမြတ်သည်းခံခြင်းရှိသော၊ **ဗောဓိမဏ္ဍလေ** - ဗောဓိမဏ္ဍိုင်၌၊ **အသင်္ချေယံ** - တွက်ရေများလှသော၊ **မာရသေန** - မာရ်နတ်မင်း၏ စစ်သည်အပေါင်းတို့ကို၊ **သဗ္ဗညု** - တရားမြတ်အလုံးစုံ အကုန်သိမြင်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ **ဇေယျာယထာ** - ပါရမီတော်အဟုန်တို့ကြောင့် မြေဝသုန်တုန်ဟည်း အောင်ခြင်းကြီး အောင်မြင်ကဲ့သို့၊ **တထာ** - ထို့အတူ၊ **မေ** - အကျွန်ုပ်အား၊ **မင်္ဂလံ**- အောင်သင့်အောင်ကြောင်း မင်္ဂလာအပေါင်းတို့သည်၊ **ဇေယျတု** - မုချမသွေ အောင်မြင်ပါစေသတည်း။

**ဒေဝပုတ္တကိလေသဉ္စ** - ဒေဝပုတ္တမာန်၊ ကိလေသာမာန်သည်လည်းကောင်း၊ **ခန္ဓမစ္စုအဘိသင်္ခါရာ** - ခန္ဓမာန်၊ မစ္စုမာန်၊ အဘိသင်္ခါရမာန်တို့သည်လည်းကောင်း၊ **ဣတိ** - ဤသို့၊ **ပဉ္စမာရံ** - ငါးပါးသောမာန်အပေါင်းကို၊ **ဇိနော** - အောင်မြင်တော်မူလေပြီ။ **တံ တေသ** - မြတ်စွာဘုရား၏ အောင်မြင်တော်မူသောတန်ခိုးတော်ကြောင့်၊ **မေ** - အကျွန်ုပ်အား၊ **ဇေယျမင်္ဂလံ** - အောင်ခြင်းမင်္ဂလာအပြားဖြာသည်၊ **ဘဝတု** - ဖြစ်ပါစေသတည်း။

အထက်ပါ ပထဝီဗလသုန္ဒရီ အစချီ ရန်အောင်မြင် ဂါထာတော်မြတ်တို့ အနက်အဓိပ္ပာယ်နှင့်တကွ သေချာစေ့ငုလေ့လာ ကြည့်ရှုသောအခါ ဤဂါထာသည် သုံးလောကထွတ်ထား ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်၏ မာန်ငါးပါးတို့အား ကြီးစွာ အောင်မြင်ခဲ့ပုံကို အံ့ချီးကြည်ညိုဖွယ်ဖြစ်အောင် ဖွဲ့သီရှိခိုးပူဇော်ထားသောဂါထာတော်မြတ်ဖြစ်ကြောင်း တွေ့ရပါလေသည်။ မာန်ငါးပါးအနက်မှ မရေတွက်နိုင်လောက်အောင် ကြီးမားများပြားလှသော နတ်စစ်သည်အပေါင်းတို့ ခြံရံလျက်၊ လောဘတကြီး ဒေါသမီးများတောက်လျက် ဘုရားရှင်၏ဗောဓိပင်နှင့် ရွှေပလ္လင်ကို မတန်မရာ လုယူရန်အကြံနှင့်လာခဲ့သော မာရ်နတ်နှင့် စစ်သည်အပေါင်းသည် ဘုရားရှင်၏ ပါရမီတော်အဟုန်၊ စာဂီတော်အဟုန်တို့ကြောင့် နှစ်သိန်းလေးသောင်းအထုရှိသော ဤမဟာပထဝီမြေကြီးသည် အိုးထိန်းစက်ရဟတ်ကဲ့သို့ ပတ်ပတ်လည်လျက် ကြီးစွာသောအသံကြီးနှင့် တုန်ဟည်းမှုပြုလိုက်သောအခါ မာရ်နတ်အပေါင်းအပါတို့သည် ထိတ်လန့်ပြိုလဲ ဖရိုဖရဲဖြစ်လျက် မာရ်နတ်ကြီးသည် ယင်း၏ ဗေလုဝ စောင်းကိုမျှ ကောက်ယူခြင်းငှာ မတတ်နိုင်တော့ဘဲ (ထိုဗေလုဝစောင်းတို့နောင်အခါ ပဉ္စသီခနတ်သား ရသွားလေသည်။) ထွက်ပြေးတိမ်းရှောင်သွားရပုံတို့ကို မြင်ယောင်မိစေပြီး ဘုရားရှင်၏ ဘုန်းတော်၊ ကံတော်၊ ပါရမီတော်တို့ကို ကြည်ညိုမိခြင်း ဖြစ်လေသည်။

ထို့အပြင် ကိလေသာမာန်တို့ ဝါသနာနှင့်တကွ အပြီးတိုင် ချေမှုန်းအောင်မြင်တော်မူခဲ့ပုံ (ဤနေရာတွင် ရဟန္တာပုဂ္ဂိုလ်တို့၏ ကိလေသာကုန်ခန်းခြင်းသည် ဝါသနာကို အပြီးတိုင် အကုန်အစင် မသတ်နိုင်ချေ။ ဘုရားရှင်ကား ကိလေသာတို့ကို ဝါသနာနှင့်တကွ အပြီးတိုင် ချေမှုန်းအောင်မြင်တော်မူခြင်း ဖြစ်သည်။)အပြင် အခြားသော အဘိသင်္ခါရမာန်၊ ခန္ဓမာန်၊ မစ္စုမာန် စသည့် မာန်ငါးပါးတို့အား ဗောဓိပင်နှင့် ရွှေပလ္လင်ပေါ်၌ ဘုရားဖြစ်သည့်နေ့မှာပင် အပြီးတိုင် အောင်မြင်တော်မူလျက် တုနှိုင်းမဲ့အောင်မကိုင်ချို့အောင်သရဖူဆောင်းသည့် အောင်တော်မူ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ထင်ဟပ်ပုံဖော် ပူဇော်စိတ်များ တရိပ်ရိပ်တက်လျက် ကြက်သီးမွေးညင်းများထလာသည်အထိ ပီတိဖြ



www.burmeseclassic.com

www.burmeseclassic.com

လောက်အောင် ဖြစ်ပေါ်ခံစားရစေလေသည်။

သို့-မာရ်င်းပါကိုအောင်မြင်တော်မူသော မြတ်စွာဘုရား၏ဇိနဂုဏ်တော်တို့ ပူဇော်ကန်တော့သည့် ဂါထာမြတ်ဖြစ်သဖြင့် ရှေးပညာရှိကဝိတို့က ဤဂါထာကို 'ရန်အောင်မြင်ဂါထာ' ဟု သညာပြု ခေါ်ဝေါ်ခဲ့သည်မှာ အလွန်လျော်ကန်သင့်မြတ်လှပါပေသည်။

ထို့ကြောင့် ဤဂါထာကို အမြဲရွတ်ဖတ် ပူဇော်ပါက ရန်အပေါင်းကို အောင်မြင်၏။ အပြိုင်အဆိုင်ကိစ္စပေါ်က မိမိက အသာရ၏။ တန်ခိုးအာနုဘော်ကြီးစေ၏။ တောအရပ်သွားစဉ် ရွတ်ဖတ်လေက သစ်၊ ကျား၊ ဆင်၊ ခြင်္သေ့နှင့် မြွေ စသော တောကောင်သားရဲတိရစ္ဆာန်များဘေးမှ လွတ်၏။ တောခြောက်တောင်ခြောက်အခြောက်အလှန့်များ ကင်းဝေး၏။ တရားတဘောင်အမှုအခင်း ရင်ဆိုင်ရသော် အခါက်တစ်ထောင် နေ့စဉ်ရွတ်က အမှုခပ်သိမ်းငြိမ်း၏။

အထက်ပါ ရာဇဝင်ပါ မင်းနှစ်ပါး၏ ဖြစ်စဉ်များကို လေ့လာကြည့်သော အခါ ဂါထာမန္တန်များကို သာမန်အရပ်သူအရပ်သားများသာမက တိုင်းပြည်အုပ်ချုပ်သောမင်းတို့ပင် မိမိတို့ယုံကြည်အားကိုးရာ ဂါထာမန္တန်တို့ကို ဆောင်ယူရွတ်ဖတ်ပွားများလေ့ရှိကြကြောင်း တွေ့ရပါမည်။ ယခုခေတ် အခါသမယတို့ကြည့်ပါကလည်း ကမ္ဘာတစ်ဝန်းလုံး ရာသီဥတုတွေဖောက်ပြန်၊ အပူလှိုင်းတွေဖြစ်၊ အအေးလှိုင်းတွေဖြစ်၊ ခရမ်းလွန်ရောင်ခြည်တွေ တိုးတက်များပြား၊ လျှင်တွေလှုပ်၊ ဆူနာမီတို့၊ နာဂစ်တို့ သဖြင့် သဘာဝဘေးဆိုးများဖြစ်ပေါ်၊ စီးပွားရေးကပ်များဆိုက်ပြီး တစ်ကမ္ဘာလုံး စီးပွားရေးများ ကျပ်တည်းခြင်း ဖြစ်သဖြင့် ကမ္ဘာတစ်ဝန်းလုံး စိုးရိမ်သောကဖြစ်ဖွယ်ရာများနှင့် ပြည့်နှက်နေပေရာ လူနိုင်ကိုယ်တိုင် အပါအဝင် နီးစပ်ရာ နီးကျင်တိုင်းကို လက်လှမ်းမီသရွေ့ သတိထားကြည့်မိရာ လူကြီးသာမက အချို့လူငယ်များပင် စာအုပ်လေးတွေ ကိုင်၍ ပရိတ်ရွတ်ခြင်း၊ ဂါထာမန္တန်များ တတွတ်တွတ်ရွတ်ဆိုနေခြင်းများကို တွေ့မြင်နေရပါလေသည်။

သို့ဖြစ်သောကြောင့် မည်သည့်ဂါထာရွတ်လျှင်ကောင်းမည်လဲဟု ဝေခွဲမရဖြစ်နေကြမည့်သူများအတွက် ဤသို့ ဤ ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာအစီအရင်အမျိုးမျိုးတွင်ပင်လျှင် အသုံးဝင်အသုံးကြွယ်လှသော ဂါထာမန္တန်များကို ထုတ်ဖော် တင်ပြရခြင်း ဖြစ်ပါလေသည်။

အထက်တွင်ဆိုခဲ့ပြီးသည့်အတိုင်း ဤရန်အောင်မြင်ဂါထာတော်မြတ်သည် သုံးလောကထွတ်ထားဗုဒ္ဓမြတ်စွာဘုရား၏ ပါရမီတော် စက်လက်နက်ကြောင့် ဒေဝပုတ္တမာရ်ခေါ် မာရ်နတ်သား၏ ရန်အပါအဝင် မာန်ငါးပါးကို အောင်မြင်တော်မူခဲ့သော ဘဂဝါဗုဒ္ဓ၏ ဇိနဂုဏ်တော်ကို ပူဇော်လျက် အောင်ဆုထူးကို တောင်းခံယူသော ဂါထာမြတ်ဖြစ်သဖြင့် ဂန္ဓာရီဝိဇ္ဇာမယပညာရှင်ကြီးများကလည်း အလွန် အလေးထား ယုံကြည်ကိုးစားလျက် ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာအစီအရင်တို့တွင် မကြာခဏ ထည့်သွင်းသုံးစွဲလေ့ရှိသော ဂါထာတော်တစ်ပုဒ်ဖြစ်ပါသည်။


ထိုဂန္ဓာရီဝိဇ္ဇာမယလောကီပညာရှင်များတွင်လည်း ဝိဇ္ဇာမယသိဒ္ဓိ အင်းစမအမည်ရှင်များရော ဝိဇ္ဇာမယသိဒ္ဓိ ဆေးအတတ်ပညာရှင်များပါ ဤရန်အောင်မြင် ဂါထာတော်ကို အစီရင်များတွင် ထည့်သွင်း သုံးစွဲကြကြောင်း တွေ့ရပါသည်။ ဦးစွာ ဝိဇ္ဇာမယသိဒ္ဓိအင်းစမပညာရှင်များ အသုံးပြုပုံများကို ထုတ်ဖော် တင်ပြသွားပါမည်။

**ဝိဇ္ဇာမယ သိဒ္ဓိအင်းစမပညာနှင့် ရန်အောင်မြင်ဂါထာ**

ဤရန်အောင်မြင်ဂါထာကို ဝိဇ္ဇာမယသိဒ္ဓိအင်းစမပညာရှင်များ အများဆုံး အသုံးပြုလေ့ရှိကြသော အစီအရင်အမျိုးအစားမှာ ဒီပံမီးထွန်းအင်းအစီအရင်များပင် ဖြစ်သည်။ ကျွန်ုပ် မကြာခဏ ဖော်ညွှန်းပြောဆိုလေ့ရှိသည့်အတိုင်း အင်းစမပညာရပ်တွင် ဒီပံမီးထွန်းအင်းအစီအရင်များသည် တန်ခိုးတေဇော်အာနုဘော် ကြီးမားစေသည့် အခြေခံဓာတ်သဘောဖြစ်သည့် အဂ္ဂိဓာတ်ကို အားပြုစီရင်သော အစီအရင်မျိုးဖြစ်၍ လျှင်မြန် ထက်မြက်စွာ သက်ဆိုင်ရာ အကျိုးတန်ခိုးသိဒ္ဓိများကို ရယူလိုသော သောအခါမျိုးများ၊ အတိုင်အခံအပြိုင်အဆိုင်ကိစ္စရပ်များ၊ အရေးပေါ်ကိစ္စများ၌ ဤဒီပံမီးထွန်းအင်းအစီအရင်များကို အင်းစမပညာရှင်များ အသုံးပြုလေ့ရှိကြပါသည်။ သို့ဖြစ်ရာ ဤသို့သော ဒီပံမီးထွန်းအင်းအစီအရင်များတွင် အသုံးပြုသော ဂါထာမန္တန်၊ မန္တရားတို့သည် မူလအခြေခံကပင် ယုံကြည်ကိုးစား အားထားလောက်သည့် တန်ခိုးထက်မြက်သော ဂါထာမန္တန်များကိုသာ အင်းစမပညာရှင်များ ရွေးချယ် သုံးစွဲလေ့ရှိပါသည်။

လေ့လာတွေ့ရှိရသလောက်ဆိုရပါမူ ဝိဇ္ဇာမယသိဒ္ဓိအင်းစမပညာရပ်တွင် စီရင်အသုံးပြုလေ့ရှိသော ဒီပံမီးထွန်းအင်းအစီအရင်များ၏ (၇၅) ရာခိုင်နှုန်းခန့်လောက်တွင် ဤရန်အောင်မြင်ဂါထာအား ထည့်သွင်းအသုံးပြုစီရင်လေ့ရှိကြကြောင်းတွေ့ရပါသည်။ ဤဂါထာနှင့်ယှဉ်တွဲ၍ ဒီပံမီးထွန်းအင်းအစီအရင်များတွင်တွေ့ရလေ့ရှိသော အခြားဂါထာမန္တန်များမှာ ကျွန်ုပ် ရေးသား တင်ပြခဲ့ပြီးဖြစ်သော 'ဇဝံ အစိန္တိယာဂါထာ' နှင့် 'သုကိတ္တိမာဂါထာ' တို့ ဖြစ်ကြပါသည်။ သို့ဖြစ်ရာ ယခုမှ ဂါထာမန္တန်ကောင်းတစ်ခု စွဲစွဲမြဲမြဲ ဆောင်ယူပွားများ ရွတ်ဖတ်လိုသောသူများအဖို့ အဆိုပါဂါထာမန္တန်များကို အလေးထား ထည့်သွင်း စဉ်းစား ဆောင်ယူသင့်ကြောင်း အလျဉ်းသင့်တုန်း အကြံပြုလိုပါသည်။ ဦးစွာ ဖော်ပြလိုသော ရန်အောင်မြင်ဂါထာကို ထည့်သွင်း အသုံးပြု စီရင်ထားသော ဒီပံမီးထွန်းအင်းအစီအရင်မှာ 'ဗုဒ္ဓဒီပံမီးတိုင်အင်းအစီအရင်' ဖြစ်ပါသည်။

**(၁) ဗုဒ္ဓဒီပံမီးတိုင်အင်းအစီရင်**



ဖော်ပြပါ ဗုဒ္ဓဒီပံမီးတိုင်အင်းအစီအရင်ကို ရက်ကောင်းရက်မြတ်၊ နက္ခတ်ခပါဒ်ကောင်းကြုံစဉ်မှာ စီရင်ရပါမည်။



www.burmeseclassic.com


www.burmeseclassic.com

စီရင်သောအခါ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကန်တော့ပွဲ၊ တံခွန်၊ ကြက်လျှာများပါစေလျက် ပန်း၊ ဆီမီး၊ ရေချမ်း၊ သက်သတ်လွတ်ဆွမ်း၊ သစ်သီးဆွမ်းများ ပြည့်စုံစွာ ဆက်ကပ်ပူဇော်ပြီး ကောင်းစွာ စီရင်ပါ။ စီရင်သောသူသည် ကိုယ်လက်သန့်ရှင်းပြီး သီလဆောက်တည်ရမည်။ ဤမီးတိုင်ကို မိုင်းကိုင်စက္ကူတွင် ပန်းပေါင်း၊ ဂမုန်းပေါင်းတို့ကို ဟသ်ပဒါးနှင့်ဖျော်ပြီး ကောင်းစွာစီရင်ပါ။ စီရင်ရာတွင် ပျားဖယောင်း (၂)ကျပ်၊ (၈)ပဲကို ချိန်ပြီး ပရိတ်ချည်မျှင်ကို သက်စေ့ယူ၍ အင်းနှင့် မီးစာ ပြုလုပ်ပါ။

ဤအစီအရင်၏အကျိုးသော်ကား အလုပ်အကိုင် အကြံအစည်များ အောင်မြင်စေ၏။ ဘုန်းတန်ခိုးအာနုဘော်ကြီးစေ၏။ စီးပွားဥစ္စာတိုး၏။ ဘေးအပေါင်းကို အောင်နိုင်၏။ ဤဗုဒ္ဓမီးတိုင်ကိုပူဇော်ထားစဉ် ရန်အောင်မြင်ဂါထာတော်ကို မပြတ် ရွတ်ပွားလျှင် လိုရာဆုတောင်းပြည့်၏။ ဤမီးတိုင်အစီအရင်တွင် ရန်အောင်မြင်ဂါထာပထမပိုဒ်ကို အင်းဆန်ပြုထားကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။

ဤနည်းတူ ရန်အောင်မြင်ဂါထာကို အင်းဆန်ပြုစီရင်ထားသော ဒီပံမီးထွန်းအင်းအစီအရင်တစ်ခုကို ထပ်မံ၍ တင်ပြပါမည်။ ထိုအစီအရင်ကား ပယောဂအန္တရာယ်ကင်းမီးတိုင် ဒီပံမီးထွန်းအင်းအစီအရင် ဖြစ်ပါသည်။

**ပယောဂအန္တရာယ်ကင်း**
**မီးတိုင်အစီအရင်**



ဖော်ပြပါ ပယောဂအန္တရာယ်ကင်းမီးတိုင် ဒီပံမီးထွန်းအင်းအစီအရင်ကား ရှေးဆရာတို့ သူပြုလှုပြု၊ အတိုက်အခိုက်၊ စုန်းတိုက်၊ နတ်တိုက်၊ ရုပ်ထားနာမ်ထား၊ ပယောဂပြုစားအမှုကိစ္စများ အရေးကြုံလာသော အားကိုးအားထားပြုစီရင်ဆောင်ရွက်လေ့ရှိသော အစီအရင်တစ်ခုဖြစ်ပါသည်။ အင်းဆန်များမှာ အပေါ်အင်းကိုးကွက်မှာ စမွာနဝင်းအင်းကိုရထားသွားသွင်းထားပြီး အင်းအောက်ခြေ ပလ္လင်ခံကွက်များ၌ ရန်အောင်မြင်ဂါထာကို ရေးသွင်းစီရင်ထားပေသည်။ ပြီးလျှင် အင်းအထက်ဘေး ဝဲ၊ ယာ နှစ်ဖက်၌ ခုနစ်ရက်သားသမီးတို့အတွက် ရည်လျက် ၁၊၂၃၄၅၆၇ ခုနစ်နံကိုယ်စားပြု အက္ခရာဂဏန်းတို့ ရေးသွင်းထားပါသည်။ ပြီးလျှင် အင်းအထက်စီးဂါထာကား 'ဇိနပါပံ ဇိနံဗုဒ္ဓေါ၊ ဇိနပါပံ ဇနိနံ ဓမ္မော၊ ဇိနပါပံ ဇိနံသံဃော' ဟူသော ဂါထာကို ရေးသွင်းစီရင်ပြီး အင်းအရံဂါထာအဖြစ် -

'ဇိနပါပံ ဇနံဗုဒ္ဓေါ၊ ဇိနပါပံ ဇိနံဓမ္မော၊ ဇိနပါပံ ဇိနံသံဃော၊ ဇိနေ ာရဿ၊ ဇိနေ ာရဿ၊ ဇိနပိယံ၊ ဇိနပိယံ၊ နမောသဒ္ဒါ၊ နမော သဒ္ဒါ ရက္ခန္တုဇိနံ' ဟု ရေးသွင်းရပါသည်။

အင်းအဟိန်းဂါထာများအဖြစ် ရန်အောင်မြင်ဂါထာ (၁၀၈) အုပ်၊

အင်းအရံဂါထာ (၁၀၈) အုပ် အသီးသီးစုပ်ရပါမည်။

မီးတိုင်ပြုလုပ်ပုံကား ၎င်းမီးတိုင်ကို မိုင်းကိုင်စက္ကူတွင် ပန်းပေါင်း၊ ဂမုန်းပေါင်းနှင့် ကောင်းစွာရေး။ ထို့နောက် သိမ်ဝင်ချည်မျှင်ကို လူနာ၏ လက်နှင့်ခုနစ်ထွာ တိုင်းယူပြီး အင်းနှင့်လိပ်၍ မီးစာပြုလုပ်ပါ။ ဖယောင်းတိုင်ကို ပျားဖယောင်း (၅) ကျပ်၊ (၈) ပဲသားနှင့် ပြုလုပ်ရပါမည်။ စီရင်ပြီးလျှင် လူနာကို လက်ယာရစ် သုံးပတ်လှည့်၍ ၎င်း၏ ခေါင်းရင်းတွင် ဤဒီပံမီးထွန်းအင်းအစီအရင်မီးတိုင်ကို ထွန်းညှိပေးရမည်။

ဤမီးတိုင်တို့သည် စုန်းပင်း၊ နတ်ပင်း၊ စုန်းတိုက်၊ နတ်တိုက် အတိုက် ဟူသမျှ ရေမင်း၊ မြေမင်း၊ လေမင်း၊ ဒသာမင်း ဟူသမျှ အားလုံးနိုင်၏။ စုန်း၊ ကဝေ၊ တစ္ဆေ၊ မြေဖုတ်၊ ဇော်ဂျီ၊ ကာဂျီ၊ နတ်စိမ်း၊ သရဲ၊ သင်းကွဲပြိတ္တာ၊ မိစ္ဆာ၊ နာနာဘာဝမှန်သမျှ အနှောင့်အယှက်တွေအားလုံးကို နိုင်လေ၏။ သို့သော် ဤဒီပံအင်းမီးတိုင်၏ သုံးပုံတစ်ပုံအထိသာ ထွန်းပါလေ။ တစ်ဝက်အထိပင်လျှင် မထွန်းသင့်ပါ။ ပြုသူ သေကျေပျက်စီးတတ်သည်အထိ အလွန်ပြင်းထန်ထက်မြက်သောအစီအရင်ဖြစ်သည်။ သံသရာကို ကြောက်ပါလေဟု ဆရာများ အဆုံးအမိန့်ထားခဲ့ပါသည်။

**ဒီပံမီးထွန်းအင်းမီးတိုင်၏**
**အတိတ်နိမိတ်ပြပုံ**

ဤမီးတိုင်ကို ထွန်းထားစဉ် သတိပြုစောင့်ကြည့်ပါ။ မီးတိုင်မှ မီးတောက်သည် နှစ်ခြမ်းကွဲသွားမူ ရှာသူဖမ်းစားခြင်း ဖြစ်သည်။ မီးတောက်တစ်ခုတည်း တောင်ယိမ်းမြောက်ယိုင်ရှိမူ ရှာသူနှင့် နတ် ပူးပေါင်းဖမ်းစားခြင်း ဖြစ်သည်။ မီးယိမ်းရာအရပ်ဘက်မှ ပြုစားနေခြင်းဖြစ်သည်။ မီးတောက်မတ်မတ်တောက်ပြီး ပြတ်တောင်းပြတ်တောင်း ပြတ်၍တက်သော် ရှာသက်သက်ပြုစားခြင်းဖြစ်သည်။ သေကျေအောင်အထိ အမျက်ကြီးစွာပြုသည်ဟု သိပါလေ။ မီးကြည်ပြီး လင်း၍အရောင်ဖြူမူ မမှိန်ဘဲတောက်နေမူ အန္တရာယ်မရှိ အကျိုးရှိမည် ဖြစ်သည်။

အကယ်၍ မီးမှိန်သော် တစ်ဖက်ရန်သူ ဒေါသမပြေသေး။ မီးတောက်ဟုပ်ခနဲဖြစ်မူ သူပြုဟုမှတ်။ ထိုအခါ တန်ပြန်ပါလေ။ တန်ပြန်နည်းကား ဖယောင်းတိုင်ကို လက်တစ်ဆစ်ချိန်၍ ဇောက်ထိုးထွန်း။ ပြုသူထံပြန်၏။

အခြားအသုံးများကား -

စီးပွားဥစ္စာကို လိုလျှင် အိမ်ဦးခုတိုင်မှာထွန်း၊ ပြည်ရွာသာယာလိုလျှင် နာဂရအရပ်မှာထွန်း၊ အတိုက်အခံရန်သူရှိလျှင် နတ်စင်မှာထွန်း၊ သချိုင်းမှာထွန်း။ အခြွေအရံကိုလိုသော် ဘုမ္မိအရပ်မှာ ထွန်းပါ။ ရန်ပြေစေလိုလျှင် လေကားမှာထွန်း၊ လူကြီးနာဖျားလျှင် ခေါင်းရင်းမှာထွန်း။ လူငယ်နာဖျားသော် ခြေရင်းမှာထွန်း။ မကောင်းသောအတိတ်နိမိတ်၊ အိပ်မက်များရှိသော် အိမ်ဦးမှာထွန်း၊ ကုန်ရှုံးကြွေးတင်မူ စားဖိုဆောင်မှာထွန်းပါလေ။ ချမ်းသာသုခပြည့်ပါအံ့။

ထို့ပြင် ဤရန်အောင်မြင်ဂါထာမြတ်ကို အခြားဒီပံမီးထွန်းအင်းအစီအရင်များဖြစ်သော မင်္ဂလာဒီပံမီးထွန်းအင်းအစီအရင်၊ မဟာဒီပံမီးထွန်းအင်းအစီအရင်၊ မဟာရတနာဒီပံမီးထွန်းအင်းအစီအရင် စသော ဒီပံမီးထွန်းအင်းအစီအရင်များစွာတွင်လည်း ထည့်သွင်းအသုံးပြုစီရင်ထားသည်များကို တွေ့ရပါသည်။ ဤဆောင်းပါး၌မူကား စီရင်ရန်



www.burmeseclassic.com

www.burmeseclassic.com

လည်း လွယ်ကူ၍ အသုံးဝင် အသုံးကျ လျက် တန်ခိုးထက်မြက်သော ဤအစီအရင်တို့ကို နမူနာအဖြစ် သိသာစေရန် ထည့်သွင်း ဖော်ပြလိုက်ခြင်း ဖြစ်သည်။ ထို့အပြင် ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိအင်းစမ ပညာရှင်များသည် ဤရန်အောင်မြင်ဂါထာကို အခြားအရေးကြီးတန်ခိုးထက်မြက်သော အင်းအစီအရင်အချို့တွင်လည်း အင်းအရံဂါထာဖြစ် ထည့်သွင်း အသုံးပြုစီရင်ထားကြောင်းလည်း တွေ့ရပါသေးသည်။

**ဝိဇ္ဇာမယပယောဂ**
**ကိုယ်ခံအင်းတော်ကြီး**

| | | | | | | | |
|---|---|---|---|---|---|---|---|
| ရ | စ္ဆာ | ဓ | ရ | စ္ဆာ | သံ | ရ | စ္ဆာ |
| [illegible] | ဒ္ဓံ | ဂ | ဒိ | မ္မံ | ဂ | အာ | ယံ |
| [illegible] | ဏံ | သ | မိ | ဏံ | သ | မိ | ဏံ |
| [illegible] | ʃ | ပု | သံ | မ | / | ⟨ | ʃ |
| ၇ | ⟨ | ပ | နံ | ဒိ | ⋏ | ၇ | ⟨ |
| > | ∧ | အာ | ယျ | ဂုံ | ϵ | > | ∧ |
| [illegible] | န | အ | ဒု | န | အ | နု | န |
| [illegible] | နိ | အ | ဒိ | နိ | အ | အာ | နိ |
| [illegible] | က္ခ | စ္စ | တ္တ | က္ခ | စ္စ | တ္တ | က္ခ |

**[ဝိဇ္ဇာ]မယပယောဂကိုယ်ခံအင်းတော်ကြီး**

ဂန္ဓာရီဝိဇ္ဇာမယပညာရှင်များသည် မိမိတို့၏ကိုယ်လုံအကာအကွယ်ရစေရန် [အ]သည်းကောင်း၊ မိမိတို့ရင်ဆိုင်တွေ့ကြုံရတတ်သည့် အမှောင့်ပယောဂ၊ နတ်၊ ဘီလူး၊ ဖုတ်၊ ပြိတ္တာ၊ သရဲ၊ သင်းကွဲ၊ အဝ[ိ]ဇ္ဇာနတ်ဆိုး၊ ဘီလူးဆိုးတို့၏ ရန်ကို [ခု]ခံနင်းနိုင်ရန်၊ အာဏာတည်ရန် ကိုယ်[လုံ]ကိုယ်ခံမှော်အင်းများကို သောက်ကြ[ပါ]၏။ ထိုကိုယ်လုံကိုယ်ခံအင်းများအနက် [ယ]ခုဖော်ပြခဲ့သော ဝိဇ္ဇာမယပယောဂ [ကို]ယ်ခံအင်းတော်ကြီးမှာ ရတနာသုံးပါး[တို့]ကို အခြေခံစီရင်ထားပြီး ရန်အောင်[မြ]င် ဂါထာတော်အား အင်းအရံဂါထာ[အ]ဖြစ် အသုံးပြုစီရင်ထားသောကြောင့် ဤအင်းတော်ကြီးကို သောက်ခြင်းဖြင့် အပြစ်မရှိ၊ အန္တရာယ်မရှိသည့်အပြင် [သ]ဇာအာဏာစက်အလွန်ထက်မြက်စေ[သ]ဖြင့် မည်သူမဆို စီရင်သောက်သုံး၍[လ]ည်း စီရင်သောက်သုံးသင့်ကြပေသည်။ [စီ]ရင်ပုံ မှားသွား၍လည်း အပြစ်မမြင်[အ]ကျိုးမယုတ်နိုင်ချေ။ (အချို့မှော်အင်း[များ]မှာ မှားယွင်းသွားပါက ရူးသွပ်တတ်၊ အန္တရာယ်ရှိတတ်ကြလေသည်။ ထိုကဲ့သို့ အင်းများကိုမူ ဆရာမရှိဘဲ အရမ်းပြုလုပ်ရန် မသင့်ချေ)။ ဤဝိဇ္ဇာမယကိုယ်ခံအင်းတော်ကြီးနမူနာမှာ ဖော်ပြပါအတိုင်း ဖြစ်ပေသည်။

အင်းစဉ် -

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ (ကိုးကွက်အင်း-သုံးအင်း) - ပု-ဒိ-အာ။

၂။ စမ္မာ (/)၊ နဝင်း (⟩)၊ ဇာလင်း (ʃ)၊ သတ္တ (⋏)၊ ပဥ္စ (၇)၊ တြိ (⟨)၊ ဆ (ϵ)၊ ဇေတ (>)၊ အဋ္ဌ (∧) (ကိုးကွက်အင်း - နှစ်အင်း (အစွန်နှစ်ဖက်)

၃။ ပု-ဒိ-အ-သံ-ဂုံ-ပ-မ-ယျ (အလယ်အင်းကွက်)

၄။ အနိစ္စ-ဒုက္ခ-အနတ္တ (ကိုးကွက်သုံးအင်း)။ပု-ဒိ-အာ အလယ်ထိုင်။

**အင်းအရံဂါထာ** - ဖော်ပြခဲ့ပြီးသော ရန်အောင်မြင်ဂါထာ (၂) ပိုဒ်လုံးနှင့် တနင်္ဂနွေထောင့်မှစ၍ လက်ယာရစ်ရံရန်။

**စီရင်နည်း** - ဤအင်းကို နေ့ကောင်းရက်သာ ခပါဒ်နက္ခတ်ကောင်း ရွေး၍ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ရည်လျက် ကန်တော့ပွဲ၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ သတ်လွတ်ဆွမ်း၊ သစ်သီးချိုချဉ်၊ အမွှေးနံ့သာများ ပူဇော်၊ သီလခံယူပြီးမှ အင်းကို စီရင်ပါ။ အင်းစီရင်သောအခါ မိုင်းကိုင်စက္ကူတွင် ကမ္ဘာစောင့်နတ်မင်းကြီးလေးပါးဆေးနှင့် ဟသ်ပဒါးကို ဖျော်၍ ရေးစီရင်မည်။ (သန့်သော စက္ကူဖြူတွင် ရေးစီရင်၍လည်းရပါသည်)။

**အင်းအပဟိန်းဂါထာ** - (၁) အင်းဆန်ဂါထာများဖြင့် (၁၀၈) အုပ်စုတ်။

၂။အင်းအရံဂါထာများဖြင့် (၁၀၈) အုပ်စုတ်။

စီရင်ပြီးလျှင် နံ့သာရည်၌ဖျော်၊ လိုရာဆုတောင်း၍ သောက်။

အင်း၏ အကျိုးကား များလှ၏။ လိုသောအခါ နတ်ကောင်းနတ်မြတ်တို့ကို ပင့်ခေါ်၍သွင်း။ မှော်ဝင်၏။ အခြားနရမင်းနတ်၊ ဇော်ဂနီ၊ ကာဂနီတို့ကို အမိန့်တော်ပြန်၍ခေါ် မလာမနေ လာရ၏။ ကဝေ (၉၉) တို့ကို နိုင်၏။ စကြဝဠာတွင် ရှိရှိသမျှ နာနာဘာဝဝိနာဘာဝ မိစ္ဆာအပေါင်းတို့ကို နိုင်၏။ အာဏာတည်၏။ နတ်တို့ချစ်ခင်လေးမြတ်စောင့်ရှောက်ကုန်သော တန်ခိုးအာနုဘော်ကြီး၏။ ဩဇာတိက္ကမကြီး၏။ (၇) ရက်သားသမီးတို့ ချစ်ခင်လေးမြတ်ကုန်၏။ ဓား၊ လှံ၊ လက်နက်ဘေးဆိုးအမျိုးမျိုးတို့မှ ကင်းလွတ်၏။ တစ်နေ့ တစ်အင်းဖြင့် (၇) ရက် (၇) အင်းသောက်ရမည်။ ဤအင်းသည် မဟာပထမံထွက်ရပ်ပညာလမ်း၌လည်း ပညာတက်စဉ်အဖြစ်သောက်ရ ဆောင်ရသော အင်းအဖြစ်အလွန်တန်ခိုးသိဒ္ဓိကြီးမားပါသည်။ ရှေးဆရာတို့ အလွန်ညွှန်းသော အစီအရင်ထူးတစ်ခုလည်းဖြစ်သည်။

ဤသို့ ဂန္ဓာရီဝိဇ္ဇာမယပညာရှင်တို့ အထူးကိုးစားသော ဤသို့သော ဝိဇ္ဇာမယပယောဂကိုယ်ခံအင်းတော်ကြီးမျိုး၌ပင်လျှင် ထည့်သွင်း စီရင်ထားသည်ကို ကြည့်ပါက ဂန္ဓာရီဝိဇ္ဇာမယလောကီပညာနယ်တွင် ဤပထဝီဗလသုန္ဒရီ အစချီ ရန်အောင်မြင်ဂါထာ၏ အရေးပါမှု၊ ထက်မြက်မှုသဘောလက္ခဏာကို ရိပ်စားမိလောက်သင့်ပါသည်။ ထို့မျှမက ဂန္ဓာရီဝိဇ္ဇာမယ အင်းစမပညာရှင်များသည် ဝိဇ္ဇာမယအင်းအတတ်ပညာရပ်၌ အလွန်အားကိုးအားထားရသော အင်းအုပ်စုကြီးတစ်ခုဖြစ်သည့် အဋ္ဌမုခ်အင်းအစီအရင်များတွင်လည်း ဤပထဝီဗလသုန္ဒရီအစချီ ရန်အောင်မြင်ဂါထာကို အသုံးပြုထားကြောင်း တွေ့ရပြန်ပါသေးသည်။ ဤအဋ္ဌမုခ်အင်းတို့သည်ကား တုန်းဘောင်ခေတ်ကို တည်ထောင်ခဲ့သော အလောင်းမင်းတရားကြီးလက်ထက်၌ တွင်ကျယ်စွာ အသုံးပြုခဲ့သော အင်းများဖြစ်ပြီး အလောင်းမင်းတရားကြီး၏ အောင်မြင်မှုများရရှိမှုတွင် ဤအင်းအစီအရင်များက များစွာ အထောက်အကူပြုခဲ့ကြောင်း ဆရာစဉ်ဆက်ပြောခဲ့ကြကြောင်း သိရပေသည်။

**အဋ္ဌမုခ်အင်းနှင့်ရန်အောင်မြင်ဂါထာ**

အဋ္ဌမုခ်အင်း၌ အင်းကွက်ကြီးပေါင်း (၁၂) ကွက်နှင့် အင်းကွက်ကြီးတစ်ခုချင်းတွင် (၉) ကွက် အင်းကွက်ခွဲပေါင်း (၉) ကွက်ရှိလေသည်။ ထို့ကြောင့် အဋ္ဌမုခ်အင်းပထမအင်းမှသည် ဒွါဒသမမြောက်အင်းအထိ အင်းကွက်ခွဲပေါင်း (၁၀၈) ကွက် ပါရှိလေသည်။ တစ်ဖန် အင်းကွက်ကြီးတိုင်း၏ အလယ်အင်းဆန်သည် (၁၀၈) ဖြစ်ကြောင်း တွေ့ရပေရာ နဝင်းအလီလီထပ်အောင် စီရင်ခဲ့သောအင်းများ ဖြစ်ပေသည်။ ဤအဋ္ဌမုခ်အင်း (၁၂) ကွက်အနက် စတုတ္ထအဋ္ဌမုခ်အင်းကို ရန်အောင်မြင်ဂါထာနှင့်ရံ၍ စီရင်ထားလေ့ရှိကြောင်းတွေ့ရပေသည်။ စီရင်ဟန်ကား အဋ္ဌမုခ်စတုတ္ထအင်းကို



www.burmeseclassic.com

www.burmeseclassic.com

ဤပထဝီ သုန္ဒရီအစချီ ရန်အောင်မြင်ဂါထာဖြင့် လက်ယာရစ်သုံးထပ်ရံသော အနှင်မျိုးစုံကောင်းလှ၏။ ရန်သူများရှုံ့ ကြောက်ထွက်ပြေးအောင်၊ အမှောင့်ပယောဂ အဝရုဒ္ဓနတ်ဆိုး၊ ဘီလူးဆိုး၊ စုန်း၊ ကဝေ၊ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာ၊ မိစ္ဆာ၊ နာနာဘာဝမှန်သမျှ ဤအင်းဖြင့်နှင်၍ ရပေသည်။ ဤအဋ္ဌမုခ်စတုတ္ထအင်းကိုပင် ရန်အောင်မြင်ဂါထာဖြင့် လက်ဝဲရစ်ရံ၍စီရင်က အတိုက်အခိုက်၊ သူပြုလူပြု၊ အနှောင့်ပယောဂအမျိုးမျိုး အဟန့်၊ အဆီးအတားကောင်းလှ၏ဟု ညွှန်းဆိုထားပေသည်။ ထိုအဋ္ဌမုခ်စတုတ္ထအင်းနမူနာပုံစံကိုဖော်ပြလိုက်ပါသည်။

ဤသို့ အဋ္ဌမုခ်အင်းအစီအရင်နှင့် တွဲဖက်ရုံမျှသာမက ရန်အောင်မြင်ဂါထာကို အသုံးပြုလျက် စီရင်အပ်သော အခြားထူးခြားသည့် အစီအရင်ထူးတစ်ခုကိုလည်း ဖော်ပြလိုပါသေးသည်။ ထိုအစီအရင်ကား အလွန်တန်ခိုးထက်မြက်သော ရှင်သီဝလိမီးတိုင်အစီအရင်တစ်ခု ဖြစ်ပါသည်။ အရေးကြုံလျှင်သုံးသင့်ပြီး အကျိုးထူးရရှိစေမည့် အစီအရင် ဖြစ်သဖြင့် ထည့်သွင်း တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

## ရှင်သီဝလိမီးတိုင်အစီအရင်နှင့်ရန်အောင်မြင်ဂါထာ

ကျွန်ုပ် လေ့လာ ဆည်းပူးခဲ့သော ရှင်သီဝလိရဟန္တာအရှင်မြတ်ကြီးနှင့် ပတ်သက်သည့် အစီအရင်များစွာအနက် ယခုဖော်ပြခဲ့သော ဤရှင်သီဝလိမီးတိုင်အစီအရင်တစ်ခုတည်း၌သာ ထူးထူးခြားခြား ရန်အောင်မြင်ဂါထာတော်ကို အသုံးချ စီရင်ထားသည်ကို တွေ့ရပါသည်။ များသောအားဖြင့် ရှင်သီဝလိအစီအရင်များစွာတို့ကို ရှင်သီဝလိဆယ်ဂါထာ၊ ရှင်သီဝလိပရိတ်၊ အခြားရှင်သီဝလိဆိုင်ရာ ဂါထာမန္တန်များစွာကိုသာ အသုံးပြုစီရင်လေ့ရှိပါသည်။ (ဤရှင်သီဝလိဂါထာမန္တန်များစွာကို စုံလင်စွာဖြင့် ကျွန်ုပ် ရေးသားသော ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလထုတ် သိဒ္ဓိမိုးမဂ္ဂဇင်းတွင် ပါဝင်ပါသည်။ ရှင်သီဝလိရဟန္တာအရှင်မြတ်ကြီးအား ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာတို့ဖြင့် ပူဇော်ခြင်းခေါင်းစဉ်နှင့် ဆောင်းပါးတွင် ဖော်ပြထားပါသည်။ ရှင်သီဝလိရဟန္တာရှင်မြတ်ကြီးနှင့်ပတ်သက်သမျှ ဂါထာမန္တန်၊ အစီအရင်များ အတန်ပင် စုံစုံလင်လင်ပါရှိသည်။ သို့ရာတွင် ဤရှင်သီဝလိမီးတိုင်အစီအရင်၌မူ ရန်အောင်မြင်ဂါထာကို အမိက သုံးစွဲစီရင်ထားကြောင်း တွေ့ရပါလေသည်။ ထိုအစီအရင် ပြုလုပ်နည်းကား -



အဋ္ဌမုခ် စတုတ္ထအင်း
(ရန်အောင်မြင်ဂါထာ လက်ယာရစ်၊ လက်ဝဲရစ်ရံရသည့်အင်း)

## ရှင်သီဝလိမီးတိုင်စီရင်နည်း

ဤမီးတိုင်ကို စီရင်လိုသော် နေ့ကောင်းရက်မြတ်၊ နက္ခတ်ခပဒ်အချိန်ကောင်း၊ (ဝင်နက္ခတ်၊ သိဒ္ဓိစုတ်ကြိုက်၊ အမြိတ္တစုတ်ကြိုက်ကာလများကောင်းပါသည်။) ရွေးချယ်ကာ စီရင်ရပါမည်။ ဘုရားတစ်ပွဲ၊ ရှင်သီဝလိတစ်ပွဲကန်တော့ပွဲများထိုးကာ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ အမွှေးတိုင်၊ သစ်သီးယိုစုံများ လှူဒါန်းရပြီး သီလခံယူပြီးမှ စီရင်ရပါမည်။ ကန်တော့ပွဲများအောက် ဖျင်ဖြူ၊ ပိတ်ဖြူများ ခင်းရမည်။ ပြီးလျှင် ဖယောင်းတိုင်ကို ရွှေပိန်းချရမည်။ ဤအစီအရင်ပြုလုပ် အင်းအဟိန်းဂါထာကား -

၁။ ဥုံ ပထဝီ ဗလသုန္ဒရီ၊ သဗ္ဗညုတောမိမဏ္ဍလံ၊ အသခ္ချေယံ မာရသေနံ၊ ဇေယျောဇေယျတုမင်္ဂလံ။ သဗ္ဗကမ္မံ၊ သိဒ္ဓိကမ္မံ၊ အဟံသာမိ သဗ္ဗသတ္တာရု ဝိနသဿန္တု ဒူရေ ဒူရေ သွာဟာ။

၂။ အင်းအရံဂါထာ (ဖော်ပြပါဂါထာနှစ်မျိုးလုံးဖြင့် (၁၀၈) အုပ်စီ စုတ်ရပါမည်)။

ဂါထာအမှတ် (၁) ရန်အောင်မြင်ဂါထာကို မီးထွန်းထားစဉ်ကာလ၌လည်း တတ်နိုင်သမျှ မပြတ်ရွတ်ပေးပြီး လိုသောဆုကိုလည်းတောင်းရပါမည်။ အစီအရင်၏အကျိုးကား စီးပွားဥစ္စာ လာဘ်လာဘအတွက်ဆိုလျှင် လာဘ်ရစေကြောင်း၊ စီပွားတတ်စေကြောင်း ဆုတောင်းရ၏။ သူကျွန်ဘဝရောက်နေသူပင် ထိုဘဝမှလွတ်မြောက်၍ ချမ်းသာ၏။အမှုအခင်းတရားတဘောင် ရင်ဆိုင်ရလျှင်လည်း ထွန်း၍ဆုတောင်း၊ အမှုအခင်းမှလွတ်၏။ တရားနိုင်၏။ ပြောသမျှ ဆိုသမျှ ကြံသမျှ ပြီး၏။ သို့သုံးပါး အတွက်လည်း အပြီးတိုင်လေ၏။

ဤယခုဖော်ပြခဲ့ပြီးသည်တို့ကား ရန်အောင်မြင်ဂါထာတော်အား ဂန္ဓာရီဝိဇ္ဇာမယအင်းစမပညာရှင်များ မည်မျှ ယုံကြည် ကိုးစား အလေးထား သုံးစွဲခဲ့ပုံ

## ရှင်သီဝလိမီးတိုင်ဒီပံမီးထွန်းအစီအရင်





www.burmeseclassic.com

10:36 am 09/15/13

www.burmeseclassic.com

များကို သိသင့်သိအပ်သမျှလောက်သာ ကောက်နုတ်ဖော်ထုတ်တင်ပြလိုက်ခြင်းမျှသာ ဖြစ်ပါသည်။ ဤရန်အောင်မြင်ဂါထာတော်ကား ဝိဇ္ဇာမယမှော်ဆေးဝါး အစီအရင်များတွင် ထည့်သွင်းအသုံးပြု စီရင်ကြကြောင်းကိုလည်း တွေ့ရှိရပါသေးသည်။

**ဝိဇ္ဇာမယသိဒ္ဓိ၊ သာသနာငါးထောင်ဆေးနှင့် ရန်အောင်မြင်ဂါထာ**

ဝိဇ္ဇာမယသိဒ္ဓိဆေးပညာနယ်တွင် သာသနာငါးထောင်ဆေး၊ မဟာမြိုင်ဆေး၊ ဣန္ဒာသတ္တဆေး၊ နတ်စက်လောင်မီးဆေး၊ အသူရိန်စကြာဆေး၊ ဗားမဲ့ဆေးမိုးကြီးငါးဖုံ စသော နတ်မှော်ဆေးများသည် ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိဆေးပညာရှင်များအတွက် အရေးပါလှသော သမားလက်ကိုင်ဆေး၊ မှော်ဝင်မှော်တက်ဆေးများဖြစ်ကြသည့်အပြင် ဤဆေးကြီးများကို အခြေခံ၍ အခြားသော ဝိဇ္ဇာမယသိဒ္ဓိဆေးများကိုဖော်ရသည်က များပါသည်။ ဤသို့ ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိဆေးအတတ်ပညာရှင်တို့အတွက် အရေးပါလှသော သာသနာငါးထောင်နတ်မှော်ဆေးဖော်နည်းတစ်ခုတွင် ရန်အောင်မြင်ဂါထာတော်ကို ထည့်သွင်း အသုံးပြု စီရင်ထားကြောင်း တွေ့ရပါသည်။ ဦးစွာ သာသနာငါးထောင်နတ်မှော်ဆေးစီရင်နည်းကို လေ့လာကြည့်ပါက -

ရှားပုံ၊ ကျွတ်ပုံ၊ သစ်ခေါင်းခွပုံ၊ နွဲ့ပုံ၊ ဝါးပုံ၊ လှည်းရထားတိုက်၊ သစ်ထိပ်၊ သစ်တံခါး၊ သပြေကြိုတ်၊ လင်းတသိုက်၊ ချိုးသိုက်၊ ခွေးလျှားမြစ်၊ သစ်ဆွဲချမြစ် စသော ဆေးအမည်များကို ငါးရွေးစီပြီးလျှင် ထိုဆေးအမည်များကို လောင်းဆေးကား စစ်တုံ ငါးမူး၊ လင်းလေ ငါးမူး၊ ဆိတ်ဖူး၊ ကန့်၊ ဆေးဒန်း၊ ငါးမူးစီ ရော၍ ကြိတ်ရမည်။ ဆေးကြိတ်သောအခါ ဆေးကြိတ်မည့်နေရာကို ဓားလေးစင်း၊ လှံလေးစင်း၊ ငှက်ပျောလေးဖီး၊ ငွေလေးကျပ်တင်၍ (ရှေးက ငွေလေးကျပ်ဖြစ်၍ ယခုသော်မူ မိမိတတ်နိုင်သမျှ လေးဆောင်၊ လေးသောင်း စသည်ဖြင့်တင်သင့်ပေသည်)။ ဆေးကို ကြိတ်ပါ။ ထို့နောက် ဆေးကို အတောင့်၊ အပြား၊ အလုံးလုပ်၍ထား။ ခြောက်သွေ့အောင်ထားပြီးသောအခါ ဆေးကို မြစ်နား၊ ချောင်းနား၌ ပရိတ်တော်ပေါင်း၊ ဂုဏ်တော်တို့နှင့် တတ်အားသမျှစုတ်ပါ။ ပြီးလျှင် အပြီးသတ်အနေဖြင့် ရန်အောင်မြင်ဂါထာကို အောက်ပါဂါထာဖြင့် အဆုံးသတ်တွဲ၍ (၃၇) အုပ် စုတ်ရပါမည်။

သိဒ္ဓိကမ္မံ အဟံသာမိ
သစ္စေန သုဝတ္ထိဟောတု။

အဆိုပါအတိုင်း ဂါထာမန္တန်တို့ဖြင့်စုတ်ပြီးသော် ဆေးကို ကျည်တောက်၌သွတ်၍ အောက်ပါမန္တန်ဖြင့် (၃၇)အုပ်စုတ်။

*'ဦ-အနုမောဒနု၊ တနမဟာတလ၊ နတလ,လတန။ ကြေလည်းဆရာကြေ၊ ပြေလည်း ဆရာပြေ။ ဦ-သိဒ္ဓိအပေါင်း ရှစ်သောင်း ဆရာတင် ဆရာတင်'*

ဆေးထည့်ထားသော ကျည်တောက်ကိုစုတ်ရန် ဖြစ်ပေသည်။ ဆေးဤအကျိုးကား -

၁။ စုန်း၊ နတ်၊ တစ္ဆေ၊ မြေဖုတ်ဖမ်းစားသော် ငရုတ်အနည်းငယ်ထည့်၍ မျက်စဉ်းခတ်ပေး။

၂။ တောကောင်ကျားများ ရွာထဲဝင်သော် ဆေးကိုလက်တွင်ဆုပ်ကိုင်လျက် ရွာကို သုံးပတ်လှည့်ပြီး 'သခင်ဖြူ နင့်ကျားကို နင်သိမ်း'ဟုဆိုလေ။

၃။ လူပြုစားသဖြင့် မူးမူးဝေဝေရှိနေလျှင် လက်ညှိုးတွင် ဆေးကိုသုတ်၍ အရပ်လေးမျက်နှာသို့ညွှန်၍ထိုး။ ပြီးလျှင် လက်ကိုပြ၍ လက်ညှိုးကိုကိုက်သည်ရှိသော် တစ်ဖက်ကပြုသူ သေသည်ထိ ဖြစ်၏။

၄။ တစ်မြို့တစ်နယ်သို့ ဆေးကုထွက်ပါက အရှင်လည်း လွတ်စေ၊ ငါလည်း လွတ်စေဟု ဆိုပြီး သုံးပတ်လှည့် တစ်ရွာသူတို့ မနှောင့်ယှက်နိုင်။

၅။ ကျွဲ၊ နွား၊ ဆင်၊ မြင်းတို့လုံစေလိုက ကြိုးအဖျားမှာ ဆေးသုတ်၍ လွတ်က လုံခြုံ၏။

၆။ စုန်းဖမ်း၊ နတ်ဖမ်း၊ အမှောင့်ပယောဂဟုထင်က ဆေးကို ရေဖျော်ဖြင့် ပက်ဖျန်းပေး။

၇။ စုန်းရူး၊ နတ်ရူး၊ မှော်ရူးများကို ခေါင်းလျှော်အခါ ခေါင်းလျှော်ရည်ထဲ ဤဆေးကိုရော၍လျှော်ပေး။ ထိုသို့ ခေါင်းဆေးလျှော်စဉ် တဘက်ဖြင့်ရာဇမတ်ကာ၍လျှော်ပေးရမည်။

၈။ သူပြုလူပြု၊ စုန်းတိုက်၊ နတ်တိုက်၊ အမှောင့်ပယောဂအနှောင့်အယှက်ရှိသောအိမ်တွင် ဆေးကို ထုပ်လျှောက်၌ ချိတ်ဆွဲထားက အိမ်လုံ၏။ သမားတို့ လိုရာသုံးနိုင်သော သဗ္ဗရဏံနတ်မှော်ဆေး ဖြစ်ပေသည်။

ဤရန်အောင်မြင်ဂါထာတော်ကို ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိဆေးဝါးတစ်မျိုးဖြစ်သော ယခုဖော်ပြခဲ့ပြီးသည့် သာသနာငါးထောင်ဆေးမြတ်၌သာမက ဗားမဲ့ဆရာတော်ဘုရားကြီး၏ ဝိဇ္ဇာမယသိဒ္ဓိဆေးအစီအရင်တစ်ခုဖြစ်သော ဆေးရိုးကြီးငါးဖုံဖော်နည်း ဒုတိယဆေးနည်း၌လည်း ဤရန်အောင်မြင်ဂါထာတော်ကို ထည့်သွင်း အသုံးပြု စီရင်ထားကြောင်း တွေ့ရလေသည်။ ဤဆေးရိုးကြီးငါးဖုံဖော်နည်းမှာ လွန်စွာ ရှည်လျား ထွေပြားများလှသောကြောင့် ဆောင်းပါးရှည်အံ့စိုး၍ မဖော်ပြတော့ပါ။

သို့ဖြစ်ရာ ဘုရားရှင်၏မာန်ငါးပါးအကြွင်းမဲ့ အောင်မြင်တော်မူခြင်းအား ဦးခိုက်ရှိခိုးပူဇော်လျက် ထိုဇိနဂုဏ်တော်ရှင် ဘုရားရှင်ကို ရှိခိုးရသော အကျိုးအားကြောင့် အောင်ဆုရစေကြောင်း၊ ဘုန်းကြီးစေကြောင်း ဆုတောင်းထားသည့် ဂါထာဖြစ်သည့်အပြင် ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာရှင်ကြီးများလည်း လွန်စွာ ယုံကြည်ကိုးစား အားထားလျက် အစီအရင်အမျိုးမျိုးတို့တွင် ထည့်သွင်းဆောင်ယူ အသုံးပြုကြသော ဤရန်အောင်မြင်ဂါထာတော် (ဂန္ဓာရီဝိဇ္ဇာမယကျမ်းများ၌ ပထဝီဗလသုန္ဒရီဂါထာဟု ရံခါခေါ်လေ့ရှိသည်။) မြတ်သည်ကား လူတိုင်း ဆောင်ယူ ရွတ်ပွားအပ်သော၊ ဤဂါထာနှင့် အစီအရင်များမှာလည်း စီရင်ဆောင်ယူရန် လွန်စွာ သင့်လျော်သော ဤဂါထာမြတ်ကြီးအား ကြိုးစားဆောင်ယူ ပွားများခြင်းဖြင့် လောကီ၊ လောကုတ္တရာ သုခချမ်းသာအဖြာဖြာရကြပါစေကြောင်း ဆန္ဒပြုဖော်ထုတ်ရေးသား တင်ပြလိုက်ပါသည်။

(သိသူဖော်စား၊ မသိသူကျော်သွား)

*အနန္တစကြဝဠာ*
*အနန္တသတ္တဝါတို့ ချမ်းသာကြပါစေ*

*မေတ္တာဖြင့်*

ကြီရတနာ-ဆရာဇေယျာလင်း



www.burmeseclassic.com

www.burmeseclassic.com



# မောင်ကျောက်တိုင်

## ဘက်စုံကုထုံးနှင့်သဘာဝသမားတော်

ဘက်စုံကုထုံးခေါင်းစဉ်နဲ့ သမားရိုးကျလွန်ကုထုံးတွေကို အခွင့်သာသလို ရေးခဲ့တာကို စာဖတ်သူတွေ သတိပြုမိကြမှာပါ။

သည်တစ်ကြိမ်မှာတော့ ရေးနေကျ ဘက်စုံကုထုံးတွေထဲက ကုထုံးတစ်မျိုးအကြောင်းကို ရေးမှာမဟုတ်ဘဲ ဘက်စုံကုထုံးအများအပြားကို ရေးသားထားတဲ့ 'သဘာဝသမားတော်' စာအုပ်အကြောင်းရေးမှာ ဖြစ်တယ်။ ဒီစာအုပ်ရဲ့ မူလစာအုပ်ကို DR. ANDREW WEIL, M.D က SPONTANEOUS HEALING အမည်နဲ့ ရေးထားတာ ဖြစ်တယ်။ မောင်သာမညက ဒီစာအုပ်ကို ဘာသာပြန်ပြီး ထွန်းဖောင်ဒေးရှင်းဘဏ်စာပေကော်မတီက ၂၀၀၂ မေလမှာ ထုတ်ဝေတာ ဖြစ်တယ်။ စာမျက်နှာ (၅၂၄) ရှိပြီး တန်ဖိုး (၁၀၀၀) ဖြစ်တယ်။ ဝုဖရီးစက္ကူအကောင်းစားနဲ့ဖြစ်ပြီး စီးပွားဖြစ်ထုတ်ဝေသူတစ်ဦးအနေနဲ့ဆိုရင် (၁၀၀၀)ကျပ်နဲ့ မရောင်းနိုင်ပါဘူး။ ထုတ်ဝေသူရဲ့ စေတနာကို အမှာစာမှာ ဒီလိုရေးထားတယ်။

*'ကမ္ဘာသူကမ္ဘာသားတို့၏ အကျိုးအတွက် ကျန်းမာရေးစာအုပ်စာတမ်းများထုတ်ဝေနေသော အဖွဲ့အစည်းများရှိနေပါပြီ။ ဤအဖွဲ့အစည်းများ၏ လူသားအကျိုး သယ်ပိုးကူညီမှုကို မုဒိတာဖြစ်သောစိတ်ထားဖြင့် 'သဘာဝသမားတော်'စာအုပ်ကို ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။'*

ဘာသာပြန်သူ မောင်သာမညကလည်း ဒီစာအုပ်နဲ့ အနှစ်ချုပ်ကို ဘာသာပြန်သူရဲ့အမှာမှာ ဒီလိုရေးသားဖော်ပြထားတယ်။

*'ပဋိဇီဝဆေးတို့ ပေါ်ပေါက်ခါစက ရောဂါမှန်သမျှကို ပျောက်ကင်းစေမည့်ဆေးအဖြစ် စိတ်ကူးယဉ်မှုများရှိခဲ့ဖူးပါသည်။ ယခုအချိန်တွင်ကား ပဋိဇီဝဆေးများလည်း အပြစ်မကင်းသည့်အချက်ကို လက်ခံလာပြီး အနောက်တိုင်းနိုင်ငံများ၌ ခေတ်သစ်ဆေးဝါးတို့၏ အပြစ်အနာများကို တွေ့ရှိလာခြင်းနှင့်အတူ ခေတ်သစ်ဆေးပညာအပေါ် ဝေဖန်ထောက်ပြလာသော စာအုပ်များလည်း ထွက်ပေါ်လာခဲ့သည်။ Dr.Andrew Weil ၏ Spontaneous Healimg စာအုပ်သည် ယင်းသို့ ဝေဖန်ထောက်ပြသော စာအုပ်တစ်အုပ် ဖြစ်သည်။*

*. . . ဖြစ်လာသမျှ အနာရောဂါတို့ကို ခေတ်သစ်ဆေးပညာနှင့် ဆေးဝါးတို့က အောင်မြင်စွာ ကုသပေးလိမ့်မည်ဟူသော ယုံကြည်မှုကို ကျန်းမာရေးဆိုင်ရာ အယူသီးမှုအဖြစ် ဒေါက်တာအင်ဒရူးဝေးလ်က ယူဆပါသည်။ လူ၏ ကျန်းမာမှုသည် ပြင်ပဆေးဝါးတို့အပေါ် အမှီကမတည်ဘဲ မိမိ၏ကိုယ်တွင်းအဖွဲ့အစည်းတွင် သဘာဝအလျောက် တည်ရှိနေသော ကျန်းမာရေးအဖွဲ့၏ ဟန်ချက်ညီညီ အလုပ်လုပ်နေသည့်အပေါ်တွင်သာ အမှီတည်ကြောင်း ထောက်ပြသည်။ ယင်းသို့ ထောက်ပြရာတွင် ခေတ်သစ်ဆေးဝါးတို့ဖြင့် ကုသ၍မရနိုင်သော လူနာတချို့သည် အခြားဆေးနည်းများကို သုံး၍ ပြန်လည် ကျန်းမာသွားပုံဖြစ်ရပ်များဖြင့် သက်သေပြသည်။ ကိုယ်တွင်းကျန်းမာရေးအဖွဲ့ကြီးကို အစွမ်းရှိရှိ သက်ဝင်လှုပ်ရှားစေနိုင်သောဆေးနည်းနှင့် ဆေးဝါးတို့သည်သာလျှင် လူသားတို့၏ အားကိုးရာဖြစ်ထိုက်သည်။ ခေတ်သစ်ဆေးဝါးပညာ၏ အပြင်ဘက်တွင်ရှိနေသေးသော တခြားဆေးနည်းနှင့် တိုင်းရင်းဆေးတို့ကို ဖော်ပြထားသည်မှာလည်း ခေတ်သစ်ဆေးပညာကို ပိုမိုပြည့်စုံစေမည့်အချက်များအဖြစ် မြင်ရသည်။ ထို့ကြောင့်ပင် ဤစာအုပ်ထွက်သည့်အခါ ရောင်းရအကောင်းဆုံး စာအုပ်အဖြစ် ထင်ရှားခဲ့သည်။ အမြင်သစ်အတွေးသစ်များ ပါဝင်သည့် ယင်းစာအုပ်ကို လူအများက စိတ်ဝင်စားစွာ ဖတ်ရှု ဝေဖန်ကြသည်မှာ ကောင်းသောလုပ်ရပ်ဟု မြင်မိပါသည်။'*

. . . ဤစာအုပ်တွင် လက်ရှိထွန်းကားနေသော ခေတ်သစ်ဆေးပညာအပေါ် ပြစ်တင်ဝေဖန်ချက်များ များစွာပါရှိသည်။ ယင်းပြစ်တင်ဝေဖန်ချက်များကို ဖတ်ရှုပြီး ခေတ်သစ်ဆေးပညာကို အချည်းနှီးဖြစ်သည်ဟု ပစ်ပယ်မည်ဆိုလျှင်ကား မှတ်စိမှတ် အထင်ကြီးခြင်းကြောင့် ဆုံးရှုံးရသည့်ရလဒ်မျိုးနှင့် ကြုံရပါလိမ့်မည်။ အထင်ကြီးခြင်းသည် လည်းကောင်း၊ အထင်သေးခြင်းသည် လည်းကောင်း အမှန်တရားကို ပုံဖျက်ခြင်းသာ ဖြစ်သောကြောင့် ကောင်းကျိုးချမ်းသာနှင့် လွဲရမည်သာ ဖြစ်ပါ၏။ ခေတ်သစ်ဆေးပညာသည် အစွမ်းထက်သည်။ သို့သော် ချွတ်ယွင်းချက်မကင်း။ ယင်းချွတ်ယွင်းချက်တို့ကို ရှာဖွေဖော်ထုတ်ပြီး တခြား

www.burmeseclassic.com

ဆေးနည်းများနှင့် ကုပ္ပံပေးရမည် ဟူသော ခံယူချက်သည်သာ သမာသမတ်ကျသောအမြင် ဖြစ်ပါသည်။

. . . . အသက်ရှင်သန်လိုသူတို့အတွက် ကျန်းမာရေးဆိုင်ရာ အမြင်သစ်၊ အတွေ့အကြုံသစ်၊ အသိတရားအသစ်များ တိုးပွားရေး ဖြစ်သည်။ ကျန်းမာရေးအတွက် မိမိ၏ စားဝတ်နေမှုအကျင့်အကြံ အပြောအဆိုများလည်း ပဓာနအခန်းက ပါဝင်နေသည် ဟူသောအချက်ကို ပြန်လည် သတိမူမိရေး ဖြစ်သည်။ ပစ္စည်းကိရိယာအသစ်အဆန်းများ၊ ဆေးဝါးအသစ်အဆန်းများအပေါ်တွင်သာ တစ်ဖက်သတ် အားကိုးမနေဘဲ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော ဘက်စုံအမြင် (HOLISTIC VIEW) ကို ပြန်လည် ထိန်းသိမ်းရေး ဖြစ်ပါသည်။

ဒီစာအုပ်ကို အပိုင်း(၃)ပိုင်း၊ အခန်း (၁၉) ခန်း ခွဲခြားထားတယ်။ အဲဒီကဏ္ဍ (၁၉)ခုထဲက အခန်း(၅)ဖြစ်တဲ့ ကျန်းမာရေးလုပ်ငန်း အတွင်းစိတ်ရဲ့ကဏ္ဍနဲ့ အခန်း (၁၃) က စိတ်နဲ့ ဝိညာဉ်ကဏ္ဍတို့ ဖြစ်တယ်။ စိတ်ကြောင့်ကိုယ်မှာဖြစ်တဲ့ စ-က-ရရောဂါတွေရယ်၊ ဒီရောဂါတွေ ပျောက်အောင် စိတ်နဲ့ဘယ်လိုကုရမယ် ဆိုတာတွေကို အသေးစိတ် ကိုယ်တွေ့ကိစ္စတွေ ရေးထားတယ်။ စိတ်ညှို့ပညာနဲ့ စိတ်ကူးသရုပ်ဖော်ပညာကို ရောဂါပျောက်ကင်းဖို့အတွက် အသုံးပြုနိုင်တာကို ဖော်ပြထားတယ်။

သူ့ဇနီးမှာရှိတဲ့ကိုယ်ဝန်ဟာ အရင့်အမာဖြစ်လာတဲ့အခါ ကလေးဟာ ပုံမှန်အနေအထားမဟုတ်ဘဲ ပြောင်းပြန်ဖြစ်နေတယ်။ ဒီလို ပြောင်းပြန်အနေအထားနဲ့သာ မွေးဖွားရမယ်ဆိုရင် မလွယ်ဘူး။ ဒီတော့ ကလေးကို ပုံမှန်အနေအထားအတိုင်း စိတ်ကူးနဲ့ သရုပ်ဖော်ကြည့်တဲ့ ကုထုံးကိုစမ်းသပ်ကြည့်သောအခါ ကလေးဟာ ပုံမှန်အနေအထားပြန်ရောက်သွားတာ တွေ့ရတယ်။ စိတ်နဲ့ စိတ်ညှို့ပညာတွေကို နည်းအမျိုးမျိုးအသုံးချခြင်းဖြင့် ရောဂါဝေဒနာတွေ သက်သာ ပျောက်ကင်းပုံတွေကို သာဓကတွေဆောင်ပြီး ရေးသားထားတယ်။

စိတ်နဲ့ ဝိညာဉ်ကဏ္ဍမှာလည်း ဝိညာဉ်အရေးပါမှုနဲ့၊ ကျန်းမာရေးနဲ့ဆက်စပ်နေပုံကိုလည်း ရဲဝံ့စွာ ဖော်ပြထားတယ်။

'ဝိညာဉ် (Spirits) သည် အသက်ဇီဝနှင့် စွမ်းအင်သတ္တိတို့၏ ရေသောက်မြစ် ဖြစ်သည်။ ဝိညာဉ်မပါသော ရုပ်ဝတ္ထုသက်သက်သည် အသက်ကင်းမဲ့နေသောအခွံကြီးသာ ဖြစ်သည်။ ဝိညာဉ်သည် ရုပ်နှင့် ရောနှောစပ်ယှက်နေ၏။ သို့သော် ရုပ်ဝတ္ထုကား မဟုတ်'

'ဂန္ဓာရီပညာရှင်များက လူ့ခန္ဓာကိုယ်အတွင်း၌ ဝိညာဉ်ရှိနေကြောင်း သက်သေ အထောက်အထားအဖြစ် အသက်ရှူနေမှုကို ပြသည်။ အသက်ရှူသွင်း၊ ရှူထုတ်သည့်ဓာတ်သည် ရုပ်ဝတ္ထုမဟုတ်။ အနည်းဆုံး ယင်းဇီဝဓာတ်သည် ရုပ်နှင့် ရုပ်မဟုတ်သောအရာနှစ်ခုကြားတွင်ရှိသောအရာ ဖြစ်သည်။ အသက်ရှူမှုတွင် လှုပ်ရှားမှုရှိသည်။ နရီစည်းချက်ရှိသည်။ ယင်းကား အသက်ဇီဝနှင့် ခွန်အားတို့၏ အရင်းအမြစ်ဖြစ်သည်။ ဘာသာစကားများစွာတို့တွင် ဝိညာဉ်နှင့် အသက်ဇီဝဓာတ်သည် တစ်မျိုးတည်းဖြစ်နေသည်။ သက္ကတဘာသာ၌ ပရာဏဟု ခေါ်သည်။ ထို့ပြင် လူမျိုးများစွာတွင် အသက်ဇီဝသည် အသက်ရှူမှုနှင့် စ၍ အသက်ရှူမှုနှင့် ဆုံး၏။ အသက်မရှူသေးရွေ့ ကလေးငယ်သည် ဝိညာဉ်နှင့် ရုပ်ခန္ဓာ ဆက်စပ်မှုမရှိသေး။ ဝိညာဉ်မရှိသေး။ အချို့ဘာသာဝင်တို့က ဘုရားသခင်သည် လူတိုင်း၏ အသက်ကို အသက်ရှူမှု အကြိမ်ပေါင်း မည်မျှဟု သတ်မှတ်ပေးထားသည်။ အသက်ရှူမှုအကြိမ်ပေါင်း ကုန်ခန်းသွားလျှင် လူသေတော့မည်ဟု ယုံကြည်ကြသည်။'

'အသက်ရှူခြင်းသည် ခန္ဓာကိုယ်အတွင်းရှိ ဝိညာဉ်၏လှုပ်ရှားမှုဖြစ်သည်ဟု ဆိုလျှင် အသက်ရှူခြင်းသည် ဝိညာဉ်နှင့်ပတ်သက်သောအလုပ်ပင် ဖြစ်သည်။ ပရာဏာယာမ ဟူသည် ခန္ဓာကိုယ်၏ စွမ်းအင်များကို ညီညွတ်မျှတစေရန်နှင့် ခန္ဓာကိုယ်စွမ်းအင်ကို စကြဝဠာစွမ်းအင်ကြီးနှင့် သဟဇာတဖြစ်စေသော စွမ်းအင် ဖြစ်၏။'

ထို့ကြောင့် ဒေါက်တာ အင်ဒရူးဝေးလ်က အသက်ရှူလေ့ကျင့်ခန်းကို လေ့ကျင့်ခြင်းဖြင့် ရောဂါများကို ပျောက်ကင်းစေတယ်။ ဒါကြောင့် ပရာဏာယာမလို့ သက္ကတလိုခေါ်တဲ့ အသက်ရှူလေ့ကျင့်ခန်းကို ရောဂါကုထုံးတစ်ရပ်အဖြစ်ကျင့်သုံးဖို့ ထောက်ခံ တိုက်တွန်းထားတယ်။ ပရာဏာယာမ အသက်ရှူလေ့ကျင့်ခန်းကိုကျင့်ရင် ပျောက်ကင်းနိုင်တဲ့ ရောဂါတွေကိုလည်း အသေးစိတ်ဖော်ပြထားတယ်။

ဒီစာအုပ်ရဲ့အထူးခြားဆုံးကတော့ ခန္ဓာကိုယ်တွင်းမှာ သန္ဓေပါလာတဲ့ ကုသမှုစွမ်းရည်အကြောင်းကို ထုတ်ဖော်တင်ပြထားတာပဲ ဖြစ်တယ်။ လက်ကိုဓားရှတယ်။ ထိခိုက်မှုကြောင့် ပွန်းပဲ့သွားတယ်။ ဒီလို ဒဏ်ရာတွေကို ဘာဆေးမှ မလိမ်းဘဲ သူ့ဘာသာပျောက်သွားတာကို လူတိုင်းတွေ့ကြုံဖူးတယ်။ ဒီလို ဒဏ်ရာတွေ၊ ရောဂါတွေ သူ့ဘာသာပျောက်သွားတာဟာ လူရဲ့ခန္ဓာကိုယ်အတွင်းမှာ မွေးလာကတည်းက ပါလာတဲ့ ကုသမှုစွမ်းရည်ကြောင့် ဖြစ်တယ်။ အိမ်မြှောင်တွေ အမြီးပြတ်သွားရင် အမြီးအသစ်ပေါက်လာတယ်။ အရိုးကျိုးသွားရင် ပြန်ဆက်တယ်ဆိုတာဟာ ခန္ဓာကိုယ်တွင်းရှိ ကုသမှုစွမ်းအင်ကြောင့် ဖြစ်တယ်။ ဒီကုသမှုစွမ်းအင်ကို ကိုယ်ခံအားလို့လည်း ခေါ်တယ်။ဒီကိုယ်ခံအားကျဆုံးသွားတာကို AIDS လို့ ခေါ်တယ်။ ဒီကုသမှုစွမ်းအင်အကြောင်းကို သိပ္ပံက အကုန်အစင် မသိသေးဘူး။ အခုမှ တစ်စတစ်စသိလာတာ။ နောက်ထပ်သိစရာတွေအများကြီး ကျန်သေးတယ်လို့ ဆိုတယ်။

ခန္ဓာကိုယ်အတွင်းရှိ ဒီကုသမှုစွမ်းအင်ဟာ စနစ်တစ်ခု၊ ယန္တရားတစ်ခုအဖြစ် တည်ရှိနေတာ ဖြစ်တယ်။ အရိုးစနစ်၊ အကြောစနစ်၊ သွေးလှည့်ပတ်မှုစနစ်ဆိုတဲ့ ဇီဝကမ္မစနစ်တွေလိုပဲ။ ဒီကုသမှုဟာလည်း စနစ်တစ်ရပ်အဖြစ် ဇီဝကမ္မဗေဒမှာ ပါဝင်တယ်။ ခန္ဓာကိုယ်တွင်းရှိ အလိုလိုကုသပေးနေတဲ့ ကုသမှုစနစ်ရဲ့ သဘောအနှစ်ချုပ်ကို ဒေါက်တာအင်ဒရူးဝေးလ်က ဒီလိုဖော်ပြထားတယ်။

ခန္ဓာကိုယ်တွင်းကုသမှုစနစ်ဟာ အသက်ဇီဝဓာတ်ရဲ့ ပကတိစွမ်းအင် ဖြစ်တယ်။ ဒီစွမ်းအင်ဟာ DNA အဆင့်မှာပင် ပါဝင်ပြီး ဖြစ်တယ်။ ဒါကြောင့် အသက်ဇီဝရဲ့သေးငယ်ဆုံး ရုပ်ဒြပ်ဖြစ်တဲ့ DNA ကို ပြုပြင်နိုင်တယ်။ ပြောင်းလဲနိုင်တယ်။ အားဖြည့်ပေးနိုင်တယ်။ ဒါဟာ ခန္ဓာကိုယ်တွင်းက ကုသမှုစနစ်ပါပဲ။ ဒါကြောင့် ဒီခန္ဓာတွင်း ကုသရေးစနစ်ဟာ ရောဂါတစ်ခု၊ ထိခိုက်မှုတစ်စုံတစ်ခုဖြစ်လာရင် ကုသဖို့အသင့်ရှိနေတယ်။ ဒီကုသရေးစနစ်ကောင်းနေရင် ရောဂါကင်းပြီး ဒီကုသရေးစနစ် ချွတ်ယွင်းနေရင် ရောဂါမျိုးစုံ ခံစားရမယ်လို့ ရေးထားတယ်။ အသေးစိတ် သိချင်ရင်တော့ ဒီစာအုပ်ကို ဖတ်ရပါလိမ့်မယ်။

မောင်ကျောက်တိုင်



www.burmeseclassic.com

www.burmeseclassic.com

တိုက်ခန်း

"ဝေချယ်"

"ပြောလေ ကိုနောင်"

"ကိုနောင်တို့ ဒီအတိုင်းနေသွားလို့ မဖြစ်သေးဘူးကွ။ တစ်လတစ်လ တိုက်ခန်းလခနဲ့ နာလန်ထူမယ် မထင်ဘူး။ အဲဒါ အမေတို့ဆီ ပူဆာပြီး တိုက်ခန်းတစ်ခန်းလောက် ဝယ်ရကောင်းမလားလို့"

"ဒါတော့ ကိုနောင့်သဘောလေ။ ကိုနောင့်မိဘတွေဆီကရယ်၊ ဝေချယ့်မိဘတွေဆီကရယ် နည်းနည်းစီဆွဲပြီး ဥမ္မာစုထားတဲ့ ပိုက်ဆံနဲ့ဆို အခုကြော်ငြာခေါ်နေတဲ့ ထိုက်သူစံအိမ်ရာက တိုက်ခန်းတစ်ခန်းတော့ နီးစပ်ပါတယ် ကိုနောင်။ ပြီးမှ ဖြည်းဖြည်းချင်း ပြန်ဆပ်ကြတာပေါ့"

"ဟုတ်တယ်၊ ကိုနောင်လည်း အဲဒီအိမ်ရာကို စိတ်ဝင်စားတယ်။ အရှေ့ပြင်ဘက်ဆိုတော့ လူလည်းသိပ်မညပ်ဘူး၊ နေရတာ အေးအေးချမ်းချမ်းရှိမယ်။ တိုက်ခန်းဈေးလည်း သင့်တင့်တယ်၊ နှစ် (၃၀) ဂရန် ဆိုတော့ မဆိုးပါဘူး"

"ကိုနောင့် သဘောကျ စီစဉ်ပါ။ ဘယ်တော့သွားကြည့်မလဲ"

"နက်ဖြန်"

"မိဘတွေဆီပြောကြည့်ပြီးမှ ပိုမကောင်းဘူးလား"

"ပြောပြီးသားလို့ သဘောထားပေါ့ ဝေချယ်ရယ်"

လို့ မိဘတွေကို အပိုင်ချည်ပြီး ပြောပါတယ်။ ကိုနောင့်မိဘတွေနဲ့ကျွန်မမိဘတွေဆိုတာက ရင်းနှီးပြီးသားတွေဖြစ်ပြီး ကိုယ်စီကိုယ် င အောင်မြင်တဲ့ လုပ်ငန်းကိုယ်စီနဲ့ပါ။ အိမ်နီးချင်းတွေလည်း ဖြစ်ကြပါတယ်။

ကျွန်မနဲ့ ကိုနောင် ဆိုတာက ငယ်စဉ်ကတည်းက မောင်နှမတွေလိုနေခဲ့ကြပြီး ကိုနောင် တက္ကသိုလ်ကျောင်းသားဘဝ၊ ကျွန်မ (၁၀) တန်းကျောင်းသူဘဝမှာ ကိုနောင်က ကျွန်မကို ချစ်ခွင့်ပန်ခဲ့ပါတယ်။

တကယ်ဆို သွေးမတော်သား မစပ် ရင်းရင်းနှီးနှီးနေကြခဲ့ကတည်းက က ကိုနောင့်ကို ကျွန်မ ရင်နင့်အောင် ချစ်နေရသလို ကိုနောင်ကလည်း မျက် အောက်က အပျောက်မခံအောင်ကို ချ ခဲ့ကြတာပါ။

အရွယ်ဆိုတဲ့ အသိအရ ကျွ တို့ တစ်ဦးနဲ့တစ်ဦး 'ချစ်တယ်' လို့ နှု ဖွင့်မဆိုခဲ့ကြပေမယ့် ကျွန်မတို့ရဲ့မျက်လုံး ချင်းကတော့ စကားပြောနေခဲ့ကြတာ ကြာပါပြီ။ ဆိုရရင်တော့ အိုးပုတ်ချိုးချ အချစ်လို့ ခေါ်လို့ရပါတယ်။ ငယ်ချ တွေပါ။

ကိုနောင်က ညိုစိမ့်စိမ့်နဲ့ယောက် ပီသပြီး ထွားကျိုင်းခံ့ညားသလို ကျွ ကလည်း ဖြူဖြူဝင်းဝင်းနဲ့ လှ မိန်းကလေးတစ်ဦးပါ။ ဒီလိုနဲ့ ကျွန်မ ချစ်သူဘဝရောက်ခဲ့ကြပြီး ကိုနောင်တာ

# နေပြည်တော်ကျော့ကျော့စီး

## ဖြတ်ကျော်ရသော ကြောက်ဖွယ်ညများ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မဘွဲ့ရသည်အထိ စိတ်ရှည်လက်ရှည် စောင့်ခဲ့ပါတယ်။ ကျွန်မ ဘွဲ့ရပြီးချိန်မှာ ကိုနောင်ဟာ အလုပ်တစ်ခုခိုင်ခိုင်မာမာရှိနေပါပြီ။

နောက်တော့ ကျွန်မတို့ ခမ်းခမ်းနားနား လက်ထပ်ခဲ့တာပါပဲ။ နှစ်ဖက်မိဘတွေ ဆိုတာကလည်း ဘာမှပြောစရာမရှိတာမို့ ကျွန်မတို့ဘဝဟာ ပန်းခင်းလမ်းမှာ လျှောက်လှမ်းနေရတာနဲ့ မခြား [illegible] ပါဘူး။

ကိုနောင်ဟာ [illegible] ကုန်ကုမ္ပဏီကြီးတစ်ခုရဲ့ [illegible] တွေကို ဆိုင်တွေဆီ လိုက်ပို့ပေးရတဲ့အလုပ်ကို လုပ်နေပါတယ်။ ကိုယ်ပိုင်ကားနဲ့ ပို့ပေးနေတာပါ။ အတော်လေး အဆင်ပြေပါတယ်။ မောင်တစ်ထမ်း မယ်တစ်ရွက် ဆိုတာလို ကျွန်မအလုပ်လုပ်ပါရစေလို့ ပြောတိုင်း ကိုနောင်က [illegible] ဘူး။ စီးပွားရေးတာဝန်ဟာ [illegible] ပြီး အပြောတိုမခံပါဘူး။ [illegible] ကျွန်မကို [illegible]



www.burmeseclassic.com

တာတာ တစ်သက်မှာတစ်ချစ်မို့ အလွန်ပဲကြင်နာမြတ်နိုးကြတာပါ။ အိမ်ထောင်သက် တစ်နှစ်ကျော်ခဲ့ပြီ။ ကျွန်မတို့မှာ စိတ်ညစ်စရာဆိုတာ မြူမျှမရှိခဲ့ပါဘူး။ အိမ်ထောင်ရေးသုခဆိုတာ အပြည့်ပါပဲရှင်။

အထက်ကပြောခဲ့တဲ့ တိုက်ခန်းဝယ်မယ်ဆိုတဲ့ စီမံကိန်းချအပြီးမှာတော့ ကျွန်မအတွက် စိတ်ညစ်စရာတွေပေါ်လာမယ်ဆိုတာ ဘယ်လိုမှမတွေးမိခဲ့ပါဘူး။

**ထိုက်သူ့စံအိမ်ရာ**

ကိုနောင်နဲ့ ကျွန်မဟာ ကုန်ပို့နေတဲ့ကားလေးနဲ့ လာကြည့်ကြပါတယ်။ အိမ်ရာဝင်းထဲမှာ သုံးထပ်တိုက်တန်းကြီးတွေ အများကြီးပါပဲ။ ထိုက်သူ့စံအိမ်ရာဟာ ရွာကြီးတစ်ရွာမျှပါပဲ။ လှပတဲ့တိုက်တန်းကြီးတွေဟာ သပ်သပ်ရပ်ရပ်နဲ့ နေချင့်စဖွယ်ပါ။ ဒါပေမယ့် နေမယ့်သူဆိုတာ ရှိပုံမပေါ်သေးပါဘူး။ ကြော်ငြာခေါ်နေဆဲရှိပါသေးတယ်။

အရောင်းမန်နေဂျာအဖွဲ့ကို ကြိုတင်ဖုန်းဆက်ထားလို့ သူတို့အဖွဲ့ကြိုဆိုနေပါတယ်။ လူတွေမရောက်ကြသေးပေမယ့် အချို့တိုက်ခန်းတွေ ပြင်ဆင်နေတာ တွေ့ရတယ်။

မြေညီထပ်က ပထမတန်းစျေး၊ ဒုတိယထပ်က ဒုတိယတန်းစျေး၊ တတိယထပ်က တတိယတန်းစျေးဖြစ်ပြီး သိန်းငါးဆယ်စီ သက်သာပါတယ်။ ကျွန်မတို့ကို အသေးစိတ် လိုက်ပြပါတယ်။ တိုက်ခန်းက အကြမ်းပါ။ ကိုယ်ကြိုက်သလို အခန်းဖွဲ့နိုင်တယ်။ မွမ်းမံပြင်ဆင်နိုင်ပါတယ်။ ကုမ္ပဏီအနေနဲ့ ရေချိုးခန်းနဲ့ အိမ်သာတွဲလျက် ကြွေနံရံကပ်နဲ့ လုပ်ပေးပါတယ်။ ကျန်တာတွေ ကိုယ့်ဟာကိုယ် ဘာခင်းခင်းရပါတယ်။ မခင်းလိုရင် အင်္ဂတေအခင်းနဲ့ နေနိုင်ပါတယ်။ တိုက်ခန်းပြင်ဆင်ဖို့အတွက် ကျသင့်ငွေရဲ့ (၁၀) ရာခိုင်နှုန်း လျှော့ပေးပါတယ်။ ဥပမာ သိန်း (၄၀၀) ကျရင် ကုမ္ပဏီကို သိန်း (၃၆၀) သာ သွင်းရမှာပါ။

တိုက်တန်းတစ်တန်းကို (၁၀) ခန်းတွဲ ဖွဲ့ထားပါတယ်။ (၂)ခန်းကို လှေကားတစ်စင်းကျပါ။ အဲဒီလှေကားဟာ ခေါင်မိုးပေါ် အထိ တိုးလျှိုပေါက်တက်လို့ရပါတယ်။

ဝိသေသအနေနဲ့ တတိယထပ်ပိုင်သူဟာ ခေါင်မိုးပေါ် အထပ်ကိုလည်း ပိုင်တာမို့ ခေါင်မိုးပေါ် မှာ အိမ်သေးသေး ထပ်ဆောက်ပြီး ငှားစားလို့ ရပါတယ်။ ခေါင်မိုးကွန်ကရစ်မိုးပေါ် မှာ (၃) ထပ်၊ (၆) ခန်းစာ ရေကန်တွေ ဖွဲ့စည်းထားပါတယ်။

သုံးထပ်ကို လှေကားလေးဆင့် တက်တာနဲ့ရောက်တာမို့ မမြင့်လှပါဘူး။ ခေါင်မိုးပေါ် မှာအထိ ပိုင်ဆိုင်ခွင့်ရတဲ့အတွက် ကျွန်မတို့ တိုက်ခန်းတစ်ခုရဲ့ တတိယထပ်ကို ဝယ်လိုက်ပါတယ်။

**အလုပ်ရပြီ**

ဒီလိုနဲ့ ကျွန်မဟာ နေရင်းထိုင်ရင်း အလုပ်ရခဲ့ပါတယ်။ အလုပ်ကတော့ ကျွန်မတို့ရဲ့တိုက်ခန်းကို စိတ်တိုင်းကျ အခန်းဖွဲ့တာပါပဲ။ ဧည့်ခန်း၊ ဘုရားကျောင်းဆောင်၊ အိပ်ခန်း (၂) ခန်း၊ မီးဖိုဆောင် စသည်ဖြင့်ပေါ့လေ။ အလျဉ်းသင့်သလို လုပ်ရပါတယ်။ အိမ်ရှေ့ဝရန်တာမှာ သံပန်းနဲ့ အလှကာပါတယ်။ အဲယားကွန်းတွေတပ်တယ်။ စကိုင်းနက်ဆင်တယ်။

ဒါတွေလုပ်ဖို့ရာ နေ့စဉ် ကျွန်မဆိုင်ကယ်နဲ့ရောက်လာပြီး အလုပ်သမားကို ကြီးကြပ်ရပါတယ်။ ကျွန်မတို့ဖွဲ့တဲ့အခန်းကို ကျွန်မတို့ ဆေးသုတ်ရပေမယ့် ကျန်တာတွေ ကုမ္ပဏီက သုတ်ပေးပါတယ်။

ကိုနောင်ကတော့ အလုပ်တစ်ဖက်နဲ့မို့ သိပ်ပြီးလာမကြည့်နိုင်ပါဘူး။ ကျွန်မကိုယ်တိုင်ပဲ စိတ်တိုင်းကျ စီစဉ်တာပါ။ ကျွန်မကြိုက်ရင် ကိုနောင်ကြိုက်ပြီးသားပါပဲ။ ဘာလို့လဲဆိုတော့ ဘာမဆို ကျွန်မရဲ့ဆန္ဒနဲ့ ကျွန်မရဲ့အကြိုက်ကိုသာ ကိုနောင်က အဓိကထားတာလေ။

စားတဲ့နေရာဆိုရင်လည်း ကိုနောင်ဘာစားချင်တယ်ဆိုတာ လုံးဝမရှိခဲ့ဘူး။ ကျွန်မ ချက်ကျွေးသမျှကိုပဲ ဘာမဆိုစားလေ့ရှိတာ။

"ကိုနောင်ရယ်၊ စားချင်တာလေးများရှိရင်လည်း ပြောပါဦး။ ဝေချယ့်အကြိုက်ချည်းချက်နေရတာ ကိုနောင့်ကို အားနာလှပြီ"

လို့ ပြောရင်တောင် -

"ဝေချယ်၊ ချက်ကျွေးသမျှ ကိုနောင်အကုန်ကြိုက်တယ်။ ကိုနောင့်စိတ်နဲ့ ဝေချယ့်စိတ်က တစ်ထပ်တည်းပဲလေကွာ" တဲ့လေ။

ဒီအထိ ကျွန်မအပေါ် လိုက်လျောညီထွေနေတာပါ။ တိုက်ခန်းကိုမွမ်းမံပြင်ဆင်လိုက်တာ တစ်လကျော်ကျော်ကြာမှ ပြီးတယ်။

ကျွန်မလေ ကြည်နူးလိုက်ရတဲ့ဖြစ်ခြင်း။ ကိုယ်ပိုင်တိုက်ခန်းလေး ကျယ်ကျယ်ဝန်းဝန်းနဲ့ နေရတော့မှာပါလားလို့ တွေးပြီးကျေနပ်နေရတာပေါ့။

ဒါနဲ့ အိမ်တက်မင်္ဂလာအတွက် ရက်မြတ်လေးရွေးပြီး ဖိတ်စာရိုက်ကာ ရင်းနှီးတဲ့သူငယ်ချင်းတွေဆီ ဖိတ်စာသွားပို့ပါတယ်။

အဲဒီမှာ ကျောင်းနေဖက်သူငယ်ချင်းတွေဖြစ်တဲ့ ဝေစည်မောင်၊ သော်တာဝန်းနဲ့ အင်ကြင်းမေတို့ဆီ ရောက်ခဲ့ပါတော့တယ်။

**အတူနေသံယောဇဉ်**

ကျွန်မနဲ့ ဘာသာတူ၊ အတန်းတူတွဲဖြစ်ခဲ့တဲ့ အရင်းနှီးဆုံးသူငယ်ချင်း (၃) ယောက်ဟာ မန္တလေးသူတွေ မဟုတ်ကြပါဘူး။ ဝေစည်မောင်က တောင်ကြီးသူပါ။ သူက ရှမ်းနဲ့ ပအို့ဝ်စပ်တာဆိုတော့ ဖွေးဥပြီးပါးလေးတွေနီရဲနေတာ အတော်လှပါတယ်။ သော်တာဝန်းကျတော့ မိုးကုတ်သူပါ။ မိုးကုတ်သူကျတော့ ဖြူဖွေးပြီး တစ်မျိုးလှပါတယ်။ သူကလည်း ရှမ်းတိုင်းရင်းသားပါ။ အင်ကြင်းမေကျတော့ ရမည်းသင်းသူပါ။ သူ့ကျတော့ မျက်ခုံး၊ မျက်လုံး အလွန်လှပြီး ကိုယ်လုံးကိုယ်ကျ အတော်လှတာပါ။ ညိုစိမ့်စိမ့်လေးနဲ့ ကုလားဆင်လေးပါ။ သူက ဗမာမလေးပါပဲ။

အလှကိုယ်စီရှိခဲ့ကြတဲ့ ကျွန်မတို့လေးဦးဟာ မန္တလေးရတနာပုံတက္ကသိုလ်မှာ အရမ်းထင်ပေါ်ခဲ့ကြပါတယ်။ ပျော်ပျော်ရွှင်ရွှင်နဲ့ ဘွဲ့ကိုယ်စီယူနိုင်ခဲ့ကြပါတယ်။

အတူနေသံယောဇဉ်ဆိုတာ ဘယ်လောက်ကြီးမားသလဲဆိုရင် ဝေစည်မောင်တို့ (၃) ဦးဟာ ခုထိ တတွဲတွဲနဲ့မခွဲနိုင်ကြသေးပါဘူး။ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်ရင်း အဆောင်မှာ အတူတူနေနေဆဲပါ။

ကျွန်မကသာ ကိုနောင့်ကို ချစ်လွန်းတာကြောင့် သူငယ်ချင်းတွေနဲ့ လက်တွဲဖြုတ်ပြီး အိမ်ထောင်တစ်ခုကို တည်ဆောက်လိုက်ခြင်းပါပဲ။ ကျွန်မ သူတို့လို မလွတ်လပ်တော့ပါဘူး။

ကျွန်မတို့ဟာ လူချင်းမတွေ့နိုင်ကြပေမယ့် ဖုန်းနဲ့တော့ နေ့စဉ်လိုလို စကားပြောဖြစ်ကြပါတယ်။ အဲဒီလို ဖုန်းပြောနေတဲ့အချိန်လေးတွေဆိုရင် ကျွန်မရဲ့စိတ်ဟာ ဟိုး ကျောင်းနေခဲ့တဲ့ လွတ်လပ်တဲ့ အပျိုစင်ဘဝကို ပြန်ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com

တတ်တယ်။ အဲဒါဆိုရင် စိတ်ထဲမှာ ကြည်နူးပြီး ပျော်ရွှင်ပေါ့ပါးသွားတတ်ပါတယ်။ စိတ်ထဲမှာ ပြန်ငယ်သွားတာကိုး။

ကျွန်မအိမ်ထောင်ပြုတုန်းကများဆိုရင် သူငယ်ချင်းတစ်ယောက်ကို လက်ထပ်ဖြုတ်လိုက်ရလို့ သူတို့ခမျာ မျက်ရည်ကျခဲ့ကြတယ်။ ကျွန်မလည်း ဝမ်းနည်းလွန်းလို့ မျက်ရည်မဆည်နိုင်ပါဘူး။ ကျွန်မတို့သူငယ်ချင်းလေးဦးရဲ့မေတ္တာဟာ အလွန်ဖြူစင်ကြတဲ့ မေတ္တာတွေမို့ သေတစ်ပန်သက်တစ်ဆုံး ခိုင်မြဲနေမယ့် မေတ္တာတွေပါ။ အတူနေ၊ အတူအိပ်၊ အတူစား၊ အတူကျောင်းတက်ခဲ့ကြတာလေ။

ကျွန်မတို့လေးဦး ဘယ်လောက်တစ်ယောက်ကိုတစ်ယောက် ဦးစားပေးသလဲဆိုရင် တစ်ဦးရဲ့ဆန္ဒ ဖော်ထုတ်ရင် အားလုံးက တညီတညွတ်တည်း လိုက်လျောကြတာပါပဲ။ ကန့်ကွက်တယ်ဆိုတာ မရှိပါဘူး။ စားသောက်ဆိုင်မှာ စားစရာကအစ တစ်ဦးစားရင် ကြိုက်ကြိုက်၊ မကြိုက်ကြိုက် အကုန်လိုက်စားတာပါပဲ။ အလွန်ညီညွတ်တဲ့ ညီအစ်မလေးဖော်ပါ။

တချို့ကျောင်းသားတွေက ကျွန်မတို့ကို မိ၊ မော်၊ မေ၊ မ ဆိုပြီး ကာတွန်းဆမောင်ရဲ့ ဇာတ်ကောင် ကောင်မလေးလေးဦးနဲ့ စ,နောက်တတ်ကြပါတယ်။ ဘယ်သူက မိ၊ ဘယ်သူက မော်၊ ဘယ်သူက မ ဆိုတာတော့ ကျွန်မတို့ မသိပါဘူး။ သူတို့ဟာသူတို့တော့ သတ်မှတ်ချက်ရှိပါလိမ့်မယ်။ ကျွန်မတို့ကလည်း ကျောင်းစာနဲ့ပျော်ဖို့ပဲ ဦးစားပေးကြတာပါ။

သူငယ်ချင်းတွေ အလုပ်ကပြန်ချိန်မှာ ဖုန်းနဲ့ လှမ်းချိန်းပြီး ဆိုင်ကယ်လေးနဲ့ ရောက်ခဲ့ခြင်းပါပဲ။

"ဟယ် - ကောင်မ ရောက်လာပြီတော့"

လို့ ဝေစည်မောင်က ဝမ်းသာအားရ အော်ပါတယ်။

"ဟယ်တော့ - ကောင်မ ဝ,လာတယ်။ ဇကန္တ - ဗိုက်ထဲ အောင်ငဲလေး ရောက်နေပြီထင်တယ်"

လို့ မိုးကုတ်သူ သော်တာဝင်းက ပြန်ပါတယ်။ အင်ကြင်းမေကတော့ ပါးကို ပြေးနမ်းပြီး ကျွန်မတို့ တပျော်တပါး အဆောင်ထဲဝင်ခဲ့ကြပါတယ်။ အဆောင်ထဲမှာ သူတို့အခန်းလေးက သန့်ပြန့်ပြီး မွှေးကြိုင်နေပါတယ်။

ကျွန်မလေ နွေးနွေးထွေးထွေး ယုယုယယကြိုဆိုကြတဲ့ သူငယ်ချင်းတွေကို တွေ့ရတော့ တကယ်ပါပဲရှင်။ အိမ်ထောင်ပြုမိတာများ မှားမိလေသလားလို့တောင် စိတ်ထဲမှာ ခံစားလိုက်ရပါတယ်။

## သင်္ချိုင်းမြေ

ကျွန်မတို့တွေ တွေ့တုန်းတွေ့ခိုက်မှာ အပျိုတွေဖြစ်တဲ့ သူတို့ဟာ ကျွန်မကိုပဲ ဟိုမေးဒီမေး၊ ဟိုစဒီစနဲ့ ပျော်နေကြတာပါ။ ဒီအခါ သူတို့ကို လှမ်းရသမျှ အလှမ်းလေးတွေပြေရပြန်ပါတယ်။

"ဒါနဲ့ နင်တို့နော်၊ ငါ့အိမ်တက်ကိုတော့ မဖြစ်မနေ လာဖြစ်အောင်လာရမှာနော်။ ငါ့စိတ်ကူးပုံရိပ်ကလေးကို နင်တို့ကို ခံစားခိုင်းမလို့"

"စိတ်ချစမ်းပါဟာ။ အလုပ်ဘယ်လောက်အရေးကြီးနေပါစေ ခွင့်ယူပြီး လာဖြစ်အောင်လာမှာပါ။ ဒါနဲ့ ဝေချယ်၊ ငါတို့ကြားတာက အဲဒီထိုက်သူစံအိမ်ရာမြေအချို့အဝက်ဟာ အရင်က သင်္ချိုင်းလို့ပြောကြတယ်။ မန္တလေးသင်္ချိုင်းတွေ ကြာနီကန်ပြောင်းမှ အဲဒီသင်္ချိုင်းမှာ မသင်္ဂြိုဟ်တော့တာလို့ပြောကြတယ်ဟ။ အရင်က အရှေ့ပြင်ကမသာတွေ အဲဒီမှာ သင်္ဂြိုဟ်ကြသတဲ့။ အဲဒါကို နင်သိထားစရာလိုလို့ ငါပြောတာ"

လို့ ဝေစည်မောင်က ပြောပါတယ်။ ကျွန်မစိတ်ထဲမှာ သင်္ချိုင်းမြေ ဆိုတာကြောင့် ထင့်ခနဲဖြစ်ပြီး မျက်နှာပျက်သွားပုံရှိပါတယ်။ ချက်ချင်းပဲ အင်ကြင်းမေကထပြောပါတယ်။ ဆိုရရင်တော့ ဝေစည်မောင်ရဲ့ စကားကို ပြန်ဖာလိုက်တဲ့ သဘောဆိုတာ ကျွန်မရိပ်စားမိလိုက်ပါတယ်။

"ဝေစည်ရယ်၊ ဒီကမ္ဘာမြေကြီးမှာ သင်္ချိုင်းမလုပ်ဘူးတဲ့နေရာဆိုတာမရှိဘူးတဲ့ဟ။ အဲဒါကို ဘုရားဟောထားတာပဲ။ သင်္ချိုင်းများ အဆန်းလုပ်လို့။ နင်တို့ငါတို့နေတဲ့ ဒီနေရာမှာတောင် ပုရွက်ဆိတ်အလောင်းကောင်၊ ပိုးဖလံအလောင်းကောင်တွေမြေကျရာ သင်္ချိုင်းပဲလေဟာ။ ငါနိုးနိုးစပ်စပ်ပြောမယ်ဟာ။ နင်တို့ငါတို့တွေရဲ့ ပါးစပ်ဟာ ကြက်၊ ဝက်၊ ဘဲ၊ နွား၊ ငါး၊ ပုစွန် စတဲ့ သတ္တဝါတွေရဲ့ သင်္ချိုင်းပဲလေဟာ။ အဲဒီ ကြက်၊ ဝက် အသေကောင်တွေကို နင်တို့ငါတို့ နေ့တိုင်း ဝါးမျိုပြီး ပါးစပ်သင်္ချိုင်းမှာ မြှုပ်နှံနေကြတာဟ။ သင်္ချိုင်းဖြစ်တာများ အဆန်းလုပ်လို့။ အဲဒါကြောင့် 'သင်္ချိုင်းလွတ်ရာမြေကိုရှာ၊ ဘယ်မှာတွေ့အံ့ 'နည်း' ဆိုတဲ့ စာချိုးပေါ်လာတာပေါ့ဟဲ့။ ဝေချယ်၊ သင်္ချိုင်းမြေဆိုလို့ စိတ်ထဲမကောင်းမဖြစ်နဲ့။ ဒီကောင်မဟာလေ၊ ပြောလိုက်ရင် မဆင်မခြင်"

လို့ ဖြေသိမ့်ပါတယ်။

အဲဒီမှာ ဝေစည်က ပြန်တောင်းပန်ပါတယ်။

"ဝေချယ်ရယ်၊ ငါကနင့်အိမ်တက်မှာ ဆရာတော်ကြီးတွေပင့်ပြီးကမ္မဝါဖတ်စေချင်လို့ ပြောတာနော်။ ပရိတ်ရွတ်ပြီး ကမ္မဝါဖတ်လိုက်ရင် စိတ်သန့်သွားအောင်လို့ပါ၊ စိတ်မရှိပါနဲ့ဟာ"

"ရပါတယ် ကောင်မရယ်၊ နင်တို့စေတနာ ငါ နားလည်ပါတယ်။ ဆရာတော်ငါးပါးလည်း ပင့်ဖိတ်ထားပြီးပါပြီ"

"အေး - ကောင်းတယ်ဟာ"

လို့ အိမ်ကိစ္စကနေ လူမှုကိစ္စအဝဝဆီ စကားရောက်သွားကြပြန်ပါတယ်။ ဒီအခါ သင်္ချိုင်းမြေဆိုတဲ့ ကိစ္စကြီးကလည်း ကျွန်မအာရုံထဲက ပျောက်ကွယ်သွားပြန်ပါတယ်။ ခွဲခွာနေရတဲ့ သူငယ်ချင်းတွေနဲ့ ခုလိုတွေ့ရခိုက်လေးမှာ အမှန်တကယ်ပဲ ကြည်နူးချမ်းမြေ့ရပါတယ်။

## ပထမဦးဆုံးနေသူ

ဒီလိုနဲ့ ကျွန်မတို့အိမ်တက်ပွဲလေးကို နှစ်ဖက်မိဘဆွေမျိုးတွေ၊ မိတ်သင်္ဂဟတွေ၊ ကိုနောင်ရဲ့ကုမ္ပဏီက တာဝန်ရှိသူတွေနဲ့ စည်စည်ကားကား တရားနာကာ ဒံပေါက်နဲ့ဧည့်ခံပြီး အောင်အောင်မြင်မြင် ပြီးဆုံးခဲ့ပါတယ်။

အိမ်တက်နေ့မှာတော့ ကိုနောင့်ကားကို အခြားတာဝန်ရှိသူကို တစ်နေ့တာလွှဲအပ်ပြီး ခွင့်တစ်ရက်ယူထားခဲ့ပါတယ်။ ကိုယ်ပိုင်တိုက်ခန်းလှလှလေးမှာ ကျွန်မတို့ဇနီးမောင်နှံ ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်နူးနူးနဲ့ စတင် ဖြတ်သန်းကြပါတယ်။

ကိုနောင်ရဲ့ အိပ်မက်ဆန္ဒလေးကို ကျွန်မစိတ်တိုင်းကျ မွမ်းမံခြယ်လှယ် အကောင်အထည်ဖော်ပေးလိုက်ရလို့လည်း ကျွန်မကျေနပ်လို့မဆုံးပါဘူး။

ကျွန်မက အိမ်ဝရန်တာကို သံပန်း၊ သံတံခါးနဲ့ ပိတ်ပြီး အရံအတားပြုလုပ်ထားပါတယ်။ ပြီးတော့ အာမခံသော့ကြီးတစ်လုံးခတ်ထားလိုက်ပါတယ်။ ပြီးတော့မှ တိုက်ခန်းထဲဝင်တဲ့တံခါးမကြီးပါ။ တံခါးမကြီးကိုလည်း အပြင်ထွက်ရင် အာမခံသော့ကြီးနဲ့ ခတ်နိုင်အောင် စီစဉ်ထားပါတယ်။ အထဲမှာ ချက်နှစ်ခု ပြုလုပ်ထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မနက်(၈)နာရီလောက်မှာ ကိုနောင် အလုပ်သွားတယ်ဆိုရင်ပဲ လူသူတွေမနေသေးတဲ့၊ ပထမဦးဆုံးလာနေတဲ့ ကျွန်မသာ တစ်ဦးတည်း ငေါင်စင်းစင်းကျန်နေမှာကို ကိုနောင်က သိတာကြောင့် မှာပါတယ်။

"ဝေချယ်၊ ကိုနောင် ညအပြန်နောက်ကျတာကို ဝေချယ်သိတာပဲကွာ။ ဒီတော့ ကိုနောင် ဘဲ(လ်)တီးပြီး အချက်ပေးမှ တံခါးလာဖွင့်ပေးနော်။ သုံးချက်ဆက်တိုက်နှိပ်မယ်၊ အဲဒါ ကိုနောင်ရဲ့ သင်္ကေတပဲ။ ဘယ်သူဖြစ်ဖြစ်နော်၊ လူစိမ်းဆိုရင် လုံးဝဖွင့်မပေးနဲ့။ ဒီမှာက လူနေအတော်နည်းသေးတယ်။ ဂရုစိုက်နော်"

နဲ့ တဖွဖွ မှာရှာပါတယ်။

ကျွန်မလည်း မန္တလေးသူပဲရှင်။ ဒီလောက်တော့မအ,ပါဘူး။ ဆိုမန်းမန်းသလို တဖွဖွမှာနေရှာတော့လည်း သူ့ရဲ့ ရင်တွင်းစိုးရိမ်စိတ်ကို ကျွန်မ ကျေနပ်ရတာ အမှန်ပါရှင်။

ထုံးစံအတိုင်း တယုတယပွေ့ဖက်နှုတ်ဆက်ပြီး ကိုနောင် အိတ်လေးဆွဲပြီး ဆင်းသွားပါတယ်။ ကျွန်မ ဝရန်တာကနေ နှုတ်ဆက်ပြီး အိမ်ထဲပြန်ဝင်ခဲ့တယ်။ ဒီအခါကျ တစ်နေ့တာပတ်လုံး အိမ်ရှင်မပီသစွာချက်ပြုတ်၊ အိမ်သန့်ရှင်းရေး စတဲ့ အလုပ်တွေကိုလုပ်ဖို့ ပြင်ဆင်ရတော့တာပါပဲ။ တကယ်တော့ ဒီတိုက်တန်းကြီးမှာ ပထမဦးဆုံးနေတာ ကျွန်မတို့ဇနီးမောင်နှံပါပဲ။

**တစ္ဆေမြူးချိန်**

ကျွန်မ လိုရာသွားနိုင်ဖို့ ထိုင်းဆိုင်ကယ်လေးတစ်စင်းရှိနေတာကြောင့် အဆင်ပြေပါတယ်။ ကျွန်မတို့လှေကားအဝင်နားမှာ သော့ခတ်ပြီးထားလိုက်တာပါပဲ။ အိမ်သန့်ရှင်းရေးတွေလုပ်အပြီးမှာ ကျွန်မ ရေချိုး၊ အလှပြင်ပြီး အမေတို့ဆီသွားလည်ပါတယ်။ ကျွန်မမှာ ညီမလေးတစ်ယောက်ပဲရှိတာပါ။ အခုဆို တက္ကသိုလ်တက်နေပါပြီ။ ကျွန်မတို့လိုပါပဲ၊ တိုက်တိုက်ဆိုင်ဆိုင် ကိုနောင့်မှာလည်း ညီလေးတစ်ယောက်သာရှိပါတယ်။ သူလည်း တက္ကသိုလ်တက်နေပါပြီ။ ကျွန်မတို့မိသားစုနှစ်ခုဟာ နှစ်အိမ့်တစ်အိမ် ရင်းရင်းနှီးနှီးနေကြတာပါ။

မိဘမေတ္တာရိပ်မှာ ဘယ်လိုအေးမြတယ်ဆိုပေမယ့် အချိန်တန်တော့လည်း အိမ်ပြန်ရတာပါပဲ။ ကိုနောင်ဟာ နေ့လယ်စာကို ကြုံသလို ဆိုင်မှာစားပြီး ညစာကိုတော့ အိမ်မှာပဲ စားလေ့ရှိတာကြောင့် ညစာစီစဉ်ဖို့ ပြန်ရပါတယ်။ သူ့အလုပ်က မမှန်ပါဘူး။ တစ်ခါတစ်ရံ ည(၇)နာရီရောက်တတ်သလို တစ်ခါတစ်ရံ ညဦးနက်မှလည်း ရောက်တတ်ပါတယ်။ နောက်အကျဆုံးအချိန်ဟာ (၁၁) နာရီပါ။ အများအားဖြင့် (၉) နာရီ ဝန်းကျင်မှာ ရောက်တတ်ပါတယ်။

ညနေ(၄)နာရီကျော်ကျော်အထိ တိုက်တန်းတွေတည်နေကြတဲ့ အလုပ်သမားတွေ အများအပြားရှိတာကြောင့် ဆူညံစည်ကားနေပေမယ့် အလုပ်သမားတွေပြန်တာနဲ့ တိုက်တန်းကြီးဝန်းကျင်ဟာ တိတ်ဆိတ်ပြီး ငြိမ်သွားတတ်ပါတယ်။

နွားရိုင်းသွင်းချိန်လို့ခေါ်တဲ့ ညနေမိုးချုပ်စအချိန်ဟာ တစ္ဆေတွေမြူးကြွတဲ့ အချိန်လို့ဆိုကြပါတယ်။ ဒါကို ကျွန်မ စာတွေထဲမှာ ဖတ်ဖူးပါတယ်။ လူထူထပ်ရာနေရာမှာနေခဲ့ရတော့ ကြောက်ရလန့်ရမှန်းမသိခဲ့ရိုးအမှန်ပါ။

ခုလို တစ်ယောက်တည်း တိုက်ခန်းထဲမှာနေရတဲ့အချိန်ကျတော့ တိတ်ဆိတ်မှုဟာ စိတ်ကို ချောက်ချားစေပါတယ်။ အိမ်တွင်းမီးတွေရော ဝရန်တာမီးတွေပါ အကုန်ဖွင့်ထားလိုက်တော့ စိတ်သက်သာသလိုတော့ရှိပါရဲ့။ ဒါနဲ့ ကျွန်မဟာ အခန်းထဲဝင်ပြီး အိပ်ရာထဲလှဲကာ စကိုင်းနက်အစီအစဉ်တွေဖွင့်ကြည့်ပြီး ကြောက်စိတ်ကိုဖြေရတာပါပဲ။

သံတံခါး၊ သစ်သားတံခါးမကြီးဆိုတဲ့ တံခါး(၂)ထပ်ခတ်ထားတာမို့ လူရန်သူကို မကြောက်မိပေမယ့် ဘယ်လိုပိတ်ထားထား ဝင်လာနိုင်စွမ်းရှိနိုင်မယ့် တစ္ဆေဆိုတဲ့အကောင်ကိုတော့ ကျွန်မ တွေးဆပြီး ကြောက်နေမိတာပါ။ အဲဒါကြောင့် အကြောက်ပြေ တီဗီရဲ့အသံကို မြှင့်လိုက်မိပါတယ်။

**လှေတက်သံများ**

"ဒုန်း. . . ဒုန်း. . . ဒုန်း. . . ဒုန်း"

ကွန်ကရစ်လှေကားအတိုင်း ခေါင်မိုးအပေါ်ထပ်ကို လူတွေတက်သွားတဲ့ အသံကို အပီအပြင်ကြားနေရပါတယ်။ အနည်းဆုံး သုံး၊လေးယောက်တက်သွားတဲ့အသံပါ။ တက်တာမှ ရိုးရိုးတက်တာမဟုတ်ဘူး၊ ခြေဆောင့်ပြီး တက်သွားကြတာကြောင့် တိုက်ခန်းထဲအထိ အသံရိုက်ခတ်လာခြင်းပါပဲ။

နာရီကိုကြည့်လိုက်တော့ ည (၇) နာရီခွဲပါ။ စကိုင်းနက်ကလာတဲ့ နိုင်ငံခြားဗီဒီယိုအစီအစဉ်ကို ကြည့်နေဆဲပါ။ လူတွေ ဘာကိစ္စနဲ့ ခေါင်မိုးပေါ်တက်ကြပါလိမ့်လို့ တွေးနေမိပါတယ်။

ဒါပေမယ့် ကျွန်မသိထားတာက အလုပ်သမားတွေ အိမ်ရာဝင်းထဲမှာ နေခွင့်မရှိတာရယ်၊ တံတိုင်းမခတ်ရသေးပေမယ့် အစောင့်တွေက ညအခါ လူစိမ်းတိုပေးမဝင်တာရယ်၊ အဲဒါကို ကျွန်မသိနေပါတယ်။

ဒါဆိုရင် အစောင့်တွေအလစ်မှာ မကောင်းတဲ့စုံတွဲတွေ လွတ်လပ်စွာပျော်ပါးဖို့လာကြတာလား။ ဒါမှမဟုတ် တာဝန်ရှိသူတွေက လှည့်လည်စစ်ဆေးနေတာလား ဆိုတာကို ကျွန်မ တွေးခေါ်မြော်မြင်မိပါတယ်။

အဲဒါကြောင့် ကြောက်စိတ်ဆိုတာ အနည်းငယ်ဖြစ်မိပေမယ့် ဖြေသာတဲ့ အတွေးတွေကြောင့် ဗီဒီယိုဇာတ်လမ်းမှာ နစ်မြောသွားပြန်ပါတယ်။

"ဒုန်း. . . ဒုန်း. . . . ဒုန်း. . . ဒုန်း"

ခြေသံပြင်းပြင်းနဲ့ နင်းတက်တဲ့ အသံတွေ နောက်တစ်ကြိမ် ကြားရပြန်ပါပြီ။ ပြန်ဆင်းလာသံမကြားရဘဲ တက်လာတဲ့အသံကိုသာ ကြားရပြန်တာပါ။ ဒီတစ်ခါတော့ စကားပြောသံတွေလည်း ဗလုံးဗထွေးကြားရပြန်ပါတယ်။

ခေါင်မိုးပေါ်မှာ လူတွေအိပ်ကြသလားမသိလို့ တွေးမိပြန်ပါတယ်။ လူသံတွေကြားရမှတော့ လူဆိုတာသေချာပြီလေ။ လူတွေအိပ်တာဆိုရင် ဘာတို့အပေါ်ထပ်မှာ တက်အိပ်ကြတာလဲ။ အမိုးအကာမရှိတဲ့ ကွန်ကရစ်ဟင်းလင်းပြင်ကြီးမှာ အိပ်ကြတာလား။ ပြန်ဆင်းလာသံတော့ လုံးဝမကြားရပါဘူး။

ဗီဒီယိုဇာတ်ကားထဲ ကျွန်မ ပြန်ပြီး နစ်မျောသွားချိန်မှာပဲ 'တုံးတိန်၊ တုံးတိန်၊ တုံးတိန်' ဆိုတဲ့ လူခေါ်ခေါင်းလောင်းနှိပ်သံကိုကြားလိုက်ရတာကြောင့် ကျွန်မ နံရံကို မော့ကြည့်လိုက်တယ်။ ည (၉) နာရီရှိပြီပဲ။ ကိုနောင်တောင် ပြန်ရောက်ခဲ့ပြီလေ။

ကျွန်မ အပြေးအလွှားသွားပြီး အတွင်းတံခါးမကြီးကို ဖွင့်ကာ သံပန်းတံခါးဝကို လှမ်းကြည့်လိုက်မိပါတယ်။ ကြည်နူးစွာ ပြုံးပြနေတဲ့ ချစ်ခင်ပွန်းထိုမင်္ဂလာရှိစွာ မြင်လိုက်ရတော့ ရင်ထဲမှာ အေးမြ ကြည်နူးသွားခဲ့ရပါတော့တယ်ရှင်။

**ခေါင်မိုးပေါ်မှာ**

ရောက်တယ်ဆိုရင်ပဲ လော... ဆယ် ခေါင်မိုးပေါ်တက်တဲ့ လူ... အကြောင်းကိုမေ့သွားခဲ့ပါတယ်။ ကိုနောင်...



www.burmeseclassic.com

www.burmeseclassic.com

ရေချိုးခန်းဝင်နေချိန်မှာ ကျွန်မ ထမင်းပွဲ အသင့်ပြင်ထားလိုက်ပါတယ်။ ရေချိုး၊ အဝတ်အစားလဲအပြီးမှာ ကျွန်မတို့ ထမင်းစားကြပါတယ်။

ကျွန်မလား။ အကျင့်ဖြစ်နေပါပြီ။ သူလာမှ စားနေကျဆိုတော့ ထူးပြီး မဆာတော့ပါဘူး။ ဆာရင် အဆာပြေ တစ်ခုခုစားလိုက်တာပါပဲ။ အကျင့်ဖြစ်နေပါပြီ။

စိတ်အေးချမ်းသာ ထမင်းစားကြတော့မှ အပေါ်ထပ်ကို လူတွေခြေဆောင့်ပြီး တဒုန်းဒုန်းနဲ့ တက်သွားကြတဲ့ အကြောင်းကို ပြောပြဖြစ်ပါတယ်။ ကိုနောင်က မှတ်ချက်ပြုပါတယ်။

"ဝေချယ်ကလည်းကွာ၊ ဒီအိမ်ရာဝင်းထဲ ညမှာ လူမှဝင်ခွင့်မပြုတာ။ လူတွေ မဖြစ်နိုင်ပါဘူးကွာ။ ဒီဝင်းထဲမှာ အလုပ်သမားတွေပစ်တဲ့ စားကြွင်းစားကျန်တွေကို အမှီပြုပြီးနေနေတဲ့ ခွေးလေခွေးလွင့်တွေရှိနေတော့ ခွေးတွေ ခေါင်မိုးပေါ် တက်အိပ်တာပဲရှိမှာပါ"

လို့ဆိုတော့ ကျွန်မစိတ်ထဲမှာ ဘဝင်တယ်မကျချင်ပါဘူး။ ခွေးက လူလို ခြေဆောင့်ပြီး တိုက်လှေကားဟိန်းအောင် တက်နိုင်မလား။ စဉ်းစားကြည့်ပါ၊ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ပြီးတော့ ခွေးက လူလို စကားပြောပြီးတက်မလား။ လူဆိုမှ လူပါ။ အဲဒါကြောင့် ဒီပဟေဠိဖြစ်နေတဲ့ အရာကို အဖြေသိရအောင်တက်ကြည့်မှ ဖြစ်တော့မယ်ဆိုတာသိတာကြောင့် သူတို့ ပြန်မငြင်းနေတော့ဘဲ ထမင်းစားအပြီးမှာ ရင်ထဲကဆန္ဒကို အကောင်အထည်ဖော်ရပါတော့တယ်။

"ကိုနောင့်၊ခေါင်မိုးပေါ် တက်ကြည့်ရအောင်လား။ ဓာတ်မီးတွေလည်းရှိနေတာပဲ"

"ဝေချယ့်သဘောလေ၊ ဘာဝေးမှာမှတ်လို့။ ခုတက်၊ ခုရောက်တဲ့ဟာကွာ"

လို့ ပြောတာကြောင့် ကျွန်မတို့ဟာ အားသွင်းဓာတ်မီး တစ်ယောက်တစ်လက်စီနဲ့ ခေါင်မိုးပေါ် တက်ခဲ့ကြပါတယ်။ တစ်ဆစ်ချိုးလှေကားတို (၂) ခု တက်လိုက်တာနဲ့ ခေါင်မိုးလွင်ပြင်ပေါ်ကို ရောက်ပါတယ်။

ခေါင်မိုးပေါ်မှာ တိတ်ဆိတ်ငြိမ်သက်နေတာကြောင့် ကျွန်မတို့ဟာ ဓာတ်မီးနဲ့ လှည့်ပတ်ထိုးတဲ့အခါ ကျွန်မတို့ကို အိပ်နေရာမှ ခေါင်းထောင်ပြီး စိန်းစိန်းကြည့်နေတဲ့ခွေးတွေကို တွေ့ရတော့တာပါပဲ။ ခွေးက (၄) ကောင်ပါ။ ခွေးတွေကလွဲလို့ အပေါ်မှာဘာမှမရှိဘဲ ငြိမ်သက်တိတ်ဆိတ်နေတာပါ။

ကျွန်မကျောနည်းနည်းချမ်းသွားပြီး ကြက်သီးထသလို ခံစားလိုက်ရပါတယ်။ တဒုန်းဒုန်းနဲ့တက်သွားတဲ့လူတွေ ဘယ်ဆီရောက်ကုန်ပါလိမ့်။ ခွေးရဲ့ခြေသံက ဒီလောက်မြည်ပါမတဲ့လား။ စဉ်းစားကြည့်ကြပါရှင်။

"ကဲ - ကိုနောင်ပြောသားပဲ၊ ခွေးတွေပါလို့ဆို။ တိုက်ကကြီးတော့ ခွေးခြေသံက ဟိန်းနေတဲ့သဘောပါ ဝေချယ်ရယ်"

လို့ ပြောပါတယ်။

ကျွန်မကတော့ အာစေးထည့်ထားခံရသလို ဘာဆိုဘာမှမပြောနိုင်တော့ပါဘူး။ လူတွေ ကျွန်မတို့ဘက်က တက်ပြီး ဟိုဘက်လှေကားက ပြန်ဆင်းသွားကြသလား။ ခေါင်မိုးပေါ်မှာ နယ်ပယ်အကန့်လေးတွေ ပေါင်လယ်လောက်သာ ကာထားတော့ ဘယ်ကနေဆင်းဆင်းရပါတယ်။ (၁၀) ခန်းအတွက် လှေကား (၅) စင်းရှိနေတာပါ။ ဒါနဲ့ပဲ ရင်ထဲမှာ မတင်မကျနဲ့ ကျွန်မတို့ ပြန်ဆင်းခဲ့ပါတယ်။

## ကိုနောင် ပြန်လာပြီလား

ညမိုးချုပ်တာနဲ့ ကျွန်မတို့တတိယထပ်က တိုက်ခန်းဝန်းကျင် မီးလင်းနေပေမယ့် ကျန်တဲ့ တိုက်ခန်းတွေ၊ မျက်နှာချင်းဆိုင်က တိုက်တန်းတွေမှာ လူတွေ ရောက်မလာသေးတာကြောင့် မှောင်အတိရယ်ပါ။ ဒါဆို ကျွန်မ တီဗီကိုအားစိုက်ပြီးကြည့်နေမိတာပါပဲ။

တဒုန်းဒုန်းနဲ့ အုပ်စုနဲ့ ခြေသံတွေဟာ တက်လိုက်၊ ဆင်းလိုက်နဲ့လုပ်နေတတ်တာပါပဲ။ အဲဒီမှာ ကျွန်မသဘောပေါက်လိုက်တာက ဒီမြေဟာ အရင်က သင်္ချိုင်းမြေဖြစ်ခဲ့ဖူးတာကြောင့် သရဲတစ္ဆေတွေ အုံနဲ့ကျင်းနဲ့နေကြမယ်ဆိုတာပါပဲ။ ဒီလိုတွေးမိတော့ ကြောက်ပေမယ့် ဖြေသာပါသေးတယ်။ သူတို့ ငါတို့တိုက်ထဲတော့ မဝင်နိုင်လောက်ဘူး။ ပရိတ်အရံအတားတွေ၊ ကမ္မဝါစာတွေ ဖတ်ထားလို့ပါ။ တတိယထပ်အချို့ ပြုပြင်နေကြပေမယ့် လူရောက်လာမယ့်အခြေအနေကဝေးပါသေးတယ်။ တတိယထပ်ဟာ ဈေးသက်သာတာ တစ်ကြောင်း၊ အပေါ်ထပ်ပါ ပိုင်ဆိုင်တာတစ်ကြောင်းကြောင့် ရောင်းလို့အစွံဆုံးတိုက်ခန်းတွေဖြစ်မှာပါ။ ကျွန်မတို့ရဲ့ဘယ်၊ ညာတိုက်ခန်းတွေ ပြင်ဆင်နေပါပြီ။

ဒီကြားထဲ အဲဒီအချိန်က မီးကမမှန်သေးပါဘူး။ ညမှာ မီးပျက်တဲ့ရက်တွေရှိပါတယ်။ အဲဒါဆို အားသွင်းထားတဲ့ ဓာတ်မီးခွက်နဲ့ နေရတာပါပဲ။

အဲဒီညမျိုးကျတော့ တီဗီလည်းဖွင့်မရတာကြောင့် အပ်ကျသံကအစကြားနေရတာဆိုတော့ စကားတပြောပြောနဲ့ ဖိနပ်သံတရှပ်ရှပ်တဖျတ်ဖျတ်နဲ့ တက်သွားကြတာ၊ ဆင်းလာကြတာတွေ ကျွန်မ မကြားချင်လည်း ကြားနေရပါတယ်။ ရက်ကြာလာတာနဲ့အမျှ ဒါမျိုးတွေ နေ့တိုင်းကြားနေရတဲ့အခါ ကျွန်မ အရေထူလာပါတော့တယ်။ ထူးပြီး မကြောက်တော့ပါဘူး။

ဒါပေမယ့် မီးလာတဲ့တစ်နေ့မှာ ကျွန်မ လိပ်ပြာစဉ်မတတ် ကြောက်လန့်စရာတစ်ခုကို ကြုံခဲ့ရပါတယ်။ အဲဒါက လူခေါ်ဘဲ(လ်)ကို ကိုနောင်ရဲ့သင်္ကေတအတိုင်း (၃) ကြိမ်ဆက်တိုက်နှိပ်လိုက်တာပါပဲ။

ထုံးစံအတိုင်း နံရံကနာရီကိုကြည့်မိတော့ ည(၇)နာရီခွဲပဲရှိသေးတာကိုး။ ဒါနဲ့ ကျွန်မ အပြေးအလွှား တိုက်ခန်းတံခါးမကြီးဖွင့်ပြီး ပြုံးရွှင်စွာ နှုတ်ဆက်နေမယ့် ကိုနောင့်မျက်နှာကို ရုတ်ခြည်းကြည့်မိတယ်။ သံတံခါးဝမှာ ကိုနောင် ရှိမနေပါဘူး။ ဒါနဲ့ ကိုနောင် ငါ့ကို စ, ချင်လို့ ပုန်းနေတာနေမှာဆိုပြီး သံပန်းတံခါးနားအထိ ထွက်ကြည့်ပြန်တော့လည်း ကိုနောင့်အရိပ်အယောင်တောင် မမြင်ရပါဘူး။ အဲဒီမှာ ကြက်သီးဖြန်းခနဲထပါတယ်။

ဒါနဲ့ ကျွန်မ ချက်ချင်း သဘောပေါက်ပြီး အိမ်ထဲပြေးဝင်ကာ တံခါးမကြီးကို အမြန်ချက်ထိုးမိပါတယ်။ ခိုင်မာအောင် တံခါးချက်မကြီး(၂)ခုလုပ်ထားတာပါ။ ချက် (၂) ခု အမြန်ထိုးပြီးမှ ကြောက်စိတ် နည်းနည်းသက်သာသွားပါတယ်။

ကြည့်စမ်း။ ကိုနောင်ရဲ့သင်္ကေတအတိုင်း ဘဲ(လ်)ကို သုံးချက်နှိပ်တာဟာ သူတို့သိနေလို့နေမှာပေါ့။ ကျွန်မ အဲဒီညမှာ အကြောက်တကာ့အကြောက်ဆုံးညအဖြစ် ရင်တုန်ပန်းတုန် ခံစားလိုက်ရတာပါ။ လူတောင်တုန်နေပါတယ်။

ကိုနောင် ပြန်လာလို့ ဘဲ(လ်)သုံးချက်နှိပ်တာတောင် ဟုတ်မှဟုတ်ပါလေ စဆိုပြီး မယုံမရဲနဲ့ တံခါးဖွင့်ကြည့်ရတာပါ။ကျွန်မအဖြစ်က တကယ့်သည်းထိတ်ရင်ဖိုပါရှင်။

ကျွန်မရဲ့မျက်နှာကို အလွတ်ရနေတဲ့ ကိုနောင်ဟာ ချက်ချင်းမေးတယ်။




www.burmeseclassic.com

www.burmeseclassic.com

အဘဘိုးမင်းခေါင်နဲ့ ဘုန်းဘုန်းကြီးရှင်မထီးတို့ ချီးမြှင့်ခဲ့တဲ့

# ဒိဋ္ဌပျောက်ဆေးနှစ်လက်

အောင်သန်းချစ်



မီးကွင်းဂမုန်း

ခေါင်ပရမေဓာတ်နန်းမှာ အဘကြွနေတဲ့ကာလ ဖြစ်ပါတယ်။

တစ်နေ့တော့ ကျွန်တော့် သမီးငယ်လေး သွေးဝမ်းတွေသွားလို့ အဘကိုလျှောက်တော့ အဘက မီးကွင်းဂမုန်းရွက်ခူးပြီး ရေနဲ့ သန့်သန့်ဆေး၊ အနည်းငယ်ကြေအောင်ထောင်းပြီး အရည်ညှစ်ယူခိုင်းတယ်။ အကြမ်းပန်းကန်လုံးနဲ့ တစ်ဝက်ကျော်ကျော်ရတာကို သကြားအနည်းငယ်နဲ့ ဖျော်စေတယ်။ ပြီးတော့ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်ဝက်စီခွဲပြီး အဲဒီဖျော်ရည်ကို သမီးလေးအားသောက်စေတယ်။ နောက်နေ့ရောက်တော့ သမီးလေး သွေးဝမ်းရပ်သွားတာကို တအံ့တသြ တွေ့ခဲ့ရပါတယ်။

ဒါကြောင့် သွေးဝမ်းသွားရင် မီးကွင်းဂမုန်းရွက်ကို အရည်ညှစ်ပြီး သကြားနဲ့ ဖျော်သောက်ကြပါ။ သွေးဝမ်းချက်ချင်းရပ်သွားပါလိမ့်မယ်။

နောက်ကုထုံးတစ်နည်းကိုတော့ ဘုန်းဘုန်းကြီး ရှင်မထီးက ချီးမြှင့်ခဲ့တာဖြစ်တယ်။

မန္တလေးမြို့မျက်နှာဖုံး နိုင်ငံကျော်သူဌေးကြီးရဲ့ဇနီးလက်မှာ အနာတွေပေါက်နေတာကြောင့် ဘုန်းဘုန်းကြီးက-

"အပင်က ကြောင်တလျှား၊ အသီးက အိုးပုတ်ကစား"

လို့ မိန့်ပြီး စဉ့်ကိုင်မြို့ လမ်းဘေးတွေမှာပေါက်လေ့ရှိတဲ့ အရွက်ခပ်ကြမ်းကြမ်းထူထူဝိုင်းဝိုင်းရှိတဲ့ အိုးပုတ်သီးကို ခူးခိုင်းတယ်။ အိုးပုတ်သီးထည့်ထားတဲ့ ရေကို ကျက်ကျက်ဆူအောင်ပြုပြီး ခပ်နွေးနွေးမှာ တစ်ကိုယ်လုံး ချိုးရတယ်၊ ရက်အတန်ကြာ အိုးပုတ်သီးပြုတ်ရည်ချိုးလိုက်တော့ လက်ကအနာတွေပျောက်သွားတယ်။

ဒါကြောင့် လက်တွေ၊ ခြေတွေ၊ ခန္ဓာတွေမှာ အနာပေါက်ရင် အိုးပုတ်သီးပြုတ်ရည်ချိုးပေးပြီး ကုစားလို့ရတယ်။

အောင်သန်းချစ်

---

"ဝေချယ့်မျက်နှာက ပြုံးတုံးပြတဲ့ အရမ်းကြောက်နေတဲ့ပုံစံပဲ။ ဘာဖြစ်တာလဲ"

ဆိုတော့ ဖြစ်ကြောင်းပြောပြတဲ့အခါ -

"အစောင့်လူနောက်တစ်ယောက်က လှည့်လည်စစ်ဆေးရင်း ဘဲ(လ်)ဝင်တီးသွားတာနေမှာပါကွာ"

လို့ ဖြေသိမ့်ပါတယ်။

ကျွန်မစောဒကထပ်မတက်တော့ပါဘူး။ ကိုနောင် ရောက်လာတော့ ကြောက်စိတ် ဆိုတာ မြူလောက်တောင် မရှိတော့ဘူးလေ။

**ဘုန်းရှိလာရောက် ဘုန်းမဲ့ပျောက်**

အဲဒီလို (၂) လကျော်၊ (၃) လလောက်ကြောက်စရာကောင်းတဲ့ညတွေ ဖြတ်ကျော်အပြီးမှာတော့ ကျွန်မနဲ့ ကပ်လျက် တတိယထပ်တွေမှာ ပြုပြင်ပြီးပြီမို့ လူတွေရောက်လာကြပါပြီ။

အဲဒါကြောင့် အရမ်းကို အားရှိလာပါတယ်။ အဲဒီမိသားစုတွေနဲ့လည်း ခင်မင်အောင် မိတ်ဖွဲ့ရပါတယ်။ ညမှာ ခေါင်မိုးပေါ်တက်တဲ့ခြေသံတွေကတော့ ကြားနေရပါသေးတယ်။ ဒါပေမယ့် သိသိသာသာကျဲသွားပါတယ်။

နောက်ဆက်တိုက်ဆိုတာလို မြေညီထပ်တွေ၊ ဒုတိယထပ်တွေမှာလည်း လူတွေရောက်လာကြပါတယ်။ တကယ့် စည်စည်ကားကားဖြစ်လာခဲ့ပါပြီ။ လင်းထိန်နေပါပြီ။

အဲဒီအခါကျမှ တဒုန်းဒုန်းတက်နေတဲ့ခြေသံတွေ လုံးဝ ပျောက်ကွယ်သွားတော့တာပါပဲ။ ခုချိန်မှာတော့ ပူအိုက်တဲ့ညတွေမှာ ကိုနောင် စောစောရောက်ခဲ့ရင် အဲဒီခေါင်မိုးပေါ်တက်ပြီး လေညင်းခံကြလေ့ရှိပါတယ်။ ခွေးလေးခွေးလွင့်လေးတွေကတော့ အန္တရာယ်ကင်းတဲ့ တိုက်ခေါင်မိုးပေါ်မှာ ခုထိတက်အိပ်နေဆဲပါပဲ။

သူတို့က ကျွန်မတို့အရင်ကတည်းက တက်အိပ်နေကျမို့ သူတို့ကို မောင်းမထုတ်ရက်ပါဘူး။ ကျွန်မ ကိုယ်ချင်းစာပါတယ်။ သူတို့လည်း သူတို့ဘဝနဲ့ လွတ်လပ်စွာ ပျော်ကြပါစေ။

ကိုနောင်ဟာ ကျွန်မကို အရင်ကထက် တစ်ဆတိုးပြီးဂရုစိုက်လာပါတယ်။ ကြင်နာယုယသလားတော့ မမေးနဲ့၊ ပင်ပန်းမှာစိုးလို့၊ ခါးကုန်းရမှာစိုးလို့ အဝတ်လျှော်စက်တောင်ဝယ်ထားပေးပါတယ်။ ဘာဖြစ်လို့လဲသိလား။ ကိုနောင့်မျိုးဆက်သစ်လေး ကျွန်မရဲ့. . . ။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်



www.burmeseclassic.com

www.burmeseclassic.com

အောင်ချမ်းဆွေ

# အလှူဒါနပြုကြ သူ၊ ငါ—ဆိုရာဝယ်

ဆောင်းနံနက်ခင်း ဖြစ်သည်နှင့် အညီ နှင်းမြူမှုန်များ အုံ့ဆိုင်းနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် မြူနှင်းများ အုံ့ဆိုင်းနေမှုကြောင့် အဝေးသို့လှမ်း၍ မမြင်နိုင်ဘဲ မိမိအနီးပတ်ဝန်းကျင်လက် တစ်ကမ်းအလွန်လောက်တွင်သာ သဲသဲ ကွဲကွဲ မြင်တွေ့နိုင်သည်။



သံဃာတော် အရှင်သူမြတ်များ အား ယနေ့ ထူးထူးကဲကဲအဖြစ် အုန်း ဆွမ်းနှင့် ကြက်သားဟင်း၊ ပုစွန်ခြောက် နှင့် ငရုတ်သီးကြော်တို့ကို မွန်မြတ်စွာ လောင်းလှူနိုင်သည်။ အငြိမ်းစားဝန်ထမ်း ဘဝဖြစ်ခဲ့ပြီးနောက် အားလပ်နေသော အချိန်ကလေးများတွင် စာတိုပေစလေး များကို ဝါသနာအရ ရေးသားပြီး မဂ္ဂဇင်း

တိုက်များသို့ ပေးပို့ခဲ့ရာမှ ဖော်ပြခြင်း ခံရသော စာမူများအတွက် ချီးမြှင့်ပေးပို့ လာသော စာမူခငွေကလေးများကို စု ဆောင်း၍ မွေးနေ့နှင့်တိုက်ဆိုင်ကြုံကြိုက် ခိုက်တွင် မြတ်ဘုရားနှင့် သံဃာတော် အရှင်မြတ်တို့အား ယခုကဲ့သို့ မွန်မွန်မြတ် မြတ် ကုသိုလ်ဒါနပြုနိုင်ခြင်း ဖြစ်ပါသည်။

မိမိ၏ စိတ်စေတနာအရ ပေါ် ပေါက်လာသော လှူဒါန်းမှု ဒါနကုသိုလ် အပေါ်တွင် ပီတိခံစားကျေနပ်နေမိသည် မှာ အမှန်ပါ။ ကျန်ဒါနကုသိုလ်အဖို့ကို လည်း (၃၁) ဘုံသားများအား အမျှပေး ဝေခဲ့ပါသည်။

နှင်းမြူမှုန်များအကြား သံဃာ တော်များအား ဆွမ်းလောင်းလှူပြီး ပီတိ ဖြစ်နေစဉ် မသဲမကွဲနှင်းမှုန်များအကြားမှ အနီးသို့ရောက်လာသော လူပုဂ္ဂိုလ်တစ် ဦးအား မြင်လိုက်ရသဖြင့် ယခင်က ခင် မင်ရင်းနှီးမှုရှိခဲ့သည့်အတိုင်း နှုတ်ဆက် ရပြန်သည်။

နှင်းမြူမှုန်များကြားတွင် သက္က လတ်ဘောင်းဘီရှည်၊ လောင်းကုတ် အင်္ကျီရှည်၊ သိုးမွေးဦးထုပ်ဆောင်းပြီး လက်ထဲတွင်လည်း တုတ်ကောက်တစ် ချောင်းနှင့် အားအင်ခွန်အား ပြည့်ဝစွာ လျှောက်လှမ်း၍ အနီးသို့ရောက်ရှိလာ သူမှာ အငြိမ်းစား စစ်မှုထမ်းဟောင်းကြီး ဦးသက်အောင် ဖြစ်ပါသည်။ အရပ်ထဲ တွင် ရင်းနှီးသူအားလုံးက ဘကြီးအောင် ဟူ၍သာ ခေါ်ဆိုတတ်ကြသည်။

"ဘကြီးအောင်၊ လမ်းလျှောက် ထွက်လာတာလား"

"အေးဗျာ - ကိုသန်းဆွေ၊ ကျုပ်က အချိန်မှန် လမ်းလျှောက်နေကျလေ။ ခင်ဗျားလည်း ဆွမ်းထွက်လောင်းနေတာ ပေါ့။ ပြီးသွားပြီလား"

"ဟုတ်ကဲ့ ဘကြီးအောင်၊ ပြီးပါပြီ။ အချိန်ရရင် အိမ်ထဲဝင်ထိုင်ပါဦးလား ခင်ဗျာ။ အခါးရည်လေးသောက်၊ စကား လေးပြောရတာပေါ့"

ကျွန်တော်၏ ဖိတ်ခေါ်မှုကြောင့် ဘကြီးအောင်သည် ပြုံးရွှင်စွာဖြင့် အိမ် ထဲသို့ လိုက်ပါလာခဲ့သည်။

ဘကြီးအောင်အား အိမ်တွင် အရန် သင့်ရှိနေသော ကော်ဖီမစ်နှင့် မုန့်တို့ကို တည်ခင်း ဧည့်ခံ ကျွေးမွေးလိုက်သည်။ ဘကြီးအောင်သည် ကျွန်တော် ဧည့်ခံ ထားသော ကော်ဖီနှင့် မုန့်တို့ကို မြိန်ရှက်



www.burmeseclassic.com

www.burmeseclassic.com

**စွာစားသုံးနေသည်။ သူ၏အသက် (၈၀)** ကျော်နေပြီ။ ယခုအချိန်အထိ သွား၊ မျက်စိ၊ နား အားလုံးကောင်း၍ ခါးနည်းနည်းကိုင်းနေသည်မှအပ ကျန်းမာ သန်စွမ်းလျက်ရှိနေသည်။ လမ်းလျှောက် မပြတ် နေ့စဉ် ဆောင်ရွက်လျက်ရှိနေသည်။ ကျွန်တော်တို့ကသာ သူကဲ့သို့ အချိန်မှန်လမ်းမလျှောက်နိုင်။ လျှောက်ချင်တဲ့ဆန္ဒဖြစ်ပေါ်လာမှသာ လျှောက်ဖြစ်သည်။ ဘကြီးအောင်သည် စားသုံးနေမှုအား လက်စသတ်လိုက်ပြီးသည့်အခါ-

"ကိုသန်းဆွေက နေ့စဉ်ပုံမှန်ဆွမ်းလောင်းနိုင်တယ်ပေါ့ဟုတ်လား။ဒါလည်း စစ်မှန်တဲ့ကုသိုလ်ပါပဲဗျာ"

"ဟုတ်တယ် ဘကြီးအောင်။ ကျွန်တော်လည်း အငြိမ်းစားယူပြီးမှ အချိန်ပြည့် အိမ်မှာရှိနေတော့ မိသားစုတာဝန်တစ်ခုကို ယူထားတာပါ။ ကျွန်တို့အိမ်သားတွေက အလုပ်သမားနဲ့ ကျောင်းသားနဲ့ဖြစ်နေတော့ အိမ်မှာအားတဲ့သူက ကျွန်တော်ပဲရှိတယ်လေ၊ ဒါကြောင့်ပါ။ မြတ်ဗုဒ္ဓနဲ့ သံဃာတော်တို့အတွက် ဆွမ်းဝတ်တာဝန်က ကျွန်တော့်တာဝန်ပေါ့"

"ကောင်းပါတယ်ဗျာ၊ ကောင်းပါတယ်။ ကျွန်တော်တို့ရဲ့ ဒီဘဝခန္ဓာကြီးတစ်ဘဝဇာတ်မသိမ်းခင် ကိုယ်တတ်နိုင်တဲ့ အသိလေးတွေနဲ့ ဒါန၊သီလ၊ဘာဝနာကုသိုလ်လေးတွေကို ယူထားတတ်ဖို့ လိုတာပေါ့ဗျာ"

"ဟုတ်ကဲ့ ဘကြီး၊ ဟုတ်ကဲ့။ ဒီနေ့လည်း ကျွန်တော်ရဲ့ မွေးနေ့အလှူတစ်ခုအဖြစ်ပါ။ အငြိမ်းစားယူပြီးမှ အားနေတဲ့အချိန်လေးတွေမှာ စာတိုပေစကလေးတွေရေး၊ မဂ္ဂဇင်းတွေကိုပို့ခဲ့လို့ ရရှိလာတဲ့ စာမူခလေးတွေကို စုဆောင်းထားပြီး အမှတ်တရပေါ့ဗျာ။ မြတ်ဘုရားနဲ့သံဃာတော် အရှင်သူမြတ်တို့ကို အုန်းဆွမ်းဆက်ကပ် လှူဒါန်းနိုင်တယ်တဲ့ ဘကြီး"

"သာဓုဗျာ၊ သာဓု၊ သာဓု။ ခင်ဗျားရဲ့ စိတ်ဆန္ဒကြောင့် ဖြစ်ပေါ်လာခဲ့တဲ့ အလှူဒါနအကျိုးကို ပြည့်ဝစွာ ခံစားနိုင်ပါစေဗျာ"

ဘကြီးအောင်ထံမှ ကျွန်တော်၏ အလှူဒါနအပေါ်တွင် ကျေနပ်ပီတိဖြစ်နေမှုများကို မြင်တွေ့ခဲ့ရပြန်သဖြင့် ကျွန်တော့်တွင် ထပ်ဆင့်ပီတိများဖြစ်နေရပြန်ပါသည်။

"အဲဒါလည်းဗျာ၊ အလှူဒါနတစ်ခုလုပ်တယ်ဆိုတာ ကြီးကြီးမားမား ပြောစည်တီးပြီးလှူမှ အလှူဒါနမဟုတ်ပါဘူးဗျာ။ ကိုယ်ရဲ့တတ်နိုင်မှု အင်အားအခြေအနေပေါ်မှာ မူတည်ပြီး စေတနာရှိရှိ လှူဒါန်းနိုင်ရင်လည်း အလှူဒါနတစ်ခုဖြစ်ပါတယ်"

"ဟုတ်ကဲ့ ဘကြီး၊ ဟုတ်ကဲ့"

"လှူဒါန်းတဲ့နေရာမှာသာ စေတနာဟာ အဓိကပဲ။ စေတနာဆိုတဲ့ နေရာမှာ လှူဒါန်းနေစဉ်ကာလ မိမိစိတ်အတွင်းမှာ ကြည်နူးပီတိဖြစ်ပေါ်နေတဲ့ စိတ်။ ဒီစိတ်က မုဥ္စစေတနာ ဖြစ်တယ်။ ဒီစေတနာဟာ ဒါနအလှူရဲ့ တရားကိုယ်အစစ်ဖြစ်တယ်။ မလှူဒါန်းမီ ကြိုတင်ဖြစ်ပေါ်လာတဲ့စိတ်စေတနာကို ပုဗ္ဗစေတနာလို့ ခေါ်တယ်။ လှူဒါန်းမှုပြုနေစဉ်မှာဖြစ်ပေါ်လာတဲ့စေတနာကို မုဥ္စစေတနာလို့ ခေါ်တယ်။ လှူဒါန်းပြီးမှ ဖြစ်ပေါ်ခံစားရတဲ့ စိတ်စေတနာကို အပရစေတနာလို့ခေါ်တယ်။ စေတနာသုံးတန်ဆိုတာ အဲဒါပဲ။ အဲဒီစေတနာသုံးတန်ပြည့်စုံသည်နှင့်အမျှ ကိုယ်ရဲ့အလှူဒါနအပေါ်မှာ အကျိုးသက်ရောက်ပါတယ်"

ကျွန်တော်လည်း ဘကြီးအောင်၏ စကားသံစဉ်လှိုင်းပေါ်တွင် လွင့်မျောခံစားနေမိသည်။ ဘကြီးအောင်သည် စစ်ထွက်ကြီးတစ်ဦးပီပီ စကားပြောလည်း ပြတ်သည်။ နားကောင်းလည်း အလွန်ကောင်းသည်။ တစ်ဖက်လူကျေနပ်နှစ်သက် ခံစားနိုင်အောင် ပြောစွမ်းနိုင်မှုရှိသည်ကို တွေ့နေရသည်။ ဘကြီးအောင်သည် ပြောလက်စ စကားကို ရပ်၍ အခါးရည်တစ်ခွက် သောက်လိုက်ပြီးမှ -

"အလှူဒါနတစ်ခုပြုရာမှာ ဓမ္မိယလဒ္ဓဒါနလို့ ခေါ်တဲ့ တရားသဖြင့် ရှာဖွေရရှိတဲ့ ဥစ္စာပစ္စည်းတို့ကို လှူဒါန်းခြင်းဖြစ်ဖို့လည်း လိုအပ်တယ်ဗျာ"

"ဟုတ်ကဲ့ ဘကြီး၊ ဆက်ပြောပါဦး ခင်ဗျာ"

"တချို့ စီးပွားဥစ္စာ ငွေကြေးရှာကြံရရှိကြတယ်။ ဒါပေမယ့် ကိုယ်ရှာတဲ့ ငွေကြေးဥစ္စာပစ္စည်းတွေက တရားသဖြင့် ရရှိထားတာ ဟုတ်၊ မဟုတ် ဆန်းစစ်နိုင်တဲ့သူက ခပ်ရှားရှားဗျ။

ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့နဲ့ ကျူးလွန်ပြီး ရရှိလာတဲ့ ဥစ္စာပစ္စည်းနဲ့ အသက်မွေးဝမ်းကျောင်းပြုမှုဟာလည်း 'မိစ္ဆာဇီဝ' လို့ ခေါ်တဲ့ ယုတ်မာအောက်တန်းကျတဲ့ အသက်မွေးဝမ်းကျောင်းမှုပဲဗျ။ အဲဒီကရရှိလာတဲ့ ငွေကြေးဥစ္စာတွေဟာ သန့်ရှင်းနိုင်ပါ့မလား။

တဲ - အနိမ့်ဆုံးအဆင့် အနီးစပ်ဆုံး လွယ်လွယ်ဥပမာတစ်ခု ကျွန်တော်ပြောလိုက်မယ်ဗျာ။ ခင်ဗျား စဉ်းစားကြည့်ပေါ့"

"ဘာများလဲဘကြီးရယ်၊ ဆိုပါဦး"

"ဝန်ထမ်းလောကမှာပေါ့ဗျာ၊ မိမိရသင့်ရထိုက်တဲ့ နိုင်ငံတော်မှ ချီးမြှင့်တဲ့ စရိတ်လစာငွေထက် အကျင့်ပျက်ခြစားပြီး လာဘ်ပေးလာဘ်ယူလို့ ရရှိလာတဲ့ ငွေ ဘယ်ဟာကပိုသန့်မလဲဗျာ။ အလွယ်ကလေး အနီးစပ်ဆုံးဥပမာကိုပြောလိုက်တာ ခင်ဗျား စဉ်းစားကြည့်စမ်းပါ"

"ဟုတ်တယ်ဘကြီးအောင်၊ ဟုတ်တယ်။ ယခုခေတ်မှာ ငွေကြေးဥစ္စာရှာဖွေနေကြသူတွေအချို့ဟာ လောဘဒေါသ၊ မောဟတွေ ဖုံးလွှမ်းပြီး ငွေရရင်ပြီးရော ဒီဘဝ ဒီကိုယ်ခံမယ်၊ နောက်ဘဝနောက်ကိုယ်ခံမယ်ဆိုတဲ့စိတ်တွေနဲ့ ငွေရှာနေကြတဲ့သူတွေက ခပ်များများ ဘကြီးရယ်"

"အေးပေါ့၊ ဒါတွေက သူတို့အကြောင်းနဲ့သူတို့ သွားကြမှာပါဗျာ။ အခုနကပြောနေတဲ့ဒါနအကြောင်းလေးကို ပြန်ဆက်ရရင် အချို့က ထင်ပေါ်ကျော်ကြားလိုတဲ့စိတ်နဲ့ လှူနေကြတာတွေလည်းရှိတယ်။ အချို့ကျတော့ အလှူပေါ်မှာ ထင်ဟပ်လာမယ့်အကျိုးအမြတ်ကိုတွက်ပြီး လှူနေကြတာတွေလည်း ပါးစပ်က ထုတ်ဖော် မပြောကြပေမယ့် လုပ်နည်းလုပ်ဟန်တွေကိုကြည့်ရင်း တွေ့နေရတယ်လေ။ ဖိတ်စာဘယ်လောက်ရိုက်ရင် ဘယ်လောက်ပြန်ဝင်လာမယ်၊ ကိုယ့်အတွက် ဘယ်လောက် အကျိုးဖြစ်ထွန်းမယ်ဆိုတဲ့တွက်ကိန်းနဲ့ လှူတဲ့အလှူတွေလည်း တွေ့နေရတယ်ဗျာ။ ဒီအလှူတွေဟာ တကယ်တော့ စေတနာပါတဲ့အလှူတွေမဟုတ်ဘူးလို့ဘဲ ကျုပ်တော့ သုံးသပ်ချင်တယ်"

"ဖြစ်နိုင်တာပေါ့ ခင်ဗျာ။ အများကြီးဖြစ်နိုင်တာပေါ့"

"ဘယ်လိုပဲလှူလှူ နည်း၊ များမေ ပေါ့ဗျာ။ ကိုယ်လှူတဲ့အပေါ်မှာ ကိုယ် စေတနာ ဘယ်လောက်သန့်စင်တယ် တာ ပြန်ဆန်းစစ်နိုင်ဖို့လိုတယ်။ ကိုယ် အလှူဟာ သန့်စင်ရဲ့လား၊ ဒါနမြော ရဲ့လား ကိုယ်တိုင်ခံစားနိုင်ဖို့ လိုတယ် အများ သိတာ၊ မသိတာထက် ကိုယ် ကိုယ်ကိုယ်သိဖို့လိုတယ်။ ဒါလေးတော့ မှတ်ထားပါဗျာ"

"ဟုတ်ကဲ့ ဘကြီး၊ ဟုတ်ကဲ့"

"သံဃာတော်တွေကို ဆွမ်းလော လှူနေတဲ့နေ့စဉ်ဆွမ်းဝတ်ပေါ်မှာ မွ မြတ်မြတ် သန့်သန့်စင်စင်နဲ့ လှူ လည်း အရေးကြီးတာပဲဗျာ"

"မှန်ပါတယ် ဘကြီး၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုပဲ ယုံကြည် ခံယူထားပါတယ်၊ ကျင့်သုံးပါတယ်"

"တချို့ရှိတယ်ဗျာ၊ သံဃာတော် ဆွမ်းလောင်းတယ်ဗျာ။ ပြီးရင်ပြီးရောဆိုတဲ့ပုံစံနဲ့ လောင်းလှူနေတာကို မြင်တွေ့နေရတယ်။ ကျုပ်အိမ်နားက အိမ်တစ်အိမ်ဆိုရင် သံဃာတော်ဆွမ်းလောင်းနေတာနဲ့ ပတ်သက်ပြီး မြင်တွေ့နေရတာ ကျုပ်မျက်စိထဲမှာတော့ ထော်လော်ကန့်လန့်ကြီး ဖစ်နေတယ်ဗျာ"

"ဘယ်လိုဖြစ်နေလို့လဲ ဘကြီးရဲ့"

ဘကြီးအောင်သည် သူ၏နောက်ထပ်စကားမစမီ ရေနွေးတစ်ခွက်ကို ငုံ့သောက်လိုက်ပြန်သည်။ ပြီးမှ -

"ဒီလိုဗျ ကိုသန်းဆွေ။ မနက်ဆွမ်းခံကြွတဲ့သံဃာတော်တွေကို ဆွမ်းလောင်းတယ်ဗျာ။ သူတို့အိမ်မှာလည်း ထမင်းဖြူချည်း ဆားဖြူးစားနေတာ မဟုတ်ပါဘူး။ ဟင်းတော့ပါမှာပါ။ ဒါပေမယ့် သံဃာတော်ကို ဆွမ်းလောင်းတဲ့ အခါတိုင်း အခါးရည်သောက်ပန်းကန်လုံးသာသာ ပန်းကန်လုံးလေးနဲ့ ဆွမ်းဖြူချည်းသက်သက် အမြဲလောင်းနေကာ တွေ့နေရတယ်။ ဘယ်သောအခါမှ ဆွမ်းဟင်းလောင်းလှူတာ မတွေ့ရဘူး"

"ဟင်းမကျက်သေးတဲ့အချိန်ဖြစ်နေလို့နေမှာပေါ့ ဘကြီးရယ်"

"အဲဒါထက်ဆိုးတာက သံဃာတော် ဆွမ်းခံကြွလာတဲ့အခါ အဲဒီမှာ ပန်းကန်လုံးသေးသေးလေးကို သူသွားလောင်း၊ ဟိုလူလောင်း၊ ဒီလူလောင်းနဲ့ တစ်ဦးနဲ့တစ်ဦး အမြဲငြင်းခုံတွယ်ကပ်နေတတ်ကြတယ်။ အဲဒီအိမ်မှာ လူတွေအရွယ်နဲ့ အများကြီးရှိတယ်။ နောက်ပြီး စီးပွားရေးလုပ်ငန်း အရောင်းအဝယ်တစ်ခုလုပ်နေတဲ့အိမ်။ အဲဒီဆွမ်းပန်းကန်လေးကိုကိုင်ပြီး တစ်ခါတလေ သုံး၊ လေးနှစ်အရွယ် ကလေးလေးတစ်ယောက်က အပျော်သဘောများထွက်ရပ်နေတာရှိသေးတယ်။ သူလည်း ဆွမ်းလောင်းမလို့ပေါ့။ ကဲ - ဒါတွေက စေတနာလုပ်ရပ်တွေလား"

ဘကြီးအောင်၏ မျက်စိထဲတွင် ထော်လော်ကန့်လန့်ဖြစ်နေတယ်ဆိုသော အချက်ကို အခုမှ ထင်ထင်ရှားရှား မြင်ရတော့သည်။

"အင်း-ဟိုသီချင်းတစ်ပုဒ်ထဲကလို ဒီလိုဆိုလွန်တာပေါ့နော်' လို့ ပြောရမလိုဖြစ်နေပြီ ဘကြီးရေ"

"သိပ်လွန်သွားပြီပေါ့ဗျာ။ ဗုဒ္ဓဘာသာ သက်ဝင် ယုံကြည်သူတစ်ယောက်အနေနဲ့ ဒီလိုလုပ်ရပ်တွေဟာ ပတ်ဝန်းကျင်အိမ်တွေက ဆွမ်းထွက်လောင်းနေကြတော့ သူတို့လည်း တာဝန်ကျေဆွမ်းထွက်လောင်းတဲ့သဘောမျိုး"

"အင်းပေါ့။ ဒီသဘောမျိုးဆိုတာ ထင်ရှားနေတာပဲ ဘကြီးရေ"

"ကိုသန်းဆွေ သိပြီးသား၊ ဖတ်ဖူးမှတ်ဖူးပြီးသားလည်း ဖြစ်မှာပါ။ သံဃာတော်အရှင်သူမြတ်တို့ ဆွမ်းခံထွက်ကြွကြရာမှာ မြတ်ဗုဒ္ဓက သတ်မှတ်ထားတဲ့ စည်းကမ်းကလေးကို ပြောချင်တာဗျ"

"ဘယ်လိုများလဲ ခင်ဗျာ"

"မြတ်ဘုရားက နဝကနိပါတ်၊ သီဟနာဒဝဂ်၊ ကုသသုတ်တော်မှာ သံဃာတော်များ ဆွမ်းခံမရပ်သင့်တဲ့အိမ်(၉)မျိုးကို ဟောကြားခဲ့ပြီး ပညတ်ခဲ့တယ်"

"ဘယ်လိုအိမ်တွေများလဲ ဘကြီးရယ်"

"အင်္ဂါရပ်(၉)မျိုးနဲ့ ပြီစွန်းတဲ့ အိမ်တွေမှာ ဆွမ်းခံမရပ်ရ ဆိုတာက -

၁။ နှစ်သက်မြတ်နိုးစွာ ခရီးဦးမကြိုဆိုသောအိမ်၊

၂။ ရိုရိုသေသေ မရှိခိုးသောအိမ်၊

၃။ မြင့်မြတ်သောနေရာ မပေးသောအိမ်၊

၄။ လှူရန်ပစ္စည်းကို ဝှက်ထားပြီး ကန်တော့ဆွမ်းလောင်းသောအိမ်၊

၅။ ဆွမ်းခဲဖွယ်လှူရန် ဝတ္ထုပစ္စည်းများ အများကြီးရှိသော်လည်း နည်းနည်းလေးလောင်းသောအိမ်၊

၆။ ကောင်းသော လှူဖွယ်များ သိမ်းထား၍ မကောင်းသော လှူဖွယ်များအားလောင်းသောအိမ်၊

၇။ ရိုရိုသေသေမလှူသောအိမ်၊

၈။ အိမ်ဖော်၊ အလုပ်သမား၊ ရောဂါသည်၊ သက်ကြီးရွယ်အို၊ ကလေးများနှင့်သာ လွှဲထားပြီး ကိုယ်တိုင်မဆည်းကပ်လှူသောအိမ်၊

၉။ တရားဟောရန်အခွင့်မသာ၊ သာပြန်တော့လည်း နာယူလိုသောဆန္ဒမရှိသောအိမ် -

အဲဒီအင်္ဂါရပ်တွေနဲ့ ပြီစွန်းတဲ့အိမ်တွေမှာ ဆွမ်းခံမရပ်သင့်ကြောင်း ပညတ်ခဲ့တာပေါ့ဗျာ။ အဲဒီတော့ အခု ကျုပ်ပြောတဲ့အိမ်မျိုးကို သံဃာတော်တွေ ဆွမ်းခံရပ်သင့်၊ မသင့် ခင်ဗျားတွေးကြည့်ပေတော့ဗျာ"

ဘကြီးအောင် ပြောပြလေတော့မှ သံဃာတော်များ ဆွမ်းခံမရပ်သင့်သော အိမ်များကို သိခွင့်ရခဲ့ပါသည်။

ဘကြီးအောင်မှ သူ့စကားကို ဆက်ပြောပြန်ပါသည်။

"လှူဒါန်းတယ်ဆိုတာကတော့ဗျာ တစ်ဇွန်း၊ တစ်ယောက်မ ဘယ်လောက်လှူလှူပါ။ ဒါပေမယ့် မွန်မွန်မြတ်မြတ် ရိုရိုသေသေတော့ရှိသင့်တာပေါ့။ သူများဆွမ်းလောင်းသလို ငါလည်း ဆွမ်းလောင်းနိုင်တယ်ဆိုပြီး ဖြစ်ကတတ်ဆန်း ဝတ်ကျေတန်းကျေလုပ်ဖို့တော့ မကောင်းဘူးပေါ့ဗျာ။ အဲဒီလို စေတနာဒါနမျိုးဟာ ဘယ်လိုစေတနာဒါနမျိုးဖြစ်မယ်ဆိုတာ စဉ်းစားသာကြည့်ပေတော့ဟုတ်ပြီလား။

ဒါနမြောက်ဖို့ဆိုတဲ့နေရာမှာလည်း အလှူပေးပုဂ္ဂိုလ်၊ အလှူခံပုဂ္ဂိုလ်၊ လှူဖွယ်ဝတ္ထု၊ ထင်ရှားရှိနေတဲ့ အလှူခံပုဂ္ဂိုလ်ဆိုပြီး အင်္ဂါလေးရပ်နဲ့ ပြည့်စုံဖို့လိုအပ်တယ်။ ဒါပေမယ့် လှူဒါန်းရာမှာ ပုဗ္ဗ၊ မုဥ္စ၊ အပရ ဆိုတဲ့ စေတနာသုံးရပ်မှန်ကန်နေပြီဆိုရင် ဒါနမြောက်ပြီးဖြစ်နေပါပြီဗျာ"

"ဟုတ်ကဲ့ ခင်ဗျာ၊ ဟုတ်ကဲ့"

"နောက်တစ်ခုက အလှူဒါနပြုလေတိုင်းမှာ ဆင်ခြင်သတိတော့ထားသင့်တယ်။ အလှူဒါနပြုတဲ့အခါတိုင်း လိုလားမှု၊ အားထုတ်မှု၊ ပိုင်းခြားသိမြင်မှု၊ ထိုးထွင်းသိမြင်ခြင်းဆိုတဲ့ အသိတရားလေးပါး အားနည်းခဲ့မယ် ဆိုရင်တော့ ကိုယ့်ရဲ့ အလှူဒါနဟာ ညံ့သောအလှူဒါနဆိုတဲ့ ဟီနဒါနဖြစ်သွားမယ်ဆိုတာ မှတ်ထားပေတော့ ကိုသန်းဆွေ"

"ဟုတ်ကဲ့ ဘကြီးအောင် ဟုတ်ကဲ့။ ဘကြီးအောင်ပြောပြမှုတွေ ကြားသိရလို့ အထူးဝမ်းသာကျေးဇူးတင်မိပါတယ်ခင်ဗျား"

"ကဲ-စကားကောင်းနေလိုက်တာ နေတောင်ပွင့်လာပြီ။ ကျုပ်လည်းပြန်ဦးမယ်ဗျာနော်။ နောက်များမှ ပြန်ဆုံတွေ့ကြသေးတာပေါ့။ ဟုတ်ပြီလား"

တုတ်ကောက်တဝင့်ဝင့်နှင့် တက်ကြွ လန်းဆန်းစွာ ထွက်ခွာသွားသော ဘကြီးအောင်၏ မြင်ကွင်းကိုကြည့်ပြီး ကျွန်တော်လည်း သူကဲ့သို့ အသက်(၈၀)ကျော်သည့်တိုင် ရွှင်လန်းတက်ကြွစွာနေနိုင်ရပါလို၏ဟု ယနေ့ပြုလိုက်ရသော ကုသိုလ်ဒါနကို ရည်ညွှန်းပြီး ဆုတောင်းနေမိပါတော့သည်။

အောင်ချမ်းဆွေ

မှီငြမ်း -

**ဗုဒ္ဓဘာသာကောင်းတစ်ယောက်**

(သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန)

www.burmeseclassic.com



စိန်ဖြိုး

ကျိုးကြေသွားသည့် အသက်တစ်ချောင်း

ခွေးများနှင့်ဖုတ်သက်၍ ကရုဏာသက် အထူး ချစ်ခင်တတ်လေ့ရှိသော ကျွန်တော့်တွင် မိသားစုနှင့်တကွ ပြင်ပလူများနှင့်ပါ ပြဿနာအကြိမ်ကြိမ်တက်ခဲ့ရဖူး၏။

ငယ်စဉ်ကပင် ခွေးကလေးရော ခွေးကြီးပါမကျန် ချစ်တတ်သော ကျွန်တော့်အား အဖေမှ ဤသို့ပြောဖူး၏။

"ဟေ့ကောင်၊ မင်းကအချိန်ပြည့် ခွေးတွေနဲ့ချည်း ပွတ်သီးပွတ်သပ်လုပ်နေရအောင် မင်းကို အဲဒီခွေးမကြီးက မွေးထားတာ မဟုတ်ဘူးနော့။ ကိုယ့်ကိုယ်ကိုယ်လည်း သတိထားဦး"

မိခင်ခွေးမကြီးက သားသမီးခွေးကလေးများ ကောင်းမွန်စွာ နို့စို့စေရန် အလို့ငှာ လေးပေါင်လေးဖက်ကားပေး၍ အငမ်းမရ အလုအယက် နို့စို့နေကြသော ခွေးလေးများအကြား ကျွန်တော်ပါ ဝင်စို့မတတ်ဖြစ်နေခြင်းအပေါ် အဖေမှ အမြင်ကတ်ကတ်နှင့်ပြောခြင်း ဖြစ်ပုံရ၏။

ထို့နောက် ကျွန်တော် ခွေးများအပေါ် ချစ်ခင်တတ်ခြင်းကို အဖေ လက်မြှောက်သွားသည်ထင့်။ ဘာမှ မပြောတော့ပေ။ သို့သော် ကျွန်တော့် ညီအစ်ကိုမောင်နှမများကတော့ နှာခေါင်းတရှုံ့ရှုံ့ တောက်လျှောက်ပြောနေကြဆဲသာ ရှိ၏။

ဤသို့နှင့် အသက်ဆယ့်သုံးလေးငါးနှစ်အရွယ်ကတိုင် ယခု အသက်သုံးဆယ့်ငါးနှစ်ရှိလာသည်အထိ ကျွန်တော် ခွေးတိရစ္ဆာန်များနှင့် မလွတ်ကင်းခဲ့ချေ။

ရွာတွင်နေစဉ်ကလည်း ရွာမှခွေးများနှင့် လည်းကောင်း၊ ထို့နောက် ကျွန်တော် ရန်ကုန်မြို့သို့ ရောက်ရှိလာပြန်တော့လည်း ကျွန်တော် နေထိုင်ရာ သန်လျင်မြို့ ဘုရားကုန်းလမ်းဆုံအိမ် အနီးဝန်းကျင် လမ်းပေါ်မှ ခွေးများနှင့် လည်းကောင်း ရေစက်ကဆုံနေခဲ့ရပြန်လေ၏။

ကျွန်တော် စျေးရောင်းသည်က ဘုရားကုန်းစျေးအတွင်း။ ကျွန်တော် နေထိုင်သည့် အိမ်က ဘုရားကုန်းဘောလုံးကွင်း၏ အောက်ဘက်နား။


ဤသို့ရှိသည့် ကျွန်တော်တွင် စျေးတွင်းမှ ခိုကိုးရာမဲ့သည့်ခွေးများကလည်း နှိုပ်စက်ကလူပြုတတ်၊ ရိုက်ပုတ်တတ်သည့်ဆိုင်များအနီးသို့ သွားရောက်ခိုလှုံခြင်းမရှိသော်လည်း နှိုပ်စက်ကလူမပြုတတ်သည့်အပြင် ကျွေးတတ်မွေးတတ်ရှိပြန်သေးသော ကျွန်တော့်ဆိုင်ခန်းအောက်သို့သာ လာရောက် မွေးဖွားကြ၏။

တစ်ခါတစ်ရံ ခွေးမြီးအုပ်ကနှစ်အုပ်ပင်ပြိုင်၍မွေးနေလိုက်ကြသေးသည်။

ထို့သို့ နှစ်စဉ်နှစ်တိုင်း တစ်နှစ်ပြီးတစ်နှစ် ပေါက်ဖွားကြီးပြင်းနေကြသည့် ခွေးများနှင့် ကျွန်တော့်အကြားတွင် မည်သည့်ပြဿနာမျှမရှိလေဘဲ ဖြတ်သန်းလာခဲ့သည်မှာ (၅)နှစ်အထက်ပင်ရှိလာခဲ့ပြီ ဖြစ်၏။

ထို (၅)နှစ်ကျော်ကာလအတွင်း ကျွန်တော့်တွင် ပြဿနာဖြစ်ခဲ့ရသည်မှာလည်း (၄)ကြိမ်ထက်မနည်း ရှိခဲ့ပြီ ဖြစ်၏။

အမှန်က စျေးခွေးများသည် သခင်မရှိ၊ ပိုင်ရှင်မဲ့ခွေးများ ဖြစ်ကြ၏။ အိမ်တွင်လည်း အိမ်ရှေ့လမ်းဘက်မှ အားကိုးအားထားမဲ့ ခွေးမတစ်ကောင်နှင့် ခွေးထီးတစ်ကောင်အား ညဘက်ညဘက်တွင် သနား၍ ထမင်းဟင်းကျန်ငွေ




www.burmeseclassic.com

www.burmeseclassic.com

ကျွးလေ့ရှိရာမှ နောက်ဆုံး အိမ်ကခွေး နှစ်ကောင်ဖြစ်ခဲ့ရုံမက ခွေးမက နှစ်သားပင် ပေါက်ပြီးဖြစ်၏။

သို့သော် သားထိန်းမကောင်းခြင်းကြောင့်ပင်လော သို့တည်းမဟုတ် ခွေးကလေးများကပင် ကုသိုလ်ကံကောင်းကြ၍လော မဆိုနိုင်။ နှစ်သားစလုံးပင် တစ်ကောင်ပြီးတစ်ကောင် ငယ်ငယ်ရွယ်ရွယ်နှင့် သေသေကုန်ကြ၏။

ထို့ကြောင့် အိမ်တွင်ရှိသည့် ခွေးနှစ်ကောင်ကတော့ ကျွန်တော့်အတွက် ပြဿနာကြီးကြီးမားမားပြောရလောက်အောင်မတက်ခဲ့ဘူးသေးချေ။ အိမ်တွင်းမှ ဟောင်တာလောက်က ပြဿနာမရှိလှ။

ပြဿနာရှိလာသည်က ကျွန်တော့်ဆိုင်အောက်က သနား၍ ကျွန်တော်ကျွေးမွေးထားသည့် ခွေးမများ ဖြစ်၏။ ဈေးအတွင်းဖြစ်ခြင်းကြောင့် တချို့လူများအား ခွေးမများကလည်း ကျွန်တော့်အားကိုးနှင့် ဖြစ်ဟန်တူ၏။ တစ်ခါတစ်ခါ ထထဟောင်တတ်ကြသည်။

ထိုသို့ဟောင်လျှင် အဟောင်ခံရသည့်လူများက စိတ်ဆိုးမာန်ဆိုးနှင့် ဆဲဆိုကြိမ်းမောင်းသွားတတ်၏။

ကျွန်တော်ကပင် တမင်သက်သက် မွေးမြူထားသလို ဖြစ်နေရ၏။ အမှန်က မဟုတ်ပေ။ ကျွန်တော် သူတို့အား နှိပ်စက်ကလူမပြုတတ်နိုင်သလောက် ကျွေးမွေးထားခြင်းသာ ဖြစ်၏။ သူတို့ဟာသူတို့ အေးဆေးစွာနေထိုင်ကြသည့် အနေအထားအား ကျွန်တော် ဖယ်ရှားပစ်ခတ်မောင်းထုတ်လိုခြင်းမရှိပေ။ လုပ်လည်း မလုပ်ရက်ခဲ့။

ထိုအထဲတွင် သဘောအကောင်းဆုံးဖြစ်သည့် ခွေးမကြီးတစ်ကောင်ကိုမှ ရွေး၍ စိတ်မချမ်းမြေ့စရာ အဖြစ်အပျက်တစ်ခုက ကြုံလာရလေတော့သည်။

✤

"ဟာ - ခွေးပေါက်ကလေးတွေ သိပ်လှတာပဲ။ ဘယ်နှကောင်ကျထားတာလဲ ဗိုလ်စိန်"

"သုံးကောင်ကျထားတာ။ အကုန်လုံး ခွေးထီးလေးတွေချည်းပဲ။ ယူချင်လို့လား"

"ဟာ - ခင်ဗျားကလည်း ယူရအောင် ခုမှ သေးသေးလေးတွေရှိသေးတာ"

"ကြီးလာရင် ပြောတာပေါ့ကွ။ မင်းကို အခုလည်းမပေးသေးပါဘူး။ ခုမှ မျက်လုံးပွင့်စပဲရှိသေးတာ"

"ဗိုလ်စိန်၊ ခင်ဗျား ဒီခွေးလေးတွေ ဒီလောက်လှတာ ရောင်းစားရင်တောင် ရလောက်တယ်။ ခွေးဖိုး တစ်သိန်း၊ ကြောင်ဖိုး တစ်ထောင်တဲ့"

"မင်း မြန်မာစကားကို တိတိကျကျတော့ အတော်ပြောတတ်သားပဲ။ မင်းဝယ်မှာလား၊ တစ်ကောင်တစ်သိန်းနဲ့"

"ဝယ်မယ်ဗျာ၊ ဒီကောင်လေးတွေ ကြီးလာတော့မှ။ခင်ဗျားနှစ်ပတ်လောက်သာ ဂရုစိုက်ထားပေး။ ကျုပ် မိန်းမပေါင်ဖို့ စီစဉ်လိုက်ဦးမယ်"

ကျွန်တော့်ဆိုင်သို့ ဈေးဝယ်လာရင်း လေကြောရှည်နေသည့် ထိတ်နီ အားရှင်းပြနေရခြင်း ဖြစ်၏။ ထိတ်နီအကြောင်း ကျွန်တော် သိထားသူမို့ ကောင်းကောင်းပဲ ပြန်၍ပြောရ၏။

"မင်းက မိန်းမပေါင်ဖို့ ပါးစပ်က ပြောနေရုံရှိသေး၊ မင်းမိန်းမကတော့ စောစောကမှပဲ ငါ့ဆီက နွားချည်ကြိုး လာဝယ်သွားတာပဲ"

"ဒီမိန်းမ နွားချည်ကြိုး ဘာလုပ်ဖို့ ဝယ်ရတာလဲ"





www.burmeseclassic.com

www.burmeseclassic.com

"အဲဒါတော့မသိဘူး။ မင်းအတွက်လို့တော့ ပြောတာပဲ"

ထိုအခါကျမှ သဘောပေါက်စွာ ထိတ်နီ တဟဲဟဲရယ်နေလေတော့၏။ ပြီးမှ အတည်ပြော၏။

"ဗိုလ်စိန်၊ အဲဒီခွေးလေးတွေကို ခင်ဗျား ဘယ်သူ့မှပေးမပစ်နဲ့။ ကျုပ် တကယ်ယူမယ်"

"မင်းသဘောကျရင်ယူပေါ့၊ ပေးပါတယ်။ တစ်ခုတော့ရှိတယ်၊ ကလိမ်ကကျစ်ရောင်းတော့မစားနဲ့နော့"

"ဟာ-ခင်ဗျားဟာကလည်း၊ ပြောမိတာမှားပါတယ်။ ရောင်းမစားပါဘူးဗျ။ လှလို့သဘောကျပါတယ်ဆိုမှ"

"ကဲ - ဒါဆိုလည်းပြီးရော။ ပြန်တော့ ပြန်တော့။ တော်ကြာနေ ကြာတယ်ဆိုပြီး မိန်းမကဆီးရိုက်နေဦးမယ်"

ကျွန်တော် ထိုသို့ပြောလိုက်တော့မှ ကချော်ကချွတ်ပြောတတ်သည့် ထိတ်နီ ခပ်စွပ်စွပ်ကြိတ်သွား၏။

ဆိုင်အောက်မှ ကတုန်ကယင်နှင့် ထွက်လာကြသော ခွေးလေးသုံးကောင်ကလည်း ထိတ်နီနှင့်မှ တည့်တည့်လာတိုးနေခြင်း ဖြစ်၏။

ထိုအချိန်တွင် မိခင်ဖြစ်သည့် ခွေးမကြီးကတော့ သူ့ကလေးများထံရောက်မလာသေးချေ။

တစ်အောင့်မျှအကြာ နို့ဆာလာခြင်းကြောင့် ဖြစ်ဟန်တူ၏။ သုံးကောင်စလုံး ဆိုင်အောက်သို့ ပြန်ဝင်သွားကြပြီး လျှင် တကီန်ကီန်လုပ်နေကြ၏။

အံ့ဩဖွယ်ကောင်းသည်က သူ့ကလေးများအော်သံကြားသည်နှင့် ဘယ်ကဘယ်လိုပေါက်လာသည်မသိ ခွေးမကြီး ချက်ချင်း ရောက်ရှိလာခြင်း ဖြစ်၏။

'အင်း. . . သားသမီးတွေတော့ အတော်ချစ်ပါကလား'

ဟု ကျွန်တော့်စိတ်တွင် တွေးတော ကြည့်ရှုနေကာမျှရှိသေး ကလေးသုံးကောင်ကို မဖိမိအောင် နို့တိုက်ရန် တုံးခနဲ လှဲချလိုက်၏။ ဆာလောင်နေသည့် ကလေးများ အငမ်းမရ စို့ကြလေသည်။

ကလေးသုံးကောင်က ဆာဆာလောင်လောင်နှင့် အငမ်းမရ နို့စို့နေကြသော်လည်း ခွေးမကြီးကမူ သူ့ကလေးသုံးကောင်အား ပါးစပ်နှင့် တစ်ကောင်တစ်လှည့်ဆီ သန့်ကိုက်ပေးနေသေး၏။

ကျွန်တော့်မျက်စိထဲတွင် တကယ့်သဘောကျစရာ၊ ချစ်စရာမြင်ကွင်းတစ်ခုပင်။ ထိုမျှမက ကျွန်တော်ကြည့်နေသည့် အခိုက်တွင် ကလေးသုံးကောင်၏ဖင်ပိုင်းများကိုပါ သူ့လျှာနှင့်လျက်၍ အညစ်ကြေးသန့်စင်ပေးသေး၏။

ဤအရာကတော့ လူမိခင်များပင် မလုပ်နိုင်သည့်အရာ ဟူ၍ ကျွန်တော် မှတ်ချက်ပြုမိလိုက်သေးသည်။

ထို့နောက် ကလေးများ နို့ဝ၍စိတ်ချမ်းသာသွားသည့်ထင့်။ ကလေးသုံးကောင်ကိုရင်ဝယ်ပိုက်၍ ကလေးများနှင့်အတူ ငြိမ်သက်စွာ အိပ်ပျော်သွားလေသည်။

ဤခွေးသားအမိများအားကြည့်၍ ကျွန်တော်ပင် နေ့ခင်းစာ ထမင်းစားရန် မေ့လျော့နေ၏။ နာရီကြည့်လိုက်တော့ မွန်းတိမ်း (၁၂)နာရီခွဲပေပြီ။

ထို့ကြောင့် ကျွန်တော် ဆာဆာလောင်လောင် သိပ်မရှိလှသေးသော်လည်း ညီအငယ်ကောင် ချက်ပြုတ်ယူဆောင်လာသည့် လေးဆင့်ချိုင့်အား ဖြုတ်ယူစားသောက်လိုက်၏။

ကျွန်တော် ထိုသို့ စားသောက်နေခြင်းအပေါ်တွင် အကြောသိနေပြီ ဖြစ်သော ခွေးမကြီးသည် ဆိုင်အောက်မှ ထွက်လာ၍ ကျွန်တော့်အား မော့ကြည့်သည်။

ကျွန်တော်စားသောက်ပြီးသည်နှင့် ကျန်သည့် ထမင်းတစ်ချိုင့်အား ဟင်းကျန်နှင့် အသေအချာ နယ်ဖတ်ထည့်ကျွေးလိုက်၏။

အမြီးတယမ်းယမ်းနှင့်မြိန်ရှက်စွာ စားရှာလေသည်။ အမှန်ကား ထိုနေ့ခင်း (၁၂) နာရီခွဲအချိန်တွင် ဤခွေးမကြီး မြိန်ရှက်စွာစားသောက်နေခြင်းက သူ့ရဲ့ နောက်ဆုံးအစာတစ်ထပ်ဟူ၍ ကျွန်တော် မတွေးမိခဲ့။ ကြိုတင်မသိရှိနိုင်ခဲ့။

ထို့နောက် ကျွန်တော်လည်း ဈေးသည်တို့၏ ထုံးစံအတိုင်း ဈေးဝယ်သူလာလိုက်၊ ရောင်းလိုက်နှင့် အရောင်းအဝယ်အာရုံကြောင့် ခွေးမကြီးနှင့် ခွေးလေးများအား သတိမရနိုင်တော့။ (၄)နာရီလောက်မျှ မေ့လျော့သွား၏။

ထို ကျွန်တော် မေ့လျော့နေသည့် ညနေ(၄)နာရီခွဲအလွန်အချိန်တွင်မတော့ ကျွန်တော့်ဆိုင်ခန်း၏ဘယ်ဘက်အခြမ်း ခပ်လှမ်းလှမ်းရှိ မိန်းပေါက်လမ်းဝမှ အသံဗလံများ ထွက်ပေါ်လာ၏။

"ဟိတ်. . . ဟိတ် - အဲဒါ ခွေးရူး. . . ခွေးရူး။ နောက်ဆုတ်. . . နောက်ဆုတ်"

"ဟင်"

"ဟာ"

"အမယ်လေး လန့်လိုက်တာ"

ထိုအသံများ ကြားရသည့်တိုင် ကျွန်တော် ကွမ်းသီးခြမ်းများချိန်လက်စမို့ ထိုမိန်းပေါက်ဝဘက်သို့ လှည့်မကြည့်အားသေး။

"အဲဒါ ခွေးရူးမဟုတ်ပါဘူး"

"ဟုတ်တာပေါ့၊ အမြီးကုပ်နေတာ ခွေးရူးပေါ့"

"ခွေးရူးက အမြှုပ်ထွက်တယ်။ ဒီခွေးက ပါးစပ်က အမြှုပ်မှမထွက်တာ"

"ဟာ-အမြှုပ်ထွက်ထွက်၊မထွက်ထွက် ခွေးရူး အန္တရာယ်များတယ်။ တဲ့ကွာ. . . ကဲကွာ"

"ဂွပ်. . . ဂွပ်"

"ဂိန်. . . ဂိန်"

"ဒုတ်. . . ဒုတ်. . . ဒုတ်"

ကျွန်တော် ကွမ်းသီး (၅၀) သားလေး ထုတ်ချိန်ပြီးနောက် ဆိုင်ပေါ်မှ ဆင်း၍ ထိုဘက်သို့ကြည့်လိုက်တော့ အလွန်အံ့ဩတုန်လှုပ်သွားရ၏။

ခွေးမကြီးကား ဝိုင်းရိုက်သည့် ဗလကောင်းကောင်း ကုန်ထမ်းသမားနှစ်ယောက်၏ ဝါးရင်းတုတ်နှစ်ချောင်းအောက်တွင် ဆန့်ငင်ဆန့်ငင်ဖြစ်၍နေပေပြီ။

ဦးခေါင်း၊ နှုတ်သီး စသည့် နေရာများအား ပြင်းထန်စွာ ဝိုင်းရိုက်ထား၍ သွေးများကလည်း ရှုမြင်မကောင်းစွာ အိုင်ထွန်းနေလေ၏။

ကျွန်တော့်မျက်စိတွင် ကျွန်တော့်အောက်မှ ခွေးမကြီးမှန်းသိ၍ ချက်ချင်း ဟန့်တားရန် ပြေးထွက်လာသော်လည်း နောက်ကျသွားပြီ ဖြစ်၏။

ဝိုင်းရိုက်သည့် ကုန်ထမ်းသမားနှစ်ယောက်က စိတ်ချရအောင် ထပ်မံရိုက်ရန်ကြိုးစားစဉ် ကျွန်တော် ဟန့်တားလိုက်ခြင်းကြောင့် -

"ဟေ့လူဘာလုပ်တာလဲ။ ဒါခွေးရူးမဟုတ်ဘူး၊ ခွေးကောင်းဗျ"

"ဟင်- ခွေးရူးမို့လို့သတ်ပါတယ်ဆိုမှ။ ဒီလူက အရေးထဲ လာကြောင်နေသေး"

"အဲဒါခွေးရူးမဟုတ်ဘူးဗျ။ ကျုပ်ဆိုင်အောက်က ခွေးကလေးတွေနဲ့ခွေးမ မရူးဘူး၊ အကောင်း။ ခင်ဗျားတို့ကို ဘယ်သူက ခွေးရူးလို့ပြောတာလဲ။ မယုံရင် လိုက်ကြည့်။ စောစောကမှ သူ့ကလေးတွေကို နို့တိုက်ပြီးထွက်သွားတာ"

"ဗျာ - ဒါနဲ့ ခွေးရူးဆို။ ကျုပ်တို့လည်းမသိဘူး။ အဲဒါကြောင့် ချက်ချင်းရှင်းပစ်တာ"

ကျွန်တော်တို့ ထိုသို့ပြောနေခိုက် ခွေးမကြီးသည် သွေးအိုင်ထဲတွင် မှိန်းပြီး သေဆုံးသွားပြီ ဖြစ်၏။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအနန်းသွင်

## သန့်ရှင်းစင်ကြယ်ခြင်း

"လူနှစ်ယောက် ဂါထာတစ်ပုဒ်ကို ဂါထာတူ၊ အချိန်တူ၊ ခေါက်ရေတူ၊ ရက်တူ အဓိဋ္ဌာန်ပြုပြီး ရွတ်ကြတာ တစ်ယောက်က သိသိသာသာ အကျိုးထူးခံစားရပြီး တစ်ယောက်က ဘာမှမထူးခြားဘူး။ အဲဒါဘာကြောင့်လဲ ဘဘ"

တစ်နေ့တွင် တူတော်မောင်တစ်ယောက်က အထက်ပါအတိုင်း မေးလာပါသည်။

ကျွန်တော်က-

"ဒီနေ့ ကမ္ဘာပေါ်မှာ လူဦးရေ သန်း (၇၀၀၀) ကျော်သွားပြီ။ စိတ်ရော ရုပ်ပါလွဲတာမရှိ ချွတ်စွပ်တူတယ်ဆိုတဲ့ လူနှစ်ယောက်မရှိဘူး။ သတ္တဝါအားလုံးဟာလည်း ဒီအတိုင်းပဲ။ အဲဒါဘာကြောင့်လဲ ဆိုတော့ ဘဝများစွာ သံသရာမှာ သူတို့ပြုခဲ့တဲ့ကံတွေနဲ့ လက်ရှိဘဝမှာပြုနေတဲ့ကံတွေဟာ တစ်ဦးနဲ့တစ်ဦး မတူညီကြလို့ဘဲ။

အခုလည်း ဂါထာတစ်ပုဒ်ကို ရွတ်ကြရာမှာ တူတယ်ဆိုပေမယ့် မတူတဲ့အချက်တွေ အများကြီးရှိတယ်။ အသံထွက်၊ ပုဒ်ဖြတ်၊ အာရုံစိုက်နိုင်မှု စတာတွေပေါ့။ ကွဲလွဲစရာတွေအများကြီးရှိတယ်။ အဲဒီအထဲမှာ အရေးကြီးတဲ့အချက်တစ်ချက်က သန့်ရှင်းမှုပဲ"

ဟု ပြောရာ သူက -

"အဲ - အဲဒါပြောဖို့ကျန်ခဲ့တယ်။ ဆရာညွှန်လိုက်တဲ့အတိုင်း မရွတ်ခင် သွားတိုက်၊ ပလုတ်ကျင်း၊ မျက်နှာသစ်၊ ခြေလက်ဆေး၊ အဝတ်အစားလဲပြီးမှရွတ်ကြတယ်"

ဟု ဖြည့်ပြောပါသည်။

ကျွန်တော်က -

"သွားအကြိမ်(၁၀၀)တိုက်၊ ပလုတ်အကြိမ် (၁၀၀၀) ကျင်း၊ မျက်နှာ အခါ (၁၀၀) သစ်၊ ရေပါ (၁၀) ခါလောက်ချိုးပေမယ့် အရေးကြီးတဲ့ သန့်ရှင်းမှုမရှိရင် 'သန့်ရှင်းတယ်' လို့ မခေါ်နိုင်ဘူး"

"ဟာ - အဲဒီလောက်လုပ်တာတောင် မသန့်ရှင်းသေးဘူးဆိုရင် ဘယ်လိုလုပ်ရဦးမလဲ အဘ"

ဟု တအံ့တဩ ဖြတ်ပြီးမေးပါသည်။

ကျွန်တော်က -

"လူတစ်ယောက်ရဲ့ ကိုယ်ပေါ်မှာ နံ့တွေ၊ ဗွက်တွေပေလာတယ်ဆိုရင် ရေချိုးပြီး စင်ကြယ်စေရတယ်။ အစာစား၊ ညအိပ်ပြီး မနက်အိပ်ရာကထတော့ ခံတွင်း'ပေ'တယ်၊ ခံတွင်းပုပ်တယ်၊ မျက်ချေးတွေ၊ အာပုပ်ရည်တွေထွက်ထား၊ ကျထားရင်လည်း မျက်နှာ'သေ'တယ်။ အဲဒါကို သွားတိုက်၊ ပလုတ်ကျင်း၊ မျက်နှာသစ်ပြီး သန့်ရှင်းစင်ကြယ်စေရတယ်။

လူ့ဝမ်းတွင်းမှာ ကျင်ကြီး၊ ကျင်ငယ်၊ သွေး၊ ပြည်၊ သလိပ်၊ တံတွေး စတဲ့ အပုပ်တွေရှိတယ်။ အဲဒီအပုပ်ကို သွားတိုက်၊ ပလုတ်ကျင်း၊ မျက်နှာသစ်၊ ရေချိုးပြီး သန့်ရှင်းစင်ကြယ်စေလို့ မရဘူး။ အဲဒါကို 'အတွင်းပုပ်' လို့ ခေါ်တယ်။

ပညာရှိသူတော်ကောင်းများဟာ 'သီလပျက်သူ' ကို 'အတွင်းပုပ်' လို့ ခေါ်တယ်။ အနည်းဆုံး ကာယဒုစရိုက်သုံးပါးဖြစ်တဲ့ သက်ရှိသတ္တဝါကို သတ်ဖြတ်ခြင်း၊ သူတစ်ပါးပစ္စည်း မတရားယူခြင်း၊ ကာမဂုဏ်မှာ လော်လီဖောက်ပြားခြင်း ဆိုတဲ့ သီလပျက်ရင် 'အတွင်းပုပ်'ပုပ်နေသူပဲ။ ဒီလိုပဲ လိမ်ပြောသူ၊ ဆဲရေးတိုင်းထွာတတ်သူ၊ ကုန်းတိုက်တတ်သူ၊ အနှစ်မရှိ အဟုတ်အမှန်မဟုတ်တဲ့ သိမ်ဖျင်းတဲ့ စကားပြောတတ်သူကို 'ခံတွင်းပုပ်' လို့ ခေါ်တယ်။ အဲဒီ 'ခံတွင်းပုပ်' ကိုလည်း သွားတိုက်၊ ပလုတ်ကျင်းလို့ မရဘူး။

အဲဒီ 'အတွင်းပုပ်' နဲ့ 'ခံတွင်းပုပ်' အတိုင်းအတာပေါ် မူတည်ပြီး 'ဂါထာ'ရဲ့ အာနိသင်ဟာလည်း ကွာခြားသွားနိုင်တယ်။ ဒါလည်း အရေးကြီးတဲ့အချက်ပေါ့။ ကျေနပ်ပလား"

ဟု ရှင်းပြပြီး ပြန်မေးလိုက်ပါသည်။

သူက ကျေနပ်သဘောပေါက်ပါကြောင်း ဝမ်းသာရပြန်ပါသည်။

ဤတွင် 'သန့်ရှင်းစင်ကြယ်ခြင်း' ဟူသည် 'အတွင်းပုပ်' နှင့် 'ခံတွင်းပုပ်' သန့်ရှင်းမှု ဟူ၍ -

ချောင်းဆုံအနန်းသွင်

---

အလွန်စိတ်မကောင်းစွာပင် ထိုလူများအား ပြစ်တင်ပြောဆိုလိုက်၏။

"ဒုက္ခပဲ၊ ခင်ဗျားတို့အရမ်းကာရော မလုပ်သင့်ဘူး။ ခွေးကလေးတွေနဲ့ဗျ။ အဲဒါဘယ်လိုလုပ်မတုံး"

ထိုအခါကျမှ မချိမဆံ့ သေဆုံးနေပြီဖြစ်သည့် ခွေးကလေးနှင့် ခွေးမကြီးအား ကြည့်၍ စုတ်တသပ်သပ်လုပ်နေကြ၏။

ရိုက်သတ်သူများကတော့ ခပ်ပေါ့ပေါ့ပင် ခံစားချက်မရှိ မျက်နှာလွှဲသွားကြလေသည်။

ထို့နောက် ကျွန်ုပ်တော်လည်း စိတ်ချမ်းမြေ့ဖွယ် ထိုမြင်ကွင်းအား ဆက်မကြည့်ရှုလိုသည့်အတွက် ဆိုင်ဘက်သို့ မျက်နှာလွှဲပြန်လာခဲ့၏။

ဩော် - အသက်အဖြတ်အား သက်မရှိ့ ဝန်မလေးကြသော ထိုကုန်ထမ်းသမားနှစ်ယောက်အတွက် ဤနေရာ၌ လူသာဆိုလျှင် (ပွဲကောင်း) ကြည့်ကောင်းသွားပေမည်။

ယခုတော့ တိရစ္ဆာန်ဖြစ်သည့် ခွေးမကြီးအတွက် ၎င်းတို့ မှားယွင်းသည့်နစ်နာမှုအား မည်သူကမျှ အရေးတယူ မပြုလုပ်ကြ။ ထိုမတရားမှုအား ကျွန်တော်က ပြဿနာလုပ်လျှင်လည်း ကျွန်တော့်ပြဿနာသာ ဖြစ်ရပေတော့မည်။

ထို့နောက် ရင်ထဲတွင် အော်ဂလီဆန်နေသည့် ကျွန်တော်သည် ဆိုင်ပေါ်အရောက် စိတ်မကောင်းခြင်းကြီးစွာ ခွေးမကြီးအတွက် မျက်စိစုံမှိတ်၍ အလိုအလျောက် ဆုတောင်းပေးနေမိ၏။ ရင်ထဲတွင် ဆောက်တည်ရာကား မရပေ။

ကျွန်တော်ကသာ ထိုသို့ ဝေဒနာတစ်ရပ်အဖြစ် ခံစားနေရသော်လည်း ခံစားချက်မရှိသောသူများကား ခွေးမကြီးအား ဖျက်၍ စားသောက်ရန်အလို့ငှာ နာရီဝက်အချိန်မျှ မကြာလိုက် ယူဆောင်သွားကြလေသည်။ အံ့ဖွယ်သရဲရှိလေစွ။

ထိုသို့ယူဆောင်သွားကြပြီးနောက် ခွေးမကြီး၏ကြွင်းကျန်သည့် သွေးကွက်ကြီးအား အမြင်မတော်သည့်အတွက် ကျွန်တော်နှင့် တာဝန်သိသူ ဆိုင်နီးချင်းတစ်ယောက်မှ ရေများနှင့်လောင်းဆေး၍ ဖျောက်ဖျက်ပစ်ရလေသည်။

ယခုတော့ မိခင် သေဆုံးသွားရှာပြီဖြစ်သည့် အမိမဲ့သား ရေနည်းငါး ခွေးကလေးသုံးကောင်နှင့် ကျွန်တော်ကတော့ဖြင့် . . . ။

ခွေးမကြီး နောင်သံသရာ ဘဝဆက်တိုင်းဆက်တိုင်း ဤအဖြစ်ဆိုးမျိုးကင်းဝေးပါစေလို့ ဆုတောင်းပေးရင်း။

မေတ္တာဖြင့်
စိန်မြိုး

www.burmeseclassic.com

www.burmeseclassic.com

မောင်ကြည်ဝန်း(မြင်းကပါ)


# ပုဂံမှ ဦးကျည်ပွေ့အထိမ်းအမှတ် ကျောက်ကျည်ပွေ့လော

## ဦးကျည်ပွေ့ထေရ်တက်ပေါက်

ပုဂံ စူဠာမုဏိ ဘုန်းတော်ကြီးကျောင်းသို့ သုတေသနခရီးတစ်ခေါက် ရောက်ခဲ့သည်။ ကျောင်းထိုင်ဆရာတော်လေး အရှင်တေဇနိယက ဘုန်းကြီးကျောင်းအရှေ့ဘက်၊ စူဠာမုဏိဘုရားကြီးမြောက်ဘက်ရှိ ဘုရားကုန်းအား တူးဖော်ရာမှ ကျည်ပွေ့ပုံ ကျောက်တိုင်လုံးကြီးတစ်ခု တွေ့ရှိထားကြောင်း သတင်းပေး၍ သွားရောက်ခဲ့ခြင်း ဖြစ်သည်။

စူဠာမုဏိဘုန်းတော်ကြီးကျောင်းသည် နရပတိစည်သူမင်းကြီး၏ကောင်းမှုတော် 'စူဠာမုဏိဘုရား' မြောက်ဘက်တွင် တစ်ဆက်တစ်စပ်တည်း တည်ရှိသည်။ စူဠာမုဏိဂူတော်ကြီး၏ မြောက်မဟာရံတံတိုင်းသည် ဘုန်းတော်ကြီးကျောင်း၏ တောင်ဘက်တံတိုင်းကဲ့သို့ ရှိနေသည်။

မြောက်ဘက် တံတိုင်းမုခ်ဦးကြီးမှာ ဘုရားကြီးနှင့် ဘုန်းတော်ကြီးကျောင်းသို့ ဝင်ထွက်သွားလာနိုင်ရန် ဆက်စပ် ပြုလုပ်ထားသည်။ ဘုန်းကြီးကျောင်းဘက်မှ ဘုရားသို့ သွားလာရန် သီးသန့် အုတ်တံတိုင်းမုခ်ပေါက်ငယ်တစ်ခုရှိသည်။ နရပတိစည်သူမင်းကြီးသည် ဘုရားကြီးနှင့်တစ်ပြိုင်နက် ဘုန်းတော်ကြီးကျောင်းကိုပါ တည်ဆောက်ကိုးကွယ် လှူဒါန်းခဲ့ခြင်း ဖြစ်သည်။




စူဠာမုဏိတောရကျောင်း အနောက်ဘက် မူလပုဂံခေတ်အုတ်တံတိုင်းကြီးအဝင်မုခ်ဦး အတွင်းဘက်မှ အပြင်သို့ ရိုက်ထားပုံ

လက်ရှိဘုန်းတော်ကြီးကျောင်း၏ အရှေ့ဘက်တွင် အစဉ်အလာပြောစမှတ်ပြုကြသော ဦးကျည်ပွေ့စာစစ်ကန်(ရေငုပ်ကန်)ရှိသည်။ ရေကန်ကြီးမြောက်ဘက်ကုန်းပေါ်၌ အုတ်ကျောင်းပျက်တစ်ခုရှိသည်။ ထိုအုတ်ကျောင်းပျက်မှာ မူလ ပုဂံခေတ် အုတ်ကျောင်းပျက် ဖြစ်သည်။ အုတ်ကျောင်းပတ်လည် အရှေ့၊ အနောက်၊ မြောက် ကျောင်းဝင်းအုတ်တံတိုင်းသုံးဖက်အတွင်းမှာ ကမ္မဋ္ဌာန်းကျောင်းမုခ်ပေါက်များ (၉၀) ခန့်ရှိသည်။ ကျောင်းတံတိုင်းအုတ်ထုအတွင်းမှာ သံဃာတော်တစ်ပါး ကမ္မဋ္ဌာန်းတရားအားထုတ်နိုင်ရုံမုခ်ရုံးဖွဲ့၍ တည်ဆောက်ထားခြင်း ဖြစ်သည်။

ပုဂံတွင် တံတိုင်းကို ကမ္မဋ္ဌာန်းကျောင်းအဖြစ် ဖန်တီးထားရှိ တည်ဆောက်မှုလက်ရာမျိုးတို့ တစ်နေရာသာရှိ၍ ထူးခြားလှသည်။ ရှေးစကားစဉ်တစ်ခုအရဆိုလျှင် ကျောင်းတံတိုင်းအတွင်းတစ်လျှောက် (၅) ပေခန့်ခြားတန်းစီ၍ ပြုလုပ်ထားသော ကမ္မဋ္ဌာန်းကျောင်းများကို ကျစွာမင်း၏သမီးတော်သံပျင်မင်းသမီးထံ စာဝါလိုက်ရဟန်းများ သီတင်းသုံးရာ ကျောင်းခန်းများဟု ဆိုသည်။

ယင်းအဆိုမှာ ကျစွာမင်းလက်ထက် ပေါ်ထွန်းခဲ့သော ရဟန်းမင်းကြီး ဦးကျည်ပွေ့ဇာတ်ကြောင်းနှင့် ဆက်စပ်




ဆူးချုံကြီးအား ရှင်းပြီးနောက် ကျောက်ကျည်ပွေ့ကြီးကို တွေ့ရစဉ် မြေပေါ် ၄၆' (၃'၁၀")၊ ထိပ်ဝလုံးပတ် ၂ ... အောက်ခြေလုံးပတ် ၇" ခန့် ရှိသည်




www.burmeseclassic.com

www.burmeseclassic.com



ကျောက်ကျည်ပွေ့ကြီးရှိရာ ဂူဘုရားပျက်အတွင်းပိုင်း၊



တံတိုင်းအတွင်းဘက် ဖွဲ့တည်ထားသော ကမ္မဋ္ဌာန်းကျောင်းပျက်တစ်ခု



ဂူဘုရားပျက်ရှေ့မှ တွေ့ရှိသော ကျောက်ကွင်း။ ကျောက်ဆစ်လက်ရာ အကျိုးတစ်ခုနှင့် ခြေကျော့်ကျောက်တုံးအုတ်ချပ်ယောင်းတို့ တွေ့ရစဉ်



ကျောင်းဝင်းအတွင်းရှိ ဦးကျည်ပွေ့ရေငုပ်ကန်

နေသည်။ အသက် (၆၀) အရွယ် ရဟန်းကြီးတစ်ပါးသည် မိမိဆွမ်းစားပြီး ကျောင်းအောက်သို့ ပစ်ချထားသော သွားကြားထိုးသည့် တံပူချောင်းများ ကျောင်းကြမ်းပြင်နှင့် ထိလုမတတ် မို့ မောက်နေပုံကိုကြည့်၍ စာသင်လိုစိတ် ဖြစ်ပေါ်လာသည်။

သို့နှင့် ကျစွာမင်းထံဝင်ရောက်၍ စာရေးရန် ကန့်ကူဆန်အလှူခံရာ ကျစွာမင်းက -

'ရဟန်းကြီး၊ အသက်ကြီးမှ စာသင်လျှင် ကျည်ပွေ့အတက်ပေါက်မှ တတ်တော့မည်'

ဟု ပြက်ရယ်ပြုလွှတ်လိုက်ပြီး ကန့်ကူဆန်များ လှူလိုက်သည်။

ရဟန်းကြီးလည်း ကျောင်းရောက်၍ မင်းကြီးပြက်ရယ်ပြုခြင်းကို မခံချင်သော စာလိုချင်စိတ်ဖြင့် တစ်နေ့ တံပူတစ်ပြန် စာများသင်ယူကျက်မှတ်လေရာ နောက်ဆုံး စာတတ်ရဟန်းကြီးတစ်ပါး ဖြစ်လာတော့သည်။

တစ်နေ့၌ ရဟန်းကြီးသည် ကျည်ပွေ့ကို သစ်ခက်များစည်း၍ ကျစွာမင်းထံဝင်ကာ မိမိစာတတ်ပြီ ဖြစ်ကြောင်း အမိန့်ရှိလေသည်။ ကျစွာမင်းကြီးလည်း စာပေကျွမ်းဂန်တတ်မထေရ်ကြီးများဖြင့် ရဟန်းကြီးအား စာစစ်စေသည်။

စာစစ်သောနည်းမှာ ရဟန်းကြီးကို ရေငုပ်စေပြီး ဘွားခနဲ ပေါ်လာချိန်၌ အမေးသည့်စာအား ဖြေဆိုစေခြင်း ဖြစ်သည်။ စာစစ်ခံမည့်နေ့တွင် ရဟန်းကြီးအား ရေကန်တစ်ခုအလယ်မှာ ရေငုပ်ခိုင်းပြီး ဘွားခနဲပေါ်လာချိန်၌ ရေကန်ပေါ်မှ စာစစ်မေးသော မထေရ်ကြီးက စာမေးရန် 'အဟမ်း'ဟု လည်ချောင်းရှင်းလိုက်ရာ စာစစ်ခံရဟန်းကြီးက ရုတ်တရက် အဟမ်းသဒ္ဒါကို အမျိုးမျိုးဖွင့်ကာခွဲ၍ ပြောဆိုလိုက်ရုံနှင့် စာအောင်သွားတော့သည်။ ထို့နေ့မှစ၍ ထိုရဟန်းကြီးမှာ ဦးကျည်ပွေ့ (ဒိသာပါမောက် ထေရ် တတ်ပေါက်) ဟု အမည်တွင်လေသည်။ ရဟန်းကြီး စာစစ်ခံခဲ့ရာ ရေကန်ကိုလည်း ဦးကျည်ပွေ့စာစစ်ကန်၊ ဦးကျည်ပွေ့ရေငုပ်ကန်၊ အဟမ်းကန် ဟူ၍ အမှတ်သညာပြုခဲ့ကြသည်။ ရဟန်းကြီးသည် ကျစွာမင်း တောင်းပန်၍ သင်ပုန်းကြီးနှင့် သင်ပုန်းကြီးဖွင့်ကာကျမ်း နှစ်ဆူ ပြုခဲ့သည်။

ကျွန်တော်သည် ဦးကျည်ပွေ့၏ အတိတ်မှ ဘဝပုံရိပ်များကို တွေးရင်း ဦးကျည်ပွေ့စာစစ်ကန်ရေပြင်အား လွမ်းမောစွာ ငေးကြည့်နေမိသည်။ ဆရာတော်လေး အရှင်တေဇနိယ သတိပေးမှ ကျောက်ကျည်ပွေ့ကြီးရှိရာ ဂူဘုရားပျက်ဆီသို့ထွက်ခဲ့ကြသည်။ ဦးကျည်ပွေ့ရေကန်အရှေ့ဘက်တွင် ကန်ဦးလွင်ပြင်၊ ကန်တွင်းရေစီးဝင်သည့်ကန်ဦးမြေ၊ ကန်ဦးမြေအနောက်ဘက်တွင် ရေကန်၊ အရှေ့ဘက်၌ ကျောင်းဝင်းအုတ်တံတိုင်းကြီးက ဆီးကာထားသည်။

တောင်ဘက်တွင် စူဠာမုဏိဘုရားမြောက်ဘက် မဟာရံတံတိုင်းကြီး၊ ထိုတံတိုင်းကြီးမြောက်ဘက်အနီးကပ်လျက် သစ်ပင်ချုံနွယ်ပိတ်ပေါင်းများဖြင့် ပိတ်ဆို့နေသည့် ဘုရားကုန်းတစ်ခုကို တွေ့မြင်နေရသည်။ ရှေ့ဆုံးမှ ဆရာတော်လေး ဦးတေဇနိယ၏ညီ၊ အလယ်မှကျွန်တော်၊ နောက်ဆုံးမှ ကပ္ပိယကြီး သုံးဦးသား ချုံနွယ်ပေါင်းပင်များကို ချိုးဖျက်နင်းခြေ၍



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကုန်းပေါ် အရောက် ချီတက်ခဲ့ကြသည်။

ကျွန်တော်တို့သည် ချုံတောကြီးကို တိုးရင်းနင်းရင်းချိုးဖွဲ့ရင်းနှင့် ကုန်းအလယ်ရှိ ဘုရားပျက်တစ်ဆူ၏ အပြင်ဘက်ခြေရင်းသို့ရောက်ခဲ့ကြတော့သည်။ သုံးဦးစလုံးကိုယ်မှာလည်း မဏီသံလျက်ဆူးခြစ်ရာ၊ မျောက်စေးနဲ့နှင့် ကြက်မောက်ဆူးများအပြည့် ကပ်ငြိပါလာကြသည်။ ထိုအရာများကို အမှုမထားအားကြ။ ဘုရားအတွင်းဝင်ရန်သာ လုံးပမ်းနေကြသည်။ ဂူဝတွင် ကန္တာရပင်များက မင်းမှုပိတ်ဆို့လျက် ဂူအတွင်းမှာ မဏီသံလျက်ပင်ကြီးက ဂူအပြည့်။ ပလ္လင်၊ ဆင်းတုနှင့် နံရံပြတ်များပေါ် ပေါက်နေသည့် ဆီးပင်ကြီးများက အပြိုင်းအရိုင်း။ ထိုအရာအားလုံးကို ချိုးနှိမ်ဖယ်ရှားနင်းခြေရင်း ဂူဝအတွင်းဝင်ခဲ့ကြသည်။

ဂူအတွင်းရောက်၍ ကျွန်တော်တို့ အာရုံထားအဓိကရှာဖွေကြည့်မိကြသည်မှာ ကျောက်ကျည်ပွေ့ကြီး။ ရုတ်တရက် ရှာကြည့်၍ မတွေ့မမြင်ကြရ။ ပလ္လင်နှင့် ရုပ်ပွားဆင်းတုဒူးခွင်ရှေ့တွင် မဏီသံလျက်နွယ်တို့က ရံမိုးထားဆဲရှိနေလေသည်။ ဆရာတော်လေး ဦးတေဇနိယ၏ ညီတော်မောင်က အားကောင်းမောင်းသန်သူ။ အဝင်ဝမှ ကန္တာရကိုင်းတစ်ကိုင်းကိုချိုးယူ၍ မိုးနေသည့် မဏီသံလျက်ရုံကို ထိုးကော်ဖယ်ရှားလိုက်သောအခါ ဘွားခနဲ ကျောက်လုံးတိုင်ကြီးကို စိုက်ထူလျက် တွေ့ကြရတော့ကာ အားလုံး အံ့သြဝမ်းသာဖြစ်သွားကြရသည်။ သဲကျောက်လုံးတိုင်ကြီးမှာ အောက်ရှူးအထက်ကား ကျည်ပွေ့နှင့် ဆင်ဆင်တူနေသည်။

ထိုစဉ် ဆရာတော်လေး ဦးတေဇနိယ ဂူအတွင်း ဝင်လာသည်။

"ဒကာကြီးကိုခေါ် ရတာ ဒီကျောက်တိုင်လုံးကြီးကိစ္စပါပဲ။ တွေ့ရဲ့လား ဒကာကြီး၊ ကျောက်ကျည်ပွေ့ကြီးနဲ့ မတူလား။ ဦးပဉ္စင်းကတော့ ထေရ်တက်ပေါက်ကျည်ပွေ့အထိမ်းအမှတ်နဲ့ ခုလိုကျောက်ကျည်ပွေ့ပုံ ထုဆစ်ပြီး ဘုရားရှေ့မှာ စိုက်ထူခဲ့တာလို့ ထင်မှတ်ရတာပဲ"


ကျွန်တော့်အနေနှင့် ဆရာတော်လေးအား ပြန်လည် လျှောက်ထားရာတွင် မည်သည့် ပုဂံဘုရားများရှိ ရုပ်ပွားဆင်းတုတော်များရှေ့၌ ပန်းတင်ခုံများသာ ပြုလုပ်ထားရှိရိုး အစဉ်အလာရှိခဲ့သော်လည်း ယခုလို ကျောက်လုံးတိုင်ကြီး စိုက်ထူထားလေ့မရှိကြောင်း၊ ထိုအချက်မှာ ယခု ဘုရားတစ်ဆူသာရှိကြောင်း၊ ဆရာတော်လေးအမိန့်ရှိသလို ဦးကျည်ပွေ့ရေကန်အရှေ့ဘက်အနီးမှာ ကျည်ပွေ့ပုံကျောက်တိုင်ကြီး စိုက်ထူလျက် တွေ့ရှိရသဖြင့် ဆက်စပ်တွေးယူကြည့်မည်ဆိုက ရနိုင်ပါကြောင်း မယုတ်မလွန် ရှင်းပြ လျှောက်ထားခဲ့ရပါသည်။



ကျောက်ကျည်ပွေ့ကြီး စိုက်ထူထားရာ ဘုရားကုန်းတောအုပ်



ကျောက်ကျည်ပွေ့ကြီးနှင့် အရှင်တေဇနိယ၊ စာရေးသူ၊ ချုံရှင်းသူတို့ အမှတ်တရ



ဂူဘုရားပျက်အတွင်းရှိ ကျောက်ကျည်ပွေ့ကြီးအား မဏီသံလျက်ဆူး၍ ဖုံးအုပ်နေပုံ တွေ့ရစဉ်

ထိုဂူဘုရားပျက်ငယ်အား ပုဂံဘုရားများ ပြန်လည် ပြုပြင်စဉ်ကာလအတွင်း တူးဖော်ခဲ့သည်။ ပြုပြင်မွမ်းမံမည့် အလှူမရှိသောကြောင့် ယခုလို ပြင်ထားခဲ့ရာ ဖုန်းဆိုးတောသဖွယ်ဖြစ်ခဲ့ရသည်။

တူးဖော်စဉ်က တူးဖော်ရေးသမားများ၏ ပြောပြအချက်အရ ကျည်ပွေ့ပုံကျောက်တိုင်လုံးကြီးမှာ စိုက်ထူလျက်မှ မြေသို့လဲကျသွား၍ မူလနေရာတွင် ပြန်လည်စိုက်ထူထားရှိခဲ့ကြောင်း သိရသည်။ တူးဖော်ချိန်က ဆရာတော်လေး သွာ ရောက် မျက်မြင်တွေ့ရှိပုံပြောပြချက်နှ တူညီနေသည်။

ယခုရောက်ရှိခဲ့သော သုတေသ ခရီးတစ်ထောက်ကား တန်ဖိုးမဖြတ်နိ သော အကျိုးအမြတ်နှစ်ခု ရရှိခဲ့သည် ပုဂံမှာ ကြားဖူးနားဝပင်မရှိခဲ့ကြသေ ရှားရှားပါးပါး ကျောက်ကျည်ပွေ့ကြ အား မျက်ဝါးထင်ထင် တွေ့မြင်သ သနပြုခဲ့ခြင်းနှင့် ဆရာတော်လေး ဦးတေ ဇနိယ ရေးသား ပြုစုသည့် စူဠာမ ဘုရားသမိုင်းစာမူဖိုင်ကြီးကို ရင်မှာ ပိုက်လျက် တည်းဖြတ် ထုတ်ဝေခွင့် ခဲ့ခြင်းတို့ပင် ဖြစ်ပါသည်။

မောင်ကြည်ပန်း(မြင်း



www.burmeseclassic.com

www.burmeseclassic.com

ဝါတွင်းကာလ၏ နောက်ဆုံးသီတင်းကျွတ်လပြည့်နေ့ ညနေစောင်းအချိန်တွင် ဈေးပိတ်၍ အနားရနေသော ညီငယ်တစ်ယောက်ကဲ့သို့ ခင်မင်ရသည့် မောင်အောင်မိုးသည် ကျွန်ုပ်ထံသို့ လာနေကျအတိုင်းရောက်ချလာ၏။ သူသည် ဆိုင်ကယ်ကို နေရာချလိုက်ပြီး အိမ်ပေါ်သို့ တက်လာ၏။

"ထိုင်ကွာ၊ အောင်မိုး"

"ဟုတ်ကဲ့၊ ကိုဇော်သန့်"

အောင်မိုးသည် ဧည့်ခန်းရှိခြေရင်းဘက် ဆက်တီခုံတစ်ခုံတွင်ဝင်ထိုင်လိုက်၏၊ ကျွန်ုပ်က ခေါင်းရင်းဘက်ရှိ ဆက်တီခုံတွင် ဝင်ထိုင်လိုက်ရင်း စကားဆိုလိုက်၏။

"ကဲ - ဒီအပတ် ဘာမေးဦးမလဲ အောင်မိုးရေ"

"ကျွန်တော် သစ္စာအကြောင်းကို သိချင်တယ် ကိုဇော်သန့်ရာ။ ကျွန်တော့်ကို သိသလောက် ရှင်းပြပေးပါ"

"ကျွန်တော်က ဓမ္မကထိကတစ်ယောက်မဟုတ်တော့ ပြည့်ပြည့်စုံစုံ နှံ့နှံ့စပ်စပ်တော့သိထားတာမဟုတ်ဘူးနော်။ စကားပလ္လင်ကြိုခံထားတာပါ။ အစ်ကို သိသလောက်တော့ ရှင်းပြပေးပါ့မယ်။ သစ္စာဆိုတာ မုသားကို အချင်းခပ်သိမ်းပယ်ခြင်းပဲ။ ကောင်းသောအမှုကိုဖြစ်စေ၊ မကောင်းသောအမှုကိုဖြစ်စေ ဟုတ်တိုင်းမှန်ရာကို ဝစီကံမြောက် နှုတ်ထွက်ပြောဆိုခြင်းဟာ သစ္စာပဲ"

"ကိုဇော်သန့်၊ စကားဖြတ်ပြောတာယ်မထင်ပါနဲ့။ သစ္စာဆိုတိုင်း အလိုဆန္ဒပြည့်ဝနိုင်မလား။ ရှေးရှေးတုန်းက ဇာတ်တော်တွေ၊ နိပါတ်တော်တွေမှာ သစ္စာဆိုတိုင်း လိုရာဆန္ဒတွေပြည့်ပြည့်နေတာ ဖတ်ဖူး၊ မှတ်ဖူးနေလို့ မေးကြည့်တာပါ"

"မင်းက ဘယ်လိုသစ္စာဆိုချင်လို့လဲ။ အစ်ကို့ကို ဥပမာတစ်ခုလောက် သစ္စာဆိုပြစမ်းပါဦး"

"ဒီလို ကိုဇော်သန့်ရာ၊ ကျွန်ုပ်သည် မွေးကတည်းက ယနေ့အထိ လူသားကို လုံးဝ မစားဘူးပါ။ ဤမှန်သောသစ္စာစကားကြောင့် ကျွန်ုပ်သည် ယခုအပတ် ဖွင့်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် သိန်းတစ်ထောင်ဆုကြီးကို ပေါက်ပါစေလို့ သစ္စာဆိုမယ် ကိုဇော်သန့်ရာ။ ကျွန်တော် ဒါ မှန်တာကို သစ္စာဆိုတာပဲလေ။ အခုထက်ထိ လူသားကို မွေးကတည်းက စားမှုမစားဘူးတာ။ အဲဒါ သိန်းတစ်ထောင်ဆုကြီးကို ကျွန်တော် ပေါက်မလား"

"အင်း. . . မပေါက်နိုင်ဘူးလို့ဘဲ ပြောရမှာပဲ။ ဒီလိုသာ သစ္စာဆိုလို့ပေါက်ကြေးဆိုရင် လူတိုင်း ထီတွေပေါက်ကုန်ကြတော့မှာပေါ့"



သစ္စာဆိုရာဝယ်

…ဆုစံ(ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် အဲဒါကိုသိချင်တာ။ မှန်သောစကားကို ဆိုပါလျက် ဘာလို့ အလိုဆန္ဒ မပြည့်ဝရတာလဲ။ ရှေးရှေးတုန်းကအနေအထားနဲ့ အခုခေတ်ကာလအနေအထား အချိန်ကာလတွေကွာခြားသွားလို့လား။ သစ္စာဆိုတဲ့အခါမှာ သီလတစ်ခုခုကို သစ္စာဆိုမှဆန္ဒပြည့်မှာလား။ဟိုးရှေးရှေးတုန်းကတည်းက သစ္စာပါရမီတွေမဖြည့်ဆည်းခဲ့လို့ ဆန္ဒမပြည့်ရတာလား။ ဘယ်လိုသစ္စာဆိုမှ အလိုဆန္ဒပြည့်ဝနိုင်မလဲ။ ကျွန်တော်အဲဒါကိုသိချင်ပါတယ်"

"အင်း - အစ်ကိုသိသလောက်ရှင်းပြပေးပါမယ်။ သစ္စာမှာ (၃) မျိုးရှိတယ်။ (၁) သူတစ်ဖက်သားယုံအောင် ကျိန်ပြောတာကတစ်မျိုး။ ဒါကို သဒ္ဒါဟာပနာသစ္စာလို့ ခေါ်တယ်။ (၂) တစ်ဖက်သား အကျိုးယုတ်အောင် လိမ်မပြောတာက တစ်မျိုး။ ဒါကို မုသာဝိရမဏသစ္စာလို့ ခေါ်တယ်။ (၃) ကိုယ်လိုတာပြည့်အောင် ဆိုးဆိုး၊ကောင်းကောင်း မှန်တဲ့တိုင်း ရဲရဲဝံ့ဝံ့ နှုတ်မြွက်သစ္စာဆိုတာက တစ်မျိုး။ ဒါကို ကုသ္စာပူရဏသစ္စာလို့ ခေါ်တယ်။ ရှင်းရှင်းပြောရရင်ကွာ (၁) ကျိန်တာကတစ်မျိုး၊ (၂) မလိမ်တာကတစ်မျိုး၊ (၃) ကိုယ်လိုတာပြည့်အောင် ဆိုးဆိုး၊ကောင်းကောင်း မှန်တဲ့အတိုင်း နှုတ်မြွက်သစ္စာဆိုတာကတစ်မျိုး ပေါင်း (၃)မျိုး ရှိတယ်။ အဲဒီမှာ တို့အသုံးပြုရမှာက နံပါတ် (၃) ကုသ္စာပူရဏသစ္စာပဲ။ ကိုယ်လိုတာပြည့်အောင်ဆိုရတဲ့သစ္စာပဲ။ မင်း အခုမေးနေတာကလည်း ဒီသစ္စာပဲ။ အဲဒီတော့ တို့က သစ္စာဆိုတော့မယ်။ သစ္စာဆိုတဲ့အခါ အရေးကြီးတာနှစ်ချက်ရှိတယ်။ ပထမအချက်က သစ္စာဆိုရင် ကိုယ်လိုတာဖြစ်တယ်ဆိုတာကို အကြွင်းမဲ့ ယုံကြည်ရမယ်။ မည်ကာမတ္တမဟုတ်ဘူးပေါ့ကွာ။ ပြင်းပြင်းထန်ထန်ကို ယုံကြည်နေရမယ်။ ဒုတိယအချက်ကတော့ မကောင်းတာဘဲဖြစ်စေ၊ ကောင်းတာပဲဖြစ်စေ ကိုယ်ကြံစည် ပြောဆို ပြုလုပ်မိတဲ့အတိုင်း ဟုတ်တိုင်းမှန်ရာကို ရဲရဲဝံ့ဝံ့ နှုတ်မြွက်သစ္စာဆိုရမယ်။ သစ္စာဆိုရာမှာ လိုရင်းက အထူးအရေးကြီးတာက အဲဒီအချက်(၂)ချက် ပြည့်စုံဖို့ပဲ။ ခုနက မင်းသစ္စာဆိုတဲ့အတိုင်း မွေးစမှ ယနေ့အထိ လူသားကို မစားဘူးခဲ့ပါ။ ဤမှန်သောသစ္စာစကားကြောင့် သိန်းတစ်ထောင်ဆုကြီးပေါက်ပါစေလို့ မင်းသစ္စာဆိုတဲ့အခါမှာ သိန်းတစ်ထောင်ဆုကြီး ဧကန်ပေါက်မယ်လို့ မင်းမှာ ယုံကြည်မှုကောရှိရဲ့လား။ အစ်ကို့ကို အမှန်အတိုင်းဖြေ"

"ဘယ်ယုံကြည်နိုင်ပါ့မလဲ ကိုဇော်သန့်ရာ၊ မဖြစ်နိုင်တာ။ ယုံကြည်စရာအကြောင်းတစ်ချက်မှမရှိပါဘူး။ အလှမ်းကွာလွန်းအားကြီးပါတယ်"

"အေး- အဲဒါပဲ၊ ယုံကြည်မှုမရှိရင်ဘာမှမဖြစ်နိုင်ဘူး။ နောက် မင်းဆိုတဲ့သစ္စာက အားမရှိဘူး။ဥပမာကွာ ကျွန်ုပ်သည် မီးပုံးပျံဖြင့် ကမ္ဘာတစ်ပတ်မပတ်ခဲ့ဘူးပါ။ ဤမှန်သောသစ္စာစကားကြောင့် ဘာဘာဖြစ်ပါစေ။ ကျွန်ုပ်သည် ယနေ့ထိ လကမ္ဘာကို မရောက်ဘူးပါ။ ဤမှန်သော သစ္စာစကားကြောင့် ဘာဘာဖြစ်ပါစေ။ ကျွန်ုပ်သည် ယနေ့အထိ ရေငုပ်သင်္ဘောကိုမစီးဘူးပါ။ ဤမှန်သောသစ္စာစကားကြောင့် ဘာဘာဖြစ်ပါစေတို့ဟာ မှန်ရာစကားတွေဖြစ်ပေမယ့် ဘာအားမှမရှိဘူး။ ကျွန်ုပ်သည် ဘုရားဂုဏ်တော်ကိုးပါးကို တစ်နေ့လျှင် (၁၀၈)ခေါက် (၉)ရက်တိုင်တိုင် ရွတ်ဖတ် ပူဇော်ပါမည်ဟု အဓိဋ္ဌာန်ပြုထားသည့်အတိုင်း တစ်နေ့လျှင် (၁၀၈) ခေါက်နှုန်းဖြင့် ရွတ်ဖတ်ပူဇော်လာခဲ့သည်မှာ ဤနေ့ဤရက်တွင် (၉)ရက်တိတိ ပြည့်မြောက်သွားပြီ ဖြစ်ပါသည် အရှင်ဘုရား။ ဤမှန်ကန်သောသစ္စာစကားကြောင့် ဘာဘာဖြစ်ပါစေတို့၊ ဘုရားတပည့်တော်သည် ဒိဝါတပတီ အစချီဂါထာကို တစ်နေ့လျှင် ပုတီး (၃)ပတ် (၁)လတိတိ ပုတီးစိပ်ပါမည်ဟု အဓိဋ္ဌာန်ပြုထားသည့်အတိုင်း တစ်နေ့လျှင် ပုတီး (၃) ပတ်နှုန်းဖြင့် စိပ်လာခဲ့သည်မှာ ဤနေ့ဤရက်တွင် (၁)လတိတိ ပြည့်မြောက်သွားပါပြီအရှင်ဘုရား။ ဤမှန်သောသစ္စာစကားကြောင့် ဘာဘာဖြစ်ပါစေတို့၊ ဘုရားတပည့်တော်သည် သက်သတ်လွတ်ကို (၃)လပြည့်အောင်စားပါမည်ဟု အဓိဋ္ဌာန်ပြုထားသည့်အတိုင်း နေ့စဉ် သက်သတ်လွတ်စားလာသည်မှာ ဤနေ့ဤရက်တွင် (၃)လတိတိ ပြည့်မြောက်သွားပြီ ဖြစ်ပါသည် အရှင်ဘုရား။ ဤမှန်သောသစ္စာစကားကြောင့် ဘာဘာဖြစ်ပါစေတို့ကျတော့ အားရှိတဲ့သစ္စာတွေပဲ။ ဒါတွေဟာ ကိုယ်ပိုင်သစ္စာလို့ခေါ်တယ်။ ဓာတ်ခဲအားရှိရင် မီးလင်းသလိုပဲ။ ကိုယ်ဆိုတဲ့သစ္စာက စရဏအားတွေပြည့်နေရင် အလိုဆန္ဒတွေဟာ အချိန်တန်ရင် ပြည့်ဝလာမှာပဲ။ ဒါကိုတော့ မင်းခိုင်ခိုင်မာမာယုံထားပါ။ တို့ဟာ ဆုကို အလကားတောင်းတာ မဟုတ်ဘူး။ စရဏတစ်ခုကို ပေးဆပ်ပြီးမှ သစ္စာပြုဆုတောင်းတာ။ အကြောင်းရှိရင် အကျိုးရှိရမယ်။ ကိုယ်လုပ်နေတဲ့စရဏမှာ အာရုံတစ်ပါးစိတ်မသွားဘဲ ထိထိမိမိ လေးနက်နက် ဆောင်ရွက်ဖို့ကတော့ အရေးကြီးတယ်။ ပြီးပြီးရောမလုပ်ရဘူး။ တောင်းတဲ့ဆုကလည်း ကိုယ်ဖြစ်နိုင်ခြေရှိတာကိုပဲ တောင်းပေါ့။ အလှမ်းကွာလွန်းတဲ့ဆုတွေကိုတော့ မတောင်းနဲ့ပေါ့ကွာ။

အဲဒီတော့ စကားကို ပြန်ကောက်ရရင် သစ္စာဆိုတိုင်း လိုတာဖြစ်မလား ဆိုတော့ အဲဒီလိုလည်း မဖြစ်ဘူး။ ဘယ်လိုမှဖြစ်သလဲဆိုတော့ ကိုယ်လိုချင်တာကို ကျိန်းသေဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ အကြွင်းမဲ့ယုံကြည်မှ ဖြစ်တာ။ ယုံကြည်တိုင်းကောဖြစ်မလား ဆိုတော့ ဒီလိုလည်း မဖြစ်ဘူး။ ကိုယ်ဖြစ်စေချင်တာကို ဖြစ်စေချင်တဲ့၊ ပြင်းထန်တဲ့၊ ထက်သန်တဲ့စိတ်ရှိမှဖြစ်တာ။ ပြင်းထန်ထက်သန်တဲ့စိတ်ရှိ တိုင်းကော ဖြစ်သလားဆိုတော့ ဖြစ်တာလည်းရှိတယ်၊ မဖြစ်တာလည်းရှိတယ်။ ဖြစ်တာက ပစ္စုပ္ပန်မှာ ပယောဂကြောင့် ဆိုရင် သစ္စာဆိုရင် ဖြစ်တယ်။ အတိတ် ဘဝကအကုသိုလ်ကံကြောင့်ဆိုရင်တော့ သစ္စာဆိုတိုင်းမဖြစ်ဘူး။ အဲဒီလို ခွဲခြား ရမယ်။ ဒီလိုခွဲခြားပြီး သိတတ်တာဟာ သစ္စာဆိုတဲ့ပညာပေါ့ကွာ။ သစ္စာဆိုတာ အလွန်အဖိုးထိုက်တန်တဲ့ပညာပါ။ သစ္စာ ဆိုတဲ့ပညာဟာ ကိုယ်လိုတာဖြစ်အောင် လုပ်ရမယ့်အကြောင်းကိုသိတယ်။ ကိုယ် မလိုချင်တဲ့အဆိုးတွေပျောက်အောင်လု ရမယ့် အကောင်းကိုလည်း သိတယ် ကိုယ်ခံစားချင်တဲ့ ချမ်းသာသုခကို အေး အေးမြမြ ခံစားရအောင် ဆင်းရဲဒုက္ခတွေ ကင်းဝေးစေတဲ့ နည်းတွေကိုလည်း သိ တယ်။ ဒါကြောင့် သစ္စာဆိုတဲ့ပညာဟာ အရာရာကို ပြီးမြောက်စေတယ်၊ အောင် မြင်စေတယ်၊ ခရီးရောက်စေတယ်၊ စိတ် လည်းချမ်းသာစေတယ်။ ပညာမပါ တော့ လိုတာလည်းမဖြစ်ဘူး။ ဖြစ်လည်း မမြန်ဘူး။ ဒါ သစ္စာဆိုရာမှာ မှတ်သား ထားရမယ့်အချက်ပဲ။ နောက်တစ် သတိထားရမှာက ဓမ္မတာဆိုတဲ့သဘော တရားပဲ။ ယခုပစ္စက္ခမှာ သူတစ် ပယောဂ ဘေးဒုက္ခအသွယ်သွယ် အဝဝကို လွတ်အောင် သစ္စာက ဆောင်နိုင်ပေမယ့် သေချိန်တန်ရင် ရမယ်၊ ပျက်စီးချိန်ကျရင် ပျက်စီးရမယ် ဆိုတဲ့ ဓမ္မတာသဘောကိုတော့ ဘယ် မှ လွန်ဆန်နိုင်မှာ မဟုတ်ဘူး။ သ အစွမ်းနဲ့ မလွတ်နိုင်၊ မစွမ်းဆောင်နိုင် ဆိုတာကိုတော့ မင်းတို့ငါတို့ သိထား မယ်"

ကျွန်ုပ်သည် အောင်မိုးကို လျားစွာ စကားဆိုလိုက်ရ၍ အ



www.burmeseclassic.com

www.burmeseclassic.com

သွားသဖြင့် ဇနီးဖြစ်သူ လာချပေးထားသော မတ်ခွက်ထဲမှ ရေနွေးကြမ်းကို ပန်းကန်လုံးထဲငှဲ့ကာ သောက်နေလိုက်၏။ ပြီးနောက် အောင်မိုးအတွက်လည်း ရေနွေးကြမ်းတစ်ခွက် ငှဲ့ပေးလိုက်သည်။ အောင်မိုးက စကားဆက်ဆို၏။

"ပျက်စီးချိန်တန်ရင်ပျက်စီးရမယ်။ သေချိန်တန်ရင်သေရမယ်။ အတိတ်ကံနဲ့ဓမ္မတာကို မလွန်ဆန်နိုင်မယ့်အတူတူ သစ္စာဆိုတဲ့အလုပ်ဟာ အပိုများဖြစ်မနေဘူးလား ကိုဇော်သန့်ရာ"

"မဖြစ်ပါဘူးကွာ၊ ဒါအယူအဆလွဲတာပါ။ ဥပမာကွာ မကျန်းမာနေတဲ့လူတစ်ယောက်ဟာ ဆေးသောက်ရင် ရောဂါပျောက်နိုင်သလို သူတစ်ပါးပယောဂကြောင့် ဘေးရန်အန္တရာယ်နဲ့တွေ့နေရတဲ့ လူတစ်ယောက်ဟာ သစ္စာဆိုရင် လွတ်မြောက်နိုင်တယ်ကွ။ ရောဂါဖြစ်နေတဲ့ လူမမာဟာ ဆေးမသောက်ရင် ဒီရောဂါနဲ့သေရသလို ဘေးရန်တွေ့နေတဲ့လူဟာလည်း သစ္စာမဆိုရင် ဇကန်ဒုက္ခရောက်မှာပဲ။ ဒါကြောင့် ရောဂါပျောက်အောင်ဆေးသောက်တဲ့လူမမာလို ဘေးရန်ပျောက်အောင် သစ္စာဆိုရမယ်လို့ မှတ်ထားရမယ်။ ဒီလို ကံတရားနဲ့ ဓမ္မတာတရားကို မလွန်ဆန်နိုင်ပေမယ့် သစ္စာတရားဟာ အပိုမဟုတ်ပါဘူး။ တို့ရဲ့ဘဝခရီးလမ်းတစ်လျှောက်မှာ အဆင်ပြေမှုတွေ၊ အောင်မြင်မှုတွေ၊ အေးချမ်းမှုတွေရရှိအောင်နဲ့ အလိုဆန္ဒတွေပြည့်ဝအောင် စွမ်းဆောင်နိုင်ပါတယ်။ ဒါကြောင့် တို့တစ်တွေ အမြဲလုပ်သင့်လုပ်ထိုက်တဲ့တရားပါကွာ"

"ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်သွားပါပြီ ကိုဇော်သန့်ရာ။ ကျွန်တော်လည်း ကိုယ်ပိုင်သစ္စာဖြစ်အောင် ကျင့်ကြံအားထုတ်မှုစရဏကို အရင်းတည်ပြီး တတ်စွမ်းသလောက် သစ္စာတရားကို အားကိုးအားထားပြုပါတော့မယ်ဗျာ။ ကဲ- ကျွန်တော်လည်း ကလေးကျူရှင်သွားကြိုရဦးမှာမို့ သွားဦးမယ် ကိုဇော်သန့်ရာ"

အောင်မိုးတစ်ယောက် ကျွန်ုပ်အား နှုတ်ဆက်ပြီး ရွှင်လန်းသော အမူအရာဖြင့် ပြန်သွားပါတော့သည်။

*ကောင်းမှုအကြောင်းပြု*
*တောင်းဆုပြည့်ပါစေ*

သုခစုစံ (ကျိုက်လတ်)

ကျမ်းကိုး -
ကိုယ်ပိုင်အစွမ်း
ဆရာကြီးဦးသိန်းထွန်း

## ထီ
## ဆရာဦးမောင်မောင်သန်း
## (ရင်ကိုအေးမြစေသား)

(၂၉၈) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပါပြီ။

ချမ်းသာခြင်းများစွာကို သယ်ဆောင်လာတော့မည့် ဂဏန်းလုံးလေးများနှင့် ပါရမီဖြည့်လိုက်ရပြန်ပါပြီ။

**တနင်္ဂနွေသားသမီးများ**

အောက်တိုဘာလ ၈၊ ၁၂၊ ၁၆၊ ၂၂၊ ၂၆ ရက်တွေမှာ ထီထိုးပါ။

ဘုရားရှင်ကို သစ်သီး (၆) မျိုးနှင့် ပူဇော်ပါ။ ပြီးလျှင် ပုဆစ်တုပ်ထိုင် လက်အုပ်ချီပြီး ရွတ်ဖတ် ပူဇော်ပါ။ ရွတ်ချင်သောပရိတ်မှန်သမျှရွတ်ပါ။ အသံထွက်ရွတ်ပါ။ (၉) ရက်ပြည့်ပြီးနောက်ပိုင်းမှာ ထီထိုးပါ။

နိုဝင်ဘာလမှာ ၆၊ ၇၊ ၂၊ ၄၊ ၉ ဂဏန်းများ ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

အောက်တိုဘာလ ၁၀၊ ၁၃၊ ၁၇၊ ၂၃ ရက်များမှာ ထီထိုးပါ။ သောကြာနံ့ဘွဲ့အမည်ရှိသော ဘုရားတစ်ဆူဆူသို့ သွား၍ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင်(၁၅)တိုင် ထွန်းညှိ ဘုရားပူဇော်ပါ။ (၆) ကြိမ်ပူဇော်ပြီးမှ ထီထိုးပါ။

နိုဝင်ဘာလမှာ ၁၊ ၄၊ ၈၊ ၅ ဂဏန်းများ ကံစပ်နေပါမည်။

**အင်္ဂါသားသမီးများ**

အောက်တိုဘာလ ၁၁၊ ၁၄၊ ၁၈၊ ၂၄ ရက်များမှာ ထီထိုးပါ။ ယခုလ တစ်နေ့လျှင် တစ်ဆူဖြစ်စေ၊ နှစ်ဆူဖြစ်စေ၊ ဘုရား (၉) ဆူပြည့်အောင် လှည့်လည်ဖူးမြော်ပါ။ ဘုရားတိုင်းတွင် ဖယောင်းတိုင် (၁၀) တိုင် ထွန်းညှိ ပူဇော်ပါ။

(၉) ဆူပြည့်ပြီးသည့်နေ့ရောက်မှ ထီထိုးပါ။

နိုဝင်ဘာလတွင် ၁၊ ၆၊ ၂၊ ၉၊ ၃ ဂဏန်းများ ကံစပ်နေပါသည်။

**ဗုဒ္ဓဟူးသားသမီး**

အောက်တိုဘာလ ၁၂၊ ၁၅၊ ၂၅ ရက်များမှာ ထီထိုးပါ။ ယခုလ အောင်ဘွဲ့ အမည်ရှိသော ဘုရားတစ်ဆူဆူသို့ သွား၍ ဖယောင်းတိုင် (၉) တိုင် ထွန်းညှိ ပူဇော်ပါ။ (၃) ခါသွားပူဇော်ပြီး နောက်နေ့မှ ထီထိုးပါ။

နိုဝင်ဘာလတွင် ၁၊ ၇၊ ၄၊ ၈ ဂဏန်းများ ကံစပ်နေပါသည်။

**ကြာသပတေးသားသမီးများ**

အောက်တိုဘာလ ၁၃၊ ၁၆၊ ၁၉၊ ၂၆ရက်မှာ ထီထိုးပါ။ ယခုလ တနင်္လာနံ့ဘွဲ့အမည်ရှိသော ဘုရားတစ်ဆူဆူသို့ သွား၍ ဖယောင်းတိုင် (၆) တိုင် ထွန်းညှိ ပူဇော်ပါ။ (၂) ကြိမ်ပူဇော်ပြီး နောက်နေ့မှာ ထီထိုးပါ။

နိုဝင်ဘာလမှာ ၆၊ ၂၊ ၉ ဂဏန်းများ ကံစပ်နေပါသည်။

**သောကြာသားသမီးများ**

အောက်တိုဘာလ ၁၀၊ ၁၄၊ ၁၉၊ ၂၀ ရက်များမှာ ထီထိုးပါ။ ယခုလတွင် ဘုရားရှင်အား ပန်းပေါင်းစုံ (၆) မျိုးနှင့် မပြတ်ကပ်လှူပါ။ ဒိဗ္ဗတပတိဂါထာကို အဓိဋ္ဌာန်နှင့်ပုတီးစိပ်ပါ။

နိုဝင်ဘာလမှာ ၆၊ ၄၊ ၈၊ ၃ ဂဏန်းများ ကံစပ်ပါသည်။

**စနေသားသမီးများ**

အောက်တိုဘာလ ၁၁၊ ၁၅၊ ၁၈၊ ၂၁ ရက်များမှာ ထီထိုးပါ။ ယခုလတွင် အရဏ်ဆွမ်းခံကြွတော်မူလာသော သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပြီး ကုသိုလ်ဆက်ပါ။ တစ်လလုံး လောင်းလှူပြီးမှ ထီထိုးပါ။

နိုဝင်ဘာလတွင် ၁၊ ၅၊ ၂၊ ၉ ဂဏန်းများနှင့် ကံစပ်နေပါသည်။

ယခုလတွင် မဟာဝေဒဗ္ဗမန္တန်တော်ကို နေ့စဉ်မပျက် အဓိဋ္ဌာန်နှင့်ရွတ်ဖတ်ပြီး ဘုရားရှင်ကို ပူဇော်ပါ။ အနည်းဆုံး (၂၇) ခေါက် ရွတ်ဖတ် ပူဇော်ပါ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

ကြည်လင်အေးမြတဲ့ရေတွေ မိုး၊ နွေ၊ ဆောင်း အမြဲမပြတ် စီးဆင်းနေတဲ့ ဟောဒီ ပရန်းပခါးချောင်းထဲကို တစ်ခါက ကျုပ် သတ်ဖြတ်ခုတ်ထစ်ပြီး ကန်ချ လိုက်တဲ့လူတွေရဲ့သွေးတွေနဲ့ ရဲရဲနီခဲ့ဖူး တယ်။

နေစမ်းပါဦး။ လူတွေအများကြီး ကို ခုတ်ထစ်သတ်ဖြတ်ပစ်နိုင်လောက် အောင် မင်းကဘာကောင်တုံးလို့ မေး စရာရှိတယ်။ ကျုပ်က အင်္ဂုလိမာလ လက်သစ် လက်မရှိ့ ဘဌေးလေဗျာ။ လက်မရှိ့ဆိုတော့ ရှေးဘုရင်တွေလက် ထက်က ပါးကွက်အာဏာသားကြီးလိုမို့ လူတွေကို သတ်တာလား။ အဲဒီလိုတော့ မဟုတ်ဘူး။အင်္ဂုလိမာလက ဆရာသခင် ကခိုင်းလို့ လက်ညှိုးတွေလိုချင်လို့လူတွေ သတ်တာ။ ကျုပ်က ကျုပ်ရဲ့ လောဘ စိတ်၊ ဒေါသစိတ်၊ မောဟစိတ် ဆိုတဲ့ အကုသိုလ်စိတ်တွေကြောင့် လူတွေကို

ကျုပ်ရွာကျုပ်အရပ်ကျုပ်တို့နယ်မြေမှာ အင်အားစုဆောင်းပြီး ဘာအဖွဲ့အစည်း မှ မဟုတ်တဲ့ ဓားပြဂိုဏ်းကြီးတစ်ခု ထူ ထောင်ပြီး ကျုပ်ရွာကျုပ်နယ်ကိုလည်း စောင့်ရှောက်ပြီးသားဖြစ်ရော။ ကျုပ်ရဲ့ ဓားပြဂိုဏ်းကြီး ရပ်တည်နိုင်ဖို့ကတော့ အဝေးနယ်တွေ သွားဓားပြတိုက်ရတာ ပေါ့ဗျာ။

အဲဒီမှာတင် လက်မရှိ့ဘဌေး ဆို တဲ့နာမည်တွင်လာခဲ့တာပေါ့ဗျာ။ ကျုပ် တို့နယ်ကလား။ ဒီပဲယင်းမြို့နယ်ထဲက စပါးတွေ အလျှံပယ်ထွက်ပြီး အလောင်း မင်းတရားကြီး ဦးအောင်ဇေယျ နိုင်ငံ တော် ထူထောင်စဉ်ကာလက ရဲမက်၊ တပ်မှူး၊ ဗိုလ်မှူးသူရဲကောင်းတွေထွက် ခဲ့တဲ့ နယ်မြေကြီးလေဗျာ။ ကျုပ်ရွာက မြို့သာရွာလေ။ ကျုပ်တို့နယ်က ရွာတွေ

ကြမ်းကိုယ်ကြမ်းခပ်ကြမ်းကြမ်းနေကြ… သူတွေ။ တုံးတိုက်တိုက်၊ ကျားကို… ကိုက်ဆိုတဲ့လူတွေ။ ဒီလို စရိုက်ကြ… ကြမ်းတွေကြားထဲမှာ ကြီးပြင်းလာ… ကျုပ်က သူတို့ထက်ပညာတတ်ပြီး သူ… ထက်ကြမ်းတဲ့အတွက်လည်း ဒီဓား… ဂိုဏ်းကြီးရဲ့ ခေါင်းဆောင်ဖြစ်လာခဲ့တာ… ပေါ့။ ကျုပ်ငယ်ဘဝလား။ ဩော် - ကျု… ငယ်ဘဝက မိဘတွေအလိုလိုက်၊ ကျု… ဗီဇကကြမ်းလို့ ဒီလိုဖြစ်လာတာ။

ကျုပ်အဖေ ဦးဖိုးရှင်း၊ အမေ… ဒေါ်ကောင်းပြည့်တို့ဟာ ကျုပ်တို့ရွာ… ကျုပ်တို့နယ်မှာ နာမည်ကြီး ဆွေကြီးမျိုး… ကြီးတွေ။ လယ်မြေဧက ခြောက်ဆယ်… ကျော်လောက်နဲ့၊ အိမ်ကြီးရခိုင်နဲ့၊ တပည့်… တပန်းတွေအများကြီးနဲ့ နေကြရတာ။ ဒီ… အထဲ သားသမီးမွေးသမျှ အဖတ်မတင်…

# (မိုးရှာ)

# ဟောင်ဟောင်တိုးမြင့်

## လက်မရှိ့ဘဌေးနှင့်ဂမ္ဘီရရွှေစလွယ်ကြီး



ရက်ရက်စက်စက် သတ်ခဲ့ဖြတ်ခဲ့တာ။ လူတွေသတ်တော့ ရာဇဝတ်ပြစ်ဒဏ် မသင့်ရအောင် မင်းက သက်ဦးဆံပိုင် ပဒေသရာဇ်မင်းမို့လို့လား။ မဟုတ် ဘူး၊ ရာဇဝတ်ပြစ်ဒဏ်ဘယ်သင့်မှာလဲ ဗျ။ ကျုပ်သတ်တဲ့အချိန်က အုပ်ချုပ်ရေး ကင်းမဲ့တဲ့အချိန် ဥပဒေအရ အရေးယူ လို့မရတဲ့အချိန်ဗျ။ တစ်တိုင်းပြည်လုံး ဖရိုဖရဲဖြစ်အောင် ကရင်တစ်မျိုး၊ အလံ နီကတစ်ဖုံ၊ ရဲဘော်ဖြူက တစ်နည်းနဲ့ ထကြွနေကြတဲ့အချိန်။ ကျွန်ုပ်တို့နယ်၊ ကျုပ်တို့ရွာတွေမှာ အုပ်ချုပ်ရေးက လက် လှမ်းမမီတော့သလိုဖြစ်ပြီး အလံနီက ဝင် လာလိုက်၊ ရဲဘော်ဖြူက နှိပ်စက်လိုက်နဲ့ လူတွေဘယ်လိုနေလို့ ဘယ်လိုစားရမှန်း မသိဖြစ်နေရတယ်။ ဒါနဲ့ ကျုပ်ကလည်း

က ဒီနယ်အကြောမှာ ရွာတွေမှ အများ ကြီး။ တိုင်နပ်ရွာ၊ မရကန်၊ သရက်ကန်၊ တည်တော၊ မူခမ်းကြီး၊ အုန်းတပင်၊ တက်ခေါင်း၊ အင်္ဂမြင့်၊ မင်းဆွေနှစ် အစရှိ တဲ့ရွာတွေ များမှများ။ အုတ်ရှစ်ကြီး၊ ကိုင်းကန်၊ ထန်းတပင်၊ ကုလားကုန်း ဘက်ကရွာတွေမပါသေးဘူး။

ကျုပ်တို့နယ်ကလူတွေက စိတ်

ခဲ့ဘဲ ကျုပ်တစ်ယောက်တည်းသာ… တော့ ကျုပ်ကို ဖူးဖူးမှုတ်လို့ အသည်း… ပေါက်မတတ်ချစ်ကြတာ။ တစ်ဦးတည်း… သောသားမို့ အလိုလိုက်လို့ အမိုက်တော်… ကားဆိုပေမယ့် မိဘဆွေမျိုးတွေအပေါ်… ရပ်ပေါ်ရွာပေါ်နယ်ပေါ်မှာတော့ ကျု… မစော်ကားခဲ့ပါဘူး။ ကျုပ်သတ်ခဲ့တ… ဆိုတဲ့လူတွေက ကျုပ်ရဲ့ရန်သူတွေ၊…




www.burmeseclassic.com

www.burmeseclassic.com

ဖောက်တွေ၊ ကျုပ်အသက်နဲ့ စည်းစိမ်၊ ကျုပ်ရပ်ကျုပ်ရွာကို ဖျက်ဆီးမယ့်သူတွေကိုသာ သတ်ခဲ့တာပါ။

အင်း - ကျုပ်ဆိုတဲ့ကောင်က မွေးလာပြီး သိတတ်စအရွယ်ကတည်းက ခိုက်ခြင်းနှက်ခြင်း၊ သတ်ခြင်းဖြတ်ခြင်းနဲ့ ကိုယ့်အသားနာမှာလည်း မကြောက်၊ သူများကိုရိုက်နှက်ရမှာလည်း မကြောက်နဲ့ သူတစ်ပါးကို ရိုက်နှက်သတ်ဖြတ်တာကို လုပ်ရိုးလုပ်စဉ်တစ်ခုလို ပေါ့ပေါ့တန်တန်သဘောထားလာခဲ့တဲ့ကောင်မို့ ဥပမာပြောရရင် ကျားတစ်ကောင်ဟာ သားကောင်တစ်ကောင်ကို ကိုက်သတ်စားလိုက်တာမျိုးပေါ့။ အစာအတွက် လုပ်ရိုးလုပ်စဉ်တစ်ခုလို သဘောထားတာ။ ကျုပ်မှာ သနားတာ၊ ကြင်နာတာ၊ ဝမ်းသာတာ၊ ဝမ်းနည်းတာ ဆိုတဲ့ ခံစားချက်မျိုး၊ ခံစားမှုမျိုး အတော်နည်းခဲ့တာဗျ။ ဒါကြောင့် လုပ်တဲ့နေရာလက်မရွံ့ခဲ့တာ ပြောရဦးမယ်။

ကျုပ် ဓားပြဂိုဏ်းခေါင်းဆောင်လုပ်နေတော့ အခြားသူတွေအမြင်ကသာ ဓားပြဂိုဏ်းခေါင်းဆောင်၊ ကျုပ်ရွာကျုပ်နယ်ကလူတွေအတွက်က ရွာခေါင်းဆောင်ရပ်ခေါင်းဆောင် ရွာရပ်ကိုစောင့်ရှောက်တဲ့ခေါင်းဆောင်ဗျ။အဲဒီမှာ ကျုပ်တို့ ရွာဘက်နယ်ဘက်ကို လာလာပြီး ဆက်ကြေးတောင်း၊ ရန်ပုံငွေတောင်းနဲ့ လာလာနေတဲ့ ရဲဘော်ဖြူပိုလ် (နာမည်တော့မပြောတော့ပါဘူး။) အဲဒီပိုလ်က ကျုပ်နယ်ကိုလာပြီး တစ်နေ့ ကျုပ်ကို ရန်ရှာတော့မယ့်သူဗျ။ ချက်ချင်းမလုပ်ရဲသေးတာက ကျုပ်အင်အားကို ကြောက်လို့၊ ကျုပ်အင်အားကလည်း လက်နက်ခဲယမ်းအပြည့်အစုံနဲ့ အမာခံလူ (၇၀) ကျော်ရှိတယ်။ လက်နက်၊ သေနတ်တွေ၊ ကျည်ဆန်တွေက ဂျပန်ခေတ်ကတည်းက စုဆောင်းထားတဲ့ဟာတွေ။ ကျုပ်တို့က ဟိုစဉ်ကတည်းက အမြော်အမြင်နဲ့ သေနတ်တွေကို သိမ်းထားတာ။ နွားစာခွက်အောက်မှာ ကျင်းတူး၊ ဖွဲကြမ်းတွေ, စပါးခွံတွေထည့်၊ သေနတ်တွေ, ကျည်ဆန်တွေထည့်ပြီး သိမ်းထားတာ။ သံချေးမတက်ဘူး။





www.burmeseclassic.com

www.burmeseclassic.com

ကျုပ်တို့ဘယ်လောက်ဆိုးခဲ့တယ်ထင်လဲ။ ဒီလိုခေတ်မပျက်ခင်ကတည်းက စပ်မိဟပ်မိလို့ တောထဲတောပစ်သွားကြရင် ဘာကောင်မှမရလို့ကတော့ ရွာအပြန် လမ်းမှာတွေ့တဲ့ ဘယ်သူ့ရွာ၊ ဘယ်သူ့နွားဖြစ်ဖြစ် တွေ့တဲ့နွားပစ်ပြီး လှည်းပေါ်တင်ပြန်လာတဲ့ကောင်တွေ။ အဲ - လိုက်လာပြီး ပြူးတူးပြဲတဲလာမလုပ်နဲ့၊ လူပါပစ်သတ်ထားခဲ့မှာပြောလိုက်တာပဲ အဲသလောက်ဆိုးတယ်။

ကျောင်းပညာလား။ ကျုပ်ကုသိုလ်လေးကကောင်းတော့ တစ်ဦးတည်းသောသား ပညာတတ်ကြီးဖြစ်စေချင်လွန်းလို့ ခဲရာခဲဆစ် မန္တလေးမြို့ ဖားသားလဖုန်း သာသနာပြုကျောင်းအထိ ပို့ထားပေးတာ။ ခုနစ်တန်းနှစ်မှာ ပြဿနာတက်ပြီး ကျောင်းထုတ်ခံခဲ့ရတယ်။ မခံချင်တဲ့စိတ်၊ ကြမ်းတမ်းတဲ့စိတ်ကြောင့် ဖြစ်ရတာ။ ကျုပ်ကြောင့် မဟုတ်ဘူး။ ရေဦးမြို့က ကျောင်းလာတက်တဲ့ ကျုပ်ထက်ငယ်တဲ့ ကလေးကြောင့်ဗျ။ အဲဒီကလေး (ဘသန်းတင်) နဲ့ကျုပ်က တစ်နယ်တည်းသားတွေဆိုတော့ တော်တော်ခင်ကြတယ်။ သူက ခြောက်တန်း။ အတူမတွဲဖြစ်ပေမယ့် ကျောင်းအိပ်ကျောင်းစားတွေဆိုတော့ အမြဲတွေ့နေရတာ။

တစ်နေ့ ကျောင်းမတက်ခင်အချိန်လေးမှာ ဖရက်ဒီ၊ ဝီလျံနဲ့ ဂွန် ဆိုတဲ့ ကပြားသုံးကောင်က အဲဒီဘသန်းတင်လေးကို ရန်စပြီး ဝိုင်းထိုးနေကြတယ်။ သူတို့အကြောင်းနဲ့သူတို့ပေါ့လေ။ ကျုပ်ရှေ့တင်ဆိုတော့ ကျုပ်လည်း မတရားတာ ကြည့်မနေနိုင်ဘူး။ အနီးနားခြံစည်းရိုးက နှစ်တစ်လက်မသစ်သားချောင်းဆွဲဖြုတ်ပြီး ကပြားသုံးကောင်ကို ရိုက်ပစ်လိုက်တာ အတော်နာသွားကြတယ်။ ကျုပ်လည်းကျောင်းထုတ်ခံရရော ပျော်ပျော်ထွက်လာပြီး ရွာပြန် ပညာတတ်ယောင်ခြောက်ဆယ်လုပ်နေလိုက်တယ်။

စောစောကစကားပြန်ဆက်ရဦးမယ်။ ကျုပ်အမှားနဲ့ကျုပ် အင်အားနည်းမယ့်အချိန်ကိုစောင့်နေတဲ့ ရဲဘော်ဖြူဗိုလ်ကို ကျုပ် ဦးအောင် နှိမ်နင်းရမယ်။ ဒါနဲ့ သူ့ကို အချိုသတ် ထမင်းစားဖိတ်လိုက်တယ်။ သူလည်း တပည့်တပန်းတွေနဲ့ ကျုပ်ဖိတ်တာကို လက်ခံပြီးလာတယ်ဗျ။ ထမင်းမစားခင် အရက်သောက်ကြတယ်။ အရက်သောက်ပြီး အတော်လေးမူးလာတော့ အသင့်လုပ်ထားတဲ့ ဖုတ်ထတောရွာပန်းပဲကလုပ်တဲ့ နာမည်ကြီး သံငါးမူးလုံး၊ ကျုပ်လုံးတောင် ပြတ်တယ်ဆိုတဲ့ဓားနဲ့ ကျုပ်ခုတ်သတ်ပစ်တာ နေရာတင် သေတာ။ ကျုပ်ဘယ်လောက်ခုတ်လိုက်သလဲတော့ မသိဘူး၊ သူ့လက်ကဖြုတ် အမှတ်တရယူထားတဲ့ လက်စွပ်မှာ ဓားရာသုံးချက်တွေ့တယ်။သူ့တပည့်တွေလား။ ဘယ်လှုပ်ရဲမလဲဗျာ။ ပါလာတဲ့သေနတ်တွေတောင်အပေါ်မမြှောက်ရဲဘူး။ ကျုပ်တပည့်တွေက အသင့်လုပ်ထားတာ။ လှုပ်ရင် အကုန်သေကုန်မှာပေ့ါ။ တပည့်တွေတော့ အကုန်ပြန်ခွင့်ပေးလိုက်ပါတယ်။ လက်နက်တွေလည်း မသိမ်းပါဘူး။ ကျုပ်တို့မှာ လက်နက်ကပေါမှပေါ။

အဲဒီလို ကျုပ် လက်မရွံ့ဘဲ သတ်တာဖြတ်တာ ဒါတင်ဘယ်ကမလဲ။ အများကြီး။ ပြီး-ကျုပ်တပည့်တွေထဲက အစိုးရတပ်ကို ကျုပ်တို့ သတင်းပေး သစ္စာဖောက်တဲ့ကောင်တစ်ယောက်လည်း ဓားနဲ့ တောက်တောက်စဉ်းပြီး ပရန်းပခါးချောင်းထဲကန်ချလိုက်တယ်။ ဒါတွေမြင်ကြတဲ့သူတွေက လက်ကတော့မရွံ့တဲ့သူဟေ့လို့ပြောရာက လက်မရွံ့ဘဌေးလို့ နာမည်တွင်ခဲ့တာ။ ဒီလို သတင်းကြီးသလို အဖွဲ့အင်အားက တောင့်သည်ထက်တောင့်လာတော့ ကျုပ်နယ်မှာ အလံနီတပ်တွေ ရဲဘော်တပ်တွေ မလာရဲကြတော့ဘူး။ သူတို့ ဟောချင်ပြောချင် စည်းရုံးရေးဆင်းချင်လို့ ကျုပ်နယ်လာချင်ရင် ကျုပ်ဆီကို အကြောင်းကြားပြီး ခွင့်ပြုချက်ရမှ လာတယ်။ အလုပ်ပြီးရင်ပြန်။ ဆက်ကြေးမတောင်းနဲ့။ နယ်လူထုကိုမနှိပ်စက်နဲ့။ ကျုပ်ကြောင့် နယ်မြေအေးချမ်းလာတယ်။ ဒါကြောင့် နယ်လူထုက ကျုပ်ကိုလေးစားကြ၊ အားကိုးကြတာပေ့ါ။ ကျုပ်ကိုယ်တိုင်ကလည်း ကိုယ့်နယ်ကလူတွေအပေါ် မတရားမလုပ်ဘူး။ မနှိပ်စက်ဘူး။ ဓားပြတိုက်တာလည်း တခြားနယ်တွေကို သွားတိုက်တာ။

အဲ - တစ်ခုတော့ရှိတယ်။ အစိုးရတပ်တွေလာရင်တော့ ကျုပ်တို့ ရွာကရှောင်ပြီး ပရန်းပခါးချောင်းထဲက လျှို့ဝှက်စခန်းမှာ သွားနေကြတယ်။ အစိုးရတပ်တွေပြန်မှ ရွာပြန်ဝင်တယ်။

ကျုပ်ဓားပြတိုက်တဲ့နယ်တွေကလား။ အဲဒီအချိန်က အင်မတန် ဖွံ့ဖြိုးတဲ့ နယ်ကတော့ မုံရွာနယ်ထဲက သာစည်၊ ကံပြား၊ ပလ္လင်ကုန်း၊ ယင်းပန်း၊ ခိုးသန်း၊ ကျောက်စစ်ပုံတောင်/မြောက် ဒီရွာတွေမှာ သူဌေးတွေပေါတယ်။ အဲဒီရွာတွေ သွားတိုက်တာ။ ဟာ - ဓားပြတိုက်တိုင်း လူမသတ်ပါဘူး။ကျုပ်က မတရားသဖြင့် အနိုင်ကျင့်သတ်တာဖြတ်တာကြတော့ ကျုပ်ကိုယ်တိုင် မကြိုက်ဘူးဗျ။ အကြောင်းအကျိုးနဲ့ သတ်သင့်ရင်တော့ စောစောကလို လက်မရွံ့ဘဲ ခြော-ဂမ္ဘီရရွှေစလွယ်ကြီးအကြောင်းလားပြော ပါ့မယ်။ အဲဒီစလွယ်ကြီးက မုံရွာနယ် သာစည်ရွာက ဇနီးမယားတွေ ငါးဆယ် ကျော်လောက်ရှိပြီး အလွန်ချမ်းသာတဲ့ သူဌေးကြီး ဦးဖိုးရှိ မင်းသားလိုဝတ်ပြီး ကတဲ့အခါ ပြဇာတ်ထဲ ရှင်ဘုရင်လုပ်တဲ့ အခန်းတွေမှာ ဝတ်ဆင်ခဲ့တဲ့ ရွှေစလွယ် ကြီးဗျ။ ကျုပ် နောက်မှသိရတာက အဲဒီ ရွှေစလွယ်ကြီးဟာ ရွှေအလေးချိန် ရှစ် ဆယ်သားကျော်ကျော် တစ်ပိဿာနီးပါး အလယ်က စိန်အစစ်ကြီးက ခုနစ်ရတီ ကျော်ရှိတယ်။

သူဌေးကြီးဦးဖိုးရှိအကြောင်း အရင် ပြောဦးမယ်။ သာစည်ရွာက သူဌေးကြီး ဦးဖိုးရှိဟာ အဲဒီခေတ်အခါက ပြောစမှတ် တွင်အောင်ချမ်းသာခဲ့တာဗျ။ လယ်မြေ ဧက ငါးထောင်နဲ့ တစ်သောင်းကြားမှာ ပိုင်ဆိုင်ပြီး ရွှေ ငွေစည်းစိမ်တွေ အများ ကြီးချမ်းသာခဲ့တယ်။ ဇနီးမယားကလည်း စာရင်းပေါက်တာရော မပေါက်တာပါ ငါးဆယ်ကျော်လောက်ရှိတယ်။ ကျုပ်တို့ နယ်တစ်နယ်လုံးမှာ သူ့အကြွေးသူ့လယ် မြေနဲ့ကင်းတဲ့သူမရှိသလောက်ဘဲ။ နယ် တစ်နယ်လုံးမှာလည်း သူ့လယ်မြေတွေ ချည်းပါ။ အဲဒီခေတ်အခါက သီးစားချ လို့ရတဲ့ခေတ်လေ။ လယ်သမားတွေက ငွေလိုချင်တော့ လယ်တွေကို သူ့ဆီ ပေါင်းပြီးတော့ သီးစားချခိုင်းပြီး ကိုယ့် လယ်ကိုယ်ပြန်လုပ်ကြတယ်။ ရွှေပေါင် ခံ၊ လယ်မြေအပေါင်ခံ၊ ငွေတိုးပေးနဲ့လုပ် ကြတာ။

သာစည်ရွာမှာ သူဌေးတွေ ပေါ တယ်။ ဒီသူဌေးတွေထဲမှာ ဦးဖိုးရှိအချမ်း သာဆုံး။ အင်္ဂလိပ်အုပ်စိုးစဉ်အခါမို့ မုံရွာ ကို အင်္ဂလိပ်ဘုရင်ခံ ရောက်လာတယ်။ ဘုရင်ခံက သာစည်သူဌေးဦးဖိုးရှိနဲ့ တွေ့ ချင်တယ်ပြောလို့ မြို့ပိုင်က ဦးဖိုးရှိကို ခေါ်လို့သွားတွေ့တယ်။ ဘုရင်ခံက သူ စီး လာတဲ့သင်္ဘောပေါ်မှာ ဧည့်ခံပြီး ဦးဖိုးရှိ ခင်ဗျားမြန်မာပြည်အထက်ပိုင်းမှာအလွန် ချမ်းသာတယ်လို့ နာမည်ကြီးတယ်။ ခင်ဗျားဘယ်လောက်ချမ်းသာသလဲအမှန် အတိုင်းပြောစမ်းပါလို့ မေးတယ်။

အင်း - ကျုပ်ချမ်းသာတာ ပြောရ ရင် ကျုပ်မှာ လယ်ယာမြေက တစ်

www.burmeseclassic.com

သောင်းနီးပါးနဲ့ ရွှေ ငွေပစ္စည်းဥစ္စာက တော့ အခု ခင်ဗျားစီးလာတဲ့ သင်္ဘော ဝမ်းထဲထည့်ရင် ပြည့်လောက်ပါတယ်လို့ ပြန်ပြောတော့ ချမ်းသာပါပေတယ်လို့ ဘုရင်ခံကပြန်ပြောပြီး သူဌေးဘွဲ့ပေး သွားတယ်တဲ့။ အဲဒါ တစ်နှစ်တစ်နှစ် ရွှေ ဒင်္ဂါး (၃၀) အခွန်ဆောင်ရတယ်။

ဦးဖိုးရှိနေထိုင်ပုံပြောဦးမယ်။ဦးဖိုး ရှိနေတဲ့တိုက်ကြီးက သုံးထပ်တိုက်အကြီး ကြီး။ အုတ်ဖိနပ်ခုံက လူတစ်ရပ်ကျော် လောက်မြင့်ပြီး အောက်ဆုံးအထပ်မှာ လေးခန်းရှိပြီး ကြောင်လိမ်လှေကားကြီး တပ်ထားတယ်။ အောက်ဆုံးမှာက အခန်းတစ်ဆယ့်နှစ်ခန်းအပြင် မြောက် ဘက်မှာ ပရပ်ချထားသေးတယ်။ ပြီး တော့ လှေကားတစ်ဖက်တစ်ချက်တပ် ထားတဲ့ အုတ်ခုံကြီး။ အဲဒါက ဇာတ်ခုံ လေ။အောက်သုံးထပ်မှာ လူတစ်ထောင် ကျော်ဆံ့တဲ့ ဇာတ်ရုံကြီးလုပ်ထားတာ။ ဇာတ်ပွဲတွေကို ရုံသွင်းပြီး ကစေတယ်။ ပြီးတော့ သူ့ကိုယ်တိုင် ဝင်ကတယ်။

စောစောက ကျုပ်ပြောတဲ့ ဂမ္ဘီရ ရွှေစလွယ်ကြီးက မင်းသားဝတ်ကတဲ့ အချိန်မှာ ဝတ်တာလေ။ ဦးဖိုးရှိက ရွှေ ငွေပစ္စည်းတွေကို အုတ်ကန်လုပ်ပြီးထည့် ထားတယ်လို့ သတင်းရလို့ ဦးဖိုးရှိကို ဓားပြတိုက်တုန်းက အုတ်ကန်ရှာတာ တွေ့ဘူး။ ဘယ်တွေ့မှာလဲဗျာ၊ အုတ် ကန်က သူ့တိုက်ကြီးထဲမှာမှမဟုတ်ဘဲ။ သူ့တိုက်ကြီးရဲ့ဘေးဘက်နဲ့ရှေ့မှာ သူ့ဇနီး မယားကြီးတွေနေတဲ့ အရံတိုက်တွေရှိ တယ်။ ရွှေတိုက်ကို သူ့ဇနီး ဒေါ်ရွှေတု နေတဲ့တိုက်မှာ လုပ်ထားတာ။ ဒါက နောက်နှစ်ပေါင်းများစွာကြာမှ သိရတာ ပါ။ အဲဒီလိုသိရတဲ့အချိန်မှာ အဲဒီတိုက် ကြီးတွေမှာ ဘယ်သူမှမနေကြတော့ဘူး။

ကျုပ် သူဌေးကြီး ဦးဖိုးရှိအိမ်ကို ဓားပြနှစ်ကြိမ် တိုက်ဖူးတယ်။ ပထမတစ် ကြိမ်က ၁၉၆၄ ခုနှစ်ထဲမှာ၊ နောက်တစ် ကြိမ်က ၁၉၄၉ ခုနှစ်ထဲမှာပါ။ ဦးဖိုးရှိကို မတိုက်ခင် တိုက်ဖို့အတွက် ကျုပ်ကိုယ် တိုင် ရွာအဝင်၊ အထွက်လမ်းတွေကြည့် တယ်။ ဘယ်အချိန်အလုပ်လုပ်တယ်၊ ဘယ်အချိန်အိပ်ရာဝင်၊ ဘယ်အချိန်ထ တယ် အစရှိသဖြင့် ဘယ်လိုတိုက်ရမလဲ ဆိုတာ သိရအောင် စနည်းနာတယ်။ ရွှေထည်ပစ္စည်းတစ်ခုကို ဟန်ပြအပေါင် ထားပြီး အတွင်းကိုဝင်ပြီး စနည်းနာ တယ်။ အောက်ဆုံးထပ် အရှေ့တောင် ထောင့်မှာ အလုပ်ခန်းရှိတယ်။ ညှို့ ညည်တွေထိုင်ရာ ချထားတယ်။ ကျန်

တာက ဟော(လ်)ခန်းကြီးလေ။ ဇာတ် ရုံကြီးကို ကြောင်လိမ်လှေကားက တက် တော့ဒုတိယထပ်။ အဲဒီမှာက အဆောင် မရတဲ့ ဇနီးတွေရဲ့အခန်းတွေရှိတယ်။ အထက်ဆုံးထပ်မှာကတော့ ဘုရားခန်း၊ ပြီးတော့ ရွှေ ငွေနဲ့စာချုပ်စာတမ်းတွေ သိမ်းတဲ့တိုက်ခန်း၊ ဦးဖိုးရှိအမေ ဒေါ်ဝိုက် နေတဲ့အခန်း၊ ဦးဖိုးရှိအခန်းတွေရှိတယ်။ ဒါတွေသိရအောင် တစ်ပတ်၊ ဆယ်ရက် နေပြီး စုံစမ်းလေ့လာနေရတယ်။

လေ့လာထားလို့တော်သေးတယ်။ သာစည်ရွာကြီးရဲ့လမ်းတွေဟာ ဖြောင့် ဖြောင့်တန်းတန်းလမ်းမရှိဘူးဗျ။ ကွေ့ ကွေ့ကောက်ကောက်နဲ့ ဝက်ပါလိုလမ်း တွေ။ ရွာတည်ဆောက်ပုံကလည်း တစ် မျိုးပဲဗျ။ နောက်မှသိရတာက သာစည် ရွာရဲ့သမိုင်းက ရွာသူရွာသားတွေဟာ ဝိဋ္ဋူမြင်းရဲ့ရန်ကိုကြောက်ပြီး ပြေးလာ ခဲ့ရတဲ့ တကောင်းဆက် သာကီနွယ်ဝင် များ ဖြစ်တယ်လို့ ဆိုတယ်။ ဒါကြောင့် အခြား တစိမ်းသူများနဲ့ ရောရောနှော နှောနေဖို့ ဝန်လေးကြတာ။ ပြီးတော့ ရွာ လမ်းတွေကို အဝင်၊အထွက်ခက်အောင် ဝက်ပါလို ကွေ့ကွေ့ကောက်ကောက် ဖန်တီးထားကြတယ်လို့ ပြောပါတယ်။

ပြောဦးမယ်။ ဇနီးမယားတွေများ တဲ့ ဦးဖိုးရှိရဲ့ ပုံပန်းသဏ္ဌာန်က မြေပိုင် ရှင်သူဌေးကြီးဆိုပြီး ဆီဦးထောပတ် အကောင်းစားတွေစား၊ စည်းစိမ်ယစ်ပြီး ဝဝဖိုင့်ဖိုင့်ပုံဆိုးပန်းဆိုးလို့များသွားမထင် လိုက်နဲ့။ အရပ်ပျပ်ပျပ် အသားလတ် လတ် အဆီပိုမရှိ သွက်သွက်လက်လက်



ဖျတ်ဖျတ်လတ်လတ်၊ အရပ်မှ ငါးပေ၊ ငါးလက်မလောက်ရှိမယ်။ ပိန်ပိန်ပါးပါး ချပ်ချပ်ရပ်ရပ်လေးရယ်။ အနေကလည်း ရိုးသလားမမေးနဲ့ နွေရာသီဆိုရင် စွပ် ကျယ်အကျီလေးနဲ့ ပလေကပ်လုံချည် လေးနဲ့နေတာ။ အရက်မသောက်၊ ဆေး လိပ်မသောက်၊ ကွမ်းမစားဘူး။ လက် ဖက်ကြိုက်တယ်။ သူတော်ကောင်းစိတ် ဓာတ်ရှိတယ်ဗျ။ မြေပိုင်ရှင်သူဌေးမို့ ပစ္စည်းဂုဏ်မောက်ပြီး သူများ သားပျို သမီးပျိုကို မတရားမယူဘူး။ သူကြိုက် ရင် အောင်သွယ်ရှာ၊ စကားထည့်၊ အဆင်ပြေရင် မိန်းကလေးမိဘကို ငွေ (၅၀၀) (ရွှေတစ်ကျပ်သား (၂၅ ကျပ် လောက်က) ပေးတယ်။ ရွှေတစ်ဆင် စာ၊ ရွှေဘီး၊ ရွှေလက်ကောက်ဆယ်ရန် လောက်၊ ရွှေဆွဲကြိုးသုံးလေးကုံး၊ စိန် နားကပ် အဲဒီလိုတင်တောင်းပြီးမှ ပေါင်း သင်းတာ။ ဒီလိုလူမျိုး။ မြေယာတွေ သီးစားချ၊ သီးစားခံယူတဲ့နေရာမလည်း မတရားမယူဘူး။ ရွာတွေရွာတွေမှာ သူ့ ကိုယ်စားလည်း မြေခန့်တွေကို သမာ သမတ်ကျတဲ့ ဖြောင့်မတ်ပြီး သိက္ခာရှိရှိ လူချစ်လူခင်ပေါ်တဲ့သူတွေကို ရွေးခန့်ပြီး သီးနှံအတွက် မသိမသာလေးစုံစမ်းပြီးမှ မျှမျှတတဖြစ်အောင်ယူစေတာ။မတရား သဖြင့် နွားသိမ်း၊ အိမ်သိမ်းမလုပ်ခဲ့ဘူး။ ဒါတွေကြောင့် သူ့ကို ဓားပြက ပြန်ပေး ဆွဲတာတောင် မရိုက်မနှက်ဘူး။ ဟာ - ပြန်ပေးဆွဲတာ ကျုပ်တို့အဖွဲ့ မဟုတ်ပါ ဘူး။

ကျုပ် အဓိကပြောချင်တာက ဦးဖိုးရှိ ရှင်ဘုရင်ခန်းမှာ အမြဲဝတ်တဲ့ ဂမ္ဘီရ ရွှေစလွယ်ကြီးအကြောင်းပါ။ ဦးဖိုး ရှိတိုက်ကြီးထဲ ဇာတ်ပွဲတွေရုံသွင်းပြီဆို ရင် ဦးဖိုးရှိက ဝင်ဝင်ကတယ်။ များသော အားဖြင့် သိဝိဘုရင်နဲ့ ဥမ္မာဒန္တီ ဇာတ် လမ်း အလွန်ကတာ။ အဲဒီရှင်ဘုရင်ခန်း မှာ ဒီစလွယ်ကြီးဝတ်တာဗျ။ ဒီစလွယ် ကြီးဟာ တစ်ခုခုတော့တစ်ခုခုပဲ။ ပီယ သိဒ္ဓိရှိသလား ဒါမှမဟုတ် ကာယသိဒ္ဓိ၊ မနသိဒ္ဓိ တစ်ခုခုတော့ရှိမယ်လို့ ကျုပ် ထင်တယ်။ ဟုတ်၊ မဟုတ်တော့မသိဘူး။ ထင်ခဲ့တာပြောတာနော။ ဒီရွှေစလွယ် ကြီးနဲ့ ကျုပ်က ဦးဖိုးရှိကို ဓားပြနှစ်ကြိမ် တိုက်တာ နှစ်ကြိမ်စလုံး ရေစက်ဆုံခဲ့ တယ်။ ဒါပေမယ့် ဒီရွှေစလွယ်ကြီးကို ကျုပ်မယူခဲ့မိဘူး။ အသေအချာကိုင် ကြည့်ခဲ့တယ်။ နှစ်ကြိမ်တိုင်တိုင်ပဲ။

ပထမအကြိမ်ဓားပြတိုက်တာက ၁၉၄၆ ခုနှစ်ထဲမှာဗျ။ မှတ်မှတ်ရရ တိုက်



www.burmeseclassic.com

www.burmeseclassic.com

ကြီးထဲကဇာတ်ရုံမှာ မြို့တော်မြစိန် (မြို့တော်သိန်းအောင်၊ ပေါစံတို့ အစ်ကို) ဇာတ်ကပြီးတော့ တိုက်ခဲ့တာ။ ဇာတ်ပွဲရှိတော့ ရွာဝင်လို့လွယ်တယ်လေ။ လူလေးဆယ်ကျော် ငါးဆယ်လောက်ရှိတဲ့ ကျုပ်အဖွဲ့ ဇာတ်ပွဲလာသလိုလိုနဲ့ ရွာထဲဝင်၊ ဇာတ်ကပြီး ဇာတ်အဖွဲ့ပြန်သွားတဲ့နောက် သုံးရက်လောက်ကြာမှ ဝင်တိုက်တာ။ ကျုပ်အဖွဲ့တွေအားလုံး အချိန်းအချက်လုပ် ဖြန့်ချထားပြီး ညနေ နေဝင်ရီသရောမှာ တိုက်ထဲဝင်ထားနှင့်ကြတော့ ဇာတ်ပွဲပြီးတော့ ဇာတ်ရုံကြီးကို သန့်ရှင်းရေးလုပ်ရတယ်လေ။ ကျုပ်တပည့်တွေ လေး၊ ငါးယောက်ကို သန့်ရှင်းရေးလုပ်သားအဖြစ်နဲ့ မတိုက်ခင် သုံး၊ လေးရက်ကတည်းက ကြိုတင်ထားကြတာ။ အတွင်းက တိုက်တံခါးတွေဖွင့်ပေးနိုင်အောင်ပေ့ါ။

ကျုပ်တို့ ဓားပြအဖွဲ့လည်း တိုက်ထဲရောက်ရော ဦးဖိုးရှိနဲ့ သူ့ဇနီးတွေ မရှိတော့ဘူး။ ဝင်တာက ညသန်းခေါင်ကျော်မှာဆိုတော့ ဦးဖိုးရှိနဲ့ သူ့ဇနီးတွေက ဘေးပေါက်ကထွက်ပြီး ဒေါ်ရွှေတုတိုက် သွားပုန်းနေကြတာတဲ့။ သူ့အမေ ဒေါ်ဝိုက်ပဲ ကျန်ရစ်တော့ ဒေါ်ဝိုက်က ကျုပ်တို့ကို ရွှေ၊ ငွေထားတဲ့ တိုက်ခန်းသော့ပေးပါတယ်။ ကြိုက်သလောက်ယူကြပါပြောပြီးပေးတာ။ ကျုပ်တို့လည်း တိုက်ခန်းဖွင့် ရွှေဒင်္ဂါးတွေ၊ ငွေဒင်္ဂါးတွေ၊ ငွေစက္ကူတွေ နိုင်သလောက်ကျုံးယူကြတယ်။ အဲ - အဲဒီမှာ ရွှေစလွယ်ကြီးကို ကောက်ယူကြည့်လိုက်တာ ကျုပ်တစ်ကိုယ်လုံးတုန်သွားတယ်။ ဘာဖြစ်သွားမှန်း မသိဘူး၊ အဲဒါအတွင်းဘက်ကို လှန်ကြည့်လိုက်တော့ ကြက်ခြေခတ်ဆုံမှတ်ရဲ့ အထက်နေရာလေးနေရာမှာ အင်းကွက်တွေချထားတာတွေ့ရတယ်။ ကျုပ်စိတ်ထဲမှာ ကြောက်သလိုလို၊ ရွံ့သလိုလိုဖြစ်ပြီး ဒီစလွယ်ကြီးကိုလိုချင်စိတ်လည်း မရှိဘူးဖြစ်နေတဲ့အခိုက်မှာ ကျုပ်တပည့်တစ်ယောက်က -

"ဒီလောက်ကြီးတဲ့ဟာကြီး ရွှေအစစ် ဟုတ်မှာမဟုတ်ပါဘူး ဆရာ။ အလယ်ကကျောက်ကြီးကလည်း စလင်းကျောက်ကြီးနေမှာမှာ။ ထားလိုက်ပါ ဆရာ"

"အေး - ငါလည်းကြည့်တာပါ။ မယူပါဘူးကွ"

လို့ ပြောပြီး ပြန်ချထားခဲ့ပါတယ်။

နောက်တစ်ကြိမ်ထပ်တိုက်တော့ ၁၉၄၉ ခုနှစ်ထဲမှာ။ ဒုတိယအကြိမ်တိုက်တော့ တိုက်ထဲဝင်နိုင်အောင် တော်တော်စဉ်းစဉ်းစားစားလုပ်ခဲ့ရတယ်။ သာစည်၊ အင်တိုင်း၊ ခိုးသန်း၊ ပလ္လင်ကုန်း၊ ကံပြားရွာကြီးတွေမှာ ဓားပြအကြိမ်ကြိမ်တိုက်တော့ အရင်ကလို လွယ်လွယ်ဝင်လို့မရဘူး။ ကျုပ်အဖွဲ့အင်အားနဲ့ရွာကိုစီးလိုက်ရင်တော့ ရတာပေ့ါ။ ဒါပေမယ့် ပစ်ဟယ်ခတ်ဟယ်နဲ့ ကြီးကျယ်သွားမှာကလည်း စိုးရိမ်သေးတာနဲ့ ခေါင်းစားအောင် စဉ်းစားကြံစည်ရတာ။ တိုက်မယ့်ရက် မရောက်ခင် တစ်ပတ်၊ ဆယ်ရက်ကတည်းက ဆန်ကုန်သည်ဟန်ဆောင်ပြီး လက်နက်တွေကို ဆန်အိတ်တွေအောက်က ကောက်ရိုးနဲ့ဖုံးထားပြီး ဆန်ရောင်းလှည်းလှေတ်ထားတယ်။ နောက်တစ်ဖွဲ့က မြင်းတောင်းအိုးတွေ လှည်းနဲ့တင် အိုးရောင်းလွှတ်ထားတယ်။ သူကြီးတိုက်ကိုဝင် သူကြီးကို အသိပေးပြီး သူ့တိုက်ပတ်ဝန်းကျင်မှာ ရောင်းခိုင်းထားတယ်။

သူကြီးဦးဖိုးနီက ဦးဖိုးရှိရဲ့ သမက်လေ။ ဒေါ်သန်းခင်ရဲ့အိမ်သား။ တိုက်မယ့်ရက်ကိုရောက်တော့ သူကြီးအိမ်ကို အရင်ဝင်စီးလိုက်တယ်။ နည်းနည်းတော့ ပစ်ရခတ်ရတာပေ့ါ။ ဦးဖိုးနီမှာလည်း လက်နက်တွေရှိတယ်၊ ကျုပ်အဖွဲ့ဝင်အားကို မခံနိုင်တော့ ကိုယ်လွတ်ရုန်းပြေးတယ်။ ဒါနဲ့ သူ့ဇနီး ဒေါ်သန်းခင်ကို ဓားစာခံခေါ်ပြီး ရွာလယ်က ဦးဖိုးရှိတိုက်ကို သွားရတယ်။ ဦးဖိုးနီတိုက်က ရွာမြောက်ပိုင်းမှာ။ ဦးဖိုးရှိတိုက်ကိုရောက်တော့ တိုက်တံခါးတွေ ပိတ်ထားလို့ ဓားစာခံပါတဲ့အကြောင်းသိအောင် ဒေါ်သန်းခင်ကို အော်ခိုင်းတယ်။ ဒေါ်သန်းခင်က ဦးဖိုးရှိ ဒေါ်ရွှေတုနဲ့မွေးတဲ့သမီး။ သူကလည်း ဦးဖိုးရှိကို 'ရှိ'လို့ပဲခေါ်တယ်။

"ရှိရေ၊ တံခါးဖွင့်ပေးပါ။ မပေးရင် ကျုပ်ကို သတ်ကြပါလိမ့်မယ်"

လို့ အော်ခိုင်းတယ်။

ပြီးတော့ တိုက်တံခါးတွေကို သေနတ်နဲ့ ဝိုင်းပစ်ဖွင့်လိုက်တာ ပွင့်ရော။

ပြောဦးမယ်၊ ရယ်စရာလည်းကောင်းတယ်။ တိုက်တံခါးပွင့်တော့ ဦးဖိုးရှိက မရှိတော့ဘူး။ တိုက်ပေါ်က ရှောင်တိမ်း ထွက်ပြေးသွားနိုင်တယ်။ အဲဒါ ကျုပ်လူတွေက ဦးဖိုးရှိကို မမြင်ဘူးတဲ့ကောင်တွေပါသေးတာ။ ဦးဖိုးရှိတိုက်ပေါ်ရောက်နေတဲ့ နှုတ်ခမ်းမွေးကားကားနဲ့ ရှူးကောင်းကောင်းဝတ်ထားတဲ့ ဦးဖိုးရှိရဲ့ မြေခန့် (သို့) ယာစု၊ မြေစုကောက်ပေးတဲ့ ကိုယ်စားလှယ် ဦးစိုးတင်ကို ဦးဖိုးရှိမှတ်ပြီ မှားဖမ်းထားလို့ ကျုပ်ရယ်ရသေးတယ်။

ဒီတစ်ခါတော့ အရင်တစ်ခါ[...] မဟုတ်ဘူး။ ရွှေ၊ ငွေတွေကို လူတစ်[...] လောက်ရှိတဲ့ မီးခံသေတ္တာအကြီးကြီး[...] ထည့်ထားတာ၊ သေတ္တာသော့မရလို့[...] တော့ ကျုပ်တို့ ဒိုင်းနမိုက်နဲ့ မိုင်းခွဲဖွင့်[...] တယ်။ ဝုန်းခနဲနေအောင် မိုင်းခွဲလို့[...] တော့ တံခါးရွက်ကြီး ဘုန်းခနဲ လဲကျ[...] ပြီး စစချင်းဘာတွေ့လိုက်ရတယ်ထ[...] လဲ။ တံခါးရွက်ပေါ်မှာ အလိုက်သင့်[...] လာတဲ့ရွှေစလွယ်ကြီးလေဗျာ။ ဒီတစ်[...] တော့ ကျုပ်ကြည့်ရုံကြည့်ပြီး လတ်[...] တောင် မထိတော့ပါဘူး။ မီးခံသေတ္တာ[...] ကြီးထဲက ရွှေတွေကိုသာ အားရပ[...] ကျုံးထည့်ခဲ့ကြတာ။ ဖျင်လွယ်အိတ်[...] ခြောက်လုံးလောက် ရတယ်။ ခန့်မှန်း[...] အချိန် ဆယ့်ငါးပိဿာထက်မနည်းဘူး[...] အပြန်ရွာမြောက်တံခါးက ပြန်ထွက်လာ[...] ကြတော့ လွယ်အိတ်ပြတ်ကျပြီး [...] ယောက်ပေါ် ဖိတ်ကျလို့ ဒေါသဖြစ်ဖြစ်[...] ရွာမြောက်တံခါးမှာ လက်စွပ်တွေ၊ ဒင်္ဂါး[...] တွေ ကြပစ်သေးတယ်။

ကျုပ်မိတ်ဆွေ ရွှေစလွယ်ကြီး[...] ကတော့ ကျုပ်တို့ပြန်ထွက်ခဲ့တဲ့အခါ[...] မှာ မီးခံသေတ္တာတံခါးရွက်ကြီးပေါ်မှာ[...] စံမြန်းလို့နေရစ်ခဲ့သဗျာ။ ကျုပ်ကတော့[...] ဒီရွှေစလွယ်ကြီးဟာ ရိုးရိုးမဟုတ်ဘဲ [...] ဆန်တယ်လို့ထင်တာပဲ။ ရွှေ၊ ငွေလို[...] လို့ ဓားပြတိုက်တဲ့ကျုပ်၊ ဒါကြီးကိုလို[...] စိတ်မရှိခဲ့ဘူး။ ပြီးတော့ ပြောဦးမယ်[...] ဦးဖိုးရှိ ဒီရွှေစလွယ်ကြီးဝတ်ပြီး သိဝိ[...] အဖြစ်ကရင် ဥမ္မာဒန္တီနေရာက သ[...] ဆောင်ကတဲ့ မင်းသမီး ဦးဖိုးရှိနဲ့ရ[...] ဦးဖိုးရှိမယားဖြစ်ကျန်ခဲ့လို့ အဲဒီခေတ်[...] ဇာတ်သဘင်လောကမှာ သာစည်ဦး[...] ရှိဇာတ်ရုံဝင်ကရင် ဦးဖိုးရှိကို သိဝိ[...] မလုပ်စေနဲ့ မကစေနဲ့ဟေ့။ မင်းသ[...] ကျန်ရစ်လို့ ဇာတ်ပျက်သွားမယ်လို့ [...] စမှတ်ကျန်ခဲ့တယ်ဆိုတော့ ဒီရွှေစလွ[...] ကြီးဟာ ပီယသိဒ္ဓိများရှိသလား။ ဒ[...] မဟုတ် ပိုင်ရှင်မဟုတ်ဘဲ ထိမိကိုင်မိ[...] ထိမိတဲ့သူတွေရဲ့စိတ် ထိတ်လန့်တုန်[...] သွားအောင် စီမံတွေနဲ့ စီရင်ထား[...] သလားနဲ့ အတွေးမျိုးစုံတွေးမိရပါတယ်[...] ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ကိုယ်[...] ကိုယ်ကျတွေ့ပါလျက်နဲ့ မယူရဲခဲ့[...] တော့ အမှန်ပါပဲဗျာ။

မောင်မောင်တိုးမြင့် ([...]

www.burmeseclassic.com

www.burmeseclassic.com



ဆရာစော(အင်းတစ်ထောင်)

# အင်းကောင်းတစ်ကွက်နှင့်နှလုံးရောဂါ

အင်းဟုဆိုလိုက်လျှင် ဘာကောင်းထဲ ဘယ်လိုသုံးရလဲ ဆိုသည်မျှလောက်သာ စိတ်ဝင်စားကြသူ များပါသည်။ အင်း၏ ဖွဲ့စည်း တည်ဆောက်ထားပုံ အနှစ်သာရကို စိတ်မဝင်စားတတ်ကြ၊ ခေ့ငုတတ်ကြပါ။ ကျွန်ုပ်သည် အင်းကပေးလာမည့် အကျိုးရလဒ်ကို၊ နောက် အင်း၏ ဖွဲ့တည်ထားပုံ ပညာရပ်အနှစ်သာရကို အလျှင်ပို၍စိတ်ဝင်စားသူ ဖြစ်ပါသည်။ မည်သည့်အင်းက မည်သို့ ကောင်းသည်ဆိုသည့် အကျိုးရလဒ်ကို တိတိကျကျမသိရသေးမီမှာပင် အင်းများနှင့်အတူ ပျော်မွေ့စွာ ခရီးသွားနေသူ ဖြစ်ပါသည်။ ထို့ကြောင့် လမ်းတစ်လျှောက်ကြည့်မည်၊ လမ်းဆုံးလျှင် ရွာတွေ့မည်ဟု သဘောထားသူလည်း ဖြစ်ပါ၏။ လမ်းကရှိနေတာပဲ၊ လျှောက်ကြည့်မည်။ လမ်းဆုံးလျှင် ရွာတွေ့မည်ဟု သဘောထားသူလည်း ဖြစ်ပါ၏။ ထို့ကြောင့် လမ်းတစ်လျှောက် တွေ့မြင်နေရသော ဝဲ-ယာမြင်ကွင်းများမှ စကြာအသွားနှင့် စကြာအင်းများကို ဖော်ပြပေးနေခြင်း ဖြစ်ပါသည်။ 'ဒါ စကြာအသွားကွ ဒါ-စကြာအင်းကွ' ဟု ရှေးက ပညာရှိများက အတုံးလိုက်အတစ်လိုက်ဖော်ပြထားခဲ့သော၊ မသိသူကျော်သွား၊ သိသူဆော်စားဟု သဘောထားခဲ့ဟန်တူသော၊ ပညာဦးစီးပြီး ဂရုစိုက်ကြည့်မှသာမြင်နိုင်သော၊ စကြာအသွားနှင့် စကြာအင်းများကို စာဖတ်သူတို့လည်း သိစေလိုသော စေတနာကြောင့် ယခုကဲ့သို့ ဆောင်းပါးများ ဖြစ်ပေါ်လာရပါသည်။ ဗားမဲ့ကျမ်းသာ ထိုအသွားနှင့် ထိုအင်းများကို တုပချက် အသစ်အသစ်သော စကြာအသွား၊ စကြာအင်းများကို ဖန်တီးတည်ဆောက်နေခြင်းသည်လည်း အင်းများဖြင့် ခရီးသွားနေခြင်းတစ်မျိုးပင် ဖြစ်ပါသည်။

ယခုဆောင်းပါး၌ ထိုခရီးစဉ်များတစ်လျှောက် မမျှော်လင့်ရဲပါဘဲ ရရှိလာသော အကျိုးရလဒ်တစ်ခုကို ဖော်ပြပါမည်။ အင်းအစီအရင်တစ်ခုက နှလုံးရောဂါကဲ့သို့သော ရောဂါတစ်ခုကို ပျောက်ကင်းစေနိုင်သည်ဟု ဆိုလျှင် ယုံကြပါမည်လား။ ရှေးရှေးတုန်းကမဟုတ်၊ ယခုဖြစ်ပါသည်။ ပြောသံကြားလည်း မဟုတ်၊ ကိုယ်တွေ့ဖြစ်ပါသည်။ ကျွန်ုပ်ခံစားခဲ့ရသောရောဂါဖြစ်ပြီး ရောဂါအခြေအနေ၊ အသုံးပြုခဲ့သော အင်းကွက်၊ ပြုလုပ်ခဲ့သော အစီအရင်တို့ကို နောက်တွင် ဖော်ပြပေးထားပါသည်။ ဂါထာသုံးပုဒ်မှ အင်းကွက်သုံးကွက် အသုံးပြုခဲ့သော်ငြား ထိုသုံးကွက်မှာ အသွားရော ပုံစံပါ တစ်မျိုးတည်းသာ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အင်းကွက်တစ်ကွက်တည်းသာ ဖြစ်ပါသည်။ ဆောင်းပါးဆုံးအောင် ဖတ်ပြီးချိန်၌ 'ဆေးကောင်းတော့ တစ်စက်၊ အင်းကောင်းတော့ တစ်ကွက်' ဟူသောအဆိုကို စာဖတ်သူတို့ သိမြင်နားလည်ပြီး ဖြစ်နေလိမ့်မည်။

ကျွန်ုပ်သည် ပုသိမ်ဇာတိဖြစ်ပြီး မြောက်ပိုင်းရှမ်းပြည်နယ် သိန်းနီ၊ ကွမ်းလုံ၊ ကွတ်ခိုင်မြို့များ၌ (၁၅) နှစ်တာမျှ အနေကြာခဲ့သည်။ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဆရာအဖြစ်နှင့်ရော တည်ထောင်သူအဖြစ်နှင့်ပါ ကျင်လည်ခဲ့သည်။ ထိုကာလများအတွင်း-

၁-၁၀-၀၇ ရက်နေ့၌ မှတ်ပုံတင်အမှတ် (၅၉၉၈)ဖြင့် လည်းကောင်း၊

၉-၃-၀၉ ရက်နေ့၌ မှတ်ပုံတင်အမှတ် (၁၇၉၀) ဖြင့် လည်းကောင်း၊

၈-၁၀-၁၀ ရက်နေ့၌ မှတ်ပုံတင်အမှတ် (၀၈၂၇၄) ဖြင့် လည်းကောင်း

လားရှိုးပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုများ ခံယူခဲ့ရပါသည်။ ရောဂါက နှလုံးရောဂါ၊ အတိအကျက နံရံထူပြီး နှလုံးကြီးနေသောရောဂါ ဖြစ်သည်။ နံရံထူနေသဖြင့် သွေးများကို နှလုံးက ကုန်စင်အောင်မညှစ်နိုင်သဖြင့် နှလုံးပင်ပန်းပြီး အသက်ရှူမဝ အလွန်မောသော ရောဂါ ဖြစ်ပါသည်။

Operation တော့ မလုပ်ရ။ ဆေးရုံတက် ဆေးထိုး ဆေးသောက်ဖြင့် စိတ်ချလောက်လျှင် ဆေးရုံမှဆင်း၊ ပုံမှန်ဆေးဆက်သောက်၊ Medican Check Up လစဉ်လုပ်၊ ရောဂါပြင်းထန်လာပြန်တော့ ဆေးရုံပြန်တက်၊ ဤသို့ဖြင့် သုံးကြိမ်သုံးခါ လားရှိုးဆေးရုံကြီး၌ ဆေးကုသမှု ခံယူခဲ့ရသည်။

ရောဂါ အပြင်းအထန်ဆုံးအချိန်များကို တွက်ကြည့်လျှင် ပထမအကြိမ် ဆေးရုံတက်ရသည်မှ (၁) နှစ်နှင့် (၅) လအကြာ၌ ဒုတိယအကြိမ်၊ ထိုမှ (၁) နှစ်နှင့် (၇) လအကြာ၌ တတိယအကြိမ်တို့ဖြစ်ပြီး သုံးနှစ်အတွင်း၌ သုံးကြိမ်တိုင်တိုင် ဆေးရုံတက်ခဲ့ရပါသည်။

နောက်ထပ်ခုနစ်လအကြာ ၂၀၁၁ ခုနှစ်၊ မေလထဲမှာတော့ ရောဂါအဆိုးဆုံး ဖြစ်ပါသည်။ အသိစိတ်များလွတ်သွားသည်အထိ အခြေအနေဆိုးဝါးခဲ့ခြင်း ဖြစ်သည်။ အလေးအပေါ့သွားရန်ပင် မနိုင်တော့။ လေးဖက်နာလည်းဝင်နေပြီ။ ဘယ်သို့လှမ်းလျှင် ညာသို့ရောက်၊ ညာသို့လှမ်းလျှင် ဘယ်သို့ရောက်ဖြင့် အာရုံကြောများ ပုံမှန်အလုပ်မလုပ်တော့။ စကားပြောလေးသွားသလို ပြောချင်တာကို အတော်စဉ်းစားပြီးပြောရ၏။ ပြောပြန်တော့ ရှေ့နောက်အစီအစဉ်များမမှန်။ ဝေါဟာရများပျောက်နေ၏။ စာရေးပြန်တော့လည်း သတ်ပုံများမမှန်၊ မှတ်ဉာဏ်များပါ ချွတ်ယွင်းကုန်တာ ဖြစ်၏။ ထို့ပြင် ရောဂါစက်ဝန်းက ကျောက်ကပ်သို့ပါ ထဲထဲဝင်ဝင်ရောက်နေသဖြင့် တစ်ကိုယ်လုံး ဖောရောင်နေသည်မှာလည်း ကြည့်ရက်စရာမရှိ။ ခြေသလုံး၊ ခြေခုံနှင့် မျက်နှာတို့က အဆိုးဆုံး ဖြစ်၏။ Aldactone နှင့် Lasix ကဲ့သို့သော ဆီးဆေးလေးများ သောက်ရန် အချိန်ကျော်သွားလျှင် မျက်နှာနှင့် ခြေခုံမှာ တဖျင်းဖျင်းဖြင့် အက်ကွဲမတတ်။ နှလုံးနှင့် ပတ်သက်ပြန်တော့ ပက်လက်အိပ်လို့မရ။ ဝဲဘက်စောင်းအိပ်လို့မရ။ ယာဘက်သို့ စောင်းအိပ်ရင်း ပက်လက်ဖြစ်သွားလို့ကတော့ အသက်ရှူမဝဖြစ်လာပြီး ငေါက်ခနဲနေအောင်ထထိုင်လိုက်ရသည်မှာလည်း ခဏခဏဖြင့် ညစဉ်။ အလွန်အေးမြသော ရှမ်းပြည်နယ်၏ အလွန်ချမ်းသော ဆောင်းညများ၌ပင် အအေးကသတ်သတ်၊ ချွေးကသတ်



www.burmeseclassic.com

www.burmeseclassic.com

သတ်။ ထိုဒုက္ခများကို စဉ်းစားသာကြည့်ကြပါ။

သည်တစ်ကြိမ် ဆေးရုံသို့လည်း မတက်လိုတော့။ နှလုံးနံရံထူခြင်းကို Operationလုပ်နိုင်ပါသလား။ Operation လုပ်က ကောင်းသွားမည်ဟု အာမခံလျှင်တောင် လူအားရော ငွေအားပါ မတတ်နိုင်တော့။ ဤရောဂါဖြင့် သေလိုက သေတော့ဟု စိတ်ကို တုံးတုံးချထားလိုက်၏။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးတော်များဖြင့် ရောဂါကို ရင်ဆိုင်ရတော့သည်။ ဤကာလကလည်း တစ်နှစ်နီးပါးမျှ ကြာခဲ့ပါသည်။

၂၀၁၂ ခုနှစ်၊ ဧပြီလထဲမှာတော့ ပုသိမ်သို့ပြန်နေရန်ဆုံးဖြတ်လိုက်၏။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေ၊ ဆရာ၊ ဆရာမများ၏ တိုက်တွန်းချက်လည်း ပါ၏။ ပုသိမ်ရှိ ညီမများက ခဏခဏပြန်ခေါ်နေတာလည်းပါ၏။ ကျွန်ုပ်ကိုယ်တိုင်က ပုသိမ်မှာ ဦးခေါင်းချလိုတာလည်းပါ၏။ သို့ဖြင့် ၂၈-၄-၂၀၁၂ ရက်နေ့မှာ ပုသိမ်သို့ ပြည်တော်ပြန်ခဲ့သည်။ ကွတ်ခိုင်မှ လားရှိုး၊ လားရှိုးမှ ရန်ကုန်၊ ရန်ကုန်မှ ပုသိမ်ခရီးစဉ်သည် ကျွန်ုပ်အတွက်တော့ ပင်ပန်းကြီးလှ၏။

ခံစားခဲ့ရသော ရောဂါလက္ခဏာများ တစ်ကြိမ်နှင့်တစ်ကြိမ်ကြား ရောဂါပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့ရသော ကာလများကို ဖော်ပြခဲ့ခြင်းမှာ ကျွန်ုပ်ခံစားခဲ့ရသော နှလုံးရောဂါသည် နှလုံးရောဂါဟု အမည်ခံရုံသက်သက်မဟုတ်ဘဲ တကယ့်သေမင်း ချောက်ကမ်းပါးပေါ်၌ လျှောက်လှမ်းခဲ့ရသည့်အဖြစ်ကို သိမြင်နိုင်ကြစေရန် ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။ သို့မှသာ ဤရောဂါကို ပျောက်ကင်းချမ်းသာစေခဲ့သော အင်းအစီအရင်၏အစွမ်းသတ္တိကို ထင်ရှားစွာ မြင်ကြပါမည်။

ပုသိမ်သို့ပြန်ရောက်ပြီးသောအခါ ကျွန်ုပ်၌ရှိနေသော အင်းပညာရပ်ကို ဘဝအဆက်ဆက် အထုံပါရမီအဖြစ်ယူသွားလိုသောဆန္ဒ၊ ရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော် ကျေးဇူးတော်များကို အင်းပညာဖြင့် ဖော်ကျူးပြီး လှူဒါန်းပူဇော်လိုသောစေတနာ၊ ဗားမဲ့ကျမ်းလာအင်းများကို အာရုံစူးစိုက်လေ့လာရာမှ တွေ့ရှိထားသော ထူးခြားသည့် စကြာအသွားများ၌ ထူးခြားသည့် အစွမ်းသတ္တိများရှိကိုရှိရမည်ဟုသော ယုံကြည်ချက်များဖြင့် အင်းအစီရင်တစ်ခု ပြုလုပ်ခဲ့ပါသည်။

ဂါထာသုံးပုဒ် အင်းသုံးအင်းဖြစ်ပြီး တစ်အင်းကို (၉) ရက်ဖြင့် (၂၇) ရက်ကြာပါသည်။ တြင်းကြော၊ နဝင်းကြော၊ သတ္တဗီသကြော ဖြစ်၏။ (၂၇) ရက်တာကာလအားဖြင့် မြတ်စွာဘုရားအား အင်းပညာဖြင့် ပူဇော်ခဲ့ပြီး မိမိခန္ဓာနှင့် အင်းများ တစ်သားတည်းဖြစ်အောင် ကြိုးစားခဲ့ပါသည်။ ကြေးပြား၌ အင်းချပြီး အင်းချပ်ပေါ် ဖယောင်းတိုင်ထွန်းကာ ပန်း၊ ရေချမ်း၊ နံ့သာများနှင့်အတူ ဘုရားပူဇော်ခဲ့ပြီး မိမိအတွက် စက္ကူပေါ် အင်းချ၊ ပြာပြု၊ အုန်းစိမ်းတစ်လုံးမှရသော အုန်းရည်ဖြင့် သောက်ပါသည်။နွှေခေါင်ခေါင်မှာ အုန်းစိမ်းရည်ဖြင့် တစ်ရက်ကို တစ်အင်းကျ အင်းသောက်ခဲ့ခြင်း ဖြစ်ပါသည်။ အပူများထွက်လိုက်သည်မှာ ရေချိုး၍မနိုင်။

အစီအရင်ရက် မပြီးဆုံးသေးမီမှာပင် အဖောအရောင်များ ယူပစ်သလိုပျောက်သွားခဲ့၏။ ထို့နောက် ကျန်းမာရေး တဖြည်းဖြည်း တိုးတက်ကောင်းမွန်လာ၏။ နှလုံးရောဂါ၏ လက္ခဏာများ ရက်ပိုင်းအတွင်း သိသိသာသာလျော့ပါးသွား၏။ အစီရင်ပြုပြီး တစ်လခန့်အတွင်းမှာပင် ဆိုင်ကယ်စမ်း၍စီးလာနိုင်၏။ အသံအားများပြန်ပြည့်လာ၏။ နှစ်လခန့်အကြာ ဇူလိုင်လထဲမှာပင် ပညာဒါနအဖြစ် ပုဗ္ဗာရုံဘုန်းကြီးကျောင်း၌ တက္ကသိုလ်ဝင်တန်းအတွက် အခမဲ့စာသင်ပေးလာနိုင်၏။ ငါးနှစ်တာမျှ တနုံ့နုံ့ခံစားခဲ့ရသော နှလုံးရောဂါများသည် နေအလာမှာ နှင်းပျောက်သကဲ့သို့ တစ်စတစ်စ ပြယ်လွင့်ကုန်၏။

နှလုံးရောဂါဖြစ်ခဲ့ဖူးသည်။ ဆေးရုံသို့ သုံးကြိမ်တက်ခဲ့ရပါသည်။ ဤကဲ့သို့သော ပင်မလက္ခဏာများနှင့် ဆင့်ပွားလက္ခဏာများ ကြုံတွေ့ခဲ့ရပါသည်ဟု ယခုအချိန်၌ အသိတစ်ယောက်ကို ပြောပြလျှင် ဒေါင်ဒေါင်မြည်အောင် ကျန်းမာရေးကောင်းနေသော လူကောင်းကြီးကို ကြည့်၍ ယုံကြမည် မဟုတ်။ ကျွန်ုပ်၌ လူနာမှတ်တမ်း ရောဂါရာဇဝင်စာအုပ် ရှိနေပါသည်။ ကျွန်ုပ်၏ ကျန်းမာရေးသည် အလွန် လျင်မြင်စွာ တိုးတက်ပြောင်းလဲခဲ့ခြင်း ဖြစ်ပါသည်။

သတ္တဝါအပေါင်း၏ အသက်ဇီဝကို ကံ၊ စိတ်၊ ဥတု၊ အာဟာရများက ပြုပြင်ပြဋ္ဌာန်းသည်၊ စောင့်ရှောက်သည်ဆိုတာကို ကျွန်ုပ်တို့ သိကြပါသည်။ ထိုအကြောင်းတရားလေးပါးထဲမှ စိတ်အပြောင်းအလဲ၊ ဥတုအပြောင်းအလဲ၊ အာဟာရအပြောင်းအလဲ ဟူသော သုံးမျိုးသော အပြောင်းအလဲများအားဖြင့်

တော့ ဤမျှ မမြန်ဆန်နိုင်။ မြန်ဆန်[...] ရောဂါ ပျောက်ကင်း ချမ်းသာခြင်း[...] အဓိကအကြောင်းအရင်းမှာ ကံသာလျှ[...] ဖြစ်ပါသည်။

ဘုရား၊ တရား၊ သံဃာ ရတနာ[...] မြတ်သုံးပါးတို့၏ ဂုဏ်ကျေးဇူးများ[...] နှလုံးသားတွင်သိမှတ်လျက် ကိုယ်၊ စိတ်[...] နှလုံးသုံးပါးစလုံးဖြင့် ဘုရားရှိခိုးပူဇော်[...] ခြင်းသည် လောကီ၊ လောကုတ္တရာ နှ[...] ရပ်လုံး၌ ကောင်းကျိုးဖြစ်ထွန်းစေသည်[...] ကို ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်တိုင်း ခြ[...] ချက်မရှိ ယုံကြည်လက်ခံပြီးသား ဖြစ်[...] သည်။ ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေး[...] ဇူးတော်များကို နှလုံးသားဖြင့်သာမက[...] နှုတ်မှ အသံဖြင့်လည်း ကြည်ညိုပူဇော်[...] နိုင်ကြသကဲ့သို့ အက္ခရာများဖြင့်လည်း[...] ကြည်ညိုပူဇော်နိုင်ကြပါသည်။ အသံဖြ[...] ဖြစ်စေ၊ အက္ခရာဖြင့်ဖြစ်စေ အားလုံး[...] သည် ရှိခိုးပူဇော်ခြင်း၌ သဘောအတူ[...] ပင် ဖြစ်ပါသည်။ အင်းများသည် ထိုဂုဏ်[...] တော်များကို အက္ခရာများဖြင့် စနစ်[...] ကျ ခင်းကျင်းပြီး ကာယကံမြောက်ပူဇော်[...] ခြင်း ဖြစ်ပါသည်။ အသံဖြင့် ပူဇော်ခြင်း[...] ၌ သဒ္ဓါနှင့် သီလတို့ ဦးစီးကြပြီး အင်းဖြ[...] ပူဇော်ခြင်း၌မူ သဒ္ဓါနှင့် သီလတို့အပြ[...] ပညာအား၊ သမာဓိအား၊ သစ္စာအား[...] အဓိဋ္ဌာန်အား၊ လုံ့လ၊ ဝီရိယအားများ[...] ထပ်ဆောင်း ပါဝင်သည်။ ကျွန်ုပ်သည်[...] ရတနာမြတ်သုံးပါး၏ ဂုဏ်တော်များကို[...] နှုတ်ဖြင့် ရွတ်ဆိုပူဇော်ရုံသာမက အား[...] များစွာ ပါဝင်နေသော အင်းများဖြင့်[...] ပူဇော်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့်[...] လည်း ကံ၊ စိတ်၊ ဥတုအာဟာရ ဟူသော[...] အကြောင်းလေးပါးအနက် ကံကောင်း[...] ခြင်း ဟူသော အကြောင်းတရား [...] ခံစားခဲ့ရပါသည်။

ဤမျှ အစွမ်းထက်သော အင်း[...] အစီအရင်ကို ကျွန်ုပ် ဆောင်ရွက်ခဲ့သည့်[...] အတိုင်း ဖော်ပြပါမည်။

**ပထမအစီအရင်**

နေ့ - ၁၃၇၄ ခုနှစ်၊ ကဆုန်လ[...] ဆုတ် ၇ ရက်၊ စနေနေ့။ ၁၂-၅-၁၂။

နက္ခတ် - (၂၂ လုံး ဝယဋ္ဌိ) (၂[...]) လုံးမြောက် မနသိဒ္ဓိနက္ခတ်၊ အဝင်နက္ခတ်၊ အဝင်နက္ခတ်၊ သိဒ္ဓိစုတ်။

**ဒုတိယအစီအရင်**

နေ့ - ၁၃၇၄ ခုနှစ်၊ နယုလဆန်း[...] ၁ ရက်၊ တနင်္လာနေ့။ ၂၁-၅-၁၂။

နက္ခတ် - (၃ လုံး ၂၂ ယဋ္ဌိ) (၄) လုံးမြောက် ရောဟဏီနက္ခတ်၊ အဝင်နက္ခတ်၊ သိဒ္ဓိစုတ်။

**တတိယအစီအရင်**



www.burmeseclassic.com

www.burmeseclassic.com

နေ့ - ၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ ၃၀-၅-၁၂။

နက္ခတ် - (၁၂ လုံး ၁၀ ယဋ္ဌိ) (၁၃) လုံးမြောက် ဟဿတနက္ခတ်၊ ခါးပတ်နက္ခတ်၊ ဝရစုတ်။

စန်းယှဉ်နက္ခတ်များကို ဆရာတာလာစန်၏ သံဒိဋ္ဌပြက္ခဒိန်မှ တွက်ယူထားပါသည်။ အင်းအစီအရင်တစ်ကြိမ်လျှင် ကြေးပြားပေါ်၌ တစ်အင်း၊ စက္ကူပေါ်၌ ကိုးအင်း၊ စုစုပေါင်း ဆယ်အင်းကိုထိုင်ရာမထ တစ်ကြိမ်တည်း စီရင်ရပါသည်။ ကြေးပြားအင်းသည် ဘုရားပူဇော်ရန်ဖြစ်ပြီး စက္ကူအင်းများသည် တစ်ရက်တစ်အင်းကျ သောက်ရန် ဖြစ်သည်။ ဤအစီအရင်အတိုင်း သုံးကြိမ်စီရင်ခဲ့ပါသည်။ ဆက်လက်ပြီး အင်းဆန်ဂါထာများကို ဖော်ပြပါမည်။

**ပထမအင်းဆန်ဂါထာ**

> တဟိံ တဟိံ ပါရမိသဥ္စယံ စယံ၊
> ဂတံ ဂတံ သဗ္ဗိ သုခပ္ပဒံ ပဒံ။
> နရာ နရာနံ သုခ သမ္ဘဝံ ဘဝံ၊
> နမာ နမာနံ ဇိနပုင်္ဂဝံ ဂဝံ။

နမက္ကာရ ဘုရားရှိခိုးဂါထာများမှ အမှတ် (၉) ဂါထာ ဖြစ်ပါသည်။ ဣစ္ဆာသယ အနန္တသိဒ္ဓိဂါထာတော်ဟု လည်းကောင်း၊ ရွှေတံခါးဖွင့် နမက္ကာရဂါထာတော်ဟု လည်းကောင်း အမည်ရပါသည်။ သီဟိုဠ်ကျွန်း(သီရိလင်္ကာ)ရှိ ဗုဒ္ဓစေတီကတ်တိုက်တော်အား သော့မပါဘဲ ဤဂါထာအား ရွတ်ဆို ပူဇော်ခြင်းဖြင့် တံခါးများပွင့်စေခဲ့သော အရှင်ဗုဒ္ဓဃောသမထေရ်မြတ်ကြီး၏ ဂါထာတော်ဟု ဆင်ရှားပါသည်။ ပိတ်ဆို့နေသော အရာအားလုံးကိုပွင့်စေသည့် အပွင့်ဂါထာဖြစ်ပါသည်။ အပွင့်မာတ်ကို အလိုရှိသူတိုင်း အင်းမချဘဲလည်း ရွတ်ဆို ပူဇော်နိုင်ပါသည်။

ဤဂါထာ၌ အက္ခရာ (၁၂) လုံးစီပါသော အပိုဒ်(၄)ပိုဒ်ရှိ၏။ အပိုဒ်တိုင်း၌ ဆန်းဂိုဏ်းဖွဲ့စည်းပုံသည် ဇ-နေ-ပု (၁-၂-၁)၊ တတ်-အာ-သ (၂-၂-၁)၊ ဇ-နေ- ပု- (၁-၂-၁) နှင့် ရာ-မိ-ကြတ် (၂-၁-၂) ဟူ၍ အစဉ်အတိုင်း ဖြစ်ပါသည်။ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ အပိုဒ်လေးပိုဒ်စလုံးသည် ဤဆန်းဂိုဏ်းဖွဲ့စည်းပုံအတိုင်း ဖြစ်ပါသည်။ အပိုဒ်တိုင်းကို ဇ-နေ-ပု ဂိုဏ်းက ဦးဆောင်ပြီး ဂိုဏ်းအားဖြင့် ဇ-ဂိုဏ်း၊ နက္ခတ်အားဖြင့် (၇) လုံးမြောက် ပုဏ္ဏဖုသျှနက္ခတ်၊ ဂိုဏ်းစောင့်အားဖြင့် နေနတ်သားဖြစ်ပါသည်။ ဣဋ္ဌ၊ အနိဋ္ဌခွဲသော် အနိဋ္ဌဂိုဏ်း ဖြစ်ပါသည်။ နေနတ်သားစောင့်သောကြောင့် ထွန်းလင်းတောက်ပခြင်း၊ ကြီးကဲခြင်း၊ စွမ်းအားကြီးခြင်းအကျိုးကိုပေးပါသည်။ (၁) သည် တစ်မတြာ အတိုင်းအရှည်ရှိသောသံတိုကို ဖော်ပြခြင်း ဖြစ်ပြီး (၂) သည် နှစ်မတြာအတိုင်းအရှည်ရှိသော သံရှည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

**အနက်မှာ**

**တဟိံတဟိံ-** ဖြစ်လေရာရာ ထိုထိုဘဝတို့၌၊ **ပါရမိသဥ္စယံ** - ဒါန သီလ ဝီရိယနှင့် စာဂ ခန္တီ စသည် ဆယ်ပါးပါရမီတရားအပေါင်းတို့ကို၊ **စယံ-**ကောင်းစွာ ဆည်းပူးပြီးထသော၊ **သဗ္ဗိ** - ကုသိုလ်နှစ်ဆီ ပါရမီဘုန်းဟုန် စိမ့်တုန်ပွားစီးသူမြတ်ကြီးတို့၏၊ **ဂတံ-**သိမြင်တုံမြောက် ဖြောင့်တန်းစွာရောက်အပ်သော၊ **သုခပ္ပဒံ** - နိစ္စထာဝရ မုချစစ်စစ် ချမ်းသာအေးမြကြောင်းဖြစ်သော၊ **ပဒံ** - အမတဇေယျုံ ရန်မျိုးကုန်သည် ရွှေဘုံကြငှန်း နိဗ္ဗာန်နန်းသို့၊ **ဂတံ** - ရောက်တော်မူပြီးထသော၊ **နရာနရာနံ** - လူ, နတ်, ဗြဟ္မာ သတ္တဝါအများ သုံးဘုံသားတို့၏၊ **သုခသမ္ဘဝံ** - ချမ်းအေးစေကြောင်း စီးပွားကောင်းကို၊ **ဘဝံ-**ဖြစ်စေတော်မူထသော၊ **ဂဝံ** - မိုက်မဲချာချူနွားနှင့်တူသောသူတို့ကို၊ **ဇိနပုင်္ဂဝံ-** တုတ်၊ မားမပြ တရားချ၍ ဆုံးမကံမြစ် အောင်မြင်သောယောကျ်ားမြတ်ဖြစ်တော်မူထသော၊ **ဗုဒ္ဓံ** - ဘုရားရှင်ကိုယ်တော်ကြီးကို၊ **နာမာ နမာန** - ရှိသေမြတ်နိုးရှိခိုးပါ၏ ဘုရား။

**ဒုတိယအင်းဆန်ဂါထာ**

> အရဟံ ဗဟိအန္တဇယံ သုဂတံ။
> အမိတံ ဝိရဇံ လလိတံ အတုလံ။
> စရဏံ တိဘဝူပသမံ ယမကံ။
> သုခဒံ သရဏံ ပဏာမာမိ ဇိနံ။

အရဟံဇယံခေါ် လာဘ်ရှင်ငွေရဂါထာ ဖြစ်၏။ လှေသင်းအတွင်းဝန်မင်းကိုးကွယ်သော ဝါးချက်မင်းကျောင်းဆရာတော် ဦးသောမနှင့် ရသေ့ကြီးဦးခန္တီတို့ ရွတ်ဆိုပူဇော်ကြသော မနသိဒ္ဓိပေါက်ဂါထာတော်ဟု သိကြသည်။ ဤဂါထာတော် တစ်ပုဒ်တည်းကိုပင် ထုံနေအောင်ရွတ်ဆိုပူဇော်ပါက လာဘ်လာဘ အရာမှာ အပြီးအစီးရောက်နိုင်၏။

ဤဂါထာ၌လည်း အက္ခရာ (၁၂) လုံးစီပါသော အပိုဒ် (၄)ပိုဒ်ပါရှိသည်။ အပိုဒ် (၄) ပိုဒ်စလုံး၌ (၃) လုံးတစ်ဂိုဏ်းဖြင့် ဂိုဏ်းတိုင်းသည် သု-လေ့-သွာ (၁-၁-၂) ဂိုဏ်းတစ်မျိုးတည်းသာ ဖြစ်၏။ ဂိုဏ်းအားဖြင့် သ-ဂိုဏ်း၊ နက္ခတ်အားဖြင့် (၁၅) လုံးမြောက် သွာတိနက္ခတ်၊ ဂိုဏ်းစောင့်အားဖြင့် လေနတ်သားဖြစ်ပါသည်။ လျင်မြန်စွာ ပြီးစီးခြင်းအကျိုးကိုပေးပါသည်။ ဣဋ္ဌ၊ အနိဋ္ဌခွဲသော် အနိဋ္ဌဂိုဏ်း ဖြစ်၏။

**အနက်မှာ**

**အရဟံ** - ပူဇော်အထူးကို ခံယူတော်မူထိုက်ထသော၊ **ဗဟိအန္တဇယံ** - အတွင်းရန်၊ အပြင်ရန် ဟူသမျှတို့ကို အောင်တော်မူထသော၊ **သုဂတိ-**ကောင်းသောစကားကိုဆိုတော်မူထသော (ဝါ) ကောင်းသောလားခြင်း ရှိတော်မူထသော၊ **အတုလံ-** အတုမရှိသော၊ **စရဏံ-** စရဏတရား တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူပေထသော၊ **တိဘဝူပသမံ-** ဘဝသုံးပါးဘုံသုံးပါး၌ ကိလေသာတို့ကို ငြိမ်းအေးစေနိုင်မူပေထသော၊ **ယမကံ** - ယမိုက်ပြာဋိဟာ တန်ခိုးချမ်းသာတို့အားပေးတော်မူပေထသော၊ **သရဏံ** - လူ၊ နတ်၊ ဗြဟ္မာ ဝေနေယျာတို့၏ အားထားကိုးကွယ်ရာအစစ်ဖြစ်တော်မူပေထသော၊ **ဇိနံ-** မာရ်ငါးပါးကို အောင်မြင်တော်မူပြီးထသော၊ **ဗုဒ္ဓံ** - မြတ်စွာဘုရားကို၊ **ပဏာမာမိ** - ကိုင်းညွှတ်ရိုကျိုး သဒ္ဓါဖြိုး၍ ရှိခိုးပူဇော်ပါ၏ မြတ်စွာဘုရား။

**တတိယအင်းဆန်ဂါထာ**

> ပဋ္ဌမံ သကလက္ခဏ မေကပဒံ၊
> ဒုတိယာဒိ ပဒဿ နိဒဿနတော။
> သ-မ-နိ ဒု-နိ-**မာ** သ-မ-ဒူ သ-နိ-**ဒူ**။
> ကမတော ဝိဘဇေ ပဋ္ဌမေန ဝိနာ။

ပထမံဂါထာတော်ဟု အမည်ရပါသည်။ ပထမံဦးအောင် အမြဲ ရွတ်ဆိုလေ့ရှိသောဂါထာဟု သိရပါသည်။ ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးက ဋီကာလာ အရာရာသိဒ္ဓိပေါက် အဆောင်ဂါထာအဖြစ် သူ၏မနောရထပူရဏီကျမ်းကြီးတွင် ညွှန်းဆိုထားပါသည်။ သစ္စာအနက် တစ်ဆယ့်ခြောက်ချက်ကို အတိုချုပ်အားဖြင့် ဖွဲ့ဆိုပူဇော်ထားသော ဂါထာတော်ကြီးဖြစ်ပြီး မကောင်းဆိုးဝါး ပရသားတို့ အလွန်ကြောက်ရွံ့ကြသည့် တန်ပြန်ဂါထာအကျော်လည်း ဖြစ်ပါသည်။

ဤဂါထာ၌လည်း အက္ခရာ (၁၂) လုံးစီပါသော အပိုဒ်(၄)ပိုဒ်ပါရှိပြီး အပိုဒ်(၄)ပိုဒ်စလုံး၌ သုံးလုံးတစ်ဂိုဏ်းဖြင့် ဂိုဏ်းတိုင်းသည် သု-လေ့-သွာ (၁-၁-၂)ဂိုဏ်းတစ်မျိုးတည်းသာ ဖြစ်၏။ ဂိုဏ်းအားဖြင့် သ-ဂိုဏ်း၊ နက္ခတ်အားဖြင့် (၁၅) လုံးမြောက် သွာတိနက္ခတ်၊ ဂိုဏ်းစောင့်



www.burmeseclassic.com

www.burmeseclassic.com

အားဖြင့် လေနတ်သား ဖြစ်သည်။ ဤကြ အနိဋ္ဌခွဲသော် အနိဋ္ဌဂိုဏ်းဖြစ်သည်။ ဤ ဂါထာဆန်းဂိုဏ်းဖွဲ့စည်းပုံသည် ဒုတိယ ဂါထာ၏ ဆန်းဂိုဏ်းဖွဲ့စည်းပုံအတိုင်းဖြစ် ၏။

အချို့သော ဆောင်းပါးများ၌ ဤ ဂါထာကို မှားယွင်းစွာ ဂိုဏ်းဖွဲ့ဖော်ပြ ထားသည်ကို တွေ့ရပါသည်။ ယခု ဆောင်းပါးနှင့် တိုက်ရိုက်မသက်ဆိုင် သော်လည်း သိသင့်သိထိုက်သော အကြောင်းဖြစ်သောကြောင့် တစ်လက် စတည်း ဖော်ပြလိုက်ပါသည်။ ဤဂါထာ အား ဖွဲ့ဆိုခဲ့သော ပုဂ္ဂိုလ်မြတ်သည် ဂါထာတစ်ပုဒ်လုံးကို တူညီသော ဆန်း ဂိုဏ်းတစ်ခုတည်းဖြင့် ပူဇော်လိုသော ကြောင့် -

သ - မ - နိ (၁ - ၁ - ၁) ဟု မဖွဲ့ဘဲ သ - မ - နိ (၁ - ၁ - ၂) ဟု လည်းကောင်း၊

ဒု - နိ - မ (၁ - ၁ - ၁) ဟု မဖွဲ့ဘဲ ဒု - နိ - မာ (၁ - ၁ - ၂) ဟု လည်းကောင်း၊

သ - မ - ဒု (၁ - ၁ - ၁) ဟု မဖွဲ့ဘဲ သ - မ - ဒူ (၁ - ၁ - ၂) ဟု လည်းကောင်း၊

သ - နိ - ဒု (၁ - ၁ - ၁) ဟု မဖွဲ့ဘဲ သ - နိ - ဒူ (၁ - ၁ - ၂) ဟု လည်းကောင်း၊

ဝိဘဇ္ဇေ (၁ - ၂ - ၂) ဟု မဖွဲ့ဘဲ ဝိဘဇေ (၁ - ၁ - ၂) ဟု လည်းကောင်း ဖွဲ့ဆိုခဲ့ခြင်း ဖြစ်ပါသည်။ စစ်ဆေးကြည့် ပါ။ ဆန်းစစ်ကြည့်ပါ။ ဆန်းဂိုဏ် (၁၆) ဂိုဏ်းရှိပြီး ဆန်းဂိုဏ်းတိုင်းသည် တူညီ နေကြသော သု - လှေ့ - သွာ တစ်မျိုး တည်းသာ ဖြစ်ပါသည်။ တခြားဂိုဏ်း များ လုံးဝမဟုတ်ပါ။

**အနက်မှာ**

(အဿစတု သဗ္ဗဿ - ဒုက္ခ သစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ နှင့် အဂ္ဂသစ္စာ ဟူသော သစ္စာလေးပါး တို့၏) **ပဋ္ဌမံ** - ကနဦးအစဖြစ်သော၊ **ကော ပဒံ** - သစ္စာတစ်ပါးတစ်ပါးစီ၏ တစ်ခု တည်းသောအနက်သည်၊ **သကာလက္ခ ထံ** - မိမိတို့၏မူလအနက်အတိုင်း ထင် ရှားစွာဖြစ်၏။ **ဒုတိယဒိ** - ဒုတိယအား ဖြင့်၊ **သ-မ-နိ** (ဒုက္ခသစ္စာ၌)၊ သမုဒယ သစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ ဒုက္ခ သစ္စာတို့ကို လည်းကောင်း၊ **သ - မ -ဒု** (နိရောဓသစ္စာ၌) သမုဒယသစ္စာ၊ မဂ္ဂ သစ္စာ၊ ဒုက္ခသစ္စာတို့ကို လည်းကောင်း၊ **သ-နိ-ဒု** (မဂ္ဂသစ္စာ၌) သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ ဒုက္ခသစ္စာတို့ကို လည်း ကောင်း၊ **နိဒဿနတော** - ထင်ရှားစွာ မြင်အပ်သည်။ **ပဋ္ဌမေန** - ပထမအနက် ဖြင့်၊ **ဝိနာ** - ကင်း၍၊ **ကမတော** - အစဉ် အတိုင်း၊ **ဝိဘဇ္ဇေ** - ဝေဖန်ပိုင်းခြား သိမြင် ရာ၏။

အင်းဆန်ဂါထာတော်များကို ပြည့် ပြည့်စုံစုံ ဖော်ပြပြီးပါပြီ။ ဆက်ပြီး အင်း ကွက်များဆီသွားပါမည်။


| | | | | | | | |
|---|---|---|---|---|---|---|---|
| | ၇ | ၁၀ | | | ၁၃ | ၁၆ | |
| ၉ | ၂ | ၅ | ၁၂ | ၁၅ | ၂၀ | ၂၃ | ၁၈ |
| ၆ | ၁၁ | ၈ | ၃ | ၂၄ | ၁၇ | ၁၄ | ၂၁ |
| | ၄ | ၁ | | | ၂၂ | ၁၉ | |
| | ၄၃ | ၄၆ | | | ၂၅ | ၂၈ | |
| ၄၅ | ၃၈ | ၄၁ | ၄၈ | ၂၇ | ၃၂ | ၃၅ | ၃၀ |
| ၄၂ | ၄၇ | ၄၄ | ၃၉ | ၃၆ | ၂၉ | ၂၆ | ၃၃ |
| | ၄၀ | ၃၇ | | | ၃၄ | ၃၁ | |

ပုံ(၁)

ပုံ(၁) - ကျွန်ုပ် စီရင်ခဲ့သော အင်း ကွက်ပုံစံနှင့် အင်းဆန်နံပါတ်များအား ပြထားပုံ ဖြစ်ပါသည်။ အဆုံးအင်းဆန် နံပါတ် (၄၈) သည် အစအင်းဆန်နံပါတ် (၁) သို့ မြင်းသေမြင်းကိုက် ဖြစ်ပါသည်။

ပုံ(၂) - အင်းဆန်များ၏ အသွား များကို မြင်လွယ်စေရန် မျဉ်းဆွဲပြထား သောပုံ ဖြစ်ပါသည်။ စကြာပုံဆောင်နေ သော အုပ်စု(၄)ခု တွေ့ရပါမည်။ အုပ်စု တစ်ခုစီမှာပင် ကြယ်ပုံဖြစ်နေသော (၅) ရွက် စကြာနှစ်ခုနှင့် (၄)ရွက်စကြာတစ် ခုတို့ ပါဝင်နေကြသည်။ အုပ်စုတစ်ခုမှ အုပ်စုတစ်ခုသို့ မြင်းသွားဖြင့်ပင် ပြောင်း ပါသည်။ (၁၂ မှ ၁၃ သို့၊ ၂၄ မှ ၂၅ သို့၊ ၃၆ မှ ၃၇ သို့၊ ၄၈ မှ ၁ သို့ မြင်းသွားများဖြင့် အုပ်စုပြောင်းကြ သည်။)


ပထမအုပ်စု ဒုတိယအုပ်စု




တတိယအုပ်စု စတုတ္ထအုပ်စု

ပုံ(၂)

ပထမအုပ်စု ဒုတိယအုပ်စု



တတိယအုပ်စု စတုတ္ထအုပ်စု

ပုံ(၃)

ပုံ (၃) - အုပ်စုတစ်ခုချင်းစီ၌ရှိ နေကြသောစကြာအသွားများကို ဖော်ပြ ထားသောပုံ ဖြစ်ပါသည်။

**ပထမစကြာ (၁ မှ ၁၂ အထိ)**

ခွဲလျှင် ——

| | | | | | |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |

တွဲလျှင် —— အထက်တစ်လုံး အောက်တစ်လုံးဖြင့် ၁-၇၊ ၂-၈၊ ၃-၉၊ ၄-၁၀၊ ၅-၁၁၊ ၆-၁၂ (၆-တွဲ)

**ဒုတိယစကြာ (၁၃ မှ ၂၄ အထိ)**

ခွဲလျှင် ——

| | | | | | |
|---|---|---|---|---|---|
| ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ |
| ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |

တွဲလျှင် —— ၁၃-၁၉၊ ၁၄-၂၀၊ ၁၅-၂၁၊ ၁၆-၂၂၊ ၁၇-၂၃၊ ၁၈-၂၄ (၆-တွဲ)



www.burmeseclassic.com

www.burmeseclassic.com


**တတိယစကြာ (၂၅ မှ ၃၆ အထိ)**

| | |
|---|---|
| ခွဲလျှင် —— | ၂၅ ၂၆ ၂၇ ၂၈ ၂၉ ၃၀ / ၃၁ ၃၂ ၃၃ ၃၄ ၃၅ ၃၆ |
| တွဲလျှင် —— | ၂၅-၃၁၊ ၂၆-၃၂၊ ၂၇-၃၃၊ ၂၈-၃၄၊ ၂၉-၃၅၊ ၃၀-၃၆၊ (၆-တွဲ) |

**စတုတ္ထစကြာ (၃၇ မှ ၄၈ အထိ)**

| | |
|---|---|
| ခွဲလျှင် —— | ၃၇ ၃၈ ၃၉ ၄၀ ၄၁ ၄၂ / ၄၃ ၄၄ ၄၅ ၄၆ ၄၇ ၄၈ |
| တွဲလျှင် —— | ၃၇-၄၃၊ ၃၈-၄၄၊ ၃၉-၄၅၊ ၄၀-၄၆၊ ၄၁-၄၇၊ ၄၂-၄၈ (၆-တွဲ) |

ထိုအတွဲများကို ပုံ (၁) မှာ ရှာ၍ မျဉ်းဖြောင့်များဖြင့်ဆက်သွယ်လိုက်ပါက ပုံ(၃)မှာ ပြထားသည့်အတိုင်း ဗဟိုလေးခုအား ဗဟိုပြုနေသော စကြာလေးခုကို တွေ့ရပါမည်။




ပုံ (၄)

ပုံ (၄) - အင်းဆန် (၁၂) လုံးစီပါသော ပုံ (၃) ကအတိုင်း စကြာလေးခုရှိနေသည်ကိုသာမက-အင်းဆန်(၄၈)လုံး အကုန်ပါဝင်ဖွဲ့စည်းနေသည့် ပင်မစကြာကြီးလည်းရှိသေးသည်ကို မြင်သာစေရန် ဖော်ပြထားသောပုံ ဖြစ်ပါသည်။ အင်းဆန်အချို့ကိုသာ ပုံတွင် စကြာဖွဲ့ပြထားပါသည်။ ကျန်သောအင်းဆန်အားလုံးကိုလည်း စကြာဖွဲ့နိုင်ပါသည်။

ကြည့်ပါ။ ထိုအတွဲ (၂၄) တွဲစလုံးအား ဆက်ဖွဲ့ပြီးသောအခါ၌ စကြာအသွားတစ်ခုလုံးအား ထင်ထင်ရှားရှား တွေ့ရပါမည်။

**အင်းဆန်ဖြည့်သွင်းခြင်း**



ပုံ (၅)

ပုံ (၅) သည် အစီအရင်ပြုခဲ့သော အင်းသုံးကွက်မှ ပထမအင်းကွက် ဖြစ်ပါသည်။

အင်းဆန်များ ထည့်သွင်းပုံမှာ ပထမစကြာအတွက် အင်းဆန်(၁၂)လုံး ဖြည့်သွင်းပြီးသောအခါ အင်းကွက်အား လက်ဝဲဘက်သို့ (၉၀) ဒီဂရီလှည့်ပေးပြီး ဒုတိယစကြာအတွက် အင်းဆန်(၁၂)လုံးကို ဖြည့်သွင်းပါသည်။ ထိုနည်းတူစွာ

| ခွဲလျှင် | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ | ၃၂ | ၃၃ | ၃၄ | ၃၅ | ၃၆ | ၃၇ | ၃၈ | ၃၉ | ၄၀ | ၄၁ | ၄၂ | ၄၃ | ၄၄ | ၄၅ | ၄၆ | ၄၇ | ၄၈ |

တွဲလျှင် ၁-၂၅၊ ၂-၂၆၊ ၃-၂၇၊ ၄-၂၈ . . . စသည်ဖြင့် (၂၄) တွဲ ရပါသည်။ ပုံ(၄)တွင် ဖော်ပြပေးမထားသော ကျန်နေသည့် အင်းဆန်အတွဲများကို ဆက်ဖွဲ့

နောက်စကြာတစ်ခုသို့ ပြောင်းတိုင်း အင်းကွက်အား (၉၀) ဒီဂရီလှည့်ကာ ရေးသွင်းခြင်းဖြင့် ပုံတွင်ပြထားသည့် အတိုင်း အင်းဆန်များ ရေးသွင်း၍ပြီး

ပါသည်။ အင်းကွက်အား လက်ဝဲဘက်သို့ လှည့်ခြင်းအားဖြင့် အင်းဆန်များကို ရေးသွင်းရာ၌ လက်ယာရစ်များဖြစ်လာစေပါသည်။ လက်ယာရစ်အားများနှင့် စကြာအားများကိုယူ၍ ရေးသွင်းခြင်း ဖြစ်ပါသည်။

အင်းဆန်များ ရေးသွင်းနေစဉ်အတွင်း အင်းဆန်ဂါထာ၏ အနက်အဓိပ္ပာယ်များကို နှလုံးသွင်းလျက် ရေးသွင်းပါသည်။ အင်းဆန်များ ရေးသွင်းပြီးသောအခါ အင်းရုံစာမများဖြစ်သည့် က-ဃ-ဏ-ဠ ကြီးလေးကြီးကို အင်း၏ ပါပအရပ်လေးခု၌ ပုံပါအတိုင်း အစဉ်လိုက် ရေးသွင်းပါသည်။

ထို့နောက် အရဟံဂုဏ်တော်စာမကို သောမအရပ်လေးခုတို့၌ ပုံပါအတိုင်း ရေးသွင်းပါသည်။ ပြီးနောက် ဥဏ္ဏာလုံမွေးရှင်တော်များတင်ပါသည်။ နောက်ဆုံး၌ စ-ခ-ဗ-ဝ စာမလေးလုံးကို အင်းကွက်၏ အလယ်ဗဟို၌ အင်းစောင့်များအဖြစ် တစ်လုံးကိုတစ်လုံးကင်းလျက် ရေးသွင်းပါသည်။ စာမများရေးသွင်းစဉ် -

က-ကာရံ ကာရာပေတိ-က၊
ဧဟိ ဇယံ သဗ္ဗာသိဒ္ဓိ။
ကံ-ရက္ခံ ဗန္ဓာပေတိ-က၊
အမေ့ ရက္ခန္တု သဗ္ဗဒါ။

ဂါထာတစ်ပုဒ်ဆုံးမှ စာမတစ်လုံး ရေးသွင်းပါသည်။ ဂါထာရှိ က-ကြီး နေရာ၌ ဃ၊ ဏ၊ ဠ၊ စ၊ ခ၊ ဗ၊ ဝတို့ကို အစားထိုး ရွတ်ဆို၍ ရေးသွင်းပါသည်။ အရဟံဂုဏ်တော်စမ ရေးသွင်းစဉ်၌ အရဟံဂုဏ်တော်ကို အာရုံပြု၍ လည်းကောင်း၊ ဥဏ္ဏာလုံမွေးရှင်တော်တင်နေစဉ်၌ လည်းကောင်း -

ဩောင်း၊ ဟေဟာ။
တိသ္သတ္တာ၊ တိသ္သတ္တာ၊
ဗန္ဓတ္တာ၊ ဗန္ဓတ္တာ၊
ဓာရေယျ၊ ဓာရေယျ၊
နိဝါရေယျ၊ နိဝါရေယျ၊
နိရုန္ဓေယျ၊ နိရုန္ဓေယျ၊
ဗြဟ္မဒတ္တံ၊ ဗြဟ္မဒတ္တံ
ဒေဝဒတ္တံ၊ ဒေဝဒတ္တံ
ဥဏ္ဏာ လောမ၊ မုနိ သွာ ဟုံဖုံ။

ဂါထာတော်ကို ရွတ်ဆိုပြီး ရေးသွင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ထုံးမန်းနှင့်အနာပဆုပ်

"အစ်ကိုလေး၊ အနာပဆုပ်ဖြစ်တာမြင်ဖူးလား"

"မြင်ဖူးတာပေါ့ကွာ။ အနာက ပျောက်ခဲ့တဲ့အနာကွ။ ဆေးနဲ့ အနာမတွေ့လို့ကတော့ အတော်လေးခံရတတ်တယ်။ 'အနာပဆုပ် ကျောလုံးပုပ်' လို့တောင် ဆိုထားတာပဲကွာ။ သူ့အနာက ပဆုပ်ပနီအုံလို အပေါက်အပေါက်တွေနဲ့ ရွံစရာအရမ်းကောင်းတယ်ကွ။ ကံမကောင်းရင် သေတောင်သွားနိုင်တဲ့ အနာမျိုးကွ။ ဘာလဲ၊ မင်းက ကုဖူးလို့လား"

"ဟုတ်ကဲ့၊ ကုဖူးတယ်။ ကျွန်တော်က ထုံးမန်းနဲ့ကုတာ"

"ဘာလဲ၊ ကပ္ပိယံ ကရောဟိ ကပ္ပိယံ ဘန္တေ ဆိုတဲ့ ထုံးမန်းလား"

"ဟုတ်တယ်၊ အစ်ကိုလေး"

"တို့အဘိုးလည်း အဲဒီထုံးမန်းနဲ့ အကျိတ်အဖုတွေကုတာ ငါကလေးတုန်းက မြင်ဖူးတယ်ကွ။ တကယ်စွမ်းတဲ့ ထုံးမန်းပါ။ ဆရာတွေအစဉ်အဆက်ကိုင်ကြတာများတယ်။ ဒါထက် မင်းက ဘယ်သူ့ကို ကုဖူးတာလဲ"


"အစ်ကိုလေးတို့အိမ်အရှေ့ဘက်က ကိုအေးကျော်ရဲ့အဖေ ဦးထွန်းရှင်ရဲ့ ကျောမှာ အနာပဆုပ်ဖြစ်တော့ ကုခဲ့တာပါ။ အနာက ကျောတည့်တည့်မှာပါ။ နီရဲတဲ့အကျိတ်အဖုကြီးဖြစ်နေတာလေ။ အဲဒီအဖုကြီးပွင့်ထွက်လာရင် အနာပဆုပ်ဖြစ်တော့မှာပါ။ ဒါနဲ့ အစ်ကိုလေး ပျဉ်းမနားထုံးနီ မြင်ဖူးတယ် မဟုတ်လား"

"မြင်ဖူးတာပေါ့ဟာ။ တို့ပျဉ်းမနားကထွက်တဲ့ထုံးတွေဟာ အပူဓာတ်... ကဲပြီး ပြင်းလွန်းလို့ နနွင်းထည့်သ... စားလို့ရတာလေ။ ထုံးနဲ့နနွင်းရောတော့ 'ထုံးနဲ့ နနွင်းရောသော် နီလတ္တံ့' ဆိုတဲ့


---

**အင်းကွက်ရေးဆွဲခြင်း**

**အဆင့် (၁)**




**အဆင့် (၂)**




အင်းပေါင် (အင်းဘောင်) များ ရေးဆွဲမည့်အစီအစဉ်များအတိုင်း နံပါတ်တပ်၍ ပြထားပါသည်။ အင်းပေါင်အားလုံးကို လက်ဝဲမှ လက်ယာသို့ ရေးဆွဲပါသည်။ အထက်၊ အောက်မရှိပါ။ ထိုသို့ လက်ဝဲမှလက်ယာသို့ လက်ယာရစ်ရေးဆွဲနိုင်ရန်အတွက် အင်းပေါင်တစ်ကြောင်းဆွဲပြီးတိုင်း အင်းကွက်ကို လက်ဝဲဘက်သို့ (၉၀) ဒီဂရီ လှည့်ပေးပါသည်။

အဆင့်(၁)တွင် တစ်ကြောင်းဆွဲပြီးတိုင်း တစ်ကြိမ်လှည့်ပြီး အဆင့်(၂) တွင်မူ နှစ်ကြောင်းဆွဲပြီးမှ တစ်ကြိမ်လှည့်ပါသည်။ ဤဆွဲနည်းသည်လည်း အင်းဆန်သွင်းနည်းကဲ့သို့ပင် လက်ယာရစ်အားများနှင့် စကြာအားများကိုယူ၍ ရေးဆွဲသောနည်းပင် ဖြစ်ပါသည်။

အင်းပေါင်တားခြင်း၊ အင်းဆန်ဖြည့်ခြင်း၊ အင်းဆန်အုပ်စုကူးပြောင်းခြင်း၊ အရပ်မျက်နှာလှည့်ခြင်း စသောဆောင်ရွက်မှုအားလုံး၌ လက်ယာရစ်သွားခြင်းနှင့် စကြာသဘောတရားများ ပါရှိပါသည်။

**အစီအရင်**

၁။ ကိုယ်လက်သန့်စင်စေပြီး စင်ကြယ်သောအဝတ်ကို ဝတ်ဆင်ကာ ပြူမြတိုင်း ဘုရားရှိခိုးခြင်း၊ ပန်း၊ ဆီမီး၊ နံ့သာများလှူဒါန်းခြင်းပြုပါသည်။

၂။ သီလခံယူခြင်း၊ မေတ္တာပို့ခြင်း၊ စည်းချခြင်း၊ အဓိဋ္ဌာန်ပြုခြင်းတို့ဆောင်ရွက်သည်။

၃။ ကြေးပြား၌ တစ်အင်း၊ စက္ကူများ၌ ကိုးအင်း အင်းချပါသည်။

၄။ မိမိအင်းချသော ခုံပေါ်၌ပင် ကြေးပြားအင်းပေါ် ဖယောင်းတိုင်ထွန်း၍ လည်းကောင်း၊ သန့်ပြန့်သော ကြွေပန်းကန်ပြား၌ စက္ကူအင်းချပ်များထည့်၍ လည်းကောင်း အင်းဆန်ဂါထာဖြင့် သက်စေ့ထက် တစ်ခေါက်ပို၍ ရွတ်ဆိုပူဇော်ပါသည်။

၅။ သစ္စာဆိုခြင်း၊ ဆုတောင်းခြင်းပြုလုပ်ပြီး အင်းတစ်ချပ်ကို ပြာပြု၍ အုန်းစိမ်းရည်ဖြင့် သောက်ပါသည်။

အင်းချခြင်း အစီအစဉ် (၃) မှ လွဲ၍ ကျန်သော အစီအရင်များအတိုင်း (၉) ရက်ပြည့်အောင် အင်းပူဇော်ခြင်း၊ အင်းသောက်ခြင်းများ ပြုပါသည်။ ဤနည်းအတိုင်း အင်း (၃) အင်းကို (၂...) ရက်ကြာပါသည်။

လေးနှစ်တာမျှ ရွှေတစ်နေ့၊ ငွေတစ်နေ့ ခံစားခဲ့ရပြီး နောက်ဆုံးတစ်နှစ်၌ အလူးအလဲခံစားခဲ့ရသော ကျွန်ုပ်၏ နှလုံးရောဂါအား ပျောက်ကင်းချမ်းသာစေခဲ့သော အင်းအစီအရင်ကို ပြည့်ပြည့်စုံစုံ ဖော်ပြ၍ပြီးပါပြီ။ ကျွန်ုပ်သည် နှလုံးရောဂါ ပျောက်ကင်းလိုသော ဆန္ဒကို အဓိပတိတပ်လျက် ဆောင်ရွက်ခဲ့သောကြောင့် နှလုံးရောဂါမှ လွတ်ကင်းချမ်းသာခဲ့ပါသည်။ အခြားသောရောဂါများအားလည်း ဆန္ဒအဓိပတိတပ်လျက် ဆောင်ရွက်ပါက ပျောက်ကင်း ချမ်းသာနိုင်မည်ဟု ယုံကြည်ပါသည်။

ကျွန်ုပ်၏ အစီအစဉ်အတိုင်း ဖြစ်စေ၊ ကျွန်ုပ်ထက် ပိုမိုကောင်းမွန်ပြီး ပို... ပြည့်စုံသော အစီအစဉ်များဖြင့်ဖြစ်စေ ဖော်ပြခဲ့သော အင်းကွက်ပုံစံ၊ အင်းဆန်အသွားနှင့် အင်းကွက်ရေးဆွဲနည်းများကို ယုံကြည်စွာ အသုံးပြုနိုင်ကြပါသည်။ လာဘ်တကာ့လာဘ်များအနက် အကြီးမြတ်ဆုံးဖြစ်သော ကျန်းမာခြင်းလာဘ်အား ရယူနိုင်ကြပါမည်။ ဖော်ပြခဲ့သော ကျန်းမာခြင်း အကျိုးတရားကိုသာမက အကြောင်းကြုံလာမှသာ သိကြရမည့် အခြားသော အကျိုးတရားများလည်း ရှိနေပါသည်။ လမ်းကား ရှိနေပါ၏။ လျှောက်ကြည့်ပါ။ လမ်းဆုံးလျှင် ရှာတွေ့ပါမည်ဟု တိုက်တွန်းရင်း -

စာဖတ်သူအပေါင်း စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများဖြင့် ထာဝရတစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေ။ အနန္တငါးပါးနှင့်တကွ ... ဘားမဲ့ဆရာတော်အား ဦးထိပ်ထားလျက်။

ဆရာဇော် (အင်းတစ်ထောင်)



www.burmeseclassic.com

www.burmeseclassic.com

ဆဲအတိုင်း နီတာပေါ့ကွာ။ အခုတော့ င်တော့ဘူးကွ"

"ဟုတ်တယ် အခုခေတ်မှာ မေမြို့ ငြိုးလွင်)ထုံးတွေနဲ့သာ ကွမ်းစားကြ တော့ ပျဉ်းမနားထုံးနီပျောက်ကွယ်သွား ကြာပါပြီ။ ကျွန်တော် မန်းတာ မှတ် ရေ အဲဒီထုံးနီနဲ့ဗျ။ (၃၇) အုပ် မန်း အဲဒီဦးထွန်းရင်ကျောကအဖုကြီးကို ပေးလိုက်တာ တစ်ခါတည်း ချပ် သွားတော့တာပဲ။ အတော်စွမ်းတယ် အစ်ကိုလေး"

"ထုံးကလည်းပူ၊ မန္တန်ကလည်း တော့ ပျောက်တာပေါ့ကွာ။ ကပ္ပိယ ရောဟိ ဆိုတာ ဘုန်းတော်ကြီးက စားတဲ့အခါ ငရုတ်သီးစားချင်တဲ့ ခါ မျိုးစေ့ကိုသတ်ခိုင်းတာကွ။ ဒီတော့ ပ္ပိယက ငရုတ်သီး ဆိတ်ချိုးပြီး 'ကပ္ပိ ' ဆိုပြီး ပြန်ကပ်ရတယ်။ ဒါဆို န်းက စားအပ်ပြီ။ ပါစိတ်အာပတ် င့်တော့ဘူး။ မြန်မာလိုဆိုရင်တော့ ပ္ပိယံ ကရောဟိ ဆိုတာ အပ်အောင် လော့လို့ အဓိပ္ပာယ်ရတယ်။ ကပ္ပိယံ န္တေ ဆိုတာ အပ်ပါပြီ အရှင်ဘုရားလို့ ဓိပ္ပာယ်ရတယ်။ အဲဒီလိုမျိုး သတ်တဲ့ ပဒ်ကို ဆရာတွေကယူပြီး အနာရဲ့ ကျိတ်အဖုကို သတ်တာပေါ့ကွာ။ ပေမယ့် အနာကြီးဖြစ်နေပြီဆိုရင်တော့ ဒီထုံးမန်းနဲ့မရတော့ဘူးကွ။ ထုံးမန်းက ကျိတ်အဖုပဲရတာ"


"အနာကြီးဖြစ်နေပြီဆိုရင် ဘယ် ကုရမှာလဲ အစ်ကိုလေး"

"မင်း၊ ဝက်ခြေပနဲ့အုပ်စုက အသေး အပင် မန်းလေးပင်ကို မြင်ဖူးလား"

"အိမ်ဝိုင်းတွေ၊ လမ်းဘေးတွေမှာ မိုး၊ ဆောင်းရှိနေတဲ့အပင်ပဲ အစ် လေးရာ မြင်ဖူးတာပေါ့။ ဟောဟိုပန်း ထဲမှာတောင်ပေါက်နေတာပဲ"

သူပြမှကြည့်မိတယ်။ အနီးအနား ရှိနေတဲ့ စွယ်တော်ဂမုန်းအိုးထဲမှာ ပင်ပေါက်နေလေရဲ့ဗျာ။ တိုက်ဆိုင် ပြောပါတယ်။

"အေး - ဟုတ်တယ်ကွ။ သူက တွေ၊ တောင်တွေထဲမှာ ပေါက်ခဲ ယ်၊ လူနေအိမ်ဝိုင်း လမ်းဘေး မြေ ပြောင်ပြောင်တွေမှာပေါက်လေ့ရှိတယ်။ တ်နယ်၊ မိုင်းရှူးနယ်နဲ့ တောင်ပေါ်၊ ပြန့်အားလုံးမှာ ပေါက်တယ်။ သူကို နေပြည်တော်မှာ မန်းလေးပင်၊ မန်းပုပ် င်လို့ ခေါ်တယ်။ အချို့ဒေသမှာ ဒန္တ သိကြားမကိုင်ရ္မလို့လည်း ခေါ်ကြ ယ်။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာ



တစ်ပုဒ်ဆန်းပေါ့ကွာ။ အမျိုးမျိုးခေါ်ကြ တာပေါ့။ သိကြားမကိုင်ရ္မလို့ခေါ်တာက သူ့ရဲ့ အရွက်ထိပ်ဖျားနုနုက သကြားလို ချိုသကွ"

လို့ ပြောပြီး ရွက်နုလေးကို ခူးပေး ပြီး ဝါးခိုင်းပါတယ်။

မောင်ကျော်ဆန်းက ပြုံးလာပြီး ထောက်ခံပါတယ်။

"ဟုတ်တယ် အစ်ကိုလေး၊ သကြား လို ချိုတယ်"

"အေး - သိကြားမကိုင်ရ္မ ဆိုတာ လည်း ဆီလျော်ပါတယ်။ ဒီအပင်ကို ပဥ္စ ငါးပါးနုတ်ပြီး ရေစင်စင်ဆေးရတယ်။ ပြီး ရင် ညက်အောင်ထောင်းရတယ်။ ညက် ရင် ထမင်းနွေးနွေးတစ်ဆုပ်လောက်ထည့် ပြီး သမသွားအောင် ထပ်ထောင်းရ တယ်။ ကော်လိုဖြစ်သွားပြီဆိုရင် အနာ ပဆုပ်မှာကပ်ပြီး စည်းရင်စည်း၊ မစည်း ချင်ရင် အပြင်မှာ ပလတ်စတစ်ကလေးခံ ပြီး တိပ်နဲ့ကပ်ထားပေါ့ကွာ။ တစ်နေ့ကို တစ်ကြိမ်ပေးပေါ့။ အနာကို ဖန်ရေနွေး နွေးနဲ့ သန့်အောင်ဆေးဖို့တော့ လိုမယ်။ ဒါဆိုရက်ပိုင်းအတွင်း အနာဟာ အသား နုတက်လာမယ်၊ ယားလာမယ်၊ ပြီးရင် ခြောက်သွားမယ်"

"ကျေးဇူးပါပဲ အစ်ကိုလေးရယ်။ ဒီတစ်ခါတော့ အစ်ကိုလေးဆီက နည်း ပြန်ရတာပဲ၊ ဟန်ကျတယ်ဗျာ"

"ဒီမန်းလေးရွက်က စွယ်စုံသုံးလို့ ရတယ် မောင်ကျော်ဆန်းရဲ့။ ဆီးချို ရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ အဆုတ်ရောဂါ၊ နှလုံးရောဂါ၊ အစာအိမ် ရောဂါ စတဲ့ အတွင်းပစ္စည်းချို့ယွင်းတဲ့ ဝေဒနာတွေဆိုရင် သုံးခွက်တစ်ခွက်တင် ကျိုပြီး တစ်ရက်ကို နံနက် တစ်ဖန်ခွက်၊ ညပိုင်းတစ်ဖန်ခွက် မှန်မှန်သောက်ပေး ရင် သက်သာ ပျောက်ကင်းနိုင်ပါတယ်။ ငါ့ရဲ့ဖနီးညီညီအောင်ဆိုရင် နှလုံးရောဂါ ရှိတော့ မကြာမကြာ နှလုံးကြွက်သား

တွေရောင်ပြီး ဘယ်ဘက်ရင်အုံ အရမ်း နာတတ်တယ်။ ဒါဆိုရင် မန်းလေးပင် ကျိုပြီး တိုက်လိုက်တာပဲ။ ဒါဆို သက် သာ ပျောက်ကင်းသွားတယ်။ လူဆိုတာ ရောဂါသက်သာသွားရင် မေ့သွားတာ ကွ။ ဖြစ်လာမှ ပျာယီးပျာယာ ဆေးပင် ပြေးနုတ်ပြီးသောက်ကာ အကြိမ်အကြိမ် ပါပဲ။ စွဲသောက်ရင် ရောဂါတောင် ရှင်း ရင်ရှင်းသွားနိုင်တာပေါ့ကွာ။ ပျောက် မယ်လို့တော့ အန္တိမ မဆိုရဲပါဘူး။ ဒါပေ မယ့် ဒီမန်းလေးပင်ဟာ တို့အနားမှာ အလွန်ပေါနေပြီး အမှိုက်လိုဖြစ်နေတော့ နေ့စဉ်ကျော်ခွသွားနေကြတာလေကွာ"

"မသိသူ ကျော်သွား၊ သိသူဖော် စားပေါ့ အစ်ကိုလေးရယ်"

"အေး - ဟုတ်တယ်။ မန်းပုပ်တွေ စုပ်ယူနိုင်စွမ်းရှိတယ်ဆိုမှတော့ သာမန် အနာပဆုပ်လောက်တော့ ပျင်းတာပေါ့ ကွာ။ ဒီအပင်ဟာ အဖိုးနည်း ဝန်ပါဆေး ပင်ကွ။ လူတိုင်း လက်လှမ်းမီတယ်"

လို့ မောင်ကျော်ဆန်းကို နည်းပြန် ပြောနေမိပါတယ်။ အပင်မှားမှာစိုးတဲ့ အတွက် ဓာတ်ပုံနဲ့တကွ ဖော်ပြလိုက်ပါ တယ်။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး

**မှတ်ချက် -**

မန်းလေးပင်ဟာ အရွက်နုပ်နုပ်လေး တွေရှိပြီး ဖြူဖြူအပွင့်လေးတွေပွင့်တယ်။ ချုံထူရာမှာမပေါက်ဘူး။ သူ့အမြင့်က တစ်တောင်ကျော်ကျော်အထိ မြင့်နိုင် ပြီး အရွယ်အသီးသီးရှိတယ်။ သောက် လို့လည်း သင့်ပါတယ်။ အချို့ဆိုရင် အခြောက်လှန်းပြီး လက်ဖက်ခြောက် တောင်လုပ်သောက်ကြပါတယ်။သောက် လို့ကောင်းတဲ့အပင်မျိုးပါ။ဉာဏ်ရှိသလို သုံးနိုင်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

**သစ်တောအုပ်ကြီး ဦးလှအောင်နှင့် အဘအောင်မင်းခေါင် တွေ့ဆုံခြင်း**

ကိုလှအောင်သည် ကချင်တိုင်းရင်းသား ဖြစ်သည်။ ထီးချိုင့်မြို့တွင် နေသည်။ တိုင်းရင်းသားပီပီ ရိုးသား၏။ စိတ်ထားဖြူစင်သည်။ စကားပြောလျှင် ပွင့်လင်းသည်။ သွယ်ဝိုက်၍ လည်းကောင်း၊ ကွေ့ဝိုက်၍ လည်းကောင်း မပြောတတ်ပါ။ အရပ်ရှည်ရှည်၊ အသားဖြူဖြူ၊ ပိန်ပိန်ပါးပါးဖြစ်သည်။ လွတ်လပ်ရေးရပြီးစတွင် (၇) တန်းအောင်သည်။ ပညာတတ်ရှားပါးသောခေတ်တွင် (၇)တန်းအောင်သူသည် ယခုခေတ်ဘွဲ့ရပညာတတ်ထက် တန်ဖိုးရှိလေသည်။ ဘာကြောင့်လဲဆိုတော့ ကြိုက်တဲ့အလုပ်ကို ဝင်လို့ရသည်။ အလုပ်ကပေါသည်။ ပညာတတ်ကရှားသည်။

ကိုလှအောင်က စစ်တပ်ထဲမဝင်၊ ကျောင်းဆရာမလုပ်။ သစ်တောဌာနတွင် အငယ်တန်းစာရေးဖြင့် စတင် အမှုထမ်း၏။ သူ၏ရိုးသားကြိုးစားမှုကြောင့် လူကြီးတွေက သဘောကျ၏။ တာဝန်တစ်ခုပေးပါက ပီပီပြင်ပြင် ဆောင်ရွက်တတ်သောကြောင့် အသက်ငယ်ငယ်နှင့် အထက်တန်းစာရေးသို့ ရာထူးတိုးရသွားလေသည်။ မိမိနှင့်ဘာသာတူ၊ အမျိုးတူသော ကချင်တိုင်းရင်းသူနှင့် အိမ်ထောင်ကျပြီး သားတစ်ယောက်၊ သမီးတစ်ယောက် ရလေသည်။ ကချင်တိုင်းရင်းသားဆိုပေမယ့် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသောမိသားစု ဖြစ်လေသည်။

ရတနာသုံးပါးကို ယုံကြည်သည်။ ရတနာသုံးပါးကို ပုတီးစိပ်သည်။ အလုပ်အားလျှင်လည်း နှုတ်က သရဏဂုံရွတ်ဆိုနေလေသည်။ အမြဲမပြတ် ရွတ်ဆိုလာသောနှစ်တွေ ကြာလာသောအခါ သရဏဂုံထုထည်သည် စုဘူးထဲတွင် စုထားသလို များလာလေတော့သည်။ ရတနာအစစ်တွေ စုဆောင်းမိသော ကိုလှအောင်သည် စီးပွားရေးအဆင်ပြေ၏။ မျက်နှာပန်းပွင့်၏။ အန္တရာယ်ကင်းလေသည်။


တစ်နေ့ သစ်တောထဲသို့ တာဝန်အရ ရောက်ရှိသွား၏။ သူ၏တပည့်များက သစ်ထုတ်လုပ်ရေးအဖွဲ့ကဖြစ်သည်။ အလွန်ကြီးသောသစ်ဆိမ့်ပင်ကြီးသည် အစောင့်များရှိကြောင်း၊ အလွန်ကြမ်းဖြင့်ညဘက်၌ မည်သူမျှမသွားရဲကြကြောင်း ပြောလေသည်။ သရဏဂုံဆောင်ထားသော ကိုလှအောင်က မကြောက်ပါ။

"မင်းတို့ကြောက်တဲ့ သစ်ပင်ကြီး အောက်မှာ ငါဒီညအိပ်မယ်"

ဟု ပြောရာ တပည့်များက တား ကြလေသည်။

ကိုလှအောင်သည် အလွန်ကြမ်း သော သစ်ပင်အောက်တွင် တစ်ညလုံး မေတ္တာပို့သည်။ သရဏဂုံဆောက်တည် သည်။ ပုတီးစိပ်သည်။ ဘာအန္တရာယ်မှ မရှိ။ မိုးလင်းမှ ပြန်လာလေသည်။

တပည့်များမှာ အလွန် အထင် ကြီးသွားလေသည်။ ကိုလှအောင်တို့





www.burmeseclassic.com

www.burmeseclassic.com

ကြီးဟု ဝိုင်းခေါ်ကြလေသည်။ အောင်အိမ်သို့ အဘိုးကြီးတစ်ဦး ဒိတ်ဘဲနှင့် ရောက်လာသည်။ ဘောင်းဘီကို ဝတ်ဆင်ထားသည်။ မှာ ရှမ်းတိုက်ပုံနှင့် သျှောင်ထုံး ဘယ်ဘက်တွင် စုချည်ထား၏။

"အဘဘယ်ကကြွလာတာလဲ"

"ငါ ရှမ်းပြည်နယ်က ကြွလာတာ"

"အဘ ဒီမှာ ထမင်းစားပါ။ သား အိမ်ဘုရားခန်းမှာ ခဏနားပါ"

"အေးအေး - ကောင်းတယ်"

မမျှော်လင့်ဘဲ ရောက်လာသော ဧည့်သည်မှာ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာကိစ္စနဲ့လာတာလဲ မမေးမိပါ။ အိမ်ရှင်တို့ဝတ္တရားအရ ဧည့်ဝတ်ကျေပွန်စွာ ဧည့်ခံလိုက်ပါသည်။ အိမ်တွင် ထမင်းစားသည်။ ကချင်နှင့်တွေ့လျှင် ကချင်လို ပြောသည်။ ရှမ်းနှင့်တွေ့လျှင် ရှမ်းလို ပြောသည်။ မိမိအား ပုတီးတစ်ကုံး လက်ဆောင်ပေးသွားသည်။


"လှအောင်၊ ငါပုတီးတစ်ကုံးပေးခဲ့မယ်။ မင်းက သရဏဂုံတည်နေတာဆိုတော့ သရဏဂုံပဲစိပ်"

"ဟုတ်ကဲ့ အဘ၊ သားတို့အိမ် ခဏခဏ ကြွပါ အဘ"

"အေးအေး - ကြုံရင် လာခဲ့ရမှာပေါ့"

ဟု ပြောပြီး ထွက်သွားလေတော့သည်။

# သစ်တောအုပ်ကြီးဦးလှအောင်နှင့် အဘအောင်မင်းခေါင်တွေ့ဆုံခြင်း





www.burmeseclassic.com

www.burmeseclassic.com

ကိုလှအောင်အိမ်သည် အိမ်သာလို့ ဧည့်လာတာလား မပြောတတ်။ ဧည့်သည်များ မကြာခဏ လာလေသည်။ တစ်ခါတလေ ဘုန်းကြီးများ ကြွလာသည်။ တစ်ခါတလေ ဝိဇ္ဇာတွေ၊ ဆရာတွေလာသည်။ အဘကတော့ အိမ်တွင် တစ်ခုခုဖြစ်တော့မယ်ဆိုလျှင် ကြွလာသည်။ သတိပေးစကားပြောသည်။ ဒီနေ့လည်း အဘကြွလာသည်။

"လှအောင်၊ မင်းမကြာခင်ရာထူးတက်တော့မယ်"

"ဟုတ်ကဲ့ အဘ"

"မင်း ရာထူးတက်ပြီး မကြာမီ ရန်ကုန်ကိုပြောင်းရမယ်"

"ဟုတ်ကဲ့ အဘ၊ ရုံးကတော့ ဘာစာမှ မဝင်လာသေးဘူး"

"ငါပြောတာကို သေသေချာချာ နားထောင်"

"ဟုတ်ကဲ့"

"ငါ ရန်ကုန်မှာ အလုပ်လုပ်စရာရှိတယ်။ မင်းနဲ့ ငါ ပြန်ဆုံကြမယ်"

"မှတ်ထားပါ့မယ် အဘ"

မကြာမီ ကိုလှအောင် တောအုပ်ရာထူးသို့ တိုးမြှင့်ခြင်းခံရသည်။ ရန်ကုန်ရုံးချုပ်တွင် အပြောင်းအရွှေ့တာဝန်ပါ ပူးတွဲဖော်ပြထားသည်။ ကိုလှအောင် တစ်ယောက် မိသားစုနှင့်အတူ မဟာရန်ကုန်သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရပါသည်။ ရန်ကုန်ရောက်သောအခါ ရွာသာကြီးရှိ သစ်တောဌာနတွင် နေရ၏။ ရွာသာကြီးသည် ရန်ကုန် - သဃ်န်းကျွန်း - လေးထောင့်ကန်လမ်းပေါ်တွင်တည်ရှိသည်။ ရန်ကုန်-မန္တလေးရထားလမ်း၏ အရှေ့ဘက်တွင် အိမ်ခြေ (၁၀၀) ခန့်ရှိသော ရွာသာကြီးရွာ တည်ရှိသည်။ သစ်တောဌာနသည် ရွာသာကြီးရွာနှင့် တစ်ဆက်တည်းရှိသည်။

ထီးချိုင့်မြို့တွင် ခဏတာ ဆုံစည်းခဲ့ရသော အဘတစ်ယောက် အခု ဘယ်ရောက်နေသလဲ၊ ဘာတွေလုပ်နေသလဲ မသိပါ။ အဘပြောတာတွေကတော့ အကုန်ဖြစ်နေတာပါပဲ။ ရာထူးတိုးတယ်၊ ရန်ကုန်ပြောင်းရမယ်၊ အဘနဲ့ ပြန်ဆုံရမယ်၊ အဘ ရန်ကုန်မှာ လုပ်စရာရှိတယ် ဟု ပြောခဲ့သည်။ နှစ်တွေအတော်ကြာလာခဲ့ပြီ။

အားလုံးမေ့မေ့ပျောက်ပျောက်ဖြစ်နေသောအချိန်တွင် အဘတစ်ယောက် အိမ်သို့ ရောက်ရှိလာလေသည်။ အဘသည် ဆေးကုနေသော ဆေးဆရာကြီးပုံစံနှင့် ဖြစ်သည်။ အထူးသဖြင့် စိတ်ဝေဒနာသည်များကို ပျောက်အောင်ကုပေးလေသည်။ ရွာသာကြီးမှ စိတ်ရောဂါသည် မစန်းရီကို ကုသရင်း ကိုလှအောင်အိမ်သို့ ရောက်ရှိလာလေသည်။

"လှအောင်၊ မင်းရာထူးတက်လို့ ရန်ကုန်ရောက်သွားတော့ ငါ့ကိုမေ့ပြီပေါ့လေ"

"ဘယ်တော့မှမမေ့ဘူး အဘ။ သားအမြဲသတိရတာ။ ညတိုင်း အဘကို ဦးချအိပ်ပါတယ်"

"အေးအေး - ကောင်းတယ်။ ငါ ရန်ကုန်ကို ပြန်ဝင်လာတာ၊ အလုပ်ကိစ္စလေးတစ်ခုရှိတယ်"

"ဟုတ်ကဲ့ အဘ၊ ပြောပါ"

"ရန်ကုန်မှာ ဓာတ်ပန္နက်ရိုက်ရမယ်။ ဒီဗဟိုမှာ ဓာတ်ပန္နက်ရိုက်ပြီးရင် တစ်နိုင်ငံလုံး ဓာတ်ပွင့်သွားပြီ"

"ဟုတ်ကဲ့ အဘ၊ သားဘာလုပ်ပေးရမလဲ ပြောပါ"

"အေး - အချိန်ကျရင် ပြောမယ်"

"အဘ၊ သားတို့ သစ်တောဓမ္မာရုံရှိတယ်။ ဒီထဲမှာနေပါ"

"ကောင်းသားပဲ"

အဘအောင်မင်းခေါင်သည် ပြည်တော်သို့ ပြန်ဝင်လာပြီး ရန်ကုန်မြို့ သစ်တောဓမ္မာရုံတွင် စတင်နေထိုင်ခဲ့ကြောင်း နောက်မှ သိရလေသည်။ ဦးလှအောင်မှ အဘအား ပြုစုစောင့်ရှောက်သည်။ အဘလိုတာ ပါရမီဖြည့်ဆည်းပေးလေတော့သည်။

ရွာသာကြီးကျောင်းမှ ဦးပဥ္စင်း ဦးအဂ္ဂက အဘကိုလာရောက်ပင့်ပြီး ရွာသာကြီးကျောင်းဆရာတော်မှာ ရဟန်းကိစ္စပြီးစီးလေသည်။ နောင်ဘာတွေဖြစ်မှာလဲဆိုတာ ကြိုသိနေသည်။ အဘက လူမဟုတ်၊ ဝိဇ္ဇာဆိုတာ သိလေသည်။ ကျောင်းတွင် အဘကို အေးအေးဆေးဆေးနေထိုင်ခွင့်ပြုသည်။ သူပျံလွန်တော်မူလျှင် လုပ်စရာရှိသည်များကို အဘအား တိတ်တဆိတ် မှာခဲ့လေသည်။ အဘကလည်း ဆရာတော်ဖြစ်စေချင်သောဆန္ဒများကို ဖြည့်ဆည်းပေးမည်ဟု ကတိပြုခဲ့ပါသည်။

အဘသည် ရွာသာကြီးကျောင်းတွင် သိမ်ထဲတွင် ပုတီးစိပ်၏။ တရားအားထုတ်၏။ ဆေးကုရန် ပင့်ဖိတ်လာပါက ဆေးကုလိုက်သွားသည်။ ရွာသာကြီးမှာ ထိုစဉ်အခါက တောကျ၏။ စုန်းကဝေများ ပေါ၏။ အောက်လမ်းဆရာများကလည်း ပေါသည်။ သူထက်ငါ မလုပ်ကောင်းသောပညာတို့ဖြင့် ယှဉ်ပြိုင်၍ တိုက်ခိုက်နေကြလေသည်။ သူတို့ကျွေးသောအစာသည် အပင်းဖြစ်တတ်၏။ သူတို့ကျွေးသော ကွမ်းယာသည် သိုက်လျှောင်ကွမ်းသီးဖြင့်စီရင်ထားသော အောက်လမ်းဆေးတွေ ဖြစ်တတ်သည်။

အဘသည် ထိုလောကကို ဖယ်ရှားပြီး သာသနာအစစ်အမှန်ပေါ်ပေါက်ရန်အတွက် ဤနေရာတွင် နေထိုင်ခြင်းဖြစ်သည်။ ချွတ်သင့်သောအောက်လမ်းဆရာတို့ကို ချွတ်၏။ ကယ်သင့်သော စုန်းကဝေတို့ထံမှ သူတို့ပညာကို အလျှော်လေသည်။

ရွာသာကြီးရွာသည် ရန်ကုန်မြို့၏အစွန် ဖြစ်သည်။ သားသတ်ရုံတို့မှာ ရွာနှင့် တစ်ဆက်တည်းဖြစ်နေသည်။ သားသတ်အလုပ်တို့ကို လုပ်ကိုင်စားသောက်ရသော ရွာသားတို့၏ စရိုက်သည် လွန်စွာ ကြမ်းတမ်းခက်ထန်လေသည်။ တစ်ညက ရွာသာကြီးရွာမှ ဝက်သတ်သမား (၅) ယောက်စု၍ အရက်သောက်ကြသည်။ အရက်မူးလာသောအခါ တစ်ယောက်က ပြောတယ်။

"ငါတို့ရွာ ဘုန်းကြီးကျောင်းမှာ ကပ်နေတဲ့ ဆေးဆရာကြီးတစ်ယောက်ရှိတယ်"

"အေး - ငါလည်းသိတယ်"

"ဆေးဆရာကြီး ပညာဘယ်လောက်တတ်တယ်ဆိုတာ ငါတို့ စမ်းသပ်ရင် ကောင်းမယ်"

"ဘယ်လိုစမ်းသပ်မှာလဲ"

"ဒါနဲ့စမ်းသပ်မယ်"

ဟု တစ်ယောက်က ဝက်သတ်သောဓားကို ထုတ်ပြသည်။ ကျန်သောလူ (၄) ယောက်ကလည်း သွေးဆူနေကြသောကြောင့် -

"ငါတို့လည်း ဒီအဘိုးကြီးကိုကြည့်မရဘူး"

"ဒါဖြင့် ဒီညဒီဓားနဲ့ထိုးကြမယ်"

"အေး - သူ့ပညာကို ဓားနဲ့စမ်းမယ်"

ဟု ဆုံးဖြတ်ကြလေသည်။

အဘ အောင်မင်းခေါင်သည် သတ္တဝါတွေ ကျန်းမာပါစေ၊ ချမ်းသာပါစေဟု မေတ္တာပို့၏။ ပုတီးစိပ်ပြီး သမထဘာဝနာပွားနေလေသည်။ အဘကို သတ်ဖို့ ကြံရွယ်ကြသော လူရွယ် (၅) ယောက်တို့သည် အဘတရားထိုင်ရာ သိမ်ထဲသို့ ချွတ်နင်းဝင်ရောက်လာကြသည်။ ဒီအချိန်ဟာ သတ်ဖို့ အကောင်းဆုံးပဲဟု ဆုံးဖြတ်ပြီး တစ်ယောက်နှင့် တစ်ယောက် အချက်ပြလိုက်၏။ ထို



www.burmeseclassic.com

www.burmeseclassic.com

ယောက်က အသင့်ဟု အချက်ပြပြီး အဘကို ဓားနှင့်ထိုးဖို့ ဓားထုတ်လိုက်သည်-

"ဂျိမ်း"

ဟူသော အသံကြီးတစ်ခု ထွက်ပေါ်လာသည်။ မီးခိုးလုံးကြီးထွက်လာပြီး သိမ်တစ်ခုလုံး မီးဝင်းဝင်းတောက်လာလေတော့သည်။ ဝက်သတ်သမား (၅) ယောက် အဘကိုသတ်ရန် ဆင်ကြံကြံသည်နေခြင်းကြောင့် မိုးကြိုးပစ်ခြင်းပင်ဖြစ်လေသည်။ မိုးမရွာ၊ လေမတိုက်ဘဲ လျှပ်စီးလက်သလိုဖြစ်ပြီး မိုးကြိုးပစ်ချလိုက်သည်။ ဝုန်းဆို အသံထွက်လာပြီး မီးရောင်ဖြင့် တစ်ယောက်ကို တစ်ယောက်မြင်ရပြီး ထွက်ပြေးသွားလေတော့သည်။

အဘကိုသတ်ဖို့ကြံရွယ်သော လူသယ် (၅) ယောက်မှာ ဘာကျွေးကျွေးစားပါ။ သူတို့စီးထားသောဖိနပ်ကိုသာ လျှင် အမဲသားအမှတ်နှင့် ကိုက်စားနေလေသည်။ မိဘများလည်း စိတ်မချမ်းသာဖြစ်ပြီး ရွာသူကြီး ဦးလှမြိုင်ထံ ရောက်လာကြပြီး အခြေအနေကို ပြောပြလေသည်။

"ဒါ သွေးရိုးသားရိုး မဟုတ်ဘူး။ ညက ဒီကလေးတွေ အရက်သောက်ကြတယ်တဲ့။ အရက်ရောင်းတဲ့ ငဝိုင်းအိမ်ကို သွားစုံစမ်းရအောင် - လာ"

ဟု ခေါ်ပြီး ငဝိုင်းအိမ်သို့ရောက်လာကြသည်။ အရက်ဆိုင်မှ ငဝိုင်းက သူသိသောသတင်းကို ပြန်ပြောပြလေသည်။

"ညက ဒီကလေး(၅)ယောက် ဒီဆိုင်မှာ အရက်သောက်ကြတယ်။ အရက်မူးပြီး ရွာဦးကျောင်းက ဆေးဆရာကြီးကို ကြည့်မရဘူးဆိုပြီး ပြောကြတယ်။ ဝက်သတ်တဲ့ဓားတွေကိုင်ပြီး ကျောင်းဘက်ကိုထွက်သွားကြတာပဲ"

ရွာသားတစ်ယောက်က -

"ဟုတ်တယ်၊ ဒီကလေး (၅) ယောက် ကျောင်းဘက်သွားတာ တွေ့လိုက်တယ်"

ဟု ထောက်ခံပြောသည်။

"ကဲ - ဒါဆိုရင် ကျောင်းကို သွားစုံစမ်းကြတာပေါ့။ လာကြ၊ လာကြ"

ဟု ဦးလှမြိုင်မှ ခေါင်းဆောင်၍ ကျောင်းသို့ ရောက်လာကြလေသည်။

အဘသည် သိမ်ထဲတွင် ပုတီးစိပ်နေသည်။ ရွာဦးကျောင်းဆရာတော်ထံသို့ ရောက်လာသည်။ ညကအဖြစ်အပျက်ကို လျှောက်ထားကြလေသည်။

ဆရာတော်က -

"ညက သိမ်ထဲမှာ မိုးခြိမ်းသံလို အသံကြားရတယ်။ မီးခိုးလုံးကြီးလည်း တွေ့လိုက်ရတယ်။ ကလေးတွေ သူတော်ကောင်းကို ပြစ်မှားမိတယ်နဲ့ တူတယ်။ ဘုန်းကြီးလည်း မတတ်နိုင်ဘူး။ တတ်နိုင်တာကတော့ ပြစ်မှားတဲ့သူက ငှက်ပျောပွဲ၊ အုန်းပွဲတွေပြင်ပြီး ကန်တော့တောင်းပန်လိုက်ကြပေါ့။ သူတော်ကောင်း ဆိုတာ သည်းခံတတ်တယ်၊ ခွင့်လွှတ်တတ်ကြပါတယ်"

ဟု မိန့်ကြားလိုက်ပါသည်။

ရွာသူကြီးဦးဆောင်သော ရွာသားကြီးရွာမှလူများ၊ လူငယ်(၅)ဦးနှင့် မိဘများ ငှက်ပျောပွဲ၊ အုန်းပွဲ ပြင်ဆင်ပြီး အဘထံ ကန်တော့တောင်းပန်လေရာ အဘက သည်းခံ ခွင့်လွှတ်ပါသည်။ ထို (၅)ယောက်လည်း ရောဂါပျောက်သွားလေတော့သည်။

ကိုလှအောင် ကျောင်းသို့ အပြေးရောက်လာလေသည်။ အဘကို စိတ်မချသဖြင့် သစ်တောဓမ္မာရုံသို့ ပြန်ပင့်သွားသည်။ ထိုစဉ်က အဘကို ပုပ္ပားအောင်မင်းခေါင်ဟု မသိကြပေ။ သာမန် ဆေးကုသောအဘဟုပင် သိကြလေသည်။

"လှအောင်၊ ငါတို့ ဓာတ်ပန္နက်ရိုက်ရအောင်"

"ဟုတ်ကဲ့ အဘ"

"ဘုန်းကြီးကျောင်းရဲ့အရှေ့ဘက်မှာ ဘုရားတစ်ဆူတည်ရအောင်။ (၁၀) ပေ × (၁၀) ပေ ပတ်လည် အနက် (၆) ပေ တူးကွာ"

"ဟုတ်ကဲ့ အဘ"

"ဖွဲပြာလှည်းအစီး(၄၉)စီးထည့်"

"ဟုတ်ကဲ့၊ ဘယ်တော့စ,ရမလဲ အဘ"

"မနက်ဖြန် စ,မယ်"

အခြားသူများ ဘုရားတည်တာ မြေတူးတယ်။ အမာခံအုတ်တွေ၊ အင်္ဂတေတွေထည့်တယ်။ အခိုင်အမာတည်ဆောက်တယ်။ ငါတို့အဘက ဘုရားတည်တာ မြေကြီးကျင်းတူးပြီး ဖွဲပြာထည့်ခိုင်းတာ အံ့သြစရာပါပဲ။ အဘကို မေးကြည့်ပါသည်။

"အဘ၊ ဘုရားတည်တာ သူများတွေကတော့ အုတ်တွေ၊ သံချောင်းတွေ၊ အင်္ဂတေတွေနဲ့ အခိုင်အမာ တည်ဆောက်တယ်။ အခု အဘက ဖွဲပြာတွေ စုပုံခိုင်းတယ်။ အဲဒါ သား မရှင်းလို့"

"ဟေ့ကောင် လှအောင်၊ သူများတွေ ဘုရားတည်တာက လူတွေက တည်တာကွ။ ငါဘုရားတည်တာက ဝိဇ္ဇာကွ"

ဟု ပြောလေသည်။

ကိုလှအောင် ဘာမှမပြောနိုင်ပါ။ အဘခိုင်းသမျှ လုပ်ပေးပါသည်။ ဖွဲပြာ (၄၉) စီးတိုက်၍ ကျင်းထဲတွင် စုပုံပေးပါသည်။ ထိုဖွဲပြာပေါ်တွင် အဘသည် ဓာတ်ပန္နက်ရိုက်သည်။ ဓာတ်ပေါင်းစုစေတီတည်သည်။ စေတီလေးက (၉)ပေသာ ဉာဏ်တော်အမြင့်ရှိသည်။ လေးထောင့်ပုံဖြစ်သည်။ အပေါ်စုပြီး အပေါ်တွင် လည်ရစ်ဖော်ပြီး ထီးတင်ထားလေသည်။ လေးထောင့်လေးမျက်နှာတွင် လိုဏ်ဂူလေးများ ပါရှိပြီး ဘုရားရုပ်တု (၄) ဆူ ထည့်သွင်းပူဇော်ထားပါသည်။ ထိုစေတီမှာ ယခုအခါ မရှိတော့ပါ။ (၂၇) တောင်စေတီတစ်ဆူကို ငုံ၍ ထပ်တည်လိုက်ပါသည်။ ကမ္ဘာတွင် ဖွဲပြာပေါ်၌ တည်နိုင်သောသူတစ်ဦးမှမရှိပါ။ ဖွဲပြာပေါ်မှာ တည်ထားသော ဓာတ်ပေါင်းစုစေတီ တည်ပြီးနောက် မြန်မာပြည်အနှံ့ ဘုရားများကို တည်လေတော့သည်။ များမကြာမီ အဘသည် ပြည်သို့ ကြွသွားလေသည်။

ပြည်တွင် အခြေပြုပြီး အနောက်ရိုးမသို့ ဝင်သည်။ အင်္ဂပူမြို့နယ် ကွင်းတောက်တွင် ရဟန္တာကြီး ဦးကလျာဏ တည်ခဲ့သော ဘုရားများကို ပြန်လည်ပြုပြင်သည်။ ပျက်စီးနေသော သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင်သည်။အနောက်ရိုးမထဲမှ 'ကျားအောင်း' တောသို့ ဝင်သည်။ ရဟန္တာကြီး တရားအားထုတ်ခဲ့သောဂူကို ပြုပြင်ထိန်းသိမ်းသည်။ ရဟန္တာကြီး ဦးကလျာဏမှ ပိန္နဲကွင်းတွင် ယခုအချိန်ထိ မပုပ်မသိုးဘဲ ရုပ်ကလာပ်ကျန်ရှိနေပါသည်။

ကိုလှအောင်သည် အဘရှိရာ ပြည်သို့ လိုက်၏။ အဘ၏ ဝေယျာဝစ္စများကို ပါရမီဖြည့်ပေးသည်။ မြန်မာပြည်သို့ ပြည်တော်ပြန်ဝင်လာပြီးနောက် ပထမဆုံးတွေ့ရသော တပည့်အရင်းသည် ကိုလှအောင်တစ်ယောက် ဖြစ်ပါတော့သည်။

(တတိယအကြိမ် တောင်ရိုးတဲရွာ ပြည်တော်ဝင်ပွဲမှ ခဏတွေ့လိုက်ရသော ဦးလှအောင်၏ ပြောကြားချက်များအား မှတ်တမ်းပြုထားခြင်း ဖြစ်ပါသည်။)

အဏ္ဏဝါလှိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကျောက်လောကမှာရော ဒီရှေးဟောင်းပစ္စည်းတွေ ရောင်းဝယ်ကြတဲ့နေရာမှာ ပွဲစားတွေကြောင့် ပစ္စည်းအစစ်ကို အတုထင်၊ အတုကို အစစ်ထင်နဲ့ ထင်ယောင်ထင်မှားဖြစ်တတ်ကြပါတယ်။ ကြေးနီပိုက်ဆံပြားအတုကို ပန်းထိမ်မှာ ကြေးချွတ်၊ အရောင်တင်၊ နောက် ပိုက်ဆံပေါ်မှာ လွန်ခဲ့တဲ့ နှစ် (၂၀၀)၊ (၃၀၀) လောက်ကတည်းက ဖုန်တွေ၊ ကြေးတွေ၊ ကြေးညှိတွေတက်နေတဲ့ပုံစံမျိုး သဘာဝကျအောင်လုပ်။ ပြီးတော့ ရှေးဟောင်းပစ္စည်းအစစ်ပါလို့ ခပ်တည်တည်နဲ့ ရောင်းတတ်သူတွေလည်း အများအပြား တွေ့ရတတ်ပါတယ်။ ကိုမြင့်ဝေကိုယ်တိုင်တောင်မှ တစ်ခါမတော့ ငွေရည်စိမ်ကြေးပြားတွေကို ငွေအစစ်လို့ထင်ပြီးမှ မှားဝယ်ခဲ့တာမျိုးရှိခဲ့ဖူးပါတယ်။

ဆုံးရှုံးမှုတွေများလာ၊ ခံရတာတွေများလာ၊ အလိမ်ခံရဖန်များလာတော့မှ တွေ့ကြုံခဲ့ဖူးတာတွေ သင်ခန်းစာယူပြီးတော့မှ ပိုက်ဆံပြား (Coin) ကို အတု၊ အစစ်ခွဲလာနိုင်ပါတော့တယ်။ ဒါကြောင့်မို့လည်း ငှဖူးတဲ့မျက်လုံးကမှ ပိုလှတယ်လို့ ပြောကြသလားမှ မသိတဲ့ဟာ။

၂၀၀၃ ခုနှစ်လောက်က တံငါသည်တွေဟာ ဧရာဝတီမြစ်ထဲ ငါးဖမ်းကြရင်းက ပိုက်ထဲမှာ နှစ်ပိဿာခွဲ ခြင်္သေ့ကိုင်ဆွဲ ရှေးဟောင်းအလေးကြီး... ကိုမြင့်ဝေဆီ ရောက်လာပါတယ်၊ ... တုန်းကတော့ ကိုမြင့်ဝေမှာက ... အကြုံ ဗဟုသုတကလည်း နည်း... တော့ ကြားကပွဲစားတွေရဲ့ စကား... ဟုတ်လိမ့်နိုးနဲ့ ထင်ယောင်ထင်မှား... ရပါတယ်။

"ဟာ - ဆရာရယ်၊ ဒီအ... ဘယ်ကလာ ရှေးဟောင်းအ... လဲ။ မယုံရင် ဆရာ မန္တလေး...



www.burmeseclassic.com

www.burmeseclassic.com

တမ္ပဝတီရပ်ကွက်ထဲ သွားကြည့် ဒီအလေးမျိုးတွေမှပြည့်လို့၊ ဘယ် နှစ်(၁၀၀)ကျော်က အလေးရပ့် တော့တ်တာလုပ်ကရော့မယ်"

အဲဒီတော့ ကိုမြင့်ဝေမှာ မဟုတ် ကို ဆရာတင်မိလို့ အဲဒီအလေးကို ငါးသောင်းနဲ့ ရောင်းလိုက်မိပါ ။ ကိုမြင့်ဝေဆီက တစ်ဆင့်ဝယ် တဲ့သူကတော့ သူ့ရဲ့ ကိုယ်ပိုင်ဆုံး ချက်နဲ့ ဒါရှေးဟောင်းပစ္စည်းအစစ် ပြန်ရောင်းတာ ငွေကျပ်နှစ်သိန်း င်မှ ရပါရောလား။ ဒီတော့မှ ဝေမှာ သူများစကား နားယောင်၊ စကားယုံစားမိတဲ့အတွက် နောင်တ ရခဲ့ရပါတယ်။

ကျောက်ပွဲစားလောကမှာတော့ မှတ်ပြုနေကြတဲ့ ပုံပြင်လေးတစ် ရှိပါတယ်။ အဲဒါကတော့ 'ဘယ်သူ တွေ ဘာပဲပြောပြော ကိုယ့်ကိုယ်ကိုယ် သာ ယုံကြည်မှုရှိလိုက်ပါ'ဆိုတဲ့ ပုံပြင်ပါ။ ကျောက်ပွဲစား၊ ရှေးဟောင်းပစ္စည်းတွေ ဝယ်ရောင်းလုပ်နေကြတဲ့ ပွဲစားများ မှတ်သားနိုင်ကြစေဖို့ ပြောပြပါဦးမယ်။

တစ်ခါက ရွာတစ်ရွာမှာ ရွာလူကြီးတစ်ယောက် ရှိပါသတဲ့။ အဲဒီရွာလူကြီးဟာ တစ်နေ့တော့ ရွာထဲဟိုလျှောက် ဒီလျှောက်လည်ရင်းက ဆိတ်တွေမွေးထားတဲ့အိမ်ရှေ့ရောက်တော့ ဆိတ်မွေးတဲ့လူက သူကြီးကို ဆိတ်ပေါက်လေး တစ်ကောင် လက်ဆောင်ပေးသတဲ့။ သဘောကတော့ သူကြီးဘာသာ အိမ်ရောက်ခါမှပဲ ပေါ်စားချင်လည်းပေါ်စား သတ်စား၊ မွေးထားချင်လည်း မွေးထားပေါ့။

သူကြီးကို ဆိတ်ပေါက်ကလေး ပေးတဲ့အိမ်က ရွာရဲ့ အရှေ့ထိပ်မှာပါ။ သူကြီးအိမ်က ရွာရဲ့အနောက်ဘက်ထိပ် မှာရှိပါတယ်။ ဒီတော့လား သူကြီးက လက်ဆောင်ရလာတဲ့ ဆိတ်ကလေးကို ကြိုးနဲ့ချည်၊ အိမ်ပြန်မလို့ ရွာလယ်လမ်းမ တစ်လျှောက် ဆွဲလာတော့တာပေါ့။

တစ်နေရာရောက်တော့ ရွာထဲက လူတစ်ယောက်က သူကြီးကို နှုတ်ဆက်ရင်း အာလာပ သလ္လာပပြောပါသတဲ့ဆို။

"ဟာ- သူကြီး၊ နေထိုင်ကောင်းရဲ့လား။ ဘာလဲ၊ သူကြီးက အိမ်လုံခြုံအောင်လို့ ခွေးမွေး တော့မလို့လား။ ဘယ်သူ့အိမ်က ခွေးမျိုးတဲ့လဲ။ ထွားတော့ထွားမယ့်ပုံဗျနော်"

"ဟာ-ဒီကောင်လုပ်ကရော့မယ်၊ ဘယ်ကလာခွေးမွေးရမှာလဲ။ ငါဆွဲလာတာ ဆိတ်ရယ်ကွ ဆိတ်၊ ဆိတ်။ ခွေး မဟုတ်ဘူး"

"မသိပါဘူး သူကြီးရယ်၊ ကျုပ်က ခွေးများလားလို့ပါ" တဲ့။

ဒီလိုပြောသံကြားတော့ သူကြီးလည်း ကျွဲမြီးတိုတာပေါ့။ ဒီလိုနဲ့ ဆက်လာခဲ့လိုက်ပါတယ်။

ဒီနေ့က အဖိတ်နေ့လား၊ လပြည့်နေ့လား၊ လကွယ်နေ့လားပါပဲ။ ဘာနေ့ပဲဖြစ်ဖြစ် ဒီနေ့က ရွာထဲကလူတွေ အလုပ်နားကြတော့ အိမ်တွေမှာ လူစုံတက်စုံတွေ့နေရှိနေကြပါတယ်။ ဒီလိုနဲ့ သူကြီးဟာ ဆိတ်ပေါက်ကလေးကို ဆွဲလာရင်းက တစ်နေရာရောက်တော့ အိမ်ထဲက လူတစ်ယောက်က နှုတ်ဆက်ပြန်ပါရောလား။

"သူကြီး၊ နေကာပူကာပူသနဲ့။ အဖန်ရည်လေးသောက်ရင်း ခဏတစ်ဖြုတ်နားပါဦးတော့လား"

"မနားတော့ပါဘူးဗျာ၊ ရွာအရှေ့ဖျားက ပေးလိုက်တဲ့ ဆိတ်ပေါက်စကလည်းပါတော့ နောက်များမှပဲ သောက်ပါတော့မယ်"

"ကျုပ်ကတော့ သူကြီးပြောတာနဲ့ နားရှုပ်လို့သာ ကြားရ၊ သူကြီးလက်ထဲက ဆွဲလာတဲ့အကောင်ကို ခွေးလို့ကို ထင်တာရယ်"



(ကျောက်စဲ) မောင်သင်းထုံ

# ရှေးဟောင်းပစ္စည်း . . . နှစ်ပိဿာခွဲ . . . အလေးကြီး



www.burmeseclassic.com

www.burmeseclassic.com

"ကြဲကြဲဖန်ဖန် မောင်ရာ ဆိတ်၊ ဆိတ်ပါ"

"ဟုတ်ပါပြီဗျာ၊ ရွာလူကြီးကိုယ်တိုင်ပြောမှတော့ ယုံရတော့မှာပေါ့။ အင်း - ဆိတ်. . . ဆိတ်. . . ဆိတ်"

ဒီလိုနဲ့ သူကြီး အဲဒီအိမ်ရှေ့ကသာ ထွက်လာခဲ့ရတာ သူစိတ်ကစနောင့်စနင်းနဲ့ပါတဲ့။ ငါ့ကို ဟိုအိမ်ကပေးလိုက်တာ ဆိတ်ခြံထဲက ဆိတ်တော့ဆိတ်ပါ၊ ဒါနဲ့များ လူတွေက ဘောက်မဲ့ကြောင့် ခွေး၊ ခွေးနဲ့ ပြောနေကြပါလိမ့်မလဲပေါ့။ သံသယတော့ဖြစ်လာပြီရယ်။ သူကြီးက ဆိတ်ပေါက်စကို စိတ်ပျက်လက်ပျက်နဲ့ဆွဲလာလိုက်တာ့ တစ်နေရာကိုရောက်ပြန်ရော။

"သူကြီးလုပ်နေပြီး ကိုယ့်အိမ်ခွေးမွေးတော့ ရပ်ရွာထဲတ အရေးအကြောင်းရှိရင် ဘယ်သူက အရေးတကြီးလာရဲကြပါတော့မလဲ။ သူကြီးလက်ထဲက ခွေးကမျိုးကောင်းရဲ့လား။ ကိုက်တတ်လို့တော့ မဖြစ်ဘူးနော်"

"ဟာ - လာပြန်ပြီ တစ်ယောက်။ ဆိတ်ပါကွ၊ ဘယ်ကလာခွေးရမှာလဲ။ ငါ့အိမ်မှာခွေးရှိပြီးသား ခွေးထပ်မမွေးဘူး။ ဟော့ကောင် ဒါ ဆိတ်"

"ဩော်-တို့ရွာသူကြီးကလည်း ရွာလူကြီးဖြစ်ပြီး တစ်ခါတလေကျတော့လည်း အတည်ပေါက်နဲ့ကို နောက်တတ်သေးတာပါပဲလားနော်"

"နောက်စရာလည်းမလိုဘူး၊ ဆိတ်မို့ ဆိတ်ပြောတာကွ။ ခွေးမဟုတ်ဘူး၊ ဆိတ်. . . ဆိတ်ရယ် တောက်"

"သူကြီးရယ်၊ ကိုယ့်ရွာသားချင်းဟာပဲ ဒေါသတော့မကြီးလိုက်ပါနဲ့။ ရွာလူကြီးစကား မပယ်ရှားသင့်လို့မို့ ကျုပ်တော့ ဖွတ်ယုံရဦးတော့မှာပါ။ ဘုရားပေးပေး၊ ကျမ်းပေးပေး ကျုပ်ကတော့ ဆိတ်မဟုတ်လောက်ပါဘူး။ ခွေးမှ ခွေးအစစ်ပါ"

"ငါ တယ်လေကွာ. . . တောက်"

ဒီတစ်ခါတော့ သူကြီးကိုယ်တိုင်ပြောရဆိုရ ငြင်းရပယ်ရပေါင်း များလာတော့ အားမရှိတော့ပါဘူး။ တစ်ယောက်လည်းမဟုတ်၊ နှစ်ယောက်လည်းမဟုတ်၊ သုံး၊ လေးယောက်. . . မြင်သူတိုင်းက ခွေးလို့ပြောလာတော့ သူဆိတ်အစစ်ကို သူကိုယ်တိုင် ယုန်ထင်ကြောင်ထင် သံသယဖြစ်လာပါရောလား။ အမှန်က ဆိတ်က ဆိတ်အစစ်ပါ၊ သူတကာတွေ ပြောတဲ့နောက် စိတ်ယိုင်ပြီး ထင်နေ၊ ယုံနေမိတာပါ။

အမှန်က ပွဲစားကောင်းတွေ ဆိုတာ ကိုယ့်အလုပ်အပေါ် သံသယမဖြစ်ရပါဘူး၊ လုံးဝကိုယုံကြည်မှုရှိကြရပါမယ်လို့ ပွဲစားအိုကြီးတွေက ပွဲစားငယ်လေးတွေအပေါ် အဲဒီပုံပြင်ပြောပြီး ဆုံးမတတ်ကြပါတယ်။



ကိုမြင့်ဝေရဲ့မိတ်ဆွေတစ်ယောက်ကတော့ ကျောက်စိမ်းဘော်ဒီသားတစ်တုံးကို စိတ်ကြိုက်ဈေးနဲ့ရလို့ သေချာပေါက် မြတ်ရမည် ယုံကြည်ပြီး ဝယ်လာခဲ့ပါတယ်။ သူ့ရဲ့ အတွေ့အကြုံအရလည်းပဲ ဒီကျောက်စိမ်းတုံးဟာ ဘော်ဒီသားအမြတ်ရရင် ကြီးကြီးမားမားရမှာလို့ ရဲရဲတင်းတင်းကို ယုံကြည်တာပါ။

ဒါပေမယ့် ဖြစ်ချင်တော့ တခြားပွဲစားတွေနဲ့ ပြကြည့်တဲ့အခါ အမျိုးမျိုးပြောလာကြပါတယ်။

"ကိုအပွာရေ ဒီတစ်ခါတော့ဖြင့် ခင်ဗျား လုံးလုံးကြီးကိုမှားပြီဗျ။ သွားပြီ၊ ဒီကျောက်ကြီးက အတုကြီးဗျ။ ဘော်ဒီသားဘယ်ကလာဟုတ်ရပ့ါမလဲ။ ပလွန်ကြီးဗျ၊ ပလွန်ကြီးရယ် ခက်လိုက်တာ"

လို့ လူတွေကအဲဒီလိုပြောကြတာ များလာတော့ ဝယ်လာတဲ့လူလည်း စိတ်ဓာတ်တွေအကြီးအကျယ်ကျပြီးတော့မှ သွားစမ်းကွာ၊ ဒီကျောက်တုံးကြီး ဆိုပြီး လှည့်မကြည့်ချင်တာနဲ့ ခုတင်အောက် ဒီအတိုင်း ပစ်ထားလိုက်တော့တာပါ။

နောက်ထပ် သုံး၊ လေးလလောက်ကြာပြီး တစ်နေ့မှာတော့ အဲဒီကျောက်ပွဲစားအိမ်ကို ကျောက်ကုန်သည်ကြီးတစ်ယောက် ရောက်လာပါတယ်။

"ဘယ်လိုလဲ ကိုယ့်လူ၊ ကျောက်ကောင်းကောင်းလေးများ ဖွက်ထားသိမ်းထားတာရှိရင် ပြပါဦးဗျ။ လုပ်ပါ၊ ကြည့်ကြည့်ရအောင်"

ကျောက်အဝယ်မှားလို့ စိတ်ညစ်နေတဲ့သူကတော့ စိတ်မပါတပါနဲ့ ပြော သတဲ့။

"ခင်ဗျားကြည့်ချင်ရင်တော့ ဟောဟိုအောက်မှာသာ ကြည့်တော့ဗျာ"

ဆိုပြီး ခုတင်အောက်ဆီ စိတ်မပါ တပါနဲ့ လက်ညှိုးထိုးပြသတဲ့။ ကျောက် ကုန်သည်က ခုတင်အောက်ကကျောက် စိမ်းတုံးကိုထုတ်ကြည့်ပြီးမှ -

"ခင်ဗျားဘယ်လောက်ရရင် ရောင်း မလဲ"

လို့ မေးတော့ စိတ်ပျက်နေတဲ့သူ က -

"သုံးထောင်"

လို့ ပြောသတဲ့။

ဒီတော့ ကျောက်ကုန်သည်က ပြောတာပေါ့။

"သုံးထောင်ဆိုတော့ မများဘူးလား လားဗျာ" တဲ့။

ဒီတော့ ကျောက်ပိုင်ရှင်ပြောတာ က -

"ခင်ဗျားပဲ စဉ်းစားကြည့်၊ ဒီနေ့ ခေတ်မှာ နေ့စားအလုပ်သမားတွေ တောင်မှ တစ်ရက် နှစ်ထောင့်ငါးရာ၊ သုံး ထောင်ရနေကြတဲ့အချိန်။ ဒီလောက် မှမရရင် ဘယ်သူမှ အလုပ်လုပ်ကြတော့ မှာ မဟုတ်ဘူးဗျ"

လို့ ပြောသတဲ့။

တကယ်တော့ ကိုမြင့်ဝေရဲ့ မိတ် ဆွေ အဲဒီလူက ဒီကျောက်နဲ့ပတ်သတ် လို့ ဟိုလူကပြော၊ဒီလူကပြောနဲ့ကို ကြား တာနဲ့စိတ်ကုန်လှပါပြီ။ ဒီတော့ အလုပ် ကြမ်းသမားတစ်ယောက်ရဲ့ တစ်နေ့လုပ် အားခ သုံးထောင်ရရင် တော်ပါပြီဆိုတဲ့ သဘောနဲ့ သုံးထောင်လို့ပြောလိုက်တာ ပါ။ ကျုပ်သုံးထောင်ပေးရင် ကျောက် သာ ယူသွားပါတော့လို့ ပြောလိုက်ပါ တယ်။ ဝယ်မယ့်ကုန်သည်ကတော့ ကျပ် သိန်းပေါင်းသုံးထောင်လို့ ယူဆနေတာ ပါ။

"ဒါဖြင့် ကောင်းပြီ၊ ဈေးမဆစ် တော့ပါဘူး။ ခဏနေ တစ်ခေါက်ပြန် လာခဲ့ပါမယ်"

လို့ ပြောပြီး ကားကို ဝူးခနဲမောင်း ထွက်သွားခဲ့ပါတော့တယ်။ တကယ်ကို ခဏလေးပါပဲ၊ တော်နေကြာတော့ ကား နဲ့ ဝူးခနဲပြန်ရောက်လာပြီး မြွေရေခွံ ဆာ လာအိတ်တွေထဲ ငွေတွေထည့်လာပြီး ကားပေါ်ကနေ တစ်ထုပ်ပြီးတစ်ထုပ် ကန်ချ၊ ကန်ချ။ နောက်ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ကောင်းကျိုးအထွေထွေ ရကြစေ

ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့် ဆရာသမားတို့သည် အနန္တကျေးဇူးရှင် ဂိုဏ်းဝင်များဖြစ်ကြသည်နှင့်အညီ အနန္တငါးဖြာကို ယုံကြည်မြတ်နိုး ထာဝစဉ် ဦးထိပ်ပန်ဆင်ခြင်းဖြင့် လောကီချမ်းသာ သာမက နိဗ္ဗာန်ချမ်းသာသို့တိုင်အောင် အကျိုးပေးလေသည်။ ထာဝစဉ်မပြစ်မှား ထိုက်၊ မစော်ကားထိုက်သော အနန္တကျေးဇူးရှင်ကြီးများ ဖြစ်ကြသည်။

လောကတစ်ခွင်တွင် အမြတ်ဆုံး ရတနာသုံးပါးတို့အား မြတ်နိုးပူဇော်ကန်တော့နေကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်များနှင့်တကွ အခြားသော လူမှုကိစ္စအဝဝများ၌ အကျပ်အတည်း အခက်အခဲ အဆင်မပြေဖြစ်နေသူများ ချောမော အဆင်ပြေ အောင်မြင်ကြစေရန်၊ စိတ်ချမ်းသာကြစေရန် ရည်သန်လျက် အောက်ပါ ရတနာသုံးပါးနှင့် ပတ်သက်သော ဂါထာတော်များကို ယုံယုံကြည်ကြည်နှင့် လိုသူများပူဇော်နိုင်ကြစေရန် စုစည်းဖော်ပြ မျှဝေလိုက်ပါသည်။

**သဗ္ဗ ပရိက္ခာရ နိမ္မိတ ဂါထာတော်**

ဗုဒ္ဓေါ ဗုဒ္ဓဿ၊ ဣဒ္ဓိ ဗုဒ္ဓဿ နိမ္မိတံ ဓာတု ဗုဒ္ဓေါ၊

ဘဂဝါ တုမှာကံ၊ အတ္တဘာဝံ နိမ္မိတံ ဗုဒ္ဓေါ၊

ဗုဒ္ဓေါ ဗုဒ္ဓဿ၊ ဣဒ္ဓိ ဗုဒ္ဓဿ နိမ္မိတံ စိတ္တံ ဗုဒ္ဓေါ၊

ဗုဒ္ဓေါ ဗုဒ္ဓဿ၊ ဣဒ္ဓိ ဗုဒ္ဓဿ နိမ္မိတံ ကာယ ဗုဒ္ဓေါ၊

ဗုဒ္ဓေါ ဗုဒ္ဓဿ၊ ဣဒ္ဓိ ဗုဒ္ဓဿ နိမ္မိတံ သညာဏ ဗုဒ္ဓေါ၊

၎င်းဂါထာတော်ကို နေ့စဉ်ရွတ်ဖတ်၍သော်လည်းကောင်း၊ ပိသမုန်ကန်စွာရေး၍ ထွက်မြတ်သောနေရာတွင်တင်ထား ကိုးကွယ်၍သော် လည်းကောင်း ခပ်သိမ်းသောအလိုကိုပြည့်စေ၏။

**အကြံအစည်ကို ကြိုတင်သိနိုင်သော ဂါထာ**

ဃင္ဃေသိ ဃင္ဃေသိ ကိံ ကရဏာ ဃင္ဃသိ၊
အဟံပိတံ ဇာနာမိ ဇာနာမိ သော ကော ကုတော ဘယံ။

**အန္တရာယ်မပြု ဂုဏ်လေးခု**

၁။ ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ တထာ မေ ဟောတု၊

၂။ ဗုဒ္ဓါနံ သဗ္ဗညုတ ဉာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ တထာ မေ ဟောတု၊

၃။ ဗုဒ္ဓါနံ ဥဒ္ဒိဿ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု၊

၄။ ဗုဒ္ဓါနံ ဒွတ္တိံသ မဟာပုရိသ လက္ခဏာနံ အသီတိယာ အနုဗျဉ္ဇနာနဉ္စ ဗျာမပ္ပဘာ ဒိရံသီနဉ္စ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

ဤဂါထာတော်ကို မိမိအသက်၊ အသိဉာဏ်ပညာ၊ ဥစ္စာစီးပွား၊ ခြေလက် အင်္ဂါ၊ ကိုယ်ခန္ဓာ၊ စွမ်းရည်သတ္တိတို့ အန္တရာယ်မရှိ၊ ထိခိုက်ဆုတ်ယုတ်ခြင်းမရှိ၊ တိုးပွားခိုင်မြဲလိုသူများအဖို့ အရကျက်မှတ် ရွတ်ဆို ပူဇော်ကြပါ။

**နမောဗုဒ္ဓါယသိဒ္ဓံ**

၁။ **န**ကာရော ကကုသန္ဓော၊
၂။ **မော**ကာရော ကောဏာဂမနော၊
၃။ **ဗု**ကာရော ကဿပေါဗုဒ္ဓေါ၊
၄။ **ဒ္ဓါ**ကာရော ဂေါတမသကျပုတ္တော၊
၅။ **ယ**ကာရော အရိမေတ္တေယျော။

* ဣမေ ပဉ္စဗုဒ္ဓါ မမ သီသေ နိစ္စံ တိဋ္ဌန္တု။

မိမိမွေးနံဂြိုဟ်အရပ်မှစ၍ အရပ်ရှစ်မျက်နှာကို (၃) ခေါက်စီ ရွတ်ပြီးလျှင် မိမိမွေးနံဂြိုဟ်အရပ်မှာ (၃) ခေါက်ပြန်ရွတ်ပါ။

အကြောင်းကိစ္စရှိသော် မိမိသွားလိုရာအရပ်သို့ ခြေစုံရပ်ပြီး မျက်နှာမူလျက် (၇) ခေါက် ရွတ်ပါ။ ရွတ်ပြီးလျှင် ဘယ်ခြေထောက်ကို စ၍လှမ်းပါ။

သတိ - ကျွဲ၊ နွား၊ ဝက်၊ အရက် ရှောင်ကြဉ်ထားပါ။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

---

"ရော့ - ကျောက်ဖိုးငွေ ကျပ်သိန်းသုံးထောင်၊ ကျွန်တော့်ကို ကျောက်အပ်တော့"

လို့ ပြောသတဲ့။ အရောင်းအဝယ်က ဖြစ်ပါပြီ။

တကယ်တော့ ကျောက်က အစကတည်းက အစစ်ပါ။ ကိုမြင့်ဝေရဲ့မိတ်ဆွေက ပွဲစားတွေရဲ့စကား နားယောင်ပြီး ကျောက်ကြီးက အတုကြီးထင်ပြီး စိတ်ဓာတ်တွေကျ၊ ဟိုလူကပြောဒီလူကပြောနဲ့ကို နောက်ဆုံး ဒီကျောက်ကိုမမြင်ချင်၊ မကြည့်ချင်ဖြစ်ပြီး ကျောက်ဆိုရင် ကြောက်နေခဲ့ရတဲ့အဖြစ်ပါ။ ကြည့်ပါလား၊ ဒါကြောင့်မို့ ဖြစ်ချင်ရာဖြစ် ရသလောက်နဲ့ရောင်းမယ်ဆိုပြီး ငွေကျပ်သုံးထောင်မို့ သုံးထောင်ပဲပေးတော့လို့ ပြောလိုက်တာပေါ့။ ဒါပေမယ့် ကျောက်ကုန်သည်ကတော့ သူ့အမြင်မှာ ပစ္စည်းအစစ်၊ ကျောက်အစစ်မို့ အစစ်ဈေး ကျပ်သိန်းသုံးထောင်ပေးဝယ်သွားခဲ့ပါရောလား။

ဒါကြောင့်မို့ ကိုမြင့်ဝေကတော့ နောက်ဆို ပစ္စည်းတစ်ခုရဲ့တန်ဖိုး ဆုံးဖြတ်တော့မယ်ဆိုရင် ကြားလူတွေ ဘာတွေပဲ ပြောနေပလေ့စေပါ။ မိမိရဲ့ကံ၊ ဉာဏ်၊ ဝီရိယ၊ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်၊ ကိုယ့်အတွေ့အကြုံနဲ့ နှိုင်းယှဉ်ပြီးမှသာ အတု၊ အစစ်ကို ကိုယ့်စိတ်နဲ့ကိုယ် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်သင့်လှပါတယ်။ ကြားပွဲစားတွေစကားကြောင့်တော့ဖြင့် နားယောင်တာ၊ နောင်တရတာ၊ စိတ်ဓာတ်ကျတာတွေ မဖြစ်သင့်တဲ့အကြောင်းကို မိတ်ဆွေကနေတစ်ဆင့် ကိုမြင့်ဝေ သင်ခန်းစာတွေ တစ်လှေကြီးရလိုက်ပါတော့တယ်ခင်ဗျား။

မောင်သင်းထုံ(ကျောက်မဲ)



www.burmeseclassic.com

www.burmeseclassic.com

လှမိုး(ပညာရေး)

# မေ့လျော့နေသော လီဒိုလမ်းမကြီး

အင်းတော်မြို့ ပတ်ဝန်းကျင်တွင် အခြေစိုက်ကြမည့် အထူးတပ်မဟာ (၃) တပ်အနက် ကျွန်တော် တပ်မှူးအဖြစ် ဦးဆောင်ရမည့် တပ်မဟာမှာ မြန်မာနိုင်ငံအတွင်းသို့ ခြေလျင်ချီတက်ရမည် ဖြစ်သည်။ ဗိုလ်မှူးချုပ် မိုက်ဖကာလ်ဗထံနှင့် ဗိုလ်မှူးချုပ် ဂျိုးလင်တင်နီတို့ ဦးစီးသော တပ်မဟာနှစ်ခုမှာမူ လေယာဉ်ပျံများ၊ ဂလိုက်ဒါခေါ် စက်မဲ့ယာဉ်များဖြင့် သတ်မှတ်ထားသော နေရာများတွင် ဆင်းသက်ကြရမည် ဖြစ်ပါသည်။ ကျွန်တော့် တပ်မဟာ အပါအဝင် တပ်မဟာ(၃)ခု အင်းတော် မြို့တစ်ဝိုက်သို့ ဆိုက်ရောက်ရမည့်အချိန်မှာ ၁၉၄၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့ ဖြစ်ပါသည်။

ကျွန်တော် ဦးစီးသောတပ်က အင်းတော်မြို့ အရှေ့တောင်ဘက်နှင့် အနောက်မြောက်ဘက်တွင် ဂျပန်ဘုရင့်တပ်များ ဆောက်လုပ်ထားသော လေယာဉ်ပျံကွင်းနှစ်ကွင်းကို သိမ်းပိုက်၍ ထိုလေယာဉ်ကွင်းနှစ်ကွင်းကို ဆက်လက် ထိန်းသိမ်းရမည်။ အိန္ဒိယမှ ချီတက်လာမည့် ရိုးရိုးတပ်မဟာတစ်ခု ရောက်လာသည်အထိ စောင့်ရှောက် ထိန်းသိမ်းထားရမည် ဖြစ်ပါသည်။


ကျွန်တော်၏ အထူးခြင်ဒစ်တပ်မဟာမှာ လူ(၄၀၀၀)နီးပါးနှင့် ဝန်တင်လားအကောင် (၆၀၀) ပါဝင်သော ဗိုလ်ချုပ် ဝင်းဂိတ် ဦးစီးသည့် ရန်သူတို့၏ နောက်ပိုင်း ထိုးဖောက် ဝင်ရောက်ရမည့် ပြောက်ကျားတပ်မဟာ ဖြစ်ပါသည်။ ကျွန်တော့်တပ် ချင်းတွင်းမြစ်ရှိရာသို့ ချီတက်ရမည့် လမ်းတွင် ဂျပန်တပ်များရှိနေသဖြင့် မြန်မာနိုင်ငံတွင်းသို့မရောက်ခင်ပင် တိုက်ပွဲများဖြစ်ပွားရမည်။

ဤကဲ့သို့ တိုက်ပွဲများ ဖြစ်ပွားရခြင်းသည် ကျွန်တော်တို့၏ လျှို့ဝှက်အစီအစဉ်ကို အနှောင့်အယှက်ဖြစ်မည်မှာ သေချာနေပါသည်။ သို့ဖြစ်၍ ချင်းတွင်းသို့ဆင်းရန် လမ်းတစ်လမ်းရှာရမည် ဖြစ်၏။

ဤတွင် ကျွန်တော် တပ်မဟာမှ ဗိုလ်မှူး ဖရေဇာ (နောင်အခါ သူရဲကောင်းမှတ်တမ်းဝင် ဆုချီးမြှင့်ခံရသူ) က ဗိုလ်ချုပ်ကြီး စတီးဝဲ(လ်) ဖောက်လျက်ရှိသောလီဒိုလမ်းမှဆင်းရန် အကြံပေးခဲ့သည်။ လီဒိုလမ်းမှာ အာသံပြည်နယ် လီဒိုမြို့မှနေ၍ မြင့်မားလှသော ပတ်ကွိုင်တောင်တန်းကြီးဖြစ်ကာ ဟူကောင်းတောင်ကြားတွင် စီးဆင်းနေသော ချင်းတွင်းမြစ်သို့ ပေါက်သည့်လမ်း ဖြစ်သည်။

အထက်ဖော်ပြပါ စာပိုဒ်သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း မေ့လျော့နေသောစစ်မျက်နှာဟု သတင်းမီဒီယာများကကင်ပွန်းတပ်ခံရသော စစ်မျက်နှာတွင် ဖြတ်စစ် ဟူ၍ လည်းကောင်း ရန်သူနောက်ပိုင်း ထိုးဖောက် ဝင်ရောက်သည့် ပြောက်ကျားစစ် ဟူ၍ လည်းကောင်း ခေါ်ဝေါ်ခဲ့သော ဗိုလ်ချုပ်ဝင်းဂိတ်၏ အထူးစစ်ဆင်ရေးကို ဦးဆောင်ခဲ့သူ ဗိုလ်မှူးချုပ် ဖာဂတ်ဆင် ရေးသားထုတ်ဝေသော (The Wild Green Earth) 'စိမ်းရောင်စို' ဟူသောစာအုပ်မှ စာပိုဒ်တစ်ပိုဒ်ကို မြန်မာဘာသာ ပြန်ဆို ဖော်ပြထားခြင်း ဖြစ်ပါသည်။

ဗိုလ်မှူးချုပ် ဖာဂတ်ဆင်မှာ ကျွန်တော်တို့ စာဖတ်ပရိသတ်နှင့် မိတ်ဆွေဖွဲ့ပေးရန်မလိုဟု ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဖာဂတ်ဆင် ရေးသားထုတ်ဝေသောစာအုပ်များကို ကျွန်တော်တို့လေးစားရသော ကွယ်လွန်သူ စာရေးဆရာကြီး တက္ကသိုလ်နန္ဒမိတ်က မြန်မာဘာသာ ပြန်ဆိုထုတ်ဝေပြီး ဖြစ်ပါသည်။ ဗိုလ်မှူးချုပ် ဖာဂတ်ဆင်မှာ ဝင်းဂိတ်၏ ခြင်ဒစ်တပ်မဟာများ၏ တပ်မှူးများတွင် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော တပ်မှူးတစ်ယောက်သာ ဖြစ်သည်သာမက စကားပြေအရေးကောင်းသူနှင့် ပြောင်မြောက် ထက်မြက်သော ကဗျာဆရာတစ်ဦးလည်း ဖြစ်ပါသည်။ သူရေးသားထုတ်ဝေသော Beyond The Chindwin 'ချင်းတွင်းအလွန်' နှင့် အထက်တွင်





www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြခဲ့သော 'စိမ်းရောင်စို' တို့မှာ ဒုတိယကမ္ဘာစစ်ပြီးကာလ သောက်သောက်လဲ ရောင်းချခဲ့ရပြီး အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရသည့်စာအုပ်များဖြစ်ပါသည်။

သူ၏ အရောင်းရအသွက်ဆုံး စာအုပ်များကြောင့် ဗိုလ်ချုပ် ဝင်းဂိတ်၏ ခေါင်းဆောင်မှုဖြင့် တိုက်ခိုက်သော ပြောက်ကျားသေနင်္ဂဗျူဟာကို စစ်ရေးအကဲခတ်သူများ သိခွင့်ရခဲ့ပြီး သူ့တပ်များတွင် ပါဝင်ခဲ့သော အရာရှိအရာခံ၊ အကြပ်တပ်သားများ၏ သူရသတ္တိနှင့် အဆင်းရဲခံနိုင်မှု၊ မိမိအသက်ကိုစွန့်လွှတ်ရန်ဝန်မလေးမှု၊ တပ်သားအချင်းချင်း ရဲဘော်ရဲဘက်စိတ်ရှိမှု၊ လာမယ့်ဘေးပြေးတွေ့လိုမှုတို့အား လူအများသိခွင့်ရခဲ့ကြသည်။ ကျွန်တော်တို့နိုင်ငံ၏မြောက်ဘက်ပိုင်းရှိ မိုးကောင်း၊ အင်းတော်၊ မြစ်ကြီးနား၊ ဗန်းမော်ဒေသမြေပေါ်တွင် စစ်ဆင်ရေးတွင် ဂျပန်တို့အား မောင်းနှင်ထုတ်ရေးတွင် ခြင်ဒစ်တို့သည် မြန်မာနိုင်ငံသားများနှင့်အတူ လက်တွဲ၍ အသက်စွန့်တိုက်ပွဲဝင်ခဲ့သည်သာမက လူသိနည်းလှသောလီဒိုလမ်းမကြီးအကြောင်းကိုလည်း နိုင်ငံတကာမှ ပြည်သူအများ သိခွင့်ရစေခဲ့ကြရသည်။

မှန်ပါသည်။ ဒုတိယကမ္ဘာစစ် ကြီးကာလနှင့်ဒုတိယကမ္ဘာစစ်ပြီးကာလများတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ လူထုသည် မြန်မာနိုင်ငံ လားရှိုးမြို့မှ တရုတ်နိုင်ငံကူမင်းမြို့သို့ ဖောက်လုပ်ခဲ့သော တရုတ်-မြန်မာလမ်းမကြီးနှင့် မြန်မာနိုင်ငံ သံဖြူဇရပ်မြို့မှ ယိုးဒယား(ထိုင်း)နိုင်ငံသို့ ဖောက်လုပ်ခဲ့သော ယိုးဒယား (ထိုင်း)-မြန်မာလမ်းမကြီးတို့အကြောင်းကိုမူ အင်္ဂလိပ်-မြန်မာစာရေးဆရာကြီးများက စာအစ်စောင်ပေတစ်ဖွဲ့ ရေးသား ထုတ်ဝေခဲ့ကြသည်သာမက ယိုးဒယား-မြန်မာလမ်းမကြီးအကြောင်းကိုမူ ရုပ်ရှင်ပါ ရိုက်ကူး ပြသခဲ့ပြီးဖြစ်၍ လူသိများခဲ့ပြီး ဖြစ်သည်။ ထိုလမ်းမကြီးအကြောင်းဆောင်းပါးများကိုလည်း သတင်းစာများ၊ ဂျာနယ်များ မဂ္ဂဇင်းများတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ သို့သော် လီဒိုလမ်းမကြီးမှာမူ မေ့လျော့ခံနေရသောလမ်းမကြီး ဖြစ်ခဲ့ရသည်။ ဤလမ်းမကြီး ပြီးစီးအောင် အိန္ဒိယနိုင်ငံသားများ၊ တရုတ်နိုင်ငံသားများ၊ မြန်မာနိုင်ငံသားများသည် သွေး၊ချွေး၊ဇွဲနှင့် ရင်းနှီး၍ ဖောက်လုပ်ခဲ့ရပါသည်။

ဤလမ်းမကြီး စတင်ဖောက်လုပ်ရန် အကြံပြုခဲ့သူ၊ စိတ်ကူးထုတ်ခဲ့သူ၊ စစ်အတင်းတိုက်တွန်းသူမှာ အမေရိကန် ပြည်ထောင်စုသား ကြယ်သုံးပွင့်ရ ဗိုလ်ချုပ်ကြီး စတီးဝဲ(လ်) (နောင်အခါ ကြယ်လေးပွင့်ရဗိုလ်ချုပ်ကြီးဖြစ်လာသူ) ဖြစ်ပါသည်။ သူသည် တရုတ်ချန်ကေရှိတ်အစိုးရ၏ တပ်မတော်များ (မြန်မာနိုင်ငံထိုးစစ်တွင် ပါဝင်ခဲ့ရသော တရုတ်တပ်များ) ၏ စစ်သေနာပတိဖြစ်သည်သာမက တရုတ်စစ်သေနာပတိနှင့် ခေါင်းဆောင်ကြီး ချန်ကေရှိတ်၏ အကြံပေးလည်း ဖြစ်၏။

သို့ဖြစ်၍ သမိုင်းသုတေသီများ၊ သတင်းမီဒီယာသမားများက ဤလမ်းကို စတီးဝဲ(လ်)လမ်းဟု တင်ပွန်းတပ်ခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ထိုလမ်းသည် ကမ္ဘာ့သမိုင်းတွင် ဒဏ္ဍာရီတစ်ပုဒ်ဖြစ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုလမ်းသည် စိတ်ကူးယဉ်ဆန်ဖောက်လုပ်ထားသဖြင့် ဥရောပသမိုင်းမှ ရောမခေတ်လမ်းမကြီးနှင့် အလယ်ခေတ်မာကိုပိုလိုတို့ ခရီးသွားခဲ့သော ပိုးလမ်းမကြီးထက်ပင် ခံ့ညား၍ စိတ်ဝင်စားစရာကောင်းသည်ဟု ဆိုသည်။ အကျယ်ပေ (၃၀) ရှိ၍ အသွားလမ်း၊ အပြန်လမ်းနှစ်ကြောင်းတွဲဖြစ်သည်။ ကျောက်ခဲ၊ ကျောက်ကာ ရေစီးရန် လမ်းဘေးမြောင်းများ၊ တောင်စောင်းများမှကျလာသောရေများကိုလွှဲရန် တာတမံများလည်း ပြုလုပ်ထားသည်သာမက တံတားကြီးများမှာလည်း တန်ချိန်အတော်အသင့်တင်ဆောင်ထားသော ကုန်တင်ကားကြီးများမောင်းနှင်သွားနိုင်ရန် ခိုင်ခံ့သော တံတားကြီးများ ဖြစ်သည်။

မှတ်တမ်းများအရ ဆိုရသော် ဗြိတိသျှအစိုးရသည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီကပင် ဤဒေသကိုဖြတ်၍ လမ်းမကြီးဖောက်ရန် စဉ်းစားခဲ့ကြသည်။ လေ့လာမှုများလည်း ပြုလုပ်ခဲ့သည်။ ဤဒေသ၏ ရာသီဥတုကလည်း



www.burmeseclassic.com

ဆန်းသည်။တစ်ခါတစ်ရံ အရိုးကွဲအောင် ခိုက်ခိုက်တုန်ချမ်းနေရာမှ ပူလာလျှင်လည်း မခံမရပ်နိုင်အောင် ပူသည်။ မိုးရွာသည့်အခါတွင်လည်း ရက်ပေါင်းများစွာ မရပ်မနား ဒလဟောရွာနေရာ ဗွက်များ၊ နွံများ၊ ဒလဟောရေကျနေသည့် ချောင်းများအတိသာ ဖြစ်သည်။ မှက်၊ ခြင်၊ ယင်၊ မျှော့တို့ကလည်း ဤနေရာဤဒေသသို့ ခြေချလာမည့် လူနှင့် တိရစ္ဆာန်များကို အသင့်စောင့်နေသည်။ ငှက်ဖျားရောဂါ အပါအဝင် အခြားရောဂါဝေဒနာတို့ကလည်း ဤစုံတောမြိုင်ဒေသမှ အသင့်စောင့်လျက်ရှိရာ လမ်းဖောက်ရန် ကြံရွယ်သူများမှာ လက်လျှော့ခဲ့ရသည်။

တရုတ်နိုင်ငံအတွင်းသို့ ဂျပန်ဘုရင့်တပ်များသည် ထိုးဖောက် ဝင်ရောက်၍ မကြေညာသောစစ်ပွဲ ဆင်နွှဲလာခဲ့သောအခါ အမေရိကန်ပြည်ထောင်စု၊ ဗြိတိသျှနှင့် အနောက်နိုင်ငံအများသည် တရုတ်နိုင်ငံအတွင်းရှိ ၎င်းတို့ ရင်းနှီးမြှုပ်နှံထားသော အကျိုးစီးပွားအား ထိခိုက်လာမည်ကို စိုးရိမ်သောကရောက်လာခဲ့ရာ မြန်မာနိုင်ငံ လားရှိုးမြို့မှ တရုတ်နိုင်ငံ ကူမင်မြို့အထိ လမ်းမကြီးကို တိတ်တဆိတ် ဖောက်လုပ်ခဲ့သည်။ ထိုလမ်းမကြီးကို သတင်းမီဒီယာများက တရုတ်-မြန်မာလမ်းမကြီးဟု ကင်ပွန်းတပ်ခဲ့ကြ၏။

အမေရိကန် ပြည်ထောင်စုသည် တရုတ်နိုင်ငံသို့စစ်အသုံးအဆောင်ပစ္စည်းများ၊ လက်နက်ခဲယမ်းမီးကျောက်များ၊ ရိက္ခာများကို မြန်မာနိုင်ငံ ရန်ကုန်မြို့မှ တစ်ဆင့် တရုတ်-မြန်မာလမ်းမကြီးအတိုင်း တင်ပို့ပေးခဲ့ရသည်။ ၁၉၄၀ ပြည့်နှစ်တွင် ဗြိတိသျှအစိုးရအား ဂျပန်တို့က ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သဖြင့် ဂျပန်တို့အလိုကျ ဗြိတိသျှအစိုးရသည် ယင်းတရုတ်-မြန်မာလမ်းမကြီးကို ပိတ်ခဲ့ရသည်။ ဤတွင် တရုတ်အစိုးရအဖို့ ခက်ဖွယ်ကြုံရသည်။

အမေရိကန် ပြည်ထောင်စုနှင့် အင်္ဂလန်နိုင်ငံတို့ကလည်း အိန္ဒိယ-မြန်မာ-တရုတ်ကို ဖြတ်သန်းမည့် လမ်းမကြီး ဖောက်ရန် အမှန်လိုအပ်သည်ဟု ယူဆလာခဲ့သည်။ လက်ရှိပိတ်ထားခဲ့ရသော တရုတ်-မြန်မာလမ်းမကြီးကို ဆက်သွယ်မည့် အရန်လမ်းတစ်လမ်းဖောက်လုပ်ရန် အထူး လိုအပ်လာသည်ဟု အမေရိကန်ပြည်ထောင်စု အာဏာပိုင်အဖွဲ့နှင့် *ဗြိတိသျှအစိုးရအာဏာပိုင်အဖွဲ့အစည်း*များက ယူဆခဲ့ကြရာမှ ယနေ့မေ့လျော့ခြင်းခံနေရသော လီဒိုလမ်းမကြီးကို ဖောက်လုပ်ရန် တိတ်တဆိတ် စီစဉ်ခဲ့ကြသည်။

မြန်မာနိုင်ငံကို ဂျပန်တို့သိမ်းယူခဲ့သည်နှင့် လီဒိုလမ်းမကြီးဖောက်လုပ်ရန်မှာ အမှန်လိုအပ်လာသည်ဟု ဗြိတိသျှနှင့် အမေရိကန်ပြည်ထောင်စုအစိုးရတို့က ဆုံးဖြတ်ချက်ချခဲ့သည်။ ဤတွင် ငွေအား၊ စက်အား၊ လူအား တောင့်တင်းသော အမေရိကန်ပြည်ထောင်စုသည် ထိုစဉ်က အိန္ဒိယဘုရင်ခံချုပ်တာဝန်နှင့် ဗြိတိသျှတပ်မတော်များ၏ စစ်သေနာပတိဖြစ်သော ဗိုလ်ချုပ်ကြီး ဝေဘဲ(လ်)အား တာဝန်ပေးခဲ့ရာ ဗိုလ်ချုပ်ကြီး ဝေဘဲ(လ်)သည် ထိုစဉ်က ချန်ကေရှိတ်၏ တပ်မအချို့၏ စစ်သေနာပတိအဖြစ်လည်းကောင်း၊ ချန်ကေရှိတ်၏ စစ်အကြံပေးသေနာပတိအဖြစ် လည်းကောင်း တာဝန်ယူနေရသော အမေရိကန်ပြည်ထောင်စု ကြည်းတပ်မတော်မှ ကြယ်သုံးပွင့်ရ ဂျန်နရယ် စတီးဝဲ(လ်)အား ယင်းလီဒိုလမ်းမကြီးဖောက်ရန် တာဝန်ကိုပေးခဲ့သဖြင့် ထိုဒဏ္ဍာရီဆန်သောလမ်းမကြီးအား စတီးဝဲ(လ်)လမ်းမကြီး သို့မဟုတ် အိန္ဒိယနိုင်ငံ လီဒိုမြို့မှ စတင်ဖောက်လုပ်ခဲ့သဖြင့် လီဒိုလမ်းမကြီးဟု ကင်ပွန်းတပ်ခဲ့ခြင်း ဖြစ်၏။

ထိုလမ်းမကြီးကို စတီးဝဲ(လ်)နှင့် အမေရိကန်အင်ဂျင်နီယာများ ဦးဆောင်သောအဖွဲ့သည် ၁၉၄၂ ခု၊ ဒီဇင်ဘာလ ၁ ရက်နေ့က စတင်ဖော်ခဲ့ကြသည်။ ယင်းအချိန်တွင် ဂျပန်တို့သည် မြန်မာနိုင်ငံအား သိမ်းပိုက်ရန် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံမှ ပြင်ဆင်နေပြီ ဖြစ်သည်။ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ဤလမ်းစီမံကိန်းကိုလေ့လာကြသည်။ မြေတိုင်းအရာရှိများက မဖြစ်နိုင်သောစီမံကိန်းဟု ဆိုခဲ့ကြသည်။

သို့သော် စတီးဝဲ(လ်)သည် တာဝန်ရှိသူများ အကြမ်းလျာထားချက်အတိုင်း ဤလမ်းကို လီဒိုမှ အလုပ်သမား (၂၀၀) မြေတူးစက်ကြီး (၃)လုံးဖြင့် စတင်မည်ဟု ဆုံးဖြတ်ချက်ချထား၏။ ဤလမ်းစတင်သည့် အိန္ဒိယနိုင်ငံ ဗြဟ္မပုတ္တရမြစ်ဝှမ်းရှိ ဘင်္ဂလားနှင့် အာသံ မီးရထားလမ်းဆုံးမြို့ကလေးဖြစ်သော လီဒိုအကြောင်းကို ဤဆောင်းပါးအစကပင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ဤလမ်းကား ဖြစ်သည့်နည်းဖြင့် လိုအပ်ချက်အရ ဖောက်ကြရသည့်လမ်းဖြစ်ရာ ထိုလမ်း၏မြေနေအထားဖြတ်သန်းသွားရမည့် မြစ်၊ ချောင်းတို့၏ သဘာဝ စသည်တို့ကို ကြိုတင်၍ စေ့စေ့စပ်စပ် လေ့လာချိန်မရဘဲ ဖောက်လုပ်သွားခြင်းဖြစ်ရာ တွေ့ကြုံလာရသော အခက်အခဲများကို တာဝန်ရှိသူများက သင့်လျော်ဆုံးဖြစ်အောင် ဖန်တီးစီမံခဲ့ကြရ၏။ ဖောက်လုပ်စက ဂျပန်စစ်တပ်များ လှုပ်ရှားသွားလာနေသည့် နယ်မြေများကိုလည်း ဖြတ်ကျော်ခဲ့ရသည်။


နောင်ဖြစ်လာမည့်အရေးကိုနောင်အခါမှ ရှင်းလင်းမည်။ လမ်းအမြန်ဆုံးဖြစ်သွားရန်သာ အရေးကြီးသည်ဟု ဆုံးဖြတ်ထားရကာ မြေတူးစက်များ၊ မြေ





www.burmeseclassic.com

www.burmeseclassic.com



ကော်စက်များ မြေသိပ်အောင်ဖိသည့်စက်များ၊ ဝန်ချီစက်များ၊ ကျောက်ခွဲစက်များကို အမေရိကန်ပြည်ထောင်စုမှတိုက်ကြီးသုံးတိုက်၊ သမုဒ္ဒရာကြီးနှစ်ခုကို ဖြတ်ကော်၍ ခဲခဲယဉ်းယဉ်း သယ်ယူခဲ့ကြရသည်။ ထိုစက်ကြီးများကို အမေရိကန်ပြည်ထောင်စုမှ လီဒိုမြို့လေးအရောက်မိုင်ပေါင်း (၁၂၀၀၀) သယ်ယူခဲ့ကြရသည်။

ဤစက်ကြီးများရောက်လာသည်နှင့် အင်ဂျင်နီယာများသည် အလုပ်သမားများ၏ အကူအညီနှင့် လမ်းအူကြောင်းဆွဲသူကဆွဲ၊ တောရှင်းသူကရှင်း၊ စိမ်းမြေများ၊ ဗွက်များဖို့သူက ဖို့ကြရသည်။ အင်ဂျင်နီယာများက အင်ဂျင်နီယာမျက်စိဖြင့်ကြည့်ကြ၍ စစ်သားများက စစ်မျက်စိဖြင့်ကြည့်ကြရာ မကြာခဏ ညှိနှိုင်းခဲ့ကြရသည်။ အလုပ်သမားအများမှာလည်း လူမျိုးပေါင်းစုံသည်။ အိန္ဒိယတိုင်းရင်းသားများ၊ ဂေါ်ရခါးများ၊ ဘရုတ်များ၊ မြန်မာနိုင်ငံသားများနှင့် နာဂတိုင်းရင်းသားများ ပါဝင်ကြပြီး ကိုးကွယ်သည့် ဘာသာပေါင်းကလည်းစုံသည်။ (နောင်အခါ အလုပ်သမားပေါင်းနှစ်သိန်းကျော်သည်ဟု ဆိုသည်။)

ရာသီဥတုဆိုးရွားသည်တွင် ငှက်ဖျားရောဂါ ဝေဒနာမှာ မင်းအမူဆုံးဖြစ်သောရောဂါဝေဒနာ ဖြစ်သည်။ သိန်းနှင့်ချီသောအလုပ်သမားတို့အတွက် အဓိကပြဿနာမှာ သောက်သုံးရေ ဖြစ်သည်။ အချို့နေရာများတွင် ရေရှိသော်လည်း နေရာအချို့တွင်မူ ရေလုံးဝမရှိ။ သို့ဖြစ်၍ ရေသယ်ကားကြီးများသည် မိုင်ပေါင်းများစွာ လိုက်ပို့ကြရသည်။ တံတားများလည်း ဆောက်ခဲ့ကြရာ ခန့်မှန်းခြေအားဖြင့် (၃) မိုင်လျှင် တံတားတစ်ခုဆောက်ခဲ့ကြရသည်ဟု ဆိုသည်။

တစ်ခါတစ်ရံ ဂျပန်စစ်ကြောင်းများက စစ်ကြို၍လည်းကောင်း၊ လမ်းပိတ်၍လည်းကောင်းတိုက်ကြရာ မဟာမိတ်တပ်မတော်မှ စစ်ကြောင်းများက ရှင်းလင်းပေးကြရသည်။ ဤသို့ရှင်းပြီးသည်နှင့် လမ်းအူကြောင်းချသူများက စစ်သားများအကူအညီနှင့် ချပေးခဲ့ပြီး အင်ဂျင်နီယာများ၊ အလုပ်သမားများက ရွှေ့ပြောင်းလုပ်ငန်းများ ပြုလုပ်ကြရသည်။ တောင်စောင်း၊ တောင်နံရံများကိုလည်း မိုင်းဖြင့်ခွဲ၍ ရှင်းလင်းဖောက်ခဲ့ကြရ၏။ ဤလမ်းဖောက်လုပ်ရေး ခေါင်းဆောင်အမေရိကန်အရာရှိကြီးများ၊ မေဂျာဂျင်နယ် လူဝီအေပစ် ဆိုသူ အင်ဂျင်နီယာကြီး ဖြစ်သည်။ သူသည် အမေရိကန်ပြည်ထောင်စု မစ်ဆူရီပြည်နယ်တွင် ရေကာတာကြီး တည်ဆောက်ခဲ့သူ ဖြစ်သည်။

လီဒိုလမ်းမကြီးဘေးတစ်ဖက်တစ်ချက်၌ လေယာဉ်ပျံကွင်းကြီး လေးကွင်းနှင့် စစ်ရေးအရ အရေးပေါ်စစ်လက်နက်ပစ္စည်းရိက္ခာများ ချပေးနိုင်သည့် လေယာဉ်ကွင်းငယ်များ၊ လေယာဉ်ပြေးလမ်းများ၊ အရေးပေါ်လူနာတင်ရန်ဆင်းရမည့်လေယာဉ်ပျံကွင်းများ၊ အရေးပေါ်ဆေးပေးခန်းများ၊ ဆေးရုံများ၊ မော်တော်ကားရုံများ၊ တွင်ခုံစက်များ၊ ဂိုဒေါင်များလည်း ဆောက်ခဲ့ကြရပြီး ထိုစဉ်ကမှတ်တမ်းအရ အလုပ်သမားတပ်ရင်း (၁၀) ရင်းရှိခဲ့သည်ဟု ဆိုသည်။

ဤမိုင်ပေါင်း(၇၀၀)ကျော်ရှိသောလီဒိုလမ်းမကြီးကို ဗိုလ်ချုပ်ကြီး စတီး(ဝဲ)လ်သည် အလုပ်သမားပေါင်း နှစ်သန်းကျော်နှင့် အင်ဂျင်နီယာများ၏ သွေး၊ ချွေး၊ ဇွဲတို့ ရင်းနှီး၍ တစ်နှစ်ကျော်နှစ်နှစ်နီးပါးဖောက်လုပ်ရေးတွင် အကြောင်းအမျိုးမျိုးကြောင့် အသက်စွန့်လွှတ်ခဲ့ကြရသည်ဟူ၍ ဆိုကြပါကြောင်း။

လှမိုး (ပညာရေး)

Ref:

The Burma Road.
By D.webster



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လူးညာလှိမ့်ဖြင့် ညတာတို့သည် ရှည်လျားလွန်းလှပါတော့၏။ အိပ်ရာပြောင်းအိပ်သည်လည်း မဟုတ်ပါဘဲနှင့် ဘွားရွှေပုံ အိပ်မပျော်ဘဲရှိနေရပါလေသည်။ တစ်ညမျှ မြို့တောင်မြောက်ဘက်ခြား၍ ခွဲအိပ်ရသော သားဖြစ်သူကြောင့်ပင်ပဲလား မပြောတတ်တော့ပါပေ။ သေချာသည်ကတော့ အိပ်တဝက်နိုးတဝက်ဖြင့် မိုးလင်းရတော့မည် ဖြစ်ပါ၏။

"ငါဒီညဘာများဖြစ်နေတာပါလိမ့်"

ညနေစာစားခဲ့သည်တို့၌ အိပ်မပျော်စေသည်တို့ ပါနေသည်ပဲလား။ ပြန်စဉ်းစားကြည့်မိပါလေ၏။

"ရဲယိုရွက်နဲ့ ငါးခူးစဉ်းကောရယ်၊ ပဲနီလေးဟင်းချိုရယ်က မျက်စိကြောင်စရာလား။ အဲဒါတွေက ပိုတောင် အိပ်ကောင်းရဦးမှာ"

တကယ်ဆိုလျှင် ဘွားရွှေပုံအတွက် လောကကြီး၌ ပူပင်ကြောင့်ကြဖြစ်စရာ ဟူ၍ ဘာဆိုဘာမှပင်မရှိခဲ့ပါပေ။ သားဖြစ်သူ လုပ်ကိုင်ကျွေးမွေးခဲ့သည်တို့ဖြင့် အသက်ရှင်သခိုက် ငြိမ်းချမ်းစွာနေထိုင်စားသောက်ခဲ့ရသည်သာပင်ဖြစ်လေသည်။ ဘွားရွှေပုံ၏အိမ်ထောင်ဖက်ဖြစ်သော ကျောင်းအုပ်ဆရာကြီးဟောင်း ဆုံးပါးခဲ့ရသော်လည်း အိုးအိမ်တစ်ခုအနေနှင့်ပြောင်ပြောင်ရောင်ရောင်ကျန်ရစ်ခဲ့သဖြင့် မျက်နှာမငယ်ခဲ့ရပါပေ။

ယခုအချိန်တာကာလ အသက်ခြောက်ဆယ် လူကြီးပိုင်းအရွယ်ရောက်လာသောအခါတွင်လည်း သားဖြစ်သူလိမ္မာသဖြင့် အချိန်အားရတိုင်း တရားဘာဝနာအားထုတ်ခွင့်ရသင့်သလောက်ရရှိခဲ့ပါလေ၏။ သားဖြစ်သူ ကိုလှရွှေမှာ အသက်သုံးဆယ့်ငါးကျော်လာသည့်တိုင် အိမ်ထောင်မပြုဘဲ မိခင်ကိုလုပ်ကျွေးနေခဲ့သူ ဖြစ်လေသည်။ ကိုလှရွှေအလုပ်လုပ်သောဝပ်ရှော့မှာ မြို့သစ်ဘက်တွင်ဖြစ်၍ အလုပ်အသွားအပြန်အလှမ်းကွာသည်သာရှိပြီး အဆင်ပြေသောစားဝတ်နေရေးဖြင့် ရပ်တည်နိုင်ခဲ့ကြပါလေ၏။

ဘွားရွှေပုံနှင့် ကိုလှရွှေတို့ သားအမိတွင် လက်တိုလက်တောင်း အဖော်သဟဲဖြစ်သော မိန်းကလေးတစ်ဦးလည်းရှိနေပါလေသည်။ ထိုမိန်းကလေးမှာ ဘွားရွှေပုံ၏ မြေးမလေးဖြစ်ကာ သမီးကြီး မြမေမှ မွေးသောကလေး ဖြစ်၏။ မြမေမှာ တပ်မတော်သားတစ်ဦးနှင့် အိမ်

# ခင်(တောင်ကြီး)

## အတွင်းကလူနှင့်အပြင်ကလူ





www.burmeseclassic.com

www.burmeseclassic.com

ဆောင်ဘက်ဖက်ခဲ့ရာမှ မြန်မာပြည်နေ အနှံ့အပြား ရွှေ့နေခဲ့ရပါလေသည်။ ကြောင့် အကြီးဆုံးသမီး မိတာလေး ပညာရေးကျောင်းကောင်း၍သာ ဆက်တိုက်သင်ကြားစေလိုသည်ဟူသော အကြောင်းပြချက်ဖြင့် ဘွားရွှေပုံမှ ခေါ် ထားခဲ့ခြင်း ဖြစ်ပါ၏။ အမှန်စင်စစ် တွင် မြမေမှ မိတာနောက်၌ ယောကျ်ားလေးအမွှာနှစ်ဦး ဆက်တိုက်မွေးထား ဖြင့် မိတာကို ခေါ်ထားလိုက်ခြင်းအား သမီးဖြစ်သူ မပင်ပန်းစေလိုသည် ည်း တစ်ချက် ဖြစ်လေသည်။

ထို့ထက်ပို၍ အဓိကကျသည်က မိတာလေးသည် ကျောင်းအုပ်ဆရာ ကြီးဟောင်းဖြစ်သော ဘွားရွှေပုံ၏ ပွန်း ဝင်စားသည် ဟူသော အချက် ကြောင့် ဖြစ်ပါ၏။ လူဟောင်းဝင်စား ည်ဆိုသည်တို့က မှန်နေသည့်အတိုင်း တာ ဘွားရွှေပုံနှင့် ကိုလှရွှေတို့အား ယောဇဉ်ကြီးလွန်းလှပါလေသည်။ ထို့ ကြောင့် အိမ်တွင် အောက်ခြေသိမ်း လုပ်မှစ၍ တစ်အိမ်လုံးကို တာဝန်ယူ လုပ်ကိုင်ပေးနိုင်သူအဖြစ် ငယ်ငယ်ရွယ်ရွယ်နှင့် နိုင်နင်းလွန်းလှပါလေ၏။

ထိုကဲ့သို့ အရာရာအားကိုးရသော ကြောင့် ကြာသော် ကိုလှရွှေကလည်း ဖူးဖူးမှုတ်မတတ်ချစ်ခင်လာခဲ့ပါလေတော့သည်။ မိတာလေးကလည်း ကျောင်းပညာတွင်ပါ ထူးချွန်လေသောကြောင့် ကျောင်းရှိ ဆရာ၊ ဆရာမများကပါ ချီးကျူးကြရသောကလေးမျိုး ဖြစ်ပါ၏။

သို့ဖြင့် ဘွားရွှေပုံ၏ အိုကြီးအိုမ အရွယ်တွင် ကြည့်ရှုစောင့်ရှောက်တတ်သော မြေးမလေး မိတာနှင့် လုပ်ကိုင်ကျွေးမွေးရှာသော သားဖြစ်သူ လှရွှေတို့နှင့်အတူ မတောင့်မတ မကြောင့်မကြ နေထိုင်လျက်ရှိခဲ့ပါလေသည်။

✤

ယနေ့ညတွင်လည်း ဘွားရွှေပုံတို့ မြေးအဘွားတို့ ကိုလှရွှေအတွက် ဘာဆိုဘာမှ စိတ်စနောင့်စနင်းမဖြစ်ခဲ့ကြဘဲ အိပ်ရာဝင်ခဲ့ကြခြင်း ဖြစ်ပါ၏။

"အမေ၊ ဒီည ကျွန်တော့် ဝပ်ရှော့မှာ ညအိပ်ချင်အိပ်ရမှာနော်။ လက်ပူတိုက်လုပ်ရမယ့်ကားတစ်စီးရောက်နေတယ်။ တံခါးတွေ၊ ပြတင်းတွေ သေချာစစ်ပြီးမှ အိပ်ကြဦး"

"အေးပါ သားရယ်။ မင်းက ခုမှ ညအိပ်ဖူးတာ မဟုတ်ဘဲနဲ့ သားနဲ့ အမေတို့ ခုလိုပဲ တစ်ညတစ်ည ခွဲခွဲအိပ်နေခဲ့ရတာပဲ ကြာကြာလှပေါ့"

"ဟုတ်ပါတယ် အမေရဲ့။ အမေ့မြေး မိတာလေးရှိလို့ ကျွန်တော်လည်း နောက်ကြောင်းအေးရတာ။ ဒီကလေးသာ အမေ့နားမရှိခဲ့ရင် ကျွန်တော်တော့ ဘယ်စိတ်ချလက်ချရှိနိုင်ပါ့မလဲ"

"မိတာလည်း အမေတို့သွေးလို့ မပြောရဘူး၊ လိမ္မာလိုက်ပုံများ အနေအထိုင်၊ အပြောအဆို ဘာမှကိုပြောစရာ မရှိဘူး။ သွက်လည်းသွက်၊ ထက်လည်း ထက်၊ အရိပ်အကဲကလည်း သိလိုက်တဲ့ အမျိုး။ ထမင်းဟင်းချက်တာလည်း လက်ဆိပ်ရှိသားဟဲ့"

"အဲဒါလည်း အစ်မမြမေလက်ကျရတာအမေရ။ အစ်မက ဟင်းချက်ကောင်းတယ်။ ဘာဟင်းချက်ချက်အရမ်းအရမ်းစားကောင်းတာ။ အင်း-ဘာလိုလို





www.burmeseclassic.com

www.burmeseclassic.com

နဲ့ အစ်မတို့မိသားစုနဲ့ မဆုံရတာ (၂)နှစ် တောင်ကျော်ပြီ"

"အေး- သားအစ်မတို့လည်း ချင်း တောင်ဘက်ဆိုတော့ သွားရေးလာရေး ခက်ရှာကြတာကိုး။ လူကြုံနဲ့ ပစ္စည်းလေး ဘာလေးထည့်ပေးတတ်လို့ပဲ မိတာလေး ကျေနပ်နိုင်သေးတယ်။ ဘာပဲဖြစ်ဖြစ် ကလေးအားမငယ်အောင်တော့ အမေ တို့၊ သားတို့ ဝိုင်းပေးဝန်းပေးကြရမှာ ကွယ့်"

"အမေ့မြေးလား အားငယ်မှာ ဟိုးဟိုး ပျော်နေလိုက်တာများ အချိန် ပြည့်ပဲ။ ကျောင်းစာဘက်မှာ တော်တာ ကိုတော့ တကယ့်ချီးကျူးဖို့ကောင်းတယ် အမြဲပထမပဲ"

"အဲဒါ ငါ့မြေးက သူ့အဘိုးနဲ့တူ တာလေ သားရဲ့"

"ဟုတ်ပါတယ် အမေရာ၊ ဟုတ်ပါ တယ်"

ဘွားရွှေပုံ ကျေနပ်အောင် ကိုလှ ရွှေ ပြောပေးနေရပါလေသည်။

ဤသို့ဖြင့် ထိုညက ကိုလှရွှေ အိမ် တွင် မအိပ်ဖြစ်ကြောင်း တင်ကြို၍ မိခင် အား ကိုလှရွှေပြောထားခဲ့ပြီးဖြစ်၍ ဘွား ရွှေပုံ စိတ်ချလက်ချရှိနေ၏။ ထို့ကြောင့် လည်း ထိုညတွင် မြေးအဘွားနှစ်ဦးတို့ ခပ်စောစောပင် အိပ်ရာဝင်ဖြစ်ခဲ့ကြ ပါလေသည်။ မှတ်မှတ်ရရ ထိုနေ့ည၏ ညစာသည် ငါးခူစဉ်းကောနှင့် ရဲယိုရွက် ကြော်ချက်ဟင်းတစ်ခွက်အပြင် ပဲနီလေး ဟင်းရည် ဖြစ်ပါ၏။ သို့ပါလျက်နှင့် ဘွား ရွှေပုံ အိပ်မရဘဲ တလူးလူးတလိမ့်လိမ့် ဖြစ်နေမိသဖြင့် တောင်တောင်ဤဤ တွေးမိနေရခြင်းလည်း ဖြစ်ပါသည်။

မနက်မိုးလင်းသောအခါ ကျောင်း ပိတ်ရက်ဖြစ်၍ မိတာလေး ကြော်ကျွေး သော ထမင်းကြော်နှင့် ပဲပြုတ်ဆီဆမ်း တို့ဖြင့် စောစောစာအဖြစ် စားသောက် ကြရင်း ပိုနေမြဲ ကျားနေမြဲ ရှိနေခဲ့ကြ ပါလေ၏။ နေ့လယ်စာစားချိန်ရောက် လည်း ဘွားရွှေပုံတို့ မမျှော်နေမိကြဘဲရှိ ပါသည်။ နေစောင်းချိန်၌ မြေးမလေး က -

"ဘွား၊ လေးလေးက ညကျရင်ပြန် လာမှာပေါ့နော်"

"အင်း- မပြောတတ်ပါဘူး ငါ့မြေး ရယ်။ပြန်လာတော့လည်းလာပေါ့။ ထည့် တော့ချက်ထားကြရမှာပဲ။ မပြန်လာဖြစ် လည်း တို့မြေးအဘွားနောက်ရက်ထမင်း ကြော်ကြော်စားကြတာပေါ့"

ထိုနေ့ညနေစာကို စားဖြစ်ကြပြီး မိုးမလင်းတလင်းဖြစ်ခါစအချိန်တွင် ဘွား ရွှေပုံအိမ်ရှိရာသို့ တစ်စုံတစ်ယောက် ဦးတည်လာနေကြောင်း တွေ့လိုက်ရပါ လေ၏။

"ဘယ်သူများလဲဟဲ့"

မျက်မှောင်ကြုတ် အားယူကာ ထိုမဝါးတဝါးအသွင်ကို စူးစူးစိုက်စိုက် ကြည့်ရင်း ဘွားရွှေပုံပြောနေမိခြင်း ဖြစ် လေသည်။

"အစ်မ၊ အစ်မ ရွှေပုံ"

"အေ - ဘယ်သူလဲခေါ်နေတာ"

"ကျုပ်ပါ မောင်ဒွေးလေ အစ်မရဲ့"

"ဟင်- တောင်ငူက ဘကြီးနီသား မောင်ဒွေးလားကွယ့်"

"ဟုတ်တယ် အစ်မရဲ့။ မနက်က အရောင်းအဝယ်ကိစ္စနဲ့ အစ်မတို့မြို့မ ဈေးနားကိုအရောက်မှာ ရောက်ရောက် ချင်းဗျာ. . . "

"နေဦး၊ ငါအရင်မေးဦးမယ်။ နင် တို့မိသားစုတွေ နေထိုင်ကောင်းကြရဲ့ လား။ ကလေးတွေရဲ့ လုပ်ငန်းကိုင်ငန်း တွေကော အဆင်ပြေပြေရှိကြရဲ့လား"

"ပြေပါတယ် အစ်မရဲ့။ နေဦး၊ ကျုပ်ပြောတာကို အစ်မရွှေပုံ အရင်နား ထောင်ပါဦး။ ကျုပ်ကိစ္စက ဈေးကြီးထဲက ကျုပ်ဖောက်သည်ဆီက ကုန်ဖိုးငွေလာ ကောက်တာ။ အဲဒါဈေးကြီးထဲက ပြန် အထွက် စိတ်ထဲကတော့ အစ်မရွှေပုံတို့ အိမ် တစ်ညတော့ဝင်အိပ်ဦးမယ်လို့တွေး မိလိုက်တုန်းရှိသေး"

"အေး - ပြောပါဦး"

"အဲဒီမှာလေ၊ အဲဒီနေရာမှာ ကျုပ် က လှမ်းထွက်နေတုန်း ကျုပ်ရှေ့ ငင် အစ်မရဲ့. . . . အစ်မရဲ့သား လှရွှေလေ၊ လှရွှေ ကားပေါ်ကအဆင်း အဆင်း မတော်လို့ ရုတ်တရက်ကြီး ကတ္တရာ လမ်းပေါ်ကအကျဖြစ်သွားတာ"

"ဟင် - အဲဒါ အဲဒါ ငါ့သားဘာ ဖြစ်သွားတုံးဟဲ့။ ပြောစမ်းပါ မြန်မြန်"

"အစ်မ၊ အစ်မ စိတ်ငြိမ်ငြိမ်ထား နော်။ လှရွှေရယ် အောက်ကလမ်းအမာ နဲ့ နောက်စေ့နဲ့ရိုက်ပြီး ပွဲချင်းပြီး. . . "

"ဟင် - ဟုတ်ကဲ့လား မောင်ဒွေး ရဲ့။ ငါ. . . ငါ အခုတစ်လော ဘာအိပ် မက်ဆိုးမှလည်း မက်မထားပါဘူး။ ငါ့ သား ဘယ်လိုနည်းနဲ့မှဒုက္ခမဖြစ်နိုင်ဘူး။ နင်. . . နင်လူမှားတာပဲနေမှာ"

"မမှားပါဘူး အစ်မရဲ့။ ကျုပ်တူ ပဲဟာ၊ ကျုပ်ကောင်းကောင်းသိတာပေါ့ ဗျာ။ ဆီဈေးတွေပေနေတဲ့ ကားပြင်ဝတ် စုံကြီး ဝတ်ထားပြီး ကြည့်ရတာ ဈေးနား မှာ လိုတဲ့ကားပစ္စည်းတစ်ခုခုကို လာဝယ် တာဖြစ်မှာ။ ကားပေါ်တက်သွားလိုက်ပြီး မှ ကားကစအထွက်မှာ အလောတကြီး နဲ့ ပြန်ဆင်းတာအစ်မရဲ့။ ကားကနောက် ပိုင်းနည်းနည်းမြင့်နေတော့ အဆင်းမှာ ကျကျချင်း ကားလမ်းနဲ့ရိုက်တဲ့ ခွပ်ခနဲ အသံကို ကြားလိုက်ရတာ"

"ဒါ. . . ဒါဆို အခု. . . . အခု ကော"

"ကျုပ်ကိုယ်တိုင်ပဲ ဈေးကနေ ဆေးရုံကြီးသယ်သွားပြီး လိုအပ်တဲ့ စစ် ဆေးမှုတွေလုပ်ခဲ့ပြီးပြီ။ သေချာသွားပြီ မို့လို့ အအေးတိုက်ထဲမှာ ထားခဲ့တယ် အစ်မရဲ့။ ရုတ်တရက် သယ်ပြန်လာရင် အစ်မကို စိုးရိမ်မိလို့ ခဏထားရစ်ပြီး အရင်လာပြောတာ"

"ဟင် - ဘုရား ဘုရား၊ ငါ့သား လှရွှေ တကယ်ပဲ ကံဆိုးသွားပြီလား။ မိတာရေ၊ မြေးရေ၊ မြေးလေးလေး မပြန် လာနိုင်တော့ဘူးတဲ့ဟဲ့. . . ဟဲ့"

"အစ်မ၊ အစ်မ သတိ. . . သတိ လေးထားပါဗျာ။ ကျုပ်လည်း တကယ် စိတ်မကောင်းလွန်းလို့ ရင်ထဲမှာဆို့နေပြီ ဖြစ်မှုဖြစ်ရတယ် လှရွှေရယ်"

ဦးကြီးမောင်ဒွေးကိုယ်တိုင်လည်း ပြောရင်း ငိုသံပါလာခဲ့တော့၏။

"ခု. . . ခုဘယ့်နှယ်လုပ်ကြမတုံး မောင်ဒွေးရဲ့။ ငါ အိုကြီးအိုမ ဘယ်[illegible] ဆက်လုပ်ရမှာတဲ့တုံးကွယ်။ ပြောကြ[illegible] ဦးတော့"

"အစ်မ၊ အစ်မစိတ်ကိုထိန်းပါဗျာ ကိုယ့်တရားကိုယ် သိနားလည်နေ[illegible] အရွယ်ပဲဟာ။ စိတ်ကိုမလွှတ်လိုက်[illegible] ကိုယ်နေကောင်းမှ မြေးမလေးကို ကြ[illegible] နိုင်ရှုနိုင်မှာလေ။ အားလုံးအတွက် စိ[illegible] မပူပါနဲ့။ ကျုပ်တို့ဝိုင်းလုပ်ကြမှာပါ။ [illegible] ပြင်ဆင်သင့်တာပြင်ထားကြပြီး မ[illegible] စောစောသွားသယ်တာပေါ့ အစ်မ[illegible]

✤

ဤသို့ဖြင့် တစ်ညလင်းကြ[illegible] နှင့်ပင် လိုအပ်ရာရာတို့ကို အသင့်[illegible] ဆင်ကြပြီး ရပ်ရွာမှဝိုင်းဝန်းလာကြ[illegible] ပါလေ၏။ ဘွားရွှေပုံ၏ မောင်[illegible] ဦးကြီးမောင်ဒွေးမှ တူဖြစ်သူ၏ [illegible] အလောင်းယူပြန်လာချိန်တွင် ဘွား[illegible] သာမက အိမ်နီးချင်း မိတ်ဆွေသ[illegible] များတို့ကပါ ဖြေမဆည်ဘဲ ငို[illegible] ဆီးကြိုမိကြပါလေသည်။

"မှန်းစမ်း၊ မောင်ဒွေးရဲ့ ငါ[illegible] မျက်နှာကို ငါသေချာကြည့်ပါဦး[illegible]



www.burmeseclassic.com

www.burmeseclassic.com

"ကြည့် . . ကြည့်ပါ အစ်မရွှေပုံ"

ကိုလှရွှေမှာ ကားပေါ်မှ ပြုတ်ကျခဲ့တာ ဒဏ်ရာကြောင့် မျက်နှာများ ဖူးယောင်လျက် နောက်စေ့တွင်လည်း ကြီးမားသော ပေါက်ပြဲရာကြီးက သွေးခဲများ ခဲလျက်ရှိနေပါလေသည်။ ဘွားရွှေပုံသည် စေ့စေ့ကြည့်နေလျက်မှ ကိုလှရွှေ၏ မျက်နှာ၊ နဖူးတို့အား အသာအယာ ပွတ်သပ်လျက် -

"အင်း - ငါ့သားလေး လှရွှေပါပဲ။ ဒီမှာတဲ့ငါ့သား ကံကုသိုလ်နည်းရှာတယ်၊ ဟုတ်ပါရဲ့၊ ငါ့သားပါပဲ မောင်ရွှေရဲ့"

"ဘွား . . ဘွား . . အီး ဟီး"

ပြောရင်း မျက်ဖြူလန်ကာ တက်သွားသော ဘွားရွှေပုံအား ဝိုင်းဝန်းနှာနှပ်ပေးကြရပြန်ပါသည်။ ရုပ်အလောင်းထည့်ထားသော လုပ်ငန်းသုံးဝတ်မှာ တစ်ဆက်တည်းဖြစ်နေ၍ မည်သူမည်ဝါမှလည်း ထူးထူးထွေထွေလှန်လှော ကြည့်မနေကြတော့ဘဲ ယုံကြည်လိုက်ကြပါလေ၏။

"ဒါနဲ့ ကိုလှရွှေက ညာဘက်လက်မှာ နာရီပတ်လေ့ရှိတာ ခုနာရီမတွေ့ပါလား"

တစ်ဦးက သတိတရ ဝင်ပြောပါသည်။

"အေး - မတွေ့ဘူး၊ ကြည့်ရတာ ပြုတ်ကျတဲ့အချိန်တုန်းက လက်ကကျွတ်ပြီး လွင့်သွားသလားမှ မသိတာ"

"အေး - ပစ္စည်းသခ်ီရ၊ လူသခ်ီရပေါ့လေ။ မိတာ သမီးဘွားဘွားကို ဂရုစိုက်လိုက်ပါဦးနော်"

"ဟုတ် . . ဟုတ်ကဲ့"

✤

"ဟေ့လူ၊ ခင် . . . ခင်ဗျား"

ရှေ့၌ ကွမ်းယာဝင်ဝယ်နေသော ကွမ်းယာဆိုင်ချင်း တင်အေးကို သူ အသာ ပခုံးပုတ်လိုက်မိသည့်နောက် သူ့ကို လှည့်ကြည့်ပြီး အော်လိုက်သောအသံက အလန့်တကြားဖြစ်နေပါလေသည်။ ပြူးကြောင်ကြောင် ပါးစပ်ဟောင်းလောင်း ဖြစ်နေပြန်သဖြင့် -

"ဟေ့ကောင် တင်အေး၊ ဘာဖြစ်နေတာလဲ။ ငါလှရွှေလေ၊ မင်းကွမ်းစားတာ လျှော့ဦးလို့ ပြောမလို့ကွ"

"ဦး၊ဖွ ဦး၊ဖွ - လွဲပါစေ၊ ဖယ်ပါစေ၊ ကွမ်းယာဆိုင်ချင်း လှရွှေရေ အမျှကွာ၊ အမျှ"

"ဟ - ငါကဘာဖြစ်နေလို့လဲ။ လွဲလိုက်၊ ဖယ်ခိုင်းလိုက်၊ အမျှပေးလိုက်နဲ့ မင်းစိတ်မှကောင်းသေးရဲ့လား"

"ဟင် - ဒါ လူသံအစစ်ပဲ"

"အံမာ - ငါက လူသံမထွက်ရအောင် ခွေးသံထွက်နေရမှာလား။ ဘယ်ဝိုက်နဲ့တီးထည့်လိုက်လို့ နာဦးတော့မယ် ဒီကောင်"

"နေဦး - ဒါဆို မင်း လှရွှေ လှရွှေနော်"

"ဟာ - ဒီကောင်ဘာကြောင်နေတာလဲ"

"ဟုတ်ဖူးလေကွာ၊ မင်းတကယ် လူအစစ်ပဲနော်"

"လုပ်ပြန်ပြီ၊ ဘာဖြစ်နေရတာလဲ တင်အေး။ ငါ့ကိုများ သရဲတွေ့တဲ့အတိုင်း မင်းပြောနေဆိုနေပုံက"

တင်အေးက ဘာမှပြန်မပြောတော့ဘဲ ရှေ့အနည်းငယ်တိုးလာပြီး လှရွှေ၏ ကော်လာများ၊ လက်များ၊ ခန္ဓာကိုယ်များကို ထိတွေ့စမ်းသပ်နေ၏။

"လူကိုယ်တိုင်ကြီးပဲ"

လှရွှေမှ လက်ဝါးတစ်ချက်ဖြင့် တင်အေးကို ခပ်ဖွဖွရိုက်လိုက်ပြီး -

"မင်းဘယ်လိုဖြစ်နေတာလဲ တင်အေး။ ငါက လူမဟုတ်လို့သရဲဖြစ်မလားကွ။ ဒီမှာက ဝပ်ရှော့မှာကားဆက်တိုက်ပြင်နေတာ ညတောင် ကောင်းကောင်း မအိပ်ရဘူး။ အိပ်ရေးပျက်လို့ လူကမူးကြောင်ရူးကြောင်ဖြစ်နေရတဲ့အထဲ မင်းကတစ်မျိုး။ ခုဘယ်ကပြန်လာတာလဲ"

"ငါ . . . ငါမင်းဆီကပြန်လာတာ"

"ဘယ်လို . . ."

"မင်းဆီက၊ မင်း အသုဘက ပြန်လာတာ"

"ဟေ့ကောင်၊ မင်းက ဘာစကားပြောတာလဲ"

"ဟ - ငါအတည်ပြောနေတာ။ အဲဒါကြောင့် မင်းကို စတွေ့တွေ့ချင်း ငါဖြစ်သွားရတဲ့ပုံစံကိုပဲ ကြည့်တော့။ ဘုရားစူးမိုးကြိုးပစ် ငါတကယ်ပြောတာ။ မင်းအိမ်မှာ မင်းက အခေါင်းထဲမှာ စန့်စန့်ကြီး။ ဘွားရွှေပုံလည်း ငိုလို့မဆုံးဘူး။ သားဆိုတော့လည်း တရားလက်လွတ်ဖြစ်နေရှာပြီပေါ့ကွာ။ မိတာလေးဆိုလည်း သနားစရာကောင်းလိုက်တာ"

သူ အံ့သြစွာဖြင့် ထိတ်လန့်သွားခဲ့ရပါသည်။ တင်အေး၏ ကော်လာနှစ်ဖက်ကို လက်ဖြင့်စုံဆွဲ၍ -

"မင်း ဘာတွေပြောနေတာလဲ။ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ ငါမှ မသေသေးတဲ့ဟာကို"

"အေး - ငါတောင်မှ ခုမင်းကိုမြင်တာ၊ မယုံနိုင်အောင်ဖြစ်နေတာပဲကြည့်လေကွာ။ ငါ အခုပဲ မင်းအိမ်မှာ မင်းအတွက် သွေးသောက်အကူထည့်ပြီးငိုမိခဲ့သေးတယ်"

"ငါ ဟုတ်၊ မဟုတ် မင်းသေသေချာချာမကြည့်ခဲ့ဘူးလား"

"ဟကောင်ရ မကြည့်ဘဲနေမလားကွ၊ မင်းမှမင်းအစစ် မောင်။ မျက်နှာနဲ့ ခြေတွေ၊လက်တွေမှာလည်း ဆီချေးတွေ ပေလို့လူးလို့။ ဒါတောင် ယူလာစက အဝတ်တွေလဲထားပေးပြီးပြီ။ အဲဒီ အဝတ်ကလည်း ကားပြင်တဲ့ ဝတ်စုံလေကွာ။ ကျွတ်ကျွတ်အိတ်နဲ့ တွေ့နေရတာပဲ။ မျက်နှာကလည်း မင်းမျက်နှာ၊ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ပေါက် အကုန်မင်းမှမင်းပဲကွ"

"ငါက ဝပ်ရှော့အဝတ်အစားနဲ့ ဘယ်တုံးကမှ အပြင်မထွက်ဖူးဘူး။ ငါ့ဝပ်ရှော့က မြို့ပြင်ဘက်မှာ။ အလုပ်ချိန်မှာ ဘယ်လိုမှသွားစရာအကြောင်းလည်း မရှိဘူးကွ"

"သိဘူးလေကွာ၊ ဘွားရွှေပုံပြောတော့ ကားစီးရင်း ကားပေါ်က ပြုတ်ကျတာဆို။ ခြေချော်ကျတာလား၊ မူးပြီးပဲကျသလားဆိုနိုင်ဘူးဆို။ မြင်လိုက်တာက ဦးကြီးမောင်ဒွေးတဲ့။ ဦးကြီးမောင်ဒွေးက ဈေးနားမှာရှိနေတာဆိုပဲ။ အဲဒါဦးကြီးကပဲ ဒါကျွန်တော့်တူဆိုပြီး ချက်ချင်းပြေးထူ၊ ပြီးတော့ ဆေးရုံကိုလည်း သူပဲလိုက်ပို့၊ အသက်မရှင်တော့ဘူးဆိုတော့မှ အအေးတိုက်ထဲထည့်ခဲ့ပြီး ဘွားရွှေပုံကို လာအကြောင်းကြားတာတဲ့"

"ဟာ - မဟုတ်သေးပါဘူးကွာ။ ငါ့အမေတော့ စိတ်ပင်ပန်း၊ လူပင်ပန်းနဲ့ နေမကောင်းဖြစ်တော့မှာဘဲ။ ငါက ဝပ်ရှော့မှာ အလုပ်အရေးကြီးနေတာနဲ့ ပြန်မအိပ်နိုင်တာ နှစ်ညရှိပြီ။ အလုပ်မှာ ညအိပ်တာကိုလည်း အမေ့ကိုငါခွင့်တောင်းပြီးသား။ အမေ့ကို စိတ်မပူစေချင်လို့ကိုကြိုပြောပြောခဲ့တာ"

"ဒါဆို ခုမင်းဟာကြီးက ဘာကြီးလဲကွာ။ ဘယ်လိုဖြစ်ရတာတုံး။ သွား-သွား အိမ်ကို အမြန်ပြန်လိုက်ဦး"

"အေး - မင်းပါအိမ်လိုက်ခဲ့ဦး"

"ဟင် - အေး . . . . အေးလေ၊ လိုက်မယ်၊ လိုက်မယ်။ လာ - သွားရအောင်"

သို့ဖြင့် သူတို့နှစ်ယောက် ဘွားရွှေပုံအိမ်သို့ အမြန်အမြန်ပြန်လာခဲ့ကြပါလေ၏။ လမ်းထိပ်သို့ရောက်သည်နှင့် ဘွားရွှေပုံအိမ်အား အသုဘအိမ်အဖြစ်

www.burmeseclassic.com

လူများအဝင်အထွက်ရှုပ်နေကြသည်ကို လှမ်း၍ တွေ့မြင်ကြရပါလေသည်။

အိမ်သို့နီးလာသောအခါ ပထမဦးစွာ ကိုလှရွှေကို မြင်လိုက်ကြသော လူတို့သည် ထိတ်ထိတ်ပျာပျာဖြင့် အော်ကြပါလေတော့၏။

"ဟ. . ဟ လုပ်ကြပါဦး"

"ဟဲ့ - လှရွှေ လှရွှေလာနေတယ်"

"ဟင် - သရဲလား၊ လှရွှေသရဲ အိမ်ဘက်ကိုလာတာလား"

"ခြေလှမ်းပြီးတက်လာနေတာတော့"

"အမလေး - ဘွားရွှေပုံ၊ လှရွှေ ကျုပ်တို့ကို လာခြောက်နေပြီ"

ဝုန်းဝုန်းဒိုင်းဒိုင်း ၊ ရုတ်ရုတ်ရက်ရက်ဖြင့် အိမ်ပေါ်တက်ပြေးသူ၊ ခြံတွင်းပြေးဆင်းသူ၊ အလန့်အဖျပ် အော်ဟစ်သူတို့ဖြင့် ဘွားရွှေပုံ၏အိမ်တစ်ခုလုံး ရှုန်းရင်းဆန်ခတ်ဖြစ်သွားခဲ့ကြရတော့၏။ ထိုအထဲကမှ ဘွားရွှေပုံမှာ မယုံနိုင်စရာ မြင်ကွင်းကို မြင်လိုက်ရသူမျိုး ဖြစ်သွားကာ ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ်ခွေလဲကျသွားပါလေသည်။

ကိုလှရွှေမှာ မနီးမဝေးနေရာသို့ ရောက်နေပြီဖြစ်ရာ အသံပြာကြီးဖြင့် အော်ဟစ်ပြီး မိခင်ထံပါး အပြေးပင် ရောက်လာခဲ့ရလေတော့၏။

"အမေ"

"ကြီးရွှေပုံ၊ သတိထားပါဦး"

"ထူကြပါဟဲ့၊ နှာနှပ်ပေး၊ ခြေမချိုး"

"ခြေမချိုးတဲ့လူ သတိထားဦး။ အသက်ကြီးတဲ့လူဆိုတာ ခြင်ဆီခမ်းနေပြီ။ မတော်ကျိုးပြုသွားဦးမယ်"

"ဟဲ့. . . ဟဲ့"

ဆူညံပွက်လောရိုက်နေကြချိန်၌ ကိုလှရွှေက ဘွားရွှေပုံကို အတင်းဝင်ပွေ့ပြီး မျက်နှာကို ကိုင်လှုပ်ကာ ဆက်တိုက်ခေါ်နေပါတော့သည်။

"အမေ. . . အမေ"

အတန်ကြာသောအခါမှ ဘွားရွှေပုံသည် မျက်လုံးပွင့်လာခဲ့ပြီး -

"ဟင်း. . ."

"အမေ"

"အေ - သား၊ အမေ့သား လှရွှေနော်"

"ဟုတ်တယ် အမေ၊ ကျွန်တော် လှရွှေပါ"

"မင်း တကယ် တကယ်မသေဘူးနော် သား"

"တကယ်မသေပါဘူး အမေရဲ့၊ ဒီမှာ သားမျက်နှာကို ကိုင်ကြည့်ပါဦး"

ဘွားရွှေပုံသည် စိန်းစိန်းကြည့်ပြီး မျက်လုံး၊ မျက်ခုံး၊ ပါးတို့ကိုသာမက ရင်ဘတ်များ၊ ပခုံးများ၊ လက်များကိုပင် ပွတ်သပ်ကိုင်တွယ်ပြီး -

"အေး အေး - ဒါ ဒါမှ ငါ့သား၊ ဟုတ်တယ် ဟုတ်တယ်။ ဟဲ့- မိတာ မြေးလေး၊ နင့်လေးလေးကျောကုန်းကိုလှန်ကြည့်စမ်း။ မှဲ့နီကြီး ကျောအလယ်မှာရှိနေသလားလို့"

"ရှိတယ်ဘွား၊ ရှိနေတယ်"

မိတာကလည်း ကိုလှရွှေ၏ကျောဘက်မှ အကျီကို လှန်ကြည့်ပြီး အော်ပြော၏။

"ဒါ. . . ဒါမှ ငါ့သားအစစ်"

"ဟုတ်တယ် အဘွား၊ ဒါမှ လေးလေးအစစ်၊ ဟုတ်တယ် သမီးလေးလေးပဲ"

"ဟင် - ဒါ. . . ဒါဆို ဟို. . . ဟိုထဲက တစ်ယောက်ကကော"

"အင်း. . ."

အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြရာမှ နောက်ဆုံး ဦးကြီးမောင်ဒွေးထံသို့ အကြည့်တို့က စုပြုံ၍ရောက်ရှိသွားခဲ့ကြပါလေသည်။

"ဟာ - ငါ့ကြည့်နေကြတော့ ငါက တရားခံကျနေတာပဲ။ ငါလည်းဘယ်သိမှာတုံး၊ လှရွှေရုပ်ကလှရွှေရုပ်ပဲဟာ။ နေပါဦး၊ မင်းက ဟုတ်ကောဟုတ်ရဲ့လား။ မင်း ပွဲလန့်တုန်း ဖျာခင်းတဲ့ လူလိမ်ပဲ ဖြစ်မှာ။ ဒီအိမ်မှာဒီလိုဖြစ်တုန်း လုပ်ကြံဇာတ်ရုပ်နဲ့ ဝင်ရှုပ်မလို့ မဟုတ်လား"

"မဟုတ်တာဦးလေးကြီးကလည်း၊ ကျွန်တော်က လှရွှေအစစ်ပါဗျ။ ဦးကြီး တူအစစ်ပါ။ ငယ်ကတည်းက ဦးကြီးကို ခင်လို့ တကောက်ကောက်လိုက်နေခဲ့တာ။ နောက်ဆုံး ဒေါ်ကြီးနဲ့ ခိုးပြေးကြတော့တောင် ကျွန်တော်နံဘေးက ပါလာခဲ့တာလေ။ အဲဒါ ဦးကြီးမေ့သွားပြီလား"

"အေး-ဒါဆိုတော့လည်း ဟုတ်နေသား။ ငါ့တူကြီးအစစ်ပေါ့၊ ဘယ်လိုဖြစ်ရတာတုံးဟ။ ငါ့မှာတော့ ငိုလိုက်ရတဲ့အမျိုး အခုထိ ရင်တွေတောင်တုန်နေသေးတယ်။ ဒါဆိုရင် ဟိုဟာကြီးက"

ကိုလှရွှေ မနေနိုင်တော့ဘဲ အလောင်းထည့်ထားသော အခေါင်းရှိရာသို့ အမြန်ထသွား၍ အခေါင်းဖုံးကို လှပ်ကြည့်မိလိုက်ပါလေသည်။

"ဩော်"

သူနှင့် အလွန်မှပင် တူလှစွာသော သဏ္ဍာန်တစ်ခုသည် အတွင်းဘက်၌ လဲလျောင်းလျက်ရှိနေပါလေ၏။ ဖူးဖူး… ယောင်နေသော နဖူးပြင်နှင့် ပါးစပ်… ဒဏ်ရာများ၊ ချိစောင်းနေရာမှ ပေါက်… ပြဒဏ်ရာများပါ၍ ရောင်အမ်းနေသော်… လည်း သူ့ရုပ်နှင့် ရွေ့မရအောင် တူနိုင်… လွန်းလှပါလေသည်။ ထိုသို့ကြည့်နေစဉ်မှာပင် ရပ်ကွက်လူကြီး ဦးတင်ဆောင်… အပြေးအလွှားရောက်ရှိလာခဲ့ပြီး -

"ဟေ့ကောင် - မင်းကဘာကောင်… လဲ၊ ဘယ်ကလာတာလဲ"

သူ့အလွန်စိတ်ညစ်သွားခဲ့ရပြန်… လေသည်။ မပြော၍ကလည်း မဖြစ်… ၍-

"ဦးလေးဆောင်ကလည်းဗျာ… လောက် သက်သေသက္ကာယတွေပြ… နေတာတောင် ကျွန်တော့်ကို မယုံ… သေးဘူးလား၊ အမေလုပ်ပါဦး"

"ဟုတ်တယ် တင်ဆောင်… အဲဒါမှ ငါ့သား။ ရှင်းအောင်ပြော… လူရှင်က ငါ့သားမှ ငါ့သားအစစ်… သေက ငါ့သားမဟုတ်ဘူး။ ငါက… ကတည်းက မယုံနိုင်အောင် ဖြစ်… တာ။ ဘွားရွှေပုံသားက လူလိမ္မာ… အမေ့ကို ရိုရိုသေသေ လုပ်ကိုင်… နေတဲ့သားမျိုးပါ။ အ သောက်… အပျော်အပါးမရှိ ပိုက်ဆံဖြုန်းတီး… မျိုးမရှိ၊ ပွေတာရှုပ်တာလိမ်တာ… တာမျိုးလည်း မရှိ"

"အာ-အရေးထဲဗျာ၊ ဘွားရွှေ… သူ့သားကောင်းကြောင်းတွေ… ပြန်ပါပြီ။ ကျွန်တော် ပြောချင်… သေနေတာ လှရွှေမဟုတ်မှန်း… သေချာပြီလားလို့ အဲဒါ"

"ဟဲ့ - ငါပြောတာများဆုံး… နားထောင်ပါဦးတော့လား။ ဒီလို… လူသူတော်ကောင်းမျိုးကို ဘယ်အ… အယုက် ဘေးအန္တရာယ်မှမဖြစ်… မကြုံနိုင်ဘူး။ ကုသိုလ်ကောင်းမှု… လွန်းလို့လည်း မြင်အပ်၊ မြင်အပ်… တွေကလည်း ကြည့်မနေကြဘူး… ရင် ကယ်ဆယ်ပေးကြမှာပါ… ပြောရရင် ငါ့သားလှရွှေ သေနိုင်… သွားရမယ်ဆိုရင်တောင် အ… နတ်ပြည်မှာ ဘုံဗိမာန်ပေါ်… အဆင်သင့်ဖြစ်မှသွားရမှာတွယ်… တန်းတန်းနဲ့တော့ ငါ့သား… သေးဘူး။ ခုကြည့်လေ"

"ဟုတ်ပါတယ်ဗျာ ဟုတ်…



www.burmeseclassic.com

www.burmeseclassic.com

...ရှုပြောတာအမှန်တွေချည်းပါပဲ။ ... - မသေတဲ့လှရွှေက ပြန်လာပြီဆို... အထဲကတစ်ယောက်က ဘယ်...သလဲ၊ ဘယ်ဒေသ၊ ဘယ်အရပ် ... မိသားစုကကော ဘယ်သူတွေ ...ရဲစခန်းမှာ တိုင်ချက်ဖွင့်ထားတာ ...နေမလား။ လူပျောက်တို့ဘာတို့ ... အဲဒီကိစ္စတွေ ကျွန်တော်တို့ လုပ်...မှာ"

ဤသို့ဖြင့် ထူးထွေသည့်အံ့ရာ... ဇာတ်လမ်းကြီးကို ကြည့်ရှုသူ၊ ...သူ၊ အံ့အားသင့်သူ၊ လေ့လာသူ၊ ...သူ၊ ဆောင်ရွက်သူတို့ဖြင့် ဘွားရွှေ ...အိမ်လေးသည် ရပ်ကွက်နေ လူ...ပေါင်းတို့နှင့် ပြည့်နှက်လျက်ရှိနေကြ...ပါလေတော့၏။

❖

"ဝိုင်ရှင်မိသားစု တွေ့ပြီလား ဦး...ဆောင်"

"အေးကွ- ရဲစခန်းမှာ မြိုင်သာရွာ... လူပျောက်လာတိုင်ချိန်နဲ့ ဦးလေးတို့... အကျိုးအကြောင်းပြောနေကြချိန် ...တိုက်ဆိုင်သွားတာ။ ဒီမြို့ကတော့ ...တ်ဘူး။ မြိုင်သာက တက်လာပြီး ...စစ္စည်းတစ်ခု လာဝယ်တာတဲ့ ရွာမှာ ...ယ့်တားကို ကိုယ်တိုင်ပြင်နေရင်းက ...က်သွားတာ အိမ်ကလူတွေက မသိ ...တ်ဘူးတဲ့။ နောက်မှ ရွာလို့မတွေ့ ...တွေ့နဲ့ မြို့တက်သွားတယ်ဆိုလို့ လိုက် ...ကြတာ။ သတင်းကမရတာနဲ့ ရဲမှာ ...ပျောက်တိုင်မယ်ဆိုပြီး ရောက်လာ...တာ"

"တော်သေးတာပေါ့ဗျာ၊ ခများများ ...ဆင်းရဲလိုက်ကြမယ့်အမျိုးနော်"

"မြင်ရ ကြားရတာ စိတ်မကောင်း ...ကြီးပါပဲကွာ။ လူပျောက်ရှာရင်း ...လောင်းပြန်သယ်သွားကြရရှာတယ်။ ...င်း - ဒုက္ခ၊ ဒုက္ခ"

"ရွာထိတော့ ပြန်ယူလို့မဖြစ်ကြ... ထင်တယ်နော်"

"အေး - ဆေးရုံပြန်သယ်ပြီး အဲဒီ ...ဲ သဂြိုဟ်ကြရတော့မှာပဲပေါ့"

"အိမ်ထောင်သည်လားတဲ့ဦးလေး"

"ဟုတ်တယ်၊ ကလေးနှစ်ယောက် ...န်ခဲ့တယ်။ သူ့မိန်းမဈေးရောင်းတယ် ...ပြောတာပဲ"

နံဘေးမှ ငြိမ်နေသော ကိုလှရွှေ ... -

"သနားစရာကောင်းလိုက်တာနော်။ ...လေးတွေတော့ မျက်နှာငယ်ကြရရှာ...

# အနာမှပိုးလောက် အောက်သို့ကျစေရန်

မိမိတို့ မွေးမြူထားသော တိရစ္ဆာန်များ ထိခိုက်ရှနာများဖြစ်ပြီဆိုလျှင် အထူးဂရုစိုက်ပြီး ကုသကြပါ။ ဂရုမစိုက်ဘဲ ပစ်ထားလျှင်တော့ အနာကို ယင်ကောင်များ လာရောက်နားတတ်ပါသည်။ ယင်များနားလျှင်လည်း ဥများဥချကာ ပိုးလောက်များတက်လာတတ်သည်။ အနာကို ပိုးလောက်တက်နေလျှင် အနာမှာ တော်တော်နှင့် မပျောက်နိုင်ပါ။ ၎င်းပိုးလောက်များ အနာတွင် တွယ်ကပ်နေပါက အလွယ်တကူ ပပျောက်စေရန် နည်းကို တင်ပြပါမည်။

ခံပင် ဆိုလျှင် အညာကျေးလက်ဒေသနေထိုင်သူများ သိပါသည်။ ခံသီးသည် ချဉ်ဖြုံးဖြုံးအရသာရှိပြီး အသီးသီးလျှင် ဆီးဖြူသီးကဲ့သို့ အပွတ်လိုက်သီးလေ့ရှိပါသည်။ အပွင့်သည် တောစံပယ်ပွင့်နှင့်ဆင်တူပါသည်။

၎င်းခံပင်၏ အမြစ်ကို တူးယူ၍ ရေနှင့်ဆေးကြောပြီး ကျောက်ပျဉ်ပေါ်တွင် ပျစ်ပျစ်သွေးယူပါ။ ထိုခံမြစ်သွေးပြီးသားများကို ပိုးလောက်တွယ်နေသော အနာပေါ်သို့ မကြာခဏ လိမ်းပေးပါ။ အနာပေါ်တွင် တွယ်ကပ်နေသော ပိုးလောက်များ အောက်သို့ အလွယ်ကျရောက်သွားစေပြီး အနာကျက်မြန်စေပါသည်။

(အနာမှ ပိုးလောက် အောက်သို့ အလွယ်ကျစေရန် ဆေးနည်းပြောသူ ဦးအောင်ကြည်အား ကျေးဇူးတင်ပါသည်။)

စုစန္ဒာအောင် (ကျောက်ပုံ)

မှာ"

"အေးလေ - သတ္တုဝါတစ်ခု၊ ကံတစ်ခုပေါ့ သားရဲ့။ ဘယ်တတ်နိုင်ကြမလဲ"

"ဒါနဲ့ အမေ"

"အေး - ပြော၊ ဘာလဲ ငါ့သား"

"အမေ တကယ်ပဲ ကျွန်တော်တစ်ယောက်တည်း မွေးထားခဲ့တာ သေချာတယ်နော်။ ရှုပ်ရှုပ်ရှက်ရှက်မလုပ်ခဲ့ပါဘူးနော်"

"ဟဲ့ - လှရွှေ နင်ရူးနေလား။ နင့်အဖေနဲ့ ငါက သမီးတစ်ယောက်၊ သားတစ်ယောက်ပဲ မွေးထားတာ တစ်လောကလုံးသိတယ်။ ဘာလဲ၊ နင်က နောက်ထပ် အမြွှာညီအစ်ကို ရှိသေးတယ်လို့ ထင်လို့လား ဟင်"

"အေးလေ၊ အမေကလည်းကြည့်ပါဦး။ အဲဒီလူနဲ့ ကျွန်တော်နဲ့ အဲ့သလောက်တောင် ရုပ်ချင်းတူရသလား၊ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ အသားအရေ အကုန်တူနေတာ"

"ဒါပေမယ့် သားကလည်း၊ ဟိုက လက်၊ ခြေကြမ်းတမ်းတယ်ဂွယ့်။ ငါ့သားက အဲဒီလိုအင်္ဂါရုပ်မဟုတ်ဘူး"

"ဖြစ်ရပြန်ပြီ၊ ဘွားရွှေပုံတို့ကတော့။ တွေ့စတုန်းကတော့ ဟိုတစ်ယောက်ကို ဖက်ဖက်ပြီးငိုတာ။ မှဲ့လည်းမစစ်ဘာလည်းမစစ်။ အဲဒီကတည်းက ခုလိုအဆိုးရုပ်ဖတ်ပြီးနေပါတော့လား"

ရပ်ကွက်လူကြီး ဦးတင်အောင်က ဝင်ပြောလိုက်သောအခါ ဘွားရွှေပုံမှာ 'လူကြီးရှက်တော့ ရယ်' ဆိုသကဲ့သို့ တခစ်ခစ်နှင့် မိတာလေးအား ဖက်ကာရယ်နေပါတော့၏။ မိတာလေးမှာလည်း ယခုမှပင် တိမ်စင်သွားသော လလေးပမာ ကြည်သာရွှင်ပျလျက်ရှိနေနိုင်ရှာပါလေသည်။

မည်သို့ပင်ဖြစ်ပါစေ လူတူ မရှား၊ နာမည်တူမရှား ဟူသော စကားအတိုင်း တိုက်ဆိုင်ခဲ့ကြလေသောအဖြစ်မျိုး ဖြစ်ပါလေ၏။ အကယ်၍သာ ရုပ်ထွေးပွေလီလှသော လူ့ဘဝလူ့လောကကြီးတွင် အကြောင်းအကျိုး တိုက်ဆိုင်၍ မိမိကိုယ်တိုင် ထိုကဲ့သို့ ကြုံတွေ့ခဲ့ရပါက မည်သို့ ခံစားမိကြပါမည်လဲ။ အတွင်းဘက်ရောက်နေရသူ ထိုတစိမ်းလူ၏ ခံစားမှုမျိုးဖြစ်နေရမည်လား၊ အပြင်ဘက်ရောက်နေခဲ့သူ ကိုလှရွှေ၏ ခံစားမှုမျိုးဖြစ်နေရမည်ပဲလား ကြံတင်တွေးဆကြည့်လျှင်တော့ ကောင်းမည်ထင်ပါသည်။

ခင် (တောင်ကြီး)



www.burmeseclassic.com

www.burmeseclassic.com

မှိုးသစ်

## ပရလောကသားမြင်နိုင်သူ

ပရလောကသားတို့ကို သာမန်မျက်စိဖြင့် မမြင်နိုင်ပါ။

သီလ၊ သမာဓိ၊ ပညာ ထူးကဲစွာ ကျင့်ကြံကြိုးကုတ်အားထုတ်ထားသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များအနေနှင့် မြင်နိုင်၊ သိနိုင်သော်လည်း သာမန်လူတို့အဖို့ ခဲယဉ်းပေမည်။ ရှေးလူကြီးများဆိုစကားအရ ကလေးငယ်များနှင့် တိရစ္ဆာန် (ခွေး)များက မြင်နိုင်သည် ဟူ၏။

ထို့ကြောင့် နေဝင်ဖျိုးဖျ (တစ်နည်းအားဖြင့်) နွားရိုင်းသွင်းချိန်လိုမျိုးတွင် ကလေးသူငယ်များကိုချိုပိုး၍လမ်းသလားခြင်း(သွားခြင်း၊လာခြင်း)မပြုရန် လူကြီးများက သတိပေးပြောကြားလေ့ရှိသည်။ ကလေးသူငယ်များ မတော်တဆ အထိတ်တလန့်ဖြစ်သွားတတ်ကြောင်း ပြောစမှတ်ရှိခဲ့ခြင်းပါ။ လူကြီးမိဘတို့၏ သတိပေးစကားဆိုသည်မှာ အတွေ့အကြုံနှင့် ဖြစ်လေ့ဖြစ်ထရှိသော အခြေအနေများကို ဆင်ခြင်သုံးသပ်ပြောဆိုခြင်း ဖြစ်သည်။

တိရစ္ဆာန်ဖြစ်သောခွေးများသည် သူခိုးသူဝှက်၊ လူစိမ်းသူစိမ်းများနှင့် စုတ်စုတ်နုပ်နုပ်ရှိသူများကို စူးစူးရှားရှား ဟောင်လေ့ရှိသကဲ့သို့ မြွေကဲ့သို့သော အကောင်ရှည်များကိုလည်း သဲကြီးမဲကြီး ဟောင်လေ့ရှိ၏။ ထို့အပြင် ရိုးရိုးရိပ်ရိပ် မြင်ရသည့် ပရလောကသားများကို စူးစူးဝါးဝါးဟောင်တတ်သည်မှာ သဘာဝပင်။ ဘာကြောင့် ခွေးတွေက ပရလောကသားများကို မြင်နေသည်ကိုမူ မစမ်းဝါးမိပါလေ၏။

မေတ္တာသုတ်တော်တွင် 'ဒိဋ္ဌာဝါ ယေဝ အဒိဋ္ဌာ' ဟု ပြဆိုထားရာ ယေဒိဋ္ဌာဝါ - မြင်ဖူးသော အကြင်သတ္တဝါတို့သည် လည်းကောင်း၊ ယေဝါအဒိဋ္ဌာ - မမြင်ဘူးသော အကြင်သတ္တဝါတို့သည်လည်းကောင်းဟု ဆိုလိုပါသည်။ မိမိမြင်ဖူးသောလူ၊ မမြင်ဘူးသေးသောလူမျှသာမဟုတ်ဘဲ မိမိမြင်ဖူးသောတိရစ္ဆာန်သတ္တဝါတို့နှင့် မိမိမမြင်ဘူးသော (သက်ရှိနေကြသည့်) တိရစ္ဆာန်သတ္တဝါတို့ကိုပါ ဆိုလိုခဲ့၏။ သာမန်မျက်စိနှင့် မမြင်ရသည့်တိုင် မှန်ဘီလူးနှင့်ကြည့်မှ မြင်ရသော သတ္တဝါတွေကိုလည်း ရည်ညွှန်းထားခဲ့သည်။ ထို့အတူ မမြင်ရသည့် နတ်လို ပုဂ္ဂိုလ်များ၊ ဝိဇ္ဇာများနှင့် ပရလောကသားများ ပါဝင်နေမည်သာ။

ပရလောကသားကို မံသမျက်စိဖြင့်မမြင်ရဟု ဆိုလင့်ကစား အမြဲတမ်းမဟုတ်သော်လည်း ရံဖန်ရံခါတွေ့ဖူးမြင်ဖူးသော အုန်းမောင်ဆိုသူ ရှမ်းကလေးတစ်ယောက်နှင့် နီးကပ်စွာ နေထိုင်ခဲ့ရသည်။ အုန်းမောင်က ကျောင်းပညာမူလတန်းနှင့် အလယ်တန်း (ခုနစ်တန်း) ထိသင်ရင်း တစ်အိမ်တည်းတွင်အတူနေခဲ့ရ၏။ ကာလအားဖြင့် ခုနစ်နှစ်နီးနီး နေသွားခဲ့ခြင်းပါ။

✤

အုန်းမောင်ရဲ့ ဇာတိမှာ ရှမ်းပြည်နယ် တန့်ယန်းနားက ရွာကလေးပါ။ ရှမ်းပြည်နယ်က လူငယ်တွေ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ကိုရင်ဆီးပေးကြရိုး ထုံးစံရှိ၏။ ပြီး






www.burmeseclassic.com

www.burmeseclassic.com

တစ်ဖန် မြန်မာပြည်အောက်ပိုင်းဘက်ကိုပို့လိုက်ကြသည်။ မြန်မာပြည်အောက်ပိုင်းတွင်ရှိသော ဘုန်းတော်ကြီးကျောင်းတချို့က ကိုရင်လေးများကို လက်ခံထား၍ ပညာသင်ပေးထား၏။ ရှမ်းကလေးများမှာ လောကုတ္တရာစာပေကို သင်ယူရန် အခြေခံအတွက် လောကီစာပေကို အစပျိုးသင်ကြရသည်။ လောကီစာပေတက်မှ လောကုတ္တရာစာပေကို သင်ယူရမည်မဟုတ်ပါလား။ မြန်မာစကားကိုပင် ရေရေလည်လည်မတတ်၍ခက်နေခြင်းပင်။ အုန်းမောင်၏ ကိုရင်ဘွဲ့မှာ ရှင်ဩဘာသ။ ရှင်ဩဘာသနှင့်အပေါင်းပါတို့ကို (အုန်းမောင်အစ်ကို) ဦးပဉ္စင်းဦးကောဝိဒက ဟသ်ာတခရိုင် ဇလွန်မြို့နယ် ဘုန်းတော်ကြီးကျောင်းသို့ ခေါ်ယူလာ၍ လပိုင်းတွင် ဟသ်ာတမြို့ ပန်းဘဲတန်းရပ် ပိုးစာတောစာသင်တိုက်ကြီးသို့ ပြောင်းလဲခေါ်ယူလာခဲ့သည်။

အခြေခံဖြစ်သည့် ကျောင်းပညာအသင့်အတင့်ရှိပါမှ လောကုတ္တရာစာကို သင်ယူနိုင်မည်ဖြစ်သဖြင့် ပညာသင်ကြားနေစဉ်အတွင်း အုန်းမောင် (ရှင်ဩဘာသ) မှာ ကိုရင်ဘဝတွင် လုံးဝမပျော်ပိုက်တော့ပါ။ သီးသန့်လူဝတ်နှင့် ပညာသင်ယူလိုကြောင်း အုပ်ထိန်းသည့် အစ်ကိုဖြစ်သူကို ပြောကြားခဲ့သည်။ သူ့အစ်ကိုအတွက် အခက်အခဲ။ ကျောင်းနှင့်နီးစပ်သည့် စာရေးသူတို့မိသားစုတွင် သမီးလတ်ဖြစ်သူမှာ ဟသ်ာတမြို့ နည်း





www.burmeseclassic.com

www.burmeseclassic.com

ပညာတက္ကသိုလ်၌ ဆရာမလုပ်နေခဲ့သောကြောင့် အုန်းမောင်အတွက် အဆင်ပြေသွားသည်ဟု ဆိုရမည်ပင်။ အုန်းမောင်ကို ဆယ်တန်းအထိ ပညာသင်ပေးရန် သမီးက တာဝန်ယူထားလိုက်သည်။ ဆယ်တန်းအောင်ပြီးနောက် သက်မွေးဝမ်းကျောင်းမှုပညာတစ်ခုခု သင်လိုကသင်၍ မိဘရပ်ထံ ပြန်နိုင်ကြောင်း အစ်ကိုနှင့် သဘောတူ ညှိနှိုင်းခဲ့သည်။ အိမ်တွင် နေ၊ စားပညာသင်ကြားမည် ဖြစ်သောကြောင့် အိမ့်တာဝန် အိမ့်အလုပ်(ဗာဟိရ)များ ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးရန်ကို အစ်ကိုဖြစ်သူက မှာကြားခဲ့၏။

သူငယ်တန်းစတင်နေချိန်တွင် သူ့အသက်မှာ ခုနစ်နှစ်နီးပါးရှိနေပြီဖြစ်ကာ ကျောင်းတက်အရွယ်လွန်နေပြီဖြစ်သော်လည်း အုန်းမောင်၏ ကြိုးစားမှု၊ အိမ်မှ ထပ်ဆင့်သင်ကြားပေးမှုများကြောင့် နှစ်တန်းနှင့် သုံးတန်းကို ခြောက်လစီနှင့် အောင်ခဲ့၍ လေးတန်းကို လေးနှစ်အတွင်း အောင်မြင်ခဲ့သည်။ ထူးခြားသူတစ်ဦးပါလေ။

သို့နှယ် စာသင်နေစဉ်အတွင်း အုန်းမောင်၏ ထူးခြားသော အပြုအမူများနှင့် လှုပ်ရှားမှုတို့ကို တင်ပြလိုရင်းဖြစ်ပါသည်။ သူ့တွင် သူ့အဝေါင်းအသင်း သာမန်လူငယ်လူရွယ်တို့နှင့် မတူသော အတွေးအခေါ်၊ အပြောအဆိုတို့နှင့် ကာယကံမြောက်လှုပ်ရှားမှုတို့မှာ ထူးထူးခြားခြား။

✤

အသက်ပိုင်း ငါးနှစ်၊ ခြောက်နှစ်အရွယ်မှာ မိဘကို နွဲ့ဆိုးဆိုးပူဆာမည်။ စားမည်၊ ဆော့မည်၊ သူတို့အလုပ်က ဒါပဲရှိသည်။ လိုချင်သည့်ပစ္စည်းမရလျှင်၊ သူတို့ဆန္ဒ မပြည့်ဝခဲ့လျှင် ငိုမည်ပင်။ ကလေးအတော်များများက စရိုက်ချင်း မခြားနားလှပေ။

အုန်းမောင်ကိုယ်၌က ငယ်ငယ်ရွယ်ရွယ် မိဘနှင့်ခွဲလာခဲ့ရလေသလား မသိ မပူဆာတတ်။ ဘယ်အရာမှတောင့်တောင့်တတ မတောင်းဆို။ လိုချင်စိတ်လည်းရှိမည်မထင်ပါ။ အုန်းမောင်မှာ ဉာဉ်ဆိုးတစ်ခုတော့ရှိသည်။ လုပ်ချင်သည့်အလုပ်ကို မဖြစ်မနေလုပ်တတ်၏။ လုပ်သင့်မလုပ်သင့်တွေးဆမနေ။ လူကြီးမာန်မာန်ရိုက်ရိုက် ဂရုစိုက်လိမ့်မည် မဟုတ်ပါ။ သို့သော် ဉာဉ်ကောင်းလေး ရှိပြန်သည်။ လိမ်လည်၍မပြောတတ်ပါ။

သူတစ်ပါးမသိဘဲ ခိုးယူတတ်ခြင်းလည်း မရှိ။ စကားကို ထွေထွေရာရာမပြောတတ်သဖြင့် တစ်ခါတစ်ရံ သူ့စကားမှာ ဘုကျသလိုထင်ရ၏။ မြန်မာစကားအားလုံးကို သူတိုယ်တိုင်လည်း မသိနားမလည်သည်က များပါမည်။ သူ့ကို ဘာသာရေး အဆုံးအမပြောမိပါက ပြောသူမှာ တသက်ကြီးရှင်းပြရန် တာဝန်ရှိလာ၏။

မည်သို့ပင်ဆိုစေ နှစ်တန်းရောက်ကတည်းက ဘုရားရှိခိုးတတ်နေပါပြီ။ သမီးသင်ပေးသောကြောင့် ဘုရားဂါထာတော်တွေလည်းရနေသည်။ အုန်းမောင်က ဉာဏ်အကောင်းကြီး မဟုတ်သည့်တိုင် ကြိုးစားမှုတော့ရှိ၏။

"နေခဲ့တဲ့ရွာတုန်းက မင်းတို့ဘာတွေလုပ်ရသလဲကွ"

"လူကြီးတွေ တောင်ယာထဲသွားတော့ အိမ်မှာနေခဲ့ရတာပါ။ သူငယ်ချင်းတွေနဲ့လျှောက်လည်တယ်၊ရေကူးတယ်၊ ငါးမျှားတယ်၊ တစားကြတယ်၊ အစုံလုပ်တာပါပဲ"

"ထမင်းစားတော့ကော ဘယ်မှာစားရသလဲ"

"တောထဲ အကုန်လုံးသွားတာ။ ဒါပေမယ့် ချက်ထားခဲ့တယ်၊ ဆာရင်စားတဲ့"

အုန်းမောင်ရောက်စက အိမ်သာဆိုသည် ကျောင်းတွင်ရှိမည်အထင်မျိုးနှင့် ကျောင်းကိုပဲသွားနေသဖြင့် မနည်းရှင်းပြနေရသည်။ တောရွာနေခဲ့ရပေမယ့် သတ္တဝါ စုံလင်စွာ မြင်ဖူးပုံမပေါ်။ တစ်ခါက သစ်ရွက်ခြောက်အောက်တွင် ခွေနေသည့် ငန်းတော်ကျားမြွေကို အဝတ်စုတ်ခွေကြီးဟု ပြော၍လှန်မည်ပြုစဉ် မသက်သာသဖြင့် သမီးကကြည့်မိသောကြောင့် ရှောင်ကွင်းခဲ့ရဖူးလေ၏။ ပစ္စည်းတစ်ခုယူခိုင်းပါက အမှားမှားအယွင်းယွင်းနှင့် သုံး၊လေးခါထက်မနည်းသွားလာနေရသည့်အတွက် ယူခိုင်းမည့်ပစ္စည်းပုံသဏ္ဌာန်ကို ဟန်ပန်နှင့်ပြနေရသည်မှာ အလုပ်တစ်ခု။ အိမ်သုံးပစ္စည်းပစ္စယတို့၏မြန်မာအခေါ်ကို နားမလည်သည့်အကြောင်းရင်းကြောင့်ဟု သဘောပေါက်မိသည်။

အဝတ်အစား အသုံးအဆောင် အမည်စုံ သူမသိ။ အခေါ်အဝေါ်တွေကို သူနားမလည်။ နားလည်ရန်လည်း မကြိုးစား။ ဂျာကင် ပြော၍မရပါ။ ချိတ်တွင် ချိတ်ထားသော မီးခိုးရောင်အကျီပွပွထူထူကြီးဆိုမှ သရုပ်ပေါ်ပြီး ယူပေးတတ်သည်။ သို့နှယ် နုံချာပါသည်ဆိုသော်

လည်း ကျွမ်းကျင်သည့်လုပ်ငန်းများက ရှိနေသေးသည်ဟု ပြောရမည်။

လောက်လေးခွဆင်ထားရာတွင် သေသေသပ်သပ် လှလှပပ။ စပုတ်တံဖြင့် သားရေပင်တပ်မြားတွေလည်းလုပ်တတ်သည်။ လောက်လေးကို လောက်စာလုံးပစ်ရန် လောက်စာအိမ်မတပ်ဘဲ သံချောင်းကွေးလေးတပ်၍ အထစ်ပါသောမြား (စစ်မလိုမျိုး) ထည့်ပစ်ရန်လည်း လုပ်တတ်၏။

အုန်းမောင်လုပ်သမျှသော လက်နက်ပစ္စည်းတို့မှာ သတ္တဝါတစ်ကောင်တည်းကို ဒုက္ခပေးရန် ဖြစ်သည်ကို တွေ့ရမည်သာ။အုန်းမောင်က သူ့အယူအဆအရ သတ္တဝါတစ်ကောင်ကို အမုန်းဆုံးဖြစ်သည်။ ထိုသတ္တဝါမှာ ပုတ်သင်ညို။ သူက ခြံထဲတွင်တွေ့သည့် ပုတ်သင်ညိုအားလုံးကို အငြိုးတကြီးသတ်လေ့ရှိ၏။

"ဟေ့ဟေ့ - အုန်းမောင်၊ ဘာဖြစ်လို့ ပုတ်သင်ညိုတွေသတ်နေတာလဲ"

"အဘကလည်း၊ ဒီအကောင်တွေကသရဲဗျ။ သရဲကသေတော့မှ ပုတ်သင်ညိုဖြစ်သွားတာလေ။ သူတို့ကမသေရင် သရဲဖြစ်နေတော့တာပဲ"

သူ့ကို ဘယ်သူပြောထားခဲ့သည် မသိ။ ပုတ်သင်ညိုကိုတော့ သူက အကြီး အကျယ်မုန်းတီးသည်မှာ အမှန်။

"မဟုတ်ပါဘူးကွာ၊ မင်း ညဘက်ဘုရားရှိခိုးတော့ပါတယ်လေ။ ပါဏာတိပါတာ - သူ့အသက်သတ်ခြင်းက ရှောင်ကြဉ်ပါ၏ဆိုတာ။ သတ္တဝါတွေ အသက်မသတ်ရဘူး၊ ငရဲကြီးတတ်တယ်ကွယ့်။ မလုပ်နဲ့နော်"

အုန်းမောင် ဆက်လက်ပြီးမသတ်သော်လည်း ပြောစကားကို နားဝင်သွားသည်မထင်။ လူကြီးတစ်ယောက်စကားအပေါ် မလွန်ဆန်လို၍သာဖြစ်နိုင်သည်။ လစ်လျှင်လစ်သလိုသတ်မည်ကို သဘောပေါက်နေခဲ့၏။

"နို့-နေပါဦး၊ မင်းက သရဲတစ္ဆေ မြင်ဖူးလို့လား"

"မြင်ဖူးတယ်။ ကျွန်တော်တို့အိမ် အနောက်ဘက်တောစပ်မှာ ညညဆို မီးလုံးရောင်စုံတွေအများကြီးတက်လိုက် ဆင်းလိုက်တွေ့နေရတာပဲ။ တစ်လုံး တစ်လုံး ပြေးတိုက်ကြတော့ တချို့ သွားတယ်။ မနက်ဘက်သွားကြည့် ပုတ်သင်ညိုတွေသေနေတာပဲတွေ့တ လူတွေရှိတဲ့နေရာလိမ့်လာတဲ့ မီးလုံး ကြီးတွေလည်းရှိတယ်။ အနားရော တော့ ပျောက်သွားရော။ ခဏခဏ



www.burmeseclassic.com

www.burmeseclassic.com

တာပါ။ မီးလုံးဟာ သရဲပဲပေါ့"

သူတို့အရပ်ဒေသမှာ ဘာတွေတွေ့ခဲ့ပြီး ဘယ်လိုအယူအဆတွေသင်ပေးခဲ့သည်မသိ။ အုန်းမောင်အနေနှင့် တလေးပီပီ သရဲတစ္ဆေကဲ့သို့သော ပရလောကသားများကို ကြောက်ရွံ့စရာတစ်ခုဟုမမြင်။ သာမန်သတ်ဖြတ်ဆော့ကစားရန် သတ်မှတ်ထားကြလေသလားမဆိုင်နိုင်ပြီ။

✤

ပထမဦးဆုံး အုန်းမောင်၏ ဆန်းဆန်းကြယ်ကြယ် အတွေ့အကြုံကို သိခဲ့ရခြင်းပါ။ ထိုနေ့က သမီးနှင့်သူတို့ ကိုစိုးမြင့်၊ မဝင်းဝင်းဌေးတို့အိမ်ကို သွားလည်ကြသည်။ စကားကောင်းနေသဖြင့် ပြန်ချိန်မှာ လမ်းမီးများပင်လင်းလက်နေကြပေပြီ။ အချိန်မှာလည်း ညခုနစ်နာရီထိုးလုနီးပါး။

အိမ်ချင်းက ဝေးလှသည်မဟုတ်။ ဘုန်းတော်ကြီးကျောင်းဝင်းတစ်ခုသာခြားပါသည်။ ဓာတ်မီးတိုင် ခုနစ်တိုင်လောက်တော့ရှိနိုင်၏။ လမ်းမီးရောင်ရှိနေသောကြောင့် လက်နှိပ်ဓာတ်မီးလည်းယူမလာမိ။ အိမ်ရှင်များကို နှုတ်ဆက်ကာ ပြန်လာစဉ် တစ်လမ်းလုံး လူသူလေးပါး ကင်းရှင်းနေ၏။ လမ်းပေါ်ရှိ ဘူင်းချိုင့်များကို ဂရုစိုက်နေရသဖြင့် နှစ်ယောက်သား စကားမပြောဖြစ်ပါ။ ဖြည်းဖြည်း လျှောက်လာရာ အိမ်အဝင်လမ်းကွေ့ မလေးရှားပိတောက်ပင်ကလေးအကျော်တွင် အုန်းမောင်က စတင်စကား စသည်။

"ဆရာမ၊ စောစောက ကျွန်တော်တို့နဲ့ပါလာတဲ့လူတွေ့သလားဟင်"

"ဟဲ့-ဘယ်သူလဲ။ ငါလည်းမတွေ့ပါလား"

"ကျွန်တော်တို့သွားတဲ့ အိမ်ကအထွက် လမ်းဘေးအုတ်ခုံနားက လိုက်လာတာလေ။ သူ့အရပ်ကတဖြည်းဖြည်းရှည်လာတယ်၊ အမြင့်ကြီးပဲ"

"တော်စမ်း၊ ဒီကောင်လေး ပေါက်တက်ကရတွေမပြောနဲ့"

သူ့စကားက တစ်မျိုးကြီးမို့ ဟန့်တားလိုက်သော်လည်း သူက တန့်ရပ်မနေ။

"ဟုတ်တယ် ဆရာမရဲ့။ သူကျွန်တော်တို့နောက်ကလိုက်လာတာ ကျွန်တော်တောင် ခဏခဏလှည့်ကြည့်သေးတယ်"

"စောစောကနင်အာဖြစ်လို့မပြောတာလဲ၊ ငါမတွေ့လိုက်ဘူး"

"သူ့ရုပ်ကဆိုးတယ်။ ကျွန်တော်တို့နောက်ကပါလာတော့ ပြောလို့ သူသိသွားရင် မကြိုက်မှာစိုးပြီးမပြောတာပါ"

"အခုကော ဘယ်ရောက်သွားပြီလဲ"

"ဟိုအပင်လေးနားက လှည့်ပြန်သွားပြီ၊ မရှိတော့ဘူး"

အုန်းမောင် လမ်းလျှောက်လာစဉ် နောက်သို့ခဏခဏလှည့်ကြည့်နေသည့် အဖြစ်ကို သဘောပေါက်သွားသည်။ အုန်းမောင်က လိမ်လည်မပြောတတ်။ မဟုတ်ကဟုတ်ကအပြောမျိုးလည်းပြောလေ့ရှိမည်မထင်။ အုန်းမောင်တွေ့သော်လည်း ဆရာမ မတွေ့မြင်ရ။ ယုံရခက်သော အကြောင်းတရားတစ်ခုပင်။ အကြောင်းမဲ့တော့ အုန်းမောင် မပြောသည်မှာ အမှန်။

အုန်းမောင်တို့ဒေသတွင် ပရလောကသားကို ကြောက်စရာ ပုံပန်းသဏ္ဌာန်ဖြင့် မြင်ဖူး၊ တွေ့ဖူးအံ့မထင်။ မီးလုံးကို သရဲ ဟူ၍လည်းကောင်း၊ သရဲသေလျှင် ပုတ်သင်ညို ဖြစ်သည် ဟူ၍လည်းကောင်း၊ ပုတ်သင်ညို ဟူသည် သရဲကအယောင်ဆောင်ထားသည့်သတ္တဝါများဖြစ်သည်ဟူသော အတွေးအခေါ် အယူအဆ အစွဲအလမ်းတို့မှာရှိနေဆဲ။ ကလေးသူငယ်တို့မှာ လူကြီးမိဘပြောစကားများကို စွဲစွဲမြဲမြဲ လက်ခံ ယုံကြည်လေ့ရှိသည်မှာ ဓမ္မတာ။ သူတို့ခေါင်းထဲတွင် အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိသေးပါ။

မြန်မာလူမျိုးအတော်များများက ဝါဝင်၊ ဝါထွက်တွင် ရိုးရာနတ်များ ပ,သလေ့ရှိ၏။ ထိုအထဲတွင် စာရေးသူ၏ဇနီးလည်း ပါဝင်ပါသည်။ ဝါဝင် သို့မဟုတ် ဝါထွက် တစ်နှစ်လျှင်တစ်ကြိမ် ပ,သလေ့ရှိရာ အိမ်တွင်းပွဲ(နှမပွဲ)ကို ညနေစောင်းနေဝင်ဖျိုးဖျတွင် ရွာစာချလေ့ရှိ၏။ ဆန်ကောအတွင်း အခွံနွာပြီး ငှက်ပျောသီးများနှင့် ကောက်ညှင်း၊ အုန်း၊ မုန့်ဖြူ မုန့်နီ၊ ငါးကြော်များကိုထည့်ကာ ပတ်လည်အုန်းရည်လောင်း၊ ယောက်မနှင့်ခေါက်၍ ရွာစာချလေ့ရှိသည်။ ရွာစာချသည့် အလုပ်ကလည်း အပြောအဆိုတွေနှင့် လွယ်လွယ်ကူကူမဟုတ်။ အိမ်ရှင်မလုပ်နေသမျှကို ကြည့်သာနေရသော်လည်း ဘာသာလဝါနေတတ်သူမို့ နားလည်တတ်ကျွမ်းမှုမရှိသည်ကိုဝန်ခံရပေမည်။

နတ်ကန်တော့သည့်နေ့ညနေပိုင်း ရွာစာချအပြီး အိမ်အပြင်ခေတ္တထွက်မိသည့်အခိုက် အုန်းမောင်ကို အိမ်ပြင်တွင် ငုတ်တုတ်ထိုင်လျက် တွေ့နေရသည်။ တစ်ခုခုကို သူက စူးစူးစိုက်စိုက်ကြည့်နေ၏။

"ဟေ့ကောင် အုန်းမောင်၊ ဘာတွေများစူးစိုက်ကြည့်နေတာလဲ"

"အဘရယ်၊ ဟိုလူတွေကြည့်နေတာပါ။ ခွေးတွေကျွေးထားတာကို သူတို့အတင်းဝင်စားနေတယ်။ မရှုံဘူးလားမသိဘူး"

သူ့အပြောကြောင့် ကြည့်လိုက်သော်လည်း ခွေးသုံးလေးကောင် စားနေသည်မှတစ်ပါး အခြားသက်ရှိသတ္တဝါမမြင်၊ မျက်စိလည်း မမှား။

"မင်းဟာလေ ဘာတွေပြောမှန်းမသိဘူး။ ခွေးတွေစားနေတာပါကွာ၊ ဘယ်သူမှမရှိတာ မင်းမတွေ့ဘူးလား"

"အဘကလည်း-ခွေးအနက်ကျားကြီးဘေးမှာ တစ်ယောက်၊ ခွေးနီမဘေးမှာတစ်ယောက်၊ သူတို့နှစ်ယောက်နဲ့ခွေးနှစ်ကောင်တည်းပါ။ လူတွေက အသားမည်းမည်း၊ ခေါင်းမွေးတွေမှအရှည်ကြီး။ ညစ်ပတ်ပေရေနေတာပဲ။ စားတာကလေးဖက်ထောက်ကြီးနဲ့ တကယ်ငတ်ကြီးကျတဲ့လူတွေ"

အုန်းမောင်ကို တုဖက်ငြင်းမနေတော့ဘဲ သူ့ကိုလက်ဆွဲ အိမ်ထဲဝင်ခဲ့မိသည်။ ခွေးနက်ကျားတစ်ကောင်၊ ခွေးနက်နှစ်ကောင်၊ ခွေးနီမတစ်ကောင်၊ ခွေးလေးကောင် တွေ့နေသည့်တိုင် အုန်းမောင်က အကျောက်အကန်ငြင်းနေခြင်းမှာ သူ့အမြင်မမှား၍ဖြစ်နိုင်၏။ သူကလည်း ပုံသဏ္ဌာန်တွေကအစ အပ်ကျမပ်ကျပြောနေခြင်းပါ။ တစ်ယောက်ယောက်တော့ လွဲနေပါပြီ။ မည်သူလွဲနေပါလိမ့်။

✤

ထိုရက်က အစ်နေ့အတွက် အမဲသားများလာပို့သွားသည်။ နှစ်စဉ်ပို့နေကျပါ။ တရင်းတနှီးခင်မင်သည့်မိတ်ဆွေများပို့ပေးခြင်းဖြစ်သဖြင့် ယူလိုက်ရသော်လည်း တစ်အိမ်လုံးက အမဲသားမစား။ အလဟဿမဖြစ်စေဘဲ စားသူတို့ကိုပေးမြဖြစ်သည်။ ထိုသို့ပို့သည့်အခါတိုင်း အိမ်တွင် အဝတ်လာဖွပ်နေသည့် ကလေးမလေးကို ပေးလိုက်တတ်သည်။ ကလေးမလေးကလည်း ညနေအထိ ရောက်မလာ။ အကြောင်းကိစ္စတစ်ခုခုတော့ရှိမည်။ စိတ်ကူးတစ်ခုပေါ်လာ၏။ ညီဖြစ်သူရှိစဉ်ကတည်းက ကြွက်သား၊ ဖား



www.burmeseclassic.com

www.burmeseclassic.com

## လိုသူများသုံးစေဖို့
# ဆန်းပေဒင်၌အကျွမ်းဝင်သောဂြိုဟ်ပရိယာယ်များ



ဗေဒင်ဟောပြောရာတွင် ဂြိုဟ်ပရိယာယ်များကို ခက်ခက်ခဲခဲရှာမနေရဘဲနှင့် လွယ်လွယ်ကူကူ အသင့်ဟောပြောနိုင်ကြစေရန် ဆန်းဗေဒင်မှအကျွမ်းဝင်သော ဂြိုဟ်ပရိယာယ်များကို ဖော်ပြပေးလိုက်ပါသည်။ လိုအပ်သူများသုံးနိုင်ကြပါစေ။

**၁။ တနင်္ဂနွေဂြိုဟ်ပရိယာယ်များ**

၁+၁ = အင်ဥ၊ ဥသြ၊ အိုးအိမ်။

၁+၂ = အချုပ်၊ အကိုက်၊ အခဲ၊ အကျိတ်၊ အကြော၊ အကျီ၊ ဦးခေါင်း၊ အုတ်ခဲ၊ အိုးခွက်။

၁+၃ = အဆုတ်၊ အဆစ်၊ အစာအိမ်၊ အိမ်စေ၊ အစောင့်၊ အစုစပ်၊ အုန်းဆွဲ၊ အုန်းစို့၊ ဩဇာ။

၁+၄ = အုန်းယို၊အူရောင်၊အလှူ၊ အလိမ်၊ အရိုက်၊ အရက်၊ အုန်းလွဲ၊ ဦးသျှောင်။

၁+၅ = အမှူ၊ အိမ်ပြောင်း၊ အိမ်ပျက်၊ အူပေါက်၊ အင်းမြှုပ်၊ အောင်မဲဖြူ၊ အမွေ။

၁+၆ = အသည်း၊ အိုးသစ်၊ အိမ်သစ်၊ အိမ်သာ၊ အသင်း၊ အလုပ်သစ်။

၁+၇ = အင်းတိုက်၊ ဦးနှောက်၊

သား၊ ငါးရှဉ့်မှအစ မရှောင်တမ်းစားနေသည့်အိမ်မို့ ညီမရှိလင့်ကစား သူတို့အိမ်ကိုပို့ပေးမည်စိတ်ကူးပင်။ ကုသိုလ်ပြုသူအတွက် အချည်းနှီးမဖြစ်စေလို။

"အုန်းမောင်ရေ မညိုတို့အိမ် ဒီအသားထုပ်ကလေးသွားပို့လိုက်ပါကွာ။ တို့မစားပေမယ့် သူတို့စားပါတယ်"

အုန်းမောင်က အသားထုပ်ယူ၍ သုတ်ခနဲထွက်သွားသည်။ အုန်းမောင်သွားပို့သည့်အချိန်က ညနေစောင်းသာသာမို့ အလင်းရောင်ရှိသေး၏။ အုန်းမောင် သွားပို့ရမည့် နေရာကလည်း (အပိုင်းရပ်ကွက်ချင်း ခြားသည့်တိုင်) ကတ္တရာလမ်းတစ်လမ်းဖြတ်ရမည့်လမ်းဖြောင့်ကြီးပါ။ သို့သော် အုန်းမောင်ကို စိတ်မချ။ အမှားမှားအယွင်းယွင်းလုပ်တတ်သူ ဖြစ်သောကြောင့် ခြံဝကထွက်ကြည့်နေမိ၏။

အုန်းမောင်က စိုက်စိုက်စိုက်စိုက်နှင့်လျှောက်သွားပြီး ကတ္တရာလမ်းကို ဖြတ်ကျော်သွားပါပြီ။ ကတ္တရာလမ်းအကျော်တွင် သွားရမည့်လမ်းထိပ်၌ ရေမြောင်းဖြတ်ကျော်ထားသည့် အုတ်ကုန်းလေးရှိနေသည်။ လမ်းသွားလမ်းလာကလည်း ရှင်းရှင်းလင်းလင်း။

အုတ်ကုန်းထိပ်တွင် အုန်းမောင်ရပ်ပြီး တစ်စုံတစ်ယောက်နှင့်စကားပြောနေသည့်ဟန်ပန်ကို မြင်နေရ၏။ သို့ဖြင့်မြင်နေရသော်လည်း သူနှင့်ပြောသူကို မတွေ့ပါ။ အုန်းမောင် သူ့လက်ထဲမှဟင်းစားထုပ်ကို လက်နှစ်ဖက်ဖြင့် ပိုက်ရင်းနောက်ဆုတ်လိုက်၏။ တစ်ယောက်ယောက်က အသားထုပ်ကိုယူတော့မည့်နှယ် စိုးရိမ်နေသလားမသိ။ ထို့နောက် ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင်ပြေးပါတော့သည်။ အုန်းမောင် မညိုတို့အိမ်ထဲဝင်သွားမှ အိမ်တွင်းမှပြန်လာခဲ့၏။ ဆယ်မိနစ်ခန့်တွင် အုန်းမောင် ပြန်ရောက်လာပါသည်။ အမောပြေပုံမရသေး။

"အုန်းမောင်၊ မင်းစောစောက ကုန်းထိပ်မှာ ဘယ်သူနဲ့ စကားပြောနေတာလဲ"

"အဘမြင်တယ်ဟုတ်လား။ အဲဒီကုန်းဘေးကထွက်လာတဲ့လူပဲ၊ တွေ့တာနှစ်ခါ၊ သုံးခါရှိပြီ။ သူက အသားထုပ်ကို လက်ညိုးထိုးပြပြီး လက်ဝါးဖြန့်တယ်။ သူ့ကိုပေးပါပြောတာပေါ့။ ကျွန်တော်က အဘက ဒေါ်ညိုတို့အိမ်ပေးခိုင်းလိုက်တာလို့ ပြောလိုက်တယ်"

အုန်းမောင် ခေတ္တနားပြီး စကားဆက်သည်။

"ကျွန်တော် ပြောပေမယ့် မရဘူး သူအတင်းတောင်းနေတယ်။ ကျွန်တော်လည်း မပေးချင်လို့ ထွက်ပြေးတော့တာပေါ့။ သူက လိုက်လာပြီး ကျွန်တော့်ကိုဆွဲသေးတယ်။ ဒေါ်ညိုတို့အိမ်ရှေ့အထိပါလာတာ၊ နောက်တော့ပြန်သွားရော"

"အုန်းမောင် မင်းကို လက်ဖြန့်တောင်းပြီး မရတော့ လိုက်ဆွဲတယ်နော်၊ စကားလုံးဝမပြောဘူးဟုတ်လား"

"ဟုတ်တယ် အဘရဲ့"

အုန်းမောင် တစ်ဦးတစ်ယောက်နှင့်တွေ့ခဲ့သည်မှာအမှန်ပါ။ အုန်းမောင်ကို လိုက်ဆွဲသည် ဆိုသည့်စကားသည်လည်း မုသားမဟုတ်။ အုန်းမောင် သိမည်၊ မသိမည် မပြောနိုင်သော်လည်း သွားစဉ်က အကောင်းသားရှိနေသည့် အိမ်နေအကျီအဟောင်းလေးမှာ ကျောဘက်တွင်ဆွဲသည့်ဒဏ်ကြောင့် အတွင်းလိုက်စုတ်ပြတ်ပါသွားသည်က အထင်အရှား။ အုန်းမောင်ကို ဘာတစ်ခုမှရှင်းလင်းမပြတော့ပါ။ သို့တစေ အုန်းမောင်တွေ့ခဲ့ပါသည်ဆိုသော သူသည် . . .။

သဗ္ဗေသတ္တာကမ္မသကာ

မြို



www.burmeseclassic.com

www.burmeseclassic.com

အကျဉ်းထောင်၊ ဦးထုပ်၊ အင်တုံ၊ အုတ်ထိုင်၊

၂။ တနင်္လာဂြိုဟ်ပရိယာယ်များ

၂+၂ = ငွေခွက်၊ငွေကြိုး၊ကျောက်ကြိုး ကျောက်ခွက်၊ ကျောက်ချဉ်၊ ကျောက်ခဲ၊ ကြိုးချည်၊ ကျောက်ကပ်၊ အုပ်ကိုက်၊ ခွေးကိုက်၊ ကျွဲခတ်၊ ခေါင်းကိုက်၊ ခြေကျိုး၊ ခါးကိုက်၊ ခြေချင်း၊ ဂျစ်ကား၊ ကင်းကိုက်၊ ကျောက်ကျော၊ ကျောက်ကွဲ။

၂+၃ = ကျောက်စိမ်း၊ ကြေးစည်၊ ကျောက်ဆောင်၊ ကြွေဇွန်း၊ ကျောင်းဆောင်၊ ကျောင်းစောင့်၊ ကြာဆံ၊ ခေါက်ဆွဲ၊ ကျောက်ဆေး၊ ကက်ဆက်၊ ကြွေးဆီး၊ ကြက်ညှာ၊ ချောင်းဆိုး၊ ကင်ဆာ၊ ကြိုးဆွဲ၊ ကြော်ငြာ၊ ကြေညာ၊ ကျည်ဆန်၊ ချောဆွဲ။

၂+၄ = ခေါင်းလောင်း၊ ကလိုင်၊ ခက်ရင်း၊ ကလောင်၊ ကလစ်၊ ခရီး၊ ကျောက်စရစ်၊ ကုလား၊ ကရင်၊ ကောက်ရိုး၊ ခရေ၊ ကန်ရေ၊ ကလေး၊ ခဝဲ။

၂+၅ = ကြေးမောင်း၊ ကျောက်ဖျဉ်၊ ခမောက်၊ ခါးပတ်၊ ကားဘီး၊ ကားဘုတ်၊ ကားမှောက်၊ ငှက်ဖျား၊ ငန်းဖမ်း၊ ကျောက်ပေါက်။

၂+၆ = ကြယ်သီး၊ ကြက်သွန်၊ ကုလားသစ်၊ ခြေသုတ်၊ ကသစ်၊ ချိုးသိမ်း၊ ချင်းသုပ်။

၂+၇ = ခုတင်၊ ခြင်ထောင်၊ ခေါက်ထီး၊ ခြင်းတောင်း၊ ခေါင်တိုင်၊ ခေါင်းနွား၊ ကုဋ္ဌိ၊ ခါးနာ၊ ကြိုးတန်း၊ ကားတိုက်၊ ကြက်တိုက်၊ ကျောနာ၊ ခြေနာ။

၂+၁ = ငွေအိုး၊ ကြေးအိုး၊ ကြက်ဥ၊ ခေါင်းအုံး၊ ခြေအိတ်။

၃။ အင်္ဂါဂြိုဟ်ပရိယာယ်များ

၃+၃ = ဆန်စက်၊ ဆီစက်၊ ဆံစုတ်၊ ဆေးစွဲ၊ ဆူးစူး၊ ညောင်စောင်း၊ စွပ်စွဲခြင်း။

၃+၄ = စလွယ်၊ ဇလုံ၊ စက်ရုံ၊ ဆေးရုံ၊ ဆေးလုံး၊ ဇက်လေး၊ ဆီးယို၊ ဆက်ရက်-ငှက်။

၃+၅ = စက်ဘီး၊ ဆပ်ပြာ၊ စားပွဲ၊ ဆပါး၊ စိုက်ဘီး၊ ဆေးမှား၊ ဆေးမိ၊ စံပယ်၊ ဆီပန်း။

၃+၆ = စက်သစ်၊ ဆောက်သွား၊ ဆိတ်သား၊ ဆပ်သွားဖူး၊ ဆတ်သား။

၃+၇ = စွယ်တော်၊ စာတိုက်၊ ဆေးတံ၊ စုန်းတိုက်၊ ဆီးထိုး၊ စိုက်တံ၊ ဆံထိုး။

၃+၁= စဉ့်အိုး၊ ဆီအိုး၊ ဆီးအောင့်၊ ဆန်အိတ်၊ စက်အိမ်၊ အစာအိမ်၊ ဆီးအိမ်။

၃+၂ = ဆိုင်ကယ်၊ ဆိုက်ကား၊ ဆီးကျဉ်၊ ဆီးချို၊ စက်ခန်း၊ ဆေးခန်း၊ ဆေးခြောက်။

၄။ ဗုဒ္ဓဟူးဂြိုဟ်ပရိယာယ်များ

၄+၄ = လယ်ယာ၊ လက်ရိုက်၊ လောင်းလှေ၊ လောက်လေး၊ လူလည်၊ ဝမ်းလျှော၊ ရွက်လှေ။

၄+၅ = ရွှေဘီး၊ လှည်းဘီး၊ လေဘေး၊ ဝက်ပက်၊ ရေပိုက်၊ ယောက်မ၊ လင်ပန်း၊ လက်ဖက်၊ လိမ္မော်၊ လမု၊ ဝါးပိုး၊ ဝမ်းပျက်၊ ဝမ်းဖော၊ ရင်ဘတ်။

၄+၆ = ရသေ့၊ ရဟန်း၊ ရဟတ်၊ လက်သည်း၊ လက်သည်၊ လက်သုပ်၊ လက်သန်း။

၄+၇ = ရင်ထိုး၊ ရဲတင်း၊ ရွက်တိုင်၊ ရွှေထီး၊ ရထား၊ ရေနံ၊ လှံထိုး၊ လေနာ၊ ရင်နာ၊ ယားနာ၊ လက်ထိတ်၊ လက်ထပ်၊ လွှတိုက်၊ လှည်းထောက်၊ လေထိုး။

၄+၁ = လွယ်အိတ်၊ လက်အိတ်၊ ယွန်းအစ်၊ ရွှေအိုး၊ လေအောင့်၊ လေအန်၊ လိပ်ဥ၊ ရေအိုး။

၄+၂ = ရွှေကြုတ်၊ ရေခွက်၊ ယွန်းခွက်၊ လိပ်ခေါင်း၊ လက်ကျိုး၊ လက်ကောက်။

၄+၃ = လက်စွပ်၊ လှံစူး၊ လင်းဆွဲ၊ ဝဲစွဲ၊ လည်စည်း၊ လင့်စင်။

၅။ ကြာသပတေးဂြိုဟ်ပရိယာယ်များ

၅+၅ = ပုရပိုက်၊ မျက်မှန်၊ ပီပါ၊ ပေါက်ပြား၊ မီးပန်း၊ မီးဖို၊ ပန်းပု၊ ပန်းပဲ၊ ပေါင်မုန့်၊ ပေါက်ပေါက်၊ ပဲပြုတ်။

၅+၆ = ပြာသာဒ်၊ ပိုက်သစ်၊ ဖျာသစ်၊ မုတ်သုံ (လေ)၊ မျိုးသန့် (စပါး)၊ မြေဟပ်။

၅+၇ = မော်တော်၊ ပွဲထောင်၊ မော်တာ၊ဘဏ်တိုက်၊ပန်းထိမ်၊မင်းတုပ်၊ ပေတံ၊ ဗီရို၊ ဖောင်တိန်၊ မီးတုတ်၊ ဖွဲနု၊ ဗိုက်နာ၊ ပိတောက်။

၅+၁ = မီးအိမ်၊ မှန်အိမ်၊ ဘဲဥ၊ ပိန်းဥ၊ မျောက်ဥ၊ ဗိုက်အောင့်၊ ပန်းအိုး၊ ပေါင်အောင့်။

၅+၂ = မှောင်ခို၊ ပုခက်၊ မီးချောင်း၊ မီးကင်း၊ မီးခွက်၊ မီးခြစ်၊ ပခြုပ်၊ ဖွဲကြမ်း၊ ပိုက်ကွန်၊ ပိုက်ခေါင်း၊ ဖန်ခွက်၊ ဗိုက်ခွဲ။

၅+၃ = ပုဆိန်၊ ပုဆိုး၊ မျက်စိ၊ မျက်စဉ်း၊ မေးစေ့၊ ပန်းဆီ၊ ပေါက်စီ၊ ပဲဆီ၊ ပျားဆွဲ။

၅+၄ = ပုလင်း၊ ဖဲရိုက်၊ ပါးရိုက်၊ မွေ့ရာ၊ ပဝါ၊ ဘယက်၊ ဖလား၊ ဘိန်းရှူ။

၆။ သောကြာဂြိုဟ်ပရိယာယ်များ။

၆+၆ = သော့သစ်၊ သစ်ဟောင်း၊ သီဟိုဠ်၊ သက်သေ၊ သွေးသွန်၊ သုတ်သွေး၊ သူသေ။

၆+၇ = သွားနာ၊ သန့်ထိုး၊ သေနတ်၊ သေတ္တာ၊ သွေးတိုး၊ သူဌေး။

၆+၁= သားအိမ်၊ သန်းဥ၊ သွေးအိုင်၊ သစ်အယ်၊ သစ်အိမ်၊ ဟင်းအိုး။

၆+၂ = သွပ်ချောင်း၊ သံချောင်း၊ သကာ၊ သကြား၊ သက်န်း၊ သွားကျိုး၊ သခွတ်၊ သခွား၊ သူခိုး၊ သုက်ခန်း၊ သွေးကြော၊ သွားကိုက်၊ သက်ငယ်၊ သံချိပ်၊ သံကြိုး။

၆+၃ = သစ်စက်၊ သိုက်စာ၊ သစ်စေး၊ သံညှပ်၊ သွားစိုက်၊ သွေးဆေး၊ သွေးဆုံး၊ သစ်ခွေး။

၆+၄ = သောက်ရေ၊ သရဲ၊ သလိပ်၊ သံရှု၊ သလွန်၊ သလဲ၊ သွေးလွန်၊ သွေးလုံး၊ သံလုံး၊ သွေးလှူ၊ သုက်လွန်၊ သံလမ်း။

၆+၅= သပိတ်၊ သင်းပိုင်၊ သွားဖုံး၊ သပြေ၊ သဘော်၊ သင်ဖြူးဖျာ၊ သပေါ့ဖျာ၊ သုက်ပျက်၊ သားပျက်၊ သွေးပျက်၊ သွေးပျစ်။

၇။ စနေဂြိုဟ်ပရိယာယ်များ

၇+၇ = နားနာ၊ နတ်တိုက်၊ တင်းတိပ်၊ နွားနို့၊ နာနတ်၊ နို့နာ၊ ဒူးနာ၊ နွားနက်၊ ဓနိ။

၇+၁ = တိုက်အိမ်၊ နားအူ၊ ဒယ်အိုး၊ ဒန်အိုး၊ ဓားအိမ်၊ ထုံးအိုး၊ နို့အိုး၊ တဲအိမ်။

၇+၂ = နားကပ်၊ နှာခေါင်း၊ တောခေါင်း၊ နွားခြံ၊ ဒူးခေါင်း၊ တွင်ခုံ၊ တုပ်ကွေး၊ ထွေးခံ၊ ထိုးကွင်း၊ နားကိုက်၊ နားကန်း၊ ဒိန်ချဉ်၊ ဒိန်ခဲ၊ တိုက်ခန်း၊ တောင်ကုန်း။

၇+၃ = ထမ်းစင်၊ ထီးစုတ်၊ နို့ဆီ၊ နားဆွဲ၊ နှမ်းဆီ၊ တိမ်စွဲ၊ တိုက်စောင်၊ ဒူးဆစ်၊ ထန်းလျက်။

၇+၄ = နာရီ၊ နီလာ၊ နှလုံး၊ ဓားလှီး၊ တုတ်ရိုက်၊ ဒူးရိုး၊ ဒရယ်၊ ဒူးရင်း။

၇+၅ = ဓာတ်မီး၊ ဓားပြ၊ ဓာတ်ဖို၊ ဓာတ်ဘူး၊ တိုက်ပုံ၊ တိုက်ပျက်။

၇+၆ = တိုက်သစ်၊ ထီးသစ်၊ ဓားသစ်၊ ထန်းသား။

*(ခုနစ်နေ့သားသမီးများအားလုံး ကိုယ်ကျန်းမာ၍ စိတ်အေးချမ်းသာယာကြပါစေ)*

မုဒိတာ (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

လောက၌ လူများစွာသည် သံသရာကျင်လည်ရာခရီးတွင် ဆုံလည်နွား ပမာ လည်ပတ်ရင်း အတိတ်က ပဋ္ဌာန်း ဆက် ဆွေတော်မျိုးတော်တို့အား တွေ့ ကြုံ တွေ့ဆုံခဲ့ကြပါသည် သံသရာစက် ဝန်းက မရပ်မနား လည်ပတ်နေသလို လူသားများတို့ ... သည်း တွေ့ကြုံဆုံကွဲ ဖြစ်ပျက်မှုတ... ကောင်းရှိမှုကြသည် ပေတည်။

ပျော်မှုလည်း ... ကျော်

# ရတနာဒေဝီ

## ကြုံခဲ့ဖူးသည့် ပဋ္ဌာန်းဆက်အာဘာတစ်ဦး





www.burmeseclassic.com

www.burmeseclassic.com

ကျော်က စာရေးသူ ကင်ဆာရောဂါဖြစ် ခဲ့ပါသည်။ မိသားစုများ စိတ်ပူပင် သောကရောက်ပြီး အပြုံးမပျက်နေခဲ့ပါ၏။ ကင်ဆာမှာ လူသားတို့အတွက် သေမင်း ၏ အမိန့်တော်တစ်ပါးဖြစ်ခဲ့ပေရာ ငါလည်း သေရတော့မှာပါလားဟု သတိကပ်ပြီး ဥပုသ်ဆောက်တည်ကာ သက်သတ် လွတ်စားပြီး အမိဋ္ဌာန်သုံးလဝင်ခဲ့ပါ၏။

တစ်ရက် အင်ဂျင်နီယာ ဒေါ်ဝင်း ကြည်က သူ့အိမ်တွင် ဘုရားကိုးဆူကပ် လှူဒါန်းပူဇော်ပါမည်။ လာဖြစ်အောင်လာ ပါ မည်သူမျှ မဖိတ်ကြားပါဟု ဆိုလာ ၍ ညနေဘက် ဘုရားကိုးဆူဆရာများ ရောက်လာစဉ် မိမိလည်း အသေအချာ တွေ့ဘူး၍ လေ့လာရင်း သွားခဲ့ပါ သည်။

ကျောင်းဆောင်ကြီးတစ်ခုပေါ်၌ ခင်းကျင်းကာ ဘုရားရုပ်ပွားတော် တစ်ဆူ၊ ရှင်အာနန္ဒာမထေရ်မြတ်၊ အရှင် သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန် စသော ရဟန္တာကြီးနှစ်ပါးတို့နှင့် ရှင်ကောဏ္ဍည၊ ရှင်ဝဇ္ဇမှတိ၊ ရှင်ဥပါလိ၊ ရှင်ရေဝတ၊ ရှင်ရာဟုလာ စသည့် ရဟန္တာရှစ်ပါးကို အရပ်မျက်နှာအလိုက် နေရာချပူဇော်ပါသည်။ အောင်သပြေ နှင့် အပွင့်ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ် လှူပါ၏။ နောက်တစ်နေ့ အရုဏ်တက်မှ ဆွမ်းပွဲနှင့် သစ်သီးများ ပူဇော်မည်ဟု ဆိုပါသည်။

မြတ်စွာဘုရားရှင်လက်ထက်တော် က အာယုဝဍ္ဎနကလေးငယ်အား ဘီလူး ဘေးမှ ကင်းဝေးစေရန် မဏ္ဍပ်၌ ရဟန်း တော်များ ဝိုင်းပတ်နေရာယူတော်မူကာ ကလေးကို အလယ်၌ထား၍ ပရိတ် တော်များ ရွတ်ပွားတော်မူကြပါသည်။ ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက် တော်မူလာ၍ ကလေးငယ် ဘီလူးဘေး မှ ကင်းဝေးခဲ့ရရာ အသက်အိုးအိမ် တည်းစိမ် တည်မြဲစေရန် ဘုရားကိုးဆူ ပူဇော်မှုပြုလာခဲ့ကြသည်ဟု သိရပါ၏။

ထိုအခိုက် အသက် (၃၀) ကျော် အရွယ်သွေးနုယ်သူ ယောက်ျားလေး ရောက်လာကာ ဘုရားဝတ်ပြုပါသည်။ ပြီးမှ ဘုရားကျောင်းဆောင်ကို ကျော ပေးကာ တင်ပျဉ်ခွေပြင်ထိုင်ရင်း -

"ငါ့ကိုသိသလား"

ဟု စာရေးသူကို မေးပါတော့ သည်။

"ဟဲ့ - ဘာလို့မသိရမှာလဲ။ နင်က ဒေါ်ဝင်းကြည်ရဲ့ကားဒရိုင်ဘာပဲဟာ"

ဟု ခပ်ချဉ်ချဉ်ဖြေလိုက်မိပါ၏။

"အဘဦးအောင်ချမ်းသာ ဆိုတာ ကြားဖူးသလား"

"အင်း - ကြားဖူးတယ်။ ဓာတ်ပုံ တော့ မတွေ့ဖူးဘူး"

"ငါဦးအောင်ချမ်းသာပဲ။ ငါတို့ အခု အစည်းအဝေးလုပ်ခဲ့ကြတယ်။ နင့် အသက်ကိုနုတ်ဖို့"

ကင်ဆာဖြစ်၍ စိတ်ညစ်ရသည့် အထဲ ကောင်လေးက ရုပ်တည်တည် ကြီးဖြင့် လာပြောနေပြန်ပါ၏။ စိတ် ပေါက်ပေါက်ဖြင့် -

"ကောင်းပါတယ်။ ကုန်ဈေးနှုန်း တွေမြင့်လို့ စားဝတ်နေရေးမပြေလည်ရ တဲ့အထဲ ရောဂါကလာဖြစ်နေရသေး တယ်။ မြန်မြန်သေရင် မြန်မြန်ဝဋ်ကျွတ် တာပေါ့"

ဟု ပြောလိုက်မိပါသည်။

"နင်ဟာငါ့သမီးပဲ"

"လာပြန်ပြီ။ အဘဘိုးမင်းခေါင် တို့၊ အဘဘိုးဘိုးအောင်တို့ကလည်း သမီးလို့ ပြောကြတာပဲ။ ကျွန်မ အခု ကင်ဆာဖြစ်နေပြီ။ သေဖို့ပဲရှိတော့တာ"

"ညည်းမအောင်မြင်ချင်ဘူးလား၊ မချမ်းသာချင်ဘူးလား"

"ဘယ်သူက လုပ်သမျှ မအောင် မြင့်ဘဲရှိချင်ပါ့မလဲ။ လောကမှာ မချမ်း သာချင်တဲ့လူကောရှိပါဦးမလား"

"အေး - အောင်မြင်ချမ်းသာ ချင်ရင် အောင်ဓာတ်ယူပြီး နဝင်္ဂသီလ ဆောက်တည်၊ သက်လွတ်စားပြီး အမိဋ္ဌာန်တစ်လဝင်ရမယ်လေ"

"ဟင် - ဒီနေ့ပဲ အမိဋ္ဌာန် သုံးလ ပြည့်မှာလေ"

"ပြည့်ပြည့်၊ ငါအပြောတဲ့အတိုင်း ဆက်လုပ် အမိဋ္ဌာန်ယူ"



ဟု မိန့်ကြားကာ ကြွသွားခဲ့ပါပြီ။

လာမည့် မနက်ဖြန်သည် တနင်္ဂ နွေနေ့ပါ။ အောင်ဓာတ်ယူရမည်ဆို၍ ထိုနေ့ကိုယူလိုက်ပြီး ကြေးအိုးတစ်လုံးထဲ အောင်သပြေနှင့် အောင်ညွန့်(အုန်းညွန့်) ထည့်ကာ သားကြီးကို နံနက် ကမ္ဘာအေး ဘုရားပို့ပေးဟုပြောထားပါသည်။ မနက် လည်းရောက်ရော ကားကဖောက်ပါ တော့၏။ လမ်းမထွက်ပြီး ကားငှားရ တော့မှာပါ။ ကံကောင်းချင်တော့ သား ကြီး၏သူငယ်ချင်းနှင့် သူ့အဖေ ပါပလေ ကာနံ့သာရောင်လေးနှင့် ရောက်လာခဲ့ ပါသည်။ အားနာရမည့်သူများမဟုတ်၍ ဘုရားပို့ပေးရန် အကူအညီတောင်းရပါ တော့၏။ သူတို့လည်း တစ်ခါမှမရောက် ဘူး၊ မကြားဘူးပါ။ ယခုမှသိရပါသည်ဟု ဆိုကာ ကမ္ဘာအေးဘုရားဘက် လိုက်ပို့ ပေးခဲ့ပါသည်။ အဆင်ပြေစွာ အဘ ဦးအောင်ချမ်းသာ တည်ခဲ့သည့် မြေ စိုက်စေတီကို ရောက်ရှိခဲ့ပါတော့သည်။

အဖေကြီး၏မြေစိုက်စေတီသည် ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပာယ်စွာရှိ နေပါ၏။ ကမ္မဋ္ဌာန်းထိုင်နေသူများ၊ ပုတီး စိပ်သူများနှင့် နေရာအပြည့်နီးပါးပါပဲ။ လွတ်သည့်နေရာထိုင်ကာ ပန်းအိုးကို တင်လိုက်တော့ ပန်းအိုးတစ်လုံးကိုမှီ၍ အဖေကြီး ဦးအောင်ချမ်းသာ၏ ဓာတ်ပုံ ထောင်ထားသည်ကို တွေ့ရပါသည်။ အသေအချာ ကန်တော့ကာ ဘုရားရှိခိုး၊ သီလယူ၍ ပရိတ်ကြီးဝတ်ရွတ်စဉ်ရွတ် ရပါသည်။ ပြီးမှ အရဟံဂုဏ်တော်ပုတီး ဆယ်ပတ်စိပ်၍ ကြေးအိုးကို ပြန်ယူကာ ဘုရားအတွက် နဝကမ္မအလှူငွေလှူရ ပါသည်။ အလှူခံဌာနဘေးတွင် ကြေး အောင်မောင်းကြီးတစ်လုံးနှင့် ထုသည့် ဘုလုံးကြီးရှိနေသည်။ စိတ်ထဲ၌ အောင် မောင်းကိုးချက်ထုလိုသည့်ဆန္ဒ ဖြစ်ပေါ် လာသော်လည်း ထုခွင့်ရှိရဲ့လား မသိ။ လူအများ အမိဋ္ဌာန်ယူနေကြ၍ မောင်း ထုလိုသည့်စိတ်ကိုလျှော့လိုက်ရပါသည်။ အလှူငွေပြေစာရေးပေးသည့်အဘကြီး က စာရေးသူကို စိုက်ကြည့်ကာ -

"အောင်မောင်းကိုးချက်ထုချင် နေတယ်မဟုတ်လား၊ ထုလိုက်ပါ" တဲ့။

"အဘ၊ အမိဋ္ဌာန်ယူနေသူတွေ အနှောင့်အယှက်ဖြစ်နေပါ့မယ်"

"မဖြစ်ဘူး သမီး၊ ထုလိုက်ပါ"

ခွင့်ပြုချက်ရပြီဖြစ်သဖြင့် ကျေနပ် ဝမ်းသာစွာ အောင်မောင်း ကိုးချက်တီး ရင်း (၁၁)ဘုံသားများအားလုံးနှင့် တနင်္ဂ နွေ၊ စနေ၊ ရာဟုပါမကျန် ချစ်သူ၊ မုန်းသူ



www.burmeseclassic.com

www.burmeseclassic.com

အားလုံး မေတ္တာပို့လိုက်ပါသည်။ လိုက်ပို့ပေးသူလည်းကျေနပ်၊ မိမိလည်း စိတ်ချမ်းသာစွာ အိမ်ပြန်ခဲ့ရပါ၏။

"သမီးရေ ထမင်းခူးထား။ မေမေ ဥပုသ်ဆက်ယူလိုက်ဦးမယ်"

မွန်းတည့်ပါတော့မည်။ ဘုရားဝတ်ပြု သီလဆောက်တည်နေ၍ အချိန်လွန်သွားခဲ့ပါပြီ။ ထမင်းစားရန် အချိန်မရတော့ပါ။

"ဘာထမင်းစားမှာလဲ။ ငါလည်း အခုမှ ဘုရားခန်းထဲကလာခဲ့တာ။ ဥပုသ်ဆက်ယူ"

ဟူသည့် အဘတစ်ဦး၏ အသံကို ပီပီသသကြီးကြားလိုက်ရခြင်းပါ။ စာရေးသူစိတ်ထဲက အဘဘိုးမင်းခေါင်ဖြစ်မည်ဟု တွေးမိပါ၏။ နံနက်စာမစားရတော့ပါဘဲ အဓိဋ္ဌာန်သုံးလအပြည့်မှာ နောက်ထပ်တစ်လအဓိဋ္ဌာန်ဆက်ဝင်ခဲ့ရခြင်းပါ။ သမီးက မနက်စာမစားရ၍ အအေးဖျော်ပေးပါသည်။ ဆာလောင်မွတ်သိပ်ခြင်း အလျှင်းမရှိပါ။ ထူးဆန်းနေပါသည်။ သမီး၏ ဒါနအအေးအလှူကို လက်ခံ၍ ညဘက် ဘုရားဝတ်ပြုကာ အိပ်ရာဝင်ခဲ့ရပါတော့သည်။

ဆယ်တန်းဖြေမည့်နှစ်ကလည်း ဧည့်သည်အဘိုးတစ်ဦး ရောက်လာခဲ့ပါ၏။ စာရေးသူတို့၏ ကချင်ပြည်နယ် ဆောင်းတွင်းသည် မေးခိုက်ခိုက်တုန်၍ ဒူးချင်းရိုက်အောင် အေးတတ်ပါသည်။ အဘိုးအိုက သားရေနယ်တစ်ချပ်၊ ဖျင်ကြမ်း၊ အင်္ကျီအဖြူလက်ရှည်၊ ဖျင်ကြမ်းပုဆိုးအဖြူသာ ဝတ်ထားပါသည်။ လွယ်အိတ်တစ်လုံးနှင့်ပါ။ စွပ်ကျယ်ပင် ဝတ်မထား၍ လှုပ်ရှားလိုက်တိုင်း ရင်ဘတ်ပေါ်နေပါသည်။ ဆယ်တန်းမို့ ညဉ့်နက်အောင် စာကြည့်အပြီး ဘုရားခန်းမှ အဘိုးကို ချောင်းကြည့်လိုက်ရာ သားရေနယ်ခင်းပြီး တရားအားထုတ်နေသည်ကို တွေ့ရပါသည်။ မေမေ အရုဏ်ဆွမ်းထချက်တော့လည်း ဘုရားရှိခိုးနေသည်ဆို၍ ညက အိပ်ပင်အိပ်ရဲ့လားဟု တွေးမိပါသည်။ ခင်းကျင်းပေးထားသည့် အိပ်ရာသည် အိပ်စက်ထားသည့်ပုံမပေါ်ပါ။

"ကလေး၊ လက်ကိုင်ပဝါအဖြူ အသန့်ရှိလား။ ရှိရင် ဘုရားပွဲထဲထည့်လိုက်"

ဟု ဆို၍ အဖေ့လက်ကိုင်ပဝါအဖြူအသစ်တစ်ထည်ကို ဘုရားပွဲပေါ်တင်လိုက်ပါသည်။ နာရီဝက်ပင် မကြာပါ။ လက်ကိုင်ပဝါယူခဲ့ဆို၍ ယူပေးလိုက်ပါသည်။ လက်ကိုင်ပဝါကို ကျွန်မရှေ့မှာပင် ဖြန့်နေတာပါ။ လက်ကိုင်ပဝါပေါ်၌ ရွှေနီရောင် ဓာတ်လုံးတစ်လုံး ရှိနေပါသည်။

"ရော့ - ငွေနဲ့ လက်စွပ်ကွင်းပြီး ဝတ်။ အန္တရာယ်ကင်းတယ်"

ဟု ဆိုကာ စာရေးသူလက်ဖဝါးထဲ ထည့်ပေးခဲ့ပါသည်။

အိမ်ထောင်ကျတော့ ခင်ပွန်းက ရှေ့တန်းပဲ ထွက်နေခဲ့ရ၍ ခင်ပွန်းကို ပေးဝတ်လိုက်ပါသည်။ ခင်ပွန်းက မဝတ်လိုပါ။

"မိန်းမပေးလိုက်လို့ ဝတ်တာလို့ သဘောထား"

ဟု ပြောကာ သူ့လက်မှာ ဝတ်ပေးလိုက်ပါသည်။ နှစ်ကြာလာပြီး ရှေ့တန်းကအပြန် -

"ဒီတစ်ခါတိုက်ပွဲမှာ ကိုယ်ကံကောင်းခဲ့တာ။ မနက်လေးနာရီ ရန်သူစခန်းသိမ်းရမှာ။ ညဘက် မြေကျင်းတူးပြီး ရေနွေးကျိုရတယ်လေ။ လေးနာရီမထိုးခင် ရေနွေးသောက်ချင်လို့ရပြီလားလို့ ရဲဘော်ကိုလှမ်းအမေး ကိုယ့်မျက်နှာနားက ကျည်ဖြတ်သွားတာ။ ရန်သူက ကြိုတင်မြင်ထားပြီး သစ်ပင်ပေါ်က စနိုက်ပါနဲ့ ကိုယ့်ကိုဆော်တာ"

ကျွန်မ 'ဟင်'သာ ဆိုနိုင်ပါတော့သည်။

"သူပေးတဲ့လက်စွပ်ဝတ်ကတည်းက တိုက်ပွဲဖြစ်တော့မယ်ဆိုရင် ဝတ်ထားတဲ့လက်က ယားလာတော့တာ။ ဓာတ်လုံးကလည်း အရောင်ပြောင်းသွားတာ သတိထားမိတယ်"

ဟု ပြောပါသည်။

မည်သူက ဓာတ်လုံးဝင်းလာအောင် သံပရာရည်စိမ်ဟု ညွှန်းလိုက်သည်မသိ။ ကျွန်မ နံနက်ဆွမ်းကပ်၊ ပန်း၊ ဆီမီးကပ်လှူနေခိုက် ကြွေပန်းကန်ကိုလာပြပါသည်။ လက်စွပ်၌ ဓာတ်လုံး မရှိတော့ပါ။ ဓာတ်လုံးသည် သံပရာရည်ထဲပျော်ဝင်သွားခဲ့၍ စိမ်းပြာရင့်အရောင်တွေ့ရပါ၏။

"မေမေ၊ သားသောက်ချလိုက်မယ်နော်"

"မသောက်နဲ့၊ ငါ့သားက မေမေ့ကို မမေးဘဲ လျှောက်လုပ်တာကိုး"

ဟု စိတ်ပျက်စွာပြောမိပါသည်။

သားငယ်ကို ချစ်စနိုးဖြင့် ဆန်ပုလုံးဟုခေါ်ရာ တစ်ခါတလေ ပြောစကားနားမထောင်ပါက -

မြသက်မောင်(သုံးဆယ်)

# မျက်စိမှုန်သူများအတွက်

မျက်စိမှုန်သူများအတွက် ဆေး နည်းကောင်းတစ်လက်ရှိပါသည်။ ထို ဆေးနည်းမှာ အလွန်လွယ်ကူသောဆေး နည်း ဖြစ်ပါသည်။ ဤနည်းမှာ နံနက် အိပ်ရာထလျှင် ပါးစပ်တွင် ရေငုံထား[illegible] ရေအပြည့်ထည့်ထားသော ရေဖလား[illegible] မျက်လုံးများနှစ်ကာ ဖွင့်ချည်၊ ပိတ်ချည် ပြုလုပ်ပေးပါ။ မျက်စိအလင်းရောင်ရ[illegible] လာပါလိမ့်မည်။

မြသက်မောင် (သုံးဆယ်)

"ဘိုးတော်လုံး၊ ကြပ်ကြပ်သ[illegible] ထားနော်"

ဟု ဆိုလျှင် ရယ်နေပါတော့သည်။

ကျွန်မ၏ဖခင်ပြောတော့ ထိုအ[illegible] အိုသည် မြေလျှောက်ဝိဇ္ဇာကြီး ဦးထော[illegible] ဟု သိရပါ၏။ ငယ်စဉ်ကပင် ပုဂ္ဂိုလ်[illegible] များကို မထင်မှတ်ဘဲ ကြုံတွေ့ခဲ့ရခြင်း[illegible] ထို့ကြောင့်လည်း သံသရာက မိဟော[illegible] ဖဟောင်း၊ ဘိုးဟောင်း၊ ဘွားဟော[illegible] ဆွေတော်ရှစ်သောင်း မျိုးတော်ပေါ[illegible] မဟာဣဒ္ဓိရှင်၊ သိဒ္ဓိရှင်တို့အား ယခုတိုင် [illegible] သမ္ဗုဒ္ဓေ ဂါထာ သိုလ်ကို အမြဲဝေနေဆဲပါ။ ကို[illegible] က သိဒ္ဓိရှင် မဟုတ်။ ပုဂ္ဂိုလ်ထူးမျာ[illegible] သိဒ္ဓိမဟာဣဒ္ဓိများကို တောင်းခံကာ အ[illegible] ယူနေရခြင်းပါ။ ခုနစ်ရက်သားသမီးမျ[illegible] အားလုံး ပုဂ္ဂိုလ်ထူးများနှင့် ကြုံတွေ့[illegible] ကူညီမစခြင်းခံနိုင်ကြပါစေ။


စာရေးသူကတော့ သွေးတိုးနှ[illegible] ကျော်၊ နှလုံးသွေးကြောကျဉ်း၊ အသ[illegible] အဆီဖုံး၊ ကင်ဆာဖြစ်လာကာ သေ[illegible] ငါးရာအထိ တက်လာခဲ့ပါ၏။ ပုဂ္ဂိုလ်[illegible] ထူးများ၏မေတ္တာကြောင့် ငါမသေ[illegible] ဟု ဟစ်ကြွေးနိုင်သေးတာပါပဲ။ ရတ[illegible] သုံးပါးနှင့် ဘုရားဟောပရိတ်တော်[illegible] ပဋ္ဌာန်းတရားများသည် ကံဆိုးကံနိ[illegible] ပြေပျောက်စေနိုင်ပါ၏။ အသက်ရှည်[illegible] အနာမဲ့ကြောင်းကိုလည်း အထောက်[illegible] ပေးနိုင်သည်ဟု ယုံကြည်နေပါသည်။

ရတနာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



နတ်ကွန်းအား ဤသို့ တွေ့မြင်ရသည်

# ထားဝယ်ဒေသ မုတ္တီးမြို့ဟောင်းမှ စိတ်ဝင်စားဖွယ် ဟိန္ဒူနတ်ရုပ်ကြီး

မောင်စိမ်းထွေး(ထားဝယ်)

ပညာရှင်များက ပျူခေတ်ကို ၂ ရာစု ဘီစီမှ အေဒီ ၉ ရာစုအထိ သတ်မှတ်ကြသည်။ တကောင်းခေတ် မတိုင်မီ လွန်ခဲ့သော နှစ် (၃၀၀၀) ခန့်က ပျူမြို့ပြနိုင်ငံများ ပေါ်ထွက်ခဲ့သည်။ မိုင်းမော၊ ဗိဿနိုး၊ ဟန်လင်း၊ လယ်တိုင်း၊ တောင်တွင်းကြီး၊ သရေခေတ္တရာ၊ သုဝဏ္ဏဘူမိ၊ သထုံ၊ ထားဝယ်ဒေသများအထိ ပျူတို့ ပျံ့နှံ့နေထိုင်ကြောင်း အထောက်အထားများ တွေ့ရသည်။

ပျူနိုင်ငံမြို့တော် သရေခေတ္တရာသည် အိန္ဒိယတောင်ပိုင်းယဉ်ကျေးမှု လွှမ်းမိုးမှုကို အများဆုံးခံရဖွယ်ရှိသည်။ အထူးသဖြင့် အယူဝါဒဆိုင်ရာယဉ်ကျေးမှုတွင် အထင်ရှားဆုံးဖြစ်သည်။ ဗုဒ္ဓအယူဝါဒဆိုင်ရာ စေတီ၊ ပုထိုး၊ ဂူ၊ ဘုရားများ၊ ကျောက်ဆစ်ရုပ်ကြွ ဆင်းတုတော်များ၊ အုတ်ပုံနှိပ်ရုပ်ကြွဆင်းတုတော်များ၊ ဗြာဟ္မဏဟိန္ဒူအယူဝါဒဆိုင်ရာ ကျောက်ဆစ်လက်ရာ ဗိဿနိုးနတ်ရုပ်များစသော အထောက်အထားများစွာ တွေ့ရသောကြောင့် ဟိန္ဒူအယူဝါဒ မဟာယာနနှင့် ထေရဝါဒဗုဒ္ဓအယူဝါဒတို့ အပြိုင်အဆိုင် ထွန်းကားခဲ့ပေမည်။

ပျူတို့ ကောင်းစားစဉ်အခါက လက်အောက်ခံ ပျူ(၁၂)ပြည်ထောင်တွင် တနင်္သာရီ၊ ပျူ (ထားဝယ်) ပါဝင်သည်။ မှန်နန်းရာဇဝင်တော်ကြီး (ပ) တွဲနှင့် ဇမ္ဗူကွန်ချာကျမ်းများ၌ ပြည်ပျက်၍ ပျူတို့ ရခိုင်၊ ထားဝယ်နှင့် တနင်္သာရီတို့သို့ (၃)စု ဖြန့်ခွဲရောက်ရှိကုန်သည်ဟု ရှေးဟောင်းရာဇဝင်ကြီးများကဆိုသည်။

ထားဝယ်ဒေသအတွင်း ပျူခေလေ့နှင့် ဆက်စပ်သော အထောက်အထားအချို့တွေ့ရှိရသည်။ ပျူခေတ်ယဉ်ကျေးမှုလက္ခဏာများဖြစ်သော အုတ်ချပ်ကြီးများနှင့် လက်ရေးစင်းပါအုတ်များ၊ အရိုးအိုးများ၊ ဒင်္ဂါးများ၊ အုတ်ခွက်ဘုရားများ မြေပုတီးစေ့၊ ရောင်စုံပုတီးစေ့များ၊ မြို့ရိုးအဝန်းအဝိုင်းများကို တွေ့ရှိဖော်ထုတ်နိုင်ခဲ့ပြီး ဖြစ်သည်။ ကောင်းကင်ဓာတ်ပုံလေ့လာချက်အရ ထားဝယ်ဒေသအတွင်း မြို့ရိုး၊ ကျုံးတို့နှင့်အတူ တည်ရှိနေသော သာဂရမြို့ဟောင်း၊ မုတ္တီးမြို့ဟောင်း၊ ညောင်ခရားမြို့ဟောင်းနှင့် ဝေဒီမြို့ဟောင်းတို့ ထင်ရှားပြီး ကျန်မြို့ဟောင်းများလည်း ကျန်ရှိနေပေသေးသည်။

မုတ္တီးမြို့ဟောင်းတွင် ပျူဟန်လက်ရာ အမြင့် (၅) လက်မ၊ အကျယ် (၄) လက်မခန့်ရှိ အုတ်ခွက်ဘုရားတစ်ဆူ တွေ့ရပြီး သရေခေတ္တရာ မြို့ဟောင်း (မှော်ဇာ)မတောရွာမှ တွေ့ရှိမှတ်တမ်းတင်ထားသော အုတ်ခွက်ဘုရားနှင့် လက်ရာတူသည်။ အေဒီ (၆) ရာစုမှ (၁၀) ရာစု ဒွါရဝတီခေတ်ဟန် အုတ်ခွက်ဘုရားတစ်ဆူကိုလည်း တွေ့ရသည်။

ပျူခေတ်နှင့်အပြိုင် ထင်ရှားသည့် ဂုပ္တယဉ်ကျေးမှုနှင့်အတူ ကိုးကွယ်ယုံကြည်မှုတစ်ခုဖြစ်သော ဟိန္ဒူဓလေ့ကို ထားဝယ်ဒေသမြို့ဟောင်းများအနီးအနား၌ ထပ်မံ တွေ့ရသည်။

စာရေးသူ တင်ပြလိုသည်မှာ မုတ္တီးမြို့ဟောင်း (လုံဒွတ်) ရှိ ဟိန္ဒူနတ်ရုပ် ဖြစ်သည်။ မုတ္တီးမြို့ဟောင်း (ယခု ရှင်မုတ္တီး) သည် ထားဝယ်မှ (၆) မိုင်ကွာဝေးသည်။ သီဟိုဠ်ကျွန်း(သီရိလင်္ကာ) မဟာ



www.burmeseclassic.com

www.burmeseclassic.com

နာမမင်းလက်ထက် အရှင်မဟာအရဟံ ရဟန္တာထေရ်မြတ် မာတ်တော်သွင်းပြီး သစ္စာအဓိဋ္ဌာန်ပြု၍ မျှောလွှတ်တော်မူသော ဗုဒ္ဓရုပ်ပွားတော် (၄) ဆူအနက် တစ်ဆူ ကြွရောက် သီတင်းသုံးတော်မူသည့် သမိုင်းဝင် ရှင်မုတ္ထီးဘုရားကြီး ကိန်းဝပ် စံပယ်သည်။


အမြင့် (၅) ပေ၊ အနံ (၁. ၅) ပေ၊ ထု (၅) လက်မခန့်ရှိသော ဟိန္ဒူနတ်ရုပ်ကြီးကို သဲကျောက်ပေါ် ထွင်းထုထားသည်။ မတ်ရုပ်ပုံဖြစ်သည်။ ကျောဘက် ကျောက်ပြားချပ်ကြီး ဖြစ်သည်။ လက်ရာမြောက် ကျောက်ဆစ်ရုပ်ကြွ ဖြစ်၏။ ယနေ့ထိ ဆေးသားမသွင်းဘဲ ပကတိမူလအနေအထားဖြစ်၍ မည်းနက်ပြောင်ချောလျက်ရှိသည်။ မီးလျှံမီးညွန့်အလားမျက်လုံးများကတောက်နေသည်။ ကမ္ပည်းစာသားရေးထိုးထားခြင်း မရှိပါ။

ဆရာကြီး နိုင်ပန်းလှက ထိုဟိန္ဒူနတ်ရုပ်မျိုးကို မြန်မာနိုင်ငံအတွင်း နှစ်ခုသာ တွေ့ရသေးပြီး သရေခေတ္တရာနှင့် ထားဝယ်ဖြစ်ကြောင်း ဆိုပါသည်။ ဤအဆိုအမိန့်မှတစ်ပါး အခြားမှတ်တမ်းမှတ်ရာမတွေ့ရ၍ ပျူလက်ရာဟု မှန်းဆရပါသည်။ ထိုခေတ်ထိုအခါကပင် ဟိန္ဒူအယူသည် ထားဝယ်ဒေသ၌ ပျံ့နှံ့နေပြီလောဆိုသည်ကို စဉ်းစားဖွယ်ရာ ဖြစ်သည်။


ဤဟိန္ဒူနတ်ရုပ်ကြီးတုကို လယ်ကွင်းအတွင်း ထယ်ထိုး၊ ထယ်ထွန်ရာမှ တူးဖော်ရရှိကြောင်း သိရသည်။ မြေသို့ တစောင်းနစ်ဝင်မြုပ်နေကြောင်း၊ လူ (၄) ဦး ချီမသယ်ရန် ကြိုးစားသော်လည်း မနိုင်နင်းကြောင်း၊ ထိုအခိုက် စကားလုံးဝမပြောသူတစ်ဦး(လူအ,ထင်ရသည်) ရုတ်ခြည်းပေါက်ချလာကာ နတ်ရုပ်ကြီးအား ထိုသူတစ်ဦးတည်း ချီမပွေ့ပိုက်လျက် လက်ရှိ နေရာသို့ ယူဆောင်ကာ ထောင်ထားရစ်ကြောင်း၊ ထို့နောက် ထိုသူလည်း ဇာစိုက်စိုက်နှင့်ထွက်သွားကြောင်းတို့ကို သက်ကြီးစကားသက်ငယ်ကြားရမှတ်ရပါသည်။

နောင်သောအခါ လမ်းဘေးရှိ နတ်ရုပ်ကြီး မိုးဒဏ်၊ လေဒဏ်၊ နေဒဏ် ပိုးလိုးပက်လက်ရှိသည်ကို ထားဝယ်ဈေးကြီးတောင်ဘက် ပစ္စည်းအဟောင်းအရောင်းဆိုင်မှ ဦးမောင်ဆန်းက နတ်ကွန်းတစ်ခု ကုသိုလ်ပြုသဖြင့် ယခု တွေ့မြင်နေရသည့်အတိုင်း ဖြစ်သည်။

ယခုအခါ အဆိုပါ နတ်ရုပ်ကြီးအား ပွဲဆက်သူ၊ မီးပူဇော်သူ၊ ဆုတောင်း



ပျူခေတ်လက်ရာ ယူဆရသော ဟိန္ဒူနတ်ရုပ်ကြီး ရှေ့တည့်တည့်အနီးကပ်တွေ့ရပုံ



ဟိန္ဒူနတ်ရုပ်ကြီးအား ဘေးတိုက်တွေ့ရစဉ်

သူတို့ တဖွဲဖွဲရှိနေပေပြီ။ ခရီးသွားလာမည့်သူများကလည်း ဘေးကင်းရန်ကင်းအတွက် ပ,သကြသည်။ အထူးသဖြင့် မိုးတွင်း လယ်ဆင်းချိန်၌ လယ်သမားတို့က စပါးဆန်ရေ့ အောင်မြင် ကောင်းမွန်အောင် ပွဲပေးကြရသည်။

တစ်ခါက ရွာတစ်ရွာမှာ ဘောလုံးပွဲနိုင်ပါက လူဖေးမည်ဟု အပြောင်အပြက်ကာတိနှင့် နတ်ရုပ်ကြီးအား ကန်တော့ပွဲပေးသည်ဟုဆိုသည်။ ဘောလုံးပွဲအနိုင်ရပါသည်။ အနိုင်ရသဖြင့် အပျော်လွန်ကဲပြီး နတ်ရုပ်ကြီးရှေ့မှာ အော်ဟစ်ပြန်လာကြရာ တိုက်တိုက်ဆိုင်ဆိုင်ပင် ဘောလုံးသမားတစ်ဦး ကားပေါ်မှပြုတ်ကျ အသက်ဆုံးပါးသည်ကို ကြုံရဖူးပါသည်။ ထိုအခါမှစ၍ မည်သူမျှ နတ်ရုပ်ကြီးအား သရော်ခြင်း၊ ပြောင်လှောင်ခြင်း မလုပ်ရဲကြတော့ပေ။

ထားဝယ်မြို့ပေါ်ရှိ ဟိန္ဒူဘုရားကျောင်း(၃)ကျောင်း၌ အပ်ထိုးပွဲ၊ မီးနင်းပွဲ၊ မဟာပိန္နဲနတ်လှည့်ပွဲ (မမဘုရား... တို့ ကျင်းပပြုလုပ်လျှင် မုတ္တီးမြို့ဟောင်း... ဟိန္ဒူနတ်ရုပ်ကြီးထံ ရှေးဦးသွားရော... ကန်တော့ပွဲပေး ခယဝပ်တွား တော... ပန်သမှုပြုရသည်။

ရှေးဟောင်းသုတေသနက မု... မြို့ဟောင်း တူးဖော်ခြင်း မရှိသေး... အကယ်၍ တူးဖော်ပါက ပျူ - မွန်ယ... ယဉ်ကျေးမှုနှင့် ငြင်းထက်စေသော တော... ခေတ်သစ်ယဉ်ကျေးမှုအထောက်အ... များကိုပါ လှေ့လာ ဖော်ထုတ်နိုင်မည်... မျှော်လင့်ရသည်။

မည်သို့ဆိုစေ ထားဝယ်ဒေ... မုတ္တီးမြို့ဟောင်းမှ ပျူခေတ်လက်ရာ... ယူဆရသော ဟိန္ဒူနတ်ရုပ်ကြီး... သဲလွန်စရှာမရသည်ကပင် စိတ်ဝင်စား... ဖွယ် ထူးခြားလျက်ရှိပါပေသည်။

မောင်စိမ်းထွေး(ထားဝ...




www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# ရာသီခွင်အလိုက် ဘဝဖြစ်စဉ်များ




**Scorpio**

**(the Scorpion, Eagle or Gray Lizard)**

ဗြိစ္ဆာရာသီ (ကင်းမြီးကောက်)

**အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာလ ၂၂ အတွင်းမွေးဖွားသူများ**

သဘာဝလွန်ကိစ္စများ၊ ဂမ္ဘီရဆန်သောစိတ်နယ်လွန်ဖြစ်ရပ်များ၊ အမွေဆက်ခံခြင်းနှင့် ကွယ်လွန်ခြင်း အစရှိသည့်ကိစ္စများကို ဖော်ပြသည်။ ရာသီရုပ်မှာ ကင်းမြီးကောက်ဖြစ်သည်။

ဗြိစ္ဆာရာသီဖွားသည် ရေ(အာပေါဓာတ်)ကို ကိုယ်စားပြုပါသည်။ မြင့်မြတ်သောစိတ်ကူး၊ မျှော်လင့်ချက်အသစ်များကို ဖော်ပြသည်။ မျှတစွာ စီရင်ဆုံးဖြတ်မှုကို လိုလားသည်။

စွယ်စုံကျမ်းတစ်ခု၏ ဖော်ပြချက်အရ ကင်းမြီးကောက်သည် ညအခါမှ ထွက်ခွားတတ်ပြီး ၎င်း၏ သားကောင်အား မေ့မြော အကြောသေလျက်အထိပင် ဖြစ်နိုင်သည့် အဆိပ်ရှိသတ္တဝါဖြစ်ကြောင်း သိရှိရသည်။ အမြီးကောက်သောကင်းမျိုးဖြစ်၍ ကင်းမြီးကောက်ဟု ခေါ်တွင်သည်။

ဗြိစ္ဆာရာသီဖွားများနှင့် ပတ်သက်၍ လူအများက ရှုထောင့်မျိုးစုံမှ ပြောဆိုသုံးသပ်တတ်ကြသည်။ ကောင်းသောအမြင်ဘက်မှရော ဆိုးသောအမြင်ဘက်မှပါ မျိုးစုံ ဝေဖန်တတ်ကြသည်။ ၎င်းရာသီဖွားများအနေဖြင့် ၎င်းတို့အပေါ်ဖြစ်တင်ဝေဖန်ရှုတ်ချမှုများကို စိတ်ကုန်တတ်ကြသည်။ အများအပေါ် တိုက်ခိုက်ခြင်းမဟုတ်ဘဲ မိမိကိုယ်မိမိ ခုခံကာကွယ်တတ်သည့်သဘောကိုနားလည်ထားရန်လိုအပ်ပါသည်။

၎င်းရာသီဖွားတို့၏ မျက်လုံးကိုကြည့်ပါက အစိမ်းရောင်၊ အပြာရောင်၊ အညိုရောင်၊ အနက်ရောင် စသည်ဖြင့် အမျိုးမျိုးရှိတတ်ကြသည်။ ၎င်းတို့၏အကြည့်သည် စူးရှကြသည်။ ဗြိစ္ဆာရာသီဖွားတို့၏ သာမန်အကြည့်ကိုပင် တော်ရုံတန်ရုံဒဏ်ခံနိုင်သူ နည်းပါးလှသည်။ မိမိပြောမည့်စကားများ ပျက်ပြယ်၍ ၎င်းတို့၏အကြည့်မှ လွှဲပစ်ရသည်အထိ ကြောက်တတ်ကြ၏။ ကင်းမြီးကောက်ရာသီရုပ် ပိုင်ရှင်တို့အကြည့်သည်. ရင်ထဲနှလုံးသားထဲအထိသို့ပင် ထိုးဖောက် ဝင်ရောက်နိုင်သည်ဟုပင် အချို့က ဆိုကြသည်။

ဗြိစ္ဆာရာသီဖွားတို့၏ စကားပြောသောလေသံသည် ကတ္တီပါ၊ ပိုးသားတမျှ နူးညံ့ညင်သာ (ချိုသာ) လှပါသည်။ ၎င်းရာသီဖွားတို့၏ အတွေးအခေါ်နှင့် အတွေ့အကြုံဟုသုတတို့အား မည်သူ၏အတွေးအကြံအစည်ကမျှ ပြောင်းလဲဖျက်ဆီးပစ်နိုင်ခြင်း မရှိကြပေ။ ၎င်းရာသီဖွားတို့သည် အပြင်ပန်းအားဖြင့် မိမိကိုယ်မိမိ အတတ်နိုင်ဆုံး ထိန်းချုပ်နိုင်စွမ်းရှိကြသော်လည်း၊ အေးဆေး တည်ငြိမ်စွာ ပြုမူလှုပ်ရှားတတ်ကြသော်လည်း ၎င်းတို့စိတ်သန္တာန်အတွင်း ပုန်းအောင်းနေသည့် မွေးရာပါ စွမ်းအားများအား ရေရှည် ဖုံးဖိထားနိုင်ခြင်း မရှိကြပေ။

ဗြိစ္ဆာရာသီဖွား (အမျိုးသား) ဖြစ်ပါက လက်မွေး၊ ခြေမွေး ထူထဲစွာ ရှည်လျားတတ်ကြသည်။ အနီရောင်အမွေးအမှင်များပါရှိတတ်သည်။ ဆံပင်များသည် နက်မှောင်ပြီး မျက်လုံးလည်းနက်ကြသည်။

၎င်းရာသီဖွားများသည် ရုတ်တရက် ကောက်ကာငင်ကာထ၍ တစ်ခုခုလုပ်တတ်ခြင်း၊ ခုန်ပျံကျော်လွှားခြင်း၊ ထိတ်လန့်တတ်ခြင်း စသည့် အပြုအမူများ မရှိတတ်ကြပေ။ စကားပြောရာ၌ သွက်လက်မြန်ဆန်တတ်ကြသည်။ ရင်းနှီးပွင့်လင်း ဖော်ရွေစွာ ပြောဆိုနှုတ်ဆက်တတ်သည်။ ၎င်းရာသီဖွားတို့၏မျက်လုံးကို နက်ရှိုင်းစွာ စေ့စေ့ကြည့်လျက် ၎င်းဗြိစ္ဆာရာသီဖွားတို့၏ အတိတ်တစ်ချိန်က အပြုအမူများ၊ လှုပ်ရှားမှုများအားလုံးကို အမှန်အတိုင်း သိရှိနိုင်သည်ဟု အချို့ကဆိုသည်။ ဗြိစ္ဆာရာသီဖွားတို့ကိုယ်တိုင်ကပင် ထိုအခြေအနေအား သဘောပေါက် နားလည်၍ အပြင်ထွက်သည့်အခါ၌ နေကာမျက်မှန် စသည် တပ်၍ ကာကွယ်တတ်ကြသည်။ တစ်ခါတစ်ရံ ညပိုင်းအချိန်ဖြစ်သည့်တိုင် မျက်မှန်တပ်ထားတတ်ကြသည်။

သင်သည် စိတ်ပိုင်းဆိုင်ရာခံစားမှုပြင်းထန်သူဖြစ်ပါက ဗြိစ္ဆာရာသီဖွားများထံမှ အကြံဉာဏ်၊ ထင်မြင်ချက်တောင်းခံခြင်းမပြုသင့်ပေ။ သို့မဟုတ်က သင်သည် ကြမ်းတမ်းရက်စက်စွာ တုံ့ပြန်မှုတစ်ခုခုကို ပြုလုပ်မိပါမည်။ ဗြိစ္ဆာရာသီဖွားတို့၏ မင်ကိုသဘာဝအရ မုသားပြောဆိုတတ်ခြင်းမရှိကြပေ။ အကယ်၍ ၎င်းရာသီဖွားမှ သင့်အား ထင်ရှားသောကောင်းကျိုးရစေရန် စကားတစ်ခုခု ပြောခဲ့ပါက သင့်အနေဖြင့် တန်ဖိုးထားလိုက်နာသင့်ပါသည်။

ဗြိစ္ဆာရာသီဖွားတို့၏ စိတ်ရင်းစေတနာအမှန်အရ သင့်အား ကူညီစရာရှိပါက အားစိုက် ကြိုးစားရခြင်းမရှိဘဲ တောင်စွယ်တောင်တန်းများအား သင်နှင့်အတူ လိုက်ပါ ဖြတ်ကျော်ပေးနိုင်သည့်စွမ်းအင်ရှိကြပါသည်။ ဗြိစ္ဆာရာသီ



www.burmeseclassic.com

www.burmeseclassic.com

ဖွားများသည် တစ်ကိုယ်ကောင်းဆန်တတ်ကြသည်ဟု သင်ကြားရသည့်တိုင် အရမ်းကာရောမယုံကြည်သင့်ပေ။ ပြိဿာရာသီဖွားတို့၏ ပင်ကိုသဘာဝအား သိထားပြီးသောသူများအနေဖြင့် မကျေနပ်ချက်များရှိသော်လည်း ပေါ်ပေါ်ထင်ထင် (ပွင့်ပွင့်လင်းလင်း) စိန်မခေါ်ရဲကြပေ။

ပြိဿာရာသီဖွားတို့၏အတွေ့အထိသည် အေးစက်ညင်သာလှသည်။တစ်ခါတစ်ရံ၌လည်း ပူလောင်ပြင်းပြသောအခြေအနေရှိသည်။ ကင်းမြီးကောက်၏ သဘာဝအရ တစ်ဖက်သား (လူအများအပေါ်) အဆိပ်သင့်စေရုံသာမက မိမိကိုယ်မိမိလည်း သေလောက်သည်အထိ အဆိပ်သင့်စေတတ်သည်။

ပြိဿာရာသီဖွားတို့သည် မိမိမိတ်ဆွေအပေါင်းအဖော်တို့အပေါ် အလွန်အမင်း သစ္စာစောင့်သိကြသည်။မိမိမိတ်ဆွေအပေါင်းအဖော်အတွက် ဘဝကိုပင် စွန့်လွှတ် အနစ်နာခံတတ်ခြင်းသဘောရှိသည်။ ပြည်တွင်းစစ်ကဲ့သို့သော အခြေအနေဆိုး၊ စီးပွားရေးအကျပ်အတည်းကဲ့သို့သော အခြေအနေဆိုးများနှင့် ကြုံတွေ့ရသောအခါ၌ ပြိဿာရာသီဖွားစစ်သည်တို့က တိုက်ပွဲတွင် ရှပ်ရှပ်ချုံချုံ စွန့်လွှတ် အနစ်နာခံလျက် တိုက်ခိုက်ပေးလေ့ရှိသည်။ တိုက်ပွဲဖြစ်နေစဉ်၊ အကျပ်အတည်းဖြစ်နေစဉ်အတွင်း မိမိမိတ်ဆွေအတွက် ကျည်ဆန်ဘေး၊ ဗုံးဒဏ်ဘေးတို့မှ လွတ်မြောက်အောင် ကာကွယ်ပေးတတ်သည်။ ပြိဿာရာသီဖွားတို့၏ တိုက်ခိုက်ခြင်းခံခဲ့ရပြီးသော မည်သည့်ရန်သူမဆို နောက်တစ်ကြိမ်အာမခံဝံ့ကြတော့ပေ။

ပြိဿာရာသီဖွားတို့သည် ၎င်းတို့၏ သဘာဝနှင့်လိုက်ဖက်ညီစွာ ကျန်းမာရေးကောင်းမွန်ကြသည်။ သို့သော်လည်း လိုအပ်သည်ထက် ပိုမိုခက်ခဲသောအလုပ်များကို လုပ်ရခြင်းကြောင့် ဒဏ်ပိကာအသက်နှင့်ခန္ဓာပျက်စီးရသည်အထိ ကြုံတွေ့နိုင်ပါသည်။ ပြိဿာရာသီဖွားတို့ ဖျားနာခြင်း ဖြစ်ခဲ့ပါသည်။ ကျန်းမာရေးပိုင်းနှင့်ပတ်သက်၍ ဆရာဝန်၊ ဆရာမများထက် ပိုမို၍ပင် သိနားလည်ကြသေးသည်။

ပြိဿာရာသီဖွားတို့အား ရောဂါပိုးမွှားတို့မှ အတိုက်ခိုက်ဆုံးသော နေရာသည် လိင်အင်္ဂါနှင့် နှာခေါင်း၊ လည်ချောင်း၊ နှလုံး၊ ကျောရိုးမကြီး၊ ကျောကုန်းနှင့် သွေးလှည့်ပတ်မှုအင်္ဂါအဖွဲ့၊ ခြေမျက်စိ၊ ခြေထောက် စသည့် နေရာများနှင့် သွေးကြောထုံးခြင်းများ ဖြစ်တတ်ပါသည်။ တစ်ခါတစ်ရံ၌ ရောဂါကြောင့်မဟုတ်ဘဲ အားကစားလုပ်ခြင်းတစ်ခုခုကြောင့်လည်း မတော်တဆထိခိုက်တတ်ပါသည်။ ဤရာသီဖွားတို့အနေဖြင့် မီးရောင်ပေါက်ကွဲမှုအမျိုးမျိုး၊ အနံ့ဆိုးအမျိုးမျိုးနှင့် အလင်းရောင်ဖြာထွက်နေခြင်းမှန်သမျှတို့ကို ရှောင်ရှားသင့်ပါသည်။

၎င်းရာသီဖွားများသည် မကြာခဏဆိုသလို နှာခေါင်းသွေးလျှံတတ်ခြင်း၊ ခွဲစိတ်ကုသခံရခြင်း စသည့် အကြောင်းတစ်ခုခုဖြင့် ဆေးရုံ၊ ဆေးခန်းရောက်တတ်ပါသည်။ ပြိဿာတို့ ထူးခြားသောဂုဏ်အင်တစ်ရပ်မှာ ဘာသာရေးကို စိတ်ပါဝင်စားခြင်းပင် ဖြစ်သည်။ ၎င်းပြင် မိသားစုသံယောဇဉ်ကြီးမားတတ်ကြသည်။ မိမိရင်သွေးငယ်များကို မှဲ့တစ်ပေါက်မစွန်းရအောင်စောင့်ရှောက်တတ်သည်။ မိမိယုံကြည်သည့်အတိုင်း မဖြစ်ဖြစ်အောင် လုပ်တတ်၊ ရယူတတ်သည်။

ပြိဿာရာသီဖွားတို့ကိုလေ့လာပါက ၎င်းတို့၏ ရည်ရွယ်ချက်အမှန် ဘာဖြစ်သည်ဆိုသည်ကို ထင်ထင်ရှားရှားမတွေ့ရတတ်ပေ။ မအောင်မြင်ချိန်ကာလအထိ ဖုံးကွယ်ထားတတ်ကြသည်။ ၎င်းတို့အနေဖြင့် အခွင့်ကောင်းကို တိတ်တဆိတ်(ချောင်းမြောင်း)စောင့်ဆိုင်းနေတတ်သည်။ တစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်အရည်အချင်းအတိုင်း မိမိ၌ ရှိ၊ မရှိ သုံးသပ်ပြီး တဖြည်းဖြည်း ထိန်းချုပ်မှန်းမသိထိန်းချုပ်လာနိုင်အောင် မဟာဗျူဟာကျကျ စီမံကိုင်တွယ်သွားတတ်သည်။ လှုပ်ရှားမှုများက နှေးကွေးသော်လည်း တိကျသေချာမှုရှိသည်။ မိမိအလိုရှိသမျှကို အချိန်ပေး၍ (ဇွဲသန်စိတ်ရှည်စွာ) ကြိုးစားတတ်သည်။

ပြိဿာရာသီဖွားတို့သည် မွေးဖွားခြင်းနှင့် သေဆုံးခြင်းတို့၏ လျှို့ဝှက်ချက်ကို ကောင်းစွာ သိနားလည်လျက် မွေးဖွားလာသူများ ဖြစ်လေသည်။ လူသားသဘာဝအရ ရှိသင့်ရှိထိုက်သော အသိဉာဏ်ပညာထက် ပိုမို၍ သာလွန်သော အရည်အသွေးများ ပိုင်ဆိုင်ထားသူများမှာ ပြိဿာရာသီဖွားများပင် ဖြစ်သည်။

၎င်းရာသီဖွားများသည် တစ်ခါတစ်ရံ၌ ပင်လယ်ကမ်းခြေတွင် တစ်ဦးတည်း သွားရောက် နေထိုင်တတ်ကြသည်။ လှိုင်းတံပိုးများကဲ့သို့ သန်မာအားကောင်းခြင်းရှိသလို ဒီရေကဲ့သို့လည်း

တိတ်တဆိတ် (အတက်၊ အကျ) မသိရ
အောင် လျှို့ဝှက်ထားနိုင်သူများ ဖြစ်
သည်။

တစ်ခါတစ်ရံ၌လည်း လူထုပရိ
သတ်အကြား (အများနည်းတူ) ဝင်ဆံ့
လျက် မိမိခံစားချက်အမှန်ကို ဖုံးကွယ်
၍ အပြုံးပန်းဖြင့် လိုက်လျောညီထွေ
ဆက်ဆံတတ်သည်။ အားကစားပြိုင်ပွဲ
ကဲ့သို့ သူနိုင်ကိုယ်နိုင် ကြိုးစားရသည့်
အခြေအနေများ၌ မိမိရင်တွင်းဆန္
အမှန်ဖြစ်သည့် (အောင်နိုင်လိုသည့်ဇော
စိတ်)အား ထိန်းချုပ်ကာ တည်ငြိမ်အေး
ဆေးသည့်အသွင်သဏ္ဌာန်ဖြင့် ဟန်လုပ်
နေတတ်ကြသည်။ မည်သူပင်ဖြစ်စေ
ပြိဿာရာသီဖွားတို့၏ လျှို့ဝှက်မှုမှန်သမျှ
ကို ထုတ်ဖော်နိုင်စွမ်းမရှိကြပေ။

ပြိဿာရာသီဖွားများအား နိုင်ငံရေး
သမား၊ ရုပ်သံ၏အနုပညာကြယ်ပွင့်များ
စျာပနကိစ္စစီစဉ်ဆောင်ရွက်သူ၊ ဘား
တင်ဒါ စသည့် အလွှာအမျိုးမျိုး၊အသိုင်း
အဝိုင်းအမျိုးမျိုး၌လည်း တွေ့ရတတ်
သည်။မည်သည့်နေရာ၊ မည်သည့်အခန်း
ကဏ္ဍတွင်မဆို ဘဝတူ (သို့) ပြိုင်ဘက်
တို့အား တစ်ခုမဟုတ်တစ်ခု နှာတစ်ဖျား
သာအောင် အနိုင်ရခဲ့သည်ချည်း ဖြစ်
သည်။

ရှေးဟောင်း ဗေဒင်ကျမ်းဂန်များ
အရ ပြိဿာရာသီဖွားတစ်ဦးသေဆုံးခဲ့
က ၎င်းရာသီဖွားကပင် မိသားစုအတွင်း
တစ်ယောက်ယောက်ထံ (ပြန်လည်ဝင်
စား) မွေးဖွားလေ့ရှိတတ်ကြောင်း၊ သေ
ဆုံးချိန်မှ တစ်နှစ်အတွင်းမှာပင် လူဝင်
စားအဖြစ် ပြန်လည်မွေးဖွားလာကြောင်း
လေ့လာ တွေ့ရှိရသည်။ ၎င်းအဖြစ်အ
ပျက်သည် (၉၅) ရာခိုင်နှုန်းအထိ
ကြောင်းသိရှိရသည်။ပြိဿာတို့၏သဘာ
အရ နှုတ်မှဖွင့်မပြောသော်လည်း အ
အားလုံး စိတ်တွင်သိရှိပြီးဖြစ်သည်။

**ပြိဿာရာသီဖွား (အမျိုးသား)**

၎င်းရာသီဖွား အမျိုးသားတ
အနေဖြင့် နိုင်ငံရေး၊ ပေါင်းသင်းဆက်
ရေး၊ ဘာသာရေး၊ သားသမီး၊ ဆွေ
အသိုင်းအဝန်းအရေး၊ အသက်ရှင်
ထိုင်ရေးနှင့် သေဆုံးခြင်း အစရှိ
ကဏ္ဍအားလုံးကို သူမတူအောင်
ခေါ် နားလည်နိုင်စွမ်းရှိပါသည်။
သည့်နေရာ အခန်းကဏ္ဍမှ အကော
ဆုံးဖြစ်အောင် စွမ်းဆောင်နိုင်ကြပြီး
သို့သာ ဆက်လက်သွားကာ နောက်
ကြည့်ရိုးထုံးစံမရှိတတ်ပေ။ လေ



www.burmeseclassic.com

www.burmeseclassic.com

နီးတောက်များ မည်သို့ပင် ကြီးမားစွာ ဆောင်မြိုက်သော်လည်း အချိန်မီ ငြိမ်းသတ် ထိန်းချုပ်နိုင်ကြသည်။ မီးခံလူသားဟုပင် သမုတ်လောက်အောင် ထူးခြားသောသဘာဝရှိကြသည်။ ဉာဏ်ရည်အားဖြင့် ထက်မြက်သည်ဆိုခြင်းထက် ပိုမိုထက်မြက်ကြသည်။

ဗြိစ္ဆာရာသီဖွားတို့၏ ဝန်းကျင်၌ မိမိခံပစ္စည်းနှင့် စည်းစိမ်ယူစရာများ ဝိုင်းရံနေတတ်သည်။ ၎င်းတို့၏ အပေါ်ယံ အသွင်သဏ္ဌာန်သည် ရိုးသား၍ ဘာဆိုဘာမှမသိသည့်ပုံစံပေါက်နေတတ်၏။ နှစ်လိုဖွယ်အပြုံးနှင့်ငယ်ရွယ်နုပျိုခြင်းများ သွေးဆောင်ဖြားယောင်းနိုင်သည့် အစွမ်းအစများ လုံးဝမရှိသလို အသွင်ဆောင်နေပါသည်။ သို့သော်လည်း ၎င်းတို့အား နာကြည်းစေအောင်လုပ်မိပါက ဒေါသအိုးပေါက်ကွဲကာ ဘဝတစ်သက်တာ တုသခွင့်မရနိုင်တော့သော အသက်ပါဆုံးရှုံးရတတ်သော အဆိပ်ပြင်း ပါဝင်သည့် အမြီးကောက်ဖြင့် တုံ့ပြန်တိုက်ခိုက်သည့် ဒဏ်ရာကိုရစေပါ မည်။

ကျန်ရှိသော အချိန်နာရီများ၌ အတော်အတန် ကိစ္စသေးငယ်များကို နားလည် သည်းခံနိုင်ကြသည်။ အချစ်ရေးနှင့်ပတ်သက်၍ အောက်ကျခံစရာ အကြောင်းရှိပါက (လိုအပ်လျှင်) ဒူးထောက်အညံ့ခံလျက် အဆိုပြုတတ်ကြသည်။


ဗြိစ္ဆာရာသီဖွားတိုင်းလိုလို မိမိစည်းစနစ်၊ မိမိအဝန်းအဝိုင်းနှင့် ကန့်သတ်စည်းကမ်းထားလျက်နေတတ်ကြသည်။ ၎င်းအား မည်သူကပင် မည်သို့ထင်မြင်ယူဆသည်ဖြစ်စေ ဂရုမစိုက်တတ်ကြပေ။

၎င်းရာသီဖွားအမျိုးသားတို့သည် ၎င်းတို့၏ အရေးကိစ္စများ၌ အမျိုးသမီးဖြစ်သူမှ ဝင်ရောက်ဆုံးဖြတ်ပေးခြင်းကို လုံးဝခွင့်မပြုတတ်ပေ။ ကျားသည်ကျား၊ မသည် မ, အဖြစ်ပင် ရှိစေချင်သည်။ ဗြိစ္ဆာရာသီဖွားအမျိုးသားတို့၏ ဇနီးဖြစ်သူတို့မှ ၎င်းတို့ခင်ပွန်းများအပေါ် အမှန်တကယ် နားလည်မှုပေးရန် လိုသည်။ ကိုယ်ချင်းစာတတ်ခြင်း၊ နူးညံ့ညင်သာစွာ ပြောဆိုတတ်ခြင်း၊ သစ္စာစောင့်သိခြင်းတို့ဖြင့် မိမိခင်ပွန်း ကင်းမြီးကောက်ရာသီဖွားပိုင်ရှင်တို့၏ အလိုဆန္ဒကို ဖြည့်ဆည်းပေးရပါမည်။

**ဗြိစ္ဆာရာသီဖွား (အမျိုးသမီး)**

၎င်းရာသီဖွားအမျိုးသမီးများသည်

♏ Scorpius



ချောမောလှပသည်ဆိုသော စကားလုံးထက် ပိုမိုသာလွန်ပြည့်စုံသော အလှပိုင်ရှင်များ ဖြစ်သည်။ မိမိကိုယ်မိမိ ယုံကြည်မှုရှိပြီး မာနကြီးသူများ ဖြစ်သည်။ သူမ (တို့)၏ အလှအပ၌ ညို့မာတတ်အပြည့်ပါရှိသည်။ကင်းမြီးကောက်တို့၏သဘာဝအရ မွေးရာပါအဆိပ်လက်နက်ပါရှိခြင်းဖြင့် မိမိကိုယ်မိမိ (သူတကာထက်) ယုံကြည်မှုရှိကြသလို ဗြိစ္ဆာရာသီဖွားအမျိုးသမီးတို့သည် သူမတို့ကိုယ်ကိုယ် အမျိုးသမီးတစ်ဦးအဖြစ်ပင် (အားနွဲ့စွာ) မရပ်တည်လိုကြပေ။ ပြုမူဆောင်ရွက်ခြင်းကိစ္စမှန်သမျှ၌ အမျိုးသားများနှင့် တန်းတူရည်တူ လုပ်ရဲကိုင်ရဲရှိကြသည်။ အမျိုးသမီးချင်းအတူတူ အားနွဲ့တတ်သူများအပေါ် လှောင်ပြောင်သရော်တတ်ပေသည်။

ဗြိစ္ဆာရာသီဖွား အမျိုးသမီးများသည် သူမတို့၏ ညို့မာတတ်ပါသော၊ စွဲလမ်း နှစ်သက်ဖွယ်ရာကောင်းသော အကြည့်၊ သင်းပျံ့သောရနံ့တို့ဖြင့် အမျိုးသားများအပေါ် ဆွဲဆောင်နိုင်ကြသည်။ သူမတို့သောက်ရန် နှုတ်ခမ်း၌ တေ့ထားသော စီးကရက်အား သူမ ဆွဲဆောင်လိုက်သော အမျိုးသားက မီးခြစ်၍ ညှိပေးရသည်အထိ ဆွဲဆောင်နိုင်စွမ်းရှိကြသည်။ တစ်ခါတစ်ရံ၌ အမျိုးသား(များ) ရှိရာဘက်သို့ ညို့အားကောင်းသော မျက်ဝန်းအစုံဖြင့်ကြည့်၍ ဖြည်းညင်းလေးတွဲ့စွာလျှောက်လာတတ်သည်။ သို့သော်လည်း ခြွင်းချက်အနေဖြင့် အချို့သော ဗြိစ္ဆာရာသီဖွားမိန်းကလေးများက မျက်တောင်မွေးတိုတိုဖြင့် ယောက်ျားလျာများ ဖြစ်နေတတ်သည်။ ၎င်းရာသီဖွားမိန်းကလေးတို့၏ စူးရှပြင်းထန်သော မျက်ဝန်းအစုံမှအကြည့်ကိုခံရသူ အမျိုးသားအနေဖြင့် သူမရင်တွင်းခံစားချက် ရည်ရွယ်ချက်တို့ကို ရိပ်စားမိနိုင်သည်။ ဗြိစ္ဆာရာသီဖွား အမျိုးသမီးတို့အပေါ်

ကာကွယ်လိုသော အမျိုးသား (များ) အနေဖြင့် မိမိကိုယ်မိမိ ဦးစွာကာကွယ်နိုင်ရန်၊ ၎င်းရာသီဖွားအမျိုးသမီးများ၏ ဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန် ဦးစွာလေ့ကျင့်ရဦးမည် ဖြစ်သည်။ မိမိကိုယ်မိမိ အနိုင်နိုင်ဖြစ်နေသူ အမျိုးသားအဖို့ သူမ (တို့) အနီး ချဉ်းကပ်ရန်ပင် မလွယ်ကူလှချေ။

ဗြိစ္ဆာရာသီဖွား အမျိုးသမီးများသည် ဒေါသထွက်နေစဉ်အခါများတွင် မကောင်းဆိုးရွားကဲ့သို့ ငယ်သံပါအောင် (ဝမ်းခေါင်းသံ) ဖြင့် အော်ဟစ်တတ်သလို စိတ်ကောင်းဝင်နေသည့်အချိန်များ၌ နှစ်လိုဖွယ် တိုးညင်းသောအသံဖြင့် ပြောဆိုတတ်ကြသည်။

သာမန် အမျိုးသားတစ်ဦးအဖို့ ၎င်းရာသီဖွား အမျိုးသမီး၏ ပြောဆိုသော စကားလုံးများ၊ မျက်လုံးချင်းဆုံသောအကြည့်များအောက်မှ ရုန်းမထွက်နိုင်လောက်အောင်ပြုစားခံထားရပါမည်။ အမျိုးသားတို့၏ ရှိရင်းစွဲ (ယောက်ျားမာန) အား အရည်ပျော်ကျသွားစေလောက်သူများပင် ဖြစ်သည်။

ဗြိစ္ဆာရာသီဖွား(အမျိုးသမီး)များ စိတ်ဝင်စားလောက်သည့် အမျိုးသားများသည် သာမန်(ယောက်ျား)များထက် ကြည့်ပျော်ရှုပျော် (စမတ်ကျ သပ်ရပ်) စွာရှိခြင်းနှင့် ယောက်ျားပီသမှုရှိသူများပင် ဖြစ်သည်။ အမျိုးသားတို့၏ အားနည်းချက်တစ်စုံတစ်ရာအပေါ် လုံးဝခွင့်လွှတ်တတ်ခြင်း မရှိပေ။

ဗြိစ္ဆာရာသီဖွား အမျိုးသမီးတို့၏ သူမတူအောင် ထူးခြားသည့် စိတ်ဓာတ်နှင့် ရဲရင့်မှုတို့အား အမျိုးသားတို့ဘက်မှ လိုက်ဖက်ညီစွာ အရည်အချင်းရှိနေရပါမည်။ သို့မဟုတ်က လက်တွဲပတ်သက်ခွင့် လုံးဝ ရရှိမည် မဟုတ်ပေ။

၎င်းရာသီဖွား အမျိုးသမီးတို့၏ ထူးခြားသော စရိုက်လက္ခဏာသည် မီးလောင်ပြာပုံထဲမှ တစ်ဖန် ရှင်သန်ပြီး ထပျံသွားနိုင်သည့် ဒဏ္ဍာရီလာ ဖီးနစ်ငှက်ကဲ့သို့ အခက်အခဲကြမ်းတမ်းမှုများ မည်သို့ပင် ကြုံတွေ့ရသည့်တိုင် တစ်ဖန် ရုန်းထ ရှင်သန်နိုင်သည့်အစွမ်း ရှိကြသည်။ ဗြိစ္ဆာရာသီဖွားအမျိုးသမီးအချစ်ကို ရယူနိုင်သော အမျိုးသားတစ်ဦးအတွက် ထူးခြားသည်ဟု ခေါ်ဆိုနိုင်သော်လည်း အဆိုပါ အမျိုးသားတွင်ရှိ အတွေ့အကြုံ ဗဟုသုတ ပညာရပ်များက သူမ၏စရိုက်လက္ခဏာ၊ သဘာဝနှင့် လုံးဝ လိုက်ဖက်မှုမရှိကြောင်း တွေ့ရပါမည်။ ၎င်းရာသီဖွားအမျိုးသမီးများသည်



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ မလွဲမရှောင်သာဘဲ အန္တရာယ်ခရီးကြမ်းကို ဖြတ်ကျော်ရတတ်သည်။ ထိုအခါမျိုး၌ သူမ(တို့)၏မျက်နှာတွင် ထိတ်လန့်ကြောက်ရွံ့ခြင်း ဟူသော အစအန လုံးဝမတွေ့ရှိရပေ။ သူမကိုယ်တိုင်က နှုတ်ဆိတ်စွာ (လျှို့ဝှက်) တတ်သော်လည်း အခြားသော လျှို့ဝှက်ချက်အဝဝကို နားထောင်သိရှိလိုသည့်ဆန္ဒပြင်းပြပါသည်။

ဗြိစ္ဆာရာသီဖွား အမျိုးသမီးများသည် အချို့သောကိစ္စများ၌ မယုံကြည်နိုင်လောက်အောင် သစ္စာစောင့်သိတတ်ကြသည်။ သို့သော်လည်း သူမတို့၏ အကြည့်တစ်ချက်၌ သင်၏ အားနည်းချက်တစ်စုံတစ်ရာကိုတွေ့ရှိရပါက လုံးဝခွင့်မလွှတ်တတ်ကြပေ။

လူမှုဆက်ဆံရေးနယ်ပယ်အတွင်း အထက်ပါစရိုက်လက္ခဏာကြောင့် သူမအား အများက အများတကာအပေါ် အဖက်မလုပ်တတ်သူ၊ တစ်ကိုယ်တည်း ဘဝင်မြင့်နေသူ၊ ဇီဇာကြောင်သူအဖြစ် ကဲ့ရဲ့ပြောဆိုလေ့ရှိတတ်သည်။

ဗြိစ္ဆာရာသီဖွား အမျိုးသမီးများသည် အပေါင်းသင်းပေါင်းရာ၌ စိတ်တိုင်းကျ ရွေးချယ်ပေါင်းသင်းလေ့ရှိကြသည်။ တစ်သက်တာ ဘဝခရီးအတွက် မိမိနှင့် လိုက်ဖက် ထိုက်တန်သူအား မခွဲစတမ်း ထိန်းသိမ်းထားတတ်သည်။ အဆိုပါ အမျိုးသမီးနှင့် ပေါင်းဖက်သူ အမျိုးသားအနေဖြင့်လည်း ၎င်း၏ဘဝကို ဇနီးဖြစ်သူနှင့် ကောင်းတူဆိုးဖက် အဖြစ် မြှုပ်နှံလိုက်ကြသည်။

ဗြိစ္ဆာရာသီဖွားအမျိုးသမီးတို့သည် သူမတို့၏ ဘဝကြင်ဖော် (ခင်ပွန်း) ဖြစ်သူအား သူဌေးအလွန်ဖြစ်စေလိုကြ၏။ သို့သော် သူမ(တို့)၏ဘဝကို လွှမ်းမိုးချုပ်ကိုင် အရိပ်ထိုးစေခြင်းကိုမူ လုံးဝလက်မခံကြပေ။ ခင်ပွန်းဖြစ်သူ၏လိုအပ်ချက်မှန်သမျှအား သူမတွင်ရှိ ကျွမ်းကျင်လိမ္မာမှုများဖြင့် အားဖြည့် ကူညီပေးလိုသည်။

၎င်းရာသီဖွားအမျိုးသမီးများသည် ခင်ပွန်းဖြစ်သူ သင့်အား ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်ဆန့်ကျင်နိုင်သော်လည်း လူအများအကြား သင်အကျပ်အတည်း ပြဿနာ ကြုံတွေ့ရပါက သင့်ဘက်မှ အပြင်းအထန် ကာကွယ်ပေးသွားမည့်သူ ဖြစ်သည်။ သင့်အပေါ် အခွင့်ရေးယူသူများ၊ ကြောသူများနှင့် အပုပ်ချသူမှန်သမျှအား လုံးဝလက်ပိုက်ကြည့်နေမည် မဟုတ်ပေ။ တစ်ခါတစ်ရံ၌ ခင်ပွန်းဖြစ်သူအပေါ် မြင့်မြင့်မားမား မျှော်လင့်ထားသည့်အတိုင်းဖြစ်မလာခဲ့ပါက အားမလိုအားမရဖြစ်တတ်ပါသည်။ သူမတို့သည် အိမ်နှင့် မိသားစုအပေါ်တွင်လည်း သံယောဇဉ်ကြီးတတ်ပါသည်။

ဗြိစ္ဆာရာသီဖွားအမျိုးသမီးတို့သည် ကြည်း၊ ရေ၊ လေတပ်မတော်သားများ၏ဇနီးကောင်းများ ဖြစ်တတ်သလို သူမတို့ကိုယ်တိုင်လည်း အဖွဲ့ဝင်ကောင်းများ ဖြစ်တတ်သည်။ နိုင်ငံရေးလောကကို ကြည့်ပါကလည်း ၎င်းအမျိုးသမီးများ၏ ထက်မြက်သောစွမ်းရည်နှင့် အရေးကြီးသော အခန်းကဏ္ဍများတွင် ပါဝင်နေသည်ကို တွေ့ရပါမည်။ သင့်အနေဖြင့် မည်သို့သောလူစားမျိုးကို ယုံစားရမည်၊ (သို့) မယုံစားသင့်ကိစ္စအတွက် သူမတို့မှ ခွဲခြမ်းစိတ်ဖြာ ဆုံးဖြတ်ပေးပါမည်။

ဗြိစ္ဆာရာသီဖွားအမျိုးသမီးတို့သည် ချမ်းသာသူများဖြစ်နေတတ်သော်လည်း ချမ်းသာကြွယ်ဝရေးအတွက် တမင်ကြိုးစားအားထုတ်ခြင်းကို မလိုလားကြပေ။ မိမိခင်ပွန်းအတွက်သာမက သားသမီးများ၏ အနာဂတ်အတွက်ပါ ရည်ရွယ်ချက် ကြီးမားကြသည်။

**ဗြိစ္ဆာရာသီဖွား (ကလေး)**

၎င်းရာသီဖွား ကလေးများသည် ယှဉ်ပြိုင်တိုက်ခိုက်ရခြင်းကိစ္စကို စိတ်ဝင်စားတတ်ကြသည်။ မှန်တန် ရိုးသားဖြောင့်မတ်သော ယှဉ်ပြိုင်မှုမျိုးဖြစ်ရန် မိဘနှစ်ပါးမှ လမ်းညွှန်ပြသပေးရပါမည်။ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာစွမ်းအင်များ တိုးတက်မှုရှိလာမှသာ အနာဂတ်အတွက် ကောင်းသော မျှော်လင့်ချက်ထားနိုင်ပါမည်။ ၎င်းရာသီဖွားသားသမီးများက သင့်အပေါ် လေးစားရိုသေခြင်း မယုတ်လျော့စေရန်၊ သင်ပေးထားသော ကတိစကားများအား မဖောက်ဖျက်မိရန် သတိပြုရပါမည်။ ငယ်ရွယ်သူပင်ဖြစ်သော်လည်း ဆန့်ကျင်ဘက်လိင်အပေါ် စိတ်ဝင်စားတတ်ကြသည်။

**ဗြိစ္ဆာရာသီဖွား (သူဌေး)**

၎င်းရာသီဖွားသူဌေးတို့၏ အတွင်းစိတ်သဘောအား မည်သူမျှ အတွင်းနက်နက်သိအောင် မကြိုးစားနိုင်ကြပေ။ ရုပ်တွင်းခံစားချက် မည်မျှပင် ပြင်းထန်နေသော်လည်း တစ်ပါးသူမသိအောင် ဖုံးကွယ်ထားနိုင်ကြသည်။ ၎င်းရာသီဖွား သူဌေးတို့၏အပေါ် အခြားပြိုင်ဘက်သူဌေးများမှ စိတ်ပိုင်းဆိုင်ရာအားဖြင့် အနိုင်ယူနိုင်မှုမရှိကြပေ။ ကြုံတွေ့လာလတ္တံ့သော အန္တရာယ်အငွေ့အသက်ကို ဦးအောင်သိရှိပြီး မိမိကိုယ်တိုင် ကာကွယ်၍ တစ်ပါးသူအပေါ်လည်း သတိပေးတတ်သည်။ ၎င်းသူဌေးများသည် မွေးရာပါ စွမ်းအင်ပါရမီရှိခြင်းအပြင် တစ်ပါးသူအပေါ် စာနာထောက်ထားခြင်း၊ သစ္စာစောင့်သိခြင်း၊ နူးညံ့ညင်သာစွာ ဆက်ဆံပြောဆိုတတ်ခြင်းများရှိပါသည်။ သို့သော် ဗြိစ္ဆာရာသီဖွားသူဌေးများသည် သံသယများတတ်ကြသည်။ ယုံမှားသံသယဖြစ်ရန်ကိစ္စတစ်ခုအတွက် ကောင်းစွာ အိပ်မပျော်တတ်ကြပေ။

သစ္စာစောင့်သိတတ်ခြင်းအပိုင်း၌ သင့်အပေါ် ကောင်းမွန်စွာ ကြည့်ရှုပေးထားသည့်အတိုင်း သင့်ဘက်မှလည်း တစ်ပြားသားမှ မလျော့စေဘဲ တုံ့ပြန်ပေးနိုင်ရန် လိုအပ်ပါသည်။ ဗြိစ္ဆာရာသီဖွားသူဌေးတို့အား မလိုမုန်းထားစိတ်တစ်ခုတည်းသက်သက်ဖြင့် လွှမ်းမိုးကျော်ဖြတ်ရန် (သို့) ထိခိုက်နာကျင်စေရန် အလွယ်တကူ ကြိုးစား၍မရနိုင်ပေ။

**ဗြိစ္ဆာရာသီဖွား (အလုပ်သမား)**

၎င်းရာသီဖွား အလုပ်သမားများသည် ၎င်းတို့ကံကြမ္မာ၏အရှင်သခင်များဖြစ်ပြီး ၎င်းတို့အသက်ဝိညာဉ်၏ (ရှ တည်ရှင်သန်မှု) အတွက် ကပ္ပတိန်များလည်း ဖြစ်ကြသည်။ ဗြိစ္ဆာရာသီဖွား အလုပ်သမားတို့၏တုံ့ပြန်မှုအဝဝသည် သင့်(အလုပ်ရှင်)ဘက်မှ ၎င်းတို့အပေါ် ကမ်းလှမ်း စေခိုင်းမှုများအတိုင်းပင် ဖြစ်စေပါမည်။

ဗြိစ္ဆာရာသီဖွား အလုပ်သမား မိမိကိုယ်မိမိ ယုံကြည်ခြင်းများက ၎င်းတို့၏သူရသတ္တိနှင့် ရဲရင့်ခြင်းကို မွေးမြူ ပေးစေပါသည်။

၎င်းရာသီဖွား အလုပ်သမားများ အား သူဌေးတော်တော်များများမှ နှ ထောင်းအားရဖြစ်တတ်ကြောင်း လာတွေ့ရှိရသည်။ ၎င်းပြင် ဗြိစ္ဆာရာ ဖွား အလုပ်သမားများသည် မည်သ ဂိမ်းကိုမျှ စိတ်ဝင်စားတတ်ခြင်းမရှိ အမြဲတစေ အလုပ်ရှုပ်နေတတ်ကြသည် အရာရာ၌ မိမိဘက်မှ စည်းဘော မကျော်လွန်အောင် ထိန်းထိန်းသိမ်း ပြုလုပ်တတ်ပြီး ၎င်းတို့ စိတ်တိုင်း သည့်အရာများ၌ ခေါင်းမာတတ် ပုန်ကန်ထကြွတတ်ခြင်းရှိတတ်သည်။

ဦးအောင်လှိုင်(သုဝ



www.burmeseclassic.com

www.burmeseclassic.com

# အမည်တူခြင်း-မတူခြင်းဖြင့်

([illegible])

ဆရာဦးမောင်မောင်သန်း

"သမီးကလေးလေး တက်မတတ်ဘဲ ဆရာ"

"ဟေ - ဘယ်လိုဖြစ်လို့တုံး"

"ကိုယ်တွေ တအားပူပြီးဖြစ်တာ၊ ကံကောင်းလို့"

"ဪ - ဖြစ်တတ်လား"

"ဒီလိုဖြစ်တာ နှစ်ခါ၊ သုံးခါမက တော့ဘူး"

"ဟုတ်လား၊ ကလေးနာမည် ဘယ်သူတုံး"

"လဝန်းမြင့်မိုရ်သော်တာထက်"

"ဟာ - တစ်မျိုးပါလား"

"ဆရာ့ဆီမှာ သမီးတို့လာပေးတာလေ"

"အင်း - သမီးတစ်ခုခုမှားနေပြီ၊ ဒီနာမည်မျိုး ငါမပေးဘူး"

"ဆရာပဲပေးလိုက်တာပဲ"

"ပြန်စဉ်းစားလိုက်ပါဦး။ ဦးပေးလိုက်တဲ့စာရွက်ရှိလား"

"ရှိတယ်၊ ဒီမှာ သမီးယူလာတယ်"



www.burmeseclassic.com

www.burmeseclassic.com

စာရွက်လေးမှာ ခေါက်ရိုးတောင် တော်တော်ကျိုးနေပါပြီ။ ဖြန့်ကြည့်လိုက်တော့ -

'ဗုဒ္ဓဟူး၊ စနေပိတ်မှည့်ရမည်။ ဥပမာ - လဲ့ရည်နန္ဒာ၊ ဝင့်သီရိမြတ်နိုး'

"ဟင် - ငါပေးထားတဲ့အထဲမှာ လဝန်းမြင့်မိုရ်သော်တာထက် မပါပါလား"

"ဩော် - ဟုတ်တယ်လေ ဆရာ။ သမီးလေးကို အဲသလိုမှည့်ရမယ်ဆိုလို့ သူ့အဘိုးက ဗုဒ္ဓဟူး၊ စနေပိတ်တွဲပေးလိုက်တာလေ။ ခုမှည့်ထားတာ ဆရာရေးပေးသလို ဗုဒ္ဓဟူး၊ စနေပိတ်လေ"

✤

ဒီလိုမျိုးတွေ တစ်ခါတလေ ကြုံရပါတယ်။

စိတ်မကောင်းပါဘူး။

ဒီလို တွဲမှည့်ပါဆိုလိုက်တာနဲ့ တွဲလိုက်တဲ့ နာမည်တွေဟာ တကယ့်ကို ကြောက်စရာကောင်းတဲ့အတွဲတွေ ဖြစ်တော့တာပါပဲ။

ခုန လဝန်းမြင့်မိုရ်သော်တာထက်လေးလို -

သူကတော့ တနင်္ဂနွေသားကို ချူချာလွန်းလို့ နာမည်ပြောင်းပေးလိုက်ရတဲ့ ကလေးပါ။

စနေ၊ တနင်္လာပိတ်မှည့်ရမယ်လို့ ရေးပေးလိုက်ပြီး နမူနာနာမည်လေးတွေပါရေးပေးပြီး မှည့်ပေးလိုက်ပါတယ်။

ဒါပေမယ့် အားမရကြဘူးနဲ့တူပါရဲ့။ သူတို့မှည့်လိုက်တဲ့ နာမည်က 'ထက်နေသူရိန်ကျော်' တဲ့။ ဒီနာမည်မှည့်မှတော့ ကလေးက ဘယ်လိုလုပ် နေကောင်းနိုင်ပါတော့မလဲ။ ဘာချူချာသလဲမမေးနဲ့၊ တက်ပြီးရင်းတက်ရင်းပဲ။ အသက်ပါမှာတောင် ကြောက်ရတယ်။ ကိုယ်ပူအားကြီးပြီ ဆိုတာနဲ့ မျက်ဖြူလန်ပြီး နှုတ်ခမ်းတွေ ပြာလာတော့တာပဲ။ ပါးစပ်ကအမြှုပ်တွေနဲ့။

"ဒါနဲ့ ဆရာနာမည်ပြောင်းခိုင်းပေမယ့် မကောင်းသေးလို့ ဘာလိုနေလဲ ဆိုပြီး ထပ်လာကြည့်တာပါ" တဲ့။

"အေး - ဘယ်လိုပြောင်းလို့လဲ၊ ငါပြောင်းခိုင်းသလို မပြောင်းဘူးလား"

ဆိုတော့ -

"ဆရာခိုင်းတဲ့အတိုင်းပဲ ပြောင်းလိုက်တာလေ" တဲ့။ "စနေ၊ တနင်္လာပိတ်လေ" တဲ့။

"ငါရေးပေးတဲ့ နာမည်တွေထဲက ဘယ်နာမည်မှည့်လိုက်လဲ"

ဆိုတော့ -

"ထက်နေသူရိန်ကျော်" တဲ့။

"ဟာ- ဒါငါပေးတဲ့နာမည်မဟုတ်ဘူး။ ကလေးတွေ ချူချာမှာစိုးလို့ ဒီလိုနာမည်မျိုး ငါဘယ်တော့မှမပေးဘူး"

လို့ ပြောလိုက်ရတယ်။

"မဟုတ်ဘူးလေ၊ ဆရာရေးပေးထားတယ်လေ။ ကလေးဟာ ဘာဖွားမို့လို့ စနေ၊ တနင်္လာပိတ်မှည့်ရမယ်ဆိုတာပါတယ်လေ။ အဲဒီအတိုင်း သူ့အဘိုးတွေ၊ အဘွားတွေကမှည့်လိုက်တာ" တဲ့။

အဲဒီလိုလည်း ပြောပြီးရော ဖုန်းနဲ့ရိုက်ယူလာတဲ့ ကလေးရဲ့ဓာတ်ပုံလေးကို ပြပါတယ်။ ခေါင်းကြီးကကြီးပြီး ကိုယ်က သေးနေသလိုပဲ။ မျက်နှာလေးက ခေါင်းကြီးရဲ့အလယ်မှာ တစ်မိုက်လောက်လေး လာစုနေကြသလိုပါပဲ။ မျက်လုံးဟာ ဖျော့တော့တော့နဲ့။ ဓာတ်ပုံထဲမှာတောင် သူ့ကိုကြည့်ရတာ မောနေသလိုပဲ။ သူ့အသိုင်းအဝိုင်းက တော်တော်လေး ချမ်းသာကြပါတယ်။ ကလေးကိုဆင်ထားတဲ့ ရွှေဟာညွှတ်နေတာပဲ။ အရွယ်နဲ့တောင်မလိုက်ဘူး။

ဒါပေမယ့် -

ဒီရွှေတွေဟာ ကလေးကို မကယ်နိုင်ပါဘူး။ ရွှေတွေဝတ်ထားရင်းကနေ ကလေးဟာ ရုပ်မပေါ်တော့ပါဘူး။

အမိက အရေးကြီးတဲ့ ကျန်းမာရေးလောက် လက်ဝတ်ရတနာတွေက တန်ဖိုးမရှိပါဘူး။

ဒါကြောင့်မို့ သူတို့ကို ပြောပြ၊ ရှင်းပြရပါတယ်။ ဒီနာမည်ပျောက်သွားအောင်၊ ဒီနာမည်ခိုက်နေတာကနေ ကလေးလွတ်မြောက်အောင် နောက်နာမည်ပြောင်းခေါ်ဖို့တောင် မနည်းပြောယူလိုက်ရပါတယ်။

သူတို့ကလေးလေးကောင်းဖို့ သူတို့ကို တကယ်ပဲ အောက်ကျခံပြီး ချော့ပြောလိုက်ရပါတယ်။

စိတ်ထဲကတော့ အောက်ကျတယ် မထင်ပါဘူး။ ကိုယ်ဒီလိုပြောလိုက်လို့ သူတို့ အားနာပါးနာနဲ့ ကလေးနာမည်ပြင်လိုက်ရင်တောင် ကလေးအတွက် ပြီးပြီ၊ ကောင်းပြီ၊ ဘာမှပူစရာမလိုတော့ဘူး။ ဒါကြောင့်လည်း ကလေးလေး ကောင်းရင်ပြီးရော။ အောက်ကျရင်ကျပစေဆိုတဲ့စိတ်နဲ့ ချော့ပြောခဲ့ရပါတယ်။

ဒီလိုပဲ၊ တစ်ခါလည်း -

ကလေးဟာ တောက်လျှောက် ချူချာလွန်းရုံမကဘဲ အထိအခိုက်တွေပါများလွန်းလို့ဆိုပြီး ရောက်လာပါတယ်။

အဲဒီကလေးအဖေကတော့ ရှောက်ဖူးလို့ မဟုတ်ပါဘူး။ နာမည်မှည့်ပုံမှည့်နည်းတွေကို ဟိုးတုန်းက ရေးဖူးတဲ့ ဟောစာတမ်းစာအုပ်ကိုဖတ်ပြီး သူ့ဟာသူပေးခဲ့တဲ့နာမည်ပါ။ စာအုပ်လေးက ကြာခဲ့ပါပြီ။ လွန်ခဲ့တဲ့ (၁၃) နှစ်လောက်က စာအုပ်လေး။ အဲဒီထဲမှာရေးခဲ့တာပါ။

ကလေးရဲ့ဖခင်က အဲဒီစာအုပ်လေးထဲကအတိုင်း ကြာသပတေးစပြီး စနေပိတ်မှည့်ခဲ့တာပါ။

'မေရှင်ဘို့မယ်နဒီ'။

ကောင်းရော -

ဘာတွေမှန်းကို မသိတော့ဘူး။ နာမည်က မြင့်သလိုလို၊ နိမ့်သလိုလိုနဲ့ ဘာကိုဘယ်လိုရည်ညွှန်းပြီး တည်ဆောက်ထားမှန်းကို မသိပါဘူး။ အဓိပ္ပာယ်လည်း ဘယ်လိုပုံဖော်ရမှန်းကိုမသိတော့ဘူး။ ရှေးရှေးကနာမည်မျိုးရယ်၊ တော့ ကောက်စီးဆင်းတဲ့သဘောကို ဆောင်တာမျိုးရယ်။ ဘယ်လိုပေါင်းစပ်ပြီး အဓိပ္ပာယ်ထုတ်ရမှန်းတောင် မသိတော့ဘူး။

ဒါတွေဟာ တွေးသင့်တဲ့ကိစ္စတွေပါ။

တွေးကြည့်သင့်တဲ့ကိစ္စတွေပါ။

ဘာလို့လဲဆိုတော့ ကလေးဆိုတာ သူ့ဘုန်းသူ့ကံရှိပြီးသားပါ။ သူ့အတိတ်ကံကြောင့် လူ့ဘဝကြီးထဲကို ရောက်လာရတာပါ။

ဒီအခါမှာ သူ့ရဲ့ ကောင်းကံလေးကို ဘယ်လိုဆက်ပေးရမလဲ ဆိုတာ စဉ်းစားပေးရပါလိမ့်မယ်။

ကိုယ့်ကြောင့် ကလေးဟာ တဖြည်းဖြည်းနဲ့ ချူချာပြီးရင်းချူချာရင်းဖြစ်လာတာတွေကို မသိချင်ယောင်ဆောင်နေလို့ မရပါဘူး။

ကိုယ့်ကြောင့် ကလေးဟာ ချူချာသင့်ပါဘူး။

ကိုယ့်ကြောင့် ကလေးဟာ မ... လားအပ်ဘဲ ဆေးရုံ၊ ဆေးခန်း ခဏခဏ မရောက်သင့်ပါဘူး။

ကိုယ့်ကြောင့် ကလေးဟာ ဘုန်းနိမ့်မသွားသင့်ပါဘူး။

ကိုယ့်ကြောင့် ကလေးဟာ မိတ... ဖတကွဲမဖြစ်သင့်ပါဘူး။

ကိုယ့်ကြောင့် ကလေး... ဖတဆိုး၊ မိတဆိုးမဖြစ်သင့်ပါဘူး။

ဒါ သူ့ရဲ့ကောင်းကံလေးအ... တွေးပေးခြင်းတွေပါပဲ။

အကောင်းလက်စကို ဆက်... ရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

ငါ့မြေးလေး မွေးလာရင်တော့ ငါ့နာမည်ပါရစေမယ်ဆိုပြီး အမြဲတွေးနေတဲ့ ဦးသံခဲဆိုပါစို့။ ကလေးကမွေးပြီ၊ မိန်းကလေး။

ဆိုပါစို့ - ရတီသံခဲ၊ ဖူးပွင့်သံခဲ၊ မြတ်ဆုသံခဲ။ ကောင်းပ့ါမလား စဉ်းစားကြည့်။

မဖြစ်နိုင်တာတွေကို ဖွတ်မလုပ်ချင်ဘဲ လိုပါတယ်။

ဒါဆိုဒါပဲ -

ပြတ်တယ် -

တစ်ယူသန် -

တစ်ဆိုရင် နှစ်မဖြစ်ဘူး -

ဆိုရင် -

အဲဒါ ကလေးလေးရဲ့ဘဝရှေ့ရေးအတွက်၊ ကလေးလေးရဲ့ ဘုန်းကြီးခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ ပညာတတ်ခြင်း၊ အသက်ရှည်ခြင်းအတွက် စဉ်းစားပေးတာလား။

ဒါမှမဟုတ် ကိုယ့်စိတ်ဓာတ်ကိုကိုယ်အမွှမ်းတင်ပြနေတာလား။

တွေးကြည့်ဖို့တော့လိုပါလိမ့်မယ်။

ကြုံဖူးပါတယ်။

ဒီလိုပဲ ကလေးကို နာမည်ပေးလိုက်တယ်။ ကလေးလေးခမျာ ဆရာများတဲ့အုပ်စုထဲက ဆိုတော့ ဘိုးအေကများ ပါအောင် ထည့်ခိုင်းတယ်။ အဒေါ်တစ်ယောက်က 'ဝေယံ'ပါမှတဲ့။ နောက်အဒေါ်တစ်ယောက်က 'အာကာသ' နဲ့ဆိုင်တာ ပါပစေတဲ့။ ကလေးကို ပေးလိုက်တဲ့နာမည်က ကြာသပတေးစာနယ်ဇင်းပိတ်ပေးလိုက်တာ။ သူတို့က နာမည်ရှိုးတယ်ဆိုပြီး ဆန်းဆန်းပြားပြားတွဲထည့်လိုက်တယ်။

'ဘုန်းရှားအာကာဝေယံကျော်' ဆိုပြီး အားရပါးရ တွဲမှည့်လိုက်ကြတယ်။

ကလေးဟာ ထိချက်ပြင်းသွားရှာတယ်။

ကဲ - အဲဒီလို ထိချက်ပြင်းသွားပြီဆိုတော့ ကလေးကို ဘယ်သူတာဝန်ယူမလဲ။

ကျွန်တော့်ကြောင့် ဖြစ်တာပါ၊ ကျွန်မကြောင့် ဖြစ်ရတာပါလို့ ဘယ်သူပြောရဲလဲ။

မသိချင်ယောင်ဆောင်နေကြမှာပါပဲ။

ဒါကြောင့် -

မသိရင် သိတဲ့၊ တတ်ကျွမ်း နားလည်တဲ့သူတွေနဲ့ တိုင်ပင်တာဟာ ကလေးအတွက် အန္တရာယ်ကင်းပါတယ်။

သိလည်း မသိ၊ တတ်လည်း မတတ်၊ တိုင်လည်းမတိုင်ပင်ချင်ဆိုရင်တော့ ကလေးလေးအတွက် အန္တရာယ်ကင်းဖို့ကို အရင်စဉ်းစားပေးတာအကောင်းဆုံးပါပဲ။ ကလေးဟာ မချူချာရဘူး။ သူ့ဘုန်းကံမြင့်နေရမယ်။ ဒါမှ သူ့ဘုန်းကံမြင့်မှ သူ့မိဘရှာဖွေလို့စီးပွားဥစ္စာတိုးပွားမှာလေ။

ဒါ ဦးဆုံးပထမ စဉ်းစားပေးရမှာ။

ကလေးလည်း နာမည်လည်းမှည့်ပြီးရော ဖအေလည်း ရာထူးကပြုတ်ဆိုရင် မဖြစ်သေးဘူး။ ကလေးလည်း နာမည်မှည့်ပြီးရော ဖအေနဲ့မအေလည်းတွဲ ဆိုတာမျိုးလည်း မဖြစ်သင့်ဘူး။ ကလေးလည်း နာမည်မှည့်ပြီးရော ဖအေလည်း ပွဲချင်းပြီးပဲဆိုတာမျိုး ပိုတောင်မဖြစ်သင့်သေးတယ်။ ကလေးလည်း နာမည်မှည့်ပြီးရော သူ့အဖေကြီး အိပ်ရာထဲတန်းလဲတာပဲ ဆိုတာလည်း ကြားမကောင်းပါဘူး။ ကလေးလည်း နာမည်မှည့်ပြီးရော စီးပွားတွေထိုးကျသွားတာပဲ။ လုပ်ငန်းကြီးတွေ တစ်ဆင့်ချင်းရပ်သွားတယ်ဆိုတာမျိုးတွေလည်း ကြားဖူးကြမှာပါ။

ဒါတွေဟာ ကိုယ်နံ့တွဲချင်သလိုတွဲမှည့်လို့ ဖြစ်၊ မဖြစ် စဉ်းစားစေချင်တဲ့မေတ္တာနဲ့ အကြံပြုလိုက်တာပါ။

နာမည်ဆိုတာ ဘိုးအေ၊ ဘွားအေအကြိုက်၊ မိဘအကြိုက် လိုက်လျောပြီးသူများထက် ပိုထူးထူးဆန်းဆန်းလုပ်ပြပေးရင် လူတွေကြိုက်ကြတာပေ့ါ။

ကျွန်တော်က ဒါမျိုးမှည့်ချင်တာ၊ ဒီနာမည်စာလုံး မဖြစ်မနေထည့်ကိုထည့်ချင်တာလို့ ပြောလိုက်တာနဲ့ -

"ဟာ - ရတာပေ့ါ။ ဖြစ်ရစေမယ်"

ဆိုရင် သွားပြီ။

သွားပြီ။

နာမည်မှည့်ရတော့မယ့် ကလေးလေးဘက်ကို စောင်းငဲ့ကြည့်တဲ့စကားမပါတော့ဘူး။ ရောင်းသူ၊ ဝယ်သူ အသံတူသွားပြီ။

ထည့်ကိုထည့်ချင်ပါတယ် ဆိုတဲ့နာမည်စာလုံးဟာ ကလေးကို ကောင်းကျိုးပြုမှာလား၊ ဆိုးကျိုးပေးမှာလား၊ ဘဝအဆင့်ဆင့် မြင့်တက်သွားမှာလား၊ တစ်ချက်တည်း ရိုက်ချလိုက်သလို ဘဝပျက်သွားမှာလား ဆိုတာ စဉ်းစားပေးရမယ့်သူကလည်း မစဉ်းစားပေးတော့ဘူးလေ။

ပြောတဲ့သူကလည်း ကလေးအတွက် စဉ်းစားပေးတဲ့စကား ဘာမှမပါသလို စဉ်းစားပေးရမယ့်သူကလည်း ပညာနဲ့သွေဖည်ပြီး အကြိုက်လိုက်ပြောမှတော့ကလေးအတွက် သွားပြီပေ့ါ။

ဒါကြောင့် -

နာမည်တစ်လုံးဟာ ဘဝလို့ ပြောရင်လည်း ရပါတယ်။

သိပ်အရေးကြီးပါတယ်။

အရေးကြီးတဲ့ နာမည်တစ်လုံးကိုခေါ်ကောင်းရုံ၊ ခေတ်ရှေ့လွန်ရုံ၊ ကြားကောင်းရုံ၊ လူတကာအံ့သြမယ်ထင်ရုံနဲ့ မဆုံးဖြတ်သင့်ပါဘူး။

တကယ် တတ်ကျွမ်းနားလည်သူတွေ၊ တတ်ကျွမ်းနားလည်တဲ့ ပညာရှင်ဆရာ၊ ဆရာမတွေနဲ့ တိုင်ပင်ပြီးမှသာပေးသင့်ပါတယ်။

တစ်ခါတွေ့ဖူးပါတယ်။

လူတစ်ယောက် နာမည်ပေးတာ။

'ကံသုကို' တဲ့။

"ဟင် - ဘယ်လိုမှမကြားဘူးတဲ့နာမည်မျိုးပါလား။ ဘယ်လိုဖြစ်ပြီး ဘယ်သူကပေးတာလဲ"

ဆိုတော့ သူတို့ရဲ့ ဆရာတစ်ယောက်တဲ့။

ဒါနဲ့ပဲ သိချင်တာနဲ့ သွားကြည့်လိုက်တယ်။ အဲဒီဆရာကို လေးလေးစားစားနဲ့ မိတ်ဆက်လိုက်ပြီး -

"ကျွန်တော် ဒီပညာတွေကိုဝါသနာပါလို့ပါ ဆရာရယ်။ ဆရာပေးတဲ့နာမည်လေးကို သဘောကျလွန်းလို့ပါ"

လို့ ပြောလိုက်တော့ ခေါင်းတညိတ်ညိတ်နဲ့ မျက်လုံးကမှိတ်ရက်။

သူ့မျက်လုံးပြန်ဖွင့်လာတော့ -

"ဆရာ၊ ဒီနာမည်ပေးတဲ့ပညာကို ဘာခေါ်ပါသလဲခင်ဗျာ။ တကယ်ကို သဘောကျလို့ပါ"

ဆိုတော့ -

"ဒါက မနေနဲ့ဆိုင်တယ်ကွ" တဲ့။ "မနေနဲ့ပေးတာ" တဲ့။ "ပြောရခက်တယ်" တဲ့။ "တစ်မျိုးပြောရရင် စိတ်စွမ်းအင်ပေ့ါကွာ" တဲ့။

ဘာမှဆက်မပြောတော့ပါဘူး။

စိတ်မကောင်းရင်းကြီးစွာနဲ့ဘဲ ပြန်ခဲ့ပါတော့တယ်။

ဘာလို့လဲဆိုတော့ အဲဒီဆရာပေးထားတဲ့ 'ကံသုကို' ဆိုတဲ့ ကလေးဟာ တနင်္လာသား မရဏဖွားဖြစ်နေလို့ပါပဲ။ အဲဒါကြောင့် အဲဒီကလေးဟာ ရုပ်တောင်မပေါ်တော့အောင် ချူချာနေတာဖြစ်ပါတယ်။

နာမည်ပညာအပေါ်မှာ သစ္စာရှိစွာနဲ့ ကလေးတွေ ထွန်းပေါက် အောင်



www.burmeseclassic.com

www.burmeseclassic.com

မြင်ကျော်ကြားအောင် နာမည်တွေမှည့်ပေးနေကြတဲ့ နာမည်ပညာရှင် ဆရာတွေ၊ ဆရာမတွေကို တွေးမိပြီး အားနာနေသလိုပဲ။

ဩော် - ဆရာ၊ ဆရာမတွေခမျာ ပညာစဉ်အတိုင်း ကလေးတွေကို နာမည်မှည့်ပေးနေကြတဲ့ကြားထဲမှာ ဘာနဲ့ဘယ်လိုပေးမှန်းမသိတဲ့၊ ခိုင်ခိုင်မာမာမရှိတဲ့ နာမည်ပေးကြတာတွေလည်း ရှိနေပါလားဆိုပြီး စိတ်မကောင်းဘူး။

တွေးကြည့်မိတယ်၊ တကယ်မနော ပေါက်ပြီး အကယ်ပေးရင် ကလေးဟာ ဒါလောက်ချူချာမှာမဟုတ်ဘူး။

တကယ့်ကို သမာဓိအားနဲ့ပေးကြတဲ့နာမည်တွေ ကြားလည်း ကြားဖူးပါတယ်၊ မြင်လည်း မြင်ဖူးပါတယ် ဒီလိုမဟုတ်ပါဘူး။ အဓိပ္ပာယ်ပညတ်တွေများ ကောင်းလိုက်တာမှ၊ ကလေးတွေလည်း အောင်မြင်လိုက်တာမှ။

ခုတော့ ဘာမှန်းမသိဘူး၊ ရမ်းပေးကြီးဖြစ်နေတယ်။

ဒါကြောင့် -

ဘိုးအေ၊ ဘွားအေအကြိုက်လိုက်ပေးပြီဆိုရင်တော့ အပြန်ပြန်အလှန်လှန်ကို သုံးသပ်သင့်ပါတယ်။

ကောင်းရင်တော့တစ်မျိုးပေါ့။

ဘိုးအေ၊ဘွားအေကြိုက်တာမျိုးနဲ့ နာမည်ပညာနဲ့ ကိုက်ညီနေပြီဆိုရင်တော့ ဘိုးအေ၊ ဘွားအေသဘောပေးရုံပေါ့။

မိဘအကြိုက်နဲ့ နာမည်ပညာနဲ့ ကိုက်ညီပြန်ရင်လည်း ပေးပေါ့ မိဘအကြိုက်။

ဒါက ငြင်းစရာဘာလိုလဲ။

ခုဟာက ကလေးတွေအတွက်ဆိုတာ မစဉ်းစားသလောက်ဖြစ်ဖြစ်နေလို့ ကလေးတွေ ချူချာရတာပါဘဲ။ မချူချာသင့်ဘဲ ချူချာရတာတွေ တွေ့နေရပါတယ်။

အဲဒီအထဲမှာ ခုနပြောတဲ့နာမည်တွဲပုံတွေ တော်တော်သတိထားရပါလိမ့်မယ်။

ကိုယ့်ကိုယ်ကိုယ်တော့ထင်မှာပါပဲ။ အို - တနင်္လာနဲ့ စနေနဲ့တွဲတာ ဘာခက်တာလိုက်လို့၊ အသာလေးမှည့်ပေးလို့ ရတယ်ဆိုပြီး ထင်မိမှာပါပဲ။

မှန်ပါတယ်၊ မခက်ပါဘူး။

ဒါပေမယ့် 'ခိုင်ထွန်း' လို့ ပေးရမှာကို 'ခိုင်တွေး' လို့ ပေးလိုက်လို့ကတော့ ဘဝတစ်ခုတည်ဆောက်တာမှာ ကွာခြားသွားပါလိမ့်မယ်။ ဘဝမှာ တင့်တင့်တယ်တယ်နေနိုင်တာချင်း ကွာခြားသွားပါလိမ့်မယ်။

ဒါနာမည်တွဲခြင်းရဲ့သတ္တိတွေပါပဲ။

အဓိပ္ပာယ်တွေ အများကြီးရှိပါတယ်။

နာမည်တွဲမှာ စွမ်းအားတွေရှိပါတယ်။

ဒီစွမ်းအားတွေဟာ ဘာတွေဖြစ်နိုင်လဲ ဆိုတာနဲ့ ပတ်သက်ပြီး အမှန်တကယ် တတ်ကျွမ်းနားလည်တဲ့ ပညာရှင်တိုင်း သိကြပါတယ်။

ဗုဒ္ဓဟူးနဲ့ စနေတွဲတာပဲကွာ၊ ဘာခက်တာလိုက်လို့ ဆိုပြီး ပြောလို့မရပါဘူး။

တွဲပုံတွဲနည်းရှိပါတယ်။ တွဲတတ်ရင်တော့ နာမည်ဖြစ်လာပါလိမ့်မယ်။ မတွဲတတ်ရင် ဒုက္ခပင်လယ်ဝေသွားနိုင်တဲ့ ပညတ်တစ်ခုအဖြစ်ကို ရောက်မှန်းမသိရောက်သွားပါလိမ့်မယ်။ ဒါလောက်တော့ အကြမ်းသိထားရမှာပါ။

နံတွဲတတ်တိုင်း နာမည်တွဲတတ်တယ်ပြောလို့မရပါဘူး။

ဗုဒ္ဓဟူး၊ စ၊ တနင်္လာပိတ်တာပဲ ဘာခက်လဲ ဆိုလို့ကတော့ -

'ဝေကြည်' ဆိုတာမျိုးနဲ့ 'လှကြည်' ဆိုတာမျိုးဆို အများကြီး ကွာခြားသွားပါလိမ့်မယ်။

ဒီလိုပဲ 'လေးခိုင်' နဲ့ 'လင်းခိုင်' လည်း မတူပါဘူး။

'ရတနာကို' နဲ့ 'ယုဇနကျော်' လုံးဝ မတူပါဘူး။

ဒါတွေကအစ အများကြီးသိထားမှ တော်ကာကျပါလိမ့်မယ်။

အတိတ်ကောင်း၊ နိမိတ်ကောင်းကနေ အဓိပ္ပာယ်လွန်တွေဖြစ်မသွားသင့်ပါဘူး။

လွန်ခဲ့တဲ့ အနှစ် (၂၀) လောက်က လူတစ်ယောက်နဲ့ သိခဲ့ဖူးပါတယ်။ သူ့မှာ သား (၃) ယောက်ရှိပါတယ်။ မှည့်ထားတဲ့ နာမည်လေးတွေက 'မင်းကောင်းစံ'၊ 'မင်းထူးစံ'၊ 'မင်းမြတ်စံ' ဆိုပြီး ပေးထားပါတယ်။ တကယ့် အတိတ်ကောင်း၊ နိမိတ်ကောင်းတွေပါပဲ။

အဲဒီကလေးလေးတွေဟာ ပညတ်သွားရာ ဓာတ်သက်ပါလေသလား အောက်မေ့ရတယ်။ သူတို့တွေ သူတို့ဦးလေးအိမ်မှာ ခဏသွားနေရင် သူတို့ဦးလေး အဆင်ပြေတယ်။ သူတို့အဘိုး၊ အဘွားတွေဆီမှာ နှစ်လလောက်သွားနေရင် သူတို့အဘိုး တော်တော်လေး အဆင်ပြေတယ်။ သူတို့အဖေဆို စီးပွား

တက်မှတက်ပဲ။

သူ့အဖေကကြုံတိုင်းပြောပါတယ်။ နိမိတ်ကောင်းနဲ့ ပေးထားတာတဲ့။ သူတို့ကို ဆုံးမပဲ့ပြင်ပြီး လမ်းပြပေးရတဲ့ ...တော်ဆိုရင် ကလေးတွေကို အဲဒီနာမည်တွေပေးပြီးကတည်းက တောက်လျှောက် အဆင်ပြေလာလိုက်တာမှ ဗျာတဲ့။ ... နိုင်တန်းနိုင်တာတွေကတော့ ပြော... နဲ့တော့တဲ့။

ခုဆို အဲဒီကလေးသုံးယောက်... တကယ့်ကို လုပ်ငန်းရှင်ကြီးတွေဖြစ်... ကြပါပြီ။ တစ်ယောက်မှ ဒုက္ခမရော... ကြပါဘူး။

ဒါ တကယ့်ကို အတိတ်နိမိတ်... ကောင်းကို မှည့်ကြပုံတွေအကြောင်း... တစေ့တစောင်းပါ။

အရေးကြီးတာ အဲဒါပါပဲ။

အတိတ်ကောင်းနိမိတ်ကောင်း... နေ အဓိပ္ပာယ်လွန်ဖြစ်သွားရင် မကောင်း... တော့ပါဘူး။

ဒါလေးတွေ သိထားစေချင်... မေတ္တာပါ။

ဒီမေတ္တာနဲ့ အကြံပြုလိုက်တာ... ပါတယ်။

ဒါကြောင့် -

ဘယ်လိုပဲပေးပေး၊ နာမည်... တော့မယ် ဆိုလိုက်တာနဲ့ လုံးဝ အပြ... ကင်းစင်ပြီး ခုမှ လူ့ဘဝကြီးထဲကိုရော... လာစပြုတဲ့ ကလေးလေးရဲ့မျက်နှာ... ကို တစိမ့်စိမ့်ကြည့်ပြီးမှပေးပါလို့ အကြံ... ပြုလိုက်ချင်ပါတယ်။

နာမည်တွဲတော့မယ်ဆိုရင်လည်း... အဓိပ္ပာယ်လွန်တွေနဲ့ ကလေးနစ်မွန်း... အောင်၊ ရောဂါပေါင်းစုံစွဲပြီး နာလန်မ... ဖြစ်သွားအောင် ဖြစ်တတ်တဲ့အတွဲ... ကို စဉ်းစားပြီး ရှောင်ပေးပါလို့လည်း... မေတ္တာရပ်ခံချင်ပါတယ်။

ခု -

ဒီလောက်ထိ ပြောပြလာတာ... တော့ -

တကယ်ကို အကြံဉာဏ်ယူချင်... တွေ၊ လိုအပ်မယ်ထင်သူတွေအတွက်... ပဲ။ ကွက်လပ်လေးတွေကို ဖြည့်ပေး... သူတွေအတွက်ပါပဲ။ ကိုယ့်က... အတွက်ကိုယ် စဉ်းစားပေးချင်သူ... အတွက်သာ ဖြစ်ပါတယ်လို့ မေ... စကား ပြောကြားရင်း -

ဆရာဦးမောင်မောင်...

(ရင်ကိုအေးမြစေ...



www.burmeseclassic.com

# မငေ့ာသူတော်သိ

## ကျွမ်းကျင်
## စိတ်စွမ်းအင်စုံထောက်ကြီးကရာဇက်၏
## ကလေးပျောက်ရှာပုံတော်

ဟော်လန်ပြည်ဟာ ရေပြည့်လျှမ်း တဲ့တိုင်းပြည် ဖြစ်တယ်။ ဘုရားသခင် တမ္ဘာကိုပြုလိုက်ပေးတယ်၊ ဒပ်ချ်တွေ နယ်သာလန်တိုင်းပြည် ပြုလုပ်ပေး တယ်လို့ ရှေးက ဆိုရိုးစကားရှိခဲ့တယ်။ ပါတယ်၊ ဒပ်ချ်တွေ တည်ထောင်ပေး တာပါ။ တိုင်းပြည်တစ်ဝက်လောက်က သွန်ထဲမှာ ရောက်နေတာကို စုစုပေါင်း (၅၀၀၀) လောက် ရှည်လျားတဲ့ ရေ မြောင်းတွေဖောက်၊ ရေတွေထုတ်ပြီး တိုင်းပြည်တည်ထောင်ခဲ့တာ ရာစုနှစ် ပေါင်းများစွာကြာခဲ့တယ်။

ဟော်လန်တိုင်းပြည်ကြီးကတော့ ပေါ်ပေါက် တည်မြဲခဲ့ပေမယ့် ဒီလိုတည် မြဲအောင် ရေမြောင်းတွေဖောက်ခဲ့ရတာ ကြောင့် ဟော်လန်ရဲ့ရင်သွေး ကလေး သူငယ်တွေအတွက်တော့ ဒုက္ခတွေ ပင်လယ်ဝေခဲ့ပါတယ်။

၁၉၆၀ ပြည့်နှစ်၊ မေလ ၂၁ ရက် နေ့မှာ ဥထရက်မြို့ ကရာဇက်ရဲ့ နေအိမ် အိုကြီးထဲမှာ ပါမောက္ခ ဒေါက်တာတင် ဟက်၊ ပါမောက္ခရဲ့လက်ထောက် လိုဝါ ရင်နဲ့ ကရာဇက်တို့ဟာ ထူးဆန်းတဲ့စိတ် စွမ်းအင်၊ စိတ်တန်ခိုးအကြောင်းတွေကို ဆွေးနွေးနေကြတယ်။ ဒီလို အမြဲတမ်း ပုံမှန်ဆွေးနွေးခိုက်မှာပဲ စိတ်စွမ်းအင် အမြင်အာရုံထူး ဘယ်လောက် တိကျ မှန်ကန်တယ်ဆိုတာကို ပြသမယ့် ပြဿ နာဟာ (၄)၊ (၅) မိနစ်အတွင်းမှာ ပေါ် လာလိမ့်မယ်လို့ မမျှော်လင့်ခဲ့မိဘူး။

(၁၀) နာရီခွဲမှာ တယ်လီဖုန်းသံ မြည်လာတယ်၊ ဒီဖုန်းဟာ မိုင် (၅၀) အဝေးမှာရှိတဲ့ ဖိလစ်လျှပ်စစ်ကုမ္ပဏီ စက်ရုံကြီးရှိရာ စက်မှုမြို့တော် အိန်ဟိုဗင်မြို့က လှမ်းဖုန်းဆက်တာ ဖြစ်တယ်။ အဲဒီ အိန်ဟိုဗင်မြို့က (၄) နှစ်သား ကလေး တွန်နာ ပျောက်သွားတာ (၂၄) နာရီရှိပြီး ဘယ်မှာမှရှာမတွေ့လို့ ကရာ ဇက်ဆီကို အကူအညီတောင်းဖို့ မစ္စတာ ရှူအင်မိတ်ကာက ဖုန်းဆက်တာပါ။ အခု အချိန်အထိ ဒပ်ချ်ရဲဌာနက ကလေးကို ရှာမတွေ့သေးပါဘူး။ သဲလွန်စတောင် မရသေးဘူး၊ ဒီလို ဖုန်းလာချိန်အထိ ကရာဇက်ဟာ ကလေးပျောက်မှုနဲ့ ပတ် သက်လို့ ဘာမှမသိသေးဘူး။

ကရာဇက်က ပါမောက္ခ ဒေါက် တာတင်ဟက်ရယ်၊ လက်ထောက် မစ္စ လိုဝါရင်ရယ်ကို တစ်ဖက်ခန်းကို ရွှေ့ ပြောင်းပြီး တယ်လီဖုန်းကို ကက်ဆက်နဲ့ ဆက်လိုက်တယ်။ ကက်ဆက်ကိုလည်း စက်ဖွင့်ပြီး မှတ်တမ်းတင်ဖို့ အသင့်လုပ် ထားတယ်။ တစ်ဖက်က မေးမြန်းတဲ့သူနဲ့





www.burmeseclassic.com

www.burmeseclassic.com

ကရာဇက်တို့ အပြန်အလှန်ပြောကြမယ့် စကားတွေကို ကက်ဆက်နဲ့မှတ်တမ်းတင်ဖို့ပါ။

ဒီလို မမျှော်လင့်ဘဲ ဖုန်းနဲ့ အကူအညီတောင်းတဲ့ ကိစ္စတွေပေါ်ရင် ချက်ချင်းပဲ ကရာဇက်က ဆိုင်းမဆင့်တော့ဘဲ သူ့အမြင်အာရုံထဲ ပေါ်လာတာတွေကို ပြောလိုက်တယ်။ ဒီလို မေးခွန်းနဲ့ အဖြေတွေကို မှတ်သားထားမှ နောင်အခါမှာ ကရာဇက်ရဲ့ အမြင်အာရုံတွေဟာ ဘယ်လောက်မှန်ပြီး၊ ဘယ်လောက်မှားသလဲ ဆိုတာ စိစစ်ဝေဖန်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုမှတ်တမ်းတွေဟာ ပါမောက္ခ တင်ဟက်ရဲ့ သုတေသနလုပ်ငန်းအတွက် သက်သေခံချက်တွေ ဖြစ်လာပါတယ်။ ဒီလိုစိတ်စွမ်းအင်၊ စိတ်တန်ခိုးနဲ့ ဟောပြောချက်တွေအားလုံးကို စုစုပေါင်းပြီးမှ နောက်ဆုံး စိတ်စွမ်းအင်၊ စိတ်တန်ခိုးဟာ တကယ်ရှိကြောင်း နိဂုံးကောက်ချက်ချနိုင်တာပါ။

ပါမောက္ခတင်ဟက်ဟာ ကရာဇက်ကို လက်ရုံးပြုကာ ကရာဇက်ဟောပြောသမျှတွေကို မှတ်တမ်းတင် စုပေါင်းပြီး မှတ်ချက်ချတယ်။ ဒီလိုမှတ်ချက်တွေကို အထောက်အထားတွေနဲ့တကွ စိတ်စွမ်းအင်လေ့လာရေးညီလာခံတွေ၊ နှီးနှောဖလှယ်ပွဲတွေမှာ ထုတ်ဖော် ဖတ်ကြားပြသတာ ဖြစ်တယ်။

ကရာဇက်အနေနဲ့လည်း သူ့နာမည်ကြီးဖို့မဟုတ်ဘူး၊ ပိုက်ဆံရဖို့မဟုတ်ဘူး၊ ဒေါက်တာတင်ဟက်ရဲ့ သုတေသနလုပ်ငန်းကြီးကို ကူညီနေရတာကိုပဲ ဝမ်းမြောက်ဝမ်းသာဖြစ်နေသူ ဖြစ်တယ်။ ဒေါက်တာတင်ဟက်ရဲ့စိတ်စွမ်းအင်သုတေသနလုပ်ငန်းတွေ ကမ္ဘာကျော်တာနဲ့အမျှ ကရာဇက်ရဲ့နာမည်ကလည်း ကျော်လာတာပါပဲ။ ကျွဲကူးရေပါပေါ့။ ဟော်လန်မှာရှိတဲ့ စိတ်တန်ခိုးရှင် (၄)၊ (၅) ဦးကို ပါမောက္ခတင်ဟက်က စမ်းသပ် သုတေသနပြုခဲ့ပြီး ဒီလို စိတ်စွမ်းအင်ရှင်တွေထဲမှာ ကရာဇက်က နံပါတ်ဝမ်းဖြစ်တယ်။ ပြီးတော့ ကရာဇက်က ငါတကောမလုပ်ဘူး။ ပါမောက္ခ တင်ဟက် လိုချင်တဲ့ သုတေသနဘောင်ထဲ ဝင်အောင်လုပ်ပေးတယ်။ ပါမောက္ခ တင်ဟက်ကတစ်ဆင့် ဆက်သွယ်ပြီး ပါမောက္ခတင်ဟက်သဘောတူမှသာ ဟောပြောတာ ဖြစ်ပါတယ်။

အခု ကလေးပျောက်မှုလည်း ဒီလိုပဲ။ ပါမောက္ခ ဒေါက်တာတင်ဟက်ရဲ့ တယ်လီဖုန်းနဲ့ဆက်သွယ်ပြီး ပျောက်ဆုံးနေတဲ့ ကလေးကို အမြင်အာရုံခံကြည့်ပြီး ဖုန်းနဲ့ ပြန်ဖြေနေတာ ဖြစ်တယ်။

"မြို့အစွန်မှာရှိတဲ့ ကလေးကစားကွင်းအသစ်မှာ ကလေးကို နောက်ဆုံးတွေ့မြင်လိုက်တာ မဟုတ်လား။

(ဟုတ်ပါတယ်။)

အဲဒီကွက်လပ်နဲ့ ဘေးဘက်တစ်လျှောက် လျှောက်သွားရင် ရေမြောင်းတစ်ခု တွေ့တယ်မဟုတ်လား။

(ဟုတ်ပါတယ်။)

ဒီရေမြောင်းဟာ ကလေးကစားကွင်းနဲ့ မီတာ (၃၀၀/ ၄၀၀) အကွာလောက်မှာ မဟုတ်လား။

(ဟုတ်ပါတယ်)

ကရာဇက်က သူ့အမြင်အာရုံထဲက ရှုခင်းကို ဖုန်းနဲ့ပြောပြတဲ့အခါ တစ်ဖက်က မေးသူရဲ့ ဟုတ်ပါတယ် ဆိုတဲ့ အဖြေကို ကွင်းစကွင်းပိတ်နဲ့ ဖော်ပြထားတာ ဖြစ်တယ်။

ကရာဇက်က မေးခွန်းတွေ မေးတာကို ခဏရပ်နားပြီးတော့မှ ဆက်ပြီး စုံစမ်းလိုက်တယ်။

"ခင်ဗျားက ဒီကလေးရဲ့ မိသားစုထဲကလား"

"မဟုတ်ဘူး၊ ကျွန်တော်က အိမ်နီးချင်းပါ"

လို့ ပြန်ဖြေတယ်။

အမြင်အာရုံထူးရှင် ကရာဇက်က သက်ပြင်းကြီးချလိုက်ပြီးနောက် ပြောလိုက်တယ်။

"အင်း. . . အခြေအနေကတော့ သိပ်မကောင်းလှဘူးလို့ ပြောရမှာပဲ။ အခု ကျုပ်ပြောနေတဲ့နေရာကို အမြန်သွားရှာကြပေတော့။ ကျုပ်အမြင်တွေကို ပြောပြတဲ့အခါ ရှင်းမှရှင်းရဲ့လားလို့ စိတ်ပူမိတယ်။ ကျုပ်ပြောခဲ့တဲ့ ရေမြောင်းရဲ့ တံတားအနီးမှာ သွပ်ပုံးတစ်ပုံးရှိတယ်။ အဲဒီနေရာမှာ ပျောက်ဆုံးနေတဲ့ ကလေးကို (၃) ရက်အတွင်း ရှာတွေ့လိမ့်မယ်။ စိတ်တော့မကောင်းပါဘူးဗျာ"

တယ်လီဖုန်းနဲ့ အပြန်အလှန်ပြောတာ ပြီးဆုံးသွားတယ်။ ဘေးကရှိနေတဲ့ လူတွေလည်း အံ့အားသင့်သွားတယ်။ ကရာဇက်ဟာ သူ့ကုလားထိုင်ပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ပြီး စိတ်မောလူမောဖြစ်သွားတယ်။ သူမြင်လိုက်ရတဲ့ ကလေးပုံရှုခင်းကြောင့် စိတ်ထိခိုက်သွားဟန်တူတယ်။ ဒါ့ကြောင့် ပါမောက္ခ ဒေါက်တာ တင်ဟက်နဲ့သူ့လက်ထောက်တို့ကလည်း အလိုက်တသိ နှုတ်ဆက် ထွက်ခွာသွားကြတယ်။ သူတို့စိတ်ထဲမှာတော့ ကရာဇက်ဟောတဲ့အတိုင်း (၃) ရက်အတွင်း ကလေးကို ပြန်တွေ့မှတွေ့ပါ့မလားလို့ တထင့်ထင့်ဖြစ်နေကြတယ်။

နောက် (၃) ရက်ကြာတော့ ပါမောက္ခ တင်ဟက်က ဒီကိစ္စဘယ်လို အခြေအနေရှိသလဲဆိုတာ စုံစမ်းကြည့်တယ်။ ရေမြောင်းမှာရှိတဲ့ တံတားအနီး သွပ်ပုံးတစ်ပုံးနဲ့ မလှမ်းမကမ်းမှာ ကလေးရဲ့ရုပ်လောင်းကို ကရာဇက် ဟောခဲ့တဲ့အတိုင်း အိန်ဟိုဗင်ရဲတွေ ရှာဖွေတွေ့ရှိကြောင်း သိရတယ်။

ကရာဇက်ကတော့ သူဟောလိုက်တဲ့ ဒီကလေးကိစ္စကို နောက် (၁၀)ရက်လောက်နေမှ သိရတယ်။ အိန်ဟိုဗင်မြို့ကလာတဲ့ ဧည့်သည်တွေဆီက တစ်ဆင့်သိရတာ. တယ်လီဖုန်းဆက်တဲ့ မစ္စတာရှိအင်မိတ်ကာဟာ ကရာဇက်ဆီကိုလည်း အကြောင်းမပြန်၊ ပါမောက္ခတင်ဟက်ဆီကိုလည်း မဆက်သွယ်ခဲ့။ ပါမောက္ခ ဒေါက်တာ တင်ဟက်က အကျိုးအကြောင်း ပြန်ကြားဖို့ မစ္စတာရှိအင်မိတ်ကာဆီကို စာရေးအကြောင်းကြားခဲ့ သေးတယ်။ ဒါတောင်မှ ဘာမှ စကားပြန်မရဘူး။

ဒါကြောင့် နောက် (၂) ပတ်ရှိတဲ့အခါ ပရစိတ်ပညာဌာနက ပါမောက္ခ ဒေါက်တာတင်ဟက်ရဲ့ လက်ထောက် အော့ဟော့ဟာ ကရာဇက်နဲ့အတူ အိန်ဟိုဗင်မြို့ကို သွားပြီး စုံစမ်းကြည့်တယ်။ အဲဒီမှာ မစ္စတာရှိအင်မိတ်ကာနဲ့တွေ့ အကျိုးအကြောင်း အစုံသိရတယ်။ ဘာကြောင့် စကားပြန်မပြောတာလဲ ဆိုတာကိုလည်း သိရတော့တယ်။ မစ္စတာရှိအင်မိတ်ကာနဲ့ အခြား အိမ်နီးချင်း မစ္စတာဘာသိုလိုဂျီတို့နှစ်ဦး ကလေးကို သွားရှာပုံ၊ အလောင်းတွေ့ခဲ့ပုံတို့ကို ပြောပြတာကို တိပ်ခွေနဲ့ မှတ်တမ်းတင်ခဲ့ရတယ်။

အဲဒီသက်သေနှစ်ဦးက ပါမောက္ခ တင်ဟက်ရဲ့စာကို ပြန်ကြားဖို့အတွက် ပါမောက္ခလို ကြီးကျယ်ထင်ရှားသူ ပညာရှိကြီးဆီကို ဘယ်လို စာရေးရမှန်း မသိလို့ စာမပြန်ဖြစ်ခဲ့တာပါလို့ နှစ်ဦးစလုံး ဝန်ခံကြတယ်။ ကောင်းရော။

မနော်သုတေ

စာညွှန်း -
CROISET




www.burmeseclassic.com

www.burmeseclassic.com

# သင့်စွမ်းအင်၊ သင့်ကိုယ်ခံအားကောင်းစေမည့် ဖုန်းရွှေဗျူဟာ ၁၆၀ နည်း

ဦးအောင်လှိုင်(သုဝဏ္ဏ)



**သော စွမ်းအင်ကောင်းများ (သို့) ကောင်းသော ချီဓာတ်များ တစ်နှစ်ပြီးတစ်နှစ် အဆက်မပြတ်စေရန် ထိန်းသိမ်းထားခြင်း**

စာရေးသူ၏ ဘဝအတွေ့အကြုံနှင့် လေ့လာသုတေသနပြုချက်များအရ ဟောင်ကောင်ရှိ အချမ်းသာဆုံး သူဌေးသူကြွယ်မိသားစု အစဉ်အဆက်အား လေ့လာရာတွင် နှစ်စဉ်နှစ်တိုင်း (တရုတ်နှစ်သစ်ကူးပွဲတော်မတိုင်မီ) အိမ်ထောင်ရိဘောဂပစ္စည်းများအား (အနည်းငယ်) ထယ်ယူ၍ အပေါင်းနေရာ၌ အသစ်အစားထိုးခြင်း၊ စီးပွားလာဘ်လာဘ ပေါများအောင် စောင့်ရှောက်သော Fuk, Luk Sau နတ်မင်းရုပ်သုံးရုပ်အား အသစ်လဲခြင်း၊ မိသားစုစီးပွားဥစ္စာကိုယ်စားပြုပန်းအိုး (သို့) ကြွေပန်းအိုးအသစ်လဲခြင်းတို့ ပြုလုပ်လေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ နှစ်စဉ်နှစ်တိုင်း အပေါင်းနေရာ အသစ်အစားထိုးပေးနိုင်ခြင်းကြောင့် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့ အစစသစ်လွင်လန်းဆန်းသော လက်ရှိထက် တစ်နှစ်ပြီးတစ်နှစ်၌ (ဘက်ပေါင်းစုံ) တိုးတက်ပြည့်စုံလာစေပါသည်။ ပရိဘောဂပစ္စည်းများဆိုရာ၌ ပန်းအိုးပေါင်း၊ စားပွဲ၊ ကုလားထိုင်ပေါင်း၊ ဆိုဖာပေါင်း၊ နံရံတွင်ချိတ်ဆွဲထားရှိသော ပန်းချီရုပ်ပုံကားချပ်များတို့ပါဝင်ပါသည်။ အိမ်တွင်အသစ်လဲလှယ်သောပစ္စည်းများအတွက် တန်ဖိုးကြီး(ဈေးကြီး)သောပစ္စည်းဖြစ်ရန် မလိုပါ။ ခွက်၊ လား (သို့) ကြွေပန်းအိုးဖြစ်ပါက ဖုန်းရွှေနှင့်ညီသည့် ပုံသဏ္ဍာန်နှင့် အရောင်ဖြစ်ရန်၊ အသစ်ဖြစ်ရန်သာ အဓိကလိုအပ်ပါသည်။

မိမိအိမ်သည် သာမန်အိမ်ငယ်မျှသာဖြစ်သည့်တိုင် အထက်ပါအတိုင်း နှစ်စဉ် အပေါင်းမှ အသစ် အစားထိုး ပြင်ဆင် မွမ်းမံနိုင်ခြင်းဖြင့် ကာလကြာသည်နှင့် စီးပွားဥစ္စာတိုးတက်လာနိုင်ပါသည်။


သတိပြုရန်။ ။ နှစ်စဉ်လဲလှယ်သောပစ္စည်းများတွင် မိမိအားကံကောင်းခြင်းဖြစ်စေမည့်ပစ္စည်းများကိုသာ အဓိကထားရပါမည်။

## Chapter Three

**၄၄။ မိမိနေထိုင်ရာအိမ်အား စွမ်းအင်မြှင့်တင်ခြင်း**

အိမ်၏မည်သည့်အစိတ်အပိုင်းကိုမဆို စွမ်းအင်မြှင့်တင်ရာ၌ အိမ်၏မျက်နှာစာ ဝင်းခြံ(ပန်းခြံ)မှ အရှေ့အဝင်ဝတံခါးကို ဖြတ်ကာ အိမ်၏အတွင်းအခန်းတိုင်းလိုလိုအား စွမ်းအင်ကောင်းများဖြင့် မြှင့်တင်ရပါမည်။ စွမ်းအင်မြှင့်တင်ခြင်းသည် စကြဝဠာ၏ အဓိကစွမ်းအင် ယင်နှင့်ယန်တို့အား မျှတစွာရှိနေစေခြင်းပင်ဖြစ်သည်။ ၎င်းစွမ်းအင် (၂) ရပ်အနက်များသောစွမ်းအင်ကို လျှော့ချ၍ နည်းသောစွမ်းအင်ကို လိုက်ဖက်အောင် ညှိပေးရပါမည်။ အိမ်၏ ပင်မတံခါးပေါက်သည် စွမ်းအင်ကောင်းများ စတင်ဝင်ရောက်ရာ အဓိကကျသည့် နေရာဖြစ်သောကြောင့် အဝင်ဝခန်းမနေရာတွင် အလင်းရောင် အားကောင်းစွာရှိနေရပါမည်။ နမူနာပုံတွင် အလင်းရောင်အားကောင်းစေသည့်မှန်များ တပ်ဆင်ထား








www.burmeseclassic.com

www.burmeseclassic.com






သည်ကို တွေ့ရမည်။

ရှေးခေတ် တရုတ်လူမျိုးတို့၏ ချမ်းသာကြွယ်ဝသော မိသားစုများနေ အိမ်၌ ကျက်သရေ မင်္ဂလာရှိစေသော နိမိတ်ဆောင်သည့် နတ်ရုပ်တုများ၊ နဂါးကိုးကောင်ရုပ်ပုံများ၊ အနီရောင်တောက်တောက် ထပ်တစ်ရာပန်းများ၊ ထာဝရ အသက်ပိုင်ရှင် (၈) ဦး၏ ရုပ်ပုံများကို တွေ့ရတတ်သည်။ သင်၏ ပင်မတံခါး အနီး အထက်ပါ ကံကောင်းခြင်းနိမိတ်ဆောင်အရာများအနက် သင့်တော်သလို ရွေးချယ်ထားရှိနိုင်သည်။

နမူနာပုံတွင် ပါရှိသည့်အတိုင်း အဝင်ဝတံခါးနှင့် မလှမ်းမကမ်းနေရာ ပန်းခြံအတွင်း ရေကန်ငယ်ထားရှိပြီး ပင်မ (အဝင်ဝ) တံခါးဖွင့်ဖွင့်ချင်းနေရာ၌ ပန်းအိုးချထားပေးပါ။ အခန်းအတွင်း အပေါ်မျက်နှာကြက်မှ အလင်းရောင်လုံလောက်အားကောင်းစေရန် တောက်ပလင်းထိန်သောမီးလုံး တပ်ဆင်ပေးပါ။ ရေကန်အား ပင်မ (အဝင်ဝ) တံခါး၏ ယာဘက်ခြမ်းတွင် ထားရှိပါက အိမ်တွင်နေထိုင်သူမှ အိုင်တွေ့တိုင်း ခြေဆေးတတ်သူ သို့မဟုတ် ခြေများတတ်သူဖြစ်အောင် အားပေးသည့်နိမိတ်ဆောင်ခြင်းကြောင့် ၎င်းရေကန်အား ဝဲဘက်ခြမ်း၌သာ ထားသင့်သည်ကို သတိပြုပါ။

**၄၅။ အဝင်တံခါးဝ၌ ရေအစီအစဉ်ဖြင့် ကောင်းသောစွမ်းအင်များကို မြှင့်တင်ခြင်း**

မိမိအိမ်အတွင်း မကောင်းသော စွမ်းအင်များအား ဖယ်ထုတ်၍ ကောင်းသောစွမ်းအင်များ အစားထိုးခြင်းပြုနိုင်ရန် ရေကန်အား အိမ်နှင့်တစ်သားတည်းပုံစံဖြစ်အောင် နေရာချပေးရပါမည်။ အကယ်၍ သင်သည် အိမ်အပြင် မြေအပို ပိုင်ဆိုင်ထားသူဖြစ်ပါက အရှေ့ အဝင်ဝ တံခါးအပြင်ဘက်၌ မြေကြီးနက်နက်တူး၍ ရေကန်ငယ်တစ်ခုအဖြစ် ဖန်တီးပေးရပါမည်။ ရေကန်၏ အနက်သည် အနည်းဆုံး သုံးပေရှိပါက အကောင်းဆုံးဖြစ်သည်။ ရေကန်အတွင်း ရှိရေ အမြဲကြည်လင်သန့်ရှင်းနေစေ အတွက် အမှိုက်သရိုက် ဖယ်ရှားရန် စစ်ထားရှိပေးပါ။ ရေကန်အတွင်း (သို့) အပင်ငယ်များ ထည့်ထားလို ထည့်ထားနိုင်သည်။

အထက်ပါ ဖုန်းရွှေအစီအစ အတိုင်း တိကျစွာ လိုက်နာဆောင်ရွ ပေးခြင်းဖြင့် မိမိအိမ်အတွက် စီးပွား ဥစ္စာ တိုးတက်စေပြီး မကောင်းသော စွမ်းအင်များ ဖယ်ထုတ်ပြီးသားဖြစ် ကောင်းသောစွမ်းအင်များသာ စီးဆင်းနေပါမည်။

**ရေအစီအစဉ်အတွက် သိကောင်းစရာများ**

ရေကန်အားထားရှိရာတွင် တံခါး အဝင်ဝ (ပင်မတံခါး) ၏ အပြင်ဘက် (သို့) အတွင်းဘက်၌ ထားရှိနိုင်သည်။ တန်ဖိုးကြီးသောရေပန်း တပ်ဆင်ပေး မလိုအပ်ပါ။ ရေအင်တုံအကြီးထားရှိ ခြင်းလည်း ဖြစ်နိုင်ပါသည်။ ရေကြည်




www.burmeseclassic.com

www.burmeseclassic.com

ခင် သန့်ရှင်းနေရန်သာ အဓိက အရေး ကြီးသည်။ အကယ်၍ ငှက်ရေသောက် ခွက်ထားလိုပါက (နမူနာပုံပါအတိုင်း) ပင်မတံခါး၏ ဝဲဘက်ခြမ်းတွင် ထားနိုင် ပါသည်။ သင်သည် အထပ်မြင့်တိုက်ခန်း တွင် နေသူဖြစ်ပါက အဝင်တံခါးဝနှင့် (၁၀) ပေခန့်အကွာအဝေးတွင် ထားပေး ခြင်းဖြင့် ကောင်းသော ချီဓာတ်ကို ဝင် ရောက်စေနိုင်ပါသည်။ သင့်အနေဖြင့် အိမ်အတွင်းပိုင်းမှကြည့်ပါက တံခါးဝ၏ ဘက်ခြမ်းတွင် ရေကန်ရှိနေရန် လိုပါ သည်။ သင်နေသောအခန်းက ကျဉ်း မြောင်းနေလျှင် တောင်ကုန်းငယ် (၃)ခု နှင့် အဆင့် (၆) ဆင့်ပါ ရေတံခွန်ငယ် တစ်ခု စီမံထားရှိပေးနိုင်သည်။ ဖော်ပြပါ အခြေအနေအားလုံးနှင့် ကိုက်ညီအောင် တတ်နိုင်ခြင်းမရှိပါက ပန်းအိုးကြီးကြီး တစ်လုံးအတွင်း ကြည်လင် သန့်ရှင်း သောရေ အပြည့်ဖြည့်ပေးထားခြင်းက လည်း ထိရောက်သောအကျိုးအာနိသင် ရှိပါသည်။

**၄၆။ အဝင်တံခါး၏ ဝဲ-ယာ (တစ်ဖက်တစ်ချက်စီ) အား ကောင်းသော စွမ်းအင်ဖြစ်ရန် ဖန်တီးပေးခြင်း**

အဝင်တံခါး၏ ဝဲ၊ ယာ နှစ်ဖက်စလုံး၌ ကောင်းသောစွမ်းအင်များ ဆက် တိုက်စီးနေစေရန် အဝင်ဝဟောအတွင်း၊ အပြင်၌ အမြဲတစေ သန့်ရှင်းနေစေရန် သတိပြုရပါမည်။ အကယ်၍ အဝင် တံခါးအနီး ကျိုးပဲ့ပျက်စီးနေသောပစ္စည်း များရှိပါက (မပြုပြင်နိုင်သေးမီ) အခြား နေရာသို့ ရွှေ့ထားပေးရပါမည်။ အဝင် တံခါးဝအနီး ရေကန်ထားရှိခြင်း၊ တံခါး အပြင်ဘက်၌ ပန်းအိုးဖြင့် စိုက်ထား သောအပင်များထားရှိခြင်းဖြင့် စွမ်းအင် ကောင်းများအား ပြန်လည် ရှင်သန်စေ



ပါသည်။

ဓာတ်ကြီး (၅) ပါးစွမ်းအင်နှင့် ရေကန်အား ပေါင်းစပ်၍လည်း အောင်နိမိတ်ယူနိုင်ပါသည်။ ဓာတ်ကြီး (၅) ပါးသည် စကြဝဠာက ပေးအပ်ထားသော အခြေခံသဘာဝအင်အားစုများ ဖြစ်ပါသည်။ ရေ၏ နိမိတ်အရ စီးပွားဥစ္စာများ စီးဆင်းဝင်ရောက်စေသည့်သဘောနှင့် ဓာတ်ကြီး (၅) ပါးတို့ ပေါင်းစပ်လျက် အိမ်၏အဝင် ဝဲ၊ ယာ၌ ကောင်းသော ချီဓာတ်များကို ဖြစ်စေပါသည်။

**ဓာတ်ကြီး (၅) ပါး တစ်မျိုးစီ၏ ပင်ကိုစွမ်းရည်များ**

**ရေဓာတ်** - စီးပွားဥစ္စာများ ဝင်ရောက် စီးဆင်းစေသည်။

**မီးဓာတ်** - အောင်မြင်ကျော်ကြားမှုကို ဖြစ်စေသည်။

**သတ္တုဓာတ်** - ခွန်အားကြီးခြင်း၊ ကာကွယ်မှုပေးနိုင်ခြင်းကို ကိုယ်စားပြုသည်။

**မြေဓာတ်** - ကံကောင်းခြင်း၊ စီးပွားဥစ္စာ အောက်ခြေခိုင်မာခြင်းကို ဖြစ်စေသည်။

**သစ်သားဓာတ်** - စည်ပင်တိုးတက်ခြင်း၊ ရှင်သန်ခြင်းသဘောကို ကိုယ်စားပြုသည်။

နမူနာပုံပါအတိုင်း ခေါင်းလောင်းပုံစံရှိ ဟိုင်ယာဆင့်ဖန်းမျိုး စိုက်ထားခြင်းက အိမ်အတွက် မြေဓာတ်နှင့် သစ်သားဓာတ်ကိုရစေပါသည်။ ၎င်းအပြင် သတ္တုပန်းအိုးထားရှိပေးခြင်းဖြင့် သတ္တုဓာတ်ကိုပါ ထပ်မံရစေပါမည်။


**၄၇။ ပင်မတံခါးအား အထောက်အပံ့ဖြစ်စေသည့် ဆင့်ပွားတံခါးပေါက် ထားရှိပေးခြင်း**

ပင်မတံခါးပေါက်အား အဓိကအားထား၍ ကောင်းသော ချီဓာတ်များ ဝင်ရောက်စေပါက ၎င်းအား အထောက်အပံ့ဖြစ်စေမည့် ဆင့်ပွားတံခါးပေါက် ထားရှိပေးရပါမည်။ အထပ်မြင့်အခန်းများတွင် ပင်မအဝင်ဝတံခါးနှင့်အနောက်တံခါး (နောက်ဖေးတံခါး) ဟူ၍ အများဆုံး တံခါးပေါက် (၂) ခုသာ ပါဝင်ပါသည်။ စိတ်တိုင်းကျပုံစံဖြင့် ဆောက်



Main door Secondary door








www.burmeseclassic.com

www.burmeseclassic.com

ထားသောအိမ်ဖြစ်ပါက ပင်မတံခါးအပါအဝင် အခြားဆင့်ပွားတံခါးပေါက်များစွာ ပါဝင်တတ်ပါသည်။ တစ်ခါတစ်ရံ အိမ်မှ ပန်းခြံသို့ အဝင်၊ အထွက်လုပ်နိုင်သောတံခါးပေါက်ပင် ပါဝင်တတ်သည်။ ဆင့်ပွားတံခါးပေါက်တို့ ရှိရမည့်နေရာသည် အနောက်မြောက်အရပ်တွင်ရှိပါက အကောင်းဆုံးဖြစ်သည်။ ထိုအနေအထားနှင့် ပြည့်စုံသော ဆင့်ပွားတံခါးပေါက်ဖြစ်ပါက ကောင်းကင်ဘုံမှ စွမ်းအင်ကောင်းများ၏ ဩဇာသက်ရောက်ခြင်းခံရပါမည်။

**ပင်မတံခါး၏စွမ်းအင်ကို မြှင့်တင်ပေးခြင်း**

ပင်မတံခါးအတွက် စွမ်းအင်မြင့်တက်လာစေရန် ဆင့်ပွားတံခါးပေါက် အနေအထား မှန်ကန်ရန် လိုပါသည်။ အကယ်၍ ပင်မတံခါး၏ တည်နေရာသည် တောင်အရပ်တွင်ရှိပါက ဆင့်ပွားတံခါးပေါက်အား အရှေ့အရပ် (သို့) အရှေ့တောင်အရပ်တွင် ထားပေးပါက အောင်မြင်ခြင်းနိမိတ်ကို ရစေပါသည်။ အကယ်၍ ဆင့်ပွားတံခါးအား မြောက်အရပ်တွင် ထားရှိမိပါက ပင်မတံခါးပေါက်၏စွမ်းအင်ကောင်းများအားလျော့ကျစေပါသည်။

ပင်မတံခါးနှင့်ဆင့်ပွားတံခါးပေါက်တို့အတွက် အကောင်းဆုံးအနေအထားဖြစ်မည့် အရပ်ထောင့်များကို အောက်တွင် ဖော်ပြထားသော ဇယားအတိုင်း တွဲဖက်လေ့လာ၍ လိုက်နာရပါမည်။

**၄၇။ ပင်မတံခါးပေါက်ကြီးအား အန္တရာယ်ပေးမည့်စွမ်းအင်များ မဝင်ရောက်နိုင်စေရန် အစောင့်အကြပ်ချထားပေးခြင်း**

ပင်မတံခါးပေါက်ကြီးကို အစောင့်အကြပ်ချထားပေးလိုပါက ခွန်အားကြီးခြင်း၊ အကာအကွယ်ပေးနိုင်ခြင်းသဘောကိုယ်စားပြုသည့်သတ္တုဓာတ်ပါဝင်သော ချိုလင်ကြေးဝါရုပ်တု (သို့) ဖူဒေါ့ကြေးဝါရုပ်တု (နှစ်ကောင်) အား တံခါးဝ၏ ဝဲ၊ ယာ တစ်ဖက်တစ်ချက်စီတွင် ထားပေးရပါမည်။ အဆိုပါ ကြေးဝါရုပ်တုများက တံခါးအား ခြံရံထားပေးခြင်းဖြင့် မကောင်းသောစွမ်းအင်များ ဝင်မလာစေရန် တားဆီးပေးကြပါမည်။

**ကံကောင်းခြင်းဖြစ်စေရန် နေရာသတ်မှတ်ခြင်း**

ပင်မတံခါး၏ တည်နေရာ အတိအကျကိုသိရန် ကွန်ပ(စ်)ကို အသုံးပြုပါ။ တိကျသော အရပ်ထောင့်က လာမည့်

**အကောင်း၊ အဆိုးအရပ်ထောင့်ခွဲခြားရန်**

| ပင်မတံခါးနေရာ | ဆင့်ပွားတံခါး၏ အကောင်းဆုံးသော အရပ်ထောင့် | ဆင့်ပွားတံခါး၏ အန္တရာယ်ပေးနိုင်သော အရပ်ထောင့် |
|---|---|---|
| မြောက် | အနောက်မြောက်/ အနောက် | အနောက်တောင်/ အရှေ့မြောက် |
| တောင် | အရှေ့တောင်/ အရှေ့ | မြောက် |
| အရှေ့ | မြောက် | အနောက်မြောက်/ အနောက် |
| အနောက် | အနောက်တောင်/ အရှေ့မြောက် | တောင် |
| အနောက်တောင် | တောင် | အရှေ့တောင်/ အရှေ့ |
| အရှေ့တောင် | မြောက် | အနောက်မြောက်/ အနောက် |
| အနောက်မြောက် | အနောက်တောင်/ အရှေ့မြောက် | တောင် |
| အရှေ့မြောက် | တောင် | အရှေ့တောင်/ အရှေ့ |



နှစ်အတွက် စွမ်းအင်ကောင်း ရနိုင်၊ မ... နိုင် စီစစ်ပါ။ အကယ်၍ သင့်ပင်မတံခါး... သည် အနောက်တောင်အရပ်တွင်တည်... ရှိပါက တောက်ပသော မီးအလင်းရောင်... ထွန်းပေးခြင်းဖြင့် စွမ်းအင်မြှင့်တင်ပေး... နိုင်ပါသည်။ အကယ်၍ ပင်မတံခါးတည်... နေရာက အနောက်မြောက်အရပ်တွင်... နေပါက ကံဆိုးခြင်းဖြစ်စေမည့်မကောင်း... သောစွမ်းအင်များ၏ တိုက်ခိုက်ခြင်းခံ... ပါမည်။

ဖုန်းရွှေပညာအရ သင့်ပင်မတံခါး... ၏တည်နေရာက နှစ်အလိုက် အ... ထောင့်ပြောင်းလဲမှုရှိသည်ကို သ... ပါ။

ဥပမာ ခရစ်နှစ် ၂၀၀၇ ... သင့်ပင်မတံခါးတည်နေရာက အနော... တောင်အရပ်၌ရှိနေပြီး သင့်အတွက် ... ကောင်းခြင်း၊ ပျော်ရွှင်ခြင်းများ ... မည်။ထိုနှစ်အတွက် ကံကောင်းစေသော... အရပ်ထောင့် (အနောက်တောင်) ... စွမ်းအင်မြှင့်တင်ရန် မီးထွန်းပေးရပါ... အကယ်၍ အနောက်မြောက်အရပ်... ပင်မတံခါးရှိနေပါက အငြင်းပွားခြ... ခြင်း၊ မိသားစုအတွင်း ပဋိပက္ခဖြစ်... ရှိနေတတ်ပါသည်။ ၂၀၀၈ တွင် ... တံခါးတည်နေရာက အရှေ့အရပ်... သို့ ပြောင်းလဲတည်ရှိသွားပါမည်။ ... အခါ သင့်အတွက် ကံကောင်းခြင်း... စေပါမည်။ အကယ်၍ ၂၀၀၉ ခု... ရောက်ရှိပါက ပင်မတံခါးတည်နေ... အရှေ့တောင်အရပ်၌ ကံကောင်း... အရပ်ထောင့်အဖြစ် ပြောင်းလဲတ... ပါမည်။

ပင်မတံခါး၏ နှစ်စဉ်အရပ်ထော... ပြောင်းလဲမှုအလိုက် စွမ်းအင် လို... ပြောင်းလဲမှုများသည် တရုတ်နှစ်သ... ကာလ ဖေဖော်ဝါရီ ၄ ရက်မှ ...




www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ နှစ်စဉ်အလိုက် အရပ်ထောင့် ပြောင်းလဲတည်ရှိသည့် ပင်မတံခါးအတွက် ကောင်းခြင်း၊ ဆိုးခြင်းများအား ခွဲခြားနားလည်၍ ကြိုတင်ပြင်ဆင်သတိထားမှုများ ပြုနိုင်ပါသည်။

**၄၉။ တံခါးမှူးအဖြစ် စောင့်ရှောက်မည့်ရုပ်တုများ ထားရှိခြင်း**



မိမိ၏အိမ်(သို့)ရုံးတံခါးဝ၌ တံခါးမှူးအဖြစ် အစောင့်အရှောက်ထားနိုင်ရန် ကောင်းကင်ဘုံမှ ပေးသနားထားသည့် Fu dogs ရုပ်တုများအား တံခါးဝဝဲ၊ ယာတစ်ဖက်စီ၌ အခြံအရံအဖြစ်ထားရှိပေးနိုင်ပါသည်။ထိုရုပ်တုများချထားခြင်းဖြင့် အတိတ်ဆိုး၊ နိမိတ်ဆိုးများ၊ မကောင်းဆိုးရွားများနှင့် အခြားပယောဂ(အောက်လမ်း) ပညာရပ်များဖြင့် တိုက်ခိုက်ခြင်းများ လုံးဝဝင်ရောက်လာနိုင်ခြင်းမရှိပေ။

**ပင်မတံခါးဝ၌ Fu dogs ရုပ်တုများ ထားရှိခြင်း**


ပင်မတံခါးဝတွင် အဆိုပါ ရုပ်တုများရှိခြင်းဖြင့် အိမ်/ရုံး၏ လုံခြုံစိတ်ချမှုနှင့် စွမ်းအင်ကောင်းများ မြင့်တက်လာပါကာ မိမိကိုယ်မိမိ ယုံကြည်စိတ် ပိုမိုရှိလာစေပါသည်။

နှစ်စဉ်နှစ်တိုင်းလိုလို ကံမကောင်းခြင်းနိမိတ်လက္ခဏာများက ပုံစံအမျိုးမျိုးဖြင့် အရပ်(၈)မျက်နှာမှ ဝင်ရောက်လာတတ်သည်ကို ကြိုတင်သတိပြုရပါမည်။ ကံမကောင်းခြင်းနိမိတ်များတွင် စီးပွားဥစ္စာပျက်စီးဆုံးရှုံးခြင်း၊ နာမကျန်းဖြစ်ခြင်း၊ မတော်တဆထိခိုက်ခြင်းတို့ ပါဝင်ပြီး ၎င်းဖြစ်စဉ်များက အရပ်ထောင့်နှင့် နှစ်အလိုက် အကျိုးသက်ရောက်မှုရှိကြသည်။

မိမိအိမ်၏အတွင်း၊ အပြင်၌လည်း နှစ်အလိုက်နှင့် အရပ်ထောင့်အလိုက် ကံကောင်းခြင်း၊ ကံဆိုးခြင်း ရှိနေမြဲဖြစ်သည်။ အထက်ပါ ကံကောင်း၊ ကံဆိုးခြင်းများကို မြှင့်တင်ခြင်း (သို့) ကာကွယ်ခြင်းပြုနိုင်ရန် ခေတ်ကြီး(၅)ပါးအစီအရင်နှင့် အစောင့်အရှောက်ပေးနိုင်သောရုပ်တုများကို ထိရောက်စွာ အသုံးပြု၍ ကာကွယ်နိုင်ပါသည်။

**၅၀။ ခိုင်မာသော အကာအကွယ်အဖြစ် ရုပ်တုများထားရှိခြင်း**

သင်၏ ပင်မတံခါးအား အကာအကွယ်အစောင့်အရှောက်အဖြစ် ထားရှိရန် ကိုယ်စားပြုရုပ်တု များစွာရှိသည့်အနက် မိမိပိုမိုနှစ်သက်သောရုပ်တုကို ဦးစွာရွေးချယ်ပါ။ တရုတ်လူမျိုးတို့ အသုံးပြုသည့်ရုပ်တုများအနက် ရေပန်းအစားဆုံးရုပ်တုများမှာ Fu dogs, Pi yaos နှင့် chi lins တို့ပင် ဖြစ်သည်။





**ကောင်းကင်ဘုံ၏အစောင့်အရှောက်ရုပ်တု (၃) မျိုး**

မိမိနေထိုင်ရာအိမ်သည် အိမ်ကြီးရခိုင်ဖြစ်ပါက အစောင့်အရှောက်ရုပ်တုများ ထားရှိရန်အတွက် ပိုမိုအဆင်ပြေစေပါသည်။ အိမ်ကြီးလွန်း၍ ဝင်ပေါက်များစွာရှိသည့်အနက် အဓိက (ပင်မတံခါးပေါက်) အား ဦးစားပေး ကာကွယ်ရန် လိုပါသည်။ အချို့သော အိမ်များ၌ ပင်မဝင်ပေါက်အား ကြေးဝါဖြင့် ပြုလုပ်သော ဇာမဏီငှက်ရုပ်တု ထားရှိတတ်ပြီး အချို့ အိမ်/ရုံးခန်းများ၌ နဂါးရုပ်တု ထားရှိတတ်ကြသည်။ အဆိုပါရုပ်တုများသည် ကံကောင်းခြင်းနှင့် အခွင့်အရေးသစ်များအား ယူဆောင်ပေးကြသည်။ သီးခြားဂုဏ်ရည်များအဖြစ် ဇာမဏီငှက်က အခွင့်အရေးသစ်ရရှိစေခြင်း၊ Pi yao ရုပ်တုက စီးပွားတက်စေခြင်း၊ chi lin ရုပ်တုက အတားအဆီးအနှောင့်အယှက်များမှ ကာကွယ်ခြင်းပြုပေးပါ သည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)

www.burmeseclassic.com

# ရှိရှိဖြေး

## ဂမ္ဘီရပုစ္ဆာတစ်ပုဒ်ရဲ့အဖြေ



လူ့လောကကြီးမှာ အသိပညာ၊ အတတ်ပညာတွေ များပြားလှပါတယ်။ ဒီလိုအတတ်ပညာတွေ များပြားတဲ့အထဲမှာ သဘာဝလွန်ဖြစ်ရပ်များ ပါဝင်တဲ့ ဂမ္ဘီရပညာရပ်တွေကလည်း ရှိပါတယ်။ မေးရမယ်ဆိုရင်တော့ မေးစရာ မေးခွန်းတွေ အများကြီးပါပဲ။ ဒါပေမယ့် 'အမေးနွားကျောင်း၊ အဖြေ ဘုရားလောင်း' ဆိုတာမျိုးလို မေးသူဟာ ပညာသိပ်မရှိပေမယ့် သူသိချင်တာ မေးတတ်ပါတယ်။ ဖြေတဲ့လူကတော့ ဘုရားလောင်းလောက် နီးနီး ပညာရှိမှ ဖြေနိုင်မယ်လို့ အဆိုရှိပါတယ်။

လောကကြီးမှာ အဖြေရှိတဲ့ ပုစ္ဆာတွေရှိသလို အဖြေမရှိတဲ့ ပုစ္ဆာတွေကော ရှိပါသလား။

လက်တွေ့မှာတော့ အဖြေမရှိ ပုစ္ဆာတစ်ပုဒ်ဟာ ကျွန်တော်ရဲ့ရင်မှာ ကိန်းအောင်းနေလေရဲ့။ တကယ်တော့ ဒီပြဿနာကို စတင်ခဲ့သူက ကျွန်တော်ပါ။ ကျွန်တော့်မှာ ညဉ်ဆိုးတစ်ခုရှိပါတယ်။ အဲဒီညဉ်ဆိုးကတော့ သူတစ်ပါး ပြောတာဆိုရင်မယုံတတ်ဘူး။ မယုံသလို ကန့်လန့်တိုက် အရွဲ့တိုက်ပြီး ပြောလား ပြောရဲ့၊ လုပ်လားလုပ်ရဲ့။

ဒီပြဿနာရဲ့အစကတော့ -

ကျွန်တော်ဟာ မိဘမဲ့တစ်ဦးမို့ ဦးလေးအိမ်မှာ ကပ်နေခဲ့တယ်။ ဦးလေးကလည်း ငါးပိုက်ချသူဖြစ်လို့ ညတိုင်း ဦးလေးနဲ့အတူတူ ဂဒုံမြစ်ရိုးတစ်လျှောက် ငါးပိုက်ချခဲ့ကြတယ်။ ဂဒုံမြစ်ရိုးဟာ ဖြောင့်ဖြောင့်မစီးဆင်းဘဲ ကွေ့ကွေ့ကောက် စီးဆင်းတာဖြစ်လို့ မြစ်ကွေ့တွေမှာ ပိုက်ချရင် ငါးတော်တော်များများရတတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါးတွေရဲ့သဘာဝအရ ရေစီးသိပ်မသန်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

တဲ့ မြစ်ကွေ့တွေမှာ အနေများလို့ပဲ။ ဒီအချက်ကိုသိထားတဲ့ ဦးလေးဦးသာအေးဟာ မြစ်ကွေ့ လေး၊ ငါးခုလောက်မှာ ပိုက်ချခဲ့တယ်။ အထူးသဖြင့် ငါးတွေဟာ ညဘက်မှာ မျှောတာ။ ညဘက် (၈) နာရီ၊ (၉) နာရီလောက်မှာ ကျွန်တော်တို့ ပိုက်ချခဲ့ကြတယ်။ ဒီနေ့ဟာ လပြည့်ညဖြစ်လို့ ကောင်းကင်ပြင်မှာ လမင်းကြီးက ထိန်ထိန်သာနေတယ်။ လမုပင်ကိုင်းနေတဲ့ မြစ်ကွေ့အရောက်မှာ လေပြည်အေးကလေးတစ်ချက်တိုက်ပြီး ရင်ထဲမှာ အေးခနဲစိမ့်ခနဲဖြစ်ကာ ကြက်သီးတဖြန်းဖြန်းထလာတယ်။

"ဦးလေး၊ ကျွန်တော်လေ ဒီလမုပင်ကိုင်းနေတဲ့နေရာရောက်တိုင်း ကြက်သီးထတယ် ဦးလေး။ အဲဒါ ဘာဖြစ်လို့လဲ"

"မင်းက အတော်အမေးအမြန်းထူတဲ့အကောင်ပဲ၊ ညကြီးမင်းကြီး မပြောကောင်းဘူးကွယ့်"

"ဦးလေးက မပြောကောင်းဘူးဆိုတာ သရဲရှိတယ်လို့ ဆိုလိုချင်တာမဟုတ်လား"

"အေးလကွာ၊ မပြောကောင်းပါဘူးဆိုနေမှ"

ကျွန်တော်တို့တူဝရီးနှစ်ယောက်ဟာ ပိုက်တွေချပြီး လှေကလေးကိုဆက်လှော်သွားခဲ့တယ်။

"မင်းကတော့ ဘကြီးပန်းအောင်နဲ့ပေါင်းပြီး မကောင်းဆိုးဝါးတွေအကြောင်းတော်တော်သိနေပုံရတယ်"

"ဟုတ်တယ် ဦးလေးသာအေးရဲ့။ ဘကြီးပန်းအောင်ပြောတဲ့ တစ္ဆေပုံပြင်တွေဟာ တော်တော်နားထောင်လို့ကောင်းတယ်"

"အေးပါကွာ၊ နားထောင်လို့ကောင်းတယ်ဆိုတဲ့အဆင့်မှာပဲထားပါ။ သူတို့လည်း သူတို့ဘဝနဲ့သူတို့ပေါ့ကွာ"

"ကျွန်တော်က သူတို့တကယ်ရှိ၊ မရှိဆိုတာ တွေ့ဖူး၊ မြင်ဖူးချင်တယ်"

"ငါ့တူရယ်၊ မတွေ့တာကောင်းပါတယ်။ သူတို့က ရုပ်ကြမ်းဆိုတော့ အတော်အရုပ်ဆိုးပြီး အတော်ကြောက်ဖို့ကောင်းတာကွယ့်"

ဒီလိုနဲ့ ပိုက်ချပြီးခဲ့ပြီ။ သန်းခေါင်ကျော်လောက်မှာ ပိုက်ဖော်ဖို့အတွက် စောစောက ပိုက်ချထားတဲ့နေရာတွေဆီကို ပြန်လှော်သွားရတယ်။ တဖြည်းဖြည်း လှေလှော်သွားရင်း ပိုက်ချခဲ့တဲ့မြစ်ကွေ့တစ်နေရာကို ရောက်ခဲ့တယ်။ မြစ်ကွေ့က ပိုက်ကိုဖော်လိုက်တော့ ထုံးစံအတိုင်း ငါးတွေအများကြီးရခဲ့တယ်။ မြစ်ကွေ့ဆိုတာက ဒိုက်တွေ၊ ရေမှော်ပင်တွေဝပ်နေတော့ ငါးတွေအတွက် အသိုက်အမြုံလိုဖြစ်ပြီး ငါးတော်တော်များများနေတဲ့နေရာဖြစ်လို့ ငါးတော်တော်များများရခြင်းပဲ ဖြစ်တယ်။ ပိုက်လေးငါးခုလောက်ဖော်ပြီးတယ်ဆိုရင်ပဲ ငါးတွေဟာ လှေဝမ်းနဲ့အပြည့်နီးပါး ရခဲ့တယ်။ နောက်ဆုံးတော့ လမုပင်ကိုင်းနေတဲ့ မြစ်ကွေ့မှာ ပိုက်ဖော်လိုက်တယ်။

ထုံးစံအတိုင်း -

"ဦးလေး၊ ငါးတွေ အများကြီးပါလာ တယ်"

ကျွန်တော်က အဲဒီလိုပြောပြီး ပိုက်ကိုဆွဲလိုက်တဲ့အချိန်မှာ လမုကိုင်းကြီးဟာ ငြိမ့်ခနဲ နိမ့်ကျလာပြီး ကျွန်တော်လှေဝမ်းထဲကငါးတွေကို အရှိန်နဲ့လွှဲလိုက်သလိုဖြစ်ပြီး -

"ဗွမ်း. . . ဗွမ်း"

ငါးတချို့ ရေထဲကျသွားခဲ့တယ်။ စောစောကမှဖော်လာတဲ့ငါးတွေမို့ အရှင်အတိုင်းပဲရှိသေးတယ်။ တချို့ငါးတွေဟာ ရေထဲကိုကူးသွားတာတွေ့လိုက်ရတယ်။

"ဟာ. . . ဟာ ဦးလေး၊ ငါးတွေ ရေထဲကျကုန်ပြီ"

"ကျကျကွာ နေပါစေ၊ သိပ်မများပါဘူး။ လှေကိုမြန်မြန်လှော်ဟေ့"

"ဟုတ်ကဲ့၊ ဦးလေး"

ပြောပြောဆိုဆို ခပ်မြန်မြန်လှော်ခတ်ခဲ့တာ မကြာမီ ရေစပ်ကိုရောက်လာခဲ့တယ်။

"ဦးလေး"

"ဟေ"

"လမုကိုင်းကြီးက ရုတ်တရက်ဘာဖြစ်လို့ နိမ့်ကျလာပြီး ငါးတွေကိုခပ်ပစ်သလိုဖြစ်ရတာလဲ"

"မျောက်တွေကြောင့်နေမှာပါကွာ။ မျောက်က အကိုင်းအရင်းက နင်းလိုက်တော့ နိမ့်ဆင်းသွားတာဖြစ်မှာပေါ့"

"မျောက်လည်း မတွေ့ပါဘူး ဦးလေးရာ။ မျောက်မဟုတ်ဘဲ နာနာဘာဝဖြစ်မယ်"

"မျောက်က သစ်ပင်က အရွက်နဲ့ ဖုံးနေလို့ မမြင်ရတာနေမှာပါကွာ"

"ဦးလေးကလည်း အဖြစ်မှန်သိသားနဲ့ ဖုံးနေပြန်ပြီ"

"ငါကဘာဖုံးလို့လဲကွ"

"ဘကြီးပန်းအောင်ကပြောတယ်။ အဲဒီလမုပင်ကိုင်းက အရင်ကတည်းက နာမည်ကြီးတယ်တဲ့။ အဲဒီကိုင်းကနေ အကောင်မည်းမည်းကြီးဆင်းလာပြီး ငါးတွေနှိုက်တာတဲ့။ အခုလည်း ငါးတွေ မနှိုက်ရဲလို့ အကိုင်းနဲ့ရိုက်လွှဲလိုက်တာနေမှာ"

"မင်းခိုင်ရာ၊ သရဲဖြစ်ဖြစ်, မျောက်ဖြစ်ဖြစ်စားပါစေကွာ"

"ဦးလေးရာ၊ ကျွန်တော်တို့ ပင်ပင်ပန်းပန်းနဲ့ ပိုက်ထောင်ထားရတာ။ သရဲဆိုလည်းတွေ့ချင်တယ်ဦးလေးရာ"

"အေး - မင်းသရဲဖြစ်တဲ့အခါတွေ့ရမှာပေါ့ကွာ"

"ဟာ - ဦးလေးကလည်း"

ကျွန်တော်အတွက်တော့ တစ္ဆေသရဲကို တွေ့ချင်တဲ့စိတ်တွေ အရှိန်ပြင်းပြလာခဲ့တယ်။ ပိုက်နားတဲ့ ညနေအချိန်မှာ ကျွန်တော်လည်း ဘကြီးပန်းအောင်ရဲ့တဲကိုသွားခဲ့တယ်။

"ဟာ - မင်းခိုင်ပါလား"

"ဟုတ်တယ် ဘကြီးရဲ့၊ မနေ့က ထားတဲ့ ငါးတွေထဲက ဟင်းစားလာပေးတာ"

"အေး. . . အေး မပြန်နဲ့ဦး။ အခေါက်ဖုတ်နဲ့ ရေနွေးကြမ်းသောက်ဦး"

"ဟုတ်ကဲ့၊ ဘကြီး"

ကျွန်တော်လည်း အိမ်ရှေ့ခန်းမှာ ဝင်ထိုင်ပြီး -

"ဘကြီးကိုမေးစရာရှိလို့လာတာ"

"အေး - ဘာမေးမလဲ၊ မေးလေ"

"မနေ့ညက လမုပင်ကိုင်းနေတဲ့ မြစ်ကွေ့မှာ ပိုက်ချခဲ့တယ်။ မြစ်ကွေ့တွေမှာ ပိုက်ဖော်တော့ ငါးတွေ အတော်များများရခဲ့တယ်။ အဲဒါနဲ့ လမုပင်ကိုင်းနေတဲ့ မြစ်ကွေ့မှာ ပိုက်လည်းဖော်ရော လမုပင်ကိုင်းကြီးဟာ ရုတ်တရက်နိမ့်ဆင်းလာပြီး အကိုင်းက လှေဝမ်းထဲမှာရှိတဲ့ ငါးတွေကို ရိုက်လွှဲသလိုဖြစ်သွားပြီး ငါးတွေ ရေထဲကျသွားတယ်။ အဲဒါဘာကြောင့်ဖြစ်တာလဲ ဘကြီး"

"လေပြင်းတိုက်ရင်လည်းဖြစ်တတ်တယ်၊ မျောက်တွေအကိုင်းရင်းကို နင်းရင်လည်းဖြစ်တတ်တယ်"

"ဘကြီးရေ-ဘာလေပြင်းမှမတိုက်ဘူး၊ ဘာမျောက်မှလဲမတွေ့ဘူး"

"ဟင်း . . . ဒါဖြင့်ရင် သရဲလက်ချက်ပဲ"

"သရဲငနီရဲ့ လက်ချက်လို့ ဘကြီးက ဘာဖြစ်လို့ပြောနိုင်တာလဲ"

"လွန်ခဲ့တဲ့အနှစ်သုံးဆယ်လောက်က သောင်းကျန်းသူတွေနဲ့ အစိုးရတပ် တိုက်ကြတာ သောင်းကျန်းသူ ငနီ ဟာ သေနတ်မှန်ပြီး အဲဒီလမုပင်ကြီးမှာ သေသွားခဲ့တယ်။ အဲဒီကတည်းက ခြောက်လိုက်တာကွာ။ တံငါသည်တွေ ဆီက ငါးတွေကို ခိုးစားတတ်တယ်။ ပါတဲ့လှေတွေ အဲဒီလမုပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ဖြတ်သွားရင် အဲဒီလမုပင်ကိုင်းကြီး ကျလာပြီး မည်းမည်းကောင်ကြီးက တွေနိုက်စားသတဲ့။ အခုတော့ အဲဒီလို ကြောက်တော့ဘူး။ ငါးတွေလျော့လျော့ သွားတယ်လို့တော့ ပြောတယ်"

"အဲဒီသရဲကို ကျွန်တော် တွေ့ဖူးချင်တယ်"

"တစ္ဆေသရဲကို တွေ့ချင်တိုင်းဘယ် တွေ့လို့ရမလဲ။ သူတို့က မမြင်အပ်တဲ့ ရုပ်လိုက်တွေပဲ"

"ဘကြီး - သရဲမြင်တဲ့ဂါထာတို့၊ နည်းလမ်းတို့များမရှိဘူးလား"

"အင်း - သရဲကိုတွေ့မြင်နိုင်တဲ့ ဂါထာတော့ရှိတယ်။ ဒါပေမယ့် အဲဒီ ဂါထာကို ညသန်းခေါင်ယံအချိန် ကွင်း ပြင်အလယ်မှာ တစ်ယောက်တည်းရွတ် ရတာ။ သူတို့ရုပ်က အရမ်းကြောက်မက် ဖွယ်ကောင်းတော့ တွေ့တဲ့လူတွေလန့်ပြီး သေတတ်သကွယ့်"

"ဒါဆိုလည်း မဖြစ်သေးဘူး"

"နောက်တစ်မျိုးကတော့ ခွေးရဲ့ မျက်ချေးကို ကိုယ်ရဲ့မျက်လုံးမှာ သုတ် ကြည့်ရတယ်။ အဲဒါကလည်း မြင်တဲ့သူ မြင်တယ်၊ မမြင်တဲ့သူလည်း မမြင်ရဘူး"

"အဲဒါက သိပ်မသေချာဘူးလား ဘကြီး"

"အေးကွယ့်၊ အဲဒါက လွယ်တာ တိုး။ လွယ်ရင်သိပ်ပြီး အစွမ်းမထက် ဘူးကွဲ့"

"ဒါဆိုရင် အစွမ်းထက်တဲ့နည်း တော မရှိဘူးလား"

"ရှိတော့ရှိတယ်၊ ရှားတယ်ကွယ့်"

"ဘာရှားတာလဲ ဘကြီးရဲ့"

"ရှားတယ်ဆိုတာ အပင်ကရှား တယ်လို့ ပြောတာ။ အဲဒါက ညောင်ပင် ကြီးအောက်မှာပေါက်တဲ့ညောင်ပင်လေး ကို ရှာရမယ်ကွယ့်"

"ညောင်ပင်ကြီးအောက်မှာပေါက် တဲ့ညောင်ပင်လေး ဟုတ်လား"

"ဟုတ်တယ်ကွယ့်။ ကုက္ကိုပင် အောက်မှာ ကုက္ကိုပင်ပေါက်ကလေးတွေ ပေါက်တယ်။ မန်ကျည်းပင်အောက်မှာ လည်း မန်းကျည်းပင်ပေါက်ကလေးတွေ ပေါက်တယ်။ ဒါပေမယ့် ညောင်ပင်ကြီး အောက်မှာ ညောင်ပင်လေးဟာ မပေါက် သလောက်ရှားတယ်"

"အဲဒါ ဘာဖြစ်လို့ ဘကြီး"

"ရှေးလူကြီးတွေပြောတာကတော့ ညောင်ပင်လေးဟာ တစ္ဆေသရဲတွေကို မြင်နိုင်စွမ်းအားရှိလို့ တစ္ဆေသရဲတွေက သူတို့ကိုမြင်မှာစိုးလို့ နုတ်ပစ်တယ်လို့ ဆို တယ်။ဒါပေမယ့် လူသူကင်းဝေးတဲ့တော ကြီးတောင်ကြီးထဲမှာ ညောင်ပင်ကြီး အောက်မှာ ညောင်ပင်ပေါက်ကလေးကို တွေ့ရတတ်တယ်"

"အဲဒီညောင်ပင်လေးရရင် ဘယ် လိုလုပ်ရမလဲ"

"အဲဒီညောင်ပင်လေးကို အမြစ်ပါ ပါအောင် ဆွဲနုတ်ရမယ်။ အဲဒီအမြစ်ကို ရရင် ကျောက်ပျဉ်ကို စင်အောင်ဆေး ပြီး အဲဒီကျောက်ပျဉ်ပေါ်မှာ ခပ်ပျစ်ပျစ် သွေးရမယ်။ ရလာတဲ့အရည်ကို မျက်စိ နှစ်လုံးမှာ သေသေချာချာကွင်းရမယ်။ ကွင်းရမယ့်အချိန်ကလည်း နွားရိုင်းသွင်း ချိန်လို့ခေါ်တဲ့ ညနေမှောင်ရီပျိုးတဲ့အချိန် ပေါ့။ အဲဒါ ခြောက်သွားရင် မြို့ထဲရွာထဲ သင်္ချိုင်းထဲသွားကြည့်ပေါ့ကွာ။ အဲဒါက တော့ မမြင်မရှိဘူး။ ဒါပေမယ့် သူတို့က ရုပ်ကြမ်းတွေဆိုတော့ ကြောက်စရာ ကောင်းတယ်နော်"

"ဘကြီးရယ်၊ ကြောက်စရာ ကောင်းမှန်း သိပေမယ့် ကျွန်တော်က တွေ့ချင်တော့ ညောင်ပင်ကြီးအောက် က ညောင်ပင်လေးကို တွေ့အောင်ရှာ မယ် ဘကြီး"

"အေး - တွေ့ရင် ငါ့ကိုလာပြော လှည့်"

"ဟုတ်ကဲ့ပါ ဘကြီး"

ထိုနေ့မှစပြီး အလုပ်အားချိန်တိုင်း ညောင်ပင်လေး ရှာပုံတော်ဖွင့်ခဲ့တယ်။ ကျွန်တော့်အလုပ်က ညအလုပ်ဖြစ်လို့ နေ့လယ်ဘက်တွေမှာ တောထဲဝင်ရှာခဲ့ တယ်။

တစ်လခန့်အကြာ တောတွင်းရှိ ညောင်ပင်ကြီးအောက်မှာ ညောင်ပင် လေးတစ်ပင်ကို တွေ့ရှိပြီး နုတ်ယူလာခဲ့ တယ်။

အဲဒီနောက် ဘကြီးပန်းအောင်ကို အကျိုးအကြောင်းပြောပြပြီး ထိုနေ့ည နေ နေဝင်ချိန်တွင် အမြစ်ကိုသွေးလူးပြီး ရွာလမ်းတစ်လျှောက်သွားခဲ့တယ်။ ရွာ လမ်းတစ်လျှောက် ကနဦးက ဘာမှ မတွေ့ရချေ။ သို့ဖြင့် ဆက်သွားရာ သင်္ချိုင်းကုန်းအနီးရှိ ညောင်ပင်ကြီးနား သို့ ရောက်လာခဲ့တယ်။ ထိုအချိန်တွင် အမှောင်ထုစိုးမိုးလာချေပြီ။

ညောင်ပင်ကြီးနားအရောက်တွင်- ဝတ်ဖြူစင်ကြယ် ဝတ်ထားပြီး ဦးခေါင်းမှာ ချွန်ထက်တဲ့ဦးထုပ်ဆောင်း ထားတဲ့လူကြီးတစ်ဦး ညောင်ပင်ကြီးပေါ် မှ ဆင်းလာပြီး -

"လူကလေး၊ မင်းကို အဘ သတိ ပေးစရာရှိတယ်"

"ဘာသတိပေးမလို့လဲ အဘ"

"မင်းဟာ ညောင်ပင်ကြီးအောက် က ညောင်ပင်လေးအမြစ်ကို သွေးလိမ်း လာတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီလိုလိမ်းထားတဲ့အတွက် ပရ လောကသားတွေကို မင်းမြင်တွေ့ရလိမ့် မယ်။ တကယ်တော့ လူဘုံသားတွေအ တွက် မမြင်အပ်တဲ့သူတွေပါ။ အလွန်ရုပ် ဆိုးတယ်။ မကြည့်ပါနဲ့။ မင်းမျက်လုံးမှာ သွေးလိမ်းထားတဲ့ဆေးတွေကိုဖျက်လိုက် ပါ"

"မဖြစ်ဘူး အဘ၊ ကျွန်တော်ကြည့် ချင်လို့ ကြိုးစားပမ်းစားရှာထားတာ"

"အေး - မင်းအခုအချိန်ကစပြီး နာရီဝက်အတွင်း ဖျက်ရင်ဖျက်၊ မဖျက် ရင် နောက်ဖျက်လို့ မရတော့ဘူး"

"ဖျက်မရလည်း ကိစ္စမရှိပါဘူး"

"အေး - နောက်မှနောင်တမရနဲ့။ ငါက ဒီညောင်ပင်က ရုက္ခစိုးပဲ။ ငါ့စကား နားမထောင်ရင် မင်းဒုက္ခလှလှတွေ့လိမ့် မယ်"

ဆိုကာ ညောင်ပင်ကြီးပေါ် ပြန် တက်သွားတယ်။

ထိုစဉ် ညောင်ပင်ပေါ်မှ -

"ဟေ့ကောင်လေး၊ ငါတို့ကိုကြည့် လိုက်စမ်း"

အသံကြားလို့ ညောင်ပင်ပေါ် ကြည့်လိုက်ရာ ညောင်ကိုင်းများပေါ်မှာ မျောက်များသဖွယ် တစ္ဆေသရဲများကို တွေ့လိုက်ရပါတယ်။ တချို့က ညောင် ကိုင်းကို ခြေထောက်နဲ့ချိတ်ကာ တွဲ လောင်းခိုနေပြီး ရုပ်ဆိုးလှတဲ့မျက်နှာကြီး မှ လျှာကို ပြူတစ်ပြူတစ်လုပ်နေကြ တယ်။ တချို့ သရဲမများက ဆံပင်ကို ဖားလျားချကာ ကလေးကို နို့တိုက်နေ ကြသလို တချို့ သရဲများကား ညောင် ကိုင်းတစ်ကိုင်းနှင့်တစ်ကိုင်းခုန်ကူးနေခဲ့ကြ တယ်။

ကျွန်တော်လည်း ထိုပုံသဏ္ဌာန်တို့ ကို မြင်ပြီး ကြောက်ရွံ့သွားခဲ့တယ်။ သင်္ချိုင်းဘက် လှမ်းကြည့်လိုက်ရာ ပုပု ကွကွ အရုပ်ဆိုးဆိုးအကောင်များထွက် လာတာကို မြင်ပြီး -

"အား - ကြောက်စရာကောင်း လိုက်တာ။ ငါတော့ထွက်ပြေးမှပဲ"

ကျွန်တော့်မှာကား ကိုယ့်အတတ် နှင့်ကိုယ်စူးချေပြီ။ ကြောက်မက်ဖွယ် ကောင်းလှတဲ့ တစ္ဆေသရဲပုံသဏ္ဌာန်များ ကို တွေ့ရှိပြီး ပြေးမိပြေးရာပြေးရာ မကြာမီ မြစ်ဆိပ်ကို ရောက်ရှိသွားခဲ့ တယ်။

ထိုအချိန် လမုကိုင်းပေါ်ကနေ



www.burmeseclassic.com

www.burmeseclassic.com

အမွေးစုတ်ဖွားနဲ့လူဝံလိုလိုအကောင်ကြီး ခုန်ချပြီး ကျွန်တော့်အနီး ရောက်လာခဲ့တယ်။ ကျွန်တော့်မှာ အကြောက်လွန်ပြီး ဒူးတဆတ်ဆတ်တုန်နေခဲ့တယ်။ မကောင်းဆိုးဝါးကောင်ကြီးဟာ တဖြည်းဖြည်း ကျွန်တော့်အနီးရောက်လာပြီး -

"ငါက မင်းတွေ့ချင်တယ် ဆိုတဲ့ သရဲငနိုပဲ"

လို့ပြောလိုက်ရာ ကျွန်တော့်မှာ -

"အောင်မယ်လေး ကယ်ကြပါဦး၊ လုပ်ကြပါဦး"

အော်ဟစ်ပြီး ကျွန်တော့်အိမ်ကို ခြေထောက်နဲ့တင်ပါး တစ်သားတည်းနေအောင်ပြေးသွားခဲ့တယ်။ - အိမ်ကို ရောက်တဲ့အခါ ကျွန်တော့်မှာ အမောဆို့နေချေပြီ။

"မင်းခိုင်၊ ဘာဖြစ်လာတာလဲ"

ဦးလေးရော အဒေါ်ကပါ စိတ်ပူစွာနဲ့ လှမ်းမေးတယ်။ ကျွန်တော့်မှာ တော်တော်နှင့် စကားမပြောနိုင်။

"ရေ . . . ရေပေးပါ"

ခဏကြာမှ ရေတောင်းသောက်ပြီး အဖြစ်မှန်ကို ပြောလိုက်တယ်။

"ဒုက္ခပဲ၊ မင်းတော့ ထင်ရာမြင်ရာတွေလျှောက်လုပ်လို့ ဒုက္ခတွေ့ပြီ။ မဖြစ်ဘူး၊ ရွာထိပ်ကဆရာမြင့်နဲ့ ပြကြည့်မှပဲ"

ဦးလေးက ဆရာမြင့်ကို သွားပင့်ပြီးပြခဲ့တယ်။ ဆရာမြင့်က မျက်စိမှာ ကွင်းထားတဲ့ဆေးကို ရေနဲ့ဖျက်ပေးလိုက်တယ်။ အဲဒီနောက် ဆေးတိုက်ပြီး -

"အင်း - မင်းကို ဆရာ ဆေးတိုက်ခဲ့မယ်။ ဒါပေမယ့် ဆေးအစွမ်းမပြယ်သေးသရွေ့ မင်းဟာ မကောင်းဆိုးဝါးတွေကိုမြင်နေဦးမှာပဲ"

ဆရာမြင့်က ဆေးပေးပြီး ပြန်သွားခဲ့တယ်။ မကြာမီခင် ကျွန်တော် အိပ်ပျော်သွားပြီး အိပ်မက်ထဲမှာ သချိုင်းကုန်းနားက ညောင်ပင်ကြီးဆီ ရောက်သွားပြီး ရုက္ခစိုးကြီးနဲ့ တွေ့ဆုံခဲ့တယ်။

"လူကလေး၊ မင်းဟာ ငါပြောတဲ့ စကားကို နားမထောင်တဲ့အတွက် ငါ ဒဏ်ခတ်လိုက်တယ်၊ မင်းဟာ မင်းသိပ်မြင်ချင်တဲ့ မကောင်းဆိုးဝါးတွေကို မင်းမြင်နေရဦးမှာပဲ၊ အားရအောင် ကြည့်ထားလိုက်ပေါ့ကွာ"

"အရှင်ရုက္ခစိုးမင်းကြီးရယ်၊ ကျွန်တော် တောင်းပန်ပါတယ်"

ကျွန်တော်အထပ်ထပ်တောင်းပန်ပေမယ့်လည်း ရုက္ခစိုးကြီးမှာ လက်ကို တင်းတင်းပိုက်ကာ မကျေနပ်တဲ့ မျက်နှာထားနဲ့ကြည့်ရင်း တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့တယ်။

ကျွန်တော့်မှာ အိမ်ထဲကအိမ်ပြင် မထွက်ရဲတော့ဘူး။ အိမ်ပေါ်ကနေ အိမ်ရှေ့ကို လှမ်းကြည့်လိုက်ရင် မကောင်းဆိုးဝါးများ သွားလာနေကြတာကို လှမ်းတွေ့ရပြန်တယ်။ သူတို့ရဲ့ ရုပ်ဆိုးပုံကြီးကို တွေ့လိုက်ရတော့ ကျွန်တော့်မှာ ကြောက်လန့်တကြား အော်ဟစ်မိပြန်တယ်။ အဲဒီလို မကြာမကြာဖြစ်ပါများတဲ့အခါ ကျွန်တော် ရူးသွားပြီလို့ ရွာသူရွာသားများက ပြောကုန်ကြတယ်။

တကယ်တော့ ကျွန်တော်မရူးမှန်း ကျွန်တော့်ကိုယ်ကျွန်တော် အသိဆုံးပါ။ ကျွန်တော့်ရဲ့အဖြစ်ကို ဘယ်သူမှမကယ်တင်နိုင်တော့ဘူးလား၊ ပြဿနာတစ်ရပ်မှာအဖြေရှိရမယ်။ အခု ကျွန်တော်ရင်ဆိုင်နေရတဲ့ ပြဿနာကား အဖြေမရှိတဲ့ ပုစ္ဆာတစ်ရပ်လေလား။ ဒီပုစ္ဆာရဲ့ အဖြေမှန်ကို ကျွန်တော် မြန်မြန်သိချင်လှပါပြီ။

ဒီဝေဒနာဆိုးကြီးကို ခံစားနေရတာ တစ်လကျော်ခန့်အချိန်ကို ရောက်ရှိလာခဲ့လေပြီ။ ကျွန်တော်ရူးသွားပြီဆိုတဲ့ သတင်းကို ကံဦးကျောင်းဆရာတော်ထံ ဦးလေးနဲ့အဒေါ်က သွားရောက်လျှောက်ထားခဲ့ရာ ဆရာတော်ကြီးက -

"မင်းခိုင်ကို ငါ့ဆီခေါ်လာခဲ့"

လို့ မိန့်တဲ့အတွက် ဆရာတော်ကြီးထံ ကျွန်တော် ရောက်ရှိသွားခဲ့တယ်။ ဆရာတော်ကြီးဟာ ကျွန်တော့်ရဲ့အဖြစ်ကို ဦးလေးက လျှောက်ထားလို့ အပြည့်အစုံ သိထားတဲ့အတွက် ကျွန်တော့်ကို ငါးပါးသီလခံခိုင်းပြီး ပရိတ်ရွတ်ပေးကာ-

"ဒကာ မင်းခိုင်၊ ဘုန်းကြီးပြောပြမယ်။ လောကမှာ ဘီလူးစည်း၊ လူစည်း ဆိုတာရှိတယ်။ ပရလောကသားတွေမှာလည်း သူတို့စည်းနဲ့သူတို့ရှိတယ်။ သူတို့ကလည်း လူတွေကိုမနှောင့်ယှက်ဘူး၊ လူတွေကလည်း သူတို့ကို မနှောင့်ယှက်ရဘူး။ ဒကာလေးက ညောင်မြစ်သွေး လူးကြည့်တော့ သူတို့ကိုမြင်ရတယ်။ အဲဒါကို သူတို့ကမကြိုက်ဘူး။ ဒါကြောင့် သူတို့ရဲ့အကြီးအကဲက မလုပ်ဖို့ တောင်းပန်ခဲ့တယ်။ဒါကို ဒကာလေးကနားမထောင်ခဲ့ဘူး။ နဂိုကတည်းက သူတို့ဟာ မမြင်အပ်တဲ့ ပုဂ္ဂိုလ်အမျိုးအစားမှာ ပါတယ်။ မမြင်အပ်တဲ့အတွက် မကြည့်ချင်ပါနဲ့။ နောက်ကို ဘယ်တော့မှ အဲဒီလိုအလုပ်မျိုးကို မလုပ်တော့ပါဘူးလို့ ဘုန်းကြီးကို ကတိပေးမလား"

"ပေးပါတယ် အရှင်ဘုရား"

"ကဲ - အဲဒါဆိုရင် မင်းကိုယ်တိုင် နောက်မလုပ်တော့ပါဘူးလို့ ပြောပြီး မျက်နှာသစ်လိုက်ပါ"

"တင်ပါ့ဘုရား၊ တပည့်တော် အဲ... လိုအလုပ်မျိုးကို နောက်ကို ဘယ်တော့မှမလုပ်တော့ပါဘူး ဘုရား"

အဲဒီနောက် မျက်နှာကို ဆပ်ပြာနဲ့ သေချာစွာ မျက်နှာသစ်လိုက်ပါတယ်။

ထိုအခါ ဆရာတော်က -

"ဤဒကာလေးသည် ဘုန်းကြီး... ၌ အမှားကို ဝန်ခံသည့်အတွက် သ... ဆိုင်ရာပုဂ္ဂိုလ်များက ခွင့်လွှတ်ပေး... နောက်နောင်လည်း ဤသို့အပြုအမူ... မလုပ်တော့ပါဟု ဘုန်းကြီးထံဝန်ခံသည်"

လို့ ပြောပြီး ပရိတ်ကြိုးကို လည်... ပင်းမှာ ဆွဲပေးလိုက်တယ်။ အဲဒီအခါ... မှာတော့ ကျွန်တော်ရဲ့မျက်လုံးများ... မိမွေးဖမွေးတဲ့အတိုင်း ကြည်လင်စွာမြင်... တွေ့လိုက်ရပါတယ်။

ဦးလေးက -

"ငါ့တူ၊ မကောင်းဆိုးဝါးတွေ... မမြင်ရတော့ဘူး ဟုတ်လား"

"ဟုတ်တယ် ဦးလေးရယ်။ အခု... ပဲ မိမွေးတိုင်းဖမွေးတိုင်း ပြန်မြင်ရ... ဦးလေး"

"အေး - ဒါကြောင့် တားမြစ်ထား... တဲ့အရာကို မစူးစမ်းပါနဲ့။ မလုပ်သင့်တာ... လုပ်ရင် မဖြစ်သင့်တာဖြစ်တတ်တယ်။ အခုတောင် ဆရာတော်ကယ်ပေလို့... နို့မို့ရင် ဘယ်လောက်ကြာကြာ ရူးနေ... မလဲ မသိဘူး"

"ဟုတ်ပါတယ် ဦးလေးရယ်။ ကျွန်... တော့်ပြဿနာက အဖြေမရှိတဲ့ပုစ္ဆာ... ထင်ခဲ့တာ။ အခုတော့ ဆရာတော် မှ... မှပဲ အဖြေရတော့တယ်"

"အေး - ရှေ့လျှောက်ကောင်း... ကောင်းနေတော့ ငါ့တူ"

"ဟုတ်ကဲ့ပါ ဦးလေးရယ်"

ကျွန်တော့်အတွက် လွန်ခဲ့... ကြောက်ရွံ့စိုးထိတ်ခဲ့ရတဲ့နေ့များ အဆုံး... သတ်သွားခဲ့ပါပြီ။ ပရလောကသားများ... ဟာ သူတို့ဘဝနဲ့သူတို့ ကံမကောင်း... အကြောင်းမလှသူများ ဖြစ်ကြတယ်။ မမြင်အပ်တဲ့ပုဂ္ဂိုလ်လို့ သတ်မှတ်ထား... တာကို မြင်အပ်တယ်ဆိုပြီး ပြုလုပ်... ခြင်းမှာ ကျွန်တော်ရဲ့အမှားသာ ဖြစ်... တယ်။ ထို့နောက်ပိုင်းမှစပြီး မလုပ်နဲ့... တားမြစ်ထားတာကို ကျွန်တော် မလုပ်... တော့ပါဘူး။ ဒီပုစ္ဆာဟာ အဖြေရှိတဲ့ပုစ္ဆာ... ဖြစ်လို့ ဖြေရှင်းခွင့်ရခဲ့ပါတယ်။ အကယ်... ၍ အဖြေမရှိတဲ့ ပုစ္ဆာဖြစ်ပါမူ ကျွန်တော်... ဟာ အရူးတစ်ပိုင်းဘဝနဲ့ဘဝဆုံးသွား... မည် ဖြစ်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာသိန်းသန်းအောင်

# ချစ်ခြင်းတရားနှင့် လက္ခဏာ



ure

After

## Marge ၏လက်ဝါးပြင်

Marge သည် ဘဝအပြောင်းအလဲ ...စဉ်များခဲ့သူ ဖြစ်သည်။ မိခင်ဖြစ်သူ ...ယ်လွန်ပြီးနောက်ပိုင်း တစ်မြို့တစ်ရွာ ...ပြောင်းရွှေ့၍ လုပ်ငန်းသစ်တစ်ခုလုပ် ...ာ ဘဝကိုပြန်လည်စတင်ခဲ့၏။ အလုပ် ...စ်လုပ်ရခြင်း၊ ပတ်ဝန်းကျင်သစ်နှင့်ထိ ...တွေ့ဆက်ဆံရခြင်းတို့၌ အခက်အခဲများ ...ရှိခဲ့သည်။ ထိုကာလအတောအတွင်း ...မ၏ Union Line က mangli ဖြစ်နေ ...သည်။

Richard သည် ဖြောင့်တန်းသော ...nion Line ပါရှိသူ ဖြစ်သည်။ သူသည် ...arge နှင့် တွေ့တွေ့ချင်း (ရက်သတ္တ ...တ်အနည်းငယ်အတွင်း)ချစ်ကြိုက်သွား ...သည်။ ချစ်သူဘဝရောက်ရှိပြီး (၂)နှစ် ...ကြာ ပြဿနာမျိုးစုံ ရင်ဆိုင်ပြီးနောက် ...arge က သူမ၏ ဘဝပုံစံနှင့် စိတ်နေ ...တ်ထားကို ပြုပြင်ရန် ကြိုးစားခဲ့သည်။ ...မ၏ ကိစ္စအဝဝအတွက် Richard က ...ဝင်ကူညီပေးခဲ့သည်။ Marge နှင့် Richard တို့၏ အပြောင်းအလဲဖြစ်ရန် ကြိုးစားပြုပြင်မှုများက Union Line အား များစွာ အကျိုးသက်ရောက်စေခဲ့သည်။ ထိုကာလနောက်ပိုင်း ၎င်းတို့နှစ်ဦး၏ Union Line များ ဖြောင့်တန်းလျက် သဟဇာတဖြစ်သော၊ ပျော်ရွှင်ငြိမ်းချမ်းသောဘဝကို ပိုင်ဆိုင်နိုင်ခဲ့ကြပါသည်။

မူလက Marge ၏ Union Line သည် အင်္ဂါဂြိုဟ်ခုံ (အဖို) ပေါ်သို့ နိမ့်ဆင်းနေသောကြောင့် mangli Union Line ဖြစ်နေခဲ့သော်လည်း မူလကတည်းက Union Line ဖြောင့်တန်းသူ Richard ၏ ကူညီပံ့ပိုးမှုကြောင့် (အပြောင်းအလဲများလုပ်ပြီးနောက်ပိုင်း) နှစ်ဦးစလုံး Union Line ဖြောင့်တန်းသူများအဖြစ် ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်သည်။

## Union Line ပေါ်၌ ကျွန်းခံနေခြင်း

Union Line ပေါ်၌ ကျွန်းခံနေဝါက မိမိချစ်သူနှင့် ပတ်သက်၍ ပြဿနာများရှိနေကြောင်း၊ Union Line ၏ အလယ်တည့်တည့်တွင် ကျွန်းခံနေပါက စိန်ခေါ်မှုများ၊ အတားအဆီးအခက်အခဲများရှိနေကြောင်း ဖော်ပြပါသည်။



An islanded union line indicates conflict in a relationship.



Vertical lines crossing the union line indicate that external circumstances can negatively affect relationships.

အကယ်၍ ကျွန်းသည် Union Line ၏ အဆုံးသတ်နေရာတွင်ရှိနေပါက ပို၍ပင် အခြေအနေဆိုးနိုင်ပါသည်။ ထိုအခါ လက်ရှိကြုံတွေ့နေရသော မကောင်းသော စိတ်ခံစားမှုနှင့် ပြဿနာများ အပေါ် မကျော်လွှားနိုင်သည့် အခြေအနေသို့ပင် ရောက်နိုင်ပါသည်။

Union Line အား ဖြတ်သန်းနေသော ဒေါင်လိုက်လမ်းကြောင်းများ Union Line အား ဒေါင်လိုက်လမ်းကြောင်းများ ဖြတ်သန်းနေပါက မိမိနှင့် ချစ်သူတို့ ဆက်ဆံရေးအကြား ပြင်ပအနှောင့်အယှက်များ ဝင်ရောက်လာနိုင်ပါသည်။ မိမိအနေဖြင့် ချစ်သူ (အိမ်ထောင်ဖက်) ကို စိတ်တိုင်းကျ ရွေးချယ်ခွင့်ရသော်လည်း ချစ်သူ၏ မိသားစုအသိုင်းအဝန်းကိုပါ ရွေးချယ်ရန် လုံးဝမဖြစ်နိုင်ပေ။ ထို့ကြောင့် အဆိုပါ လက္ခဏာရှင်အနေဖြင့် မိမိဘက်မှ ဦးစွာ ရင်ဖွင့်ဆက်ဆံပြောဆို၍ အခြေအနေအရ အလိုက်သင့် နေထိုင်နိုင်အောင် ကြိုးစားရပါမည်။

## Union Line ၏အစ၌ ခက်ရင်းခွရှိနေခြင်း

Union Line သည် ခက်ရင်းခွပုံစံဖြင့် စတင်နေပါက ယဉ်ကျေးမှု၊ လူမှုအသိုင်းအဝန်းနှင့် ကိုးကွယ်ယုံကြည်မှု (ဘာသာရေး) တို့အပြင် မိဘဆွေမျိုး ထောက်နောက်ခံတို့ကအစ အများနှင့်မတူ (တစ်မူကွဲပြား) ကြောင်း ကိုယ်စားပြုဖော်ပြပါသည်။ ထိုအခါ လူမှုဆက်ဆံရေးပိုင်း၌ နားလည်မှုလွဲခြင်း၊ ပြဿနာတက်ခြင်းများ ကြုံလာနိုင်ပါသည်။

Union Line သည် ခက်ရင်းခွကို ကျော်၍ ခရီးဆက်နေပါက ကြုံလာသမျှ

www.burmeseclassic.com



A fork at the origin of the union line.

ပြဿနာအဝဝအား ရင်ဆိုင်ဖြေရှင်းနိုင်သူ ဖြစ်ပါမည်။ Union Line အစ၌ ခက်ရင်းခွ စတင် ပျောက်သွားသည်နှင့် အထက်ဖော်ပြပါ မကောင်းသောအခြေအနေအားလုံး ပုံမှန်ပြန်ကောင်းလာပါမည်။

**Union Line ၏ အဆုံး၌ ခက်ရင်းခွပါရှိနေခြင်း**



The forked termination shows that unless you learn to accommodate each other's differences, your relationship may end.

Union Line ၏အဆုံး၌ ခက်ရင်းခွပါရှိခြင်းနှင့် အစ၌ပါရှိခြင်းတို့ အကျိုးသက်ရောက်ပုံချင်း အတော်တန် တူညီကြသည်။ အဆုံးသတ်နေရာ၌ ခက်ရင်းခွပါရှိသူ၏ ထူးခြားချက်တစ်ခုမှာ ချစ်သူနှစ်ဦးတို့အကြား ကွဲပြားခြားနားချက်များအား စိတ်ရှည်သည်းခံစွာ အပြန်အလှန်မဖြေရှင်းနိုင်ပါက လမ်းခွဲရသည်အထိ အခြေအနေဆိုးနိုင်ပါသည်။

**Union Line ၏အဆုံး၌ လျှာပါသောခက်ရင်းခွရှိနေခြင်း**



A forked union line with a tongue indicates that you may attract someone whose background and attitudes conflict with yours.

Union Line အဆုံး၌ရှိနေသော ခက်ရင်းခွတွင် (ထူးခြားစွာ) လျှာပါရှိခြင်းကြောင့် (ချစ်သူနှစ်ဦးကြား) ကွဲပြားခြားနားချက်မှန်သမျှ လုံးဝဥဿုံဖြေရှင်းနိုင်ခြင်းမရှိသူ ဖြစ်နေပါမည်။ ထိုအနေအထားသည် Union Line ၏ အစနှင့် အဆုံးတို့၌ ခက်ရင်းခွပါရှိသည့်လက္ခဏာများထက် လျှာပါရှိခြင်းကြောင့် ပိုမိုဆိုးရွားသော အနေအထားဖြစ်ကြောင်း သတိပြုသင့်ပါသည်။

**Union Line မပါရှိခြင်း**

Union Line သည် သိစိတ်၏ အားကောင်းမှုဖြင့် ဆက်ဆံရေး အဆင်ပြေ ချောမွေ့သည့်သဘောဆောင်သလို




The absence of a union line indicates the importance of developing a committed relation-ship.

Union Line မပါရှိခြင်းက သိစိတ်[illegible] စွမ်းဆောင်ရည် အားနည်းခြင်းကြော[illegible] တစ်ဦးတစ်ယောက်၏အရေးကိစ္စအပေ[illegible] တာဝန်မယူနိုင်သူ (စိတ်မချရသူ) ဖြစ်[illegible] ပါမည်။ ၎င်းပြင် အချစ်ရေး၌ ချစ်သူ[illegible] လိုအပ်ချက်အပေါ် မိမိဘက်က သ[illegible] လစ်ဟင်းတတ်သောကြောင့် မိမိလိုအ[illegible] ချက်အပေါ် အလိုက်တသိ ဖြည့်ဆည်[illegible] ပေးနိုင်သူကိုသာ ရွေးချယ်သင့်ပါသည်[illegible]

**Union Line စတင် ပေါ်ပေါက်ခြေ[illegible]**

Union Line စတင်မပေါ် ပေါ[illegible] မိမိချစ်သူအပေါ် သည်းခံခွင့်လွှတ်[illegible] လည်ပေးသည့်စိတ်မွေးပေးရန် လို[illegible] ပါသည်။ ထိုအခါ ကောင်းမွန်[illegible] ဆက်ဆံရေးအောင်မြင်စွာတည်ဆော[illegible] လာနိုင်သလို လက်ဝါးပြင်၌လည်း U[illegible]




Along with learning to become more tolerant and forgiving, the union line may begin to grow.



www.burmeseclassic.com

www.burmeseclassic.com




**Within a period of six months, Lorne's union line developed.**

Line စတင်ပေါ်ပေါက်လာစေပါမည်။

**Lorne ၏ Union Line**

Lorne နှင့် Vanessa တို့သည် ပျော်ရွှင်သော အိမ်ထောင်ရှင်စုံတွဲ ဖြစ်သည်။ အိမ်ထောင်မပြုမီ Vanessa က စောစီးစွာ လက်ထပ်ရန် ဆန္ဒရှိသော်လည်း Lorne က လွတ်လပ်စွာနေလိုခဲ့သူ ဖြစ်၏။ နောက်ဆုံးတွင် Lorne က Vanessa ၏ဆန္ဒကို လိုက်လျောခဲ့သည်။ အိမ်ထောင်သည်ဘဝရောက်စ၌ Lorne တွင် Union Line လုံးဝမပါရှိသေးပေ။ Vanessa အနေဖြင့် Lorne ၏လွတ်လပ်စွာနေတတ်သည့်ပုံစံကို ထိန်းချုပ်ရန် ကြိုးစားခဲ့သည်။ အိမ်ထောင်သက် (၆) လ ကြာပြီးနောက် Lorne က အိမ်ထောင်သည်ဘဝအပေါ် အလေးထား (အာရုံစိုက်) မိခဲ့သည်။ မိမိလစ်ဟာနေမှုများ၊ ပျက်ကွက်မှုများအား လိုသလို ဖြည့်စွက် ပြုပြင်လိုက်သည်နှင့် ယခင်က မရှိခဲ့သော Union Line ပေါ်လာသည်ကို Lorne တွေ့ရှိလိုက်ရ၏။ Union Line တဖြည်းဖြည်း ရှင်သန်လာသလို ၎င်းတို့မိသားစုအတွင်း သားသမီးများစွာတို့၍ ပိုမိုပျော်ရွှင်လေးနက်သော အိမ်ထောင်ရှင်များ ဖြစ်လာကြပါသည်။




**1 ကြာသပတေးဂြိုဟ်ခုံပေါ်မှ ကြယ်**
**2 ကြာသပတေးဂြိုဟ်ခုံပေါ်မှ ကြက်ခြေခတ်**
**3 ကြာသပတေးဂြိုဟ်ခုံပေါ်မှ လေးထောင့်ကွက်**
**4 ဆော်လမွန်လက်စွပ်**
**5 Truth Line**
**6 Healing Stigmata**
**(အမာရွတ်သင်္ကေတန်အစင်းကြောင်းများ)**

**ပညာရှိအမှတ်လက္ခဏာများ**

ပညာရှိအမှတ်လက္ခဏာများဖြစ်သော လေးထောင့်ကွက်၊ အသွား (၃) ချောင်းပါ ခက်ရင်းခွ၊ ကြက်ခြေခတ်များ၊ ကြယ်များသည် ၎င်းတို့ နေရာယူတည်ရှိပုံအလိုက် ကောင်းမြတ်သော အရည်အသွေးတစ်မျိုးစီရှိနေကြောင်း ကိုယ်စားပြု ဖော်ပြပါသည်။

၁။ ကြာသပတေးဂြိုဟ်ခုံပေါ်မှ ကြယ်
၂။ ကြာသပတေးဂြိုဟ်ခုံပေါ်မှ ကြက်ခြေခတ်
၃။ ကြာသပတေးဂြိုဟ်ခုံပေါ်မှ လေးထောင့်ကွက်
၄။ ဆော်လမွန်လက်စွပ်
၅။ Truth Line
၆။ Healing Stigmata (အမာရွတ်သင်္ကေတန် အစင်းကြောင်းများ)

**ကြာသပတေးဂြိုဟ်ခုံပေါ်၌ လေးထောင့်ကွက်ပါရှိခြင်း**

အဆိုပါ လက္ခဏာရှင်အနေဖြင့် လူမျိုးခြား (နိုင်ငံခြားသား) များအပေါ် ဆွဲဆောင်စည်းရုံး ပြောဆိုဆက်ဆံနိုင်ခြင်း၊ ရုပ်ပိုင်းရော စိတ်ပိုင်းပါ ကမ္ဘာအနှံ့ဖြန့်ကြက်၍ စူးစမ်းရှာဖွေနိုင်ခြင်းရှိသူ ဖြစ်ပါမည်။

ကြာသပတေးဂြိုဟ်ခုံအနေဖြင့် အမှောင်ခွင်း အလင်းဆောင်နိုင်မည့် ပညာဉာဏ် ထွန်းလင်းသည့် guru အဖြစ် ရပ်တည်ပေးသည်။ လေးထောင့်ကွက်များက သိစိတ်၏ကျယ်ပြန့်မှု၊ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်ခြင်းတို့အတွက် ရပ်တည်ပေးသည်။



**A square on Jupiter suggests a tendency to attract relationships with those of other nationalities.**

**ကြာသပတေးဂြိုဟ်ခုံပေါ်၌ ကြက်ခြေခတ်ပါရှိခြင်း**



**A cross on Jupiter indicates on outshanding magnetic personality.**

အဆိုပါ လက္ခဏာရှင်အနေဖြင့် ထူးထူးခြားခြား ညှို့ယူဆွဲဆောင်နိုင်စွမ်းရှိသူ၊ အထူးသဖြင့် ဆန့်ကျင်ဘက်လိင်အပေါ် ဆွဲဆောင်နိုင်သူ ဖြစ်ပါသည်။ ကြက်ခြေခတ်သည် အရာရာဆင်ခြင်တုံတရားဖြင့် စီမံဆုံးဖြတ်နိုင်သည့်သဘော (ပညာဉာဏ်အားထားသည့်သဘော) ကို ဖော်ပြပါသည်။

ဆရာသိန်းသန်းအောင်



www.burmeseclassic.com

www.burmeseclassic.com

ဗိုးကြီးရဲ့ယုတ်မာရက်စက်မှုကြောင့် အပြစ်မဲ့မိန်းမချောတစ်ယောက် ဆိုး အရောက်တွင် အသက်ဆုံးရှုံးခဲ့ရပါတယ်။ ကောင်မလေးရဲ့ဘဝက တော် တော်လေးကို သနားဖို့ကောင်းတာ မုဆိုးမ မိခင်အိုကြီးကို လုပ်ကိုင်ကျွေး



www.burmeseclassic.com

www.burmeseclassic.com

# လူရှိန်အောင်

## တစ်ခုခုတော့ မှားနေပြီ



နေတာလေ။ မိခင်ကြီးခမျာ ဖြေသိမ့် မှဲ့ အရှုံးတစ်ပိုင်းကိုဖြစ်လို့။

ကောင်မလေးက မိန်းမချော ဆံပင်အရှည်ကြီးနဲ့ အရမ်းကိုလှ

သတင်းဆိုးကိုကြားပြီးတော့ အချို့ ငိုတောင်ငိုတယ်။ ကောင်မလေးကို နားလို့။ လူသတ်၊ မုဒိမ်းသမား စိုးကြီး မေတ္တာပို့ကြတယ်။ သေဒဏ်ကျပါ တဲ့၊ ပေါ်တင်ကိုပြောကြတာ။

စိုးကြီးကတော့ အထဲမှာလေ။

✤

စိုးကြီးနဲ့ မိုးကြီးဟာ အမွှာညီ စ်ကိုတွေ။

မိမနိုင်ဖမနိုင် အကျင့်တူစရိုက် တွေ ဆိုပါတော့။ အရက်တစ်ခွက် အတွက် လူရိုက်ဖို့ဝန်မလေးကြဘူး။

ရိုက်မှု၊ လုယက်မှုတွေနဲ့ ထောင်ကို ထွက်စီလုပ်နေခဲ့တာ ကြာပေါ့။ စ်ကိုဖြစ်တဲ့စိုးကြီးဟာ အထဲကိုရောက် ပြီ၊ အဲဒီသတင်းကို ညီဖြစ်တဲ့ မိုးကြီး မသိသေးဘူး။ သိလည်း စိတ်ဝင်စားမှာ မဟုတ်ဘူး။

သူတို့အတွက်တော့ ထောင် ဆို တာကြီးက ရင်ခုန်စရာမှ မဟုတ်တော့ တာ။ မိတ်ဟောင်းဆွေဟောင်းတွေလေ။ အပြင်မှာရှိတဲ့ မိုးကြီးဟာ မူးကောင်းဆဲ။ ဓားမြှောင်တစ်ချောင်းကို ခါးကြားထိုး ပြီး ပြဿနာရှာလို့ကောင်းဆဲ၊ ပွေးလို့ ကောင်းဆဲ ဆိုပါတော့။

✤

ဓာတ်တိုင်တွင်သီးသဖြင့် ဓာတ် သီးဟု ခေါ်လျှင် ကန့်ကွက်သူ ရှိမည် မထင်ပါ။ ဓာတ်သီးကား အမှည့်လွန်ကာ အရောင်တောက်နေလေပြီ။

သန်းခေါင်ကျော်လေပြီ။

ညရောက်မှ မွှေးခွင့်ပါမစ်ကို ရ ထားတဲ့ ညမွှေးပန်းရနံ့တို့က ညကြီးမင်း ကြီးတွင် ထင်တိုင်းကြဲ မင်းမူနေလေပြန် တယ်။ အဲဒီညကြီးမင်းကြီးဟာ ခွေးအူ သံသဲ့သဲ့မှအပ လုံးဝကို တိတ်ဆိတ်နေ တာ။

ဓာတ်သီးမှ အလင်းရောင်တို့က နှင်းငွေ့များကို ထိုးခွဲကာ ကတ္တရာလမ်း ပေါ် စိုက်ကျနေလေတယ်။ ဓာတ်တိုင် အောက်မှာတော့ လူနာတင်ကားတစ်စီး လေးဖက်ထောက်ကာ မတ်ထတ်ကြီးရပ် လို့နေလေရဲ့။

ကားခေါင်မိုးအထက်မှာ ပေကတ် ထိုင်နေတဲ့ အရေးပေါ် အချက်ပြမီးမှ အလင်းရောင်တို့က ချာလပတ်လည် လျက်။ ပါးစပ်ပိတ်ထားလို့လား မသိ အသံတော့မထွက်။

ကားဒရိုင်ဘာက စီးကရက်ကိုခဲ ကာ လောကကြီးနှင့် တာ့တာလုပ်ထား တယ်။MP-4နားထောင်နေတာကိုး။ ဘာ သီချင်းမှန်း ဘယ်လိုလုပ်သိမှာလဲ။ အသံ မှမထွက်တဲ့ဟာ။

ဒရိုင်ဘာက MP-4 ကို ပိတ်လိုက် တယ်။ စီးကရက်တိုကို ပရမ်းပတာ တောက်ထုတ်ပစ်လိုက်တယ်။ ကားရဲ့ အရှေ့ပိုင်းမှ ခေါင်းကိုထုတ်ကာ နောက် ကိုလှည့်လိုက်ပြီး စိတ်မရှည်သံကြီးဖြင့်-

"မြန်မြန်လုပ်ပါ ပေတလူးရဲ့"

ဓာတ်တိုင်နဲ့မလှမ်းမကမ်း အမှောင် ရိပ်မှာ လူတစ်ယောက် အပေါ့သွားနေ တယ်။ ပေတလူး ဆိုပဲ။ ပေတလူးက ပခုံးကိုတွန့်ကာ ဘောင်းဘီဇစ်ကိုဆွဲတင် လိုက်ပြီး ဝါးခနဲသမ်းကာ -

"လာပါပြီဟ"

ကားစက်နှိုးသံကြားရတယ်။ သစ် ပင်အထက်မှာရှိတဲ့ ငှက်တစ်အုပ်ဟာ သွေးပျက်ကာ အဝေးသို့သုတ်လေပြီ။

"ဘာလို့လောနေရတာလဲဟ။သေ ပြီးသားမသာက ပြန်ရှင်မှာကျနေပဲ"

ဟုတ်ပ၊ သူတို့တာဝန်ကလည်း ရှင်းတယ်။ ဆေးရုံက အလောင်းကို သုသာန်သွားပို့ဖို့လေ။ ကားဘီးစလှိမ့် တယ်၊ ရွရွကလေး။



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်သီးရဲ့အလင်းရောင်ကြောင့် ကားနောက်ပိုင်းကို ပြတ်သားစွာ မြင်ရတယ်။

ပေတလူး မျက်လုံးပြူးသွားတယ်။ ပြေးကာလွှားကာဖြင့် -

"ပေ့ကောင်၊ ရပ် ရပ်"

"ကျွိ. . ."

ကားဒရိုင်ဘာက ကြောက်လန့်တကြားနဲ့ ကားကိုရပ်တယ်။ ဘာကြောင့်မှန်းမသိ။ ရပ်သာရပ်လိုက်ရတာ ပေတလူးက စွတ်ရွတ်အော်နေတာကိုး။

ငယ်သံပါကြီးနဲ့ ကြောက်စိတ်တို့နဲ့ ကယောင်ဖတ်နေတဲ့ ပေတလူးက ကားဒရိုင်ဘာကို အတင်းဆွဲချတယ်။

"ဘာဖြစ်နေတာလဲ"

ပေတလူး ဘာမှမပြော။ ကားနောက်ပိုင်းသို့ ဆွဲခေါ်လာတယ်။

"ဟင်"

အံ့အားသင့်ဖို့ အလှည့်ကျသူကတော့ ကားဒရိုင်ဘာ။ မျက်လုံးပြူးရုံမကနားပါကားသွားတာ။ နောက်ပိတ်တံခါးက ပွင့်နေတာကိုး။ ဟောင်းလောင်းကြီး။ အတွင်းပိုင်းကို သဲကွဲစွာ မမြင်ရ။

ပေတလူးက ဓာတ်မီးဖြင့် လှမ်းထိုးတယ်။

"ဟင်. . ."

"ဟာ. . ."

နှစ်ယောက်သားရဲ့ အာမေဍိတ်အသံတွေဟာ ကွက်တိကျသွားတယ်။

"မ. . မသာကော"

သုသာန်ကိုပို့ရမယ့်မသာက မရှိတော့ဘူး။ သူတို့ကို စိတ်မရှည်လို့ သူ့ဘာသာသူ လမ်းလျှောက်သွားပြီလား မပြောတတ်တော့။

ကွိုင်။ ပြဿနာအကြီးကြီး။ အရေးပေါ်မီးက ချာလပတ်လည်ဆဲ။ ပေတလူးက ဟန်းဖုန်းကို ကျလကျလိဖြင့် ကလိကာ -

"ဟလို. . ."

ပေတလူးရဲ့အသံတုန်လို့။

✤

ဒီဇင်ဘာ ၃၁၊ ၂၀၁၂ ည။

နှစ်သစ်ကူးကို အူယားဖားယားကြိုဆိုမယ့်ည။ Happy New Year ည။ အဲဒီ ဒီဇင်ဘာညဟာ နှင်းတွေဝေပြီး လက်ကုန်လှနေတော့တာ။ နှစ်ဟောင်းကိုထားခဲ့ပြီး နှစ်သစ်ကို ပွေ့ဖက်ကြိုဆိုဖို့ ရယ်ဒီဖြစ်နေတဲ့ည။

သန်းခေါင်ကျော်ပြီ ဆိုတာနဲ့ နှစ်သစ်က အော်တိုဖြစ်သွားပြီလေ။ အေးရာအေးကြောင်း မအိပ်နိုင်ကြသေးဘူး။ ဗျာများပြီး ယောက်ယက်ခတ် တိုင်ပတ်နေကြတာ။ လမ်းတစ်လျှောက် ရောင်စုံမီးတွေထွန်း၊ သီချင်းသံတွေနဲ့ မြိုင်နေတာ။ ရယ်သံမောသံ၊ အော်သံဟစ်သံတွေနဲ့ ပြောင်းကိုဆန်လို့။

တကယ်တော့ အဲဒီညဟာ ညယောင်ဆောင်ထားတဲ့ နေ့ခင်းကြောင်တောင်ကြီးပါ။ Happy New Year ဆိုတဲ့ ရောဂါဟာ ခေတ်အကြိုက် ခပ်ဟော့ဟော့ ဖြစ်လာတာ မကြာသေးပါဘူး။ တယား ယားနဲ့။ အချို့ဆို အားကြီး အမြင်ကတ် တာ။ နားမခံနိုင်တဲ့သူတွေရှိရင် တံခါး ပိတ်။ အိပ်။ ကိုယ်ကြိုက်တာကိုယ်လုပ်ကြပေါ့။ ဒါဟာ ရေစီးကြောင်းဥစ္စာ။

လမ်းထဲကအလန်းတွေ၊ လက်မောင်းပလွေရိုးမှာ အရုပ်ထိုးတဲ့ အရုပ်သည်ကလေးတွေ၊ အီမိုကေနဲ့ ချာတိတ်လေးတွေဟာ နှစ်သစ်ကူးအတွက် အဆင်သင့်ဖြစ်နေကြပါပြီ။

ထမင်းချက်စားကြတယ်။ ဘူးသီးနဲ့ ကြက်သား ရောထားတဲ့ ကာလသားချက်။ လမ်းပေါ်မှာပျော်နေကြပြီလေ။

ငှက်ပျောရွက်များခုတ်ပြီး ပြန်ရောက်လာသော အဲကာတို့အုပ်စုက ဟောင်ဖွာဟောင်ဖွာနဲ့ -

"ကျက်ပြီလားဟ"

ထက်ထက်က ဟင်းရည်ကို ရှူးခနဲမြည်းကာ -

"အိုကေ - ရပြီ၊ အမှုန်းဆွဲလို့ရပြီ"



သီရိက ဆရာမကြီးအထာနဲ့ -

"ငှက်ပျောရွက်တွေ ခင်းကြသေ[...] ဟာ"

ဝတုတ်လေး ဘိုဘိုက စားပွဲခုံပေါ်[...]မှာ ငှက်ပျောရွက်များကို ဖြန့်ခင်းပြီး[...] အဝတ်စနဲ့ သုတ်တယ်။ ထမင်းအိုး[...] လောင်းချလိုက်တယ်။ နူးအိနေပြီဖြစ်[...]သော ကြက်သားအိုးကို ခွင်ပေါ်မှာ[...] လိုက်တယ်။

အငွေ့တထောင်းထောင်းထ[...] ပြီးတော့ ပျော်ပျော်ပါးပါးနဲ့ စား[...] သောက်ကြတယ်။ ခေါင်းမဖော်စတ[...] ကို တွယ်နေကြတာ။

အဲဒီမှာပဲ -

"ကျွိ"

ဆိုက်ကားတစ်စီး သူတို့အနီး[...] ရပ်လာတယ်။ ဆံပင်ကို ဖားလျားချ[...]တဲ့ မိန်းမချောတစ်ယောက် ဆိုက်[...] ပေါ်မှ ဆင်းလာတယ်။ ဆိုက်ကား[...] လာလမ်းအတိုင်း ပြန်ထွက်သွားတယ်[...]

တော်တော်ချောတဲ့မိန်းမပါလား[...] ချာတိတ်တွေ ကြက်သေသေသွား[...] တယ်။ ဆူညံပေါက်ကွဲနေတဲ့ သီချင်း[...] ကို အနည်းငယ်တိုးလိုက်တယ်။ မိန်း[...] ချောက ချာတိတ်တစ်သိုက်အား[...]

သွက်သွက်လက်လက်ရှိတဲ့ ထ[...] ထက်က -

"ဘယ်သွားမလို့လဲ မမ"

မိန်းမချောက မဖြေ။ [...] တောင်တောင်အကြည့်နဲ့ ငေးဆဲ၊ [...] နှာတွေကို ငေးတာ မဟုတ်။ အ[...] အသောက်တွေကို ငေးနေတာ။ [...] တောင်သပ်လိုက်သေးရဲ့။ သီရိက မိ[...] ချော လက်ကိုဆွဲကိုင်လိုက်တယ်။

"ဘုရား. . . ဘုရား"

သီရိ အသံမဲ့ ဘုရားတမိ[...] မိန်းမချောရဲ့လက်က လိုအပ်တာ[...] အေးစက်နေတာကိုး။ ရေခဲလို အေး[...] နေတာ။ အေးမှာပေါ့၊ ချမ်းချမ်း[...] အေးကာလကြီးမှာ အနွေးထည်[...] မဝတ်နိုင်ရှာဘူး၊ အင်္ကျီလက်ပြတ်[...] နဲ့။

"ဗိုက်ဆာလို့လား မမ"

မိန်းမချောက ခေါင်းညိတ်ပြ[...] လူငယ်တွေက ရှိသမျှဖြင့် ကျွေး[...] တယ်။ မိန်းမချောက ပလုတ်ပ[...] စားတယ်။ ခေါင်းကိုမဖော်တာ။

သီချင်းသံသဲ့သဲ့ဟာ လ[...] ထွက်ပေါ်လာပါတယ်။ အရ[...] တစ်ယောက်ရဲ့အသံ။ သီချင်း[...] ယမကာသမားတွေ အရ[...]

www.burmeseclassic.com

www.burmeseclassic.com

...ချင်း။ ဘာတဲ့၊ နားထောင်ကြည့်လိုက် ...လား။

"စိတ်ညစ်လို့ အရက်ကိုသောက် ...ယ်××× အရက်သောက်တော့ သိပ် ...သစ်တယ်××× အကြောင်းရှာတော့ ...င်းမှာ ချာချာလည်"

ဂုဏ် ဆိုတဲ့သီချင်းကို အပီဟဲလာ ... အခြားဟုတ်ရိုးလား။ မိုးကြီးလေ။ ...ချင်တိုင်းဖြစ်နေတာ။ ယိုင်တိုင်တိုင် ...လမ်းတွေနဲ့တိုင်ပတ်နေတဲ့မိုးကြီးဟာ ...တိတ်တွေအနားရောက်လာတယ်။

"ကလေးတို့ရေ မင်္ဂလာပါကွယ်"

လျှာလေးအာလေးနဲ့ နှုတ်ဆက် ...ယ်။ အမွှာညီအစ်ကို စိုးကြီးနဲ့ မိုးကြီး ...ာ လူမိုက်ဆိုပေမယ့် ကလေးတွေနဲ့ကျ ...တော့ တော်တော်ကလေးကို အဆင်ပြေ ...ား ရန်ရှာဖို့အသာထား၊ မျက်စောင်း ...ထောင်မထိုးဘူး။

ဒါကြောင့် လမ်းထဲက ချာတိတ်တွေကလည်း သူတို့ညီအစ်ကိုကို ရှိန် ...မနေကြပါဘူး။ အလိုက်သင့်ဆက်ဆံကြ ...တယ်။

"ဦးမိုး၊ ထမင်းစားမလား"

"ဗိုက်ဆာနေတာကွ၊ အတော်ပဲ"

ဘယ်သူတွေက ဆွမ်းကြီးလောင်း လိုက်သည်မသိ။ တစ်ကိုယ်လုံးမှာ ဒဏ် ...ရာ ဗရပွ။ ခြေထောက်ကလည်း ထော့နဲ့ ...ထောနဲ့နဲ့။ အရက်ကို အလွန်အကျွံ သောက်ထားတာမို့ မိုးကြီးရဲ့ အ မြင် အာရုံဟာ ဝါးတားတား။

မျက်လုံးတစ်ဖက်ဟာလည်း ဒဏ် ...ရာကြောင့် ပိတ်လုမတတ်ဖြစ်နေတယ်။ ...ကြီးဟာ ထမင်းပန်းကန်ကို ယူကာ ...လျှောက်လာခဲ့တယ်။

မိန်းမချောဟာ ဆံပင်ဖားလျား၊ ခေါင်းစိုက်ကာ အအေးဘူးကို ပိုက်နဲ့စုပ် ...နေတယ်။ မိန်းမချောကို မိုးကြီး သတိ ...မထားမိပါဘူး။ ဝါးတားတားနဲ့ပေါ့။ လမ်း ထဲက မိန်းမတစ်ယောက်လို့ပဲ ထင်နေ တာ။

မိုးကြီး ဂေ့ခနဲ လေချဉ်တက်ကာ ...မိန်းမချောနဲ့ မျက်နှာချင်းဆိုင်မှာ ဝင် ...ထိုင်လိုက်တယ်။ ခါးကြားမှာ ထိုးထားတဲ့ ...ဓားမြှောင်ကို စားပွဲပေါ်တင်ကာ ထမင်း ...စားတယ်။

လူငယ်တွေ လှုပ်လှုပ်ရွရွဖြစ်နေ ...ကြပါပြီ။ (၁၂) နာရီကျော်ဖို့ မိနစ်ပိုင်းမျှ ...လိုတော့တာကိုး။ သူတို့ရဲ့ရင်ခုန်သံတွေ ...မြန်နေမှာ သေချာပါတယ်။

"ဟဲ့အကောင်"

အေးစက် မာကျောတဲ့ ခေါ်သံကြောင့် မိုးကြီးဆတ်ခနဲတွန့်သွားတယ်။ စားလက်စ ထမင်းပင်သီးတယ်။ နောက်လှည့်ကြည့်သော်လည်း တစ်ယောက်မှ မရှိ။ စိတ်ကို အတတ်နိုင်ဆုံး ထိန်းကာ ထမင်းဆက်စားတယ်။

"ဟင် - မင်း. . . မင်း"

ဆံပင်ဖားလျားချထားတဲ့ မိန်းမရဲ့ မျက်နှာကို ရုတ်တရက်မြင်လိုက်ရတော့ မိုးကြီး သွေးပျက်သွားတယ်။ မိန်းမချော ရဲ့ မျက်လုံးများဟာ နီရဲနေတယ်။

မိုးကြီး အထစ်ထစ်အငေါ့ငေါ့နဲ့-

"မင်း. . . မင်းငါသတ်လို့သေပြီ လေ"

"ဟား. . . ဟား. . . ဟား"

ဆံပင်ဖားလျား။ နီရဲရဲမျက်လုံးများ။ မိန်းမချောအသွင် မဟုတ်တော့။ ရယ်သံတို့က သွေးပျက်စရာ။ အသိစိတ် ကင်းမဲ့ကာ ကြောက်စိတ်မွှန်နေတဲ့မိုးကြီး ဟာ ဓားမြှောင်ကိုစမ်းတယ်။

နောက်ကျသွားပါပြီ။ ဓားမြှောင် က မိန်းမချောရဲ့လက်ထဲမှာ။ မမျှော်လင့် သော မြင်ကွင်းကြောင့် လူငယ်တွေ အံ့အားသင့်တုန်ကြတယ်။

"ဟင်"

"ဟာ"

မိုးကြီးထွက်ပြေးဖို့ ကြိုးစားတယ်။ ဒါပေမယ့် ဓားမြှောင်က မီးရောင်မှာ လက်ခနဲ။ ပြီးတော့ မိုးကြီးရဲ့ရင်ဝဆီသို့။

"အား"

မိုးကြီးရဲ့ မချိမဆံ့ အော်သံကြီး ကို . . . ။

"ဟက်ပီးနယူးရီးယား"

ဆိုတဲ့ ကျယ်လောင်တဲ့ ပွဲတင်ထပ် သံများက ဖုံးအုပ်သွားလေတော့တယ်။

မကြာပါချေ။

လူနာတင်ကား၊ ရဲကားများ ရောက်လာကြတယ်။ လူနာတင်ကား ပေါ်မှ ကားဒရိုင်ဘာနဲ့ ပေတလူး ဆင်း လာကြတယ်။ သူတို့လိုက်ရှာနေတဲ့အမျိုး သမီးရဲ့အလောင်းကို တွေ့သွားကြလေ ပြီ။

ပေတလူးနဲ့ ကားဒရိုင်ဘာဟာ တစ်ယောက်မျက်နှာတစ်ယောက် ကြောင် တောင်တောင်ကြည့်လို့။ အလောင်းကို ကားပေါ်တင်လိုက်ကြတယ်။ ပြီးတော့ ကားကို မောင်းထွက်ကြလေတော့တယ်။

မိုးကြီးရဲ့ အလောင်းကိုကြည့်ကာ လူငယ်တွေ အံ့အားသင့်နေကြတယ်။ သူတို့ရှေ့မျှောက်မှာပဲ မိန်းမချောက မိုး ကြီးကို ဓားနဲ့ထိုးသတ်ခဲ့တာလေ။ အခု ကြည့်၊ ဓားမြှောင်က မိုးကြီးရဲ့လက်ထဲ မှာ။

ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့ပုံစံ ဖြစ်နေတာ။ ပိုပြီး အံ့ဩဖို့ကောင်းတာ က မိန်းမချောကို လူနာတင်ကားနဲ့ ခေါ် သွားခြင်းပင်တည်း။

လူငယ်ချာတိတ်များ ခေါင်းကုတ် ကာ ထိုနေရာမှ ထွက်သွားကြလေတော့ တယ်။ ရပ်ကွက်လူကြီးများက အသက် ကင်းမဲ့နေပြီဖြစ်တဲ့ မိုးကြီးရဲ့အလောင်း ကို ကြည့်ကာ -

"အစ်ကိုက လူသတ်၊ မုဒိမ်းမှုနဲ့ ထောင်ထဲမှာ။ ညီကတော့ သူ့မိုက်ဇာတ် ကို သူကိုယ်တိုင်သိမ်းသွားတာဗျ"

"မြေကြီးပေါ့သွားတာပေါ့ဗျာ"

ရဲအရာရှိက မိုးကြီးအလောင်းကို ကြည့်ကာ -

"အဲဒါ မိုးကြီးမဟုတ်ပါဘူး၊ စိုးကြီး ပါ"

"ဗျာ"

"စိုးကြီးက ထောင်ထဲမှာလေ"

ရဲအရာရှိက သဘောကျစွာ ပြုံး ကာ-

"မိုးကြီးက လမ်းထိပ်က အရက် ဆိုင်မှာ အိပ်ပျော်နေတာဗျ"

ရပ်ကွက်လူကြီးများ ရဲအရာရှိရဲ့ စကားကို ယုံရခက်ကြီးဖြစ်နေကြတယ်။

"စိုးကြီးက အချုပ်ခန်းကို ဖောက် ပြီး ထွက်ပြေးတာ။ သူ့အပြစ်ကိုသူ ကြောက်ပြီး အရက်ကို အလွန်အကျွံ သောက်တယ်။ သူ့စိတ်သူ မထိန်းနိုင်ဘဲ သူ့ကိုယ်သူသတ်သေသွားတာဗျ"

စိုးကြီးရဲ့အလောင်းကို လူနာတင် ယာဉ်ပေါ်တင်လိုက်ကြတယ်။ ကားများ မောင်းထွက်သွားကြလေပြီ။

ရပ်ကွက်လူကြီးများမှာ ပါးစပ် အဟောင်းသားဖြင့် -

❖

အဲဒီအဖြစ်အပျက်တွေကို ယုံ လား။

တကယ့် အဖြစ်အပျက်များဟာ စိတ်ကူးယဉ်ဇာတ်လမ်းတွေထက် ပိုပြီး ဆန်းကြယ်တယ်တဲ့။

အဲ့လိုပြောခဲ့ကြတာလေ။

မယုံရင်လည်း ရှင်းပြဖို့ မကြိုးစား တော့ပါဘူး။

ဒါဆိုလည်း -

တစ်ခုခုတော့မှားနေပြီလို့ . . . ။

**လူရှိန်အောင်**



www.burmeseclassic.com

www.burmeseclassic.com



## ကျွန်ုပ်ကြုံတွေ့ ကြားသိခဲ့ရ ဂမ္ဘီရ

(မော်လမြိုင်)

# မောင်လှယဉ်

**ကျွန်ုပ်အဘေး၏နိဒါန်း**

ယခု ကျွန်ုပ်ပြောပြမည့် အဖြစ်အပျက်သည် ကျွန်ုပ်အမေ၏ အဘိုး (ကျွန်ုပ်နှင့်ဆိုလျှင်တော့ အဘေး) ၏ အဖြစ်အပျက်များသာ ဖြစ်ပါသည်။ ကျွန်ုပ်၏ အဘေးကိုတော့ မမီလိုက်ရပါ။ အမေက ကျွန်ုပ်တို့ မောင်နှမများအား အိပ်ရာဝင်ပုံပြင်ပမာ ပြောပြလေ့ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကြာတော့လည်းကြာခဲ့ပါပြီ။ ယခု ဆိုး အမေလည်း ကွယ်လွန်ခဲ့ပြီး ကျွန်ုပ် ၏ အသက် (၆၀) ကျော်လာပြီဖြစ်၍ ကျွန်ုပ်တို့ခေတ်တွင် အဘေး၏ ဂမ္ဘီရ ပညာမျိုး မတွေ့ဘူးတော့ပါ။ ကျွန်ုပ် အဘေး၏ဂမ္ဘီရပညာမှာ အောက်လမ်း ပညာလား၊ ဂမ္ဘီရပညာအစစ်လား၊ မျက် လှည့်ပညာလား ဆိုတာ ကျွန်ုပ်ဝေခွဲမရ ဖြစ်နေပါသည်။

ငယ်ငယ်တုန်းကတော့ အမေ ပြောပြခဲ့သည့် အမေ့အဘိုး၏ အဖြစ် အပျက်တို့ကို နားထောင်ပြီး အံ့ဩခြင်း၊ ကြက်သီးမွေးညင်းထခြင်းတို့ ဖြစ်လာရ ပါသည်။ သည်အဖြစ်အပျက်ကို အမေ က ထပ်ခါတလဲလဲ ပြောပြသော်လည်း ကျွန်ုပ်တို့မရိုးနိုင်ပါ။

တစ်ခါတော့ အမေ့ကို မေးမိပါ သည်။

"အမေ၊ ဒီအကြောင်းချည်းပဲပြော ပြနေတာပဲ။ ဒီပြင်အကြောင်းတွေကို လည်းပြောပြဦး"

လို့ ပြောတော့ အမေက -

"ဒါက ငါခိုးကြည့်လို့တွေ့ရတာပဲ။ တခြားအဖြစ်အပျက်တွေတော့ ငါမတွေ့ ရဘူး"

ဟု ပြောပါသည်။

သည်နေရာမှာ ကျွန်ုပ်အမေရဲ့ အဘိုးအကြောင်းကို ခဏထားပြီး ရှေး လူကြီးတွေရဲ့ လျှို့ဝှက်နက်နဲတဲ့ ပညာ တွေကို ကျွန်ုပ်ဘုန်းကြီးကျောင်းသားဘဝ မြင်တွေ့ကြားသိခဲ့ရသည့် အဖြစ်များ အား ဦးဆုံး ပြောပြချင်ပါသည်။

ကျွန်ုပ်တို့ရွာတွင် ရှေးဟောင်း ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းရှိ သည်။ ထိုကျောင်းနှစ်ကျောင်းသည် တောင်ပေါ်တွင် တည်ဆောက်ထားပြီး တောင်ကျောင်းနှင့် မြောက်ကျောင်းဟု လူကြီးတွေက ခေါ်ကြသည်။


ထိုကျောင်းကြီးနှစ်ကျောင်းတွင် ရှေးလူကြီးတွေ၏လျှို့ဝှက်ဂမ္ဘီရပညာတွေ ထားခဲ့ကြတာကို ကျွန်ုပ် တွေ့ကြုံခဲ့ရပါ သည်။ တောင်ကျောင်းတွင် ကြေးစည် ထမ်း ဘီလူးနှစ်ကောင် အစောင့်ပြုလုပ် ထားခဲ့ပြီး မြောက်ကျောင်းတွင် ချုပ် တန်းပေါ်တွင် ဘီလူးနှစ်ကောင်အစောင့် ထားခဲ့တာကို ကျွန်ုပ် ကျောင်းသားဘဝ က တွေ့ခဲ့ဖူးပါသည်။

ဦးစွာ တောင်ကျောင်းက ကြေး စည်ထမ်း ဘီလူးနှစ်ကောင်အကြောင်း ကို အရင်ပြောပြချင်ပါသည်။

**တောင်ကျောင်းက ကြေးစည်ထမ်းဘီလူး နှစ်ကောင်**

ကြေးစည်ထမ်း ဘီလူးနှစ်ကောင် ရုပ်တုတို့သည် လွန်စွာမှလက်ရာမြောက် လှပြီး (၆) နှစ်၊ (၇) နှစ်သား ကလေး အရွယ်လောက်ရှိကာ ကျွန်ုပ်တို့ ကလေး တွေအဖို့ လွန်စွာမှ ကြောက်စရာကောင်း နေပါသည်။ သူတို့ညီနောင်နှစ်ကောင်ကို ဘုရားခန်းထဲတွင် ကြေးစည်ထမ်းခိုင်း ထားပါသည်။

ကျွန်ုပ်တို့ ညဘက်ဘုရားဝတ်တက်



www.burmeseclassic.com

ပြီးအမျှပေးဝေသည့်အခါ ထိုဘီလူးနှစ်ကောင်ထမ်းထားသည့် ကြေးစည်ကြီးကို အလှည့်ကျသွား၍တီးကြရသည်။တစ်ဦးတည်းမတီးရဲကြဘဲ ညှို၍ နှစ်ယောက်တွဲသွား၍တီးကြရသည်။

ထိုဘီလူးနှစ်ကောင်အဖြစ်အပျက်သည် ကျွန်ုပ်တို့ရွာတွင် ပြောစမှတ်တွင်ခဲ့သည့် အဖြစ်အပျက်ဖြစ်ခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံတစ်လွှားတွင် ရှေးဟောင်းပစ္စည်းတွေ လိုက်ဝယ်နေသည့် ရောဂါထနေချိန်ကပါ။ တစ်နည်း တော်လှန်ရေးကောင်စီ ဗိုလ်ချုပ်နေဝင်းအစိုးရတက်ခါစက ဖြစ်သည်။ သည်အချိန်က မှောင်ခိုလမ်းထနေချိန်၊ ထိုင်းနိုင်ငံမှ ပစ္စည်းပေါင်းစုံ အခွန်မဲ့ခိုးသွင်းနေချိန်ပါ။ မြန်မာနိုင်ငံကတော့ ကျောက်စိမ်း၊ ရှေးဟောင်းပစ္စည်းနှင့် ဘုရားဆင်းတုတော်များကို ခိုးထုတ်နေချိန်ပင် ဖြစ်ပါသည်။

တစ်နေ့ တောင်ကျောင်းကို ရှေးဟောင်းပစ္စည်းဝယ်သူနှစ်ဦး ရောက်လာပါသည်။ ထိုသူနှစ်ဦးသည် ရှေးလက်ရာကြေးစည်ထမ်း ဘီလူးညီနောင်ရုပ်နှစ်ရုပ်ကို လိုချင်ကြသဖြင့် ဆရာတော်နှင့် အပေးအယူလုပ်ကြလေသည်။ ဆရာတော်ကလည်း ကျောင်းရန်ပုံငွေလိုနေ၍ ရောင်းချရန် သဘောတူသဖြင့် တစ်ဝက်စရန်ငွေပေးခဲ့ကာ နောက်တစ်ပတ်မှ လာယူရန် ပြောဆိုပြီး ပြန်သွားကြသည်။ ထိုအချိန်က သိန်းချီပေးဝယ်သည်ဆိုတော့ တစ်ဖက်နိုင်ငံတွင် မည်မျှရမည်ကို စဉ်းစားသာကြည့်ပါတော့။

ထိုညတွင်ပင် ဆရာတော် အိပ်မက်မြင်မက်ပါသည်။ ရုပ်ချင်းခွဲမရအောင်တူ၍ သျှောင်တစောင်းထုံးထားသည့် လုလင်ပျိုနှစ်ယောက်က ဆရာတော်ကို ဝတ်ဖြည့်ပြီး လျှောက်ထားပါသည်။

"တပည့်တော်တို့သည် ဘုရားခန်းထဲမှ ကြေးစည်ထမ်းဘီလူးညီနောင် ဖြစ်ပါတယ်။ တပည့်တော်တို့အား ရှေးဆရာကြီးတွေက အသက်သွင်းထားလို့ အသက်ဝင်နေသူများဖြစ်ပါတယ်။ တပည့်တော်တို့နှစ်ဦးအား မသမာသူလက်ထဲ မထည့်လိုက်ပါနဲ့။ ဒီနေရာမှာ တပည့်တော်တို့ပျော်ပါတယ်။ ကျောင်းပြင်ဖို့ငွေလိုနေပါရင် တပည့်တော်တို့ကူညီပါ့မယ်။ ရောင်းလိုက်ရင်တော့ တပည့်တော်တို့ အရှင်ဘုရားအသက်ကို တာဝန်မယူနိုင်ပါ"

ဟု အိပ်မက်ပေးခဲ့ပါသည်။

သည်လို အိပ်မက်ပေးပေမယ့် ဂရုမစိုက်ဘဲ ဘီလူးညီနောင်ကိုရောင်းလိုက်ပြီး လူဝတ်လဲကာ မိန်းမယူလိုက်ပြီး ဆေးကုစားနေခဲ့သည်။ လူထွက်ပြီး ခြောက်လလောက်အကြာ တစ်ည လင်မယားနှစ်ဦးအိပ်နေတုန်း ဘုန်းကြီးလူထွက်ဆေးဆရာထံမှ တအစ်အစ်နှင့် အသံထွက်နေသံကြားရတော့ မိန်းမလုပ်သူကမီးခွက်ထထွန်းပြီး ကြည့်လိုက်ရာ ဆေးဆရာမှာ လည်ပင်းလိမ်ပြီး သေနေတာကို တွေ့ရလေသည်တဲ့။

ဆေးဆရာမိန်းမ၏ပြောစကားက 'ငါ့ကို ဘီလူးနှစ်ကောင် လည်ပင်းလိမ်ချိုးနေတယ်' ဟု အော်သံနှင့်အတူ တအစ်အစ်နှင့် အသံကြားရသည်ဟု ပြောတာကို သိရပေမယ့် ရပ်ကွက်ထဲက လူကြီးတွေကတော့ ခုတင်ပေါ်မှ ပြုတ်ကျ၍ လည်ပင်းကျိုးသွားသည်ဟု ဆိုကြသည်။

**ချုပ်တန်းပေါ်က ဘီလူးနှစ်ကောင်**

ဆက်တင်ပြမယ့် ဘီလူးညီနောင်ကတော့ ချုပ်တန်းပေါ်မှာနေတဲ့ ဘီလူးညီနောင်ပါပဲ။ ဒီဘီလူးညီနောင်က တစ်မျိုးပါ။ လူတွေကို ဒုက္ခမပေးပေမယ့် ကျောင်းသားငယ်တွေနဲ့ ကိုရင်လေးတွေကိုတော့ ချစ်လို့ထင်ပါရဲ့၊ နောက်တတ်တတ်ပါသည်။ သူတို့နောက်ပုံကလည်း ကလေးတွေ ထိတ်လန့်စရာပါ။

ဤ အဖြစ်အပျက် နှစ်ခုတို့သည် ကျွန်ုပ် ငယ်စဉ် ဘုန်းကြီးကျောင်းသားဘဝကိုယ်တွေ့များ ဖြစ်သည်။ ထိုအချိန်က ထိုမြောက်ကျောင်းကြီးတွင် လောကုတ္တရာစာပေများအပြင် ခေတ်အတန်းစာများပါ (အလယ်တန်းအဆင့်) သင်ကြားပေးနေသည့်ကျောင်း ဖြစ်ပါသည်။ ကျောင်းတွင် ကျောင်းထိုင်ဆရာတော်တစ်ပါး၊ ဦးပဉ္စင်းငယ်သုံးပါး၊ ကိုရင်နှစ်ပါးနှင့် ကျွန်ုပ် အပါအဝင် ကျောင်းသားကြီး၊ ငယ် အစိတ်လောက်ရှိနေပါသည်။ ကျောင်းသားကြီး လူပျိုပေါက်တွေပင်သုံး၊ လေးဦးရှိပါသည်။ ထိုကျောင်းသားတွေထဲတွင် ကျွန်ုပ်က အငယ်ဆုံး ဖြစ်ပါသည်။ သည်တုန်းက ကျွန်ုပ်အသက်ခြောက်နှစ်ကျော်၊ ခုနစ်ကျော်လောက်ပဲရှိပါသေးသည်။

အချိန်က လွတ်လပ်ရေးရပြီးခါစအချိန်ပါ။ နေ့ဆွမ်းစားပြီးချိန်နောက်ပိုင်း အတန်းစာသင်ကြားကြရပါသည်။ ညနေ (၅)နာရီခွဲတွင် ကျောင်းလွှတ်၍ ရွာမှ စာလာသင်သည့် ကျောင်းသားကျောင်းသူများ အိမ်ပြန်ကြပြီး ကျွန်ုပ်တို့ကျောင်းအိပ်ကျောင်းသားတွေသာ ညဘက်တွင် ကျောင်းကြီး၏ အလယ်ခန်းမကြီး၌ စုပေါင်းအိပ်ကြရပါသည်။

တချို့ ခြင်ထောင်တတ်နိုင်သည့် ကျောင်းသားတွေက အိမ်ကခြင်ထော[illegible] ယူလာ၍အိပ်ကြပြီး ခြင်ထောင်မတ[illegible] နိုင်သည့်ကျောင်းသားတွေက ဒီအ[illegible] အိပ်ကြရသည်။ ကျောင်းဝေယျာဝစ္စ[illegible] ရခြင်း၊ မျောက်ရှုံးအောင်ဆော့ရခြ[illegible] ကြောင့် အိပ်ပြီးဆိုတာနှင့် တုံးခနဲ[illegible] ခြင်ကိုက်သည်တောင်မသိတော့[illegible]

"အောင်မယ်လေး. . ."

"ဟေ့- ငါ့ခြေထောက်ကို ဘယ်[illegible] ဆွဲတာလဲကွ"

တစ်နေ့ ညဉ့်နက်ပိုင်း ကျွ[illegible] ဘေးတွင် အိပ်နေသည့် မောင်[illegible] အလန့်တကြားအော်သံကြားလို[illegible] ကျွန်ုပ်တို့ လန့်နိုးကုန်ကြပါတော့[illegible]

"ဟေ့ - ဘယ်သူလဲကွ၊ ညအ[illegible] မတော်ကြီးထအော်တာ"

ဆရာတော်ထွက်လာပြီးမေး[illegible] ခြင်း ဖြစ်ပါသည်။

"တပည့်တော်ပါဘုရား၊ တ[illegible] တော်ရဲ့ ခြေထောက်ကို တစ်ယော[illegible] ယောက်လာဆွဲလို့ လန့်ပြီးအော်မိတာ[illegible] ဘုရား"

မောင်ခြိမ့်က တုန်တုန်ယင်[illegible] နှင့် လျှောက်ထားလိုက်ပါသည်။

"ဘယ်သူမောင်ခြိမ့်ခြေထော[illegible] ကို ဆွဲတာလဲဟေ့"

ဆရာတော်၏ မေးမြန်းသံ၊ [illegible] ခြိမ့်အော်သံတို့ကြောင့် ကိုရင်၊ ကျော[illegible] သားအားလုံး နိုးကုန်ပြီဖြစ်ပေမယ့် အ[illegible] ကတော့ ထွက်မလာချေ။

"အေး - ကောင်းကောင်းပြန်[illegible] ကြ။ နောက်တစ်ခါ ထပ်အော်သံကြား[illegible] ရင် အားလုံးတုတ်စာမိမယ်"

ဆရာတော်က ကြိမ်းမောင်း[illegible] ကျက်သရေခန်းထဲ ဝင်သွားလေသ[illegible] ကျွန်ုပ်တို့လည်း တိုးတိုးတိတ်တိတ် [illegible] ထိုးရင်း ပြန်၍အိပ်ပျော်သွားကြပါ[illegible] သည်။ ဆရာတော်ကြိမ်းသွား၍ထ[illegible] သည်။ နောက်ထပ်ဘာမှမဖြစ်တော့[illegible] တုံးခေါက်သံကြားမှ နိုးလာကြပါ[illegible] သည်။

နောက်တစ်နေ့ နံနက်လေး[illegible] တုံးခေါက်ပြီး တန်းဆွမ်းခံရန် ပြင်ဆ[illegible] ကြ၍ ဘယ်သူမှ ကြည့်မအားကြ[illegible] ဦးပဉ္စင်း၊ ကိုရင်တွေ သင်္ကန်းရုံပြီး [illegible] ရန် ကျောင်းသားတွေကို စစ်လိုက်[illegible] တစ်နေ့ညတုန်းက ခြေထောက်ဆွဲခံရ[illegible] မောင်ခြိမ့် ပျောက်နေတော့တယ်။

"ဟေ့ - ဟိုကောင်မောင်ခြိမ့်[illegible]



www.burmeseclassic.com

www.burmeseclassic.com

သာထဲဘာလို့သွားအိပ်နေတာလဲ။ တော် အိပ်ကြီးတဲ့ကောင်၊ မျက်နှာ သစ်။ သွားတော့မယ်"

"တပည့်တော်အိပ်တုန်းက သူတို့ အတူတူအိပ်နေတာပါဘုရား။ အခု လိုဖြစ်ပြီး အိမ်သာထဲရောက်နေ လဲမသိဘူး ဘုရား"

မောင်ခြိမ့်က တုန်တုန်ယင်ယင် လျှောက်ထားလိုက်သည်။ မောင်ခြိမ့် က အမှန်ပြောနေသည့်ပုံစံ ဖြစ် ဦးပဥ္စင်းလည်း ဘာမှထပ်မပြော ဘဲ တန်းဆွမ်းဆင်းရန် အချိန်လွန် ဖြစ်၍ ထွက်သွားပါတော့သည်။

ဒီလို မောင်ခြိမ့်က စလိုက်သည့် ဖြစ်တာ ညစဉ်ရက်ဆက် ကျောင်း ကိုရင်တွေ တစ်ယောက်တစ်မျိုး အောင်ထိနေပါတော့သည်။ကျွန်ုပ် ကျောင်းသားထဲတွင် အငယ်ဆုံးမို့ ပါရဲ့၊ ကံဆိုးသူမဖြစ်ခဲ့ပါ။ ကျွန်ုပ်နှင့် အတူ ခြင်ထောင်ထဲအိပ်နေသည့် ကိုသာလှတောင်ပါလိုက်သေးသည်။ ညကို တစ်ယောက်၊ နှစ်ယောက် ရာထဲကနေပြီး မီးဖိုခန်းထဲရောက် ရောက်၊ အိမ်သာထဲရောက်လိုရောက် ဖြစ်နေကြတော့ ညညဆို ကျောင်းကြီး မှာ မအိပ်ရဲကြတော့ပေ။ ကိုရင်နှင့် ကျောင်းသားတွေအားလုံး အိမ်မှာ ပြန် အိပ်ကြဖို့ ဆရာတော်ကို လျှောက် ကြတော့သည်။

ဒီတော့ ဆရာတော်က အဖြစ်အ ကို အကုန်ခေါ်မေးပြီး ကျောင်း ကြီးတွေနှင့် တိုင်ပင်ကြပါတော့ သည်။

ကျောင်းဒကာထဲက ဗဟုသုတ ပြည့်စုံတဲ့ ဦးဒွန်းအောင်က နားလည် တဲ့ဆရာတစ်ယောက်ရှာပြီး ကြည့်ခိုင်း လျှင် ကောင်းမည်ဟု အကြံပေး၍ သူ့ကို ပင် ဆရာရှာခိုင်းလိုက်သည်။

သုံးရက်လောက်အကြာ နံနက်ပိုင်း ဒကာကြီး ဦးဒွန်းအောင်သည် အသား ဖြူဖြူ အရပ်မြင့်မြင့်နှင့် အသက်ငါးဆယ် ခန့်လောက်ရှိမယ့် လူခံ့ခံ့ကြီးတစ်ဦးနှင့် အတူ ကျောင်းပေါ်သို့ လာကြသည်။ သျှောင်တစောင်းနှင့် ဖြူဖြူခံ့ခံ့လူကြီးကို ကျွန်ုပ်တို့ ကိုရင်၊ ကျောင်းသားတစ်စု ပြူတစ်ပြူတစ်နှင့် ချောင်းကြည့်နေကြ သည်။

ဆွမ်းခံချိန်ကျနေပြီဖြစ်၍ နောက် ပိုင်းအဖြစ်အပျက်ကို မကြည့်နိုင်တော့ ပါ။ ဦးပဥ္စင်းပြောပြသည့် စကားက အလယ်ခန်းနောက်ဘက် ချုပ်တန်းကြီး ကို လဲရမည်ဟု ဆိုပါသည်။ နောက်တစ် နေ့တွင် ကျောင်းဒကာများနှင့် လက်သမား ဆရာတို့ရောက်လာပြီး လဲမည့်ချုပ်တန်း ကို တက်ဖြုတ်ကြသည်။အောက်ရောက် သည့် ချုပ်တန်းကြီးကို ကျွန်ုပ်တို့ကြည့် ကြရာ လက်ရာအလွန်မြောက်လှသည့် ဘီလူးခေါင်းရုပ်တုနှစ်ခုကို ကပ်ထား သည်ကို တွေ့ရပါသည်။

သည်ချုပ်တန်း ဖြုတ်လဲပြီးသည့် အချိန်မှစ၍ ကျွန်ုပ်တို့ ကောင်းစွာ အိပ် ရပါတော့သည်။ နောက်လည်း ဘာမှ မဖြစ်တော့ပါ။

**အမေပြောပြသည့် ဂမ္ဘီရ ဆိုတာ**

ယခု နောက်ဆုံး ကျွန်ုပ်ပြောပြ မည့်အကြောင်းက ကျွန်ုပ်အမေ ပြောပြ သော အမေ့အဘိုး၏ အဖြစ်အပျက်ကို အမေပြောပြသည့်အတိုင်း ရေးပြရခြင်း ဖြစ်ပါသည်။ ကျွန်ုပ်အဘေး၏ လုပ် ဆောင်ချက်တွေသည် ဂမ္ဘီရလား၊ လက် လှည့်ပညာလား၊ မျက်စိကို လှည့်စားတာ လားဆိုတာ ကျွန်ုပ် မဆုံးဖြတ်နိုင်ပါ။ စာဖတ်သူတို့သာ ဆုံးဖြတ်ပါလေ။

သည်တုန်းက အင်္ဂလိပ်အုပ်စိုးချိန် ကပါ။ အဲဒီအချိန် အမေ့အသက်က (၁၃) နှစ်၊ (၁၄) နှစ်လောက်ရှိပါပြီဟု ဆိုပါသည်။ အမေ့အဘိုးက အငယ်ဆုံး မြေး အမေ့ကို အချစ်ဆုံးလို့သိရပါသည်။ ဘယ်သွားသွား အမေ့ကိုသာ ခေါ်သွား လေ့ရှိသည်။ တစ်ခါတော့ ကျွန်ုပ်အဘွား က ဒီလိုပြောလာသည်။

"အဖေရယ်၊ အဖေ့မြေးကို နေရာ တကာကို ခေါ်သွားနေ။ ပျက်စီးလိမ့် မယ်" တဲ့။

သည်တော့ ကျွန်ုပ်၏အဘေးပြန် ပြောပုံကိုလည်းကြည့်လေ။

"နင်က မွေးရုံမွေးတာပါ ခင်ထား ရယ်။ တို့လင်မယားမွေးထားတာပါ။ နင့် ကိုလည်း တို့ကမွေးထားတာပါ။ ပျက်စီး တာဆိုရင်တော့ နင့်စိတ်ဓာတ်ကူးသွား လို့ပဲ မှတ်ထားပါ"

ကျွန်ုပ်အဘေးက ဒီလိုဆိုလိုက်၍ ကျွန်ုပ်အဘွား နောက်ထပ်မပြောရဲတော့ ပေ။ ကျွန်ုပ်အဘေးက အရက်လည်း သောက်တတ်သည်ဟုသိရသည်။ အရက် ဆိုင်ကိုလည်း ကျွန်ုပ်အမေကို ခေါ်သွား လေ့ရှိသည်။ ဒါကို အမေရဲ့ အဘွားက သူ့မြေးကို အရက်ဆိုင် မခေါ်သွားဖို့တား တော့ ကျွန်ုပ်အဘေးက သည်လိုပြော သည်။

"ဟ - ငါ့အချစ်ဆုံး မြေးမလေး ယောကျ်ားလေးစိတ်ဝင်မှဖြစ်မှာဟ။ ဒါမှ ငါတတ်ထားတဲ့ပညာတွေ သူ့ကိုပေးခဲ့ရ မှာ"

လို့ ပြောတော့ အမေ့အဘွားက-

"မိန်းကလေးဟာ မိန်းကလေး လိုပဲနေပါစေ။ ဘာပညာမှ ကလေးကို မပေးပါနဲ့"

လို့ တစ်ချက်လွှတ် အမိန့်ထုတ် လိုက်တော့ ကျွန်ုပ်အဘေးမှ ဘာမှဆက် မပြောရဲတော့ဘဲ ငြိမ်သွားတော့သည်။

အမေ ရယ်ပြီးပြောတာက ကျွန်ုပ် အဘေးက သူ့မိန်းမကို အလွန်ကြောက် ရသည်ဆိုပဲ။

သည်လို အမေ့အဘွားရဲ့တစ်ချက် လွှတ်အမိန့်ကြောင့် မိန်းကလေးပီသခဲ့ သည်ဟု ဆိုပါသည်။

တစ်နေ့မှာပေါ့။

မော်လမြိုင်က ထောင်ကဲ (တရုတ်) နှစ်ဦး အမေ့အဘိုးအိမ်ကို ရောက်လာ သည်။ သည်အချိန်က ဝက်သတ်လိုင်စင် ဖြင့် ဝက်တို့ကို တရုတ်များသာ လုပ်ကိုင် ရောင်းဝယ်ကြပြီး အမဲသားကိုတော့





www.burmeseclassic.com

www.burmeseclassic.com

မွတ်စလင်ကုလားများသာ ရောင်းဝယ်ကြသည်ဟု သိရပါသည်။ ထိုထောင်ကဲ တရုတ်တို့သည် တောရွာတွေဆင်းပြီး ဝက်အရှင်ကို ဝယ်ယူ၍ ပြန်သတ်ကာ ဈေးတွင်တင်ရောင်းကြသည်။

ထိုနေ့မနက်က ကိုးနာရီလောက်ရှိပြီ ဖြစ်သည်။

ကျွန်ုပ်အမေသည် သူမအဘိုး၏ ထူးခြားသည့်အဖြစ်ကိုတွေ့ရလေသည်။

ရှေးက မွန်တိုင်းရင်းသားတို့သည် သတ်စားရသည့် ကြက်၊ ဘဲ၊ ဝက်တို့ကို အိမ်တွင် မမွေးကြကြောင်းကို အမေက သိထားသည်။ ကျွန်ုပ်အဘေးတို့လည်း ရှေးမွန်များပီပီ အိမ်တွင် ကြက်၊ ဘဲ၊ ဝက် မမွေးပါ။

သည်နေ့မနက်တော့ အမေ့အဘိုးသည် ဘယ်ကဆွဲလာတဲ့ ဝက်နှစ်ကောင်လဲ မသိ။ အိမ်ရှေ့ခြံတိုင်တွင် ချည်ထားလိုက်တာကို အမေတွေ့ရ၍ အံ့သြမိလေသည်။ ဒါကို အမေ့အဘွားက တွေ့၍ မေးလေသည်။

"ကိုကွန်ထွီး၊ ဒီဝက်နှစ်ကောင် ဘယ်က ယူလာတာလဲတော်။ ဘာလုပ်ဖို့ အိမ်မှာလာချည်ထားတာလဲ"

"ငါ့သူငယ်ချင်း မောင်ကွန့်လယ်ထဲက လူကြုံပါးလိုက်တဲ့ဝက်တွေပါကွာ။ ဒီနေ့ ရွာကို မြို့က ဝက်လာဝယ်တဲ့ ထောင်ကဲတွေ လာမယ်လေ။ သူလယ်ထဲကမပြန်နိုင်လို့ ငါ့ကို ရောင်းခိုင်းလိုက်တာကွ"

"ရှင်နော်၊ ဘုရားမကြိုက်တဲ့ အလုပ်တွေ သူဟာသူရောင်းပါစေလား။ ဒီဟာယ်မယ်(မြန်မာ)လာမှ တွေ့ဦးမယ်။ ရှင်က ကြားထဲက အကုသိုလ်ယူတာလား"

"မဟုတ်ပါဘူး မိနော်ချစ်ရယ်၊ သူငယ်ချင်းမို့လို့ ကူညီတာပါ ဟဲဟဲ။ ငါလည်း အရက်သောက်ရတယ်လေကွာ"

"တော် ဒီအရည်နဲ့ပဲ သေမှာပဲ။ ဟင်း - မပြောချင်ပါဘူး"

အဘွားက မြည်တွန်တောက်တီးပြီး အိမ်ထဲသို့ဝင်သွားတော့သည်။

မွန်းတည့်လောက်အရောက်တွင် တရုတ်နှစ်ဦး အမေ့အဘိုးကို လာတွေ့လေသည်။

"ဟော့စူငယ်ဂျင်း ကွန်ထီး၊ မင်းစူ ဝက်ရောင်းဖို့ရှိတယ်ဆို"

"အေးဟေ့ ထောင်ကဲရေ၊ အိမ်ရှေ့ခြံတိုင်မှာ ချည်ထားတဲ့ ဝက်နှစ်ကောင်ပဲကွ"

အမေ၏ အဘိုးနှင့် ထောင်ကဲတို့ ဈေးစကားပြောဆိုကြပြီး ဈေးတည့်သွား၍ ငွေပေးချေပြီး ထောင်ကဲတို့ ဝက်နှစ်ကောင်ကို ဆွဲသွားတော့သည်။

နောက်နေ့မနက်ပိုင်း အမေရဲ့ အဘွား တခြားရွာအလှူသို့ သွားနေ၍ အိမ်တွင် အမေနှင့် သူမအဘိုးဦးကွန်ထွီးတို့သာ ရှိနေကြ၏။ အမေ့အဘိုး ဦးကွန်ထွီးသည် အမေ့အဘွားမရှိ၍ အိမ်ရှေ့တွင် အရက်ထိုင်သောက်နေလေ၏။ အရက်ပုလင်းတစ်ဝက်လောက်အရောက်တွင် သူ့မြေး ကျွန်ုပ်အမေကို သူ့အနားသို့ ခေါ်လိုက်ကာ -

"မြေးလေး၊ အဘိုးအိပ်နေတဲ့အခါ မနေ့က ဝက်ဝယ်သွားတဲ့တရုတ်နှစ်ဦး လာရှာလိမ့်မယ်။ မြေးကိုမေးရင် အဘိုး အိပ်နေတယ်လို့ပဲပြော။ တခြားဘာမှ မပြောနဲ့။ သူတို့နိုးခိုင်းရင်လည်း မြေးလေး လာမနိုးနဲ့နော်။ အဘိုးရိုက်လိမ့်မယ်၊ မနိုးရဲဘူးလို့ပြော။ အဘိုး အိမ်ရှေ့ခန်းမှာပဲအိပ်နေမယ်။ သူတို့ အိမ်ပေါ်တက်လာတဲ့အခါ မြေးလေးမလိုက်လာနဲ့၊ အောက်မှာပဲနေခဲ့ ကြားလား"

အမေ့အဘိုး ဦးကွန်ထွီးက အမေ့ကို မှာစရာရှိတာမှာပြီး အိမ်အောက်တွင် ကစားခိုင်းနေလိုက်ပါသည်။ နေထန်းတစ်ဖျားကျော်ချိန်လောက်တွင် တရုတ်နှစ်ယောက်သည် တရုတ်လိုမိုးမွန်အောင် ပြောဆိုပြီး အမေ့အဘိုး၏အိမ်ဝိုင်းထဲသို့ ဝင်လာလေ၏။

"ဟော့စူဝက်မလေး၊ နင့်အဘိုး ကနီနဲကွန်ထွီးဘယ်မှာလဲ။ ဝတို့ကို ဝက်ဆိုပြီးရောင်းလိုက်တာခြင်းတွေ။ဒီကောင် ဝတို့ကို လိမ်ရောင်းတယ်"

"ထောင်ကဲကြီးတို့ကို အဘိုးက ဘာလိမ်လို့လဲ။ ထောင်ကဲကြီးတို့ မနေ့က ဆွဲသွားတာ ဝက်မဟုတ်ရင်ဘာမို့လဲ။ ကွီ ကွီ ကွီလို့တောင် ဝက်လို အော်သွားတယ်လေ"

"ဝတို့ယူသွားတုန်းကတော့ ဝက်ပဲ၊ အိမ်ရောက်မှ ခြင်းတွေဖြစ်ကုန်တာ။ စီကောင်ကွန်ထွီး ဝလို့ကို နှစ်ပေါက်သုံးပေါက်ရိုက်တယ်"

ထောင်ကဲနှစ်ယောက်လည်း ဆူဆဲပြီး အိမ်ပေါ်ကို တက်သွားကြသည်။ ကျွန်ုပ်အမေကလည်း အိမ်ပေါ်ကို နောက်က တိတ်တိတ်လေး လိုက်တက်သွားပြီး ပုဏ္ဏားကွယ်ကနေ အသာလေး ချောင်းကြည့်နေလိုက်တယ်။

"ဟော့ - စူဝက်ကွန်ထွီး ထစမ်း။ နင်ကစူလိမ်ပဲ။ တို့ကို ဝက်ဆိုပြီး မျက်စိ

လှည့်ပြီး ခြင်းတောင်ကို ညာရောင်း[illegible]
ကောင်"

တရုတ်နှစ်ယောက်က ပြောလည်း[illegible]
ပြော၊ ဆဲလည်းဆဲပြီး အဘေး ဦးကွန်[illegible]
လက်ကို လှုပ်ဆွဲပြီးနိုးလိုက်ရာ အဘေး[illegible]
၏ လက်တစ်ဖက်မှာ ပြုတ်ထွက်လာ[illegible]
တရုတ်ကြီးလက်ထဲကိုပါလာကို အ[illegible]
တွေ့လိုက်ရ၍ လန့်မအော်မိရန် ပါး[illegible]
ကို အမြန်ပိတ်လိုက်ရသည်။

တရုတ်နှစ်ယောက်လည်း ဝမ်[illegible]
လို့ ဘုရားတ၍ ဦးကွန်ထွီး၏ လ[illegible]
တစ်ဖက်ကို လွှတ်ချလိုက်ပြီး -

"ဝမ်စေ့ ဘုရားကယ်ပါ။ စီကော[illegible]
လက်ကို ဝတို့ဖြုတ်တာ မဟုတ်ပါ[illegible]
နော်"

တရုတ်ကြီးနှစ်ယောက်က လ[illegible]
ကို အမြန်လွှတ်ချလိုက်ပြီး ကိုင်မိတ[illegible]
အဘေး၏ ခြေသလုံးကိုဆွဲပြီး လှုပ်[illegible]
သည်။အဘေး၏ခြေထောက်ကို တ[illegible]
ကြီးဆွဲလိုက်တာနှင့် ပေါင်ရင်းမှ ပြ[illegible]
ထွက်၍ တရုတ်ကြီးလက်ထဲကို ပါ[illegible]
လေ၏။

"အားယိုးယိုး . . . ဝမ်စေ့ [illegible]
တော်မူပါဦး။ ခုန လိတစ်ဖက်ဆွဲ[illegible]
တယ်။ အရင်းက ဖြုတ်ထွက်ပါလာ[illegible]
နော်။ အီခုတစ်ခါ ခြေထောက်ကိုဆွဲ[illegible]
တယ်။ ခြေထောက်ကြီး ပြုတ်ပါ[illegible]
နော်။ ဝ ဒီကောင်ကို ကြောက်သွ[illegible]
ပိဆံလည်း မယူတော့ပါဘူး။ တွ[illegible]
ဝလို့ စတ်တာမဟုတ်ဘူးနော်၊ စူး[illegible]
ဖြစ်တာ။ ဝတို့နဲ့မဆိုင်ဘူး"

ထောင်ကဲနှစ်ယောက်တို့လ[illegible]
ကျွန်ုပ်အဘေးအိမ်မှ အော်၍ ဆင်း[illegible]
ကြလေ၏။ နောက်လည်း မလာ[illegible]
ပါ။

ကျွန်ုပ်အမေက အဘေး၏အ[illegible]
အပျက်ကို ရယ်ရယ်မောမောနှင့် အ[illegible]
သတ် ပြောပြခဲ့ပါသည်။ ဟိုတု[illegible]
တော့ ကျွန်ုပ် ငယ်သေး၍ မသိသေ[illegible]
အခု ကြီးလာမှ ကျွန်ုပ်အဘေးရဲ့အ[illegible]
ကို ပြန်စဉ်းစားမိတော့ ဒါလက်[illegible]
မျက်လှည့်တစ်ခုခုဖြစ်နိုင်သည်ဟု [illegible]
မိပါသည်။

စာဖတ်သူများ ဆုံးဖြတ်ပါ[illegible]
ဂမ္ဘီရပညာဆိုလည်း ဂမ္ဘီရပညာပဲ[illegible]
လိုက်ပါတော့။ ကျွန်ုပ် မငြင်းလို[illegible]

ကောင်းကျိုးလိုရာပြည့်[illegible]

မောင်လှယဉ် (မော်[illegible]



www.burmeseclassic.com

www.burmeseclassic.com

# အလောင်းဘုရားအကြောင်း တစေ့တစောင်း

ရွှေဘို-ဘာမထိခင်အောင်

**...လောင်းမင်းတရားကြီး၏**
**...စ်သေချာမှု**

အုပ်ချုပ်စီမံရေးတွင် ကျွမ်းကျင်...ည့် အလောင်းမင်းတရားကြီး ဦးအောင်...သည် ဘဏ္ဍာငွေသုံးစွဲရာ၌ စေ့စပ်...ချာလှကြောင်းကို မော်ဓောမြင်သာ...တော်အတွက် ရွှေဆိုင်းကပ်စေ...တိစ္စရပ်တွင် ထင်ရှားစွာတွေ့ရ၏။ ...ပါအကြောင်းကို အလောင်းမင်းတရားကြီး၏ အမိန့်တော်များ၌ ပါရှိ၏။ မြန်မာနှစ် ၁၁၁၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်တို့တွင် မှတ်သားထားသည့် အမိန့်တော်၌ -

*'သက္ကရာဇ် ၁၁၁၉ ခုနှစ်၊ တပို့တွဲ လဆန်း ၁၁ ရက်၊ ၅ နေ့ ကောင်းမှုတော်စေတီ (မော်ဓောမြင်သာ စေတီတော်ကို ဆိုလိုသည်။)တည်မည့် အများခတ်စေရမည့် သိဒ္ဓိဘာဟုကို ခေါ်စေတော်မူ ရွှေ ဝိ (တစ်ကျပ်) ကို အဆိုင်းမည်မျှရမည် အမေးတော်ရှိလျှင် (၆)ဆိုင်း ရပါသည်လျှောက်သည့် မိကျိုင်းကို ခေါ်တော်မူ၍ မေး၍ ရွှေ ဝိကို (၈) ဆိုင်းရပါသည်လျှောက်၍ သိဒ္ဓိဘာဟုက ရွှေခတ်လူ၊ မိကျိုင်းက ရွှေခတ်လူတို့ကို ရွှေ ဝိစီ အပ်တော်မူ၍ နန်းတော်တွင် ၁၄ရက်ကစ၍ ခတ်စေသည်။ လပြည့်ကျော် ၂ ရက် (၈) ဆိုင်းစီ ရပါသည်။ ရွှေစလည်းနဲ (အနည်းငယ်) ကျန်သည်။ သိဒ္ဓိဘာဟုကို များစွာ အပြစ်တင်သည်။ ဘဏ္ဍာတော်ကို လျော့အောင်ပြုသည့် ကျွန်ဖိုးဖြစ်သည့် မိကျိုင်းကို 'သိဒ္ဓိဘာဟုမ' ဟု တွင်စေ။ သိဒ္ဓိဘာဟုမက ရွှေ(၇)ဆိုင်းနှင့် အပြား(၅၀) ဆက်လက်သွင်း။ သက္ကရာဇ် ၁၁၁၉ ခု၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်က အလောင်းမင်းတရားကြီး အမိန့်တော် ရောက်ရှိခဲ့ပေသည်။'*

ဤမှတ်တမ်းအရ အလောင်းမင်းတရားကြီးသည် ဘဏ္ဍာတော်ငွေ သုံးစွဲမှု၌ လွန်စွာ စေ့စပ်သေချာလှကြောင်း၊ အမှုထမ်းတို့ လျှောက်တင်သည့်အတိုင်း လက်သင့်မခံပါဘဲ ကိုယ်တိုင်ကိုယ်ကျ စူးစမ်း လေ့လာတတ်ကြောင်းနှင့် အမှုထမ်းဆိုးအား ပြစ်တင် ဝေဖန်တတ်ပြီး အမှုထမ်းကောင်းကိုမူ ချီးမြှောက်တတ်ကြောင်း ထင်ရှားလှသည်။



တတိယမြန်မာနိုင်ငံတော်ကြီးကို (၈) နှစ်အတွင်း စည်းရုံး တည်ထောင်ပေးခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ကြေးရုပ်သွင် (၁၇၁၄-၁၇၆၀)

**နံတော်သင့်ဆို ဘွဲ့တပ်ချည်မှု**

အလောင်းမင်းတရားကြီးသည် သောကြာသားဖြစ်သည့်အတွက် မိမိပြုသော ကောင်းမှုစေတီတော်များကို ဘွဲ့ပေးရာ၌ သောကြာနံ အဖျားထားပြီးပေးလေ့ရှိသည်။ သို့ဖြင့် ရွှေဘုံသာ၊ ရွှေချက်သို စသည်ဖြင့် ဘွဲ့ပေးခဲ့၏။ ယခုစေတီတော်ကို မော်ဓောမြင်သာဟု သောကြာနံကို အဖျား၌ထားပြီး ဘွဲ့တပ်ချည်ခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ကုန်းဘောင်မင်းများ၏အခြေပြဇယား

| မွေးသက္ကရာဇ် | ငယ်နာမည် | ဘွဲ့တော် | နန်းတက် | အိမ်နိမ့်စံ | နန်းစံနှစ် | သက်တော် | နန်းစံမြို့ |
|---|---|---|---|---|---|---|---|
| ၁၀၇၆ | ဦးအောင်ဇေယျ | အလောင်းမင်းတရား | ၁၁၁၄ | ၃၈ | ၈ | ၄၆ | ရွှေဘိုမြို့တော် |
| ၁၀၉၆ | ဦးလောက် | ဒီပဲယင်းမင်း | ၁၁၂၂ | ၂၆ | ၃ | ၂၉ | ရွှေဘို/စစ်ကိုင်း |
| ၁၀၉၈ | ဦးရွ | ဆင်ဖြူရှင် | ၁၁၂၅ | ၂၇ | ၁၃ | ၄၀ | ရွှေဘို/အင်းဝ |
| ၁၁၁၈ | ဦးရဲလှ | စဉ့်ကူးမင်း | ၁၁၃၈ | ၂၀ | ၆ | ၂၆ | အင်းဝ |
| ၁၁၂၅ | ဦးမောင်မောင် | ဖောင်းကားမင်း | ၁၁၄၃ | ၁၈ | ၇ ရက် | ၁၈ | အင်းဝ |
| ၁၁၀၆ | ဦးဝိုင်း | ဘိုးတော် | ၁၁၄၃ | ၃၈ | ၃၇ | ၇၅ | အင်းဝ/အမရ |
| ၁၁၄၆ | ဦးဇင် | စစ်ကိုင်းမင်း | ၁၁၈၁ | ၃၅ | ၁၈ | ၆၂ | အမရပူရ/အင်း |
| ၁၁၄၈ | ဦးခင် | သာယာဝတီမင်း | ၁၁၉၉ | ၅၀ | ၉ | ၅၉ | အင်းဝ/အမရ |
| ၁၁၇၃ | ဦးလူကလေး | ပုဂံမင်း | ၁၂၀၈ | ၃၅ | ၆ | ၆၈ | အမရပူရ |
| ၁၁၇၆ | ဦးလွင် | မင်းတုန်းမင်း | ၁၂၁၄ | ၃၈ | ၂၆ | ၆၄ | အမရပူရ/မန္တ |
| ၁၂၂၀ | ဦးမျိုးဆက် | သီပေါမင်း | ၁၂၄၇ | ၂၀ | ၇ | ၅၈ | မန္တလေး |

ကုန်းဘောင်မင်းဆက်(၁၁)ဆက်တွင် အလောင်းမင်းတရားကြီးနည်းတူ မိမိတို့၏ကောင်းမှုတော်များကို မိမိတို့၏နံကို အဖျားထားပြီး ဘွဲ့ပေးခဲ့ကြ၏။ ထိုသည်တို့မှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

၁။ အလောင်းမင်းတရား (သောကြာသား) ၁၇၅၂-၁၇၆၀ - ရွှေချက်သို၊ မော်ဓောမြင်သာ၊ ရွှေဘုံသာ။

၂။ ဘိုးတော်ဘုရား (ဦးဝိုင်း) (တနင်္လာသား) ၁၇၈၂-၁၈၁၉ - ဖေအာင်မြေလောက။

၃။ ဘကြီးတော်(ဦးဇင်) (စစ်ကိုင်းမင်း)(သောကြာသား) - ၁၇၁၉-၁၈၃၇- မဟာဝိဇယရံသီ။

၄။ သာယာဝတီမင်း (ဦးခင်) (ရွှေဘိုမင်း (ဗုဒ္ဓဟူးသား) - ၁၇၃၇-၁၈၄၆- လောကမဏိစူဠာ။

၅။ ပုဂံမင်း (ဦးလူကလေး) (သောကြာသား) ၁၈၄၆-၁၈၅၂ - မဟာလောကရံသီ။

၆။ မင်းတုန်းမင်း (ဦးလွင်) (အင်္ဂါသား) ၁၈၅၂ - ၁၈၇၈ - မဟာလောကမာရဇိန်။

၇။ သီပေါမင်း (ဦးမျိုးဆက်) (စနေသား)၁၈၇၈-၁၈၈၅-မာရ်အောင်ရတနာ။

**ကုန်းဘောင်မင်းဆက်(၁၁)ဆက် ရှင်ဘုရင်(၁၁)ပါး၏ တံဆိပ်နာမင ဘာ်များ**

၁။ ဦးအောင်ဇေယျ - အလောင်းမင်းတရားကြီး၊

၂။ ဦးလောက် - သီရိပဝရ သုဓမ္မ ရာဇာ၊

၃။ ဦးရွ - သီရိပဝရသုဓမ္မမဟာရာဇာဇနန္ဒာဓိပတိ၊

၄။ ဦးရဲလှ - မဟာဓမ္မရာဇာဓိရာဇာ၊

၅။ ဦးမောင်မောင် - မရှိ။ ဘုရင် (၇) ရက်ပဲဖြစ် (ရေမှာအဖျောက်ခံရ)။

၆။ ဦးဝိုင်း - သီရိပဝရ ဝိဇယာနန္ဒယသတြိဘဝနာ ဒိတျာဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ၊

၇။ ဦးဇင် - သီရိတြိဘဝနာဒိတျပဝရပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ၊

၈။ ဦးခင် - သီရိပဝရာဒိတျလောကာဓိပတိဝိဇယျမဟာဓမ္မရာဇာဓိရာဇာ၊

၉။ ဦးလူကလေး - သီရိသုဓမ္မတိလောပဝရမဟာဓမ္မရာဇာဓိရာဇာ၊

၁၀။ ဦးလွင် - သီရိပဝရဝိဇယာနန္တယသပဏ္ဍိတတြိဘဝနာဒိတျာဓိပတိမဟာဓမ္မရာဇာဓိရာဇာ၊

၁၁။ ဦးမျိုးဆက် - သီရိပဝရဝိဇယာနန္တယသတိလောကာဓိပတိပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ။

**ဦးအောင်ဇေယျ၏ညီအစ်ကိုမောင်နှမများ**

၁။ မောင်အောင်မြို့
၂။ နှမတော်ခင်ဝင်း
၃။ မောင်တော်မောင်ဖြိုး
၄။ နှမတော်ခင်မင်း
၅။ မောင်တော်မောင်အောင်ဇေယျ
၆။ ညီတော်မောင်ရွှေခြူ
၇။ ညီတော်မောင်ရွှေရ
၈။ နှမတော်ခင်မာတို့တည်း။

**အဆက်အနွယ်**

အဘော
မင်းနေထွန်း

အဘင်
မင်းရဲထွေး(မြင်းခေါင်း)

အဘိ
မင်းကြီးရွှေ

အဘေး
မင်းဖိုးခင်
(မြင်းခေါင်း)

အဘိုး
မင်းစစ်နိုင်

အဘ
မင်းညိုစံ

ရွှေဘို-ဘာမထီခင်

**ကိုးကားချက် -**

- ရွှေမော်တောဘုရားသမိုင်း
  ဦးသန်းထွန်း(ရွှေဘို)
- ရွှေဘိုနိဒါန်း
  ဦးသန်းထွန်း(ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com

တိုးထက်

# လူဝင်စားပြဿနာ



**အကြောက်အလန့်ကင်းသော တိုက်ခိုက်ရေးသမားများနှင့် ကိုယ့်ကိုယ်ကိုယ် သတ်သေမှုအယူအစွဲများ**

*ခန္ဓာကိုယ် သတ်ဖြတ်ခံရသော်လည်း သူမသေချေ။*

ဘာဂဝါဂီတ (၂း၂၀)

*ကိုယ့်ကိုယ်ကိုယ်သတ်သေမှုသည် နာမ်ကိုစေသော ကံ၏ အစီအစဉ်ကို ချေဖျက်ခြင်းပင် ဖြစ်သည်။ ကံကောင်းထောက်မစွာပင် ကံသည် လူ၏ အဖျက်စွမ်းပကားခွင်၏အလွန်တွင် တည်ရှိနေသည်။*

မန်လီပဟောလ်

✤

လူဝင်စားသဘောတရားကို ခံယူသော စစ်သည်သည် ကြောက်လန့်စိတ်မရှိသောကြောင့် သူသည် စစ်သည်များတွင် တိုက်ခိုက်ချေမှုန်းရန် အခက်ခဲဆုံးလူပင် ဖြစ်သည်။ ပြန်လည် မွေးဖွားခြင်းသဘောတရားကို ခိုင်မာစွာ ခံယူထားသောကြောင့် အဆိုးဝါး အပြင်းထန်ဆုံးတိုက်ပွဲထဲသို့ပင် ရဲရဲကြီးဝင်နိုင်သည်။ တိုက်ပွဲအခြေအနေ မည်မျှဆိုးဝါးနေသည်ပင်ဖြစ်စေ လုံးဝအကြောက်အလန့်ကင်းသည်။ လောကကမ္ဘာသို့ မလွဲမသွေ ပြန်လည်ရောက်ရှိမည်ဟု ခံယူချက်ဖြင့် တိုက်ပွဲဝင်သူတိုင်းသည် တစ်နည်းအားဖြင့်ပြောရလျှင် အဇ္ဈတ္တစိတ်သန္တာန်အရ အသက်ပေးပြီးသောသူပင်ဖြစ်သည်။ မတွေးရဲသည့်သဘောကိုပင် ခံယူထားပြီးဖြစ်သောသူသည် လူသာမန်တို့ လူဝင်စားမှုဆိုင်ရာဉာဏ်စဉ်ကို သိနားလည်သည့်အဆင့်ထက် လွန်ကျူးသွားသည်။ လူဝင်စားဖြစ်စဉ်ထဲသို့ပင် ခုန်ဝင်လိုက်သည့် သဘောသဘာဝရှိသည်။

သမိုင်းတွင် သေဆုံးခြင်းကို ဟားတိုက်ရယ်မောခဲ့သည့် အကြောက်အလန့်ကင်းသော စစ်သည်များပွနေပေသည်။ လူထုကို ကာကွယ် စောင့်ရှောက်မှုပြုသော စစ်သည်လူတန်းစားတို့သာလျှင် လူဝင်စားကြသည်ဟု ရှေးရိုးဗုဒ္ဓဘာသာတွင် ခံယူမှုရှိခဲ့သည်။ ဆဲလ်၊ ဒရူးစ်၊ အက်စ်ဆန်၊ ရှေးဂျာမန်နှင့် စကင်ဒီနေဗီးယား၊ မြောက်အမေရိက လူနီမျိုးစုနှင့် အနီးစပ်ဆုံးကာလဖြစ်သောဒုတိယကမ္ဘာစစ်ကာလ ဂျပန်တို့သည် လူဝင်စားမှုအတွေးအမြင်ဖြင့် ရဲတင်းခဲ့ကြသည်။ သေခြင်းသို့လှမ်းသမျှခြေလှမ်းတိုင်းသည် နောက်ဘဝသို့ ပို၍နီးကပ်လာစေသည်။ ထို့နောက် ဘဝသည်လည်း မျက်မှောက်ကာလ ရဲရင့်မှု၊ ဒဏ်ခံမှု၊ စတေးမှုတို့ဖြင့် ဖြည့်ဆည်းထားသောကြောင့် ကြွယ်ဝနေသောဘဝ ဧကန်မုချဖြစ်မည်။

ဤတိုက်ပွဲဝင်များကို တွေ့ကြုံခဲ့ပြီး အသက်ရှင်ကျန်ခဲ့သူတို့သည် ထိုစစ်သည်တို့၏ စွမ်းရည်ကို အောချခဲ့ကြရသည်။ အေဒီတစ်ရာစုနှစ်တွင် ရောမတို့ကို ခုခံတိုက်ခိုက်ခဲ့သော ပါလက်စတိုင်းဒေသမှ ဘုန်းကြီးအဖွဲ့ အစည်းတစ်ခု ဖြစ်သော အက်ဆင့်စ်တို့အား ဂျူးသမိုင်းပညာရှင် ဖလာဗီအပ်စ်ဂျိုးဆစ်ဖ်က သူတို့၏ ဝေဒနာကိုထုံတတ်သောစိတ်ကို တအံ့တဩချီးကျူးမှုပြုခဲ့သည်။ သူသည် The History of the Jewish War,တွင် အောက်ပါအတိုင်း ရေးသာခဲ့သည်။

သူတို့သည် ဝေဒနာခံစားနေရစဉ်မှာပင် ပြုံးရယ်၍ သူတို့ကို ညှဉ်းဂန်းနှိပ်စက်သူတို့ကို ဟားတိုက်ရယ်မောသည်။ ယင်းတို့၏ဝိညာဉ်ကို ပြန်လည်ရရှိ လက်ခံရန်မျှော်လင့်သောကြောင့် သွက်လက်မြန်ဆန်စွာ စွန့်လွှတ်ရန် ဝန်မလေးခဲ့ချေ။

အခြားသူတို့က အသက်ရှင်ရေးအတွက် တိုက်ပွဲဝင်ခြင်းဖြစ်ပြီး လူဝင်စားသဘောတရားကို ခံယူသော စစ်သည်များကမူ သူတို့ဘဝများအတွက် တိုက်ပွဲဝင်ကြသည်။ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ရာသည် ဟူသော သီလကိုချိုးဖောက်၍ ကံတရားနှင့် တရားသမတ်ကျမှုကို လွန်ကျူး၍ တစ်ဖက်စွန်းပြုမူအောင် လူဝင်စားသဘောတရားက စေ့ဆော်သည်။ အေဒီ ၆)ရာစုနှစ် ဗြိတိန်နိုင်ငံတွင် ဆဲလ်နှင့် ဒရူးစ်လူမျိုးတို့၏ ပုန်ကန်ခြားနားမှုကို နှိပ်ကွပ်ရန် တာဝန်ပေးခံရသော ဆူတိုနီအပ်စ်ပေါလီနပ်စ်လက်အောက်မှ ရောမစစ်သည်များကို ဤ တစ်ယူသန် တစ်ဖက်စွန်းစိတ်ဓာတ်က တုန်လှုပ်စေခဲ့သည်။ အိပ်မက်ဆိုးထဲမှ



www.burmeseclassic.com

www.burmeseclassic.com

ပုံရိပ်များကို ပြန်လည် ဖော်ကပ်သည့်ချ ပြောပြနေသည့် အသံမျိုးဖြင့် ရောမ သမိုင်းပညာရှင် တက်စီတပ်စ်သည် ယခု အခါတွင် အိန်ဂျယ်စီဟု ခေါ်တွင်သော အထွတ်အမြတ် မိုနာကျွန်းကလေးပေါ် သို့ ကျူးကျော်လာသော ရောမတပ်မ တော်ကို စောင့်ကြိုခဲ့သည့် 'သရဲတစ္ဆေ ဆန်သောအသွင်' တို့ကို ရေးဖွဲ့တင်ပြခဲ့ သည်။

'ကမ်းခြေပေါ်တွင် သူ့တပ်များ ရပ်တန့်နေခဲ့သည်။ များပြားလှသော စစ်သည်များကြားတွင်မှ ကဝေမများ ကဲ့သို့ ဆံပင်များ ဖိုသီဖတ်သီ တလွင့် လွင့်ဖြင့် အနက်ရောင်ကို ဝတ်ဆင်ထား သော အမျိုးသမီးများ သုတ်ခြေတင်ပြေး လွှားနေခဲ့ကြသည်။ ပတ်ပတ်လည်တွင် ဒရူးစ်များသည် ယင်းတို့၏လက်များကို ကောင်းကင်သို့မြှောက်၍ ဤမြင်ကွင်း မျိုးနှင့် မရင်းနှီးသော ကျွန်တော်တို့ စစ် သည်များ၏ ဦးခေါင်းထက်သို့ ဆိုးဝါး သောဘဝ ကျသင့်စေရန် ကျိန်စာတိုက် နေခဲ့သည်'။

ရှေးဟောင်း ဆဲလ်တစ်ဒဏ္ဍာရီ များတွင် ကျဆုံးသော စစ်သည်တို့၏ အလောင်းများကို ပြန်လည် မွေးဖွားမှု စရည်းအိုးထဲပစ်ထည့်ကြပြီး ယင်းမှသည် သူတို့သည် ပြန်လည်လန်းဆန်းစွာ တိုက် ပွဲဝင်ရန် အသင့်အနေအထားဖြင့် ထကြွ လာသည်ဟု ဆိုသည်။ သို့သော် သူတို့ သည် စကားမပြောနိုင်ခဲ့ကြချေ။ ယင်း သည် သာမန်စစ်သည်သည် ယင်းဘဝ က ဝင်စားချက်ကို လုံးဝမှတ်မိခြင်းမရှိ သောကြောင့် သူတို့၏အတွေ့အကြုံကို ထုတ်ဖော်ပြောပြရန် မစွမ်းနိုင်ကြောင်း နိမိတ်ဆောင်ချက်ပင် ဖြစ်ကောင်းဖြစ် နိုင်ပါသည်။ ဆဲလ်တို့သည် ပြန်လည်ဝင် စားမှုသဘောတရားကို ယုံကြည်စွာခံယူ သောကြောင့် အကြောက်အလန့်ကင်း ကြသည်ဟု ရောမစစ်နှင့် နိုင်ငံရေးခေါင်း ဆောင်ကြီး ဂျူလီယက်ဆီဇာက မှတ် တမ်းတင်ခဲ့သလို ရောမကဗျာဆရာ လူ ကန်ကလည်း ဒရူးစ်တို့သည် လူသားတို့ ၏အကြောက်လန့်ဆုံးကိုစွ သေဆုံးခြင်း ကို မတုန်လှုပ်ခဲ့သည်ကို အံ့သြအားကျ ခဲ့သည်။ သို့ဖြင့် သူတို့၏ စစ်သည်တို့ သည် သေချာသောဘဝကို တွန့်တိုခြင်း ကား သူရဲဘောကြောင်မှုတစ်ရပ်ပင်ဖြစ် သည်ဟု Pharsalia စာအုပ်တွင် လူကန် က ရေးသားခဲ့သည်။

ပြန်လည်မွေးဖွားမှုနှင့်ပတ်သက်၍ သွန်သင်ပို့ချမှုများ မွမ်းနေသော ဟိန္ဒူ ကျမ်းစာအုပ်ကြီးဖြစ်သော ဘဂဝါဂီတ တွင် စစ်တလင်းတွင်ပြုခဲ့သည်က ဆွေး နွေးသုံးသပ်မှုတို့သာဖြစ်နေခြင်းက တိုက် ဆိုင်မှုသက်သက် မဟုတ်ချေ။ အသက် အန္တရာယ်အကြီးမားဆုံးကာလတွင် ပြန် လည်ဝင်စားမှုကိစ္စက အရေးအပါဆုံး ဖြစ်သည်က မဆန်းချေ။ စစ်တလင်းတွင် ရန်ဖက်တပ်များ စုဝေးချိန်တွင် ခရစ်ရှ နာက သူ၏မိတ်ဆွေနှင့် တပည့်သာဝက အာဂျူနာအား မည့်သည့်အခါမျှ မည် သည့်လက်နက်နှင့်မျှ ခုတ်ဖြတ်ခြင်းမပြု နိုင်သော ဝိညာဉ်အတွက် မွေးခြင်းနှင့် သေခြင်းမရှိဟု သွန်သင်ပြောကြားခဲ့၏။ ဘာသာရေးခံယူချက်တွင် နောက်တွန့်မှု မရှိသင့်ကြောင်း သွန်သင်ရင်းက ခရစ် ရှနာသည် သူ၏တပည့်ကို အောက်ပါ အတိုင်း ပြောကြားခဲ့သည်။

'ထာဝရ အသက်ရှင်နေသော၊ မဖျက်ဆီးနိုင်သော၊ အနန္တအတိုင်းအ တာရှိသော နာမ်ဝိညာဉ်၏ ရုပ်ခန္ဓာကို သာလျှင် ဖျက်ဆီးမှုပြုနိုင်သောကြောင့် တိုက်လော့'

အိုဘာရာတမျိုးဆက်
(ဘာဂဝါဂီတ ၂၁၈)

မြောက်အမေရိက လူနီစစ်သည် များစွာသည်လည်း ယင်းတို့အနာဂတ်နှင့် ပတ်သက်၍ ထိုသို့သောအမြင်ရှိခဲ့ကြ သည်။ တိုက်ပွဲတွင် ဂုဏ်ရှိစွာ သေဆုံး ခြင်းသည် ပို၍ပျော်ရွှင်ချမ်းမြေ့စရာဘဝ အာမခံချက်ဖြစ်ပြီး လူနီတို့၏ ဒဏ္ဍာရီ များတွင် သေရွာပြန် သူရဲကောင်းဇာတ် များ များပြားပြောင်ပေသည်။ ၁၈၇၃ ခုနှစ် တွင် ပြင်သစ်မနုဿဗေဒပညာရှင် တစ်ဦးဖြစ်သူ အလ်မွန်ဆီပင်အတ်က ဗြိတိသျှကိုလံဘီယာဒေသရှိ တလင်ဂက် လူရိုင်းတို့သည် ထူးထူးခြားခြား ရဲရင့်စွာ တိုက်ပွဲဝင်ရဲကြခြင်းမှာ သေခြင်းတရား သည် ကြောက်စရာမဟုတ်။ဤလောက တွင် ပို၍ ကောင်းသောအဆင့်သို့ ပြန် လည် မွေးဖွားဝင်စားမည်ဟု ယုံကြည် ကြခြင်းပင် ဖြစ်သည်ဟု ရှင်းပြခဲ့သည်။

**ဒဏ္ဍာရီကိုယုံစားခြင်း**

ဒေသခံ တိုက်ပွဲများတွင် လူနီတို့ အား တဘက်ကင်းသူများဖြစ်စေခဲ့သော ခံယူချက်သည်ပင်လျှင် သူတို့သမိုင်း၏ အရေးကြီးဆုံးအချိန် အမေရိကတိုက်၏ နေရာအနှံ့တွင် ဥရောပမှနယ်သစ်ရှာဖွေ ရေးသမားတို့၏ ကျူးကျော်တိုက်ခိုက် မှုကိုခံနေရချိန်တွင် ယင်းတို့၏ ခုခံအား ကိုကုန်ခန်းသွားစေခဲ့သည်။ ရှေးဟောင်း ဒဏ္ဍာရီများသည် အသားအရေလတ်ပြီး စစ်အင်အားကြီးမားသော ယခင်၏ဂုဏ် ကြေဇာ၊ အာဏာအဆင့်တို့ကို ပြန်လည် ရယူရန် ပြန်လည် ကြွချီလာမည် ဖြစ် ကြောင်း ရာစုနှစ်ပေါင်းများစွာကတည်း ကပင် ဆော်ဩမှုပြုနေခဲ့သည်။

ထို့ကြောင့် ကနဦးတွင် ထိုကမ္ဘာ သစ်ကျူးကျော်ရေးသမားတို့သည် တည် တည္တတ်တည်း ခုခံတိုက်ခိုက်မှုကို မကြုံ ရဘဲ နယ်ပယ်ဒေသတစ်ခွင်လုံး သောင်း သောင်းဖြဖြ ကြိုဆိုလက်ခံခဲ့သည့်အဖြစ် ကို တအံ့တဩကြုံခဲ့ရသည်။ ဤကြောင့် ပင်လျှင် ဘက်တက်ခ်နှင့် အင်ကာအင် ပိုင်ယာကြီးသည် လက်နက်ကိုင် စပိန်လူ ရမ်းကားအနည်းငယ်၏ နယ်ချဲ့မှုကို လျော့လျော့ရဲရဲခုခံလျက်နှင့်ပင် ပြိုပျက် ခဲ့ရသည်။ အမေရိကန်နိုင်ငံအရှေ့ဘက် ပင်လယ်ကမ်းခြေဒေသရှိ မေရီလန်လူနီ တို့သည်လည်း ဤထင်ယောင်ထင်မှား ဖြစ်စရာ ဒဏ္ဍာရီသင့်ပြီးကျဆုံးခဲ့ရသည်။ သူတို့ကမ်းခြေကိုတက်လာသော မျက် နှာဖြူများသည် တစ်ကြိမ်တစ်ခါက သူ တို့ပိုင်ဖြစ်သော မြေယာဒေသကို ပြန် လည် သိမ်းပိုက်ရန် ရောက်ရှိလာသည့် ကာလကြာမြင့်စွာ ပျောက်ဆုံးနေသည့် မျိုးဆက်ကို ကိုယ်စားပြုပြန်လည်ဝင်စား သူများ ဖြစ်သည်ဟု ယုံကြည်ခဲ့ကြသည်။

ဂျပန်နိုင်ငံတွင် အဖနိုင်ငံတော်တို့ ထာဝရအလုပ်အကျွေးပြုရန် စိတ်အား ထက်သန်သူများ၏ အာခံတစ်ကြွေးမှုတို့ ဖြစ်စေသော ဂျပန်အစဉ်အလာ တိုက် ပွဲခေါ်သံ၏ အမြဲတေကား လူဝင်စားမှု သဘောတရားပင် ဖြစ်သည်။ ဂျပန်စစ် သည်များအတွက် ပြန်လည်မွေးဖွားခြင်း သည် Shichisho Hodoku ပင် ဖြစ် သည်။ တစ်နည်း နိုင်ငံကို ခုနစ်ဘဝအ လုပ်အကျွေးပြုရန်ပင် ဖြစ်သည်။ ယင်း သည် ဒုတိယကမ္ဘာစစ်၏ နောက်ဆုံးအ ဆင့်တွင် ကာမိကာဇေ အသေခံလေသူ ရဲတို့၏နဖူးစည်းတွင် ရေးထိုးခဲ့ကြသော ဆောင်ပုဒ်စာတန်းပင် ဖြစ်သည်။

ပြန်လည်မွေးဖွားမှုကို အခိုင်အမာ ဆန္ဒပြုသည်ထက် ဤဖြစ်စဉ်ကို အခိုင် အမာ ယုံကြည်မှုများ ပေါက်ဖွားလာ သည့် ဤသေရဲ၊ သတ်ရဲလှုံ့ဆော်မှုပြု ကြွေးကြော်သံသည် ၁၄ ရာစုနှစ် ဧ ရာဇ်ဂိုဒေးဂို၏ သစ္စာတော်ခံ ဆာမူရိုင်း လူဆူနိုကီမိဆာရှိဂီ၏ မြင့်မြတ်သော အောင်မြင်မှုတွင် အခြေခံသည်။

မာဆာရှိဂီသည် အင်အားပို



www.burmeseclassic.com

www.burmeseclassic.com

းသော စစ်တပ်များကို ဆန့်ကျင်၍ ိုက်ပွဲတစ်ပွဲပြီးတစ်ပွဲအောင်နိုင်အောင် ိုက်ခိုက်နိုင်ခဲ့သည်။ နောက်ဆုံး ၁၃၃၆ နှစ် မိနာတိုမြစ်တိုက်ပွဲတွင်မူ သူ၏ စစ် သည်များ မျှော်လင့်ချက်ကင်းမဲ့အောင် င် အရေအတွက်နည်းပါးနေခဲ့သည်။ ိုက်ပွဲပြီးခါစတွင် ဒဏ်ရာ (၁၁) ချက်မှ သွေးစီးရှင်ရှင်ထွက်နေခဲ့သော မာဆာ ိုသည် သူ၏ညီ မာဆာစူကို အဖော် ပြုလျက် စစ်တလင်းမှနေ၍ အနီးရှိ ယ်တောအိမ်တစ်အိမ်သို့ ခြေထောနဲ့ ထောနဲ့ လျှောက်ခဲ့သည်။ ထိုလယ်တော အိမ်တွင်မူ အဖမ်းမခံရအောင် ကိုယ့် ိုယ်ကိုယ် သတ်သေရန် ရည်ရွယ်ခဲ့ သည်။ သူတို့ကိုယ်သူတို့ ဝမ်းဗိုက်ကို ဓား ဖြင့် ထိုးခွဲသတ်သေခါနီးတွင် မာဆာ ိုက သူ့ညီ၏ နောက်ဆုံးဆုတောင်းကို မေးမြန်းလိုက်မိသည်။

ဤတွင် မာဆာစူက -

"ထီးနန်းရဲ့ရန်သူတွေကို ကျွန် တော် ချေမှုန်းနိုင်အောင် ဒီလောကမှာ ကျွန်တော် ခုနစ်ကြိမ်ပြန်မွေးချင်ပါတယ်"

ဟု ဖြေကြားခဲ့သည်။

သူ့အဖြေကို သဘောကျလျက် မာဆာရှိဂီကိုယ်တိုင်သည် ကိုယ့်ကိုယ် ကိုယ် သတ်မသေခင်တွင် ထိုအတိုင်း ဆန္ဒပြုလိုက်သည်။

ထိုနည်းတူစွာပင် ကာမိကာဇေ လေသူရဲများသည် စစ်ပွဲတွင် အလားတူ မျှော်လင့်ချက်ကင်းမဲ့သည့်အနေတွင် အသွင်တူဆန္ဒမျိုးဖြင့် ပစိဖိတ်ပင်လယ် တွင်းရှိ အမေရိကန်စစ်သင်္ဘောတို့ကို အသေခံတိုက်ခိုက်ခဲ့ကြသည်။

'မင်းတို့ဟာ လောကလိုအင်ဆန္ဒ တင်းမဲ့နေပြီးဖြစ်သည့် နတ်ဒေဝတာတွေ ပဲ'

ဟူ၍ အသေခံနည်းဗျူဟာကို စေ့ဆော်ရာတွင် အဓိကအကျဆုံးပုဂ္ဂိုလ် ဖြစ်သည့် ဒု-ရေတပ်ဗိုလ်ချုပ်ကြီး တာကီ ဂျိယိုအိုနီရှိက သူတို့ကို မိန့်ခဲ့သည်။ အများအားဖြင့် အသက်နှစ်ဆယ်နှင့် နှစ်ဆယ့်ငါးနှစ်ကြားရှိလေသူရဲများသည် rippa na shi (မွန်မြတ်သောသေခြင်း) ဟူသော သေခြင်းကို ခံစားခွင့်ရရန်အ တွက် စိတ်လိုလက်ရ စာရင်းပေးခဲ့ကြ သည်။ တိုက်ပွဲဝင်ခွင့်ပေးပါရန် တောင်း ဆို၍ ရွေးချယ်ခံရသောအခါ ယင်းတို့ အထက်အရာရှိတို့ကို ကျေးဇူးတင်စွာ ဝါရဝပြု အလေးပြုခြင်းဖြင့် သူတို့သည် သံကိုယ်ထည်ပစ်မှတ်ကြီးသို့ တစ်နေ့ လျှင် မိုင် (၅၇၀) နှုန်းဖြင့် သူတို့ ထိုးဆင်း တိုက်ခိုက်ရမည့် ကိုယ့်ကိုယ်ကိုယ်ထာဝရ တည်ခွင့်ရမည့်အရေးကို ကြိုတင်ခံစား သွေးကြွခဲ့ကြသည်။ သို့သော် တကယ့် တကယ်တွင်ကား အိပ်မက်မျှသာ ဖြစ်ခဲ့ သည်။ လက်တွေ့တွင်မူ ဗုံးများအပြည့် တင်ဆောင်ထားသော လေယာဉ်ပျံများ သည် လေယာဉ်တင်သင်္ဘောကုန်းပတ် များနှင့်လွဲပြီး ပင်လယ်ထဲသို့ ထိုးဆင်း သွားခဲ့သည်ကများသည်။ သို့တိုင်အောင် လေသူရဲများအတွက် ထိရောက်မှုထက် ရည်ရွယ်ချက်က ဂုဏ်ဖြစ်နေခဲ့သည်။

၁၉၄၂ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် သူရဲကောင်းများ အထူး တိုက်ခိုက်ရေးတပ်ဖွဲ့မှ မတ်ဆူအိုအိုင်ဆာ က အောက်ပါအတိုင်း ရေးသားခဲ့သည်။

"ကျွန်တော်သည် ဧကရာဇ်၏ ဒိုင်းကာအဖြစ်တည်၍ ကျွန်ုပ်၏ တပ်ဖွဲ့ ခေါင်းဆောင်၊ အခြားမိတ်ဆွေများနှင့် အတူ ပီပြင်စွာ အသေခံပါမည်။ ကျွန်ုပ် သည် ရန်သူကို တိုက်ခိုက်ရန် ခုနစ်ကြိမ် ပြန်လည်ဝင်စားရန် သန္နိဋ္ဌာန်ပြုပါသည်"

စစ်ပြီးခါနီးတွင် လေယာဉ်ပျံများ နှင့် လူစီးတော်ပီဒိုများ စသည့် အသေခံ ယာဉ်မျိုးစုံ စီးနင်းလျက် တိုက်ပွဲဝင် အသေခံသည့် ဂျပန်လူဦးရေ (၅၀၀၀) ခန့် ရှိခဲ့သည်။ သို့သော် ယင်းတို့သည် ခံယူချက်ကို တရားသေ ဖက်တွယ်ထား သော နေထွက်အရပ်မှ တစ်မျိုးတည်း သော အကြောက်အလန့်မဲ့ တိုက်ပွဲဝင် သူရဲကောင်း မဟုတ်ခဲ့ချေ။ ပစိဖိတ်သမုဒ္ဒ ရာတွင် တိုက်ပွဲတစ်ပွဲပြီးတစ်ပွဲပင်လျှင် ဂျပန်စစ်သည်များသည် အပြင်းအထန် အသေခံတိုက်ခိုက်မှုများဖြင့် တုံ့ပြန်တိုက် ခိုက်ခြင်းဖြင့် လက်နက်ချရေးကို ရှောင် တိမ်းခဲ့ကြသည်။ အသေခံတိုက်ပွဲများ တွင် ကြောက်လန့်ဖွယ် အကောင်းဆုံး တိုက်ပွဲသည် ၁၉၄၄ ခုနှစ်၊ ဇူလိုင်လတွင် ဆိုက်ပန်ကျွန်းတွင် ဖြစ်ထွန်းခဲ့ပုံရသည်။ တုတ်များ၊ ဘက်နက်များသာ ကိုင်စွဲထား သော ဂျပန်စစ်သည် (၃၀၀၀) သည် အမေရိကန် မရိန်းစစ်သည်များ၏ စက် သေနတ်ဖြင့် တသောသောပစ်ခတ်မှုကို အန်တုတိုက်ခိုက်ခဲ့ကြသည်။ လှိုင်းလုံး တစ်လုံးပြီးတစ်လုံး တက်ရောက်ခဲ့သမျှ စက်သေနတ်ကျည်ဆန်မိုးအောက်တွင် တသောသောကျဆုံးခဲ့ရသည်။ ဂျပန် အလောင်းများထပ်ပြီး မြင်ကွင်းပိတ်ကုန် သောကြောင့် စက်သေနတ်ကတုတ်ကျင်း မှ အမေရိကန်စစ်သည်များ နေရာပြောင်း ရွှေ့ ပစ်ခတ်ခဲ့ကြသည်။

စစ်ပြီး၍ ဂျပန်နိုင်ငံသည် အင်အား ကြီးမားသော စက်မှုနိုင်ငံကြီးတစ်နိုင်ငံ အဖြစ်ပေါ်ပေါက်လာခဲ့သည့်တိုင်အောင် ခုနစ်ဘဝ စိတ်ဓာတ်မှေးမှိန်သွားသည့် တိုင်အောင် အလျှင်းကင်းပျောက်သွားမှု မရှိခဲ့ချေ။ မကင်းပျောက်စေရန်အတွက် ယူကီအိုမိရှိမာကလုံ့လပြုခဲ့သည်။ ခေတ် သစ်ကာလ၏ ထိပ်တန်းစာရေးဆရာ တစ်ဦးဖြစ်သော မိရှိမာသည် ဂျပန်နိုင်ငံ တွင် မျိုးချစ်စိတ်ပျက်သုဉ်းနေခဲ့သည့် အကြောင်းကို လူသိရှင်ကြား ပုတ်ခတ် ဝေဖန်မှုပြုခဲ့သည်။ ပြန်လည်ဝင်စားမှု သဘောသဘာဝပါရှိသောဝတ္ထုများ ရေး ဖွဲ့ခဲ့သည်။

နောက်ဆုံးလက်ရာ ဖြစ်သော The Sea of Fertility ဟု အမည်ပေးထား ခဲ့သည့်လေးအုပ်တွဲဝတ္ထုတွင် ဇာတ်လိုက် သည် ယခင်က သေလွန်သွားခဲ့ပြီးသော သူရဲကောင်းဝင်စားသူအဖြစ် နောက် စာအုပ်များတွင် ပါဝင်လာခဲ့သည်။ သူ ပထမ လူဝင်စားဖြစ်ကြောင်း နိမိတ်ပြ ချက်မှာ သူ့ရင်ဘတ်ရှိ မှဲ့သုံးလုံးပင် ဖြစ် သည်။ ဤဝတ္ထုကို ရေးသားနေစဉ်မှာပင် မိရှိမာသည် ဧကရာဇ်အား ကွန်မြူနစ်တို့ အန္တရာယ်မှကာကွယ်ရန် ရည်ရွယ်လျက် Tatenokai ဒိုင်းကာအဖွဲ့ အစည်းဟု ခေါ် ဆိုသော ကိုယ်ပိုင်စစ်တပ်တစ်တပ် ဖွဲ့ စည်းခဲ့သည်။ ၁၉၇၀ ပြည့်နှစ်၊ နိုဝင်ဘာ လ ၂၅ ရက်နေ့တွင် မိရှိမာနှင့် သူ၏ ကိုယ်ပိုင်စစ်တပ်မှ အဖွဲ့ဝင်ကျောင်းသား လေးဦးသည် အိုင်ချိဂါရာစစ်စခန်းမှ တပ်မတော်ဗိုလ်ချုပ်တစ်ဦးကို ဓားစာခံ အဖြစ် ဖမ်းဆီးလိုက်သည်။ ထို့နောက် မိရှိမာသည် 'ခုနစ်ဘဝ တိုင်းပြည်ကို အလုပ်အကျွေးပြု' ဟူသော စာတန်းထိုး ထားသည့်ခေါင်းစည်းကို ခေါင်းတွင်ပတ် လျက် စစ်ရေးပြကွင်းကို စီးမိုးနေသော လေသာဆောင်သို့ ထွက်ခဲ့သည်။ ထို့ နောက် အလျင်စလို ဆင့်ခေါ်စုရုံးထား သော စစ်သည်များအား အမျိုးသားရေး စိတ်ဓာတ်ပျက်ပြားနေသည့်အကြောင်း မိန့်ခွန်းပြောကြားမှုပြုခဲ့သည်။ ထို့နောက် သူသည် ဓားစာခံအဖြစ် ဖမ်းဆီးထား သော ဗိုလ်ချုပ်ရှေ့တွင် ဟာရာကီရီပြု လုပ်ရန် ပြန်ဝင်သွားသည်။ မိရှိမာသည် မာဆာရှိဂီနှင့် သူ့ရှေ့မှ အသေခံလေသူ ရဲများကဲ့သို့ပင် လူဝင်စားသဘောတရား ကို လွန်စွာ အကြိုက်တွေ့ခဲ့သည်။ သူ၏ ဆန္ဒကို ထိုခံယူချက်က အားဖြည့်ခဲ့သည် မှာမှန်သော်လည်း ယုံကြည်မှုထက် ပြင်း ထန်သော မျှော်လင့်ချက်တစ်ရပ်အဖြစ် သာ တည်ရှိခဲ့သည်။ ဤကြေကွဲဖွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com

ဘဝနိဂုံးချုပ်သွားခဲ့သော သူ့ရဲကောင်းသည် သူ့စားပွဲထက်တွင် အောက်ပါအတိုင်း စာတိုတစ်စောင်ကိုထားခဲ့သည်။ ထိုစာတိုသည် သူ့သဘောတရားတစ်ခုလုံးကို ဖော်ကျူး ပြသထားခဲ့သည်။

'လူ့ဘဝတွင် အကန့်အသတ်ရှိသည်။ ငါကား ထာဝရ အသက်ရှင်လိုသည်'။

**ဆုံလည်တံခါး**

ရှင်တိုဘာသာ၏ ဂုဏ်သိက္ခာပြည့်ဝသောသေဆုံးမှုနှင့် ဗုဒ္ဓဘာသာဖြင့် ဒွန်တွဲ၍ ပြည်တွင်းသို့သွင်းလာခဲ့သော လူ့ဝင်စား စိတ်ဆန္ဒလွန်ဆွဲမှုကြားတွင် မိရိုးမာသည် ပြန်လည်မွေးဖွားမှုကို အမှန်တကယ် ယုံကြည်ပါလျှင် သူ့အသက်ကို သူသတ်ခဲ့မည် မဟုတ်ချေ။ ဟာရာကီရိခေါ် ကိုယ့်ကိုယ်ကိုယ်သတ်သေမှုပြုရန် သတ္တိ လိုအပ်သည်ပင်ဆိုစေ လူဝင်စားဝါဒီတို့တွင်လည်း ကိုယ့်ကိုယ်ကိုယ်သတ်သေမှုကြောင့် ကြုံရသော ကံအကျိုးပေးအကြောင်းကို 'အတိအကျ' သတိပေးချက်ရှိသည်။ လူဝင်စားသဘောတရားကို ယုံကြည်သူများနိုင်ငံများတွင် ကိုယ့်ကိုယ်ကိုယ်သတ်သေမှုအား လောကတရားကို ကဖျော်ကဖျက်ပြုရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် သတ်မှတ်သည်။ ကိုယ့်ကိုယ်ကိုယ်သတ်သေမှုဟူသော အသည်းအသန်ပြုရပ်ဖြင့် သတ်သေကိန်းဆိုက်ခဲ့စေသော အကြောင်းတရားတို့သည် နောင်ဘဝတွင် ပြန်လည် စုစည်း၍ ပို၍ပြင်းထန်စွာ ထပ်မံ တိုက်ခိုက်မှုပြုလာမည်ဟု ယုံကြည်ကြသည်။

ရုရှားစာရေးဆရာကြီး လီယိုတော်စတွိုင်းက သူ၏ နေ့စဉ်မှတ်တမ်းတွင် အောက်ပါအတိုင်း ရေးသားခဲ့သည်။

'ယခင်ဘဝက သူ့ကိုယ်သူ သတ်သေခဲ့သူ၏ ယခုဘဝ အတွေ့အကြုံကို ရေးဖွဲ့၍ရပါလျှင် မည်မျှစိတ်ဝင်စားဖွယ်ကောင်းမည်နည်း။ ယခင်ဘဝက သူကြုံတွေ့ခဲ့ရာ ဤဘဝတောင်းဆိုချက်ကို သူပီပြင်စွာဖြည့်ဆည်းပေးနိုင်မှသာလျှင် ကံစွပ်ပြတ်မည်ဖြစ်ကြောင်း သူသဘောပေါက်ရန်ကောင်းသည်'။

ဤသို့ တစ်ဘဝတွင် ရှောင်တိမ်းသည့်အနေဖြင့် ကိုယ့်ကိုယ်ကိုယ် သတ်သေအလွတ်ရုန်းခဲ့သောဒုက္ခက နောက်ဘဝတွင် ပို၍ပင်ဝန်ပိပြင်းထန်နေခဲ့ခြင်းကြောင့်ပင်လျှင် နောက်ဘဝတွင်လည်း ကိုယ့်ကိုယ်ကိုယ်သတ်ကိန်းဆိုက်ရမည့်အနေရှိခြင်း ဖြစ်ပေမည်။

ဒေါက်တာ အိုင်အန်စတီဗင်ဆင်သည် သေဆုံးသွားသော အစ်မ အီမီလီယား ဝင်စားခြင်းဖြစ်သည်ဟု ဆိုညွှန်းခဲ့သော ဘရာဇီးသား ပေါလ်လိုလိုရန့်စ်အကြောင်း ချောက်ချားစရာဇာတ်လမ်းကို မှတ်တမ်းတင်ခဲ့သည်။ အီမီလီယားသည် ၁၉၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့ ပေါလ်လိုမမွေးခင် (၁၄)လအလိုတွင် ဆိုက်ရာနိုက်အဆိပ်သောက်၍ သူမကိုယ်သူမ သတ်သေခဲ့သည်။ ပေါလ်လိုသည် ဘဝ၏ ပထမလေးနှစ်၊ ငါးနှစ်ကာလအထိ မိန်းကလေးအဝတ်အစားများသာ ဝတ်ဆင်၍ မိန်းကလေးများ၊ အရုပ်များနှင့်သာ ကစားခဲ့သည်။ ကွယ်လွန်သွားသော သူ့အစ်မကဲ့သို့ပင် အပ်ချုပ်တတ်ခဲ့သည်။ သူသည် အီမီလီယားကဲ့သို့ပင် ကိုယ့်ကိုယ်ကိုယ် ပျက်စီးရာ ပျက်စီးကြောင်းကြံသည့်အကျင့်ရှိခဲ့သည်။ ပေါလ်လိုသည် သူ့ကိုယ်သူ သတ်သေရန်အကြိမ်ကြိမ်ကြိုးစားခဲ့ပြီး ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် သူ့ခန္ဓာကိုယ်ပေါ်၊ အဝတ်အစားပေါ် ခတ်ဆီလောင်းမီးရှို့ခြင်းဖြင့် သူ့ကိုယ်သူ သတ်သေလိုက်နိုင်ခဲ့သည်။ စတီဗင်ဆင်သည် Twenty cases Suggestive of Reincarnation တွင် အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့သည်။

'ယင်းဘဝကား ကိုယ့်ကိုယ်ကိုယ် သတ်သေမှုပြုခဲ့ဖြစ်ခဲ့လျှင်ပင် ယခုလည်း ကိုယ့်ကိုယ်ကိုယ်သတ်သေမှုပြုရန် ဆန္ဒပေါ်တတ်ကြောင်း၊ ပြုလေ့ရှိကြောင်းကို အခြား အမှုတော်များများတွင် တွေ့ရသည်'

ကိုယ့်ကိုယ်ကိုယ် သတ်သေမှုပြုသောသူသည် ခန္ဓာကိုယ်ကို ဖယ်ရှားခြင်းဖြင့် ဤလောကမှ လွတ်မြောက်ပြီဟု ယူဆလောက်အောင်ပင် လူဝင်စားမှုဆုံလည်တံခါးသည် ဖြေဖျောက်မှုဖြစ်ရန် ရည်ရွယ်ချက်မှန်သမျှကို သက်တမ်းတိုစေသည်။ အိပ်မွေ့ချနည်းဖြင့် သူတို့ အတိတ်ဘဝက ကိုယ့်ကိုယ်ကိုယ်သတ်ဖြတ်ခဲ့ကြောင်းသိလာသူတို့သည် ကိုယ့်ကိုယ်ကိုယ်သတ်သေခြင်းသည် ဘဝပြဿနာများကို ဖြေရှင်းသောနည်းမဟုတ်။ မသိနားမလည်မှုကြောင့် ဖြစ်ထွန်းသော အချိန်ဆွဲနည်းတစ်နည်းသာဖြစ်ကြောင်း သဘောပေါက်လာကြသည်။

Reincarnation as a Phenomenon of Metamorphosis စာအုပ်တွင် ဂန်သာဝေါခ်မတ်သည် ကိုယ့်ကိုယ်ကိုယ်သတ်သေခြင်းကား အသိနည်းနည်းဖြင့် အသက်လမ်းကြောင်းကို အကြမ်းဖက်ဖြတ်တောက်ခြင်းပင် ဖြစ်သည်ဟု ဖော်ညွှန်းထားခဲ့သည်။ ထိုသို့ကိုယ့်ကိုယ်ကိုယ်သတ်သေခြင်းကြောင့် ဘဝပို၍ကြမ်းတမ်းတတ်ပုံကို ကျူးလွန်သူ ကြိုတင်သိတတ်ပါလျှင် ထိုသို့ ကိုယ့်ကိုယ်ကိုယ်သတ်သေမှုပြုမည်မဟုတ်ဟု ဆိုသည်၊ သို့တိုင်အောင် ကိုယ့်ကိုယ်ကိုယ်သတ်သေမှုပြုရန် တိုက်တွန်းအားပေးသော လူဝင်စားဝါဒီများရှိသည်။ ဟားဗတ်ဆေးကျောင်း စိတ်ပညာဌာနမှ လက်ထောက် စိတ်ကျန်းမာရေးပါရဂူ ဒေါက်တာဝီလျံဝေါဒင်သည် ပို၍ကောင်းသောဘဝသည် နောက်တစ်ကွေ့တွင် စောင့်ဆိုင်းနေသည်ဟူသော ယုံကြည်ချက်ဖြင့် ကိုယ့်ကိုယ်ကိုယ် သတ်သေမှုပြုသော အမှုအတော်များများအကြောင်းတို့ကို ထောက်ညွှန်းပြောပြခဲ့သည်။ ကိုယ့်ကိုယ်ကိုယ်ဖျက်ဆီးခြင်းသည် ကျေနပ်ရောင့်ရဲမှုဖြစ်နိုင်စေရန် အလားအလာ အလွန်နည်းပါးပုံရပြီး ကိုယ်ကိုယ့်ကိုယ်သတ်သေသူ၏ဘဝသည် မည်မျှပင်ပန်းသည်ဟုပင်ဆိုစေ သေခြင်းသည် ဝေဒနာမှ သက်သာရာရစေသည် မဟုတ်ကြောင်း ဂမ္ဘီရနှင့် ဒိဗ္ဗစက္ခုရှင်တို့က ဆိုသည်၊ ကိုယ့်ကိုယ်ကိုယ်သတ်သေသူ၏ ရုပ်နှင့်နာမ်သည် အချိန်တန်၍ ပျက်စီးခဲ့ခြင်း မဟုတ်သောကြောင့် ရုပ်ခန္ဓာကင်းသွားသော နာမ်သည် ကိုယ်ခန္ဓာကင်းမဲ့သွားသည့် သောကကို ပို၍ ခံစားရသည်၊ ထို့ကြောင့် နာမ်ဝိညာဉ်က ရုတ်တရက်ကွဲသွားရသည့်ခန္ဓာကိုယ်ကို အသည်းအသန် ပြန်၍ဖွေရှာမှုများရှိလာရသည်။

ကိုယ့်ကိုယ်ကိုယ်ဖျက်ဆီးလိုစိတ်ကို မည်သို့ဟန့်တားရမည်နည်း။ ရေရှည်ခံသည့် တစ်ခုတည်းသော ကုထုံးကား နောက်ဆုံး နှလုံးခုန်မှုနောက်တွင် ဗလာထီးတည်း အခြေအနေမဟုတ်။ ဘဝရှိသည်ဟု အသိအမှတ်ပြုခြင်းပင် ဖြစ်သည်။ အလွန်အမင်း စိတ်ဓာတ်ကျသူအတွက် ကိုယ့်ကိုယ်ကိုယ်သတ်သေခြင်းသည် တပ်မက်စရာလမ်း ဖြစ်ကောင်း ဖြစ်နိုင်မည် ဖြစ်သော်လည်း ဆင့်ပွားဖြစ်ပေါ်မှုကို ထိုမျှ လွယ်လွယ်ကူကူဖြင့် ချေဖျက်၍မရချေ။

တိုးထက်

*The case For Reincarnati[on]*
*By Joe Fisher* ကို ပြန်ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

…ရသည် ရှိုင်းရှုံ့ဝေရီလျှက်ရှိသော တိမ်ဝန်းရှိရှားအကြား ပြေးလွှားနေရသည့် လျှပ်တစ်ပြက် အိပ်မက်ဝမာနယ်။

…တရား၏ တွန်းအားဖြင့် မဆုံးနိုင်သော ထံထရာစရီးကို စမ်းတဝါးဝါးနှင့် သွားပြီးရင်း သွားနေရသည်။

…ရှာ၏ အမှောင်ရိပ်၌ ဖြစ်ခြင်းပျက်ခြင်းတရားတို့နှင့်ထာ အတိုင်းသည့် ရှုထဝရှုခင်းကို လက္ခဏာပညာအလင်းဖြင့်

…ဆင့်ကြည့်လိုက်သောအခါ....

# ဆရာချမ်းမင်း (LL.B)

# ဘဝရှုခင်းအလင်းလက္ခဏာ

## အမှတ်(၁)

…နိုင်းမဲ့ကျေးဖူးရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီးနှင့် ကျွန်တော် ၂။ ဆရာကြီးရွှေဥဒေါင်း၏ …နှင့်လက္ခဏာ၊ ၃။ ကမ္ဘာကျော်စစ်သူလျှိုမာတာဟာရီ၊ ၄။ဒါရိုက်တာစာရေးဆရာကြီး ဦးသုခ၏ ဘဝနှင့်လက္ခဏာ၊ …ခေတ်တစ်ယောက် ဝင်းလက်တောက်ပခဲ့သော မင်းသားကျော်ဆွေ၊ ၆။ မြန်မာ့စောင်းပညာရှင် ကထိက ဦးစောဝင်း၊ ၇။ …က်မှုလုပ်ငန်းရှင်တစ်ဦးနှင့်တွေ့ဆုံခြင်း၊ ၈။ တစ်နိုင်ငံလုံးမှာ ပထမရသူ၏ လက္ခဏာ၊ ၉။ ကျပ်သိန်းပေါင်းသုံးသောင်း …နှင့် ထီပေါက်သွားသူ၏ လက္ခဏာ၊ ၁၀။ ပိုးဖလံ မီးလျှံတမျှ ၁၁။ပုဒ်မ (၃၀၂)နှင့် လက္ခဏာပညာအမြင်၊၁၂။ HIV-AIDS …က္ခဏာပညာအမြင် . . . . စသည်စသည်တို့များ။

သင်ဆောင်းသော ထီး၊ သင်စီးသော ဖိနပ်၏ တန်ဖိုးမျှပင် မရှိသော်ငြားလည်း သင့်ဘဝ၊ သင့်မိတ်ဆွေ၊ သင့်ဆရာသမား၊ …မီးသားသမီး၊မြေးမြစ်အထိ " လူ့ဘဝ အသုံးချဘာသာရပ်" တစ်ခုအနေဖြင့် အဆင့်ဆင့် လက်ဆင့်ကမ်း အမွေပေး နိုင်သော …် (မကြာခင် ဖြန့်ချိပါတော့မည်)

ဘာဝပဒင်ဟောခန်း-

…တ်တိုင်ဆင်းပါ။ခြံအမှတ် (၃၁-၁၁) စံပယ်လမ်း(ဘဟိုယမြောက်ဘယ်ဘက်လမ်းသွယ် ရွှေဂုံတိုင်လမ်း)

…ကြီးများရိပ်သာ (VIP) ရွှေပြည်သာမြို့ Ph 09 8516520 (ဥပုသ်နေ့မှအပ နံနက် (၇) နာရီမှ ညနေ (၃) နာရီအတွင်း)

www.burmeseclassic.com

www.burmeseclassic.com



သုရဋ္ဌမဂ္ဂဇင်းအခန်းဆက်
(ဇာတ်သိမ်းပိုင်း)

# အောင်ကျော်

## နားချမ်းသာ

*(ယခင်လမှအဆက်)*

ညီမလေး ပီတ ပေးခဲ့သော စောင်ကို အပိုင်းပိုင်းဖြလိုက်သည်။ တစ်စကို ဒေါက်ခြာပုံသဏ္ဌာန်ထွက်အောင်ခေါက်ပြီးဆောင်းသည်။ တစ်စကို လက်ချောင်းများစွပ်ရန် လက်အိတ်အဖြစ်သုံးသည်။ တစ်စကို ကိုယ်ခန္ဓာအောက်ပိုင်းကိုဖုံးရန်အတွက် သုံးလိုက်သည်။ ထို့နောက် အပိုင်းအစတို့ကိုစု၍ချထားလိုက်သည်။

ရက်အတန်ကြာတွင် ညီမလေး ပီတသည် တောင်းရမ်း၍ ရသမျှကို သယ်ဆောင်ပြီး ပြန်ရောက်လာသည်။ ကျွန်ုပ်ကို အဝတ်အစားမပါဘဲ တွေ့ရသောအခါ စိတ်ဆိုးသည်။ ကျွန်ုပ်က ပုံထားသော စောင်အပိုင်းအစတို့ကို ကောက်ယူလိုက်သည်။ တစ်ခုချင်းဆင်မြန်းလိုက်သည်။

"အတော်အရှက်နည်းတယ်။ လူစိတ်မရှိဘူး။ ပြီးတော့ စောင်ကို အခုလို အပိုင်းပိုင်းအစစဖြစ်အောင် ဖျက်ဆီးရက်တယ်။ ဒီစောင်တစ်ထည်ရဖို့ ရက်အတော်ကြာအောင် တောင်းခံလို့ရတဲ့ ဘာလီစေ့တွေနဲ့ လဲလှယ်ရယူခဲ့ရတယ်ဆိုတာ အစ်ကိုကြီး မသိဘူး။ မစာနာတတ်ဘူး။ စောင်အကောင်းကို အစုတ်အပြတ်ဖြစ်အောင် လုပ်ပစ်ရက်တယ်"

"အရှက်နည်းတယ်လို့တော့ မစွပ်စွဲပါနဲ့။ ဘာကိုရှက်သင့်သလဲဆိုတာကို အရင်စဉ်းစားကြည့်ကြရအောင်။ ပစ္စည်းဥစ္စာအပေါ် တပ်မက်နေတာဟာ ရှက်စရာလို့ အစ်ကိုကြီး ယူဆ သတ်မှတ်တယ်။ ဘာသာတရား မကိုင်းရှိုင်းတာဟာ ရှက်စရာလို့ ပြောသင့်တယ်။ ဒီဂူထဲမှာ တစ်ယောက်တည်းနေရတော့ ကိုယ်ခန္ဓာလုံဖို့ထက် သီလလုံဖို့က ပိုအရေးကြီး တယ်။ ညီမလေးက ရှက်စရာမဟုတ် တာကို ရှက်စရာလို့ထင်နေတယ်။ ရှက် ရမယ့်ဟာကိုတော့ ရှက်ရကောင်းမှန်း မသိဘူး။ မကောင်းမှုဒုစရိုက်လုပ်တဲ့သူ ဟာ ဝတ်ကောင်းစားလှတွေဝတ်ထား ပေမယ့် သူဟာ ရှက်စရာကောင်းတဲ့အရာ ကို ပြနေသူ ဖြစ်တယ်။ သူ့ကို အရှက် နည်းလိုက်တာလို့ ညီမလေး ပြောသင့် တယ်။ ခါးဝတ်ပုဆိုးမြဲဖို့ထက် သီလမြဲ ဖို့က အရေးကြီးတယ်ဆိုတာ စိတ်ထဲ နေအောင် မှတ်ထားလိုက်စမ်းပါ"

"ပြောမရရင်လည်း နေချင်သလို သာ နေပါတော့။ ညီမပြောသလို...



www.burmeseclassic.com

www.burmeseclassic.com

ညီမက လက်လျှော့လိုက်လိမ့်မယ် …တော့ မထင်ပါနဲ့"

ပီတက သူယူလာသည့် စားစရာ …ကို ပေးသည်။

"ရော့ - ယူထားလိုက်ပါ။ နောက် တစ်ခေါက် ထပ်တောင်းဖို့ သွားလိုက်ဦး မယ်"

ပီတပေးသည့်အကြံကို ကျွန်ုပ်က ငြင်းဆန်သည်။ ကျွန်ုပ်ဟောသည့်တရား ကိုလည်း ပီတက လက်မခံချေ။ သူ သည် နောက်တစ်ခေါက် ထပ်ရောက် လာဦးမှာ သေချာနေသည်။ ကျွန်ုပ်သည်





www.burmeseclassic.com

www.burmeseclassic.com

အခြားဂူတစ်ခုသို့ ပြောင်းရွှေ့နေထိုင်လျှင်လည်း စုံစမ်းပြီး ရောက်လာပေလိမ့်ဦးမည်။ လောကီစည်းစိမ်ဥစ္စာရှာဖွေဖို့ ပြောပေးလိမ့်ဦးမည်။ သို့ဖြစ်ရာ ယတိပြတ်လုပ်ဆောင်ပစ်လိုက်မှသင့်မည်ဟု ကျွန်ုပ်တွေးဆမိသည်။

ကျွန်ုပ်သည် ပီတကို ဂူတွင် ဆက်လက်နေထိုင်ရန် တိုက်တွန်းလိုက်သည်။ စားစရာလုံးဝကုန်သောအခါမှ တောင်းရမ်းဖို့အတွက် ရပ်ရွာဆီသို့သွားရန်ပြောလိုက်သည်။

ကျွန်ုပ်သည် ပီတကို အခြေခံအဆင့်တွင် လေ့ကျင့်ရသည့် သင်ခန်းစာများကို သင်ပြပေးသည်။ လက်တွေ့လေ့ကျင့်စေသည်။ သူက စိတ်မပါသော်လည်း အစ်ကိုဖြစ်သူ၏စကားကို မပယ်ရှားလိုသဖြင့် စေတနာဖြင့် လေ့ကျင့်သည်။ ကျက်မှတ်ခိုင်းသည်တို့ကိုလည်း ကျက်မှတ်သည်။

ပီတသည် စေတနာဖြင့် ကျင့်ကြံအားထုတ်ရာမှ စိတ်ပါလက်ပါဖြစ်လာသည်။ သူသိလိုသည်တို့ကို မေးမြန်းစပြုလာသည်။ ကျွန်ုပ်လျှောက်နေသောလမ်းကို သဘောပေါက်စပြုလာသည်။ ထိုစဉ်မှာပင် အနှောင့်အယှက်က ဝင်လာသည်။

ကျွန်ုပ်တို့နှစ်ဦးထံသို့ ဒေါ်လေး ရောက်ရှိလာသည်။ ဦးလေးကွယ်လွန်သွားသောအခါ ဒေါ်လေးသည် ကျွန်ုပ်တို့မောင်နှမအပေါ် ထားရှိသည့်သဘောထား လုံးဝပြောင်းလဲသွားသည်။ စိတ်နေစိတ်ထားတို့လည်း ပြောင်းလဲသွားသည်။

တစ်ချိန်တုန်းက သူတို့လင်မယားပြုမူခဲ့သမျှအပေါ် နောင်တရမိသည်။ သို့ဖြစ်ရာ ကျွန်ုပ်ရှိနေသည့်နေရာကို စုံစမ်းသည်။ စာမရီတစ်ကောင်၊ သယ်နိုင်သမျှ စားနပ်ရိက္ခာနှင့် ပစ္စည်းပစ္စယတို့ကို တင်ဆောင်ကာ ကျွန်ုပ်ရှိရာသို့ ခရီးထွက်ခဲ့သည်။ ကျွန်ုပ်နေထိုင်သည့် ဂူအနီးရှိ ရွာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။

တောင်ခြေရှိရွာတွင် စာမရီနှင့် သယ်ဆောင်လာကာ ဝန်ထုပ်တို့ကို အပ်နှံပြီး သူ့ခေါင်းပေါ် ရွက်နိုင်သမျှကို ယူဆောင်ကာ တောင်ပေါ်သို့တက်သည်။ ကျွန်ုပ်တို့ရှိနေသည့်ဂူဆီသို့လာနေသည့် ဒေါ်လေးကို မြင်သောအခါ ပီတသည် မုန်းတီးနာကြည်းမှုအပြည့်ဖြင့် ပြောပြောဆိုဆိုလုပ်သည်။

"တစ်သက်လုံး ဒုက္ခပေးရတာ အားမရလို့ ဒီဂူအထိလိုက်လာပြီး ဒုက္ခပေးဦးမယ်ထင်တယ်"

ထို့နောက် ဂူသို့လာရာလမ်းတွင် ရှိသော သစ်လုံးတံတားကို ဖယ်ရှားသိမ်းဆည်းထားလိုက်သည်။

ဒေါ်လေးသည် ရှေ့၌ (၆)ပေခန့် ကျယ်သောချောက်က ကန့်လန့်ခံနေသဖြင့် ရှေ့ဆက်မရနိုင်တော့ရာ ခေါင်းပေါ် ရွက်ထားသော အထုပ်ကိုချသည်။ ပီတကို တံတားပြန်ချထားပေးဖို့ တောင်းပန်သည်။

"တူမလေး ပီတ၊ နင်တို့ဆီ ဒေါ်လေးလာချင်လို့ တံတားကိုပြန်ခင်းပေးပါဦး"

"လာမှာစိုးလို့ တံတားကို တမင်ဖယ်ထားတာ"

"သဘောပေါက်ပါတယ်။ တံတားဖယ်ထားတဲ့အတွက် နင့်ကို အပြစ်မတင်ပါဘူး။ နင်တို့မောင်နှမကိုဒုက္ခပေးအောင် ငါပြုခဲ့တာတွေအတွက် စိတ်မကောင်းပါဘူး။ နောင်တလည်းရမိပါတယ်။ အဲဒါကြောင့် သီးပါဂကို တောင်းပန်ဖို့ တကူးတကလာခဲ့ရတာပါ။ တံတားကို ပြန်ချထားပေးပါ တူမရယ်။ နင့်အစ်ကိုကိုလည်း ငါရောက်လာတဲ့အကြောင်းပြောပြပေးပါဦး"

ကျွန်ုပ်သည် သူတို့နှစ်ဦး ပြောဆိုနေကြသံကို ဂူထဲမှ အတိုင်းသားကြားနေရသည်။ ဒေါ်လေးကိုထွက်တွေ့မှဖြစ်မည်ဟု ယူဆသဖြင့် ဂူပြင်သို့ထွက်လိုက်သည်။

ထို့နောက် ဒေါ်လေးရှိနေသည့် နေရာနှင့် မလှမ်းမကမ်းတွင်ရှိနေသော ကျောက်တုံးကြီးတစ်ခုအပေါ် တက်ထိုင်လိုက်သည်။

ဒေါ်လေးက လာချင်သဖြင့် တံတားထိုးပေးရန် တောင်းပန် ပြောဆိုသည်။ ကျွန်ုပ်နှင့် စကားစမြည်ပြောလိုကြောင်း သူက ပြောသည်။ ကျွန်ုပ်ထံမှ တရားနာယူလိုကြောင်းလည်း ပြော၏။

ကျွန်ုပ်က အတိတ်မှဖြစ်ရပ်တို့ကို ကဗျာတစ်ပုဒ်စပ်ကာ သီဆိုလိုက်သည်။

ကျွန်ုပ်သည် အရာရာကိုစွန့်လွှတ်ထားသူဖြစ်ကြောင်း၊ ပိုင်ဆိုင်မှုအားလုံးကို စွန့်လွှတ်ထားကြောင်း၊ သံယောဇဉ်တွယ်စရာအားလုံးကိုလည်း စွန့်လွှတ်ထားကြောင်း၊ ဒေါ်လေးတို့လင်မယားကိုလည်း စွန့်လွှတ်ထားကြောင်း စသဖြင့် စပ်ဆိုလိုက်သည်။

ထို့နောက် ငယ်စဉ်တုန်းက ဦးလေးတို့လင်မယားက ပြုမူခဲ့သော လုပ်ရပ်ဆိုးတို့အကြောင်းကို စပ်ဆိုလိုက်၏။ ကျွန်ုပ်သည် လမ်းဆိုးကို စွန့်ပယ်ကာ လမ်းကောင်းပေါ် လျှောက်သောအခါ အစာရေစာ တောင်းရမ်းသောအခါ၌ ဒေါ်လေးရှိနေသည့် ရွက်ဖျင်တဲတွင် တောင်းရမ်းမိရာမှ ခွေးတို့ဖြင့် ရှူးတိုက်ရုံမျှမက တုတ်ဖြင့်လည်းလိုက်ရိုက်သည်ကို ကြုံရသည့်အကြောင်း ကဗျာစာပိုဒ်တစ်ပိုဒ်အဖြစ် စပ်ဆိုလိုက်သည်။

သို့သော် ဒေါ်လေးတို့လင်မယားကြောင့်သာ ယခုလို ဂန္ဓာရီလမ်းပေါ်သို့ ရောက်ရှိဖြစ်သွားရခြင်းဖြစ်သဖြင့် ဒေါ်လေးတို့ကို ကျေးဇူးတင်မိကြောင်း ဆက်လက် စပ်ဆိုလိုက်သည်။

ဒေါ်လေးသည် ကဗျာကို နား ထောင်ရင်း မျက်ရည်ဖြိုင်ဖြိုင်ကျသည်။ ကဗျာကို ရွတ်ဆိုပြီးသောအခါ သစ်လုံးကို တံတားခင်းပေးလိုက်သည်။

ဒေါ်လေးသည် ယူဆောင်လာသော စားစရာများထည့်ထားသည့်ခြင်းကိုယူပြီး ကျွန်ုပ်ထံသို့ ရောက်လာသည်။ စားစရာတို့ကို ဆက်ကပ် လှူဒါန်းပြီးသောအခါ ကျွန်ုပ်ကို တရားဟောခိုင်းသည်။ ကျွန်ုပ်က ကံတရားအကြောင်းကို ဟောပြောလိုက်သည်။ ဒေါ်လေးသည် စိတ်နေစိတ်ထားလုံးဝပြောင်းလဲသွားပြီး ဘာသာတရားကိုင်းရှိုင်းသူအဖြစ်သို့ ရောက်ရှိသွားသည်။ ဘာသာရေးကို ဦးထိပ်ပန်ဆင်သူအဖြစ်ဖြင့် ကျွန်ုပ်ထံမှ ပြန်သွားသည်။ သူနှင့်အတူ ကျွန်ုပ်၏ညီမ ပီတလည်း လိုက်ပါသွားသည်။

သူတို့ပြန်သွားကြသောအခါတွင် ကျွန်ုပ်သည် ဂူအတွင်း ငြိမ်သက်စွာ ထိုင်ရင်း မိမိလျှောက်လှမ်းခဲ့သောဂန္ဓာရီလမ်းကို အစမှစ၍ ပြန်လည် သုံးသပ်ကြည့်သည်။ ကျွန်ုပ် ရည်မှန်းသော ခရီးဆုံးပန်းတိုင်သို့ဆိုက်ရောက်တော့မှာ သေချာပြီဟု ကောက်ချက်ချမိသည်။

ကျွန်ုပ်သည် ဆရာမာပါ ချမှတ်ပေးလိုက်သည့် ဂူစဉ်အတိုင်း တစ်ဂူပြီးတစ်ဂူ ပြောင်းရွှေ့နေထိုင်ကာ ကျင့်ကြံအားထုတ်သည်။

ဟိမဝန္တာ ဂန္ဓာရီလောကတွင် အပြင်စည်း ဂူ (၆) ဂူဟု ခေါ်ဝေါ် သတ်မှတ်သည့်ဂူတို့တွင် တစ်ဂူပြီးတစ်ဂူ ကျင့်ကြံအားထုတ်ရသည်။ထို့နောက် အတွင်းစည်းဂူ (၆) ဂူဟုခေါ်သည့် ဂူ (၆) ဂူတွင် တစ်ဂူပြီးတစ်ဂူ ကျင့်ကြံအားထုတ်သည်။ ထို့နောက် သာမန်လူတို့အနေဖြင့် ရှာဖွေလျှင်မတွေ့နိုင်သော ဝှက်ဂူ (၆) ဂူ တို့တွင် တစ်ဂူပြီးတစ်ဂူ လှည့်လည်



www.burmeseclassic.com

www.burmeseclassic.com

ထိုင်ရင်း ကျင့်ကြံအားထုတ်ရသည်။ ထိုဂူပေါင်း (၁၈) ဂူတွင် နေထိုင်ခဲ့ရာ၌ ပရလောကသားသမီးတို့က အကဲစမ်းကြသည်ကို ရင်ဆိုင်ရသည့်အခါမျိုးကိုလည်း ကြုံရသည်။တရားတောင်းသဖြင့် တရားဟောပြောရသည်ကို ကြုံရသည်လည်း ရှိသည်။ ကျွန်ုပ်ကို ကူညီစောင်မသည်ကို ကြုံရသည်လည်း ရှိခဲ့ပေသည်။

၎င်း (၁၈) ဂူကို ပြီးမြောက်ခဲ့ပြီးသောအခါ နောက်ဆုံးပိတ်အနေဖြင့် ဂူ (၂) ဂူတွင် နေထိုင်ကာ ကျင့်ကြံအားထုတ်ရသည်။ စုစုပေါင်း ဂူ (၂၀) ကို ပြီးမြောက်ခဲ့ပြီးသောအခါ ဂန္ဓာရီခရီးဆုံးခန်းတိုင်ခဲ့သည်။

ကျွန်ုပ်သည် ဓာတ်ကျရာ ဂူကြီး၊ ဂူငယ်အသွယ်သွယ်တို့တွင် နေထိုင်ရင်း တပည့်ခံရန် ရောက်လာသူတို့ကို သင်ပြပေးရသည်။ အချို့က ရသေ့ဘဝကို ရာသက်ပန် ခံယူလိုက်ကြသည်။ အချို့က လူ့လောကီသို့ ပြန်ကြသည်။

ကျွန်ုပ်ထံသို့ ရောက်လာကြသူများထဲတွင် အနာကြီးရောဂါ စွဲကပ်နေသူတစ်ဦးလည်း ပါဝင်သည်။ သူ့ကိုမြင်မြင်ချင်းမှာပင် သူသည် ကျွန်ုပ်ထံပါးတွင် စွဲမြဲမြဲနေမည့်သူဟု တန်းသိလိုက်သည်။ ကျွန်ုပ်က ကရုဏာပွားများနည်းတစ်ခုကို ကျကျနနသင်ပေးလိုက်သည်။ လအတန်ကြာ ပွားများပြီးချိန်တွင် သူ့ကိုယ်ခန္ဓာတွင် စွဲကပ်နေသော အနာကြီးရောဂါဆိုးမှာ ယူပစ်လိုက်သလို ပျောက်ကွယ်သွားသည်။

ကျွန်ုပ်သည် 'ဉာဏ်နာမ်' ဟု အမည်ရှိသောဂူတွင် နေထိုင်စဉ် နာမည်ကြီးရသေ့တစ်ပါး ရောက်လာသည်။ သူ့အမည်မှာ ဗောဓိမေ့ ဟူ၍ ဖြစ်သည်။ သူက အိပ်မက်ရသဖြင့် ရောက်လာရခြင်းဖြစ်ကြောင်း ပြောသည်။ ကျွန်ုပ်ကို ခြင်းငါးပါးဖြင့် ကန်တော့သည်။

ထိုသို့ နာမည်ကျော်ကြားသည့် ရသေ့ဗောဓိမေ့က ကန်တော့သည့်သတင်း ပျံ့နှံ့သွားသောအခါ ကျွန်ုပ်ကို တလေးတစားဖြစ်ကုန်ကြသည်။ ပရိသတ် ရုတ်ခြည်း များပြားသွားလေတော့သည်။

ထိုသို့ ပရိသတ်များပြားသည်ကို နာလိုမရှုဆိတ်သော ရသေ့များလည်း ရှိကြပေသေးသည်။ ထိုသူတို့က ပညာစမ်းခြင်း၊ ရန်ရှာခြင်းများကို မေတ္တာရှေ့ထားပြီး ရင်ဆိုင်ခဲ့ရပေသည်။ ထိုသို့ ပညာစမ်းရာမှ ကျွန်ုပ်ထံပါးတွင် တပည့်ခံသွားကြသူများလည်း ရှိပေသည်။

ကျွန်ုပ်အပေါ် မနာလိုမရှုဆိတ်သဖြင့် ပညာစမ်းကြ၊ ရန်ရှာကြသူတို့တွင် ရသေ့တပူဝလည်း အပါအဝင်ဖြစ်သည်။ သူသည် ကျမ်းဂန်တွင် အလွန်နှံ့စပ်သူ ဖြစ်သည်။ ကျွန်ုပ်သည် သူနေထိုင်ရာအရပ်ဖြစ်သည့် ဘရင်ဒေသရှိဂူတစ်ခုတွင် သွားရောက်နေထိုင်ခဲ့ရာမှ သူနှင့် ထိပ်တိုက်တိုးခဲ့ရသည်။

သူက ကျွန်ုပ်ရောက်ရှိလာသည့်သတင်းကို ကြားသိသောအခါ တပည့်တစ်ဦးကို စေလွှတ်ပြီး စားနပ်ရိက္ခာတို့ ပို့ပေးသည်။ အများအမြင်တွင် ကျွန်ုပ်ကို သူကကြိုဆိုလိုက်သည့်သဘောဖြစ်သည်။ အကယ်စင်စစ် ကျွန်ုပ်ကို သူက ပထုတ်ချင်နေသည်။ ကျွန်ုပ် ရောက်မလာခင်က သူသည် ဘရင်ဒေသတွင်ပြိုင်ဘက်ကင်းသည့် ဆရာတစ်ဆူအဖြစ် နေရာရနေခဲ့သည်။ ကျွန်ုပ် ရောက်ရှိလာသောအခါ သူသည် အလိုလိုဒုတိယနေရာသို့ရောက်ရှိသွားသည်။ ထိုအတွက် ကျွန်ုပ်ကို မလိုလားသူဖြစ်သွားရသည်။

သူသည် ကျွန်ုပ်ထံသို့ တပည့်တပန်းတို့နှင့်အတူ ရောက်လာတတ်သည်။ ကျွန်ုပ်ကို ကတ်သီးကတ်သတ်မေးခွန်းများထုတ်သည်။ ကျွန်ုပ်က ကိုယ်တွေ့ဖြင့် ပိုင်းခြားဝေဖန်ကာ အဖြေပေးသည်။ သူမေးသမျှ အဖြေပေးနိုင်သည်ချည်း ဖြစ်သည်။

နွေဦးပေါက်ချိန်တွင် ကျွန်ုပ်ကို မဂ်လာဆောင်တစ်ခုတွင် တရားဟောပြောရန် ပင့်ဖိတ်သဖြင့် သွားရသည်။ မဏ္ဍပ်ထဲသို့ဝင်ပြီး ထိုင်သည်။ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရသေ့တပူဝရောက်ရှိလာသည်။ ကျွန်ုပ်ကို မြင်သောအခါ ရိုသေသမှုပြုသည်။ ကျွန်ုပ်က ခေါင်းကိုတစ်ချက်ဆတ်၍ညိတ်ပြကာ အသိအမှတ် ပြုလိုက်သည်။ သူ့ကို အပြန်အလှန်အားဖြင့် ရိုသေသမှုပြုသည့်ကိုယ်ဟန်အမူအရာကို မပြုပေ။

ကျွန်ုပ်သည် ဆရာမာပါမှ၄ာစ်ပါးအခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရိုသေသမှုပြုသည့် ကိုယ်ဟန်အမူအရာပြသခြင်းမရှိချေ။ သို့ဖြစ်ရာ ရသေ့တပူဝကိုလည်း ရိုသေသမှုပြုသည့် ကိုယ်ဟန်အမူအရာ ပြန်မပြုပေ။

ထိုအတွက် သူက စိတ်ခုသွား၏။ သူက ကျွန်ုပ်သည် ကျမ်းဂန်နှံ့စပ်သူမဟုတ်။ တောတွင်းသားရသေ့သက်သက်မျှသာ သတ်မှတ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်အနီးတွင် ဝင်ထိုင်ပြီးသောအခါ ကျွန်ုပ်ကို ပညာစမ်းလေတော့သည်။

သူဝတ်ထားသော ဝတ်ရုံထဲမှ ကျမ်းစာအုပ်တစ်အုပ်ကို ထုတ်ယူလိုက်သည်။ ထို့နောက် -

"မိလာရိပနဲ့ တွေ့တုန်းကြုံတုန်း စိတ်ထဲ မရှင်းတာလေးတွေကို မေးရဦးမယ်။ ဒီကျမ်းထဲမှာဖတ်ရင်း နားမလည်တာလေးတွေရှိနေလို့ မေးမြန်းပါရစေ"

ဟု ရိုရိုကျိုးကျိုး ပြောဆိုလိုက်သည်။ သူသည် သဘောရိုးဖြင့် မေးမြန်းလိုခြင်းမဟုတ်ချေ။ ကတ်သီးကတ်သတ်မေးခွန်းတို့ဖြင့် ကျွန်ုပ်ကို ချောင်ပိတ်ဖမ်းရန်သာ အကြံရှိနေသူ ဖြစ်သည်။

ထိုအခါ ကျွန်ုပ်က -

"သင်က စာလုံးတွေကို တစ်လုံးချင်း ဂဃနဏ နားလည်ချင်ပုံရတယ်။ အပြည့်အဝသဘောပေါက်ချင်ပုံရတယ်။ ရေကူးတတ်ချင်တဲ့သူတစ်ယောက်အဖို့ စာဖတ်နေရုံမျှဖြင့် ရေကူးခြင်းဆိုင်ရာအချက်အလက်တွေကို သဘောပေါက်နိုင်မှာ မဟုတ်ဘူး။ ရေထဲဆင်းကူးကြည့်မှ တတ်လိမ့်မယ်။ ကျွန်ုပ်အနေဖြင့် စာတွေကို ဖတ်ရုံပဲဖတ်တယ်။ ပြည့်ပြည့်ဝဝသဘောပေါက်ဖို့ မကြိုးစားဘူး။ နှုတ်တိုက်အာဂုံဆောင်ဖို့လည်း အားမထုတ်ဘူး။ စာထဲမှာဆိုထားတာကို လက်တွေ့ကျင့်ကြံအားထုတ်ဖို့ပဲ အမြဲလုပ်တယ်။ စာဖြင့် ရေးပြဖို့ ဝေါဟာရချို့တဲ့နေတာကြောင့် ရေးပြလို့မရ၊ ပြောပြလို့မရတဲ့ အခြင်းအရာတွေ တစ်ပုံတစ်ပင့်ရှိနေတယ်။ သင်ဘာဖြစ်ချင်တာလဲ။ သင်ဟာ သက်ဝင်လှုပ်ရှားနေတဲ့ ကျမ်းစာအုပ်ဖြစ်ချင်တာလား၊ တရားဓမ္မတွေကို အချိန်နဲ့အမျှ ရှုသွင်းနေတဲ့ ရသေ့ဖြစ်ချင်တာလား။ ဘာဖြစ်ချင်တာလဲ"

ဟု လေသံမာမာဖြင့် မေးလိုက်သည်။

ထိုအခါ ရသေ့တပူဝက -

"ဩော်- လက်စသတ်တော့ ရှင်ရသေ့ မိလာရိပက ကျမ်းမကျေဘဲ လမ်းတွေပေါ် လျှောက်နေတဲ့သူကိုး"

ဟု ရေရွတ်လေသည်။

ထိုအခါ အနီးတွင်ရှိနေကြသော ဧည့်သည်တို့အနက် တစ်ဦးက -

"ရှင်ရသေ့တပူဝအနေဖြင့် ကျမ်းကျေပြီး ပညာရှိကြီးတစ်ဦးအဖြစ်ကို ရောက်လိုသူ ဖြစ်ပုံရတယ်။ ပညာရှိတာဟာ မြင့်မြတ်တာ မဟုတ်ဘူး။ ပညာရှိတွေထဲမှာ သူယုတ်မာတွေလည်း ပါနေတယ်။ မိလာရိပဟာ ကျမ်းကျေတဲ့ပညာရှိ မဟုတ်ပေမယ့် အင်မတန် မြင့်မြတ်သူဖြစ်တယ်။ ရှင်ရသေ့ထက် အပုံကြီးမြင့်တယ်၊ မြတ်တယ်၊ ဖြူစင်တယ်။ သူက



www.burmeseclassic.com

www.burmeseclassic.com

ဘာသာရေးကိုအမှီပြုပြီး ဥစ္စာပစ္စည်း ရှာဖွေခြင်းကိုမပြုဘူး"

ဟု ပြောလိုက်သည်။

ရှင်ရသေ့တပူဝသည် ခွန်းတုံ့ပြန်ခံရသောအခါ ပရိသတ်သည် သူ့ဘက်၌မရှိကြောင်းသိသွားပြီး ကျွန်ုပ်ကို ပညာစမ်းခြင်းမပြုတော့ဘဲ အသာနှုတ်ဆိတ်၍နေလေတော့သည်။

ရှင်ရသေ့ တပူဝသည် သူကြီးစိုးရာနယ်မြေတွင် ကျွန်ုပ်က ဆရာတစ်ဆူအဖြစ် နေရာလာယူသည်ဟု မြင်သည်။ ကျွန်ုပ်ရှိနေသရွေ့ သူ့အဖို့ နေရာရမည်မဟုတ်ဟု ယူဆသည်။ သို့ဖြစ်ရာ အမျိုးသမီးတစ်ဦးကို ရတနာလက်ဆောင်ပေးပြီး စည်းရုံးသည်။ အဆိပ်ခတ်ထားသော ပဲပြားကို ဟင်းချက်စေပြီး ကျွန်ုပ်အားဆက်ကပ် လှူဒါန်းခိုင်းသည်။

ကျွန်ုပ်သည် များမကြာခင်တွင် သေကံဆိုက်ရောက်တော့မည့်သူဖြစ်ပေရာ အမျိုးသမီးကို အကုသိုလ်မဖြစ်စေလိုသဖြင့် မစားဘဲ ငြင်းဆန်လိုက်သည်။

"ငါ မစားချင်သေးဘူး။ ဒီပဲပြားဟင်းကို စားစား၊ မစားစား ငါသေရမယ့်အချိန်က အတော်နီးနေပါပြီ။ သည်းခံပြီးစောင့်ပေးပါ"

ဟု ပြောလိုက်ရာ အမျိုးသမီးသည် မျက်နှာတွင်သွေးဆုတ်သည်အထိ ကြောက်လန့်တုန်လှုပ်သွားသည်။ ပဲပြားဟင်းကိုယူပြီး ဂူထဲမှ အပြင်သို့ ခပ်သုတ်သုတ် ထွက်ပြေးလေတော့သည်။

ရသေ့တပူဝသည် သတင်းပေါက်ကြားပြီး ကျွန်ုပ်သိသွားခြင်းသာဖြစ်မည်ဟု ယူဆသည်။ သို့ဖြစ်ရာ နောက်တစ်ကြိမ် ထပ်မံ ကြံစည်ခိုင်းပြန်သည်။ အမျိုးသမီးက ကြောက်ရွံ့နေပြီဖြစ်ပေရာ မလုပ်ဝံ့ကြောင်း ငြင်းဆန်သည်။

"မကြံဝံ့တော့ပါဘူး။ မိလာရီပက အလိုလိုသိနေတယ်။အစင်းသိနေတယ်။ နောက်တစ်ကြိမ်ထပ်သွားပြီးပို့ရင်လည်း မစားသေးဘူးလို့ငြင်းဦးမှာသေချာတယ်"

ရသေ့တပူဝက -

"လူပြိန်းတွေကို ဖြီးဖြန်းပြီး အကြားအမြင်ရတဲ့သူလို ဟိတ်တစ်လုံး ဟန်တစ်လုံးထုတ်နေတာပါ။ လူတွေက ဉာဏ်တိမ်တော့ သူ့ဖြီးဖြန်းသမျှကို အဟုတ်မှတ်နေကြတယ်။ အထင်တကြီးဖြစ်နေကြတယ်။ ဒီတော့ သူ့ကို ပဲပြားသွားကျွေးချေစမ်းပါ။ အကြံအစည်အောင်ရင် သင့်ကို မယားကြီးအရာမှာ ထားပြီး လက်ထပ်ပါ့မယ်"

အမျိုးသမီးသည် ပဲပြားဟင်းတစ်ခွက် ထပ်ချက်သည်။ ရသေ့တပူဝက အဆိပ်ခတ်ပေးသည်။ ထို့နောက် ကျွန်ုပ်ထံသို့ စေလွှတ်လိုက်သည်။

✤

ဆရာသခင်သည် တပည့်လက်ဆုပ်လက်ရင်းတို့ကို အနီးသို့ ခေါ်လိုက်သည်။ သူ့ကို သေကြောင်းကြံနေသူရှိနေကြောင်း ပြောသည်။ သူသည် သေရတော့မည့်သူဖြစ်ကြောင်းလည်း ပြောသည်။ ထိုအတွက်ကြောင့် သေကြောင်းကြံစည်သူအပေါ် မုန်းတီးခြင်းမရှိကြဖို့ အတန်တန်မှာသည်။ ထို့နောက် တပည့်တစ်ဦးစီကို ရှေ့ဆက်ရမည့် ဂန္ဓာရီလမ်းကြောင်းကို ပြောပြသွန်သင်သည်။ ဂူစဉ်များလည်း ချပေးသည်။ ကျင့်စဉ်တို့ကိုလည်း ချမှတ်ပေးသည်။

ထို့နောက် သူက အမျိုးသမီးတစ်ဦးသည် ပဲပြားဟင်း လာပို့လိမ့်မည်ဟု ပြောသည်။ မကြာမတင်မှာပင် ပဲပြားဟင်း ဆက်ကပ် လှူဒါန်းရန်အတွက် အမျိုးသမီးတစ်ဦး ရောက်လာသည်။ ဆရာ မိလာရီပသည် အပြုံးဖြင့် ဆီးကြိုသည်။

အမျိုးသမီးသည် ဟင်းခွက်ကိုရှေ့၌ကိုင်မြှောက်ပြီး ကပ်လှူသည်။ မိလာရီပက ဟင်းခွက်ကို လက်ဖြင့် တို့ထိပြီး လက်ခံရယူကြောင်း အသိအမှတ်ပြုသည့် အရိပ်လက္ခဏာကို ပြသသည်။ ထို့နောက် သူက-

"တာကျွိုက်ရတနာလည်း ရပြီ။ ဒါ့အပြင် မယားကြီးအဖြစ်လည်း တင့်တောင့်တင့်တယ်ဖြင့်နေရပြီလို့သာ စိတ်ချလက်ချ မှတ်ယူလိုက်ပါတော့။ အေးအေး၊ ငြိမ်းစေ"

ဟုလည်း ပြောလိုက်သည်။

အမျိုးသမီးသည် ကတုန်ကယင်ဖြစ်သွားသည်။ လက်ထဲကိုင်ထားသော ဟင်းခွက်သည် လှုပ်လှုပ်ခါခါဖြစ်သွားသည်။ ဆက်ကိုင်ထားလျှင် ဖိတ်စဉ်ကျဖို့သာရှိတော့သဖြင့် အနီးရှိ ကြမ်းပေါ် ချထားလိုက်ရသည်။ အမျိုးသမီးသည် ဆရာမိလာရီပ၏ ခြေဖမိုးကို နဖူးဖြင့် တိုက်ပြီး ကန်တော့သည်။ ထို့နောက် ပြုမိသည့်အပြစ်မှ ခွင့်လွှတ်ဖို့ တောင်းပန်တိုးလျှိုးသည်။

ဆရာမိလာရီပက ကရုဏာသက်သည်။ အမျိုးသမီးသည် ချထားသော ဟင်းခွက်ကို ကောက်ကိုင်မည်ပြုရာ ဆရာမိလာရီပက လက်ဝါးဖြန့်၍ လက်ကာပြပြီး ဟန့်တားလိုက်သည်။

"ငါ့ကိုကပ်ထားပြီးသားဟင်းခွ
ကို ငါစွန့်မှ သင်လုပ်ချင်ရာကို လု
ရှိတယ်"

"ကိုယ်တော်ပြောတာ ဟု
တယ်။ ဟင်းခွက်ကို တပည့်တော်မ
လိုချင်လို့ပါ။ တပည့်တော်မ စားချင်
ပါ။ စွန့်ပေးပါ"

"သင်စားလျှင် သင်သေဖို့သာ
တယ်။ ဘာကြောင့် စားချင်ရတာလဲ"

"သူတစ်ပါးကို သေအောင်ပြုမ
အပြစ်ဒဏ်ကျေစေဖို့က သေတာထ
ပိုအရေးကြီးပါတယ်။ ဒီတော့ ဟင်းခွ
ကိုစွန့်ပါ။ အပြစ်ကျေအောင် စားချ
ပါ"

"သင်စားဖို့ မလိုပါဘူး၊ ငါ
လည်း မလိုပါဘူး။ ငါဟာ သင်ပေး
ဟင်းကို မစားလည်း အခြားနည်း
တစ်ခုခုဖြင့် ငါသေရမှာ သေချာ
ဖြစ်ပါတယ်။ သင်ဟာ ဆက်ရှင်ရ
သူ ဖြစ်ပါတယ်။ ဒီတော့ သေစေနိုင်
ပဲပြားဟင်းကို သင်မစားပါနှင့်။
တစ်ကြိမ် လာပို့စဉ်က ငါငြင်းခဲ့တာ
အဲဒီနေ့က ငါဟာ သေနေ့မစေ့သေး
ဒီတော့ အဆိပ်ပါတဲ့ ပဲပြားဟင်းကို
စားလည်း ရသေ့တပူဝ ဖြစ်စေချင်သ
ငါသေသွားမှာ မဟုတ်ဘူး။ ပြီးတော့
အခုလို နောက်တစ်ကြိမ် လွှတ်
အတွက် သင့်အနေဖြင့် ပိုရသွားတ
ယခင်တစ်ကြိမ်တုန်းကသာ အကြံ
စည် အထမြောက်ခဲ့ရင် သင်ဟာ
ကျွိုက်ရတနာမျှဖြင့်သာ ကျေနပ်ရ
မယ်။ ယခုလို နောက်ထပ်တစ်ခေါ
လာရတဲ့အတွက် သင်ဟာ မယား
အဖြစ် တင့်တင့်တယ်တယ်နေခွင့်
သင်ရသွားတယ်။ ဒီတော့ နှစ်ကြိမ်လာ
ကျိုးနပ်ပါတယ်။ သင်နှုတ်လုံဖို့ အ
အရေးကြီးတယ်။ ဒီကိစ္စကို လူသိခ
နှင့်။ သင်ရယ်၊ ငါရယ်၊ ရှင်ရသေ့တ
ရယ်၊ ပြီးတော့ ငါ့ရဲ့ လက်ဆုပ်လက်
တပည့်တွေရယ်၊ ဒီလူတွေပဲသိကြတ
သင်ပြုတဲ့အမှုက ကြီးတယ်။ ပြီးတော့
ရသေ့တပူဝဟာ ကတိတည်တဲ့အ
ထဲက မဟုတ်ဘူးဆိုတာ သင်မကြာ
မှာ လက်တွေ့သိလိမ့်မယ်။ ငါ့ကို အဆိ
ခတ်သတ်လို့ ပြဿနာတက်လာခဲ့
သင်သာလျှင် တစ်ဦးတည်းသောတ
ဖြစ်လိမ့်မယ်။ သူက လွှတ်အောင်ရှော
လိမ့်မယ်"

အမျိုးသမီးသည် ငိုကြွေး
တော့သည်။

ဆရာမိလာရီပက စကားကိုဆ



www.burmeseclassic.com

www.burmeseclassic.com

သည်။

"ပြစ်မှုက ပြုပြီးခဲ့ပြီ။ ဒီအတွက် သောကမပွားပါနှင့်။ အရေးကြုံလျှင် ငါ့ကို စိတ်ထဲက တလိုက်ပါ။ ငါသော်လည်းကောင်း၊ ငါ့တပည့်ရင်းတစ်ဦးဦးသော်လည်းကောင်း သင့်ကို ကူညီပါလိမ့်မယ်"

ထို့နောက် ဆရာမီလာရီပသည် ဒွန်ပ်တို့အား နှုတ်လုံကြဖို့ မှာကြားသည်။ ပဲပြားဟင်းထည့်ထားသည့်ခွက်ကို ကောက်ယူပြီး မြိန်မြိန်ရှက်ရှက်စားသည်။ ထို့နောက် ပန်းကန်နှင့်တကွ ကြွင်းကျန်သမျှတို့ကို မြေတွင် တွင်းတူးပြီးမြှုပ်ပါဟု မှာကြားပြီး ပန်းကန်ကို တပည့်တစ်ဦးအား ပေးသည်။

အမျိုးသမီးသည် အိမ်သို့ပြန်သွားသည်။ရသေ့တပူဝကို အကျိုးအကြောင်းတိုးတိုးတိတ်တိတ် ပြောပြသည်။ ရသေ့တပူဝက အပူအပင်ကင်းသည်။

"သူစားလိုက်ဗြီဆိုရင် သေဖို့ပဲရှိတယ်။ စောင့်ကြည့်ကြသေးတာပေါ့"

ဟု မှတ်ချက်ချသည်။

ဆရာမီလာရီပသည် တစ်နယ်တစ်ကျေးတွင် ရောက်နေသော တပည့်ရင်းတို့ထံ သူသေတော့မည့်အကြောင်း သတင်းပါးပြီး မသေခင် တွေ့လိုပါက လာတွေ့ကြရန် အကြောင်းကြားသည်။ ဒကာရင်းတို့ထံလည်း အကြောင်းကြားသည်။

သူနေထိုင်နေသည့် ဉာဏ်နာမ်ဂူဆီသို့ တပည့်တပန်းတို့ ရောက်လာကြသည်။ ဒကာရင်းတို့လည်း ရောက်လာကြရာ လူသူစည်စည်ကားကားဖြစ်နေတော့သည်။

ဆရာမီလာရီပသည် တပည့်တို့ကို သိဒ္ဓိတင်ပေးသည်။ ဒကာရင်းတို့ကို တရားဟောသည်။ ပရလောကမှရောက်လာကြသူတို့ကိုလည်းတရားဟောသည်၊ မေတ္တာပို့သည်။ နေ့နေ့ညည မအားမလပ်အောင်ရှိတော့သည်။

တပည့်တစ်ဦးက ပရလောကသားတို့နှင့် ပတ်သက်၍ သူသိလိုသည်ကို မေးမြန်းသည်။

"လာနေကြတာ တသောသော။ ဒါပေမယ့် သူတို့ရောက်နေကြတာကို သိတဲ့သူက နည်းနည်းလေးပဲ ရှိတယ်။ သူတို့က ဘာလာလုပ်ကြတာလဲ"

"တရားလာနာကြတာပါ။ တရားနာရတဲ့အခါ အလွန်ကြည်နူးကြတယ်၊ ပီတိဖြစ်ကြတယ်၊ ဝမ်းမြောက်ကြတယ်။ ဒါကြောင့် တရားနာဖို့ရောက်လာနေကြခြင်း ဖြစ်ပါတယ်"

"သူတို့ ရောက်လာကြတာကို မမြင်၊ မသိသူတွေက များတယ်။ မြင်သူ၊ သိသူက အတော်နည်းတယ်။ မြင်သူ၊ သိသူက မြင်ရ၊ သိရပြီး မမြင်သူ၊ မသိသူတွေက ဘာလို့ မမြင်ကြ၊ မသိကြရတာလဲ"

"အားလုံးမှာ မြင်နိုင်ခွင့်ရှိကြပါတယ်။ ဒါပေမယ့် အဓိကအားဖြင့် အချက်နှစ်ချက်မှာ ချို့ယွင်းနေကြလို့ မမြင်ကြ၊ မသိကြတာပါ။ တစ်အချက်က ဖြစ်ပျက်ပျက်ပျက်ဟယ်၊ ပြန်ဖြစ်ဟယ်ဆိုပြီး ပြောင်းလဲနေတာကိုမမြင်တတ်ကြဘူး။ တကယ်လို့ ထင်နေတာတွေအားလုံးဟာ ဖြစ်ပျက်အစဉ်မျှသာဖြစ်ကြောင်းမသိကြလို့ ကန်းနေကြရတယ်။နောက်တစ်ချက်ကတော့ သက္ကာယ-ငါဆိုတာကို သဘောမပေါက်ကြဘူး။ ဒီနှစ်ချက်ကြောင့် သူတို့ မြင်ပါလျက် ကန်းနေကြရတယ်။ ပြုခဲ့တဲ့အကုသိုလ်တွေ ထူပိန်းလွန်းနေတာကြောင့် ဒီနှစ်ချက်ကို သဘောပေါက်ခွင့် သူတို့မရကြဘူး။ သဘောပေါက်ဖို့အတွက် ကြိုးစား အားထုတ်ခြင်းလည်း လုံလုံလောက်လောက်မပြုကြဘူး။ ကိုယ့်ကိုယ်ကိုယ် ကျကျနနမြင်နိုင်မှ သူတစ်ပါးကို မြင်နိုင်မယ်။ ကိုယ်နေထိုင်ရာလောကကို ကျကျနနမြင်နိုင်မှ သူတစ်ပါးလောကကို မြင်နိုင်လိမ့်မယ်"

ထို့နောက် ဆရာမီလာရီပက အနီးတွင်နားထောင်နေကြသောပရိသတ်ကို တစ်ချက်ကြည့်လိုက်သည်။ ပြီးမှ နှုတ်ဆက်စကားကို မြွက်ဆိုသည်။

ရက်အနည်းငယ်အကြာ၌ ဆရာမီလာရီပသည် ကောက်ကာငင်ကာ မမာမကျန်းဖြစ်သည်။ တပည့်တပ်န်းတို့သည် စိုးရိမ်တကြီးဖြစ်ကုန်ကြသည်။

ဆရာမီလာရီပက -

"ငါသည် မွေးဖွားခဲ့သည်။ ထို့ကြောင့် မလွဲမသွေ သေဆုံးရပေဦးမည်"

ဟု ပြောသည်။

ထို့နောက် သူဆက်လက်အသက်ရှင်စေဖို့အတွက် ဆုတောင်းခြင်းလုံးဝမပြုရန် တားမြစ်သည်။ တပည့်ရင်းနှစ်ဦးက တစ်လတန်သည်၊ နှစ်လတန်သည် ဆက်နေပေးဖို့ ပန်ကြားကြသည်။

ထိုအခါ ဆရာမီလာရီပက -

"အသက်ရှည်ရာ အနာမဲ့ကြောင်းကို ရည်သန်ပြီး ကျင့်ကြံအားထုတ်ခြင်းကို ငါမပြုခဲ့ဘူး။ တရားထူးရဖို့ကိုသာ ငါရည်သန်ခဲ့တယ်။ ငါရတဲ့ တရားအမြင်ကိုလည်း ပြန်လည် ဝေမျှပေးခဲ့တယ်။ ငါတာဝန်ကျေခဲ့တာ ကြာပါပြီ။ အခု ငါသေဖို့အချိန်ကို ဆိုက်ရောက်နေပြီ။ ဒီတော့ ငါ့ကို မတားပါနှင့်။ ငါဘာတွေလုပ်ပြီးပြီလဲ ဆိုတာ ငါကောင်းကောင်းသိတယ်။ ငါဘာလုပ်ဖို့ကျန်သေးသလဲဆိုတာလည်း ငါကောင်းကောင်းသိပါတယ်။ သင်တို့ အသာနှုတ်ဆိတ်ပြီးတိတ်တိတ်နေကြစမ်းပါ"

ဟု ပြောသည်။

ထိုသို့ ပြောဆိုနေစဉ် ဆရာရှိရာ ဉာဏ်နာမ်ဂူသို့ ရသေ့တပူဝ ရောက်ရှိလာသည်။ သူသည် ဆရာမီလာရီပ မမာမကျန်းဖြစ်သည်ဟု သတင်းကြားသဖြင့် ရောက်ရှိလာခြင်း ဖြစ်သည်။ သူ့မျက်နှာပေါ်တွင် ဝမ်းပန်းတသာဖြစ်နေသည့်ပုံ အတိုင်းသားပေါ်လွင်နေသည်။ သူက ဆရာမီလာရီပအနီးသို့ သွားပြီး ကန်တော့သည်။ ထို့နောက် ယူလာသောစားစရာတို့ကို ဆက်ကပ် လှူဒါန်းသည်။

"သင့်လို သူတော်စင်အဖို့ နာမကျန်းပြင်းပြင်းထန်ထန်ဖြစ်ရန်အကြောင်း မရှိပါ။ အာဂန္တုအဖျားမျှသာ ဖြစ်ပါလိမ့်မယ်"

ဟုလည်း သူက ရှိသဲ့သဲ့ပြောလိုက်သေးသည်။ ထို့နောက် သူက-

"ဂျက်စင်မီလာရီပလို ဟိုးလေးတကျော် လူသိများတဲ့ သင့်အဖို့ အဖျားအနာမျှလောက်ကို မိမိဘာသာမိမိ ကုစားနိုင်မှာ သေချာပါတယ်။ သင့်မှာ တပည့်တပန်းတွေလည်း ပေါများလှပါတယ်။ စွဲကပ်နေတဲ့ဝေဒနာကို သူတို့ထံ ရွှေ့ပြောင်းပေးလိုက်ပါလား။ ဒီလောက်တော့ သင်စွမ်းမှာပါ။ ဘာမှခက်ခဲသည့် အလုပ် မဟုတ်ပါ"

ဟုလည်း အကောင်းပြောသလိုလိုဖြင့် ပညာအတိမ်အနက်ကို စစ်ကြောလိုက်သေးသည်။

ဆရာမီလာရီပသည် အားအင်ချည့်နဲ့နေသဖြင့် ယဲ့ယဲ့မျှသာပြုံးပြနိုင်သည်။ သူက လေသံတိုးတိုးဖြင့် ပြောသည်။

"သင်ပြောတာ ဟုတ်ပါတယ်။ ဖျားတာနာတာမျိုးကို မကြုံရတာ ကြာပါပြီ။ အခုမှ ဘယ့်နှယ်ဖြစ်တယ် မသိပါဘူး။ အသက်ကိုခြွေဖို့အတွက် ဖျားနာတာလား မသိပါဘူး"

ဟု ပြောလိုက်သည်။

ရသေ့တပူဝသည် သူ့လက်ချက်ကြောင့် ဖျားနာရပြီဟု သိလိုက်သည်။ သူကျွေးသောအဆိပ်က အစွမ်းပြနေပြီဟု သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မီလာရီပက-

"သင်ပြောသလို ခံစားနေရတဲ့ ဝေဒနာကို တခြားသူဆီ ပြောင်းပေးလိုက်လျှင်လည်း သူ့ခမျာအချောင်ခံနေရလိမ့်မယ်"

ဟု ပြောသည်။

ထိုအခါ ရသေ့တပူဝသည် မီလာရီပသည် အဆိပ်သင့်၍ သေခါရန်းဖြစ်နေသည့်တိုင် လေကမလျှော့။ ဝေဒနာကို တခြားသူထံပို့ပေးနိုင်စွမ်းရှိသယောင်ယောင်ပြောဆိုနေချေသေးသည်ဟုတွေးမိသည်။ မီလာရီပအနေဖြင့် ဝေဒနာကို ပြောင်းပေးနိုင်စွမ်းရှိသူ မဟုတ်ကြောင်း အများသိသွားအောင်ပြုရန် အကြံဖြင့် သူက စကားဆိုလိုက်သည်။

"သူတော်စင်ကြီး ဂျက်စင်မီလာရီပ၊ သင့်လို သူတော်စင်တစ်ဦးအဖို့ ကျန်းမာမှဖြစ်မယ်။ ဝေဒနာတွေကို ပြောင်းပေးပစ်လိုက်စမ်းပါ။ သင့်မှာ ပယောဂဝင်နေတယ်ဆိုလျှင်လည်းပြောပါ။ အပမှီလို့ ယခုလို မမာမကျန်းဖြစ်ရတယ်ဆိုရင် ပြောပါ။ ကျွန်ုပ် ယခုချက်ချင်း မောင်းနှင်ထုတ်ပေးလိုက်ပါမယ်။ ဒီကိစ္စလောက်က ကျွန်ုပ်အဖို့ အသေးအဖွဲပါ။ ကိုယ်ခန္ဓာမဖြူစင်လို့ဝေဒနာဖြစ်ရတယ်ဆိုလျှင်လည်း တခြားသူဆီပြောင်းပေးလိုက်စမ်းပါ။ သင်အမြန်ကျန်းမာဖို့က အလွန် အရေးကြီးပါတယ်။ သင်တရားပြလို့ တရားရသွားမယ့်သူတွေရဲ့ မျက်နှာကိုသာ ထောက်ထားစဉ်းစားစမ်းပါ။ ကျွန်ုပ်ဆီကို ပြောင်းပေးလို့ရမယ်ဆိုလျှင် ယခုပင် ပြောင်းပေးလိုက်စမ်းပါ။ သင့်ကိုယ်စား ဝေဒနာကို ခံစားပေးဖို့ အသင့်ရှိပါတယ်။ ကာယကံရှင်က ကျေကျေနပ်နပ် လက်သင့်ခံဖို့ သဘောတူတဲ့ အပြင် ပြောင်းပေးဖို့အတွက်ပါ တိုက်တွန်းနေတာဖြစ်လို့ ပြောင်းပေးလိုက်စမ်းပါ"

"ဝေဒနာက ပြင်းထန်တယ်။ သာမန်မျှဖြင့် ခံယူနိုင်မှာ မဟုတ်ဘူး။ ကျွန်ုပ်လို နှစ်ရှည်ကြာစွာအားထုတ်ကျင့်ကြံထားသူမျိုးမှ ခံနိုင်ရည်ရှိလိမ့်မယ်။ ပေါ့ပေါ့လေး မပြောလိုက်ပါနှင့်"

ထိုအခါ ရသေ့တပူဝသည် မီလာရီပအနေဖြင့် ဝေဒနာကို ပြောင်းပေးနိုင်စွမ်းမရှိသူဖြစ်သဖြင့် ယခုလို ရှောင်လွှဲနေသည်ဟု အထင်ရှိလေသည်။ သူ့စိတ်ထဲတွင် ဤသို့တွေးသည်။

'အလကားလူလိမ်၊ မလုပ်နိုင်တာကို မလုပ်နိုင်ပါဘူးလို့ ဝန်မခံဘူး။ မလုပ်ရက်လို့ မလုပ်သလိုလိုလုပ်နေတယ်။ အတော်ညာဏ်များတဲ့သူ'

ရသေ့တပူဝက -

"ပြောင်းသာပြောင်းပေးလိုက်စမ်းပါ။ ပြင်းတာတွေထန်တာတွေ ပြောမနေပါနှင့်"

ဟု တိုက်တွန်းလိုက်သည်။

မီလာရီပက ယဲ့ယဲ့ပြုံးသည်။

ထို့နောက် သူက -

"ဝေဒနာက သေနိုင်လောက်တယ်။ သင့်ဆီကို ပြောင်းပေးလို့ မဖြစ်ဘူး။ ကျွန်ုပ်လိုလူမျိုးတောင် ယဲ့ယဲ့လေးဖြစ်နေတာသာ ကြည့်ပါတော့"

ထိုအခါ ရသေ့တပူဝက -

"သင့်အဖို့ပြင်းထန်ပေမယ့် ကျွန်ုပ်အဖို့ ပိုးကောင်မွှားကောင်ကိုက်သဖြင့် ယားယံသလောက်မျှသာ ဖြစ်ချင်ဖြစ်နေနိုင်ပါတယ်။ စိတ်မပူပါနှင့်၊ ကျွန်ုပ်ထံသို့ ပြောင်းမှာသာ ပြောင်းပေးလိုက်စမ်းပါ"

ဟု ထပ်မံ တိုက်တွန်းလေသည်။

ထိုအခါ မီလာရီပက -

"ကောင်းပါပြီ။ သင်က ပြောင်းပစ်ဖို့ချည်း တိုက်တွန်းနေတော့ သင့်ဆန္ဒပြည့်ဝအောင် ပြောင်းပေးပါတော့မယ်။ ဒါပေမယ့် သင့်ဆီကိုတော့ ပြောင်းမပေးဘူး၊ ဟောဟိုက တံခါးအဖြစ်ထားတဲ့ ကျောက်ဖျာချပ်ဆီကိုပြောင်းပေးမယ်"

ဟု ပြောလိုက်သည်။

ထို့နောက် မီလာရီပသည် စက္ကန့်ပိုင်းမျှ ငြိမ်သက်သွားသည်။ သူပြောသည့် ကျောက်ဖျာချပ်သည် ဖျိုးဖျိုးဖျစ်ဖျစ်မြည်ရင်း အက်ကွဲသွားသည်။ အက်ကြောင်းများပေါ်ထွက်လာရာမှ အတုံးငယ်များအဖြစ် ကြေကွဲသွားလေတော့သည်။

မီလာရီပသည် လဲလျောင်းနေရာမှ ထထိုင်လိုက်သည်။ အကောင်းပကတိဖြစ်သွားသည်။

ရသေ့တပူဝသည် ဤသို့ တွေးသည်။

'ဒီလူက အိပ်မွေ့ချပြီး မျက်လှည့်ပြတာကို အတော်နိုင်နင်းတယ်။ မာမာချာချာ ကျောက်ဖျာချပ်ကို မွမွကွဲသွားတယ်လို့ မြင်ကြရအောင် ပြသနိုင်ပါပေတယ်'

ရသေ့တပူဝက-

"အသက်မရှိတဲ့ ကျောက်ဖျာချပ်က ဝေဒနာကို ဘယ်လိုခံယူလိုက်တာလဲ။ အသက်ရှိတဲ့သူဖြစ်တဲ့ ကျွန်ုပ်ထံကို သင်ပို့ပေးမှ ဖြစ်မယ်"

ဟု ပြောလိုက်သည်။

"ကောင်းပါပြီ။ သင်က သင့်ထံကို ဝေဒနာရောက်အောင် ပို့ပေးမှ တွေ... မယုံပေါ်တယ်။ ရောက်စေရမယ်... အခုချက်ချင်း ပြောင်းပေးလိုက်မယ်"

အက်ကွဲနေသော ကျောက်ဖျာ... သည် အကောင်းပကတိ ပြန်ဖြစ်သွား... သည်။ မီလာရီပသည် ထိုင်နေရာ... လဲကျသွားသည်။ သူက -

"ဝေဒနာတွေ အကုန်လုံး ပြောင်း... ပေးလိုက်လျှင် စက္ကန့်ပိုင်းအတွင်း သ... သေသွားလိမ့်မယ်။ ဒီတော့ တစ်ဝက်... လောက်မျှကိုသာ ပြောင်းပေးလိုက်... မယ်"

ဟု ပြောလိုက်သည်။

ရသေ့တပူဝသည် မျက်နှာတ... မာသွားသည်။ အံကိုကြိတ်ရင်း ဝေဒ... ကို ခံစားသည်။ ချွေးသီးချွေးပေါက်များ... မျက်နှာပေါ်တွင် ထွက်လာ၏။ ကြော... ရှုံ့သဖြင့် မျက်လုံးများပြူးကျယ်နေ... သည်။

ရသေ့တပူဝသည် မီလာရီပ... ခြေဖဝါးတို့ကို နဖူးဖြင့်ထိအောင်ပြ... ကန်တော့လိုက်သည်။

ထို့နောက် သူက -

"မှားပါတယ်၊ အမှားကြီးမှား... တယ်။ ရှင်ရသေ့ ခံစားနေရတဲ့ ဝေဒ... ဟာ ကျွန်ုပ်ကြောင့်ဖြစ်ရတဲ့ ဝေဒနာ... ကျွန်ုပ်မသေခင် ဖြောင့်ချက်ပေးခဲ့... စေ။ ကျွန်ုပ်က ဆရာကြီးတစ်ဆူအ... နေနေတဲ့နယ်ပယ်မှာလာပြီး တွင်တ... တဲ့အပေါ် မနာလိုဖြစ်မိလို့ အဆိပ်ခ... ထားတဲ့ ပဲပြားဟင်းကို ပို့ခိုင်းလိုက်... တယ်။ တရားခံဟာ ကျွန်ုပ်ဖြစ်ပါတယ်"

ဟု အပြစ်ကို ဝန်ခံလေတော့... မီလာရီပသည် အဆိပ်သင့်ခြင်းကြော... ဖြစ်ပေါ်ရသည့် ဝေဒနာ၏ တစ်ဝက်... ရသေ့တပူဝထံပြောင်းပေးပြီး မျှဝေခံ... ခိုင်းထားသည်ကို ပြန်လည်ရုပ်သိမ်းလို... သည်။

ထို့နောက် မီလာရီပက -

"ငါမသေခင်မှာ လုပ်စရာတစ်... နေတယ်။ အဲဒါကတော့ သင့်ကို ထ... ချွတ်ဖို့တာဝန်ပါပဲ။ ဒီတာဝန်ရှိနေသေ... လို့ ခန္ဓာဝန်ကိုမချသေးဘဲ အဆိပ်ဒ... ကို ငါကျိတ်ခံနေတာပါ။ အခု သင့်ရ... မှာ တရားမမြှမ်းစေ့အညှောက်ထွက်... သွားတာကို ငါတွေ့ရပြီ။ ဝေဒနာကို... ခံရကျိုးနပ်ပေပြီ။ နောင်အနာဂတ်... အညှောက်ကနေ အပင်ပေါက်အော... သင်လုပ်ပါ။အပင်ပေါက်ကနေ ၄တ... သောင်းနားနိုင်တဲ့အပင်ကြီးဖြစ်အော... လုပ်ပါ။ သတ္တဝါတွေကို အရိပ်အ...



www.burmeseclassic.com

www.burmeseclassic.com

ပေးနိုင်သူဖြစ်အောင်လုပ်ပါ"

ဟု ပြောလေသည်။

ရသေ့တပူဝသည် နှုတ်ဖြင့် ကတိပေး။ စိတ်ထဲတွင် မီလာရီပပြောသည့်အတိုင်း မဖြစ်မနေ လုပ်ဆောင်ရန် အဓိဋ္ဌာန် ခိုင်ခိုင်မာမာချလိုက်လေသည်။

ရသေ့တပူဝ ပြန်သွားသောအခါ ဆရာမီလာရီပသည် ခရီးထွက်မည်ဟု ကြေညာလိုက်ရာ အားလုံး တအံ့တသြဖြစ်ကုန်ကြသည်။

✤

ရှင်ရသေ့မီလာရီပသည် အဆိပ်သင့်သည့်ဝေဒနာကို အပြင်းအထန်ခံစားနေရသည်။ အခြားသူတစ်ဦးဦးသာဆိုလျှင် အသက်သေနေလောက်ပေပြီ။ ထိုသို့ ဖြစ်ကြုံနေရသဖြင့် ရှင်ရသေ့မီလာရီပသည် ဉာဏ်နာမ်ဂူတွင် ခန္ဓာဝန်ကိုချပေလိမ့်မည်ဟု အများက တွေးထင်ထားကြသည်။

ယခု သူက ခရီးထွက်မည်ဟု ဆိုလာသောအခါ အားလုံးတအံ့တသြဖြစ်ကုန်ကြသည်။ စိုးရိမ်တကြီးဖြစ်မိကြရသည်။ တပည့်ရင်းတို့က ဝိုင်းတားကြသည်။ သူက ဆုံးဖြတ်ချက်ကို မပြင်။

"ဉာဏ်နမ်ဂူက လူသူနေတဲ့အရပ်နဲ့ အလွန်နီးတယ်။ ပြီးတော့ ငါသေရမယ့်ဂူ မဟုတ်ဘူး။ ငါသေရမယ့်ဂူက ချူဘာဂူ ဖြစ်နေတယ်။ ဒီတော့ ချူဘာဂူကို ငါသွားမယ်။ သင်တို့လိုက်လိုလျှင် လိုက်ခဲ့ကြပါ။ ဒါပေမယ့် အတူသွားကြလို့တော့မဖြစ်ဘူး၊ ငါတစ်ယောက်တည်းသွားမယ်။ ငါသွားတဲ့လမ်းကို သင်တို့ မသုံးကြပါနှင့်။ အခြားလမ်းကနေ သွားကြပါ"

ဆရာမီလာရီပသည် စကားအဆုံးတွင် ဂူပြင်သို့ထွက်ပြီး ခရီးစ,နှင်၏။ သူက အတူမလိုက်ရဟု တားမြစ်သဖြင့် ကျန်နေရစ်ခဲ့ကြရသည်။ သူ့အကြောင်းကို အတွင်းကျကျ မသိကြသူတို့က သူ့အတွက် ပူပန်ကြသည်။ လမ်းတွင် လဲကျသေဆုံးသွားမည်ကို စိုးရိမ်ကြသည်။

သူသွားသည့်လမ်းကို မသုံးဘဲ အခြားလမ်းတစ်ခုမှ ခရီးပြင်းကို အလျင်နှင်ကြရင်း ချူဘာဂူသို့ သွားကြသည်။ ဆရာအပေါ် စိုးရိမ်ပူပန်မှုက ကြီးစိုးနေကြသဖြင့် အသာနှုတ်ဆိတ်ရင်း ခရီးနှင်ကြသည်။ ချူဘာဂူသို့ ရောက်ကြသောအခါ ဆရာမီလာရီပရောက်နှင့်နေသည်ကို တွေ့ကြရသောအခါမှ စိတ်အေးကြရသည်။

ဆရာမီလာရီပက -

"မမာမကျန်းဖြစ်တယ်ဆိုတာဟာ ဖြစ်ရပ်တစ်ခုပါပဲ။ သေတယ် ဆိုတာလည်း ဖြစ်ရပ်တစ်ခုပါပဲ။ အခု ငါစကားပြောနေတာဟာလည်း ဖြစ်ရပ်တစ်ခုပါပဲ။ အခု ငါစကားပြောနေတာဟာလည်း ဖြစ်ရပ်တစ်ခုပါပဲ။ ဒီတော့ ဖြစ်ရပ်ဆိုတာ တစ်ခုပြီးတစ်ခု ဖြစ်နေ၊ ကြုံနေရတာမျိုးဆိုတော့ ဖြစ်ရပ်အတွက် မပူပန်ကြနှင့်။ ဖြစ်ရပ်အတွက် စိတ်မလှုပ်ခတ်ကြနှင့်"

ဟု ခရီးရောက်မဆိုက်တွင် မြွက်ကြားလိုက်သည်။

နောက်မှလိုက်ကြသော တပည့်များ တစ်သုတ်ပြီးတစ်သုတ် တဖွဲဖွဲ ချူဘာဂူသို့ ရောက်ရှိလာကြသည်။ အခြားနယ်တို့မှတပည့်တပန်းတို့လည်း သတင်းကြားပြီး ရောက်လာကြသည်။ ထိုအခါ ထူးဆန်းသော ပြဿနာတစ်ရပ်အပေါ် ငြင်းကြခုံကြလေသည်။

တပည့်အုပ်စုတစ်စုက လမ်းခရီး၌ ဆရာမီလာရီပကို တွေ့ခဲ့ကြကြောင်း၊ သူက ချူဘာဂူသို့ ဆက်သွားကြရန် မှာကြားပြီး ကျန်နေရစ်ကြောင်း ပြောပြကြသည်။ မီလာရီပကို သူတို့တွေ့ဆုံခဲ့သောနေရာမှာ ကျောက်နီဟု အမည်ရှိသည့်နေရာတွင် ဖြစ်သည်။

အခြား တပည့်အုပ်စုသည်လည်း မီလာရီပကို တွေ့ခဲ့ကြသည်။ သူတို့နှင့် ခရီးအတူသွားခဲ့ပြီးမှ လမ်းခွဲသွားကြောင်း ပြောပြကြသည်။

အလားတူပင် မီလာရီပကို နေရာအသီးသီးတွင် တွေ့ခဲ့ကြရသဖြင့် မည်သူတွေ့သော မီလာရီပသည် မီလာရီပအစစ်အမှန်ဖြစ်သည်ကို ငြင်းခုံကုန်ကြသည်။

မီလာရီပက -

"သင်တို့အားလုံး မှန်ကြပါတယ်။ သင်တို့ထံသို့ ငါ့ကိုယ်ပွား စေလွှတ်ပြီး ကိုယ်ထင်ပြခဲ့တာပါ"

ဟု ပြောပြသည်။

မီလာရီပသည် ချူဘာဂူတွင်ဆက်လက် နေထိုင်သည်။ ဝေဒနာလည်း တစ်ရက်ထက်တစ်ရက်တိုးလာသည်။

တပည့်ရင်းတစ်ဦးက -

"ဆရာကဘယ်နေရာကိုသွားမှာလဲ။ ဆရာရှိမယ့်နေရာကို စိတ်ထဲ ရည်သန်ပြီး ကန်တော့ချင်လို့ မေးရခြင်း ဖြစ်ပါတယ်"

ဟု မေးမြန်းသည်။

မီလာရီပက -

"သင့်အမေးအတွက် အဖြေတိတိကျကျမရှိဘူး။ ဘယ်နေရာဆိုတာထက် ဘယ်သူ့ကိုဆိုတာက ပိုအရေးကြီးတယ်။ စိတ်ထဲမှာ ရိုးသားဖြူစင်မှုအပြည့်ဖြင့် ငါ့ကိုရည်သန်ပြီး ကန်တော့ပါ"

ဟု ပြောသည်။

ထို့နောက် တပည့်ရင်းတစ်စုကို နောက်ဆုံးစကားအဖြစ် မှာချင်သည်တို့ကို မှာကြားသည်။

"ရီချုန်ဟာ နောင်တစ်ချိန်မှာ ငါ့နောက်ကိုလိုက်လာမယ့်သူ ဖြစ်တယ်။ ဒီတော့ ငါ့ရဲ့ ဝါးတောင်ဝှေးကို သူ့ကိုပေးလိုက်ပါ။ ငါဝတ်ဆင်တဲ့ ပိတ်ဖြူစကိုလည်းပေးပါ။ ဝါးတောင်ဝှေးနဲ့ ပိတ်ဖြူစတို့က အဆောင်အဖြစ် သူ့ကိုအထောက်အပံ့ပြုကြလိမ့်မယ်။ သူဟာ ကိုယ်ခန္ဓာအတွင်းမှာရှိတဲ့ လေစီးကြောင်းဆိုင်ရာ လေ့ကျင့်ခန်းတွေကို ဖိဖိစီးစီးလေ့ကျင့်ပါ။ ခရီးပေါက်မြောက် အောင်မြင်သွားပါလိမ့်မယ်။

အူပါတွန်ပကို ငါ့ရဲ့ဒေါက်ခြာပေးခဲ့မယ်။ ပြီးတော့ တောင်ဝှေးနက်တစ်ချောင်းလည်း ပေးခဲ့မယ်။ တရားထိုင်သည့်အနီးမှာ ဆောင်ထားပါ။

ရှီဝါဝေ့ါကို ငါသုံးစွဲတဲ့ သစ်သားသပိတ်ကို ပေးခဲ့မယ်။

နမ်ကို ငါ့ရဲ့ရေခွက်အဖြစ် သုံးစွဲတဲ့ လူဦးခေါင်းခွံကို ပေးခဲ့မယ်။ ရေသောက်တိုင်း မမြဲတဲ့သဘောကို ဆင်ခြင်ပါ။

ဆီဘမ်ရီပကို ငါသုံးစွဲတဲ့ မီးခြစ်ကျောက်ပေးခဲ့မယ်။

ဘရီဂါမ်ကို လူနံရိုးဖြင့် လုပ်ထားတဲ့ဇွန်းကို ပေးခဲ့မယ်။

ကျန်တဲ့တပည့်တွေကို ငါဝတ်ဆင်ခဲ့တဲ့ ပိတ်ဖြူစကို အပိုင်းပိုင်းအစစဆုတ်ပြီး ဝေပေးပါ"

ထို့နောက် မီလာရီပက ရေနွေးအိုးတည်သည့်နေရာကို လက်ညှိုးညွှန်ပြသည်။

"ဟောဟိုက မီးဖိုအောက်မှာ ငါတစ်သက်လုံး ရှာဖွေစုဆောင်းထားတဲ့ ရွှေတွေကို မြှုပ်နှံထားတယ်။ ရွှေတွေကို ဘယ်လိုဝေခြမ်းပေးရမယ် ဆိုတဲ့ ညွှန်ကြားချက်ကိုလည်း ရေးပေးထားတယ်။ ငါသေပြီးတဲ့အခါ တူးဖော်ကြည့်ကြပါ။ ညွှန်ကြားထားတဲ့အတိုင်း ဝေခြမ်းပေးပါ"

ဟု မှာကြားသည်။

ထို့နောက် တပည့်ရင်းတို့ကို ဩဝါဒစကား ပြောကြားသည်။

"တပည့်တို့ - ကျော်ကြားမှု ထင်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်မှုတို့ကို မသာယာပါနှင့်။ မလိုလားပါနှင့်။ မိမိအစွမ်းကိုသိုသိုသိပ်သိပ်ထားပါ။ မာနမကြီးပါနှင့်။ မမောက်မာပါနှင့်။ သက္ကာယ-ငါကို အခြေပြုသော စိတ်အတွေးများ မဖြစ်ပေါ်ပါစေနှင့်။ အများအကျိုးကို ဦးထိပ်ပန်ဆင်ပါ။

တပည့်တို့ - သံယောဇဉ်ကြိုးမျှင်ကြိုးစတွေကို ဖြတ်ပါ၊ စွန့်ပါ။ အစားအစာကောင်းကို မခုံမင်ပါနှင့်။ နေရာထိုင်ခင်းကောင်းကောင်းကို မဖက်တွယ်ပါနှင့်။ ဝတ်ကောင်းစားလှကို မဆင်မြန်းပါနှင့်။ နေရာတစ်ခုမှာ အတည်တကျမနေပါနှင့်။ နှစ်သက်မိသောဟင်းတစ်ခွက်အပေါ်လည်း သံယောဇဉ်မတွယ်ပါနှင့်။ ကြည့်ပျော်ရှုပျော်ရှိသောအဝတ်အစားအပေါ်မှာလည်း သံယောဇဉ်မတွယ်ပါနှင့်။ နေရေးထိုင်ရေးအဆင်ပြေသော နေရာအပေါ်မှာလည်း သံယောဇဉ်မတွယ်ပါနှင့်။

တပည့်တို့၊ ရေနစ်တဲ့သူတွေကို ကယ်တင်နိုင်ဖို့အတွက် မိမိသည် ရေကူးကျွမ်းကျင်သူဖြစ်နေဖို့ လိုပါတယ်။ ရေကူးတတ်အောင် အရင်သင်ပါ။ ရေကူးကျွမ်းကျင်အောင် အရင်လေ့ကျင့်ပါ။ ရေနစ်သူကိုဆယ်ရင်း မိမိပါ နစ်မသွားရအောင် ဂရုစိုက်ပါ။ လိုအပ်ရင် ရေနစ်သူကို ထိုးကြိတ်ပစ်ပြီး မေ့သွားအောင်ပြုပြီးမှ ဘေးလွတ်ရာကို ဆွဲခေါ်ရသကဲ့သို့ လိုအပ်လျှင် အထိနာပြီး သံဝေဂရသွားအောင် ဆုံးမပစ်ပြီးမှ တရားပြ၍ ကယ်ဆယ်ပါ"

မီလာရီပသည် စကားကိုရပ်ပြီး အသက်ကို ရှည်ရှည်လျားလျား ရှူသွင်း၊ ရှူထုတ်ခြင်းပြုနေသည်။ အတန်ကြာနှုတ်ဆိတ်နေပြီးမှ စကားကိုဆက်သည်။

"တပည့်တို့၊ တစ်ဦးမသိသည်ကို သိသူတစ်ဦးက လမ်းပြပေးပါ။ သူကသာသည်ဟု မနာလိုမဖြစ်ပါနှင့်။ ငါ၏ဆရာမာပါသည် ငါ့ကို သူ့ထက်သာသောအဖြစ်သို့ရောက်အောင် ပို့ဆောင်ပေးခဲ့သည်ကို သတိရကြပါ။ လိုလိုလားလား ကျေကျေနပ်နပ် တိုက်တိုက်တွန်းတွန်း ဆုံးဆုံးမမဖြင့် ငါ့ကို အရောက်ပို့ဆောင်ပေးခဲ့သည်ကိုသတိရကြပါ။ သင်တို့အားလုံးသည် မျက်မမြင်များဖြစ်ကြသည်။ မျက်မမြင်အချင်းချင်း ရှိုင်းပင်းကြပါ။ရှေ့ခရီးအတွက် ဆောင်ရန်၊ရှောင်ရန်များကို သိသမျှ အချင်းချင်း ပြောပြကြပါ။

တပည့်တို့၊ ငါသည် ဥပဇ္ဈာယ်ဆရာဖြစ်သူ မာပါထက် သာသွားသော်လည်း သူသည် ငါ၏ ဆရာဟုသာ ငါအမြဲနှလုံးသွင်းသည်ကိုလည်း နမူနာယူကြပါ။ ဥပဇ္ဈာယ်ဆရာကို ဘယ်သောအခါမှ မပြစ်မှားလေနှင့်။ အာမခံလေနှင့်။ အကြည်ညိုမပျက်မိစေနှင့်။ ဆရာ့ထံမှ ပညာကို ရအောင်မယူနိုင်သောတပည့်သည် မျက်လုံးတစ်လုံးကန်းနေသူ ဖြစ်သည်။ တစ်ဖက်သတ်အမြင် သူ့မှာရှိနေသည်။ သို့သော် တစ်လုံးကန်းလျှင် ကျန်တစ်လုံးဖြင့် ရှေ့ခရီးကို ဆက်နိုင်သည်။ ဆရာကို ကာပြန်သူသည် နှစ်လုံးကန်းသူ ဖြစ်သည်။ စုံလုံးကန်းလျှင် ကိုယ်ကျိုးနည်းဖို့သာရှိလိမ့်မည်"

ထိုသို့ မှာကြားပြီးသည့်နောက် ရက်အတန်ကြာသည့်အချိန်တွင် မီလာရီပသည် ခန္ဓာဝန်ကိုစွန့်လေတော့သည်။ အသက်အားဖြင့် (၈၄) နှစ်အရွယ်၊ သစ်ယုန်နှစ်၏နောက်ဆုံးလ (၁၁၃၅ ခုနှစ်၊ ဇန်နဝါရီလ) တွင် ဘဝကူးခရီးကို နှင်လေသည်။

သူကွယ်လွန်ခါနီးတွင် ချူဘာဂူသည် ထူးခြားသောမွှေးရနံ့တို့သင်းကြိုင်နေသည်။ ဖြိုးဖြိုးဖြောက်ဖြောက် လင်းလင်းလက်လက် အလင်းထုတို့ကိုလည်း တွေ့ကြရသည်။ မီလာရီပသည်လည်း အသားအရေ ကြည်လင်ဝင်းပနေသည်။ မျက်နှာမှာလည်း အစဉ် လန်းဆန်းနေသည်။ နဂိုကပင် အလွန်သာယာသောအသံရှိသည့်သူဖြစ်ပေရာ သူ၏စကားသံသည် သူ၏ငယ်နာမည် သိုးပါဂ (ဝါ) နားချမ်းသာ ဟူသော အမည်ကို ပြန်သတိရစေသည်။ သူနှုတ်ဆိတ်နေချိန်တွင် ချူဘာဂူထဲနှင့် ဂူပြင်တစ်ဝိုက်တွင် ဓမ္မဂီတသံကို ကြားကြရသည်။

ကွယ်လွန်ပြီးချိန်အထိ ရနံ့ အလင်းထုနှင့် ဓမ္မဂီတသံတို့ကို ရှူရ၊ မြင်ရ၊ ကြားကြရဆဲ ရှိသည်။ ကွယ်လွန်သည့်ညဉ့်ဂူတစ်ဝိုက်တွင် အလင်းထွက်ပေါ်ရာနေရာကို မတွေ့ရဘဲ လင်းထိန်နေသည်မှာ နေ့အလားဖြစ်နေခဲ့သည်။

မီလာရီပ ကွယ်လွန်ကြောင်း သတင်းကြားသောအခါ ဈာပနအခမ်းအနားအတွက် တပည့်များသာမက ပရိသတ်ကြီးပါ ချီဘာဂူသို့ ရောက်ရှိလာကြသည်။

အဓိကအားဖြင့် ဉာဏ်နာမ်မှ ပရိသတ်နှင့် ဘရင်မှပရိသတ်တို့ ဖြစ်ကြသည်။ သူတို့နှစ်မြို့သည် အိမ်ကိုပစ်ထားခဲ့ပြီး မြို့လုံးကျွတ် တစ်ယောက်မကျန် ရောက်လာကြသည်။ ထို့နောက် မီလာရီပ၏ ရုပ်ခန္ဓာကို မိမိနေထိုင်ရာမြို့သို့ သယ်ယူသွားလိုကြောင်း တောင်းဆိုကြသည်။ ဉာဏ်နာမ်ကလည်း အလျှော့မပေး၊ ဘရင်ကလည်း အလျှော့မပေး၊ လုယူကြမည့် တကဲကဲဖြစ်လာကြသည်။

တပည့်ရင်းတို့က မီလာရီပသည် ချူဘာသို့ တကူးတကလာပြီး ခန္ဓာကိုယ်ကို စွန့်ခဲ့ခြင်းဖြစ်သဖြင့် ချီဘာဂူတွင်သာ ဈာပနအခမ်းအနားကို ကျင်းပပေးမည် ဖြစ်ကြောင်း ကြေညာသည်။ အလောင်းကို မီးသင်္ဂြိုဟ်မည်။ ပြီးလျှင် ကြွင်းကျန်သောပြာနှင့် အရိုးတို့ကို ဝေမျှပေးမည်ဟု ကြေညာသည်။

ထိုကြေညာချက်အား ဘရင်တလည်းသဘောမတူ၊ ဉာဏ်နာမ်ကလည်းသဘောမတူ။ ရုပ်အလောင်းကို မိမိမြို့သို့ သယ်ယူမည်ဟု တောင်းဆိုကြသည်။

ဉာဏ်နာမ်က အင်အားသုံး၍ လုယူမည်ပြုသောအခါ ဂူအဝင်ဝ ထက်ကောင်းကင်တွင် နတ်မင်းတစ်ပါး ပေါ်လာသည်။ နတ်မင်းက မီလာရီပ၏အသံဖြင့် ဆုံးမစကားပြောကြားပြီးတားသည်။ ရန်လိုသော အပြုအမူများကို မပြုရန် ပြောကြားပြီး ပြန်လည် ပျောက်ကွယ်သွားသည်။

ထို့နောက် ရုပ်အလောင်းအပွား နှစ်ခု ရုတ်တရက် ပေါ်ထွက်လာသည်။ အပွားတစ်ခုကို ဘရင်က ရသွားသည်။ ကျန်အပွားကို ဉာဏ်နာမ်က ရသွားသည်။ မူရင်းမူလ ရုပ်အလောင်းမှာ ချူဘာဂူတွင် ကျန်ရစ်သည်။

ဉာဏ်နာမ်သို့ သယ်ယူသွားသော ရုပ်အလောင်းကို နေ့၊ ညမပြတ် တရားစာများရွတ်ဆိုပြီး ပူဇော်ကြ၏။ တပည့်ရင်းတစ်ဦးဖြစ်သူ ရီချုန် ရောက်အလာကို စောင့်ဆိုင်းကြသည်။ ရုပ်အလောင်းမှ ရောင်ခြည်များ ကွန့်မြူးသည်ကို တွေ့ကြရသည်။ ရုပ်အလောင်းသည် တစ်ထက်တစ်စသေးငယ်သွားသည်ကိုလည်း သတိပြုမိကြသည်။ နောက်ဆုံးတွင် (၈)နှစ်သားအရွယ် ကလေးငယ်၏ ကိုယ်ခန္ဓာအရွယ်အစားဖြစ်သွားသည်။

ထိုအချိန်အထိ ဈာပနအခမ်းအနားသို့ တပည့်ရင်းတစ်ဦးဖြစ်သူ ရီချုန် ရောက်မလာသေးပေရာ ဆက်မစောင့်ဘဲ မီးသင်္ဂြိုဟ်ရန် ဆုံးဖြတ်လိုက်ကြ၏။

မီးသင်္ဂြိုဟ်ရန်အတွက် နွားနောက်ချေးခြောက်များ စုပုံပြီး အပေါ်တွင် ရုပ်အလောင်းကို နေရာချကြသည်။ ထို့နောက် နွားနောက်ချေးခြောက်တို့ကို မီးညှိကြရာ၌ မီးမစွဲ။

ထိုစဉ်မှာပင် ရုပ်အလောင်း



www.burmeseclassic.com

www.burmeseclassic.com

အပေါ်ဘက် ထက်ကောင်းကင်တွင် ကြယ်မင်း (၅) ပါး ပေါ်လာသည်။

နတ်မင်းတို့က သံပြိုင်ပြောဆိုကြသည်မှာ တစ်ပါးတည်းက ပြောနေသကဲ့သို့ စကားသံတစ်ခုတည်းသဖွယ် ကြားကြရသည်။

“လူနှံလူအတွေ၊ သင်တို့၏ ဆရာသခင်သည် မီးဓါတ်ဖြင့် ကိစ္စပြီးစီးအောင်မြင်ခဲ့သူ ဖြစ်သည်။ အဘယ်ကဲ့သို့မီးက သူ့ကို လောင်မြိုက်နိုင်မည်နည်း။ ရုပ်အလောင်းသည် မြင်ရသောရောင်ခြည်၊ မမြင်ရသောရောင်ခြည် အစရှိသည့် ရောင်ခြည်အသွယ်သွယ်အဖြစ်သို့ တဖြည်းဖြည်း ပြောင်းလဲပြီး ပျောက်ကွယ်သွားဖို့သာရှိသည်။ သင်တို့က မီးသဂြိုဟ်ပေးရန် မလိုပေ”

ရီချန်သည် ရှင်ရသေ့မီလာရီပ၏ တပည့်ရင်းတို့အနက် အထူးချွန်ဆုံးသောတပည့်တစ်ဦး ဖြစ်သည်။ သူသည် မီလာရီပ သေဆုံးတော့မည်ဆိုသည်ကို အိပ်မက်မြင်မက်ခဲ့သည်။

အိပ်မက်ထဲတွင် ကျောက်ရုပ်တုတစ်ခုကို သူတွေ့သည်။ ကွယ်လွန်သူကို အထိမ်းအမှတ်အဖြစ် ထုဆစ်ထားသောရုပ်တု ဖြစ်သည်။ ရုပ်တုမှာ မီလာရီပပုံကို ထုဆစ်ထားသည်။ ရုပ်တုကို လက်အုပ်ချီ၍ ကန်တော့စဉ် ရုပ်တုက သက်ဝင်လှုပ်ရှားလာပြီး ရီချန်၏ ဦးခေါင်းကို လက်ဝါးဖြင့် အုပ်မိုး၍ တယုတယ ပွတ်သပ်သည်။ ထိုစဉ်မှာပင် ရီချန် လန့်နိုးသွားခဲ့သည်။

သို့ဖြစ်ရာ ရီချန်သည် တရားကျင့်ကြံနေသည့်ဂူမှ ချူဘာဂူသို့ မြေကြောရှုံ့ခရီးနှင်သည်။ လမ်းတွင် နာမ်လောကမှ ပုဂ္ဂိုလ်များလည်း ချူဘာဂူဆီသို့သွားနေကြသည်ကို တွေ့ရသည်။ အကျိုးအကြောင်း မေးမြန်းကြည့်သောအခါ ဆရာမီလာရီပ ကွယ်လွန်သွားပြီ ဖြစ်ကြောင်း သိရသည်။

“ဘယ်နားမှာသွားပြီး အိပ်ပျော်နေသလဲ။ ရသေ့မီလာရီပ ကွယ်လွန်သွားတာ သင်တကယ်မသိဘူးလား”

ဟု ဆိုကြသည်။

ချူဘာဂူအနီးသို့ ရောက်သောအခါ ရီချန်သည် ဆရာမီလာရီပကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရသဖြင့် ဝမ်းသာသွားသည်။ ကျောက်တုံးကြီးတစ်ခုပေါ်တွင် တင်ပျဉ်ခွေထိုင်နေသည်။

ရီချန်သည် ဦးချကန်တော့လိုက်သည်။ မီလာရီပက ရီချန်၏ဦးခေါင်းကို လက်ဝါးဖြင့် အုပ်မိုးပြီး ပွတ်သပ်ပေးသည်။ ရီချန်သည် မီလာရီပကို သက်ရှိထင်ရှားရှိနေဆဲအခြေအနေဖြင့် တွေ့ရသည့်အတွက် ဝမ်းမြောက်ကြည်နူးသွားသည်။

“ချစ်သား၊ နောက်ကလိုက်လာခဲ့ပါ။ ငါအရင်သွားနှင့်ပြီး ပြင်ဆင်စရာရှိတာတွေ သွားလုပ်နှင့်မယ်”

ဟု ပြောပြီး မီလာရီပသည် မြင်ကွင်းမှ ရုတ်ခြည်းပျောက်ကွယ်သွားခဲ့သည်။ ရီချန်သည် ချီဘာဂူရှိရာတောင်ပေါ်သို့ တက်သည်။ ချီဘာဂူသို့ ဆိုက်ရောက်သောအခါ မီလာရီပကို မတွေ့ရချေ။ စည်ကားနေသော ပရိသတ်ကိုသာ တွေ့ရလေသည်။ လွန်ခဲ့သောရက်အတန်ကြာကတည်းက မီလာရီပ သေဆုံးသွားခဲ့ပြီဖြစ်ကြောင်းကို သိလိုက်ရ၏။

ချီဘာဂူတွင် တပည့်ဟောင်းတို့လည်း မရှိကြတော့ချေ။ အချို့မှာ ဘရင်သို့ ရောက်နေကြပြီ ဖြစ်သည်။ ကျန်သည့် တပည့်ဟောင်းတို့မှာ ဉာဏ်နာမ်သို့ ရောက်နေကြပြီ ဖြစ်သည်။ ရီချန်ကို သိသောတပည့် မကျန်ရစ်ချေ။ ရုပ်အလောင်းကို လုယူမည်စိုး၍ အစောင့်အကြပ် တင်းကျပ်စွာချပေးထားသည်ကို တွေ့ရသည်။ ရီချန်ကို ရုပ်အလောင်းအနီးသို့ သွားခွင့်မပေးကြချေ။ ရီချန်က ရုပ်အလောင်းအနီးသို့ သွားခွင့်ပြုကြပါရန် ပန်ကြားသည်။ မိမိသည် တပည့်ဟောင်းတစ်ဦးဖြစ်ကြောင်း၊ တပည့်ရင်းဖြစ်ကြောင်း ခံပြောပြအသိပေးလိုက်သောအခါ ပိုစိုးရိမ်သွားကြသည်။

ဈာပနပွဲကို ရုတ်ရုတ်သဲသဲဖြစ်အောင် တပည့်ဟောင်းတပည့်ရင်းတို့က ပြုခဲ့ကြကြောင်း၊ ရုပ်အလောင်းကို လုခဲ့ကြကြောင်း ပြောပြကြသည်။ သို့ဖြစ်၍ တပည့်ဟောင်းတို့ကို ဂူအတွင်းသို့ ဝင်ခွင့်မပြုရန် တားမြစ်ထားကြောင်း ပြောပြကြသည်။

ရီချန်သည် ဂူဝမြေပြင်တွင် ထိုင်ချကာ လက်အုပ်ချီလိုက်ပြီး ဆရာမီလာရီပ၏ ကျေးဇူးအဖုံဖုံကို ခပ်ကျယ်ကျယ် ရွတ်ဆိုကာ ကန်တော့သည်။ ထိုသို့ကန်တော့နေစဉ် မီလာရီပ၏ရုပ်အလောင်းတွင် ရောင်ခြည်များ ကွန့်မြူးလာသည်ကို တွေ့ကြရသည်။

ထူးပေစွတကား၊ဆန်းပေစွတကားဟုဖြစ်ကုန်ကြသည်။ ရီချန်သည် ထူးခြားသောတပည့်တစ်ဦးဖြစ်မည်ဟု ရိပ်စားမိကုန်ကြသည်။ ရီချန်သည် မျက်ရည်ကျရင်း ဆရာ၏ဂုဏ်ကျေးဇူးများကို တစ်ခုပြီးတစ်ခု ရွတ်ဆိုနေသည်။ ထိုစဉ် သူ့အနီးသို့ ရသေ့သုံးဦး ရောက်လာကြသည်။

ထိုရသေ့သုံးဦးမှာ ရှိဝါဝေ့၊ နမ်နှင့် ဆီဘမ်ရီပတို့ ဖြစ်ကြသည်။ ချီဘာဂူကို လုံခြုံရေးတာဝန်ယူထားကြသောသူတို့မှာ သူတို့သုံးဦး၏ တပည့်တပန်းများ ဖြစ်ကြသည်။ သူတို့သုံးဦးသည် ရီချန်ကို ကောင်းစွာသိကြသူများ ဖြစ်ကြပေရာ ရီချန်ကို ဂူအတွင်းသို့ ဝင်ခွင့်ပေးကြသည်။

✤

ရီချန်သည် ဆရာမီလာရီပ၏ရုပ်အလောင်းရှိရာသို့ တစ်ဟုန်ထိုးပြေးသွားသည်။ ဦးခိုက်ကန်တော့သည်။ မြေ၌ ရင်ဘတ်ကိုကပ်ပြီး ဝမ်းလျားထိုးသည့် အနေအထားဖြင့်လည်းကန်တော့သည်။

ထိုသို့ ကန်တော့လိုက်စဉ် မီလာရီပ၏ ရုပ်အလောင်းမှ လွန်စွာလှပသော အရောင်စုံလင်သည့်မီးလျှံငယ်များထွက်ပေါ်လာသည်။ ဂူထဲ၌ မီလာရီပ၏ စကား သံကို အတိုင်းသားကြားကြရသည်။

“ချစ်သားရီချန်၊ နောက်ဆုံးစကားအဖြစ် သူအိုက မြွက်ဆိုသည်ကို အသေအချာ နားထောင်ပါ။ သင်မှိုခိုနေသော ရုပ်ခန္ဓာကို စွန့်ချိန်တန်လျှင် စွန့်ပစ်ပါ။ အသက်ဆက်ဖို့ မလုပ်ပါနှင့်။ ရုပ်ခန္ဓာသည် တရားခံအစစ် ဖြစ်သည်။ သူက တောင့်တသမျှကို ကြောင့်ကြရသည်။ သူက နှိပ်စက်သမျှကို ဝေဒနာဆိုးအဖြစ် ခံရသည်။ ဖြစ်ရပ်တို့ကို ဖြစ်ရပ်ဟု မမြင်အောင် သူကပြုမူသည်။ ဖြစ်ရပ်ကို တကယ်ဟု အဟုတ်ထင်အောင် သူပြုသည်။ ဖြစ်ရပ်ဟာ ငါဟု ထင်အောင်လည်း သူပြုသည်။ မွေးဖွားခြင်းကို ရယူထားသူအဖို့ သေဆုံးခြင်းကိုလည်း မလွှဲမသွေ ရယူရမည်။ ရှောင်လွှဲဖို့ မည်သည့်အခါမျှ မကြိုးစားလေနှင့်”

မီးလျှံတို့သည် အရှိန်ပြင်းပြင်းဖြစ်လာသည်။ မီးလျှံတို့သည် ဝင်ပေါက်တံခါး(၄)ခုပါသော ဗိမာန်တစ်ခုအသွင်ကို ဆောင်ထားကြသည်။ ဗိမာန်တွင် သက်တံရောင်စုံကို တွေ့ကြရသည်။ အလင်းထုက လွှမ်းခြုံထားသည်။ ဗိမာန်အောက်ခြေသည် ကြာပန်းပွင့်ကြီးတစ်ခုဖြစ်နေသည်ကိုလည်း တွေ့ကြရသည်။ လွန်စွာ နှစ်သက်စရာကောင်းသည့်ရနံ့တို့ ထွက်ပေါ်လာသည်။ မီးလျှံတို့ကို မြင်နေကြရသော်လည်း အနီးတွင်ရှိသူ



www.burmeseclassic.com

www.burmeseclassic.com

တို့အနေဖြင့် ပူလောင်သည့်အရသာကို မခံစားကြရပေ။

မြေပြင်ပေါ်တွင် လူသားတစ်ဦးအဖြစ် နေထိုင်စဉ် သုံးစွဲခဲ့သော ကိုယ်ခန္ဓာကို စွန့်ခွာချေပြီဟု နတ်မင်းတို့က ဆိုကြသည်။ ကြွင်းကျန်သောပြာကိုယူသူက ယူသည်။ အရိုးကိုကောက်သူက ကောက်သည်။

တစ်နေ့လုံး လောင်မြိုက်နေခဲ့ပြီး ညနေစောင်းသောအခါကျမှ မီးလျှံတို့ ကွယ်ပျောက်သွားသည်။ ကျန်ရစ်သော ပြာပုံကို ရှင်းလင်းကြသည်။

ပြာတို့ကို အိုးများအတွင်း ထည့်သိမ်းကြသည်။ ပြာပုံထဲမှရသောပစ္စည်းအသီးသီးကိုလည်း စာရင်းမှတ်ပြီး သိမ်းဆည်းကြသည်။

ညအခါ၌ ရီချန်သည် တစ်မှေးအိပ်စက်စဉ် အိပ်မက်မြင်မက်သည်။ အိပ်မက်ထဲတွင် နတ်သမီးတို့သည် ပြာအိုးများကိုယူသွားကြသည်။ ဆရာမီလာရီပ၏ ရုပ်အလောင်းရှိနေခဲ့သည့်နေရာတွင် တက်တက်ပြောင်စင်သည်အထိယူသွားကြသည်ကို မြင်မက်သည်။

ရီချန်သည် နိုးနိုးချင်း အိပ်မက်ကို သတိရသည်။ ရှိဝါဝေ့၊ နမ်နှင့် ဆီဘမ်ရီပတို့ကို ပြောပြပြီး မီးသဂြိုဟ်ခဲ့သည့်နေရာကို အတူသွားကြည့်ကြသည်။ ထိုအခါ ပြာနှင့်တူသောအရာ ဟူ၍ တစ်မှုန်မျှပင် မရှိအောင် ပြောင်းတလင်းခါနေသည်ကို တွေ့ကြရသည်။ ယမန်နေ့က သိမ်းဆည်းထားသောပြာအိုးများကို တောင်းရာ၌ တစ်အိုးမှမရှိကြောင်း သိကြရသည်။ ပြာများကို ကျုံးပြီး အိုးများထဲထည့်သူမှာ သူလိုလိုကိုယ်လိုလို ဖြစ်နေကြသည်။ ထိုအခါ ရီချန် သဘောပေါက်သွားသည်။ နတ်မင်းတို့သည် မီးလောင်မြိုက်နေစဉ်လာယူသွားကြသည်။ လောင်မြိုက်ပြီးချိန်တွင် နတ်မင်းတို့လောက် တန်ခိုးမထွားသော နာမ်လောကသားသမီးတို့သည် လူအသွင်ဖန်ဆင်းကာ တပည့်တပန်းများအသွင်ဖြင့် ပြာ၊ အရိုး အစရှိသည်တို့ကို လာယူသွားကြခြင်းဖြစ်မည်ဟု သူသိလိုက်သည်။

ဉာဏ်နာမ်နှင့် ဘရင်တို့တွင်ရှိနေသော ကိုယ်ပွားတို့သည် အလင်းရောင်ခြည်အဖြစ်သို့ ပြောင်းလဲသွားရင်း အရွယ်အစား သေးငယ်သထက် သေးငယ်သွားရာ၌ နောက်ဆုံးတွင် လုံးဝကွယ်ပျောက်သွားသည်။ ထိုအခါ ဉာဏ်နာမ်နှင့် ဘရင်တို့မှ တပည့်တို့သည် ချူဘာဂူသို့ ရောက်လာကြသည်။ ချူဘာဂူမှ ပြာကို ရလိုရငြား လာရောက်တောင်းခံကြသည်။ ချူဘာဂူတွင် ဖြစ်ကြုံခဲ့ရပုံကို ကြားသိကြရသောအခါ စိတ်မာတ်ကျကုန်ကြသည်။

ရီချန်သည် နာမ်လောကသားတစ်ဦးကို ဆင့်ခေါ်လိုက်သည်။ ပြာနှင့်တကွ ကြွင်းကျန်ရစ်သည်တို့ကို ပြန်လိုချင်ကြောင်း ပြောလိုက်သည်။

ထိုအခါ နာမ်လောကသားက -

"သင်တို့တွင် အလွန် အဖိုးတန်သော တရားထူးတရားမြတ်ကို အမွေအဖြစ် ရထားကြသည်။ ကျွန်ုပ်တို့မှာ ဤပြာတို့သာ အမွေအဖြစ် ရလိုက်ပါသည်။ ထို့ကြောင့် ပြန်မတောင်းပါနှင့်"

ဟု ယတိပြတ် ပြောဆိုသည်။

ထိုစဉ်မှာပင် ဂူအတွင်း၌ မီလာရီပ၏စကားသံကို ကြားကြရသည်။

"ချစ်တပည့်တို့၊ ငါထားရစ်သော တရားသည် လူသားအားလုံးအတွက် ဖြစ်သည်။ သင်တို့သည် ကိုယ်ပိုင် ဟူသောအရာကို မတောင်းကြနှင့်"

တပည့်တပန်းတို့တွင် ဆရာမီလာရီပ ပြောသည်ကို သဘောပေါက်ကြသူများရှိသလို သဘောမပေါက်ကြသူများလည်းရှိကြပေသည်။ ထိုသို့ သဘောမပေါက်သူတို့သည် သူတို့အတွက် အမွေမထားရစ်ခဲ့သည့်အတွက် မချင့်မရဲဖြစ်နေကြလေသည်။

ထိုသို့ဖြစ်နေကြစဉ် မီလာရီပ သေဆုံးခါနီးတွင် ပြောကြားခဲ့သော စကားတစ်ခွန်းကို ပြန်သတိရမိကြသူတို့က တူးဆွဖို့ ပြင်ဆင်ကြလေတော့သည်။

"ဟောဟိုက မီးဖိုအောက်မှာ ငါ တစ်သက်လုံး ရှာဖွေစုဆောင်းထားတဲ့ ရွှေတွေကို မြှုပ်နှံထားတယ်။ ရွှေတွေကို ဘယ်လိုဝေခြမ်းပေးရမယ်ဆိုတဲ့ ညွှန်ကြားချက်ကိုလည်း ရေးပေးထားတယ်။ ငါသေပြီးတဲ့အခါ တူးဖော်ကြည့်ပါ။ ညွှန်ကြားထားတဲ့အတိုင်း ဝေခြမ်းပေးပါ"

ဟူသည့်စကားအတိုင်း မီလာရီပ ညွှန်ပြခဲ့သည့်နေရာကို တူးဆွကြရာ ကျောက်ဖျာတစ်ချပ်ခံနေသည်ကို တွေ့ရလေသည်။ ကျောက်ဖျာတစ်ခုလုံးပေါ်သည်အထိတူးကြသည်။ ကျောက်ဖျာကို ကန့်လန့်၍ ဖယ်ရှားလိုက်သောအခါ တွင်းတစ်ခုကို တွေ့ကြရသည်။ တွင်းမှာ ကျောက်သားကို ထွင်းထားသော တွင်းတစ်ခု ဖြစ်သည်။ တွင်းမှာ တိမ်သည်။ တစ်ထွာခန့်မျှသာနက်သည်။ အကျယ်မှာလည်း တစ်တောင်ပတ်လည်ခန့်မျှသာ ရှိသည်။

တွင်းထဲ၌ အဖြူရောင်ပိတ်စတစ်ခုကို တွေ့ရသည်။ မီလာရီပ ဝတ်ဆင်ခဲ့သည့်ပိတ်စ၏ အပိုင်းအစဖြစ်သည်။ ထိုပိတ်စနှင့်အတူ ဓားမြှောင်တစ်ချောင်းကိုလည်း တွေ့ရသည်။ လက်ကိုင်ရိုးမှာ ဆူးချွန်သဖွယ် ပြုလုပ်ထားသည်။ တူးဆွသောအခါ သုံးနိုင်သည်။ ဓားသွားမှာ လှီးဖြတ်ရန်အတွက် အသုံးပြုနိုင်သည်။ ဓားနှောင့်မှာ ဖိုထားသောမီးပုံကို ထိုးဆွရန်အတွက် သုံးနိုင်သည်။ တောတွင်းနေထိုင်သူတို့အတွက် သုံးမျိုးသုံးနိုင်ရန် လုပ်ပေးထားသည့်ဓား ဖြစ်သည်။ ဓားနံဘေးတွင် အညိုရောင် သကြားခဲတစ်တုံးရှိနေသည်။ သကြားတုံးဘေးတွင် စာရွက်တစ်ရွက် တွေ့ရသဖြင့် ကောက်ယူပြီး ဖတ်ကြည့်ကြသည်။

"ပိတ်စနှင့် သကြားတုံးတို့ကို ဤဓားဖြင့်လှီးပါ။ လှီး၍မကုန်အောင်ရှိလိမ့်မည်။ ရလာသော ပိတ်စအပိုင်းအစနှင့် သကြားခဲတို့ကို လူအများအား ဝေမျှပေးပါ။ ပိတ်စကို ဆောင်ထားဖို့ပြောပါ။ သကြားခဲကို မြည်းကြည့်ဖို့ ပြောပါ။ မီလာရီပကိုယ်တိုင် စီရင်ပေးခဲ့သော အရာများဖြစ်သဖြင့် အစွမ်းထက်မည်ဆိုသည်ကို ပြောပြစရာ လိုမည်မဟုတ်ပါ။ အကျိုးထူးမည်ဆိုသည်ကို ပြောပြရန်လို မည် မထင်ပါ။ မီလာရီပ ဟူသော အမည်ကို ကြားရုံမျှဖြင့်ပင်လျှင် အကျိုးထူး ချေပြီ။

မီလာရီပသည် ရွှေများကို ဝှက်ထားပေးခဲ့သည်ဟု ဆိုကြသူတို့အား သူတို့ပြောသောစကားကိုသာလျှင် သူတို့စားကြပါစေ။ ဤသကြားကို မစားစေနှင့်"

ဟု ရေးသားထားသည်။

ပိတ်စကို ဓားဖြင့်လှီးကြရာ လှီး၍မကုန်နိုင်အောင်ရှိကြသည်ကို တွေ့ကြရသည်။သကြားခဲမှာလည်း လှီး၍မကုန်နိုင်အောင်ရှိတော့သည်။ လှီးပေးရသူ လက်ညောင်းသဖြင့် အလှည့်ကျတာဝန်ယူပြီး လှီးကြရသည်။ ချူဘာဂူသို့ ရောက်လာသမျှသော ပရိသတ်တို့ကို သကြားနှင့် ပိတ်စကို ပေးဝေလိုက်ကြသည်။

လအတန်ကြာသောအခါ သကြားခဲသည် လည်းကောင်း၊ ပိတ်စသည် လည်းကောင်း၊ ဓားသည် လည်းကောင်း ထူးဆန်းစွာ ပျောက်ကွယ်သွားသည်။

နှစ်အတန်ကြာသောအခါတွင် သူတော်စင် ဂျက်စင်မီလာရီပ၏ ဘဝဇာတ်ကြောင်းသည် ဒဏ္ဍာရီတစ်ပုဒ်သဖွယ် တွင်ကျန်ရစ်လေတော့သတည်း။

အောင်ဆော

www.burmeseclassic.com

ဆီးဝမ်းသွေးလေမှန်၍ ကျန်းမာလိုသူတိုင်း မရှိမဖြစ် သုံးစွဲသင့်တဲ့ . . .

# ကြယ်စင်ထွန်း ဆီးဝမ်းသွေးလေညီညွတ်ဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၁၀၁၁ Y ၀၀၉၃၇၃ (ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက - ၅၈/၀၅၁၃)




"မင်္ဂလာပါဆရာကြီး" ဟူသော နှုတ်ခွန်းဆက် စကားကြောင့် အသံလာရာသို့ ကြည့်မိသည် "ဟော ဘယ်သူတုန်းကွယ့်"၊ "ကျွန်တော် ဆရာကြီးရဲ့ တပည့် ထွန်းကျော်လေ" ဆိုမှ သိတပည့် မောင်ထွန်းကျော် ဆိုတာ မှတ်မိတော့တယ်။ "ဪ မောင်ထွန်းကျော် ကိုး" "ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီး ကျောင်းက ပြန်လာတာလားခင်ဗျ" "အေးလေကွယ်၊ ဒါနဲ့ မင်းကြည့်ရတာ အဖိုးကြီးအိုပေါက်စ ကျနေတာပဲ၊ ချည့်နဲ့နဲ့ ဘယ်လို ဖြစ်တာတုန်း" "မသိပါဘူးဆရာကြီး ရယ် ကိုယ်ရော စိတ်ပါ လေးလံ ထိုင်းမှိုင်းပြီး အမောင်း၊ အိပ်မပျော်၊ အားအင်ကုန်ခမ်းသလိုနဲ့ မူးဝေနောက်ကျိ ... သတိတွေ လဲ မကောင်းဘူး" "ဟော . . ဒါဆိုမပေါ့နဲ့လေ ဆေးခန်းလေး ဘာလေးမပြဘူးလား" "ပြပါတယ် ဆရာကြီး၊ ဆေးစစ်ဆေးမှုတွေလဲ လုပ်တာစုံနေတာပဲ။ ဒါပေမယ့် ဘာရောဂါမှ ရှာမတွေ့ဘူးတဲ့" "ဟုတ်လား မင်း ဆီးတွေ ဝမ်းတွေရော မှန်ရဲ့လား" "ကျွန်တော့်ရဲ့ ကိုယ်က ဝမ်းချုပ်တတ်တော့ ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးတွေစုံအောင် သုံးစွဲပါတယ်၊ ဒါပေမယ့် ဝမ်းသာသွားတယ် ကျွန်တော် စိတ်နေရတာ ကတော့ ဒီအတိုင်းပါပဲ ဆရာကြီး" "ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးဆိုတိုင်း ရောဂါသက်သာပျောက်ကင်းတာ မဟုတ်ဘူးကွယ့်၊ အချို့ဆေးက ဝမ်းသွားရုံပဲ အကျိုးပြုတာလေ၊ ဝမ်းသွားရုံလောက်ကတော့ ငါ့တပည့် ရယ် ဆေးသောက်ဖို့ မလိုပါဘူး၊ ငှက်ပျောသီး၊ သဘော်သီး မှည့်စတဲ့ အသီးအနှံတွေစားပေး၊ ရေများများ သောက်ရင် ရတာပဲ" "ကျွန်တော်က ဝမ်းလဲမှန်ပြီး ဘာရယ်မှန်မသိ ခံစားနေရတဲ့ ရောဂါလဲ ပျောက်ချင်လို့ပါ ဆရာကြီး" "အင်းဟုတ်တာပေါ့။ ကျန်းမာခြင်းက လာဘ်တစ်ပါးပဲ လေကွယ်" "ဟုတ်ပါတယ် ဆရာကြီး ကျန်းမာခြင်းရဲ့ ဆုလာဒ်ကို မကျန်းမာပါမှ ပိုပြီးတန်ဖိုးရှိမှန်း သိရပါတယ်။ "ဒါပေါ့လေ ပုထုဇဉ်ရဲ့ စရိုက်ကိုက အဘိလက်လွှတ် နေတတ်ကြတာကိုး" "ဆရာကြီး ကို ကြည့်ရတာ ကျွန်တော် တို့ ငယ်ငယ်တည်းက အခုထိ အမြဲတမ်းကျန်းမာလန်းဆန်းပြီး တပည့်တွေကို ပညာသင်ကြားပေးရာမှ နိုးကြားတက်ကြွနေတာ ဘာဆေးကောင်းတွေများ သုံးစွဲလို့ပါသလဲ ဆရာကြီး" "ဒီလို ငါ့တပည့်ရဲ့ လူ့ခန္ဓာကိုယ်မှာ အဓိကမဏ္ဍိုင်ဖြစ်တဲ့ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ဓာတ်ကြီး (၄)ပါးဟာ ညီညွတ်မျှတ နေပါမှ ကျန်းမာမယ်၊ အချယ်တင်နုပျိုမယ်၊ ရောဂါကင်း၍ အသက်ရှည် မယ်ကွယ့်၊ ဒီ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ကျန်းမာခြင်း၏ ပြယုဂ် လက္ခဏာဖြစ်တဲ့ ဒီမဏ္ဍိုင် လေးပါးမှ တစ်ပါးပါးဖောက်ပြန်လာရင သာမန် ရောဂါလေးမှစပြီး ဆိုးဝါးတဲ့ ရောဂါကြီးတွေ အထိ ဖြစ်ပေါ်ခံစားရတတ် တယ်ဒလေ ဒီ (၄)မျိုး ညီညွတ်တော့ဘူးဆိုရင် ရောဂါကြီးတစ်ခု မဟုတ် တစ်ခုတော့ဖြစ်တော့ မယ်ဆိုတဲ့ ရှေ့ပြေးအချက်ပေး ခေါင်းလောင်းသံ ပဲကွယ့်၊ ဒီတော့ မောင်ထွန်းကျော်ရေ . . . ဆီး၊ ဝမ်း၊ သွေး (အမျိုးသားများ ဆိုရင် ချွေး) လေ၊ ဒီလေးထွေကို ညီညွတ်မျှတအောင် အမြဲဂရုတစိုက်နဲ့ ပြုပြင်ပေးနေရင် ဆရာ့လို အသက်ကြီးသော်လဲ ကျန်းမာသွက်လက် ဉာဏ်ထက်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး ဘာသာရေးတွေ ကောင်းကောင်း ဦးဆောင်ဦးရွက်ပြု၍ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေး တည်ဆောက်နိုင်တာ ပေါ့" "ဆီး၊ ဝမ်း၊ သွေး (ချွေး)လေ ညီညွတ်ပြီး ကျန်းမာအောင် ဆရာကြီးရဲ့ လက်သုံးဆေး များရှိရင် ညွှန်ပြပေးပါဦး" "ဆရာကြီး အမြဲသုံးတဲ့ ဆေးကတော့ . . . ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေးပဲကွယ့်၊ ဒီဆေးဟာ ဆိုရင် ဝမ်းနုတ်ဆေး မဟုတ်လို့ ခန္ဓာကိုယ်ရဲ့ ပင်မ. ဓာတ်တွေကို ညီညွတ်အောင် ထိန်းညှိပေးတဲ့အတွက် ရောဂါတွေ ကြိုတင် ကာကွယ်နိုင်မယ်။ ကျန်းမာစေမယ်၊ အသားအရည် ကြည်လင်ပြီး အရွယ်တင်နုပျိုစေတယ်။ အကြောပြေပြီး ပေါ့ပါးလန်းဆန်းစေတယ်လေ။ အဲဒါကြောင့် ဆရာတို့ တစ်မိသားစုလုံး "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" ပဲ အမြဲ သုံးစွဲကြတယ်" "ဆရာကြီးနဲ့ တွေ့ရတာ သမားတော် တစ်ဦးနဲ့တွေ့ လိုက်ရသလိုပါပဲ၊ ဒီနေ့ကစပြီး ကျွန်တော်လဲ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း သွေးလေ ညီညွတ်ဆေး" ကိုပဲ သုံးစွဲတော့မယ် " ကျန်းမာချမ်းသာ ပါစေကွယ်"

ကြယ်စင်ထွန်း အမှတ်တံဆိပ် ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေး အစွမ်းကတော့ ဓာတ် (၄)ပါး ညီညွတ်မျှတစေပြီး၊ အပူ၊ အပုပ် ကင်းစင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်၊ နောက်ကျောတက်၊ ဇက်ကြော ထိုးခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ၍ လေးလံ ထိုင်းမှိုင်း နေခြင်း၊ သွေးမသန့်ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ ဒူလာသိပ်ခေါင်း သွေးကျခြင်း၊ ဆီးချုပ်၊ ဆီးကျန်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အစားပျက်၊ အအိပ် ပျက်၊ သွေးတက်၊ သွေးတိုးခြင်း စတဲ့ရောဂါ များအတွက် သုံးစွဲနိုင်ပြီး၊ ရောဂါများကို ကြိုတင် ကာကွယ်နိုင်၍ အကြောပြေ ပေါ့ပါးလန်းဆန်း စေတဲ့ဆေး ဖြစ်ပါတယ်။

"မင်္ဂလာပါ ဆရာကြီး" "ဟော မောင်ထွန်းကျော် ကျန်းမာစိုပြည် လို့ပါလားကွယ်" "ဆရာကြီးညွှန်ပြတဲ့ "ကြယ်စင်ထွန်း ဆီး ဝမ်း၊ သွေး လေ ညီညွတ်ဆေး" အစွမ်းကြောင့် ပါခင်ဗျ၊ အဲဒါကြောင့် ဆရာကြီးကို လာကန်တော့တာပါ" "သာဓုကွယ် . . . သာဓု . . . သာဓု"

ဘက်ကြွလန်းဆန်းပြီး ဘဝအတွက် အကောင်းဆုံး စွမ်းဆောင်မှု များနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေးကို ပိုင်ဆိုင်ချင်ကြတယ် ဆိုရင်တော့ . . . ကျန်းမာလိုသူတိုင်း "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး" ကို သုံးစွဲမှ ဖြစ်မယ်နော် . . .

ထွန်းကျော် (ပညာရေး)

**ပင်ရင်း: - ကြယ်စင်ထွန်း** (တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
အမှတ် (၂၉၁)၊ နှင်းဆီလမ်းမ၊ (၄)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉ ၅၀ ၉၉၆၈၂၊ ၀၉ ၄၃၀ ၃၁၀၅၄

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရှင်(ရွှေပြည်သာ)

မေတ္တာဈေးကွက်

ဆရာမ ဒေါ်စန်းစန်းသည် မောင်ထွန်းသူ၏ 'ကျွန်တော့်အဖေ အကြောင်း' စာစီစာကုံးကို ပထမတစ်ကြောင်းလောက်ဖတ်ပြီးသည်နှင့် 'ဟင်' ဟူသော အာမေဋိတ်အသံနှင့်အတူ မျက်နှာတစ်ချက် ကွက်ခနဲပျက်သွားသည်။သုံးတန်းကျောင်းသား မောင်ထွန်းသူလေးက သူမ၏နေရာနှင့် အနီးဆုံးရှေ့တန်းထိုင်ခုံမှာရှိသောကြောင့် ချက်ချင်း လှမ်းကြည့်မိသည်။ သေချာပါပြီ။ ကလေး၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်တွေဝဲနေသည်ကို တွေ့ရသည်။ တစ်မျက်နှာ စာစီစာကုံးအတိုလေးကို ဒေါ်စန်းစန်း ဆက်ဖတ်လိုက်သည်။

*ကျွန်တော်သည် အဖေ့ကို တအားချစ်ပါသည်။ အဖေက ကျွန်တော့်ကို မချစ်ပါ။ အစ်ကိုနှင့် အငယ်ဆုံး နှမလေးကိုသာ ချစ်ပါသည်။ အဖေ အလုပ်ပြန်လာချိန် အိမ်ရှေ့ထွက်ပြီး အတူကြိုကြလျှင် နှမလေးကိုသာ ပွေ့ချီနမ်းရှုပ်သော်လည်း ကျွန်တော့်ကိုကား ဂရုမစိုက်ပါ။ အစ်ကိုကြီး ရှစ်တန်းအောင်စဉ်က စက်ဘီးဝယ်ပေးပါသည်။ ကျွန်တော် နှစ်တန်းအောင်စဉ်က ဘာမှဝယ်မပေးပါ။ အဖေ့ကိုမေးကြည့်သောအခါ ရှစ်တန်းအောင်မှ ဝယ်ပေးမည်ဟု ပြောပါသည်။ အဖေသဘောကျသောအတန်းမှာ ရှစ်တန်းသာဖြစ်သောကြောင့် ကျွန်တော်သည် ရှစ်တန်းစာကိုသာ သင်ချင်နေပါသည်။*

*ရှစ်တန်းစာမှတစ်ပါး ကျန်အတန်းစာများကို မသင်ချင်တော့ပါ။ ညအိပ်ရာဝင်ခါနီးရောက်သောအခါ ပုံပြင်ပြောပြဖို့ တောင်းဆိုသော်လည်း အဖေက ပြောမပြပါ။ အလုပ်ပင်ပန်းလို့ဟု ပြောပါသည်။ တစ်ခါတစ်ရံ မေမေက ပြောပြပါသည်။ အဖေပြောပြသောပုံပြင်ကိုလည်း နားထောင်ချင်ပါသည်။*

ဒေါ်စန်းစန်းသည် စာစီစာကုံးကို ဖတ်ပြီးသည်နှင့် မောင်ထွန်းသူကို လှမ်းခေါ်လိုက်သည်။

"သားလေးမောင်ထွန်းသူ၊ ဆရာမဆီကို လာပါဦး"


မောင်ထွန်းသူလေး လက်ပိုက်ကာ ဆရာမရှေ့သို့ ရောက်လာသည်။

"သားလေးဖေဖေက သားလေးကို ချစ်မှာပါ"

"မချစ်ပါဘူး"

"မိဘပဲ သားရယ် ချစ်မှာပါ။ သားက အကြီးဆုံးနဲ့ အငယ်ဆုံးရဲ့ကြားထဲ နို့ညှာလိုဖြစ်နေတော့ သတိမထားမိတာ သားရဲ့။ မနက်ဖြန် သားတို့အိမ်ကို ဆရာမ လာပြီး သားရဲ့ဖေဖေကို ပြောပေးမယ်၊







www.burmeseclassic.com

www.burmeseclassic.com



ကြားလား သားလေး"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဆရာမ"

※

နောက်နေ့ မောင်ထွန်းသူတို့အိမ်သို့ ဒေါ်စန်းစန်းလိုက်သွားသည်။အလုပ်သွားဖို့ပြင်ဆင်နေသော မောင်ထွန်းသူ၏ ဖခင် ဦးအုန်းကို အဆင်သင့်ပင် တွေ့



www.burmeseclassic.com

www.burmeseclassic.com

ရသည်။

"ဩော်-မောင်ထွန်းသူတို့အတန်းက ဆရာမထင်တယ်။ ကြွပါခင်ဗျာ၊ ကြွပါ။ ဟောဒီခုံပေါ် ထိုင်ပါ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ရှင်"

နှစ်ဦးသား ထိုင်ပြီးသည်နှင့် ဆရာမက စကားစသည်။

"လာရင်းကိစ္စကတော့ မောင်ထွန်းသူလေးအတွက်ပါ"

"ဟုတ်ကဲ့၊ ပြောပါခင်ဗျာ။ကလေးက ကျောင်းမှာ ဆိုးများဆိုးနေလို့လား"

"မဟုတ်ပါဘူးရှင်၊ မောင်ထွန်းသူလေးက စာအတော်ဆုံးကျောင်းသားထဲမှာပါပါတယ်။ လိမ္မာလည်းလိမ္မာပါတယ်"

"ဒါဆိုဘယ်လိုအကြောင်းများပါလိမ့်"

"မနေ့က ကျွန်မ တစ်တန်းလုံးကို အဖေ့အကြောင်း စာစီစာကုံးရေးခိုင်းပါတယ်။ မောင်ထွန်းသူရေးတဲ့ထဲမှာ ဦးအုန်းက အကြီးဆုံးသားနဲ့ အငယ်ဆုံးသမီးကို ချစ်ပြီး သူ့ကိုတော့ချစ်ပုံမရဘူးလို့ ရေးထားပါတယ်။ ဒီအရွယ်တွေဟာ အမေ့မေတ္တာနဲ့တန်းတူ အဖေ့မေတ္တာကိုလည်း လိုချင်ကြပါတယ်"

"ဟုတ်ကဲ့၊ ဆက်ပြောပါ ဆရာမ"

"အဲဒါကြောင့် ဦးအုန်းအနေနဲ့ မောင်ထွန်းသူလေးကို တတ်နိုင်သမျှ ဂရုစိုက်ပြီး ယုယစေချင်ပါတယ်။ ဒီအတွက် ကလေးက မကြာခဏမှိုင်မှိုင်နေတာကို တွေ့ရပါတယ်။ အရင်က ဘာဖြစ်မှန်းမသိဘူး။ ဒီစာစီစာကုံးရေးခိုင်းမှ သူ့ရင်ထဲက ခံစားချက်ကို သိရတော့တာပဲ"

"အေးဗျာ၊ ကျွန်တော်ကလည်း ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ အဲသလောက်ကြီးအထိ သတိမထားမိဘူးဗျ။ ဖအေတစ်ယောက်အနေနဲ့ သားသမီးတွေရဲ့ စားဝတ်နေရေးပြည့်စုံအောင် ရှာဖွေပေးရင် တာဝန်ကျေပြီလို့ပဲ သိထားတာက ခက်နေတယ်ဗျာ"

"ဟုတ်ပါတယ်၊ ကျွန်မတို့လည်း စိတ်ပညာကို မလေ့လာမိက ဒီအတိုင်းပဲ သိထားတာပါ။ လူမှာ အာဟာရနှစ်မျိုး လိုအပ်ပါတယ်။ ရုပ်အာဟာရနဲ့ နာမ်အာဟာရပါပဲ။ စားဝတ်နေရေးဆိုတာ ရုပ်အတွက်လိုအပ်တဲ့အာဟာရပါ။ ယုယတာ၊ ကြင်နာတာ၊ ချစ်ခင်ခံရတာ၊ အရေးပေးခံရတာဆိုတာ နာမ်အာဟာရပါ။ ရုပ်အာဟာရပြည့်စုံစွာရရင် ရုပ်ကျန်းမာရေးကောင်းပါတယ်။ နာမ်အာဟာရပြည့်စုံစွာရရင် နာမ်ကျန်းမာရေးကောင်းပါတယ်။

နာမ်ကျန်းမာရေး မကောင်းဘူးဆိုတာ စိတ်မှာ ရောဂါဖြစ်သွားတာပါပဲ။ စိတ်ရောဂါဆိုတာ ရူးသွားတာ တစ်မျိုးတည်းကို ဆိုတာမဟုတ်ပါဘူး။ တစ်နေရာရာမှာ လွန်ကဲနေတာမျိုးပါ။ ဥပမာအားဖြင့် ငယ်ငယ်က မကြာခဏအရိုက်ခံရတဲ့ကလေးဟာ ကြီးလာရင် အရိုက်ကြမ်းတဲ့မိဘ၊ အရိုက်ကြမ်းတဲ့ဆရာဖြစ်လာတတ်ပါတယ်။ အဲဒါစိတ်ရောဂါတစ်မျိုးပါပဲ။

တချို့ ယောကျ်ားလေးက မိန်းကလေးစိတ်ပေါက်နေတဲ့မိန်းမလျှာလေးတွေ၊ မိန်းကလေးက ယောကျ်ားစိတ်ပေါက်နေတဲ့ ယောကျ်ားလျာလေးတွေကိုလည်း ဦးအုန်း မြင်ဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ မြင်ဖူးပါတယ်"

"အဲဒါလည်း သူတို့ ငါးနှစ်သားမတိုင်ခင် ခံစားခဲ့ရတဲ့ စိတ်ဝေဒနာကြောင့်ပဲ"

"ဟင် - ကျွန်တော်ဖြင့် အဲဒီလိုမျိုး တစ်ခါမှမကြားဖူးဘူး။ ကာမေသုမိစ္ဆာစာရကံကြောင့် ယောကျ်ားဖြစ်ရက်နဲ့ မိန်းမစိတ်ပေါက်တာလောက်ပဲ ကြားဖူးတာ"

"ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ခဲ့ရင် -

※လူမုန်းများမယ်။

※ရန်ငြိုးပွားမယ်။

※စီးပွားလာဘ်လာဘရှားပါးမယ်။

※ဖြစ်ရာဘဝ ဆင်းရဲမယ်။

※အမျိုးသမီးချည်းဖြစ်မယ်။

※မိန်းမ မဟုတ် ယောကျ်ားမဟုတ် ပဏ္ဍုက်ဘဝရောက်မယ်။

※အမြဲတမ်း စိုးရိမ်သောကဖြစ်နေမယ်။

※ချစ်သူနဲ့ကွဲမယ်။

အဲဒါပဲပါတယ်လေ။

ယောကျ်ားက မိန်းမစိတ်ပေါက်ရမယ်လို့ မပါပါဘူး။ ယောကျ်ားက မိန်းမစိတ်ပေါက်တာ 'ကာမေသု' ကြောင့်ဆိုရင် မိန်းမက ယောကျ်ားစိတ်ပေါက်တာကျတော့ ဘယ်လိုပြောမလဲ။ 'ကာမေသု' ကြောင့်သာဆိုရင် နိမ့်ကျသွားရမှာလေ။ အခုဟာက မိန်းမစိတ်ကနေ ယောကျ်ားစိတ်ပြောင်းသွားတာကို နိမ့်ကျတယ်လို့မှပြောလို့မရဘဲ။ ကုသိုလ်ကံက မှန်ကန်ခဲ့လို့ ယောကျ်ားစစ်စစ်ဘဝကိုပေးနေပြီပဲ။ ယောကျ်ားစစ်စစ်ဖြစ်နေပြီဖြစ်တဲ့အတွက် ကာမေသုကံ မပါတာ သေချာ... နေပါပြီ။ တကယ်တော့ အဲဒီလို လိင်တူ... ချင်း တပ်မက်တဲ့စိတ်တွေပေါ်လာရခြင်း... ရဲ့အဓိကအကြောင်းကတော့ မိဘနှစ်ပါး... ကြောင့်ပါပဲ"

"အင်း-ကျွန်တော်တောင်စိတ်ဝင်... စားလာပြီ။ ဒါဆိုရင် အဲဒီလို လိင်စိတ်... ဝေဒနာ ဖြစ်ရတာဟာ မိဘတွေနဲ့ ဘယ်... လို ပတ်သက်တယ်ဆိုတာ ဆက်ပါဦး"

"ကလေး ငါးနှစ်သားမတိုင်ခင်... အရွယ်မှာ မိဘနှစ်ပါးကွဲပြီး ကလေးက... အမေနဲ့ ကျန်ခဲ့မယ် သို့မဟုတ် ဖခင်ဖြစ်သူ... တွေက အကြောင်းကိစ္စတစ်ခုခုကြောင့်... နှစ်ရှည်လများခွဲထားမယ်ဆိုရင် ကျန်ခဲ့... တဲ့ကလေးတွေမှာ စိတ်ဝေဒနာခံစားရ... တာပဲ။ ဖခင်တွေက မူးရူးပြီး ကလေး... တွေရှေ့မှာ မိခင်ကို နှိပ်စက်ရင်လည်း... ဒီဝေဒနာမျိုးရတတ်တယ်။

လက်တွေ့သာဓကပြရရင် အမေ... ရိကန်ပြည်ထောင်စုပဲ။ ဘာကြောင့် အ... လို မိန်းမလျာတွေ တအားများရသလဲ... ဆိုတော့ ဖခင်ဖြစ်သူတွေဟာ ဗီယက်နမ်... စစ်ပွဲမှာ နှစ်ရှည်လများ နေကြရတယ်... အဲဒီအချိန်မှာမွေးတဲ့ ကလေးအများဆုံး... ဟာ မိန်းမလျာဖြစ်ကြတာပဲ။ သူတို့နိုင်ငံ... ဥပဒေက အမျိုးသားတိုင်း သုံးနှစ်တိတိ... မဖြစ်မနေ စစ်မှုထမ်းရတယ်။

အချို့ကျတော့ အသွင်... ယောကျ်ားပီသသပဲ။ အတွင်းစိတ်ကျ... တော့ လိင်တူချင်းတပ်မက်နေတာမျိုး... လည်းရှိတယ်။ အဲဒီလို စိတ်ဝေဒနာရှင်... တွေဟာ ခေတ်အဆုံး အိမ်ထောင်မပြု... တာ များတယ်။ မြန်မာပြည်မှာလည်း... နိုင်ငံကျော် ရုပ်ရှင်မင်းသား၊ အဆိုတော်... စာရေးဆရာ ဒါရိုက်တာအဖြစ် ကျော်... ကြားသူတစ်ယောက်ပေါ်ပေါက်ဖူးတယ်... သူလည်း ငယ်စဉ်က အခုပြောပြခဲ့တဲ့စိတ်... ဝေဒနာမျိုး ခံစားခဲ့ရတယ်လို့ တစ်ဆင့်... နားနဲ့ ကြားခဲ့ရတယ်။

"အခုလို ကျွန်တော့်သားအတွက်... တကူးတကလာပြီး ရှင်းပြပေးတာ ကျေး... ဇူးတင်ပါတယ်။ ကျွန်တော် မောင်ထွန်း... သူကို ဂရုစိုက်လိုက်ပါ့မယ်"

"ဟုတ်ကဲ့၊ အခုလို ကြားရတာ... ကျွန်မတပည့်အတွက် ဝမ်းသာပါတယ်"

※

'မောင်ထွန်းသူကို ကျွန်တော် ဂရု... စိုက်လိုက်ပါ့မယ်'

ဟု ကတိပေးလိုက်သော်လည်း... ရက်အတော်ကြာသည်အထိ ဦး...

www.burmeseclassic.com

www.burmeseclassic.com

...သည် သူ့ကတိကို အကောင်အထည် ...ပေါ်မိ။ ဆရာမပစ်ခဲ့သော မြားသည် သူ၏အပြင်စိတ်ကိုသာထိသည်။ အတွင်း စိတ်ကိုမထိ။ တစ်နည်းအားဖြင့် သူ၏ ...နောက်ကိုသာထိသည်။ နှလုံးသားကို ...။ ထို့ကြောင့်လည်း ဘာသိဘာသာ နေမိခြင်း ဖြစ်သည်။ ထိုတစ်ရက်ကား ဦးအုန်းတစ်ယောက် ယောကျာ်းကြီး ...မှ မောင်ထွန်းသူကိုဖက်၍ မျက်ရည် ...ရသောရက်ပင် ဖြစ်ပါလေ၏။

ရုံးအဆင်းနောက်ကျသည့်အပြင် ...ကားကခက်၍ ဦးအုန်းတစ်ယောက် အိမ်သို့ ညနေ ခြောက်နာရီခွဲသာသာ ...ောက်မှရောက်သည်။ ရုံးတွင်ဖြစ်ခဲ့ရ ...သာ အဆင်မပြေမှုများကြောင့် ဒေါသ ...နိုက အိမ်ရောက်သည်အထိ ပါလာ ...သည်။ သည်နေ့တော့ အငယ်ဆုံးမ ...ယ်သွားနေသည်မသိ။ အလတ်ကောင် ...တစ်ယောက်တည်း လာကြိုနေသည်။ ...ောင်ထွန်းသူက 'ဖေဖေ' ဟု ခေါ်လိုက် ...သော်လည်း ဦးအုန်းတစ်ယောက် ဝမ်း ...အားရ ပြန်ထူးဖို့ သတိမရ။ ဝတ်ကျေ ...နှုန်းကျေ မချိုပြုံးတစ်ချက်သာ ပြုံးပြပြီး ...ကိုလက်ဆွဲကာ အိမ်ထဲအထိ ဝင်ခဲ့ ...သည်၊ အိမ်ရှေ့ခန်းထဲ ရောက်သည်နှင့် ...ပေါ်အင်္ကျီကို ချွတ်ကာ ချိတ်တွင်ချိတ် ...ပြီး ပက်လက်ကုလားထိုင်ပေါ်တွင် ...ပစ်လက်ပစ် ထိုင်ချလိုက်သည်။ ထူး ...သည်က မောင်ထွန်းသူလေး သူ့ ...နားမှ ရစ်သီရစ်သီလုပ်နေခြင်းပင် ...၏၊ 'တစ်ခုခုများမေးချင်နေသလား ...ဘူး။ ငါ ဆရာမကိုလည်း ကတိပေး ...တယ်လေ' ဆိုပြီး ဦးအုန်းက မေး ...က်သည်။

"သားလတ်လေး လာလေ၊ ...ဖေ့ကို ဘာမေးချင်လို့လဲ"

"ဖေဖေ၊ ဖေဖေ့လစာကို နေ့တွက် ...တွက်လိုက်ရင် တစ်ရက်ကို ဘယ် ...ောက်ရသလဲဟင်"

ဦးအုန်း ထောင်းခနဲ ဒေါသထွက် ...သည်။ ယဉ်ကျေးသူများသည် သူ ...ပါး၏လစာငွေကို ဘယ်သောအခါ ...မေးမြန်းခြင်းမရှိသည် မဟုတ်ပါလော။

"ဟေ့ကောင်၊ အဲဒါမင်းနဲ့ဘာဆိုင် ...လဲ။ ကလေးက ကလေးစကားမပြော ...။"

ဒေါသကြောင့် ပြောလိုက်သော ...ားသံက အတော်ကျယ်လောင်သွား ... မောင်ထွန်းသူလေးသည် ဆတ်ခနဲ ...ချက်တုန်သွားကာ သူ့အခန်းထဲသို့ ...သွားတော့သည်။ ခဏနေမှ ဦးအုန်း နောင်တရပြန်သည်။

'ဪ - ငါဟာ ကလေးကို လူကြီးနဲ့တန်းတူသတ်မှတ်ပြီး စိတ်ဆိုးနေတာ သဘာဝမကျပါလား။ ဒီလိုမေးတယ်ဆိုတာ ငါ့သားမှာ အကြောင်းတစ်ခုခုရှိလို့နေမှာပဲ။ ကဲ - ငါလိုက်မေးပါဦးမယ်"

ဦးအုန်း မောင်ထွန်းသူ ဝင်သွားရာအခန်းထဲသို့ လိုက်သွားသည်။ မောင်ထွန်းသူလေးတစ်ယောက် သူ့အိပ်ရာထဲတွင် တစ်ယောက်တည်း ခွေခွေလေး လဲလျောင်းနေသည်ကို တွေ့ရသည်။

'တန်တော့ ဟိုသုံးယောက်တော့ ကားကောင်းတင်လို့ ဗီဒီယိုရုံသွားကြပြီထင်တယ်။ ဪ - ဆရာမပြောတာ ဟုတ်တာပဲ။ ဒီသားလတ်လေးကျမှ အိမ်စောင့်ထားခဲ့ကြတာကိုး'

လက်မ (၇၀) တီဗွီတော့ သူတို့ မဝယ်နိုင်သေးဘူး မဟုတ်လား။ ရုံမှာက လက်မ (၇၀) နဲ့ ပြတာလေ။

"ကဲ - သားလေးလာ၊ သားလေး သိချင်တာ ပြောပြမယ်။ ဖေဖေရဲ့ တစ်ရက်နေ့တွက်က သုံးထောင်ရတယ်သား ရဲ့"

မောင်ထွန်းသူက ဦးအုန်းအနားသို့ လျှောက်လာကာ-

"ဖေဖေ့မှာ ငါးရာလောက် အလွယ်ရှိလားဟင်"

"ဟင် - သားကဘာလုပ်မှာတုံး"

"ခဏချေးမှာလေ၊ တစ်ပတ်လောက်ရှိတော့ ပြန်ပေးမှာပေါ့"

"ဟာ - ဒီကောင်၊ နားရင်းရိုက်မိတော့မယ်။ ဒီအရွယ်လေးကများ အဖေ့ဆီက ပိုက်ဆံလာချေးရတယ်လို့"

ဟု ပြောရင်း လက်ကိုမြှောက်လိုက်မိရာ မောင်ထွန်းသူလေးသည် ဝမ်းနည်းပန်းနည်း ရှိုက်ကြီးတငင်ငိုပါလေတော့သည်။ ငိုနေသောသားကိုကြည့်ပြီး ဦးအုန်း တော်တော်စိတ်မကောင်းဖြစ်သွားသည်။

'ဪ - ငါတော်တော်မှားတာပဲ။ မေတ္တာနဲ့ ဖြေရှင်းလို့ရတဲ့ဟာကို ဘာလို့များ ဒေါသနဲ့ ဖြေရှင်းချင်နေတာပါလိမ့်။ ငွေရေးကြေးရေးနဲ့ ပတ်သက်တဲ့ကိစ္စကျတော့ စိတ်ဝင်စားပြီး သားသမီးနဲ့ ပတ်သက်တာကျတော့ ဘာလို့စိတ်မဝင်စားဖြစ်နေရတာပါလိမ့်။တကယ်တော့ ဒီငွေရေးကြေးရေးဆိုတာ ဒီသားသမီးတွေ စိတ်ချမ်းသာဖို့အတွက်ပဲ မဟုတ်လား။ သားသမီးတွေမှ စိတ်မချမ်းသာရင် ဒီငွေကြေးက ဘာအဓိပ္ပာယ်ရှိတော့မလဲ'

ဟု တွေးမိမှ ဦးအုန်းတစ်ယောက် သားငယ်၏ဘေးတွင် သေချာထိုင်ကာ ပြန်ချော့ပြီးမေးရပြန်သည်။

"ဟော့ဒီမှာ သားလေး လိုချင်တဲ့ ငါးရာ၊ ရော့ - ယူ"

"ဝမ်းသာလိုက်တာ ဖေဖေရယ်"

ဟု ပြောပြီး မောင်ထွန်းသူလေး က ဦးအုန်းလက်ထဲမှ ငါးရာတန်ကို လှမ်းယူပြီးလျှင် သူ့အိပ်ရာဘက်သို့ထွက်သွားသည်။

ဦးအုန်းက စိတ်ဝင်တစားသေချာ ကြည့်လိုက်နေမိသည်။

မောင်ထွန်းသူသည် သူ့ခေါင်းအုံးကိုယူပြီး ခေါင်းအုံးအောက်ပိုင်း ခေါင်းအုံးစွပ်ကြားထဲသို့ နှိုက်လိုက်သည်။ သူ့လက်ကို ပြန်ဆွဲထုတ်လိုသောအခါ ငါးဆယ်တန်များ၊ တစ်ရာတန်များ ပါလာသည်။

ဦးအုန်း သေချာသိလိုက်ပါပြီ။ သားလေးသည် သူ့တစ်ရက်မုန့်ဖိုး ငါးဆယ်ရသည်ကို မစားရက်မသောက်ရက် စုထားခြင်းပါလား။ သားလေး ဘာများဝယ်ချင်လို့ပါလိမ့်။ သားလေး သူ့နားကို ပိုက်ဆံတွေကိုင်လျက် ရောက်လာပါပြီ။

"ဟောဒီမှာ သားမုန့်ဖိုးရတဲ့ ငါးဆယ်ကို နေ့တိုင်းစုထားတာ နှစ်ထောင့်ငါးရာ၊ အခု အဖေ့ဆီက ငါးရာ၊ စုစုပေါင်း သုံးထောင်။ ရော့ - အဲဒါ ဖေဖေ ယူလိုက်"

"ဟင် - သားဆီက ငွေတွေယူပြီး ဖေဖေကဘာလုပ်ရမှာတုံး"

"ဖေဖေက တစ်ရက်အလုပ်မသွားဘဲ သားနားမှာနေပေးရမယ်။ ပြီးတော့ သားသွားချင်တဲ့နေရာကို လိုက်ပို့ရမယ်လေ"

"သားလေးရယ်"

ဦးအုန်းမျက်ရည်မဆည်နိုင်တော့။ သားလေးကိုဖက်ပြီး သားရဲ့မျက်နှာတစ်ပြင်လုံး နေရာအနှံ့ နမ်းလိုက်မိသည်။ ဦးအုန်းမျက်ရည်တို့ကလည်း သားမျက်နှာနှင့် တစ်ကိုယ်လုံးမှာ စိုရွှဲတုန်ပါပြီ။

တကယ်တော့ သားလေးက သူ့ဆီက ဖခင်မေတ္တာတစ်ရက်စာကို သူစားမယ့် ရက်ငါးဆယ်စာ မုန့်ဖိုးလေးတွေကို စုပြီး ဝယ်နေတာ မဟုတ်ပါလား။

*(ဝန်ခံချက် - နှစ်အတော်ကြာက ဖတ်ခဲ့ရသော ဖြစ်ရပ်မှန်တစ်ခုကို ခံစားရေးဖွဲ့ပါသည်။)*

မေတ္တာရှင် (ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

# အဂ္ဂိရတ်ပညာ သို့မဟုတ် ကြီးကျယ်မြင့်မြတ်သောလုပ်ငန်း

(အာယုဗ္ဗေဒ)

(၃၈)

ဆရာဦးဆက်ထွန်းလင်း



အဂ္ဂိရတ်ပညာသည် ကာလသက်တမ်းကြာမြင့်စွာကပင် အဆင့်မြင့်မားခဲ့သော ပညာရပ်တစ်ခုဖြစ်ကြောင်း အဂ္ဂိရတ်ပညာရှင်တို့က ယုံကြည်လေးစားစွာလက်ခံထားကြသည်။ ထိုပညာရပ်သည် သိပ္ပံကိုအခြေပြုပြီး သမိုင်းတစ်လျှောက်လုံးတွင် မပြောင်းလဲသော ယုံကြည်ချက်ဖြင့် အခိုင်အမာ တည်ဆောက်ခဲ့ပေသည်။

သူတို့ ယုံကြည်ထားကြသည်မှာ အဂ္ဂိရတ်ပညာသည် အချိန်ကာလကြောင့် ပြောင်းလဲခြင်းမရှိ အဂ္ဂိရတ်သဘောတရားကို ဖော်ပြရန်အတွက် ဒေသအသီးသီးတွင် နည်းမျိုးစုံတို့ ပေါ်ပေါက်ခဲ့ရ၏။ သို့သော် ထူးဆန်းသည့် ထိုပညာရပ်တွင် နောက်ထပ်တိုးလာခြင်းလည်းမရှိ၊ လျော့ပါးသွားခြင်းလည်း မရှိပေ။ ဤပညာရပ်သည် မြင့်မြတ်သော ဉာဏ်ပညာတစ်ရပ်ဖြစ်ပြီး မူလကတည်းကပင် ပြီးပြည့်စုံသော ပညာရပ် ဖြစ်၏။ သို့ရာတွင် အဂ္ဂိရတ်ပညာရှင်တို့က ဆိုကြသည်မှာ ၎င်းတို့၏ အတတ်ပညာသည် မရွေ့ပြောင်းနိုင်ပေ။ စမ်းသပ် စစ်ဆေးမှုအောက်တွင်လည်း ငြိမ်သက်မနေပေ။ ဤပညာရပ်သည် အနောက်တိုင်း၌ ဇိုဆီမော့ခေတ်မှ ယနေ့ခေတ်တိုင်အောင် ခေတ်အဆက်ဆက်တွင် ကျမ်းများနှင့် လက်တွေ့များ၏ ရလဒ်သည် တစ်ပုံစံတည်းသော ပြောင်းလဲမှုကိုသာ တွေ့ရ၏။

၎င်းအပြင် ဤသို့ တိုးတက်နေသော်လည်း အဂ္ဂိရတ်ပညာရှင်များသည် ၎င်းတို့၏ပညာရပ်ကို မျက်စိမှိတ်၍ ရှေ့တန်းတင်ပို့ခြင်း မပြုလုပ်ကြပေ။ သားစဉ်မြေးဆက် မသိနားမလည်မှုကို သိအောင်၊ မြင်အောင် ပညာပေးခြင်းပြုခဲ့ကြ၏။ ၎င်းတို့၏ အခြေခံဥပဒေများကိုလည်း မည်သည့်အခါတွင်မျှ မျက်ခြည်ပြတ်မခံကြပေ။ အဂ္ဂိရတ်ပညာ၏အစဉ်အလာများကို သေချာစွာ နားလည်လိုပါက ထိုအချက်များကို အနီးကပ်လေ့လာရမည် ဖြစ်၏။

**အဂ္ဂိရတ်ပညာရပ်ဆိုင်ရာ**
**ရုပ်တို့၏စုစည်းမှု** (The Unity Matter)

ရှေ့ပိုင်းအခန်းများတွင် ဖော်ပြခဲ့သည့်အတိုင်း ဟယ်လင်နစ် အီဂျစ်အဂ္ဂိရတ်ပညာကို အရစ္စတိုတယ်၏ဒဿနက လွှမ်းမိုးခဲ့၏။ အရစ္စတိုတယ်က ဤသို့ဆို၏။

ဤစကြဝဠာအတွင်း ရှိရှိသမျှ ရုပ်ဝတ္ထုအားလုံးသည် မူလအခြေခံရုပ်ဝတ္ထုမဟုတ်ပေ။ ၎င်းသည် အမှန်တကယ် ပုံသဏ္ဌာန်မရှိဘဲ အား (စွမ်းအင်) သဘောသာ ရှိ၏။ သူတစ်ဦးတည်းရပ်တည်နိုင်စွမ်း မရှိပေ။ သို့ရာတွင် ပုံသဏ္ဌာန်တစ်ခုအဖြစ် ဖွဲ့စည်းလိုက်သောအခါ ရုပ်ဝတ္ထုတစ်ခု ဖြစ်ပေါ်လာ၏။ မူရင်းရုပ်ဝတ္ထုသည် ၎င်း၏ အနှစ်သာရကို မပြောင်းလဲဘဲ မည်သည့်ပုံသဏ္ဌာန်ကိုမဆို ဆောင်နိုင်၏။ အဂ္ဂိရတ်ပညာရှင်သည် ဤခံယူချက်အားလုံးကို ဆုပ်ကိုင်ထား၏။

လောကရှိ အရာအားလုံးသည် မျိုးစေ့တစ်ခုထဲမှ ပေါက်ဖွားခဲ့ကြ၏။ ထို့အပြင် အရာခပ်သိမ်းကို မူလရုပ်ဝတ္ထုသို့ ပြန်လည် ပြောင်းလဲနိုင်သည်။ မူလရုပ်မှသည် နောက်ဆုံးရုပ်ဖြစ်နိုင်ပြီး နောက်ဆုံးရုပ်ကလည်း ပထမဆုံးရုပ် ပြန်ဖြစ်နိုင်၏။ ၎င်း၏ ရုပ်အကြောင်းဆိုင်ရာ အဖွင့်စကားတွင် '. . . တစ်ခုတည်းသော အံ့ဖွယ်' ဟု ဆိုထား၏။

ကိုယ့်အမြီးကိုယ်ပြန်မျိုထားသည့် မြွေများအကြောင်းကိုလည်း မူလရုပ်ဝတ္ထုနှင့် ပတ်သက်၍ သင်္ကေတအဖြစ် အဂ္ဂိရတ်ပညာ၌သုံးကြ၏။ ထိုမြွေသည် အဂ္ဂိရတ်၏အမှတ်တံဆိပ်ဖြစ်၏။ ပညာရှင်များက ၎င်းအမှတ်တံဆိပ်များကို



www.burmeseclassic.com

www.burmeseclassic.com

ကျောက်မျက်များပေါ်၌ ထုလုပ်ကြပြီး ၎င်းအဆောင်သည် ဤစကြဝဠာတွင် ရုပ်ဝတ္ထုဆိုင်ရာ အန္တရာယ်အားလုံးကို ကျော်လွှားနိုင်သည်ဟု ယူဆထားကြ၏။

အင်္ဂါရတ်ပညာတွင် အမြီးမျိုမြွေသည် ကြီးကျယ်မှုကို ရရှိထား၏။ ဤအချက်ကို ကလီယိုပါထရာ၏ ရွှေလုပ်နည်းလက်ရေးစာမူကျမ်း၌ တွေ့ရှိရ၏။ ထိုကျမ်း၌ ကိုယ့်အမြီးကိုယ်ပြန်မျိုသော မြွေပုံကိုဆွဲထားပြီး စာသားက ဤသို့ဆို၏။

'တစ်ခုထဲကအားလုံးဖြစ်နေသည်။ ထိုတစ်ခုဖြင့် အားလုံးကိုဖြစ်စေသည်။ ထိုတစ်ခုထဲတွင် အားလုံးရှိနေသည်။ သို့ရာတွင် ၎င်း၌အားလုံးမပါရှိပါက ၎င်းသည် ဘာမှမဟုတ်တော့ပေ။'

အင်္ဂါရတ်ဆိုင်ရာ မြွေအမြီးမျိုအမှတ်တံဆိပ်သည် မိမိကိုယ်ကိုပြန်လည်မျိုစား၏။ တစ်ကောင်တည်းဖြင့်လည်း မျိုးစပ်၍အောင်၏။ သူ့ကိုယ်သူလည်း မွေးထုတ်၏။ စကြဝဠာ၏ ထွေပြားမှုအောက်၌ရှိနေသော စုစည်းမှုအတွက် ပြယုဂ်သင်္ကေတ ဖြစ်သည်။

အင်္ဂါရတ်ပညာတွင် မူလရုပ်ဝတ္ထုကို အခြားနည်းဖြင့်လည်း သင်္ကေတပြုထား၏။ ၎င်းသည် ပင်လယ်ပြင် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတွင် သဏ္ဌာန်မျိုးစုံရှိ၏။ ၎င်းသည် ကမ္ဘာမြေ ဖြစ်၏။ ၎င်းသည် သက်ရှိအားလုံးကို အာဟာရပေး၏။ ၎င်းသည် ကညာစင် ဖြစ်၏။ အကြောင်းမှာမူ ၎င်းသည် သန့်စင်၍ လက်ခံသောသဘောရှိသောကြောင့် ဖြစ်၏။ ထို့အပြင်- ၎င်းသည် ပြည့်တန်ဆာဖြစ်၏။ အကြောင်းမှာ ၎င်းသည် ပုံသဏ္ဌာန်တိုင်းကို လိုက်လျောတတ်သောကြောင့် ဖြစ်၏။ ၎င်းသည် သတ္တုပေါင်းစုံထွက်သည့်သတ္တုတွင်းဖြစ်၏။ အကြောင်းမှာမူ ၎င်းသည် အရာခပ်သိမ်း၏မူလဖြစ်ပြီး သတ္တုပေါင်းစုံ ပါရှိသောသည်။

ခရစ်ယာန် အင်္ဂါရတ်ဆရာများက ဓမ္မစာပေများမှ နှီးဆော်မှုကို လက်ခံပြီး မူလရုပ်ဝတ္ထုသည် ဘုရားသခင်၏ဉာဏ်ပညာနှင့်တူသည်ဟု ယူဆယုံကြည်ကြ၏။ ဥပမာ ၎င်းတို့သည် အောက်ပါစာပိုဒ်အရ အင်္ဂါရတ်ပညာ၏ ဂုဏ်ရည်ကို သတ်ခံထားကြ၏။ ထိုစာပိုဒ်မှာ 'Book of PRVERBS' မှစာပိုဒ် ဖြစ်၏။

သူ၏ ရှေးဟောင်းစကားမတိုင်မီ သူ၏ ယခင်အလုပ်များ မပြီးမီနှင့် ယခုအလုပ်များမစမီတွင် ဘုရားသခင်သည် ကျွန်ုပ်ကို ပိုင်ဆိုင်သည်။ ငါ့အား အစဦးထာဝရမှ လည်းကောင်း၊ ယခင်မှ လည်းကောင်း၊ ယခုမှလည်းကောင်း ထူထောင်လိုက်ခြင်း ဖြစ်၏။ သေခြင်းတရားမရှိသော ငါ့ကို မွေးထုတ်လိုက်၏။ ရေပေါ်များသည့် ရေပန်းများ မရှိသောအခါ ငါ့ကို မွေးထုတ်၏။ တောင်တန်းများကို အခြေမချမီ ငါ့အား တောင်ကုန်းများ ရှေ့သို့ ယူဆောင်လာခဲ့သည်။ သို့ရာတွင် သူသည် ကမ္ဘာမြေကို မဖန်ဆင်းရသေးပေ။ လယ်ကွင်းများကို လည်းကောင်း၊ ကမ္ဘာမြေ၏ မြေမှုန့်များကိုသော် လည်းကောင်း မဖန်ဆင်းရသေးပေ။ ဘုရားသခင်သည် ကောင်းကင်ဘုံကို ပြင်ဆင်စဉ်တွင် ငါသည် ထိုနေရာ၌ရှိ၏။

## ကမ္ဘာမြေ၏ ဝိညာဏဓာတ်
(The Anima Mundi)

ကမ္ဘာကြီးသည် အပူဓာတ်မှ စတင်ခဲ့၏။ ၎င်းသည် စွမ်းအင်လည်း ဖြစ်၏။ အားလည်း ဖြစ်၏။ ၎င်းသည် ကမ္ဘာမြေ၏ ဓာတ်ကြီး (၄) ပါးကို ယူငင်နိုင်၏။ ဤသို့ဖြင့် ဒွေတ္တဝါဒဖြစ်ရ၏။ အဆိုပါဓာတ် (၄) ပါးမှ မီးနှင့် လေ (တေဇောနှင့် ဝါယော) ပေါင်းစပ်လိုက်လျှင် အနီမမန်နီ (Anima Mundi) ခေါ် ကမ္ဘာမြေ၏ ဝိညာဏဓာတ်ဖြစ်၏။ ၎င်းသည် ပေါ့ပါးသောလဟု ဓာတ်နှစ်ပါးပေါင်းခြင်း ဖြစ်၏။ အဆိုပါ ဓာတ် (၄) ပါးတွင်ပင် လေးလံသော ဂရုဓာတ်နှစ်ပါး ဖြစ်သည့် ရေနှင့် မြေ ပေါင်းလျှင် ကော်ပတ်မန်နီ (corpus mundi) (ဝါ) ကမ္ဘာမြေ၏ ရုပ်ဓာတ်ဖြစ်လာ၏။ ၎င်းစစ်မှာ ရုပ်သဘောနှင့် နာမ်သဘောတို့ ဖြစ်၏။ ထိုသို့ ရုပ်သဘောနှင့် နာမ်သဘော ပေါင်းလျှင် ဝိညာဏဓာတ် ဖြစ်၏။

ဤသို့ဖြင့် သဘာဝကို တစ်ခုတည်းအဖြစ် သတ်မှတ်ခံထားရခြင်း ဖြစ်၏။ ထို့ကြောင့် ကမ္ဘာမြေသည် ရုပ်ဝတ္ထုဖြင့် ဖွဲ့စည်းထားပြီး မူရင်းမူလဓာတ် (၃) ပါးမှ ထိုးဖောက်ထား၏။ ပထဝီသည် အငြိမ်အခံဓာတ်ဖြစ်ပြီး တေဇော၊ ဝါယော၊ အာပေါဓာတ်တို့သည် လှုပ်ရှားဓာတ်ဖြစ်၏။

အင်္ဂါရတ်ပညာရှင်များက ကမ္ဘာမြေ၏ ဝိညာဏဓာတ်ကို အသန့်စင်ဆုံးအပိုင်းဟု သတ်မှတ်ထား၏။ ထို့ကြောင့် ဤအပိုင်းသည် သူတော်စင်တို့၏ အရာဌာနလည်း ဖြစ်၏။

ရှေးခေတ်. လက်တင်အင်္ဂါရတ်ပညာရှင်များသည် ဤဓာတ် (၄) ပါးသဘောကို မကြားဘူး၊ မသိဘူးခဲ့ပေ။ ၁၅ ရာစုတွင်မှ ဖလော့တင်ပလတိုနစ် (၁၄၃၃-၁၄၉၉) က ဟာမစ်တစ်ဒဿနနှင့် မော်ဖေဒ၏ အကြွင်းအကျန်ကို ပြန်လည်၍ ရှင်သန်တောက်လောင်စေ၏။ ၎င်းသည် ရီနေးဆန့်ခေတ်ခေါ် ဥရောပ၏ ပြန်လည်နိုးကြားသည့်ခေတ် ဖြစ်၏။ သူရေးသားသည့် စာအုပ်တွင် ကမ္ဘာလောက၏ နာမ်နှင့် ဝိညာဉ်အကြောင်း ပြောခဲ့၏။ ၎င်းတို့၏ အကူအညီဖြင့် လူသားသည် ထိတွေ့မှုကို တည်ဆောက်ရပါမည်လော။ ဥရောပ၏ပြန်လည်နိုးကြားခြင်း ဘာသာရေးကို ဤသဘောတရားက အကြီးအကျယ် လွှမ်းမိုးခဲ့၏။

ခေတ်ပြိုင်ပုဂ္ဂိုလ်တို့၏ ကြိုတင်တွေးခေါ် ချက်တစ်ရပ်မှာ ကမ္ဘာမြေ၏ ဝိညာဏဝါဒကို လက်ခံသူတစ်ဦး ဖြစ်လာရန်အထိ ကျယ်ပြန့်လေသည်။ ဤသဘောတရားသည်၊ အနောက်တိုင်း အင်္ဂါရတ်ပညာ၏ မော်ဝင်ဂမ္ဘီရအသိုက်အဝန်းကို ခြေကုပ်ရယူနိုင်ခဲ့လေသည်။

## အင်္ဂါရတ်ပညာ၏ဥပဒေသနှစ်ရပ်

အင်္ဂါရတ်ပညာသည် စကြဝဠာဆိုင်ရာ ဆန့်ကျင်ဘက်သဘောတရားနှစ်ရပ်ကို ခွဲခြားပြ၏။ တစ်ခုမှာ မသဘာဝ၊ အပြုခံဓာတ်၊ လဓာတ်၊ စိုစွတ်မှု ဖြစ်၏။ နောက်တစ်ခုမှာ ဖိုသဘာဝ၊ တက်ကြွပြုလုပ်ဓာတ်၊ နေဓာတ်၊ ခြောက်သွေ့သော ဓာတ် ဖြစ်၏။ ၎င်းတို့ကို တာအိုဝါဒ၌ ယင်နှင့် ယန်ဟု ခေါ်၏။ ထိုနှစ်ခုသည် ကမ္ဘာမြေတွင် ဆွဲအားပြိုင်နေကြ၏။ အနောက်တိုင်းအင်္ဂါရတ်ပညာသည် ၎င်းတို့ကို ရည်ညွှန်းသည့်အနေဖြင့် ပြဒါးနှင့် ကန့်ကို အသုံးပြုထား၏။ အဆိုပါ ပြဒါးနှင့် ကန့်ကို အချိုးအမျိုးမျိုးဖြင့် ပေါင်းစပ်နိုင်လျှင် ရွှေမှအစ သတ္တုအမျိုးမျိုးကို ရရှိစေနိုင်၏။ထို့ကြောင့် သတ္တုတွင်းတိုင်း၌ အခြေခံအဓိကဖြစ်သော ဓာတ်သတ္တုများမှာ ပြဒါးနှင့် ကန့်ပင်ဖြစ်၏။ ၎င်းတို့မှ အခြားသတ္တုများနှင့် ဓာတ်များအားလုံးကို မွေးဖွားပေး၏။ ၎င်းတွင် မျိုးကွဲပေါင်းများစွာရှိ၏။ သဘာဝသည် ရွှေဓာတ်၏ ပြီးပြည့်စုံမှုကို အမြဲရှာဖွေလျက်ရှိ၏။ လောက၏ သဘာဝမှ မတော်တဆမှုသည် မကြာခဏဖြစ်ပွားလေ့ရှိ၏။

အင်္ဂါရတ်ပညာသည် ဒဿနပညာရှင်တို့၏ ကျမ်းများစွာတို့တွင် ဖော်ပြထားသည့်အတိုင်း သတ္တုကို ပြောင်းလဲစေခြင်း ဖြစ်၏။ ပြဒါးနှင့် ကန့်တို့၏ သန့်



www.burmeseclassic.com

www.burmeseclassic.com

စင်မှု အနည်း၊ အများကိုလိုက်၍ အခြားသတ္တုများကို မွေးဖွားပေး၏။ ဆိုလိုသည်မှာ ၎င်းတို့နှစ်ခုရောစပ်ခြင်းဖြင့် ရွှေ၊ ငွေ၊ ဘင်၊ နာ၊ ကြေးနီ၊ သံ စသည့် သတ္တုတို့ အမျိုးမျိုးဖြစ်လာနိုင်၏။

ရှေ့တွင် ရှင်းပြခဲ့သည့်အတိုင်း အင်္ဂါရတ်တွင်သုံးသည့် ပြဒါးနှင့် ကန့်သည် ယနေ့ခေတ်တွင် ခေါ်နေကြသည့် ပြဒါး၊ ကန့်တို့နှင့်ကား များစွာ ခြားနား၏။ ထိုထက်ပို၍ အရှင်းဆုံးဖော်ပြရလျှင် ထိုဓာတ်နှစ်ပါးသည် လောကတွင် ရှိရှိသမျှသော အရာဝတ္ထုတိုင်းတွင် ပါဝင်သည်ဟု ဆိုရပေမည်။ တရုတ်ဒဿန၏ ယင်နှင့် ယန်ဆိုင်ရာသဘောနှင့် တူလေ၏။ အမှန်ဆိုရပါမူ ပြဒါးနှင့် ကန့်သဘောတရားကို ဂရိခေတ်၊ အီဂျစ်ခေတ် အင်္ဂါရတ်ပညာရှင်များ မသိခဲ့ကြပေ။ ၎င်းသည် ဖိုဓာတ်၊ မဓာတ် ခွဲခြားမှုလည်း ဖြစ်၏။ တစ်ခါတစ်ရံတွင် နေဓာတ်၊ လဓာတ်ဟုလည်း ခေါ်ကြ၏။ ဤဥပဒေနှစ်ရပ်ကို အတိအကျပြဆိုရပါမူ အဖသည် နေဓာတ် ဖြစ်၏။ အမိသည် လဓာတ် ဖြစ်၏။

ပြဒါးနှင့် ကန့်သည် လေဒင်ပေပုရပိုက်ထဲတွင်ပါရှိသော အင်္ဂါရတ်နည်းများထဲမှ ဓာတ်များ ဖြစ်၏။ အခြားသော အင်္ဂါရတ်ဆိုင်ရာလျှို့ဝှက်လမ်းစဉ်များတွင်လည်း ပါရှိ၏။ သို့သော် နောက်ပိုင်း အလယ်ခေတ် အင်္ဂါရတ်တွင် ၎င်းတို့အတွက် သီးသန့်အဓိပ္ပာယ်ကို ရှာဖွေရပေလိမ့်မည်။ ပြဒါးနှင့် ကန့်တို့၏ မျိုးပွားသဘောတရားကို အာရပ်အင်္ဂါရတ်တွင် စတင် ထုတ်ဖော်သူမှာ 'ဂျဗီးအဗ္ဗနေးဟီးရာ' ဖြစ်၏။

သူ၏ အင်္ဂါရတ်ဋီကာကျမ်းကြီးတွင် ဂျဗီးက -

ရုပ်မှန်သမျှကို ပြဒါးဖြင့် ဖွဲ့စည်းထားသည်။ ကန့်က အရည် သို့မဟုတ် အခဲဘဝဖြင့် ပါဝင်ဖွဲ့စည်း၏။ သတ္တုအမျိုးမျိုးဖြစ်လာရခြင်းမှာ ပါဝင်ဖွဲ့စည်းသည့် ကန့်၏အမျိုးအစားပေါ်တွင်တည်ပေသည်။ ထို့အပြင် ထိုသတ္တုတွေ့ရှိရာ အရပ်နှင့် နေရောင်၏ အနေအထားတို့ပေါ်တွင်လည်းတည်ပေ၏။ အဆိုပါ ဂျဗီး၏ အင်္ဂါရတ်ပညာသဘောတရားကို ပထမတွင် အစ္စလာမ်အင်္ဂါရတ်ပညာ နောင်သောအခါ လက်တင်အင်္ဂါရတ်ပညာတို့က လက်ခံခဲ့ကြလေ၏။ သတ္တုပြောင်းလဲမှု၏ ကာလကြာမြင့်စွာ မှန်ကန်ခဲ့သော သဘောတရားကို ပြဒါးနှင့် ကန့်သဘောတရားက ထောက်ခံထားပေသည်။ သို့ရာတွင် လက်တင်အင်္ဂါရတ်ပညာ၌ ပြဒါးနှင့်ကန့်တို့၏ ခြားနားချက်မှာ ထင်သလောက် မရှင်းလင်းပေ။

အမှန်မှာမူ ပြဒါးနှင့် ကန့်ကို အခါခပ်သိမ်း သီးခြားဓာတ်နှစ်ခုဟု မယူဆရပေ။ အကြောင်းမှာမူ ပြဒါးတွင် ကန့်သည် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်နေပြီး ကန့်တွင်လည်း ပြဒါးသည် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်နေပြီးသောကြောင့် ဖြစ်၏။

ကျော်ကြားသော ပါရှန်သမားတော်ကြီး ရာဇီးက -

သတ္တုတွင် တတိယပါဝင်သောဓာတ်ကို ရှေးဦးစွာ သိရှိသူဖြစ်၏။ ထိုတတိယသတ္တုသည် ဥပဒေသနှစ်ရပ်ကို ဆက်သွယ်ပေးသည့် အရေးပါသောဓာတ်တစ်မျိုး ဖြစ်သည်။ အစပထမတွင် ရှေးခေတ် လက်တင်အင်္ဂါရတ်ပညာသည် အဆိုပါ တတိယသတ္တုတစ်မျိုးပါဝင်ကြောင်းကို လျစ်လျူပြုထား၏။ ၁၄ ရာစု၊ ၁၅ ရာစုခေတ်သို့ ရောက်သောအခါတွင်မှ ထိုတတိယသတ္တုသည် အာဆင်နီကို (Arsenico) ဟူသော အမည်သည် ပေါ်လာ၏။

ထို့ကြောင့် အနောက်တိုင်းတွင် ၁၆ ရာစုအထိ ဘတိယသတ္တု (ဓါ) ဓာတ်ပါဝင်မှုသဘောတရား ဟူ၍ မရှိသေးပေ။ ထိုသဘောတရားကို ပါရာဆဲဆပ်က ထုတ်ဖော်ခဲ့၏။ သူက ဤသို့ ရေးသားခဲ့၏။

'သင်တို့သိရှိရမည်မှာ သတ္တု (၇) မျိုးသည် ဓာတ် (၃) ပါးမှ ရရှိလာခြင်း ဖြစ်သည်။ ထိုဓာတ် (၃) ပါးမှာ ပြဒါး၊ ကန့်နှင့် ဆားတို့ ဖြစ်၏။ သို့သော် သတ္တုတစ်မျိုးလျှင် အရောင်တစ်မျိုး ဖြစ်၏။ ထို့ကြောင့်လည်း ဟာမီးက ထိုသတ္တု (၇) မျိုးသည် မူလဓာတ် (၃) မျိုးမှ ဖြစ်ပေါ်လာရပြီး ဖြစ်ပေါ်နည်းမှာလည်း ဆေးရည်နှင့် ပြဒါးရှင်လုံး ဖြစ်ပေါ်နည်းအတိုင်း ဖြစ်၏'

ဟု ဆိုခဲ့ခြင်း ဖြစ်၏။

သူက မူလဓာတ် (၃) မျိုးကို ဝိညာဏ၊ နာမ်၊ ရုပ်ဟု ဆို၏။ သို့သော် သူ၏ ဆိုလိုချက်ကို အတိအကျ ရှင်းမပြနိုင်ခဲ့ပေ။ သူပြောသည့် ဝိညာဏ၊ နာမ်၊ ရုပ်ဆိုသည်မှာ ပြဒါး၊ ကန့်နှင့် ဆားဓာတ်တို့ဖြစ်သည်ဟု ယူဆလျှင် မမှားနိုင်ပေ။ ပြဒါးသည် ဝိညာဏဖြစ်၏။ ကန့်သည် နာမ်ဖြစ်ပြီး ဆားသည် ရုပ်ဖြစ်၏။ ပြဒါး၊ ကန့်နှင့် ဆားအကြောင်းကို သူပြောခဲ့စဉ်က ပါရာဆဲလ်ဆပ်သည် တကယ့်ဓာတ်အစစ်အမှန်များကို ပြော[illegible] မဟုတ်ပေ။ သို့သော် ၎င်းသည် [illegible] ဥပဒေသဖြစ်နေပြီး ပါဝင်သည့် [illegible] အစားအလိုက် ဓာတ်တစ်ခု[illegible] စရိုက်လက္ခဏာနှင့်တကွ ဖော်ပြ[illegible] သာ ဖြစ်၏။

အင်္ဂါရတ်ပညာတွင် ဆား[illegible] သည် ပုံသေဓာတ်ဖြစ်ပြီး သံဓာတ် [illegible] ဓာတ်များကဲ့သို့ မလိုက်လျောပေ။ [illegible] မှာမူ အငွေ့ပြန်ဓာတ်ဖြစ်ပြီး ကန့်[illegible] မီးလောင်နိုင်သောဓာတ် ဖြစ်၏။ [illegible] သာ အမျိုးမျိုးပြောင်းလဲနိုင်ခြင်း[illegible]

ပါရာဆဲလ်ဆပ်က ဓာတ်[illegible] လောကတွင် အမျိုးမျိုးသော ပြဒါး [illegible] နှင့် ဆားဓာတ်များရှိနေသည်ဟု [illegible] ကြည်သည်။ ဥပမာ ရွှေတွင်ပါဝင်သ[illegible] ကန့်သည် ငွေတွင် ပါဝင်သည့် ကန့်[illegible] မတူကြောင်း စသည်ဖြင့် သုံးသပ်ကြ[illegible] သည်။ ငွေတွင်ပါသောကန့်ကလည်း [illegible] တွင်ပါသောကန့်နှင့် မတူပေ။ အဆို[illegible] ဓာတ်(၃)ပါးဥပဒေသသည် ပါရာဆဲ[illegible] ဆပ်၏ဆားဓာတ်အကြောင်းပေါ် [illegible] ပြီးသည့်နောက် အင်္ဂါရတ်ပညာအ[illegible] လွှမ်းမိုးလာခဲ့၏။ ကန့်နှင့် ပြဒါး[illegible] ပေါင်းစည်းပေးသော ထိုဆားဓာ[illegible] သည် ယေဘုယျအင်္ဂါရတ်ဝေါဟာရ[illegible] ရပ် ဖြစ်လာ၏။

ပို၍ အရေးကြီးသော ကဏ္ဍ[illegible] ပါရာဆဲလ်ဆပ်၏ ဓာတ်(၃)ပါးသဘော တရားလာ ပြဒါး၊ ကန့်၊ ဆား (ဝိညာဏ၊ နာမ်၊ ရုပ်) တို့၏ စပ်ကြားတွင် တည်[illegible] သော ဆင်တူမှုပင် ဖြစ်၏။

လူသား၏ ကိုယ်ခန္ဓာကို အခြေ[illegible] (၃) ရပ်ပေါ်တွင် တည်ဆောက်ခြင်း[illegible] မထူးဆန်းတော့ပေ။ ဂရိဒဿနပညာရှ[illegible] တို့အဆိုအရ လူသားကို ရုပ်(soma) နာမ် (psyche)၊ ဝိညာဉ် (nous) တို့[illegible] တည်ဆောက်ထားသည်ဟု ဆို၏။ [illegible] စတစ်အင်္ဂါရတ်ပညာကလည်း ရုပ် ([illegible] နာမ် (psych)၊ ဝိညာဏ (prema) တို့[illegible] ပင် ရည်ညွှန်းထားပေသည်။

အင်္ဂါရတ်ပညာသည် စတင် [illegible] ပေါက်သည့်နေ့မှစ၍ သတ္တုများ[illegible] ပြောင်းလဲမှုနှင့် လူသား၏ ဝိညာဉ်[illegible] လည်ဖြစ်ပေါ်မှုတို့ကို နှိုင်းယှဉ်ရန် [illegible] ပမ်းခဲ့၏။ သို့ရာတွင် ဒုတိယရှုထောင့်[illegible] သတ္တုများ၏ ဖြစ်စဉ်ဖော်ပြချက်နှင့် [illegible] တွဲနေခြင်းကြောင့် အဓိပ္ပာယ် (၂) မျိုး[illegible] နိုင်ပေသည်။ လေးစားထိုက်သော အင်္ဂါ ရတ်ကျမ်းအားလုံး၏ ဒွိတ္တပုံစံကို စဉ်[illegible] နိုင်စေရန် ပါရာဆဲလ်ဆပ်က အထွေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

အကူပြုထားသည်။ ၁၇ ရာစု အဂ္ဂိရတ်ကျမ်းများတွင် ရိုစီကရူစီယင်ဒသသနဲ၏ လှုံ့ဆော်မှုကြောင့် ကန့်၊ ဆားနှင့် ပြဒါး ပါဝင်သော ဓာတုဖြစ်စဉ်များကို ဖော်ပြထား၏။ အတွေ့အကြုံများ၍ ပညာ ရင့်ကျက်စိရင့်သည့် ပုဂ္ဂိုလ်မျိုးအတွက်မူ လူသား၏ ရုပ်၊ နာမ်နှင့် ဝိညာဏတို့သည် လူသား၏ မည်သည့်အစိတ်အပိုင်းတွင် ရှိမည်ဆိုသည်ကို နားလည်နိုင်ပေသည်။

အချို့သောအဂ္ဂိရတ်ကျမ်းများက ကန့်နှင့် ပြဒါးနေရာတွင် စပရစ်တီ (spr-ity) နှင့် အန်နီမ (anima) ကို သုံးစွဲကြ၏၊ အကျယ်ပြန့်ဆုံး လက်ခံထားသည့် အယူအဆမှာ ကန့်နှင့် ပြဒါးတွင် ကန့်ကို အဆင့်မြင့်လာစေသောဓာတ်ဟု ယူဆပြီး ပြဒါးကိုမူ ဇီဝ၏အနှစ်သာရဟု သတ်မှတ်ထား၏။

လူသား၏ခန္ဓာကိုယ်ကို အဂ္ဂိရတ်သင်္ကေတများဖြင့် တင်စားသောအခါ ပြဒါးသည် သွေးထဲတွင် တွေ့ရှိရသော ဓာတ်တစ်ပါးနှင့် တူညီနေသည်။ သို့တည်းမဟုတ် သုက်ပိုးတွင် ပါရှိသော ဓာတ်နှင့် တူညီနေ၏။ ထိုကိစ္စနှင့်ပတ်သက်၍ ရှေးခေတ် အမည်မသိအဂ္ဂိရတ်ပညာရှင်တစ်ဦးက ဤသို့ရေးသားခဲ့၏။

'ဟင်းရိုင်းဓာတ်မှတစ်ပါး အခြားသောဓာတ်တို့မှ ပြဒါးကို ထုတ်ယူရန် ကြိုးစားသူများသည် နှုတ်ပိတ်သွားရသည်'။

ဟူ၍ ဖြစ်၏။

ရှေးခေတ် ဂရိအဂ္ဂိရတ်ပညာရှင်တစ်ဦး၏ ရေးသားမှုတွင် 'ပြဒါး၏ သဘာဝသည် အဆိပ်ပြင်းသောမြွေ၏ မှတ်ခြည်းကိုက်လိုက်မှုမျိုးဖြစ်သည်' ဟု ဆိုထားပါသည်။

**အဂ္ဂိရတ်ဆိုင်ရာ ဓာတ်ကြီးလေးပါး**
(THE FOUR ELEMENTS)

တရုတ် အဂ္ဂိရတ်ပညာ၏ ဘူတ (၅) ပါးနှင့် နှိုင်းယှဉ်လျှင် ရှေးခေတ် ဂရိ အဂ္ဂိရတ်ပညာမှ ဆင်းသက်လာသော အစ္စလာမ်နှင့် လက်တင်အဂ္ဂိရတ်ပညာများသည် ဓာတ်ကြီး (၄) ပါး (ရေ၊ မြေ၊ လေ၊ မီး) သဘောတရားပေါ်တွင် တည်ဆောက်ထားကြောင်း တွေ့ရှိရပေသည်။ ကန့်နှင့် ပြဒါးသဘောတရားတွင်မူ ဤဝေါဟာရများကို ထုံးစံအတိုင်း အဓိပ္ပာယ်ကောက်ယူရန် မဟုတ်ပေ။ ရုပ်ဝတ္ထုတစ်ခုတွင် တွေ့ရှိနိုင်သော အခြေအနေလေးခုကို ဓာတ်ကြီးလေးပါးက ကိုယ်စားပြုထားခြင်း ဖြစ်ပေသည်။ ပထဝီ ဆိုသည်မှာ ခိုင်မာမှုအခြေအနေဖြစ်၏။ အာပေါ ဆိုသည်မှာ အရည်သဘာဝအခြေအနေဖြစ်၏။ ဝါယော ဆိုသည်မှာ အခိုးအငွေ့သဘော၊ အထက်သို့တက်ခြင်း၊ လှုပ်ရှားခြင်းအခြေအနေ ဖြစ်၏။ တေဇော ဆိုသည်မှာ ပူလောင်ခြင်းဓာတ်တို့၏ အခိုးအငွေ့အခြေတို့ကို ကိုယ်စားပြု၏။

အရည်အသွေးကို ပြောင်းလဲခြင်းအားဖြင့် ဓာတ်တစ်ခုမှတစ်ခုသို့ ပြောင်းလဲနိုင်သည်။ ဥပမာ ရေကို အပူပေးလျှင် ရေနွေးငွေ့အဖြစ် အထက်သို့ လွင့်တက်သောသဘောမှာ ရေမှ လေဖြစ်သွားသည့်သဘော ဖြစ်၏။

ရုပ်ဝတ္ထုလောကတွင် ရုပ်တို့၏ ဂုဏ်သတ္တိ (၄) မျိုးနှင့် ပတ်သက်၍ များစွာသော စာရင်းဇယားများကို အဂ္ဂိရတ်ပညာ၌ တွေ့မြင်ရပေသည်။ အဂ္ဂိရတ်ပညာ၏ ရည်ရွယ်ချက်မှာ ဤရုပ်ဝတ္ထုများနှင့် ပတ်သက်၍ ထိုရုပ်ဝတ္ထုများ၏ ဂုဏ်သတ္တိကို ပြောင်းလဲခြင်းဖြင့် ရုပ်များကို ဆန္ဒရှိသလို ဖြစ်စေရန် ကြိုးပမ်းခြင်းပင် ဖြစ်၏။

**ပဉ္စမမြောက် မဟာဘူတဓာတ် သို့မဟုတ် အာကာသဓာတ်** (The Quintessence)

ရေ၊ မြေ၊ လေ၊ မီး ဟူသော ဓာတ်ကြီး (၄) ပါးတို့တွင် အရစ္စတိုတယ်က နောက်ထပ်ဓာတ်(၁)ပါးကို ထပ်မံထည့်သွင်းလိုက်၏။ ၎င်းမှာ ကွမ်တီနက်ခေါ် အာကာသဓာတ် ဖြစ်လေသည်။ ထိုအာကာသ ဆိုသည်မှာ ကောင်းကင်ကို ဖွဲ့စည်းထားသည့်ဓာတ် ဖြစ်၏။ အလယ်ခေတ် အဂ္ဂိရတ်ဆရာများက ထိုအာကာသဓာတ်ကိုပင် ကျန်ဓာတ်(၄)မျိုးအဖြစ်သို့ ပြောင်းလဲနိုင်သည်ဟု ယူဆကြ၏။

သို့ရာတွင် ရုပ်ဝတ္ထုအားလုံးတွင် ပါရှိသော ဓာတ်ကြီး (၄) ပါးတွင် အာကာသဓာတ်သည် အနည်းငယ်စီ ပါဝင်နေကြ၏။ အာကာသဓာတ်သည် ပဉ္စမဓာတ်ဖြစ်ပြီး မူလဓာတ်များ၏ ပြောင်းလဲမှုကိုမခံရသောဓာတ်လည်း ဖြစ်၏။

ဤသဘောတရားနှင့်အညီ ရုပ်ဝတ္ထုတစ်ခုအတွင်းမှ အာကာသဓာတ်ကို အဂ္ဂိရတ်ပညာရှင်သည် အောင်မြင်စွာ ထုတ်ယူနိုင်ခဲ့၏။ အာကာသဓာတ်သည် ထိုဓာတ်(၄)ပါးထဲတွင် စွဲမြဲတည်ရှိနေပြီး ၎င်းဓာတ်သည် အာနိသင်ကြီးမားသောဆေးဝါးတစ်မျိုး ဖြစ်ကြောင်းကို တွေ့ရှိရပေသည်။

ရာမွန်လား၏ အဂ္ဂိရတ်ကျမ်းတစ်စောင်တွင် အာကာသနှင့် ပတ်သက်၍ ဖော်ပြရာတွင် -

၎င်းသည် အသားကို မပုပ်မသိုးအောင် စောင့်ရှောက်၏။ အာဟာရကို အထောက်အပံ့ပြု၏။ ကုန်ဆုံးသွားသော နုပျိုမှုကို ပြန်လည်ရရှိစေ၏။ စိတ်ဓာတ်ကို ရွှင်လန်းတက်ကြွစေ၏။ အစာချေဖျက်မှုကို လွယ်ကူစေ၏။ ပျော့သော အရာများကို မာကျောစေ၏။ မာသော အရာများကို ပျော့ပျောင်းစေ၏။ ပိန်ကြုံသူကို ဝဖြိုးစေ၏။ ဝဖြိုးသူကို ပိန်ကြုံစေ၏။ ပူသောအရာကို အေးမြစေ၏။ အေးသောအရာကို နွေးစေ၏။ စိုသောအရာကို ခြောက်သွေ့စေ၏။ ခြောက်သွေ့သောအရာကို စိုစွတ်စေနိုင်၏ဟုဆိုထားပါသည်။

အာကာသဓာတ်သည် ဤသို့သော စွမ်းအားများရှိခြင်းကြောင့် ၎င်း၏ အာနိသင်ကို ဆေးပြုတ်ရည်များ၊ သတ္တုပြောင်းလဲခြင်းများကျောက်မျက်ရတနာဖွဲ့စည်းမှုများတွင် တွေ့မြင်နိုင်၏။

လက်တွေ့စမ်းသပ်မှုများပြုလုပ်ရာ၌ အဂ္ဂိရတ်ပညာရှင်သည် ရုပ်ဝတ္ထုများအတွင်းရှိ အာကာသဓာတ်ကို ပေါင်းရည်ပြန်ကိရိယာဖြင့် ထုတ်ယူ၏။

ဝိုင်ကိုပေါင်းခွေးခံသောအခါ ထွက်လာသည့် အရက်ဓာတ်သည် ရေကဲ့သို့သော အရောင်မဲ့ဓာတ်တစ်မျိုး ဖြစ်သည်။ သို့သော် ၎င်းသည် မီးနှင့်တွေ့လျှင် လောင်လွယ်၏။ ၎င်းကို ဓာတုဗေဒအခေါ်အားဖြင့် အက်ကွာအာဒင်ခေါ်၏။ ၎င်း၏အဓိပ္ပာယ်မှာ မီးလောင်စေသောအရည် ဖြစ်၏။ ဤလက်တွေ့စမ်းသပ်မှုများနှင့် အလားတူသော စမ်းသပ်မှုများကြောင့် 'အက်ကွာဗိုက်တီး' ခေါ် အရည်ဓာတ်တစ်မျိုးကို တွေ့ရ၏။ ၎င်းကို 'အသက်ဖြစ်စေသောအရည်' ဟုခေါ်၏။ ၎င်း၏ အဓိပ္ပာယ်မှာ ဇီဝဌာရီ (အသက်ကိုသယ်ဆောင်သူ)ဟု ခေါ်၏။ အကြောင်းမှာမူ သူတို့သည် အာကာသအစစ်အမှန်ကိုတွေ့ရှိပြီဟု ယူဆသောကြောင့် ဖြစ်၏။

ရုပ်ဝတ္ထုပစ္စည်းများမှ အာကာသဓာတ် ထုတ်ယူသည့် နည်းလမ်းများကို ON THE QUNTESSENCE အမည်ရှိသောကျမ်းတွင် ဖော်ပြထား၏။ အဆိုပါကျမ်းကို ပြုစုသူမှာ ခရစ်ယာန်ဖရစ္စကန်ဂိုဏ်းမှ ဘုန်းတော်ကြီးဂျွန် ဖြစ်၏။ ဝိုင်ပေါင်းပြန်ရည်ထုတ်ယူသည့် ဖြစ်စဉ်ကို အဆိုပါကျမ်း၌ ဖော်ပြထား၏။ ထုတ်ယူရာတွင် ရှေးဦးစွာ အက်ကွာအာဒင်ထွက်လာ၏။ ထို့နောက် ၎င်းမှ အာကာ



www.burmeseclassic.com

www.burmeseclassic.com

သဓာတ် ထွက်လာ၏။ ဤကိစ္စနှင့်ပတ်သက်၍ ကျမ်းပြုသူက ဤသို့ရှင်းပြ၏။

ဘုရားသခင် ဖန်ဆင်းခဲ့သည့် သဘာဝမှ အာကာသကို ထုတ်ယူရန် ဘုရားသခင်သည် အာကာသကို ဖန်ဆင်းခဲ့၏။ ၎င်းကို လူတို့၏အတတ်ပညာဖြင့် ထုတ်ယူခြင်းဖြစ်ပြီး ရှေးဒဿနပညာရှင်တို့ထားရှိခဲ့သည့် အမည် (၃) မျိုးကို ပေးရပေမည်။ သူတို့က ထိုအာကာသကို မီးလောင်ရေ (ဝါ) ရေပူ၊ ဝိုင်၏ ဝိညာဏနှင့်နာမ်၊ အသက်၏အရည်ဟု ခေါ်ကြ၏။ အမှန်တကယ်တွင်မူ ၎င်းကို အာကာသဓာတ်ဟု ခေါ်ဆို၍ ထိန်းသိမ်းရမည်ဖြစ်၏ဟု ဆိုထားပါသည်။

ထိုစာပိုဒ်၏နောက်ဆုံးစာကြောင်းတွင် စာရေးသူက အဂ္ဂိရတ်ပညာရှင်သည် လျှို့ဝှက်မှုကို ဖုံးကွယ်လို၍ အာကာသဓာတ်ဟု ပြောဆိုခဲ့ခြင်း ဖြစ်၏ဆိုခဲ့၏။ ထိုဝိုင်အရက်၏ ပေါင်းပြန်ရည် (ဝါ)တစ်ဆင့်တက်လာသောအခါ အယ်ကိုဟောကို ရှေးနှစ်ပေါင်း မြောက်မြားစွာကတည်းက လူသားတို့ နှစ်သက်စွာသုံးဆောင် မှီဝဲခဲ့ကြပေသည်။

နောက်ပိုင်းတွင် ပေါင်းပြန်ရည်ခံယူသည့်နည်းစနစ်မှာ ပျံ့နှံ့လာပြီး လူတိုင်းလိုလို သိရှိကြသဖြင့် ထိုနည်းကို လျှို့ဝှက်ရန်မှာ ရယ်စရာသာဖြစ်နေပေတော့၏။ နောက်ထပ် နှစ်ပေါင်း (၁၀၀) ခန့်အကြာတွင် ကျောင်းထိုင်ဘုန်းတော်ကြီး အေဂျေပယ်နတီနှင့် ဂျွန်ရူပီစစ္စစားပြုစုခဲ့သော အာကာသဓာတ်ဆိုင်ရာကျမ်းနှစ်ကျမ်းတွင် ဖော်ပြထားကြ၏။

သို့သော် အဆိုပါကျမ်းပြုသူနှစ်ဦးစလုံးကပင် အာကာသဓာတ်ကို ပြက်ရယ်ပြု၍ လျစ်လျူရှုကြပြီး ထိုအာကာသဓာတ်သည် ဝိုင်အရက်မှ ဖြစ်ပေါ်လာသည့် အရာဝတ္ထုတစ်မျိုးဟုသာ နားလည်ခဲ့ကြ၏။ ၎င်းတို့ ဖော်ပြလိုသည့် ရည်ရွယ်ချက်မှာ ဒဿနနည်းကျ ဝိုင်အရက်သာ ဖြစ်ပေသည်။

အနီရောင်ကို အာကာသထုတ်ယူလျှင် အဖြူရောင်အယ်ကိုဟောကို ရရှိ၏။ ထိုအဖြူရောင်အယ်ကိုဟောကိုပင် ဝိုင်အဖြူဟု သတ်မှတ်ကြသည်။ အမှန်မှာမူ ဝိုင်အနီနှင့် ဝိုင်အဖြူ စသည်တို့မှာ သင်္ကေတဝေါဟာရများသာ ဖြစ်သည်။ ၎င်းတွင် ဓာတုဗေဒပညာရပ်ဆိုင်ရာ သဘောတရားမပါရှိဘဲ ဂမ္ဘီရနှင့် မှော်ပညာတို့သာ ပါရှိခြင်း ဖြစ်၏။ ထို့ကြောင့် ဝိုင်နီနှင့် ဝိုင်ဖြူဟု ပြောခြင်းသည် ခန္ဓာကိုယ်အတွင်းရှိ အရည်များကို ညွှန်းဆိုရာကျပေသည်။

## အဂ္ဂိရတ်ပညာ၏ သတ္တုဓာတ် (၇) ပါး (The Sevenmetals)

ရှေ့ပိုင်းအခန်းများ၌ သတ္တုတို့သည် သန္ဓေသားကဲ့သို့ပင် ကမ္ဘာမြေတွင်း၌ သန္ဓေတည်၍ ကြီးထွား တိုးပွားလာခဲ့ကြောင်းကို ပြဆိုခဲ့ပြီး ဖြစ်၏။ ဤကိစ္စနှင့်ပတ်သက်၍ ထရီဖက်ဒေသမှ ကျော်ကြားသည့် အဂ္ဂိရတ်ပညာရှင် ဘားနတ်က ဤသို့ဆိုခဲ့၏။

မည်သို့ပင်ဖြစ်စေ ကမ္ဘာဦးအစတွင် ဘုရားသခင်၏ မြင့်မြတ်သော ဖန်ဆင်းမှုကို မမေ့သင့်ပေ။ ထိုဘုရားသခင်သည် သူ၏ဆန္ဒတော်ဖြင့် ထိုသတ္တုများကို ဖန်ဆင်းခဲ့ပြီး ထိုရုပ်ဝတ္ထုများနှင့်အတူ ဓာတ်ကြီး (၄) ပါးကိုလည်း ဖန်ဆင်းခဲ့ပေသည်။ နောက်ဆက်တွဲအဖြစ် ဘုရားသခင်သည် သက်ရှိသတ္တဝါများကို ဖန်ဆင်းခဲ့၏။ ထို့နောက် အချို့တွင် ထိုဉာဏ်များ မပါရှိပေ။ အချို့သည် အပင်များနှင့် ဓာတ်သတ္တုများဖြစ်နေပေသည်။

အသိဉာဏ်ရရှိထားသောသတ္တဝါသည် ဓာတ်ကြီး(၄)ပါးဖြင့် ဖွဲ့စည်းထားသူဖြစ်၏။ အသိဉာဏ်ရှိသောသတ္တဝါတွင် တေဇောနှင့် ဝါယောဓာတ်တို့က ပို၍အားကောင်း၏။ တောရိုင်းတိရစ္ဆာန်များတွင်မူ ဝါယောဓာတ်သည် အဓိကဖြစ်ပြီး တေဇောသည် လက်အောက်ခံဓာတ် ဖြစ်၏။

အပင်များကိုလည်း ဓာတ်(၄)ပါးဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်၏။ သို့သော် ၎င်းတို့တွင် ဝါယောဓာတ်နှင့် အာပေါဓာတ်တို့က အင်အားကြီး၏။ ထို့အတူ ဓာတ်သတ္တုများသည်လည်း ဓာတ်ကြီး (၄) ပါးဖြင့်ပင် ဖွဲ့စည်းထား၏။ ၎င်းတို့တွင်မူ အာပေါဓာတ်နှင့် ပထဝီဓာတ်တို့က ကြီးစိုးထား၏။ အမှန်တကယ်တွင်မူ ဓာတ်သတ္တုများသည် ပွားများလာသည်ဟု မရှိပေ။ သူတို့၏ အတွင်းထဲ၌တွင်ပင် မျိုးစေ့ပါရှိလေသည်။ ၎င်းအမတေမျိုးစေ့မှ အရွယ်ပမာဏ ကြီးမားရ၏။ ၎င်းသည် အမတေမှ ကြီးထွားလာခြင်း မဟုတ်ပေ။ တကယ်အခြေအနေမှာ သူ၏ စွမ်းအားကသာ ကြီးကျယ်လာခြင်း ဖြစ်၏။

ဓာတ်များကို ပြောင်းလဲစေသည်ဆိုရာ၌ ၎င်းတို့၏မူလဓာတ်သို့ ပြန်လည်ဖြစ်စေပြီးမှသာလျှင် ပြောင်းလဲနိုင်ခြင်း ဖြစ်၏။ သတ္တုအားလုံးတွင် ပြဒါးပါဝင်၏။ ၎င်း၏ဂုဏ်ရည်(၄)ရပ်အနက် အေး[illegible] ခြင်းနှင့် စိုစွတ်ခြင်းမှာ သိလွယ်၏။

မြေတွင်းရှိ ဓာတ်သတ္တုများ၏ ပြီး[illegible] ပြည့်စုံမှုကို သတ္တုတွင်းထဲသို့ ထိုးဖောက်ဝင်ရောက်လာသော နေမင်း၏အာနိသင်က ဖြစ်စေ၏။ ထို့အတူ မြေတွင်းမှသတ္တုတို့၏ ရင့်ကျက်မှုကိုဖြစ်စေရန်မှာလည်း နေ၏ စွမ်းအားပင် ဖြစ်၏။ သတ္တုတွင်းထဲသို့ ကျရောက်လာသော နေရောင်ခြည်သည် မြေလွှာအထပ်ထပ်ကို ဖောက်ထွင်း၍ ဓာတ်သတ္တုများရှိရာသို့ ရောက်ရှိသောအခါ ထိုဓာတ်သတ္တုကို နေ့ရော ညပါ ရင့်ကျက်အောင်၊ ပြီးပြည့်စုံအောင် အလုပ်လုပ်လေသည်။

ထိုတာဝန်ကို နေစွမ်းအားက နေ့စဉ်နေ့တိုင်း၊ ညစဉ်ညတိုင်း ဆောင်ရွက်သဖြင့် နှစ်ပရိစ္ဆေဒ ကြာမြင့်သောအခါ ရင့်ကျက်ပြီး ပြည့်စုံသောဓာတ် ဖြစ်လာလေသည်။

လေထုကို ဖြတ်သန်းလာသော နေရောင်ခြည်ကို မြေထုကဖမ်းယူ၍ မြေတွင်းရှိ ဓာတ်သတ္တုများကို ပြုပြင်ပြောင်းလဲစေ၏။ ထိုနေရောင်သည် မြေပြင်ကို ဖောက်ထွင်းသည့်အချိန်မှစ၍ ဓာတ်သတ္တုများကို အကျိုးပြုရ၏။ ဤသို့ဖြင့် မြေတွင်း၌ရှိသောပြဒါးသည် ရွှေဖြစ်လာရန်အတွက် နှစ်ပရိစ္ဆေဒကြာရှည်[illegible] မည်။

အဓိက အရေးကြီးဆုံးအပိုင်း[illegible] နေ့စဉ်နှင့်အမျှ မြေအောက်သို့ဝင်ရောက်သွားသော အပူဓာတ်ခံများ၏ စု[illegible] ပင် ဖြစ်၏။ တစ်ခါတစ်ရံတွင် ပြဒါး[illegible] တွင်းတွင် ဓာတ်နှစ်ပါးက ကြီးစိုးသည့်အခါ ကျန်ဓာတ်နှစ်ပါးတို့သည် အလို[illegible] လျော့ အားနည်းသွားရ၏။ အ[illegible] ဓာတ်နှင့် အခြောက်ဓာတ်တို့ များ[illegible] လာလျှင် အတွင်းရှိကန့်ဓာတ်နှင့် ပြဒါး[illegible] ထဲတွင်ပါရှိသောကန့်ဓာတ်သည် အခြား[illegible] ဓာတ်အဖြစ်သို့ ပြောင်းလဲသွား၏။ က[illegible] ဓာတ်သည် နောက်ဆုံးတွင် ရွှေလုံး[illegible] သွားသည်အထိ ပြောင်းလဲသွား၏။

ဘားနဒ်က ဤသို့ဆို၏။

ပြဒါးနှင့် ကန့်တို့သည် သီး[illegible] ဓာတ်များ မဟုတ်။ ကန့်သည် ပြ[illegible] အတွက် အပူဓာတ်၊ အခြောက်ဓာတ်[illegible] ဖြစ်၏ဟု ဆိုပါသည်။

ဤသည်ကိုထောက်၍ ပြဒါး[illegible] ကန့်သဘောတရားကို ကောင်းစွာ [illegible] လည်နိုင်ပြီး အဂ္ဂိရတ်ပညာ၏ ဂမ္ဘီရ[illegible] ခြင်း၊ မှော်ဆန်ခြင်းတို့ကိုလည်း တွဲ[illegible] နားလည်ရမည်။သတ္တုတို့၏အခြေ[illegible]

www.burmeseclassic.com

www.burmeseclassic.com

(၇)မျိုးမှာ ဓလေ့ထုံးတမ်းအရ သတ်မှတ်ခြင်းဖြစ်၏။ ၎င်းတို့မှာ နာ၊ ဘင်၊ ကြေးနီ၊ သံ၊ ပြဒါး၊ ဘော်နှင့် ရွှေတို့ ဖြစ်၏။ အင်္ဂရတ်ပညာရှင်တို့က ရွှေနှင့်ငွေကိုသာ ပြီးပြည့်စုံသော ရင့်ကျက်သည့် ဓာတ်များအဖြစ် သတ်မှတ်ထားကြ၏။ သို့သော် အခါခပ်သိမ်းကား မဟုတ်ပေ။ သူတို့သည် ကျန်သတ္တု (၅) မျိုးအတွက် အခါခပ်သိမ်း အမာခံမဟုတ်ဟု ဆိုခြင်း ဖြစ်၏။ ယေဘုယျအားဖြင့် ခဲ (နာ) သည် အညံ့ဆုံးသတ္တု ဖြစ်၏။ ထို့ကြောင့်လည်း တန်းစီဇယားတွင် အောက်ဆုံးမှပါခြင်း ဖြစ်၏။

သတ္တုအစီအစဉ်တွင် ဘင်၊ ကြေးနီ၊ သံတို့သည် ဒုတိယအညံ့ဆုံးဖြစ်၏။ စိတ်ဝင်စားဖွယ်ကောင်းသည်။ ပြဒါးမှာမူ ၎င်းတို့ထက်မြင့်သောနေရာတွင်ရှိ၏။ တာရန်၏ခေတ်ကတည်းက ယနေ့အချိန်အထိ အင်္ဂရတ်ဆရာတို့ လက်ခံထားသောသတ္တုနှင့် ဂြိုဟ်ညီမျှခြင်းဇယားမှာ မပြောင်းလဲပေ။

အမတဝိညာဏသည် သေပြီးသည့်နောက်တွင် ၎င်း၏မူလသို့ ပြန်လာကြောင်း ဟာမီးက ဆိုခဲ့၏။

ဤသို့ဖြင့် လူသားသည် ကမ္ဘာမြေ၏ပေါင်းစည်းမှုအလွှာများကြောင့် ဘဝတူ၍ ဖြစ်လာရ၏။ ပထမတွင် ကြီးထွားမှုနှင့် သေးသိမ်မှုကိုဖြစ်စေသော အင်အားများမှ ရုန်းထွက်၏။ ဒုတိယအဆင့်မှာ သူ့အတွက် အသုံးမဝင်သည့် အရာများကို စွန့်ပစ်ဖယ်ရှား၏။ တတိယမှာ မူလဆန္ဒသာထားရှိပြီး အဖိုဆန္ဒများကို ရှောင်ရှားသည်။ စတုတ္ထမှာ မာနစိတ်ဖြင့် ရည်ရွယ်ချက်အားလုံးကိုစွန့်ပစ်၏။ ပဉ္စမမှာ ရှိသမျှအာဏာ၊ ခွန်အား ပရမ်းပတာသုံးစွဲပစ်သည်။ ဆဋ္ဌမမှာ ပျက်စီးနေသော ဆန္ဒကို အားပေးအားမြှောက်ပြုနေသော ဥစ္စာဓနများ ကုန်ခန်းသွား၏။ သတ္တမမှာ ပြုခဲ့သည့် အမှားအားလုံးကို ရပ်တန့်လိုက်၏။ သက်လုံအား အားလုံးကို စွန့်ပယ်လိုက်၏။ နောက်ဆုံးတွင် ကမ္ဘာမြေ၏ လွှမ်းမိုးမှုကြောင့် ဘာမှမရှိတော့ဘဲ ဖြစ်ရ၏။

လူသားသည် ထိုအခါတွင်မှ နိဗ္ဗာန်ဘုံ (၈) ထပ်သို့ ရောက်ရှိရ၏။ ထိုအခါ ကောင်းကင်ဘုံ၏ အာဏာသာ ထိုသူကို လွှမ်းမိုးနေတော့၏။

ဘုရားသခင်နှင့်အတူ အခြားပုဂ္ဂိုလ်များကို ချီးကျူးပူဇော်သည့် ဓမ္မတေးများနှင့်လက္ခဏာများကို အသုံးပြုပူဇော်ရ၏။ ကောင်းကင်ဘုံသို့ရောက်ရန် လူသားသည် အလွှာ(၇)လွှာကို ဖောက်ထွင်း၍တက်ရ၏။ ၎င်းကို ဂြိုဟ် (၇) လုံးက အုပ်ချုပ်လျက်ရှိ၏။ ထိုဂြိုဟ် (၇)လုံးသည် အင်္ဂရတ်အစဉ်အလာဖြစ်သော သတ္တု(၇)ပါးနှင့် တူညီပေသည်။ အလွှာတိုင်းတွင် လူသားဝိညာဉ်သည် လူသားစိတ်ဓာတ်နှင့် ဆန္ဒမှ ကင်းလွတ်၏။ ဤသို့ဖြင့် ကောင်းကင်ဘုံ၏ သဘာဝကို ရယူနိုင်ပေသည်။

မစ်သရား၏အယူအဆက -

ထိုက်တန်သော ဝိညာဉ်အတွက် အလွှာ(၇)လွှာကိုဖောက်ထွင်း၍ အမြင့်ဆုံး ကောင်းကင်ဘုံကို ရောက်မည့် အလွှာတစ်ခုချင်းသို့ ဝင်ရောက်ရန် တံခါးပေါက်တစ်ခုစီရှိလေသည်။ တက်ရန် လှေကားကိုလည်း သတ္တု (၇) မျိုးလုံးပါအောင် တစ်မျိုးချင်းဖြင့် ပြုလုပ်ထား၏။ ထို့ကြောင့် လှေကား (၇) ထစ်ရှိ၏။

အင်္ဂရတ်ပညာတွင်လည်း လုပ်ရပ် (၇) ဆင့်ရှိ၏။

ပထမအဆင့်မှာ နာဖြင့်လုပ်ရ၏။ ခဲ(နာ)လှေကားတက်ရသည့် အဆင့်ဖြစ်၏။ ထိုအလွှာသည် စနေဂြိုဟ်၏အလွှာဖြစ်၏။ ထိုအဆင့်တွင် လျှို့ဝှက်ချက်မှာ ပျင်းရိခြင်း ဖြစ်၏။ ဒုတိယအဆင့်မှာ ဘင်အဆင့် ဖြစ်၏။ သောကြာဂြိုဟ်အလွှာ ဖြစ်၏။ လျှို့ဝှက်ချက်မှာ ကာမဆန္ဒ ဖြစ်၏။ တတိယအဆင့်မှာ ဒန်(ကြေးညို)အဆင့် ဖြစ်၏။ ကြာသပတေးဂြိုဟ်အလွှာ ဖြစ်၏။ လျှို့ဝှက်ချက်မှာ ထက်သန်သော ရည်ရွယ်ချက် ဖြစ်၏။ စတုတ္ထမှာ သံအဆင့် ဖြစ်၏။ အင်္ဂါဂြိုဟ်အလွှာဖြစ်၏။ လျှို့ဝှက်ချက်မှာ ဒေါသနှင့် ဆန္ဒပြင်းထန်ခြင်း ဖြစ်၏။ ပဉ္စမအဆင့်မှာ ပြဒါး (ဓာတ်ရော) အဆင့်ဖြစ်၏။ ဗုဒ္ဓဟူးဂြိုဟ်၏အလွှာ ဖြစ်၏။ လျှို့ဝှက်ချက်မှာ ကြည်လင်သော ဆန္ဒရမ္မက်သဘော ဖြစ်၏။ ဆဋ္ဌမအဆင့်မှာ ဘော်အဆင့် ဖြစ်၏။ တနင်္လာဂြိုဟ်အလွှာ ဖြစ်၏။ လျှို့ဝှက်ချက်မှာ ဘဝကို အလွန်ခုံမင်ခြင်း ဖြစ်၏။ သတ္တမအဆင့်မှာ ကိတ်(ရွှေ)အဆင့်ဖြစ်၏။ တနင်္ဂနွေဂြိုဟ်အလွှာ ဖြစ်၏။ လျှို့ဝှက်ချက်မှာ ဉာဏ်ပညာစွမ်းရည် ဖြစ်၏။

ဟာမစ်တစ်ဇင်နှင့် မသူရစ်ဇင်တို့သည် လှေကား(၇)ထစ်ဝါဒမဟုတ်။ သို့သော် ၎င်းစနစ်နှင့် ရှေးခေတ် အင်္ဂရတ်ပညာရှင်တို့၏ လှေကား(၇)ထစ် သတ္တု (၇) မျိုးကား ကွာခြားနေပေသည်။ ဂြိုဟ်နှင့် သတ္တုကို တစ်ဖက်စီထား၍ ဆန္ဒနှင့် ခံစားမှုတို့ကို တစ်ဖက်တွင်ထားကာ ပြဋ္ဌာန်းခဲ့၏။

မည်သို့ပင်ဖြစ်စေ ဝိညာဉ်ဆိုင်ရာ လွတ်မြောက်မှုကား သက်ရှိရောသက်မဲ့တွင်ပါ တစ်ပုံစံတည်းဖြစ်ပေသည်။ လူသားတို့၏ ဖြူစင်သန့်ရှင်းမှုနှင့် သတ္တုတို့၏ ဖြူစင်သန့်ရှင်းမှုမှာလည်း အတူတူပင် ဖြစ်နေ၏။ အရေးပါသည့်အင်္ဂရတ်ကျမ်းအားလုံးသည် အင်္ဂရတ်ပညာ၏ ဒွိသင်္ကေတဝါဒကို အခိုင်အမာ ထောက်ခံပေသည်။

**လောကငယ်နှင့်လောကကြီး**

(Microcosm and Macorocosm) -

ကမ္ဘာမြေ၏ အတွင်း၌ နက်ရှိုင်းစွာရှိသော သတ္တုတို့အား ကြယ်နှင့်ဂြိုဟ်များက ထိုသတ္တုများ၏ ဖြစ်ပေါ်မှုကို လွှမ်းမိုးထားကြ၏။ လောကငယ်နှင့် လောကကြီးတို့စပ်ကြား၌ရှိသော ခြားနားချက်ကိုလည်း ထိုဂြိုဟ်များ၊ ကြယ်များက လွှမ်းမိုးထား၏။ ကျမ်း၏ အဖွင့်စာကြောင်း၌ -

၎င်းသည် မှန်ကန်၏။ တစ်စုံတစ်ရာ မှားယွင်းမှုမရှိဘဲ သေချာမှန်ကန်၏။ အထက်တွင် ဖော်ပြသော အကြောင်းသည် အောက်တွင် ဖော်ပြသော အကြောင်းပင် ဖြစ်၏။ အောက်တွင် ဖော်ပြသည်မှာလည်း အထက်တွင် ဖော်ပြသည်နှင့် အတူတူပင် ဖြစ်၏။

ဆိုလိုသည်မှာ အထက်လောကတွင်ရှိသည့် စကြဝဠာတစ်ခု၏ဖွဲ့စည်းပုံနှင့် အောက်လောကရှိ လူသား၏ ခန္ဓာကိုယ်ထဲမှ သွေးတစ်စက်၏ဖွဲ့စည်းပုံသည် အတူတူတသဘောတည်းဟု ဆိုခြင်း ဖြစ်၏။ လောကကြီးနှင့် လောကငယ်ဟူ၍ ကွာခြားသော်လည်း ဖြစ်ပျက်ပုံမှာ အတူတူပင် ဖြစ်၏။ လောကတစ်ခု၏ အံ့မခန်းအခြင်းအရာတို့က အခြားသော အခြင်းအရာတစ်ရပ်ကို ပြီးပြည့်စုံစေလေသည်။

ရှေးဦးကာလကတည်းကပင်လျှင် အင်္ဂရတ်ပညာရှင်များသည် သဘာဝကို လမ်းညွှန်အဖြစ် ခံယူထားခဲ့ကြ၏။ ထို့ကြောင့် အင်္ဂရတ်ပညာရှင်၏တကယ့်စံချိန်စံညွှန်းသည် သဘာဝ ဖြစ်၏။ အင်္ဂရတ်လုပ်ထုံးလုပ်နည်းတွင် ထိုနည်းလမ်းများကို လေ့လာသင်ကြား၍ အတုယူရမည် ဖြစ်၏။

အင်္ဂရတ်ပညာရှင်သည် တီထွင်ခြင်း၊ ဖန်ဆင်းခြင်းကို ပြုလုပ်သူ မဟုတ်ပေ။ သဘာဝက ထုတ်လုပ်ထားသည့် အရာဝတ္ထုကို သူ့နည်းသူ့ဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းလဲလိုက်ခြင်းသာ ဖြစ်၏။ မိုက်ကယ်မေယာ၏ 'အတ္တလန်တာဗျူဂျီယန်' ဟု အမည်ရှိသောကျမ်း၌ -

သဘာဝကို မျိုးဗီဇ အောင်မြင်မှုဆိုင်ရာ နတ်သမီးတစ်ပါးအဖြစ် ဖော်ကျူးထား၏။ သူမသည် နိုင်ငံတစ်နိုင်ငံ၏ကုန်းမြေပေါ်တွင် လမ်းလျှောက်သွားရင်း နက်ရှိုင်းသောခြေရာများကို နောက်တွင်ချန်ထားခဲ့၏။ နတ်သမီး၏နောက်၌ အဂ္ဂိရတ်ပညာရှင်က လက်တစ်ဖက်တွင် တောင်ဝှေးနှင့် အခြားလက်တစ်ဖက်တွင် မီးအိမ်ကိုကိုင်၍ လိုက်ပါနေပုံကို သရုပ်ဖော်ထား၏။ ၎င်း၏ အဓိပ္ပာယ်က မီးအိမ်သည် သဘာဝပတ်ဝန်းကျင်ကို သဲကွဲ ပြတ်သား ရှင်းလင်းစွာမြင်ရန်နှင့် တောင်ဝှေးက လမ်းရှင်းရန် ဖြစ်၏။ အထက်ပါ သရုပ်ဖော်ပုံ၏ အောက်တွင် စာက ဖော်ပြထားသည်မှာ -

'သဘာဝသည် သင်၏လမ်းပြဖြစ်ပါစေ၊ သင်၏အတတ်ပညာဖြင့် သူမ၏နောက်မှ ထက်ကြပ်မကွာ လိုက်ပါပါလေ။ အကယ်၍ သူမ မရှိလျှင် သင်လမ်းမှားပေမည်။ ကြောင်းကျိုးဆင်ခြင်မှုက သင့်တောင်ဝှေးဖြစ်ပါစေ၊ အတွေ့အကြုံက သင်၏ အသိအမြင်အတွက် အင်အားကိုပေးလိမ့်မည်။ အဝေးသို့မြင်နိုင်ရန် စာပေကျမ်းဂန် ဖတ်ရှုလေ့လာခြင်းသည် သင့်အတွက် မီးအိမ်ဖြစ်စေလော့'ဟူ၍ဖြစ်၏။

သို့သော်လည်း ဤမျှလောက်နှင့် သဘာဝကို ထွင်းဖောက်ပြီး ၎င်း၏ လျှို့ဝှက်ချက်ကိုသိနိုင်ရန်မှာ မလုံလောက်ပေ။ လောကငယ်၊ လောကကြီး၏ ပုံစံတူသဘောတရားအရ အဂ္ဂိရတ်ပညာရှင်များသည် သဘာဝနည်းစနစ်များဖြင့် စုစည်း၍ လုပ်ကိုင်ရန် ကြိုးပမ်းခဲ့ကြ၏။ ဤသို့ဖြင့် အာကာသဓာတ်၏ ဆက်သွယ်မှုဖြင့် အသုံးပြုနိုင်စေလေသည်။

တစ်နည်းဆိုရပါမူ -

'အောင်မြင်သော အဂ္ဂိရတ်ပညာရှင်သည် သူ၏လုပ်ငန်းကို သတ်မှတ်ထားသောကာလ၌ပြုလုပ်ရန် စီစဉ်ထားပြီး ကြိုတင်ပြင်ဆင်ထားသော အစီအစဉ်အတိုင်း ဆက်လက် လုပ်ဆောင်ပေလိမ့်မည်'။

ဤကိစ္စနှင့် ပတ်သက်၍ ဖူကာနေးက ဤသို့ရှင်းပြ၏။

အဂ္ဂိရတ်ပညာရှင်သည် သူ၏ လောကငယ်၌ အလုပ်လုပ်ရာတွင် ဖန်ဆင်းရှင် ဘုရားသခင်၏ လုပ်ရပ်ဒုတိယဆင့်ကို လိုက်ပါလိုက်နာဆောင်ရွက်ရပေလိမ့်မည်။ ဤအကြောင်းကြောင့် အဂ္ဂိရတ်လုပ်ငန်းကို week of weeks သို့မဟုတ် ကြီးကျယ်သော ရက်သတ္တပတ် ဟူ၍ ခေါ်ဆိုသည်။ အဂ္ဂိရတ်ပညာရှင်သည် သင်္ကေတရက်သတ္တပတ်အတွင်း စတင်၍ အဆုံးသတ်ပေသည်။ ဘုရားသခင်သည် ကောင်းကင်ဘုံကို လည်းကောင်း၊ ကမ္ဘာမြေကို လည်းကောင်း၊ အရာခပ်သိမ်းကို လည်းကောင်း အားလုံးကို (၇) ရက်အတွင်း ပြီးပြည့်စုံအောင် ဖန်တီးခဲ့ပေသည်။

ထိုအခြေအနေများကို လောကငယ်တွင် ဖြစ်ပေါ်စေရန်အတွက် အဂ္ဂိရတ်ပညာရှင်သည် သင့်လျော်ကောင်းမွန်သည့် ကာလတစ်ရပ် စောင့်ဆိုင်းရပေသည်။ သူ၏လုပ်ငန်း ပြီးမြောက်စေရန် လိုအပ်ပါက နှစ်ပေါင်း (၂၀) အထိပင် စောင့်ဆိုင်းရမည်။ နှစ်တိုင်းနှစ်တိုင်း ကြိုတင်မပြောနိုင်သော (ဝါ) မမျှော်လင့်နိုင်သည့် အခြေအနေများကို ရင်ဆိုင်ရန် အသင့်ပြင်ထားရမည်။ မမျှော်လင့်ဘဲ သဘာဝကပေးသော အခြေအနေနှင့် သူလိုချင်သည့်အခြေအနေတို့ ကြုံကြိုက်တိုက်ဆိုင်မှုသာလျှင် အဆိုပါ အံ့မခန်းလုပ်ငန်းကြီး ပြီးမြောက်ရတော့၏။

**မြင့်မြတ်သောလုပ်ငန်းကြီး၏အဆင့်များ**

(The Phases of the Great work)

Great work ဟူသော ဝေါဟာရဖြင့် အဂ္ဂိရတ်ပညာရှင်သည် သူ၏ ရုပ်ဝတ္ထုများကို ပြောင်းလဲစေသောလုပ်ငန်းရပ်အတွက် ရည်ရွယ်ပေသည်။ ထိုလုပ်ရပ်မျိုး မည်မျှရှိပါသနည်း။ ၎င်းတို့ကို ပြုလုပ်ရမည့် အစီအစဉ် စသည့်တို့သည် အလုံပိတ်ထားသော လျှို့ဝှက်ချက်များ ဖြစ်၏။ အဂ္ဂိရတ်ကျမ်းမှန်သမျှက ဤသို့ဆိုကြ၏။ သို့သော် အဂ္ဂိရတ်ကျမ်းများတွင် လုံးဝဥဿုံ တူညီသော ကျမ်းနှစ်စောင်ကို တွေ့ရှိရန်မှာ မဖြစ်နိုင်ပေ။

ဟယ်လင်းနစ် အစဉ်အလာနှင့် နှိုင်းယှဉ်လျှင် အလယ်ခေတ် အဂ္ဂိရတ်ပညာသည် လုပ်ရပ်အရေအတွက် ပိုရှိ၍ များလာလေသည်။ COMPOSITUM = COMPOUND ON COMPOUNDS ကျမ်း၌ အယ်ဘာတပ်မက်နပ်က လုပ်ငန်းကြီး၏ အဆင့်(၅)ဆင့်ကို ဖော်ပြခဲ့၏။ ၎င်းတို့မှာ -

၁။ ဓာတ်ပစ္စည်းကို မူလဓာတ်သို့ ပြောင်းလဲခြင်း၊
၂။ မူလဓာတ်မှ ပြဒါးနှင့် ကန့်ကို ထုတ်ယူခြင်း၊
၃။ ပါဝင်သည့် ကန့်ကို သန့်စင်စေခြင်းဖြင့် ရွှေနှင့် ငွေတွင် ပါဝင်သည့် ကန့်နှင့်ဆင်တူစေခြင်း၊
၄။ ဖြူဖွေးသော အသက်ရှည်ဆေးကို ပြုလုပ်ခြင်း။
၅။ အဖြူရောင် အသက်ရှည်ဆေးကို အနီရောင် အသက်ရှည်ဆေး ဖြစ်သည်အထိ ထပ်မံ၍ ပြုပြင်ခြင်းဖြစ်၏။

ဤအဆင့်(၅)ဆင့်ကို ဓာတ်ပစ္စည်းတစ်ခု၏ လုပ်ရပ်(၄)ခုတွင် ထည့်သွင်းခြင်းအားဖြင့် ရရှိနိုင်လေသည်။ ထိုလုပ်ရပ် လေးခုမှာ -

၁။ ဓာတ်ဖြိုခွဲခြင်း၊
၂။ ဆေးကြောခြင်း၊
၃။ လျှော့ပါးစေခြင်း၊
၄။ စွဲမြဲစေခြင်းတို့ ဖြစ်၏။

သဘာဝတရားက ဖန်ဆင်းထားသော (၇) ရက်ကာလ သတ္တု (၇) မျိုး ဂြိုဟ် (၇) လုံးတို့ကို အစွဲပြု၍ အချို့သော ကျမ်းပြုများက အဂ္ဂိရတ်ပညာတွင် လုပ်ရပ်(၇)ခုရှိသည်ဟု ဆိုကြ၏။ သို့သော် ထိုအဆိုများသည် တစ်ကျမ်းနှင့်တစ်ကျမ်း မတူကြပေ။ ၁၆၁၆ ခုနှစ်တွင် ပေါ်ပေါက်သည့် သရုပ်ဖော်ပုံတစ်ခုတွင် နတ်ကွန်းတစ်ခုပေါ်သို့တက်ရန် လမ်းပြထားသည့် လှေကား (၇) ထစ်သည် အဂ္ဂိရတ်ပညာ၏ လုပ်ရပ်များအဖြစ် ဖော်ပြထား၏။ ထိုနတ်ကွန်းထဲတွင် နေနတ်သားနှင့် လနတ်သမီးတို့ ထိမ်းမြားမင်္ဂလာ ဆောင်နှင်းနေကြသည်ကို ဖော်ပြထား၏။ ဤသရုပ်ဖော်ပုံတွင် ပါရှိသည့်အဆင့် လှေကားထစ် (၇) ခုမှာ -

၁။ ပြာရိုက်ပြာချခြင်း၊
၂။ အခိုးအငွေ့ရိုက်ခြင်း၊ ထုတ်ခြင်း
၃။ အရည်ပျော်ခြင်း၊
၄။ အပုပ်ခံခြင်း၊
၅။ ပေါင်းတိုက်ခြင်း၊
၆။ စုခဲခြင်း၊
၇။ အရောင်တင်ခြင်း
တို့ ဖြစ်ပေသည်။

ထိုလုပ်ရပ်အဆင့်နှင့်ပတ်သက်၍မူ အချို့သော လက်ရေးမူကျမ်းများက အဆင့် (၁၂) ဆင့်ဟု သတ်မှတ်ထားကြ၏။ ၎င်းတို့က ဇာတာခွင်၏ (၁၂) ရာသီစက်နှင့် ကိုက်ညီအောင် အဆင့် (၁၂) ဆင့် သတ်မှတ်ခြင်းဖြစ်၏။

၎င်းတို့မှာ -

၁။ ပြာချခြင်း၊
၂။ အရည်ဖျော်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

၃။ ဓာတ်ခွဲခြားခြင်း၊
၄။ စုပေါင်းခြင်း၊
၅။ အပုပ်ခံခြင်း၊
၆။ စုခဲခြင်း၊
၇။ အရည်ဖြစ်စေခြင်း (cibation)၊
၈။ အငွေ့ရိုက်ခြင်း၊
၉။ အချဉ်ဖောက်ခြင်း၊
၁၀။ အဆင့်မြင့်အခိုးရိုက်ခြင်း (exaltation)၊
၁၁။ ပွားများခြင်း၊
၁၂။ ထိုးထွက်ခြင်းတို့ ဖြစ်၏။

အဆိုပါ အဆင့်တစ်ခုချင်းတွင်ပင် ဖြစ်စဉ်အခြေအနေ များစွာပါဝင်ပြီး အဓိပ္ပာယ်မျိုးစုံလည်းရှိပေသည်။

အဂ္ဂိရတ်ဝေါဟာရများနှင့် ပတ်သက်ပြီး အဂ္ဂိရတ်အဘိဓာန်ထဲတွင်ပင် အားလုံးကို အဓိပ္ပာယ်ဖော်ပြထားခြင်း မရှိပေ။ အခြေခံအကျဆုံး၊ အလွယ်ကူဆုံး၊ အသုံးများဆုံး ဝေါဟာရများကိုသာ ပြဆိုထားလေသည်။ အဆိုပါ အဆင့် (၁၂) ဆင့်၏ ယေဘုယျအဓိပ္ပာယ်တို့ကို ဖွင့်ဆိုလျှင် -

**(၁) ပြာချခြင်း**

မီးဖြင့်လှော်ခြင်း၊ ဖုတ်ခြင်း၊ အပူပေးခြင်းဖြင့် အတုံးအခဲဖြစ်သောဓာတ်တို့ကို အမှုန်အမွှားဖြစ်ရန် ပြုလုပ်ခြင်းနည်းစနစ် ဖြစ်၏။

**(၂) အရည်ဖျော်ခြင်း**

အမှုန့်ကို အရည်ကျဲကျဲဖျော်ခြင်း။ အဆိုပါ Solution (အရည်ဖျော်ခြင်း) ဝေါဟာရကို အခြားပစ္စည်းများစွာတို့၌လည်း သုံးနိုင်၏။

**(၃) ဓာတ်များကိုခွဲခြမ်းစိတ်ဖြာခြင်း**

ရုပ်ဝတ္ထုပစ္စည်းတစ်ခု၏စုပေါင်းမှုကို အရည်ပျော်စေသည့်ဓာတ်များသုံး၍ ထိုရုပ်ဝတ္ထုတွင် ပါရှိသည့် ဓာတ်ပစ္စည်းများကို တစ်ခုစီခွဲခြားခြင်း ဖြစ်၏။

**(၄) စုပေါင်းခြင်း**

၎င်းကို Copulation ဟု လည်းခေါ်၏။ လိင်ဆက်ဆံမှုကို သင်္ကေတပြုသည်။ ဘုရင်နှင့် မိဖုရားတို့ဖြင့် သရုပ်ဖော်၏။ ၎င်းသည် အရည်အသွေးများကို ပေါင်းစပ်ခြင်းလည်း ဖြစ်၏။ ဆန့်ကျင်ဘက်များကို ဆက်စပ်ခြင်းလည်း ဖြစ်၏။ ဥပမာ နေနတ်သားနှင့် လနတ်သမီးတို့၏ လျှို့ဝှက်သောမင်္ဂလာပြုခြင်း၊ ပုံသေနှင့် အငွေ့ပြန်ဓာတ်များဖြစ်သော ကန့်နှင့် ပြဒါးကို စုပေးခြင်း၊ ပေါင်းစပ်ပေးခြင်း ဖြစ်၏။

**(၅) အပုပ်ခံခြင်း**

၎င်းတွင် အပူဓာတ်ကြောင့် လျှို့ဝှက်စွာ မင်္ဂလာပြုခြင်း ပါဝင်သည်။

**(၆) စုခဲခြင်း**

အရည်ဘဝမှ အဖတ်အခဲဘဝသို့ ရောက်ရှိခြင်းကို ဆိုလို၏။

**(၇) အဆင့်မြင့်အရည်ဖြစ်စေခြင်း** (Cibation)

အခဲကို အရည်ကျွေးခြင်း (အရည်ဖြစ်စေသောနည်း)။

**(၈) အခိုးရိုက်ခြင်း**

အရည်ဖျော်ပြီး သန့်စင်စေသည့်နည်း။

**(၉) အချဉ်ခံခြင်း**

ချဉ်စေသောအရာတစ်ခုကို ရောထည့်ခြင်းဖြင့် ချဉ်စေခြင်းဖြစ်၏။ ချဉ်စေသောအရာဝတ္ထုတစ်ခုကို အခြားပစ္စည်းများနှင့်ရောနှောထားလျှင် ထိုပစ္စည်း၏ အာနိသင်ကြောင့် ချဉ်သောဓာတ်ထွက်ပြီး ထိုဓာတ်သည် အတူထည့်ထားသော ပစ္စည်းကို ထွင်းဖောက်ချဉ်စေခြင်း ဖြစ်၏။

**(၁၀) အဆင့်မြင့်အခိုးရိုက်ခြင်း** (Exaltation)

အခိုးရိုက်ခြင်းနှင့် တူ၏။ ပြောင်းလဲသွားသောရုပ်ဝတ္ထုသည် ပို၍ အဆင့်မြင့်သော ဓာတ်ပစ္စည်း ဖြစ်သွားစေ၏။

**(၁၁) တိုးပွားခြင်း။ ပွားများခြင်း**

ဤအဆင့်သည် လုပ်ငန်းကြီး၏ နောက်ဆုံးအဆင့် ဖြစ်လေသည်။ ၎င်းသည် မူရင်းဓာတ်အမှုန့်တို့၏စွမ်းအားကို တိုးစေခြင်း သို့မဟုတ် ပြဒါးရှင်လုံး၏ အစွမ်းသတ္တိကို တိုးစေခြင်းတို့ ဖြစ်၏။

**(၁၂) ထိုးထွက်ခြင်း** (Projection)

အရည်ပျော်နေသော သတ္တုပေါ်တွင် အမှုန့်အနည်းငယ်ကို ဖြူးလိုက်ခြင်းဖြင့် လိုချင်သည့် သတ္တုပေါ်တွင် အမှုန့်အနည်းငယ်ကို အရောင်ဖြစ်စေခြင်းကို ဆိုလိုသည်။ မူလဓာတ်တို့၏ သန့်စင်မှုအလိုက် ရွှေ သို့မဟုတ် ငွေကိုလည်းဖြစ်စေ၏။

အဆိုပါ လုပ်ငန်းကြီးအောင်မြင်ရန်အတွက် အမြင်အားဖြင့် ရှုပ်ထွေးသောအချက်အလက်များသည် အဘယ်ကြောင့် ဤမျှများပြားရပါသနည်း။ လုပ်ရတ်ချင်းတူပါလျက် အမည်နာမအခေါ်အဝေါ်ပညတ် အဘယ်ကြောင့်အမျိုးမျိုးဖြစ်နေပါသနည်း။ နောက်ထပ် ရှင်းလင်းချက်တစ်ခုရှိသေး၏။တစ်ခုလျှင် အဆင့် (၇) ခု ပါဝင်သော cycles သုံးခု ပါဝင်၏။ ဤသို့ဖြစ်သောကြောင့် (၇) ခု အတွက် အဆင့်များမှာ လုပ်ရတ်တူသော်လည်း အမည်ကွဲပြားနေခြင်းမျှသာ ဖြစ်၏။ တူနေသောအဆင့်များကို တစ်ကြိမ်သာ ပြုလုပ်ပေမည်။ သို့ရာတွင် ဤရိုးစင်းသောအချက်ကို လျှစ်လျူပြု၍ ထားကြပေသည်။

အဂ္ဂိရတ်ပညာရှင်တို့အနေဖြင့် ဤသို့ ရှုပ်ထွေးအောင် တမင်လုပ်ထားပုံပေါ်လေသည်။ ဓာတ်သားမှ ပြဒါးရှင်လုံး ဖြစ်သည်အထိ များစွာသော လုပ်ရတ်များကို Circle (၃) ခု ခွဲခြား၍ တစ်ခုလျှင် အဆင့်ပေါင်းများစွာဖြင့် ပြီးဆုံးရစေခြင်းမှာ အချို့သော အဂ္ဂိရတ်ပညာရှင်၏ တစေ့တစောင်း သတိပေးချက်ကြောင့် ဖြစ်ပေသည်။

ကျော်ကြားသော အလယ်ခေတ် အဂ္ဂိရတ်ကျမ်းတစ်ခုတွင် ဖော်ပြသည့် အဆင့် (၇) ဆင့်စီ ပါဝင်သော cycle (၃) ခု ပေါင်း လုပ်ရတ်အဆင့် (၂၁) ဆင့်ကို လက်ခံထား၏။

ခေါ်လမွန်ခေတ် ၁၆ ရာစုက ပြုစုထားသည့် THE SPLENDOR OF THE SUN ကျမ်းတွင် ဖော်ပြထားသည်မှာ ပထမဆုံး ပုံတူပုံစံငယ်တွင် ဒဿနနှင့် အဂ္ဂိရတ်ပညာတို့၏ နယ်ပယ်အကျယ်အဝန်းကို ဖော်ပြထား၏။ သို့သော် အခြားကျမ်းများကမူ အထက်ပါ လုပ်ရတ်(၂၁)ဆင့်ကို ယနေ့တိုင် ဖော်ပြနေကြဆဲ ဖြစ်၏။

၁၇၆၃ ခုနှစ် ကာဒန်နက်၏ THE BOOK OF 22. HERMETIC PAGES ကျမ်း၌ ဖော်ပြထားသည်မှာ ထူးထူးခြားခြားပင် လုပ်ရတ်(၂၂)ဆင့်ကို ပြဆိုထား၏။ သို့ရာတွင် ဤကိစ္စနှင့်ပတ်သက်၍ ဖြစ်နိုင်သည်မှာ ၁၈ ရာစု ပြင်သစ်နိုင်ငံတွင် အလွန်ခေတ်စားခဲ့သည့် တားရော့ကားချပ် (၂၂) ချပ်နှင့် ကိုက်ညီစေရန် တမင် ဖန်တီးထားခြင်းသာ ဖြစ်နိုင်ပေမည်။ ဤသို့ဖြစ်ရသည်မှာ မတော်တဆ မဟုတ်ပေ။ တမင်သက်သက်ပြောင်းလဲလိုက်ခြင်းသာ ဖြစ်ပေမည်။

ဆရာဦးဆက်ထွန်းသင်း
(အာယုဗ္ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

ဇေယျာကျော်ထွန်း ရောက်လာပြန်သောအခါ ထွန်းကျော်လင်း စာကိုပြ၍ အကျိုးအကြောင်း ပြောပြကြတာ ဇေယျာကျော်ထွန်းကို အကူအညီတောင်းကြရပြန်၏။ ဂျီအက်(စ်)အိုင်ဆိုသည်ကို ယခင်က ဇေယျာကျော်ထွန်း သိသည်ပြောဖူးထား၏။ ဇေယျာကျော်ထွန်းမှာ ဒေသခံဖြစ်သလို မြို့ပိုင်လေးလည်းဖြစ်ရာ ဂျီအက်(စ်)အိုင်က ဗိုလ်မှူးကြီးကို ချည်းကပ်၍မေးလျှင် သိနိုင်သည်။ လေတပ်ဌာနချုပ်ကိုသိလျှင် ဇေယျာကျော်ထွန်းအနေက လေတပ်ဌာချုပ်ကို လိုက်သွားပြီး အကျိုးအကြောင်းပြောပြလျှင် ထွန်းကျော်လင်းကိစ္စကို သိရမည် ဟူသော ရည်ရွယ်ချက်နှင့် အကူအညီတောင်းကြည့်ကြခြင်းဖြစ်သည်။

ဇေယျာကျော်ထွန်းကလည်း သူရသည့်နည်းနှင့် စုံစမ်းပေးပါမည်ဟုပြောပြီး လိုက်သွား၏။ ဇေယျာကျော်ထွန်း ဂျီအက်(စ်)အိုင်သို့ရောက်၍ စုံစမ်းသောအခါ ထွန်းကျော်လင်း အပါအဝင် မြန်မာပြည်မှလေထီးဆင်းရဲဘော်များ ဂျက်ဆိုးလေတပ်စခန်းကို ရောက်သွားပြီဟု သိရ၏။ ဂျက်ဆိုးလေတပ်စခန်းကို ဇေယျာကျော်ထွန်း ချက်ချင်း လိုက်သွားသည်။ ဂျက်ဆိုးလေတပ်စခန်းရောက်၍ စုံစမ်းတော့မှအကြောင်းစုံကိုသိခဲ့ရလေသည်။

၁၉၄၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ညဉ့်ဦးပိုင်းတွင် မြန်မာနိုင်ငံ မျိုးချစ်တပ်မတော်နှင့်အတူ ဖက်ဆစ်တော်လှန်ရေး





www.burmeseclassic.com

www.burmeseclassic.com

တိုက်ပွဲများ၌ ပါဝင်ဆင်နွှဲကြရန်အတွက် လေထီးဆင်းတပ်ဖွဲ့များသည် အိန္ဒိယပြည် ဂျက်ဆိုးလေတပ်စခန်းကြီးမှ လေယာဉ်သုံးစင်းဖြင့် စစ်ထွက်ခဲ့ကြသည်။

ဘီ -၂၄ အမျိုးအစား ပုံးကြလေယာဉ်ကြီးများသည် တစ်စင်းပြီးတစ်စင်း ကြယ်ရောင်သာ တလက်လက်လင်းနေသည့်ဝေဟင်အမှောင်ထုထဲသို့ တိုးတက်သွားသည်။ နှစ်စင်းက လေယာဉ်ကွင်းကို တစ်ပတ်နီးပါးဝဲ၍ မြောက်ယွန်းယွန်း အစစဖြစ်ကာ ဂျက်ဆိုးလေတပ်စခန်းအနီးတွင် ပြန်ကွဲကျရောက်ခဲ့လေသည်။ လေယာဉ်ပေါ် ပါသွားကြသူအားလုံး မီးလောင်ကျွမ်းသေဆုံးသွားခဲ့ကြသည်။

ထိုလေယာဉ်ပေါ်တွင် အထူးတပ်ဖွဲ့တာဝန်နှင့်လိုက်ပါသွားကြသော တပ်ဖွဲ့ဝင်များတွင် မြန်မာတပ်ဖွဲ့ဝင် သုံးဦး ပါဝင်ခဲ့သည်။ မီးလောင်ပျက်ကျသွားသောလေယာဉ်ကြီးနှင့် အသက်စွန့်သွားရှာကြသော မြန်မာတပ်ဖွဲ့ဝင်များ၏ လုန်ရေးသမားအမည်စာရင်းကို မေးမြန်းရာ တာဝန်ခံက -

"လူကြီးမင်းမေးတဲ့နာမည်တွေက အရပ်နာမည်တွေကို မေးတာကိုး။ သူတို့က တော်လှန်ရေးတိုက်ပွဲဝင်ဖို့ သွားကြတာ။ နာမည်ဝှက်တွေနဲ့ဆိုတော့ မသိနိုင်ဘူး"


ဟု ပြောလွှတ်လိုက်သည်။

ဇေယျာကျော်ထွန်းမှာ အမျိုးမျိုးတွေးရ၏။ အသက်စွန့်သွားကြရသော

သူ ရ ဲ ့ မ ဂ္ ဂ ဇ င် း အ ခ န် း ဆ က် ဝ တ္ထု ရှ ည်

# ဖိုးကျော့ (ဇာတ်သိမ်းပိုင်း)

## ဤလမ်းခရီး လွှမ်းမပြီးနိုင်



အရှေ့ဘက်ဆီသို့ ဦးတည်ပျံသန်းသွားကြသည်။

တတိယအစင်းမှာ 'လွတ်လပ်ရေးကို ဆောင်ကြဉ်းသူ' ဟု အမည်ပေးထားသော လေယာဉ်ကြီး ဖြစ်သည်။ ခေါင်းဆောင်လေယာဉ်မှူးမှာ ဗိုလ်ကြီး အင်္ဂမ်ဒါး ဖြစ်သည်။ ထိုလေယာဉ်ကြီးပေါ်တွင် အထူးတာဝန်နှင့် တပ်ဖွဲ့တစ်ဖွဲ့ပါသွားခဲ့၏။ အခြားလေယာဉ်နှစ်စင်းကဲ့သို့ ကောင်းကင်ယံထဲ ထိုးအတက်တွင် လေယာဉ်ကြီး ပေါက်ကွဲပြီး အပိုင်းပိုင်း

အမည်ကို ဇေယျာကျော်ထွန်း မေးမြန်းစုံစမ်းရာ သခင်ဗိုလ်၊ ဟသ်ာတဗိုလ်မြသိန်းနှင့် ဗိုလ်ကျော်ထင်တို့ ဖြစ်ကြောင်း သိရသည်။

(ရည်ညွှန်း - သခင်လှထွန်း 'လျှို့ဝှက်စစ်ဆင်ရေးတာဝန်ခရီးမှပုံရိပ်များ')

ပျက်ကျသွားသောလေယာဉ်ကြီးထဲတွင် ထွန်းကျော်လင်း၏ နာမည်ကို မတွေ့သဖြင့် တိုက်ပွဲဝင်ရန် ထွက်သွားကြသော လေယာဉ်နှစ်စီးပေါ်မှ တော်သုံးယောက်ထဲတွင် သခင်ဗိုလ်နှင့် ဟသ်ာတဗိုလ်မြသိန်း ဆိုသူနှစ်ယောက်ကတော့ မဖြစ်နိုင်။ ဗိုလ်ကျော်ထင် ဆိုသည်မှာ ကျော်တစ်လုံးပါသဖြင့် ထွန်းကျော်လင်း၏ နာမည်ဝှက်များ ဖြစ်နေလေသလားဟုလည်း တွေးမိသည်။

မည်သို့ဖြစ်စေ ဤသို့ လေယာဉ်ကြီးတစ်စီး ပျက်ကျသွားသည်ကိုတော့ ဘယ်လိုမှ ပြော၍မဖြစ်သဖြင့် ဖလောင်းချိတ်ကို ရောက်သွားသောအခါ -

"ထွန်းကျော်လင်းတို့ကလေယာဉ်နှစ်စီးနဲ့ လေထီးတိုက်ပွဲဆင်နွှဲရန် မြန်မာ



www.burmeseclassic.com

www.burmeseclassic.com

ပြည်ကို ထွက်သွားကြပြီ”

ဟုသာ အားလုံးကိုပြောပြရတော့သည်။

ဦးအောင်တိုင်တို့ မိသားစုမှာ ဇေယျာကျော်ထွန်း၏စကားကို ကြားကြရသောအခါ ထွန်းကျော်လင်း၏စာထဲပါသလို ‘မကြာမီ သားတို့မိသားစု ကိုယ့်ပြည်ကိုယ့်ရွာမှာ ပြန်ဆုံကြရမှာပါ’ ဟု အတွေးနှင့်သာ ဖြေသိမ့်နေလိုက်ကြရသည်။

✤

“အမေ၊ လှဒါသူ ဗိုက်နာနေပြီတဲ့၊ သူ့အမေခေါ်ခိုင်းလို့ မြဒါသူ ဆိုင်ပိတ်ပြီး ပြန်သွားတယ်”

ပျင်းပျင်းရှိလျှင် သူသူတို့ညီအစ်မဆိုင်သွားသွားထိုင်တတ်သော သဇင်ဖြူက ပြန်လာလာချင်းပြော၏။

“ဟေ - ဟုတ်လား၊ ဒါဆို အမေလိုက်သွားဦးမှ”

ဒေါ်သန္တာဖြူ ချက်ချင်း ကသုတ်ကရက် အဝတ်သွားလဲတော့၏။

အိန္ဒိယရေဒီယိုမှ သတင်းနားထောင်နေသော ဦးသခေါ်ကျော်ကလည်း တစ်ချက်လှည့်ကြည့်သည်။

ယခင်ကမူ တစောင်းစေးနှင့် မျက်ချေးပမာဖြစ်နေခဲ့ကြသော်လည်း ယခုတော့ ဆွေမျိုးတော်စပ်ကြသည့်အပြင် သူ့သား ထွန်းကျော်လင်း၏ မိန်းမဖြစ်သူ လှဒါသူနှင့်ဒေါ်သန္တာဖြူတို့မှာ ယောက္ခမနှင့်ချွေးမတော်နေကြပြီဖြစ်၍ ဒေါ်သန္တာဖြူက မနေနိုင်တော့။

အခန်းထဲမှ အဝတ်လဲပြီး ကမန်းကတန်းထွက်လာသော ဒေါ်သန္တာဖြူကို ဦးသခေါ်ကျော်က ကြည့်ပြုံးပြုံးသောအခါ ဒေါ်သန္တာဖြူက -

“ရှင်ကဘာပြုံးတာလဲ”

ဟု ဆို၏။

“မင်းချွေးမကိစ္စ မင်းကိုလည်း မခေါ်ဘဲဖြစ်နေလိုက်တာ ငါရယ်ချင်လို့ပါ”

“ဩော် - ရှင့်ချွေးမကော မဟုတ်ဘူးလား။ ခုသိနေကြားနေတော့ အခေါ်လွှတ်အောင်စောင့်နေရမှာလား။ မိန်းမမီးနေ ဆိုတာ ဘယ်လောက်အရေးကြီးလဲ”

ဒေါ်သန္တာဖြူပြောသည်မှာလည်း အမှန်ပင်။ ‘သမုဒ်မြစ်ကူး၊ တွင်းတူးတစ်ချက်၊ ထန်းတက်ယောကျ်ား၊ ဆင်ယဉ်ပါးနှင့်၊ မင်းပါးနေသူ၊ ကိုယ်ဝန်ယူ၊ သေသူခြောက်ယောက် စာရင်းပေါက်၏’ ဆို မဟုတ်ပါလား။

သို့သော် ဦးသခေါ်ကျော်သဘောက သူသူငါငါ ကလေးမွေးနေကြတာ အဆန်းမဟုတ်သဖြင့် ရေးကြီးသုတ်ပျာဖြစ်နေစရာမလို ဟူသော သဘောနှင့် ပြောခြင်းသာ။

သူ့ချွေးမ လှဒါသူ ဗိုက်နာနေ၍ မနေ့ညနေကပင် သဲတန်းဘက် ထွက်သွားသော ဒေါ်သန္တာဖြူ ဤနေ့မနက်အထိ ပေါ်မလာသောအခါ ဒေါ်ကြာဦးဖြူက -

“ဟဲ့-ဖြူဖြူ၊ နင့်အမေ မနေ့ညနေကပင် လှဒါသူဆီသွားတာ ခုထိ ပြန်မလာသေးတော့ ဘွားဘွားတို့ လိုက်သွားကြမှထင်တယ် ငါ့မြေး”

ဟု သဇင်ဖြူကို လှမ်းပြောသည်။

“ဟုတ်ကဲ့ပါ၊ ခုသွားမလို့လား ဘွားဘွား”

“ဟဲ့-မိုးတောင်စင်စင်မလင်းသေးဘူး၊ ခုသွားလို့ဘယ်ဖြစ်မလဲ”

ဦးအောင်တိုင်က ထိုသို့ပြောလိုက်ရာ ဒေါ်ကြာဦးဖြူက -

“ခုတော့ ချက်ချင်း သွားမလားတော့၊ မိုးလင်းရင်သွားဖို့ပြောတာပါ”

ဟု သူ့ယောကျ်ားကို ပြန်ပြောလိုက်သည်။ အိပ်ရာကမထသေးသော ဦးသခေါ်ကျော်ကလည်း နားစွင့်နေ၏။

မနက်မိုးလင်းတော့ မြေးအဘွားနှစ်ယောက် လှဒါသူတို့အိမ်ရောက်သွားကြသည်။

ဒေါ်ကြာဦးဖြူတို့ မြေးအဘွားရောက်လာကြသည်နှင့် ဒေါ်ရွှေအိမ်သူ၊ ဒေါ်သန္တာဖြူတို့အပြင် အရပ်ဝမ်းဆွဲသည်မနှင့် အမျိုးသမီးနှစ်ယောက်တို့ကလည်း မီးနေခန်းကထွက်လာကြသည်။

“အမေ၊ လှဒါသူ မွေးသွားပြီ။ ယောကျ်ားလေး၊ ဒီနေ့မနက်ကမှ မွေးတာ”

ဒေါ်သန္တာဖြူ သူ့အမေကို ပြောလိုက်၏။

“ဘယ်အချိန်ကမွေးလဲ”

“ကျွန်တော် နာရီကြည့်ထားပါတယ် အရီးရှင်။ (၃) နာရီ၊ (၄၅) ပါ”

ဤစကားကိုတော့ ဦးကျော်ခေါင်က ဝင်ပြောလိုက်၏။

“လှဒါသူက ဘယ်နေ့သမီးလဲ”

“သမီးက ဗုဒ္ဓဟူးပါ အရီးရှင်”

ဒေါ်ရွှေအိမ်သူ၏ စကားကို ဒေါ်ကြာဦးဖြူက ခဏနှုတ်ဆိတ်နေ၏။

သူ့မြေးထွန်းကျော်လင်းနှင့် အပြစ်ပေါ်သည်ဆိုတုန်းကပင် လှဒါသူကိုဘယ်နေ့သမီးနည်းဟု မေးဖူးသည်။ သို့သော် ယခုတော့ မွေးသွားပြီနှင့် တူ၏။ ထို့ကြောင့် ထပ်မေးခြင်း ဖြစ်၏။

ထွန်းကျော်လင်းနှင့် လှဒါသူမှာ နေ့နံသင့်သော်လည်း ယခု လှဒါ... သားဦးမွေးသောနေ့မှာ တနင်္ဂနွေနေ့ ... နေသည်ကို ဒေါ်ကြာဦးဖြူက မိရိုးဖ... စိတ်ပေဒင်ထွက်ကြည့်နေပုံရ၏။ ခဏ... ကြာမှ ‘ငါကြည့်ဦးမယ်’ ဆိုသဖြင့် ဒေါ်... သန္တာဖြူရော ဒေါ်ရွှေအိမ်သူတို့ပါ လှဒါ... သူမီးနေခန်းထဲ ဝင်ရန်ထလိုက်ကြ၏။

“ဘွားဘွား၊ မြေးလည်းဝင်ကြည့်... လို့ရလား”

သဇင်ဖြူက မေးလိုက်၏။

“ရပါတယ် သမီး”

ဒေါ်ရွှေအိမ်သူက ပြောသ... သဇင်ဖြူပါ ဝင်လိုက်ပြီး သူ့အစ်ကို... ကလေးကို ကြည့်ကြ၏။ သဇင်ဖြူ စိတ်... ထဲမှာ သူ့အစ်ကိုနှင့်တူမည်ဟုထင်သည်။ ကိုယ်တို့ တော်လှန်ရေးလုပ်ရန် ဂျ... ဆိုးလေဆိပ်မှ လေထီးဆင်းတပ်သား... အဖြစ် မြန်မာပြည်ကို ထွက်သွား... ကြောင်းကို ဇေယျာကျော်ထွန်းပြော... သိရ၏။ ကိုယ်နှင့်အတူ ရဲဘော်... လာတိုင်း ဂျပန်ကြိုသွားမည် ဆိုသော... အောင်ကျော်ဇေယျလည်း အခုတော့... ကိုထွန်းတို့နှင့်အတူ ဂျပန်ကို တော်လှ... ရန် ကိုယ်နှင့်အတူ ပါသွားသည်ဆို... ကိုတော့ လူကြီးများလိုပင် သဇင်... လည်း တွေးမရဖြစ်နေ၏။

အပြန်လမ်းမှာ သူ့အဘွား ဒေါ်... ကြာဦးဖြူကို သဇင်ဖြူက မေး၏။

“ဘွားဘွား၊ ကိုယ့်ကလေး... ကိုယ်နဲ့တူမယ်ထင်လား”

“ကိုယ်နဲ့ မတူပါဘူး။ မျက်... မျက်ခုံးက လှဒါသူနဲ့ပဲ တူတယ်”

“ယောကျ်ားလေးက အမေနဲ့ ... ရင် ကောင်းစားတယ်ဆို ဘွားဘွား”

“နင့်မင်းမင်းချေ (ဦးလေး) ... အမေနဲ့တူလို့လား။ သူ့အဖေနဲ့ပဲ ခွ... တူတာ၊ ခုသူဌေးဖြစ်နေတာပဲ”

“သူ့အမေဘက်က အမွေ... ဆို”

ဒေါ်ကြာဦးဖြူက ဘာမှ... တော့၊ အမွေ ဟူသော စကား... လားဟု သဇင်ဖြူ ထင်လိုက်၏။ ... သူတို့အဘွားနှင့်သူတို့အဘွားမှာ တ... က အမွေလုဘက်ဟုကြားဖူးထား... ကို သတိရ၍ နှုတ်ဆိတ်နေလိုက်...

“ကိုယ့်ကလေးက ဘာ... အိမ်ပေါ်လှမ်းတက်လာ...



www.burmeseclassic.com

www.burmeseclassic.com

နှင့် ဘိုးဘိုးက ဆီးမေး၏။

"ယောက်ျားလေး"

"ခြောက်"

ဦးသခါကျော်ကတော့ ခြောက် တစ်လုံးသာ ဆို၏။

"မီးထွက်တော့သွားကြည့်ကြပေါ့"

ဒေါ်ကြာဦးဖြူကပြောပြီး အတွင်း ထဲဝင်သွားသည်။ ဦးသခါကျော်က ဒေါ်သန္တာဖြူ့မျက်နှာကို လှမ်းကြည့်၏။ အလိုက်တသိပင် -

"ကိုငယ်ကလေးက ဟိုဘက်ပဲတူ မယ်"

ဈေးထဲက ဝယ်လာသော ခြင်းကို ဆွဲပြီး မီးဖိုဘက်ဝင်သွား၏။ ခဏအကြာ မှာပင် ဟင်းကူချက်ရန် သဇင်ဖြူကို လှမ်းခေါ်တော့သည်။ မြို့အုပ်ကတော် ဖြစ်မည့်သမီးကို အချက်အပြုတ်ကအစ စီမံတတ်အောင် ခုကပင်သင်ပြထားမှဟု သူကစိတ်ကူးရှိထားပုံရ၏။

✤

သူတို့ ရာဇဌာနီကို ရောက်နေကြ သည်မှာ ရာသီစက်ဝန်း တစ်ပတ်လည် လာပြန်ပြီ။ ဖလောင်းချိတ်ရှိ ဗုဒ္ဓဘာသာ ဝင်များ လှုပ်လှုပ်ရှားရှားဖြစ်လာကြ၏။ စိန်မြှောင်ဘုရားပွဲနီးလာသဖြင့် ဖြစ်၏။ မနှစ်က စိန်မြှောင်ဘုရားပွဲသွားခဲ့ကြ သည်ကို သတိရ၍ သဇင်ဖြူက ပျော် နေသည်။ ဇေယျာကျော်ထွန်းကလည်း ဘုရားပွဲလိုက်ပို့ရန် လာခဲ့မည်ဟု အရင် တစ်ပတ်က ပြောသွားသည်။ သည်နှစ် ဘုရားပွဲတွင် ဇေယျာကျော်ထွန်းက သက်ထပ်ကြရန် ပြောလိမ့်မည်ဟု ထင် ၍ ရင်ခုန်နေ၏။

သို့သော် ဇေယျာကျော်ထွန်းကား ရောက်မလာ။ ယခင်က ကိုငယ် ထွန်း ကျော်လင်း နိမိတ်ဖတ်ပြောဖူးသလို စစ် ရေးစစ်ရာကြောင့် မလာအားတာလား ထင်ရသည်။ အရပ်ဘက်အုပ်ချုပ်ရေး ဟု ဆိုသော်လည်း တကယ်စစ်ရေး စစ်ရာကြုံလာလျှင် အရပ်ဘက်ကအရာ ရှိအရာခံများမှာလည်း စစ်တပ်နောက် က စစ်သားတစ်ပိုင်းအဖြစ် လိုက်ပါကြရ သည်သာ။

မြဒါသူက ဘုရားပွဲသွားရန် သဇင် ဖြူကို အဖော်လာစပ်သည်။ သဇင်ဖြူက သူ့အမေမျက်နှာကို လှမ်းကြည့်၏။

ဒေါ်သန္တာဖြူက -

"ညဉ်းတို့အိမ်ကဘယ်လူတွေသွား ကြမှာလဲ"

"အစ်မက ကလေးငယ်သေးတော့ အမေနဲ့ အစ်မကတော့ မလိုက်နိုင်ဘူး။ ပါပါနဲ့ သမီးကတော့ ဘုရားဖူးရင်း ပွဲ မှာ ဈေးလည်းရောင်းကြမလားလို့။ စိန် မြှောင်ဘုရားပွဲမှာ ပါပါ မနှစ်ကပင် လေ့ လာကြည့်ခဲ့တာ။ ဟီလီတရိုက်တောင် ပေါ်က လူတွေပါ ရွာလုံးကျွတ်ဆင်းလာ ကြတော့ ဈေးရောင်းလို့ သိပ်ကောင်း မယ် ပြောတယ်"

"နင်တို့ဘုရားပွဲဈေးသွားရောင်းကြ တော့ မြို့ထဲကဆိုင်ကော"

"အရီးရှင်ကလည်း၊ မနှစ်က စိန်မြှောင်ဘုရားပွဲချတုန်း အရီးရှင် ဖလောင်းချိတ်ဈေး မရောက်ဘူးလို့ပါ။ မြို့ထဲက ဆိုင်ပိတ်ပြီး အကုန် ဘုရားပွဲ ဈေးသွားရောင်းကြတာ ဈေးဆို ခြောက် ကပ်သွားတာပဲ"

"နင်တို့က ဈေးရောင်းဦးမယ်ဆို တော့ ဘုရားပွဲဘာနဲ့သွားကြမှာလဲ။ နင် တို့ပစ္စည်း ဂါရီ(လှည်း)တစ်စီးနဲ့တောင် ရပ့်မလား"

"ကိုကြီးက သူ့ ဈေးဝယ်ကျ တပ် ကားနဲ့လိုက်ပို့ပေးမယ် ပြောပါတယ်"

မြဒါသူစကားကြောင့် ဒေါ်သန္တာ ဖြူက ခင်ပွန်းသည်စကားကို သတိရမိ လိုက်၏။ 'ကိုကျော်ခေါင်တို့က ရောက် တဲ့အရပ်မှာ စီးပွားရေးလုပ်တတ်တယ်။ တို့လည်း ဖလောင်းချိတ်ဈေးထဲ ဆိုင်ခန်း ဝယ်ပြီး ဈေးရောင်းကြတောင်းမလား'ဟု ယခင်က ပြောဖူးသည်။ ထိုစဉ်က သန္တာ ဖြူ အော်လိုက်သဖြင့် သူ့ယောက်ျား ဈေးရောင်းစကားကို `နောက်ထပ် မဟ တော့။

"အဘောင်ရှင်နဲ့အခင်ကြီးတို့ကော အရီး"

"လှသာထွန်းကားနဲ့ကြုံလို့ ရဇပါ ရာကို ဟိုအပတ်ကပင် လိုက်သွားကြ တယ်။ ပါပါနဲ့ ဟိုတစ်ယောက် ဟီလီတ ရိုက်ဆေးခင်းထိ သွားကြလိမ့်မယ်ထင် တယ်ကွယ့်"

"အဘောင်ရှင်တို့၊ စိန်မြှောင် ဘုရားပွဲ မသွားကြဘူးလား"

"တစ်နှစ်မှတစ်ခါချတဲ့ပွဲ ဘယ် မသွားဘဲနေကြလိမ့်မလဲ။ အရီးတို့ကို စကားမှာပါးထားပါတယ်။ သူတို့က ဖလောင်းချိတ်ကို ဆင်းမလာကြတော့ ဘူး။ ရဇပါရာက ဆွေမျိုးတွေနဲ့သွားကြ လိမ့်မယ်။ အရီးတို့ကို ဒီကအမျိုးတွေနဲ့ လိုက်လာခဲ့ကြ၊ အခင်ကြီးတို့ လျှုထား တဲ့ဇရပ်မှာပဲ တည်းကြမယ်တဲ့"

"ဒါဆို အရီးရှင်နဲ့ဖြူဖြူတို့ အကျွန် တို့နဲ့ လိုက်ခဲ့ကြပါလား။ အကျွန်တို့လည်း အမျိုးပါနေ အရီးရှင် ဟဲဟဲ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဟိုတစ် ယောက်ကလည်း မနှစ်ကလို သူ့ကား နဲ့လာပြီး လိုက်ပို့ပေးမယ်ပြောတယ်။ ဒီ အပတ်တော့ သူရောက်မလာသေးဘူး။ သူက မြို့ပိုင် ဆိုတော့ ခုတစ်လော အလုပ်များတယ်ပြောသွားတယ်။ အင် ဖာတောင်ကျတော့မလိုလို ဟိုတစ်လော ကတော့ အောင်ကျော်ဇေယျ ပြောသွား တာပဲ"

"အရီး၊ အောင်ကျော်ဇေယျ ဆို တာ"

"အောင်ကျော်ဇေယျာဆိုတာ မြို့ ပိုင်လေးနဲ့ ညီအစ်ကို ဝမ်းကွဲတွေလေ။ ဟုတ်တယ်နော် သမီး။ အရီးတို့ ရဇပါရာ နေခဲ့တုန်းက ခဏခဏလာတတ်တယ်"

"ဟုတ်ပါတယ် အမေ၊ သူတို့ညီ အစ်ကိုတွေပါ"

"ဟုတ်ပါတယ် အမေ၊ သူတို့ညီ အစ်ကိုဝ်တွေပါ"

မြဒါသူက အောင်ကျော်ဇေယျ ဆိုသူကို မသိ။ ဇေယျာကျော်ထွန်းကို သာ သဇင်ဖြူနှင့် ရည်ရွယ်ထားကြသူ မှန်း သိနေသည်။ ထို့ကြောင့် မြဒါသူက စကားထိုးမေးကြည့်ခြင်း ဖြစ်၏။

မြဒါသူ စကားထိုးမေးကြည့်တော့ မှ ဒေါ်သန္တာဖြူကလည်း သူတို့တွင်အမျိုး များကြောင်း ကြွားပြောဖြစ်တော့သည်။

"သူကလည်း မြို့ပိုင်ပဲလား အရီး ရှင်"

"သူက ကျောင်းသား၊ ဘီအေ နောက်ဆုံးနှစ်တဲ့။ ကျောင်းပြီးရင် သူ လည်း အရာရှိဖြစ်မယ့်လူနေမှာပေါ့ဟာ။ ဒီက အရီးတို့အမျိုးတွေ ပညာတတ်တွေ များပါတယ်"

"ဒါဆို ဖြူဖြူတို့ခအိုတွေကတော့ ဝိတ်တွေချည်းပဲ။ အကျွန်လည်း ဖြူဖြူ့ ဆီမှာ ခအိုတစ်ယောက် တောင်းရမယ် ထင်တယ် အရီး။ မကောင်းဘူးလား ဟဲဟဲ"

မြဒါသူက ပြောင်သလိုနောက် သလို ပြော၏။

"စိတ်ချ ကောင်မရယ်၊ နင့်ကို အောင်ကျော်ဇေယျနဲ့ ငါပြောပေးမယ်။ ထိုဓညဝတီက မိန်းကလေးတွေဆို ဒီ ဘက်ကလူတွေ သိပ်သဘောကျကြတာ ဟ မပူနဲ့ မပူနဲ့။ ငါ. . ."

သူ့အမေ စကားမဆုံးမီ သဇင်ဖြူ က တခစ်ခစ်ရယ်ပစ်လိုက်၏။ မြဒါသူက သဇင်ဖြူ ဘာကိုရယ်ပါလိမ့်ဟု သဇင်ဖြူ မျက်နှာကို လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ယောက်မကြီးက ခအို အောင်ကျော်ဇေယျကို တကယ်ယူမှာလား။ ခုလောလောဆယ်တော့ နိုင်ငံရေးမှုနဲ့ ဝရမ်းပြေးဖြစ်နေတယ်လေ ဟင်းဟင်း"

"အမယ်လေးလေး၊ အဲဒီလို ခအိုမျိုးနဲ့တော့ မလုပ်လိုက်ပါနဲ့ အရီးရှင်။ တစ်ပြည်တစ်ရွာမှာ အကျွန် ထောင်စာလည်း လိုက်မတွေ့တတ်ပါဘူး ဟဲဟဲ"

မြဒါသူ ပခုံးတွန့်ပြောသည်ကို သုံးယောက်သား ရယ်လိုက်၏။

"ကဲ-အရီးရှင်၊ ပါပါကလည်း စိန်မြှောင်ဘုရားပွဲမှာ ဈေးရောင်းချင်တယ်ဆိုတော့ ပစ္စည်းတွေ သိမ်းရဆည်းရဦးမှာမို့ ပြန်လိုက်ပါဦးမယ်။ တကယ်လို့ ဖြူဖြူလူ အဲ့ မြို့ပိုင်လေးမလာရင်တော့ အကျွန်တို့နဲ့ လိုက်ခဲ့ကြပါနော်။ ကိုယ့်ရွာကိုယ့်ပြည်က လူချင်းဆို ပိုမကောင်းဘူးလားနော် အရီးရှင်"

"အေးပါ၊ အေးပါ"

မြဒါသူက နှုတ်ဆက်ပြီး ပြန်သွားသည်။

နောက်တစ်ရက်မှာပင် ဖလောင်းချိတ်ဂါတ်က ရဲသားတစ်ယောက် စာတစ်စောင် လာပေး၏။

ဇေယျာကျော်ထွန်းဆီကစာ။

စစ်တကောင်း အရေးပိုင်ကြီးက အရေးပေါ်ခေါ်သဖြင့် သူစစ်တကောင်းကို လိုက်သွားရသည်။ စိန်မြှောင်ဘုရားပွဲအမီ ပြန်ရောက်နိုင်မည် မဟုတ်ပါ။ အရီးရှင်တို့ ဖလောင်းချိတ်က အမျိုးတွေနှင့်သာ စိန်မြှောင်ဘုရားပွဲကို လိုက်သွားကြပါ။ စစ်တကောင်းက အပြန်မှာဝင်လာခဲ့ပါမည်။

ဇေယျာကျော်ထွန်းစာမှာ ဤမျှသာ ပါသည်။ ကမန်းကတန်း ရေးပေးလိုက်ပုံရ၏။

ထို့ကြောင့် စိန်မြှောင်ဘုရားပွဲကို ဒေါ်သန္တာဖြူနှင့် သဇင်ဖြူတို့က ဦးကျော်ခေါင်တို့သားအဖကားနှင့် လိုက်ဖြစ်သွားကြသည်။

✤

အောင်ကျော်ဦးသည် ဒေါ်သန္တာဖြူ၏ပြောပြချက်အရ ဘဒ်ရာဘင် (ရွာတော်) က ဗိုလ်မင်းအမျိုးတွေ လှူဒါန်းထားသော တန်ဆောင်းနားရှိ ဇရပ်ရှေ့ကို လိုက်ပို့ပေး၏။ ဤဇရပ်မှာ ရဇပါရာနှင့် သော်ဒလီပါရာက ဒေါ်သန္တာဖြူတို့အမျိုးတွေ လှူဒါန်း ဆောက်လုပ်ထားသောဇရပ် ဖြစ်သည်။ ဇရပ်ထဲတွင် ဒေါ်သန္တာဖြူ၏အမေ ဒေါ်ကြာဦးဖြူနှင့် ရဇပါရာမှ ဆွေမျိုးများကို တွေ့ရသည်။ ဦးအောင်တိုင်နှင့် ဦးသာ်ကျော်တို့ကတော့ ဟီလီတရိုက်ဆေးဥယျာဉ်ထဲကို ရောက်နေကြသဖြင့် သော်ဒလီပါရာက ဆွေမျိုးများနှင့် မနက်ဖြန်မှ လိုက်လာကြလိမ့်မည်ဖြစ်ကြောင်း ဒေါ်ကြာဦးဖြူက သမီးနှင့် မြေးမကို ပြောပြသည်။

အောင်ကျော်ဦး စစ်ကားနှင့် လာပို့ သွားသည်ကို မြင်ကြရသော ဆွေမျိုးများက အင်္ဂလိပ်စစ်တပ်က ဗိုလ်ကြီးလား၊ ဗိုလ်မှူးလားဟု အထင်တကြီးမေးကြ၏။ ဒေါ်သန္တာဖြူက တပ်ရိက္ခာအဝယ်တော်ဖြစ်ကြောင်း၊ ကမ်းလွန်သာက တစ်မြို့တည်းသား အသိဖြစ်ကြောင်း လောက်သာ ဆွေမျိုးများကို ပြောပြ၏။ ဦးကျော်ခေါင်နှင့် ဒေါ်သန္တာဖြူတို့မှာ ခမည်းခမက်တော်ကြကြောင်းကိုတော့ ဆွေမျိုးများကို နှုတ်မဟသေးပေ။

ဦးကျော်ခေါင်၊ အောင်ကျော်ဦး၊ မြဒါသူတို့မှာ ဘုရားပွဲတွင် ဈေးရောင်းကြရဦးမည်ဖြစ်ကြောင်း အားလုံးကို နှုတ်ဆက်ပြီး ဈေးတန်းချထားသောဘက်ကို ထွက်သွားကြသည်။ ဒေါ်ကြာဦးဖြူကမူ သူ့ညီမဝမ်းကွဲ မိသားစု၏မနက်အရုဏ်ဆွမ်းကျွေးအတွက် လုပ်ကိုင်နေကြသော ဆွေမျိုးများထဲတွင် စကားအလွမ်းပြော၍ ကျန်နေခဲ့သည်။

ဒေါ်သန္တာဖြူတို့ကို မြင်သည်နှင့် မြဒါသူက -

"လာ - အရီးရှင်၊ ထိုင်ကြပါဦး"

ဟု ဆို၏။

ဒေါ်သန္တာဖြူတို့ သမီးအမိနှစ်ယောက်က ခဏဝင်ထိုင်ကြသည်။

ဘုရားပွဲမှာ မနက်ဖြန်မှ ပွဲဝင်အစနေ့ ဖြစ်သော်လည်း အကြိုနေ့ကပင် ရပ်ဝေး၊ ရပ်နီး ဟီလီတရိုက်တောင်ပေါ် သားတွေနှင့် စည်းကားနေပြီ။ ဈေးသည်များမှာလည်း ဤနေ့ကပင် ဈေးရောင်းနေ



ကြရပြီ။

"အမေ မနှစ်က ဟိုဘက်ထော[...] မှာ ပင့်ကူအက အကြိုပွဲကပြနေ[...] ဘွားဘွားနဲ့ သမီးတို့သွားကြည့်ဖူးတ[...] သမီးတို့ဆီမှာ ပင့်ကူအကမရှိတော့[...] သွားကြည့်ကြမလား။ ပင့်ကူဘုရင်[...] က ရန်သူတွေကို မာန်ဖီပြနေတာ [...] ကြည့်ကောင်းတယ်။ သွားကြည့်[...] အောင်"

အောင်ကျော်ဦးတို့ဆိုင်တွင် ခ[...] ဝင်ထိုင်နေကြရင်း သဇင်ဖြူက သူ့အ[...] ကိုပြော၏။

အမှန်မှာ ဘွားဘွားတို့နဲ့ဟု [...] သော်လည်း မနှစ်က ဇေယျာကျော်[...] ပါသည်ကို သတိရ၍ သဇင်ဖြူက [...] ခြင်း ဖြစ်သည်။

"အေးအေး = သွားကြည့်ကြ[...] ပေါ့။ သမီးတို့ခေတ်မှာသာ လာမ[...] တော့တာ၊ မေမေတို့ငယ်ငယ်တုန်း[...] စပါးပေါ်ချိန်မှာ အနောက်သား[...] လာလာပြီး ရွာစဉ်ဆောင်လှည့်က[...] တာ"

မြဒါသူက သူ့အဖေမျက်နှာ[...] တစ်ချက်ကြည့်ပြီး -

"အရီးရှင်တို့နဲ့ အကျွန်လ[...] ပင့်ကူအကကြည့်ဖို့ လိုက်သွားလိုက်[...] နော် ပါပါ"

သူ့အဖေ ဦးကျော်ခေါင်က ဘာ[...] ပြန်မပြောမိ။

အောင်ကျော်ဦးက -

"လိုက်သွားပေါ့၊ ဈေးက လူလ[...] သိပ်မကျသေးပါဘူး။ ပါပါနဲ့ငါရှိတာ[...]"

ဟု ဝင်ပြောလိုက်၏။

ထို့ကြောင့် သူတို့ပင့်ကူအက[...] ပွဲကြည့်ရန် ထွက်လာကြသည်။ ဦးကျော်[...] ခေါင်နှင့် အောင်ကျော်ဦးတို့က[...] အောက်လင်းဓာတ်မီးတထိန်ထိန်[...] ဈေးတန်းတွင် ကျန်နေခဲ့ကြ၏။

ဒေါ်သန္တာဖြူတို့ ပင့်ကူအက[...] ကြည့်နေကြစဉ် နာရီဝက်ပင် မ[...] လိုက်။

"ဟေးဟေး . . . လေယာဉ်[...] လာတယ်ဗျို့၊ လေယာဉ်ပျံလာတ[...] အားလုံးမီးမှိတ်ကြ၊ မီးမှိတ်ကြ။ မီးမြ[...] ပုံးချလိမ့်မယ်။ စက်သေနတ်နဲ့ပစ်[...] မယ်။ မြန်မြန်မီးမှိတ်ကြ၊ မြန်မြန်မီး[...] ကြပါဗျို့"

အဆင့်ဆင့် သတိပေး အော်[...] လိုက်ကြသံတွေ ပွဲခင်းတစ်ခွင်လုံး [...] လောရိုက်သွား၏။ ကြောက်လန့်တ[...] နှင့် အားလုံးမီးမှိတ်ကြရာ အမေ[...]



www.burmeseclassic.com

www.burmeseclassic.com

တွင် ပြေးကြလွှားကြ၊ အော်ဟစ်ကြနှင့် ဝရုန်းသုံးကားဖြစ်ကုန်ကြတော့၏။

"မဆူကြပါနဲ့၊ မအော်ကြပါနဲ့။ အောက်ကလူသံကြားရင် လေယာဉ်ပျံက ဗုံးချလိမ့်မယ်။ တိတ်တိတ်နေကြပါ၊ တိတ်နေကြပါ"

ပွဲကြီးကြပ်သူတွေဟုထင်ရသူတွေက မည်သို့သတိပေးအော်ဟစ်ပြောဆိုနေကြသော်လည်း မီးခွက်၊ မီးတိုင်၊ ဖယောင်းတိုင်၊ မီးအိမ်၊ မှန်အိမ်၊ လက်ဆွဲဓာတ်မီး၊ အောက်လင်းဓာတ်မီးများငြိမ်းသွားသော်လည်း လူအော်သံတွေနှင့် လေယာဉ်ပျံသံကတော့ ပို၍ ဆူညံလာသည်။

ဒေါ်သန္တာဖြူနှင့် သဇင်ဖြူ မြဒါသူတို့မှာ အမှောင်ထဲတွင် လူချင်းကွဲသွားကြမှာစိုး၍ လက်ချင်းကိုင်ဆွဲပြေးလာကြရ၏။ သူတို့က လူတွေကို ဝင်တိုးဝင်တိုက်၍ အနီးဆုံး ဦးကျော်ခေါင်တို့ရှိရာကို မှန်းပြီးပြေးလာကြသလို သူတို့ကိုလည်း နောက်ပြေးလွှားလာသူတွေက အမှောင်ထဲတွင် ခဏခဏဝင်တိုက်တိုးသွားကြသည်။

ကလေးတချို့ လန့်ငိုကြသံနှင့်အတူ ဒေါ်သန္တာဖြူက ဆိုင်ခန်းအစွန်တစ်ခုနှင့်တိုးမိပြီးလဲကျသွားရာ သုံးယောက်စလုံးမှာ တစ်ယောက်ပေါ်တစ်ယောက် တင်လဲဖိမိကြတော့၏။ ထထဟု ပြောပြီး ဒေါ်သန္တာဖြူနှင့် မြဒါသူတို့က ကမန်းကတန်းပြန်ထလိုက်သောအခါ သဇင်ဖြူက အမေ့ဟု အသံထွက်သွားပြီး ပြန်မထနိုင်တော့။

"ဟင် - သမီးဘယ်လိုဖြစ်သွားတာလဲ"

"ဖြူဖြူဘာယ်လိုဖြစ်သွားလဲ"

"ခြေထောက်လိမ်သွားတယ်ထင်တယ် အမေရယ်၊ သမီးခြေထောက် ကျွတ် ကျွတ် နာလိုက်တာ"

"ဒုက္ခပဲ၊ အရေးထဲ သမီးထကြည့်စမ်းပါ"

ဒေါ်သန္တာဖြူနှင့် မြဒါသူတို့က သဇင်ဖြူကို တစ်ယောက်တစ်ဖက် ချိုင်းက မ,လိုက်ကြ၏။

ထိုအချိန်မှာပင် -

"ဂျပန်လေယာဉ်ပျံမဟုတ်ဘူးတဲ့ဗျို့၊ သခင်ကြီးတို့က ပွဲကိုအပေါ်ကပတ်လာကြည့်တာတဲ့။ မီးပြန်ထွန်းကြ၊ မီးပြန်ထွန်းကြပါ"

ထိုသို့အော်သံပြောသံတွေကြောင့် ဆိုင်ခန်းတွေ၊ ဈေးတန်းတွေက မီးပြန်လင်းလာပြန်၏။

"အမေနဲ့ မြဒါသူကို ဖက်ထားသမီး။ ဘယ်ခြေထောက်လဲဟင်"

"ဒီဘက် အမေ၊ ညာဘက်ခြေထောက်"

"အမေတို့ တွဲထားမယ်လေ၊ လျှောက်ကြည့်စမ်း"

"သိပ်နာတယ် အမေ၊ ကျွတ် ကျွတ် ဟင်း. . ."

သဇင်ဖြူ၏ သက်မချ နာခေါင်းသံလေးက ဒေါ်သန္တာဖြူပါးကို လာဟပ်သွားသည်။

"ကဲ - လာလာ သမီး၊ အမေနဲ့ မြဒါသူက လက်ပွေ့ယှက်ပွေ့ယူမယ်"

ပြောပြောဆိုဆိုနှင့်ပင် သဇင်ဖြူကို ဒေါ်သန္တာဖြူနှင့် မြဒါသူတို့က လက်ယှက်ပွေ့ပိုက်ပြီး ဦးကျော်ခေါင်တို့ ဈေးရောင်းနေရာကိုခေါ်လာကြသည်။ စောစောကပင် မီးပြန်ထွန်းကြရပြီဖြစ်၍ တစ်ကွင်းလုံး ထိန်ထိန်လင်းနေရာ သဇင်ဖြူကိုပွေ့ယူလာကြသည်ကို မြင်သောအခါ ဦးကျော်ခေါင်နှင့် အောင်ကျော်ဦးတို့မှာလည်း အံ့ဩတကြီးဖြစ်သွားကြသည်။

"ဟင် - သန္တာ၊ ဖြူဖြူဘာဖြစ်လာလို့လဲဟင်"

"ဖြစ်တာကတော့ လေယာဉ်ပျံလာတယ်၊ မီးမှိတ်ကြ ဆိုတော့ ပင့်ကူအကကြည့်နေကြတဲ့ အကျွန်တို့လည်း အများနည်းတူ တိုးဝှေ့ပြေးကြရင်း အကျွန်လဲကျတော့ လက်ဆွဲပြေးလာကြတဲ့ သုံးယောက်စလုံး လဲကျတယ်။ အဲဒါပြန်ထတော့ သမီးခြေမျက်စိမျက်သွားတာလား၊သပွတ်တိုင်လည်သွားတာလား ကြည့်ကြပါဦး"

ကြည့်ကြတော့ ခြေမျက်စိအထက်တွင် ချက်ချင်းရောင်ကိုင်းလာ၏။

ဒေါ်သန္တာဖြူက ကိုင်ကြည့်တော့ သဇင်ဖြူက နာကျင်လွန်းသဖြင့် စုတ်တသပ်သပ်နှင့် မျက်ရည်ပိုးပိုးပေါက်ပေါက်ကျနေ၏။ တစစ်စစ်လည်းကိုက်လာသည်ဆို၏။

"အရီးရှင်၊ ဒီအတိုင်းထားလို့မဖြစ်ဘူး။ ကျွန်တော်တပ်ကကား ပြန်မပို့မိသေးတာ တော်ပါသေးရဲ့။ ဒီမှာ ကျွန်တော်ရိက္ခာပို့နေကျတပ်ရှိတယ်။ အဲဒီမှာ ဆေးရုံလည်းရှိတယ်။ ခုချက်ချင်း ဖြူဖြူကို ဆေးရုံပို့မှဖြစ်မယ်။ အရီးရှင်လည်း လိုက်ခဲ့၊ ကဲ - လုပ်လုပ်"

"ကိုကြီး၊ သူသူလည်း လိုက်မယ်လေ"

"ဟဲ့ - နင်လိုက်လို့ဘယ်ဖြစ်မလဲ။ နင်က အဘောင်ရှင်တို့ကို သွားပြောထားလိုက်၊ ဟိုကစိုးရိမ်နေကြလိမ့်မယ်။ ခုချက်ချင်းသွားပြောထားလိုက်"

မြဒါသူက သူလည်းလိုက်မည် ပြောသဖြင့် အောင်ကျော်ဦးက ဒေါ်ကြာဦးဖြူတို့ စိုးရိမ်နေကြမှာစိုး၍ သူနှမကို အကျိုးအကြောင်း ပြောခိုင်းလိုက်ပြီး ဒေါ်သန္တာဖြူနှင့် သဇင်ဖြူတို့ကို တပ်ဆေးရုံသို့ ခေါ်လာလေသည်။

အောင်ကျော်ဦးမှာ တပ်အတွက် ရိက္ခာပို့နေကြသူများ ဖြစ်သည့်အပြင် ယခင်ကလည်း ဆေးထိုး၊ ဆေးသောက်၊ ဆေးတောင်းနေကျသူဖြစ်ရာ ဆရာဝန်၊ သူနာပြုတွေနှင့်လည်း သိကျွမ်းနေသူဖြစ်၏။ဆေးရုံရှေ့တွင် ကားထိုးရပ်ပြီး သဇင်ဖြူကို ဒေါ်သန္တာဖြူနှင့် အောင်ကျော်ဦးတို့က တစ်ယောက်တစ်ဖက် တွဲချီပွေ့ချကြ၏။ အောင်ကျော်ဦးက သူညီမဖြစ်ကြောင်း ပြောပြတော့ အင်္ဂလိပ်ဗိုလ်ကြီးဆရာဝန်နှင့် သူနာပြုဆရာမတွေကလည်း ပျာပျာသလဲ ဂရုတစိုက်ရှိကြ၏။ သဇင်ဖြူကို ချက်ချင်းပင် ဆေးထိုး၊ ဆေးတိုက်၊ ပတ်တီးစည်းပေးကြ၏။

"ညီမလေး နာသေးလား"

"သိပ်မနာတော့ဘူး ဆရာမ၊ စစ်စစ်စစ်စစ်နဲ့တော့ ကိုက်သေးတယ်"

"ကိုအောင်ကျော်ဦး၊ ညတော့ ဓာတ်မှန်သမားမရှိလို့ပါနော်။ မနက်ကျမှ ဓာတ်မှန်ရိုက်ကြည့်ကြတာပေါ့။ ဗိုလ်ကြီးကလည်း ဓာတ်မှန်ရိုက်ဖို့ ညွှန်ကြားထားပါတယ်။ ညီမလေးကလည်း နည်းနည်းကိုက်သလိုတွေ့သေးတယ်ဆိုတော့ ဓာတ်မှန်ရိုက်ကြည့်တာ ပိုကောင်းပါတယ်။ ပိုစိတ်ချရအောင်လို့ပါ"

"ဟုတ် ဟုတ်ကဲ့ပါ၊ ကျေးဇူးပါပဲ"

"ဒါဆို ကျွန်မ လူနာအတွက် နေရာသွားလုပ်လိုက်မယ်နော်"

"ဟင် - ဆရာမ၊ သမီးကို ဆေးရုံမှာထားခဲ့ရမယ်"

"အန်တီပါ ညီမလေးနဲ့အတူ နေလို့ရပါတယ်။ ကျွန်မ ဗိုလ်ကြီးကို ပြောပြပါ့မယ်။ လူနာက ခြေထောက်မထောက်နိုင်သေးတော့ ဆေးရုံမှာပဲနေတာ ပိုမကောင်းဘူးလား။ အန်တီ့အတွက်ရော ညီမလေးအတွက်ပါ ကျွန်မတို့ တပ်ဆေးရုံက အားလုံးစီစဉ်ပေးပါ့မယ်။ အစားအသောက်ကအစ ဆေးရုံမှာ ဘာမှမပူရပါဘူး။ ခုအတော်ကြာရင် လူနာအတွက် နို့နဲ့ပေါင်မုန့်တောင်လာတော့မှာပါ"

"ဆေးရုံမှာတော့ ဖြူဖြူနဲ့အရီးရှင်တို့ မနေချင်ဘူးကွယ်။ အမေကလည်း အဲ - ဆွေမျိုးတွေပါ ဆေးရုံတောင်တက်



www.burmeseclassic.com

www.burmeseclassic.com

နေရတယ်ဆိုတော့ သိပ်စိုးရိမ်နေပါလိမ့်မယ်။ အဲဒါ ဆရာမ ဗိုလ်ကြီးကို ပြောပေးပါဦး။ ပွဲထဲမှာ ရုတ်တရက်ဖြစ်လာကြတော့ အိမ်ကလူတွေကိုလည်း ဘာမှမပြောခဲ့ကြရလို့ပါ"

"ဟုတ်ပါတယ် ဆရာမ၊ ဖြစ်ဖြစ်ချင်း ပွဲထဲက ခေါ်လာရတာပါ။ သူ့အဘွားက အသက်ကြီးပြီး သိပ်ပူတတ်လို့ပါ။ ဓာတ်မှန်ရိုက်ရမယ်ဆိုလည်း မနက်ဖြန် စောစော ကျွန်တော် လာပို့ပေးပါ့မယ်"

"ဒါဆို ခဏနော်"

ဆရာမက ဗိုလ်ကြီးအခန်းထဲဝင်သွားသည်။ ပြန်ထွက်လာတော့ -

"ရပါတယ်တဲ့၊ သိပ်လည်းမစိုးရိမ်ရပါဘူး ပြောတယ်"

"ဟုတ်ကဲ့၊ ကျေးဇူးပဲ ဆရာမသိုင်းကျူးနော်။ ကဲ - ဒါဆို ကျွန်တော်တို့ ပြန်ပါဦးမယ်။ သူ့အဘွားက သိပ်စိုးရိမ်နေမှာစိုးလို့ပါ"

အောင်ကျော်ဦးက ဒေါ်သန္တာဖြူနှင့် သဇင်ဖြူတို့ကို ဒေါ်ကြာဦးဖြူတို့ တည်းခိုနေကြသော ဇရပ်ပေါ်ပို့ထားခဲ့ပြီး မနက်ဖြန် စောစောက ဓာတ်မှန်ရိုက်ကြည့်ရဦးမည်ပြောပြီး ပြန်သွားလေသည်။

တပ်ဆေးရုံက ချိန်းလိုက်သည့်အတိုင်း သဇင်ဖြူကို ဓာတ်မှန်ရိုက်ရန် နောက်တစ်နေ့မနက်မှာ အောင်ကျော်ဦး တပ်မှကားနှင့်သွားခေါ်သည်။ ဓာတ်မှန်ရိုက်ပြီး သဇင်ဖြူနှင့် ဒေါ်သန္တာဖြူတို့ကို လိုက်ပို့၏။ သဇင်ဖြူ့အဘိုး ဦးအောင်တိုင်နှင့် သဇင်ဖြူ့အဖေ ဦးသန်းကျော်တို့လည်း သော်ဒလီပါရာက ဆွေမျိုးများနှင့် ရောက်နေကြပြီ။

မိသားစုအားလုံးက အောင်ကျော်ဦးကို ကျေးဇူးတင်ကြောင်း ပြောကြ၏။ အောင်ကျော်ဦးမှာ တပ်အတွက် ရိက္ခာအဝယ်သွားရဦးမည် ဖြစ်သဖြင့် အားလုံးကို နှုတ်ဆက်ပြီး ပြန်သွားသည်။ အောင်ကျော်ဦး ပြန်သွားပြီးသည်အထိ အောင်ကျော်ဦးကို ကျေးဇူးတင်စကား ပြောပြီး ကျန်နေခဲ့ကြသည်။

ပွဲနောက်ဆုံးနေ့မှာလည်း သဇင်ဖြူကို ဆေးရုံတစ်ခါထပ်ပြကြသည်။ အောင်ကျော်ဦးပင် တပ်က ကားနှင့် လိုက်ပို့ပေး၏။ အရောင်မကျသေးသော်လည်း သဇင်ဖြူမှာ လူကူစရာမလိုဘဲ ထော့နင်းထော့နင်းနှင့် လျှောက်နိုင်ပြီ။

ဓာတ်မှန်ရိုက်ထားသည့်ကိစ္စ မေးကြသောအခါ ထိုနေ့ကရိုက်သောဓာတ်မှန်ပျက်သွားသည်။ ဆေးရုံမှာ ယာယီဆေးရုံဖြစ်သဖြင့် မီးစက်ကြောင့်ဟု အောင်ကျော်ဦးက ပြော၏။ မသက်သာမှ နောက်တစ်ခါ ဆေးရုံလာပြရင်း ထပ်ရိုက်ကြည့်ရန် အင်္ဂလိပ်ဗိုလ်ကြီးက မှာလိုက်ကြောင်း အောင်ကျော်ဦးက မိသားစုနှင့် ဆွေမျိုးများကို ပြောပြီး ပြန်သွား၏။ ပွဲတော်ရက်လည်း ပြီးသွားပြီဖြစ်သဖြင့် ဖလောင်းချိတ်ကို ပြန်လာကြသည်။

သဇင်ဖြူ၏ခြေထောက်ကလည်း သက်သာသွားပြီဖြစ်သဖြင့် ဦးအောင်တိုင်နှင့် ဦးသန်းကျော်တို့က ပရဆေးခင်း ဥယျာဉ်များရှိရာ ဟီလီတရိုက်သို့ နောက်တစ်နေ့မှာ ပြန်သွားကြ၏။ တေဇာကျော်ထွန်း ထားပေးသော ဖလောင်းချိတ်က ဘင်ဂလိုတွင် ဒေါ်ကြာဦးဖြူ ဒေါ်သန္တာဖြူနှင့် သဇင်ဖြူတို့သာ ကျန်နေခဲ့ကြသည်။

ဒေါ်ကြာဦးဖြူမှာ ဖလောင်းချိတ်ကို ရောက်သည်နှင့် မြို့ကဆွေမျိုးများဆီ နေ့ခင်းနေ့လယ်မှာ နေ့စဉ်လိုလိုသွားနေတတ်၏။ ဒေါ်ကြာဦးဖြူသွားတော့ သဇင်ဖြူတို့သမီးအမိလည်း ဆွေမျိုးတွေဆီ ရောက်တတ်ကြသည်။ ခြေထောက်ကလည်း သက်သာနေပြီဖြစ်သဖြင့် လူကြီးတွေကြားထဲ အနေပျင်းသော သဇင်ဖြူကတော့ မြဒါသူတို့ ဈေးထဲကဆိုင်ကိုသာ အရောက်အပေါက်များသည်။

တစ်နေ့ညနေ ဈေးသိမ်းခါနီးတွင် မြဒါသူတို့သမီးအဖနှင့် သဇင်ဖြူတို့ ဈေးရောင်းနေရာကို အောင်ကျော်ဦး တပ်ကကားနှင့် ရောက်လာ၏။ ခရီးရောက်မဆိုက်ပင် -

"ဖြူဖြူ ဒီနေ့ ဆေးရုံလာပြဖို့ ချိန်းရက်လေ။ ဘင်ဂလိုမှာ ဘယ်သူမှမရှိလို့ ပြန်လာတော့ ဖြူဖြူတို့အမျိုး ဒေါ်မွေးသူမေက အရီးရှင်တို့ သဲတန်းက လှသာဦးတို့အိမ်မှာပြောလို့ အရီးရှင်နဲ့အဘောင်ရှင်ကိုလည်း သွားခေါ်ရဦးမယ်။ လာလာ၊ အင်္ဂလိပ်ဗိုလ်ဆရာဝန်က သူတို့ချိန်းရက် မှန်မှန်ကန်ကန်လာမှ၊ မဟုတ်ရင် စိတ်ဆိုးတတ်တယ်။ လာလာ -အရီးရှင်တို့ကိုပါ သွားခေါ်ရအောင်"

အောင်ကျော်ဦးက ပြောသဖြင့် သဇင်ဖြူလည်း ဆေးရုံသွားကြရန် ကားပေါ်တက်လိုက်လာသည်။

✤

"အရီးရှင်နဲ့ သန္တာတို့ ထမင်းစားကြတော့မလား။ ဖြူဖြူကို အကျွန်ုပ်သွားအခေါ် လွှတ်လိုက်ရမလား"

အေးမြနုက ဒေါ်ကြာဦးဖြူနှင့် ဒေါ်သန္တာဖြူတို့ကို ထမင်းစားကြတော့မလားဟု မေး၏။

ဒေါ်သန္တာဖြူက-

"မလွှတ်နဲ့၊ သမီးက သူ့ယောက် သူသူတို့အိမ်မှာ စားလိမ့်မယ်။ အပြန် သူသူတို့အိမ်ဘက်ကလှည့်ပြန်ရမှာပဲ"

အေးမြနုအိမ်က ညနေစာထမင်း စားပြီး ဒေါ်ကြာဦးဖြူနှင့် ဒေါ်သန္တာဖြူ တို့က သဇင်ဖြူကို ဝင်ခေါ်ရန် ဦးကျော် ခေါင်၊ ဒေါ်ရွှေအိမ်သူတို့အိမ်ကို ရောက် လာကြသည်။

ဈေးသိမ်းလာကြပြီ ဖြစ်သ ဦးကျော်ခေါင်တို့မိသားစုကို အစုံအလင် တွေ့ရသည်။ လှဒါသူက ထွန်းကျော် လင်း(ကိုငယ်)ကလေးကို ရင်ခွင်ပိုက် နို့တိုက်နေ၏။

"အဘောင်ရှင်တို့၊ ဒီကထမင်း သွားကြပါလား။ ဖြူဖြူကော ဆေးရုံ ပြန်ရောက်ပလား။ ဆရာဝန်က ပြောလဲ။ ဓာတ်မှန်ပြန်ရိုက်ဖို့ လို လား"

မြဒါသူစကားကြောင့် ဒေါ်ကြာ ဦးဖြူနှင့် ဒေါ်သန္တာဖြူတို့မှာ နား ဖြစ်သွားကြသည်။

"ဟဲ့-မြဒါသူ၊ ဖြူဖြူကဆေးရုံ လို့လား၊ ဘယ်တုံးကသွားတာလဲ တို့လည်း မသိရပါလား။ နင်တို့ဆီ တစ်နေ့လုံးရှိနေတာမဟုတ်လား"

"ဟော့တော်၊ ကိုကြီးပြော ဖြူဖြူကိုဆေးရုံထပ်ပြရဦးမှာမို့ အ ရှင်၊ အရီးရှင်တို့ ဘင်ဂလိုကို တယ်တဲ့။ မတွေ့တော့ အကျွန်ုပ်တို့ မှာ ရှိကြလိမ့်မယ်ထင်ပြီး ပြန်လာ လမ်းမှာ မမွေးသူမေနဲ့တွေ့လို့ နှုတ်ဆ တော့ မမွေးသူမေက အဘောင် အရီးရှင်တို့ကို မစောနုတို့အိမ်မှာ တယ်ပြောတော့ ဖြူဖြူလည်း မ တို့အိမ်မှာရှိမယ်ထင်လို့ လမ်းမ တိုင်းလာတာ ဖြူဖြူကို အကျွန်ုပ် မှာတွေ့တော့ ကိုကြီးက ဖြူဖြူကို တည်းခေါ်ပြီး အဘောင်ရှင်၊ အ တို့ကို ဝင်ခေါ်ရအောင်ဆိုပြီး ဖြူ ခေါ်သွားတာပဲ။ ကိုကြီး ဖြူဖြူ ခေါ်တုန်းက ပါပါလည်းရှိနေတာ"

"ဟုတ်ပါတယ် အရီးရှင် တော့်ရှေ့မှာတင် ဖြူဖြူကို ဆေး ပြရမယ်ဆိုပြီး သားကခေါ်သွား ဒီလိုဖြစ်ပါလိမ့်မယ်။ မနက်မှာ သူက တပ်အတွက် မနက်ပိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

င်ခေတွလိုက်ဝယ်ပေးနေရတော့ ညပိုင်းမှာမှ အားတာနဲ့ လာခေါ်တာ ဖြစ်ပါလိမ့်မယ်။ အရီးရှင်တို့ကို မစောနုတို့အိမ်မှာ တွေ့ခဲ့တယ်လို့ မွေးသူမေကပြောတော့ အရီးရှင်တို့နဲ့ မစောနုတို့အိမ်ကို သွားကြပါလိမ့်မယ်။ လမ်းမှာလွဲကြတာလား သန္တာရယ်"

သူ့သမီး မြဒါသူ၏စကားကို သူ့အဖေ ဦးကျော်ခေါင်ကလည်း ထင်မြင်ချက်ပေး၏။

"ငါတို့က မစောနုတို့အိမ်မှာ မဟုတ်ဘူးလေ။ အေးမြနုတို့အိမ်မှာ တစ်နေ့လုံးရှိ. . ."

"အဲဒါကြောင့် အရီးရှင်တို့နဲ့လွဲပြီး အချိန်လည်း မရတော့တာနဲ့များ ဆေးရုံကိုတန်းသွားကြတာလားနော်"

"ဟုတ်ချင်ဟုတ်မယ်ပါပါ။ ကိုကြီးတာ ဖြူဖြူကို အင်္ဂလိပ်ဗိုလ်ကြီး ဆရာဝန်က သူချိန်းတဲ့နေ့မလာရင် ဗိုလ်ကြီးက စိတ်ဆိုးတတ်တယ်လို့ ဖြူဖြူကိုပြောတာ ကြားလိုက်ရတာပဲ"

"ဆေးရုံကိုသွားကြတယ်ဆိုလည်း ခုလောက်ဆို ပြန်ရောက်ကြဖို့ ကောင်းပြီပဲ။ မိုးပဲချုပ်တော့မယ်လေ။ ဆေးရုံကိုလိုက်သွားကြည့်ကြမှဖြစ်တော့မယ်ထင်တယ်။ ဘယ်လိုများဖြစ်လို့လဲဆိုတာ"

"ဟုတ်ကဲ့ပါ အရီးရှင်၊ ခုသွားကြတာပေါ့"

ချက်ချင်းပင် ဒေါက်ကလပ်နှစ်စီးခေါ်ပြီး ဆေးရုံကိုလိုက်လာကြ၏။

ဂိတ်ဝကိုရောက်တော့ အရေးပေါ်လူနာကလွဲပြီး တပ်ဆေးရုံကို ခုလိုအချိန်မှာ ဘယ်သူမှဝင်ခွင့်မရှိဘူးဟု အစောင့်အာရ်ပီက ဟန့်တားထားသည်။ ဦးကျော်ခေါင်က တပ်ကို ရိက္ခာဝယ်ပို့နေသော အောင်ကျော်ဦး၏ အဖေဖြစ်ကြောင်း၊ အခု ဤအမျိုးသမီးနှစ်ယောက်မှာ လူမမာ၏ အမေနှင့် အဘွား ဖြစ်ကြောင်း ပြောပြသည်။ သို့သော် အာရ်ပီက ဤအချိန်သည် လူနာကြည့်ချိန်လွန်သွားပြီဖြစ်၍ မနက်မှလာကြည့်ကြပါဟုဆို၏။

ဦးကျော်ခေါင်က အောင်ကျော်ဦး တပ်ဆေးရုံကို လူမမာလာပို့တာ မြင်လိုက်လားဟု မေးပြန်၏။ သူက ခုမှ ဂျူတီဝင်တာမို့ မသိ။ အောင်ကျော်ဦးမှာ ရိက္ခာအဝယ်တော် ဆိုလျှင် ရိက္ခာတာ ရဲဘော်တွေပဲ သိမည်။ သူကတော့ အောင်ကျော်ဦးကို မသိဟု အစောင့်အာရ်ပီကုလားအကြပ်ကြီးက ပြော၏။

ဘယ်လိုမှ ပြောမရသဖြင့် သူတို့ပြန်လာကြသည်။ အချိန်မှာ မိုးချုပ်နေပြီဖြစ်သဖြင့် ဦးကျော်ခေါင်က ဒေါ်ကြာဦးဖြူနှင့် ဒေါ်သန္တာဖြူတို့ကို ဘင်ဂလိုလိုက်ပို့ထားခဲ့၏။ ပြန်ခါနီးတွင် ဦးကျော်ခေါင်က -

"သိပ်လည်းမစိုးရိမ်ကြပါနဲ့ အရီးရှင်။ မကြာခင်ပြန်ရောက်လာချင်လည်း ပြန်ရောက်လာကြပါလိမ့်မယ်။ ဖြူဖြူ ခြတ်မှန်ကလည်း အရင်ရိုက်ထားတာ ပျက်သွားတယ် ဆိုတော့ ခြတ်မှန်များ ထပ်ရိုက်နေလို့ ကြာနေကြတာလားမှ မသိတာ"

ဟု နှစ်သိမ့်စကားပြောပြီး ပြန်သွား၏။

ဒေါ်ကြာဦးဖြူနှင့်ဒေါ်သန္တာဖြူတို့ ဘင်ဂလိုတံခါးဖွင့်နေကြချိန်မှာပင် သူတို့ဘင်ဂလိုနှင့် အနီးဆုံးဘင်ဂလိုမှ တရားရုံးရှေ့ဖတ်စာရေးကတော် ရော်ဒရီမာက စာတစ်စောင် လာပေး၏။

"ဘယ်သူလာပေးတာလဲ"

မေးတော့ -

"စောစောကမှ တပ်ရိက္ခာအဝယ်ဌာနကလို့ ပြောတဲ့ ကုလားလေးတစ်ယောက်လာပေးသွားတာ အန်တီ"

ဟု ပြော၏။

ဖြူဖြူ ဆေးရုံတက်နေရကြောင်းများ အောင်ကျော်ဦးက အကြောင်းကြားတာလားဟု ချက်ချင်း ဖောက်ဖတ်ကြည့်လိုက်ကြသောအခါ -

သို့/

*အရီးရှင်နှင့် အဘောင်ရှင်တို့ ခင်ဗျား။*

*ဖြူဖြူအတွက် ဘာမှမပူပန်ကြပါနဲ့။ ခြေထောက်လည်း အများကြီးသက်သာသွားပါပြီ။ ဆေးရုံကအပြန်မှာ ဖြူဖြူကို ကျွန်တော် ခိုးပြေးသွားတာကို ခွင့်လွှတ်ကြပါ။*

*မိသားဖသားဗီဗီ ပါပါ၊ မေမေတို့ကိုလည်း အဘောင်ရှင်၊ အရီးရှင်နှင့် ဘိုးဘိုးကြီး၊ အခင်ကြီးတို့ကို ကြောင်းလမ်း တောင်းပန်ဖို့ ကျွန်တော် ပါပါ၊ မေမေတို့ကိုလည်း စာရေးအကြောင်းကြားလိုက်ပါပြီ။*

အောင်ကျော်ဦး

အောင်ကျော်ဦးစာကို ခေါင်းချင်းဆိုင်ဖတ်ပြီးကြသည်နှင့် -

"တောက်-ခွေးထက်မိုက်ကောင်မ၊ ဟင် - သန္တာ၊ လိမ္မာလှပါတယ်ဆိုတဲ့ နင့်သမီး ခုတော့ ယောက်မကို မြင်းစီးထွက်ပြသွားပြီ။ ငါထင်သား၊ အားအားရှိရင် ကိုငယ့်ကလေးကို အကြောင်းပြပြီး ဟိုအိမ်မှာချည်း တပဲ့ပဲ့တပါးပါး။ ငါ့မျက်နှာကို ခုရာဇဌာနီမှာဘယ်လိုပြရတော့မလဲ။ ငါ့မျက်နှာတင်မကဘူး၊ ရာဇဌာနီကအမျိုးတွေကိုပါ အိုးမဲသုတ်သွားတဲ့ကောင်မ။ ငါတော့ နင့်သမီးကို သေခန်းပြတ်ပဲ။ ဒီအမျိုးတွေ မဆက်ဆံချင်ပါဘူးဆိုကာမှ နင့်သားသမီးတွေက တစ်ဆွေလုံးတစ်မျိုးလုံးကို အရှက်တကွဲအကျိုးနည်းအောင်လုပ်သွားကြတယ်။ ငါ့မှာ ခုဘယ်မျက်နှာနဲ့နေရတော့မှာလဲ၊ အားလုံး အမျိုးအဆွေတွေကို ပြောထားပြီးခါမှ ခုဘယ်လိုလုပ်ကြမလဲ။ ဟိုသူငယ်ခမျာ သူ့ကို ဘယ်လောက်စုံမက်ရှာသလဲ။ ငါတော့ သေသာသေလိုက်ချင်တယ်ဟဲ့"

ဒေါ်ကြာဦးဖြူမှာ ယမ်းပုံမီးကျဒေါသထွက်ပြီး ဆွေစဉ်ခုနစ်ဆက်မျိုးစဉ်ခုနစ်ဆက် မြည်တွန်တောက်တီးမပြီးနိုင်ဖြစ်နေစဉ် -

"အမေ၊ သမီးတော့ ဖြူဖြူ ခိုးရာလိုက်ပြေးသွားတယ်ဆိုတာ ထင်ကိုမထင်ဘူး။ ဆေးရုံအပြန်မှာ အောင်ကျော်ဦး အတင်းအဓမ္မခိုးပြေးတာပဲဖြစ်ရမယ်။ သမီးက ဒီလောက်မမိုက်မဲပါဘူး။ ဇေယျာကျော်ထွန်းကိုလည်း ချစ်ပုံရပါတယ်။ သမီးသဘောနဲ့ ခိုးရာလိုက်ပြေးတာတော့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး"

"ဟင် - နင်က ခုထိမဖြစ်နိုင်သေးဘူးပြောနေသေးတယ်။ ဆင်တစ်ကောင်လုံး မြင်နေရတာတောင် နင်က ဆင်ခြေရာ ရှာချင်သေးလို့လားဟဲ့"

ဒေါ်ကြာဦးဖြူနှင့် ဒေါ်သန္တာဖြူတို့ သမီးအမိနှစ်ယောက် ဘင်ဂလိုထဲတွင် ထိုသို့အချေအတင်ပွတ်လောရိုက်နေကြစဉ် -

ဦးကျော်ခေါင်၊ ဒေါ်ရွှေအိမ်သူတို့အိမ်မှာလည်း အောင်ကျော်ဦးပေးခိုင်းလိုက်သည်ဆိုသောစာကို ခေါင်းချင်းဆိုင်ဖတ်ကြကာ -

"ကဲ - မြဒါသူ၊ ဖြူဖြူက နင်နဲ့အနေများတာပဲ။ နင်နည်းနည်းမှမရိပ်မိဘူးလား။ နင်ပါအလိုတူအလိုပါများလားဟဲ့။ ငါတို့မှာ အမျိုးဆိုပေမယ့် အမေတို့ကြောင့် တစိမ်းလိုနေနေခဲ့ရတာ။ ခုစစ်ကြီးဖြစ်တော့မှ အမေ၊ အဖေတို့လည်း မရှိကြတော့လို့ လူချင်းရင်းနှီးကြဖို့ စ,တာပဲရှိသေးတယ်။ လှဒါသူနဲ့ကိုငယ်တို့ကိစ္စတုန်းကလည်း ရွှေမျက်နှာနောက်ထားပြီး ငါတို့မှာ ခ,ယတောင်းပန်ခဲ့ကြရတာ။ ခုတစ်ခါ ဟိုဘက်ကသာ သဘောမတူရင် ဆွေခန်းမျိုးခန်းပြတ်ကြလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ဖြူဖြူ့ကို သူတို့အဘွားဘက်ဟိုမြို့ပိုင်လေးနဲ့တောင် ကြောင်းလှမ်းထားကြပြီဆို။ ဖြူဖြူကပါ သားကြီးအပေါ် ကြိုက်လို့လိုက်သွားတယ်ဆိုတောင် ဟိုကတော့ ကျေနပ်ကြမှာမဟုတ်ဘူး။ မကြိုက်ဘဲနဲ့သာ ဆေးရုံခေါ်သွားကြပြီး ပြန်မပို့ဘဲ လုပ်လို့ကတော့ မိုးမီးလောင် . . .

"အေး - ငါလည်း အဲဒါပဲစိုးရိမ်တယ် ရွှေအိမ်ရယ်။ မင်းသား တစ်ခါတစ်ခါ ဇွတ်တရွတ်သိပ်လုပ်တတ်တာ။ ဒီရောက်ကတည်းက ကျောင်းပြန်တတ်ဖို့ ငါအတန်တန်ပြောတယ်။ ခေတ်ပျက်ကြီးထဲ ကျောင်းပြန်တက်နေလို့ ဘာဖြစ်မှာလဲတဲ့။ သူသူတို့ကော ဖြူဖြူက နင်တို့ အစ်ကိုအပေါ် ဘယ်လိုသဘောရှိလဲ ဆိုတာ နင်တို့ မသိကြဘူးလား"

"ပါပါကလည်း၊ ဖြူဖြူလည်း ကိုကြီးကိုကြိုက်လို့ လိုက်သွားတာနေမှာပေါ့။ ဖြူဖြူကို အလိုမတူဘဲ ကိုကြီးက အတင်းတော့ခိုးပြေးရဲမလား။ ရာဇဝင်မှာ သူတို့အမျိုးတွေက မင်းစိုးရာဇာတွေချည်းပဲဟာ"

"အဲဒါကြောင့် ပါပါက နင်တို့ အစ်ကိုစိတ်ကို စိုးရိမ်လို့ပြောတာ"

"ပါပါကလည်း၊ သိပ်စိုးရိမ်မနေပါနဲ့။ ကိုယ်တို့ဘက်မှာ မင်းစိုးရာဇာတွေ ရှိသလို ကိုကြီးကလည်း စစ်တပ်ကို ပိုင်တာပဲ။ အရေးကြီးတာက ဖြူဖြူသဘောတူရင် ပြီးတာပဲ။ ဖြူဖြူသဘောတူလို့ပဲ ကိုကြီးက ပါပါ၊ မေမေတို့ကို သွားတောင်းပေးဖို့ စာရေးပေးခိုင်းလိုက်တာပဲ ပေါ့"

ဟု ကလေးနှိတ်ိုက်နေသော သမီးကြီး လှဒါသူကလည်း ဝင်ပြောပြန်၏။

"ခွေးကောင်၊ တကယ်လို့ ဖြူဖြူကို ကြိုက်နေရင်၊ ဖြူဖြူကလည်း သူ့ကို ကြိုက်ရင် ဘာခိုးပြေးစရာလိုလို့လဲ။ မိသားဖသားပီပီ တောင်းရမ်းတန် ပါပါတို့ သွားတောင်းရမ်းကြမှာပေါ့။ ခုဆို တခြားလူတွေလည်း မဟုတ်ကြတော့တာ။ ဆွေမျိုးကလည်း ဆွေမျိုးအပြင် အခု သမီးကြီးနဲ့ ကိုယ်ကလည်း အကြောင်းပါပြီး မြေးလေးတောင်ရနေပြီပဲ။ လူကြီးတွေကို ပြောမှာပေါ့။ တစ်ပြည်တစ်ရွာမှာ ဆွေမျိုးသားချင်း မိန်းမခိုးပြေးတယ်၊ ခိုးရာလိုက်တယ်ဆိုတာ ဘာပဲပြောပြော ပါပါတော့ သဘောမကျတာ အမှန်ဘဲ"

"ပါပါကလည်း၊ ခု သမီးရည်းစားတွေမိဘသဘောတူလို့ သူတို့ချင်းလည်း ချစ်ကြိုက်ကြပေမယ့် ခိုးရာလိုက်ပြေးကြတာ စတန့်ဖြစ်နေတယ်လေပါပါ။ ဖြူဖြူ့ကို ကိုကြီးကလည်း စတန့်လုပ်ကြည့်တာလားမှ မသိတာ။ ပြီးတော့ သူတို့ဘက်က မြို့ပိုင်လေးနဲ့ ပေးစားမယ်ပြောထားတော့ ကိုကြီးကို ဖြူဖြူကများ ခိုးပြေးခိုင်းလားမှ မသိတာ"

"ဖြူဖြူက နင်နဲ့ပဲ အနေများတာ၊ နင်က အဲ့သလိုထင်လို့လား"

"အဲဒါတော့ သမီးလည်း မထင်တတ်ဘူး ပါပါ။ တစ်ခုတော့ရှိတာပေါ့။ ဖြူဖြူက ခြေထောက်ဖြစ်တော့ ကိုကြီးကလည်း သူ့ကို ကြင်ကြင်နာနာလိုက်လုပ်ပေးတော့ တစ်ရပ်တည်းလည်းဖြစ်၊ ဆွေမျိုးလည်း ဖြစ်တော့ ဖြူဖြူကလည်း ကိုကြီးအပေါ် ညွတ်ချင်ညွတ်မှာပေါ့"

"အဲဒီလိုအခြေအနေမျိုး သမီးရိပ်မိလား"

"သမီး သိရသလောက်ကတော့ ကိုကြီးကလည်း ဖြူဖြူ့ခြေထောက်ဖြစ်တော့မှ ရင်းရင်းနှီးနှီးရှိသွားကြတာပါ။ တခြားအချိန်မှာတော့ ဖြူဖြူနဲ့ ကိုကြီးတို့ တွေ့ကြတာတောင် မရှိဘူးထင်တာဘဲ။ ကိုကြီးက တပ်အဝယ်တော်လုပ်ကတည်းက အိမ်တောင်သိပ်မလာတဲ့ဟာ။ တပ်မှာပဲ အနေများတာ ပါပါလည်း သိသားနဲ့"

"အေးလေ၊ ပါပါလည်း အဲဒါပဲ စဉ်းစားနေတာ။ ဟိုမှာကလည်း ပါပါ သိရသလောက် မြို့ပိုင်လေးနဲ့ ကြောင်းလှမ်းပြီးသားလိုလိုကြားတော့ သမီးတို့ အစ်ကိုအတွက် ပါပါက စိုးရိမ်လို့ပါ။ ကောင်းကောင်းမွန်မွန် ကျေကျေနပ်နပ်ဖြစ်ကြပါစေပဲ ဆုတောင်းရမှာပဲကွယ်။ စောင့်တော့ကြည့်ဦးမယ်လေ။ နင်တို့ အစ်ကိုကတော့ မနက်ဖြန်ပဲ ပါပါတို့ကို သွားတောင်းပေးကြဖို့အတိုင်းပဲ။ ရွှေအိမ်ကော ဘယ်လိုသဘောရလဲ"

"တိုသခ်ီနဲ့ သန္တာတို့ကိုတော့ အကျွန် ဖျောင်းဖျောင်းဖျဖျပြောရင် ဖြစ်ပါလိမ့်မယ်။ ဟိုသောဒလီမကြီးကတော့ ဘယ်လိုမှ သဘောတူမယ် မထင်ဘူး။ ဖြူဖြူ့ကို သူတို့ရာဇဝင်္ဂါနီကအမျိုး မြို့ပိုင်လေးနဲ့လည်း ကြောင်းလှမ်းထားကြတယ်ဆိုတော့ အဘွားကြီးက ခုတောင် ယမ်းပုံမီးကျဖြစ်နေပြီလားမှ မသိတာ။ အဲဒါကြောင့် တစ်ပတ်တန်သည်၊ လေး၊ ငါးရက်တန်သည်တော့စောင့်ကြည့်ကြတာကောင်းပါလိမ့်မယ်။ ချက်ချင်းသွားပြောလို့ကတော့ သောဒလီမကြီးက အကျွန်တို့ကို ခွေးပြောဝက်ပြောပြောလာရင် အကျွန်လည်း ခံနိုင်မှာမဟုတ်ဘူး။ ...အဘွားက ဒီကိုစွန့် သေသူတွေကို... ခုနစ်စဉ်အမျှင်တန်းပြောလာဆိုလာ... စိုးရတယ်။ သားကြီးနဲ့ သူ့မြေးချစ်... ဘယ်လိုမှသဘောမတူမှာတော့ သေ... သလောက်ပဲတော်"

"အဲဒါကတော့ကွာ၊ ကလေး... ဖြစ်လာကြပြီပဲ။ သမီးကြီးနဲ့ ကိုယ်တို... တုန်းကလည်း သူက သဘောတူ... မဟုတ်တာ။ သူတို့အမျိုးတွေ ဂုဏ်... မှာစိုးလို့သာ အောင့်အည်းနေရ... သဘောလေ"

"ပါပါပြောတာဟုတ်တယ်တော့... ကိုယ့်ကလေးကိုလည်း သူတစ်... တစ်ခါတောင် လာကြည့်ဖော်မရ... အားအားရှိ ရဇပါရာက ဆွေမျိုးမျာ... သော်ဒလီပါရာပဲ သွားသွားနေတာ"

"ဟဲ့ - မြဒါသူ၊ ငါ့အဘောင်... ကြီးကို အဲ့သလိုမပြောပါနဲ့ဟဲ့။ ... အဘောင်ရှင်ကြီးက အမျိုးချစ်တတ်... တယ်။ ခုလည်း ဘာပဲပြောပြော နင်... ငါတို့ကလည်း သော်ဒလီမျိုးပါ... ပြောလိုက်စမ်းပါ သားနော် ဟဲဟဲ"

လှဒါသူက သူ့ညီမ မြဒါသူ... ပြောင်သလိုနောက်သလိုပြောလိုက်... လည်း လူကြီးများဖြစ်ကြသော ဦး... ခေါင်နှင့် ဒေါ်ရွှေအိမ်သူတို့မှာ... ရှေးရေးတွေးပြီး မရယ်နိုင် မပြုံးနိုင်... သေး။

✤

ဒေါ်ကြာဦးဖြူမှာ ဒေါ်သ... ဖြစ်၊ ရှက်လည်းရှက်နှင့် ဘန်ဂလိုထဲ... ဘယ်မှမထွက်ဘဲ ငြိမ်ကုပ်နေ၏။ ... သန္တာဖြူကတော့ မြို့ထဲထွက်ပြီး တစ်... လုံး ဆွေမျိုးတွေနှင့် သွားတိုင်ပင်သ... သူ့သမီး သဇင်ဖြူမှာ ယခုမှ ဆယ့်... ကျော်သာရှိသေးသည်။ ဤသည်တို... ထောက်နာအကြောင်းပြပြီး အောင်... ဦးဆိုသူ တစ်ရပ်သားတည်းက ... ကို လိုက်ပို့အပြန်မှာ အလိုမတူဘဲ ... ပြေးသွားကြောင်း ဆွေမျိုးတွေကို... ပြရာ ဆွေမျိုးတွေကလည်း ကျီးက... ပမာ ချက်ချင်း ဒေါ်သတကြီးနှင့် အ... အညီပေးနိုင်ရန် ရာကြ၊ ပြေးကြ၊ ... ကြ၊ လာကြ၊ တိုင်ပင်ကြဖြစ်တ... သည်။

ဒေါ်သန္တာဖြူကို သူတို့ဆွေ... မျိုးမကင်း ရာဇဝင်အုပ် (စခန်း... ဦးသာလှဝန်းဆီခေါ်သွားပြီး တိုင်... ဖွင့်ခိုင်းကြ၏။ သူတို့အမျိုးထဲက ...



www.burmeseclassic.com

www.burmeseclassic.com

ဘာရေးနှင့် ဥပဒေဘွဲ့ရ တရားရုံး (ဆွဲချ) တို့ဆီ အကြံဉာဏ်သွားတောင်းကြပြန်သည်။ ထိုမှတစ်ဖန် ချက္ကရာရီတွင် မြို့ပိုင်ဖြစ်သော ဆွေမျိုးဦးအောင်မြတ်သာဆီကိုလည်း အကျိုးအကြောင်း ပြောပြရန်နှင့် အကြံဉာဏ်တောင်းရန် ဆွေမျိုးတစ်ယောက်ကို အရေးတကြီးလွှတ်လိုက်ကြသည်။ ဟီလီတရိုက်ရှိ ဆေးခင်းဥယျာဉ်ထဲရောက်နေကြသော ဦးအောင်တိုင်နှင့် ဦးသခေါ်ကျော်တို့ကိုလည်း ချက်ချင်းလိုက်လာကြရန် ဒေါ်သန္တာဖြူကလူလွှတ်ခေါ်ခိုင်းလိုက်၏။

ဒေါ်သန္တာဖြူ ဖလောင်းချိတ်မြို့ထဲတွင် ဤသို့ တစ်နေ့လုံးလှုပ်ရှားနေစဉ် စစ်တကောင်းအရေးပိုင်က ခေါ်သဖြင့် စစ်တကောင်းသွားနေသော မြို့ပိုင်လေး ဇေယျာကျော်ထွန်း ဖလောင်းချိတ်ကို ရောက်လာသည်။ မြို့ထဲမှာပင် မနားခဲ့ဘဲ, ဒေါ်ကြာဦးဖြူတို့ကို ထားသော ဘင်ဂလိုကို ရောက်လာ၏။

အိမ်ပေါ်ပင်မတက်သေး။ ဘင်ဂလိုရှေ့ ကားရပ်သည်နှင့် အဘောင်ရှင်၊ အရီးရှင်ဟု ဒေါ်ကြာဦးဖြူနှင့် ဒေါ်သန္တာဖြူတို့ကို အော်ခေါ်ပြီး ဘင်ဂလိုပေါ် တက်လာသည်။ ဇေယျာကျော်ထွန်း အသံကို ကြားတော့မှ ဒေါ်ကြာဦးဖြူကလည်း တံခါးဖွင့်၏။

ဒေါ်ကြာဦးဖြူသည် ဇေယျာကျော်ထွန်းကို မြင်သည်နှင့် ချုံးပွဲချငိုတော့၏။

ခရီးရောက်မဆိုက် သူ့ကို ဖက်ငိုသော ဒေါ်ကြာဦးဖြူကို ဇေယျာကျော်ထွန်းမှာ အထိတ်တလန့်နှင့် -

"အဘောင်ရှင် ဘာဖြစ်လို့လဲဟင်။ အရီးရှင်တို့၊ ဖြူဖြူတို့ကော"

ဇေယျာကျော်ထွန်း၏ အမေးကို ဒေါ်ကြာဦးဖြူက ချက်ချင်း မဖြေနိုင်သေး။ ငိုရှိုက်ရင်းက ထသွားပြီး အောင်ကျော်ဦးပေးစာကို ပြလိုက်သောအခါ ဇေယျာကျော်ထွန်းလည်း ကြက်သေသေသွားသည်။ ရှက်စိတ်လား၊ ဝမ်းနည်းစိတ်လား၊ ဒေါသစိတ်လားဟု ဝေခွဲမရသောမျက်နှာနှင့် အောင်ကျော်ဦးပေးစာကိုကိုင်ကာ ငိုက်ကျသွား၏။ ဒေါ်ကြာဦးဖြူကမူ ငိုရင်းက အဖြစ်အပျက်ကို ပြောပြနေသည်။

"ဖြူဖြူ သူနှစ်သက်လို့လိုက်သွားတာဆိုတော့ အဘောင်ရှင်တို့ ကျွန်တော်တို့ဘာတတ်နိုင်မှာလဲ အဘောင်ရှင်။ ငိုလည်းမနေပါနဲ့တော့။ ဒါနဲ့ အရီးရှင်နဲ့ ဦးခင်တို့၊ ဘိုးဘိုးတို့ကော"

"သန္တာတော့ မြို့ထဲထွက်သွားတယ်ကွယ့်။ မင်းအဘိုးနဲ့ အခင်တလည်း ဟီလီတရိုက်က ဆေးခင်းဥယျာဉ်ထဲရောက်နေကြတုန်း ခွေးမက ခွေးဇာတ်ခင်းသွားတာ။ ဟီး. . . ဟီး ငါ့မြေးကို အဘောင်ရှင် ဘယ်လိုမျက်နှာပြရမယ်မှန်းတောင် မသိတော့ပါဘူး"

ဒေါ်ကြာဦးဖြူက ပြောရင်း ငိုပြန်၏။

"ကဲ - အဘောင်ရှင်၊ ငိုလည်းမနေပါနဲ့။ ဖြူဖြူစိတ်ချမ်းသာရင်ပြီးရော။ ကျွန်တော်လည်း အရေးကြီးတဲ့အလုပ်ကိစ္စတွေပါလာလို့ အူရချာနဲ့ ဂွတီမာရာအထိ ချက်ချင်းသွားရမယ်။ အားလုံးကို ကျွန်တော်ဝင်နှုတ်ဆက်သွားပါတယ် ပြောလိုက်ပါ"

ဟု မျက်နှာပျက်ပျက် ငိုသံပါကြီးနှင့်ပြောကာ မြို့ဘက်ကို ကားမောင်းထွက်သွားလေသည်။

ဇေယျာကျော်ထွန်း ပြန်သွားပြီး မကြာမီမှာပင် ဒေါ်သန္တာဖြူ ပြန်ရောက်လာ၏။ ဒေါ်ကြာဦးဖြူမှာ အငိုပင်ကောင်းကောင်းမတိတ်သေး။

"စောစောကတင်ပဲ ငါ့မြေးဇေယျာ ပြန်သွားတယ်"

"ဟုတ်လား အမေ၊ သူစစ်တကောင်းကပြန်လာတယ်ထင်တယ်။ အမေ သူ့ကိုဘာပြောလိုက်သေးလဲ"

"ဘာပြောလိုက်ရမလဲ၊ အောင်ကျော်ဦးစာကို ပြလိုက်ရတာပေါ့"

"ဟင် - ဘာလို့အဲဒီစာကိုပြလိုက်ရတာလဲ အမေ"

"ဟဲ့နင့်သမီး ခွေးလိုလုပ်သွားတာ မပြလို့ဖြစ်မလား"

"ခက်တာပဲ၊ ခု သမီး ရာဇဝင်အုပ်ဦးသာလှပန်းဆီမှာ အသက်မပြည့်သူကို အတင်းအဓမ္မ ခိုးယူပေါင်းသင်းမှုနဲ့ တိုင်ချက်ဖွင့်ထားခဲ့တယ်။ သူက အမေတို့နဲ့ ဆွေမျိုးပါတဲ့ ဟုတ်လား"

"သူ့အမေ၊ အဖေနာမည်ကိုပြောမှ ငါသိမယ်။ သူကဘာပြောလိုက်လဲ"

"သူ့ကို သမီးက စစ်တပ်အဝယ်တော်လို့ပြောတော့ တပ်က ဗိုလ်မှူးကြီးနဲ့ သူရင်းနှီးပါတယ်တဲ့။ အစ်မပြောတဲ့အတိုင်းဆို ဒါအရပ်ဘက်ပြဿနာပဲ။ စစ်တပ်ကိုလည်း ဘာမှကြောက်နေစရာမလိုဘူး။ ချက်ချင်း အင်္ဂလိပ်ဗိုလ်မှူးကြီးဆီ အကြောင်းကြားပြီး စုံစမ်းလိုက်ပါ့မယ် ပြောပါတယ်။ ပြီးတော့ ချက္ကရီရာက အမေတို့အမျိုးလို့ပြောတဲ့ မြို့ပိုင်ဆီကိုလည်း ဆွေမျိုးတွေကသွားပြီးအကြံဉာဏ်တောင်းကြမယ်ပြောတယ်။ ဖလောင်းချိတ်က မြို့ပိုင်တွေ၊ တရားသူကြီးတွေနဲ့ သိတဲ့အမျိုးတွေရှိပါတယ်လို့ ပြောကြပါတယ်။ သမီးလည်း ခေါင်းပူနေပြီ အမေ။ ပါပါတို့ သူ့အဖေတို့ရောက်မှ တိုင်ပင်ကြမယ်"

"နင်ထမင်းစားလိုက်ဦး"

"သမီး မြသန္တာတို့အိမ်က စားလာပါပြီ"

သည်လိုနှင့် နောက်တစ်နေ့မနက်မှာလည်း ဒေါ်သန္တာဖြူသည် မြို့ထဲသွားပြီး သဇင်ဖြူ့ကိစ္စ စုံစမ်းသွားတိုင်ပင်နေသည်။ နေ့လယ်လောက်မှာ ဦးအောင်တိုင်နှင့် ဦးသခေါ်ကျော်တို့လည်း ဟီလီတရိုက်မှ ရောက်လာကြသည်။ မိသားစုက သဇင်ဖြူကိစ္စတိုင်ပင်နေကြစဉ် ရာဇဝင်အုပ် ဦးသာလှပန်းသည် ရဲသားသုံးယောက်နှင့် ဒေါ်ကြာဦးဖြူတို့ ဘင်ဂလိုရှေ့ကားနှင့် ရောက်လာကြ၏။ ဦးသာလှပန်းက ဘင်ဂလိုပေါ် တက်လာပြီး မတ်တတ်ပင် ဒေါ်ကြာဦးဖြူကိုပြုံးကြည့်ပြီး -

"အရီးရှင်က ကျွန်တော်တော့ သိမှာမဟုတ်ဘူး။ ကျွန်တော် ပန်းဝါက ဦးထွန်းသာလှသားပါ"

ဟု ဒေါ်ကြာဖြူကို မိတ်ဆက်သည်။

"ဪ - အေးအေး၊ မင်းအဖေတော ခု. . ."

"အဖေဆုံးပါးသွားတာ လေးနှစ်လောက် ရှိသွားပါပြီး အရီးရှင်"

"အေးကွယ်၊ အရီးရှင်တို့အရွယ်တွေလည်း အမျိုးထဲမှာတစ်ဝက်လောက်ကို မရှိ. . ."

"ဟုတ်ကဲ့ပါ၊ ဟိုသမီးလေးကိစ္စက ကျွန်တော် ဗိုလ်မှူးကြီးနဲ့ တွေ့ပြီးပါပြီ။ ဗိုလ်မှူးကြီးလည်း အကျိုးအကြောင်းပြောပြတော့ တော်တော်စိတ်ဆိုးနေပါတယ်။ အော်ကျော်ဦးက သူ့ကို ကလေးမလေးဟာ သူ့မိန်းမပါ။ စစ်ပြေးရင်းရောက်လာကြတော့ လောလောဆယ်အတည်အကျမရှိသေးလို့ စစ်တကောင်းကအမျိုးတွေဆီ ထားခဲ့တယ်။ ခုသူ့ကိုခေါ်လာတော့ သီးသီးသန့်သန့်နေချင်လို့ အိမ်ခန်းတောင်းတာနဲ့ အိမ်ထောင်သည်လိုင်းမှာ နေရာလုပ်ပေးပါ့မယ်။ ခုလောလောဆယ် မင်းနေတဲ့အခန်းမှာပဲနေကြဦးလို့ ဗိုလ်မှူးကြီးက ပြောထားတာတဲ့။ ခုအကြောင်းကို ကျွန်တော်ပြောလိုက်တော့ ဥပဒေအရလုပ်ပါ။ ခုဒီကောင့်ကိုဖမ်းဖို့ ကျွန်တော်တို့ လာတာ။ အချုပ်



www.burmeseclassic.com

www.burmeseclassic.com

ကားလည်း ခုလောက်ဆို တပ်ထဲရောက်နေပြီးနေမှာ။ ကဲ - အဲဒါဘယ်သူ့တွေလိုက်မလဲ။ လုပ်ကြပါ၊ ခုသွားကြမယ်"

ဒေါ်ကြာဦးဖြူ၏စကားမဆုံးမီပင် ဦးသာလှပန်း ရာဇဝင်အုပ်က ပြောလိုက်သည်။

ဒေါ်ကြာဦးဖြူက -

"သူမိဘတွေပဲ လိုက်ကြပါစေ။ အရီးရှင်တော့ မလိုက်တော့ဘူး"

ဟု ပြောလိုက်သဖြင့် ဦးသခါကျော်နှင့် ဒေါ်သန္တာဖြူတို့က ထလိုက်လာကြ၏။ ဗိုလ်မှူးကြီးဆီ အရင်ဝင်ပြီး ခွင့်တောင်းကြတော့ ဗိုလ်မှူးကြီးကိုယ်တိုင် အောင်ကျော်ဦးနေသော တိုက်ခန်းထဲခေါ် လာ၏။

တိုက်ခန်းရှေ့တွင်ရပ်ပြီး ဗိုလ်မှူးကြီးက အောင်ကျော်ဦးကို ခေါ်လိုက်သည်။ အောင်ကျော်ဦး တံခါးဖွင့်ပြီး ထွက်လာ၏။ ဗိုလ်မှူးကြီးနှင့် ပုလိပ် (ရဲ) ကားနှင့် ရာဇဝတ်အုပ်တွေ၊ ပုလိပ်တွေ၊ ဦးသခါကျော်နှင့် ဒေါ်သန္တာဖြူတို့ကို မြင်သောအခါ အောင်ကျော်ဦးက အံ့အားသင့်ပြီး ခေါင်းငိုက်စိုက်ကျသွား၏။ ဗိုလ်မှူးကြီးက သူ့ကိုလိမ်ပြောရမည်လားဟု အောင်ကျော်ဦးကို အင်္ဂလိပ်လို ဆဲဆိုကြိမ်းမောင်းနေစဉ်ပင် -

"သမီး ဖြူဖြူကော"

ဟူသော ဒေါ်သန္တာဖြူ၏ အသံကြားသည်နှင့် သဇင်ဖြူက ခြေထောက်နာနေသည်ကိုပင်သတိမရတော့ဘဲ ငိုပြီး ပြေးထွက်လာသည်။ ပြီး - ဒေါ်သန္တာဖြူကို ဖက်ကာ -

"သမီးကို ဆေးရုံပြရမယ် ဆိုပြီး လိမ်ခေါ်လာတာ"

ဟု ငိုရှိုက်ပြီး သူ့အမေကို ဖက်ထားရင်း ပြောသည်။

အောင်ကျော်ဦးကို ဆဲဆိုပြီးသည်နှင့် ဗိုလ်မှူးကြီးက ဦးသာလှပန်းကို လက်ပြပြီး ပြန်သွား၏။ ဦးသာလှပန်းနှင့် အတူပါလာသော ပုလိပ် (ရဲ) သားတစ်ယောက်က အောင်ကျော်ဦးကို ချက်ချင်း လက်ထိတ်ခတ်လိုက်ပြီး အချုပ်ကားရှိရာသို့ ခေါ်သွား၏။

သဇင်ဖြူတို့မိသားစုကို ဦးသာလှပန်းက ဘင်ဂလိုကို ပြန်ပို့ထားခဲ့ပြီး တရားရုံးချိန်းကိုအကြောင်းကြားပါလိမ့်မည်ဟုပြောပြီး ပြန်သွားလေသည်။

✤

တရားခံဖြစ်သူ အောင်ကျော်ဦးမှာ -

"ချစ်လွန်းလို့ ကြံမိကြံရာ ကြံမိပါတယ်"

ဟူသော ထွက်ဆိုချက်ကလွဲပြီး ဘာမှထုချေစရာမရှိပေ။ ဂျူနီယာအင်္ဂလိပ်ဗိုလ်မှူး ဟားဗက်ကလည်း -

"တပ်အဝယ်တော် အောင်ကျော်ဦးက သူ့မိန်းမ စစ်တကောင်းက ရောက်လာလို့ လိုင်းခန်းကောင်းတာနဲ့ ပေးလိုက်တာ"

ဟု ထွက်ဆို၏။

အောင်ကျော်ဦးအတွက် ပုဒ်မတစ်ခုသက်သာသွားသည်မှာတော့ တရားသူကြီးက သဇင်ဖြူကို -

"မမင်းအသက် ဘယ်လောက်ရှိပြီလဲ"

ဟု မေးသောအခါ -

"ကျွန်တော်မအသက် တစ်ဆယ့်ရှစ်နှစ်ပါ"

ဟု ဆိုသဖြင့် ပုဒ်မတစ်ခုပြုတ်သွားသည်။

"မမင်းကို အတင်းအဓမ္မ ဗလက္ကာရပြုသေးလား"

"မပြုပါ၊ ကျွန်တော်မက သူ့ပေါင်မုန့်လှီးဓားကိုယူထားပြီး မတော်မတရားလုပ်ရင် ကိုယ့်ကိုယ်ကိုယ်သတ်သေလိုက်မယ်ပြောလို့ အနားကိုမကပ်ပါ"

"မမင်းကို တိုက်ခန်းထဲမှာ ကောင်းကောင်းမွန်မွန် မေမင်းဆန္ဒအတိုင်းထားလား"

"ထားပါတယ်"

"အစားအသောက်ကော အချိန်မှန် ကောင်းကောင်းမွန်မွန်ကျွေးရဲ့လား"

"ကျွေးပါတယ်၊ အဝတ်အဆင်လည်း နှစ်စုံတောင်ပေးထားပါတယ်"

"မမင်း သူ့ကိုခင်ပွန်းအဖြစ်စိတ်ကူးတစ်ခါမှမပေါ်ဘူးလား"

"မပေါ်ပါ"

တရားသူကြီးမေးသမျှ သဇင်ဖြူကလည်း အမှန်အတိုင်းပင်ဖြေ၏။

နောက်ဆုံးတော့ အောင်ကျော်ဦးကို မတရားလိမ်လည်ခိုးယူဝှက်သိမ်းထားမှု ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၃၆၈) အရ ထောင်ဒဏ် (၇)နှစ် ချမှတ်လိုက်၏။

အောင်ကျော်ဦးကြောင့် စစ်တပ်က ဗိုလ်မှူးကြီးလည်း ဖလောင်းချိတ်မှ ရှေ့တန်းစစ်မျက်နှာအင်ဖာကို အပြောင်းခံလိုက်ရသည်။ သဇင်ဖြူနှင့် ကြောင်းလမ်းထားသူ ဇေယျာကျော်ထွန်းကမူ အရှက်ကြီးရှက်သွားကာ အက်စီအက်စ်စာမေးပွဲဖြေရန် အကြောင်းပြပြီး အောင်ကျော်ဦးစာကိုဖတ်ခဲ့ရသော နောက်တစ်နေ့မှာပင် မြို့ပိုင်လေး အလုပ်ကထွက်ပြီး အင်္ဂလန်ကိုထွက်သွား၏။

နောက်တစ်နှစ်ခန့်ကြာသော အောင်ကျော်ဇေယျ အရပ်ကိုရောက် သည်။ ဂျက်ဆိုးလေတပ်မှ ထွန်း လင်းနှင့် မြန်မာပြည်ကို အတူသွား သဖြင့်မေးကြည့်ရာ အောင်ကျော် က သူတို့ လေထီးနှင့်အတူ ဆင်း နောက်ပိုင်းမှာ ကွဲသွားကြသည်။ က ရိုးမအရှေ့ခြမ်းကို ပါသွားသည် ဆိုသည်။ အမှန်မှာ ထွန်းကျော် (ကိုငယ်) ကား ဖက်ဆစ်တော်လှ တွင် ကျဆုံးသွားလေပြီ။ သို့သော် ကျော်ဇေယျက ဤသည်တို့ကို မပြောဘဲထား၏။

ထွန်းမြဦးနှင့်ထွန်းကျော်မင်း မေးကြည့်ကြပြန်ရာ ဖက်ဆစ်တော် ရေးအပြီးမှာ တပ်ပြန်ဖွဲ့သဖြင့် သူ ယောက် တပ်ထဲမှာပင်ကျန်ခဲ့ကြ သူကတော့ တပ်ကထွက်ပြီး အ ပြန်လာသည်ဟု ဆိုသည်။ ဦးသခါ တို့မိသားစုမှာ သားငယ်အကြော မကြားရသေးသော်လည်း သား ပင် တပ်ထဲမှာပဲရှိနေမလား။ အော ကျော်ဇေယျလိုပင် တစ်နေ့ပြန် လာလေမလား။ မသေမပျောက် ရော့ဟု စိတ်ဖြေနေကြသည်။


အောင်ကျော်ဇေယျက အော ကျော်ဦးနှင့် သဇင်ဖြူတို့အကြော သဇင်ဖြူနှင့် ကြောင်းလမ်းထား ချက်ချင်း အလုပ်ထွက်ပြီး အိုင်စီ စာမေးပွဲကို အကြောင်းပြကာ ဘိ ထွက်သွားသည်ဆိုသော သူညီ ဇေယျာကျော်ထွန်း အကြောင်းကို ရသောအခါ -

"ဒါဆို ဒီကောင် သဇင် တကယ်ချစ်တာမှမဟုတ်တာ။ တ ချစ်တယ်ဆိုရင် သဇင်ဖြူ ခုလိုဖြစ် ပစ်သွားရမလား။ သဇင်ဖြူကလည် တစ်ပေါက်မှမစွန်းသေးတာ။ ကျွ တော့ သဇင်ဖြူ့ကို လက်ထပ်ချင်

ဟု သူ့မိသူ့ဖနှင့် ဆွေမျိုး ဒေါ်ကြာဦးဖြူတို့ မိသားစုကို အ အကြောင်းပြောပြပြီး သဇ အောင်ကျော်ဇေယျတို့ကို မိသား ဗိုဗို လက်ထပ်ထိမ်းမြား ပေးစားလို ရလေတော့သည်။

*(ပြီးပါပြီ)*

www.burmeseclassic.com



# နမောတဿ ဥဏ္ဏာလုံမွေးရှင်တော်စမ

△ တြိရတနာ-ဆရာဇေယျာလင်း

'နမောတဿ ဘဂဝတော အရ
ဟတော သမ္မာသမ္ဗုဒ္ဓဿ'

ဖော်ပြပါ နမောတဿဂါထာတော်မြတ်ကား ဗုဒ္ဓသာသနာကို သက်ဝင် ယုံကြည်ကြကုန်သော ဗုဒ္ဓဘာသာဝင်မှန်သမျှ အားလုံးသိရှိကျွမ်းဝင်ကြပြီးသောဂါထာ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်သမျှဟု ဆိုရာ၌ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးသာမက ကမ္ဘာ့တိုင်းပြည်အနှံ့ ဗုဒ္ဓဘာသာဝင် ဟူသမျှ မည်သည့်လူမျိုးမဆို အဆိုပါ နမောတဿဂါထာကို သိကြမည်သာ၊ ရင်းနှီးကျွမ်းဝင်ကြသည်သာ ဖြစ်ပေသည်။

စာရေးသူ အစိုးရဝန်ထမ်းဘဝတုန်းအားလျော်စွာ နိုင်ငံခြားပညာသင်အဖြစ် ပညာသင်သွားရောက်ခွင့်ရခဲ့စဉ်က စာရေးသူတို့၏ အတန်းဖော်များတွင် လူမျိုးကွဲ(၁၄)မျိုး (တိုင်းပြည်နိုင်ငံပေါင်း (၁၄) နိုင်ငံအသီးသီးမှ ဖြစ်ပါသည်။) ပါဝင်ပါသည်။ ထိုအထဲတွင် ဗုဒ္ဓဘာသာဝင်များလည်း ပါရှိပါသည်။ ထိုနိုင်ငံခြားသား ဗုဒ္ဓဘာသာဝင်များနှင့် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာအပေါ် နားလည်သိရှိပုံချင်း ဘာသာရေးအသိဉာဏ် ဗဟုသုတ ကွဲပြားကြသော်လည်း တရုတ်ဗုဒ္ဓဘာသာဝင်(ပြည်မကြီးတရုတ်)ကလည်း နမောတဿကို ကောင်းစွာ သိသည်။ ဗြိတိသျှ အိန္ဒိယ၊ ဘူတန်တို့ကလည်း နမောတဿကို ကောင်းစွာသိ၏။ သီရိလင်္ကာကုလားမလေးများနှင့် ထိုင်းနိုင်ငံသူကလည်း နမောတဿကို ကောင်းစွာသိ၊ ကောင်းစွာရွတ်နိုင်ကြ၏။ နောက်ဆုံး တန်တန်းနီးယားနိုင်ငံမှ နိုဂရိုး ကပ္ပလီနွယ်ဝင်သူငယ်ချင်းကပင်လျှင် ကျွန်ုပ်တို့၏ နမောတဿအကြောင်း ဆွေးနွေးပြောဆိုနေသည်ကို ကြားသောအခါ ဗုဒ္ဓဘာသာဝင်ဟု ဆိုကြသောသူများနှင့် သူဆုံမိသောကာလများက ယခု ကျွန်ုပ်တို့ ပြောဆို ရွတ်ဖတ်နေသော နမောတဿဂါထာရွတ်သံကို သူကြားဖူးခဲ့သည်ဟု ဆိုပါလေသည်။

သို့ဖြစ်ရာ နမောတဿဂါထာသည် ဗုဒ္ဓဘာသာဝင်တို့၏ နှလုံးအိမ်တွင် အမြဲစွဲမှတ်ထားသောဂါထာ ဖြစ်ပေသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ကား လူကြီးများမဆိုထားဘိ စကားပြောတတ်စ ကလေးများပင် မိဘက အသင်အပြအလေ့အကျင့်ကောင်းက ဗုဒ္ဓပူဇေမိတို့၊ နမောတဿတို့ကို မပီကလာပီလာနှင့် ရွတ်တတ်ကြကြောင်း မကြာခဏကြုံဖူးပေသည်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအဖို့ကား အလှူမင်္ဂလာ သာရေး၊ နာရေးကိစ္စများ၌ သံဃာတော်အရှင်မြတ်များက သီလပေးလျှင်လည်း နမောတဿ ပါစမြဲ။ ပရိတ်တော်များ၊ ကမ္မဝါများ ရွတ်ဖတ်လျှင်လည်း နမောတဿပါစမြဲ။ တရားဟောလည်း နမောတဿဖြင့် စဖွင့်ကြစမြဲ။ နေ့စဉ် မိမိတို့ပြုလုပ်နေကျ ဘုရားဝတ်ပြု၊ ဘုရားရှိခိုး၊ သီလခံယူ၊ ပရိတ်တော်တွေ ရွတ်ဖတ်ပူဇော် စသဖြင့် ဘာသာရေးလုပ်ရှားမှုကိစ္စအဝဝတိုင်း၌ နမောတဿဂါထာကို အထပ်ထပ်အခါခါ အကြိမ်ကြိမ်ရွတ်နေဖတ်နေကြရကား နမောတဿသည် ဗုဒ္ဓဘာသာဝင်တို့၏ မနောဟဒယနှလုံးသား၌ အမြဲကိန်းဝပ်နေသော ဂါထာတော်မြတ်၊ ဘုရားရှိခိုးဂါထာတော်မြတ် ဖြစ်ပါလေသည်။

စင်စစ် နမောတဿဂါထာသည် အတိုဆုံး၊ အလေးနက်ဆုံးနှင့် အလွန်ထိရောက်သော ဘုရားရှိခိုးပင် ဖြစ်လေသည်။ နမောတဿဘုရားရှိခိုးဂါထာကို နောက်ကြောင်းခံ၍ ပြန်လည်လေ့လာကြည့်သော် ဤနမောတဿဂါထာသည် သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်အား နတ်ဗြဟ္မာကြီးများက ယင်းတို့၏ ရင်ထဲမှ ကြည်ညိုသည့်အတိုင်း ရွတ်ဖတ်` ရှိခိုးကြသော ထိုနတ်ကြီးများ၏ ဘုရားရှိခိုးဂါထာကို စုပေါင်း၍ သီကုံးဖွဲ့နွဲ့ထားသော ဘုရားရှိခိုးဂါထာတော်မြတ် ဖြစ်ပါသည်။ ဤအကြောင်းကို ဘာသာရေးစာပေ အတန်လေ့လာကြသူအများသိရှိကြသလို မသိရှိကြသူများလည်း အတော်များများလေးရှိနေကြဦးမည် ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးများမိန့်သကဲ့သို့ မသိသေးက သိစေရန်၊ သိသူများကလည်း နာဖူးထပ်မံဖြစ်ကြစေရန် ဤနမောတဿဂါထာတော်မြတ်ပေါ်ပေါက်ထားပုံအား အောက်ပါအတိုင်း ဂါထာအသီးသီးတို့ဖြင့် ရှိခိုးပူဇော်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com

လေသည်။

၁။ နမောတဿ - သာတာဂီရိ၊ နမောယက္ခော၊
၂။ တဿ - တဿစ၊ အသူရိန္ဒဒေါ၊
၃။ ဘဂဝတော - ဘဂဝတော ဣန္ဒဒေဝါ။
၄။ အရဟတော - အရဟတော ပရမေသွာ၊
၅။ သမ္မာသမ္ဗုဒ္ဓဿ - သမ္မာသမ္ဗုဒ္ဓ ပြဟ္မာစ တေနမဿန္တိ ဂေါတမံ ဝိဇ္ဇာစရဏသမ္ပန္နံ တံ နမဿာမိ သာဒရံ။

**သာတာဂီရိ** - သာတာဂီရိအမည်ရှိသော၊ **ယက္ခော**- ယက္ခနတ်မျိုး ပိုင်အုပ်စိုး၍ တန်ခိုးကြီးသောနတ်မင်းကြီးသည်၊ **ဂေါတမံ** - သကျသာကီနွယ်ဖွား ဂေါတမရှင်တော်မြတ်ဘုရားကို၊ **နမော - နမောသဒ္ဒေန** - နမောသဒ္ဒါဖြင့်၊ **သာဒရံ** - ရိုသေမြတ်နိုးစွာ၊ **ဝန္ဒိ** - ပဆစ်ဒူးတုပ် လက်အုပ်ချီမိုး ရှိခိုးပေ၏။ **အသူရိန္ဒဒေါ** - သူရာယစ်မူး သောက်စားကြူး၍ ပျော်မြူးစရိုက် အသူရာစစ်သည်တစ်သိုက်ကို တိုက်ခိုက်တွန်းလှန် တုံ့မပြန်နိုင်အောင် ဆုံးမခြင်းဒဏ်ကိုပေးစေနိုင်သော အသူရိန်နတ်မင်းကြီးသည် (ဝါ) အသူရိန်နတ်မျိုး တန်ခိုးကြီးလှ မာယအဆွေ မဟေသက္ခ အားကိုးရသည့် တေဇမဟိန်အသူရိန်နတ်မင်းကြီးသည်။ **ဂေါတမံ** - သကျသာကီနွယ်ဖွား ဂေါတမရှင်တော်မြတ်ဘုရားကို၊ **တဿသဒ္ဒါဖြင့် (ဝါ) တဿတာဒိဿ သဒ္ဒေန** - ထိုသေဠ် စသည့် တာဒိဂုဏ်းပေါင်း ပြည့်ညောင်းစုံခ အကျဉ်းပြသော တဿသဒ္ဒါဖြင့်၊ **ဝန္ဒိ** - ပဆစ်ဒူးတုပ်လက် အုပ်ချီမိုး ရှိခိုးပေ၏။

**ဣန္ဒာဒေဝါ** - နတ်ပြည်ခြောက်ဝ စိုးပိုင်သသည့် သူဇာ့သက်ထား နတ်များ သခင် ဘုရင်မာဃ သက္ကကျော်လင်း သိကြားမင်းသည်၊ **ဘဂဝတောသဒ္ဒေန**- ဘဂဝါတောသဒ္ဒါဖြင့် (ဝါ) ဣဿရိယ၊ ဓမ္မ၊ ယသ၊ သီရိ၊ ကာမ၊ ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ရပ် မြတ်ထက်မြတ်ကို ဆည်းကပ်စေတနာ ဘဂဝတောသဒ္ဒါဖြင့်၊ **ဂေါတမံ** - သကျသာကီနွယ်ဖွား ဂေါတမရှင်တော်မြတ်ဘုရားကို၊ **ဝန္ဒိ** - ပဆစ်ဒူးတုပ် လက်အုပ်ချီမိုးရှိခိုးပေ၏။

**ပရမေသွာ** - အာသီ မည်သော ပြဟ္မာမင်း၏ သားရင်းရတနာ တေဇာထန်ပြင်း ပရမေသွာနက်မင်းသည် (ဝါ) မဟာဘူတ မူလမှန်မူ ခုနစ်ခုစား၊ ရှစ်ခုစားဟု သက္ကပြဟ္မာငြင်းခုံလာလျှင် ကဝိလမိုင်း ဆုံးဖြတ်ခိုင်းက ကသိုဏ်းစျာန်ရဒေဝပြဟ္မာရှုးသည့်ခါတွင် သီသာခေါင်းမြတ် ကိုယ်ပင်ဖြတ်၍ မြတ်သည့်ဇာရီဇောတည်ကြည်သည့်၊ အာသီထင်လင်း ပြဟ္မာမင်း၏သားရင်းရတနာ တေဇာထန်ပြင်း ပရမေသွာနတ်မင်းသည်၊ **ဂေါတမ** - သကျသာကီနွယ်ဖွား ဂေါတမရှင်တော်မြတ်ဘုရားကို၊ **အရဟတော - သဒ္ဒေန၊ အရဟတောသဒ္ဒါဖြင့်(ဝါ)အရဟတောသဒ္ဒေန** - တစ်ထောင့်ငါးရာ ကိလေသာကို ကြွင်းရာမထင် ကုန်စင်ခွင်းဖြတ် ဆုံးပယ်သတ်၍ လူ၊ နတ်၊ ပြဟ္မာ ပူဇာဝိသေခံထိုက်ပေဟု စေတနာသဒ္ဒါစောကာ အရဟတောသဒ္ဒါဖြင့်၊ **ဝန္ဒိ** -ပုဆစ်ဒူးတုပ် ရှိခိုးပေ၏။

**ပြဟ္မာ** - သဟမ္ပတိအမည်ရှိသော မဟာပြဟ္မာကြီးသည်လည်း (ဝါ) မိမိကိုယ်တွင် ကိုယ်ပင်စိုးရ စျာနဓမ္မာ စျာန်ချမ်းသာဖြင့် ဘက္ခာပီတိ နှစ်သက်ခြင်း အစရှိ၍ သမာဓိစျာန် အနာဂါမ်၊ ရဟန္တာတေဇာလျှံညီး သဟမ္ပတိအမည်ရှိသော မဟာပြဟ္မာကြီးသည်လည်း၊ **ဂေါတမံ** - သကျသာကီနွယ်ဖွား ဂေါတမရှင်တော်မြတ်ဘုရားကို၊ **သမ္မာသမ္ဗုဒ္ဓ သဒ္ဒေန** - သမ္မာသမ္ဗုဒ္ဓေါသဒ္ဒါဖြင့်(ဝါ)လေးဝသစ္စာငါးဖြာဉေယျ မြတ်ဓမ္မကို ဆရာမကူ သယမ္ဘူဖြင့် ထွန်းပြူထိန်လင်း မကြွင်းမကျန် ဖောက်ပြန်ကင်းမဲ့ ပြုပြုကုန်စင် သိမြင်သည့်လက္ခဏာ သမ္မာသမ္ဗုဒ္ဓသဒ္ဒါဖြင့်၊ **ဝန္ဒိ** - ပဆစ်ဒူးတုပ် လက်အုပ်ချီမိုး ရှိခိုး ပေ၏။

ဤသို့အလာရှိသည်နှင့်အညီ နတ်မင်းကြီးငါးပါးတို့ မြတ်စွာဘုရားကို အထက်ပါအတိုင်း မိမိတို့ကြည်ညိုသော သဒ္ဒါအသီးသီးတို့ဖြင့် ရှိခိုးကြသည်များကို ပေါင်းစုလျက် ဤသို့ နမောတဿ ဘုရားရှိခိုးဂါထာတော်မြတ် ဖြစ်ပေါ်လာခဲ့ပါလေသည်။ ထိုသို့ ရှိခိုးပူဇော်သော 'သိဿာနုသိဿာ'တို့ သိကြစိမ့်သောငှာ အရှင်မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ၊ အရှင်သာရိပုတ္တာ၊ အရှင်မဟာကစ္စည်း စသော ရဟန္တာအရှင်သူမြတ်တို့နှင့် အဋ္ဌကထာဆရာမြတ်တို့က အသိအမှတ်ပြုခဲ့ကြသည်။ 'ပဥ္စဒေဝဝန္ဒနာဂါထာ' (နတ်မင်းကြီးငါးပါးတို့ရှိခိုးဂါထာ) မည်ကြောင်းကို ပထမဘဂ်လားဆရာတော်ကြီး မိန့်ကြားခဲ့ကြောင်း ရှေးသူတော်သူတောင်းကို အဆက်ဆက် ဆိုမိန့်ခဲ့ကြပါသည်။

ဤနမောတဿဂါထာတော်ကြီးကို ရှေးဆရာတော်သံဃာတော်မထေရ်ကြီးများ၊ ပညာရှိသူတော်ကောင်းကြီးများတို့သည် ထိုနမောတဿဂါထာ... ပင် အခြေပြုကာ ပွင့်တော်မူခဲ့ကြသော... ဖြစ်သော ဝိပဿီ၊ သိခီ၊ ဝေဿဘူ... ကကုသန္ဓ၊ ကောဏာဂုံ၊ ကဿပ... ဂေါတမ အစရှိသော ဘုရားခုနစ်ဆူတို့... အား ရှိခိုးသော နမောတဿဘုရား... ဆူရှိခိုးဂါထာများကို အောက်ပါအတိုင်း ဂါထာသီကုံး ဖွဲ့နွဲ့ပူဇော်ခဲ့ကြကြောင်း တွေ့ရပေသည်။

## နမောတဿ ဘုရားခုနစ်ဆူ ရှိခိုးပူဇော် ဂါထာတော်များ

၁။ နမောတဿ **ဝိပဿိဿ** ဘဂ... တော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၂။ နမောတဿ **သိခိဿ** ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၃။ နမောတဿ **ဝေဿဘုဿ** ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၄။ နမောတဿ **ကကုသန္ဓဿ** ဘဂဝတော အဟရတော သမ္မာသမ္ဗုဒ္ဓဿ။
၅။ နမောတဿ **ကောဏာဂမနဿ** ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၆။ နမောတဿ **ကဿပဿ** ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၇။ နမောတဿ **ဂေါတမဿ** ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၈။ 'သောဟံ နမော ဘဂဝတော န... သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ'။

(မှတ်ချက် - အထက်ပါ ဘုရား... ခုနစ်ဆူရှိခိုးဂါထာတို့ ရွတ်ဖတ် ပူဇော်... ခြင်းမပြုမီ နမောတဿဂါထာကို ဦးစွာ... (၉) ခေါက် ရွတ်ဖတ် ပူဇော်ရပါမည်... အလွန်ထူးခြား တန်ခိုးကြီးမားအကျိုး... စေသော ဘုရားခုနစ်ဆူ နမောတဿ... ရှိခိုးဂါထာများ ဖြစ်ကြပါသည်။ ကြိုး... ပူဇော်ကြပါကုန်။

## နမောတဿ ခွဲခြမ်းစိတ်ဖြာ ပူဇော်ရာ

မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်... ရင်ထဲ၊ အသည်းထဲ စွဲမြဲနှတ်ငုံ အာ... ဆောင်ထားကုန်သော နမောတ... ကြီးမြတ်လှစွာ ဗုဒ္ဓဘဂဝါကိုပူဇော် ဂါ... တော်ကြီးကို ရှေးဆရာတော်၊ သူ... စင်ကြီးများသည် ထိုဂါထာတော်...



www.burmeseclassic.com

www.burmeseclassic.com

ကြီးအား ခွဲခြမ်းစိတ်ဖြာ ပူဇာပူဇ ဗုဒ္ဓါနုဿတိဘာဝနာအဖြစ် ပွားများအား ထုတ်ကြပါသည်။ ဤသို့ ပွားများအား ထုတ်ခြင်းဖြင့် စိတ္တဝိသုဒ္ဓိတည်းဟူသော အကျိုးကျေးဇူးထူးများတို့ရရှိနိုင်ပြီး ထိုမှတစ်ဆင့် ဝိပဿနာအထက်သို့အထိ တက်လှမ်းသွားနိုင်ကြပါသည်။ ဤသို့ နမောဿတအား ခွဲခြမ်းစိတ်ဖြာ၍ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများကြရာတွင် (၄) ချက်ရအောင်ခွဲ၍ နမော (၄) ချက်အဖြစ် ပူဇော်ပါသည်။

**နမော (၄) ချက် ကား -**

၁။ နမောတဿ ဘဂဝတော

၂။ နမောတဿ အရဟတော

၃။ နမောတဿ သမ္မာသမ္ဗုဒ္ဓဿ

၄။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တစ်ဖန် အချို့က ထိုနမောတဿ ဂါထာမြွက်ကို ငါးခြမ်းငါးစိတ်ခွဲကာ နမောငါးချက် စီးပွားတက် ဟူ၍ အမည်တွင်လာသည်အထိ ဗုဒ္ဓါနုဿတိပွားများ အားထုတ်ကြပါသည်။

**နမောငါးချက်စီးပွားတက်ကျင့်စဉ်**

၁။ နမောတဿ
(ပုတီးတစ်လုံးစီချလျက် ပုတီးသုံးပတ်စိပ်ပါ။)

၂။ နမောတဿ ဘဂဝတော
(ပုတီးတစ်လုံးစီချလျက် ပုတီးသုံးပတ်စိပ်ပါ။)

၃။ နမောတဿ အရဟတော
(ပုတီးတစ်လုံးစီချလျက် ပုတီးသုံးပတ်စိပ်ပါ။)

၄။ နမောတဿ သမ္မာသမ္ဗုဒ္ဓဿ
(ပုတီးတစ်လုံးစီချလျက် ပုတီးသုံးပတ်စိပ်ပါ။)

၅။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(ပုတီးသုံးပတ်စိပ်ပါ။)

အထက်ပါ နမောငါးချက်စီးပွားတက်ဆိုသည့်အတိုင်း ကောင်းကျိုးသုခ ခံစားရန်ကား နမောငါးချက်ကျင့်စဉ်ကို ကျင့်ရသည်။

ကျင့်စဉ်မှာ -

ဦးစွာ ဘုရားရှင်ကို ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်းများ တတ်စွမ်းသမျှ ကပ်လှူပူဇော်ပါ။ ထို့နောက် သန့်ပြန့်စွာ ဝတ်ဆင်ပြီး ထုံးစံအတိုင်း မိမိပြုနေကျဘုရားရှိခိုး၊ သီလခံယူခြင်းတို့ ပြုလုပ်ပြီးနောက် ဦးစွာ သရဏဂုံသုံးပါးကို ပုတီးကိုးပတ်စိပ်ရပါမည်။

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
(ပုတီးသုံးပတ်စိပ်ပါ။)

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
(ပုတီးသုံးပတ်စိပ်ပါ။)

၃။ သံဃံ သရဏံ ဂစ္ဆာမိ။
(ပုတီးသုံးပတ်စိပ်ပါ။)

ထို့နောက် အထက်တွင် ပြထားသည့် နမောငါးချက်ကို ဂုဏ်တော်တစ်ပါးလျှင် ပုတီးသုံးပတ်စီစိပ်ရမည် ဖြစ်ပါသည်။

အကျိုးကတော့ နမောငါးချက် စီးပွားတက်ဟု အားလုံး ကြားဖူးကြသည့်အတိုင်း ဤနမောငါးချက်ကျင့်စဉ်ကို ကျင့်ကြံအားထုတ် ဗုဒ္ဓါနုဿတိဘာဝနာ ပွားများခြင်းအလုပ်ကိုလုပ်ကြသောသူ အားလုံးတို့ကို ရောင်ပြန်ဟပ်ကြသဖြင့် လောကီအကျိုးကျေးဇူးများကို ကျင့်ကြံအားထုတ်ကြသည့် သဒ္ဓါ၊ ဝီရိယအား လျော်စွာ ပေးစွမ်းသည်ဟု ဂုဏ်သတင်းကျော်ကြားလှပါပေ၏။ ဤကျင့်စဉ်ဂုဏ်တော်တန်ခိုးကြောင့် မရရှိသေးသော စီးပွားဥစ္စာများလည်း တိုးတက်ရရှိကြတော့သည်။ ရရှိပြီးသော စည်းစိမ်ဥစ္စာတို့မှာလည်း ယုတ်လျော့ခြင်းမရှိ ခိုင်မာစွာ ရပ်တည်နိုင်ပေ၏။ ဤနမောငါးချက် စီးပွားတက်အကြောင်း ဆောင်းပါးစာပေ အထွေထွေ ရေးကြပေါင်းများလှပါပေပြီ။

**နမောကိုးချက်**

အထက်ပါအတိုင်း 'နမောတဿ' ဂါထာတော်မြွက်ကို နမောလေးချက်၊ နမောငါးချက် ဟူ၍ အမျိုးမျိုးခွဲခြမ်းစိတ်ဖြာ ပူဇော်နေကြရာမှ အချို့က 'နမောကိုးချက်' ဟု ဆိုကာ နမောတဿဂါထာတော်မြွက်ကို ကိုးဖြာကိုးချက်ခွဲ၍ ပူဇော်ကြပြန်ပါသည်။

နမောကိုးချက်ဆိုသည်ကား -

၁။ နမောတဿ၊

၂။ နမောဘဂဝတော၊

၃။ နမောအရဟတော၊

၄။ နမော သမ္မာသမ္ဗုဒ္ဓဿ၊

၅။ နမောတဿ ဘဂဝတော၊

၆။ နမောတဿ အရဟတော၊

၇။ နမောတဿ သမ္မာသမ္ဗုဒ္ဓဿ၊

၈။ နမောတဿ ဘဂဝတော အရဟတော၊

၉။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(နားတောင်တောရဆရာတော်ကြီး ဦးပဒုမ၏နည်း ဖြစ်ပါသည်။)

**နမောတဿဂါထာတော်မြွက်နှင့် ဂန္ဓာရီဝိဇ္ဇာမယအင်းပညာ**

အထက်တွင်တင်ပြခဲ့သည့်အတိုင်း နမောတဿဂါထာတော်မြွက်ကြီးသည် ပဉ္စဒေဝဝန္ဒနာဂါထာဟု ဆိုသည်နှင့်အညီ သိကြား၊ ဗြဟ္မာ၊ နတ်မင်းကြီးငါးပါးကို ရှိခိုးပူဇော်သောဂါထာ၊ ဘုရားရှင်၏ဂုဏ်တော်တို့ကို ကျဉ်းချုပ်ခြုံငုံပူဇော်သော ဂါထာတော်ကြီးဖြစ်သဖြင့် ပူဇော်ပွားများ အားထုတ်တတ်ပါက လောကီအကျိုးစီးပွားများ ရနိုင်၊ ခံစားနိုင်သည်သာမက ဝိပဿနာကမ်းသို့ပင် တက်လှမ်းနိုင်သော ဂါထာတော်ကြီး ဖြစ်ပေသည်။ထိုသို့သော ထိုနမောတဿဂါထာတော်မြွက်ကြီး၏ဂုဏ်တန်ခိုးအကျိုးသိဒ္ဓိကြီးမားပုံကို ကောင်းစွာ သိမြင် ဂန္ဓာရီဝိဇ္ဇာမယပညာရှင်ကြီးတို့သည်လည်း ထိုနမောတဿ ဂါထာတော်မြွက်ကြီးကို ဂန္ဓာရီဝိဇ္ဇာမယ အင်းပညာဖြင့် အင်းစမအစီအရင်များကို စီရင်ကြံဆ ဖန်တီးခဲ့ကြပေသည်။ ထိုနမောတဿဂါထာမြွက်ဆိုင်ရာ ဂါထာမန္တန်အင်းအမျိုးအစားအဖြစ် ဂန္ဓာရီဝိဇ္ဇာမယလောကီနယ်တွင် ဆရာစဉ်ဆက် လေးစား အားထား စီရင် အသုံးပြုလေ့ရှိခဲ့ကြပြီး အားထားရသလောက် တန်ခိုးကြီးမား ထက်

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |
| ဝ | မ္မာ | တ | ရ | ဒ္ဓ | ဂ | သ | မော | အ | မ္ဗု | ဘ | တော | န | တော | သ | ဃ | ဟ | ဿ |
| သ | တော | သ | မ္ဗု | ဟ | ဂ | န | မ္မာ | အ | ဿ | ဒ္ဓ | တော | ဝ | မော | သ | ရ | ဘ | ဿ |
| န | မော | တ | ဿ | ဘ | ဂ | ဝ | တော | အ | ရ | ဟ | တော | သ | မ္မာ | သ | မ္ဗု | ဒ္ဓ | ဿ |

**နမောတဿအင်းလက်ဖွဲ့အစီအရင်**



www.burmeseclassic.com

မြက်လှသောအစီအရင်မှာ နမောတဿ အင်းလက်ဖွဲ့ဟု ထင်ရှားလှသော အင်း အစီအရင်တစ်ခု ဖြစ်ပါသည်။ ယခု ထို နမောတဿ အင်းလက်ဖွဲ့အစီအရင် အကြောင်းကို တင်ပြပါမည်။

**နမောတဿအင်းဖွဲ့အစီအရင်**

နမောတဿ အင်းလက်ဖွဲ့ အစီအရင် ဆိုသည့်အတိုင်း နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟူသော နမောတဿဂါထာတော် မြတ် အခြေပြုလျက် အင်းဆန်များ စီမံ ဖန်တီးထုတ်ယူကာ စီရင်အပ်သောအင်း ဖြစ်ပါသည်။ အင်းမှာ (၁၈) ကွက်၊ (၄) တန်း (၁၈ × ၄ = ၇၂) ၇၂ ကွက်အင်း ဖြစ်ပြီး ပထမအင်းကွက်အနီးတွင် နမော တဿဂါထာကို ရေးသွင်းကာ ထိုနမော တဿဂါထာမှ ဂါထာစာသားအက္ခရာ ဝလိအားလုံးအား ရှေ့ဆုံး'န'မှစကာ (၇) လုံးစီ ရေတွက်၍ရသော အက္ခရာဝလိ စာသားများကို ဒုတိယအဆင့်အင်းကွက် တန်း၌ လည်းကောင်း၊ တစ်ဖန် ယင်း ဒုတိယအင်းကွက်တန်းမှ ဂါထာတို့ကို လည်း အထက်နည်းအတိုင်း (၇) လုံး မြောက်စီရေ၍ရရှိသော အင်းဆန်တို့ကို တတိယအင်းကွက်တန်း၌ ထည့်သွင်း ရေးချပြီးနောက် ယင်းတတိယအင်းဆန် ဂါထာ အက္ခရာဝလိများကို တစ်ဖန် (၇) လုံးမြောက်စီရေတွက်လိုက်ပြန်လျှင် မူလ နမောတဿဂါထာကိုပင် အင်းဆန်များ အဖြစ်ရရှိသဖြင့် နောက်ဆုံးစတုတ္ထအင်း ကွက်တန်းတွင် 'နမောတဿဂါထာ' ကို ပင် ပြန်လည် ရေးသွင်း စီရင်ရပါသည်။ ထိုအခါ ပထမအင်းကွက်တန်းနှင့် နောက် ဆုံး စတုတ္ထအင်းကွက်တန်းတို့တွင် နမော တဿဂါထာတော်ဖြင့်ပင် ရေးသွင်းရ သဖြင့် နမောတဿဂါထာတော်ဖြင့် ဖွင့် ၍ နမောတဿဂါထာတော်ဖြင့်ပင် ပြန် ပိတ်ထားသော အင်းအစီအရင် ဖြစ်ပါ သည်။ ထိုနမောတဿအင်းလက်ဖွဲ့အစီ အရင်နမူနာပုံကို ဖော်ပြထားပါသည်။

ဖော်ပြပါ အင်းလက်ဖွဲ့အစီအရင် အား ဘုရားရှင်ကို ကန်တော့ပွဲ၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်းတင်၍ သီလခံယူပြီး ရွှေပြား၊ ငွေပြား၊ ကြေးကမ္ဗဝါ ရရာတွင် ရေးစီရင်ပါ။ အင်းရေးသွင်းပြီးလျှင် အင်း ဆန်ဂါထာများအတိုင်း အင်းကွက်အတန်း (၄)တန်းရှိ အင်းဆန်များနှင့် တစ်ထောင် စီ စုတ်ရမည်။ ပြီးလျှင် အောက်ပါ ဂါထာဖြင့် (၇) ရက်စုတ်၍ အင်းသက် သွင်းရမည်။


'ဥုံ - တ-စတု၊ ဂ-စတု၊ အ-စတု၊ တော-စတု၊ သ-စတု၊ ဿ-စတု၊ ဟုလု၊ ဟုလု၊ ချုပ်ဆရာချုပ်၊ အုပ်ဆရာအုပ်'

ပြီးလျှင် လက်ဖွဲ့လိပ်၍ဆောင်။ အလွန် အစွမ်းထက်မြက်လှသဖြင့် ရှေး ဆရာတို့ ပယောဂနှင့်ပတ်သက်၍ အလွန် အားထားသော အင်းအစီအရင်တစ်ခု ဖြစ်၏။ စုန်း၊ နတ်၊ တစ္ဆေ၊ အစိမ်းသဘက် တို့ ပူးကပ်စွဲကပ်လျှင် ထိုလက်ဖွဲ့ဖြင့် လူ နာကို ချည်ပေးထားက မထွက်နိုင်၊ မပြေးနိုင်။ လွှတ်ပေးရန် တောင်းပန်ကြ လိမ့်မည်။ တောင်းပန်လျှင် အခြေအနေ ကြည့်၍ လွှတ်ပေးရမည်။ မလွှတ်ပေးဘဲ ကြာရှည်ချည်ထားမိလျှင် အစွဲသေတတ် သည်။ နောင်အစွဲမကပ်စေလိုက လက် ဖွဲ့ကို ရေစိမ်၍ တိုက်ထား။ အစွဲထွက် သွားပြီ လက်ဖွဲ့ကို ပြန်၍ချည်ထား... အစွဲမကပ်ဝံ့ချေ။ ဤလက်ဖွဲ့ကို ခ... နက္ခတ်ကြံ့စဉ်မှာ စီရင်ရမည်။ ကာ... သိဒ္ဓိနှင့် အန္တိမဆာယာအထိပင် ... မြောက် အောင်မြင်စေနိုင်၏။

**နမောတဿဥဏ္ဏာလုံမွေးရှင်တော်စမ**

အထက်တွင် နမောတဿ... ပတ်သက်၍ဖော်ပြခဲ့သည်များမှာ နမော... တဿဂါထာတော်သည် မည်သို့သော ကောင်းမြတ် ထူးခြားသည့် နော... သမိုင်းကြောင်းနှင့်ပေါ်လာသည်။ နမော... တဿကို ရှေးဆရာတော်၊ သမားတော် ကြီး မည်မျှအရေးထားသည်၊ နမော... တဿကို မည်သို့ ခွဲခြားစိတ်ဖြာလျက် နမော(၄)ချက်၊ နမော(၅)ချက်၊ နမော... (၉)ချက် စသည်ဖြင့် အရေးထား သော...

နမောတဿ
ဥဏ္ဏာလုံမွေးရှင်တော်စမ
အစီအရင်ပုံ



www.burmeseclassic.com

ေးလျက် ဗုဒ္ဓါနုဿတိဘာဝနာများ ကျင့်ကြံ အားထုတ်ကြသည်၊ ဂန္ဓာရီဝိဇ္ဇာ မယပညာရှင်ကြီးများ မည်သို့ကြံဆစီရင် ထားခဲ့ကြသည်ဟူသော အကြောင်းများကို စာဖတ်သူများ နမောတဿဂါထာတော်နှင့်ပတ်သက်၍ ဗဟုသုတလည်းရကြစေ၊ အသိအမြင်ကျယ်စေ၊ အလိုရှိက အသုံးပြု ဆောင်ယူ ကျင့်ကြံနိုင်ကြစေ ဟူသော ရည်ရွယ်ချက်တို့ဖြင့် တင်ပြခြင်း ဖြစ်ပါသည်။ ယခုတစ်ဖန် နမောတဿဂါထာတော်ကြီးကိုမင် အခြေပြု၍ ပေါ်ထွက်လာသော အလွန်ထူးခြားလှသည့် နမောတဿဥဏ္ဏာလုံမွေးရှင်တော် စမအစီအရင်ကို ဖော်ထုတ်တင်ပြပါမည်။

နမောတဿဂါထာမြတ်ကို ဂန္ဓာရီဝိဇ္ဇာမယပညာဖြင့် စီရင်အပ်သော အထက်၌ ဖော်ပြခဲ့သည့် နမောတဿအင်းလက်ဖွဲ့အစီအရင်ကို ဂန္ဓာရီဝိဇ္ဇာမယလောကီပညာကျမ်း၊ အင်းကျမ်းများတွင် ဖော်ပြထားတတ်ကြောင်း တွေ့ရပါလိမ့်မည်။ ဂမ္ဘီရ ဂန္ဓာရီဝိဇ္ဇာမယပညာများတွင်လည်း စာရေးဆရာများ၊ ပညာရှင်များ မကြာခဏ ဖော်ထုတ် ရေးသားကြကြောင်း တွေ့မြင်သိရှိဖူးပါသည်။ သို့သော် အခု ကျွန်ုပ်တင်ပြအံ့သော ဤနမောတဿဥဏ္ဏာလုံမွေးရှင်တော်စမကိုတား မြင်ဖူးကြသူတွေ အလွန်ရှားလိမ့်မည်ဟု ကျွန်ုပ် ထင်ပါသည်။ ကျွန်ုပ်သည်း ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်ဆိုင်ရာ ဆေးကျမ်း၊ အင်းကျမ်းများကို အတော်အတန် စုံလင်စွာဖတ်ရှုလေ့လာခဲ့ဖူးသော်လည်း ဤကဲ့သို့သော နမောတဿဥဏ္ဏာလုံမွေးရှင်တော် စမအစီအရင်ကို မတွေ့ခဲ့ဘူးပါ။ ဦးစွာအစီအရင်ကို လေ့လာကြည့်ပါ။

ယခုအချိန်အထိ ဤစာရေးသူကျွန်ုပ်လည်း ယခု ဖော်ပြထားသော နမောတဿ ဥဏ္ဏာလုံမွေးရှင်တော်စမအစီအရင်ကို ကျမ်းဂန်များ၌ ကြိုးစားရှာဖွေခဲ့ကြသော်လည်း မတွေ့သေးပါ။ ဤကဲ့သို့ နမောတဿဂါထာဖြင့် စီရင်အပ်သော ဥဏ္ဏာလုံမွေးရှင်တော်စမအစီအရင်ပုံမျိုး ပါရှိသော ဂန္ဓာရီဝိဇ္ဇာမယလောကီပညာကျမ်းရှိခဲ့ပါက၊ ထိုကျမ်းကို သိရှိ တွေ့မြင်ဖူးသောသူများရှိပါက ကျွန်ုပ်ထံ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဤကဲ့သို့ပြောရခြင်းမှာ အကြောင်းရှိ၍ဖြစ်ပါသည်။

ယခု ဆောင်းပါးကို ရေးနေသော ကာလမတိုင်မီ တစ်လခန့်က ဖြစ်ပါသည်။ (ကျွန်ုပ် ဤဆောင်းပါးကို ၂၀၁၃ ခုနှစ်၊ ဇွန်လတွင် ရေးနေခြင်း ဖြစ်ပါသည်။) မေလအစပိုင်းခန့်လောက်က ဟု ထင်ပါသည်။ ထိုစဉ်ကာလ တစ်ခုသောညဉ့်၌ ကျွန်ုပ်သည် ကောင်းစွာ အိပ်မောကျနေစဉ် အိပ်မက်တစ်ခုမက်ပါသည်။ အိပ်မက်သည်ကား ချောက်ချားကြောက်လန့်ဖွယ် အိပ်မက်မျိုး ဖြစ်ပါသည်။ အိပ်မက်ထဲတွင် ကျွန်ုပ်သည် အလွန် ကြောက်မက်ဖွယ် နတ်မိစ္ဆာကြီးတစ်ဦးနှင့် ရင်ဆိုင်တွေ့နေရပါသည်။ ယင်းမိစ္ဆာကြီးသည် ကျွန်ုပ်အား အသက်သေသည်အထိ တိုက်ခတ်သတ်ဖြတ်ရန် ကြံနေသည်ဟု စိတ်ထဲကသိနေပြီး ကျွန်ုပ်ကိုယ်တိုင်လည်း ရှက်ရှက်နှင့်ဝန်ခံရလျှင် အလွန်ကြောက်ရွံ့ထိတ်လန့်နေမိသည်။

ထိုအခါ ကျွန်ုပ်သည် ဦးစွာ သမ္ဗုဒ္ဓေဂါထာတော်ကို သတိရပြီး သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်၍ ယင်းမိစ္ဆာကြီးကို တားမြစ်ရန် ကြိုးစားခဲ့ပါသည်။ (ဤသို့ သမ္ဗုဒ္ဓေဂါထာတော်ကြီးရွတ်၍ မိစ္ဆာကြီးကိုတားမြစ်ရာ မရကြောင်းကို ကျွန်ုပ်မရေးလိုပါ။ သို့သော် အိပ်မက်ထဲကအတိုင်း မလွဲသာမရှောင်သာ အမှန်အတိုင်း ရေးပြရခြင်း ဖြစ်သည်။ သက်ဆိုင်ရာပုဂ္ဂိုလ်ထူးကြီးများက အကြောင်းရှိ၍ တမင်တကာ ဖန်တီးပေးထားသော အိပ်မက်မျိုးလည်း ဖြစ်နိုင်ပါသည်။) သို့နှင့် ကျွန်ုပ်လည်း မိစ္ဆာကောင်ကြီးကို တားဆီး၍ မရသဖြင့် ခြေမကိုင်မိလက်မကိုင်မိဖြစ်ပြီး အလွန်တုန်လှုပ်ချောက်ချားနေပါသည်။ သို့ရှိစဉ် ကျွန်ုပ်သည် ရတနာသုံးပါးကို အာရုံပြုလိုက်မိပါသည်။ ထိုအခိုက် ကျွန်ုပ်၏ရှေ့ လက်တစ်ကမ်းစာခန့် ကျွန်ုပ်ဦးခေါင်းနှင့် အမြင့်နေရာလောက်တွင် ယခုဖော်ပြပါနမောတဿဥဏ္ဏာလုံမွေးရှင်တော်မြတ်မပေါ်မီ ဦးစွာနမောတဿဂါထာတော်မြတ်တို့သည် စက်ဝိုင်းအထပ်ထပ်ပုံ စီကာရီကာ ပုံဖော်သလို လည်လျက်ဖြစ်ပေါ်လာပြီးမှ ဤနမောတဿဥဏ္ဏာလုံမွေးရှင်တော်စမပုံ ဖြစ်လာပါသည်။ ထိုသို့ ကျွန်ုပ်မြင်တွေ့ရသော နမောတဿ ဥဏ္ဏာလုံ မွေးရှင်တော်စမပုံ စက်ဝန်းသည် ဖြူ ဝါရောင်တောက်နေသော အလင်းတန်းလေးများနှင့် ပုံပေါ်နေခြင်းဖြစ်ပါသည်။ တစ်ခုဝန်ခံလိုသည်မှာ ကျွန်ုပ်အိပ်မက်တွင် မြင်တွေ့ခဲ့ရသော ထို 'နမောတဿ ဥဏ္ဏာလုံမွေးရှင်တော်စမ' ၌ 'နမောတဿဂါထာ' ဘယ်နှကြိမ် (ဝါ) ဂါထာအပုဒ်ရေ မည်မျှပါသည်ကိုတော့ မသိရ၊ မမှတ်မိပါ။ သို့သော် အိပ်မက်ထဲက ထိုပုံကို အာရုံပြန်၍ ယခုကဲ့သို့ ပြန်ရေးပြသောအခါ ကျွန်ုပ်စိတ်ကူးနှင့်ကျွန်ုပ် 'နမောတဿဂါထာ' ကိုးဂါထာဖြင့် နဝင်းလိုက်ဖြစ်အောင် ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။ အကြောင်းမှာ မြတ်စွာဘုရား၏ ဂုဏ်တော်သည်ကိုးပါး၊ တစ်ဖန် ထို 'နမောတဿ' ဂါထာတော် အက္ခရာစာသားအရည်အတွက်ကို ရေကြည့်လိုက်ပါက စုစုပေါင်း (၁၈) လုံး = (၉) ဖြစ်ရာ ကိုးနဝင်းကိုက်ပေသည်။ ထို့ကြောင့် အိပ်မက်ထဲ၌ ဂါထာပုဒ်ရေ မည်မျှဖြင့်ဖွဲ့စည်းပေါ်ပေါက်လာသည်ကို မသိရသော်လည်း ယခုကဲ့သို့ ကိုးနဝင်းလိုက်အောင် 'နမောတဿ'ဂါထာ (၉) ပုဒ်ဖြင့် စီမံရေးဆွဲ၍ ပြန်လည်ဖော်ထုတ် တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဤစမကို ရေးသောအခါ ဦးစွာအတွင်း 'န' မှစ၍ လက်ယာရစ် ခရုပတ်ရေးဆွဲပြီး နမောတဿဂါထာ (၈) ပုဒ်ဖြင့် ရေးဆွဲသွားပြီး နောက်ဆုံး 'နမောတဿ' (၉)ခုမြောက်ဂါထာဖြင့် အပေါ်မှအောက်သို့ ရေးဆွဲ၍ ဆက်ပေးလိုက်မိလျှင် ဖော်ပြပါ 'နမောတဿ ဥဏ္ဏာလုံမွေးရှင်တော်စမပုံ' ဖြစ်လာပါလိမ့်မည်။

အိပ်မက်ထဲ ကျွန်ုပ်ရှေ့တွင် ထိုသို့ 'နမောတဿစမစက်ဝန်း' ပုံ ပေါ်လာသည်နှင့် ကျွန်ုပ်ရင်ဆိုင်နေရသော မိစ္ဆာကောင်ကြီးသည် အလွန်ထိတ်လန့်တုန်လှုပ်ဟန်ဖြစ်သွားသလို တွေ့ရပါသည်။ ထိုအခါ ကျွန်ုပ်သည် ကျွန်ုပ်ရှေ့၌ ပေါ်လာပြန်သော ထိုနမောတဿစမစက်ဝန်းကြီးကို လက်အုပ်ချီ ရှိခိုးလိုက်ပြီး ထိုစမစက်ဝန်းမြတ်ကို မိစ္ဆာကောင်ဘက်သို့ လက်နှင့် တွန်းလွှတ်လိုက်သလို ပြုမူလိုက်ပါသည်။ ထိုအခါ မိစ္ဆာကောင်ဆိုးကြီးလည်း ပျောက်သွားသကဲ့သို့ 'နမောတဿ' စမစက်ဝန်းကြီးလည်း ပျောက်ကွယ်သွားမိတော့သည်။

ကျွန်ုပ်၏ အိပ်မက်မှာ ထိုမျှသာ ဖြစ်ပါသည်။ ထိုအိပ်မက်မက်ပြီးနောက် ကျွန်ုပ်သည် အိပ်မက်ထဲ၌ ကျွန်ုပ် မြင်တွေ့ခဲ့ရသော ထို 'နမောတဿမွေးရှင်တော်စမစက်ဝန်း' ကို မှန်းဆကြိုးစားပြီး ပုံဖော် ရေးဆွဲခဲ့ပါသည်။ ပုံပေါင်းများစွာ ရေးဆွဲခဲ့ရပြီး ယခုအနီးစပ်ဆုံးပုံကို ပုံဖော်ရရှိမှ ဂန္ဓာရီဝိဇ္ဇာမယပညာကို စိတ်ဝင်စားသူများ၊ ပညာရှင်များ၊ စာဖတ်သူများ ရှေ့မှောက်သို့ ဖော်ထုတ် တင်ပြနိုင်ခဲ့ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စင်စစ် ကျွန်ုပ်သည် ဤသို့ အိပ်မက်ထဲမှာ မြင်တွေ့ခဲ့ရသော အစီအရင်ပုံဖြစ်ကြောင်း တတ်နိုင်လျှင် ထုတ်မပြောချင်ပါ။ အချို့က ကြောင်တောင်တောင်ပဲဟု အပြောခံရမှာကို စိုးရွံ့မိပါသည်။ အချို့ကမူ 'အိုကွာ - ဆရာဇေယျာလင်း သူ့ဘာသာ စိတ်ကူးနဲ့ပုံဖော် ကြံဖန်ရေးဆွဲထားပြီး လူအထင်ကြီးအောင် ပုဂ္ဂိုလ်တွေကပဲပေးသလိုလိုဘာလိုလို လုပ်တာနေမှာပါ' ဟု ထင်ကြမည်ကိုလည်းစိုးမိသည်။ ထိုသို့ထင်လျှင်လည်း တစ်မျိုးတော့ ကောင်းပါသည်။ ကျွန်ုပ်သည် ဂန္ဓာရီဝိဇ္ဇာမယပညာအစီအရင်များကို တီထွင်ဖန်တီးစီရင်နိုင်သော ရှေးပညာရှင်ကြီးများ၏ဉာဏ်ရည်မျိုးရှိပါလားဟု ကြံဖန်ယူရမည်သာ။

ပသို့ပင်ဖြစ်စေ ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ကျွန်ုပ်မှုကား မိမိကိုယ်မိမိယုံသည်။ လိပ်ပြာသန့်သည်။ မည်သူ့ကိုမျှ ကျွန်ုပ်မလိမ်လည်။ အများပြည်သူတွေကို ဤလိုထူးခြားဆန်းသစ်သော၊ ထူးဆန်းစွာပေါ်ပေါက်လာသော ကျမ်းဂန်ပေစာများမှာ သူတကာရှာ၍ မတွေ့နိုင်သော အစီအရင်ထူးကို ဦးဦးဖျားဖျား ဤမဂ္ဂဇင်းကြီး၏စာဖတ်သူများ၊ ကျွန်ုပ်ကို ယုံကြည်ကိုးစားကြသူများအတွက် ဖော်ထုတ်တင်ဆက်ပေးလိုက်ပါသည်။ ဤ 'နမောတဿ ဥဏ္ဏာလုံ မွေးရှင်တော်စမ' အစီအရင်ကို စီရင်လိုကြသူများ ပြုလုပ်သင့်သည့် စီရင်နည်းကို ကျွန်ုပ်ဉာဏ်မီ တွေးမိသလောက် ဖော်ပြပေးလိုက်ပါသည်။ ကျွန်ုပ်လည်း ထိုနည်းအတိုင်း ပြုလုပ်စီရင်ဆောင်ယူစမ်းသပ်ကြည့်မည် ဖြစ်ပါသည်။

ဘုရားရှင်ကို ရည်မှန်း၍ ကန်တော့ပွဲတစ်ပွဲ၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်း တတ်နိုင်သမျှ ကပ်လှူပူဇော်ပါ။ တတ်နိုင်လျှင် နဝင်္ဂသီလ ဆောက်တည်ပါ။ အစီအရင်ကို ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ (ကြေးကမ္ဘဝါရကပိုကောင်းသည်။) စက္ကူသန့်သန့်တို့တွင် ရေးဆွဲစီရင်ပါ။ စမရေးဆွဲစဉ် 'နမောတဿ' ဂါထာတော်မြတ်ကို မပြတ် ရွတ်ဖတ် ရေးဆွဲပူဇော်ပါ။

အင်းအဟိန်းဂါထာအဖြစ် -

၁။ နမောတဿဂါထာ
(တစ်ထောင် မတတ်နိုင်က ၁၀၈ အုပ်စုတ်ပါ။)

၂။ ဂုဏ်တော်ကိုးပါး
(တစ်ထောင် မတတ်နိုင်က ၁၀၈ အုပ်စုတ်ပါ။)

၃။ အဘိဉာဏ်ခြောက်ပါးဂါထာဖြင့်
(၁၀၈ အုပ် စုတ်ပါ။)

**အဘိဉာဏ်ခြောက်ပါးဂါထာ**

ဉ - ကွဒ္ဓိဝိဓံ၊ ဒိဗ္ဗသောတ၊ ပရိစိတ္တ ဝိဇာနာန၊ ပုဗ္ဗေနိဝါသနုဿတိ၊ ဒိဗ္ဗစက္ခု အာသဝက္ခယဉာဏံ၊ အဟံမမ၊ ဒိဋ္ဌမမ္မ ဝေဒနိယကံ ကွဟွတ် ကွဟွတ်။

ယခုတင်ပြခဲ့သော ထူးခြားစွာရရှိခဲ့ပြီး ထူးခြားသောပုံဟန်ဖြင့် 'နမောတဿ' ဂါထာတော်မြတ် ကိုးပုဒ်တို့ဖြင့် ဖွဲ့သီစီရင်အပ်သော ဤ 'နမောတဿ ဥဏ္ဏာလုံမွေးရှင်တော်စမ' အစီအရင်၏ အကျိုးကား အထက်တွင် တင်ပြခဲ့ပြီးသော နမောတဿဂါထာတော်မြတ်ကို အင်းဆန်အဖြစ် အခြေပြုစီရင်အပ်သော 'နမောတဿ' အင်းလက်ဖွဲ့ အစီအရင်၏ အကျိုးတန်ခိုးသိဒ္ဓိနှင့် ဆက်စပ်ကြည့်ကြပါက ထို 'နမောတဿ' အင်းလက်ဖွဲ့တန်ခိုးသတ္တိမှာ စုန်း၊ နတ်၊ အမှောင့်ပယောဂများကို အလွန် နိုင်နင်းသောအင်း ဖြစ်သဖြင့် ယခု 'နမောတဿဥဏ္ဏာလုံ မွေးရှင်တော်စမ'မှာလည်း နမောတဿ ကိုးဂါထာ ပါဝင်စီရင်ထားသော စမအစီအရင် ဖြစ်နေပြန်သောကြောင့်လည်းကောင်း၊ ကျွန်ုပ်၏အိပ်မက်တွင် မြင်တွေ့ခဲ့ပုံအရလည်း ဂါထာရွတ်၍မရသော နတ်မိစ္ဆာဆိုးကြီးကို ကောင်းစွာဖယ်ရှားနှိမ်နင်းနိုင်ခဲ့သည်ကို ပြသခဲ့၊ မြင်ခဲ့ရသောကြောင့် ဤစမမှာလည်း နတ်ဆိုးနတ်မိစ္ဆာ၊ အစိမ်းသဘက်၊ စုန်းကဝေ၊ ဇော်ဂနီ၊ ကာကနီအမျိုးမျိုးတို့ကို ကောင်းစွာ နှိမ်နင်းကာကွယ်ပေးနိုင်မည်မှာ မလွဲပါ။ ထို့အပြင် နမော(၄)ချက်၊ နမော(၅)ချက်၊ နမော(၉)ချက်တို့သည် 'နမောတဿ' ဗုဒ္ဓဂုဏ်တော်မြတ်တို့အရှိန် တန်ခိုးတေဇော်တို့ ထင်ဟပ်သဖြင့် လောကီကောင်းကျိုးချမ်းသာတို့ကို ပေးစွမ်းနိုင်ကြရကား ဤကဲ့သို့ 'နမောတဿ' ကိုးဂါထာတို့ဖြင့် စီရင်ထားအပ်သော ဤ 'နမောတဿ ဥဏ္ဏာလုံမွေးရှင်တော်စမ' မှာလည်း စီးပွားတိုးတက်ခြင်း၊ မရရှိသေးသော စည်းစိမ်ဥစ္စာများ ရရှိနိုင်ခြင်း၊ ရရှိပြီးသော စည်းစိမ်ဥစ္စာများ ခိုင်မြဲခြင်း စသော လောကီအကျိုးစီးပွားတို့အားပေးစွမ်းနိုင်မည်မှာ မလွဲပါဟု ကျွန်ုပ်ယုံကြည်ပါသည်။

ထိုမှတစ်ပါး ဘုရားရှင်၏ မျက်မှောင်တော်နှစ်သွယ် အလယ်ဗဟိုတည့်တည့်၌ရှိသော မွေးရှင်တော်မြတ်သည် ဘုရားရှင်၏ ထူးမြတ်လှသော အံ့မှတ်အသားဖြစ်ပြီး ဩဒါတခေါ် ဖြူ... တောက်ပြောင် စိန်သားတောင်ကဲ့သို့ ထွန်းလင်းဖြူဖွေးတောက်ပသည့် ရောင်ခြည်တော်မြတ် ထွက်ပေါ်ရာ မြတ်သော အင်္ဂါဒြာန ဖြစ်သဖြင့် ဤ 'နမောတဿ ဥဏ္ဏာလုံမွေးရှင်တော်စမ' အစီအရင်မှာ အခြားအခြားသော ထူးမြတ်ကောင်း... သော အကျိုးထူးတရားများကို ပေးစွမ်း... နိုင်ပေလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်သည်။ သို့ဖြစ်၍ ထူးဆန်းစွာရရှိခဲ့သော ထူးမြတ်ဆန်းကြယ်လှသည့် ဤ 'နမောတဿ ဥဏ္ဏာလုံမွေးရှင်တော်စမ' အစီအရင်ကို ဤဆောင်းပါးဖတ်ရှုရသူ စာဖတ်... သတ်များ၊ ပညာရှင်များ၊ သုတေသီ... ဝါသနာရှင်များ စီရင်ဆောင်ယူ သုံး... ကြည့်ကြပါဟု မေတ္တာရပ်ခံလိုပါသည်။ စီရင်ဆောင်ယူ သုံးစွဲကြည့်သူများအနေ... ဖြင့်လည်း အကယ်၍ ထူးခြားသော အကျိုးထူးများ၊ အကြောင်းခြင်းရာများ ရရှိခံစား ကြုံတွေ့ခဲ့ကြရပါက ကျွန်ုပ်ထံ... သို့လည်း သတင်းမျှဝေပေးကြပါ။ ... မဟုတ် အများပြည်သူများ ဆောင်ယူ... သုံးစွဲ အကျိုးရှိကြစေရန် ဖော်ထုတ် ... သားပေးကြပါဟု လေးစားစွာ မေတ္တာ... ရပ်ခံအပ်ပါသည်။

ကျွန်ုပ် တြိရတနာ-ဆရာဇေယျာလင်းသည်လည်း ထူးခြားချက်များ... အကျိုးထူးများရရှိခံစားရပါက သို့မဟုတ်... ခံစားရရှိသူများတွေ့ရှိပါက ဆက်လက်... ဖော်ထုတ် တင်ပြပါမည် ဖြစ်ကြောင်း... ကတိပေးအပ်ပါသည်။

ဤဆောင်းပါးဖြင့် ရန်ကုန်မြို့နယ်... တကွ အနယ်နယ်အရပ်ရပ်မှ 'ဗုဒ္ဓ... ကြား နိပါတ်တော်ကျမ်းဂန်များလာ ... မန္တန်များ' ဆောင်းပါးမှ စိန္တာမဏိ... တော်ကြီးကို ကျွန်ုပ်ပူဇော်လာခဲ့ရာ ... သည့်အကျိုးတွေရပါသလဲဟု မေး... လာကြသော စာဖတ်ပရိသတ်အချို့... ဤဆောင်းပါး ပေါ်ပေါက်လာရခြင်း... အကြောင်းတရားသည် ထိုမန္တန်... ကြီးအား ကျွန်ုပ် ဆောင်ယူ ရွတ်ပွား... ခြင်း၏ အကျိုးတရားတစ်ခုဟု ယုံကြည်... ပါကြောင်း အလျဉ်းသင့်၍ ပြန်ကြား... လိုက်ပါသည်။


*အနန္တစကြဝဠာ အနန္တသတ္တဝါ... ချမ်းသာကြ...*

မေတ္တာများ...
တြိရတနာ-ဆရာဇေယျာလင်း



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းခေါင်

# ဇောဓိသုံးပါးဆွမ်းကပ်လှူရသော သဗ္ဗသိဒ္ဓိကျောင်းစဉ်

တစ်နေ့သ၌ -

ကျွန်ုပ်၏တပည့် မောင်ခင်မောင်ဝင်း ရောက်လာခဲ့ပါသည်။ သူစီးလာခဲ့သည့် စက်ဘီး၏ နောက်ထိုင်ခုံပေါ်တွင် ဝိန့်အိတ် (မြွေရေခွံအိတ်ဟုလည်း ခေါ်ကြသည်။) တစ်လုံးကို ကြိုးနှင့် ချည်နှောင်ပါရှိလာခဲ့ပါသည်။ စက်ဘီးရပ်ပြီး ယူ၍အိမ်ထဲဝင်လာနေသည်ကို ကျွန်ုပ်ထိုင်နေသော အလုပ်စားပွဲမှ မြင်တွေ့နေရပါသည်။

အိမ်ရှေ့ဆောင်ထဲ ရောက်လာသည်နှင့် ကျွန်ုပ်ကိုကြည့်ပြီး အောက်ပါအတိုင်း ပြောလိုက်ပါတော့သည်။

"ဆရာ၊ ကျွန်းက သိမ်းပြီးတာနဲ့ ဘုလားပဲ၊ မြေပဲ၊ ဂျုံစေ့တို့ လာကန်တော့တာပါ"

ဟု လေးလေးစားစား ပြောကာ ကျွန်ုပ်အနားတွင် လာရောက်ပြီး ထိုင်လိုက်ပါသည်။ နောက် ပြီးခဲ့သောလက ပေးခဲ့သော 'အန္တော၊ စရေ ဖြိုဟ်ရှစ်ခွင် မေတ္တာကျင့်စဉ်' ပြီးလျှင် ဆက်ဝင်ဖို့ သုပ်ငန်းအမိဋ္ဌာန်တစ်မျိုးပေးရန်တောင်းခံပါတော့သည်။

ကျွန်ုပ်၏ တပည့်ရောက်ခဲ့သောနေ့မှာ ဝေါဟာရမာသဖြစ်သည့်တပေါင်းလ ဝေဒပညာစကားအရ မိန်ရာသီ၊ ကောဇာနှစ်၏ နောက်ဆုံးလ၊ အတာတို့၏ အပေါင်းကုန်ရာလ စသည် များစွာခေါ်ကြပါသည်။

ထိုလ တပေါင်းလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့ဖြစ်လေသည်။တပေါင်းလ၏ လပြည့်ရန်(၅)ရက်အလိုဖြစ်နေ၍ အင်္ဂါနေ့တွင် လပြည့်မည် ဖြစ်သည်။ ထိုတပေါင်းလပြည့်နေ့သည် သိဒ္ဓိရှင်မဟိဒ္ဓိရှင် ဆရာသခင် အရှင်သူမြတ်များ၊ ဇမ္ဗူဒီပနှင့် မဟာမြိုင်တို့တွင် သီတင်းသုံး၍နေထိုင်ကြကုန်သော ဆရာတော်ကြီးများကို ပူဇော်ကြမြဲဖြစ်သော 'ဆရာသခင်နေ့' ဖြစ်သည်။

ဆရာသခင်နေ့သည် အင်္ဂါနေ့ဖြစ်နေပြန်သည်။ နေ့၏ ပရိယာယ်အရ ဆိုလျှင် အင်္ဂါကို ခြင်္သေ့ ယူထားသဖြင့် တောသုံးတောင်၏ ဧကရာဇာ ဖြစ်နေပါသည်။

ထိုအင်္ဂါနေ့ကို ပထမံပညာအစီအမံများပြုလုပ်ရာတွင် ထိုအင်္ဂါနေ့၌ စီမံဆောင်ရွက်မှုအားလုံးသည် သိဒ္ဓိမဟိဒ္ဓိ အလုံးစုံကို ပြီးမြောက်၏ဟု ဖွင့်ဆိုထားသည်။ အကြောင်းကောင်းများစွာတို့နှင့် တိုက်ဆိုင်နေပါတော့သည်။

ကျွန်ုပ်တပည့်၏ တောင်းခံမှုကို ကျွန်ုပ် ခွင့်ပြုလိုက်ပါသည်။ ကျွန်ုပ်၏ တပည့်သည် အမတရွှေပြည်နိဗ္ဗာန်နန်းကို သွားရာတွင် အကျင့်မျိုးစုံရှိရာ ကမ္မဋ္ဌာန်းလေးဆယ်ဟုဆိုပါသည်။ ကသိုဏ်းဆိုလျှင် ဆယ်ပါး အပြားပြားရှိနေသည့်အတွက် မိမိတို့၏အကြိုက်ဝါသနာလိုက်ပြီး လုပ်ဆောင်ကြမြဲဖြစ်၍ ဇွတ် ကိုယ်နှင့်တူအောင်၊ ညီအောင် မပြုလုပ်သင့်ပါ။ မိမိတို့ဝါသနာနှင့် အကြိုက်တို့ကိုလိုက်ပြီး ကိုယ့်လမ်းကို လျှောက်ကြမြဲဖြစ်ပါသည်။

သာဓကတစ်ခုအနေဖြင့် ပြရမည်ဆိုလျှင် ကျွန်ုပ်တို့ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ရှေးလူကြီးသူမများလက်ဆင့်ကမ်းပြီးသယ်ယူလာခဲ့ကြသော စကားဆိုရိုးတစ်ခုရှိသည်။ ထိုဆိုရိုးမှာ 'မြင်းစီးလို့ အထီးမှန်း၊ အမမှန်းမသိဘူး' ဟူ၍ ဖြစ်၏။

ကျွန်ုပ်အနေဖြင့် ကောက်ယူသည့် အချက်တို့ကို တင်ပြပါမည်။ ကျွန်ုပ်တို့သည် နိဗ္ဗာန်ကိုဝင်စံရန်အတွက် အဆူဆူကုန်သောဘုရားရှင်တို့ ပွင့်ထွန်းခဲ့ကြပြီး ဖြစ်ပါသည်။ ဘုရားရှင်တို့က (၃၁) ဘုံသား ဝေနေယျတို့အားလုံး ချွေချွတ်ခဲ့ကြပြီး ဖြစ်ပါသည်။ ထိုမြတ်စွာဘုရားရှင်တို့၏ ရွှေနှုတ်မြွက်ဟဆုံးမခဲ့သော စကားအစုစုတို့ကို လိုက်နာခဲ့ကြသော ဝေနေယျတို့ ရှိနေကြမြဲ ဖြစ်လေသည်။

အားကျ၍ မိမိအကြိုက် ရှေ့လမ်းကြောင်း လမ်းကောင်းအတိုင်းသွားခဲ့ကြသော အာဇာနည်ကြီးများသည် -

- သမ္မာသမ္ဗောဓိ
- ပစ္စေကဗောဓိ
- သာဝကဗောဓိ တို့ ဖြစ်လေသည်။

ထိုဗောဓိ (၃) မျိုးကို နှစ်စိတ်ခဲ့လျှင် (၇) ပါး အပြားရှိနေပါသည်။ ထိုဗောဓိသတ္တဟုဆိုသော (၇)မျိုးသော ဗောဓိတို့သည် အောက်ပါအတိုင်း ဖြစ်ပါသည်။

**၁။ သမ္မာသမ္ဗောဓိ**

က။ ပညာဓိကသမ္မာသမ္ဗောဓိ

ခ။ သဒ္ဓါဓိကသမ္မာသမ္ဗောဓိ

ဂ။ ဝီရိယဓိကသမ္မာသမ္ဗောဓိ

တို့ ဖြစ်ပါသည်။

**၂။ ပစ္စေကဗောဓိ**

**၃။ သာဝကဗောဓိ**

က။ အဂ္ဂသာဝကဗောဓိ

ခ။ မဟာသာဝကဗောဓိ

ဂ။ ပကတိသာဝကဗောဓိ

တို့ဟု ကြည်ညိုရပြန်ပါတော့သည်။

(မဟာယာနဗုဒ္ဓဘာသာအလိုအရ ဗောဓိသတ္တ ဆိုသည့် စကားကို ဘုရားလောင်းဟုသတ်မှတ်ကြပါသည်။ ကျွန်ုပ်တို့ ထေရဝါဒဗုဒ္ဓဘာသာနှင့် မတူကွဲပြားခြားနားပါသည်။ စာရေးသူ)

ကျွန်ုပ် ရှင်းပြခဲ့ပြီး ဖြစ်သဖြင့် 'ဗောဓိသုံးပါးဆွမ်း ကပ်လှူရသော သဗ္ဗသိဒ္ဓိကျင့်စဉ်' ဖြင့် ဆောင်ရွက်ကြရမည့် ဗောဓိသုံးပါး၏ အဓိပ္ပာယ်ကို ကြည်ညိုစဖွယ် ဖြစ်မည်ဟု ယူဆပါသည်။

သို့ဆိုလျှင်-

- သမ္မာသမ္ဗောဓိ
- ပစ္စေကဗောဓိ
- အဂ္ဂသာဝကဗောဓိတို့ကို ကပ်လှူရန် ဖြစ်ပါသည်။

ကျွန်ုပ်၏ တပည့် မောင်ခင်မောင်ဝင်းအား ကျင့်စဉ်ကို သေချာအောင် စီမံပေးလိုက်ပြီဖြစ်၍ ရတနာအစစ်ကျင့်စဉ်ကို ဝမ်းမြောက်စွာ ရင်မှာပိုက်ပြီး ပြန်သွားခဲ့ပါတော့သည်။

ကျွန်ုပ်သည် တပည့်ပြန်သွားခဲ့သော်လည်း ဝါသနာက အနားမပေးတော့ပါ။ အခါအားလျော်စွာ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများဖြစ်ကြသည့် ခုနစ်နေ့သားသမီးတို့အတွက် ကျင့်စဉ်များကို ရေးသား တင်ပြပါမည်ဟု ဝစီသစ္စာစကားအတိုင်း သူရဿမဂ္ဂဇင်း

www.burmeseclassic.com

ကြီး၏စာဖတ်ပရိသတ်ဖြစ်သော စာချစ်သူများ၊ ကျွန်ုပ်၏ကျင့်စဉ်ကို ဝါသနာတူ၍ ကျင့်ကြံသူမိတ်ဆွေများ၊ မဟာဂန္ဓာရီလမ်းကို ခြေလှမ်းနေကြသော လူရွယ်လူငယ်များအတွက် ယခုကျင့်စဉ်အပြည့်အစုံကို အောက်တွင် ရေးသား ဖော်ပြလိုက်ပါသည်။

အခွင့်ကြုံတုန်း ကျွန်ုပ်အနေဖြင့် တင်ပြလိုပါသည်။

ကျွန်ုပ် သူရဇ္ဇမဂ္ဂဇင်းတွင် ရေးသားနေသော ကျင့်စဉ်များတို့သည် မဟာဂန္ဓာရီလမ်းဟုပြောပြော၊ ဝိဇ္ဇာခရေဂမ္ဘီရပညာကိုလေ့လာခန်းဟုဆိုဆို အရှူးအမူးဖြစ်ခဲ့သော (၁၇) နှစ်ကာလ သက်ကင်းသက်ပယ်၊ သားသတ်လွတ် (ဆားဟင်းလျာ) ဖြင့် စားသုံးပြီး၊ ဖြတ်ခဲ့ပြီးသောကျင့်စဉ်များ ဖြစ်ပါသည်။

အခုအချိန်သည် ဇရာ၏နယ်ထဲသို့ဝင်လာနေပြီဖြစ်၍၊ ဆယ်စုခုနစ်လီကျော်ခဲ့ပြီဖြစ်၍၊ လွန်စွာပုံ့လွင့်မှုမြန်ဆန်လှသော စိတ်အစဉ်တို့ကို သတိကပ်၍ ဖမ်းနေပြီ ဖြစ်သော်လည်း အခန့်မသင့်နိုင်ပါချေ။ ဖမ်းမိလိုက်သောအချိန်အခါတွင် ဖွင့်ဟခဲ့ပြီးသော ဝစီသစ္စာစကားအတိုင်း ကျင့်စဉ်တစ်မျိုးကို ရေးသားလိုက်ခြင်း ဖြစ်ပါသည်။ မှန်သောစကားကိုသာ ဆိုပါသည်။ ဆရာများနှင့် ပညာရှင်အပေါင်း၏ ဆုံးမပဲ့ပြင်မှုကို နာခံရန်အသင့်ဖြစ်ကြောင်းကိုလည်း တင်ပြအပ်ပါသည်။

ကျွန်ုပ်၏စိတ်ကူးသည် ကိုယ့်ပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါတွင် လောကီစီးပွားညှံ့နေကြသူကများသည်။ သမလောဘနှင့်ဖြစ်အောင် ဘဝအတွက် ရုန်းကန်ကြသူများရှိသလို ဖြတ်လမ်းနည်းဖြင့် လောဘမင်းပြစ်ကိုမကြောက်၊ သံသရာအတွက် ဘုရားစကားကို ဆန့်ကျင်နေကြပြီး ချမ်းသာမှုအတွက် အာရုံစိုက်နေသူများကို တွေ့မြင်ရပါသည်။

သို့အတွက် သုံးလောက၏ဘုရင်မြတ်စွာဘုရားရှင်၏ဆုံးမစကားအတိုင်း (ယနေ့ သံဃာတော် အရှင်မြတ်တို့၏ ဩဝါဒခံဖြစ်သော) အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ အတိတ်နှင့်ပစ္စုပ္ပန် နှစ်ဝ ပေါင်းစပ်နိုင်သည့် ဤကျင့်စဉ်ကို ရေးသားခြင်း ဖြစ်ပါသည်။

ပွင့်ထွန်းတော်မူခဲ့ကြပြီးသော ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယဓိကဘုရားရှင်တို့လည်း မတူကြ၊ ဖြဟ္မာချင်းမတူ၊ သိကြားချင်းလည်းမတူ၊ နတ်ချင်းလည်း မတူကြသလို လူအချင်းချင်းလည်း ပါရမီချင်း မတူကြသဖြင့် အကျိုးပေးတော့ ကွာခြားမည်ပင် ဖြစ်ပါသည်။

ကျင့်စဉ်အပြည့်အစုံမှာ -

**၁။ ရက်ရွေးချယ်ခြင်း။**
**ကာလသတ်မှတ်ခြင်း**

က။ မိမိ၏ မွေးနေ့ ရက်မြတ်ရက်ကောင်းတစ်ရက်ကိုရွေးပါ။

ခ။ ကာလသတ်မှတ်ရာတွင် (၄၅) ရက် သတ်မှတ်ပါ။

**၂။ ဦးစွာဆောင်ရွက်ရန်များ**

က။ သာသနာစောင့် နတ်မင်းကြီးများ၊ စတုလောကပါလနတ်မင်းကြီးများ၊ ဗြိုဟ်နတ်မင်းကြီးများ၊ သိကြား၊ ဗြဟ္မာတို့ ပင့်ဖိတ်ထားပါ။

ခ။ ဆွမ်းပွဲပြင်ရန်။

၁။ ဆီဆွမ်း (၉) ရက်
၂။ ပျားရည်ဆွမ်း (၉) ရက်
၃။ ထောပတ်ဆွမ်း (၉) ရက်
၄။ သကြားဆွမ်း (၉) ရက်
၅။ သစ်သီးဆွမ်း (၉) ရက်
ကပ်လှူရမည်။

ဂ။ ဆွမ်းသုံးပွဲပြင်ရမည်။

✤ သမ္မာသမ္ဗုဒ္ဓဗောဓိ (ဘုရားပွဲ) တစ်ပွဲ
✤ ပစ္စေကဗောဓိ တစ်ပွဲ
✤ အဂ္ဂသာဝကဗောဓိ တစ်ပွဲ
တို့ဖြစ်ပါသည်။

ဃ။ အခြားလှူဖွယ်များ။

✤ ပန်း
✤ ရေချမ်း
✤ အလင်းတိုင်
✤ နံ့သာတိုင်တို့ကို ကပ်လှူပါ။

**၃။ ကန်တော့ခြင်းနှင့်ကျင့်စဉ်များ**

က။ ဘုရားကန်တော့ခြင်း

✤ သီလခံယူခြင်း
(မိမိတို့နိုင်သောသီလကိုသာထိန်းပါရန်)
✤ ဆုတောင်းခံခြင်း
✤ မေတ္တာပို့သခြင်း

ခ။ အောက်ပါ ဂါထာတော်များကို ရွတ်ဖတ်ပူဇော်ရန်။

၁။ ဒိဝါတပတိဂါထာတော်ကို ခေါက်ရေ (၃၀) ရွတ်ဖတ်ပူဇော်ရန်။
၂။ သမ္ဗုဒ္ဓေဂါထာတော်ကို ခေါက်ရေ (၃၀) ရွတ်ဖတ်ပူဇော်ရန်။
၃။ အောက်ပါဂါထာတော်ကို ရွတ်ဖတ်ပူဇော်ရန်။

ကူဒ္ဒိဝိမံ၊ ဒိဗ္ဗသောတံ၊ ပရစိတ္တံ ဝိဇာနာနံ။
ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခု တိပဥ္စမာ။
ဗုဒ္ဓ ပစ္စေက ဗုဒ္ဓါနံ၊ အဂ္ဂသာဝက နုဘာဝေန၊ သမိဇ္ဈတု မယံ သဒါ။
ခေါက်ရေ (၃၀) ပူဇော်ရပါမည်။

**၄။ အချိန်နှင့်နေရာသတ်မှတ်ရခြင်း**

မူလစတင်သည့်အချိန်နာရီအတိုင်း ကျင့်စဉ်တစ်ခုလုံး တိကျရန်။

မူလပထမ စတင်သည့် နေရာဌာနမှာပင် ကျင့်စဉ်တစ်ခုလုံး တိကျရန် အထူးလိုအပ်ပါသည်။

**၅။ ဆောင်ရွက်ရန်များ**

က။ ထပ်မံ၍ သစ္စာပြုပြီး မေတ္တာ ပို့သပါ။

ခ။ ကုသိုလ်အမျှပေးဝေပါ။

ဂ။ ဖိတ်ထားသူများ နေရပ်ပြန်ပို့ပါ။

**အထူးပြုဖွယ်ကိစ္စ**

ကျင့်စဉ်အဓိဋ္ဌာန် ဝင်ရောက်နေသော ယောဂီအနေဖြင့် နေ့စဉ်အမှတ်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးသည်နှင့် ဗောဓိသုံးမျိုး ကပ်လှူထားသော ဆွမ်းပွဲ(၃)တို့မှ တစ်ပွဲလျှင် ငါး... တစ်ပုံကျခန့် နုတ်ယူပြီး သုံးပွဲစာပေါင်းပြီး အောက်ပါအတိုင်း ဆောင်ရွက်ပါရန်။

နုတ်ယူထားပြီးသောဆွမ်းများကို ယောဂီကိုယ်တိုင်စားရပါမည်။ စား... ရင်း အောက်ပါအတိုင်း အားမာန်အပြည့်ဖြင့် ရွတ်ဆိုပါရန် -

✤ ဗုဒ္ဓသိဒ္ဓိ၊ ဓမ္မသိဒ္ဓိ၊ သံဃသိဒ္ဓိ၊ မာတာ... ပိတုသိဒ္ဓိ၊ အာစရိယသိဒ္ဓိ။

✤ သိဒ္ဓိအပေါင်းနှင့် ဆယ်ပါး... သိဒ္ဓိတို့ ငါ့ထံရောက်စေ၊ ငါရ... ငါ့ထံရောက်ပြီ၊ ငါရပြီ။
အောင်ပါစေသား၊ အောင်စေသား... အောင်ပါစေသား။
အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ... ဟု ရွတ်ဆိုပြီး စားရန် ဖြစ်ပါသည်။

ကျန်နေသောဆွမ်းပွဲများအား... စားသုံးနိုင်ရန် စွန့်ကြပါ။

ကျွန်ုပ် ယခု ရေးသားတင်ပြ... သော ကျင့်စဉ်ကို ကိုယ်တိုင်တို... ကျင့်ကြံကြပြီးလျှင် သဗ္ဗသိဒ္ဓိဟု ဆို... သော သိဒ္ဓိအပေါင်းကို ကိုယ်တိုင်... နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါ... သည်။

ပညာတိုး...
အကျိုးများကြ...
ဘ...



www.burmeseclassic.com

www.burmeseclassic.com




"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့, မနေ့ကစင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါမမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ မျှားမျှားသာထည့်" "ဟား ဟား၊ ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်"

"နန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ **ဆရာမြင့်**ရဲ့ **စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်**ရဲ့ **စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ."

**ကိုရဲ**

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၂၅၄၁။

www.burmeseclassic.com

www.burmeseclassic.com

**အလုံဘိုးတော်ကြီး၊ မြေးမ ငွေတောင်နှင့် ရွှေကျောက်ဆောင်နတ်**

**အလုံဘိုးတော်ကြီး**

၂၀၀၈ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ထုတ် အထက်မြန်မာသတင်းဂျာနယ် အတွဲ(၂)၊ အမှတ် (၁၂)၊ စာမျက်နှာ (၉) တွင် ဆရာ မျိုးဝင်းထွန်း (မုံရွာ) က **'ခတ်လိုက်လျှင် စိတ်မဆိုးနဲ့ ဘိုးတော်ရဲ့ ကျွဲ သို့မဟုတ် အလုံဘိုးတော်ကြီးပွဲ'** ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးထားသည်ကို ဖတ်ရပါသည်။ ဘိုးတော်ကြီးပွဲ ဆိုသည်နှင့်အညီ ပွဲတော်အကြောင်းသာ ရေးထားခြင်း ဖြစ်၏။ ဆောင်းပါးတွင်-

*လပြည့်ကျော် (၅) ရက်နေ့ သုံးဆောင်သုံးနန်းမှ နတ်ထိန်းများ စစ်ပြေးခဲ့တဲ့နေရာဖြစ်တဲ့ လျှောက်ပြေး (သားပြေး)တောင်နဲ့ ကံကုန်ခဲ့တဲ့ စလွမ်းတောင် (သားလွမ်းတောင်) များမှာ (၂)ရက်စီ ညအိပ်ရပါတယ်။ ထိုရက်များအတွင်းမှာဖြစ်တဲ့လပြည့်ကျော် ၆ ရက်နေ့မှာ ဘိုးတော်ကြီးမြင်းနဲ့ ခုန်ချခဲ့တဲ့ မလွန်တောင်ကိုသွားရောက် ကန်တော့ရာ . . .*

ဟု လည်းကောင်း -

*လပြည့်ကျော် ၈ ရက်နေ့မှာ ရွှေကျောက်ဆောင်၊ မငွေတောင်တို့ရှိတဲ့နေရာကိုသွားပြီး ပွဲကျင်းပကန်တော့ကြပါတယ် . . .*

ဟု လည်းကောင်း ရေးသားထားသည်ကို တွေ့ရသည်။

ဤရေးသားချက်များသည် အလုံဘိုးတော်ကြီးဖြစ်စဉ်ကိုသိမှ နားလည်ပေမည်။ ဆောင်းပါးရှင်က ပွဲတော်အကြောင်းသာ ရေးခြင်းဖြစ်ရာ ဘိုးတော်ကြီး၏သမိုင်းကြောင်း မပါပါ။ သို့ကြောင့် ထိုဒေသများသို့ ရောက်ဖူးသည့် စာရေးသူက ဖြည့်စွက်သည့်အနေဖြင့် အလုံဘိုးတော်ကြီးသမိုင်းကို ဖော်ပြပါမည်။

(ဆရာမျိုးဝင်းထွန်းကလည်း ခွင့်ပြုလိမ့်မည်ဟု ထင်ပါသည်။)

၁။ ဘိုးတော်ကုလား အစထား၊ ကြီးပွား မြို့ရွာတည်လတ္တံ့၊

၂။ ထီးရိုးနန်းနွယ်ဆက်မပြယ်၊ တိုင်းနွယ်ဗဟိုရ်ရိတည်လတ္တံ့၊

၃။ ဗဒုံအလုံနှစ်မြို့ဂုဏ် ရွှေဘုံနန်းစိုက်တည်လတ္တံ့၊

ဟူသော တဘောင်စကားအရ ၄၁၆ ခုနှစ်၌ ကုလားမင်းကြီး ဘသူကွယ်သည် ဗန္ဓုနမုတ္တိမည် အနှောင်အဖွဲ့မှ လွတ်ကင်းရာဒေသဖြစ်သော ဗန္ဓုမြို့ - ဗဒုံမြို့ကို တည်ထောင်တော်မူသည်။ မြန်မာနှစ် ၁၁၄၃ ခုနှစ်တွင် ဗဒုံမင်းတရားကြီး (ဘိုးတော်ဘုရား) သည် ဗဒုံမြို့ကို ရန်အပေါင်း လုံခြုံသဖြင့် အလုံမြို့ဟု သမုတ်စေပြီး ကိုယ်ရံတော် အမှုထမ်းဖွဲ့တော်မူပြီးနောက် အလုံမြို့ထင်ရှားလာခဲ့သည်။

ဗဒုံ - အလုံမြို့သည် ပျောက်ဆုံးခဲ့သောမြို့ ဖြစ်သည်။ သမိုင်းရှိလျက် သမိုင်းမတင်ခဲ့နိုင်ပါ။ ထီးနန်းစိုက်ခဲ့လျက် ရှာမတွေ့နိုင်ပါ။ သည်ကား မြို့တော် သည်ကား မြို့ရိုး၊ သည်ကား ကျုံး... တိတိကျကျပြောနိုင်သူမတွေ့။ ရှိတော့ ရှိသည်။ သို့သော် မြို့တော်မှာ ပျောက်ခြင်းမလှ ပျောက်ဆုံးနေလေသည်။ စာရေးသူတို့ရောက်စဉ်က ဖောင်တော်ဦးစေတီ၊ ရွှေကြိုးရစ်စေတီ၊ ဖောင်ချည်တိုင်စေတီတို့မှာရှိနေဆဲ နံသင့်ဘုရားများ

မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့(၅၅)

# အလုံဘိုးတော်ကြီး၊ မြေးမငွေတောင်နှင့် ရွှေကျောက်ဆောင်နတ်

မောင်သန်းဆွေ(ထားဝယ်)





www.burmeseclassic.com

www.burmeseclassic.com

ပြစ်သော အဂ်ါနံစေတီ၊ စနေနံစေတီ၊ သောကြာနံစေတီ စသည်တို့ကိုလည်း နှုမြော်ခဲ့ရသည်။ ပဲ့နင်းစေတီကား ချင်းတွင်းမြစ်ရေ တိုက်စား၍ ပြိုပျက်ခဲ့ရသည်ဟု ပြောသည်။ သိမ်တော်ကြီးစေတီတော်ကား ထီးတော်အောက် သပိတ်မှောက် ပြိုပျက်လျက်ပင် ဖူးတွေ့ရသည်။

ဗဒုံဟု ခေါ်သည့် အလုံမြို့ကား သမိုင်းတစ်လျှောက် စစ်ဘေးစစ်ဒဏ် အများဆုံးသင့်ခဲ့သောမြို့ ဖြစ်သည်။ ပုဂံခေတ် မြန်မာနှစ် ၄၂၃ ခန့်တွင် စောလူးနှင့် ဗဒုံမြို့တည်နန်းတည် မြို့စားကြီး ဘသူကြွယ် (အလုံဘိုးတော်ကြီးဟု နတ်ဖြစ်လာသူ)တို့၏စစ်ပွဲက စတင်ခဲ့သည်။ အင်းဝခေတ် မြန်မာနှစ် ၈၈၆ ခုနှစ်တွင် မိုးညှင်းစလုံနှင့် အင်းဝရွှေပြည်နန်းရှင် (နရပတိ)တို့၏စစ်ပွဲတွင် မိုးညှင်းစလုံ၏ ဘပ်တော်များ တိုက်ခိုက်၍ ဗဒုံမြို့လည်း ပျက်သုဉ်းခဲ့သည်။ ထိုခေတ် မြန်မာနှစ် ၈၈၈ ခုနှစ် အင်းဝနရပတိ၏ သားတော် အိမ်ရှေ့စံ ဥပရာဇ်ကိုယ်တော်တိုင် စစ်ချီတိုက်၍ ဗဒုံမြို့ပျက်ရပြန်သည်။

(မှန်နန်း၊ ဒုတွဲ၊ စာမျက်နှာ ၂၉၅)

မြန်မာနှစ် ၁၁၁၄ ခု၊ နတ်တော်လဆန်း ၈ ရက်နေ့ နံနက်ပိုင်းတွင် ဗဒုံမြို့၌ ကျုံး၊ မြို့ရိုး၊ အခိုင်အမာ ပြင်ဆင်ပြီး တပ်စွဲထားသော မွန်စစ်သူကြီး တလပန်းကို အလောင်းမင်းတရားကြီးက တိုက်ခိုက် မီးတင်ရှို့၍ ပျက်ခဲ့ရပြန်ပါသည်။

(ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ ပတွဲ၊ စာမျက်နှာ ၅၉)

ဤမျှ အကြိမ်ကြိမ်ပျက်သုဉ်းခဲ့ရသောမြို့ဖြစ်ရကား အဘယ်မှာလျှင် နန်းတော်၊ မြို့တော်၊ မြို့ရိုး၊ ကျုံး စသည်တို့ကို ရှာ၍တွေ့နိုင်ဦးမည်နည်း။

ကုန်းဘောင်ခေတ်တွင် ဗဒုံမြို့စားအဖြစ်ထင်ရှားခဲ့သူကား အလောင်းမင်းတရားကြီး၏ စတုတ္ထသားတော် ဦးဝိုင်းဖြစ်သည်။ မင်းသားငယ်ဘဝက ဗဒုံမြို့စားဖြစ်ခဲ့သည်။ ဗဒုံမြို့စားမင်းသား၏ အိမ်တော်သို့ ခမည်းတော်မင်းတရားကြီး ကြွလာသည်။ သားတော်ဗဒုံမြို့စားအား မိမိ အပိုင်စားရာ ကံကျွေးနယ်မြေ၏ သမိုင်းကြောင်းနှင့် နယ်ရှစ်ရပ်သတ်မှတ်သောအပိုင်းအခြားကို သိထားသင့်သည်ဟု မိန့်တော်မူသည်။ ထိုအချိန်သည် ဗဒုံမြို့စားမင်းသား၏အိမ်တော်တွင် ဦးသြ (နောင်အခါ စိန္တကျော်သူဦးသြဟု ခေါ်တွင်သူ) သည် အကြီးတော်ချုပ်အဖြစ် အမှုတော်ထမ်းလျက်ရှိသည်။အလောင်းမင်းတရားကြီး၏ သမိုင်းကြောင်းကို ရုတ်ခြည်း ဖွင့်ဆိုပြီး လျှောက်ထား ရွှေနားတော်ဆက်သွင်းခဲ့သည်မှာ -

"ဘုရားကျွန်တော်၊ ကော်ရော်ညွှတ်ကျိုး၊ သတိုးမင်းလှရွှေတောင် ဥဒါန်းဆောင်လိမ့်၊ ထိပ်ခေါင်ရှိကြာ၊ လျှောက်ဝံ့ပါသည်။မေတ္တာဆပွား သနားတော်မူ၊ ဇမ္ဗူဦးသျှောင့်၊ ကုန်းဘောင်



www.burmeseclassic.com

www.burmeseclassic.com

ကံကျေး၊ ရန်ဘေးပိတ်ဆို့ ဗဒုံမြို့ကား ထိုသို့နိမိတ် အကြောင်းဟိတ်လျှင်၊ ပဋိ ပက္ခရား၊ ကုလားလူကျယ်၊ ဘသူကြွယ် လျှင်၊ ရန်ပယ်ဆင်ပြောင်၊ ငါးရာနှောင့် နှင့် တောင်တွင်ခုနစ်ရာ၊ ဆယ့်ငါးက လျှင်၊ ခြောက်ရာအသာ၊ လေးဆယ့်တာ တည့်၊ ကျယ်စွာဝန်းလည်၊ မြို့နန်းတည် ၍၊ မြောက်ဆီခပ်ပင့်၊ ဤသို့ဖွင့်က ထို မင်းနိုင်ငံခြားပိုင်ဟန်က၊ လက်ပံတံခါး၊ တောင်ကထား၍၊ နောက်ပါးတောင် ကွက်၊ စဉ်မပြက်သည် ကျောက်မျက် တောင်ရင်း၊ ချင်းတွင်းနောက်ဘက်၊ ရေတစ်ပတ်တည်၊ တက်ခဲ့အညာ သည် မြောက်မှုမူ၊ ကျောက်ဖျာညီမြ၊ ဆင်မကွ ချေ။ အနေကြပ်ကြပ် ဆင်ဝပ်ကျောက် တိုင်၊ သူပိုင်နက်ပေ၊ ကန္တီမြေနှင့်၊ ရေ လည်းဝန်းမြှောင့်၊ ပါရပ်ချောင်းငယ်၊ သုံး တောင်အလွဲ၊ လေးပြင်ကွဲတည်း။ သစ် ခဲကျောက်စီ၊ အုံးကြီးအုံငယ်၊ မြောက် ဝယ်တည့်တည့်၊ ဒီပဲယင်းမြေ၊ ရေဝေ ရေလှန်၊ ဧသန်ချပ်စစ်၊ ရွှေရပ်တောင်ရိုး၊ တာထိုးမပြောင် ဆန်ခေါင်းထန်းစလုတ်၊ သို့သမုတ်သား၊ ထီးချုပ်(ရှုတ်)စက်တွင်း၊ နယ်အတွင်းတွင်၊ သီတင်းဝှန်ဝါ၊ အရှာ ရှာမှ ရန်ညှာပြန့်ပယ်။ ဘ-သူကြွယ်၏၊ အန္တယ်ဆက်ကြ၊ ကာလခုတိုင်၊ ပိုင်ပိုင် သသ၊ စီရင်ရ၏။ မြို့ပြသဏ္ဌာန်၊ သာ ယာဟန်မူ၊ ပန်းမန်သစ်သီးဖြင့်ပြီး အုန်း ထန်း၊ ကျုံးပတ်သန်းနှင့်၊ လယ်ငါန်း ယာခင်း၊ အိုင်အင်ချောင်းမြောင်း၊ သာမျိုး ပေါင်းလျက်၊ ညွတ်ပြောင်းရိုးလက်၊ ယခု ဆက်သား၊ ပုံထွက်အက္ခရာ၊ ရွှေစာ သမိုင်း၊ နှင့်မရိုင်းသည်၊ သည်တိုင်းမှန်ပါ တော့သည်ဘုရား"

ယင်းသမိုင်းအလင်္ကာ၌ 'ပဋိက္ခ ရား ကုလားလူကျယ်' ဟု ဖွဲ့ဆိုထားရာ အလုံဘိုးတော်ကြီးဖြစ်လာမည့် ဘသူ ကြွယ်သည် ပဋိခရားမှ ဖြစ်သည်ဟု ဆို လိုနေပါသည်။ ပုဂံခေတ်က အိန္ဒိယပြည် ကို ပဋိခရားပြည်၊ ကုလားပြည်ဟု ခေါ် ဝေါ် သုံးစွဲခဲ့ကြသည်။ အနော်ရထာမင်း ၏ နိုင်ငံတော်အပိုင်းအခြားကို ဖော်ပြ ရာတွင် -

'အနောက်သို့ အလားကား ပဋိ ခရားမည်၊ ကုလားပြည်လျှင်၊ အခြား တည်း'

ဟု လည်းကောင်း (မှန်နန်း ပတ္တဲ၊ စာမျက်နှာ ၂၇၃) ထီးလိုင်ရှင်၏ နိုင်ငံ ခြားကို ဖော်ပြရာတွင်လည်း -


'အနောက်(တောင်)သို့ အလား ကား ပဋိခရားလည်းမည်၊ ကုလားပြည် လျှင်၊ အခြားတည်း'

ဟူ၍ ဖော်ညွှန်းထားပေသည်။

သို့ဆိုရာကား ကုလားပြည်သား ဘ-သူကြွယ်၏အကြောင်းကို သိရန်လို ပေသည်။ သားတော်အငယ်ကိုကား ထိုက်သင့်သည့်အလျောက် ချီးမြှောက် ထားသော်လည်း သားတော်အငယ် သည် မကျေနပ်သဖြင့် သီရိလင်္ကာမှ အိန္ဒိယသို့ ထွက်သွား၏။ ယခုခေတ် စကားနှင့်ဆိုလျှင် နိုင်ငံရေးခိုလှုံခွင့် တောင်းခြင်း ဖြစ်ပေလိမ့်မည်။

မှတ်ချက်။ ။ အိန္ဒိယပြည် ပဋိ ခရားနယ်သို့ ပထမဦးစွာ ခိုလှုံဝင်ရောက် ပုံရသည်။ ပဋိခရားနယ်မှာ ထိုစဉ်က အိန္ဒိယပြည်အတွင်းမှ ပြည်နယ်ဖြစ်သော် လည်း နောင်အခါ အရှေ့ပါကစ္စတန် နိုင်ငံ ဖြစ်သည်။ ယခု ဘင်္ဂလားဒေ့ရှ် ပြည်။

ထိုပဋိက္ခရားနယ်မှတစ်ဆင့် ... သို့ ရောက်ခဲ့သည်။ ပုဂံဘုရင် စ... မင်းလက်ထက်တွင် ဖြစ်ဖွယ်ရှိသည်... သီရိလင်္ကာပြည်မှ အမည်ရင်းဖြစ်သော... နာဗေလကို စွန့်လွှတ်၍ ပဋိက္ခ... ကုလားသူကြွယ်ဟု အမည်ခံယူသည်... ဆိုပါသည်။ ထို့ကြောင့် ပစ္စည်းဥစ္စာ... ချမ်းသာကြွယ်ဝမှုလည်း ရှိပုံရပါသည်... အနော်ရထာဘုရင်ဖြစ်လာမည့်မင်းသား... နှင့်လည်း ရင်းနှီးလည်း ရင်းနှီးရ... ပုဂံထီးနန်းကို သိမ်းပိုက်နိုင်ရေးအတွက်... အနော်ရထာမင်းသားအား ကူညီခဲ့သည်... ဆိုပါသည်။ သီဟိုဠ် (သီရိလင်္ကာ) ... စွယ်တော်ပင့်ဆောင်ရာတွင်လည်း ... သည် ပင့်ဆောင်ရေးသံအဖွဲ့ဖြင့် လိုက်... ဆောင်ရွက်ခဲ့သည်။သို့ဖြစ်ရကား အ...



အလုံဘိုးတော်ကြီးပုံ



www.burmeseclassic.com

www.burmeseclassic.com

ရထာ နန်းတက်သောအခါ ပဋိက္ခရားသူကြွယ်အား ဘဒ္ဒသူကြွယ် ဟူသောသူဌေးဘွဲ့ပေးသည်။ ဘဒ္ဒသူကြွယ်မှ ဘသူကြွယ်ဖြစ်လာခဲ့သည်။

အနော်ရထာမင်းက ဘသူကြွယ်အား နေရာအပိုင်စားပေးလို၍ ချင်းတွင်းမြစ်ဝှမ်းတွင် နယ်မြေသစ်ရှာပြီး မြို့ရွာတည်ထောင်နေရန် မိန့်တော်မူသည်။ ထို့ကြောင့် ဘသူကြွယ်သည် နယ်မြေသစ်ရှာရန် သလ္လာမြစ်ဝှမ်းသို့ ဆန်တတ်ရာ ဗဒုံမြို့တည်ထောင်မည့် အရပ်ဌာနသို့ ရောက်လာပေတော့သည်။

ဘသူကြွယ် ပထမ စတင် တည်ထောင်သော ဗဒုံမြို့နေရာသည် ယနေ့ အလုံမြို့နှင့် (၄) မိုင်အကွာ အရှေ့မြောက်ထောင့်အရပ်မှ 'မြို့ပေါ်' ဟု ခေါ်သည့်နေရာပင် ဖြစ်ပါသည်။ ထိုနေရာ၌ ယနေ့တိုင် နန်းဦးစေတီ ရွှေကျောင်း၊ ငွေကျောင်းစေတီနှင့် ယုံဝတ်ကျင်းစေတီများကို ဖူးတွေ့နိုင်ပါသည်။ ထို့ပြင် မြို့ရိုးနှင့် ကောနေသော ကျုံးပျက်အစအနများ၊ အုတ်ရိုးများကိုလည်း တွေ့နိုင်ပါသည်။

ထိုနေရာတွင် မြို့တည်သောအခါ တစ်နေ့တခြား စည်ကားလာသည်။ အရပ်ရပ်မှ ခိုလှုံလာကြသူများလည်း တိုးပွားလာသည်ဟု ဆို၏။ သို့သော် ထိုဒေသသည် မြို့စားတစ်ဦး၏ နန်းမြို့တော်တည်ထောင်ရန်အတွက်မူ ကျဉ်းမြောင်းနေသည်။ အနော်ရထာမင်း၏ ခွင့်ပြုချက်ရရှိပြီးသော လေးရာပြမြို့တည်ထောင်နိုင်ရေးအတွက် မြို့ပေါ်မှ ဗဒုံသို့ ပြောင်းရွှေ့တာ မြို့၊ ရွာတည်ထောင်ခဲ့သည် ဆိုပါသည်။ ဗဒုံနယ်မြေသည် စစ်ရေးကာကွယ်မှုနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် အဆင်ပြေလှသည် ဆို၏။ ထို့ကြောင့် ထိုနေရာတွင် မြို့သစ်တည်ရခြင်း ဖြစ်ပါသည်။

ဘသူကြွယ်သည် ၅ မာန်အောင်အမည်ရသောဆင်ကိုစီးလျက် မြို့သစ်တည်ရန် နယ်မြေရှာဖွေရာ ဗဒုံမြို့တည်ရာနေရာသို့ ရောက်၏။ ထိုနေရာကို နှစ်သက် သဘောကျသဖြင့် မြေအနေအထား၏ ပြန့်ပြူးမှုကို အခွေအရံများနှင့် ကြည့်ရှုနေစဉ် ပိတုန်းကောင်များသည် တဝီဝီပျံ၍ ရစ်ဝဲလျက်ရှိသည်မှာ နေပြောက်ပင် မထိုးနိုင်ဟု ဆိုပါသည်။ ထို့ကြောင့် ထိုနေရာကို 'ပိတုံး' ဟုသမုတ်ခဲ့သည်။ ပိတုံးမှ ကာလရွှေ့လျောကာ ဗဒုံဖြစ်လာသည်ဟုလည်းပြောကြသည်။ ဗတုံဟု စာလုံးပေါင်းထားရာ ပိတုံး ဟူသော ဝေါဟာရကို အသံထွက်အနေအထားဖြင့် ပေါင်းထားလေသည်လောဟု တွေးဆနိုင်သည်။ ပိတုံးမှ ဗဒုံ၊ ဗဒုံမှ အလုံ ဟူ၍ သဒ္ဒဗေဒနည်းအရ ဖြစ်လာကြောင်းလည်း ပညာဝိမံကျမ်း၊ စာမျက်နှာ (၂၀၃)၊ (၂၂၀)၊ (၂၂၁) တို့တွင် ဖော်ပြထားသည်။

ဗဒုံမြို့၌ ကြီးလေးကြီး ဟူ၍ အထင်ရှားရှိသည်။ သိမ်တော်ကြီးစေတီ၊ ရှင်ပင်ချမ်းသာကြီး ရုပ်ပွားတော်ကြီး၊ ကြည်းခေါင်းကြီးတောရနှင့် ဘိုးတော်ကြီး(နတ်)တို့ ဖြစ်သည်။ အနော်ရထာမင်းစောသည် ဘသူကြွယ်အား နေရာအပိုင်စားပေးလို၍ ချင်းတွင်းမြစ်ဝှမ်းတွင် နယ်မြေသစ်ရှာပြီး မြို့ရွာတည်ထောင်နေရန် မိန့်တော်မူသည့်အတိုင်း ဘသူကြွယ်သည် နယ်မြေသစ်ရှာရန် သလ္လာမြစ်ဝှမ်းသို့ ဆန်တက်ကာ ဗဒုံမြို့တည်ထောင်မည့်နေရာသို့ ရောက်လာလေသည်။ ဘသူကြွယ်နှင့်အတူ မြင်း (၅၀၀)၊ မြင်းသည်တော် (၁၀၀၀)၊ ဆင် (၅၀)၊ သူရဲသူထက် (၅၀၀)၊ လှေတော်အုပ် (၂) ခု၊ လှော်ကား(၄)စင်း၊ သံလှေ (၂၀) နှင့် ရိက္ခာတင်လှေများပေါင်းသော် အစင်း (၁၀၀) ပေးသနားတော်မူလိုက်သည်။

*"ကိုယ်တော်မြတ်ပေးသနားတော်မူလိုက်သော ပရိသတ်နှင့် ဆင်မြင်းလှေပါနေကြဖို့ နန်းမြို့အကျယ် ကျွဲဖြူရေတစ်ချပ်၊ နန်းတိုင် ဒူးကွေးနှင့် စရွေးကခြေမ တည်ဆောက်ပြီး စိုးစံစေ"*

ဟုလည်း အမိန့်ချမှတ်လိုက်ပါသည်။

" သုံးနှစ်တစ်ကြိမ် ရွှေပန်းခိုင်၊ ငွေပန်းခိုင်နှင့်တကွ ပဲပြောင်းနှမ်းဝါ စသည့် လယ်မြေထွက် (၁၀) ဖို့ (၁) ဖို့ကိုလည်း ဆက်သရမည်။ ပြည်သူအများ ရင်ဝယ်သားကဲ့သို့ မခြားသနားသည်းခံ ဝေဖန်ထောက်ရှု၍ နန်းရံအဖြစ် အုပ်ချုပ်စိုးစံစေ"

ဟူ၍လည်း မှာကြားတော်မူလိုက်ပါသည်။

ဘသူကြွယ်သည် ယခု မုံရွာမြို့ဖြစ်မည့်ဒေသသို့ ရောက်သောအခါ အမျိုးသမီးတစ်ယောက် မုန့်များ ပြုလုပ်ရောင်းချနေသည်ကို တွေ့ရသည်။ ထိုအမျိုးသမီးကို မြင်သည်နှင့် နှစ်သက်သဘောကျ၍ အိမ်ထောင်ရှိ၊ မရှိ စုံစမ်းစေရာ မရှိကြောင်းသိရသည်နှင့် သိမ်းပိုက် လိုက်လေသည်။ ထိုဒေသကိုလည်း မုန့်သည်မရွာဟု အမည်တွင်စေသည်။ ကာလကြာ၍ မုန့်သည်မရွာမှ မုန့်သည်ရွာ၊ ထိုမှတစ်ဆင့် မုန့်ရွာ၊ တစ်ဖန်တစ်ဆင့် မုံရွာဟု ခေါ်တွင်လာကြောင်း အဆိုရှိသည်။

ဘသူကြွယ်သည် အနော်ရထာမင်း မိန့်တော်မူလိုက်သည်ကို ဉာဏ်အမြော်အမြင်နှင့် ဖန်တီးလိုက်ပုံကား ကျွဲဖြူရေတစ်ချပ်ကို သေးငယ်သော သားရေမျှင်ကြိုး ပြုလုပ်စေလျက် ဆွဲငင်တိုင်းထွာပြီး လေးထောင့်မြေပုံသဏ္ဌာန်ဖန်ဆင်းလိုက်သည်။ နန်းတိုင်ဒူးကွေး - ဒူးကွေးမျှသော အတိုင်းအတာကို အချင်းဝက်ပြုလုပ်၍ စက်ဝိုင်းလှည့်ရာ ကြီးစွာသော စက်ဝိုင်းပုံနန်းတိုင်ကြီး ဖြစ်လာသည်။

စရွေးခြေမ ဆိုရာ၌ အထက်ဖော်ပြပါနည်းအတိုင်း ပြုလုပ်စေပြီး နန်းတော်ကို တည်ဆောက်စေသည်။ သို့ဖြစ်ရကား အလွန်ကျယ်ဝန်းသောနယ်မြေနှင့် ကြီးကျယ်သောနန်းတော်ကို ရလေသည်။ဉာဏ်အလွန်ကောင်းသောကြောင့် 'ကုလား ဉာဏ်ကျယ်၊ ဘသူကြွယ်' ဟူ၍လည်း ခေါ်ပါသည်။ ဘသူကြွယ်သည် အနော်ရထာမင်းကြီးအား နှစ်စဉ် ရွှေပန်းခိုင်၊ ငွေပန်းခိုင်မှစ၍ လက်ဆောင်ပဏ္ဏာများနှင့် ကန်တော့နေပါသည်။

တစ်ခါသော် ပို့ဆက်သူများက ဘသူကြွယ် ပို့ဆက်လိုက်သည့် လက်ဆောင်တော်များကိုမပို့ဘဲ လမ်းတစ်ဝက်မှဖြတ်၍ ယူငင်သွားကြသောကြောင့် လက်ဆောင်ပဏ္ဏာများ အနော်ရထာမင်းထံ မရောက်ဘဲဖြစ်ခဲ့သည်။ သို့နှင့် (၃) နှစ်တိုင်တိုင် လက်ဆောင်တော် မရောက်သောကြောင့် ဘသူကြွယ်ကို ဖမ်းဆီးရန်အမိန့်ရာဇသံနှင့် မင်းစေတမန်တို့ကို လွှတ်လိုက်သည်။ ဘသူကြွယ်သည် အဖမ်းဆီးမခံ ခုခံသော်လည်း အရေးမသာ၍ တိမ်းရှောင်နေရသည်။ သူနှင့်တကွ နာဂစန္ဒာဘွဲ့ခံ မိဖုရားကြီးနှင့် နာဂသိင်္ဂီဘွဲ့ခံ သမီးတော်ကြီးတို့လည်း အတူရှောင်တိမ်းနေရသည်။ သမီးတော်ကြီးကို စစ်သူကြီးမ အရာပေးသဖြင့် ကြီးခေါင်ရှင်မ ဟူ၍ အမည်တွင်သည်။ စောချစ်ထောင် အမည်ရှိ သားတော် နာဂသမန်းကြီး၊ စောပဘာ အမည်ရှိ သားငယ် နာဂသမန်းငယ်၊ မြေးတော်များဖြစ်သည့် မောင်ကျောက်၊ မဖြူလှခေါ် မငွေတောင်၊ မစံပယ်နှင့် မမြနှစ်တို့လည်း တိမ်းရှောင်ရာ ပါဝင်ကြသည်။

သို့နှင့် အားမတန်တော့သဖြင့် ဘသူကြွယ်သည် ရန်သူလက်အတွင်း



www.burmeseclassic.com

www.burmeseclassic.com

အရောက်ခံမည့်အစား စီးတော်မြင်း၏ မျက်နှာကို ဝတ်လဲတော်တောင်ရှည်ပုဆိုး အိတ်ဖြင့် စွပ်လိုက်ပြီးလျှင် အနောက်တည့်တည့်ရှိ ချင်းတွင်းမြစ်ချောင်းကမ်းပါးဆီသို့ မြင်းကို တအားဒုန်းစိုင်း၍ မြစ်အတွင်းသို့ လူရော မြင်းပါ ခုန်ဆင်း အဆုံးစီရင်သွားလေတော့သည်။ နတ်ဖြစ်ပြီး အလုံဘိုးတော်ကြီးဟုတွင်သည်။

ဘသူကြွယ်နှင့်အတူ ပုဂံမှပါလာသော စစ်မှူးကြီးအဖြစ် အမှုတော်ထမ်းသည့် သံဘိုမင်းခေါ် စာရေးတော်မင်းသည်လည်း ကျဆုံးပြီး နတ်ဖြစ်သည်။ နန်းတော်ဈေးအရပ်တွင် နှစ်စဉ်အပူဇော်ခံသည်။ သမီးတော်ကြီး နာဂသိဂီသည် ခမည်းတော်၏တပ်တွင် ကြီးခေါင်ရှင် (စစ်သူကြီးမ) အဖြစ် အမှုထမ်းခဲ့ရာ ယာကြီးကုန်းအရပ်တွင် ရန်သူ၏ မြား ဒဏ်ဖြင့်ကွယ်ရာ တောင်ကန်ရှင်အမည်ဖြင့် နတ်ဖြစ်သည်ဟု ဆိုသည်။ ဘသူကြွယ်၏ရဲမက်ကြီးတစ်ဦး ဘသူကြွယ်နှင့်အတူ စလွန်းတောင်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရာ ကျဆုံးပြီး လဘိုရှင်ကြီးဟု အလုံနယ်တစ်ဝိုက်တွင် ထင်ရှားသော နတ် ဖြစ်လာသည်။

ဘသူကြွယ်၏မြေးတစ်ဦးဖြစ်သော မောင်ကျောက်သည် အဘွား နာဂစန္ဒာ မိဖုရားကြီး (မုန့်သည်မ) နှင့် စပြေးရွာတွင် စံနေစဉ် (စ၍ပြေးသောနေရာ) ကျောက်ကြီးရောဂါ စွဲကပ်၍ ဝေဒနာခံစားနေရစဉ် နွားရိုင်းဝှေ့သဖြင့် ကွယ်လွန်သည်။ ရွှေကျောက်ဆောင်နတ်ဟု ထင်ရှားပြီး စပြေးတောင်တွင် နတ်ကွန်းဖြင့် စံနေသည်။ မြေးဖြစ်သူ မောင်ကျောက်၏ ရင်နင့်ဖွယ်အဖြစ်ကြောင့် ရင်ကွဲနာကျပြီး ဘွားတော် မိဖုရားကြီး ကံကုန်သွားရာ ဘွားတော်ကြီးနတ်ဖြစ်လာသည်ဟု ဆိုပါသည်။

ရွှေကျောက်ဆောင်နတ်သည် နှမတော်ငွေတောင်၊ မစံပယ်နှင့် မမြနှစ်တို့အား လူ့ဘဝတွင် နေထိုင်ကြသည်တို့ကြောင့်ကြစိုးရိမ်တော်မူ၍ နတ်ဘဝသို့ ခေါ်ယူသည်။ စပြေးတောင်မှာပင် နတ်နန်းနှင့် စံမြန်းကြသည်။ သို့သော် မငွေတောင်၏ နတ်နန်းမှာ တောင်ခြေတွင် ရှိသည်။ မငွေတောင်သည် လင်ယူဖောက်ပြန်စက်သူ ဖြစ်သဖြင့် မောင်တော်တောင်ပေါ် မှကန်ချ၍ တောင်အောက်တွင် သီးခြားစံရသည် ဆိုပါသည်။ (မငွေတောင်နတ်သမိုင်းမှာ သီးခြားရှိပါသေးသည်။)



အလုံဘိုးတော်ကြီး နတ်ဖြစ်စဉ်သည် မြန်မာ့ရိုးရာ နတ်ကိုးကွယ်မှုမှ အခြားနတ်ဖြစ်စဉ်သမိုင်းများကဲ့သို့ပင် (ဥပမာ - အိမ်တွင်းမင်းမဟာဂီရိနတ်သမိုင်း၊ ပုပ္ပားမယ်တော်နှင့် တောင်ပြုန်းညီနောင်နတ်သမိုင်း) မိသားစုလိုက် နတ်ဖြစ်ကြသည့် နတ်သမိုင်း ဖြစ်ပါသည်။ အစဉ်အလာအရ ပြောဆိုလာခဲ့ကြ၍ ဒဏ္ဍာရီသဖွယ် ဖြစ်နေပါတော့သည်။ စာရေးသူတို့ငယ်စဉ်က အလုံနန်းတွင် သံဘိုမင်းသဖွယ် ဖြစ်နေပါတော့သည်။ စာရေးတော်ကြီးမင်း၏ ပုံတော်သာရှိသည်။ အလုံဘိုးတော်နှင့်ဘိုးတော်ပုံများ မရှိပါ။ ထုလုပ်ရန် ခွင့်မပြုဟု ဆိုပါသည်။ ပုံတော်အစား သက်စောင့်ဘူး သို့မဟုတ် သက်တော်အောင်းဘူးနှစ်ဘူးကိုသာ ထားခွင့်ပြုခဲ့သည်။ (အမေရွှေယဉ်နတ်နန်းမှ သက်စောင့်ဘူးသဖွယ် ဖြစ်၏။) ထိုဘူးနှစ်ဘူးမှာ ရွှေညောင်အိုးများသာ ဖြစ်သည်။ နောက်ပိုင်းတွင် ပုံတော်များထုပြီး ပ,သကြသည်ဟု သိရပါသည်။

အလုံဘိုးတော်ကြီးနတ်မှာ အညာဖြစ်သော်လည်း အောက်ပြည်အောက် ရွာကပါ ကိုးကွယ်ကြသည်။ နတ်ကနားများတွင် သီးခြားချော့ခြင်းမပြုကြပါ။ ကန်တော့ပွဲ သီးခြားပေးထားပြီး နတ်လမ်းပြရာ၌ ဖယောင်းတိုင်တစ်စည်းကို မီးထွန်း၍ အလုံဘိုးတော်မီးလှုံမည်ဆိုကာ နတ်ကတော်များဝိုင်း၍ လက်ကို မီးလှုံဟန် စတိပြုကြခြင်းမျှသာ ပြုလုပ်ကြပါသည်။

(ဆက်ရန်)

မောင်သန်းဆွေ (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com



မနှင်းဆီ(ရေဆင်း-နေပြည်တော်)

# ရတနာသုံးပါးဓါတ်တန်ခိုးတော်နှင့် ထူးခြားသောကိုယ်တွေ့ဖြစ်ရပ်

လူတစ်ဦးတစ်ယောက် ဒုက္ခရောက်ပါက အားကိုးရာ၊ ဆောက်တည်ရာရှာကြရာတွင် ဘုရား၊ တရား၊ သံဃာ တည်းဟူသောအရိပ်, အမိ၊ အဘ၊ ဆရာသမားတို့၏ အရိပ်ကိုသာ မှီခိုအားထားကြ၊ ခိုလှုံကြသည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။ ဤသည်မှာ စာရေးသူ၏ ကိုယ်တွေ့ ဖြစ်ပါသည်။

လွန်ခဲ့သော (၈) နှစ်ခန့်က စာရေးသူသည် လည်ပင်းကြီးရောဂါဖြစ်ပြီး ခွဲစိတ်ကုသရန် မန္တလေးဆေးရုံကြီးတွင် တက်ရောက်နေချိန် ဖြစ်ပျက်ခဲ့သော ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို တင်ပြချင်ပါသည်။ ထိုစဉ်က စာရေးသူသည် လည်ပင်းစလုတ်နေရာတွင် ကြက်ဥလုံးခန့်အရွယ် အကျိတ်တစ်ခုဖြစ်လာပြီး နှလုံးခုန်မြန်ခြင်း၊ အသားအရေခြောက်တပ်ခြင်း၊ မျက်လုံးပြူးခြင်း စသော နောက်ဆက်တွဲ ရောဂါလက္ခဏာများ ပေါ်နေချိန် ဖြစ်ပါသည်။ မူလရုပ်သွင်ပျောက်ပြီး ရုပ်ပျက်နေသောကာလ ဖြစ်ပါသည်။ ရောဂါဝေဒနာများ ပျောက်ကင်းစေရန်အတွက် မန္တလေးဆေးရုံကြီးသို့ တက်ရောက် ကုသရာတွင် ခွဲစိတ်ကုသရမည် ဖြစ်ပါသည်။ ခွဲစိတ်ကုသမှုပြုလုပ်မီ ဖျားနာဆောင်တွင် (၄၅) ရက်ကာက်၍ သွေးပေါင်ချိန်နှင့် နှလုံးခုန်နှုန်းမှန်အောင် စောင့်ဆိုင်းနေရသောကာလ ဖြစ်ပါသည်။

ဤကာလများတွင် သမ္ဗုဒ္ဓေတစ်ခေါက်လျှင် ပုတီးတစ်လုံးနှင့် (၁၀၈) လုံး ပုတီး ပုတီးတစ်ပတ်၊ ပဋ္ဌာန်းအတိုတစ်ခေါက်လျှင် ပုတီးတစ်လုံးနှင့် ပုတီးတစ်ပတ် အဓိဋ္ဌာန်ဝင်ခြင်း၊ တတ်သရွေ့ မှတ်သရွေ့ဘုရားစာများရွတ်ဆိုခြင်း၊ မေတ္တာပို့ခြင်းတို့ကို ပြုလုပ်ပါသည်။ အဓိဋ္ဌာန်ပြီးသွားသောည ည (၂) နာရီခန့်အချိန်တွင် အိပ်မက်မက်ပါသည်။ အိပ်မက်ထဲတွင် အမျိုးသမီးတစ်ယောက်က ခြင်ထောင်ထဲ လာလှပ်ပြီး -

'နင်က လည်ပင်းကိုခွဲမှာဆို'

ဟု စိုးရိမ်နေသောပုံစံနှင့်မေးလာပါသည်။

စာရေးသူကလည်း အဓိဋ္ဌာန်ပြီးပြီဖြစ်၍ မိမိကိုယ်ကို ယုံကြည်စိတ်ချစွာနှင့်ခွဲမှာလို့ ပြောလိုက်ပါသည်။ ထိုအမျိုးသမီးက သူ့အနောက်တွင်ရပ်နေသော အဖော်အား စိုးရိမ်နေသောမျက်နှာနှင့်-

"ဟော့ - သူက ခွဲမှာတဲ့"

ဟု လှမ်းပြောပါတယ်။

အိပ်မက်ထဲမှ အမျိုးသမီးသည် လူမဟုတ်မှန်း သိနေပါသည်။ သို့သော် တောက်တောက်ပြောင်ပြောင် မဟုတ်သောကြောင့် ရုက္ခစိုး၊ ဘုမ္မစိုးနတ် တစ်မျိုးမျိုးဖြစ်လောက်ပါသည်။

အဘယ်ကြောင့်ဆိုသော် တောင်တန်းသာသနာပြုဆရာတော်ကြီးက ညလယ်ခေါင်မက်သော အိပ်မက်သည် နတ်တို့ပေးသောအိပ်မက် ဖြစ်သည်ဟု ဆရာတော်ဘုရားကြီးရေးသားထားသော စာအုပ်ထဲတွင် ဖတ်ခဲ့ဖူးပါသည်။ စိတ်ထဲတွင် မရင်းနှီးသော်လည်း ဘဝဟောင်းက ဆက်စပ်မှုရှိနေသော ဆွေမျိုးသားချင်းဟု သိနေပါသည်။

နံနက်ခင်းသို့ ရောက်သောအခါ ဖျားနာဆောင်တွင် တာဝန်ကျသော ဒေါက်တာက စာရေးသူ၏ခုတင်နေရာသို့လာပြီး လည်ပင်းကြီးရောဂါကုသပုံမှာ (၃) မျိုးရှိကြောင်း၊ ခွဲစိတ်ကုသခြင်း၊ တစ်နှစ်ခွဲဆေးစားခြင်း၊ အဏုမြူဆေးစားခြင်းနှင့် ထိုကုသနည်း၏ကောင်းကျိုးများ၊ ဘေးထွက်ဆိုးကျိုးများအကြောင်း၊ မိမိကြိုက်နှစ်သက်သောနည်းကို ရွေးချယ်ကုသနိုင်ကြောင်းတို့ကို ရှင်းပြလာပါသည်။ ထိုအခါ တစ်နှစ်ခွဲဆေးစားရန် ရွေးချယ်လိုက်မည်ဟု စိတ်ကူးနှင့် ဆုံးဖြတ်ထားပါသည်။ ထိုသို့ ရှင်းမပြမီ အရင်တစ်ရက် ဆေးစစ်ရန်လာသော လည်ပင်းခွဲစိတ်ထားသည့် အမျိုးသမီးတစ်ဦးမှာ အသံလုံးဝမထွက်ပါ။ ခွဲစိတ်ကုသရာတွင် လူ(၁၀၀)လျှင် (၉၉)ဦး အဆင်ပြေသော်လည်း မပြေသည့် တစ်ဦးတွင် ထိုအမျိုးသမီးပါသွားသကဲ့သို့ မိမိလည်း ပါသွားနိုင်သည် ဟူသော အတွေးများဝင်လာပါသည်။ ထို့ကြောင့် မခွဲတော့ဘူးဟု ဆုံးဖြတ်လိုက်ပါသည်။

တာဝန်ကျဆရာဝန် ဒေါက်တာဒေါ်ပိုက နံနက်ပိုင်းအချိန် သမားတော်ကြီး ဒေါက်တာမြင့်မြင့်သန်း Round လှည့်လာသောအခါ စာရေးသူက မခွဲစိတ်ချင်တော့သည့်အကြောင်း၊ အခြားကုသနည်းကို ရွေးချယ်ချင်ကြောင်း ပြောပေးပါသည်။

ဤသို့နှင့် တစ်နှစ်ခွဲဆေးစား၍



www.burmeseclassic.com

# တင်နိုင်တိုး

## ကံဆိုးသူ မောင်ရှင်



ရေငန်ပိုင် ဦးရှင်ကြီး တင်သော ခလေ့ကို မြန်မာနိုင်ငံ နေရာအနှံ့အပြား တွင် တွေ့ရှိကြရသည်။ အထူးသဖြင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသတွင် ပိုမို တွေ့ရှိရပါသည်။ ဤစာရေးသူတို့ ငယ် စဉ်က ရပ်ကွက်အတွင်း 'ဦးရှင်ကြီး တင် သည်' ဟူသော ဆိုင်းဘုတ်ငယ်ကလေး များကို အများအပြားတွေ့ရှိရဖူးပါသည်။ ဦးရှင်ကြီးတင်ပေးသူက သူ့သစ်သားစင် ကလေးနှင့်သူ လာရောက်တင်ပေးခြင်း ဖြစ်ပါသည်။

ဦးရှင်ကြီးကို 'ကံဆိုးသူ မောင်ရှင်' ဟု ခေါ်ဝေါ် သုံးနှုန်းကြသည်။ ကုသိုလ် ကံဆိုးစွာ မဲကျသဖြင့် ရေချခံခဲ့ရသူ ဖြစ် သောကြောင့် ဖြစ်ပါသည်။ ဦးရှင်ကြီး

အနည်းငယ် သက်သာလာသောအခါ အဏုမြူဆေးစားပြီး ကြက်ဥလုံးခန့်ရှိ သောအလုံးကြီးမှာ လုံးဝပျောက်ကင်း သွားပါသည်။ တိုက်ဆိုင်သည်လား၊ တကယ်ပဲ အိပ်မက်ထဲမှ အမျိုးသမီးတို့ သဘောမတူ၍ ခွဲစိတ်ကုသမှုမလုပ်ဖြစ် သည်လား စဉ်းစားစရာပင်။ မည်သည့် အကြောင်းကြောင့် ပျောက်ကင်းသည် ဖြစ်စေ ရတနာ(၃)ပါး၏ တန်ခိုးကြောင့် အနာနှင့်ဆေးတွေ့ပြီး ရောဂါပျောက်ခဲ့ ပါသည်။ လည်ပင်းကြီးရောဂါပျောက် ကင်းသူ အတော်များများမှာ မျက်လုံးပြူး ချက်ချင်း မပျောက်ပါ။ မိမိကျမှ ထူး ခြားစွာ မျက်လုံးပြူးချင်းက ဦးစွာပျောက် ကင်းခဲ့ပါသည်။ တစ်လတစ်ခါ ဆေးစစ် သွားရတိုင်း တာဝန်ကျ ဆရာဝန်များက

လည်ပင်းကြီးရောဂါပျောက်ကင်းသူတိုင်း မျက်လုံးပြူးခြင်းက ဖြည်းဖြည်းမှ ပျောက်လေ့ရှိကြောင်း၊ မိမိကျမှ ကံ ကောင်းစွာ မျက်လုံးပြူးကအရင်ပျောက် သည်ဟု ပြောကြပါသည်။ မူလရုပ်သွင် ကိုလည်း ပြန်လည်ရရှိခဲ့ပါသည်။

ငယ်စဉ်ကတည်းက ဘာသာရေး ကို ယုံကြည်သက်ဝင်ခဲ့သော အကျိုး ကျေးဇူးကြောင့် အနာနှင့်ဆေးတွေ့ခဲ့ရ ပါသည်။ ငွေကုန်ကြေးကျသက်သာစွာ နှင့် ရောဂါပျောက်ကင်းပြီး မိမိအပေါ် စေတနာထားသည့်ပုဂ္ဂိုလ်တို့နှင့် တွေ့ခဲ့ ရပါသည်။ ရောဂါပျောက်ကင်းအောင် ကုသပေးခဲ့သော မန္တလေးဆေးရုံကြီးမှ ဆရာ၊ ဆရာမများ၊ အမျိုးသမီးရေးရာ အဖွဲ့များ၊ ရောဂါကုသနည်း (၃) မျိုးကို

ရှင်းပြပေးခဲ့သော ဒေါက်တာဒေါ်
တာဝန်ကျ ဆရာဝန်၊ ဆရာမများ
လည်းကောင်း၊ မိမိသဘောကျ
ကုသနည်းကို ရွေးချယ်ခွင့်ပေးခဲ့
ခွဲစိတ်ကုသဆောင်မှ ဒေါက်တာ
မြက်အား လည်းကောင်း၊ ဆေးကု
က အဘက်ဘက်မှ ကူညီပေးခဲ့ကြ
မြင်အပ်၊ မမြင်အပ်သော၊ ခင်ပွန်း
ဆယ်ပါးတွင် ပါဝင်ခဲ့ကြသော
ရှင်အပေါင်းတို့နှင့် စိတ်ပူပေးဖော်
အိပ်မက်ပိုင်ရှင်တို့အား လည်း
အထူး ကျေးဇူးတင်ပါကြောင်း
ဆောင်းပါးဖြင့် ဂါရဝပြုလိုက်ရပါ

(ရေဆင်း-နေပြည်

www.burmeseclassic.com

အတတ်လမ်းကို လေ့လာကြည့်တော့ မောင်ရှင်သည် ပဲခူးနယ်၊ မွန်တိုင်းရင်းသားမိသားစုမှ ဆင်းသက်လာသူ ဖြစ်သည်။ ဖခင်၏ အမည်ကို မသိရသော်လည်း မိခင်မှာမူ ဒေါ်ဖြူ ဖြစ်သည်ဆိုသည်။ မောင်ရှင် အသက် (၂၀) အရွယ်တွင် ဆရာဘုန်းတော်ကြီးထံ အတတ်ပညာများ သင်ယူသည်။ ထို့နောက် ဘုန်းတော်ကြီးထံခွင့်ပန်ကာ စောင်းတီးနှင့် အဆိုပညာ သင်ယူခဲ့သည်။

ပညာကျွမ်းကျင်သောအခါ ရွာသို့ ပြန်လာခဲ့သည်။ ထိုစဉ် မိခင် ဒေါ်ဖြူက အစ်မဒေါ်သူထံသို့ ဒင်္ဂါး(၃၀၀) ချေးငှားခဲ့ဖူးသည်ကို အမှတ်ရကာ ယခုကဲ့သို့ ဆင်းရဲနွမ်းပါးနေချိန်တွင် ပြန်လည်ရလို၍ သားနှင့်အတူ သွားတောင်းသည်။ ကြွယ်ဝချမ်းသာနေပြီ ဖြစ်သော ဒေါ်သူက ငွေဒင်္ဂါး (၃၀၀) ကို ပြန်မပေးရုံမျှမက မချေမငံပင် ပြောလွှတ်ခဲ့သည်။ ဒေါ်ဖြူမှာ များစွာရှက်မိကာ ယခင်ရွာမှ ဒလသို့ ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ ဒေါ်သူ၏ သား ကိုဘိုးအောင်သည်ပင် မိခင်အား စိတ်ဆိုးပြီး အဒေါ် ဒေါ်ဖြူတို့နှင့် လိုက်သွားခဲ့သည်။

ကိုဘိုးအောင်သည် ညီဝမ်းကွဲ မောင်ရှင်နှင့်အတူ လှေသူကြီးထံအလုပ်သွားတောင်းရာ မိန်းမလှကျွန်းသို့ မျှောသွားခုတ်မည့်လှေတွင် လိုက်ပါရန် အလုပ်ရသည်။ စရန်ငွေလည်း အထိုက်အလျောက် ရသဖြင့် ယင်းငွေဖြင့် ဒေါ်ဖြူမှာ လတ်တလောအားဖြင့် သားနှင့် ခွဲရမည်ဖြစ်ရာ ဝမ်းနည်းခဲ့မိသည်။ ညဘက်တွင် ဒေါ်ဖြူ အိပ်မက်ဆိုးများ မက်သည်။ သားကိုမသွားရန်တားသည်။ စရန်ငွေ ပြန်သွားပေးမည်ဟုလည်း ကြံရွယ်မိခဲ့သည်။

နောက်ဆုံး မောင်ရှင်တို့မျှောလှေဖြင့် လိုက်ဖြစ်သွားကြသည်။ မိန်းမလှကျွန်းသို့ရောက်သောအခါ မျှောတိုင်များ ခုတ်ကြသည်။ မောင်ရှင်ကိုမူ လှေတွင် အစောင့်ထားကာ ထမင်း၊ ဟင်း ချက်ပြုတ်ထားရန် မှာကြားခဲ့၏။ အစ်ကို မောင်ဘိုးအောင်က လူသူမနီးသည့် တောကြီးတွင် ညီငယ်အတွက် စိတ်မချဖြစ်ခဲ့သေးသည်။ မောင်ရှင်က စိတ်ချရန်နှင့် ပျင်းလျှင် စောင်းတီးနေမည် ဖြစ်ကြောင်းပြောသည်။ သို့ဖြင့် မောင်ဘိုးအောင်လည်း စိတ်ချလက်ချ ထွက်ခွာသွားတော့သည်။

မောင်ရှင်က လှေသူကြီးပေးသော



တာဝန်များကိုလုပ်ဆောင်သည်။ ထမင်း၊ ဟင်းချက်သည်။ လှေဝမ်းဗိုက်အတွင်းမှ ရေများကိုခပ်ထုတ်ပေးသည်။ ထို့နောက် တစ်ယောက်တည်းပျင်းသည်နှင့် စောင်းတီးနေလေသည်။ စောင်းသံကို ကြားသောအခါ နတ်ညီအစ်မများ အလွန်ပျော်ရွှင်ကာ ကခုန်ကြသည်။ စောင်းသံကို စွဲလမ်းသွားသည်နှင့် လူယောင်ဖန်ဆင်းပြီး မောင်ရှင်ထံ ရောက်လာကြသည်။

မောင်ရှင်စောင်းတီးနေရာသို့ ဧည့်သည်အသွင် ရောက်ရှိလာကြသူ နတ်သမီးများက မောင်ရှင်အား မာယာဖြင့် ဖမ်းစားကြသည်။ယင်းနောက် မောင်ရှင်က နတ်သမီးများနှင့် ရင်းနှီးခင်မင်သွားတော့သည်။ ရက်အတန်ငယ်ကြာသည့်အထိ နတ်သမီးများ နေ့စဉ်လာရောက်ကာ မောင်ရှင်၏စောင်းသံကို နားဆင်ရင်း ကခုန်ကြသည်။ ထမင်း၊ ဟင်းများလည်း ဖန်ဆင်းချက်ပြုတ်ပေးကြသည်။

ဤတွင် သံသယရှိလာသော လုပ်ဖော်ကိုင်ဖက်များက တစ်နေ့ မျှောခုတ်ချင်ယောင်ဆောင်၍ ချောင်းမြောင်းကြည့်ရာမှ နတ်သမီးများကိုတွေ့သွားကြသည်။ အလုပ်ပြီးစီး၍ ပြန်လည် ထွက်ခွာသောအခါ မောင်ရှင်အား ကျွန်းထက်တွင် အမြဲနေစေလိုကြသဖြင့် လှေကြီးကို ရေလယ်တွင် ရပ်တန့်သွားစေခဲ့သည်။ လှေသူကြီးက ကျွန်းပိုင်သခင်မများအပေါ် စော်ကားသူ ပါလာသဖြင့် ဖြစ်မည်ဆိုကာ မဲနှိုက်စေသည်။ သုံးကြိမ်နှိုက်သော်လည်း မဲက မောင်ရှင်သာကျသည်။ ကိုဘိုးအောင်က လှေသူကြီးအား ငိုယိုတောင်းပန်သည်။ သို့သော် မရတော့။

နောက်ဆုံး ကံဆိုးသူ မောင်ရှင်ကို ရေထဲတွန်းချလိုက်ရရာ နတ်သမီးများက ပွေ့ချီသွားကြသည် ဆိုသည်။ ကံဆိုးသူ မောင်ရှင်မှာ မိန်းမလှကျွန်းနှင့်တကွ ရေငန်ပိုင်ဦးရှင်ကြီးဖြစ်လာခဲ့သည်။ လှေကြီးလည်း လှော်ခတ်၍ရသွားကာ ဒလသို့ ပြန်လည် ထွက်ခွာသွားသည်။ ဤသို့ဖြင့် ဦးရှင်ကြီးကို ပ,သကိုးကွယ်ကြသည်မှာ ယနေ့ထက်တိုင် ဖြစ်ပါသည်။

✤

၁၅-၃-၁၉၆၃ ရက်စွဲပါ ကြေးမုံသတင်းစာတွင် 'ကံဆိုးသူ မောင်ရှင်' ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ်ပါဝင်ခဲ့ဖူးပါသည်။ တစ်ကြိမ်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည် ဘိုကလေးမြို့နယ် မိန်းမလှကျွန်း၌ နတ်ကွန်းတည်ပြီးထားရှိရန် စောင်းပိုက်နေသည့် ဦးရှင်ကြီးရုပ်တုကို မုံရွာမြို့မှ ပန်းရန်ဆရာကြီးဦးမြထံ အပ်နှံခဲ့သည်။ ရုပ်တုက အင်္ဂတေနှင့် ထုလုပ်ရခြင်းဖြစ်သည်ဆို၏။ ဝန်ကြီးချုပ် အပ်နှံစဉ်က လက်ခငွေ ကျပ်(၂၅၀)ဖြင့် အပ်နှံခဲ့ခြင်း ဖြစ်သည်ဟု ဆိုပါသည်။

သို့သော် အစိုးရအပြောင်းအလဲဖြစ်သွားသဖြင့် ဦးရှင်ကြီးရုပ်တုမှာ ရွေးမည့်သူမရှိဖြစ်သွားပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်မှာလည်း တော်လှန်ရေးကောင်စီအတက်တွင် ထိန်းသိမ်းခြင်းခံလိုက်ရ၏။ နောက်ဆုံး မုံရွာဖဆပလ ဥက္ကဋ္ဌဟောင်းဦးသော်က စေ့စပ်ပေး၍ ငွေကျပ် (၇၀၀) လျှော့ကာ (၁၈၀၀) ကျပ်ဖြင့် ဝန်ကြီးဟောင်း ဦးဝင်းနှင့်အဖွဲ့က လာရွေးသွားသည် ဆိုပါသည်။ ကံဆိုးသူ မောင်ရှင်ဟု ဆိုကြသည်။ ဦးရှင်ကြီးရုပ်တုကား အတော်အတန် စေ့စပ်ညှိနှိုင်းယူပြီးမှ ရွေးမည့်သူ ပေါ်လာခဲ့ခြင်းဖြစ်သည်။

တင်နိုင်တိုး

ကျမ်းကိုး -

၁။ ဦးရှင်ကြီး တင်မြောက်ပ,သနည်း (ရေးသူမပါ)

၂။ ကြေးမုံသတင်းစာ (၁၅-၃-၁၉၆၃)



www.burmeseclassic.com

www.burmeseclassic.com

# ဝေစည်(ရွှေဘို)

## ကိုယ့်ကိုယ်ကိုယ်မီးရှို့သူ

ပေါ့ဆမီးကြောင့် တစ်ရပ်ကွက်လုံးလောင်ခြင်း၊ လင်မယားရန်ဖြစ်လို့ အိမ်မီးရှို့သဖြင့် ရပ်ကွက်မှဝိုင်းဝန်းငြိမ်းသတ်လိုက်ခြင်း၊ ဓာတ်ဆီတိုင်ကီကို ဖယောင်းတိုင်မီးဖြင့်ကြည့်သဖြင့် ကားတစ်စီးလုံး မီးလောင်ခြင်း စသည့်သတင်းများကို သတင်းစာများနှင့် ယနေ့မီဒီယာခေတ်တွင် ဂျာနယ်များ၌ မကြာခဏ (စိတ်မကောင်းခြင်းကြီးစွာ) ဖတ်ကြရပါသည်။

ဓမ္မကထိကဆရာတော်များမှလည်း ထိုထိုသော သတင်းစာပါ၊ ဂျာနယ်ပါသည့် ပေါ့ဆမီးထက် လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့သည် အဆရာထောင်မက ဆိုးရွားပါကြောင်း၊ ပေါ့ဆမီးသည် လူ့ဘဝတွင် ထောင်ဒဏ်၊ ငွေဒဏ်တို့ဖြင့်သာ ပေးဆပ်ကြရကြောင်း၊ လောဘမီး၊ ဒေါသမီး၊ မောဟမီးများ လောင်ကျွမ်းပါက အပါယ်လေးဘုံတည်းဟူသော ထောင်သို့ နှစ်ပေါင်း





www.burmeseclassic.com

www.burmeseclassic.com

များစွာကျစေနိုင်ပါကြောင်း၊ ဒေါသမီး သည် လူသာမန် မဆိုထားပါဘိ နတ်တို့ ပင် သေစေနိုင်သောအဆိပ် ဖြစ်ပါ ကြောင်း ဟောကြ၊ ပြောကြပါပေ၏။ သို့သော် ကိုယ်နှင့်မဆိုင်သလို မသိသလို နေကြသောသူများထဲတွင် ကျွန်မတို့ ပညာတတ်များက ထိပ်ဆုံးက ပါဝင်ခဲ့ ကြပါသည်။ ထိုမီးတို့ဖြင့် ကျွန်မတို့သည် မိကိုယ်ကို မီးရှို့နေမှန်း၊ မီးလောင်တိုက် သွင်းနေမှန်း အလွန်နောက်ကျမှသိရပါ တော့သည်။ နှောင်းလေသောနောင်တ နှောင်းနောင်တဖြစ်ပါလိမ့်မည်။ သို့သော် ကျွန်မမသေသေး၍ ထိုနှောင်းနောင်တ ကို သင်ခန်းစာအဖြစ်ယူလိုက်ပါပြီ။ ထို ကဲ့သို့သော ပညာတတ်မာနခဲများ ကိုယ့် ကိုယ်ကိုယ်မီးရှို့ခြင်းမှ ကင်းဝေးကြပါစေ ဟု ရည်ရွယ်၍ ရေးသားလိုက်ရခြင်း ဖြစ်ပါ၏။

✤

ကျွန်မ၏ မိခင်သည် ကျွန်မကို မွေးပြီးပြီးချင်း သွေးတက်ပြီးဆုံးသည် ဟု ဆိုပါသည်။ ကျွန်မသိတတ်သော အရွယ်တွင် အဖေက နောက်အိမ် ထောင်နှင့် သမီးတစ်ယောက်ပင် ရနေ ပြီ။ အဖေ့နောက်မိန်းမကို 'အမေ' ဟု ခေါ်ရန် အဖေက ခဏခဏပြောပါ သည်။ သို့သော် အမေ့ဘက်မှ အဘွား က -

"ဟဲ့ - နင့်အမေက သေပြီးပြီ၊ ဒါက မိထွေးပဲ။ အမေလို့တော့ မခေါ်နဲ့။ ဒေါ်ဒေါ်အေးလို့ပဲခေါ်"

ဟု ဆိုပါသည်။

ထိုဒေါ်အေးနီနှင့် ကျွန်မက ဆက်ဆံဝေးကြသည် ထင်ပါသည်။ သူ သည်း အဖေ့မျက်ကွယ်တွင် -

"ငါ့ကို အမေမခေါ်နဲ့၊ ငါမကြိုက် ဘူး နင်နဲ့ငါနဲ့က ဘာမှမတော်ဘူး"

ဟု ခပ်ငေါက်ငေါက်ပြောပါသည်။ ကျွန်မကို သူတို့နှင့်အတူ ထမင်းစားခွင့် မပေးပါ။ အကြောင်းကြောင်းတွေကြောင့် အဖေအပြင်ထွက်နေလျှင် အသားဟင်း ဆို ဘယ်လောက်ချက်ချက် ကျွန်မ အတွက်က တရုတ်သံပန်းကန်ပြားပေါ် တွင် ထမင်းနှင့် ငံပြာရည်ချက်ဆမ်းပြီး ငါးခြောက်တစ်တုံးသာ ထည့်ကျွေးပါသည်။ အဖေပြန်လာလျှင်တော့ ကျွန်မကို အဝ ကျွေးပြီးပြီဟု သတင်းပို့လိုက်ပါ သည်။ အဝတ်အစားဆိုလျှင်လည်း ဈေး ထဲက အညံ့ဆုံးပိတ်စကို ချုပ်ခသက်သာ သော အညံ့ဆုံးစက်ဆိုင်တွင်သာအပ်ပြီး ပုံပန်းမကျ ဖိုးရိုးဖားယားချုပ်ပေးပါသည်။ ကျွန်မထက် တစ်နှစ်သာငယ်သော ညီမ လေး (ကျွန်မအဖေက မွေးတာဆိုတော့ ကျွန်မအတွက်တော့ ညီမလေးပါပဲ) ကို တော့ ရယ်ဒီမိတ်လှလှလေးတွေသာ ဝယ်ပြီးဝတ်စေပါသည်။

ကျွန်မတို့ ကျောင်းစနေသည့်နေ့ က ကျွန်မအား ဝတ်ဆင်ပေးသည်မှာ လူ တိုင်းက အော့ချယူကြပါသည်။ တက်ထ ရွှန်အံ့စိမ်းထဘီ၊ အင်္ကျီအဖြူက ပုံမကျ လိုက်သည်မှာ လူကြီးအင်္ကျီကို ကလေး က ဝတ်ထားသလိုဖြစ်နေပါသည်။ ညီမ လေးကိုတော့ ရယ်ဒီမိတ်အဖြူ အစိမ်း ဂါဝန်လှလှလေးဆင်ပေးထားပြီး သူ့ အဘွား (ကျွန်မမိထွေးအမေ)က ဝယ် ပေးလိုက်တာပါဟု လုပ်ချလိုက်ပါ၏။

ကျွန်မက သေးသေးတာတာဖြစ် ပြီး ညီမလေးက ထွားထွားကျိုင်းကျိုင်း ဖြစ်သဖြင့် အတန်းတစ်တန်းတည်းနေရ ပြီး တစ်ခုံထဲမှာ အတူတူထိုင်ရပါသည်။ ကျောင်းမှာ မုန့်သည်များရှိသော်လည်း ကျွန်မ မုန့်လုံးဝမစားရပါ။ မုန့်ဖိုးလည်း မရပါ။ နေ့ခင်းကျောင်းဆင်းလျှင် ကျောင်း မုန့်ဈေးတန်းမှ မုန့်သည်အချို့က ညီမ လေးအား မုန့်တစ်မျိုးမျိုးလာပေးကြပါ သည်။ နေ့စဉ်လာပေးကာ ကျွေးကြတာ ဖြစ်ပါသည်။ ဘာကြောင့် နေ့စဉ်ပေးနေ ကြ၊ ကျွေးနေကြမှန်း မသိပါ။ (ကျွန်မ မိထွေးက ဈေးသည်များအား ပိုက်ဆံကြို ပေးထား၍ဖြစ်ကြောင်း နောက်မှ သိရပါ သည်။)

ညီမလေးက သူမုန့်စားချင်စိတ် မရှိသည့်အခါ ကျွန်မကို ကျွေးလေ့ရှိပါ သည်။ ကျွန်မကလည်း မုန့်ငတ်နေသူဆို တော့ တစ်ခါတစ်ရံပေးတာလေးကို စား လိုက်မိပါသည်။ အိမ်ရောက်လျှင် ထို အတွက် အရိုက်ခံလိုက်ရသည်မှာ မှတ် လောက်သားလောက်ပင် ဖြစ်ပါသည်။

ကျွန်မ၏မိထွေးက နောက်ထပ် ကလေးနှစ်ယောက် မွေးပါသည်။ ယောကျ်ားလေး နှစ်ယောက်ဖြစ်ပြီး အလွန်ဆိုးလှပါသည်။ သူတို့နှစ်ယောက် ကလည်း ကျွန်မကို ဒုက္ခပေးဖို့သက် သက်မျှ အိမ်မှာ လူလာဖြစ်ကြသည်ဟု ထင်ပါသည်။

ကျွန်မ၏ အဖေက နဂို ခပ်အေး အေးနေတတ်သည့်အထဲ အဖေးပြေး တားမောင်းသူဖြစ်သဖြင့် ကျွန်မ အိမ်မှာ ဘယ်နည်းဘယ်ပုံ နေရစားရသည်ကို မသိပါ။ ကံဆိုးချင်တော့ အမေ့ဘက်က အဘိုးအဘွားတို့ကလည်း ဆုံးသွားကြ ပါ၏။

ကျွန်မက လူကောင်သေးသော် လည်း အမေနှင့်တူတောကြောင့် (အမေ့ အမေကပြောခဲ့ခြင်းပါ။) ဉာဏ်ကောင်း ပါသည်။ ညီမလေးကဖျင်းပါသည်။ ဖျင်း လည်းဖျင်းပါသည်။ ကျွန်မက အဆင့်(၁) ရလျှင် ညီမလေးက အဆင့် (၃၀)၊ (၃၁) သာ ရပါသည်။ မိထွေးက ကျွန်မအား အိမ်အလုပ်များဖြစ်ကြသော ကြမ်းတိုက်၊ ပန်းကန်ဆေး၊ တံမြက်လှည်း၊ အဝတ် လျှော် စသည်တို့ကို မနားတမ်းခိုင်းပါ သည်။ ကျွန်မတွင် စာကျက်ချိန်မရှိ လောက် ဖြစ်ပါသည်။ ကျွန်မကလည်း နေ့ခင်းကျောင်းဆင်းလျှင် အိမ်ပြန်ထမင်း မစားတော့ဘဲ ကျောင်းမှာပင် စာကျက် နေလိုက်ပါတော့သည်။

ထိုစဉ်က ကျွန်မတို့အကြောင်းကို သိသော အတန်းပိုင်ဆရာမက ကျွန်မ အား နေ့စဉ် မုန့်ဖိုး ငါးမူး(၅၀ပြား) ပေးပါ သည်။ ကျွန်မက မယူလျှင် ဆရာမက ဖွတ်အတင်းပေးသဖြင့်ယူလိုက်ရပါသည်။ ထိုငါးမူးစေ့လေးတွေကို ကျွန်မ၏ လွယ် အိတ်ထဲမှတွေ့ရသော မိထွေးက သူ့ ပိုက်ဆံခိုးသည်ဟု စွပ်စွဲကာ ရိုက်ပြန်ပါ ၏။ ဆဋ္ဌမတန်းရောက်နေပြီ ဖြစ်သော ကျွန်မက အတန်းပိုင်ဆရာမအား အကျိုး အကြောင်းပြောပြပြီး ကျွန်မကို ပိုက်ဆံ ငါးမူးမပေးတော့ပါရန် တောင်းပန်ရပါ ၏။ ဆရာမက ပိုက်ဆံမပေးတော့ဘဲ ထမင်းပိုထည့်လာပြီး ထမင်းနေ့တိုင်း ကျွေးပါသည်။ ထိုနှစ်က ညီမလေးမှာ ဆဋ္ဌမတန်း (E) သို့ အဆင့်အလိုက် ပြောင်းနေရပါသည်။ ကျွန်မက(A)တန်း တွင် နေရပါသည်။

တက္ကသိုလ်ဝင်တန်းကို ကျွန်မက အမှတ်ကောင်းကောင်းဖြင့် အောင်ပြီး ညီမလေးက ကျနေခဲ့သည်။ မောင်လေး နှစ်ယောက်က (၄) တန်းနှင့် (၅) တန်း တက်နေကြပါပြီ၊ ပညာရေးတက္ကသိုလ် တက်ခွင့်ရသော်လည်း ဆရာအတတ် သင်ကျောင်းသို့သာ တက်ခွင့်ပြုပါသည်။

ထိုနှစ်က အလွန်ကံကောင်းသွား ပါသည်။ အမေ့မောင် တစ်ဝမ်းကွဲက ကျွန်မအကြောင်းကို သေချာဂနကြား သိပြီး ကျောင်စရိတ်ဖူဖူလုံလုံထောက်ပံ့ ပါသည်။ အဖေနှင့်မိထွေးထံမှ တစ်ပြား တစ်ချပ်မှ မယူရတော့ပါ။ ကျောင်းပိတ် သော်လည်း အိမ်မပြန်တော့ဘဲ ခင်မင်



www.burmeseclassic.com

www.burmeseclassic.com

သော သူငယ်ချင်းများ၏အိမ် (အခြားမြို့ရွာများ)သို့ လိုက်လည်ပါသည်။ မိန်းမကြောက်ရသော လူအေးကြီးကျွန်မဖခင်ကလည်း သူ့ဦးလေးက ထောက်ပံ့နေတာပဲဆိုပြီး ဘာမှမပေးတော့ပါ။ (အမှန်တော့ အဖေက ပေးပါသည်။ မိထွေးက ဉာဏ်အမျိုးမျိုးသုံးပြီး တားမြစ်ခြင်းကြောင့် ကျွန်မထံ ငွေကြေး၊ အဝတ်အစား၊ မုန့်ပဲသရေစာမရောက်ခြင်းပါ။)

ဆရာအတတ်သင်တွင် နေရင်းကျောင်းပိတ်တိုင်း သူငယ်ချင်းများ၏မြို့ရွာများသို့ လိုက်၍လည်ရပေရာ ကျွန်မအတွက် အလွန်ဗဟုသုတတိုးပါသည်။ သူငယ်ချင်းများအိမ်ရှိ တောအလုပ်၊ တောင်အလုပ်များကို ဝိုင်း၍ ကူညီလုပ်ပေးသော ကျွန်မအား အိမ်ရှင်များက ချစ်ခင်ကြပါသည်။ သူတို့သားငယ်၊သမီးငယ်များကိုလည်း ကျွန်မကစာသင်ပေး၊ ပုံပြင်ပြောပြဖြင့် ပျော်ရပါသည်။ သူတို့ရွာက ဘုန်းတော်ကြီးကျောင်းများမှ ကုဋီများရေဆေးပေးခြင်း၊ တံမြက်လှည်းခြင်း၊ သောက်ရေဖြည့်ခြင်းတို့ကိုပါ အခါအားလျော်စွာ ကုသိုလ်ယူပြီးလုပ်ပေးပါသည်။

တစ်ခါက တောင်သာဘက်မှ သူငယ်ချင်းရွာသို့ လိုက်သွားပါသည်။ သူတို့က ချောင်းရေကို နွားလှည်း (ရေစည်လှည်း) ဖြင့် တိုက်ယူပြီး သုံးကြပါသည်။ ရောက်ပြီးနောက်ရက်တွင် ရွာလုံမေများက ရေအိုးလေးများရွက်ပြီး အဝတ်လျှော်၊ ရေချိုးသွားကြရာ ကျွန်မကလည်း အိမ်ရှင်က အိမ်မှာပဲ ရေစည်လှည်းမှရေကို ချိုးပါဟု အကြိမ်ကြိမ်ပြောသည့်ကြားမှ ရေချိုးလိုက်သွားပါသည်။

ကျွန်မစိတ်ကူးကတော့ နွားလှည်းနှင့်သယ်ယူရသောရေကို ချိုးရမှာအလွန်အားနာမိခြင်း၊ နောက်ပြီး ချောင်းထဲဆိုတော့ အညောင်းအညာပြေအောင် ရေလည်းကူးလိုက်ဦးမည်ဟု ကြံစည်ပြီး လိုက်သွားခြင်း ဖြစ်ပါသည်။ နှစ်ဖာလုံခန့်ဝေးသောချောင်းသို့ ရောက်လေသော်မှ ကျွန်မမှာ ငိုရမလိုရယ်ရမလိုဖြစ်ပြီး ကဲပါလေ၊ မထူးတော့ပါဘူး။ ရယ်တာကမှ လူလည်းပေါ့ပါးစေပါတယ်လို့ တအားရယ်လိုက်ပါသည်။ အကြောင်းကတော့ ကျွန်မတွေးထင်သလို ချောင်းက ရေကူးလို့မရပါ။ ရေလည်း ချောင်းထဲစီးမနေပါ။ လက်ယက်တွင်းကလေးများထဲမှ အုန်းမှုတ်ခွက်ကလေး (သစ်သားအရိုးတပ်ထားပါသည်။) နှင့် ခပ်ပြီးမှ ရေအိုးထဲထည့်ကာ အဝတ်လျှော်ကြ၊ ရေချိုးကြရခြင်းပင် ဖြစ်ပါသည်။

စိတ်ထဲမှာ ကျောင်းနှင့် ကျောင်းစာသာရှိနေသော ကျွန်မသည် စာမေးပွဲတိုင်း အမှတ်ကောင်းလှပါသည်။ အဆင့် (၁)နှင့် (၂)မှာ ကျွန်မသာလျှင် ဖြစ်နေပါ၏။ ဆရာအတတ်သင် (၂)နှစ်ပြီးသော အခါ BEd ပေါင်းကူးတက်ခွင့်ရပါသည်။ ကျွန်မက ဆက်မတက်တော့ဘဲ အလယ်တန်းပြဆရာမလုပ်ရန် ဆုံးဖြတ်လိုက်ပါသည်။

သို့သော် ကံတရားက BEd တက်ဖို့ အခွင့်ဖန်လာပါသည်။ ကျွန်မကုဋီဆေးပေးခဲ့သော ဘုန်းတော်ကြီးကျောင်းမှ ကျောင်းဆောက်ရန်အတွက် ထီဖွင့်လာရာ ကျွန်မ ထိုးခဲ့သော (အမှန်တော့ စိတ်ဖြစ်ပြီး ကိုယ်လှူနိုင်သလောက် လှူခဲ့ခြင်းပါ) ဖြတ်ပိုင်းက ရွှေအိုးရောင်ဂျပန်ဆိုင်ကယ်လေး ပေါက်ပါသည်။

ကျွန်မက ဆိုင်ကယ်မယူဘဲ ဘုန်းတော်ကြီးကျောင်းကို ငါးထောင်ပြန်လှူပြီး ငွေကိုသာ ယူလိုက်ပါတော့သည်။ ထိုငွေကို ကျွန်မအား ပညာသင်စရိတ်ထောက်ပံ့ခဲ့သော ဦးလေးအား အပ်နှံလိုက်ပါသည်။ အကယ်၍ ကျွန်မအား ဆက်လက် ထောက်ပံ့နိုင်ပါသေးလျှင် ပညာရေးတက္ကသိုလ်တက်ပါရစေဟု ခွင့်တောင်းရာ ဦးလေးက ဆက်တက်ခွင့်ပြုခဲ့ပါသည်။ ဦးလေးတို့ ဇနီးမောင်နှံမှာ သားထောက်သမီးခံမရှိပါ။ ကျွန်မကဲ့သို့ ကျောင်းထားပေးသော ကျောင်းသားတစ်ယောက်နှင့်ကျောင်းသူတစ်ယောက်လည်း ရှိပါသေးသည်။

ပညာရေးတက္ကသိုလ်မှာ (ထိုစဉ်က) ရန်ကုန်မြို့တွင်သာရှိပါသည်။ ပညာရေးတက္ကသိုလ်တက်ရင်း ပြင်ပစာများ အလွန်ဖတ်ဖြစ်ပါသည်။ ကျောင်းပိတ်လျှင် ရုပ်ရှင်များကြည့်ပါသည်။ ရုပ်ရှင်များဟု ရေးရာမှာ အဓိပ္ပာယ်ရှိပါသည်။ ဆူးလေဘုရားလမ်းတစ်ဝိုက် နံနက် (၉) နာရီခွဲ တစ်ကား၊ နေ့လယ် (၁၂) နာရီခွဲ တစ်ကား၊ ညနေ (၃)နာရီခွဲ တစ်ကားနှင့် (၆)နာရီခွဲတစ်ကား ပေါင်း (၄) ကားကြည့်လိုက်ပါသည်။ အတူပါလာသော ကြူကလည်း ရုပ်ရှင်ရော စာဖတ်ပါဝါသနာပါလှပါသည်။ ထိုနေ့က ကြည့်ခဲ့သော WHISTLE DOWN THE WIND ဇာတ်ကား၊ THAT DUN CAT ဇာတ်ကား၊ TIGER BAY နှင့် THEFT OF MONALISA ဇာတ်ကားတို့ဖြစ်ပါသ[illegible]

ထိုနေ့ (စနေနေ့ည) က သူငယ်ချင်း [illegible] တို့အိမ်မှာအိပ်ကြရာ ရုပ်ရှင်ဝါသနာ[illegible] ၍ သူ့အိမ်မှာ အကျိုးချုပ်နေခဲ့သော [illegible] က ကျွန်မတို့အား စကားမပြော[illegible] ပါ။

ပညာရေးတက္ကသိုလ်တွင် [illegible] သင်ယူလိုက်၊ ကျက်လိုက်၊ ဖြေလို[illegible] BEd ဘွဲ့ရခဲ့ပါသည်။ ရန်ကုန်၊ မန္တ[illegible] မြို့ကြီးများတွင် ရနိုင်သော်လည်း [illegible] ကလည်း ကွယ်လွန်ခဲ့ပြီးဖြစ်တာ[illegible] ချင်းတွင်းမြစ်ရိုးရှိ မြို့ကလေးတစ်[illegible] အထက်တန်းပြအဖြစ် လျှောက်[illegible] လိုက်ပါသည်။

ရန်ကုန်မြို့မှ ရထားစီး၊ တ[illegible] ကားစီး၊ ထိုမှ ပပဝတီသင်္ဘောကြီး[illegible] ပပဝတီက ချင်းတွင်းမြစ်က ရေတိ[illegible] သဖြင့် ဆက်လက်မခုတ်မောင်းနိုင်[illegible] ဘဲ စီဘီ(CB)ခေါ် တွန်းသင်္ဘော[illegible] လိုက်သွားရ၏။ ရှေ့ကတွဲမှာ စက်[illegible] ဘဲ နောက်တွဲမှစက်ဖြင့် တွန်းပေ[illegible] ဖြစ်၏။

တာဝန်ကျရာ မြို့ကလေး[illegible] ရောက်လေသော် ဆရာအတတ်[illegible] ကျောင်းတက်စဉ်က အသိဆရာမ[illegible] ယောက်နှင့် တွေ့ရပါသည်။ ကို[illegible] တော့ အဝေးတစ်နေရာမှာ သွား[illegible] တာဆိုပြီး ဝမ်းသာစွာနှင့် လိုက်လို[illegible] လှဲ့ နှုတ်ဆက်ပါသော်လည်း သူက [illegible] နေသလိုလိုလုပ်နေပြန်၏။ အေ[illegible] သူက မေ့နေတာဖြစ်ချင်လည်း [illegible] ပေါ့ ကိုယ်က Roll (1) One၊ သူက [illegible] ဖြစ်နေလို့ထင်ပါ၏။

အလုပ်ဝင်စ ဆရာမလေးမို့ [illegible] တန်း ရူပဗေဒပေး၏။ ပေးချင်တာ [illegible] စမ်း၊ သင်ပြလိုက်မဟဲ့လို့ ကြိမ်း[illegible] ကျွန်မက အပင်ပန်းခံပြီး သင်လို[illegible] ကျောင်းသားများကြား၊ ဆရာ[illegible] ကြား စာသင်ကောင်းသည်ဟု နာ[illegible] ထွက်လာ၏။ ဒီဇင်ဘာရောက်[illegible] သင်ရိုးညွှန်းတမ်း ပြီးပါလေ၏။ [illegible] တန်း ရူပဗေဒသင်နေသော ဆ[illegible] တစ်ယောက် ဆုံးသွားသဖြင့် ခေ[illegible] ရူပဗေဒ (MODERN PHYSICS [illegible] ခန်း ကျန်နေသည်ကို ကျောင်းအ[illegible] က သင်ပေးပါရန် မေတ္တာရပ်ခံ[illegible] စိတ်ပါလက်ပါ သင်ပေးလိုက်ရ[illegible] MODERN ခန်းကို လွှတ်လိုက်[illegible] စိတ်ကူးကြသောတပည့်များက [illegible] ဝမ်းသာကျက်မှတ်ကြ၏။ အား[illegible]



www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေများတွင် နဝမတန်း PHYSICS ကို ပြန်ပြီး သင်ပေးရ၏။ (ထိုစဉ်က (၁၀)တန်းမေးခွန်းများတွင် နဝမတန်း COURSE မှ (၂၀)မှတ်ဖိုး ဘာသာရပ်တိုင်း မေးပါသည်။)

ကျောင်းနှင့်အိမ်၊ အိမ်နှင့်ကျောင်းသာ ကျင်လည်နေရသော၊ မည်သူ့အိမ်မှ အလည်မရောက်ဖြစ်သော ကျွန်မသည် တစ်နေ့ ချင်းတွင်းမြစ် ရေချိုးဆိပ်သို့ ရေချိုး၊ ခေါင်းလျှော်ရန် သွားရပါသည်။ (အမှန်တော့ စနေတစ်ပတ်ခြားလောက်ခေါင်းလျှော်နေကျဖြစ်ပါသည်) ခေါင်းလျှော်လျှင် မြစ်အထက်ဘက်သို့ လှမ်းမျှော်ပြီးမကြာခဏကြည့်ရပါသည်။ အကြောင်းမှာ သူတို့မြို့ကလေးသည် အမှိုက်များကို မြစ်ထဲသို့ စွန့်ပစ်လေ့ရှိခြင်းကြောင့် ရေချိုးနေသူမှာ အမှိုက်များအလယ်တွင် မကြာခဏ စိတ်ညစ်ရပါသည်။ ယခု ထိုအမှိုက်စွန့်ဓလေ့ ရှိ၊ မရှိ မသိရပါ။

ကျွန်မအဝတ်လျှော်နေစဉ် နဝမတန်းကျောင်းသူလေးက ကျွန်မအနားရောက်လာပြီး သူလည်း အဝတ်လျှော်ပါသည်။ အဝတ်လျှော်ရင်း-

"ဆရာမရယ်၊ ဟိုဆရာမလေ အလယ်တန်းပြပေါ့နော်။ ဒါပေမယ့် ဆရာမ မရောက်ခင်က နဝမတန်း ရူပဗေဒသင်တာပေါ့။ အဲဒါ သူ့နေရာကို ဆရာမပေးသင်ရမလားဆိုပြီး ကျောင်းအုပ်ကြီးကိုလည်း ဆဲနေတာ၊ ဆရာမတို့လည်း ဆဲလိုက်တာ၊ နောက်ပြီး (၁၀)တန်းက အတန်းမှူးလုပ်တဲ့ ဆရာမကိုလည်း သတ်ချင်လိုက်တာတဲ့ရှင့်။ အဲဒါလေ သူက အတန်းထဲမှာပြောပါရော။ ငါထီပေါက်ရင် မော်တော်ကြီးတစ်စီး ဝယ်မယ်။ ငါ့မော်တော်ပေါ်မှာ ဟိုသုံးယောက်တင်ပြီး မြစ်လယ်မှာကန်ချထားခဲ့မှာတဲ့ရှင်။ အဲ - ပြီးရင် ကျွန်မတို့ နဝမတန်းနဲ့ ဒသမတန်း (၄)ခန်းလုံးကို မီးရှို့မယ်တဲ့ရှင့်"

အလိုလေး၊ မြတ်စွာဘုရား ကယ်တော်မူပါ။ ဒီကျောင်းသူလေးပြောတာ ဟုတ်မှဟုတ်ရဲ့လေလား၊ စိတ်ကောမှန်ရဲ့လေလား ကျွန်မတွေးရပါပြီ။အတန်းထဲမှာ စာသင်တုန်းကတော့ စိတ်မှန်ပါသည်။ ဉာဏ်လည်းကောင်းသားပဲလို့လည်းတွေးရပါသည်။ ဒါနှင့်ပဲ သူ့စကားကို ဖွတ်ဖြတ်ပြီး အခြားအကြောင်းတွေ ပြောဖြစ်ကြပါသည်။

ထိုနေ့ညတွင် ကျွန်မငှားနေသော အိမ်ရှင်အပျိုကြီးက ကျွန်မအား -

"ဆရာမရေ၊ လူဆိုတာ မနာလိုတဲ့ လောဘရှိတတ်တယ်။ သူတစ်ပါးကို ပျက်စီးစေလိုတဲ့ဒေါသလည်းရှိတတ်ကြတယ်။ ကံ၊ ကံ၏ အကျိုးကို မသိဘဲ မောဟနဲ့နေပြီး အကုသိုလ်ပွားတတ်တဲ့ သူလည်းရှိတတ်လို့ ဆရာမအစစသတိထားပါ"

လို့ ပြောပြန်ပါသည်။

နောက်နေ့ ကျောင်းရောက်လျှင် အတန်းမှူးအား အကျိုးအကြောင်းမေးကြည့်ရ၏။ ကျောင်းအုပ်ဆရာကြီးကိုမူ မပြောတော့ပါ။ အတန်းမှူးကလည်း ထိုဆရာမသည် ကျောင်းအုပ်ကြီး အပါအဝင် ကျွန်မတို့သုံးယောက်အား အလွန်မုန်းတီးနေကြောင်း၊ မပြောသင့်မပြောထိုက်သောစကားများကို ကျောင်းသားကျောင်းသူများရှေ့မှာ စိန်ခေါ်ပြီးပြောနေကြောင်း အစစသတိလေးထားပြီးနေပေါ့ ဆရာမရယ်ဟု ပြောရှာပါသည်။

ကိုယ့်ကိုယ်ကိုယ် ဘာမှားသလဲဟု ပြန်ပြီးစဉ်းစားမိပါသည်။ ထိုဆရာမသည် မြို့ခံဖြစ်သော်လည်း ကျွန်မအား တစ်ခါမှ သူ့အိမ်သို့ မဖိတ်မခေါ်ပါ။ ကျောင်းတွင်လည်း မေးထူးခေါ်ပြော မလုပ်နိုင်သူပါ။ ကျွန်မကတော့ မိတဆိုးဖတဆိုးဖြစ်တာကြောင့် ဖြစ်သလို စာအုပ်အဖော်ပြုနေပြီး စာသင်နေရလျှင် အားလုံးကို မေ့ထားပြီး စိတ်ချမ်းသာသူဖြစ်ပါသည်။

မေတ္တသုတ်ပရိတ်တော်ကို နေ့စဉ်အကြိမ်ပေါင်းများစွာ ရွတ်ဆိုပူဇော်နေမိပါသည်။ ဆရာကြီးဦးသုခ၏ ဓမ္မဒါနဖြစ်သော ရွှေတောင် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး ရေးသား စီရင်တော်မူသော ပဂ္ဂိဏ္ဏက နမက္ကာရ အစိန္တေယျကြီးဘုရားရှိခိုးစာအုပ်လေးကို မကြာခဏကြည့်ပြီး ရှိခိုးလေရာ အလွတ်ပင်ရသွားပါတော့သည်။ အဲဒီ ဆရာမကျေးဇူးကြောင့်ပဲ ဘဝမှာ သတိလေးကပ်ပြီးနေတတ်နေပါပြီ။

✤

တစ်နေ့နံနက်ခင်းတွင် ထိုဆရာမအိမ် မီးလောင်လို့ ဟူသော သတင်းကို ကျောင်းရောက်လျှင်ရောက်ချင်း ကြားလိုက်ရပါသည်။ မီးသတင်းမေးသွားရလျှင် ကောင်းမလား၊ မမေးဘဲနေရတာက ကောင်းမလားဟု စဉ်းစားမိပါသည်။ သူ့အိမ်ဘယ်မှာရှိမှန်းလဲ ကျွန်မ မသိပါ။ အနားပေးချိန်တွင် (၁၀)တန်း အတန်းမှူးနှင့် အခြားဆရာမသုံး၊လေးယောက် သွားကြမည်ဆိုသဖြင့် လိုက်သွားမိပါသည်။

ထိုဆရာမမှာ တစ်ဖက်က မီးသွေးရောင်းဝယ်ခြင်းလုပ်နေသူ ဖြစ်ပါသည်။ သူက အိမ်ထောင်သည်ဖြစ်သော်လည်း သူ့အမျိုးသားက အဝေးတစ်နေရာ (သေချာမသိပါ) ရောက်နေသဖြင့် သူတစ်ယောက်တည်းရှိနေပါသည်။ မီးကြွင်းမီးကျန်ကို ဆောင်းလေအေးက ယပ်ခပ်ပေးသလိုဖြစ်ရကား မီးလောင်ပါလေတော့၏။ သူ့အိမ်တစ်ခြမ်းပါသွား၏။ တစ်ဝင်းတစ်ခြံတည်းနေသူများမှာ သူနှင့် ဆွေမျိုးရင်းချာများဖြစ်ပြီး တိုက်များဖြစ်၍သာ မီးမကူးခြင်းပါ။

မီးလောင်သဖြင့် အမှုဖြစ်ရရှာ၏။ စာရွက်စာတမ်းစာအုပ်များ မီးထဲပါသွား၏။ သူ့အဝတ်အစားများရော ငွေတော်တော်များများပါ မီးထဲပါသွားလေ၏။ သူ့ခြေထောက်တစ်ဖက် (ညာဘက်ဖြစ်သည်ဟုထင်ပါ၏) မှာ မီးလောင်သဖြင့် အရေပြားများစုတ်ပြုကုန်တော့၏။ ဆေးရုံပေါ် တော်တော်ကြာကြာလေးနေရ၏။ သူကတော့ ရှို့မီးလိုလိုပြောနေပြန်၏။

သူနှင့်တစ်ဝင်းတည်းနေသူတို့က-

"ဒီမိန်းကလေးက အလွန်ခေါင်းမာတာ။ မီးခဲကို အိုးလေးထဲထည့်ပြီး အဖုံးပိတ်ရင် ငြိမ်းသွားတာကို သူက အလွယ်ကျိုက်ပြီး ရေထဲစွက်ဆိုနှစ်လိုက်ပြီးရင် မီးသွေးခြင်းထဲ ပြန်ထည့်တာ။ အဲဒီကစပြီးလောင်တာပေါ့"

ဟု ကျွန်မတို့အား ပြောပြလို့ သိပြီးသားဆိုတာ သူမသိသေးပါ။

လောဘမီး၊ ဒေါသမီး၊ မောဟမီး သုံးမျိုးစလုံးဖြင့် ကိုယ့်ကိုယ်ကိုယ်ရှို့နေမှန်း မသိပါ။ သူ့ဒေါသကြောင့် အတန်းမီးရှို့ချင်သည်လို့ပြောခဲ့ဖူးလေပြီ။ ဟိုလူဒီလူသတ်ချင်သည်ဟု ပြောလိုက်ပြန်ပါသေးသည်မှာ သူ့တွင်ဖြစ်နေသော လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေကို သူမသိခဲ့ရှာပါ။ ယခုလိုပကတိမီးလောင်လေသောအခါ သူဘယ်သို့များခံစားရရှာပါလိမ့်။ သံဝေဂရလေပါရဲ့လား။

*(မြင်ဦးလွင်ရောက် ဆရာမဒေါ်ခင်နှင်းနှင့် ရေဦးမြို့နယ် တင်းတိမ်ရုံ အ-ထ-ကမှ ဆရာမဒေါ်ခင်ဝင်းတို့သို့)*

ဝေစည် (ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com



# ဝေယံလင်းခေါင်

## ဗိုလ္လွာမတို့အိမ်က ပြန်လာသူနှစ်ယောက်

*(ယခင်လမှအဆက်)*

အိမ်ရှေ့မှ တစ်စုံတစ်ယောက် ပြေးတက်လာသံကြောင့် ဒေါ်လှအေးနုနှင့် စံဝေဦးတို့လက်ထဲက ထမင်းများ ပန်ကန်ပြားပေါ် ကျသွားသည်ကို မြင်လိုက်ကြရ၏။ အိမ်ရှေ့က ပြေးတက်လာသူ၏ ခြေသံကြောင့်လားတော့ မသိ။ မျက်စိမျက်နှာလည်းပျက်သွားကြ၏။

ဒေါ်လှအေးနုနှင့် စံဝေဦးတို့ အိမ်ရှေ့ကို အထိတ်တလန့်လှမ်းကြည့်လိုက်ကြသဖြင့် စောသန်းခင်နှင့် ခင်ခင်ဝင်းတို့လည်း ထမင်းဆက်မစားဝံ့ကြတော့ဘဲ အိမ်ရှေ့ကို ပြိုင်တူပင်လှည့်ကြည့်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှအေးနုနှင့် စံဝေဦးတို့ ထူးထူးခြားခြား ထိတ်လန့်မျက်နှာပျက်သွားကြချိန်တွင် ကလေးမလေးနှစ်ယောက်ကလည်း ထမင်းဝိုင်းမှ ထပြေးပျောက်သွားကြသည်။

ချက်ချင်းပင် အသက်ရှစ်ဆယ်၊ ကိုးဆယ်အရွယ် အဘိုးကြီးတစ်ယောက် တောင်ဝှေးကိုင်၍ ရုတ်တရက် အိမ်ပေါ်ရောက်လာ၏။

(ထိုအဘိုးကြီး၏ ရုပ်သွင်ကို စာရေးသူက မေးမြန်းရာ ခင်ခင်ဝင်းကလေးမက ဒေသစကားနှင့် ခေါင်းပေါင်းအဖြူမှာ အညွှန့်နှင့်ဟု သူမှတ်မိသည်ကိုပြောပြ၏။ အညွှန့်ဟု ပြောသည်မှာ ရခိုင်စကားဖြစ်၍ ခေါင်းပေါင်းစထောင်ထားခြင်းကို ဆိုလိုသည်။)

အသက်ရှစ်ဆယ်၊ ကိုးဆယ်အရွယ်ဟုထင်ရသောအဘိုးကြီး၏ခေါင်းပေါင်းမှာ အဖြူဖြစ်ပြီး ခေါင်းပေါင်းစထောင်ထားသည်။ အသားလတ်လတ်။ ပုဆိုးမှာ အကွက်ကြီးအကွက်ကြား၊ အင်္ကျီအဖြူက ရှေးခေတ် ရင်ဖုံးအင်္ကျီ၊ မုတ်



www.burmeseclassic.com

www.burmeseclassic.com

ဆိတ်မွေးများက ချက်နားအထိ ရှည်၏။ ပါးနှစ်ဖက်မှ ပါးသိုင်းမွေး (ဗရမ်း)ဖြူဖြူနှင့် မျက်ခုံးမွေးရှည်ရှည်ကလည်း အဖြူ ခေါင်းပေါင်းအဖြူ ပေါင်းထားသဖြင့် ဆံပင်ကိုမူ ဖြူသလား၊ မည်းသလား မမြင်ကြရ။

အိမ်ပေါ်တက်လာသော အဘိုးကြီးသည် ထမင်းဝိုင်းနားလာရပ်၏။

ဒေါ်လှအေးနုနှင့် စံဝေဦးကို တောင်ဝှေးနှင့်တည့်ချိန်ရွယ်ကာ -

"နင်တို့၊ ဒီကလေးမလေးနှစ်ယောက်ကိုဘာလို့ခေါ်လာကြလဲ"

စိတ်ဆိုးမာန်ဆိုးလာသလို အသံမာမာနှင့်မေး၏။

ဒေါ်လှအေးနုနှင့် စံဝေဦးတို့က အဘိုးကြီးကို ဘာမှပြန်မပြောဘဲ ခေါင်းငုံ့ထားကြသည်။

'သမီးလေးတို့ - ဒါထမင်းမဟုတ်ဘူး၊ ဒါလည်း ခရုဟင်းမဟုတ်ဘူး၊ ကျောက်ခဲလုံးလေးတွေ။ ဒါလည်း လိပ်ကျောက်သားကျပ်တိုက် မဟုတ်ဘူး၊ စည်ဟုံးကိုင်းတွေ။ ဒါလည်း ဒန့်ကျွဲဟင်းမဟုတ်ဘူး၊ စည်ဟုံးရွက်တွေ။ မစားကြနဲ့ ဒုက္ခဖြစ်ကုန်မယ်"

အဘိုးကြီး ထမင်းပန်းကန်နှင့် ဟင်းခွက်တွေကို သူ့တောင်ဝှေးနှင့်တည့်ရွယ်ပြီးပြော၏။

အစကမှ ဗိုက်ဆာနေကြသဖြင့် အဘိုးကြီးကို စိတ်ဆိုးမိကြသည်။

'သူများတွေ ထမင်းစားမလို့လုပ်နေကြတာ။ ဒီအဘိုးကြီး ဘာတွေလာပြောနေပါလိမ့်' ဟု စိတ်ထဲက မကျေမနပ်လည်းဖြစ်သွားကြ၏။

သို့သော် အဘိုးကြီးစကားကြောင့် ခင်ခင်ဝင်းနှင့် စောသန်းခင်တို့မှာ ရုတ်တရက် လက်တုံ့သွားကြ၏။

ထမင်းကို ဆက်မစားဝံ့ကြတော့ဘဲ အဘိုးကြီးမျက်နှာကို မော့ကြည့်လိုက်၊ ခေါင်းငုံ့နေ,နေကြသော ဒေါ်လှအေးနုနှင့် စံဝေဦးတို့ မျက်နှာကို လှည့်ကြည့်လိုက်ဖြစ်နေကြစဉ် ဒေါ်လှအေးနုက -

"ဘာလို့ ထမင်းမဟုတ်ရမှာလဲ၊ ဟုတ်တယ်။ စားစားကြ မြန်မြန်စားကြ"

ဟူသော ဒေါ်လှအေးနု စကားမဆုံးမီမှာပင် အဘိုးကြီးက -

"မစားကြနဲ့မစားကြနဲ့။ သမီးလေးတို့ကို သူတို့တွေ လိမ်ကျွေးနေတာ။ ဒုက္ခရောက်လိမ့်မယ်"

အဘိုးကြီးက ထပ်ပြောပြန်၏။

ထိုအချိန်တွင် မှတ်မှတ်ရရ ခင်ခင်ဝင်းနှင့် စောသန်းခင်တို့က တစ်ယောက်ထမင်းတစ်လုတ်၊ နှစ်လုတ်စီစားမိကြပြီး ဟင်းကိုမူ မနှိုက်ကြသေး။ ယခု အဘိုးကြီးက ဟန့်တားနေသောအခါ စိတ်ထဲက ဇဝေဇဝါဖြစ်လာပြီး ဆက်မစားရဲကြတော့။

အဘိုးကြီးက -

"အေးအေး - သမီးလေးတို့ မစားကြနဲ့၊ ဒုက္ခဖြစ်ကုန်မယ်။ နင်တို့ ဒီကလေးမလေးနှစ်ယောက်ကိုပြန်ပို့လိုက်ကြ"

ဟု တစ်ဆက်တည်းပင် အမိန့်ပေးသလို ပြော၏။

"မပို့နိုင်ဘူး၊ ပြန်ပို့ဖို့ခေါ်လာတာမဟုတ်ဘူး"

ဒေါ်လှအေးနုက အဘိုးကြီးကို မျက်စောင်းစွေကြည့်၍ မာမာပင်ပြန်ပြော၏။

"ပြန်ပို့လိုက်ကြလို့ ငါပြောနေတယ်နော်"

"မပို့ဘူး၊ ဒီမှာ မထားရရင်နေ၊ မောက်စီတောင်ကို ခေါ်သွားမယ်"

မောက်စီတောင် ဆိုသည်မှာ ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ သိနေကြသော သူတို့ရွာနားကတောင်ဖြစ်သည်။

"ဘယ်မှမခေါ်သွားရဘူး၊ ဒီမှာပဲထား"

"ဒီမှာထားလို့မဖြစ်ဘူး၊ ခမောင်းတိန်ထောင်ကိုပဲဖြစ်ဖြစ် ခေါ်သွားမှ ဖြစ်တော့မယ်"

ဒေါ်လှအေးနုနှင့် စံဝေဦးတို့ကလည်း မာမာပင်ပြန်ပြောကြ၏။

"ဩော် - နင်တို့ကဒီအထိကိုး"

ဟု အဘိုးကြီးက ရေရွတ်လိုက်၏။

အဘိုးကြီးက စိတ်ရှုပ်သွားသလိုနှင့် ဒေါ်လှအေးနုနှင့် စံဝေဦးတို့ကို မကျေမနပ်နှင့် စိုက်ကြည့်နေစဉ် -

"ဒီကနေမခေါ်သွားလို့မဖြစ်တော့ဘူး။ ညနေကလည်း မော်ဟင်းခူးပြန်လာကြတဲ့လူတွေနဲ့တိုးမိလို့ စည်းပေါက်ပြီး ပြန်လွတ်လိုက်ရတော့မလို့ နည်းနည်းပဲ လိုတယ်။ မခေါ်သွားလို့ ဖြစ်တော့မလား။ ညနေကလည်း မော်ဟင်းခူးပြန်တဲ့သူတွေ မမြင်အောင် ကမန်းကတန်းလုပ်လိုက်ကြရတာ။ လက်မတင်လေးမှ တကယ့်လက်မတင်လေး။ အခုလည်း လူသံတွေကြားနေရပြီ။ ဒီမှာထားလို့ ဘယ်ဖြစ်တော့မလဲ"

ဒေါ်လှအေးနုက အဘိုးကြီးကို မကျေမနပ်နှင့် သူ့ဘာသာသူ ညည်း... သလို ပြောနေပြန်သည်။

"နင်စကားမရှည်နဲ့၊ ဒီမှာငါ... မယ်။ ဒီကလေးမလေးနှစ်ယော... နင်တို့ ဘယ်မှခေါ်မသွားရဘူးမှတ်၊ ခေ... သွားကြလို့ကတော့ နင်တို့နဲ့ ငါ ဒီ... အတွေ့ပဲ။ နင်တို့နှစ်ယောက်ကို ဒီမှ... ထားလို့ မဖြစ်ပါဘူး သွားကြစမ်း... ငါ တယ်. . ."

အဘိုးကြီးက ပြောမရှု ဒေါ... ထွက်လာကာ စိတ်မထိန်းနိုင်သလို... ပြောပြောဆိုဆို ဒေါ်လှအေးနုနှင့် စံ... ဦးတို့နှစ်ယောက်ကို တောင်ဝှေးနဲ့ လှ... ရိုက်လိုက်သောအခါ ဒေါ်လှအေးန... စံဝေဦးတို့မှာ ကမန်းကတန်းအိမ်ပေါ်... ဆင်းပြေးသွားကြ၏။

ထိုအခါ ခင်ခင်ဝင်းနှင့် စော... သန်းခင်တို့က -

"မမ၊ မမ ကျွန်တော်တို့ကို မထား... ခဲ့ကြပါနဲ့။ မမတို့နဲ့ ကျွန်မတို့ လိုက်... ရစေ။ မမ၊ မမ - ကျွန်မတို့ကို မထား... ကြပါနဲ့၊ ကျွန်မတို့ကို မထားခဲ့ကြ..."

အမည်မသိသော အဘိုးကြီး... သူတို့နှစ်ယောက် အချီအချငြင်းခုံ... နေကြသည်ကို ကြားလည်းကြား မြ... လည်း မြင်ထားကြ၏။ သို့သော် ခင်ခ... ဝင်းနှင့် စောသန်းခင်တို့ စိတ်ထဲမှာ ... အထိ လယ်ပိုင်ရှင်မ ဒေါ်လှအေး... စောသန်းခင်ယောက်မ စံဝေဦးတို့ ... ယောက်ဟူသာ ထင်မှတ်နေကြတု...

တစ်ခါ မမြင်ဘူး၊ မတွေ့... မသိဘူးသော အဘိုးကြီးကိုမူ သူတို့... ထဲက အားကိုးစရာဟု မထင်မိ... အဘိုးကြီးကိုကြောက်၍ ထွက်ပြေး... ကြသော ဒေါ်လှအေးနုနှင့် စံဝေ... နောက်ကို လိုက်သွားကြရန်သာ ... ဟစ်ငိုယို၍ကျန်နေခဲ့ကြ၏။

ထူးခြားလွန်းသည်မှာ လိုက်ခ... အော်ငိုနေကြသော်လည်း ထ၍ ... ထရကောင်းမှန်းလည်း မသိကြ၊ ... ဘာလို့ထမရပါလိမ့်ဟုလည်း သတိ... အဘိုးကြီးကိုကြောက်သဖြင့် သူ... ယောက် လိုက်ပါရစေဟုသာ ထို... မထ အော်ငိုနေကြ၊ အော်ပြောနေ... ၏။

ထိုအခါ အဘိုးကြီးက -

"ဟဲ့ - သမီးလေးတို့၊ နင်တို့... မှားနေပြီ။ ဒါဟာ အိမ်မဟုတ်ဘူး... ချုံတောထဲက စည်ဟုံးပင်။ သူတို့နဲ့ ... သွားရင် နင့်မိနင့်ဖတို့နဲ့ ဘယ်...



www.burmeseclassic.com

www.burmeseclassic.com

မတွေ့ရတော့ဘူးမှတ်ကြ။ အဲဒီနှစ်ယောက် ဘယ်ခေါ်ခေါ် ငါ့မြေးတို့ ဒီနေရာကနေ ဘယ်မှလိုက်မသွားကြနဲ့နော်။ ဘိုးဘိုးကြီးပြောတာယုံ။ သူတို့နှစ်ယောက် နောက်လိုက်သွားလို့ကတော့ ပြန်လမ်းမရှိတော့ဘူး။ ဘိုးဘိုးကြီးပြောတာ သဘောပေါက်လား။ ဒီမှာပဲခဏနေကြဦး"

ဟု ပြောပြီး အဘိုးကြီးလည်း သုတ်သီးသုတ်ပျာနှင့် အိမ်ပေါ်က ဆင်းသွား၏။ အဘိုးကြီး အိမ်ပေါ်က ဆင်းသွားပြီး ဘယ်လောက်မှမကြာ၊ ဒေါ်လှအေးနုနှင့် စံဝေဦးတို့က ရေကြီးသုတ်ပျာနှင့်အိမ်ပေါ် ပြေးတက်လာကြပြန်၏။ သူတို့နှစ်ယောက်သည် ဘာကိုတိုင်ပင်ကြသည်မသိ။ တီးတိုးတီးတိုးနှင့် ငြင်းခုံနေကြသည်ကိုတော့ မကြားတစ်ချက်ကြားတစ်ချက်နှင့် နားစွင့်မိကြသည်။

"ငါတို့ မောက်စီတောင်ကိုမြန်မြန်ခေါ်သွားကြမှဖြစ်တော့မယ်။ အဘိုးကြီးလုပ်တာနဲ့ ဒီတစ်ခါဆို လူတွေတွေ့သွားကြတော့မှာပဲ"

"ဖြစ်ပါ့မလား၊ အဘိုးကြီးက ငါတို့ကို. . ."

"ပြန်မလာတော့ဘူး ထင်တာဘဲ။ ဖြစ်ပါတယ်ဟာ"

စံဝေဦး၏ စကားမဆုံးမီပင် ဒေါ်လှအေးနုက အဘိုးကြီး ပြန်မလာတော့ဘူးထင်ကြောင်း ပြော၏။

"ဟုတ်ပါ့မလား"

"ဟုတ်ပါတယ်ဆိုဟာ၊ နင်ကလည်း အရေးထဲ။ မြန်မြန်ခေါ်သွားကြမှဖြစ်မယ်"

"ငါတော့မခေါ်ဝံ့ဘူး"

"ဟင် - နင်မခေါ်ဝံ့ ဟုတ်လား။ နင်မခေါ်ဝံ့ရင် ငါခေါ်မယ်။ တို့ပိုင်နက်မောက်စီတောင်ကို ရောက်သွားရင် နင့်အဘိုးကြီး ဘာတတ်နိုင်တော့မှာလဲ"

ဒေါ်လှအေးနု စကားမဆုံးမီပင် စံဝေဦးက -

"လမ်းမှာမိရင် ငါတို့ သက်သာမှာမဟုတ်ဘူးနော်၊ ဟာ- လူတွေ၊ လူတွေ"

"မီးရောင်ထိရင် စည်းပေါက်တော့မှာပဲ။ ကွယ်ထား၊ ကွယ်ထား မြန်မြန်ကွယ်ထားပါဟ"

ဒေါ်လှအေးနုက အထိတ်တလန့်ပြော၏။

ထိုအချိန်မှာပင် အိမ်ပတ်ဝန်းကျင်မှ လက်နှိပ်ဓာတ်မီးရောင်တန်းကို ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ကလည်း လှမ်းမြင်လိုက်ကြရ၏။ သို့သော် ခဏမျှသာ။

ဒေါ်လှအေးနု၏ စကားအတိုင်းပင် စံဝေဦးက သူတို့နှစ်ယောက်ကို မီးရောင် မထိမကျအောင် ကမန်းကတန်းကာထားလိုက်၏။

စံဝေဦးက သူတို့နှစ်ယောက်ကို ချက်ချင်းလာအုပ်ကာသောအခါ အသားချင်း ထိမိသွား၏။ ထိုအခါ တစ်ကိုယ်လုံး အေးစက်သွားပြီး ခင်ခင်ဝင်းနှင့် စောသန်းခင်တို့နှစ်ယောက်မှာ သတိမေ့ချင်သလို ဖြစ်သွားကြ၏။

ဤသည်မှာ ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ကို မိဘဆွေမျိုးများနှင့် ရွာသူရွာသားတွေက မီးတုတ်၊ မီးရှူး၊ လက်နှိပ်ဓာတ်မီးများနှင့် လိုက်ရှာနေကြချိန် ဖြစ်၏။

တစ်ချက်တစ်ချက်တွင် ခင်ခင်ဝင်းနှင့် စောသန်းခင်တို့မှာ သူတို့နာမည်တွေကို အော်ခေါ်နေကြသံလိုလိုလည်း ကြားရ၏။ ပြန်ထူးမည်ဟု စိတ်ကူးလိုက်ကြသည်နှင့် ဒေါ်လှအေးနုက အထိတ်တလန့်နှင့် -

"ကောင်မလေးတွေကို မြန်မြန်ပါးစပ်ပိတ်ထားလိုက်ပါဟ"

ဟူသော စကားမဆုံးမီပင် စံဝေဦးက သူတို့နှစ်ယောက်ကို သစ်ကိုင်းတစ်ခုနှင့် ရိုက်လိုက်၏။ ထိုအခါ စောသန်းခင်နှင့် ခင်ခင်ဝင်းတို့မှာ အော်ထူးနေကြသော်လည်း ပါးစပ်ထဲက အသံမထွက်မလာတော့။

သို့သော် ငါတို့မိဘတွေတော့ ငါတို့ကို လိုက်ရှာနေကြပြီဟု သတိတစ်ချက်ဝင်လာကြ၏။ ထို့ကြောင့် ပြန်ထူးလျှင်လည်း အသံမထွက်နိုင်သောအခါ နားစွင့်ထားမိကြသည်။ အော်ခေါ်နေကြသံကို နားထဲမှာတော့ကြားနေရသည်။ ပြန်ထူးနိုင်ရန် ကြိုးစားနေကြရသော်လည်း တစ်ယောက်နှင့်တစ်ယောက် တိုင်ပင်စကားပြောရန်ကိုတော့ သတိမရကြ။

သူတို့နှစ်ယောက်၏ စိတ်ထဲမှာ မိမိတစ်ယောက်တည်းဟုသာ ခံစားနေမိကြ၏။ ယင်းအချိန်မှာ ခင်ခင်ဝင်းနှင့် စောသန်းခင်တို့မှာ တစ်ယောက်၏ကိုယ်ခန္ဓာကိုယ်လည်း တစ်ယောက်က မမြင်ရတော့။

"သမီးတို့ရေ၊ နင်တို့ကို တစ်ရွာလုံး တစ်ညလုံး ရှာကြတာလည်း မတွေ့ကြရတော့ပါလား။ ငါ့သမီးတို့မှာ ဘုရား၊ တရား၊ သံဃာတွေကိုသာ အာရုံပြုပြီး ရောက်တဲ့နေရာမှာ ဘုရားသာတ,နေကြတော့။ ဟီး. . ဟီး. . ဟင်း. ဟင်း. . "

စောသန်းခင်နှင့် ခင်ခင်ဝင်းတို့အမေတွေ အော်ငိုပြောနေကြသံတို့မှာ နီးလာလိုက်၊ ဝေးသွားလိုက်ကိုလည်း ကြားနေကြရ၏။ ပါးစပ်ကမူ မည်မျှ အော်ထူး အသံကထွက်မလာ။

ထိုအခါ အမေတို့ အော်ပြောထားခဲ့ကြသလို စိတ်ထဲက ဘုရား၊ ဘုရားဟုသာ တ,နေမိကြရသည်။

✤

ခင်ခင်ဝင်းနှင့် စောသန်းခင်တို့အမေ၊ အမေ၊ ဆွေမျိုးသားချင်းများ သာမက ပြားချိန်ချောင်းဖျားတစ်ရွာလုံးရှိ လူတွေက ဦးထွန်းသာ၊ ဒေါ်လှအေးနုတို့ လယ်နားတစ်ဝိုက်ရှိ တောတောင်အနှံ့ကို တစ်ညနေလုံး အော်ဟစ်ရှာနေကြသော်လည်း ထူးသံအော်သံလည်း မကြားကြရတော့၊ အရိပ်အယောင်မျှကိုလည်းမမြင်ကြရသောအခါ လက်လျှော့၍ ရွာထဲကို ပြန်ဝင်လာကြရသည်။

အချိန်မှာလည်း ည (၉) နာရီ၊ (၁၀) နာရီခန့်ရှိသွားပြီဖြစ်ရာ ဆက်ရှာနေကြ၍လည်း ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ကို မည်သူကမျှ ပြန်တွေ့ရတော့မည်ဟု မထင်ကြတော့။

"ဟဲ့ - မဖြူနုနဲ့ ဆူဒုံခိုင်၊ ရွာသားတွေက လက်လျှော့သွားကြပြီဆိုပေမယ့် ဒီလိုနဲ့တော့ မဖြစ်သေးဘူးထင်တယ်။ နင်တို့ ရွာတော်ရှင်ဘိုးဘိုးကြီးကို ပ,သပြီး ကျွန်မတို့ သမီးလေးနှစ်ယောက်ကို ပြန်ရအောင် မ,စတော်မူပါလို့ သွားပြီး ပ,သအကူအညီသွားတောင်းကြရင်ကော ဟဲ့။ ဒါမှားစရာလည်းမရှိပါဘူး။ အဲဒါ ငါတော့ ကောင်းလိမ့်မယ်ထင်တယ်ဟ။ ကောင်မတို့ရယ်"

ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ကို ရှာမရ၍ ရွာပြန်လာကြသော မိန်းမကြီးများထဲက ဆွေမျိုးအရင်းအချာတော်သူ အမျိုးသမီးကြီးတစ်ယောက် ခင်ခင်ဝင်းအမေနှင့် စောသန်းခင်တို့အစ်မကို လမ်း၌ အကြံပေးညာဏ်ပေးပြော၏။

"ဟုတ်တယ်ဟ၊ ကိုလှပန်းသားလေး တောထဲမှာပျောက်သွားတုန်းကလည်း တောင်ရှင်ကြီးကို သွားပ,သကြတော့မှ သတိမေ့ပြီး သစ်ပင်အောက်မှာ ပြန်တွေ့ကြတာ။ တောင်ရှင်ကြီးကို သွားပ,သကြတာ အမှားမရှိပါဘူး။ ခုတောင်မလေးနှစ်ယောက်ကလည်း မြို့ပေါက်



www.burmeseclassic.com

www.burmeseclassic.com

ပြည်ပေါက် ကောင်မလေးတွေဆိုတော့ တောင်ရှင်ဘိုးဘိုးကြီးကိုများ မရိုမသေ မလေးမခန့် ပြောမှားဆိုမှားလုပ်မိကြလားမှ မသိတာ။ နင်တို့ တောင်ပိုင်ရှင်ဘိုးဘိုးကြီးကို သွားပ,သကြ။ ငါလည်း နတ်သွားမေးပေးပါ့မယ်။ ဒီအတိုင်း နေကြလို့တော့ ဘယ်ဖြစ်မလဲဟ"

ခင်ခင်ဝင်းအဖေ ဦးမောင်သာလှနှင့် စောသန်းခင်တို့အဖေ ဦးစောနုအောင်တို့ကလည်း လုပ်ကြည့်ကြပါဟု ဆို၏။

သို့သော် ဖခင်များဖြစ်ကြသော မင်းယောကျ်ားကြီးနှစ်ယောက်မှာ ဆွေမျိုးသားချင်းများနှင့် တစ်ရွာလုံးလူတွေက လျှောက်ရှာကြသော်လည်း သမီးလေးနှစ်ယောက်၏ အရိပ်အယောင်ကိုမျှ မတွေ့ရသဖြင့် အလျှော့ပေးသံနှင့်သာ ဆိုနိုင်ရှာကြတော့၏။ အချိန်မှာလည်း ညဆယ်နာရီကျော်သွားပြီ။

ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ အမေနှစ်ယောက်ကတော့ ရွာမိန်းမကြီးများကို အကူအညီတောင်းကာ သူတို့ရွာတော်ရှင်ဘိုးဘိုးကြီးကို ညတွင်းချင်းသွား၍ ပ,သကြ၏။ သူတို့ရွာကို ပြားချိန်ချောင်းဖျားရွာဟု ခြုံပြီး အများက ခေါ်ကြသော်လည်း သူတို့နေသောအစုမှာ ဖြူတောပြင်တောင်ရွာဟုသာ ခွဲခြားခေါ်ကြ၏။အတိုကောက်ကတော့ တောင်ရွာဟု အခေါ်များကြသည်။

သူတို့ရွာကို တောင်ရွာဟု ခေါ်ကြခြင်းမှာ တောင်ကိုပတ်ပြီး တောင်ခြေရင်းတွင် ဝိုင်းပတ်အိမ်ဆောက်ထားကြသဖြင့် ဖြစ်သည်။ ထိုတောင်ထိပ်ပေါ်တွင် မြတ်စွာပင်ဟု ခေါ်ကြသော သစ်ပင်ကြီးတစ်ပင်ရှိ၏။

ဘယ်ကမ္ဘာကမ္ဘာကပင် ရှိနေခဲ့သည်မသိသော ထိုအပင်မှာ လူကြီးခါးစောင်းလောက်ရှိသော ဖျဉ်းစောင်းကြီးများနှင့် အူတိုင်ဆွေးကာ အခေါင်းကြီးဖြစ်နေ၏။ ထိုအပင်ကို သူတို့ရွာက ရွာတော်ရှင်ဘိုးဘိုးကြီးအပင်အဖြစ် ဘိုးစဉ်ဘောင်ဆက် ယုံကြည်စွာ ပ,သ ပူဇော်လာကြသည်။ အပင်ကြီး၏လုံးပတ်မှာလည်း ပုဆိုးသုံး၊ လေးပတ်ဖက်လောက်ကြီး၏။

ထို့ကြောင့်လည်း ယခု သမီးပျောက်မိခင်နှစ်ယောက်နှင့် တတ်သိနားလည်သော အမျိုးသမီးသုံး၊လေးယောက်က ဖယောင်းတိုင်၊ အမွှေးတိုင် ထွန်းညှိကာ တောင်ပိုင်ဘိုးဘိုးကြီးအား သွားပြ ပ,သတောင်းဆိုကြ၏။

"ကျွန်မတို့သမီး အမိုက်အမဲလေးနှစ်ယောက် ဘိုးဘိုးကြီးအား ပြောမှားဆိုမှား ပြစ်မှားမိပါက မလိမ်မိုးမလိမ္မာ မိန်းကလေးနှစ်ယောက်ကို ခွင့်လွှတ်တော်မူပါ။ အပြစ်ဆယ်ပါး အမှားမကောက်ဘဲ ခွင့်လွှတ်တော်မူပါ။ တောင်ပိုင်ရှင်ဘိုးဘိုးကြီးအား ကျွန်တော်မတို့ ပ,သပါသည်။ ပူဇော်ပါသည်။ အပြစ်ရှိသမျှ ခွင့်လွှတ်ပါ။ ကျွန်တော်မတို့သမီးလေး မလိမ္မာမလိမ်မိုးတွေကို အမြန်ဆုံးပြန်တွေ့အောင်၊ မိမကွဲဖမကွဲပြန်နေရအောင် မ,စတော်မူပါ တောင်ပိုင်ဘိုးဘိုးကြီးရှင့်"

မိဘတွေကသာ မလိမ်မိုးမလိမ္မာဟု ဆိုသော်လည်း ဤမိန်းကလေးနှစ်ယောက်မှာ ဘာသာရေးကို ကိုင်းရှိုင်းကြသည့်အပြင် သူတို့၏ ရွာတောင်ထိပ်ရှိ ဘိုးဘိုးကြီးနတ်ပင်ကိုလည်း မရိုမသေ မလေးမစား မလုပ်ဘူးကြ။ တစ်ရွာတစ်တျေးသို့ သွားခါနီးတိုင်းလည်း အထူးသဖြင့် ရန်ကုန်မြို့ကို စက်ချုပ်သွားခါနီး၌လည်း ခင်ခင်ဝင်းသည် တောင်ပိုင်ရှင်နတ်ပင်ကြီးခြေရင်း၌ တံမြက်စည်းလည်းခြင်း၊ သစ်ခေါင်းထဲရှိ အမှိုက်သရိုက်များကို ရှင်းလင်းခြင်းလုပ်သွားခဲ့သေး၏။

သည်လိုနှင့် သမီးပျောက်အမေနှစ်ယောက်နှင့် ရွာမိန်းမကြီးသုံးယောက်တို့သည် တောင်ပိုင်ရှင် ဘိုးဘိုးကြီးကို သွားရောက်ပ,သကြပြီး ရွာပြန်ဆင်းလာကြသည်။

ရွာထဲရောက်သောအခါမှာလည်း မိဘဆွေမျိုးသားချင်းတွေမှာ တော်တော်နှင့် မအိပ်နိုင်ကြသေး။ ပျောက်နေသော မိန်းကလေးနှစ်ယောက်အကြောင်းသာ တွေးပြီး စိတ်မောလူမောဖြစ်နေကြ၏။ အမှန်က ဆွေမျိုးသားချင်းများနှင့် တစ်ရွာလုံးလိုလိုက ဆီမီးခွက်ကိုယ်စီထွန်းကာ ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ နှစ်ယောက်အကြောင်းသာထိုင်ပြောနေကြ၏။အချို့ကမူ မိန်းကလေးနှစ်ယောက်မှာ (၁၆) နှစ်၊ (၁၈) နှစ် အပျိုတွေ ဖြစ်ကြသဖြင့် မုချ ယောကျ်ားနောက်လိုက်သွားကြပြီဟု အတပ်ထင်အတပ်ပြောသူတွေက ပြောနေကြလေသည်။

✤

"လူတွေ ပြန်သွားကြပြီ။ တို့မောက်စီတောင်ကို မြန်မြန်ခေါ် သွားကြမယ်"

လယ်ပိုင်ရှင်မ ဒေါ်လှအေး… အယောင်ဆောင်ထားသော မိစ္ဆာမ… ရှာဖွေ အော်ခေါ်နေကြသောလူများ… လက်လျှော့၍ ရွာပြန်သွားကြသည်… ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ကို… ရောင်မထိမကျအောင် ကာကွယ်… ထားသော စံဝေဦး အယောင်ဆောင်… မိစ္ဆာမကို ပြောသည်။

ထိုအခါ စံဝေဦးက ဒေါ်လှအေး… ပြောသည်ကို အင်းမလုပ်အေးမလုပ်… ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ကို… စိုက်ကြည့်နေ၏။

ထိုအချိန်ထိ ခင်ခင်ဝင်းနှင့် စော… သန်းခင်တို့မှာ သူတို့စိတ်ထင် အိမ်အပြ… ဘက်ဝရန်တာတွင် ထိုင်နေကြတုန်း…

စံဝေဦးအယောင်ဆောင် မိစ္ဆာ… က အင်းမလုပ်အေးမလုပ်ဘဲ ခင်ခင်… နှင့် စောသန်းခင်တို့ကို စိုက်ကြည့်… ရာက သူတစ်ကိုယ်လုံး ဆက်ဆတ်… သွားပြီး အထိတ်တလန့်နှင့် မတ်တတ်… ထရပ်လိုက်ကာ -

"ပြန်လာပြန်ပြီနဲ့တူတယ်"

ဟု ပြောလိုက်၏။

သူပြောလိုက်သည်မှာပင် အ… ပင်။ အဘိုးကြီးသည် တောင်ဝှေး… ပြီး သူတို့အနားကို ရောက်လာပြန်…

"ဟေ့-ဒီကလေးမနှစ်ယောက်… နင်တို့ ခုထိ ပြန်မပို့ကြသေးဘဲကိုး ဟ… လား"

အဘိုးကြီးက ဒေါ်လှအေးနှင့်… စံဝေဦးတို့ကို ဒေါသတကြီး မေး၏။

"ပြန်ပို့ရမယ့်အချိန်မဟုတ်သေး… ဘူး။ မပို့ဘူး၊ မပို့နိုင်ဘူး"

ဒေါ်လှအေးနုကလည်း အဘိုး… ကြီးကို ဒေါသတကြီးနှင့် ပြန်အော်…

"ဟင် - ဘာပြောတယ် မိစ္ဆာ… နင်ကလား၊ ငါ့ကို"

"ဟင် - ဘာပြောတယ် မိစ္ဆာ… နင်ကလား ငါ့ကို. . ."

အဘိုးကြီးက တောင်ဝှေးကို… ယမ်း၍ ဒေါ်လှအေးနုဆီ ခြေအလှမ်း… မှာ နှစ်ယောက်စလုံးက မကျေမနပ်… ကာ အိမ်ပေါ်က ဆင်းပြေးသွားကြ… ၏။

"မမ၊ မမ ကျွန်မတို့ကို မထား… နဲ့၊ ကျွန်မတို့ကို မထားခဲ့ပါနဲ့၊ ကျွ… တို့ကို ခေါ်ပါဦး"

အိမ်ပေါ်က ဆင်းပြေးသွား… သော ဒေါ်လှအေးနုနှင့် စံဝေဦး… ကြည့်၍ ခင်ခင်ဝင်းနှင့် စောသန်း…

www.burmeseclassic.com

www.burmeseclassic.com

အော်ငိုကြပြန်၏။

ယင်းအချိန်ထိလည်း သူတို့နှစ်ယောက်မှာ မိစ္ဆာမနှစ်ကောင်ကို မိမိရွာက လယ်ပိုင်ရှင်မ ဒေါ်လှအေးနုနှင့် စံဝေဦးဟုသာ အထင်ရောက်နေကြတုန်း။ သူတို့ကြောက်နေသည်မှာ အဘိုးကြီးကိုသာ။

အဘိုးကြီးကမူ သူတို့နှစ်ယောက်ကို တည်တည်ငြိမ်ငြိမ်ကြည့်ကာ -

"သမီးတို့နှစ်ယောက်ကို ဟိုမိန်းမနှစ်ယောက် လိမ်ခေါ်လာကြတာ။ သမီးတို့ထင်တဲ့ သမီးတို့ရွာသူတွေ မဟုတ်ဘူး။ သူတို့လိမ်ခေါ်လာတာကို ဘိုးဘိုးကြီးကလည်း လိုက်ပို့လို့မရဘူး။ သမီးတို့ထင်သလို ဒါအိမ်မဟုတ်ဘူး။ ချုံထဲက သစ်တစ်ပင်။ သမီးမိဘတွေနဲ့ ပြန်တွေ့ချင်ရင် အော်ကြ၊ ငိုကြ။ တအားကြီး အော်ငိုလိုက်ကြ"

အဘိုးကြီးက ထိုသို့ပြောလိုက်မှ အိမ်ပတ်ဝန်းကျင်မှာ ယခင်ကလို မှောင်မိုက်မနေတော့ဘဲ လရောင်ထဲ၌ သစ်ပင်တွေလိုလို၊ ချုံတောတွေလိုလို၊ သစ်ရွက်တွေကို လေတိုက်၍ လရောင်ထဲမှာ တဖျပ်ဖျပ်လှုပ်နေသလိုလို မြင်လာကြ၏။ ထိုအခါ သူတို့နှစ်ယောက်မှာ ပို၍ပို၍ အော်ကြငိုကြရပြန်သည်။

သူတို့နှစ်ယောက် ထိုသို့အော်ငိုနေကြချိန်မှာပင် ဒေါ်လှအေးနုနှင့် စံဝေဦးတို့နှစ်ယောက် ရေးကြီးသုတ်ပျာနှင့် ဒုန်းဒုန်းဒိုင်းဒိုင်း ခြေဆောင့်နင်းကာ အိမ်ကြီးပေါ် ပြေးတက်လာကြပြန်၏။ သူတို့နာမည်တွေကို ခေါ်ကြ၊ အော်ကြသည်ကိုလည်းကောင်း ခင်ခင်ဝင်းနှင့် စောသန်းခင်တို့က မြင်နေကြားနေရပြီ။

သို့သော် အိမ်ပတ်ဝန်းကျင်က လူတွေကို မိဘဆွေမျိုးများ၊ မိမိတို့ရွာသူရွာသားများဟု အသိစိတ်မဝင်မိကြ။ အိမ်အောက်ပတ်ဝန်းကျင်တွင် မည်းမည်းအရိပ်များနှင့် မီးရောင်လောက်ကိုသာ အသိရှိကြ၏။

နောက် မီးရောင်တွေ၊ လူရိပ်မည်းမည်းတွေ သူတို့အိမ်ကြီးနား လှည့်ပတ်၍ အော်ကြ၊ ခေါ်ကြ၊ သစ်ပင်ပေါ်တွေကို မီးရောင်တွေ အကျများလာသောအခါ အသိဝင်လာ၏။ ဤလူတွေ ငါတို့ကိုလာရှာနေကြသည်မှာ စိတ်ထဲတွေးမိလိုက်ပြီး ခင်ခင်ဝင်းက အိမ်ထရံတစ်ခုကို ဆွဲချိုးလိုက်ပြီး အောက်ကို ပစ်ချလိုက်သည်။

"ဟာ - အပေါ်က သစ်ကိုင်းတစ်ကိုင်းကျလာပါလား။ ဟော့ ဟော့ - ဟိုမှာ ဟိုမှာဗျို့၊ ဟိုသစ်ပင်ပေါ်ထက်မှာတွေ့ပြီ၊ ကောင်မလေးနှစ်ယောက်ကို တွေ့ပြီဟ"

အမြင်မှာ ခင်ခင်ဝင်းက ထရံကာထားသော ခနီးသီတံ၊ ခနိပျစ်အစတစ်ခုအနေနှင့် ပစ်ချလိုက်သောအခါ လူတွေဆီမှာ သစ်ကိုင်းငယ်လေးတစ်ကိုင်း ဖြစ်နေ၏။ ထိုသစ်ကိုင်းငယ်လေးသည် ရွာသားတစ်ဦး၏ ခေါင်းပေါ်သွားကျခြင်းဖြစ်သည်။ ထိုရွာသားကြီးက အစိမ်းလတ်လတ်ကျလာသော သစ်ကိုင်းပေါ် ဓာတ်မီးနှင့်ထိုးကြည့်လိုက်သောအခါ ခင်ခင်ဝင်းနှင့်စောသန်းခင်တို့ကို မြင်သွားခြင်းဖြစ်သည်။

အော်ဟစ် ငိုယိုနေကြသော ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ အကဲကို စောင့်ကြည့်နေကြသော ဒေါ်လှအေးနုနှင့်စံဝေဦးတို့ကလည်း ရှေ့ဆက်ဘာလုပ်ကြရမှန်းမသိသလို ရပ်ကြည့်နေရာမှ ဒေါ်လှအေးနုသည် ခင်ခင်ဝင်း ထရံစကို ဆွဲချိုးပြီး အောက်ကို ပစ်ချလိုက်ရမလားဟု ဒေါသထွက်ကာ နှစ်ယောက်စလုံးကို စည်းဟုံးကိုင်းတစ်ကိုင်းနှင့် သိမ်းကျုံးရိုက်ချလိုက်ရာ နှစ်ယောက်စလုံးမှာ သတိမေ့သွားကြသည်။

✤

မိဘညီအစ်ကို မောင်နှမ ဆွေမျိုးသားချင်းများနှင့် ရွာရှိလူကုန်သလောက်နီးနီး တစ်ညနေလုံး တောတောင်အနှံ့လိုက်ရှာခဲ့ကြသော်လည်း ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ကို ဘယ်လိုမှ ရှာမတွေ့သဖြင့် လက်လျှော့ပြန်လာကြပြီးကာမှ မျောက်ခေါင်းတိန်တောင်ဘက်က မိန်းကလေးနှစ်ယောက် အော်ငိုနေကြသံ



ကြားကြရသဖြင့် အပြေးပြန်လိုက်လာကြပြီး ပြန်ရှာကြရာ ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ကို (၁၂) တောင်ခန့်မြင့်သော စည်းဟုံးပင်တစ်ပင်ပေါ်၌ အံ့ဖွယ်ဘနန်း လှမ်းမြင်လိုက်ကြရသည်။

ထူးဆန်းလွန်းသည်မှာ စောသန်းခင်နှင့် ခင်ခင်ဝင်းတို့နှစ်ယောက်၏ ပကတိကိုယ်အလေးချိန်ကို ဘယ်လိုမှမခံနိုင်သော ကလေးလက်ကောက်ဝတ်သာသာရှိ စည်ဟုံးပင်၏ ကိုင်းလေးတစ်ကိုင်းမှာ ခြေတွဲလောင်းချ လက်ချင်းယှက်၍ ဘေးချင်းကပ် ထိုင်နေကြသည်ကို လက်နှိပ်ဓာတ်မီးရောင် အထင်းသားနှင့်မြင်နေကြရ၏။

ပကတိအတိုင်းဆိုလျှင် ဤစည်ဟုံးပင်ကိုင်းသေးသေးလေးမှာ (၁၆) နှစ်၊ (၁၈) နှစ် ဤမိန်းကလေးနှစ်ယောက်၏ ကိုယ်အလေးချိန်ကို ဘယ်လိုမှခံနိုင်စရာ အကြောင်းမရှိပေ။

ဤထူးခြားချက်မှာ သတိမူမိကြ၍ အကြားအသိရှိဖူးတွေက -

"ကလေးမလေးတွေ လန့်ပြီးပြုတ်ကျနိုင်တယ်၊ မအော်ကြနဲ့၊ မခေါ်ကြနဲ့၊ တိတ်တိတ်နေကြ၊ တိတ်တိတ်နေကြ"

ဟု ကမန်းကတန်း ဟန့်တားလိုက်ကြသည်။

ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ရောက်နေကြသော သစ်ကိုင်းလေးမှာ မြေပြင်က (၁၂) တောင်ခန့်မြင့်၏။ ထို့ကြောင့်လည်း ကောင်မလေးနှစ်ယောက်မှာ သတိလစ်ကာ သစ်ကိုင်းလေးပေါ်က ခုန်ချလိုက်ကြမှာစိုး၍ အောက်က ခံရန် ရွာထဲကို စောင်ပြေးယူသူကယူ၊ လှေကားလုပ်သူကလုပ်၊ သစ်ပင်ပေါ်တက်ပြီး လက်မောင်းနှစ်ဖက်ကိုင်ကာ ဆွဲချရန်ပြောသူကပြောနှင့် လုပ်နေကြစဉ် ခင်ခင်ဝင်းနှင် စောသန်းခင်တို့ကတော့ အရုပ်ကလေးနှစ်ရုပ်ကိုတင်ထားသလို မလှုပ်မယှက် ထိုင်လျက်ပင်ရှိနေကြ၏။

နောက်တော့ အားကောင်းမောင်းသန် ကာလသားများဖြစ်ကြသော ငမဲ၊ သောကြာအောင်၊ ငဆူမောင်၊ စောခင်အောင်၊ သိန်းစိုးအောင်၊ ဦးဘရှိန်၊ မောင်ဝင်း၊ မောင်ကြည်ဝင်း၊ ခင်မောင်ဝင်း၊ ရွှေသိန်းအောင်၊ အောင်သန်းရွှေ စသည့် ကာလသား နှစ်ဆယ်ယောက်လောက်က ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ရောက်နေကြသော အုန်းပင်သာသာရှိ စည်ဟုံးပင်ကို ချောတိုင်တက်သလို



www.burmeseclassic.com

www.burmeseclassic.com

ခြေထောက်နှစ်ဖက်နှင့် လိမ်ယှက် (ခါးလိမ်ကျစ်)ကာ အဆင့်ဆင့်တက်သွားကြပြီး ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ကို ချိုင်းကမ,၍ လက်ဆင့်ကမ်းဆွဲချကြ၏။

သို့သော် ကျိုးကျလုမတတ် သစ်ကိုင်းလေးပေါ် နောက်မှီလည်း မရှိဘဲ ခြေတွဲလောင်းချ ထိုင်နေကြသော ခင်ခင်ဝင်းနှင့် စောသန်းခင်တို့က သူတို့အား ကယ်ချရန် လှမ်းလာသော ကာလသားတို့၏လက်ကို ငုံ့ကိုက်ကြ၏။

စောသန်းခင်နှင့် ခင်ခင်ဝင်းတို့က ငုံ့ကိုက်ကြသော်လည်း အားကောင်းမောင်းသန်ကာလသားများကမူ လက်နှိပ်ဓာတ်မီး၊ မီးရှူး၊ မီးတုတ်တွေကလည်း သစ်ပင်ပတ်ပတ်လည်ကို ထွန်းပေးထားကြရာ စည်ဟုံးပင်စည်ကို မိမိရရ ခြေလိမ်ချိတ်ပြီး ခင်ခင်ဝင်းနှင့် စောသန်းခင်တို့ကို ချိုင်းက အတင်းမ,ဆွဲပြီး လက်ဆင့်ကမ်းသည်ချနိုင်ကြသည်။

ဤသို့ လက်ဆင့်ကမ်းသယ်ချကြရာ၌လည်း အလွန်ထူးဆန်းသည်မှာ စောသန်းခင်နှင့် ခင်ခင်ဝင်းတို့၏ ကိုယ်အလေးချိန်မှာ လသား၊ နှစ်သားကလေးတို့၏ ကိုယ်အလေးချိန်ထက်ပင် ပေါ့ပေါ့ပါးနေသည်။ အောက်ကို ရောက်သည်အထိ ခင်ခင်ဝင်းနှင့် စောသန်းခင်တို့က တော့ သတိမရကြသေး။ သူတို့နှစ်ဦးကို ရွာထဲတွဲဆွဲခေါ်လာကြရ၏။ သူတို့နှစ်ယောက်မှာ လုံးဝသတိမရဘဲ ယိမ်းယိုင်မူးဝေကာ ပါလာကြသည်။ အချိန်ကမူ ည (၁၂) နာရီ နီးသွားလေ ပြီ။

ရွာထဲကိုတွဲခေါ်လာကြသော သူတို့နှစ်ယောက်ကို ရပ်ရွာထုံးစံအတိုင်း အိမ်ပေါ်ကို မတင်ရသေးဘဲ တောသတ်ရန်ဟု မိမိတို့အိမ်အောက်၌တစ်ယောက်စီ ခွဲထားလိုက်ကြ၏။ တတ်သရွေ့မှတ်သရွေ့ မျက်စဉ်းခတ်ကြ၊ နှာနှပ်ကြ၊ အပေါ့ရေနှင့်ဖျန်းကြ၊ မျက်နှာသစ်ပေးကြလုပ်သော်လည်း မိုးသာစင်စင်လင်းသွားသည် ခင်ခင်ဝင်းနှင့် စောသန်းခင်တို့က သတိမရကြသေး။

ထိုအခါ မိဘမောင်ဖွား ဆွေမျိုးသားချင်းများမှာ စိုးရိမ်တကြီးနှင့် နတ်ဆရာ၊ မှော်ဆရာ ပင့်၍ ကုသကြရန် တိုင်ပင်ကြသည်။ အားလုံးက သဘောတူကြသဖြင့် သူတို့ပြားချိန်ချောင်းဖျားရွာနှင့်နီးသော ဆင်ပုတ်ရွာရှိ နတ်ဆရာ၊ မှော်ဆရာကြီး ဦးမောင်ဖြူညွန့် အသက်ခုနစ်ဆယ်ကျော် အဘိုးကြီးကို ပင့်ခေါ်ရန် လွှတ်လိုက်ကြသည်။

နတ်ဆရာ၊ မှော်ဆရာကြီးနှင့် ကုသကြရတော့မည်ဖြစ်၍ တစ်ယောက်စီခွဲထားသော စောသန်းခင်နှင့် ခင်ခင်ဝင်းတို့ကို အတူထားပေးရမည် ဖြစ်သဖြင့် စောသန်းခင်ကို ခင်ခင်ဝင်းတို့အိမ်အောက် ခင်ခင်ဝင်းထားရာကို ခေါ်လာကြသည်။ ထိုအချိန်ထိလည်း နှစ်ယောက်စလုံးမှာ ထိုင်ခိုင်းထားလျှင်လည်း ခေါင်းငိုက်စိုက် (ကုပ်ကျိုး) ချကာ စကားမေးမရဘဲထိုင်နေကြသည်။

(ထိုအချိန်အထိလည်း မိစ္ဆာမနှစ်ကောင်သည် လယ်ပိုင်ရှင်မ ဒေါ်လှအေးနုနှင့် စောသန်းခင် ယောက်မ စံဝေဦးအယောင်ဆောင်နှင့်ပင် ရွာထဲထိ လိုက်ပါလာကြပြီး ခင်ခင်ဝင်းနှင့်စောသန်းခင်တို့ အနား၌ပင် အတူရှိနေကြကြောင်းကို စာရေးသူအား သူတို့က ပြောပြကြသည်)

ထိုမိစ္ဆာမနှစ်ကောင် သူတို့အနား၌ရှိနေကြသဖြင့် အများလူတွေအမြင်မှာ သတိမေ့နေကြသော်လည်း ခင်ခင်ဝင်းနှင့် စောသန်းခင်တို့၏စိတ်ထဲမှာမူ ခါတိုင်းလိုပင် မိမိအိမ်၊ မိမိရွာ၌ မိမိတို့အလုပ်ကို လုပ်နေကြသည်ဟုသာ ထင်မြင်နေမိကြ၏။

ထိုသို့ ထင်မြင်နေကြသဖြင့်လည်း အယောင်ဆောင်ထားသော ဒေါ်လှအေးနုနှင့် စံဝေဦးတို့က -

"ဟော့ကောင်မတွေလာ၊ တို့ချိုင့်ကြီးချောင်ဘက်ကို ကောက်စိုက်သွားကြရအောင်လေ"

ဟု ခေါ်လိုက်သောအခါ အများအမြင်တွင် သတိမေ့နေကြသော ခင်ခင်ဝင်းနှင့် စောသန်းခင်တို့သည် အိမ်အောက်မှ ချက်ချင်းပင် အပြင်ကိုထွက်သွားကြ၏။

"ဟဲ့-သမီးတို့ သတိရကြပလား။ ဘယ်ကိုသွားကြမလို့လဲ"

"အပေါ့အပါး သွားချင်လို့များလား"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ထွက်ပြေးကြတာ။ ဟဲ့ - မြန်မြန်ဝိုင်းဖမ်းကြစမ်းဟဲ့။ မြန်မြန်ဝိုင်းဖမ်းချုပ်ထားကြ၊ ချုပ်ထားကြ"

အထိတ်တလန့်နှင့် အုတ်အော်သောင်းတင်း အော်ကြဟစ်ကြ၊ ဝိုင်းဖမ်းဝိုင်းချုပ်ကြတော့ ခင်ခင်ဝင်းနှင့် စောသန်းခင်တို့က မျက်စိဖွင့်ကြည့်ကြ၏။

"ဟင် - သမီးတို့၊ ငါ့သမီးတို့။ သတိရကြပလား၊ ခုသတိရကြပလား။ ဘယ်သွားကြမလို့လဲ သမီးတို့ရယ်"

အမေနှစ်ယောက်က တင်းတင်းကျပ်ကျပ်ဖက်ပြီး မေးကြ၏။

"ဘယ်မှမသွားပါဘူး၊ သမီးတို့ ဘာလို့ဝိုင်းချုပ်ထားကြတာလဲ။ တင် - လူတွေလည်း အများကြီးပါလား"

ခင်ခင်ဝင်းက စကားစပြောသ

လူတွေမှာ ဝမ်းသာအားရနှင့် -

"ကောင်မလေးတွေ သတိရ

ဟ။ ခင်ခင်ဝင်းနဲ့ စောသန်းခင်တို့ သတိ

ကြပြီဗျို့"

ဟု ဝိုင်းအော်ကြသည်။

ထိုအခါမှ ခင်ခင်ဝင်းနှင့် စော

သန်းခင်တို့ကို မိဘများက သူတို့

ယောက်အဖြစ်ကို ပြောပြကြသည်။

(သတိရလာသောအခါ ခင်

ဝင်းနှင့် စောသန်းခင်တို့က သူတို့အိမ်

လူတွေ အများကြီးကို မြင်လိုက်ရ

ခင်ခင်ဝင်းက သူ့အဖေ ဦးမောင်သာ

များ နာမကျန်းဖြစ်တာလား၊ သေ

သွားလို့ လူတွေရောက်လာကြသ

ဟုပင် ထင်မိကြောင်း ခင်ခင်ဝင်း

စာရေးသူအား ပြောပြပါသည်။)

အဖြစ်အပျက်များကို မိဘများ

ရွာသူရွာသားများက ခင်ခင်ဝင်းနှင့် စော

သန်းခင်တို့ကို ပြောပြကြ၊ ခင်ခင်ဝင်း

စောသန်းခင်တို့ကလည်း လယ်ပိုင်

ဦးမောင်ထွန်းသာ၊ ဒေါ်လှအေး

လယ်၌ ကောက်စိုက်နေကြစဉ် မ

စဖူး ဒေါ်လှအေးနု တစ်ခေါက်ပြန်

သည်ကစ၍ ပြောပြနေချိန်မှာပင် န

ဆရာ၊ မှော်ဆရာ သွားပင့်သူများ

ဆင်ပုတ်ရွာက နတ်ဆရာ၊ မှော်ဆ

ကြီး ဦးမောင်ဖြူညွန့်တို့လည်း ခင်

ဝင်းတို့အိမ်ကို ရောက်လာကြသည်

စာရေးသူအား ပြားချိန်ချော

ဖျားရွာက ရွာသာကြီးအချို့ ပြောပြ

သည်မှာ မှော်ဆရာ၊ နတ်ဆရာကြီး

မောင်ဖြူညွန့် လိုက်လာပြီဆိုသည်

သိ၍ မိစ္ဆာမနှစ်ကောင် ထွက်ပြေး

ကြသဖြင့် ခင်ခင်ဝင်းနှင့် စောသန်းခ

မှာ အကောင်းပကတိ ပြန်ဖြစ်သွား

သည်ဟု ဆို၏။

ဤအဖြစ်အပျက်မှာ ရွာနာ

လူနာမည်အားလုံး အမှန်ချည်း

ပါသည်။ ခင်ခင်ဝင်းနှင့် စောသန်းခ

မှာလည်း ယခုထိ အသက်ထင်ရှား

ကြပါသည်။

ဝေယံသင်း



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် ဆရာတိုးထက်၏ 'လူဝင်စားပြဿနာ'နှင့် 'လူဝင်စားသံသရာ' ဆောင်းပါးများကို သုရဋ္ဌမဂ္ဂဇင်းနှင့် ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းများတွင် အခါအားလျော်စွာ လေ့လာဖတ်ရှုရပါသည်။ လူဝင်စားလောကသည် စာရေးသူတို့ မြန်မာတွင်သာမက ကမ္ဘာ့အနှံ့နိုင်ငံများတွင်ပါ ကိုယ်တွေ့မှတ်တမ်းများဖြင့် အထင်အရှားရှိနေကြပါသည်။ စာရေးသူ အပါအဝင် လူအတော်များများသည် ဘဝဟောင်းဖြစ်ရပ်များကို မေ့ပင်အောက်ဝင်ခဲ့၍လားမသိ မိမိတို့ဘဝဟောင်းကို မည်သူမျှ သိမြင်ပြောပြနိုင်စွမ်းမရှိကြချေ။ သို့သော် အချို့သောပါရမီရှင်တို့မှာ သေလွန်ပြီး နောက်ဘဝမခြားဘဲ အတိတ်ဘဝက ဖြစ်ရပ်မှန်တို့ကို တစ်ခုမျှ မခြွင်းမချန် ပြောပြနိုင်စွမ်းရှိကြလေသည်။

လူဝင်စားသာကေတစ်ခုမှာ စာရေးသူ၏ကိုယ်တွေ့ဖြစ်ပါသည်။ စာရေးသူသည် ပညာရေးဝန်ထမ်းတစ်ဦးဖြစ်ရာ ယခုလက်ရှိ ကျွဲသောက်ကုန်း အခြေခံပညာမူလတန်းလွန်ကျောင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိနေပါသည်။ လွန်ခဲ့သောငါးနှစ်လောက်က ဂျိတ္တောကျေးရွာအမှတ်(၈)ရပ်ကွက်မှ ရှစ်တန်းကျောင်းသားတစ်ဦးမှာ ရောဂါဝေဒနာဖြင့် သေဆုံးခဲ့ပါသည်။ သို့ရာတွင် မကြာမီပင်ထိုကျောင်းသားလေးသည် သူ၏ မိခင်ဝမ်းတွင်ပင် ထပ်မံသန္ဓေယူခဲ့ပြန်သည်။ သူ့မိခင်က သန္ဓေမရမီ အိပ်မက်ပေးခဲ့ကြောင်း စာရေးသူကို နောက်မှပြန်ပြောပြခဲ့ပါသည်။

တစ်နေ့တွင် စာရေးသူသည် ကျောင်းဆင်း၍ စက်ဘီးနှင့်ပြန်လာစဉ် သုံးနှစ်ခန့်အရွယ် မိန်းကလေးငယ်တစ်ဦးက -

"ဆရာနေကောင်းလား"

ဟု နှုတ်ဆက်ပါသည်။

စာရေးသူက အံ့သြစွာဖြင့် အနီးရှိလူများကိုမေးမြန်းရာ ကိုဖိုးထောင့်က -

"ဒါဆရာ့တပည့်ဝင်စားတာလေ"

ဟု ပြောပြပါသည်။


သူသည် ဘဝဟောင်းတုန်းက ယောကျ်ားလေး ဖြစ်သော်လည်း ယခုဘဝသစ်တွင် မိန်းကလေးဘဝဖြင့် အသက်ငါးနှစ်အရွယ်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ သူ့ဆရာဖြစ်သည့် ကျွန်တော့်ကို သေသေချာချာ မှတ်မိလျက် တွေ့မြင်လေတိုင်း အမြဲ လေးလေးစားစား မေးမြန်း နှုတ်ဆက်လေ့ရှိသည်မှာ စာရေးသူကိုယ်တွေ့ဖြစ်ပါသည်။

ယခုလည်း ပေလီကမ်းခြေ ဇီးဖြူကုန်းကျေးရွာမှ မသော်သော်လှိုင်၏ ဘဝမခြား လူဝင်စားအဖြစ်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် လူဝင်စားအဖြစ် ဝင်စားကာ မိဘဟောင်းများရှိရာ ပေလီရွာသို့ နှစ်စဉ် အလည်လာရောက်ခိုက် စာရေးသူနှင့် တွေ့ဆုံကာ မေးမြန်းစုံစမ်း မှတ်တမ်းတင်ခွင့်ရခဲ့ပေသည်။ ယခင် မသော်သော်လှိုင်မှာ ဆယ်တန်းကျောင်းသူအဖြစ်နှင့်ရေနစ်သေဆုံးခဲ့ရာ ယခုအခါ မဆောင်းရတီစိုးအဖြစ်နှင့် ကိုးနှစ်အရွယ် တတိယတန်းကျောင်းသူဘဝသို့ပင် ရောက်ရှိနေပြီဖြစ်ပါသည်။

၂၀၁၃ ခုနှစ်၊ မေလဆန်းပိုင်းကဖြစ်ပါသည်။ စာရေးသူသည် မဇင်ကျေးရွာရှိ ယောက်ဖဝမ်းကွဲတော်စပ်သူ မောင်မင်းမင်းစိုး၏မင်္ဂလာဧည့်ခံပွဲသို့ ရောက်ရှိနေခိုက်ဖြစ်ပါသည်။ ထိုစဉ် ဖုန်းသံမြည်လာသဖြင့် ဆက်သွယ်လိုက်ရာ သံတွဲမြို့မှ ကိုရဲနိုင်စိုး (ကဗျာဆရာ ရောစနာ)ဖြစ်နေပါသည်။ သူက စာရေးသူကို ပေလီအထက်တန်းကျောင်းသို့ ယခုလာရောက်စေလိုကြောင်း၊ ဆရာ့အတွက် သတင်းကောင်းမှတ်တမ်းတစ်ခုရယူစေလိုကြောင်း ပြောခဲ့ပါသည်။ ထို့ကြောင့် စာရေးသူလည်း မဆိုင်းမတွဘဲ မော်တော်ဆိုင်ကယ်နှင့် အ-ထ-က ပေလီသို့ သွားရောက်ခဲ့ပါသည်။ ရောက်ရှိသွားသည့်အခါ ကျောင်းအဝင်ဝတွင် သူငယ်ချင်းဖြစ်သူ အ-ထ-က ပေလီ ကျောင်းအုပ်ကြီးနှင့်တွေ့ဆုံပါသည်။

# ပေလီကမ်းခြေမှ
# တစ်ယောက်နှစ်ဘဝ လူဝင်စားမလေး

ရွှေချိုအောင်(ပေလီ)



ဘဝဟောင်းမှ မသော်သော်လှိုင်ဓာတ်ပုံ



ပေလီကမ်းခြေမှ လူဝင်စား မဆောင်းရတီစိုး



www.burmeseclassic.com

www.burmeseclassic.com

သူက -

"သူငယ်ချင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးသင်တန်းလာတက်တာလား"

ဟု မေးပါသည်။

ထိုစဉ် ကိုရဲနိုင်စိုး ရောက်ရှိလာပြီး တွေ့ဆုံပါသည်။ သူက သူတို့သင်တန်းခန်းမဆွေးနွေးပွဲသို့ ခေတ္တခေါ် သွားကာ နားထောင်စေရင်း လူဝင်စားကျောင်းသူလေးကိစ္စကို ပြောပြပါသည်။ ထမင်းစားနားချိန် နေ့လယ် (၁၂) နာရီတွင်မှ သူတွေ့ဆုံပေးမည်ဟု ဆိုပါသည်။

နေ့လယ်စာစားပြီးနောက် သင်တန်းအချိန်ဖွင့် ရဲနိုင်စိုးနှင့်ကျွန်တော်တို့ လူဝင်စားမလေးရှိရာ ကျောင်းဝင်းအတွင်းရှိနေအိမ်သို့ သွားကြပါသည်။ ထိုအိမ်မှာ ကျောင်းဝန်ထမ်း ကိုသိန်းချို ခေါ် ကိုအောင်မြင့်ဌေး၏နေအိမ်ဖြစ်နေပါသည်။ ကျွန်တော်တို့နှစ်ဦးကို မြင်သည့်အခါ လိုက်လှဲပျူငှာစွာဖြင့် အိမ်ပေါ်ထက်သို့ ဖိတ်ခေါ်ပါသည်။ စာရေးသူမှာ နှစ်စဉ်နှစ်တိုင်း အခြေခံပညာတက္ကသိုလ်ဝင်တန်းစာမေးပွဲကို လက်ထောက်ကြီးကြပ်ရေးမှူးအဖြစ် မတ်လတွင် စောင့်ကြပ်နေရမည် ဖြစ်သဖြင့် အ-ထ-က ငပလီကျောင်းဝန်ထမ်း ကိုသိန်းချိုနှင့် ယခင်ကပင် ရင်းနှီးနေကြပါသည်။

ရန်ကုန်မှာ ရောက်ရှိနေသည့် လူဝင်စားမိန်းကလေးမှာ ကိုသိန်းချို၏သမီး ၂၀၀၀ပြည့်နှစ်က ပင်လယ်ရေဆင်းချိုး၍ ရေနစ်သေဆုံးသည့် ဆယ်တန်းကျောင်းသူ မသော်သော်လှိုင်ဖြစ်ကြောင်း သိရှိရပါတော့သည်။ မိဘဟောင်းဆီသို့ရောက်ရှိနေသူ လူဝင်စား(ဘဝသစ်)တတိယတန်းကျောင်းသူ မဆောင်းရတီစိုး အကြောင်းကို ကိုသိန်းချိုက စာရေးသူကို သေချာစွာ ပြောပြပါသည်။ ထို့နောက် ဓာတ်ပုံမှတ်တမ်းများကိုလည်း စာရေးသူအား ထုတ်ပြပါသည်။ သူ့သမီးဖြစ်သူ လူဝင်စား (ဘဝသစ်) မဆောင်းရတီစိုးက တွေ့ချင်သဖြင့် ကိုသိန်းချိုတို့ ဇနီးမောင်နှံ ရန်ကုန်သို့ ဘုရားဖူးသွားရင်းအပြန်တွင် ဘဝသစ်မှ မိခင်ဖြစ်သူ ဒေါ်တင်မာဝင်းနှင့်အတူ ငပလီသို့ အလည်လာကြခြင်း ဖြစ်လေသည်။ ယခင် ဆယ်တန်းကျောင်းသူ မသော်သော်လှိုင်မှာ ယခုလူဝင်စား မဆောင်းရတီစိုးအဖြစ် ဖခင် ဦးစိုးစိုး၊ မိခင် ဒေါ်တင်မာဝင်းတို့နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဗိုလ်ချုပ်လမ်းတွင် နေထိုင်လျက်ရှိကြသည်ဟု သိရပါသည်။



ဘဝသစ်မိသားစုနှင့် မဆောင်းရတီစိုး



ဘဝဟောင်းမိဘများနှင့် မဆောင်းရတီစိုး



သူငယ်ချင်းများနှင့် မွေးနေ့အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com

ဘဝဟောင်းမှ ဖခင်ဖြစ်သူ ကိုသိန်းချို(ခ) ကိုအောင်မြင့်ငွေးမှ ရေနစ်သေဆုံးခဲ့ရသည့် ဆယ်တန်းကျောင်းသူ မသော်သော်လှိုင်အကြောင်းကို စာရေးသူအား ပြောပြခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်က ကိုသိန်းချိုတို့သည် ဇီးဖြူကုန်းကျေးရွာတွင် နေထိုင်ခဲ့ကြပါသည်။ မသော်သော်လှိုင်မှာ ဆယ်တန်းကျောင်းသူဖြစ်၍ အ-ထ-က ငပလီတွင် ပညာသင်ကြားနေသူ ဖြစ်ပါသည်။

မှတ်မှတ်ရရ ၂၀၀၀ ပြည့်နှစ်၏ တော်သလင်းလဆန်း ၇ ရက်နေ့တွင် ကျောင်းပိတ်သဖြင့် ကျူရှင်သွားတက်ကြပါသည်။ ကျူရှင်ဆရာမှာ ဇီးဖြူကုန်းကျောင်းတိုက်တွင် ခေတ္တ သီတင်းသုံးနေထိုင်သည့် ဦးပဥ္စင်း အဘိရူပ (လူနာမည် ဦးမြင့်ရွှေ) ထံတွင် ဖြစ်ပါသည်။ ကျူရှင်လာသူမိန်းကလေးများကို ဦးပဥ္စင်းက -


"မိန်းကလေးတွေ၊ ကျူရှင်ပြီးရင်အိမ်ကိုပြန်ကြ။ ငါ ဒီနေ့ အိပ်မက်ရာမက်မကောင်းဘူး၊နိမိတ်မကောင်းဘူး။ ဘယ်မှသွားလာမနေကြနဲ့"

ဟု သတိ ပေးလိုက်ပါသည်။


ကျောင်းနေဖက်သူငယ်ချင်း ငါးဦးမှာ မသော်သော်လှိုင်၊ မသော်သော်ထွန်း၊ မစုစုထွေး၊ မစုစုငယ်၊ မမြသီတာတို့ ဖြစ်ပါသည်။

မိန်းကလေးသူငယ်ချင်းငါးယောက်သည် ကျူရှင်ဆင်းပြီးသည့်အခါ ဦးပဥ္စင်းမိန့်မှာချက်ကို အလေးမထားဘဲ ငပလီလမ်းဆုံဘက်သို့ ထွက်ခဲ့ကြသည်။ ဇီးဖြူကုန်းချောင်းကို ဖြတ်ထားသည့် တံတားထိပ်သို့ ရောက်သည့်အခါ တစ်ဦးက ရေဆင်းချိုးကြမည်ဟု အဖော်ညှိလေသည်။ ကျန်သူများကလည်း မဆိုင်းမတွပင် သဘောတူ၍ ပင်လယ်ရေချိုးကြရန် ကမ်းခြေဘက်သို့ဆင်းခဲ့ကြသည်။ သူတို့ ရေဆင်းချိုးသည့် နေရာမှာ ဇီးဖြူကုန်းရွာဦးရှိ ထောက်လှမ်းရေး(၁၀)ရုံးရှေ့ရှိ ကမ်းစပ်တစ်နေရာဖြစ်သည်။ ယခု မူဝံကြယ်စားသောက်ဆိုင်ရှေ့ရှိ ကမ်းခြေတစ်နေရာပင်ဖြစ်လေသည်။

ငပလီကမ်းခြေ ပင်လယ်ပြင်မှာ ဆောင်းရာသီတွင် ပင်လယ်မှာ အလွန်သာယာပါသည်။ နွေရာသီတွင် မြောက်လေ လှိုင်းအသင့်အတင့်ရှိသော်လည်း မိုးရာသီတွင်မူ အနောက်တောင်လေကြောင့် လေထန်လှိုင်းကြီးကာ ပင်လယ်ရေ ကြမ်းတမ်းပါသည်။ ကြောက်စရာအကောင်းဆုံးမှာ မိုးရာသီတွင် ရေစီးကြောင်းများ (ဒေသအခေါ် ရေစွယ်ထိုး



ရွှေတိဂုံရင်ပြင်မှ
မဆောင်းရတီစိုး



ထူဝင်စားမလေးမှ ဖခင်ဟောင်းကို
ကစ်ပေးနေဟန်



ရွှေတိဂုံရင်ပြင်မှာ ဖခင်ဟောင်းနှင့်အတူ တွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com

သည်) ဖြစ်ပေါ်နေတတ်လေ့ရှိရာ အခန့်မသင့်လျှင် ထိုရေစီးကြောင်း (ရေစွယ်) ဆွဲအားကြောင့် ကူးခပ်သမျှ မရနိုင်ဘဲ မျောပါစီးဝင်နစ်မြုပ်လေ့ရှိပါသည်။

မသော်သော်လှိုင် အပါအဝင် မိန်းကလေးငါးဦးတို့သည် ရေဆင်းချိုးကြရင်း ရေစီးကြောင်း(ရေစွယ်)နှင့်တိုးမိကာ ရေဆွဲရာသို့ပါလျက် ရေနက်ပိုင်းတွင် ကူးခပ်၍မရနိုင်ဘဲ ရေနစ်ကာ သေဆုံးခဲ့ကြလေသည်။ ရေကူးသူ၊ ရေဆင်းချိုးသူငါးယောက်အနက် မမြသီတာ တစ်ယောက်သာ ကံအားလျော်စွာလွတ်မြောက်ခဲ့သော်လည်း မသော်သော်လှိုင် အပါအဝင် မိန်းကလေး လေးဦးမှာ ရေနစ်သေဆုံးသွားခဲ့ကြလေသည်။

ဆယ်တန်းကျောင်းသူ သမီး မသော်သော်လှိုင် သေဆုံးပြီးနောက် ကိုသိန်းချိုတို့ ဇနီးမောင်နှံသည် ငပလီ အထက်တန်းကျောင်းတွင် ဝန်ထမ်းအဖြစ် လုပ်ကိုင်လျက် ကျောင်းဝင်းရှိ ဝန်ထမ်းအိမ်လေးတွင် နေထိုင်ခဲ့ကြလေသည်။ သို့သော် လွန်ခဲ့သည့်နှစ်က မသော်သော်လှိုင်လူဝင်စား မဆောင်းရတီစိုးကလေးသည် ငပလီကျေးရွာရှိ ဒေါ်ထွေး၏သား မင်္ဂလာဆောင်သို့ ငပလီကမ်းခြေ အပန်းဖြေရင်း ရောက်ရှိလာကြသည်။ ထိုအခါ လူဝင်စားမလေး မဆောင်းရတီစိုးက သူ့မိဘဟောင်းများရှိရာ ဇီးဖြူကုန်းရွာသို့ လိုက်ပို့ပါဆိုသဖြင့် ဒေါ်ထွေးက စုံစမ်းမေးမြန်းရာ မဆောင်းရတီစိုးလေးမှာ ရေနစ်သေဆုံးသူ ဆယ်တန်းကျောင်းသူ (ဘဝဟောင်း) မသော်သော်လှိုင်ဖြစ်နေကြောင်း သိရှိရလေ၏။ ထို့ကြောင့် ချက်ချင်းပင် ဒေါ်ထွေးက ကိုသိန်းချိုတို့ ဇနီးမောင်နှံနှင့် တွေ့ဆုံပေးလိုက်လေသည်။ ထို့ကြောင့် မသော်သော်လှိုင်တစ်ဖြစ်လဲ ဘဝသစ် မဆောင်းရတီစိုးလေးသည် ဘဝသစ် မိဘများနှင့် သာမက ဘဝဟောင်းမိဘနှစ်ပါးနှင့်ပါ ရေစက်ပြန်ဆုံ၍ မိဘနှစ်စုံတို့၏ မေတ္တာကို ခိုလှုံခွင့်ရသူလေး ဖြစ်ပါသည်။ ထိုအဖြစ်ကား လူဝင်စားမှန်သမျှ ရနိုင်ကောင်းသည့် အခွင့်အရေး မဟုတ်ပါချေ။

စာရေးသူသည် ကိုသိန်းချိုတို့အိမ်သို့ သွားရောက်ခဲ့စဉ် မဆောင်းရတီစိုးတို့မိသားစုကို မတွေ့ခဲ့ရပေ။ ကိုသိန်းချိုက သူတို့သည် ငပလီလမ်းဆုံရှိ ဒေါ်ထွေးတို့အိမ်က ထမင်းဖိတ်ကျွေးသဖြင့်သွားကြကြောင်း၊ ယခုပင်လိုက်တွေ့နိုင်ကြောင်း ပြောပြသဖြင့် ငပလီအ-ထ-ကမှ ငပလီလမ်းဆုံ ဒေါ်ထွေးနေအိမ်သို့ ဆိုင်ကယ်ဖြင့် လိုက်သွားကြသည်။ ဒေါ်ထွေးနေအိမ်တွင် သားအမိနှစ်ယောက် ထိုင်နေကြသည်။ ဘဝသစ်မိခင် ဒေါ်တင်မာဝင်းနှင့် မိတ်ဆက်ပေးကာ လူဝင်စား မဆောင်းရတီစိုးကိုပါ မိတ်ဆက်ပေးပါသည်။ စာရေးသူက ဆောင်းပါးရေး၍ မှတ်တမ်းတင်လိုသည်ဟု ပြောပြရာ ဒေါ်တင်မာဝင်းက ခွင့်ပြု၍ စာရေးသူကို ပြောပြပါသည်။

ရန်ကုန် ဒလမြို့ ဗိုလ်ချုပ်လမ်းတွင် ဦးစိုးစိုးနှင့် ဒေါ်တင်မာဝင်းတို့ နေထိုင်ကြပါသည်။ သူတို့တွင် သားတစ်ဦးရှိပါသည်။ ဒေါ်တင်မာဝင်း၏ ခင်ပွန်း ဦးစိုးစိုးမှာ နိုင်ငံခြားသင်္ဘောသားတစ်ဦးဖြစ်ပါသည်။ သူ့သားကြီးမှာလည်း လူဝင်စားဖြစ်ကြောင်း အိပ်မက်ပေးပြီးမှ မွေးဖွားလာသူဖြစ်ကြောင်း ပြောပြပါသည်။ မဆောင်းရတီစိုးလေးမှလည်း အိပ်မက်ပေးမွေးဖွားလာသည့် လူဝင်စားမလေးဖြစ်နေပေရာ သားသမီးနှစ်ဦးမှာ လူဝင်စားများ ဖြစ်ကြောင်း ပြောပြပါသည်။ သားအကြီးဆုံးနှင့် မဆောင်းရတီစိုးမှာ အသက်ဆယ်နှစ်ခန့် ကွာခြားကြောင်း သိရပါသည်။

၂၀၀၄ ခုနှစ်က ဦးစိုးစိုး၊ ဒေါ်တင်မာဝင်းတို့မိသားစု ငပလီကမ်းခြေသို့ အပန်းဖြေခရီး အလည်လာရောက်ခဲ့ကြသည်။ ငပလီကမ်းခြေတစ်လျှောက်သွားလာခဲ့ကြသည်။ မိန်းကလေးလေးဦး ရေနစ် သေဆုံးခဲ့ရာ ဇီးဖြူကုန်းကမ်းခြေကိုလည်း ရောက်ခဲ့ကြသည်။ ငပလီအပန်းဖြေခရီးမှ ပြန်ရောက်ကြပြီးနောက် တစ်နေ့တွင် မတင်မာဝင်းက အိပ်မက်မက်လေသည်။

အိပ်မက်ထဲတွင် သူတို့မိသားစု ငပလီကမ်းခြေ သဲသောင်အတိုင်း လျှောက်သွားကြသည်။ ထိုအခါ ဇီးဖြူကုန်းတောက်လျှမ်းရေ(၁၀)ရုံးအနီးကမ်းခြေတွင် ပုန်းညက်ပင်ကြီးတစ်ပင်ကိုတွေ့ရှိရလေသည်။ ထိုပုန်းညက်ပင်ကြီးထက်တွင် မိန်းကလေးလေးဦးတို့ အဆင်း၊ အတက်လုပ်၍ ကလေးသဘာဝ မြူးထူးပျော်ပါးဆော့ကစားနေကြသည်။ သူက စိုးရိမ်စိတ်ဖြင့် အပင်ထက်ကို တက်ပြီး-

"သမီးတို့မဆော့ကြနဲ့လေ။ အပင်က လိမ့်ကျနေကြဦးမယ်"

ဟု ဟန့်တားရာ ကျန်မိန်းကလေးများက စကားကိုနားမထောင်ဘဲ မကျေမနပ်နှင့် ဆက်လက် ဆော့ကစားနေကြသည်။

ထိုလေးယောက်ထဲမှ လူဝင်စားဖြစ်လာမည့် သမီးကလေးမှာ ဒေါ်တင်မာဝင်း၏ပြောစကားကို နားထောင်၍ ဆက်မကစားတော့ဘဲ နားထောင်သည်။ ဒေါ်တင်မာဝင်းက -

"သမီး၊ အဒေါ်တို့နဲ့လိုက်မလား"

ဟု မေးသည့်အခါ ထိုမိန်းကလေးမှ -

"လိုက်မယ်"

ဟု ဆိုကာ သူတို့နှင့် လိုက်ပါခဲ့သည်ဟု အိပ်မက်မက်ခဲ့လေသည်။

ထိုသို့ အိပ်မက်မက်ပြီးနောက် လူဝင်စား မဆောင်းရတီစိုးကလေးကို ကိုယ်ဝန်ရှိလာလေသည်။ လူဝင်စား မဆောင်းရတီစိုးလေးကို ၂၀၀၅ ခုနှစ်၌ မွေးဖွားပြီး အငယ်သမီးလေးဖြစ်လာသည်။ မဆောင်းရတီစိုးကလေး၏ ရုပ်ဆင်းသဏ္ဌာန်မှာ ဒေါ်တင်မာဝင်း အိပ်မက်မက်စဉ်က ကလေးမလေး၏ ရုပ်ဆင်းအသွင်နှင့် တူညီစွာ မွေးဖွားလာခဲ့သည်ကို သိရှိရပါသည်။

မဆောင်းရတီစိုးလေးကို မွေးဖွားပြီးနောက် စကားပြောတတ်စအရွယ်တွင် ဗွီဒီယိုဇာတ်ကားတစ်ကားကို မိသားစုကြည့်ရှုနေကြရာ သရုပ်ဆောင် နန္ဒာလှိုင်ရေနစ်သည့်အခန်းကိုကြည့်၍ -

"ကြောက်တယ်။ ကြောက်တယ်"

ဟု ဆိုကာ မျက်နှာကို လက်ဖဝါးဖြင့် ပိတ်ထားလေသည်။ ရေမြစ်ပြင်ကျယ်၊ ပင်လယ်တို့ကိုလည်း မြင်တွေ့ရလျှင် ထိတ်လန့်ကြောက်ရွံ့နေတတ်သည်ဟု ဒေါ်တင်မာဝင်းက စာရေးသူကို ပြောပြပါသည်။

၂၀၀၀ ပြည့်နှစ်တွင် ပင်လယ်ရေနစ်သေဆုံးသူ မိန်းကလေးလေးဦးအနက် မသော်သော်လှိုင်တစ်ယောက်သာ ရန်ကုန် ဒလမြို့တွင် လူဝင်စားမဆောင်းရတီစိုးအဖြစ်နှင့် ၂၀၀၅ခုနှစ်တွင် လူ့ဘဝကို ပြန်လည်ရရှိခဲ့သည်။ လူ့ဘဝသည် ရခဲလှသလို လူဖြစ်ပြန်တော့လည်း အတိတ်ဘဝဟောင်းကို မှတ်မိသူအလွန်တရာ ရှားပါးလှလေသည်။ လူဝင်စားများအနက် မဆောင်းရတီစိုးလေး၏ဘဝက အလွန်ကံကောင်းခဲ့သည်။ သူပြုလုပ်ခဲ့သည့် ကုသိုလ်ကံစေစက် ပဋ္ဌာန်းဆက်အရ ယခုအခါတွင် မဆောင်းရတီစိုးကလေးသည် ဘဝသစ်မှ မိခင်၊ ဖခင်များနှင့်သာမက ဘဝဟောင်းမှ မိခင်၊ ဖခင်များနှင့်ပါ ဆုံတွေ့ကြရလျက် မိဘနှစ်စုံတို့၏မေတ္တာရင်ခွင်ကို ခိုလှုံခွင့်ရရှိသည့်အဖြစ်မှာ အလွန်ပင်ကံကောင်းထူးခြားလှပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

ရွှေချိုအောင်(ငပလီ)



www.burmeseclassic.com

www.burmeseclassic.com

# ဆီးချိုအတွက်ပေရှက်

စာရေးသူ၏ ဥယျာဉ်ခြံထောင့်တွင် ပေပင်တစ်ပင်ရှိပါသည်။ အနှစ် (၄၀) ခန့်ရှိပါပြီ။ ပေ(၃၀)ခန့် မြင့်နေပါပြီ။ ထိုပေပင်ကို စာရေးသူ စိုက်ပျိုးခြင်း မဟုတ်ပါ။ သရက်ပင်တန်းများ စစိုက်ပြီး သရက်ပင်ကြားခရိုးအစပ်တွင် ပေပင်ကသူ့အလိုလို ပေါက်လာတာပါ။ ငယ်ငယ်က ထန်းပင်ဟု ထင်ရပါသည်။ ပေလက်တံတွင် ဆူးမည်းများပေါ်လာမှ ပေပင်မှန်း သိရပါသည်။ ပေါက်လာသမျှ တောင်အရပ်ထောင့်၌ တစ်ပင်၊ မြောက်အရပ်ထောင့်၌တစ်ပင် ပေါင်းနှစ်ပင်ပါ။ စာရေးသူ ဝမ်းသာမိပါသည်။ 'ပေနှစ်ပင် ရှင်နှစ်ပါး'ပေါ့။

သို့သော် တောင်ထောင့်ပေပင်မှာ ထွန်စက်ကြီးနင်းမိ၍ သေသွားပါသည်။ တစ်ပင်သာကျန်တော့တာပါ။ ပေပင်ကြီးပေါ်တွင် ခိုငှက်များ၊ ရှဉ့်ကလေးများ အသိုက်လုပ် အိမ်ဖွဲ့နေကြပါသည်။ ပေရွက်ခြောက်များလည်း ခဏခဏပြုတ်ကျပါသည်။

တစ်နေ့တွင် ညီဖြစ်သူ ကိုကျော်ဝေမှ ပေရွက်ခြောက်အချို့ ကောက်ယူပါသည်။

စာရေးသူမှ -

"ဟကောင် ဘာလုပ်ဖို့တုံးကွ"

ဟု မေးသောအခါ -

"ကိုဖုန်းမောင်က ပေရွက်ခြောက်ကို လက်ဖက်ခြောက်လုပ်သောက်ဖို့ပါ"

ဟု ပြောပါသည်။

စာရေးသူမှ -

"ဘာကောင်းလို့လဲကွ"

ဟု မေးရာ အောက်ပါအတိုင်း ပြောပြပါသည်။

ကိုဖုန်းမောင်မှာ အသက်(၆၀)ခန့်ပါ။ ပထမ လေးဖက်နာဖြစ်၏။ နောက် စစ်ကြည့်တော့ ဆီးချိုပါဖြစ်နေသတဲ့။ ဆီးချိုဖြစ်တာ (၃) နှစ်ခန့် ရှိပြီတဲ့။ ဆရာဝန်ညွှန်းတဲ့ အင်္ဂလိပ်ဆေးတွေစား၏။ ကြားဖူးနားဝ မြန်မာ့ဆေးတွေ စား၏။ ဆီးချိုမှာ မပျောက်ကင်း မလျော့ပါးပါ။

ဒါနှင့် မြန်မာဆရာကြီးတစ်ဦးက ပေရွက်ခြောက်ကို လက်ဖက်ခြောက်ကဲ့သို့ ရေနွေးခတ်သောက်ပေးပါဟုပြောခဲ့သဖြင့် ပေရွက်အခြောက်ကို လက်ဖက်ခြောက်ကဲ့သို့ ရေနွေးစိမ်သောက်ခဲ့ရာ ဆီးချိုမတက်တော့ဘဲ တဖြည်းဖြည်း ဆီးချိုကျကြောင်း တွေ့ရသတဲ့။

တစ်ကြိမ်တစ်ခါ သောက်ရုံ မဟုတ်ပါ။ အမြဲတမ်း လက်ဖက်ခြောက်နှင့်ရောကာ ရေနွေးကြမ်းသောက်သကဲ့သို့ သောက်နေကြောင်း၊ ပေရွက်ခြောက်ချည်း၏ အရသာမှာလည်း ဖန်တွတ်တွလေးဖြစ်ကြောင်း၊ ယခုအခါ ကိုဖုန်းမောင်မှာ ဆီးချိုသက်သာ၍ အချိုအနည်းငယ်ကိုပင် စမ်းစားနေပြီ ဖြစ်ကြောင်း၊ ဆီးချိုမတက်တော့ကြောင်း ပြောပြပါသည်။ စာရေးသူ ကိုဖုန်းမောင်နှင့် တွေ့ဆုံ မေးမြန်းသောအခါတွင်လည်း အထက်ပါအတိုင်းပင် ပြောပြပါသည်။

ထို့ကြောင့် ဆီးချိုဝေဒနာရှင်များအတွက် လူမပင်ပန်း၊ ငွေကုန်ကြေးကျ မရှိသော ဤဆေးနည်းကလေးကို ဖြန့်ဝေလိုက်ရပါသည်။ ပေရွက်ခြောက်ရည်သောက်ရ၍ ဘေးထွက်ဆိုးကျိုး မရှိပါ။ ဆီးချိုသမားများ စမ်းသပ်သောက်ကြည့်စေချင်ပါသည်လို့သာ။

*အားလုံးကျန်းမာချမ်းသာကြပါစေ*

ကောင်းထက် (ချောင်းနက်)

# ဒူလာညောင်းညာ ပျောက်စေရာ

ယောက်ျား ဒူလာ၊ မိန်းမ မီးယပ် ဟု၍ ဆေးပညာဆိုရိုးစကားရှိပါသည်။ အမျိုးသားများ ဒူလာကိုင်၍ ညောင်းညာ ကိုက်ခဲလျှင် နေမထိထိုင်မသာနှင့် အလွန်ပင် ဣန္ဒြေမဲ့လှပါသည်။ လမ်းများများလျှောက်ခြင်း၊ ရေအေးများများသောက်ခြင်း၊ တက်စာများရှောင်ခြင်းဖြင့် သက်သာမှု ရစေနိုင်သော်လည်း အမြစ်ပြတ် ပျောက်ကင်းဖို့ဆိုသည်မှာ မလွယ်ပါ။

ဒူလာရောဂါအတွက် လက်တွေ့ ပျောက်ကင်းနိုင်သည့် မြန်မာ့ရိုးရာ တိုင်းရင်းဆေးနည်းကို ဖော်ပြရသော် -

- မြင်းခွာရွက်လက်တွင်းတစ်ဆုပ် နူးယူပါ။

- ဆီးဖြူပင်မှ အခေါက်ကို ခွာယူပြီး နုပ်နုပ်စဉ်း လက်တွင်းတစ်ဆုပ်။

- မီးဖိုချောင်သုံး ရိုးရိုးဆား ကွမ်းသီးခြမ်းခန့်။

အထက်ပါသုံးမျိုးကို မြေအိုးသစ်တွင်ထည့်၍ ရေမတ်ခွက် သုံးခွက်နှင့် တစ်ခွက်ကျန်သည်အထိ ပြုတ်ကျို၍ ဆေးရည်ကို စစ်ယူပါ။

နေ့စဉ် နံနက်တိုင်း ဟင်းသောက်ဇွန်းတစ်ဇွန်းမှ သုံးဇွန်းအထိ မှန်မှန်သောက်ပေးပါ။ ဒူလာညောင်းညာကိုက်ခဲခြင်းများ သက်သာ ပျောက်ကင်းသွားပါလိမ့်မည်။

နောက်တစ်နည်းမှာ -

- ဥသျှစ်မြစ်
- ခင်ပုပ်မြစ်
- သနပ်ခါးမြစ်

အထက်ပါ အမြစ်သုံးမျိုးကို (၁၀) ကျပ်သားစီ ရယူ၍ နုပ်နိုင်သမျှ နုပ်နုပ်စဉ်း၍ ရေတစ်ပိဿာနှင့် ကျိုချက်ပါ။ ထက်ဝက်ခန်းသောအခါ အမြစ်ဖတ်များကို ဖယ်ပစ်ပြီး ကျန်ဆေးရည်များကို ပျစ်ခဲလာသည်အထိ ကျိုချက်ပါ။ နေ့စဉ် ငှက်ပျောသီးမှည့်နှင့် ဆေးနှစ်ကို တို့၍ စားပေးပါ။

ထိုသို့စားပေးပါက ဒူလာညောင်းညာကိုက်ခဲခြင်းအပြင် ဒူလာပါဒရက် ထုံကျဉ်မှုများပင် တဖြည်းဖြည်း သက်သာ ပျောက်ကင်းသွားစေပါသည်။

အထက်ပါ ဆေးနည်းများသည် ရှေးဘိုးဘွားမိဘ ဆရာစဉ်သမားစဉ် လက်တွေ့ အသုံးပြုခဲ့သော မြန်မာ့ရိုးရာ ဆေးနည်းစစ်များဖြစ်ပြီး မည်သည့်ဘေးထွက်ဆိုးကျိုးမျှမရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

ကျော်ဟိန်းသက်(ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနှင့်တစ်ဦးယှဉ်ပြိုင်ထိုးသတ်သည့် လက်ဝှေ့ပွဲများကိုလည်း ကြည့်ဖူးပါသည်။ လက်နက်ကိုယ်စီနှင့် အပြန်အလှန် သူသေကိုယ်သေပစ်ခတ်သည့် တိုက်ပွဲများကိုလည်း ရုပ်ရှင်များတွင် မြင်တွေ့ဖူးပါသည်။ အပြန်အလှန်တိုက်ခိုက်မှုကြောင့် ရင်သပ်ရှုမောဖြစ်ရပါသည်။

# ကောင်းသော်

ကျေးငှုး



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ယခုကိုယ်တိုင်တွေ့မြင်ရသော တိုက်ပွဲမှာ ပိုမို၍ရင်ခုန်စိတ်လှုပ်ရှားဖွယ် ကောင်းနေပါသည်။ ရိုးမတောနက်ကြီး တစ်နေရာတွင် မမျှော်လင့်ဘဲ တွေ့မြင်ရသောတိုက်ပွဲ ဖြစ်သည်။ တိုက်ပွဲမှာ တစ်ဦးချင်း သူသေကိုယ်သေအသက်လုနေကြသောတိုက်ပွဲ ဖြစ်သည်။ အလွန်ထူးခြားသည်မှာ လူအချင်းချင်းတိုက်ရသောတိုက်ပွဲမျိုးမဟုတ်ဘဲ တိရစ္ဆာန်နှင့် လူသားတို့တိုက်ပွဲ ဖြစ်သည်။ တိတိကျကျဆိုရပါက မုဆိုးနှင့် တောဝက်တစ်ကောင် တောနက်ထဲတွင် တိုက်ခိုက်နေသော တိုက်ပွဲတစ်ပွဲ ဖြစ်ပါသည်။ မုဆိုးက လုံရှည်တစ်ချောင်းနှင့် တောဝက်ကို အပြတ်ရှင်းရန် ကြိုးစားနေသလို တောဝက်ကလည်း မုဆိုးကို ဇီဝိန်ဖြုတ်ရန် အကွက်ကောင်းကို ချောင်းလျက်ရှိသည်။

အောင်မောင်းနှင့်ထူးကြီးတို့သည် ရိုးမတောထဲတွင် လှည့်လည်နေသူများဖြစ်ပြီး ရွာသို့ ခဏပြန်လာစဉ် မမျှော်လင့်ဘဲ ထိုတိုက်ပွဲကိုတွေ့လိုက်ရခြင်း ဖြစ်သည်။ တောထဲ၌ လှည့်လည်အဖွဲ့ရှိရာ ရွာသို့တစ်ပတ်တစ်ခါ အလှည့်ကျပြန်ခွင့်ရသဖြင့် လှေစခန်းမှပြန်လာစဉ် မျောက်ချောပင်များရှိသည့် တောင်ကုန်းသို့အတက် အောက်ဘက်ချိုင့်ဝှမ်းထဲတွင် မုဆိုးနှင့် တောဝက်တိုက်ပွဲကျင်းပနေသည်ကိုတွေ့လိုက်ရခြင်း ဖြစ်သည်။ အောင်မောင်းနှင့် ထူးကြီးတို့က ကမူပေါ်မှာဖြစ်၍ တိုက်ပွဲဝင်သူများက သူတို့ကိုမြင်ပုံမရပါ။ အောင်မောင်းတို့ ရပ်ကြည့်သည့်နေရာမှ ကိုက်နှစ်ဆယ်ခန့်သာ ကွာဝေးနိုင်ပါသည်။ မုဆိုးမှာ ချိုင့်ဝှမ်းထဲ ရောက်နေသဖြင့် ပြေးပေါက်မရှိဘဲ လုံရှည်ကို အားကိုးပြီး တောဝက်ကို ရင်ဆိုင်နေရခြင်းဖြစ်သည်။ တောဝက်ကလည်း ရင်ဆိုင်တွေ့ရသည့် မုဆိုးကို အလွတ်ပေးမည့်ပုံမရှိ။ ရန်သူကို အနိုင်ယူမည့်ဟန်အနေအထားရှိသည်။ အောင်မောင်းတို့ ကြည့်နေစဉ် တောဝက်သည် နောက်သို့ အနည်းငယ်ဆုတ်ကာ အရှိန်ယူပြီး မုဆိုးကို အစွယ်ဖြင့် ပြေး၍ပက်လိုက်သည်။ အောင်မောင်းနှင့် ထူးကြီးမှာ အသက်ပင်မရှူရဲဘဲ နှုတ်မှ 'ဟိုက်'ဟု အော်လိုက်မိသည်။ မုဆိုးကလည်းကျွမ်းကျင်သူဖြစ်၍ ရှောင်မပြေးဘဲနေရာတွင် မုဆိုးဒူးထောက်ထိုင်လိုက်ပြီး အရှိန်နှင့်ပြေး၍ဝင်လာသော တောဝက်၏ လည်မျိုကို လုံရှည်နှင့် ချိန်ရွယ်လိုက်သည်။ အရှိန်နှင့်ပြေးဝင်လာသော တောဝက်သည် အနီးရောက်မှ မုဆိုး၏ လုံရှည်ကိုမြင်၍ အနည်းငယ်တိမ်းရှောင်လိုက်သော်လည်း တောဝက်၏ ညာဘက်နားအုံကို လုံသွား ဖောက်ထွက်၍ သွေးများ စီးကျလာသည်။ မုဆိုးသည် လုံကို မြဲမြံစွာ ကိုင်လျက် တောဝက်ရှိရာသို့ လှည့်၍ချိန်လိုက်ရပြန်သည်။ ဒဏ်ရာကြောင့် အထိနာနေသော တောဝက်မှာ ပိုမိုဒေါသကြီးကာ မုဆိုးရှိရာသို့ လှည့်၍ပက်လိုက်ပြန်သည်။ မုဆိုးမှာ အသင့်မဖြစ်မီ တောဝက်က ပက်လိုက်သဖြင့် ရုတ်တရက် ရင်ဝသို့ ထိခိုက်သွားပါသည်။ တောဝက်ပက်လိုက်ပုံမှာ မြန်ဆန်လွန်းသောကြောင့် အောင်မောင်းနှင့် ထူးကြီးတို့ပင် သဲသဲကွဲကွဲ မမြင်လိုက်ရပါ။ မုဆိုးမှာ လုံကို လွှတ်ချလိုက်ပြီး လက်နှစ်ဖက်က ဝမ်းဗိုက်ကိုပိတ်၍ လဲကျသွားသည်။ တောဝက်မှာ မောဟိုက်၍ ခေတ္တအနားယူပြီး မုဆိုးကို အသေသတ်ရန် ပြန်ထလာပါသည်။ အောင်မောင်းနှင့် ထူးကြီးတို့မှာ မျက်စိရှေ့တွင် လူသားတစ်ဦးကို သတ္တဝါတစ်ကောင်က အနိုင်ယူပုံကို မကြည့်ရက်သဖြင့် မုဆိုးကိုကူညီရန် သတိဝင်လာပါသည်။ နီးရာသစ်ကိုင်းများကို ဆွဲ၍ သူတို့ရှိရာသို့ နှုတ်ကအော်ရင်း ပြေးသွားမိပါသည်။

"ဟေး. . . ဟေး. . . ဟေး"

နှစ်ယောက်သား အသားကုန် အော်ရင်း တုတ်များကိုင်ကာ ပြေးလာ





www.burmeseclassic.com

www.burmeseclassic.com

သဖြင့် မုဆိုးကို အပြတ်ရှင်းရန်လာနေသော တောဝက်မှာ နေရာတွင်ရပ်သွားပါသည်။ အောင်မောင်းနှင့် ထူးကြီးတို့၏ အသံကျယ်လောင်မှုကို ကြား၍လန့်နေစဉ် လက်ထဲတွင် တုတ်များကိုဆွဲ၍ ပြေးလာသော လူနှစ်ဦးကို မြင်တွေ့လိုက်ရသဖြင့် မုဆိုးကို အာရုံမထားတော့ဘဲ သူ့အသက်ဘေးလွတ်ရာသို့ ပြေးတော့သည်။ အောင်မောင်းနှင့် ထူးကြီးတို့သည် တောဝက် အဝေးသို့ရောက်သွားအောင် ခဲများဖြင့် ပစ်ခတ်ခြောက်လှန့်လိုက်သည်။ တောဝက်အဝေးသို့ရောက်မှ လဲကျနေသော မုဆိုးရှိရာသို့လာခဲ့ကြသည်။ မုဆိုးမှာ ဗိုက်ပွင့်လျက် နေရာတွင် လဲနေပါသည်။ အကယ်၍ တောဝက်သာ နောက်တစ်ကြိမ် ရန်မူမည်ဆိုပါက ကာကွယ်နိုင်စွမ်းရှိပုံမရတော့ပါ။

ထူးကြီးသည် သူ၏ လွယ်အိတ်ထဲက စောင်တစ်ထည်ကို ထုတ်လိုက်ပြီး မုဆိုးကို ထမ်းခေါ်ရန် ပုခက်ပြင်ဆင်လိုက်သည်။ ဗိုက်ပွင့်၍အူများထွက်နေသော မုဆိုး၏ဝမ်းဗိုက်ကို အောင်မောင်းက လုံချည်ဟောင်းတစ်ထည်နှင့်ပတ်၍ စည်းလိုက်သည်။ မုဆိုးမှာ ရုတ်တရက် စကားမပြောနိုင်သေးဘဲ ငြိမ်နေပြီးမှ စကားစပြောပါသည်။

"ကျေးဇူးတင်လိုက်တာဗျာ။ မိတ်ဆွေတို့သာ အချိန်မီရောက်မလာရင် ကျုပ်ဘဝမတွေးဝံ့စရာဘဲ။ ကူညီလက်စနဲ့ ကျုပ်ကို ဘရသေ့ဆီ အရောက်ပို့ပေးပါဗျာ။ ခင်ဗျားတို့ကျေးဇူးကို ကျုပ်တစ်သက်မမေ့ပါဘူး။ ပြန်ဆပ်ပါ့မယ်"

"ဘရသေ့ကဘယ်မှာနေတာလဲ"

"ဒီကနေ တောင်နှစ်လုံးတော့ ကျော်ရမယ်။ ကျုပ်လမ်းပြပါမယ်"

အောင်မောင်းနှင့်ထူးကြီးတို့သည် စောင်ပုခက်လုပ်ပြီး မုဆိုးကိုထမ်းခဲ့ကြသည်။ မုဆိုးလမ်းညွှန်သည့်အတိုင်း ထမ်းခဲ့ကြသည်။ တောင်တက်ခရီးတွင် ပင်ပန်းလွန်းသောကြောင့် မကြာခဏ ရပ်နားခဲ့ကြသည်။ တောင်အဆင်းလမ်းတွင်လည်း ခဲရာခဲဆစ်ထိန်း၍ဆင်းခဲ့ကြသည်။ မုဆိုးမှာ သတိကောင်းသဖြင့် လုံးဝသတိမလစ်ဘဲ လမ်းကြောင်းကို ပြသနိုင်ပါသည်။ ဝမ်းဗိုက်မှထွက်ကျနေသောအူများကို လက်နှင့်ပိတ်ပြီး လိုက်ခဲ့ပါသည်။

နေဝင်စတွင် ဝါးကျောင်းကလေးတစ်ခုသို့ ရောက်ပါသည်။ ကျောင်းဝင်းအတွင်းမှာ စိမ်းစိုနေသော သစ်ပင်များနှင့် ရောင်စုံပွင့်နေသောပန်းများကြောင့် အမောကိုပြေစေပါသည်။ အသက် ခုနစ်ဆယ်ကျော်အရွယ် ရသေ့ကြီးတစ်ပါးက ဝါးကျောင်းမှ ထွက်လာပြီး စောင်ပုခက်ပေါ်မှလူကို သေချာကြည့်သည်။

"ဟော့တောကျော်၊ နင်ဒုက္ခရောက်လာပြီမဟုတ်လား။ ငါ့စကားကို နားမထောင်ဘဲ မုဆိုးအလုပ်ဆက်လုပ်နေရင် နင်အသက်ရှည်ဖို့မလွယ်ဘူး"

"ဒီတစ်ခါတော့ ခွင့်လွှတ်ပေးပါ ဘရသေ့ရယ်။ ဒီကမိတ်ဆွေတွေကူညီလို့ အသက်မသေတာပါ။ အဘဆီရောက်ပြီဆိုတော့ ကျွန်တော် မသေနိုင်တော့ဘူးလို့ ထင်ပါတယ်။ ကျွန်တာတော့ အဘက ဆက်ကူညီပေးဖို့တောင်းပန်ပါတယ်"

အောင်မောင်းနှင့် ထူးကြီးတို့သည် ဘရသေ့ညွှန်ပြသည့်အတိုင်း မုဆိုးတောကျော်ကို ဝါးကျောင်းပေါ်ရောက်သည်အထိ တင်ပေးရသည်။ ဘရသေ့သည် တောကျော်၏ ဒဏ်ရာကို သေချာစွာကြည့်လိုက်ပြီး ကပ္ပိယကိုခေါ်၍ လိုအပ်မည့်ဆေးများယူရန် မှာကြားလိုက်သည်။ တောကျော်၏ ဗိုက်ထဲမှ အူများကို စနစ်တကျ ပြန်ထည့်ပြီး ကပ္ပိယကြီးရှာလာသည့် တောင်ဆိတ်ဆီနှင့် လိုအပ်မည့်ဆေးများလိမ်းကျံပြီး အဝတ်ဟောင်းနှင့် ဝမ်းဗိုက်ကို စည်းနှောင်ထားလိုက်သည်။ဆေးကုသမှုများ အားလုံးပြီးသောအခါ နေဝင်စပြုနေပြီဖြစ်၍ မီးခွက်များ ထွန်းလိုက်သည်။

ဘရသေ့က ဧည့်သည်နှစ်ဦးအား-

"မောင်ရင်တို့ ကူညီလို့ အဘဆီ အချိန်မီရောက်လာတာ တောကျော် ကံကောင်းတယ်။ နောက်နှစ်ရက်၊သုံးရက်ဆိုရင် သက်သာသွားမှာပါ။ မောင်ရင်တို့နှစ်ယောက်လည်း ဒီအချိန်မှတော့ မပြန်ကြပါနဲ့။ မနက်စောစောမှ ပြန်ကြတော့။ ညစာစားဖို့နဲ့ အိပ်ဖို့အတွက် ကပ္ပိယကြီး စီစဉ်ပေးလိမ့်မယ်။ ကဲ - ကျုပ်လည်း ဘုရားခန်းဝင်တော့မယ်"

ဘရသေ့သည် အောင်မောင်းတို့ကို ပြောပြီး ဘုရားခန်းသို့ ဝင်သွားပါတော့သည်။

ထိုညတွင် ကပ္ပိယကြီး စီစဉ်ပေးသည့် သစ်သီးများကိုစားကာ နှစ်ခြိုက်စွာ အိပ်လိုက်ကြသည်။ နံနက်လင်း၍ ကပ္ပိယကြီး ရေနွေးကျိုမှ အိပ်ရာက နိုးကြသည်။ မုဆိုးတောကျော်မှာ နှစ်ခြိုက်စွာ အိပ်မောကျနေသဖြင့် နှုတ်မဆက်တော့ဘဲ ကပ္ပိယကြီးကို နှုတ်ဆက်ပြီး ပြန်ရန်ပြင်ဆင်ရသည်။ ကပ္ပိယကြီးက ငှက်ပျောသီးများချကျွေးပါသည်။

"မိတ်ဆွေတို့ရဲ့ကူညီမှုနဲ့ ဘ[illegible] ရဲ့ ဆေးစွမ်းကြောင့် တောကျော် [illegible] နိုင်တော့ပါဘူး"

ကပ္ပိယကြီးကို နှုတ်ဆက်၍[illegible] ပြင်နေစဉ် မုဆိုး တောကျော် [illegible] သဖြင့် မုဆိုးတောကျော်ကို နှုတ်[illegible] ခွင့်ရပါသည်။ မုဆိုးတောကျော်က[illegible] ရွှင်လန်းစွာ နှုတ်ဆက်ပါသည်။

"မိတ်ဆွေတို့ရဲ့ ကျေးဇူးကို [illegible] သက်မမေ့ပါဘူးဗျာ။ ကျုပ်ကူညီနိုင်[illegible] ကိစ္စဆိုရင် အသက်ပေးပြီးကူညီပါ့မယ်[illegible] ဘရသေ့ဆီ အချိန်မီရောက်အောင် မိတ်[illegible] ဆွေတို့ ကူညီလို့ ကျုပ်အသက်ရှင်ခွင့်[illegible] တာပါ၊ မိတ်ဆွေတို့ကို မှာလိုက်ချင်[illegible] တယ်။ ကုသလို့မရနိုင်တဲ့ရောဂါ၊ ဆေး[illegible] လက်လျှော့တဲ့ လူနာများရှိခဲ့ရင် ဒီကို ရောက်အောင်သာခေါ်ခဲ့ပါ။ ဘရသေ့[illegible] မှာဆေးစွမ်းကောင်းတွေရှိတယ်၊ [illegible] ရိုင်းတိရစ္ဆာန်တွေကရထားတဲ့ အဆိပ်[illegible] သဘာဝအတိုင်းရှာဖွေရရှိထားတဲ့ သ[illegible] သစ်ဖုတွေ ဘရသေ့ဆီ မှာ အစုံရှိတယ်[illegible] အကယ်၍ ဝေဒနာရှင်ကိုယ်တိုင် [illegible] နိုင်ရင် ဝေဒနာကို တိတိကျကျပြော[illegible] တဲ့သူလာရင်လည်း ဘရသေ့က ဆေး[illegible] ပေးပါတယ်"

"ဟုတ်ကဲ့ပါ ကိုတောကျော်၊ [illegible] ကျုပ်တို့ကိုခွင့်ပြုပါ"

မုဆိုးတောကျော်ကို နှုတ်ဆက်[illegible] ကျောင်းပေါ်ကအဆင်းတွင် ကပ္ပိယကြီး[illegible] က ရွာပြန်ရန်ဖြတ်လမ်းကို တိကျစွာ[illegible] ပေးလိုက်ပါသည်။ ကပ္ပိယကြီး ညွှန်[illegible] လိုက်သည့်လမ်းအတိုင်း တောင်ပေါ်[illegible] ဆင်းခဲ့ကြသည်။ ဖြတ်လမ်းဆိုသော်[illegible] လည်းပြေပြစ်ချောမောပါသည်။ တောင်[illegible] အဆင်းလမ်းဖြစ်၍ ဂရုစိုက်၍ ဆင်းခဲ့[illegible] သည်။ နေမွန်းမတည့်မီ အဝေးပြေး[illegible] လမ်းမပေါ်သို့ ရောက်ပါသည်။ [illegible] လမ်းမအတိုင်းလျှောက်ပါက အန္တရာယ်[illegible] တစ်စုံတစ်ရာမရှိနိုင်သည့်အပြင် လ[illegible] မှားနိုင်စရာမရှိတော့ပါ။ စိတ်ချလက်[illegible] လျှောက်လှမ်းခဲ့ရာ ညနေပိုင်းတွင် ရွာ[illegible] ချောမောစွာ ပြန်လည်ရောက်ရှိခဲ့ကြ[illegible] သည်။

အောင်မောင်းနှင့်ထူးကြီးတို့သည်[illegible] အခြားလုပ်ငန်းမလုပ်တတ်သူများဖြစ်[illegible] ငယ်စဉ်ကပင် လွှဆွဲသည့်အလုပ်ကို[illegible] အစဉ်တစိုက်လုပ်ကိုင်ခဲ့ကြသည်။ လွှ[illegible] သည့်လုပ်ငန်းမှာလည်း နွေရာသီ[illegible] ဆောင်းရာသီသာလုပ်ကိုင်၍ အဆင်[illegible] သော်လည်း မိုးရာသီတွင် ရာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဒီးပါ၍ လုပ်ငန်းကိုရပ်နားထားရသည်။ နွေဦးကာလတွင် လယ်ယာများ၌ ဝင်ရောက် လုပ်ကိုင်လေ့ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများပြီးစ လုပ်ငန်းပါးချိန် အောင်မောင်းထံ ထူးကြီး ရောက်လာသည်။ ထူးကြီးမှာ ကိစ္စအရေးကြီးပုံရ၍ နှာမငြိမ်ဖြစ်နေပါသည်။

"ငါ့အဖေ လေဖြတ်လို့ အိပ်ရာထဲ လဲနေပြီ၊ ဆရာပေါင်းလည်းစုံပါပြီကွာ။ ရှိနိုင်တော့မယ် မထင်ဘူး။ ဒီတော့ နောက်ဆုံး တစ်နည်းပဲရှိတော့တယ် အောင်မောင်း"

"ဘယ်နည်းလဲပြောပါဦး"

"မင်းနဲ့ ငါ တစ်ခါကရောက်ခဲ့တဲ့ ဘရသေ့ဆီသွားရင် ကောင်းမလား။ ငါ စဉ်းစားမိတယ်"

"ဟုတ်သားပဲ။ သွားရင် ကောင်းတာပေါ့"

"သွားတာတော့ ဟုတ်တယ်။ ငါ လမ်းသိပ်မမှတ်မိဘူး။ မင်းပါလိုက်မှဖြစ်မယ် အောင်မောင်း"

"လိုက်ရမှာပေါ့ကွာ၊ ငါလည်း အလုပ်ပါးနေပါပြီ။ ဘယ်နေ့သွားမလဲ"

"အမြန်ဆုံးသွားချင်တယ်။ မနက်ဖြန်ဆိုရင်ဖြစ်မလား"

"ဖြစ်ပါတယ်၊ တို့သွားကြတာပေါ့"

နောက်တစ်နေ့နံနက် စောစောခရီးထွက်ခဲ့ကြသည်။ ကားလမ်းအတိုင်း လျှောက်ခဲ့ကြပြီး ဘရသေ့နေထိုင်သော တောင်ပေါ်တက်သည့်လမ်းမှ တောင်ပေါ်တက်ခဲ့ကြသည်။ မိုးတွင်းကာလဖြစ်၍ စိုက်ပျိုးခင်းများကို ရှောင်ကွင်းသွားရသဖြင့် လမ်းစပျောက်နေသည်။ တောင်တစ်တောင်ပြီးတစ်တောင် ဖြတ်ကျော်ခဲ့သော်လည်း ကပ္ပိယကြီး လမ်းညွှန်လိုက်သည့် အမှတ်အသားများကို မတွေ့ရသဖြင့် တဝဲလည်လည်ဖြစ်နေသည်။ ဘရသေ့၏ ကျောင်းဖြစ်ရမည်ဟု မှန်းဆသွားသော်လည်း အနီးရောက်မှ မဟုတ်မှန်းသိရသည်။ ကျောင်းနေရာ ရှာမတွေ့သဖြင့် မောပန်းစိတ်ပျက်နေချိန် မိုးက သဲသဲမဲမဲရွာလိုက်သဖြင့် အရိပ်ကောင်းသောသစ်ပင်အောက်ကပ်နေရပါသည်။ မိုးကမတိတ်နိုင်ဘဲရွာနေသဖြင့် အချိန်မှာ နေစောင်းခဲ့ပြီ။ နေမဝင်မီ ကျောင်းသို့ရောက်ရန် အရေးကြီးသဖြင့် လမ်းရှာရင်း စိုးရိမ်စိတ်များဝင်လာမိသည်။ အမြင့်ဆုံး တောင်ထိပ်သို့တက်၍ကြည့်ပါက ဘရသေ့၏ ကျောင်းကို မြင်နိုင်မည်ဖြစ်၍ အမြင့်ဆုံးတောင်ထိပ်ပေါ်သို့ ခက်ခက်ခဲခဲ တက်ခဲ့ကြသည်။ ကျောက်တောင်ပေါ်သို့ ခက်ခဲစွာ တက်ခဲ့ရသည်။ တွေ့ကာပတ်ကာတက်ခဲ့ရသဖြင့် အချိန်ကြာခဲ့ပါသည်။ ကျောက်တောင်ပေါ်သို့ရောက်သောအခါ နေဝင်တော့မည် ဖြစ်သည်။ နေလုံးကြီးသည် အနောက်ဘက် တောင်တန်းအောက်သို့ ငုပ်လျှိုးစဖြစ်သည်။ တောင်မြင့်ပေါ်မှ လယ်ကွက်များ၊ ချောင်းများကို ပြတ်သားစွာ မြင်တွေ့ရသည်။

"ဟိုမှာဟိုမှာ ဘရသေ့ရဲ့ကျောင်း"

ထူးကြီးက ဝမ်းသာအားရ အော်၍ ပြောလိုက်သည်။ ထူးကြီးပြသည်မှာ ဘရသေ့ကျောင်းမှန်ပါသည်။ သူတို့ဖြတ်သန်းသွားလာခဲ့သည့် လမ်းအနီးတွင်ရှိနေသည်။ ကျောင်းသို့ မဝေးတော့ပါ။ နေဝင်စမို့ မြူခိုးများဝေဆိုင်းလျက်ရှိပါသည်။ အမှောင်ထု မကျရောက်မီ ဘရသေ့ကျောင်းသို့ရောက်ရန် တောင်အောက်သို့ အပြေးဆင်းခဲ့ကြသည်။ ထူးကြီးမှာ မမှောင်ခင် ကျောင်းသို့ရောက်ရန်အပြေးဆင်းနေသဖြင့် အောင်မောင်းမှာ ထူးကြီးကို အမီလိုက်နေရသည်။

လမ်းကွေ့တစ်ခုသို့အရောက်တွင် ထူးကြီးမှ ရှေ့ဆက်မသွားဘဲ တုန်တုန်ယင်ယင်ရပ်နေသည်ကိုတွေ့ရ၍ အောင်မောင်း အံ့အားသင့်နေပါသည်။ ထူးကြီး အနီးသို့ရောက်မှာ တွေ့လိုက်ရသည် မြင်ကွင်းကြောင့် အောင်မောင်း ရင်ထိတ်သွားပါသည်။

ကျားကြီးနှစ်ကောင်မှာ ချုံထဲမှ ထွက်လာပြီး ထူးကြီးနှင့် အောင်မောင်းတို့ကို စူးစူးစိုက်စိုက်ကြည့်နေခြင်းပင် ဖြစ်သည်။ ထူးကြီးသည် အောင်မောင်း ရောက်လာသဖြင့် အားတက်ပြီး အောင်မောင်းလက်ကို ကိုင်လိုက်သည်။ ရှေ့ကိုလည်းမတိုးသာ၊ နောက်ကိုလည်းမဆုတ်သာဘဲ လှုပ်လိုက်သည်နှင့် ခုန်အုပ်တော့မည်ဟန်နှင့် ကျားနှစ်ကောင်က အသင့်ရှိနေပါသည်။ အောင်မောင်းတို့နှစ်ယောက်မှာ ဘာလက်နက်မှမရှိဘဲ ကျားနှစ်ကောင်ကို ရင်ဆိုင်နေရခြင်း ဖြစ်သည်။ နေဝင်သွားသည်နှင့် ကျားနှစ်ကောင်၏မျက်စိများမှာ ဝင်းဝင်းတောက်နေပါသည်။ ကျား၏ရန်မှ လွတ်လမ်းမရှိသဖြင့် နှစ်ကိုယ်သား ပူးကပ်နေသော်လည်း တုန်လှုပ်လျက်ရှိပါသည်။ နည်းနည်းလှုပ်လိုက်သည်နှင့် ကျားကခုန်အုပ်တော့မည်ဖြစ်၍ အသက်ကိုပင်ပြင်းပြင်းမရှူရဲပါ။ နေဝင်သည်နှင့် အမှောင်ထုကို ပိုင်စိုးသော ကျားများက အခွင့်အရေးသာလျက်ရှိသည်။ မှောင်သည်ထက် မှောင်လေ ကျားများက အခွင့်အရေးကောင်းလေဖြစ်သည်။ အသက်ဘေးမှ လွတ်လမ်းမရှိတော့အောင် အားငယ်နေချိန် မမျှော်လင့်ဘဲ လူသံကြားလိုက်ရသည်။

"ဟာ- ဒီမှာရောင်းရင်းတို့ပါလား"

ရုတ်တရက် လူတစ်ယောက် လှံရှည်ကိုဆွဲလျက်ရောက်လာသည်။ အနီးကပ်ကြည့်မှ မုဆိုးတောကျော် ဖြစ်နေကြောင်း သိလိုက်ရသည်။ မကြာမီ မုဆိုးတောကျော်သည် ကျားနှစ်ကောင်ကို မြင်သွားသည်။ ကျားနှစ်ကောင်ကို လှံရှည်ဖြင့် ရွယ်လိုက်ရာ မယုံကြည်နိုင်လောက်အောင် ကျားနှစ်ကောင်မှာ နောက်ဆုတ်လှည့်ကာ ကြောက်လန့်တကြား တောထဲသို့ ဝင်ပြေးပါတော့သည်။ အောင်မောင်းနှင့် ထူးကြီးတို့မှာ အံ့ဩဝမ်းသာလွန်း၍ ဘာပြောရမှန်းမသိအောင်ရှိနေပါသည်။ နောက်မှ အောင်မောင်းက သတိရ၍ ကျေးဇူးစကားဆိုလိုက်သည်။

"ကျေးဇူးတင်လိုက်တာ ကိုတောကျော်ရာ။ ခင်ဗျားသာ အချိန်မီရောက်မလာခဲ့ရင် ကျုပ်တို့နှစ်ယောက် ကျားဆွဲခံရမှာပဲ။ ခင်ဗျားကို သိပ်ကျေးဇူးတင်တယ်ဗျာ"

"ဒီလိုပေါ့ဗျာ၊ တစ်ခါက ကျုပ်အသက်ကို ခင်ဗျားတို့က ကယ်ခဲ့ဖူးတော့ ကျေးဇူးဆပ်ခွင့်ရတာကိုပဲ ဝမ်းသာမိပါတယ်။ ဘာလဲ၊ ဘရသေ့ကျောင်းကိုသွားမှာလား။ ညာဘက် မြေနီလမ်းအတိုင်း ဆင်းသာသွားကြပါ။ ဘရသေ့လည်း ရှိနေပါတယ်"

စကားဆုံးသည်နှင့် ကိုတောကျော်သည် လှံကိုထမ်းကာ တောင်အောက်သို့ ဆင်းသွားပါတော့သည်။ နောက်ထပ် စကားပြောခွင့်ပင် မရလိုက်တော့ပါ။ ကိုတောကျော် ညွှန်ပြသည့် လမ်းအတိုင်းလာခဲ့ကြရာ မကြာမီ ကျောင်းသို့ရောက်ပါသည်။ ကပ္ပိယကြီးသည် သေသေချာချာကြည့်ပြီး မှတ်မိသွားသည်။

"ဩော် - မောင်ရင်တို့ပါလား မိုးချုပ်လှချေလား"

"ကံကောင်းလို့ ကျောင်းကိုရောက်တာ ကပ္ပိယကြီးရေ။ လမ်းမှာ အန္တရာယ်တွေနဲ့တွေ့ပြီး လမ်းပျောက်နေလို့"

"ဘာအန္တရာယ်လဲတွေ့"

"မိုးရွာတော့ လမ်းတွေကပိတ်ပြီး တောင်ပေါ်အထိ ရောက်သွားခဲ့တာ။ တောင်ပေါ်ကအဆင်း ကျားနှစ်ကောင်နဲ့ ရင်ဆိုင်တွေ့ပြီး ဒုက္ခရောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com

# တင်းတိပ်

အမျိုးသမီးများ ဖြစ်ပေါ်ခံစားရသော ရောဂါဝေဒနာ အများစုသည် မီးယပ်ခမ္မတာသွေးဖောက်ပြန်ပြောင်းလဲမှုကို အခြေခံ၍ ဖြစ်ကြပါသည်။ ထိုကြုံတွေ့ကြရသောပြဿနာများတွင် အမျိုးသမီးများမျက်နှာပြင်၌ တင်းတိပ်ကွက်ထွက်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

မိမိသုံးသည့် မျက်နှာသစ်ဆေး၊ မိတ်ကပ်၊ ပေါင်ဒါများနှင့် မသင့်လျော်မှုမှလည်း တင်းတိပ်ကွက်ထွက်တတ်သလို မျက်နှာအသားအရေ ဖြူလွန်း၊ နုနယ်လွန်းသူများနှင့် မျက်နှာကိုနေရောင်ခြည် ထိုတွေ့ခံရလွန်းပါကလည်း တင်းတိပ်ဖြစ်နိုင်ပါသည်။ ဒါ့ပြင် တင်းတိပ်ဖြစ်နေသည့် အိမ်ထောင်ရှင် အမျိုးသမီးတစ်ယောက်သည် သားဆက်ခြားစေရန်အတွက် တားဆေးများထိုးခြင်း၊ သောက်ခြင်းပြုလုပ်ပါက တင်းတိပ်ကွက်အား နဂိုရှိရင်းစွဲထက် ပို၍မည်းခြင်း၊ အကွက်ကြီးပြန့်ခြင်းများ ဖြစ်လာစေပါသည်။

တင်းတိပ် ပျောက်ရန်အတွက် အနောက်တိုင်းဆေး၊ တိုင်းရင်းဆေးမျိုးစုံ ရှိပါသည်။ သို့သော် လိမ်းဆေးများတွင် အရေပြားကို လောင်စေသော ဓာတုဆေးများ၊ အက်စစ်အပျော့များ ပါဝင်တတ်ပါသည်။ အက်စစ်ပျော့ဟုဆိုသော်လည်း ၎င်းတွင် အက်စစ်သတ္တိရှိနေပြီး အရေပြားကို စားသွားနိုင်ပါသည်။

၎င်းအက်စစ်ပျော့၊ အရေပြားလောင်စေသော ဓာတုဆေးများ ပါဝင်သော လိမ်းဆေးများအား တင်းတိပ်တွင် လူးမိသောအခါ ဆေးသတ္တိကြောင့် တင်းတိပ်အမည်းကွက်နေရာသည် စားလောင်သွားခြင်းခံရသဖြင့် ပထမတော့ ပါးသွားပါလိမ့်မည်။ အမည်းရောင် ပါးသွားခြင်းကြောင့် ပျောက်သွားသည်ဟု ထင်ရသော်လည်း အမှန်မှာ အရေပြားကို စားလောင်သွားခြင်းဖြစ်တာကြောင့် နောက်ဆုံး ထိုနေရာတွင် အမာရွတ်ပါ ထင်ကျန်စေပါသည်။

တင်းတိပ်ဖြစ်နေသူ အမျိုးသမီးများအနေနှင့် ဖြစ်နေသည့် တင်းတိပ်ကို ပို၍မဆိုးလာစေရန် အဓိကရှောင်ရမည့်အရာကတော့ အပူရှိန်ပဲဖြစ်ပါသည်။ အပူရှိန်ဟုဆိုရာတွင် လေပူ၊ မီး ပူ၊ နေပူအားလုံးပါရှိပြီး အထူးမှာ နေအပူရှိန်ပဲဖြစ်ပါသည်။ နေပူထဲထွက်ရလျှင် ထီးဆောင်းခြင်းတို့ပြုလုပ်ပြီး အပူရှိန်ထိတွေ့ခြင်းမခံရစေရန် တင်းတိပ်ကွက်နေရာတွင် အမြဲတမ်း သနပ်ခါးထူထူလိမ်းထားပေးပါ။ သနပ်ခါးတွင်လည်း အသင့်စီမံပြုလုပ်ထားသော သနပ်ခါးဘူးများ၊ သနပ်ခါးရည်များ၊ လက်သွေး၊ စက်သွေးသနပ်ခါးခဲများကို မလိမ်းပါနှင့်။ သဘာဝသနပ်ခါးတုံးစစ်စစ်ကိုသာသွေး၍ လိမ်းပေးပါ။ တင်းတိပ်ပျောက်စေရန်အတွက် အထောက်အကူဖြစ်စေပါသည်။

ဒါ့ပြင် တင်းတိပ်ပေါက်နေသူသည် အပူအစပ်များကိုရှောင်ပြီး လက်ဆက်သော သဘာဝဟင်းသီးဟင်းရွက်ကိုသာ များများစားပေးပါ။ ဝမ်းမချုပ်အောင်လည်း ဂရုစိုက်ပါ။

တင်းတိပ်ပျောက်ဆေးများတွင် မည်မျှပင်ကောင်းသည်ဟု ညွှန်းဆိုထား[...] ပါစေ သဘာဝထက်တော့ မပိုနိုင်ပါ[...] ဒါကြောင့် တင်းတိပ်ပေါက်နေသူ အမျိုး[...] သမီးများအနေဖြင့် မိမိမျက်နှာတင်းတိ[...] ကွက်ထွက်ရခြင်းသည် ဘာကြောင့်[...] ဆိုတာကို ဆန်းစစ်ကြည့်ပါ။ ဖော်ပြ[...] သလို ခမ္မတာကြောင့်လား၊ မိတ်ကပ်[...] ကြောင့်လား၊ နေအပူရှိန်ကြောင့်လား[...] တားဆေးများကြောင့်လားဟု ဆန်းစ[...] ပြီး ဒီအခြေခံအကြောင်းရင်းများ[...] အဆင်ပြေ မှန်ကန်အောင် ပြုပြင်[...] ခြင်းသည်လည်း တင်းတိပ်ပျောက်ဖို့[...] တွက် အထောက်ကူဖြစ်စေပါသည်။

တင်းတိပ်ပျောက်စေရန်အတွ[...] ရှာဖွေရလည်းလွယ်ကူ၊ သဘာဝအ[...] လည်း ဒေသမရွေးရနိုင်တဲ့ ဆေး[...] ပစ္စည်းကတော့ ဝါးပင်ပဲ ဖြစ်ပါသည်။ ဝါးပင်သည် မြန်မာနိုင်ငံ၏ ဒေသ[...] အများစုတွင် တွေ့ရတဲ့အပင်ပဲ ဖြစ်[...] သည်။

ထိုဝါးလက်သုံးလုံးခန့်အား ([...] အရင့်ဖြစ်ပါစေ) နေရိပ်တွင် ခြေ[...] သွေ့ပြီး ညအိပ်ရာဝင်သည့်အခါ[...] ရေအေးအေးနှင့်သွေး၍ လိမ်းပေး[...]

တစ်ခုပြောလိုသည်မှာ တစ်[...] နှစ်ရက် စမ်းလိမ်းရုံနှင့်တော့ [...] ညချင်း ထူးခြားပြီး ပျောက်မည်မ[...] ပါ။ စိတ်ရှည်၍ စွဲမြဲစွာ လိမ်းပေးပါ[...] ၏ တင်းတိပ်ပေါက်နေသည့်သက်[...] ကြာလျှင်ကြာသလောက် ဆေးကို[...] လိမ်းရမည် ဖြစ်ပါသည်။

သန္ဒါ (ဥ[...]

---

ကိုတောကျော် အချိန်မီရောက်လာလို့ ကံကောင်းသွားတာ။ ကိုတောကျော်ကိုလည်းမြင်ရော ကျားနှစ်ကောင်ပြေးပါလေရော"

"ဘယ်လိုကွယ့်၊ တောကျော်နဲ့ တွေ့တယ်လို့ ပြောလိုက်သလား"

"ဟုတ်တယ်၊ ကိုတောကျော်ကယ်လို့ အသက်ရှင်ခွင့်ရတာ။ ကိုတောကျော်ကတော့ လုံတစ်ချောင်းထမ်းလို့၊ အရင်ပုံစံအတိုင်းပဲ"

ကပ္ပိယကြီးသည် စကားမပြောတော့ဘဲ ငေးငိုင်လျက်ရှိနေပါသည်။ ညဘက်ရောက်သောအခါမှ ထူးကြီးကဘရသ့နှင့်တွေ့ပြီး သူဖခင်လေဖြတ်ခံရပုံကို ပြောပြပါသည်။ လေဖြတ်ခံရသူ၏အကြောင်းကို ပြည့်ပြည့်စုံစုံ မေးမြန်းပြီး လိုအပ်မည့်ဆေးများ ထုတ်ပေးပါသည်။ လူနာအတွက် မှာကြားရန်ကိစ္စရပ်များ အပြည့်အစုံဆွေးနွေးပြီး ကပ္ပိယကြီးနှင့်အတူ အိပ်ရာဝင်ကြရသည်။

နံနက်လင်းမှ ကပ္ပိယကြီးကန္နီးပြီး သစ်သီးများကျွေးတာ ပြန်ရမည့်လမ်းကို အသေးစိတ်ညွှန်ပြပါသည်။ တောင်ပေါ်အဆင်း လမ်းဆုံအထိ ကပ္ပိယကြီးကလိုက်ပါပို့ပါသည်။ လမ်းခွဲခါနီး ကပ္ပိယကြီးကမေးလိုက်သည်။

"မောင်ရင်တို့ တောကျော်နဲ့ တွေ့တာ ဒီနေရာလား"

"ဟုတ်ပါတယ်၊ ဒီနေရာပါပဲ"

"တောကျော်ဆုံးတာ ဒီနေရာပဲ၊ ကျားကိုက်ပြီး ဆုံးတာ။ တောကျော်[...] ကျားတွေကို မကျေဘူး။ ဖြစ်[...] ဘဝမှာ ကျားတွေကိုလိုက်ပြီးဒုက္ခ[...] ကျားတွေ ဟိုပြေးဒီပြေးနဲ့ ဒုက္ခ[...] နေရရှာတယ်"

အောင်မောင်းနှင့် ထူးကြီး[...] ကြားရသည်ကို အံ့ဩလွန်း၍ ဘာ[...] ပြောရမည်ကိုပင် မတွေးတတ်အော[...] နေပါသည်။ ကျားကိုက်၍ သေဆုံး[...] သော မုဆိုးတောကျော် ရောက်ရှ[...] လက်စားချေနေခြင်းအကြောင်းကိ[...] ကြည်နိုင်လောက်အောင် ကြား[...] တော့သည်။

ကောင်[...]



www.burmeseclassic.com

www.burmeseclassic.com

# ကျောလုံးပုပ်တဲ့ အနာပဆုပ်ကြောက်ဖို့မလို

အနာပဆုပ်ပေါက်ခြင်းအကြောင်းမှာ အပူစာ၊ အပုပ်စာများစားလွန်းခြင်း၊ ငံပ်စာ၊ ချဉ်စာစားလွန်းခြင်း၊ အညောင်းခံလွန်းခြင်း အကြောင်းရင်းတို့ကြောင့် အကျဉ်းကျခိုအောင်းနေသော အပူနှင့်လေတို့သည် ခန္ဓာကိုယ်အရေပြားကို ထိုးဖောက်သွားသဖြင့် အနာဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

အနာပဆုပ်ပေါက်ပုံမှာ ကျော၌ အနာတစ်လုံး စတင်ထွက်လာပြီး အနာအမြစ်ဝတ်ဆံမထွက်ဘူးဆိုလျှင် နောက်တစ်နေရာမှာ နောက်တစ်လုံးထပ်ပေါက်လာသည်။ ကျောမှနေပြီး မြီးညောင်းရိုးအထိ တစ်လုံးပြီးတစ်လုံး ဆက်ပေါက်လာသည်။

အနာပဆုပ်လက္ခဏာမှာ အနာများမှာ သွေးရောင်နီမြန်းခြင်း၊ ရောင်ရမ်းစူမိုခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ မူးလောင်ခြင်းတို့ တစ်ပြိုင်တည်း ဖြစ်ပေါ်သည်။

ဤသို့ဖြစ်လျှင် စနစ်တကျနှင့် အမြန်ဆုံး ကုသပစ်ရမည်။ ဤသို့မဟုတ်လျှင် အတွင်း၌ လိုက်စားပြီး အန္တရာယ်ကြီးလာတတ်သည်။

**အနာပဆုပ်ကုသရန်ဆေးနည်း**

ကြက်ဥတစ်လုံး၏ အနှစ်သက်သက်ကိုယူ၊
ငရုတ်နှင့်အတူ ဂျုံမှုန့်ယူ၊
ပျားရည်ဇွန်းကြီးတစ်ဇွန်းနှင့်
ဆား၊မန်ကျည်းစေ့တစ်ဝက်ခန့်၊

ငင်းလေးမျိုးကို ပန်းကန်တစ်လုံးမှာထည့်ပြီးမွှေရသည်။ ပြီးလျှင် ပိတ်စဖြူဖြူသန့်သန့်ပေါ်တွင် ဖြန့်သုတ်ပါ။ ဖယောင်းချက်ပုံစံအတိုင်း ပိတ်စအပေါ်မှ ပြန်၍ ခေါက်ချိုးချိုးပါ။

(သတိပြုရမည်မှာ အနာပေါက်ကို ဆေးမှုန့်များနှင့် တိုက်ရိုက်မထိစေရဘဲ ဆေးသုတ်ထားသောအဝတ်နှင့်သာ ထိရခြင်း ဖြစ်ပါသည်။)

ငင်းဆေးထုပ်ကို အနာပေါ်မှာ ကပ်ထားပါ။ ဆေးထုပ်မြဲအောင် ပလတ်စတာ သို့မဟုတ် ပတ်တီးအဝတ်ဖြင့် စည်းထားပါ။

ငင်းဆေးသည် ပြည်ပုပ်၊ သွေးပုပ်များကို ကျလာစေပြီး အနာ၏ အမြစ်ဝတ်ဆံကိုပါ ဆွဲထုတ်ထွက်ကျစေပါသည်။

လိုအပ်လျှင် အနာကို ဖန်ရည်ဆေးခြင်း၊ တစ်နေ့လျှင် နှစ်ကြိမ် ဆေးကိုတင်ခြင်း ပြုလုပ်ပေးရမည်။ ပြည်ပုပ်၊ သွေးပုပ်နှင့်တကွ အနာ၏အမြစ်ထွက်သွားပြီးနောက် အသားနုတက်လာသည်အထိ ဆေးထုပ်တင်ခြင်းကို ဆက်၍ သုံးရပါသည်။

အနာပဆုပ်ကုသနည်းဆေးနည်းတစ်နည်းမှာ -

တောဝက်အရိုးကို မီးဖုတ်၊ ညက်အောင်ထောင်း၍ အမှုန့်ပြု၊ အုန်းဆီနှင့်ဖျော်ပြီး အနာကိုလိမ်းရသည်။



အနာမှ ပြည်ပုပ်၊ သွေးပုပ်၊ ပြည်ဆွေးနှင့်အမြစ်တို့ကို ဘေးက စားပြီး အသားနုတက်လွယ် အပျောက်မြန်သည်ဟု လက်တွေ့ကုသနေသောဆရာတို့မှ မိန့်ဆိုပါသည်။

အနာပဆုပ်ပေါက်သူများရှောင်ရန် အစားအစာများမှာ -

ငှက်ပျောသီး၊ ပြောင်းဖူး၊ ဝက်သား၊ ငါးအစို၊ ပင်လယ်ငါး၊ ငါးခြောက်၊ စိမ်းစားငါးပိ၊ ငါးပိရည်ကျို၊ မြေအောင်းသား စသောသတ္တဝါတို့၏အသားများ၊ အညှော်၊ အပုပ်နံ့များကို ရှောင်ရန်လိုအပ်ပါသည်။

(အနာပေါက်စဉ် သက်သတ်လွတ်စားစေပြီး ကုသခဲ့ရာ ပို၍ပျောက်ကင်းလွယ်ကြောင်း တွေ့ရပါသည်။)

စားသောက်ရန် အစားအစာများမှာ-

ငန်းမန်းကို နိုင်စေသည့် ကန်စွန်းရွက်၊ ကင်းပုံရွက်၊ ဟင်းနုနယ်ရွက်၊ မန်ကျည်းရွက်၊ ကင်ပွန်းရွက်၊ ရှောက်ရွက်၊ သံပရာရွက်၊ ကြောင်ပန်းရွက်၊ ခွေးတောက်ရွက်၊ ရဲယိုရွက် စသည်တို့အား သင့်လျော်သလို ကြော်ချက်စားပါ။

ကင်ဆာခေါ် မြစ်ပွားနာကဲ့သို့ အလွန်ကြောက်စရာကောင်းသောအနာတစ်မျိုးမှာ အနာပဆုပ်ပင် ဖြစ်ပါသည်။ ကုသမှုမကျွမ်းကျင်တာ၊ မသန့်ရှင်းတာ၊ ပေါ့လျော့တာတွေကြောင့် 'အနာပဆုပ်ကျောလုံးပုပ်' ဆိုပြီး အသက်ပါ ဆုံးရှုံးတတ်တာကို တွေ့ရှိရပါသည်။

အနာပဆုပ်ဖန်ရည်ဆေးရန် -

မာလကာရွက် သုံးကျပ်သား၊ ဆီးခေါက် သုံးကျပ်သား၊ ရှားစေး ရှစ်ပဲသား၊ ကျောက်ချဉ် ရှစ်ပဲ၊ ဆီးဖြူသီးမှုန့် ရှစ်ပဲ၊ ရေလေးဆယ်ကျပ်သားခန့် သုံးပုံတစ်ပုံဘင်အောင်ကျိုပါ။ ပြီးလျှင် စစ်ယူထားပြီး ဖန်ရေဆေးလိုလျှင် ရေနွေးနှင့် စပ်ပြီး ဖန်ရည်ဆေးနိုင်ပါသည်။

ကျောလုံးပုပ်စေသည့်အနာပဆုပ်အား ကုသရန် ဆေးနည်းအား သုရဿမဂ္ဂဇင်းမှ ရေးသားအပ်ပါသည်။

*ဤစာစုဖြင့် ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်သော ဦးပေါ်ရှင်း (လယ်-စိုက်-ရှင်း)၊ ဒေါ်ခင်မာကြူတို့အား ဦးခိုက်ကန်တော့အပ်ပါသည်။*

**ချစ်မှုန်ခင်**

**(ကြို့ပင်ကောက်-ထယ်ဆီ)**



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြခင် တရားကျောင်းမှ အိမ်သို့ပြန်လာခဲ့သည်။ တရားပြဆရာတော်၏ သည်ကနေ့ ဟောကြားသော 'ဝဋ်ရွှံ့သုံးပါးစက်လည်ပုံ' တရားသဘောကို ခြေလှမ်းရင်း ပြန်တွေးဆင်ခြင်ကာ အိမ်တံခါးခေါက်လိုက်သည်။

ကျွီခနဲ ပွင့်လာသော တံခါးချပ်ကို ဖွင့်ပေးသူမှာ မြေးငယ်လေး ရွှေလျှံ ဖြစ်သည်။

ဒေါ်မြခင်ကို မြင်တာနှင့် ခရီးရောက်မဆိုက်ပင် ရွှေလျှံလေးက ပြောတော့သည်။

"မေကြီးရေ၊ ဒီနေ့တော့ ကိုကိုကြောင့် သားတို့မေမေ မျက်ရည်ကျရတယ်သိလား"

ဒေါ်မြခင်အား အဘွားဟု မခေါ်ဘဲ၊ 'မေကြီး' ဟု နာမ်စားသုံးစွဲကြပါသည်။

"ကိုကိုရယ်လေ၊ မေမေက စာကျက်ခိုင်းတာကို စာလုံးဝမကျက်ဘူး။ မေမေ့ပြောစကားဆို နားမထောင်ဘူး၊ သူလုပ်ချင်ရာလုပ်နေတယ်"

သားငယ် ရွှေလျှံကတော့ သူ့အမေ မျက်ရည်ကျသည့်အပေါ် စိတ်မကောင်းသဖြင့် ပြောပြနေခြင်း ဖြစ်သည်။ သူ့အစ်ကို ရွှေပြည့်သည် အဌမတန်းကျောင်းသားဖြစ်သည်။ ဆယ်ကျော်သက်အရွယ်ဖြစ်သဖြင့် သူများနားကပ်ဖောက်လျှင် လိုက်ဖောက်သည်။ ဒါ့အပြင် ပင်အပ်ကို မီးကင်ပြီး သူငယ်ချင်းများ၏ နားကို ဖောက်ပေးခြင်းကြောင့် ကျောင်းအုပ်ကြီးမှ ခေါ်ယူ မိဘတွေ့ဆုံပြီး ဝန်ခံကတိရေးထိုးခဲ့ရဖူးသည်။ လစဉ်စာမေးပွဲကို တစ်ဘာသာ၊ နှစ်ဘာသာ ကျတတ်သည်။ ဉာဏ်ကောင်းလျက်နှင့် စာထက် ပြင်ပလူငယ်များ၏ ခေတ်စရိုက်အနေအစားကိုသာ စိတ်ဝင်စား နေသည်။ လက်သည်းနီ အမည်ဆိုး သည်။ အမေဖြစ်သူမှာ မနည်းဆုံးမ ရသည်။ ပြီး၊- လက်မှာ ဆေးမင်ကြောင် ထိုးချင်သည်ဟု တောင်းဆိုရာ အဘွား ဖြစ်သူက အိမ်ပေါ်မှ ဆင်းရမည် ခပ်မာမာပြောထား၍ ငြိမ်နေခြင်း ဖြ လေသည်။ နေ့စဉ်ပြဿနာကတော့ စာ မကျက်ခြင်း ဖြစ်သည်။

ဒေါ်မြခင်၏ စိတ်အတွေးများ က ဟိုးလွန်ခဲ့သော အနှစ်နှစ်ဆယ် ကျင်ကာလသို့ ရောက်ရှိသွားတော့ သည်။ သည်တုန်းက ရွှေပြည့်၊ ရွှေလျှံ ၏မေမေ ရွှေနု တစ်ယောက် ဒသ တန်းဖြေဆိုမည့် ကျောင်းသူအရွယ် ကာလ ဖြစ်ပေသည်။

✤

ရပ်ကွက်ထဲမှာ အလှဆုံး၊ အချေ ဆိုးသူကို ပြပါဆိုလျှင် 'ရွှေနု' ကို ပြ မည်။ ရွှေရင်သိမ်းသစ်စ ရွှေနုရှ



www.burmeseclassic.com

www.burmeseclassic.com

အလှကို တင်စားရပါလျှင် ကိုရီးယား ချပ်ရှင်မင်းသမီးလေး 'ဆန်းမီ' လိုမျက်နှာ မျိုးလေး။ အဖေဖြစ်သူ ဦးရွှေသာက လည်း နိုင်ငံခြားသင်္ဘောအရာရှိဖြစ်၍ သင်္ဘောတစ်ခေါက်ထွက်တိုင်း သမီးချော အခွေမှန်သမျှ မလွတ်စေရ။ ထိုအချိန် က ရှားရှားပါးပါး အော်တိုတယ်လီဖုန်း လည်း သုံးနိုင်သည်။

အမေဖြစ်သူက သမီးလေး လိမ္မာ ရေးခြားရှိစေရန် အသက်ငါးနှစ်အရွယ် ကတည်းက နွေရာသီကျောင်းပိတ်ပြီဆို နေတတ်သည်။ အိမ်ရှေ့ကနေ ကားနှင့် ဖြတ်မောင်းပြတတ်ပြန်သည်။

သူငယ်ချင်းတွေကို ပြောပြသော အခါ ရွှေနုကို အားပေးသူကပေးသလို ကန့်ကွက်သူက ကန့်ကွက်သည်။ သစ် ရွက်လှုပ်တာတောင် ရင်ခုန်တတ်တဲ့ ရွှေရင်သိမ်းသစ်အရွယ်မို့ ရွှေနုတစ် ယောက် ရည်းစားထားဖြစ်သွားခဲ့သည်။

အကြောင်းအမျိုးမျိုးရှာ၍ လမ်း ထွက်တတ်လာသည်။ အားပေးသည့်



# မြနန်းရှင်

## ဝင့်ကြွေးမျက်ရည် မြေပါစေ

အပျိုဖျန်းအတွက် up to date ဖက်ရှင် ဒီဇိုင်းတွေကို ပါဆယ်နှင့်တစ်မျိုး၊ လူကြုံ နှင့်တစ်မျိုး မရိုးစေရပါ။ ခုနေကာလထိ ရွှေနု ငယ်စဉ်က အဝတ်တွေဒီဇိုင်းများ က 'လန်း' နေဆဲပင်။

ရုပ်ကလည်းချော၊ အသားအရေ ကလည်းလှ၊ အဝတ်အစားကလည်း အများနှင့်မတူ ထူးခြားစွာဝတ်ဆင်တတ် ၍ အများအလယ်မှာ ထင်ပေါ်ကျော် ကြားလေ၏။ ဒါကို မိဘများကလည်း တပြုံးပြုံး၊ ရွှေနုကလည်း သဘောကျ မဆုံးဖြစ်လို့နေသည်။

ရွှေနုက တစ်ဦးတည်းသောသမီး လေးမို့ ရန်ကုန်မြို့၏ အကောင်းဆုံး မိန်းကလေးကျောင်းမှာ ပညာသင်ကြား စေသည်။ ဝတ်နိုင်စားနိုင်သုံးနိုင်သဖြင့် ရွှေနုဘဝမှာ ဒုက္ခ ဆိုတာ ဘာမှမသိ။ အဘိုး၊ အဘွား၊ ဦးလေး၊ ဒေါ်လေးတွေ တလည်း ဝိုင်းကာချစ်လိုက်တာ အစစ အရာရာ စားအဆင်သင့်၊ သွားအဆင် သင့်၊ ကိုယ်ပိုင်ကား၊ ကိုယ်ပိုင်ဆိုင်ကယ်၊ တီဗွီဆိုတာ လူတိုင်းမကြည့်နိုင်ချိန်မှာ အပေါ်စက်၊ အောက်စက်နှင့် ဗွီဒီယို လျှင် သီလရှင်ပေးဝတ်စေခဲ့သည်မှာ နဝမတန်းအထိ ဖြစ်သည်။

သည်နှစ် ဒသမတန်းကျောင်းသူ ဖြစ်ပြီ။ ထိုအချိန်က ဘော်ဒါတို့၊ ဝိုင်းကျူ ရှင်တို့ ခေတ်မစားသေးပေ။ ဒေါ်မြခင် သည် သမီး ရွှေနုအပေါ် ဆရာဝန်ကြီး ပါမောက္ခကြီး၊ ကထိကကြီးဖြစ်စေချင်၍ ကောင်းပေ့ ဆရာ၊ ဆရာမများ ခေါ်ယူ ကာ အိမ်မှာ ဝိုင်းကျူရှင်တက်စေသည်။ ပြီးတော့ Guide ခေါ်ကာ စာကျက်ခိုင်း ပြန်သည်။

မိဘ၊ ဘိုးဘွား၊ ဆွေမျိုးများက ရွှေနုလေးသည် လိမ္မာယဉ်ကျေးသူလေး ဖြစ်ပြီး မည်သူနှင့်မျှ ရန်မဖြစ်တတ်သူမို့ ရွှေနု၏အဘိုးက -

"ငါ့သမီးလေးက အဖြူထည်လေး မို့ ရမ်းရမ်းကားကားယောကျ်ားမျိုးနဲ့တွေ့ မှာပဲ။ အဘိုးစိတ်ပူနေမိတယ်ကွယ့်"

သည်လိုချီးမွမ်းကာမှမကြာသေး။ ရွှေနုတစ်ယောက် ယောက်မမြင်းစီးထွက် လာတော့သည်။ ရွှေနုကို မျက်စိကျနေ သော တခြားရပ်ကွက်က လမ်းသရဲလိုလို ကောင်လေးက ရွှေနု ကျောင်းသွားရာ ဖယ်ရီကားနောက်ကနေ ကားတစ်စီးနှင့် လိုက်လိုက်လာသည်။ ပြီးတော့ အိမ် အပြန် လမ်းထိပ်ကနေစောင့်ကာ ကြည့် သူငယ်ချင်းများက ချိန်းပေးကြသည်။ ရွှေနု၏ သတင်းက ရပ်ကွက်မှာ၊ အပြင် ပတ်ဝန်းကျင်မှာပျံ့နှံ့ပြီးမှ ရွှေနုမိဘများ ထံရောက်လာသောအခါ အစစမျက်လုံး ဒေါက်ထောက်ကြည့်လာကြသည်။အဘိုး၊ အဘွား၊ ဦးလေးတွေက ယက္ခကုမ္ဘဏ် နှယ်စောင့်လို့နေသည်။

ထိုအခါ ရွှေနုစိတ်ထဲမှာ လူကြီး သူမအပေါ်မှာ ရန်သူသဖွယ်မြင်လာ တော့သည်။

'မကောင်းမြစ်တား၊ ကောင်းရာ ညွှန်လတ်' ဆိုသည့်အတိုင်း -

"ဆယ်တန်းလေးတော့ အောင် အောင်ကြိုးစားပါသမီးရယ်။ တက္ကသိုလ် ရောက်ရင် ဒီထက်သာတဲ့ ကောင်းတဲ့လူ တွေ ဦးမှာ သမီးရဲ့။ ကြိုက်ရာရွေးချယ် လို့ရတယ်။ လိမ္မာပါသမီးရယ်"

ချော့တစ်ခါ၊ ခြောက်တစ်လှည့် အမျိုးမျိုးဆိုဆုံးမသည်။ ရွှေနု နားမဝင် တော့။ စာကျက်ခိုင်းလျှင် စာမကျက်ဘဲ ကက်ဆက်အကျယ်ကြီးဖွင့်ကာ သီချင်း နားထောင်ပြသည်။ ပြီး - အိမ်အလု မိန်းကလေးမှတစ်ဆင့် မိခင်ဖြစ်သူ မြင် ကြားစေရန် စကားပို့ခိုင်းသည်။

"ရွှေနုကို စိတ်ဆင်းရဲအောင်လုပ် ကြတာ၊ ကြည့်နေ စာမေးပွဲကျအောင်



www.burmeseclassic.com

www.burmeseclassic.com

ဖြေပြမယ်။ ရွှေနုကို မျက်ရည်ကျအောင် လုပ်တာ သူတို့မျက်ရည်ပေါက်ပေါက် ကျစေရမယ်"

ဟူသော မိဘအပေါ် မခန့်လေးစားစကားနှင့် အန်တုပြန်သည်။

ထိုအခါ သမီးနှင့် ဇနီးအတွက် အသက်စွန့်ကာ ရှာဖွေကျွေးရရှာသော ဖခင်ဖြစ်သူလည်း အိမ်ပြန်နားချိန်ကာလမှာ သမီး ရွှေနု၏ လူကြီးမိဘစကားနားမထောင်သည့် အပြုအမူများကို မြင်တွေ့ခံစားရသောအခါမှာ သမီးဖြစ်သူအပေါ် စိတ်ဆင်းရဲမှာစိုး၍ မပြောရက်ခဲ့သော်လည်း ရွှေနု၏ အဖေနှင့် အမေ ခေါင်းချင်းဆိုင်ကာ မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရရှာသည်။ သမီးလေး စာကျက်ပါစေဟု ဆုတောင်း မေတ္တာပို့ရတာလည်း မမောနိုင်သလို ဘုရားရှိခိုးတိုင်း သူတို့သမီးလေး ဆယ်တန်းနှစ်ချင်းပေါက်အောင်ပါစေ ဟူ၍ ဆုတောင်းရတာလည်း အခါခါပင်။

သမီးလေး ရွှေနုအတွက် ကျရသောမျက်ရည်စက်များက မမှန်းဆနိုင်တော့။ မိဘက အဖိုးအနဂ္ဃထိုက်တန်သော ရတနာတစ်ပါးနှယ် တန်ဖိုးထားလို့ထားမှန်းမသိ နားမလည်ရှာ။ ရွှေနု၏ စိတ်အစဉ်မှာ အချစ်မာရ်နတ်ဝင်ပူးကပ်နေပြီမို့ အကြောင်းအမျိုးမျိုးရှာ ဘက်ကန်နေတော့သည်။

မနည်းကြီးပင် ရွှေနုတစ်ယောက် ဆယ်တန်းဖြေဖို့ မနည်းပင် ဖျောင်းဖျကြိုးပမ်းခဲ့ရပြီး ဉာဏ်ကောင်း၊ စာတော်ပါလျက်နှင့် မနွှယ်သင့်သောကြိုးကို နွှယ်ငင်သည့်အတွက် ရွှေနုတစ်ယောက် အောင် မှတ်ရရုံမျှသာ အောင်ခဲ့သော်လည်း အဖေနှင့် အမေက ဝမ်းအသာကြီးသာနေရှာသည်။

သို့သော် -

ရွှေနုတစ်ယောက် တက္ကသိုလ်မတက်မီ ယောက်ျားနောက်လိုက်ပြေးတော့သည်။ အဖေနှင့် အမေလည်း မျက်ရည်ကျရင်း အဝေးက လက်ပိုက်ကြည့်နေခဲ့ကြသည်။

တကယ်တမ်း ရွှေနုထင်မှတ်ထားသောအကြင်နာအပျော်ရက်တို့သည် ငရဲတမျှ တွေ့ကြုံရတော့သည်။ သူအထင်ကြီးထားသော လက်တွဲဖော်သည် မူးယစ်ဆေးဝါးသုံးစွဲသူ၊ အလုပ်က လက်ကြောမတင်း ဝင်ငွေမရှိ။ ထိုအခါ ရွှေနုတစ်ယောက် ယောက္ခမနှင့် ယောက်မများအောက်မှာ ပြားပြားဝပ်ကာ အိမ်အကူသာသာအဆင့်မှာ နေရတော့သည်။ ဘယ်လုပ်ပေးပေး မျက်နှာသာမရ။ ယောက်မတွေက တို့ထောင်ပေးလျှင် ယောက်ျားက အခန်းပိတ်ကာ သေအောင် ရိုက်နှက်လေ၏။

မိဘအိမ်မှာကြော့ကော့နေအောင်နေခဲ့သမျှ ခုတော့ ဖိုသီဖတ်သီ။ ကလေးသာ နှစ်ယောက်ရလာသည်။ယောက်ျားက အလုပ်မရှိသေး။ လူကသာ အလုပ်မရှိရင်သာနေမည်။ သူ့ဒွေးသူငယ်ချင်းကားကို လိုက်ကပ်မောင်းပေးရင်း သူ့ဒွေးစတိုင်ဖမ်းကာ မြှာကပွေသေး၏။

နောက်ဆုံး နှိပ်စက်ဒဏ်၊ ရောဂါကူးမည့်ဒဏ်မခံစားနိုင်တော့သဖြင့် ရွှေနုတစ်ယောက် မိဘအိမ်ရိပ်သို့ ဇွတ်ပင်ဝင်ခိုရတော့သည်။သည်လိုနှင့် ရွှေနုဘဝတစ်ခုလပ်မဘဝနှင့် သားနှစ်ယောက် အနာဂတ်အတွက် မိုးလင်းကမိုးချုပ် သူများလက်အောက်မှာ အလုပ်ဝင်လုပ်ရပြီ။ သူ့လိုသာမန်ဘွဲ့လောက်နှင့် မိသားစုဖူလုံအောင်လခမျိုးဘယ်မှာရပါမည်လဲ။ ကလေးတွေမှာလည်း အဖေရှိလျက် အဖေမဲ့ဘဝမျိုးနှင့် ပတ်ဝန်းကျင်မှာ မျက်နှာငယ်ကြရသည်။

ဦးရွှေသာကလည်း ကျန်းမာရေးမကောင်းတော့ အလုပ်မလုပ်နိုင်တော့။ ဒေါ်မြခင်က ရွှေနုရဲ့ ကလေးနှစ်ဦးကို ကူညီထိန်းပေးရုံမျှသာ လုပ်ပေးနိုင်သည်။

ခုတော့ မိဘ၏ရင်ကို ခြေစုံကန်ခဲ့သော ရွှေနု၏ ပြုခဲ့သောဝဋ်က နောက်ဘဝတောင်မကူးဝေ။ ယခုပစ္စုပ္ပန်ဘဝမှာပင် ဝဋ်လည်နေပါပကောလားဟု ဒေါ်မြခင် တွေးကောင်းနေဆဲမှာ မြေးငယ် ရွှေလျှံက -

"မေကြီး ဘာတွေတွေးနေတာလဲ သားပြောတာမကြားဘူးလား"

"ဩော် - အေး၊ ပြောလေ။သားလေး ဘာပြောချင်တာလဲ"

"သားစာတွေထဲမှာဖတ်ဖူးလို့ပါ။ မိဘကို မျက်ရည်ကျအောင်မလုပ်ရဘူးတဲ့။ မိဘကို မျက်ရည်ကျအောင်လုပ်ရင် ငရဲကြီးတတ်တယ်တဲ့။ ကိုကိုတော့ ငရဲကျတော့မယ် ဒုက္ခပါပဲ"

သားငယ်က တွေးတွေးဆဆနှင့် သူ့အစ်ကိုဖြစ်သူ ငရဲကြီးမှာကို တွေးပူပန်နေရှာသည်။ အမေဖြစ်သူ မျက်ရည်ကျနေပုံကိုလည်း စိတ်မကောင်းသောမျက်နှာနှင့်လှမ်းကြည့်ရင်းက ပြောခြင်းဖြစ်သည်။

'ဒါပေါ့ သားလေးရယ်။ မင်းရဲ့ အမေ ရွှေနုသာ ငယ်ငယ်ကတည်းက သားတွေးသလို အသိဉာဏ်ရှိခဲ့ရင် အခုလို ဝဋ်ဒုက္ခသောကမီးတွေ လောင်ကျွမ်း မခံစားရဘူးပေါ့ကွယ်'

ထိုစကားစုသည် ဒေါ်မြခင်ဘာသာ ရင်တွင်းစကားဆိုမိခြင်း ဖြစ်ပါသည်။ သားငယ် ရွှေလျှံ၏ ခန္ဓာကိုယ်အား ဆွဲယူထွေးပွေ့ရင်း -

"ကိုကိုမှားသလိုမျိုး သားကလိုက်မမှားဖို့ အရေးကြီးတယ်နော်"

"စိတ်ချပါ မေကြီးရဲ့။ သားက ဝဋ်လည်မှာတို့၊ ငရဲကျမှာတို့ သိပ်ကြောက်တတ်လို့ မဖြစ်စေရပါဘူးနော်။ သားက အသိဉာဏ်ရှိပါတယ်ဗျ"

ဒေါ်မြခင်၏ရင်ခွင်ထဲမှ မျက်နှာချင်းဆိုင် စေ့စေ့ကြည့်ကာ ရဲရဲဝံ့ဝံ့ဆိုလိုက်သောစကား ဖြစ်ပါတော့သည်။

✤

လူ့ဘဝရလာသည့်အခိုက်မှာ နေ့စဉ်ကိုယ်ပြုတဲ့ မနောကံ၊ ဝစီကံ၊ ကာယကံတို့ရဲ့ လုပ်ဆောင်ချက်ပေါ် မူတည်ပြီး အကုသိုလ်၊ ကုသိုလ် ဆိုသည့် ကမ္မစွမ်းအားများက သံလိုက်စက်ဝန်းပမာ ရုပ်ခန္ဓာမှာလိုက်ပါနေတာ၊ ဝန်းရံနေတာ။ အဲဒါတွေက ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ် ဆိုတဲ့ ဝဋ်သုံးပါးအမြဲလိုက်ပါနေတော့ အကုသလစွမ်းအားများလျှင် လောဘ၊ ဒေါသ၊ မောဟဖြစ်စေတဲ့ အကြောင်းတရား၊ အကုသိုလ်ကံနှင့်ကြုံ ရမည်။ ကုသလကံစွမ်းအားများလျှင် အလောဘ၊ အဒေါသ၊ အမောဟဖြစ် စေမည့်ကုသိုလ်အကြောင်းတရားနှင့်ကြုံ ရမည်။ ဝဋ်သုံးပါးစက်က အတိတ်က ပြုခဲ့တဲ့ကိစ္စက ပစ္စုပ္ပန်မှာလိုက်လာတော့ တာပဲ။ အဲဒါကြောင့် ဝဋ်သုံးပါးစက်[illegible] ကောင်းကံ ကြုံတွေ့စေအောင်, မိမိ[illegible] မနောကံအမှု၊ ဝစီကံအမှု၊ ကာယကံအမှု တွေကောင်းအောင် လုပ်ဆောင်တ[illegible] စေမယ့် 'စိတ်' ကို အစဉ်သတိနှင့်ထိန်း တတ်အောင် နှလုံးသွင်းတတ်ရမည်[illegible] ဒေါ်မြခင်တစ်ယောက် ဗုဒ္ဓဘုရားရှင်[illegible] ဒေသနာတော်တရားကို ပြန်ဆင်ခြင် ရင်း သမီး ရွှေနုတစ်ယောက် မျက်ရည် ကျခြင်းဝဋ်ဘေးမှကင်းဝေးပါစေဟု မိခင် မေတ္တာစိတ်နှင့် ဆုတောင်းပေးနေ[illegible] တော့သည်။

မြ[illegible]



www.burmeseclassic.com

www.burmeseclassic.com



**မဂ္ဂီစနစ်ဇယား**

**(Table of System of Magi)**

| | | |
|---|---|---|
| ဇန်နဝါရီ | - | ၅၃ |
| ဖေဖော်ဝါရီ | - | ၅၁ |
| မတ်လ | - | ၄၉ |
| ဧပြီလ | - | ၄၇ |
| မေလ | - | ၄၅ |
| ဇွန်လ | - | ၄၃ |
| ဇူလိုင် | - | ၄၁ |
| ဩဂုတ်လ | - | ၃၉ |
| စက်တင်ဘာလ | - | ၃၇ |
| အောက်တိုဘာလ | - | ၃၅ |
| နိုဝင်ဘာလ | - | ၃၃ |
| ဒီဇင်ဘာလ | - | ၃၁ |

**ဖဲထုပ်ကတ်**

**(Suit)**

ဟတ်(တ်)(Hearts) (၁၃) သည် နွေဦးရာသီ၊ မေတ္တာနှင့် မိတ်ဆွေအပေါင်းအသင်းနှင့်ညီသည်။

ကလပ် (Clubs) သည် (၂၆) ဖြစ်ပြီး နွေရာသီ၊ ဗဟုသုတ၊ သတင်းအချက်အလက်နှင့်ညီသည်။

ဒိုင်းမွန်း(Diamonds)သည် (၃၉) ဆောင်းဦးရာသီ၊ ချမ်းသာကြွယ်ဝမှုနှင့် ဥစ္စာဓနကို ဖော်ပြသည်။

စပိတ်(Spades)(၅၂)နှင့် ဆောင်းရာသီ၊ စီးပွားရေးလုပ်ငန်း၊ လုပ်အားနှင့် ညီသည်။

တစ်ဆင့်ပြီးတစ်ဆင့် တွက်စရာမလိုဘဲ အဓိကသော့ချက်ကိုပေးထားပြီးဖြစ်သည်။

**(၁၂) ရာသီခွင်ဇယားမှ မွေးရက်ဒီဂရီဇယား**

**(Table of the Degree of the Day of Borth in each sign of the Zodiac)**

ဇန်နဝါရီလ

| မွေးရက် | ဒီဂရီ | သော့ချက်(Key) |
|---|---|---|
| ၁ | ၁၂ | ၉ |
| ၂ | ၁၃ | ၈ |
| ၃ | ၁၄ | ၂ |
| ၄ | ၁၅ | ၉ |
| ၅ | ၁၆ | ၁၀ |
| ၆ | ၁၇ | ၂ |
| ၇ | ၁၈ | ၃ |
| ၈ | ၁၉ | ၄ |
| ၉ | ၂၀ | ၅ |
| ၁၀ | ၂၁ | ၆ |
| ၁၁ | ၂၂ | ၇ |
| ၁၂ | ၂၃ | ၈ |
| ၁၃ | ၂၄ | ၉ |
| ၁၄ | ၂၅ | ၈ |
| ၁၅ | ၂၆ | ၉ |
| ၁၆ | ၂၇ | ၁၀ |
| ၁၇ | ၂၈ | ၁၁ |
| ၁၈ | ၂၉ | ၃ |
| ၁၉ | ၃၀ | ၄ |
| ၂၀ | ၁ | ၂ |
| ၂၁ | ၂ | ၃ |
| ၂၂ | ၃ | ၄ |
| ၂၃ | ၄ | ၅ |
| ၂၄ | ၅ | ၁၃ |
| ၂၅ | ၆ | ၅ |
| ၂၆ | ၇ | ၆ |
| ၂၇ | ၈ | ၄ |
| ၂၈ | ၉ | ၅ |
| ၂၉ | ၁၀ | ၆ |
| ၃၀ | ၁၁ | ၇ |
| ၃၁ | ၁၂ | ၈ |

ဖေဖော်ဝါရီလ

| မွေးရက် | ဒီဂရီ | သော့ချက်(Key) |
|---|---|---|
| ၁ | ၁၃ | ၁၀ |
| ၂ | ၁၄ | ၈ |
| ၃ | ၁၅ | ၉ |
| ၄ | ၁၆ | ၁၀ |
| ၅ | ၁၇ | ၂ |
| ၆ | ၁၈ | ၃ |
| ၇ | ၁၉ | ၄ |
| ၈ | ၂၀ | ၅ |
| ၉ | ၂၁ | ၆ |
| ၁၀ | ၂၂ | ၇ |
| ၁၁ | ၂၃ | ၈ |
| ၁၂ | ၂၄ | ၇ |
| ၁၃ | ၂၅ | ၈ |
| ၁၄ | ၂၆ | ၉ |
| ၁၅ | ၂၇ | ၁၀ |
| ၁၆ | ၂၈ | ၁၁ |
| ၁၇ | ၂၉ | ၃ |
| ၁၈ | ၃၀ | ၄ |
| ၁၉ | ၁ | ၂ |
| ၂၀ | ၂ | ၃ |
| ၂၁ | ၃ | ၄ |
| ၂၂ | ၄ | ၁ |
| ၂၃ | ၅ | ၄ |
| ၂၄ | ၆ | ၅ |
| ၂၅ | ၇ | ၁၂ |
| ၂၆ | ၈ | ၄ |
| ၂၇ | ၉ | ၅ |
| ၂၈ | ၁၀ | ၆ |
| ၂၉ | ၁၁ | ၇ |

မတ်လ

| မွေးရက် | ဒီဂရီ | သော့ချက် (Key) |
|---|---|---|
| ၁ | ၁၁ | ၅ |
| ၂ | ၁၂ | ၆ |
| ၃ | ၁၃ | ၇ |
| ၄ | ၁၄ | ၈ |
| ၅ | ၁၅ | ၉ |
| ၆ | ၁၆ | ၁၀ |
| ၇ | ၁၇ | ၂ |
| ၈ | ၁၈ | ၃ |
| ၉ | ၁၉ | ၄ |
| ၁၀ | ၂၀ | ၅ |
| ၁၁ | ၂၁ | ၆ |
| ၁၂ | ၂၂ | ၇ |
| ၁၃ | ၂၃ | ၆ |
| ၁၄ | ၂၄ | ၇ |
| ၁၅ | ၂၅ | ၈ |
| ၁၆ | ၂၆ | ၉ |
| ၁၇ | ၂၇ | ၁၀ |
| ၁၈ | ၂၈ | ၁၁ |
| ၁၉ | ၂၉ | ၃ |
| ၂၀ | ၃၀ | ၁၁ |
| ၂၁ | ၁ | ၉ |
| ၂၂ | ၂ | ၁၀ |
| ၂၃ | ၃ | ၈ |
| ၂၄ | ၄ | ၉ |
| ၂၅ | ၅ | ၁၀ |
| ၂၆ | ၆ | ၂ |
| ၂၇ | ၇ | ၃ |
| ၂၈ | ၈ | ၄ |
| ၂၉ | ၉ | ၅ |
| ၃၀ | ၁၀ | ၅ |
| ၃၁ | ၁၁ | ၆ |



www.burmeseclassic.com

www.burmeseclassic.com

ဧပြီလ

| မွေးရက် | ဒီဂရီ | သော့ချက်(Key) |
|---|---|---|
| ၁ | ၁၂ | ၆ |
| ၂ | ၁၃ | ၇ |
| ၃ | ၁၄ | ၈ |
| ၄ | ၁၅ | ၉ |
| ၅ | ၁၆ | ၁၀ |
| ၆ | ၁၇ | ၂ |
| ၇ | ၁၈ | ၃ |
| ၈ | ၁၉ | ၂ |
| ၉ | ၂၀ | ၃ |
| ၁၀ | ၂၁ | ၄ |
| ၁၁ | ၂၂ | ၅ |
| ၁၂ | ၂၃ | ၆ |
| ၁၃ | ၂၄ | ၇ |
| ၁၄ | ၂၅ | ၈ |
| ၁၅ | ၂၆ | ၉ |
| ၁၆ | ၂၇ | ၁၀ |
| ၁၇ | ၂၈ | ၁၁ |
| ၁၈ | ၂၉ | ၁၀ |
| ၁၉ | ၃၀ | ၁၁ |
| ၂၀ | ၁ | ၉ |
| ၂၁ | ၂ | ၇ |
| ၂၂ | ၃ | ၈ |
| ၂၃ | ၄ | ၉ |
| ၂၄ | ၅ | ၁၀ |
| ၂၅ | ၆ | ၁၁ |
| ၂၆ | ၇ | ၃ |
| ၂၇ | ၈ | ၄ |
| ၂၈ | ၉ | ၄ |
| ၂၉ | ၁၀ | ၅ |
| ၃၀ | ၁၁ | ၆ |

မေလ

| မွေးရက် | ဒီဂရီ | သော့ချက်(Key) |
|---|---|---|
| ၁ | ၁၂ | ၆ |
| ၂ | ၁၃ | ၇ |
| ၃ | ၁၄ | ၈ |
| ၄ | ၁၅ | ၉ |
| ၅ | ၁၆ | ၁၀ |
| ၆ | ၁၇ | ၉ |
| ၇ | ၁၈ | ၁ |
| ၈ | ၁၉ | ၂ |
| ၉ | ၂၀ | ၃ |
| ၁၀ | ၂၁ | ၄ |
| ၁၁ | ၂၂ | ၅ |
| ၁၂ | ၂၃ | ၆ |
| ၁၃ | ၂၄ | ၇ |
| ၁၄ | ၂၅ | ၈ |
| ၁၅ | ၂၆ | ၉ |
| ၁၆ | ၂၇ | ၈ |
| ၁၇ | ၂၈ | ၉ |

မေလ

| မွေးရက် | ဒီဂရီ | သော့ချက်(Key) |
|---|---|---|
| ၁၈ | ၂၉ | ၁၀ |
| ၁၉ | ၃၀ | ၈ |
| ၂၀ | ၁ | ၆ |
| ၂၁ | ၂ | ၇ |
| ၂၂ | ၃ | ၈ |
| ၂၃ | ၄ | ၉ |
| ၂၄ | ၅ | ၁ |
| ၂၅ | ၆ | ၁၁ |
| ၂၆ | ၇ | ၁၁ |
| ၂၇ | ၈ | ၃ |
| ၂၈ | ၉ | ၄ |
| ၂၉ | ၁၀ | ၅ |
| ၃၀ | ၁၁ | ၆ |
| ၃၁ | ၁၂ | ၇ |

ဇွန်လ

| မွေးရက် | ဒီဂရီ | သော့ချက်(Key) |
|---|---|---|
| ၁ | ၁၃ | ၇ |
| ၂ | ၁၄ | ၈ |
| ၃ | ၁၅ | ၉ |
| ၄ | ၁၆ | ၈ |
| ၅ | ၁၇ | ၉ |
| ၆ | ၁၈ | ၁၀ |
| ၇ | ၁၉ | ၂ |
| ၈ | ၂၀ | ၃ |
| ၉ | ၂၁ | ၄ |
| ၁၀ | ၂၂ | ၅ |
| ၁၁ | ၂၃ | ၆ |
| ၁၂ | ၂၄ | ၇ |
| ၁၃ | ၂၅ | ၈ |
| ၁၄ | ၂၆ | ၇ |
| ၁၅ | ၂၇ | ၈ |
| ၁၆ | ၂၈ | ၉ |
| ၁၇ | ၂၉ | ၇ |
| ၁၈ | ၃၀ | ၈ |
| ၁၉ | ၁ | ၆ |
| ၂၀ | ၂ | ၆ |
| ၂၁ | ၃ | ၇ |
| ၂၂ | ၂ | ၇ |
| ၂၃ | ၃ | ၈ |
| ၂၄ | ၃ | ၇ |
| ၂၅ | ၄ | ၈ |
| ၂၆ | ၄ | ၈ |
| ၂၇ | ၅ | ၉ |
| ၂၈ | ၅ | ၉ |
| ၂၉ | ၆ | ၁ |
| ၃၀ | ၇ | ၈ |

ဇူလိုင်လ

| မွေးရက် | ဒီဂရီ | သော့ချက်(Key) |
|---|---|---|
| ၁ | ၈ | ၁၁ |
| ၂ | ၉ | ၁ |
| ၃ | ၁၀ | ၁၁ |
| ၄ | ၁၁ | ၃ |
| ၅ | ၁၂ | ၄ |
| ၆ | ၁၃ | ၅ |
| ၇ | ၁၄ | ၆ |
| ၈ | ၁၅ | ၇ |
| ၉ | ၁၆ | ၈ |
| ၁၀ | ၁၇ | ၉ |
| ၁၁ | ၁၈ | ၁၀ |
| ၁၂ | ၁၉ | ၉ |
| ၁၃ | ၂၀ | ၁၀ |
| ၁၄ | ၂၁ | ၁၁ |
| ၁၅ | ၂၂ | ၉ |
| ၁၆ | ၂၃ | ၁၀ |
| ၁၇ | ၂၄ | ၁၁ |
| ၁၈ | ၂၅ | ၃ |
| ၁၉ | ၂၆ | ၄ |
| ၂၀ | ၂၇ | ၅ |
| ၂၁ | ၂၈ | ၆ |
| ၂၂ | ၂၉ | ၆ |
| ၂၃ | ၃၀ | ၇ |
| ၂၄ | ၁ | ၅ |
| ၂၅ | ၂ | ၆ |
| ၂၆ | ၃ | ၇ |
| ၂၇ | ၄ | ၈ |
| ၂၈ | ၅ | ၈ |
| ၂၉ | ၆ | ၇ |
| ၃၀ | ၇ | ၆ |
| ၃၁ | ၈ | ၅ |

ဩဂုတ်လ

| မွေးရက် | ဒီဂရီ | သော့ချက်(Key) |
|---|---|---|
| ၁ | ၉ | ၁၀ |
| ၂ | ၁၀ | ၁၁ |
| ၃ | ၁၁ | ၃ |
| ၄ | ၁၂ | ၄ |
| ၅ | ၁၃ | ၅ |
| ၆ | ၁၄ | ၆ |
| ၇ | ၁၅ | ၇ |
| ၈ | ၁၆ | ၈ |
| ၉ | ၁၇ | ၉ |
| ၁၀ | ၁၈ | ၈ |
| ၁၁ | ၁၉ | ၉ |
| ၁၂ | ၂၀ | ၁၀ |
| ၁၃ | ၂၁ | ၈ |
| ၁၄ | ၂၂ | ၉ |
| ၁၅ | ၂၃ | ၁၀ |



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၁၆ | ၂၄ | ၁၁ |

ဩဂုတ်လ

| မွေးရက် | ဒီဂရီ | သော့ချက်(Key) |
|---|---|---|
| ၁၇ | ၂၅ | ၃ |
| ၁၈ | ၂၆ | ၄ |
| ၁၉ | ၂၇ | ၅ |
| ၂၀ | ၂၈ | ၅ |
| ၂၁ | ၂၉ | ၆ |
| ၂၂ | ၃၀ | ၇ |
| ၂၃ | ၁ | ၅ |
| ၂၄ | ၂ | ၆ |
| ၂၅ | ၃ | ၇ |
| ၂၆ | ၄ | ၉ |
| ၂၇ | ၅ | ၈ |
| ၂၈ | ၆ | ၇ |
| ၂၉ | ၇ | ၈ |
| ၃၀ | ၈ | ၅ |
| ၃၁ | ၉ | ၄ |

စက်တင်ဘာလ

| မွေးရက် | ဒီဂရီ | သော့ချက်(Key) |
|---|---|---|
| ၁ | ၁၀ | ၁၁ |
| ၂ | ၁၁ | ၃ |
| ၃ | ၁၂ | ၄ |
| ၄ | ၁၃ | ၅ |
| ၅ | ၁၄ | ၆ |
| ၆ | ၁၅ | ၇ |
| ၇ | ၁၆ | ၈ |
| ၈ | ၁၇ | ၇ |
| ၉ | ၁၈ | ၈ |
| ၁၀ | ၁၉ | ၉ |
| ၁၁ | ၂၀ | ၇ |
| ၁၂ | ၂၁ | ၈ |
| ၁၃ | ၂၂ | ၉ |
| ၁၄ | ၂၃ | ၁၀ |
| ၁၅ | ၂၄ | ၁၁ |
| ၁၆ | ၂၅ | ၃ |
| ၁၇ | ၂၆ | ၄ |
| ၁၈ | ၂၇ | ၄ |
| ၁၉ | ၂၈ | ၅ |
| ၂၀ | ၂၉ | ၆ |
| ၂၁ | ၃၀ | ၇ |
| ၂၂ | ၁ | ၅ |
| ၂၃ | ၂ | ၆ |
| ၂၄ | ၃ | ၁ |
| ၂၅ | ၄ | ၉ |
| ၂၆ | ၅ | ၈ |
| ၂၇ | ၆ | ၇ |
| ၂၈ | ၇ | ၈ |
| ၂၉ | ၈ | ၁၁ |
| ၃၀ | ၉ | ၄ |

အောက်တိုဘာလ

| မွေးရက် | ဒီဂရီ | သော့ချက်(Key) |
|---|---|---|
| ၁ | ၁၀ | ၁၁ |
| ၂ | ၁၁ | ၃ |
| ၃ | ၁၂ | ၄ |
| ၄ | ၁၃ | ၅ |
| ၅ | ၁၄ | ၆ |
| ၆ | ၁၅ | ၅ |
| ၇ | ၁၆ | ၆ |
| ၈ | ၁၇ | ၇ |
| ၉ | ၁၈ | ၅ |
| ၁၀ | ၁၉ | ၆ |
| ၁၁ | ၂၀ | ၇ |
| ၁၂ | ၂၁ | ၈ |
| ၁၃ | ၂၂ | ၉ |
| ၁၄ | ၂၃ | ၁၀ |
| ၁၅ | ၂၄ | ၁၁ |
| ၁၆ | ၂၅ | ၁၁ |
| ၁၇ | ၂၆ | ၃ |
| ၁၈ | ၂၇ | ၄ |
| ၁၉ | ၂၈ | ၅ |
| ၂၀ | ၂၉ | ၆ |
| ၂၁ | ၃၀ | ၇ |
| ၂၂ | ၁ | ၁ |
| ၂၃ | ၂ | ၉ |
| ၂၄ | ၃ | ၈ |
| ၂၅ | ၄ | ၇ |
| ၂၆ | ၅ | ၆ |
| ၂၇ | ၆ | ၇ |
| ၂၈ | ၇ | ၁ |
| ၂၉ | ၈ | ၄ |
| ၃၀ | ၉ | ၁၁ |
| ၃၁ | ၁၀ | ၁ |

နိုဝင်ဘာလ

| မွေးရက် | ဒီဂရီ | သော့ချက်(Key) |
|---|---|---|
| ၁ | ၁၁ | ၃ |
| ၂ | ၁၂ | ၁၁ |
| ၃ | ၁၃ | ၅ |
| ၄ | ၁၄ | ၄ |
| ၅ | ၁၅ | ၅ |
| ၆ | ၁၆ | ၆ |
| ၇ | ၁၇ | ၄ |
| ၈ | ၁၈ | ၅ |
| ၉ | ၁၉ | ၆ |
| ၁၀ | ၂၀ | ၇ |
| ၁၁ | ၂၁ | ၈ |
| ၁၂ | ၂၂ | ၉ |
| ၁၃ | ၂၃ | ၁၀ |
| ၁၄ | ၂၄ | ၁၀ |

| | | |
|---|---|---|
| ၁၅ | ၂၅ | ၁၁ |

နိုဝင်ဘာလ

| မွေးရက် | ဒီဂရီ | သော့ချက်(Key) |
|---|---|---|
| ၁၆ | ၂၆ | ၃ |
| ၁၇ | ၂၇ | ၄ |
| ၁၈ | ၂၈ | ၅ |
| ၁၉ | ၂၉ | ၆ |
| ၂၀ | ၃၀ | ၅ |
| ၂၁ | ၁ | ၁ |
| ၂၂ | ၂ | ၉ |
| ၂၃ | ၃ | ၈ |
| ၂၄ | ၄ | ၇ |
| ၂၅ | ၅ | ၆ |
| ၂၆ | ၆ | ၇ |
| ၂၇ | ၇ | ၁ |
| ၂၈ | ၈ | ၄ |
| ၂၉ | ၉ | ၇ |
| ၃၀ | ၁၀ | ၁ |

ဒီဇင်ဘာလ

| မွေးရက် | ဒီဂရီ | သော့ချက်(Key) |
|---|---|---|
| ၁ | ၁၁ | ၃ |
| ၂ | ၁၂ | ၂ |
| ၃ | ၁၃ | ၃ |
| ၄ | ၁၄ | ၄ |
| ၅ | ၁၅ | ၂ |
| ၆ | ၁၆ | ၃ |
| ၇ | ၁၇ | ၄ |
| ၈ | ၁၈ | ၅ |
| ၉ | ၁၉ | ၆ |
| ၁၀ | ၂၀ | ၇ |
| ၁၁ | ၂၁ | ၈ |
| ၁၂ | ၂၂ | ၈ |
| ၁၃ | ၂၃ | ၉ |
| ၁၄ | ၂၄ | ၁၀ |
| ၁၅ | ၂၅ | ၁၁ |
| ၁၆ | ၂၆ | ၃ |
| ၁၇ | ၂၇ | ၄ |
| ၁၈ | ၂၈ | ၅ |
| ၁၉ | ၂၉ | ၄ |
| ၂၀ | ၃၀ | ၁၂ |
| ၂၁ | ၁ | ၈ |
| ၂၂ | ၂ | ၇ |
| ၂၃ | ၃ | ၆ |
| ၂၄ | ၄ | ၅ |
| ၂၅ | ၅ | ၆ |
| ၂၆ | ၆ | ၉ |
| ၂၇ | ၇ | ၃ |
| ၂၈ | ၈ | ၆ |
| ၂၉ | ၉ | ၉ |
| ၃၀ | ၁၀ | ၃ |



www.burmeseclassic.com

www.burmeseclassic.com

၃၁ ၁၁ ၄

**အကျင့်စရိုက်၏အဓိကသော့ချက်ဂဏန်းများ၏အဓိပ္ပာယ်**

နံပါတ် (၁) ဂဏန်း- လွှမ်းမိုးချုပ်ကိုင်၍ ခေါင်းမာခြင်း၊ အတင်းအကျပ်လိုက်နာစေခြင်း။

နံပါတ် (၂) ဂဏန်း - အောက်ကျနောက်ကျခံသည်။ ငြိမ်းချမ်းရေးသမား၊ ဆက်ဆံရေးကောင်းသူ၊ မိသားစုအတွက် အာဇာနည်။

နံပါတ် (၃) ဂဏန်း- ဆုံးဖြတ်ချက်ခိုင်မာသူ၊ ဘက်စုံကြည့်တတ်သူ။

နံပါတ် (၄) ဂဏန်း - လောဘသတ်နိုင်သူ။

နံပါတ် (၅) ဂဏန်း - မနားမနေပြောင်းလဲတတ်သူ၊ ကာမဂုဏ်ပြင်းထန်၍ ခရီးများများသွားတတ်။

နံပါတ် (၆) ဂဏန်း - ခေါင်းမာ၍ ငြင်းခုံတတ်သူ၊ မိမိအိမ်ကိစ္စများကိုစိတ်ဝင်စားသူ။

နံပါတ် (၇) ဂဏန်း - ဝမ်းနည်းတတ်၊ ခေါင်းမာသူ၊ ဘဝမှာတိုက်ပွဲများသူ။ သို့ရာတွင် စိတ်ပိုင်းဆိုင်ရာလက်ခံသူ။

နံပါတ်(၈)ဂဏန်း - လိုအပ်သောစွမ်းရည်ရှိသူဖြစ်ပြီး စီးပွားရေး ခေတ်ဟောင်းအတိုင်းလုပ်သူ။

နံပါတ် (၉) ဂဏန်း - စိတ်ပျက်၍ အချစ်ရေးကိစ္စများမပျော်ရွှင်၊ အချည်းနှီးဖြစ်သူ။

နံပါတ်(၁၀)ဂဏန်း - အောင်မြင်မှုရသူ၊ အထက်စီးမှပြောတတ်သူ၊ ရှေ့ဆောင်ဦးဆောင်စိတ်ရှိသူ။

နံပါတ် (၁၁) ဂဏန်း - စိတ်ကူးစိတ်သန်းကောင်း၍ စိတ်ဝိညာဉ်နှင့် ပတ်သက်တတ်သူ၊ မကြာခဏတွေဝေတတ်သူ။

နံပါတ် (၁၂) ဂဏန်း - မိန်းမများကဲ့သို့ ကန္ဒဲ့ကယရှိသူ၊ သနားကရုဏာရှိသူ။

နံပါတ် (၁၃) ဂဏန်း - အပြုစိတ်အားကောင်း၍ စီမံခန့်ခွဲမှုညံ့ပြီး လိုချင်တာ ရအောင်ယူတတ်သူ။

**(၄) လ အပိုင်းအခြား**
**စက်ဝန်းအဟောများ၏အဓိပ္ပာယ်**
**(Meaning of your four months' cycle - predictions)**

**အနာဂတ်အဟောများ**
**(Foretelling Your Future)**

နံပါတ် (၁၃) ဂဏန်း - သတိပေးသောဂဏန်း။ အကြံအစည်၊ နေရာပြောင်းလဲမှုကို ဖော်ပြသော သေမင်းဂဏန်း ဖြစ်သည်။ သို့ရာတွင် ပြန်လည်မွေးဖွားခြင်း၊ အသစ်စတင်ခြင်းကို ဖော်ပြသည်။ မကြာခဏမဖြစ်ပါ။

နံပါတ် (၁၄) ဂဏန်း - စီးပွားရေးအပြောင်းအလဲ၊ ဆင်ခြင်မှုန်းဆခြင်းနှင့် ငွေကြေးနှင့် ပတ်သက်လျှင် ကောင်းသောဂဏန်း ဖြစ်သည်။ သို့ရာတွင် စွန့်စားမှုအချို့ရှိသည်။ တစ်ခါတစ်ရံ မိုက်မဲခြင်း၊ လင်မယားကွာရှင်းခြင်းကို ဖော်ပြသည်။ ငြိုးငွေ့စရာကောင်း၍ ဖြည်းဖြည်းမှန်မှန်လုပ်တတ်သည်။ မိသားစုတာဝန်နှင့် လူမှုရေးကိစ္စများအမြဲတမ်းလုပ်တတ်သူ ဖြစ်သည်။

နံပ်ါတ် (၁၅) ဂဏန်း - ပုဂ္ဂိုလ်ရေးနှင့် ပတ်သက်သောဂဏန်း ဖြစ်သည်။ အချစ်ရေး၊ ပျော်ရွှင်စရာ၊ ဝမ်းနည်းမှုတွေဖြစ်သလို မွေးဖွားခြင်းများကိုလည်း ဖော်ပြသည်။ (၁၈) ဂဏန်းနှင့်တွဲနေပါက သေခြင်းနှင့် အိမ်ထောင်ကွဲခြင်း၊ အခြားသူများ အခွင့်အရေးအပေးခံရခြင်းနှင့် ငွေများများရတတ်ပါသည်။

နံပါတ်(၁၆)ဂဏန်း - မမျှော်လင့်ဘဲဖြစ်တတ်၍ မတော်တဆမှုနှင့် ဒုက္ခရောက်ခြင်း၏ သင်္ကေတဖြစ်၏။ သို့ရာတွင် တစ်ခါတစ်ရံ မမျှော်လင့်သောအခွင့်အရေးရတတ်သည်။ အကြံဉာဏ်ကောင်းမရှိဘဲ လက်မှတ်ထိုးခြင်း၊ ခရီးထွက်ခြင်း၊ မကောင်းသောကာလ ဖြစ်သည်။

နံပါတ် (၁၇) ဂဏန်း - စီးပွားရေးကောင်းသောကာလ ဖြစ်သည်။ လက်ရှိအခြေအနေကို အတိတ်မှအတွေ့အကြုံရယူပြီး အသုံးချပါ။ မျှော်လင့်ချက်ကြွယ် သို့မဟုတ် မဂ္ဂိစနစ်အရ ကံကောင်းသောဂဏန်း ဖြစ်သည်။

နံပါတ်(၁၈)ဂဏန်း - ကံဆိုးခြင်း၊ ရန်ဖြစ်ခြင်း၊ စစ်၊ တော်လှန်ရေးနှင့် ရန်သူများကို ဖော်ပြသည်။ အဆိုးဆုံးများရိုက်ခတ်နိုင်သောကာလ ဖြစ်သည်။ စာချုပ်စာတမ်းကို သတိထားပြီး လက်မှတ်ထိုးပါ။ သို့မဟုတ် မထိုးတာကောင်းသည်။ စီးပွားရေးနှင့် ကိုယ်ရေးကိုယ်တာကိစ္စများ အလိမ်မခံရအောင် သတိထားပါ။ ခရီးထွက်ခြင်း၊ မည်သည့်လုပ်ငန်းအသစ်မဆို စတင်ရန် မကောင်းသောကာလ ဖြစ်သည်။

နံပါတ်(၁၉)ဂဏန်း - ကံကောင်းသောဂဏန်း၊ ပျော်ရွှင်အောင်မြင်မှုများနှင့် ဂုဏ်သိက္ခာတတ်သောကာလ ဖြစ်သည်။ အိမ်ထောင်ရေးဂဏန်းဖြစ်သည်
(၁၅) ဂဏန်းက (၁) ယောက်တ
(၁၉) ဂဏန်းက (၂) ယောက်အခ
ဖြစ်စေသည်။ ငြိမ်းချမ်းရေးလိုင်းများ
ခတ်သောကာလ ဖြစ်သည်။

နံပါတ် (၂၀) - နေရာဒေသ
ဝန်းကျင် မလိုအပ်ဘဲ ပြောင်း
လွဲ၍ အပြောင်းအလဲမှန်သမျှ
သည်။ အကောင်းဆုံးဂဏန်း
အကောင်းဆုံးဂဏန်းဖြစ်သည်။ လွ
မှုအသစ်၊ စိတ်ဝင်စားစရာကော
ပျော်ရွှင်ပြီး အလုပ်များသောကာလ
ဖြစ်သည်။ လာမည့်နှစ်အတွက်
ကောင်းများပေါ်သည်။ အသက်
များ ဤဂဏန်းရသောကာလမှာ
ဆုံးတတ်သည်။ လာမယ့်နှစ်အတွ
အကြံအစည်ကောင်းများ ပေါ်
(၁၇)ဂဏန်း၊(၂၁)ဂဏန်းများအကော
ဆုံးကို ပေးတတ်သောဂဏန်းများ
သည်။

နံပါတ် (၂၁) ဂဏန်း- အောင်
ရန် အသေအချာဆုံးကာလ ဖြစ်သ
အကြံအစည်များပြု၍ ခရီးသွားရန်
ရင်းအနှီးမြှုပ်နှံရန်ကောင်းသော
ဖြစ်သည်။ အနာဂတ်ကာလအတွ
အဖြစ်အပျက်တွေကလည်း ကံကော
ခြင်းကိုပေးသည်။ (၂၁) ရသော
ကာလမှာ ဆန္ဒပြည့်ဝနိုင်ပါသည်။

နံပါတ် (၂၂) ဂဏန်း- အကော
ဆုံးဂဏန်းမဟုတ်သော်လည်း
အဖြတ်များတတ်သောကာလဖြစ်သ
ဆုံးဖြတ်ချက်တစ်ခု သို့မဟုတ်
လုပ်ရမည့်ကာလ ဖြစ်သည်။ ကိုယ်
အဆုံးအဖြတ်ကလည်း စိတ်မခ
ကိစ္စများစွာသည် အချက်အချာကျ
အခြေအနေမှာရှိသည်။ ပျက်တော့
အခြေအနေတွင်ရှိသည်။

နံပါတ် (၂၃) ဂဏန်း - အပြော
အလဲများစွာဖြစ်တတ်ပြီး ဥပဒေနှင့်
ဆောင်ရွက်သင့်သည်။ အခြေအ
သင့်သည်။ ခရီးဝေးသွားရသော
ဖြစ်သည်။ စိတ်နာဗ်ကြောများတင်း
၍ စိတ်ဖိစီးမှုများနေတတ်သည်။
ခဏ ဆရာဝန်နှင့်ပြရတတ်သည်။
အသွယ်အသစ်ရတတ်သည်။
ဂဏန်းလွှမ်းမိုးသော လူလတ်ပိုင်း
ဖြစ်က ပုံမှန်စိတ်အနေအထား
ထဲရှိနေသည်။ ထိုအချက်က အော
မှုကို ဆိုလိုသည်။

(ဆ

ဆရာဒလမင်



www.burmeseclassic.com

www.burmeseclassic.com

## နိုင်ခင်မောင်လေး

# မဟာဗောဓိပင်ကိုသတ်သူများ

ဘုရားလောင်းဖွားမြင်သည့်အခါ ဖွားဖက်တော်(၇)ပါးတို့သည် တစ်ပြိုင်နက်တည်း ဖွားမြင်၏။ ယင်းဖွားဖက်တော်(၇)ပါးအနက် ဘုရားပွင့်ရာ မဟာဗောဓိပင်လည်း ပါဝင်၏။

သီရိဓမ္မာသောကမင်း ဗုဒ္ဓဘာသာမဖြစ်မီက ဗုဒ္ဓဘာသာအပေါ် မနာလိုစိတ်ပြင်းပြသဖြင့် မဟာဗောဓိပင်ကို အသေသတ်လို၏။ သည့်ကြောင့် စစ်သည်ဗိုလ်ပါအပေါင်းဖြင့်ချီလာပြီး မဟာဗောဓိပင်ကို အမြစ်အရင်းမှစ၍ခုတ်ဖြတ်စေ၏။ ပင်စည်နှင့်တကွ အကိုင်းအခက်၊ အရွက်အားလုံးကို ချိုးဖွဲ့ဖျက်ဆီးပြီး မနီးမဝေးတွင် ပုံထား၏။ 'ဤသစ်ပင်၊ သစ်ငုတ်တို့ကို မီးရှို့၍ ယစ်ပူဇော်လေ' ဟု ပုဏ္ဏားမင်းကြီး စေခိုင်းသည့်အတိုင်း ဆောင်ရွက်၏။


သို့သော် ပုဏ္ဏား မည်သို့ပင် မီးရှို့သော်လည်း မီးငြိမ်းသောအခါ ယင်းနေရာတွင် လှပတင့်တယ်သော မဟာဗောဓိပင် ပြန်ပြန်ပေါက်လာ၏။ ဤအခြင်းအရာကို သီရိဓမ္မာသောကမင်းကြီး ကြားသိတော်မူလျှင် လွန်စွာ ယူကျုံးမရနောင်တရမိ၏။ သည့်နောက် မဟာဗောဓိပင်ရှိရာသို့လာခဲ့၏။ ဗောဓိပင်ကို ကြည်ညိုလွန်းသဖြင့် နန်းတော်သို့ မပြန်ဘဲ ကိုးကွယ် ဆည်းကပ်နေ၏။

ထိုအကြောင်းကို မိဖုရားခေါင်ကြီး တိဿရက္ခိတာဒေဝီကြားလျှင် မနာလိုစိတ် ဖြစ်ပြန်၏။ သည့်ကြောင့် မင်းကြီးမရှိခိုက် လျှို့ဝှက်၍ ဗောဓိပင်ကို ဖျက်ခိုင်း၏။ သီရိဓမ္မာသောကမင်းကြီး ဗောဓိပင်ကို ပူဇော်ရန်လာသောအခါ ဗောဓိပင် အပိုင်ပိုင်းပြတ်နေသည်ကို တွေ့ရသဖြင့် အလွန်တရာစိုးရိမ်ထိတ်လန့်သွား၏။ ထို့နောက် အဓိဋ္ဌာန်ပြုပြီး ဗောဓိပင်၏ငုတ်ကို နွားမနို့ရည်ဖြင့် သွန်းလောင်း၏။ ထိုခဏ၌ ယခင်အတိုင်း မြစ်အရင်း၌ ဗောဓိပင်ပေါက်လာပြန်၏။

ဤအဖြစ်ကို ထင်ထင်ရှားရှားမြင်တွေ့ရသည့် သီရိဓမ္မာသောကမင်းမှာ ယခင်ကထက် သဒ္ဓါတရား ပိုမိုပွားများလာ၏။ သည့်ကြောင့် မင်းကြီးက အရပ်လေးမျက်နှာကို အုတ်တံတိုင်းဖြင့် ကာရံထားပြီး အမြဲမပြတ် ဆည်းကပ်ကိုးကွယ်၏။

သာသနာနှစ် ၁၁၄၄ ခုနှစ်ခန့်က သီဝမဟေသွရနတ်ကို ကိုးကွယ်သော သာသန်က သို့မဟုတ် ရှေရှန်တီရမည်ရှိ ဘင်္ဂလားဘုရင်သည် ဘုရားကို မနာလို၍ ကျောင်းတိုက်ပေါင်းများစွာ ဖျက်ဆီး၏။ သည့်နောက် မဟာဗောဓိပင်ကို အငုတ်ပါ မကျန်အောင် ခုတ်လှဲပစ်၏။ အမြစ်များကို မီးရှို့ပစ်၏။ မြေအောက်ရှိအမြစ်များ မကျန်အောင် ရေဝါထွက်သည်အထိ တူးစေ၏။ သို့သော် မဟာဗောဓိ၏အမြစ်အဆုံးကို မတွေ့။ ဗောဓိပင်နေရာတွင် နောင်အခါ အပင်မပေါက်နိုင်အောင် မီးရှို့၏။ ကျံရည်ဖြင့်သွန်းလောင်းခဲ့သည်ဟု ဗောဓိဘုရားဖူး တရုတ်ခရီးသည် ဟွင်ဆိုင်က ဆို၏။

သည့်နောက် အာသောကမင်းကြီး၏ အနွယ်တော်ဖြစ်သော မဂဓ၏ နောက်ဆုံးဘုရင် ပုရောဏဝါမ (ဟွင်ဆိုင်က ယင်း၏မှတ်တမ်းတွင် ပု-လ-န-ဖာ-မို ဘုရင်ဟု ဖော်ပြထား၏) သည် ဘုရားဖူးလာရင်း ဗောဓိညောင်ပင်ကြီး ပျက်စီးနေသည်ကို တွေ့ရှိသွား၏။ မင်းကြီးမှာ အလွန်အကြူး စိတ်မချမ်း



www.burmeseclassic.com

မသာ ဖြစ်ရ၏။ သို့သော် သာသန်က မင်းဖျက်၍ မပျက်မစီး မဆွေးမမြည့် ကျန်ရစ်နေသော ဗောဓိညောင်ပင်မြစ်များရှိနေသေး၏။ ထိုအမြစ်များကို နွားမ တစ်ထောင်မှ ညှစ်၍ရသော နို့ရည်ဖြင့် ဆေးကြော၍ ညောင်ပင်အတက်လေး ပြန်ထွက်လာအောင် အပတ်တကုတ် ကြိုးစားအားထုတ်၏။ သို့နှင့် ဗောဓိပင်အတက်များထွက်လာ၏။

သာသနာနှစ် ၁၁၆၄ခုနှစ်ခန့်တွင် မြေပြင်မှ (၅) ပေခန့် မြင့်သော ဂန္ဓကုဋီ တိုက်မိုးပေါ် (အထက်ပစ္စယံပေါ်)၌ ဗောဓိညောင်ကို တစ်ဖန် စိုက်ပျိုးကိုးကွယ်ပြန်၏။ ယင်းဗောဓိညောင်ကို မိစ္ဆာဒိဋ္ဌိတို့ နောင်အခါ မဖျက်ဆီးနိုင်အောင် (၂၄) ပေခန့် မြင့်သော ကျောက်တံတိုင်းဖြင့်လည်း ကာရံထား၏။ တရုတ်ဘုန်းတော်ကြီး (ဟူဆိုင်သင်္ဂ)ကျမ်း၌ မဟာဗောဓိပင်သည် သုံးကြိမ်တိုင်တိုင် အဖြတ်ခံရသည်ဟု ဖော်ပြထား၏။

ထို့ကြောင့် ဓမ္မစေတီမင်းကြီး၏ မဟာဗောဓိပင်အား တမန်တော်များသည် သာသနာနှစ် ၂၀၁၇ ခုနှစ်တွင် မဟာဗောဓိပင်အထက်ပစ္စယံပေါ်၌စိုက်ထားပုံကိုသာတွေ့ရပေမည်။ သာသနာနှစ် ၂၃၆၂ ခုတွင် အိန္ဒိယကျောက်စာဝန်ချုပ်ကြီး ကန်နင်ဟမ်သည် ပြိုပျက်နေသော မဟာဗောဓိကိုပြင်ရန် ရှင်းလင်း သုတ်သင်စေ၏။ ထိုအခါ မဟာဗောဓိပင်သည် ပူရာဏဝါမမင်း တည်ထားသည့်ဟန်အတိုင်း တွေ့ရှိရမည် ဖြစ်၏။ သည့်ကြောင့် ဓမ္မစေတီမင်းကြီးသည် ဖော်ပြပါ မဟာဗောဓိ နည်းတူ မဟာဗောဓိပင်ကို အထက်ပစ္စယံပေါ်၌သာ စိုက်ပျိုးခဲ့မည်ဟု ယူဆရ၏။

ဓမ္မစေတီမင်းစေလွှတ်လိုက်သော ဗုဒ္ဓဂယာလေ့လာရေး ရဟန်းဖွဲ့သည် အင်္ဂါရဗောဓိပင်အကြောင်းကိုလည်း မှတ် တမ်းတင်ခဲ့၏။ အင်္ဂါရဗောဓိပင် အကြောင်းကား -

အိန္ဒိယပြည် ဇေယပူရတိုင်းတွင် အဝေလိယ မည်သော မိစ္ဆာဒိဋ္ဌိမင်း မင်းဖြစ်၏။ သာသနာနှစ် ၁၃၇၀ ပြည့်နှစ်ခန့်တွင် ထိုမင်း၏ အရိုက်အရာကို စန္ဒဒေဝမင်း ဆက်ခံ၏။ မင်းဖြစ်သော အခါ ဗုဒ္ဓဂယာမဟာဗောဓိသို့ အရပ်လေးမျက်နှာမှ လူအများ ဗောဓိပင်သို့ လာရောက် ကြည်ညိုပူဇော်ကြသည်ကို တွေ့ရှိရ၏။ လူအသွားအလာများသဖြင့် မိမိ၏ ပြည်၊ ရွာ ပျက်စီးမည်ကို အလွန်တရာ စိုးရိမ်သောကဖြစ်နေ၏။

သည့်ကြောင့် ဗောဓိပင်ကစ ထိုအရပ်ရှိ စေတီပုထိုး ကောင်းမှုတော်များကို ဖျက်ဆီးရန် ရဲမက်ဗိုလ်ပါများနှင့် ချီလာ၏။ ထို့နောက် အာသောကမင်းကြီး တည်ထားခဲ့သော စေတီ၊ တံတိုင်း၊ မီးတားနှင့် သီရိရာသဘာမိပုဏ္ဏား တည်ထားခဲ့သည့် ဂန္ဓကုဋီအစ ရှိသည်တို့ကို ဖျက်ဆီးစေ၏။ မဟာဗောဓိပင်ကိုလည်း ခုတ်မည်လုပ်၏။ ထိုအခါ အမတ်ကြီးများက ဤဗောဓိပင်ကို မင်းတကာတို့က အစဉ်အဆက်ပူဇော်၏။ ကြည်ညိုလာကြ၏။ မခုတ်သင့်။ ဗောဓိပင်ငယ်ကို ခုတ်၍ အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက အပင်ကြီးကိုချန်ထားမည်။ အကြောင်းတစ်စုံတစ်ရာမမြင်ပါက အပင်ကြီးကိုပါ ခုတ်ပစ်မည်ဆိုသောကြောင့် အပင်ငယ်ကို ခုတ်စေ၏။ ယင်းအပင်ကား အာသောကမင်းကြီးပျိုးခဲ့သော အပင် ဖြစ်၏။ ထို့နောက် အပင်ကို မီးရှို့စေ၏။ သို့သော် မီးပုံမီးလျှံများကြားက အပင်ပြန်ပေါက်မြဲပေါက်နေ၏။ အပင်ငယ်သည်ပင် ဤမျှတန်ခိုးအာနုဘော်ရှိလျှင် အပင်ကြီးကား မည်သို့ ဆိုဖွယ်ရာ ရှိအံ့နည်း။ ငါခုတ်နိုင်မည်မဟုတ်ဟု ဝန်ချ တောင်းပန်ပြီး ပြန်ကြ၏။ အပြန်ခရီးတွင် မင်းကြီး၏ မျက်မှောက်ဗိုလ်ပါများ ဖျားပိတုန်းကိုက်၍ သေကုန်၏။ မင်းကြီးလည်း ဖျားပိတုန်းကိုက်ခံရ၍ တစ်ကိုယ်လုံး မီးလောင်ပေါက်များပေါက်ပြီး လမ်းခရီးတွင် နတ်ရွာစံရ၏။

ထိုဗောဓိပင်ငယ်သည် မီးပုံမီးလျှံကြားပေါက်လာသောကြောင့် အင်္ဂါရဗောဓိဟု ခေါ်ဝေါ်ခဲ့ကြ၏။ ဗောဓိပင်ကြီးမှ ပေါက်ဖွားလာသည့် ဗောဓိပင်ငယ်ဟု ယူဆသင့်၏။ ယင်းအင်္ဂါရဗောဓိပင်နားတွင် တည်ထားသောစေတီကို အင်္ဂါရဗောဓိစေတီဟု ခေါ်ဆိုကြ၏။

ဤသည်တို့ကား ဓမ္မစေတီမင်းကြီးစေလွှတ်လိုက်သောရဟန်းတော်များ မဟာဗောဓိသို့သွားစဉ်က မှတ်သားသည့်ပေစာတွင် မှတ်တမ်းတင်သည့်အတိုင်း ဖော်ပြခြင်း ဖြစ်၏။

ဖော်ပြပါ ဗုဒ္ဓဂယာရှိ ဂင်္ဂါရဗောဓိစေတီကို အတုယူ၍ ဟံသာဝတီတွင်လည်း အင်္ဂါရစေတီတစ်ဆူ တည်ထားကိုးကွယ်ခဲ့၏။

ယခုတည်ရှိနေသည့် ဗောဓိပင်သည် ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်အစစ် မဟုတ်တော့ပါ။ ထိုဗောဓိပင်ပွားတစ်ပင် စေတီအနောက်ဘက်တွင်ကပ်၍ပေါက်နေ၏။

နိုင်ခင်မောင်

# အနာဟောင်း၊ အနာဆွေး၊ အနံ့ဆိုးထွက်အနာပုပ်များအတွက် ဆေးနည်းတစ်လက်

ဝမ်းတွင်းမှ အပူခိုး၊ အပုပ်ခိုး၊ အဆိပ်အညစ်များ ခန္ဓာကိုယ်အပေါ်ယံ အရေပြားပေါ်သို့ တိုးထွက်သောအခါ အနာဆိုး၊ အနာစိမ်းများ ပေါက်သွားလာပါသည်။ ဝမ်းတွင်းအပူပြင်းထန်လျှင် ပြင်းထန်သလောက် ထိုအနာသည် ပျောက်နိုင်ခဲပြီး ဆေးမတွေ့ ဆေးမတိုး ဖြစ်ရတတ်ပါသည်။ အစားရှောင်ရ၊ အညှော်ရှောင်ရနှင့် လူမှာကျန်းမာရေး လွန်စွာထိခိုက်ဖြစ်ရတတ်ပါသည်။

ထိုအနာသည် ရက်ရှည်လများ ဖြစ်ကာ အနာဟောင်းမှ အသားနုတက်သောအခါလည်း ပွဲကြွေကျပြီး အနာဆွေးဖြစ်လာသည်။မလိုလားအပ်သော ပိုးမွှားများ၊ ပိုးလောက်မွှားများ အနာထဲဝင်လာသောအခါ အနံ့ဆိုးများထွက်ပြီး အနာပုပ်ဖြစ်လာသည်အထိ ဖြစ်ရတတ်ပါသည်။ အထူးဂရုပြုကုသပေးရပါမည်။

ယင်းကဲ့သို့သော အနာဟောင်း အနာဆွေး၊ အနာပုပ်၊ အနံ့ဆိုးထွက်နေခြင်းကို သက်သာ ပျောက်ကင်းစေသော ဆေးနည်းတစ်လက်တင်ပြအပ်ပါသည်။

တမာရွက်စိမ်းစိမ်းစိုစိုများ လက်တွင်းနှစ်ဆုပ်ခန့် ခူးယူပါ။ ၎င်းတမာရွက်များကို ထောပတ်နှင့် နွမ်းပျော့သည်အထိ ကြော်ပါ။ ရေလုံးဝမထည့်ရပါ။ တမာရွက်ကြော်များကို အအေးခံထားပြီး ထပ်မံ၍ ညက်အောင်ကြိတ်ချေပါ။ ဆေးဖြစ်ပါပြီ၊ ၎င်းဆေးကို ဝါဂွမ်းနု (ပိုးသတ်ထားသောဂွမ်းစများ ဆေးဆိုင်တွင် အလွယ်တကူ ဝယ်၍ရပါသည်။) နှင့်ယူပြီး အနာထဲသို့ ဆေးကို ထည့်ပေးပါ။ စည်းရသောနေရာဆိုလျှင်စည်းပေးထားနိုင်ပါသည်။ ငါးရက်၊ တစ်ပတ်ခန့် ၎င်းဆေးကို ဂရုစိုက်၍ အနာတွင်ထည့်ပေးလျှင် သက်သာ ပျောက်ကင်းသည်ကို တွေ့ရပါမည်။ အစွမ်းထက် အနာဆေးဖြစ်ပြီး မည်သည့်ဘေးထွက်ဆိုးကျိုးမှုလည်းမရှိဘဲ အမှန်အကန်များစွာ အသုံးပြုပြီးဖြစ်၍ ရေးသားတင်ပြအပ်ပါသည်။

နတ်မောက်မင်းသန့်နိုင်




www.burmeseclassic.com

www.burmeseclassic.com



# ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်ဝံချို (B.Sc)



**နိုဝင်ဘာလ ၁ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၇)၊ ၊စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် အဖြူ၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂ ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၈)၊ စိုးမိုးဂဏန်း (၂၊ ၄)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အဝါ၊ နံ့သာရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၃ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၉)၊ စိုးမိုးဂဏန်း (၃၊ ၆)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အနီ၊ ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၄ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၁)၊ စိုးမိုးဂဏန်း (၁၊ ၄)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အညို၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သုဂတော' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၅ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၂)၊ စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် ပန်းရောင်နှင့် လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၆ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၃)၊ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် လိမ္မော်ရောင်။အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက် အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံသိဒ္ဓိ' (၉) ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ ၇ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၄)၊ စိုးမိုးဂဏန်း (၄၊ ၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဝါ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၈ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၅)၊ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် ခရမ်း။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ (၉) ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၆)၊ စိုးမိုးဂဏန်း (၁၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အဝါနှင့် ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၀ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၇)၊ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အစိမ်း၊ ဗေဒါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက် အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၁ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၈)၊ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အညို၊ နံ့သာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သုဂတော' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၂ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၉)၊ စိုးမိုးဂဏန်း (၆၊ ၈)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အဖြူ၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၁)၊ စိုးမိုးဂဏန်း (၂၊ ၄)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင် အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ



www.burmeseclassic.com

www.burmeseclassic.com

သိဒ္ဓိ' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၄ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၂)၊ စိုးမိုးဂဏန်း (၃၊ ၅)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အစိမ်း၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက် အိပ်ရာထ အရှေ့ဘက် လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၅ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၃)၊ စိုးမိုးဂဏန်း (၁၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် ခရမ်း၊ ပေဒါရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉)ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၆ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၄)၊ စိုးမိုးဂဏန်း (၅၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် ပန်းရောင်နှင့် လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၇ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၅)၊ စိုးမိုးဂဏန်း (၃၊ ၆)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အဖြူ အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက် လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၈ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၆)၊ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ် အနောက်။ - လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သုဂတော' (၉) ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၉ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၇)၊ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက် လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၈)၊ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အနီ၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်သို့ လှည့်၍ 'အရဟံသိဒ္ဓိ' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂၁ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၉)၊ စိုးမိုးဂဏန်း (၁၊ ၄)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အစိမ်းရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂၂ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၁)၊ စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် အဝါနှင့် ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂၃ ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၂)၊ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂၄ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၃)၊ စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် နံ့သာရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက် လှည့်၍ 'ဗုဒ္ဓံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂၅ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၄)၊ စိုးမိုးဂဏန်း (၂၊ ၄)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အနက်၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သုဂတော' (၉) ခါ ရွတ်ဆိုပါ။



**နိုဝင်ဘာလ ၂၆ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၅)၊ စိုးမိုးဂဏန်း (၃၊ ၄)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် ခရမ်း၊ နံ့သာရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၆)၊ စိုးမိုးဂဏန်း (၃၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင် ပန်းရောင်နှင့် အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက် အိပ်ရာထ အရှေ့မြောက်ဘက် လှည့်၍ 'အရဟံသိဒ္ဓိ' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂၈ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း(၇)၊ စိုးမိုးဂဏန်း (၁၊ ၃)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဖြူရောင်နှင့် အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂၉ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၈)၊ စိုးမိုးဂဏန်း (၃၊ ၄)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် အစိမ်း၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေနှင့် တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက် လှည့်၍ 'ဗုဒ္ဓေါဇိနော' (၉) ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ ၃၀ ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၉)၊ စိုးမိုးဂဏန်း (၇၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အနီနှင့် အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက် အိပ်ရာထ တောင်ဘက်သို့ လှည့်၍ 'လောကဝိဒူ' (၉) ခါ ရွတ်ဆိုပါ။


ဒေါ်ခင်စံသူ (B.S



www.burmeseclassic.com

www.burmeseclassic.com

# အစီအရင်



### တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်းတွင် အရှေ့ဆွမ်းခံကြွလာသော သံဃာတော် အရှင်သူမြတ်များကို အရှေ့ဆွမ်းလောင်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ခတ်မရိုက်ပါနှင့် မြောက်အရပ်မှအကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတိပက်ဖျန်းပြီး စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'သောကြာနံ'ဘွဲ့အမည်ပါရှိသော ဘုရားတစ်ဆူဆူသို့သွား၍ ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ပြီး ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံအဟောင်းများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားကျောင်းကန်၊ ဇရပ်များသို့သွား၍ တံမြက်စည်းလှည်းခြင်း၊ မြက်နုတ်ခြင်း၊ အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။

**ထီကံကောင်းလိုသူများ** - စနေနံ ထီဆိုင်တွင် (၆) ဂဏန်းနှင့်စသောထီလက်မှတ်လေးများ နိုင်သလောက် ကံစမ်းထားလိုက်ပါ။

### တနင်္လာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးနှင့် ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးသုံးပတ် နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** -အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီတစ်ဆူသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံ့သင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင်အား ပူဇော်ထားပြီး နွမ်းတိုင်း လဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံတိုင်း ဆန့်ကျင်ဘက်ဖြစ်စေမည့် စကားများ မပြောပါနှင့်။

**ကျန်းမာရေး** - ထမင်းစားပြီးတိုင်း ဖုဋ္ဌသဂါထာ ရွတ်မန်းပြီးမှ စားပါ။

**ထီကံကောင်းလိုသူများ** - တနင်္ဂနွေနံ ထီဆိုင်တွင် (၅) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၃) မျိုးဖြင့် ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို အချိုရည်ဘူးများလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်အဝင်ဝမျက်နှာစာတွင် ဆီးခက် (၈) ခက် ချည်ထားပါ။

**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာ မကြာမကြာရွတ်ပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေ ထောင့်တွင် ဂုဏ်တော်များကို ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင် အား ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများသို့သွား၍ ဘုန်းကြီးကုဋီများကို ရေဆေး ခြင်း၊ ရေဖြည့်ခြင်းများ မကြာမကြာ ဆောင်ရွက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အနီရောင်၊ အနက်ရောင်အင်္ကျီ မဝတ်ပါနှင့်။

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးခြင်း၊ အစာကျွေးခြင်းများ ဆောင် ရွက်ပါ။

**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာ ထီဆိုင်တွေ့ပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွန့် အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများ စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့် (၆) ညွန့်နှင့် မကြာမကြာ စတီးရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္ဂနွေနံ ဘွဲ့အမည်ပါရှိသော ဘုရားစေတီတစ်ဆူဆူသို့သွား ၍ တနင်္ဂနွေထောင့်တွင် အရဟံဂုဏ်တော်ကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံများကို ရှာဖွေရှင်း လင်းစွန့်ထုတ်ပစ်လိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - တန်ဆောင်း၊ ရင်ပြင်တို့တွင် တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက် ခြင်းများ မကြာမကြာ ဆောင်ရွက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး ၊ ခွေးလေးများကို မကြာမကြာအစာကျွေးပါ။

**ကျန်းမာရေး** - ထမင်းစားပြီးတိုင်း ဇေယျာသုတ်တော်ကို ရွတ်ရင်း (၁၅) မိနစ်ခန့် လမ်းလျှောက်ပါ။

**ထီကံကောင်းလိုသူများ** - စနေသားသမီးတစ်ဦးနှင့် ထီစပ်တူထိုးထားပါ။ (၁) ဂဏန်းများစွာပါအောင် ရွေးချယ်ပါ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့် ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆေးဝါးများ လှူဒါန်းပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ကံ့ကော်ညွန့်လက်တစ်ဆုပ်ဖြင့် မကြာခဏ စတီးရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီး ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေ ထောင့်တွင် ဂုဏ်တော်များ ပွားများရှုမှတ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ် သတ်ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** -ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနက်ရောင်လေးများ ဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - ငါးကလေးများကို အစာကျွေးခြင်း၊ တစ်နိုင်ဝယ်၍ ဘေးမဲ့လွှတ်ခြင်းများ ဆောင်ရွက်ပါ။
**ထီကံကောင်းလိုသူများ** - သောကြာနံ့ထီဆိုင်တွင် (၆) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို သစ်သီးဆွမ်းများ လောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွက်လှလက်တစ်ဆုပ်ဖြင့် မကြာခဏ စတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာ မကြာမကြာရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ' ဘွဲ့အမည်ရှိသော ဘုရားစေတီများသို့သွား၍ မွေးနံထောင့်တွင် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - ဘုရားစေတီများသို့သွား၍ မွေးနံထောင့်မှ စတင်ပြီး ဂြိုဟ်အလိုက် ရေသပ္ပာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ကျန်းမာရေးမကောင်းသော နွမ်းပါးချို့တဲ့သူများကို ဆေးဝါး၊ ခါတ်စာနှင့် ငွေကြေးများ ပံ့ပိုးပါ။
**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသောထီသည်ထံမှ (၄) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားပါ။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို နေ့စဉ်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီ အစချီသော ဘုရားရှိခိုးဂါထာကို အမိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ရှိသော ဘုရားစေတီများ၏ တနင်္ဂနွေထောင့်တွင် အရဟံဂုဏ်တော်ကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်း နံသင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင်အားပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ရင်ပြင်တော်၊ တန်ဆောင်း၊ စောင်းတန်းတော်များကို မကြာခဏ တံမြက်စည်းလှည်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့် စကားအချေအတင်မဖြစ်အောင် ဆင်ခြင်ပါ။
**ကျန်းမာရေး** - နွမ်းပါးသူများကို ဆေးဝါး၊ ခါတ်စာများ တတ်အားသရွေ့ လှူပေးပါ။
**ထီကံကောင်းလိုသူများ** - တနင်္ဂနွေနေ့တွင် တနင်္ဂနွေနံ ထီဆိုင်မှာ (၁) ဂဏန်းများစွာပါသော နှစ်စောင်တွဲလေးများ နိုင်သလောက်ထိုးထားပါ။

ယခုလတွင်-
စနေအစ သောကြာ ပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမို ရွတ်ဖတ်သရဇ္ဈာယ် ကျင့်ကြံ အားထုတ်ခြင်းဖြင့် အောင်မြင်မှုများစွာကို ရယူပါလေ။
ဥပမာ - ထက်သန့်၊ နုဟိန်း၊ ထင်သာ

*မိမိကောင်းမှု အကြောင်းပြု*
*ဆုမတောင်းဘဲ ပြည့်ပါစေ*

ပြည့်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com

လူတွေမှာ -

ဘုန်းကံ ဆိုတာ ရှိပါတယ်။

မယုံလို့မရပါဘူး။

အိုကွာ - ဒါလောက်လေးများ ဘာမှမဖြစ်လောက်ပါဘူးဆိုလို့ မရသလို ဖြစ်ချင်ရာဖြစ်ကွာဆိုလို့လည်း မကောင်းပါဘူး။

လူတွေ ချမ်းသာကြရင်၊ ဩဇာ အရှိန်အဝါကြီးရင်၊ ထင်ရှားရင် ပြောလေ့ရှိကြပါတယ်။ ဘုန်းကတော့ ဘာကြီးသလဲမမေးနဲ့။ သူသွားတဲ့နေ့က မိုးတစ်စက်မှတောင်မရွာဘဲ ခရီးထွက်သွားဖြစ်တယ် ဆိုတာမျိုးတွေ -

အမယ် သူ့အိမ်ကိုသွားရတာ လူတွေကို တောင်းနိုးနိုးရမ်းနိုးနိုးနဲ့ ဆက်ဆံတယ်။ ပြောထားဦးပေါ့လေ၊ သူက ဘုန်းတွေကံတွေမြင့်နေတာကိုး ဆိုတာမျိုးတွေ -

ကြားဖူးကြမှာပါ။

ဘာလုပ်လုပ် အဆင်ပြေနေတာမျိုးကို ကံကောင်းတယ်၊ ဘုန်းရှိတယ် ပြောကြလေ့ရှိပါတယ်။

ဥပမာ အရောင်းအဝယ် အကြီးအကျယ်အောင်မြင်နေပြီ။ ဦးဆောင်သူက ညီအစ်ကိုမောင်နှမတွေထဲက အငယ်ဆုံး ဆိုပါတော့ ဘာပြောကြမလဲ။ ဟဲ့- အဲဒီအငယ်ဆုံးလေးက ဘုန်းကံကောင်းတယ်တော်။ ဘယ်ပစ္စည်းဖြစ်ဖြစ် သူဝယ်ခိုင်းပြီးရင် မြတ်တာချည်းပဲ။ သူ့ဘုန်းသူ့ကံကြောင့် သူ့မိဘကလည်း သူမွေးပြီးမှ ကိုယ့်စီးပွားတက်တာ ဆိုတာမျိုးတွေလည်း ကြားဖူးကြမှာပါ။

အဲဒီလို ဘုန်းတွေကံတွေနဲ့ ပတ်သက်လာပြီဆိုရင် မြန်မာ့မြေ၊ မြန်မာ့ရေပေါ်က မြန်မာလူမျိုးများဟာ ပိုပြီးတော့ တန်ဖိုးထားလေ့ရှိကြတာ အားလုံးအသိပါပဲ။

ရိုးစင်းတဲ့အမြင်နဲ့ ရိုးစင်းစွာပဲ ပြောချင်ပါတယ်။

ရှေးရှေးက လူကြီးသူမတွေဆိုရင် ဘုန်းတွေကံတွေနဲ့ပတ်သက်တဲ့အကြောင်းတွေကို သေသေချာချာ ဂရုစိုက်သလို ဆုံးလည်းဆုံးမကြလေ့ရှိပါတယ်။

ဟဲ့ - ဒီလိုမနေနဲ့၊ ဘုန်းနိမ့်တတ်တယ်။

ဒီလိုမစားနဲ့၊ ဘုန်းနိမ့်တတ်တယ်။

ဒီလိုနေရာမျိုးမသွားနဲ့၊ ဘုန်းနိမ့်တတ်တယ်။

ဆိုတာမျိုးတွေ နားယူမှတ်သားကြားခဲ့ရပါတယ်။

ဒါဖြင့် -

ဘုန်းကံကိုထိပါးလာစေမယ့်၊ တစ်မျိုးပြောရရင် ဘုန်းတွေကံတွေနိမ့်လာစေမယ့် အကြောင်းလေးတွေဘက်ကို နည်းနည်း စဉ်းစားကြည့်လိုက်ရအောင်။

✤

တစ်နေ့ -

လူတစ်ယောက်နဲ့ စကားပြောဖြစ်တယ်၊ ကြာခဲ့ပြီ။

(၁၅) နှစ်၊ အနှစ် (၂၀) လောက်တော့ ရှိလောက်ပြီ။

သူက ဘာပြောလဲဆိုတော့ -

သူဘယ်လိုကြီးဖြစ်နေမှန်းမသိဘူးတဲ့။ ဘာဖြစ်နေလို့လဲလို့မေးကြည့်တော့ နေရတာလည်း မပျော်ဘူးတဲ့။ ကိုယ့်ကိုယ်ကိုယ်လည်း သတ်တောင်သေချင်တယ်တဲ့။ ဘာလုပ်လုပ် ဘာမှလည်း အဆင်မပြေဘူး။ သူဘယ်လောက် ဘာ[illegible] တွေကြိုးစားကြိုးစား သူ့လုပ်ငန်းရှင်[illegible] သူ့ကို လုံးဝ အကောင်းမထင်ဘူးတဲ့ တွေးပြီးငိုင်နေမိတာ အချိန်ရှိသရွေ့[illegible] တဲ့။

သူ့ကံကို တွက်ကြည့်လိုက်တော့ သိပ်အဆိုးကြီးမဟုတ်ပါဘူး။ နားလည်[illegible] နည်းနည်းခက်သွားတယ်။ အဖြေရှာ[illegible] နည်းနည်းခက်သွားတယ်။ ဒါပေမယ့် တစ်ခုကို သတိထားလိုက်မိတာက[illegible] သူ့ရဲ့ တေဇဂြိုဟ်နဲ့ သိရီဂြိုဟ် တော်[illegible] ပျက်နေတယ်။

ဒါဆို ဒီလိုနှစ်မျိုးတွေမှာ ကိုယ့်[illegible] ကိုယ်ကိုယ်ဘုန်းကံနိမ့်သွားစေမယ့် အမှု[illegible] အမူ အနေအထိုင်မျိုး တော်တော်ဆင်ခြင်ရပြီ။

ဒါပေမယ့် သူကြည့်တော့လည်း တည်တည်ကြည်ကြည်ပဲ။ ဘာပြော[illegible] ပြောရမှန်း၊ ဘာသတိပေးလို့ပေးရမှန်း[illegible] ကို မသိဘူး။

ဒါကြောင့် အဝတ်ပေါင်းစုံလှန်[illegible] ကြိုးတန်းတွေများ ကိုယ်အိပ်တဲ့အပေါ်[illegible] နား၊ ထိုင်တဲ့အပေါ်နားတွေမှာရှိနေ[illegible] လား။ ဒါမှမဟုတ် အဲဒီကြိုးတန်းတွေ[illegible] အောက်ကများ အမြဲဖြတ်သွားဖြတ်လာ[illegible] နေရလားဆိုပြီး ဒိုပြင်မေးခွန်းတွေပါ[illegible]

BURMESE CLASSIC .com

## ကြယ်အမြင့်များနှင့် သူ့ရဲ့လက်ဆောင်

([illegible])

ဆရာဦးမောင်မောင်သန်း



www.burmeseclassic.com

www.burmeseclassic.com

ကြည့်မလို့ စကား,စတုန်းရှိသေးတယ်။

'ဆရာ၊ ကျွန်တော် တစ်ခုပြောမယ်။ အဝတ်လျှော်စက်နဲ့များ ဆိုင်နေလားလို့' တဲ့။

'ဟာ - ဘာမှမဆိုင်ဘူး။ ခင်ဗျားကံမှာ စက်တွေဘာတွေဝယ်လို့ကောင်းတယ်။ စက်ဝင်လို့ဘာမှမဖြစ်ဘူး'

ဆိုပြီး ပြောလည်းပြော -

'မဟုတ်ဘူး ဆရာ။ ကျွန်တော်ပြောချင်တာက အဝတ်လျှော်စက်ထဲကို အားလုံးစုထည့်ပြီး လျှော်တာမျိုးကိုပြောတာ'

ဆိုတော့မှ နည်းနည်းကိုယ်ရှိန်သတ်ပြီး သတိထားရင်း စကားပြောနေတာကို ရပ်ထားလိုက်ပါတယ်။

'ကျွန်တော့်အိမ်မှာက အဝတ်လျှော်စက်ထဲကို အကုန်ထည့်လျှော်ကြတာဗျ။ အပြင်မှာလျှော်တာမဟုတ်ဘူး၊ ကျွန်တော့်အကျီတွေ၊ ကျွန်တော့်ခေါင်းအုံးစွပ်တွေ၊ ပြီးတော့ အမျိုးသမီးရဲ့အကျီတွေ၊ သမီးတွေရဲ့ အကျီတွေ အကုန်ထည့်လျှော်ကြတာ' တဲ့။

ထည့်လျှော်သမျှ အကုန်လုံးကို တစ်ခုချင်းပြောပြနေပါတော့တယ်။

ဒီတော့မှ -

'ဟာ - ဒါကြောင့်ဒီလိုဖြစ်နေတာကိုး'

ဆိုပြီး သူ့ဆီကနေ ပညာရလိုက်ပါတော့တယ်။

ဒါ မှန်တာပေါ့လို့ ပြောလိုက်ရင် ကိုယ်တိုင်သိသလိုလိုဖြစ်နေမှာစိုးလို့ သူပြောမှသိရတဲ့အတွက် -

'အေး - ဟုတ်တယ်နော်၊ ဒါမျိုးဆိုတာ ပြောရရင်တစ်မျိုးပဲ'

လို့ပဲ ပြန်ပြောလိုက်ရပါတယ်။

'ခင်ဗျားအကျီတွေ၊ ခေါင်းအုံးစွပ်တွေကို ခင်ဗျားပဲသတ်သတ်လျှော်ပေါ့ဗျာ'

လို့ အကြံပေးလိုက်ရပါတယ်၊

အဲဒီအကြောင်းကို ဘဝင်မကျခဲ့ပါဘူး။

ဒါကြောင့် သိချင်လွန်းလို့ -

'တစ်လလောက်ကြာရင် ခင်ဗျားနဲ့ ကျွန်တော် တစ်ခါထပ်ဆုံကြသေးတာပေါ့ဗျာ'

လို့ ပြောခဲ့ပါတယ်။

တစ်လကြာတော့ ပြန်လည်းတွေ့ရော သူပြောခဲ့တဲ့ အကြောင်းအရာတွေဟာ တကယ်ကိုဟုတ်နေပါလားဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

မျက်ဝါးထင်ထင်တွေ့ရပါတော့တယ်။

ဒီလူဟာ လူချောပါ။ မျက်နှာက ကြည်လင်ပြီး ချောမှချော။ ပြန်ဆုံတဲ့အခါ သူ့မျက်နှာဟာ ဖြူဝင်းပြီးကြည်နေတာပဲ၊ ပြုံးနေတာပဲ။ အလုပ်ထဲမှာ တော်တော့်ကို အဆင်တွေပြေသွားပြီ ဖြစ်တဲ့အကြောင်း၊ ဟိုင်ဒိုင်ဒီငေးဖြစ်နေတာတွေ တဖြည်းဖြည်းနဲ့ မဖြစ်တော့ဘူး ဆိုတဲ့အကြောင်း ဒီလိုတွေ လမ်းညွှန်ပေးတဲ့ဆရာ့ကို ဘယ်လိုကျေးဇူးတင်မှန်းမသိဘူးဆိုတဲ့အကြောင်း ရွှန်းရွှန်းကိုဝေနေပါတော့တယ်။

သူပြောတော့ ကိုယ့်ကိုယ်ကိုယ် လိပ်ပြာကတယ်ပြီးမလုံတော့ပါဘူး။ ဒါကြောင့် -

'ဘယ့်နှယ် မဟုတ်တာ၊ ကျွန်တော် လမ်းညွှန်တာမဟုတ်ဘူး။ ခင်ဗျားပြောပြလိုက်လို့သိလိုက်ရတဲ့ အယူအဆတွေမို့ ကျွန်တော်က ခင်ဗျားကို ကျေးဇူးတင်ရမှာပါ'

လို့ ကပျာကယာပြန်ပြောလိုက်ရပါတယ်။

'ဘာလို့လဲဆိုတော့ ခင်ဗျားဟာ ခင်ဗျားဘဝနဲ့ရင်းပြီးကြုံထားတဲ့အတွေ့အကြုံကို ကျွန်တော့်ကို ပြောပြတယ်။ ကျွန်တော်က အဲဒီကနေ ပညာရပြီး ခင်ဗျားဖြစ်ပုံကို နမူနာယူပြီး နောက်များမှာ တွေ့ရကြုံရမယ့် မိတ်ဆွေမှန်သမျှကို သတိပေးလို့ရပြီ၊ ပြုပြင်ပေးလို့ရပြီ။ ဒါကြောင့် ခင်ဗျားကို ကျွန်တော်တကယ်ကျေးဇူးတင်ပါတယ်'

လို့ အားရဝမ်းသာပြောလိုက်ရပါတယ်။

တကယ်လည်း ဟုတ်ပါတယ်။

အဲဒီမိတ်ဆွေနဲ့ကြုံပြီးနောက်မှာ လူပေါင်းတော်တော်များများကို အဝတ်လျှော်စက်ကိစ္စ အကြံပေးနိုင်ခဲ့ပါတယ်။

မိတ်ဆွေတွေကလည်း သူတို့အမှန်တကယ်ကြုံနေကြရကြောင်း ပြောကြပါတယ်။

အမျိုးသမီးဝတ်တွေနဲ့ အမျိုးသားဝတ်တွေ ထည့်လျှော်တာမျိုးရှိသလို တချို့ကျ တစ်ပြိုင်တည်းတော့ မလျှော်ပါဘူး။ အင်္ကျီတွေချင်းလျှော်တာကသတ်သတ်၊ တခြားလျှော်တာကသတ်သတ်ပါလို့ ပြောကြပါတယ်။ အဝတ်လျှော်စက်ကတော့ ထည့်ရတာ ဒီတစ်ခုတည်းပါပဲ။

နိုင်ငံရပ်ခြားမှာ လျှော်ကြတာကို သွားပြောလို့မဖြစ်ပါဘူး။

ဒီမှာက ဒီမြေဒီရေပါ က တန်ဖိုးမဖြတ်နိုင်တဲ့ ယဉ်ကျေးမှုတွေရှိသလို လိုက်နာကြရမယ့် စည်းကမ်းတွေလည်း ရှိနေပါတယ်။

စောစောကပြောတဲ့ မိတ်ဆွေနဲ့ ကြုံပြီးနောက်ပိုင်း ဒီကိစ္စကိုရောက်တဲ့အရပ်၊ တွေ့တဲ့ မိတ်ဆွေတွေကို အကြံပေးခဲ့ပါတယ်။

တော်တော်လေး ဝမ်းမြောက်ဝမ်းသာလက်ခံကြပြီး တကယ်လည်း ထူးထူးခြားခြား ဘုန်းတွေ၊ ကံတွေမြင့်လာပုံကို ပြောကြပါတယ်။ ဒါကတော့ ဦးဆုံးပြောပြခဲ့တဲ့မိတ်ဆွေရဲ့ ကျေးဇူးကြောင့်ပါပဲ။

တော်တော်များများရှိပါတယ်။

မြန်မာအမျိုးသားတွေကို အတောင်နှစ်ဆယ်ဝတ် မင်းယောက်ျားလို့တောင် ဆိုရိုးရှိခဲ့ကြတာပဲလေ။

ဘုန်းကံကို အတော်တန်ဖိုးထားကြသူတွေမို့ ဘုန်းကံကိုထိခိုက်စေမယ့် အကြောင်းမှန်သမျှကို စဉ်းစားဆင်ခြင်ရမှာပါ။

တွေ့ဖူးပါတယ်။

အသိအိမ်တစ်အိမ်မှာပါ။

ရေချိုးခန်းလုပ်ထားတဲ့ အခန်းကြီးထဲမှာ အဝတ်လျှော်တဲ့ အမျိုးသမီးတစ်ဦးက လုံချည်တွေကိုလျှော်နေတာ။ သူလျှော်ပုံက အားမာန်ပါ ပါတယ်။ အဝတ်တွေ တကယ်ချေး(ကြေး)ကျွတ်ပြီး တကယ်ဖြူလာမယ့် လျှော်နည်းပါ။ အဝတ်တွေကို ရိုက်ရိုက်လျှော်တာ။

အဲဒီလို လွှဲလွဲပြီးရိုက်ရိုက်လျှော်လေတော့ အဝတ်နဲ့အတူပါသွားတဲ့ ရေစက်လက်တွေက အပေါ်မှာ ဝဲပျံပြီး ဘေးနားက တိုင်ကီတွေထဲကို ပြန်ဝင်နေတာ မြင်မကောင်းဘူး။

သူကတော့ သူ့အလုပ်ကိုသူ တာဝန်ကျေပွန်အောင်လုပ်နေတာပဲ။ အိမ်က အိမ်ထောင်ဦးစီး မျက်နှာသစ်ရမယ်၊ ခေါင်းလျှော်ရမယ်၊ ရေချိုးရမယ်။ ဒါကြောင့်လား မသိဘူး။

အဲဒီအိမ်က အိမ်ထောင်ဦးစီးဟာ အလုပ်တွေထိခိုက်ကုန်ဆုံးလွန်းပြီး လူပါစိတ်တွေလေလွင့်နေတဲ့သူပါ။ ကျန်းမာရေးမထိဘဲ အကျင့်စာရိတ္တပိုင်းဆိုင်ရာတွေ၊ ငွေကြေးတွေ ထိကုန်တာပါ။

အကြံပေးခဲ့ရပါတယ်။

အဝတ်လျှော်တဲ့ တုတ်ကလေးနဲ့ပဲ ရိုက်လျှော်ခိုင်းပါလားလို့။

ဒီလိုပြောတော့ သူတို့ကလည်း ရိပ်မိပုံရပါတယ်။ ပျာပျာသလဲပဲ 'ဟုတ်ကဲ့၊ ဟုတ်ကဲ့' လို့ ပြောပြီး အဝတ်လျှော်သူကို သွားပြောနေပါတယ်။

အဲဒီအိမ်ထောင်ဦးစီးဟာ နောက်ပိုင်းတော့ ဆုံးရှုံးမှုတွေနည်းနည်းလာပါတယ်။

နောက်တစ်နေရာမှာ ပြုပြင်ပေးခဲ့ရတာကတော့ -

ရေစည်ဘေးနားက ကျောက်ပြားမှာ အဝတ်လျှော်တဲ့ကိစ္စပါပဲ။ လျှော်ရမယ့်နေရာမို့လျှော်တာ ဘာမှမဖြစ်ပါဘူး။

ဒါပေမယ့် ရှိသမျှအဝတ်ကို ဒီစည်နဲ့ ဒီရေခွက်နဲ့ ဒီကျောက်ပြားမှာပဲ လျှော်နေရတော့ အိမ်ထောင်ဦးစီးခမျာ ဘုန်းတွေနိမ့်ပြီး ဘာမှကိုလုပ်ကိုင်စားလို့ အဆင်မပြေရှာတော့ပါဘူး။ သူဟာ လူပျင်းမဟုတ်ပါဘူး။ လုပ်နေတဲ့ကြားထဲက ခများမှာ ဒုက္ခရောက်နေတာပါ။

အင်္ကျီ၊ ပုဆိုးလျှော်တယ်။ ပြဿနာမရှိဘူး။

ထဘီလျှော်ပြီး ဒီခွက်နဲ့ ရေခပ်တယ်။ ဒီခွက်ကို ဘေးနားချပြီး ခွက်ထဲကရေကို လက်နဲ့ယူ၊ ထဘီပေါ်ပက်ပြီး ဆပ်ပြာတိုက်မယ်။ ပြီးရင် လျှော်ဖွပ်မယ်။ လျှော်ပြီဆိုတာနဲ့ ထဘီလျှော်နေတဲ့ ဘေးခပ်လှမ်းလှမ်းမှာ ချထားတဲ့ ရေခွက်ကိုယူလိုက်၊ ရေစည်ထဲနှစ်ခပ်လိုက်၊ ထဘီပေါ် လောင်းလိုက်၊ ဖွပ်လိုက်နဲ့ ခွက်က ရေစည်ထဲမှာ ပေါလောဖြစ်တဲ့အခါ ဖြစ်လိုက်၊အဝတ်လျှော်ကျောက်ပြား ရောက်လိုက်နဲ့။

ဒီရေစည်ထဲက ရေနဲ့ ဒီခွက် အဲဒီအိမ်က အိမ်ထောင်ဦးစီးဟာ ခေါင်းလျှော်မယ်၊ ရေချိုးမယ်၊ မျက်နှာသစ်မယ်၊ ပလုတ်ကျင်းမယ်။

ကိုင်း - ဘယ်လိုလုပ်မလဲ။

တချို့ဆို ရေပုံးလေးတစ်ပုံးသတ်သတ်၊ ရေခွက်တစ်ခွက်သတ်သတ်ထား ပြီး လျှော်ကြဖွပ်ကြတာရှိတယ်။ ကောင်းတာပေါ့။ ဒါစည်းကမ်းပဲ။

တစ်ခုလျှော်မယ်၊ ပြီးရင် လက် ဆေးမယ်။ ပြီးရင် လက်သန့်သန့်နဲ့ ခွက် အသန့်ကိုကိုင်ပြီး ရေစည်ထဲမှာခပ်မယ် ပြီးရင် ပုံးထဲကို ရေပြောင်းထည့်မယ်။

ကြံဖန်ပြီး သန့်အောင်လုပ်ရ ပါတယ်။ မခက်ပါဘူး။

အို - ဒါလေးများ ဘာဖြစ်လို့ ဆိုရင်တော့ မဖြစ်သင့်တဲ့ အကြော တရားတွေ ဖြစ်လာတတ်ပါတယ်။

ရေဇလုံကြီးတွေ နှစ်ခုလော ထားတာတို့၊ ရေခွက်တွေ နှစ်ခု၊ သုံး ထားတာတို့ ဆိုတာ ဘယ်လောက် မကုန်ပါဘူး။ စည်းကမ်းလည်းပိုဖြစ် ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းကံကို တန်ဖိုးထားတဲ့သူတွေ အောင်မြင် ကြီးပွားချမ်းသာတာနဲ့ ဘုန်းကံကို တန်ဖိုးမထားဘဲ 'အမလေး - ဒါလေးများကွာ' ဆိုပြီး ဆင်ခြေအမျိုးမျိုးပေးတဲ့သူတွေ ဘဝရပ်တည်ကြရတာ တော်တော်ကွာခြားပါတယ်။

လက်တွေ့တွေ့ပါ။ တော်တော်ကွာခြားပါတယ်။

ဘယ်လောက်ထိ မြင်ဖူးလဲဆိုရင် လျှော်ပြီးသား အမျိုးသမီးဝတ်တွေကို ရေလိမ်ညှစ်ပြီး ရေစည်နှုတ်ခမ်းမှာ ခပ်လွယ်လွယ်တင်ထားလို့ ရေတွေ စက်လက်ကျနေတာကအစ မြင်ဖူးပါတယ်။ အပြင်ဘက်မှာ တစက်စက်ကျနေပြီဆိုမှတော့ အတွင်းဘက်မှာလည်း ကျနေတော့မှာပါပဲ။

ဒါဖြင့် အဲဒီတစက်စက်ကျနေတဲ့ ရေတွေစုဝေးတဲ့ ရေစည်ထဲက ရေနဲ့ပဲ ခေါင်းလျှော်မှာလား၊ မျက်နှာသစ်မှာလား၊ ပလုတ်ကျင်းမှာလား။

စဉ်းစားဖို့ပါ။

အသက်အရွယ်လေးရှိတဲ့သူတောင် ဒီလိုထားတတ်ရင် နည်းနည်းငယ်သေးသူတွေဆိုရင် ထားကြမှာပဲလေ။ ဒါလေးတွေကို သိအောင်တော့ ပြောပြသင့်တာပေါ့။ ဒါမှ သူတို့မသိသေးတာလေးတွေ သိသွားမယ်။ အမှုမဲ့အမှတ်မဲ့နေနေတာလေးတွေကို ဂရုထားလာကြမယ်။

ဒါလောက်မှ နားမလည်ဘူးလားလို့ သွားပြောလို့လည်း မဖြစ်သေးဘူး။

တစ်ခါတစ်ခါ တချို့နေရာလေးတွေမှာသိပြီး တချို့နေရာလေးတွေမှာ အမှုမဲ့အမှတ်မဲ့ဖြစ်တတ်တဲ့ကိစ္စလေးတွေ ဆိုတာရှိတတ်ပါတယ်။

ခုလိုဘုန်းကံနဲ့ဆိုင်တာမျိုးကျတော့ ဒါလောက်ကလေးများဆိုလို့ မသင့်တော်ပါဘူး။

အဓိကကတော့ အဝတ်လျှော်တဲ့နေရာတွေမှာ အကန့်လေးတစ်ခုထားပြီး စည်းကမ်းသတ်မှတ်လျှော်ရင်ရပါတယ်။ အပြင်ကနေ လာလျှော်ပေးတဲ့လူပဲဖြစ်ဖြစ်၊ အတွင်းကလျှော်တဲ့လူပဲဖြစ်ဖြစ် စည်းကမ်းလေး သတ်မှတ်ပေးထားရင် ရပါတယ်။

ဒီအကျီကို ဟိုလုံချည်တွေနဲ့ ရောမထားနဲ့။

အတူတူရောမလျှော်နဲ့။

ဟိုလုံချည်တွေထည့်တဲ့၊ လျှော်တဲ့နေရာမှာ ဒီအကျီထည့်မလျှော်နဲ့ သတ်သတ်စီလျှော်၊ ဒီအကျီတွေထည့်လျှော်ရင်လည်း ဟိုလုံချည်တွေကို အပြင်မှာ သတ်သတ်စီလျှော်။

ဒီခွက်နဲ့ ဟိုခပ်ဒီခပ်မလုပ်နဲ့။

အဝတ်တွေကိုလျှော်ရင် လုံချည်တွေကို ရိုက်မလျှော်နဲ့။ လုံချည်ရေတွေ ရေစည်ထဲ၊ ရေကန်ထဲမကျစေနဲ့။ အုတ်ကန်ကို သေချာပိတ်ထား။ ပိတ်ထားလို့မရရင်လည်း သန့်သန့်လေးထား။ အဝတ်တွေကို အဝတ်လျှော်တုတ်လေးနဲ့ ရိုက်လျှော်။ အဲလိုလေးတွေ သပ်သပ်ရပ်ရပ် လုပ်တတ်ကိုင်တတ်အောင် စည်းကမ်းလေး သတ်မှတ်ပေးလိုက်ရင် ရပါတယ်။

ဒါလောက် ခဲခဲယဉ်းယဉ်း တွေးနေရမယ့်ကိစ္စလည်း မဟုတ်ပါဘူး။

အဝတ်လျှော်တဲ့ နေရာတွေမှာ သပ်ရပ်သွားရင် ဘုန်းကံထိစရာတစ်ခုနေရာလျော့သွားတာပေါ့။ အဲဒီနေရာလျော့ပြီဆိုရင် တော်တော်လေးကို အဆင်ပြေသွားပြီ။ ချက်ချင်းသိသာလာပါလိမ့်မယ်။

အိပ်စက်အနားယူတဲ့နေရာဆိုရင်လည်း ခေါင်းအုံးကအစ သန့်နေမှ။

အိမ်ထောင်ဦးစီးအုံးတဲ့ခေါင်းအုံး၊ စောင်တွေကို သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းထားနိုင်မှ။

စားတဲ့နေရာလည်း ဒီလိုပဲ။

တချို့ပြောကြပါရဲ့။ ထမင်းကျက်ခါစ နည်းနည်းယူပြီး ပါးစပ်ထဲပစ်ထည့်စားကြသူတွေနဲ့ပတ်သက်ပြီး ပြောကြပါရဲ့။

အိမ်ထောင်ဦးစီး ဘုန်းကံမဲ့တတ်တယ်တဲ့။

တွေ့ဖူးပါတယ်။ အနီးကပ်လည်း နေခဲ့ဖူးပါတယ်။ ဟုတ်ပါတယ်၊ ရှေးလူကြီးတွေ ပြောသလိုပါပဲ။ အဲဒီအိမ်က အိမ်ထောင်ဦးစီးဟာ ရုပ်မပေါ်ဘူး၊ အစစအရာရာပိတ်နေသလိုပဲ။

ထမင်းဦးဦးဖျားဖျား လောက်စလုံးလောက်ယူပြီး ပါးစပ်ထဲပစ်ထည့်ကြသူနှစ်ဦး၊ သုံးဦးကို မေးကြည့်ဖူးပါတယ်၊ ဘာလို့ ဦးဦးဖျားဖျား အဲလိုလုပ်ရလဲဆိုတော့ အဖြေက ရေရေရာရာမရှိဘူး။

တစ်ယောက်ကျတော့ ဘာပြောတယ်မှတ်လဲ။

'အာဏာတည်အောင်'လို့တဲ့။

မဆိုင်ပါဘူး။

ကျက်ခါစထမင်းကို ဦးဦးဖျားဖျား အဲလိုစားရင် အာဏာတည်မယ်ဆိုရင်တော့ ဘာသီလမှ ဆောက်တည်စရာမလိုတော့ဘူး။ ဘာမှကျင့်ကြံအားထုတ်နေစရာမလိုတော့ဘူး။ ကျက်ခါစထမင်းကို အဲလိုပဲစားနေလိုက်ရုံပေါ့။

မဆိုင်ပါဘူး။

ဒီလိုပါးစပ်ထဲပစ်ထည့်မယ့်အစား ဘုရား၊ တရား၊ သံဃာဆိုပြီး ရတနာမြတ်(၃)ပါး၊ မိဘ ဆရာ အနန္တော အနန္တ (၅) ပါးကို ရည်မှန်းဦးဖယ်လိုက်ရင် ပိုမကောင်းဘူးလား။

ဒါက -

အမှုမဲ့အမှတ်မဲ့နေရင် အမှုမဲ့အမှတ်မဲ့ပါပဲ။ မဖြစ်နိုင်ပါဘူး ဒါလေးလုပ်တာနဲ့ အိမ်ထောင်ဦးစီး ဘုန်းကံမှိန်တတ်တယ် ဆိုတာ ဟုတ်နိုင်ပါ့မလားဆိုရင် လက်တွေ့လုပ်ကြည့်လိုက်တာနဲ့ သိပါလိမ့်မယ်။

တကယ်ထိနေကြတာပါ။

ဘာမှအဆင်မပြေကြပါဘူး။

ဘာလုပ်လုပ် လုပ်လေ ငွေတွေမြုပ်လေပါပဲ။

အဲဒီလိုကိုဖြစ်နေတာပါ။

အဲဒီအကျင့်တစ်ခုကို ဖျောက်လိုက်တာနဲ့ အဲဒီအိမ်က အိမ်ထောင်ဦးစီးကို ကူညီလိုက်ရာရောက်သွားပါပြီ။

ဒါတွေဟာ စိတ်ကူးယဉ်မဟုတ်ပါဘူး။

တကယ့်လက်တွေ့တွေ့ပါ။

ရှေ့မီနောက်မီဘကြီးတစ်ယောက်ကို မေးကြည့်တော့ -

ဒါက တစ်အိမ်လုံးကို ပြောနိုင်ဆိုနိုင်၊ ဟန်နိုင်အောင် လုပ်သလိုဖြစ်သွားတာပေါ့ကွယ်တဲ့။ အဲဒီဘာမဟုတ်တာလေးက အိမ်ထောင်ဦးစီးကို နှိမ့်လိုက်သလိုပါပဲတဲ့။

'ဟုတ်ပါ့မလား အဘ'ဆိုတော့ -

'မင်းအိမ်မှာလက်တွေ့လုပ်ကြည့်လိုက်လေ' တဲ့။

မလုပ်ရပါဘူး။

အဲဒီဘကြီးပြောတာကို မှတ်တော့ထားလိုက်တာပေါ့။

နောက်တစ်ခုက -

ထမင်းစားပြီးရင် ဘေးနားမှာရှိတဲ့ အမှိုက်လေးတွေကို ကိုယ့်ထမင်းပန်းကန်ထဲထည့်၊ အဲဒီလိုထည့်ပြီးမှ ဟင်းခွက်တစ်ခုခုထဲကဟင်းကို ခပ်သောက်တာပဲဖြစ်ဖြစ် ကိုယ့်ပန်းကန်ထဲကို တစ်ခုလောက်ထည့်ပြီး ထပ်စားတာပဲဖြစ်ဖြစ် မလုပ်ရပါဘူး။

ဆိုကြပါစို့၊ ထမင်းစားတုန်းက တို့စရာတွေတို့မယ်၊ အဲဒီတို့စရာအသီးအရွက်တွေရဲ့အကိုင်းတို့၊ အခွံတို့၊ အရိုးတို့ကို ဘေးနားမှာ ခပ်လွယ်လွယ်ချထားမယ်။

ဟော - ထမင်းလည်းဝရော ဘာမှမရှိတော့တဲ့ပန်းကန်ပြားကို သွားဆေး



www.burmeseclassic.com

www.burmeseclassic.com

တော့မှာမို့ ခုနချထားတဲ့ ဘေးနားက အမှိုက်လေးတွေကို ပန်းကန်ထဲကောက်ထည့်။ ဒါပေမယ့် ထမဆေးသေးဘဲ ဟင်းဖတ်တစ်ခုခုကို ဇွန်းနဲ့ခပ်ယူပြီး ပန်းကန်ဘေးနားတစ်နေရာလေးမှာ တင်ထားပြီးစားတာမျိုး မလုပ်သင့်ဘူး။

စားချင်ရင် အမှိုက်လေးတွေ ကောက်မထည့်နဲ့ဦး။ ထမင်းကုန်သွားတဲ့ပန်းကန်ထဲကို ဟင်းထပ်ထည့်စားရတယ်။ ဒါလည်း ပြဿနာမရှိပါဘူး။

အမှိုက်တွေထည့်ပြီးမှ အဲဒီပန်းကန်ထဲကို ထပ်ထည့်စားရင် အဲဒီအိမ်ထောင်ဦးစီး၊ အဲဒီစားတဲ့သူပေါ့လေ ဘယ်လောက်ရှာရှာ၊ ဘယ်လောက်ပိုက်ဆံဝင်ဝင် ဘယ်လိုမှမစုမိဘူး။ ဟောခနဲ ဟောခနဲ အကြောင်းအမျိုးမျိုးနဲ့ကုန်တတ်တယ်။ ဘယ်လောက်ကြိုးစားကြိုးစား အလကားပဲ။ ပြီးတော့ ဩဇာမရှိသလိုဘဲ။ ကိုယ့်မိသားစုတွင်းမှာ ကိုယ်ဆုံးမလို့ မရဘူး၊ စကားမအောင်ဘူး၊ စကားမတည်ဘူး၊ လူကတဖြည်းဖြည်းစိတ်ဖိစီးမှုတွေများလာသလိုပဲ။

တွေ့ဖြစ်ခဲ့ရင် မေးကြည့်လိုက်ပါ။

မြင်ခဲ့ရင် လေ့လာကြည့်လိုက်ပါ။

လက်တွေ့က ပိုကောင်းပါတယ်။

အမှိုက်ထဲက အစားအစာကို စားမိတာနဲ့ ဘယ်လိုတွေဖြစ်ကုန်တယ်ဆိုတာ လက်တွေ့ကျကျသိပါလိမ့်မယ်။

ဒါ -

ထမင်းဝိုင်းကနေ ဘုန်းကံနိမ့်သွားစေတဲ့အကြောင်းအရာထဲက တစ်ခုပါပဲ။

သိပြီးသားဖြစ်နေရင်လည်း မသိသေးတဲ့သူတွေကို ပြောပြလို့ရတာပေါ့။

သိပြီးသားလူတွေအတွက်ကတော့ မလိုပါဘူး။

မသိသေးတဲ့သူတွေအတွက် အကြံပြုတာပါ။

နောက်တစ်ခု -

ဘုန်းကံနိမ့်စေတဲ့အကြောင်းတွေ အများကြီးထဲကတစ်ခုကတော့ -

ပြောပြပြန်ရင်လည်း ပြင်ဖို့ခက်ကောင်းနေကြပါလိမ့်မယ်။

အကျင့်ဖြစ်နေရင် ပြင်ဖို့မလွယ်ပါဘူး။

ဒါပေမယ့် ကိုယ့်ဘုန်းကိုယ့်ကံကို တကယ်မထိစေချင်သူတွေအတွက် အကြံပြုလိုက်ပါဦးမယ်။

အဲဒါကတော့ ပျစ်ပျစ်နှစ်နှစ်ဆဲဆိုခြင်းပါပဲ။

အိမ်ထောင်ဦးစီးတွေကို အဓိကထားပြီး အကြံပေးနေတာ ဖြစ်ပေမယ့် နောင်တစ်ချိန်မှာ အိမ်ထောင်ဦးစီး ဖြစ်လာမယ့် လူငယ်အမျိုးသားလေးတွေကိုလည်း မေတ္တာနဲ့အကြံပြုချင်ပါတယ်။

ဆဲဆိုတာဟာ အနိဋ္ဌပါ။

ယုတ်ညံ့ခြင်းပါ။

ပြောရမယ်ဆို ကျက်သရေမရှိပါဘူး။

ပါးစပ်ကျက်သရေမရှိပါဘူး။

တကယ်အောင်မြင်နေတဲ့ ပုဂ္ဂိုလ်တွေစကားပြောရင် နားထောင်ကြည့်ပါ။ တိုင်းထွာဆဲဆိုပြီးပြောကြတာမရှိပါဘူး။

သူတို့ပါးစပ်ထဲမှာ ယုတ်ညံ့တာတွေနဲ့ ပြည့်မနေပါဘူး။

ပါးစပ်ငဲကို ယုတ်ညံ့တာတွေ ပျစ်ပျစ်နှစ်နှစ်ရောက်တာလောက် ဘုန်းကံနိမ့်တာ မရှိပါဘူး။

ကြည့်ကြည့်ပါ။ မြင့်မြင့်မားမား ဖြစ်လာအောင် ကိုယ့်ကိုယ်ကိုယ် သိက္ခာရှိရှိနဲ့ ဘဝအဆင့်မြင့်တက်လာတဲ့သူတွေကို ကြည့်ကြည့်ပါ။

အဲဒီလိုမဆဲကြပါဘူး။

တကယ့်ကို ချမ်းသာကြွယ်ဝသူတွေ၊ တကယ်ကို ဂုဏ်သရေရှိအောင် နေနေတဲ့သူတွေ မဆဲကြပါဘူး။

ဆဲဆဲပြီးစကားပြောကျင့်ရှိတဲ့သူတွေကို လေ့လာကြည့်ပါ။

ဘဝမလှတာများပါတယ်။

ရုန်းကန်နေရတဲ့သူတွေ များပါတယ်။

အဲဒီလို ရုန်းရကန်ရဖြစ်နေရတဲ့လူတွေသာ စကားပြောရင် တွတ်ခနဲတွတ်ခနဲဆဲတတ်ကြပါတယ်။ ဆဲပြီးပြောကြပါတယ်။

အလုပ်ကြမ်းလုပ်ပြီး ဘဝကိုရပ်တည်ရတဲ့သူတွေ ပိုဆိုးပါတယ်။

လေ့လာကြည့်ပါတယ်။

(၁၃) နှစ်၊ (၁၄) နှစ်၊ (၁၅) နှစ်၊ (၁၆) နှစ်ဝန်းကျင်လေးတွေ တစ်ယောက်နဲ့တစ်ယောက် နောက်ပြောင်ကျီစယ်စကားပြောကြရင် ငါ---တို့၊ မင်းအမေ---တို့ ပျစ်ပျစ်နှစ်နှစ်ကို ဆဲဆိုပြီးမှ ပြောတတ်ကြပါတယ်။ အဆဲမပါရင် စကားမပြောတတ်ကြတော့ပါဘူး။

ဒါပေမယ့် အဲဒီလို ပျစ်ပျစ်နှစ်နှစ် ဆဲဆိုတတ်တဲ့ကလေးတွေ၊ စကားပြောရင် ဆဲဆိုတိုင်းထွာတာမပါရင် မပြီးတဲ့ကလေးတွေ။ အဲဒီကလေးတွေကို လေ့လာကြည့်တဲ့အခါ သူတို့မိဘတွေခမျာ ဘဝကို ခပ်ကြမ်းကြမ်း ကြိုးစားရုန်းကန်ရင်ဆိုင်နေရတဲ့သူတွေ များပါတယ်။

ဒါကြောင့် -

လက်ဦးဆရာဖြစ်တဲ့ မိဘက ... နေပြရမှာဖြစ်သလို ကလေးတွေကိုလည်း နားဝင်အောင်၊ နားလည်သဘောပေါက်အောင် ပြောပြသင်ပြဖို့ လိုပါတယ်။

ဘုန်းကံကောင်းတွေဖြစ်နေအောင် ကလေးလေးတွေအတွက် စဉ်းစားပေးရမှာ ဖြစ်ပါတယ်။

ဘုရားဝတ်ပြုတဲ့ပါးစပ်၊ မြင့်မြတ်တဲ့ပါးစပ်၊ မင်္ဂလာရှိတဲ့စကားတွေပြောရတဲ့ပါးစပ်။ ဒီပါးစပ်မှာ အနိဋ္ဌတွေ၊ ညစ်တီးညစ်ပတ်စကားလုံးတွေနဲ့ ပြည့်နေလို့ မဖြစ်ပါဘူး။

တကယ် ရှာရဖွေရခက်ပါတယ်။ တကယ်ချို့တဲ့လှပါတယ်။

လေ့လာကြည့်ပါ၊ အသိတွေထဲမှာကို မြင်ဖူးပါတယ်။ ပါးစပ်ထဲက ညစ်တီးညစ်ပတ် တောက်လျှောက်ထွက်နေတဲ့သူတွေဟာ တကယ့်ကို ရုန်းကန်လှုပ်ရှားရလွန်းတဲ့သူတွေပါ။

ပြည့်စုံချမ်းသာ အောင်မြင်နေတဲ့သူတွေ၊ လူပရိသတ်များစွာနဲ့ စကားပြောကြရတဲ့သူတွေ၊ ပညာပေးကြရတဲ့သူတွေ၊ အဲဒီလို ပုဂ္ဂိုလ်တွေကိုလည်း လေ့လာကြည့်ပါ။ သူတို့လည်း ဆဲတယ်ဆိုတာကို သိကြမှာပါ။ ဆဲပြီး စကားမပြောကြပါဘူး။

ဒါဟာ သူတို့တွေရဲ့ အောင်မြင်မှုပါပဲ။ သူတို့ရဲ့အရည်အချင်းကောင်းပါပဲ။

ဒါလေးတွေကို ပြောပြချင်တာပါ။

ဒါလေးတွေဟာ ဒီလအတွက် ပေးချင်လွန်းလှတဲ့ သူရဇ္ဇလက်ဆောင်ပါပဲ။

ကိုယ့်ကိုယ်ကိုယ်ပြန်သတိထား... ထိန်းချုပ်ဖို့၊ အနိဋ္ဌကို အနိဋ္ဌမှန်း မြင်အောင်လို့ ဘုန်းတွေကံတွေ မနိမ့်စေချင်တဲ့မေတ္တာနဲ့ ဒီလမှာ ဒီသူရဇ္ဇလက်ဆောင်ကို အကြံပြုလိုက်တာ ဖြစ်ပါတယ်။

ဖြစ်နိုင်တာတွေကိုသာ လက်ဆောင်ပေးလိုက်တာမို့ -

အနိဋ္ဌဖြစ်ပြီး ဘုန်းကံကို ထိခိုက်နိုင်မယ်ထင်တဲ့ အကြောင်းတရားတွေ... သတိထားကြည့်ရင်း၊ ရှောင်ရှားရင်း-

ဘုန်းတွေကံတွေ မြင့်သထက်မြင့်ကြပါစေ။

ကျန်းမာခြင်း၊ ချမ်းသာခြင်း ... စွာ ပြည့်စုံကြပါစေ။

ရှိပြီးရင်းရှိကြပါစေ။

ပြည့်ပြီးရင်းပြည့်ကြပါစေ။

ဆရာဦးမောင်မောင်...

(ရေငံကိုအေးမြစေ...



www.burmeseclassic.com

www.burmeseclassic.com



# ခုနစ်ရက်သားသမီး ဟောစာတမ်း

ဆရာဦးမောင်မောင်သန်း

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် သောကြာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများတောင်းပါ။ အကြံဉာဏ်များရယူပါ။ အကောင်းဆုံး အောင်မြင်သွားပါလိမ့်မည်။ (၄)ဂဏန်း ရှောင်ပြီး အလုပ်လုပ်ပါ။ ခရီးယာယီပေါ်မည်။ လူမျိုးကွဲအကျိုးပေးမည်။ လုပ်ငန်းခွင်အတွင်း စိတ်ကသိကအောက်ဖြစ်စရာ ကြုံမည်။ ကိုယ်က မေတ္တာထားပြီး ဆောင်ရွက်ပါ။ သည်းခံခွင့်လွှတ်စိတ်မွေးပါ။ စက်ပစ္စည်းဝင်မည်။ ငွေကုန်စရာကိစ္စများနည်း နိုင်သမျှ နည်းနေစေရန် ဒိဝါတပတိဂါထာကို နေ့စဉ် ပုတီးနှစ်ပတ်၊ သုံးပတ်ရအောင်စိပ်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာရပါမည်။ ပညာရေးကံများကောင်းနေသော်လည်း အသွားအလာ၊ အပျော်အပါးကိစ္စများလျှော့ပြီး ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားမှ အောင်မြင်ရေးသေချာမည်။ ကျန်းမာရေး စိတ်ပူရန် မလိုပါ။ လွန်စွာ အအေးခံခြင်း၊ လွန်စွာအိပ်ရေး ပျက်ခံခြင်းများ ရှောင်လိုက်ပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အနီရောင်၊ အဝါရောင်အကျီများ ဝတ်ဆင်မသွားပါနှင့်။ လူမှုရေးကိစ္စများကြုံတတ်သလို အတော်သတိထားပြီး ဆောင်ရွက်ရပါမည်။ မွေးနေ့တွင် အသားစားရှောင်ပြီး ကောင်းမှု တုသိုလ်တစ်ခုခုကိုပြုပါ။ ဘုရားရှင်အား နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်တော်ရေများ ကပ်လှူပါ။ ထီကံကောင်းမည်။ စနေသားသမီးများနှင့် စပ်တူထီထိုးပါ။ (၇၊ ၀၊ ၆၊ ၃) ဂဏန်းများနှင့် ပြည့်နေအောင်ထိုးထားပါ။

ယတြာ ။ ။ *ဘုရားရုပ်ပွားတော်တစ်ဆူဆူတွင် ပူဇော်ထားသော ကနက္ကဒဏ်ထီးဖြူအဟောင်းကို စွန့်၍ အသစ်ပူဇော်ပါ။ (ကျပ်ခိုး ပင့်ကူအိမ်များနှင့် အရောင်အဆင်းမရှိတော့သော ထီးဖြူဟောင်းကိုသာ အသစ်လဲလှယ်ပူဇော်ပါ။*

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

လုပ်ငန်းတွေလုပ်နေရင်း၊ ပညာရေးအတွက်ကြိုးစားနေရင်း အောင်မြင်လိုသော မည်သည့်ကိစ္စမဆို တနင်္ဂနွေနာမည်ရှင် ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ **အကောင်းဆုံး** အောင်မြင်သွားပါလိမ့်မည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ် ပါ။ စက်ပစ္စည်းအတွက် စိတ်ကသိကအောက်ကြုံရတတ်ပါသည်။ အရှုပ်အရှင်းရှိသော စက်၊ ယာဉ်များဝင်လာတတ်ပါသည်။ စကားပြောအထူးဆင်ခြင်ပါလေ။ **စကားတစ်ခွန်းကို အပ်ကြောင်းထပ်အောင်** မပြောပါနှင့်။ အစားများတတ်သောကြောင့် မတည့်သော အစားအသောက်များ **ဆင်ခြင်ပါ။** ခရီးဝေးသွားရန်ကိစ္စပေါ်လာတတ်ပါသည်။ သီလဆောက်တည်နေထိုင်ခြင်း ကျင့်ကြံအားထုတ်မှုများဝတ္တရားမပျက်စေခြင်းများဖြင့် အရာရာကျော်လွှားသွားနိုင်ပါလိမ့်မည်။ အညံ့များရှိပါက လျော့နည်း သွားပါလိမ့်မည်။ ပညာရေးကံများ **ကောင်းပြီးရင်းကောင်းရန်ဖြစ်**နေပါသည်။ မိတ်ဟောင်းများကူညီတတ်ပါသည်။ လူငယ်များ အချစ်ရေးကောင်းနေစေရန်၊ ခို၊ ကျိုး၊ **ခွေးလေးများကို** တစ်လှည့်စီ အစာကျွေးပါ။ ချစ်သူကို အတိတ်က အကြောင်းများပြောပြီး စိတ်မညစ်ပါစေနှင့်။ ရာထူးအတွက် **မျှော်လင့်စောင့်စားနေသူများ** အဆင်ပြေပါတော့မည်။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ အလုပ်**အပြောင်းအရွှေ့**၊ နေအိမ်အပြောင်းအရွှေ့များ ကြုံရတတ်ပါသည်။ ထီထိုးရန်အတွက် လှည်းနှင့်ရောင်းသော ထီလှည်းများထံမှ (၁၊ ၅၊ ၄၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကာစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ဘုရားရုပ်ပွားတော်တစ်ဆူဆူတွင် ဖုန်များကို မျက်နှာသုတ်ပဝါအသစ်နှင့် ဖြည်းညင်းစွာသုတ်ပြီး ရောင်တော်ဖွင့် ပူဇော်ပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို သောကြာနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကြံ ဉာဏ်များ၊ အကူအညီများရယူပါ။ **အကောင်းဆုံး** အောင်မြင်သွားပါလိမ့်မည်။ (၄) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ **စက်ပစ္စည်း** ကောင်းများ မမျှော်လင့်ဘဲ ရရှိမည်။ **ရပ်ဝေးမှာရှိသောလုပ်ငန်းများ** ကောင်းလာမည်။ လူမျိုးကွဲနှင့် စကားအချေအတင်ကို များပြောရတတ်သည်။ လုပ်ငန်းခွင်**အတွင်း စိတ်ပင်ပန်းမှု**များရှိနေတတ်သည်။ ကျန်းမာရေးကောင်းနေပါသည်။ အာရုံကြောများ မကြာခဏ အနားပေးရပါမည်။ လွန်စွာအိပ်ရေးပျက်မခံသင့်ပါ။ လူမှုရေးအခက်အခဲများကြုံတိုင်း အိမ်နှင့်နီးသောဘုရား ခြေကျင်သွား၍ တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းကုသိုလ်များပြုပါ။ လူငယ်များ၏ အချစ်ရေးက ကောင်းလွန်း ပါသည်။ သွားရင်းလာရင်း မျက်နှာပွင့်နေတတ်၍ ချစ်သူအပေါ် သစ္စာရှိရပါမည်။ ပညာရေးကံများကောင်းနေစေ အချစ်ရေးနှင့် ပညာရေး ရောထွေးမသွားပါစေနှင့်။ ဖွဲ့၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားကျက်မှတ်ပါ။ အောင်မြ... ...ပါလိမ့်မည်။ ကိုယ်မကျွမ်းကျင်သောလုပ်ငန်းများတွင် စပ်တူရှယ်ယာဝင်ခြင်း၊ သူတစ်ပါးကိစ္စကို ကြားက ... ...ချင်လိုက်ပါ။ ဘုရားရှင်အား နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်တော်ရေကပ်လှူပါ ... ...ရန်အတွက် နေ့စဉ် ဒိဝါတပတိဂါထာကို ပုတီးနှစ်ပတ်၊ သုံးပတ်စိပ်ပါ။ မလိုအင် ... ...သွားပါလိမ့်မည်။ ထီထိုးမည်ဆိုပါက ကားနှင့်ရောင်းသော ထီသည်၊ စက်ဘီးနှင့် ... ...ပတွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

ယတြာ ။ ... *...ထားသော မီးလုံး (သို့) မီးချောင်းကျွမ်းနေပါက အသစ်ဝယ်ပြီး ပူဇော်လိုက်ပါ။*

BURMESE CLASSIC .com

## ...သားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို တနင်္ဂနွေနာမည်ရှင်၊ စနေနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကြံဉာဏ်များရယူပါ အကျိုးပေးပါလိမ့်မည်။ (၅) ဂဏန်းရှောင်ပြီး **အလုပ်လုပ်ပါ။** လုပ်ငန်းများအောင်မြင်နေမည်။ အလုပ်ရှာနေသူများ၊ အင်တာဗျူး ဖြေဆိုထားသူများ အလုပ်ရပါတော့မည်။ **အိုးသစ်အိမ်သစ်ဝင်မည်။** ကြီးကဲသူ မိဘ၊ ဆွေမျိုး၊ ဆရာသမားများ၏ ကူညီပံ့ပိုးမှု ရရှိ... ...ကျေးဇူးပေးတတ်ပါသည်။ လာဘ်လာဘအတွက် နေ့စဉ် ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။ အလုပ်ပင်ပန်းသော်လည်း ကျန်းမာရေးဂရုစိုက်ပေးပါ။ ... အစားပျက်ဖြစ်အောင်မနေပါနှင့်။ ပန်ကာလေမခံပါနှင့် ရင်ပြည့်စာများ သတိထားစားပါ။ ကိုယ်လက်လှုပ်ရှားအမြဲပြုလုပ်ပါ။ လမ်းများများလျှောက်ပါ။ လူမှုရေးကိစ္စတွင် အတိုက်အခံ များရှိပါက ဘုရားစေတီတစ်ဆူဆူသို့သွား၍ တံမြက်လှည်းပါ။ အမှိုက်ကောက်ပါ။ ပညာရေးကံများ အသင့်အတင့်ကောင်း နေသော်လည်း စာထဲတွင် အာရုံစိုက်ထားပါ။ ကစားချိန်ကစား၊ စာချိန်စာပြုလုပ်ပါ။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာကိစ္စ အဆင်ပြေစေရန် ဘုရားတစ်ဆူဆူတွင် ဖြိုက်ရှစ်ခွင်လုံးလှည့်၍ ရေသပ္ပာယ်ပါ။ မကြာမကြာပြုလုပ်ပါ။ အနိဋ္ဌလည်းမပြောပါနှင့် မင်္ဂလာရှိသောစကားများသာပြောပါ။ ပန်းပုရုပ်ဟောင်းများ မဝယ်ပါနှင့်။ စီးပွားရှာ၍ရလာသောငွေများ အဖတ်မတင် ကုန်သွားတတ်သည်။ အနေအထိုင်၊ အပြောအဆို ဆင်ခြင်ရပါမည်။ ထီထိုးရန်အတွက် တနင်္ဂနွေနံထီဆိုင်တွင် (၁)ဂဏန်း နှင့်စသောထီလက်မှတ်လေးများ နိုင်သလောက်ထိုးပါ။ ထီပေါက်တတ်ပါသည်။

ယတြာ ။ ။ *ဘုရားစေတီတစ်ဆူဆူသို့သွား၍ ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ဆီနှင့်ပွမ်းနှင့်ထွန်းရသော ဆီမီးခွက် (၁၇) ... ထွန်းညှိပူဇော်ပါ။*



www.burmeseclassic.com

www.burmeseclassic.com

**ကြာသပတေးသားသမီးများ**

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို သောကြာနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများတောင်းပါ။ အကြံဉာဏ်များရယူပါ။ အကောင်းဆုံး အကျိုးပေးပါလိမ့်မည်။ (၇) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ မျှော်လင့်နေသော သတင်းကောင်းများ ကြားရပါတော့မည်။ စားသောက်ဖွယ်ရာပစ္စည်းများ လက်ဆောင်ရရှိမည်။ ရန်များတတ်သောကြောင့် အမိကရန်မဖြစ်ဖို့ ရန်မများဖို့ ဆင်ခြင်ရပါမည်။ လူမှုရေးကိစ္စများကြုံတတ်သလို အတော်သတိထားပြီး ဆောင်ရွက်ရပါမည်။ အရှုပ်အရှင်းမကင်းသောစက်ပစ္စည်းများ ဝင်မလာပါစေနှင့်။ လက်မခံပါနှင့်။ လောင်ကစားကိစ္စများ ဝေးဝေးရှောင်ပါ။ ကျန်းမာရေးကောင်းနေစေရန် လွန်ကဲစွာ အအေးမခံပါနှင့်။ ရေချိုးဆင်ခြင်ပါ။ ရေကို အချိန်မရှိမှမချိုးပါနှင့်။လေထိုးလေအောင့်တတ်၍ ချုပ်စာများရှောင်ပါ။ ရေသတ္တဝါလေးများ၊ စာကလေးများကို ဘေးမဲ့လွှတ်ပေးခြင်း၊ အစာကျွေးခြင်း စသောကုသိုလ်ကောင်းမှုများကို မကြာမကြာဆောင်ရွက်ပါ။ ပညာရေးကံများကောင်းနေပါသည်။ အပျော်အပါးလျှော့ပေးရန်၊ စာပိုကျက်ရန်သာလိုပါသည်။ လူငယ်တို့၏အချစ်ရေးကောင်းမည်။ သွားရင်းလာရင်း မျက်နှာပွင့်နေတတ်သူဖြစ်ပါက ချစ်သူအပေါ် သစ္စာရှိရမည်။ အလုပ်ပြောင်း၊ အိမ်ပြောင်းကိစ္စများ ကြုံရတတ်သော်လည်း စိတ်မပျက်ပါနှင့်။ ပို၍ကောင်းသောနေရာများဖြစ်နတတ်ပါသည်။ ထီထိုးရန်အတွက် ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီကံကောင်းပါလိမ့်မည်။

ယတြာ ။ ။ *နံနက်အရုဏ်တက်တွင် ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။*

**သောကြာသားသမီးများ**

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ဗုဒ္ဓဟူးနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်များရယူပါ။ အကျိုးပေးပါလိမ့်မည်။ စိတ်ရှည်ရှည်ထားပြီးပြောပါ။ ၎င်းတို့သည် မအားလပ်သူများဖြစ်နေတတ်ပါသည်။ သို့သော် ကူညီပါလိမ့်မည်။ (၁)ဂဏန်း (၅)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စက်ပစ္စည်းအကျိုးပေးမည်။ လူမျိုးကွဲများနှင့် အဆင်ပြေမလိုလို ထစ်ငေါ့နေတတ်သည်။ လုပ်ငန်းခွင်တွင်း စကားများပြောရဆိုရမလွယ်သောကာလဖြစ်နေမည်။ ကိုယ်ကလျှော့ပေးပါ။ အိမ်တွင်းရေးစိတ်ချမ်းသာမှုရရှိမည်။ ကျန်းမာရေးကောင်းနေသည်ဆိုပြီး မပေါ့ပါနှင့်။ လွန်စွာအိပ်ရေးပျက်ခံခြင်း လွန်စွာ အအေးခံခြင်းများရှောင်လိုက်ပါ။ အကြော်တက်စာများ ဆင်ခြင်စားပါ။ ပညာရေးကံများကောင်းနေသော်လည်း ကျက်ထားသောစာများ ပြန်မေ့သွားတတ်ပါသည်။ စာချိန်စာ၊ ကစားချိန်ကစား အချိန်ဇယားနှင့်ထားပါ။ အပျော်အပါးလျှော့ပါ။ သူငယ်ချင်းများနှင့် အချိန်မဖြုန်းပါနှင့်။ အောင်မြင်မှုများရရှိလာပါလိမ့်မည်။ ငယ်ရွယ်သူတို့၏အချစ်ရေးရာကိစ္စများ တစ်ဦးနှင့်တစ်ဦး သဝန်တိုနေခြင်းများရှိတတ်ပါသည်။ အထင်အမြင်လွဲမှားတတ်ခြင်းသာဖြစ်၍ စိတ်ဆိုးစိတ်ကောက်နေသောချစ်သူကို နားလည်မှုဖြင့် ဖျောင်းဖျပါ။ အဆင်ပြေသွားပါလိမ့်မည်။ ခွေးလေးများကို အစာကျွေးပါ။ မိဘမဲ့ကလေးများကိုလည်း တတ်နိုင်သမျှ လှူပေးပါ။ လူမှုရေးအခက်အခဲကြုံတိုင်း အိမ်နှင့်နီးသောဘုရားကိုလမ်းလျှောက်သွားပြီး တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်း ကုသိုလ်များပြုပါ။ ထီထိုးရန်အတွက် စက်ဘီးနှင့်ရောင်းသော ထီသည်လေးများထံမှ (၃၊ ၄၊ ၇၊ ၀) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားပါ။

ယတြာ ။ ။ *ယခုတစ်လလုံး ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို မပျက်မကွက် ရွတ်ဖတ်၍ ဘုရားရှင်အား ပူဇော်ပါ။*

**စနေသားသမီးများ**

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို တနင်္ဂနွေနာမည်ရှင်၊ တနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကူအညီများပေးပါလိမ့်မည်။ (၆) ဂဏန်း၊ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အတိုက်အခံရန်များတတ်သောကာလဖြစ်နေတတ်၍ နေ့စဉ် မေတ္တာသုတ်ကို ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ရန်မဖြစ်ဖို့၊ ရန်မများဖို့ ဆင်ခြင်ရပါမည်။ လောင်းကစားကိစ္စများ ဝေးဝေးရှောင်ပါ။ အကျိုးမပေးတတ်ပါ။ စက်ပစ္စည်းများရှိပါက မကြာခဏ ပျက်တတ်၊ ပျောက်တတ်၍ လက်မများပါစေနှင့်။ လူမျိုးကွဲနှင့်ဆိုင်သောကိစ္စများအတွက် ထစ်ငေါ့နေတတ်ပါသည်။ အလုပ်နှစ်မျိုး၊ သုံးမျိုးလုပ်နေရသဖြင့် စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်နေမည်။ ငွေဝင်လာပြီး မလိုအပ်သော ကုန်ကျမှုမျိုးမရှိစေရန် နေ့စဉ် ဒိဝါတပတိဂါထာကို ပုတီးနှစ်ပတ်ထက်မနည်းရအောင်စိပ်ပါ။ ကျန်းမာရေးကောင်းနေမည်။ ခရီးသွားရန် ကိစ္စပေါ်လာတတ်ပါသည်။ သီလဆောက်တည်နေထိုင်ပါ။ တစ်နိုင်အလှူဒါနလေးများမကြာမကြာပြုလုပ်ပေးပါ။ ပညာရေးကံများကောင်းပြီးရင်းကောင်းနေပါသည်။ ကိုယ်က လေးလေးနက်နက်ကြိုးစားပါ။ မပေါ့ပါနှင့်။ လူငယ်တို့အချစ်ရေးကံများကောင်းလွန်းနေပါသည်။ တစ်ဦးအပေါ် တစ်ဦး သစ္စာရှိရန် အရေးကြီးပါသည်။ မျက်နှာများသူမဖြစ်ပါစေနှင့်။ ယခုလအတွင်း ဆိုင်ကယ်ကို သုံးဦးစီးခြင်း မပြုလုပ်ပါနှင့်။ စကားပြောဆင်ခြင်ရန် လိုအပ်ပါသည်။ စကားတစ်ခွန်းကို အပ်ကြောင်းထပ်အောင်မပြောမိပါစေနှင့်။ စကားများတတ်ပါသည်။ ထီထိုးမည်ဆိုပါက ခရီးသွားမည့်လူကြုံနှင့်မှာ၍ထိုးနိုင်ပါသည်။ ကားနှင့်ရောင်းသောထီကားတွင် (၂)စောင်တွဲလေးများ၊ (၅)စောင်တွဲလေးများ ကံစမ်းထားပါ။ မွေးနေ့တွင် အသားစားရှောင်ပါ။ သီလတစ်ပါးပါးဆောက်တည်နေထိုင်ပါ။ ကံကောင်းပြီး ဆန္ဒများပြည့်လာပါလိမ့်မည်။

ယတြာ ။ ။ *ယခုလအတွင်း (၉) ရက်အဓိဋ္ဌာန်ဝင်၍ ဂုဏ်တော်ပုတီးများစိပ်ရင်း အောင်မြင်မှုများစွာကို ပိုင်ဆိုင်လိုက်ပါစေသော*

ရ င် ကို ေ အ း မြ ေ စ သ ာ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၇၂)၊ ကုန်သောင်(၁၀)လမ်း [illegible]
[illegible]



www.burmeseclassic.com

www.burmeseclassic.com

# အသိကျ အလုပို ဆီး,ဝမ်း မှန်စေလိုလျှင် ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

**ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကို မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ်**

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီး များအနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသားကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်းကြောင့် ရောဂါပေါင်း မြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခုမဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်းမာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်း ပဋိသန္ဓေတားဆေးများ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် လကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်း ဆင်းခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညိုပြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါဟာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုး ဖြစ်လာတော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါကတက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့်ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစုသော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ်စားသောက်နေရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီးတော့ လူနေထိုင်မှုပုံစံ၊ နောက်ပတ်ဝန်းကျင် စတဲ့ အကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများအနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါတွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ,သန္ဓေတားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက်အနေအထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ်ငုပ်နေတာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခုမဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေအနေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ်ဓာတ်တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့ လိုပါတယ်။ ဒီမလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါ တယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါမယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေစိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက်ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချိုသွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ် ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေးခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာဆီလာတော့ပဲ ပေးတဲ့ မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို ညွှန်းမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးစာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ တင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေညီညွတ်မှန် ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်တဲ့ အခုလို ကျန်းမာရေး ဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲ ကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၄၁၊ ၀၉၇၃၁၉၅၂၄။

www.burmeseclassic.com